www.burmeseclassic.com



BURMESE CLASSIC

# ခူးပန်းခွေ သွယ်ဘာယက်နှင့် ပေရွက်လိပ် နားတောင်းဆင်

## ခင်ခင်ထူး

www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်**
၄၀၀၅၂၀၀၅၁၁

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၄၁၀၅၂၉၀၅၁၁

**ထုတ်ဝေခြင်း**
ဇူလိုင်လ၊ ၂၀၁၁။
ပထမအကြိမ်၊ ၁၀၀၀ အုပ်

**မျက်နှာဖုံးဒီဇိုင်း**
မြင့်မောင်ကျော်

**အဖုံးဖလင်**
Eagle

**အတွင်းဖလင်**
A-7 Group (Asia Plaza)

**စာအုပ်ချုပ်**
ကိုမြင့်

**တန်ဖိုး**
၆၀၀၀ ကျပ်

**ဖြန့်ချိရေး**
ရှုဝံစာအုပ်တိုက်၊ အမှတ်-၂၁၂၊ ၃၁လမ်း၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ** ဦးဝင်းချို (ရှုဝံစာအုပ်တိုက်)၊ အမှတ် ၂၁၂၊ ၃၁လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍ ဒေါ်ချိုချိုအေး ရှုဝံပုံနှိပ်တိုက်၊ အမှတ် ၃၃၀-၃၃၂၊ အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၌ မျက်နှာဖုံးနှင့်အတွင်းစာသားများ ပုံနှိပ်ပါသည်။

၈၉၅.၈၃
ခင်ခင်ထူး
ဆူးပန်းခွေ သွယ်ဘယက်နှင့် ပေရှက်လိပ် နားတောင်းဆင် / ခင်ခင်ထူး- ရန်ကုန်။
ရှုဝံစာပေ၊ ၂၀၁၁။
စာမျက်နှာ ၅၇၈၊ ၁၃.၇ × ၂၀.၅ စင်တီ။
(၁) ဆူးပန်းခွေ သွယ်ဘယက်နှင့် ပေရှက်လိပ် နားတောင်းဆင်

BURMESE CLASSIC

# အမှာစာ

(၁)

မိဘနှစ်ပါး၏ ဆပ်၍မကုန်နိုင်သော ဂုဏ်ကျေးဇူးများထဲတွင် ကျွန်မတို့ ပညာသင်ပေးခဲ့သော ကျေးဇူးတရားသည်လည်း အမှတ်ထင်ထင်ရှိရသော ဂုဏ်ကျေးဇူး သည်။

မပြည့်စုံသော ဘဝ၊ ခါးသီးသော ခေတ်ကာလတစ်လျှောက် နှစ်ဖက်မိဘများ ဘတ်ဖွဲ့လိုက်သော ရေးလေ့ကြီးပေါ်တွင် ဘဝဝမ်းကျောင်းခဲ့ရသော အဖေနှင့်အမေသည် ခေတ်စာ ခေတ်ပညာ ကောင်းစွာတတ်မြောက်ခဲ့ကြသူများ မဟုတ်ပါ။ သို့သော် ကျွန်မတို့မောင်နှမများအားလုံးကို ခေတ်စာ ခေတ်ပညာ တတ်မြောက်စေရန် အစဉ် ကြိုးပမ်း မျှော်မှန်းခဲ့ကြသူများ ဖြစ်သည့်အလျောက် ထိုက်သင့်သော ပညာအမွေကို ကျွန်မတို့ ရခဲ့ကြပါ၏။ သည်ကျေးဇူးတရားသည် တစ်ဦးတည်းသော သမီးမိန်းကလေး ဖြစ်သည့် ကျွန်မအဖို့ရာ အလွန်တန်ဖိုးကြီးလှပါသည်။ ကျွန်မ ကျောင်းသူဘဝ ပြောင်းပြန်တော့လည်း အဖေရော အမေပါ ဝမ်းသာကြသည်။ ပညာကို ကျားကုတ် ကျားခဲ သင်ယူခဲ့ရသည်မို့ ကိုယ်က ပညာဖြန့်ဝေပေးရမည့်နေရာ ရောက်ရခြင်း၊ ကျေနပ်ကြခြင်းလည်း ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏ ကျောင်းဆရာမဘဝ ပထမဆုံး Posting မှာ မတ္တရာမြို့နယ် အတွင်းရှိ ပေါက်တောရွာ ဖြစ်သည်။ ထိုရွာကလေးမှာ ကျွန်မ လေးနှစ်နီးပါး တာဝန်ထမ်းဆောင်ခွင့်ရခဲ့သည်။ မန္တလေး–မတ္တရာ ရထားလမ်းဘေးရွာဆိုတော့ အသွားအပြန် မတ္တရာရထားကို စီးရသည်။ မနက်စောစော ဘူတာကို ထပြေး၊ ညနေမိုးကြီးချုပ်မှ အိမ်ပြန်ရောက်။ သည်ကြားထဲ မီးရထားပျက်တော်မူပါလျှင် ရထားပေါ်ပါလာကြသမျှ ဆရာမကလေးတွေ မျက်နှာငယ်ကြရသည်။ ရထားပျက်ပေါ် ဒုတ်တုတ်ထိုင် ငိုက်ချင်ငိုက်၊ နီးစပ်ရာရွာကို ပြေးဝင်ကာ ဘဝတူဆရာမများနှင့် အတူနေချင်နေ။ ဒါမှမဟုတ် ကိုယ့်ရွာနှင့် မဝေးသေးလျှင်တော့ ရထားသံလမ်းအတိုင်း နာရီနှင့်ချီကာ လမ်းလျှောက်ပြန်ခဲ့ရတာတွေကလည်း အတွေ့အကြုံများပင်။ နောက်တော့လည်း ရထားကြီးကို ရမယ်မရှာတော့ဘဲ သည်ရွာကလေးမှာနေဖို့ ကျွန်မ ဆုံးဖြတ်လိုက်သည်။

ပေါက်တောရွာမှာ တာဝန်ဖြင့် နေခဲ့ရစဉ်တစ်လျှောက်လုံး ရွာကျောင်းဆရာတော်ဘုရားနှင့် ကျေးရွာသူ ကျေးရွာသားများ၏ စောင့်ရှောက်ခြင်းနှင့်အတူ လုံခြုံမှု ရခဲ့ပါသည်။ ကျောင်းအုပ်ဆရာမကြီးနှင့် လုပ်ဖော်ကိုင်ဖက် ဆရာမများ၏ နွေးထွေးမှုကြောင့် စိတ်လက်ချမ်းသာ ရှိခဲ့ရသည်။ ထိုနှစ်ကာလများသည် ကျွန်မဘဝတွင် ပျော်ရွှင်သော နှစ်ကာလများဟုပင် ဆိုချင်ပါ၏။ ရွာမှာ နေချိန်ရသည်နှင့်အမျှ စာဖတ်ခွင့်ရခဲ့သည်။ တစ်ပတ်တစ်ကြိမ် မန္တလေးပြန်၊ ကျောင်းဖွင့်ရက် မတ္တရာကို မနက်ရထားနှင့်လိုက်၊ တစ်ပတ်လုံး ရွာမှာနေ။ စာအုပ်တွေ ခြင်းကြီးတစ်လုံးနှင့် အပြန်အလှန်သယ်ယူ ရင်း စာအုပ်ပေါင်းများစွာ ဖတ်ခွင့်ရခဲ့ခြင်းသည်ပင် ကျွန်မအတွက် ဒုလ္လဘတရား ဖြစ်ပါ၏။ စာတွေဖတ်ရင်းက မြင်သမျှ၊ ကြားသမျှ၊ ထိသမျှ တွေ့သမျှ စာတွေ ချရေးဖြစ်ခဲ့သည်။ စာရေးဆရာမ ဖြစ်ရမည်ဟူသော ပိုင်းဖြတ်ချက် မရှိခဲ့သော်လည်း ကျွန်မ ဝတ္ထုတိုတွေ တော်တော်များများ ရေးဖြစ်ခဲ့ပါ၏။ ကျွန်မ၏ ပထမဆုံးဝတ္ထုတို ဖြစ်သော 'ပန်းပန့်ပါရစေ' ဝတ္ထုတို မဂ္ဂဇင်းမှာ ပါလာတော့ အားတက်မိသည်ကတော့ အမှန်ပင်။

ကျွန်မ၏ စာရေးဆရာမဘဝ အစသည် ထိုပေါက်တောကျေးရွာ မူလတန်းကျောင်းကလေးမှာ စတင် သန္ဓေတည်ခဲ့ခြင်းပင် ဖြစ်ပါသည်။



(၂)

လွန်ခဲ့သော နှစ်ပေါင်း ၂၀ က ကျွန်မ တာဝန်ထမ်းဆောင်ခဲ့သော ပေါက်တောရွာမှာ ပညာရေးနှင့်ပတ်သက်လျှင် အာရုံဝင်စားမှု နည်းကြပါသေးသည်။ ဖြစ်ထွန်းအောင်မြင်သော လယ်ကွင်းများနှင့် ကောင်းရေ ရာချီရှိကြသော ဘဲတဲများကြားတွင် ကလေးတွေ ပျော်ကြချိန်ဖြစ်သည်။ ကျောင်းမှာ စာရင်းသာရှိ၍ ကလေးနည်းခဲ့သည်။ သည်တော့ လယ်ကွင်းတွေကြား၊ ဘဲတဲတွေကြား ကျွန်မတို့ ကလေးကောက် ထွက်ကြရသည်။ စာသင်ခန်းတွင်း ကလေးတွေရောက်နိုင်ရေး ကျွန်မတို့အားလုံး လုံးပန်းကြရသည်။ စာတွေ၊ ကဗျာတွေ သင်ပေးရင်း ကလေးတွေ ကျောင်းပျော်အောင် ထားကြရသည်။ ပျော်ရသလို၊ မောရတာတွေလည်း ရှိပါ၏။ စိတ်အား ထက်သန်မိသလို စိတ်အားငယ်မိရတာတွေကလည်း အကြိမ်ကြိမ်။ သည်ကြားထဲက ကလေးတွေ ထွက်ကြပြန်တော့ ဝမ်းသာကြရပြန်သည်။ တောကျောင်းဆရာမကလေးတွေရဲ့ ဘဝဖြတ်သန်းမှုမှာတော့ စေတနာနှင့် မေတ္တာသာ ရှိပါ၏။ ရိုးသားစွာ နေထိုင်ကြသော ရွာသူရွာသားတွေကြားမှာ နေခဲ့ရသည်။ သူတို့ကျွေးသော ရွာထမင်း၊ ရွာဟင်းနှင့်အတူ ဘဝအထွေထွေကို ခံစားနားလည်ခွင့် ရခဲ့သည်။ နောင်အခါ မြို့ကျောင်းတွင် တာဝန်ကျသည်အထိ ရွာပုံရိပ်တွေ ကျွန်မရင်ထဲ ရှိနေခဲ့ပါ၏။ တစ်နေ့တော့ သည်ဘဝ အချိုးအကွေ့ကလေးကို အတွေ့အကြုံနှင့်ယှဉ်ပြီး ရေးချင်ပါသေးရဲ့ ဆိုသည့်စိတ်ကူး ဝင်မိသော်လည်း တကယ်တမ်း မရေးဖြစ်ခဲ့သည့်နှစ်တွေသာ ကြာခဲ့ရပါသည်။

ရေးမည်ကြံပြန်တော့ ဇာတ်အိမ်ဖွဲ့ရသည်။ ဇာတ်လမ်းကလည်း ရှိရပါဦးမည်။ ဇာတ်ဆောင်တွေက ကျောင်းဆရာမကလေးနှင့် မိဘများ၊ ကျောင်းသူကျောင်းသားများ ရွာသူရွာသားများ။ ဇာတ်လမ်းစဉ်းစားမိပြန်တော့ ကျွန်မ အတွေ့အကြုံတွေကို အားရပြန်ပါ၏။ တချို့အတွေ့အကြုံတွေက လုပ်ဖော်ကိုင်ဖက် ဘဝတူ ဆရာမများ ဆီက ကြားရ၊ မြင်ရတာတွေဖြစ်သည်။ အားလုံးအဆင်ပြေပြီဆိုတော့ 'မှုန်းခွေ သွယ်ဘယက်နှင့် ပေရှက်လိပ် နားတောင်းဆင်' ဝတ္ထုကို ချရေးဖြစ်တော့သည်။

သည်ဝတ္ထုကို မဟေသီမဂ္ဂဇင်း အခန်းဆက်ဝတ္ထုရှည်အဖြစ် ဖော်ပြပြီး လေး[illegible] ရှိသည့်အခါ ကျောင်းဆရာတစ်ဦးက ကျွန်မကို မေးပါသည်။ သည်ဝတ္ထုက ဆရာမ တာဝန်ထမ်းဆောင်ခဲ့တဲ့ ပေါက်တောရွာကို ဖွဲ့ထားတာလားတဲ့။ မတ္တရာနယ်

www.burmeseclassic.com

www.burmeseclassic.com



ပြောသလမ်းသောမှာ နတ်ရေကန်ရွာဆိုတာ မရှိဘူးထင်လို့ပါဟု ပြောလာပါသည်။ သည်အခွန့်အတွက် ကျေးဇူးတင်ပါသည်။

ပေါက်တောရွာတွင် မူလတန်းပြဆရာမအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ကျွန်မအဖို့ ပေါက်တောရွာဆိုသည့် အမည်ရင်းကိုပင် သုံးချင်ပါ၏။ သို့သော် ဝတ္ထု ဖြစ်သည့်အားလျော်စွာ ဇာတ်ကောင်အမျိုးမျိုး၊ စရိုက်အမျိုးမျိုး ပါရတော့မည်ဖြစ်၍ ဆိုထိုသော ဆိုးဒဏ်၊ ကောင်းဒဏ်တွေအားလုံး ပေါက်တောရွာကို မစွန်းထင်းစေ ချင်ပါ။ ကျွန်မပြောချင်တာက ကျွန်မဝတ္ထုတွင် ပါဝင်ကြသည့် ဇာတ်ကောင်များ အားလုံး ပေါက်တောရွာနှင့် မပတ်သက်သော သီးခြားရွာတစ်ရွာ ဖြစ်မှသာ စိတ် ဖြောင့်လက်ဖြောင့် စရိုက်စုံ ဖွဲ့နိုင်မည်ဟု ထင်ပါသည်။ သည့်အတွက် နတ်ရေကန် ရွာကလေးကို ကျွန်မ စိတ်ကူးဖြင့် ပုံဖော်ခဲ့ခြင်း ဖြစ်ပါ၏။ ထို့ကြောင့် ကျွန်မဝတ္ထု တွင် ပါဝင်သော ဖြစ်ရပ်များ၊ လူ့စရိုက်အဖွဲ့များအားလုံး ကျွန်မ၏ စိတ်ကူးများသာ ဖြစ်ကြောင်း ပြောလိုပါသည်။

BURMESE CLASSIC

(၃)

ဝတ္ထုနာမည်ကိုတော့ ကုန်းဘောင်ခေတ် စာဆို လယ်ဝန်မင်း ဦးစီ၏ ကျေးလက်ဖွဲ့ကြီးသံတွေကို ဖတ်ရင်း အစကောက်ရာက ရယူလိုက်ခြင်း ဖြစ်ပါ၏။

*'ပန်းထိမ်လက်ခ မပေးရ၊ ထန်းပင်ကြီးက ဖြစ်သည့်ရွှေကို၊ ဆူးပန်းကုံး တွေ သွယ်ဘယက်နဲ့၊ ပေရွက်လိပ်ကြီး နားတောင်းဆင်၊ ယဉ်နိုင်အောင် ယဉ်လိုက်ချည်၊ အောင်ပင်လယ် ရွာမရှိင်း၊ တိုင်းရွှေပြည့်လက်နား…။ လေးရာနှစ်ဆယ် အနံငယ်တိုထဘီနဲ့၊ ဖျင်အင်္ကျီ သစ်ခေါက်ဆိုး၊ ချုပ်ရိုးတွေ သီတတန်းမှာ၊ သန်းကိုက်လို့ရောလေ့'*

ကျွန်မတို့ငယ်ငယ်က ကျိတ်စေ့ပုတီး၊ အဝေရာစေ့ပုတီး၊ ရွေးစေ့ပုတီး ခွဲကြ သလို ထန်းရွက်ပုတီး၊ ဆူးပန်းခွေကို ဘယက်လုပ်ကာ အလှဆင်ကြသည့် ကျေးတောသူ တွေ၊ နားပေါက်ဟောင်းလောင်းထဲမှာ ပေရွက်လိပ်ကလေး ကျစ်ကာ ထိုးထည့်ရသူတွေ ထို ရိုးသားဖြူစင်သော သဘာဝကို သူတို့ဘဝနှင့် ထင်ဟပ်ကာ ချစ်စရာကောင်းအောင် ရေးခဲ့ခြင်းဖြစ်သည်။ ရွှေမဝတ်ရတော့လည်း မပူပါ။ ငွေမဝတ်ရတော့လည်း မပူပါ။ ဆူးပန်းခွေကို ဘယက်ဆင်၊ ပေရွက်လိပ်ကို နားတောင်းအဖြစ် ပန်ရလျှင်ပင် သူတို့ လှကြပါပြီ။ ထိုအလှတရားကို ကျွန်မ ရယူပါသည်။



(၄)

'ဆူးပန်းခွေ သွယ်ဘယက်နှင့် ပေရွက်လိပ် နားတောင်းဆင်' ဝတ္ထုကို ကျွန်မ စိတ်လိုလက်ရ ရေးသားခဲ့သလောက် ဝေဝေဆာဆာ ဖော်ပြပေးခဲ့သည့် မဟေသီမဂ္ဂဇင်း အယ်ဒီတာချုပ် ဆရာ မှူးသမိန်နှင့်တကွ ဆရာ ဝင်းသူရ စသော အယ်ဒီတာအဖွဲ့ ကိုလည်း ကျေးဇူးတင်ကြောင်း ကျွန်မ ပြောလိုပါသည်။ လစဉ် သရုပ်ဖော်ပေးခဲ့ကြသော ပန်းချီပညာရှင်များနှင့် စာအုပ်အဖြစ် ထွက်လာသည့်အခါ မျက်နှာဖုံးပန်းချီ ရေးပေး ခဲ့သော ဆရာ မြင့်မောင်ကျော်ကိုလည်း ကျေးဇူးတင်ပါ၏။ အစစအရာရာ ကူညီ ဆောင်ရွက်ပေးသည့် ကိုဝင်းချို – မချိုချိုအေး (မှုဝံစာပေ) မိသားစုကိုလည်းကောင်း၊ ကွန်ပျူတာ စာစီပေးသည့် ညီမငယ် မိုးသူဇာ မိသားစုကိုလည်းကောင်း၊ စာအုပ်ချုပ် ဦးမြင့် မိသားစုကိုလည်းကောင်း ကျေးဇူးမမေ့ပါကြောင်း ဖော်ပြပါရစေ။

အထူးသဖြင့် မတ္တရာမြို့နယ် ပေါက်တောကျေးရွာ မူလတန်းကျောင်းတွင် ကျောင်းဆရာမအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က ကျွေးမွေးစောင့်ရှောက်ခဲ့ကြသည့် ကျေးဇူးရှင် ဆရာတော် ဦးစက္ကိန္ဒနှင့်တကွ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းအေး၊ ဘုန်းတော်ကိုင်ဖက် ဆရာမ ဒေါ်မူမူ၊ ဆရာ ဦးစိုးသိန်း၊ ကျောင်းစာရေး ကိုအုန်းကျော် ကြီးနှင့် ဘွားကြည် မိသားစု၊ မမကြီး၊ လေးထွန်းရှင်၊ ရီးသန်းမေ မောင်နှမတစ်စုနှင့် ဦးမင်းမြင့်တို့အပါအဝင် ရွာသူရွာသားများ၊ ကျွန်မ၏ ချစ်တပည့်ကလေးများအားလုံး ကို ကျွန်မ ရင်နှင့်အမျှ မေတ္တာပြုပါကြောင်း ဖော်ပြလိုပါသည်။

ကျွန်မ စာဖတ်ပရိသတ်များ၏ မေတ္တာနှင့် ချစ်ခင်မှု၊ အားပေးမှုကို လေးစား အမြဲထားလျက် ကျေးဇူးများစွာ တင်ရပါသည်။

*ပန်းတွေလည်းမွှေး ဇာတ်လည်းမွှေး အေးချမ်းကြပါစေ*

■

ခင်ခင်ထူး

၂၀၁၁ ခုနှစ်၊ မတ်လ

မန္တလေးမြို့။

www.burmeseclassic.com

www.burmeseclassic.com

(၁)

'ညချမ်းရယ် နေရီ၊ ခါတော်မီ ကေသီပန်းနှင့်၊ ရေခဝ်လဝ်းမှာ စခန်းရယ်သင့်လို့၊ ထက်ဆင့်ရယ်နီရောင်၊ ချည်စိမ်းပေါင်နှင့် ယဉ်အောင်တောသူ၊ သနပ်ခါးတွက်ပါးမှာ တူလိုက်လို့၊ အပူကြီးခန်းစုံငယ်၊ ဘယ်မြို့ပုံ သာချင်ဖောနှင့် ပြောကြတယ်လေး...'

ရွာနေဝင်ဆည်းဆာကို အိမ်ကြီးပေါ်ကနေ 'မပုန်းရည်' လှမ်းမျှော်ကြည့်နေမိပါသည်။ ရွာရိပ်တောတန်းဘက်မှာ နေဝင်တော့မည်ဆိုလျှင် ရွာကလေးတစ်ခါပြန်လှုပ်လာတတ်ပါ၏။ ကွင်းတစ်လျှောက် လွှတ်ကျောင်းထားသည့်ဘဲတွေကို သိမ်းကြရပြီ။ ရွာပြင် ဘဲတဲတွေဆီက ဘဲဆူသံ ညံညံက ရွာအသံဖြစ်သည်။ မြေယာအလုပ်မှာ ခဏအနားရကြသော လယ်ယာကျွဲနွားတွေလည်း ရွာထဲဝင်ကြရပြီ။ နွားချေးကျင်းတိုင်းလိုလိုက ထွက်နေတတ်သော ဖြုတ်မောင်း၊ ခြင်မောင်း နွားမီးညှိမီးဖိုတွေကလည်း ညနေခင်း မြူနှင့်အတူရောကာ ကွင်းလေနှင့်အတူ မျောနေတတ်ပါ၏။ ပုစဉ်းရင်ကွဲအော်သံ ကျည်ကျည်ကျာကျာကလည်း ညရောက်တော့မည့်အကြောင်း အသံပေးသကဲ့သို့ ရှိပါသည်။ သီးနှံလပ်သွားသော မြေကွက်တွေဘက်မှာ ပြာခတ်ရရန် ရှို့တတ်ကြသော ရိုးပြတ်မီးတိုက်နံ့တွေကလည်း တသင်းသင်းမှုန်းရည်ပင် သည်အရောင် သည်အနံ့တွေနှင့် ယဉ်နေခဲ့ရပြီ။

အိမ်ကြီးပေါ်က လှမ်းကြည့်လျှင် ဆည်တော်ချောင်းမှာ ရေလာခပ်ကြသော သနပ်ခါးမှုန်မှုန်၊ ပါးမှုန်မှုန် ရွာသူကလေးတွေကို မြင်ရသည်။ ရွာဘုန်းကြီးကျောင်း

www.burmeseclassic.com



ရေတွင်းကတော့ သောက်ရေတွင်းဖြစ်၍ ဆည်တော်ချောင်းရေကတော့ ဗာဟီရသုံးရန် ...ဖြစ်၏။ ဆည်တော်ချောင်းတာပေါင်ကို လွန်လျှင် လယ်ကွင်းတွေ။ ဧက ...ယ်သော လယ်တွေက စိုက်ရာသီအလိုက် အစွတ်အခြောက်ကွဲသော်လည်း ...တော့လည်း လှသည်။ ညိုတော့လည်း လှသည်။ ပြတင်းပေါက်တစ်ပေါက် ရှေ့ ကြည့်လေတိုင်း သဘာဝရှုခင်းပန်းချီတွေကလည်း ပြောင်းသွားသည်။ သည်ဘက်မှာ တော့ ထုံးဖြူစေတီတော်ကလေးနှင့် ရေနံချေးရောင် အာရုံခံတန်ဆောင်းကလေး တစ်ဆောင် ရှိသည်။ သည်စေတီကလေးဆီကို ကျောင်းပိတ်ရက်တွေမှာ မပုန်းရည် ရောက်သွားတတ်ပါသည်။ ဇရပ်ကလေးထဲမှာ ရှိတတ်ကြသော နွားကျောင်းသား၊ ...ကျောင်းသားတို့နှင့် မပုန်းရည် စကားပြောနေကျ။

မပုန်းရည် အစွဲလမ်းဆုံးကတော့ လယ်ကွင်းတွေ ဝိုင်းနေသော ကြာရေကန် ကြီး ဖြစ်သည်။ ကြာဖြူ၊ ကြာနီ၊ ကြာပုဏ္ဍရိတ်၊ ကြာပြာ၊ ကြာခရမ်း၊ ကြာပန်းဆီ...။ အရောင်တွေ စုံအောင်ပွင့်ကြသော ကြာကန်ကြီးဆီကို ရောက်အောင်သွားချင်လျှင်တော့ လယ်ကွင်းတွေထဲကို ဖြတ်ရသည်။ အစိမ်းရောင်ကတ္တီပါခင်းပြန့်ပေါ် တင်ထားသည့် ...ရောင်စုံကျောက်မျက်ဗန်းတစ်ချပ်နှင့်ပင် တူသည်ဟု မပုန်းရည် ထင်ပါ၏။ မပုန်းရည် ကိုယ်တိုင်က ကြာခရမ်းသွေးကို သည်ရွာရောက်မှ မြင်ဖူးခဲ့ခြင်းဖြစ်၏။ တစ်ခါက သည်ကြာခရမ်းကို ခူးချင်လွန်းလှသဖြင့် ရေကန်ထိပ်မှာရပ်ပြီး ငေးနေမိသည်။ ကြာပန်း ကို ရနိုင်သည့်နည်းက တစ်နည်းသာရှိသည်။ ကန်လယ်က ကြာပွင့်တွေဆီ ရေကူး သွားရန်သာဖြစ်၏။ သို့သော် မပုန်းရည် ကြာခရမ်းကို ခူးရန် အထမမြောက်ခဲ့။ ...အုပ်ကြီး သိမ်းလာသော ရွာသူ မလှအုန်းမယ်က အပြေးရောက်လာကာ တားသည်။

“ဆရာမ...ကန်ထဲ ဆင်းမလို့လား...မလုပ်လိုက်ပါနဲ့တော်...ရေ...န်က အနက်ကြီးရယ်...ဆရာမလိုချင်ရင် နွားစားကျင်းတိုကလေးနဲ့ ကျွန်မ တစ်ရက် ခူးပေးပါ့မယ်... ကြံကြီးစည်ရာ ဆရာမရယ်...”

“အို...ဟုတ်လား...ကျွန်မဖြင့် ကြာခရမ်းပွင့်တွေကို သည်ကန်မှာမှ မြင်ဖူး တာရှင့်...တော်ပါသေးရဲ့ မလှအုန်းမယ်ရယ်...”

“သည်ရေကန်က ဓာတ်လမ်းရှိတာယ် ဆရာမရဲ့...ကျွန်မတို့တောင် မှောင်ရင် မလာကြဘူး...စကားတော့ရှိတယ်...သည်ရေကန်ကကြာပန်း ချိုးပန်မိရင် သည်ရွာသားနဲ့ ညားတတ်သတဲ့နော်...ဆရာမ ပန်ဖြစ်အောင် မနက်ကျရင် လာကိုပို့ရဦးမယ်...ပန်ရမှာနော် ဆရာမ”

“ပန်လိုက်စမ်းပေါ့...မလှအုန်းမယ်ရယ်”



မပုန်းရည် ရွာရောက်စ,က အတွေ့အကြုံကလေးကလည်း ခေါင်းထဲ ...လာပြန်ပါ၏။ လေးနှစ်တောင် ရှိခဲ့ပြီကော...။

နေရောင်ပြက်ပြက် ကောင်းကင်ကြည်ကြည်ဆိုလျှင် ညို့ညို့ကြီးမောက် ...သော သခင်မတောင်တော်ကို လှမ်းမြင်ရတတ်သည်။ သည်ရွာတွေကတော့ သစ္စာရှင် ...တော်ပိုင်သခင်မ ခေါ်ကြသကဲ့သို့ မမဥလို့ ရိုရိုသေသေ ခေါ်ကြသည်လည်း ...ပါ၏။

‘ညို့ညို့ဆိုင်းဆိုင်း မှိုင်းပြာရီမှောင်တန်းတော့ x x တိမ်ခိုးလေးတွေ ဆောကယှက်လို့ တောင်တန်းတစ်ဖက်တစ်ချက် ဝန်းကာရံကာပင် x x လွမ်းစရာ စံရာတစ်ခွင် x x သခင်မမှာ အရင်ဘဝက ခင်ပပသို့အသွင် x x သနားစရာ့ ကမ်းပါးအစ x x ရင်ကတ်သရဖီ အခွေအခွေပင် x x ယခုတိုင်ပဲ ဒိဋ္ဌအမြင် x x ပုံတော်အစစ်ကို မြင်ရတော့ သခင်မ ယခင်ဘဝ အသက်မရှည်လေခြင်း ကျေးဇူးရှင်ရယ် x x နေညို့နှ ရှေ့လို့ရှု မေဖူးဉရဲ့ တောင်တော်အဝင် x x’

နန်းတော်ရှေ့ ဆရာတင် ရေးသီကုံးခဲ့သော ‘မယ်ဥတောင်’ သီချင်းကို ...ည် ကြားယောင်နေမိတတ်သည်။ လွမ်းစရာကောင်းသော ရှုခင်းများပင်...။

အခုတော့ ‘နတ်ရေကန်ရွာ’ ကို မပုန်းရည် ထားခဲ့ရတော့မည်။ လေးနှစ် ...သော အချိန်ကာလအတွင်း နတ်ရေကန်ရွာကလေး၏ ကျေးဇူးတွေက ဆပ်လို့ ...နိုင်အောင် ရှိခဲ့ရပါ၏။ မပုန်းရည် ပြတင်းကစွာတော့ နေလုံးသည့်လည်း ...ပြီ။ ပုစဉ်းရင်ကွဲတို့လည်း မောသွားကြပြီထင်၏။ ကွင်းလေအဝေ့မှာ ရှုနံ့ ... သင်းလာခဲ့ပြန်သည်။ သည်လေးနှစ်အတွင်း နတ်ရေကန်က ကြာရောင်စုံတွေ ...ပြီ၊ ပန်ခဲ့ဖူးပြီ။ နတ်ရေကန်က ပြောင်းရတော့မည်ဆိုတော့လည်း မပုန်းရည် ...သောက်တည်းပါပဲ။

စိတ်ကလေး ထင့်ရသည့်ကြားက မပုန်းရည် ပြုံးမိရပါ၏။ နတ်ရေကန်၏ ...ဆုံးည...။

၀

မတ္တရာနယ်ထဲက ‘နတ်ရေကန်ရွာ’ ကို Posting ကျသည်ဆိုတာ...ည်းက ...ချေ လုပ်ခဲ့ရတာ အမော။ တိုင်းပညာရေးမှူးကတော့ မတ္တရာနယ်မှာ တာဝန် ...ဆောင်ခဲ့ဖူးသည်ဖြစ်၍ ဆရာမတို့ ပျော်မှာပါဟု မှာကြားလိုက်သေးသည်။ ...ည်က နတ်ရေကန်၊ မပိုင်းချစ်က လွန်တောင်း၊ မကြင်...င်းက မြောက်တံငါရွာ။

www.burmeseclassic.com

www.burmeseclassic.com



မန္တလေး မြောက်ဘက် မိုင်နှစ်ဆယ်လောက်သွားလျှင် မတ္တရာမြို့ကို ရောက်မည်။ မတ္တရာမြို့ရောက်မှ တာပေါင်လမ်းအတိုင်း အတွင်းကို ပြန်ခေါက်ဝင်လျှင် နတ်ရေကန်ကို ရောက်မည်ဆိုတာလောက်တော့ မပုန်းရည် သိခဲ့ရပါ၏။ မတ္တရာမြို့ အရောက်သွားရမည့် မပုန်းရည့်ကတော့ ရန်ကုန်မှာ ထားခဲ့ရမည့် အဖေနှင့်အမေကိုသာ စိတ်ရောက်နေခဲ့ပါ၏။

"သမီး ငယ်တုန်းသွားရတာဆိုတော့ အတွေ့အကြုံသစ်တွေ ရတာပေါ့... အဖေတို့ ငယ်ငယ်က မတ္တရာဘက်မှာ စစ်ခိုခဲ့ဖူးတယ်...ရေမိုးပေါတယ်... အစားအသောက် သစ်သီးသစ်ဖု ပေါတယ်...ဘေးကင်းတဲ့အရပ်လို့ ပြောဖူးကြတာ မှတ်မိတယ်...ငယ်သေးတော့ ကောင်းကောင်းမမှတ်မိဘူး"

အဖေကတော့ အေးချမ်းသာယာသည့်အရပ်လို့ မှတ်ချက်ပေးရုံကလွဲ၍ မပုန်းရည်ကို လိုက်ပို့နိုင်သည်မဟုတ်။ မပုန်းရည်တို့ သူငယ်ချင်းဆရာမ သုံးဦး အတူသွားကြမှာဆိုတော့ စိတ်ချပုံလည်း ရပါ၏။

ရန်ကုန်က အထုပ်အပိုးကိုယ်စီဖြင့် ထွက်လာခဲ့ကြပြီး မန္တလေးကိုရောက်တော့ နေလင့်ပြီ။ သည်တော့ မန္တလေးမှာ တစ်ညအိပ်ကြရကာ နောက်တစ်နေ့မနက်မှ မတ္တရာရထားကို စီးကြရပြန်ပါ၏။ မပုန်းရည်တို့ တာဝန်ကျချိန်က မန္တလေး–မတ္တရာရထားက တံတားဦးမှ စ,ထွက်သည်။ မန္တလေးဘူတာကြီးက စောင့်စီးရခြင်းဖြစ်သည်။ မန္တလေးဘူတာကြီးထဲရောက်တော့ မပုန်းရည်တို့ သိချင်သမျှ သိခွင့်ရကြပြီ၊ မန္တလေးဘူတာစကြံမှာ မတ္တရာရထား စီးကြမည့်ဆရာမတွေ များလှပါ၏။ စကားစိမ်းပန်းတွေ ကြထားသည်နှင့်ပင် တူသည်။ သွက်သွက်လက်လက်ရှိသော မပုန်းရည်က ဆရာမတွေထံ ချဉ်းကပ်ကာ စနည်းနာရသည်။

"လွန်တောင်း တာဝန်ကျတဲ့ ဒေါ်ဝိုင်းချစ်က ကျွန်မတို့နဲ့ အတူဆင်းရုံပဲ... ကျွန်မတို့လည်း လွန်တောင်းကျောင်းကပါ...မြောက်တံငါရွာက ဒေါ်ကြင်ဝင်းနဲ့ နတ်ရေကန်က ဒေါ်ပုန်းရည်ကတော့ မတ္တရာအထိ လိုက်သွားရမှာ... ဘယ်လိုစီစဉ်ထားလို့လဲ..."

"ကျွန်မတို့လည်း အဲသလောက်ပဲ သိတယ်...မတ္တရာမြို့နယ်ပညာရေးမှူးက ဆက်ပြီးကူညီမှာပါလို့တော့ မှာလိုက်တယ် ဆရာမ..."

"ကူညီမှာပါ...နတ်ရေကန်ကျောင်းမှာ ကျွန်မတို့သူငယ်ချင်း ဆရာမ ဒေါ်မြင့်မြင့်စိန်လည်း ရှိပါတယ်...အဆင်ပြေမှာပါ...နတ်ရေကန်က ရွာကြီးရယ်..."

"ကျေးဇူးတင်ပါတယ် ဆရာမရယ်..."



မပုန်းရည်က ရထားပေါ်ရောက်ကတည်းက ဘူတာစဉ်ကို လိုက်မှတ်သည်။ [illegible]ရှုခင်းတွေကို လိုက်ကြည့်သည်။ အညာဒေသဆိုသော်လည်း မြင်ကွင်းတွေက [illegible]လွန်းလှပါလား။ ရထားပြတင်းက တိုးဝင်လာသော အညာဆောင်းလေကတော့ [illegible]ရည်အတွက် အေးလွန်းလှပါ၏။ သူရဲဈေး၊ အိုးဘို၊ ကပိုင်၊ တောင်ပြုံး၊ [illegible]တောင်း၊ ကံဘဲ့၊ ဝါးရင်းတုတ်၊ ပြီးတော့ မတ္တရာ...။ ဆိုင်ရာ ဆိုင်ရာ ဘူတာတွေမှာ [illegible]တွေ ဆင်းဆင်းသွားလိုက်ကြတာ ရထားကြီးပင် ပေါ့သွားသလား ထင်ရ၏။ [illegible]ပေါ်မှာ သိခဲ့ရသလောက် သည်ရထားက မနက် တစ်ခေါက်၊ ညနေ တစ်ခေါက် [illegible]ခဲ့သည်ဆိုသည်။ ရထားလမ်းဘေး ရွာကျောင်းဆရာမကလေးတွေကတော့ မနက် [illegible] ကျောင်းတက်၊ ညနေ ရထားနှင့် ကျောင်းပြန်။ သို့သော် ရထားကြီး၏ [illegible]ရေးအပေါ်မှာ မူတည်ကာ ကျောင်းတက်ကျောင်းဆင်း အချိန်လင့်ရတတ်[illegible]လည်း ဆိုပါ၏။

ဆရာမ ဒေါ်ဝိုင်းချစ်ကတော့ လွန်တောင်းမှာ တာဝန်ကျတာဆိုတော့ [illegible]ခွေမိုးအိမ်မှ ရထားကြီးနှင့် နေ့စဉ် ကျောင်းတက်နိုင်သော်လည်း ဒေါ်ကြင်ဝင်း[illegible]ပုန်းရည်ကတော့ တာဝန်ကျရာ ရွာကို သွားနေမှပဲဖြစ်မည် ဆိုကြသည်။ [illegible]တောင်းဘူတာရောက်တော့ ဒေါ်ဝိုင်းချစ် ဆင်းကျန်ရစ်ခဲ့ပြီ။ ဝါးရင်းတုတ်ဘူတာက [illegible]ပြီး မတ္တရာဘူတာကို ဝင်တော့ မပုန်းရည်တို့နှစ်ယောက်မှာ မတ္တရာဘူတာရုံမှာ [illegible]ကြသော ဆရာမများ အကူအညီနှင့်ပင် အထုပ်တစ်ဖက် အိတ်တစ်ဖက် မြို့နယ်[illegible]ရုံးကို ရောက်ခဲ့ရသည်။ အမှတ်တမဲ့ မြင်ရသလောက်တော့ မတ္တရာမြို့က [illegible]သပ်ရပ်လှသည်။ ဈေးကွဲ့စ ဆိုသော်လည်း လမ်းမတန်းတစ်လျှောက် ဈေးသည်[illegible]ကျိုးကျဲကျဲ ရှိကြသေးသည်။ မြို့နယ်ပညာရေးမှူးရုံးကို သတင်းပို့တော့ [illegible]နှင့် မကြင်ဝင်းအား သက်ဆိုင်ရာရွာများသို့ အရောက်ပို့ဖို့ စီစဉ်ပေးကြပါ၏။

"နတ်ရေကန် ကျောင်းအုပ်ကြီးက ဦးခင်ဖေတဲ့...မတ္တရာမြို့သားပဲ...ရှေ့မီနောက်မီပုဂ္ဂိုလ်...ဆရာကြီးကတော့ ညောင်အုပ်မှာ နေတယ်...မနက်တိုင်း ညောင်အုပ်ကနေ ကျောင်းတက်တယ်...ရွာခံဆရာမတစ်ယောက်လည်း ရှိပါတယ်...ဆရာမကို နေရေး ထိုင်ရေးကအစ ကူညီကြမှာပါ...ကျွန်တော်တို့လည်း အကြောင်းကြားထားပါတယ်"

ရုံးခန်းနံရံမှာ ကပ်ထားသော မတ္တရာမြေပုံကို မပုန်းရည် မေးကြည့်လိုက်ပါ[illegible] မြင်ရသလောက် ညောင်အုပ်နှင့် နတ်ရေကန်ကလည်း ဝေးတော့ဝေးသား။

"ဆရာမတို့ ကျောင်းအားတဲ့အခါ တစ်ရွာတစ်ရွာ သွားလည်လို့ရပါတယ်...ဆည်တော်ကြီးတို့၊ မြေရွာတွေဘက်တို့လည်း သွားလည်ကြပေါ့...

www.burmeseclassic.com

www.burmeseclassic.com



အခေးကာ ဆရာမတွေ ရှိကြပါတယ်…မြွေဆယ့်နှစ်ရွာရှိတယ် ဆရာမ… မြွေပုံကန်၊ မြွေဟသ်ာ၊ မြွေရွှေခဲ၊ မြွေပုသိမ်၊ မြွေညောင်ကြီး၊ မြွေမြစ်ရိုး၊ မြွေမြစ်တစ်ဖက်၊ မြွေကုတို့ဆိပ်၊ မြွေတလိုင်း၊ မြွေခလ၊ မြွေကျဥ်ကုန်း၊ မြွေရေယဥ် ဆယ့်နှစ်ရွာ…"

မြောက်တံငါရွာက မတ္တရာ–မိုးကုတ်ကားလမ်းဘေးမှာဆိုတော့ ဒေါ်ကြင်ဝင်းကို ကားပေါ်တင်ပေးလိုက်ကြရုံသာ။ မပုန်းရည် သွားရမည့် နတ်ရေကန်ကတော့ ကားလမ်းမပေါက်သဖြင့် လှည်းတစ်စီး ငှားသွားရမည် ဆိုပါသည်။ ရွာနာမည်ကတော့ ချစ်စရာ 'နတ်ရေကန်' တဲ့။

တကယ်တော့ မပုန်းရည် ခရီးပန်းလှပါပြီ။ ရန်ကုန်က မန္တလေး။ မန္တလေးက မတ္တရာ။ အခု မတ္တရာကနေ နတ်ရေကန်ရွာကို လှည်းနှင့်သွားရမည် ဆိုသည်ကော။ မတ္တရာမှာပဲ မကြင်ဝင်းနှင့်နှစ်ယောက် နေ့လယ်စာ ဝယ်စားလိုက်ကြပြီး လမ်းခွဲခဲ့ကြတော့ နေခွန်းတိမ်းနေပြီ။ လှည်းပေါ်ကို အထုပ်အပိုးတွေတင်ပြီး မပုန်းရည်တစ်ယောက်တည်းစို့ အားတွေငယ်မိ၏။

"နည်းနည်းတော့ လှမ်းတယ်…ရောက်အောင် လိုက်ပို့ပါ့မယ်…နတ်ရေကန်က အတွင်းထဲကျတယ်ရယ်…ကျုပ် အပြန်တော့ မိုးချုပ်မှာပေါ့ဗျာ…"

လှည်းဆရာက သဘောကောင်းရှာပါသည်။ သည်လိုနှင့် မြေတာပေါင်ရိုးပေါ်က ဖြတ်ခဲ့ရသည်။ ကွင်းကြိုကွင်းကြားက ဖြတ်ခဲ့ရသည်။ ရွာကလေးတွေကို ကျော်ခဲ့ရသည်။ နတ်ရေကန်ကို လှည်းဆိုက်တော့ ညနေကြီးစောင်းလှပြီ။ ရွာကလေးကတော့ ဆည်းဆာနေရီအောက်မှာ ဖုန်ခိုးတွေ ဝေနေလေသည်။ ရွာထဲဝင်ကတည်းက အရာခပ်သိမ်းကို မပုန်းရည် မေတ္တာပို့သည်။ ရွာအဝင် ဆည်တော်ချောင်းကူး သစ်သားတံတားကလေး၊ ကမ်းနှစ်ဘက်က အုပ်ဆိုင်းနေသော ကုက္ကိုပင်ကြီးများ၊ ရွာဦး ရေချမ်းစင်၊ ရွာဦး ထုံးစေတီ၊ ရေနံချေးရောင် သစ်သားအာရုံခံ တန်ဆောင်း…စသည်ဖြင့် မပုန်းရည် မြင်သမျှ မှတ်လာခဲ့သည်။

"ဆရာမက ဘယ်သူ့အိမ်သွားမှာတုံး"

"အဲ…ရပ်ရွာလူကြီးအိမ်ပါပဲ လှည်းဆရာကြီးရယ်…"

"နေဦး…ဒါဆိုရင်တော့ ကျုပ် ဆင်းမေးချေဦးမယ်"

လှည်းဆရာ ပြန်လာတော့ မပုန်းရည်ကို ဘာမှပြောမနေတော့ပဲ လှည်းကို ဆတ်ခနဲ ထွက်လိုက်သည်။ ရွာထဲကိုဝင်သည့်လမ်းအတိုင်း လိုက်လာခြင်းဖြစ်၏။ တစ်နေရာရောက်တော့ လှည်းကို တောင့်ခနဲရပ်လိုက်သည်။ မပုန်းရည်က လှည်းခပေါ်မှ



…ည်းတွေချသည်။ အိမ်ထဲက လူကြီးတချို့ ထွက်လာကြကာ ပစ္စည်းတွေ ဝိုင်းသယ်…ကြသည်။

"ဆရာမ ဒေါ်ပုန်းရည် ဆိုထင်ပါရဲ့…"

"ဟုတ်ပါတယ်ရှင်…"

"သတင်းတော့ ကြားသားခင်ဗျ…ဆရာကြီးက ပြောထားပါတယ်…ဆရာမ မစိန်လည်း လာပါလိမ့်မယ်…လောလောဆယ်တော့ ကျွန်တော့်အိမ်မှာပဲ သမီးများနဲ့နေလိုက်ပါ…မနက်ဖြန်ကျ စီစဥ်ကြတာပေါ့…အခုန်းဖေ လှည်းခမေးစမ်း…"

"ကျွန်မ ပေးလိုက်ပါပြီ…နေပါစေရှင်"

"ဟာ…မဟုတ်တာ…အခုန်းဖေ ဆရာမပိုက်ဆံ မယူစေနဲ့…ရွာက ပေးရမှာပေါ့"

ရွာလူကြီး ဦးပန်းဆီအိမ်က ကျယ်ဝန်းပါသည်။ မပုန်းရည်ကို အပေါ်ထပ်…လေးများနှင့်အတူ နေရာချထားပေးသဖြင့် လွတ်လပ်ပါ၏။ ရေမိုးချိုး ထမင်း…တော့ မပုန်းရည် အိမ်ရှင်တွေကို နှုတ်ဆက်ပြီး စောစောအိပ်ရာဝင်ခဲ့သည်။ …ဆောင်းက အအေးသား။

နတ်ရေကန်ည…။ နတ်ရေကန်၏ ပထမဆုံးည…။

၈

မနက်စောစောကြီးကတည်းက မပုန်းရည် အိပ်ရာက နိုးနေခဲ့သည်။ အိမ်ရှင်…မနိုးကြသေးတော့ အသာမှေးနေခဲ့ရ၏။ မနက်ခင်း လေးနာရီလောက် အုန်းမောင်း…ကြားလိုက်ရကတည်းက နိုးနေခဲ့ခြင်းဖြစ်သည်။ ရွာကလေးတစ်ရွာ၏ မနက်…တက် အုန်းမောင်းခေါက်သံကလေးက စိတ်နှလုံးကို သာယာချမ်းမြေ့စေပါ၏။ …ည်အချိန်အထိတော့ မပုန်းရည် အဆင်ပြေနေခဲ့သည်။ သည်လောက်ခရီးဝေးဝေး …ောက်ဖူးခဲ့သည့်အတွက် တစ်ကိုယ်လုံး ရိုက်ထားသလို နာကျင်နေသည်။ မိအို…တို့ဆီလည်း စိတ်ရောက်ရပါသည်။ အသက်မွေးဝမ်းကျောင်းမှုအတွက်သာ ထွက်…ခဲ့ရသော်လည်း မပုန်းရည်တို့ဘဝကလည်း ပြည့်စုံကြသူတွေမဟုတ်။ အဖေ့အထိုင်…သားကလေးကျတော့မှ စာတစ်စောင် ပြည့်ပြည့်စုံစုံ ရေးပို့ရဦးမည်။ ရန်ကုန်က …တူထွက်လာခဲ့ကြသော မဝိုင်းချစ်တို့ကော အဆင်ပြေကြရဲ့လားမသိ။ မနက်မိုးလင်း …င်တော့ ရွာခံဆရာမ ဒေါ်မြင့်မြင့်စိန်နှင့် တွေ့ရမည်။ ရွာလူကြီး ဦးပန်းဆီ၏ …မီးတွေ တံခါးလိုက်ဖွင့်ကြတော့မှ မပုန်းရည် အိပ်ရာက လူးလဲထသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ အိပ်ပါ...ကျွန်မတို့က နိုးနေတာရယ်...ဆရာမကို အားနာလို့ မထကြတာ..."

"အော်ရှင်...အားနာစရာ...ကျွန်မလည်း နိုးနေတာပါ...အလုပ်တွေ ဖင့်ကြရောမယ်..."

"သည်အချိန်ကတော့ လယ်အလုပ်တွေ ပါးပါးသေးတယ်...နောက်လ လောက်ဆိုရင်တော့ လယ်တွေ ရိတ်ရတော့မှာလေ...လယ်ထဲ အစောကြီး ဆင်းရတာ"

မပုန်းရည် မျက်နှာသစ်ပြီးသည်နှင့် အောက်ထပ်က စားပွဲခုံကြီးမှာ မတ်ပဲ ကွင်းကြော် ပူပူရှုရှုကြီးတွေ လာချကြတော့သည်။ ကောက်ညှင်းပေါင်းက ပဲလွန်းဇေ နိုင်လှသည်။ အနားက ပန်းကန်ထဲမှာ ဆားတွေ ဖင်ထိုင်နေသည့် ဆီပန်းကန်ရှိသည်။ ဦးပန်းဆီသမီးတစ်ယောက်က ထမင်းဆီဆမ်း ပူပူနွေးနွေး လာချပြန်၏။ မြေပဲဆံ ကြော်တလေး ဖြူးထားတာကပင် စားချင်စဖွယ်။ ခရီးတစ်လျှောက်လုံး ဘာမှ ကောင်း ကောင်းကန်းကန်း မစားခဲ့ရတော့ အားမနာနိုင်တော့ပြီ။ ရွာလူကြီး ဦးပန်းဆီက အနားကို ယောင်လို့သော်မှမသီ။ မပုန်းရည် ရှက်မှာစိုး၍ဖြစ်၏။ မပုန်းရည် စားလို့ တော့မှ တစ်ဖက်ခုံတန်းပေါ်မှာ ဒူးတစ်ဖက်ထောင်ရင်း လာထိုင်သည်။

"ဆရာမ နေဖို့ ထိုင်ဖို့တော့ ရွာလယ်မှာ အိမ်လွတ်တစ်လုံးရှိတာကို ကာယကံရှင်တွေနဲ့ ပြောကြည့်တော့ ခွင့်ပြုပါတယ်...ပိုင်ရှင်က လယ်တော ထဲ နေတာဆိုတော့ ဘယ်သူမှ မရှိကြဘူး...ဆရာမ အဲသည်အိမ်ကြီးမှာ နေပေါ့...ဆရာမ လွတ်လွတ်လပ်လပ်နေရအောင် ပြောတာပါ...သည်မှာ နေချင်တယ်ဆိုရင်လည်း..."

"ဦးပန်းဆီ စီစဉ်တာ ကောင်းပါတယ်ရှင်...ကျေးဇူးလည်း တင်ပါတယ်... ရွာလယ်က အိမ်ကြီးမှာပဲ နေပါရစေ...သည်မှာက ကျွန်မအတွက် ဗာဟီရ များနေပါ့မယ်...ဟိုမှာနေတာ ပိုအဆင်ပြေမှာပါ...အိမ်ရှင်တွေကိုလည်း ကျေးဇူးတင်ကြောင်း ပြောပေးပါ"

"တွေ့ရမှာပါဗျာ...ကျုပ်တို့ရွာကတော့ ကြာမိသားစု ခေါ်ကြတာ...ဖအေ ကြီးက ဦးကြာတံဆိပ်တဲ့...သားတွေက ကြာခွက်၊ ကြာရိုး၊ ကြာစွယ်တဲ့... နှမ အပျိုကြီးက ကြာဥတဲ့...ဆရာမ ရောက်သွားရင်တော့ ကြာပုန်းရည် ဖြစ်ကရော..."

"အဖေကလည်း..."



ဦးပန်းဆီက ဟာသနှောတာကို သမီးတွေက ဝင်ဟန့်လိုက်ခြင်းဖြစ်သည်။ မပုန်းရည်ပင် ရယ်ချင်လွန်းလှ၍ မနည်းထိန်းထားရ၏။ မလေးမစား ပြောလိုက်ခြင်း မဟုတ်ပဲ ချစ်ခင်ရင်းနှီးလိုစိတ်ဖြင့် စ,လိုက်ခြင်းဖြစ်ကြောင်း မပုန်းရည် နားလည်ပါ သည်။

"အော်...နာမည်တွေက ထူးဆန်းသားနော်...အင်းလေ ကျွန်မတောင် မပုန်းရည် ဖြစ်ရသေးတာ..."

"ဆရာမယယ်ယယ်က ပုန်းရည်ကြိုက်လို့လား..."

"မရှိသေးစကား ကျွန်မကိုယ်ဝန်ဆောင်တုန်းက အမေက ပုန်းရည် ချင်ခြင်း တပ်သတဲ့...ကျွန်မကို မွေးလာတော့ မပုန်းရည် ခေါ်ကြရာက တွင်သွား တာပါ...မပုန်းရည် ဆိုတဲ့နာမည်ကို မြန်မာဆန်လို့ ကျွန်မကလည်း ကြိုက်ပါတယ်..."

ထိုစဉ်မှာပင် အမျိုးသမီးတစ်ယောက် ရောက်လာခဲ့သည်။ အနည်းငယ် ဝရေပိုနိုင်သော်လည်း မျက်နှာပေါက အပြုံးကတော့ ကြည်စင်လှပါ၏။ ချည် သည်၊ ခေါင်းပေါင်းနှင့်ဆိုတော့ သည်အိမ်ကိုလာသည့် ရွာကဧည့်သည်လို့ ဝင် မိသည်။

"ဟော......လာ...ဆရာမ မစိန်......ဒေါ်ပုန်းရည်...ဒါ ရွာခံဆရာမ ဒေါ်မြင့်မြင့်စိန်..."

"အော်...ကျွန်မ ဆရာမဆီ လာခဲ့ဖို့ပါပဲရှင်...နည်းနည်းစောနေသေးလို့ပါ"

ဒေါ်မြင့်မြင့်စိန်က ခေါင်းပေါင်းကိုချွတ်ပြီး ပေါင်ပေါ်တင်သည်။ မပုန်းရည် ကို သေချာချာကြည့်သည်။ မျက်နှာကတော့ ပြုံးလျက်။ မပုန်းရည်၏ လတ် မောင်းတွေကို ဆုပ်ပြီး ရွာလူကြီးဘက် လှည့်ပြောလေသည်။

"ဥက္ကဋ္ဌကြီးရေ...ဟန်တော့ကျပြီ...ကျွန်မတို့ မတ္တရာမြို့နယ်က ဆရာမ အလှပြိုင်ပွဲများရှိရင် နတ်ရေကန်က ပထမရဖို့ ကျိန်းသေပြီတော်"

"အင်း...ဟုတ်လောက်ပါရဲ့"

မပုန်းရည်က ဒေါ်မြင့်မြင့်စိန်ပြောတာကို မရယ်ချင်။ ရွာလူကြီးက ဟုတ် လောက်ပါရဲ့ ဆိုတာကို ရယ်ချင်သွားခဲ့သည်။ ဟုတ်လောက်ပါရဲ့ဆိုတာ သည်လောက် လောက်နဲ့တော့ ဟန်မကျသေးပါဘူးဆိုသည့် လေသံပါသလိုလို။ မပုန်းရည်ကို ဒေါ်မြင့်မြင့်စိန်က တစ်ပါတည်း ခေါ်သွားဖို့ ပြောနေတော့ မပုန်းရည်ကလည်း လိုက်ဖို့ ပြင်တော့သည်။ ရွာလူကြီးသမီး လှလှရီက မထည့်ချင်သေး။ မပုန်းရည်ကို ဆွဲထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရေမိုးချိုး ပြင်ဆင်ပြီးတော့ ကျွန်မတို့ လိုက်ပို့လိုက်ပါ့မယ် ဆရာမ မစိန်ရဲ့…ကျောင်းက ကိုးနာရီလောက်မှ တက်မယ့်ဟာကို…"

"အိမ်ကို ခေါ်ဦးမှပေါ့ လှလှရီရဲ့…ညကတောင် လာမလို့ဟာ အငယ်ကောင် အီနေလို့ မလာရတာလေ…ခေါ်သွားမယ်နော်…လာ ဒေါ်ပုန်းရည်"

"ဆရာမရယ်…မပုန်းရည်ပဲ ခေါ်ပါရှင်"

မပုန်းရည် ပါလာသည့်အိတ်တွေ၊ သေတ္တာတွေကို လှလှရီတို့ ညီအစ်မက ဝိုင်းရှက်ပို့ကြသည်။ ဒေါ်မြင့်မြင့်စိန်အိမ်က ရွာစွန်မှာဆိုတော့ ရွာထဲက ဖြတ်သွားရသည်။ တစ်ရွာလုံးက အိမ်ရှေ့တွေ ထွက်ရပ်ကြကာ မပုန်းရည်ကို ကြည့်ကြသည်။ ဆရာမ ဒေါ်မြင့်မြင့်စိန်ကလည်း တစ်လမ်းလုံး အော်ရင်း ဟစ်ရင်း မိတ်ဆက်ပေးခဲ့ပါ၏။

"တို့ရွာကျောင်း ရောက်လာတဲ့ ဆရာမအသစ်ပေါ့…ဒေါ်ပုန်းရည်တဲ့…တို့ရွာ နတ်ရေကန် ဆရာမ ပြည့်စုံပါပြီအေ…ရန်ကုန်သူ…ဟုတ်တယ်နော် မပုန်းရည်…"

"ဟုတ်ကဲ့ပါ"

ဒေါ်မြင့်မြင့်စိန်အိမ်ကတော့ ရွာများတွင် ဆောက်လေ့ဆောက်ထရှိသည့် ဝါးထရံကာ နှစ်ထပ်အိမ်ဖြစ်သည်။ အိမ်အောက်ထပ်မှာ တစ်ဖတောင်လောက်မြင့်သည့် သစ်သားကွပ်ပျစ်ကြီး ရိုက်ထားသည့်အတွက် ဧည့်ခန်းဖြစ်ပုံရသည်။ အဝတ်တွေက ဖြုတ်စဖျင်းတောင်း။ အိမ်ထောင်ပရိဘောဂတွေ ရှိသော်လည်း ဖရိုဖရဲနိုင်လှသည်။ သားသည်မိခင်မအေဆိုတော့ အစမသိမ်းနိုင်တာပဲ ဖြစ်မည်။ ဒေါ်မြင့်မြင့်စိန်က အဝတ်ဟောင်းတွေ လက်နှင့်တိုက်ဖယ်ကာ နေရာတစ်နေရာ ဖန်တီးပေးရှာပါ၏။ လှလှရီတို့ ညီအစ်မက အဝတ်သေတ္တာနှင့် အိတ်ကို ချပြီး ပြန်သွားကြသည်။

"ကျွန်မလည်း နို့စို့ကလေးတစ်ဖက်နဲ့ဆိုတော့ သည်လို တရှုတ်သိုးသိပါခဲ မပုန်းရည်ရယ်…"

အစချီကာ ဒေါ်မြင့်မြင့်စိန်က သူ့အကြောင်းတွေ တွန်းတိုက်ပြောတော့၏။ မန္တလေးသူဖြစ်ကြောင်း၊ နတ်ရေကန်သားနှင့် အိမ်ထောင်ကျမိကတည်းက သည်ရွာမှာပဲ နေခဲ့ရကြောင်း၊ အိမ်သားက ဘွဲ့ရပြီး ဝန်ထမ်းမလုပ်ဘဲ လယ်သမားလုပ်နေကြောင်း၊ မနှစ်က စပါးဈေး မကောင်းလှ၍ ကသီရကြောင်းတွေ ပြောပြနေခဲ့သည်။ မပုန်းရည် အဖို့တော့ ကြားရခဲ့သည့် ဘာသာရပ်တွေ မဟုတ်လား။ ကျောင်းနှင့်ပတ်သက်၍ ကလေးတွေက ပညာရေးထက် လယ်ထဲယာထဲ ဆင်းချင်နေကြကြောင်း၊ မိဘတွေ ကလည်း ခိုင်းချင်စိတ်သာ ရှိကြောင်းတွေ ပြောပြနေလို့ မပုန်းရည် ရင်ကလေး နေရပါ၏။



"ကိုယ်က ရွာခံလိုဖြစ်သွားတော့ ရွာသဘော သိတယ်…သိပ်ရိုးသားကြတာ…ရွာကြီး ကြီးပေမယ့် လုပ်လုပ်စားစားတွေ များတယ်…စီးပွားရေးကတော့ လယ်နဲ့ ဘဲမွေးကြတာ များတာပါပဲ…မပုန်းရည်တော့ ဘဲဥဓော် နံ့ဗိုသာ ပြင်တော့…"

"ဈေးတွေ ဘာတွေ သွားတော့ကော…"

"မဒယာ(မတ္တရာ) လိုက်ရတာပေါ့"

"မဒယာဆိုတော့ ဘယ်လိုသွားကြတာလဲ"

"တာပေါင်ကနေ စက်ဘီးတို့ လှည်းတို့နဲ့သွားလည်း ရတယ်…ရထားနဲ့ လိုက်မယ်ဆိုရင်တော့ ကအဲ့ဘူတာဘက် ထွက်ရတာပေါ့…လှမ်းတော့ လှမ်းတယ်…ကားလမ်းက ပိုတောင်ဝေးသေးတယ် မပုန်းရည်ရေ့…"

"ကျောင်းသားကော များရဲ့လား ဆရာမ"

ဒေါ်မြင့်မြင့်စိန်က ဘယ်လိုဖြေရင် ကောင်းမလဲ စဉ်းစားနေပုံရသည်။ ရွာနှင့် ကိုယ့်ကျောင်းဆိုတော့ မပုန်းရည်ကို အရင်းအတိုင်း ပြောဖို့ မပြောဖို့ ချိန်နေပုံရပါ၏။ ဒေါ်မြင့်မြင့်စိန်က ရေနွေးအိုးကလေးချ၊ တို့ဟူးကြော်ကလေးချ ချရင်းက အားမပါလှစွာ ပြောသည်။

"မပုန်းရည်ရေ…ဆရာကြီးရော ကျွန်မရော ကောက်သင်းကောက် သင်နေရတာတော့ ရှိတယ်…သည်မှာက လယ်အလုပ်က ဝမ်းစာဖြစ်နေတော့ အရွယ်ကလေးရရင် လယ်ထဲရောက်ကြရတာ များတယ်…ကျောင်းရယ်လို့ မှန်မှန်တက်ရမယ် ဆိုတာမျိုး မရှိကြဘူး"

"ဆရာမက ရွာခံတစ်ယောက်အနေနဲ့ ပြောမပြဘူးလား…ကျွန်မကလည်း ဆရာမကို အားကိုးရမှာပါ…အတွေ့အကြုံရော၊ ရွာလေ့ ရပ်လေ့ရော မသိသေးတော့ စ,စချင်း ခက်လိမ့်မယ်ထင်တယ်"

"မပုန်းရည်ရယ်…ကြည့်လုပ်ကြသေးတာပေါ့"

ဒေါ်မြင့်မြင့်စိန်က အိမ်အလုပ်တွေကို ပစ်ထားခဲ့ကာ ကျောင်းဝတ်စုံကို ဝတ်သိဝတ်ပြီး ထွက်လာခဲ့ကြပါသည်။ ကျောင်းကို မသွားကြခင် ဆရာလယ် ကြီးမှာ မပုန်းရည်ကို နေရာချထားပေးရဦးမှာ မဟုတ်လား။ မပုန်းရည်လည်း လိုက်ခဲ့ရပါ၏။

အိမ်ကြီးက လေးထောင့်သစ်တုံးကြီးတစ်တုံး ထောင်ထားတာနှင့်တူသည်။ တိုင်တွေ ထောင်ကာထားပြီး အပေါ်ပိုင်းမှာ လည်ပေါ်တစ်ရစ်ပင် ပါလိုက်သေး

www.burmeseclassic.com

www.burmeseclassic.com



သည်။ အောက်ထပ် တစ်ထပ်လုံးက ဟင်းလင်းပွင့်လျက်ရှိ၏။ အောက်ထပ်မှာ အထားအရုံရယ်လို့ပင် မရှိဘဲ အပေါ်ထပ်သို့တက်သော သစ်သားလှေကား ထူထူကြီး တစ်ခင်းသာ မားမားကြီးရှိလေ၏။ မပုန်းရည် စိတ်ထင်တော့ အိမ်ကြီးက ဆောက်လုပ်စတန်းလန်း ပစ်ထားတာပဲ ဖြစ်လိမ့်မည်။ ရေနံချေး သုတ်ထားတာလည်း ကြာသေးပုံမပေါ်။ ရေနံတွေက မြေကြီးပေါ် အစက်ကျထားတာ ပွလို့။ ဝင်းခြံခတ်ထားတာကလည်း အိမ်နှင့်ကွက်တိ။

အပေါ်ထပ်ကို တက်ကြည့်ကြတော့ လှေကားပိတ်သည့် သစ်သားပြားကြီး ရှိသဖြင့် လုံခြုံမှုတော့ ရှိပါသည်။ အပေါ်ထပ်တစ်ခုလုံး လူမနေတာ ကြာရော့မည်။ ခိုချေးတွေ၊ စာရွေးတွေ၊ စာသိုက် မြက်မှုန်တွေ၊ ပိုးမှုန်တွေ ခဲခဲလှုပ်လို့။ ၁၉၈၉ ခုနှစ်ထုတ် ရုပ်ရှင်မင်းသမီးပုံပါ ပြက္ခဒိန်တစ်ချပ်က တွဲလောင်းကျလျက်ရှိသည်။ ပြက္ခဒိန်ရက် တွက်မည့်သူမရှိဘဲ အပေါ်ထပ်ကြီးမှာ တစ်ယောက်တည်း စောင်းစောင်းကြီးလည်နေရသော မင်းသမီးပါလားလို့ မပုန်းရည် တွေးမိသေးသည်။ တစ်ခုတော့ ကောင်းပါသည်။ လက်ရှိ နှစ်ကာလပြက္ခဒိန်ဆိုတော့ သည်ပြက္ခဒိန်ကိုပဲ မပုန်းရည် အသုံးချရမည်။ ဘုရားစင်မှာတော့ ဘုရားပန်းတွေ ခြောက်လျက်ရှိ၏။ မမြို့ပန်းခေါ်ကြသည့်ပန်းတွေက အတောင့်လိုက် ခြောက်နေကြပြီး ပိုးမှုန်တွေပင် တွယ်နေခဲ့သည်။ မြေဩောင်ရေအိုး ပုပုဝိုင်းဝိုင်းကလေးကိုတော့ သုံးရမည်။ အခန်းထောင့်မှာ ရွှေလက်ရာ စားပွဲလိုလို ခုံကလေးရှိ၍ ချေးညှော်တွေ ထုတက်နေ၏။ ဒါကလေးကလည်း ကာယကံရှင်တွေ ပြန်မယူသေးလျှင် စာအုပ်တင်နိုင်သည်။ ထောင့်လေးထောင့် ကျိုးနေသဖြင့် ဆယ်ပြားစေ့ပုံပေါက်နေသော ဖျာကြမ်းကတော့ အဆီတွေပြောင်လို့။ ဒါတော့ သုံးလို့မဖြစ်။ အပေါ်ထပ်အခန်းကြီးက ကျယ်လွန်းလှသည့်အတွက် မပုန်းရည်အဖို့တော့ လွတ်လွတ်လပ်လပ်ကြီး နေပါလေ့။

"ဆရာမတို့ ကျောင်းဘက်သွားတုန်း ကောင်မလေးတွေ ရှင်းထားပေးလိမ့်မယ်...ကြမ်းတွေလည်း တိုက်ထားပေးမယ်...ဖျာတော့ အိမ်မှာ ဖျာသစ်ရှိပါတယ်...သည်ဖျာဟောင်း အောက်ချလိုက်မယ်...ရေတွေဘာတွေ ဆေးချရမှာဆိုတော့ ညနေပြန်လာရင် ခြောက်လောက်ပါပြီ...ဪ မပုန်းရည်ရေ...သူက မကြာဥတဲ့...သည်အိမ်ပိုင်ရှင့် နှမလေ...ဆရာမနဲ့ လာနေလိမ့်မယ်"

အိမ်ပိုင်ရှင့်နှမ။ မကြာဥ။ မျက်နှာသွယ်သွယ်နှင့် ရုပ်ရည်က သနားကမားရှိလှသည်။ အရပ်ကတော့ ရှည်လှပါ၏။ တောသူတောင်သား လယ်ထဲယာထဲ ဆင်းရသူဆိုတော့ အသားကလေး မည်းတည်း။ မပုန်းရည်ထက်တော့ ကြီးလိမ့်မည်။ မပုန်းရည်က ပြုံးပြတော့ သွားဖြူဖြူတွေပေါ်အောင် ပြန်ပြုံးပြသည်။



"ကျေးဇူးတင်ပါတယ် မကြာဥရယ်...တစ်လမ်းလုံး ဘယ်လိုနေရပါ့မလဲ တွေးပူလာတာ...ခုမှပဲ စိတ်အေးရတော့တယ်...ရပ်ရွာလူကြီးတွေရော...မကြာဥတို့ မိသားစုကိုပါ ကျွန်မ တကယ်ကျေးဇူးတင်တာပါ"

"ရပါတယ်"

မကြာဥက လိုသလောက်သာ တုံ့ပြန်လေသည်။ ထိုစဉ်မှာပင် အိမ်ကြီးပေါ်သို့ လူတစ်ယောက် တက်လာသည်။ စွပ်ကျယ်လက်စက အယောင်းကို ဝတ်ထားပြီး ဆံပင်တိုတိုနှင့်ဖြစ်၏။ ဆရာမ ဒေါ်မြင့်မြင့်စိန်က ထိုလူကို လက်မောင်းမှ သွားဆွဲပြီး မပုန်းရည်အနား ခေါ်လာခဲ့သည်။ ထိုလူက ဆုတ်ကန်ကန်လုပ်ရင်း မပုန်းရည်ကို ခေါင်းညိတ်လေသည်။

"မပုန်းရည်...ဒါ သည်အိမ်ပိုင်ရှင်လေ... ကိုကြာရိုးတဲ့... ကိုကြာရိုးက ရွာပြင် ကွင်းထဲမှာနေတာ... လယ်လုပ် ဘဲမွေးပေါ့... သူ့ကလေးတွေ မပုန်းရည် စာသင်ပေးရဦးမှာ...မပုနဲ့"

ကိုကြာရိုးက မတုန်မလှုပ်။ ဘယ့်နှယ်မှလည်း မတုံ့ပြန်။ မပုန်းရည်ကိုသာ ကြည့်နေသည်။ ကိစ္စဝိစ္စက ဒါပဲမဟုတ်လား ဆိုသည့်မျက်နှာဖြင့် ဒေါ်မြင့်မြင့်စိန်ကို ပြန်ကြည့်သည်။ ခြေထောက်ကလည်း နောက်ကို တရွတ်ဆွဲနေလေသည်။

"ဆရာမ မစိန် ဒါပဲမဟုတ်လား...ကျုပ်ပြန်တော့မယ်"

"ဘယ့်နှယ်ပြန်ရမှာတုံး ကိုကြာရိုးရဲ့...ဘာမှတောင် မပြောရသေးဘဲနဲ့"

"ပြောပြီးပြီဟာကော..."

မပုန်းရည်က ရိုးသားလွန်းလှသော အိမ်ရှင်ဆိုသူကိုပဲ ပြုံးကြည့်နေမိခဲ့သည်။ ... နှင့် စကားပြောရမှာကိုပင် ရှုံ့နေရှာပုံရသည်။ မပုန်းရည်က ရင်းနှီးခင်မင် ...သောဖြင့် ကိုကြာရိုးအနား ကပ်လိုက်တော့ ကိုကြာရိုးက တစ်လှမ်းနောက် ...သည်။ မပုန်းရည်က တစ်လှမ်းထပ်တိုးတော့ ကိုကြာရိုးက နှစ်လှမ်းဆုတ်လေ ...

"ဦးကြာရိုးကို ကျေးဇူးတင်ကြောင်း ပြောမလို့ပါရှင်...သည်လိုအိမ်ကြီးမှာ ကျွန်မကို နေရာပေးတာ ဝမ်းသာလွန်းလို့ပါ..."

"ဆရာမကြီး မနေတော့လည်း ပစ်ထားတာပဲ"

"ပစ်ထားပေမယ့် ဦးကြာရိုး ထားချင်ဦးမှ ဖြစ်တာမဟုတ်လား...ဦးကြာရိုးက ပစ်ထားပေမယ့် ကျွန်မမှာ တန်ဖိုးကြီးပါတယ်ရှင်"

www.burmeseclassic.com

www.burmeseclassic.com



"တန်ဖိုးမကြီးပါဘူး…ကျုပ်တို့တောတော့ ဟိုကခုတ် သည်ကခုတ်နဲ့ အိမ်တစ်လုံး ဖြစ်တာပဲ"

မပုန်းရည် ဆက်ပြောနေလျှင်လည်း မောရှိသာ။ ကိုကြာရိုးက ဆရာမကြီး ဆိုတာကိုလည်း ရယ်ချင်သည်။ အမှန်မှာ မပုန်းရည်ကို ရိုရိုသေသေ ဇန်းတင်ပြီး ခေါ်ခြင်းဖြစ်ကြောင်း နားလည်ပါ၏။ ဆရာမလေးဟုခေါ်လျှင် မရိုသေရာကျမှာစိုး၍ ဖြစ်ပုံရသည်။ ဒေါ်မြင့်မြင့်စိန်က အရှန်ကောဆိုသည့်မျက်နှာဖြင့် စူးစူးကြီး စိုက်ကြည့်နေလေ၏။ မပုန်းရည်သာ အနားမရှိလျှင် ခေါက်လိုက်ချင်စမ်းလှတော့ ဆိုသည့်ပုံ။

"ကဲ…ကဲ…ကိုကြာရိုး ကြွတော်မူပါ…ရပါပြီ"

ကိုကြာရိုးက သုတ်ခနဲ လှည့်ပြန်လေသည်။ သည်ဆရာမတွေရှေ့ သည်သောတ်ရပ်ရတာကိုပင် ခြေမခိုင်ချင်တော့ပြီ။ မကြာခင်ကတော့ သူ့အစ်ကိုကို အားရပုံပေါ်။ ဘာမှတော့ မပြောပါ။ မပုန်းရည်တို့ အိမ်ပေါ်က ဆင်းကြတော့ အိမ်ကြီးကို သန့်ရှင်းရေး ဝင်ကြမည့် မိန်းကလေးတွေ စနေကြပြီ။ တချို့က မပုန်းရည်ကို ငေးနေကြသည်။ မပုန်းရည်က အားလုံးကို ပြုံးပြနှုတ်ဆက်ရင်းက ဆရာမ ဒေါ်မြင့်မြင့်စိန် နောက်ကို လိုက်ရလေ၏။ ဒေါ်မြင့်မြင့်စိန်က ရွာအခေါ်အဝေါ်တွေ ပြောပြလာခဲ့သည်။

"သည်ရွာက နာမည်တပ်ခေါ်ကြတာ မပုန်းရည်ရဲ့…ကျွန်မဆိုရင် ဆရာမ မစိန်ခေါ်ကြတာ…ကျောင်းအုပ်ကြီးကို ဆရာကြီးဖေတဲ့…ကျောင်းအတွေတွေ လုပ်သား မောင်တက်လှကျတော့ ဆရာလေးတဲ့…မပုန်းရည်တော့ ဘယ်လို ခေါ်ကြမယ်မသိဘူး"

အိမ်ကြီး၏ပတ်လည် လေးဘက်လေးတန်က လမ်းဖြစ်၍ အိမ်ကြီး၏ မြောက်ဘက် လမ်းတစ်ဖက်ရှိ ဝင်းက ကြာမိသားစုများ နေထိုင်ရာ ဘိုးဆိုင်ဘွားဆိုင် အိမ်ဟု သိခဲ့ရသည်။ ဦးကြာတဲဆိပ်ကို ဘိုးကြီးခေါ်ကြသကဲ့သို့ အမေကြီး သိန်းရင် ကိုတော့ ဘွားကြီး ခေါ်ကြသည် ဆို၏။ ကိုကြာရိုးက အိမ်ထောင်သည် လယ်ထဲမှာပဲ နေသည်။ ကိုကြာခွက်က အကြီးဆုံး။ သူကလည်း အိမ်ထောင်ခွဲ။ သမီးကချည်း သုံးယောက်ရှိရာ ကြာဖြူ၊ ကြာနီ၊ ကြာပြာ ဆိုပါ၏။ အငယ်ဆုံးကတော့ ယောကျ်ားကလေး။ ကြာညို…တဲ့။

"ကိုကြာရိုးကကော ကလေးတွေရှိသလား"

"ရှိတယ်…ကြာငုံနဲ့ ကြာမုံ…နို့စို့ကလေးတစ်ယောက်လည်း ရှိသေးတယ်… နာမည်တော့ မပေးရသေးဘူး…ကြာယပ်လို့များ ပေးမလား မပြောတတ်ဘူး"

မပုန်းရည်က ရယ်သည်။



"ဟုတ်တယ်နော်…တကယ့်ကို ကြာမိသားစုပဲ…ခေတ်မီကြသားပဲ ဆရာမရဲ့…မျိုးရိုးအလိုက် နာမည်ပေးတာကို ပြောတာပါ"

"မျိုးရိုးအလိုက် နာမည်ပေးတယ်ရယ်လို့ ဟုတ်မထင်ပါဘူး မပုန်းရည်ရယ်…သည်လိုလည်း မရှိပါဘူး…တစ်ယောက်က ကြာဆိုတာနဲ့ လိုက်ကြကြတာပါ…ကျွန်မအသိဆုံးဟာကို…"

ဘာပဲဖြစ်ဖြစ်လေ နာမည်တွေက မြန်မာဆန်သည်။ ချစ်စရာကောင်းသည်။ ဆန်းဆန်းသော ခံစားမှုကို ရသည်။ စင်ကြယ်ခြင်း၊ ပွင့်လန်းခြင်းသဘောကို ဆောင်သည်။ ကြာမိသားစုနှင့် သူမ ဘယ်လောက်တောင် ချစ်ခင်ကြရဦးမှာလဲ။ နာမည်တွေ ကြားရုံနှင့်ပင် မပုန်းရည် မေတ္တာရောက်နေခဲ့မိပါ၏။

□

ရွာအရှေ့တောင်ယွန်းယွန်းက စာသင်ကျောင်းကလေးဆီ မပုန်းရည်တို့ ရောက်ခဲ့ကြပါပြီ။ စာသင်ကျောင်း ဟိုဘက်ထိပ်မှာက ရွာဦးဘုန်းကြီးကျောင်း။ ကျောင်း အတန်ငယ် ရှဲ့စောင်းနေသော အလံတိုင်ကလေးထိပ်မှာ နိုင်ငံတော်အလံတ လွင့်နေ၏။ မပုန်းရည်က အလံတိုင်ကို အုတ်ခုံကလေးဖြင့် ဖြောင့်ပေးချင်နေမိခဲ့သည်။ ဝင်နေမည့် ကျောင်းကလေးကို မြင်လိုက်ရတော့ မပုန်းရည် ရင်ခုန်သွားခဲ့သည်။ ကျောင်းကလေးပါလား။ ကျောင်းဝင်းက ဘုန်းတော်ကြီးကျောင်းဝင်းကြီးနှင့် ကျယ်ကြီးတစ်ကွက်သာ ခြားသည်၊ စည်းရိုးရယ်လို့ မရှိ။ အုတ်ခုံခံ ပျဉ်ထောင် မြေစိုက်ကျောင်းကလေး ဖြစ်၏။ အလျားရှည်ရှည် တန်းလျားကြီးနှင့် ရုံးခန်းရယ်လို့ သီးသန့်ကန့်မထားဘဲ စာအုပ်ဗီရိုကြီးနှစ်လုံး ဆက်ကာထားပြီး တစ်လုံး၊ တန်းလျားခုံရှည်နှစ်ချပ် ခင်းထားသည်။ အတန်းတစ်တန်းရှေ့ သင်ပုန်းတစ်ချပ် ထောင်ထားတာကလွဲ၍ ဘာအကာအရံမျှမရှိ။ စာသင်လျှင် ကျောင်းကလေးထဲမှာတင် အသံတွေ ရောထွေးနိုင်တာကိုလည်း မပုန်းရည် လိုက်မိ၏။

မပုန်းရည်တို့ ကျောင်းထဲဝင်သွားတော့ ကျောင်းအုပ်ဆရာကြီး ဦးခင်ဖေက သော နှုတ်ဆက်သည်။

"ရန်ကုန်ကတောင် လာရတာဆိုတော့ ခရီးပန်းရှာမှာပဲ…ကျွန်တော်က ဦးခင်ဖေပါ…ကျောင်းကို နေ့စဉ်မလာနိုင်လေတော့ ဒေါ်မြင့်မြင့်စိန်နဲ့ပဲ လွှဲထားရတယ်…မြို့နယ်အစည်းအဝေးတွေကလည်း သွားရတာကိုး… ဆရာမ duty report တင်ခဲ့ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"တင်ခဲ့ပါပြီ ဆရာကြီး…ကျွန်မ တာဝန်ယူရမယ့်အတန်းသာ စီစဉ်ပေးပါ ဆရာကြီး"

"အင်း…အတန်းရယ်လို့လည်း မဟုတ်ပါဘူး ဆရာမရယ်…မှန်တာပြော ရရင် ကျောင်းသားတစ်ရာကျော် စာရင်းရှိပေမယ့် လေး, ငါး, ခြောက်ဆယ် အနိုင်နိုင်တက်ကြလေတော့ မျှသင်နေကြရတယ်…ကျောင်းသားစာရင်း တစ်ရာမပြည့်ရင်လည်း Section ပျောက်မှာလည်း စိုးရသေးတာကိုးဗျ… အခု ဆရာမ ရောက်လာတော့ အဆင်ပြေသွားပါပြီ…ညှိနှိုင်းကြတာပေါ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဆရာကြီးက အသက်အရွယ်ရပြီ။ မတ္တရာသားဖြစ်၍ ပင်စင်ယူကာနီးမှ ကိုယ့်ရပ်ရွာဒေသမှာ တာဝန်ပေးထားခြင်းဖြစ်သည်။ အသားညိုညို၊ ခါးကိုင်းကိုင်း ချက်စွန်တူတူကြီးတစ်လက် တပ်ထားပုံက ဆရာကြီး၏ ဖဝင်္ကိုဟန် ဖြစ်မည်ထင်ပါ၏။ မပုန်းရည် ရောက်လာသည့်အတွက် ဝမ်းသာနေပုံပေါ်ပါသည်။ မပုန်းရည်ကို နေရေး ထိုင်ရေး စားရေးသောက်ရေးတွေ မေးသည်။ အဖော်အဖက် ပြုနေကြမည့် အစီအစဉ်တွေ မေးသည်။ မပုန်းရည်က နေရေးထိုင်ရေး အဆင်ပြေကြောင်း၊ စားရေးသောက်ရေး တော့ ကိုယ်တိုင် ချက်ပြုတ်စားဖို့ စီစဉ်ရမှာဖြစ်ကြောင်း ပြောပြလိုက်ပါ၏။ ဆရာကြီး က တခြား ဘာမှမပြောတော့ဘဲ မပုန်းရည်၏ ကိုယ်ရေးကိုယ်တာ ကိစ္စကလေးတွေ လေးစက်သာ မေးသည်။

"ကျွန်တော်တို့နယ်က ရေးက ကျောက်စဉ်တိုက်ခေါ်တဲ့ နယ်ပဲ ဆရာမရဲ့… ရှေးရေးမတော့ ကျော်စည်တဲ့…ကင်းလေးဆယ့်သုံးမြို့မှာ…မတ္တရာ… တောင်ပြုံး၊ ဝါးရင်းတုတ်မြို့တွေ ပါတာပေါ့…ဆရာမ အားတဲ့အခါ အဲ့ အပါးရွာတွေကို လျှောက်လည်ပေါ့…တောင်ပြုံးပွဲများ အင်မတန်စည်ကား ပေါ့…"

"ဟုတ်ကဲ့…ကြားဖူးပါတယ် ဆရာကြီး"

"ကိုင်း ကိုင်း…ကနေ့တော့ မိတ်ဆက်ပေါ့ဗျာ…ဆရာမ နားလိုက်ဦး… ခေါ်မြင့်မြင့်စိန်ကို လိုတာပြောပါ…ဆရာမက ရွာခံဆိုတော့ အစစအရာရာ အားကိုးနိုင်ပါတယ်"

"ဟုတ်ကဲ့ ဆရာကြီး"

ဘုန်းကြီးကျောင်းဘက် ကူးကာ ဆရာတော်ကြီးကို ကန်တော့ကြတော့ ဆရာတော်ကလည်း ဝမ်းသာတော်မူပါသည်။ ဆရာတော်က ယောနယ်သားဖြစ်၍



…သည့်အပြင် စကားကို အားရပါးရ ပြောတတ်သည်။ အသက်အရွယ်ရပြီဆိုသော် … လောကုတ္တရာစာပေကို နံ့စပ်ပုံရပါ၏။ ရွာသမိုင်းဖြစ်သော နတ်ရေကန် …ကြောင်းတွေလည်း မိန့်တော်မူသည်။

"ဒါထက်…ကျောင်းဆရာမ…နာမည်က ဘယ်သူတဲ့တုံး…"

"မပုန်းရည်ပါဘုရား…"

"အား…မပုန်းရည်…ဘယ့်နှယ်ဟာတုံး…"

မပုန်းရည်က ရယ်ချင်စိတ်ကို မျိုချနေရသည်။ ဆရာတော်ကြီးမေးလိုက်ပုံ …ရက် လန့်သွားပုံမျိုး မဟုတ်လား။ နားကြားများ လွဲလေသလားဆိုသည့် …ရှိသော်လည်း ထပ်တော့ မမေးတော့ပါ။ မပုန်းရည် နေရေး၊ ထိုင်ရေး၊ …သောက်ရေးများလည်း မေးတော်မူရှာပါ၏။ မပုန်းရည်က ကိုယ်တိုင်ချက်ပြုတ် …မည် ဆိုသောအခါ ဆရာတော်က နေ့လယ်စာကို ဘုန်းကြီးကျောင်းမှာပဲ …တော်ပါ ဆိုသည်။

"ကျောင်းမှာ…ခင်ဗျားတို့ တပည့် ကိုရင်တွေ…ကျောင်းသားတွေ ရှိသားပဲ ဟာနော…ကျုပ်ကျောင်း ဆွမ်းပေါတယ်…ကျောင်းဆရာမ နေ့လယ်စာ လာစားလှည့်ချည်…ညနေစာတော့ တာဝန်မယူဘူးနော…ကျုပ်တို့လည်း စားဘူးလေနော…"

ဆရာတော်၏ စေတနာသဒ္ဓါတရားကို မပုန်းရည် လေးစားကြည်ညိုရပါ၏ … ဆရာတော်ကို ဝတ်ချပြီး စာသင်ကျောင်းဘက် ပြန်ခဲ့ကြသည်။ တစ်နေ့တာ …ရှိတာတွေ ဆောင်ရွက်ပြီးတော့ မပုန်းရည် အိမ်ကြီးဆီ ပြန်ခဲ့သည်။ …တော့ မပုန်းရည်ဘေးမှာ တပည့်ကလေးတွေ ပါလာခဲ့ပြီ။

မပုန်းရည် အိမ်ကြီးဆီ ပြန်ရောက်တော့ အိမ်ကြီးပင် သန့်ရှင်းသပ်ရပ်နေ … ဘုရားပန်းတွေကလည်း ဝေလို့။ ၁၉၈၉ ခုနှစ် ပြက္ခဒိန်ကလည်း တည့်လို့။ …အသစ်တစ်ချပ်နှင့် သင်ဖြူးဖျာကလေးတစ်ချပ်ပင် ခင်းလိုက်လို့။ မပုန်းရည်၏ …တွေ သေတ္တာတွေလည်း အိမ်ကြီး၏ အနောက်ခန်းထဲ သပ်သပ်ရပ်ရပ် …ပြီး သနပ်ခါးကျောက်ပျဉ်တစ်ချပ်၊ မှန်တစ်ချပ်နှင့် သနပ်ခါးတောင်းကလေး …ထိုက်သေးသည်။ မပုန်းရည် အိပ်ရာလိပ်ကို ဖြေကာ အခန်းထဲမှာပဲ အိပ်ရာခင်း၊ …ထောင်ကြည့်လိုက်သည်။ ပြီးတော့ အခန်းတံခါးပိတ်လိုက်ပြီး အဝတ်အစား …

နားရပြီဆိုတော့မှ မောရမှန်းသိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မပုန်းရည်က အိမ်ကြီး၏ ပြတင်းပေါက်တစ်ပေါက်မှာရပ်ရင်း တွေးနေခဲ့သည်။ နတ်ရေကန်ကို ရောက်ပါပြီဆိုကတည်းက မပုန်းရည် ကောင်းကောင်းမနားရသေးပေ။ မပုန်းရည်က သူ တာဝန်ထမ်းဆောင်ရတော့မည့် ကျောင်းကလေးကို အတွေးထဲမှာ မြင်ယောင်နေခဲ့သည်။ မပုန်းရည် မြင်ခဲ့ရသလောက် ကျောင်းကလေးကို ပြုပြင်ဆေးချင်သည့် အလုပ်ကလေးတွေ ရှိနေသည်။ တတ်နိုင်တာ မတတ်နိုင်တာထား။ ကျောက်သင်ပုန်းတွေကို ဆေးပြန်သုတ်ရမည်။ ယိုင်ရွဲ့နေသော ကျောက်သင်ပုန်းခြေထောက်တွေကို လက်သမားဆရာခေါ်ကာ ပိုးရထပ်ရမည်။ ထောင့်ကွေးတွေမှာ အမိုးဆင်းတွေမှာ အုံဖွဲ့နေကြသည့် ပိုးမျှင်တွေကို လှဲတာ ကျင်းတာလည်း လုပ်ချင်သည်။ အထူးသဖြင့်တော့ အလံတိုင်ကို အသစ်လဲကာ ဆေးသုတ်ရမည်။ အလံရှက်ကတော့ မတွေ့ရာမှာ ရနိုင်ပါ့မလား။

ပန်းချီဆွဲတာ ဝါသနာပါသော မပုန်းရည်က ရောင်စုံမြေဖြူတစ်ဘူးလောက်လည်း လိုချင်သည်။ ကျောင်းဘေး ကွက်လပ်ကျယ်ကျယ်မှာ ကလေးတွေကစားကြရဲ့လား။ မြက်တွေထိုးကာ တလင်းပြောင်ပြောင်ဖြစ်အောင် ချုံရမည်။ ကျောင်းပတ်ဝန်းကျင်မှာ ပန်းအလှပင်ကလေးတွေလည်း စိုက်ချင်သေးသည်။ တချို့အလုပ်တွေကိုတော့ မောင်တက်လှကို ခိုင်းရုံသာ။ ကျောင်းရှေ့က အုပ်ဆိုင်းနေသော အပင်အိုကြီးတွေ ကိုင်းတချို့ခုတ်တာ ချိုင်တာလောက်တော့ မောင်တက်လှနှင့် ဖြစ်လောက်သည်။ ဒါတွေလုပ်ရင် ဆရာကြီးကို ကျော်လုပ်ရာများ ကျနေမလား။ ကောင်းသောအလုပ်မို့ ဆရာကြီးကလည်း ခွင့်ပြုလိမ့်မည် ထင်ပါသည်။

မပုန်းရည်က အဝေးကို ငေးရင်း လျှောက်တွေးနေခြင်းဖြစ်၏။ ညနေခင်းနေရောင်က မပုန်းရည်၏ မျက်နှာကလေးကို တစ်ခြမ်းပက်ထားသည်။ မပုန်းရည်၏ စိတ်ထဲမှာ အာရုံတစ်ခုရနေသလို ခံစားလိုက်ရသည်။ စိတ်ထဲကလည်း မသိုးမသန့်ဖြစ်လာမိ၏။ မိန်းကလေးတို့ရဲ့ ဗီဇများလား။ မပုန်းရည် ဟိုဟိုသည်သည် လိုက်ကြည့်သည်။ ဘာမှ ထူးထူးခြားခြားမတွေ့။ လှုပ်ရှားမှုဆိုလို့ အိမ်ကလေးတွေဆီက ညနေခင်းစားဖို့မီးခိုးငွေ့တွေသာ ဝေ့တက်နေသည်။ မပုန်းရည်က မြောက်ဘက် ကြာမိသားအိမ်ဘက်ကို ဖျတ်ခနဲ လှည့်လိုက်သည်။

"အို..."

မျက်နှာ...။ ယောကျ်ားတစ်ယောက်၏ မျက်နှာပြားပြားကြီး။ မျက်လုံးတွေက မပုန်းရည်ကို ဘယ်အချိန်ကတည်းက စူးစူးကြီး စိုက်ကြည့်နေမှန်းမသိ။ မပုန်းရည်နှင့် မျက်လုံးချင်းဆိုင်မိသည်နှင့် မျက်နှာကြီးက ရှိခနဲ ပျောက်သွားလေသည်။ နည်းနည်းလေး ထိတ်သွားသလိုလိုရှိသော်လည်း မပုန်းရည်မှာ ကြောက်စိတ်တော့



ချို။ သို့သော် ရွာက ရွာစိမ်း...။ နေရာက နေရာစိမ်း...။ ပြီးတော့ အိမ်ကြီးပေါ်မှာ မပုန်းရည် တစ်ယောက်တည်း။ မပုန်းရည်အတွက် ချိတ်ထားပေးသော လက်ဆွဲမှန်အိမ်ကို ထွန်းဖို့ စဉ်းစားမိသော်လည်း မီးခြစ်က မရှိပြန်။

ထိုစဉ်မှာပင် ပုစဉ်းရင်ကွဲတွေ ရင်ကွဲအောင် အော်ကြလေသည်။ မပုန်းရည်က တခြားပြတင်းပေါက်တစ်ပေါက်ဘက် ရွှေ့ကာ ကိုယ်ရောင်ဖျောက်ကြည့်သော်လည်း မျက်နှာပြားပြားကြီးကို နောက်ထပ် မမြင်ရတော့။

✦

www.burmeseclassic.com

www.burmeseclassic.com

(၂)

ကျောင်းစ,ဝင်ရမည့် မနက်ဆိုတော့ မပုန်းရည် စောစောကလေး ထ,ရသည်။ ကိုယ်က မနက်စောစောဆိုတာတောင် ညက မပုန်းရည်နှင့် လာအိပ်ပေးကြသူ မမလေး (ကြော့ဥ) တို့ မရှိကြတော့။ တောသူတောင်သားတွေဆိုတော့ နေရောင်ကလေး ရှိပြီဆိုလျှင်ပင် အလုပ်တွေက တန်းစီနေကြတာမဟုတ်လား။ ညကတော့ မပုန်းရည် 'ပို့ထမင်း ပို့ဟင်း' စားခဲ့ရသည်။ မမလေးက သစ်သားဗျပ်ကြီးထဲမှာ ကြွေရည်သုတ် ထမင်းအုပ်တစ်အုပ်၊ ဟင်းနှစ်ခွက်ထည့်ပြီး ခေါင်းပေါ်ရွက်လာခဲ့ခြင်းဖြစ်၏။ ဟင်းက လယ်ငါးခူချက်နှင့် ပဲသီးကြော်။ ငရုတ်သီးကြော်လို၊ မြေပဲကြော်လို၊ ငါးပိထောင်းကလေးလို၊ မုန်လာချဉ်ကလေးလို အချဉ်၊ အငန်၊ အစပ်ကလေးတွေကိုတော့ အိုးပုတ်သသာ စဉ့်ခွက်ကလေးများဖြင့် ထည့်လာခြင်းဖြစ်၏။ ဒန်ရေနွေးကရားနှုတ်သီးမှာ တိုင်းခွက်ကလေးတစ်ခွက် ချိတ်လျက် ဆွဲလာတာက တစ်ဖက်။

"မီးခြစ်ပုံး မေ့သွားလို့...ဆရာမ အမှောင်ကြီးထဲ နေရတော့မှာဆိုပြီး အားနာနေတာ...နေပါဦး...ကျွန်မ မီးအိမ်ထွန်းပါဦးမယ်"

မမလေးက သူ့အရပ်ကြီးနှင့် တန်းက မှန်အိမ်ကို လှမ်းဖြုတ်သည်။ ပြောင်းကလေးကို လှဲကာ မီးစာမှာ မီးညှိသည်။ မီးတောက်ကလေး တောက်လာတော့ ပြောင်းကို ပြန်စွပ်။ တန်းမှာ ပြန်ချိတ်။ အခန်းထဲမှာ အလင်းရောင်ကလေး ပြန့်သွားခဲ့ပြီ။ မမလေးပြောသလို အမှောင်ထဲမှာ ခဏတော့ နေခဲ့ရတာရှိပါ၏။ သို့သော် ဒါကိုလည်း အတွေ့အကြုံတစ်မျိုးလို့ မပုန်းရည် ခံယူလိုက်သည်။ အမှောင်ထဲမှာ လှဲရင်း တောင်တွေး မြောက်တွေးပင် တွေးခွင့်ရသည် မဟုတ်လား။



"ကျွန်မက မီးခြစ်တော့ မမလေးတို့အိမ်ဘက် ဆင်းယူဦးမလို့ပါပဲ... အမှောင်ထဲ နေကြည့်ချင်သေးတာနဲ့ သည်လိုနေလိုက်တာ"

အမှောင်ထဲ နေကြည့်ချင်လို့ ဆိုတာကို မမလေးက အထူးအဆန်းလို ကြည့်သည်။ ဘယ့်နှယ်ဟာပါလိမ့် ဆိုသည့်ပုံ။ လယ်ငါးခူချက်ကလည်း ကောင်းလှပါ၏။ မပုန်းရည်ပင် ထမင်းတော်တော်စားဖြစ်သည်။ မမလေးတို့မိသားစုကို ကျေးဇူးတင်မိရပါသည်။ နောက်ရက်တွေမှာတော့ မပုန်းရည်ကိုယ်တိုင် အိမ်အောက်ထပ်မှာ ချက်စားမည့်အကြောင်း ထပ်တောင်းပန်ရသည်။ မပုန်းရည်အတွက် သူတို့ခမျာ ဝန်[illegible]စေချင်တာ ပါပါသည်။ ကိုယ့်အိမ်ကို ငါးပိနဲ့စားစား၊ ပဲနဲ့စားစား။ ဧည့်သည်နဲ့တော့ ဟင်းအမယ်ရှာရတာ မဟုတ်လား။

ဘိုးကြီး ဘွားကြီးဆိုသူ လူကြီးမိဘများကိုရော ကြာမိသားစုကိုပါ တစ်ရက်တော့ သွားတွေ့ကာ နှုတ်ဆက်ဖို့ စဉ်းစားထားခဲ့သည်။ ထမင်းစားပြီးတော့ မမလေးက သစ်သားဗျပ်ကြီးကို ပြန်ရွက်သွားပြန်သည်။ မမလေးခမျာ ခြေတစ်ဖက် မသန်ရှာတော့ အိမ်အပေါ်ထပ် အောက်ထပ် ဆင်းရတက်ရတာကို မပုန်းရည် အားနာမိရပါ၏။ [illegible] ပြန်လာတော့ ခေါင်းအုံးတွေ၊ စောင်တွေ ပါလာခဲ့သည်။ မမလေး၏ တူမကလေးတွေက ရွက်လာကြခြင်းဖြစ်၏။ ခြင်ထောင်တော့ မပါ။ နတ်ရေကန်က ခြင်မကိုက်ဘူး ဆရာမရဲ့လို့ပင် အာမခံလိုက်သေးသည်။ မပုန်းရည်ကတော့ ကိုယ့်အိပ်ရာ[illegible]နှင့်ကိုယ်ဆိုတော့ သည်စောင်တွေ၊ ခေါင်းအုံးတွေက ညလာအိပ်ကြမည့်သူများ အတွက် ဖြစ်မည်။ တွေ့စမို့ထင်ပါရဲ့ မမလေးက မပုန်းရည် မေးသလောက်သာ ဖြေသည်။ စကားမပြောချင်တာတော့ ဟုတ်ဟန်မတူပါ။ တရင်းတနှီးပြောရမည့်သူ ထက် လေးစားရမည့်သူလို့ သဘောထားပုံရပါ၏။ မပုန်းရည်ကတော့ သူ့ထက် ကြီးသူမို့ မမလေး ခေါ်ရတာ ပိုပြီး အဆင်ပြေသည်။

"မမလေး နာမည်က မကြော့ဥ နော်..."

"ဟုတ်တယ်"

"အပျိုကြီးဆို"

"ဟုတ်တယ်"

"မမလေးလို့ ဘာလို့ခေါ်ကြတာလဲ"

"မိန်းကလေးမို့လို့"

ဟုတ်တော့ဟုတ်သား။ မိန်းကလေးဆိုတော့ မမလေးပေါ့။ ယောကျ်ားသား ကလေးတို့တွေ မောင်တွေကြား တစ်ယောက်တည်း မိန်းကလေးဆိုတော့ ချစ်စနိုး ခေါ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြပုံပေါ်ပါ၏။ အသက်ကတော့ လေးဆယ်လောက်ရှိပုံရသည်။ မပုန်းရည်က အသက်တော့ မေးမကြည့်ပါ။ ရွာအကြောင်း၊ ရပ်အကြောင်း၊ ပွဲတော်တွေအကြောင်း မေးတော့လည်း တိုတိုတောင်းတောင်းသာ ဖြေသည်။ နေပါဦး…။ မမလေး ဘာကို စိတ်ဝင်စားပါလိမ့်။ မပုန်းရည်က မမလေး နှုတ်သွက်လျှာသွက်လောက်သည့် အကြောင်းအရာကို စဉ်းစားသည်။

"ဗီဒီယိုတွေ ဘာတွေကော မကြည့်ဘူးလား…"

"ကြည့်တယ်…နတ်ရေကန်မှာ မရှိပါဘူး…ဟိုဘက် လွန်တောင်း သွား ကြည့်ရတာပါ…ဝေးတယ်"

"ဝေးလည်း တစ်ခါတလေသွားကြတာပေါ့ မမလေးရယ်…လိုက်ပို့နော်"

"ပို့မယ်…"

"နေဦး…မမလေးက ဘယ်မင်းသား မင်းသမီးကို ကြိုက်တာလဲ…"

"ဘယ်သူ့ရယ် မဟုတ်ပါဘူး…ပြတာ ကြည့်လိုက်တာပဲ…"

"တစ်ယောက်တော့ ရှိရမှာပေါ့…"

"သီဟတင်စိုး…"

မပုန်းရည်က သည်အကြောင်းအရာမှာလည်း မမလေး စိတ်ဝင်စားပုံ မပေါ် လို့သာ တွေးရတော့သည်။ ဘာပဲဖြစ်ဖြစ် မပုန်းရည်အတွက်ကတော့ လုံခြုံမှုရသည်။ ထားပြောဖော်ရသည်။ အောက်ဘက် ဆင်းချင်တော့လည်း အဖော်ခေါ်နိုင်သည်။ မပုန်းရည်က ဟင်းထမင်းကျတော့ မမလေးချက်တာလား မေးတော့ ခုတလောတော့ ကျွန်မချက်တယ်ဟု ဆိုသည်။ လယ်စိုက်ချိန်ကျတော့ ဘွားကြီးလည်း ချက်သည်။ လေးလေးလည်းချက်သည်ဟု ဆိုပါ၏။ လေးလေးဆိုတာ ဘယ်သူပါလိမ့်။ မမလေး၏ ဘူတလေးတွေကတော့ ခပ်လှမ်းလှမ်းမှာ ထိုင်ရင်း မပုန်းရည်ကို အကဲခတ်နေကြ သည်။ ဘယ်ဟာ ကြာဖြူ၊ ဘယ်ဟာ ကြာနီရယ်လို့ မသိသော်လည်း မပုန်းရည်၏ ဘဝည့်လေးတွေဆိုတာကတော့ သေချာသည်။

ထိုညက ဘုရားရှိခိုး အမျှဝေပြီး မပုန်းရည် အခန်းကလေးထဲ ဝင်အိပ်သည်။ မမလေးတို့တစ်တွေကတော့ အပြင်ခန်းမှာပဲ အတန်းလိုက်ကြီး ပြားအိပ်ကြသည်။ မပုန်းရည်အတွက် အခန်းကလေး သပ်သပ်ခတ်ခတ်ရှိလေတော့ အဆင်ပြေလှပါ၏။

သည်မနက် မပုန်းရည် စောစောနိုးခဲ့ပါ၏။ ကျောင်းသွားဖို့ ပြင်ရပြီ။ အောက်မှာ ရေဆင်းချိုးဖို့ တဘက်ကလေး ပခုံးတင်ရင်း ဆပ်ပြာ၊ သွားတိုက်ဆေးခွက် ကိုင်ကာ ဆင်းလာခဲ့သည်။ ထရံကလေးကာကာ ရေချိုးခြံကလေး လုပ်ပေးထားလို့



…လမ်းလာတွေက မမြင်နိုင်ပါ။ ရေက အေးစက် ထုံကျင်နေသည်။ မမလေးက …ရေချိုးတာ ပိုနွေးတယ်ဆိုလို့ နောက်ရက်တော့ တွင်းရေချိုးဖို့ စဉ်းစားထားသည်။ …ရေလဲ၊ ရာသီပြောင်း ရာသီလဲ တစ်ပါးရွာမှာ ဖျားနာနေလို့မဖြစ်။ နေပါဦး…။ …လူတွေ နေမကောင်းထိုင်မသာ ဖြစ်တော့ကော ဘယ်လိုကုကြပါလိမ့်။ ဒါလည်း …ရမည်။

ကျောင်းစိမ်းထဘီနှင့် အင်္ကျီအဖြူကို သပ်သပ်ရပ်ရပ်ဝတ်ကာ သနပ်ခါးကို …လေးလိမ်း၊ ခရာဝါကလေးတစ်ပွင့် စည်းရိုးခြေက ခူးကာ ပန်ထားခဲ့ပါ၏။ …လှသော ဆံပင်နက်မှောင်မှောင်မှာ ဝင်းဝါဝါ ခရာပွင့်ကားကားကလေး …လှသည်။ မပုန်းရည် အခန်းတံခါးကလေး သော့ခတ်ကာ ကျောင်းလက်ဆွဲ …လေး ဆွဲကာ အိမ်ပေါ်က ဆင်းလာခဲ့သည်။ အိမ်ကြီးက သော့ခတ်စရာ …ပါ။ လှေကားဖုံး ပျဉ်ချပ်ကြီးကိုလည်း မပုန်းရည် မပိတ်နိုင်တော့ သည်အတိုင်း …ခဲ့ရသည်။ နာရီကြည့်တော့ မနက်ရှစ်နာရီ ထိုးပြီးစပဲ ရှိပါသေးသည်။ ကျောင်းမှာ …နေမလား။ စောစောကလေးသွားတာလည်း တစ်မျိုးကောင်းသည်။ ကျောင်း …တျင်ကို ကြည့်ချင်သည်။ ကျောင်းခေါ်ကြိမ် မှတ်တမ်းတွေ ကြည့်ရဦးမည်။ …ကြီးကတော့ ရောက်ဦးမှာမဟုတ်သေး။ ဆရာမ ဒေါ်မြင့်မြင့်စိန်ကလည်း ကလေး …ဆောင်းနှင့်ပဲလား၊ ချက်တုန်း ပြုတ်တုန်းပဲလား မပြောတတ်နိုင်။

မပုန်းရည် သိရသလောက်တော့ သူငယ်တန်းနှင့် တတိယတန်းကို ဆရာမ …မြင့်မြင့်စိန် သင်သည်။ ပထမတန်းနှင့် ဒုတိယတန်းက အထွေထွေလုပ်သား …တက်လူက သင်သည်။ စတုတ္ထတန်းမှာ ကျောင်းသားရယ်လို့ မရှိသေးတာ …သည်း မပုန်းရည် နားမလည်နိုင်ပါ။ မနေ့တုန်းကတော့ ဆရာကြီးက ကျောင်းသား …ကျော် စာရင်းရှိသည် ဆိုပါ၏။ ကျောင်းသား လေး၊ ငါး၊ ခြောက်ဆယ် …တော့ ကျောင်းတက်ကြသတဲ့။ ဘယ်နှယောက် ကျောင်းကို ရောက်ကြသလဲ။ …ယောက် စာတတ်ကြသလဲဆိုတာကတော့ အရေးကြီးသည်။

စာသင်ကျောင်းကလေးကို မပုန်းရည်ရောက်တော့ ကျောင်းသားတစ်ယောက်မျှ …ကြသေးပါ။ မပုန်းရည်လည်း ဆရာတော်ကို ကန်တော့ချင်လို့ ကပ်လျက် …ကြီးကျောင်းပေါ် တက်လာခဲ့သည်။ ဆရာတော်ကျောင်းက အောက်ထပ်တစ်ခုလုံး …အခုံရယ်လို့ မရှိဘဲ ကျွန်းတိုင်လုံးကြီးတွေကိုသာ အတိုင်းသား မြင်နေရပါ၏။ …ကျောင်းပေါ်တက်သည့် လှေကားကြီးကတော့ အတက်နှင့်အဆင်း နှစ်ခင်းပြိုင်ကြီး …သည်။ မပုန်းရည် ကျောင်းပေါ်တက်သွားတော့ ဆရာတော်က သတင်းစာတို …ပြီး ဒူးနှစ်လုံးထောင်ကာ မှန်ဘီလူးတစ်လက်ဖြင့် သတင်းစာကို ဖတ်နေခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ မပုန်းရည် တက်လာတာကိုလည်း သတိထားမိပုံမရ။ ဝတ်ဖြည့်တော့မှ မှန်ဘီလူးကို ရှုတ်လေသည်။

"အာ…ကျောင်းဆရာမ…ဘယ့်နှယ့် နေရထိုင်ရတာ အဆင်ပြေရဲ့လား…"

"တင်ပါ့ဘုရား…မမလေးတို့ ဘွဲ့ဝရီးတစ်တွေလည်း လာအိပ်ကြပါတယ် ဘုရား…"

"အာ…မကြောက်နဲ့…နတ်ရေကန်မှာ ဘာမှမရှိဘူး…ကြားလား…"

"တင်ပါ့ဘုရား…"

ဆရာတော်က သူ့လက်ကိုင် မှန်ဘီလူးကို သတင်းစာပေါ် ချထားသဖြင့် ဆရာတော့်မှာ မျက်မှန်မရှိရော့လား တွေးမိရပြန်ပါ၏။ ဆရာတော်ကလည်း ရိပ်မိပုံရသည်။ မျက်မှန်, မှန်ပြုတ်သွားလို့ သိမ်းထားရကြောင်း၊ မတ္တရာကို ပြင်ခိုင်းဖို့ မပေးရသေးကြောင်းတွေ မိန့်နေသည်။ လောလောဆယ် မှန်ဘီလူးနှင့် ဖတ်ရတာ ပို့အားရသည်ဆို၏။ မှန်ဘီလူးကို စာလုံးတွေနောက် လိုက်ရွှေ့ရင်း ဖတ်နေရပုံ ပေါ်ပါသည်။

"ကျောင်းဆရာမ…မှန်မှာတောင် ဘီလူးရှိတယ်…ကိုင်း မထူးဆန်းဘူး လား"

"ထူးဆန်းပါ့ဘုရား…"

"နှမ်းစေ့လောက် အက္ခရာကလေးတွေကို ကြက်ဥလောက် လုပ်ပစ်တာ ဘာမှတ်လို့တုံး…မျက်လုံးကတောင် မနည်းလက်ခံရတာဗျနော…တကယ် ကျတော့ ဟုတ်သလား…မဟုတ်ဘူးလေဗျနော…ယုံမှားတာ ဝိစိကိစ္ဆာ ခေါ်တယ်…ဟုတ်ကဲ့လား"

"တင်ပါ့ဘုရား…"

"နေ့လယ် ကျောင်းထမင်းစားချိန် သည်လာစား…ကြားလား…"

"တင်ပါ့ဘုရား…"

မပုန်းရည်က ဝတ်ဖြည့်ကာ ပြန်ဆင်းလာခဲ့သည်။ ရိုးရိုးနှင့် ရှင်းရှင်းသာ ဆရာတော် သုံးမလိုက်သည့် 'ဝိစိကိစ္ဆာ' ဆိုသည့် စကားကို မပုန်းရည် အမှတ်ထင်ထင် ရှိလာခဲ့သည်။ ယုံမှားခြင်း…။ တစ်ဦးကိုတစ်ဦး ကြည်လင်ခြင်းမရှိဘဲ ယုံမှားခြင်းတွေသာ ရှိနေကြလျှင် မကောင်းနိုင်ပါလားလို့လည်း တွေးမိပါ၏။ ဟုတ်ယောင်ဖြစ်မှု ဝိုးဝါး ထင်ယောင်ဖြစ်မှု…။



ကျောင်းရောက်တော့ ဆရာမ ဒေါ်မြင့်မြင့်စိန် ရောက်နှင့်ပြီ။ မီးပူထိုးမထား …လည်း ကျောင်းစိမ်းထဘီနှင့် အင်္ကျီဖြူကို သပ်သပ်ရပ်ရပ်ကလေး ဝတ်ထား …ဖြင့် မပုန်းရည် ဝမ်းသာရပါ၏။ ခါတိုင်းတော့လည်း ကိုယ့်ရွာနှင့် ကိုယ့်ကျောင်း …တော့ ကျောင်းစိမ်းမဝတ်ဖြစ်တာ များတယ်လို့ ပြောဖူးတာ မဟုတ်လား။ ကျောင်း …မ ဆိုမှတော့ ကျောင်းစိမ်းဝတ်စုံကလေးနှင့်မှ ကျက်သရေရှိသည် ထင်မိပါ၏။ …မြင့်မြင့်စိန်က ကျောင်းသော့ကို ဖွင့်ပေးလိုက်တော့ ကျောင်းသားတွေက ပြတင်း …တွေ လိုက်ဖွင့်ကြသည်။ ကျောင်းသန့်ရှင်းရေး ဝင်ကြသည်။ ကျောင်းအဖြင့် …သာ သောက်ရေအိုးစင်ကလေးကို မပုန်းရည် လိုက်ကြည့်သည်။ ရေညှိတက်သည့် …တက်နေပြီ။ ထုံးသုတ်ထားသည့်အိုးက ထုံးဝါတွေ စွဲနေပြီ။ ရေမရှိသည့်အိုးက …ရှိသည့်အိုးမှာလည်း ရေခွက်မမြင်။

"ကျွန်မ အိုးခြောက်လုံးလောက် ဝယ်ချင်တယ် မမစိန်ရယ်…သည်ကုသိုလ် ကလေး ကျွန်မ ယူပါရစေ…နောက်…ပလတ်စတစ်ခွက် ခြောက်လုံးလည်း လိုချင်တယ်… ရောင်စုံလိုချင်တာ…ကလေးတွေကို အရောင်သင်တော့ လည်း သင်ထောက်ကူ ဖြစ်တာပေါ့…"

"မပုန်းရည်ရယ်…မူကြိုကလေးတွေမှ မဟုတ်တာ…ဝါစိမ်းနီပြာရယ်လို့ အရောင်တွေတော့ သိကြပါပြီ"

"မမစိန်က အတွေ့အကြုံကြီးလို့ ပိုသိမှာပေါ့…တချို့ကလေးတွေက ခုသိ ကြဘူး မမစိန်ရဲ့…နောက်တစ်ခုက အရောင်နဲ့ အတန်းခွဲထားတော့ ဘယ်အတန်းက ပျောက်တယ်ဆိုတာ သိရတာပေါ့…"

"အိုးက လွယ်ပါတယ် မပုန်းရည်ရယ်…တစ်အိုးကို သုံးရာလောက် ပေးရ တာနော်…ခွက်နဲ့ဆို နှစ်ထောင်လောက်ကျမယ်ထင်တယ်…"

"ကျွန်မပေးပါ့မယ်…မမစိန်ကသာ ကျောင်းရောက်အောင် စီစဉ်ပေးဝါရှင်"

ဆရာ၊ ဆရာမများအတွက်ပင် သောက်ရေအိုးကောင်းကောင်း မရှိတာ …လဲလှယ်လိုက်ချင်တာ ပါပါသည်။ မောင်တက်လူ ရောက်လာတော့ သူ့ကို …မြင့်မြင့်စိန်က တာဝန်ပေးသည်။ မပုန်းရည်က ရောင်စုံမြေဖြူတစ်ဘူးဖိုးပါ သည့် …ထိုက်သည်။ ဆရာလေး မောင်တက်လူက နေ့လယ်ရထားနှင့် မြို့ရာဘက် …ယ်မည်ဆို၏။ ကျောင်းသားတွေက တဖြုတ်ဖြုတ်ရောက်လာကြပြီ။ သည်ကနေ့ …ကျောင်းသားတွေ မနည်းလှပါလား။ ဆရာမ ဒေါ်မြင့်မြင့်စိန်ပင် အံ့သြနေလေပြီ။ …ကျောင်းကို ဆရာမအသစ် ရောက်လာပြီဆိုတော့ ကျောင်းအာရုံကလေး ဝင်လာကြ

www.burmeseclassic.com

www.burmeseclassic.com



တာလည်း ဖြစ်နိုင်သည်။ မပုန်းရည်ကို ကြည့်ချင်ကြတာလည်း ဖြစ်မည်။ ဘာပဲဖြစ်ဖြစ် မပုန်းရည်ကတော့ ဝမ်းသာသည်။ ရောက်လာသည့် ကျောင်းသားကို လောလောဆယ်တော့ အာရုံတစ်ခုခုဖြင့် တုတ်နှောင်ထားဖို့ပါ စဉ်းစားထားရပါ၏။

ဘုန်းကြီးကျောင်းက ကြေးမောင်းထိုးသံ ကိုးချက်ကြားတော့ မောင်တက်လှက လက်ကိုင်ကလိုင် ထခေါက်လေ၏။ မပုန်းရည် သတိထားမိသလောက် ဆရာတော့်ကျောင်းက ကြေးမောင်းကို တစ်နာရီတစ်ကြိမ် ထိုးလေ့ရှိခြင်းပင်။ သည်ကြေးမောင်းထိုးသံသည်ပင် နတ်ရေကန်ရွာအတွက် ကြက်သံကို ဗဟိုရ်ပြုရသလို ကြေးမောင်းသံကို ဗဟိုရ်ပြုရပုံပေါ်ပါ၏။

□

မပုန်းရည်က ကျောင်းသားဦးရေများသော ပထမတန်းနှင့် ဒုတိယတန်းကို တာဝန်ယူရသည်ဖြစ်ရာ ဒုတိယတန်းကို အရင်ဝင်လိုက်သည်။ ကျောင်းသားကျောင်းသူ နှစ်ဆယ်လောက် ကျောင်းတက်ကြပါ၏။ ကျောင်းခေါ်ချိန်စာအုပ်ကို မပုန်းရည် ဖွင့်လိုက်သည်။ အမည်နှင့် ကလေးကို တွဲမှတ်ရမှာဆိုတော့ ကလေးတစ်ယောက်ချင်းကို မပုန်းရည် ကြည့်မိပါ၏။ မပုန်းရည်က စာအုပ်ကို ပြန်ပိတ်လိုက်ပြီး လက်ကလေးတွေ ပိုက်ထားကြသော ကလေးတွေကို ဝေ့ကြည့်လိုက်သည်။ တချို့က ကျောင်းဝတ်စုံ ဝတ်မလာကြ။ တချို့မှာ ဟောင်းနွမ်းနေကြပြီ။ တချို့က ကလေးကြီးတွေအကျႌ ဖိုးရိုးဖားရား။ သေချာတာကတော့ မနက် အိပ်ရာထကတည်းက အဆာပြေကလေး စားပြီး ထပြေးလာကြသူကလေးတွေချည်း။

ကလေးတွေကလည်း မပုန်းရည်ကို စူးစမ်းနေကြပုံပေါ်ပါ၏။ အသစ်ရောက်လာသည့် ဆရာမက ဘယ်လိုဆရာမလဲ။ ဆူဆူပေါက်ပေါက်ထဲကလား။ တုတ်တံဖျာ ကြိမ်တံဖျာထဲကလား။ နားရွက်လိမ် ဗိုက်ခေါက်ဆွဲထဲကလား။ ထိုင်ထ ဆယ်ခါ ဆိုတာမျိုးလား။

"မင်္ဂလာပါ ကလေးတို့..."

"မင်္ဂလာပါ ဆရာမ..."

ကျောင်းပွင့်သွားအောင် အော်လိုက်သံကြောင့် မပုန်းရည်က တုန်သွားသလိုလို အမူအရာလုပ်ပြလိုက်တော့ ကလေးတွေက ရယ်ကြသည်။ တချို့က အူတက်အောင် ရယ်ရသောဟာသကို တွေ့လိုက်သလိုပင် ရယ်နေကြတာကိုကြည့်ရင်း သူ့အမူအရာ ထိရောက်သွားခဲ့ပြီလို့ မပုန်းရည် တွက်လိုက်မိပါ၏။ ပထမ သူ့ကိုယ်သူ မိတ်ဆက်ရမည်။ ပြီးမှ ကလေးတွေကို Roll Call ခေါ်ရမည်။



"ဆရာမနာမည် ဘယ်သူသိသလဲကွ...ကဲ...ဆရာမ တစ်နေ့က ရောက်တာဆိုတော့ ရွာထဲမှာ ကြားတော့ကြားကြမှာပေါ့..."

ကလေးတွေ တစ်ယောက်ကိုတစ်ယောက် ကြည့်ကြရင်း ပြုံးနေကြသည်။ [illegible]တင်ပါ ဆိုသည့်မျက်နှာတွေ။ အထူးသဖြင့် ကြာမီသားစုထဲက တစ်ယောက် [illegible]တော့ သိရမှာပေါ့။ တစ်ယောက်ဆီကမှတော့ အဖြေမရ။ မပုန်းရည်က [illegible]ကြည့်ပြီး ဆိုသည့်သဘောဖြင့် ကလေးတွေရှေ့မှာ လမ်းလျှောက်နေလိုက်သည်။ [illegible]တွေက ဥာဏ်စမ်းပဟေဠိ ကစားနေကြရသလို ပျော်နေကြသည်။ တစ်ယောက် [illegible] အသံထွက်လာ၏။

"ဒေါ်ပုန်းမကြည်..."

"ဝါး..."

ပုန်းမကြည်နတ် လယ်တင်ကြသည့် ရွာတွေဆိုတော့ ကလေးတွေက [illegible]ကြည် ဆိုတာကို ရယ်ကြခြင်းဖြစ်သည်။ မပုန်းရည်က မျက်လုံးပြူးပြပြန်တော့ [illegible]ပြန်၏။ မပုန်းရည်က ခေါင်းခါတော့ စဉ်းစားကြပြန်သည်။ သဲလွန်စ,ကလေး [illegible]တော့ မပုန်းရည် ပေးလိုက်သည်။

"ပုန်းမကြည်ထဲက ပုန်းတစ်လုံးတော့ မှန်တယ်...ပုန်းမကြည်တော့ မဟုတ်ဘူး..."

"ဒေါ်ပုန်းညက်..."

သည်တစ်ခါတော့ မရယ်ကြ။ ဟုတ်များနေမလားဆိုသည့် မျက်နှာကလေး [illegible] မပုန်းရည်ကို ငေးနေကြသည်။ မှားလေသလား၊ မှန်လေသလား။ မပုန်းရည်က [illegible]ခါပြန်တော့မှ တစ်ယောက်တစ်ပေါက် တဖျောက်ဖျောက်ရယ်ကြလေသည်။ [illegible]တွေက စာသင်ရတာမျိုးမဟုတ်ဘဲ အတန်းထဲမှာ ပေါ့ပေါ့ပါးပါးနေရတာကို [illegible]တွေ့နေကြပုံပေါ်ပါ၏။ သည့်နောက်မှာတော့ အတန်းက ကြွက်စီကြွက်စီ [illegible]တော့သည်။ မပုန်းရည်က ပန်းပေးပြီလားဆိုတော့လည်း "မပေးပါဘူး" လို့ [illegible]အော်ကြသည်။ အတန်းရှေ့တည့်တည့်မှာ မပုန်းရည် ရပ်လိုက်သည်။

"ကိုင်းပါကွယ်...သားတို့ သမီးတို့ ဘယ်သိကြဦးမှာလဲ...ဆရာမ ရောက်တာမှ မကြာသေးတာ...မှတ်ထားကြနော် ဆရာမနာမည်က 'ဒေါ်ပုန်းရည်' တဲ့...ဘယ်သူတဲ့လဲ..."

"ဒေါ်ပုန်းရည်"

www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေက တဝါးဝါး။ ဒေါ်ပုန်းမကြည်တဲ့၊ ဒေါ်ပုန်းညက်တဲ့ ဆိုကာ အမှားပြောခဲ့ကြတာကို သဘောတွေ့နေကြသည်။ မပုန်းရည်က ကျောင်းခေါ်ကြိမ် စာအုပ်ကို လှန်သည်။ သည်တစ်ခါတော့ ကလေးတွေကို မပုန်းရည် ကြည့်ရတော့မည်။ သူတို့လွယ်အိတ်ထဲမှာ စာအုပ်တွေကော ပါကြရဲ့လား။ ကျောင်းစာအုပ်တွေက တစ်နှစ်ပတ်လုံး ကျောင်းလွယ်အိတ်ထဲမှာပဲ အောင်းနေကြရော့လား။ အိမ်ရောက်တာနှင့် တိုင်က သံ့ငုတ်ကို ချိတ်လိုက်ကြ၊ မနက် ကျောင်းတက်တော့ ဖြုတ်လာလိုက်ကြများလား။

"မောင်မြင့်ဆော်"

"ဗျာ..."

ကလေးတစ်ယောက်။ ဆံပင်မညှပ်တာ ကြာပြီထင်၏။ နားသယ်ပေါ်မှာ အရှုန်လိုက် ထူထူကြီးကျနေသူကလေး။ ခေါင်းပေါ်က ဆံပင်တွေ အပေါ်ထောင်လျက်။ နားသယ်စပ်ပတ်လည်က ဆံပင်တွေက ဘေးကို ကားလျက်။ မျက်နှာက မချိုမချဉ်။ နှုတ်ခမ်းထူပြားပြားကြီးတွေက တလှုပ်လှုပ်။ ဟုတ်ပြီ။ ဒါ မောင်မြင့်ဆော်။ နောက်တစ်ယောက် ခေါ်လိုက်သည်။ ထူးပုံဖြေပုံကိုတော့ အားလုံးပြီးမှ သင်ပေးရမည်။

"မောင်ကတိုး..."

"ကတိုး...မလာတော့တာ ကြာပြီ..."

"ဘယ်လိုမလာတော့တာလဲ...ရွာမှာတော့ ရှိတယ်မဟုတ်လား..."

"မနေ့ကတော့ တွေ့တယ်...ပုစွန်လုံး လိုက်နှိုက်နေတာ ဆရာမ"

"ကတိုးကိုတွေ့ရင် ပြောလိုက်ကြနော်...ဆရာမက ပုစွန်လုံး စားချင်လို့ လာပေးဦးလို့..."

"ဟုတ်ကဲ့ဗျ..."

ပုစွန်လုံး စားချင်လို့ဆိုသည့် ဆရာမကို ကလေးတွေက ဝိုင်းကြည့်နေကြသည်။ မြို့က ဆရာမတွေ ပုစွန်လုံးစားလို့လား။ ပုစွန်လုံးလောက်များတော့ ဆရာမရယ် ကတိုးတို့ ရှာနေစရာမလိုပါဘူးဆိုသည့် မျက်နှာတွေ။ မပုန်းရည် သူတို့မျက်နှာကလေးတွေကို လိုက်ကြည့်တော့ အံ့ဩခြင်းနှင့် ဝေခွဲမရခြင်းတို့ ရောယှက်နေကြသည်။ မပုန်းရည်က ကတိုး ဆိုသူကလေး ရောက်လာလျှင် ကျောင်းတက်ရေးတရား ဟောချင်လို့ ပြောလိုက်ခြင်းဖြစ်ပါ၏။ ကလေးတွေက တကယ်ထင်ကြဟန်တူသည်။

"ကိုင်း...ကိုရွှေကတိုး မလာတာထားတော့...မောင်နားသီး"

"နသီး ဆရာမ...နသီးက ကျောင်းမှမနေတာ..."



"ကျောင်းမနေဘဲ..."

ဆရာမ ဒေါ်မြင့်မြင့်စိန်၏ စကားကို သတိရလိုက်တော့ မပုန်းရည် [...]ယက်စ စကားကို ရပ်လိုက်ရပါ၏။

"မောင်ပေါကြွယ်..."

"ပေါကြွယ်က လယ်ကွင်းထဲမှာနေတာ ဆရာမ...ဝေးတယ်...သူတို့က ဆင်းရဲတယ်..."

အလို...။ မောင်ပေါကြွယ်ဆိုသူကလေးက ဆင်းရဲလို့တဲ့လား။ ဖြေလိုက်[...] ကလေးက ချိုးချိုးနှိမ်နှိမ် ဖြေလိုက်တာတော့ မဟုတ်။ ဆင်းရဲရှာသူကလေး [...]တော့ ကျောင်းကိုလာဖို့ အခက်အခဲရှိတာကို ပြောလိုခြင်း ဖြစ်ပုံရပါ၏။ ဆင်းရဲ[...]ပဲ ထားပါဦး၊ ကျောင်းကိုတော့ လာရမှာပေါ့။ ကျောင်းဆိုတာ ဆင်းရဲသူ [...]ချမ်းသာသူမရှိ ဆိုတာမှ မဟုတ်ပဲ။ တစ်ရက်ရက်တော့ လယ်ကွင်းစွန်မှာ နေသူကလေးဆီ [...]ရည် ရောက်အောင်သွားရမည်။ ခုထိတော့ စာရင်းသာခေါ်ရတယ်၊ မျက်နှာ[...]တွေ မမြင်ရသူတွေ အများသား။

"ကဲ...မောင်ဩဘာက ဘယ်သူလဲ..."

"ကျွန်တော်..."

တော်ပါသေးရဲ့။ ဩဘာဆိုသူကလေးက လက်ပိုက်ရင်း မတ်တတ်ရပ်[...]။ ဆံပင်ဖုတ်သိုက်၊ မျက်လုံးစိုက်စိုက်။ မပုန်းရည်ကို ကြည့်တာတောင် လူက [...]။ မျက်လုံးကိုသာ လှန်ထားသူကလေး။ အင်္ကျီက ကြယ်သီးတွေပြုတ်လို့။ [...]ကြည့်တော့ ကြယ်သီးက တစ်လုံးမှမရှိ။ ပြီးတော့ အင်္ကျီက ရွှံ့ခြောက်တွေ [...]လိုက်ကပ်နေသည်။ တော်တော်တော့ ကဲပုံရပါ၏။ ဆရာမက မထိုင်နိုင်း[...]တော့ မထိုင်ပါ။ လက်ကလေးပိုက်ရင်း ကုတ်ကုန်းကလေးနှင့် ကြည့်နေသည်။ [...]တ်ကလေးပင် လန်လို့။

"မောင်ဩဘာ...နာမည် တယ်လှပါလား...လူကလည်း လှတယ်...ရေချိုး လိုက်ရင် ပိုလှပြီပေါ့...နောက်ကို ကျောင်းလာရင် ရေချိုး အဝတ်အစား လဲခဲ့နော်...အဝတ်အစား ကောင်းစရာ မလိုပါဘူး...သန့်ရှင်းဖို့တော့ လိုတယ်...ဟုတ်ပလား..."

"ဟုတ်ကဲ့..."

"ဟော...သည်မှာဟော့...မောင်ဩဘာထက်တောင် နာမည်လှသေးတယ် ...ဖိုးလမင်းတဲ့...ဘယ်သူများပါလိမ့်ကွယ်..."

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ရယ်..."

ကလေးတွေက ဝါးခနဲ ရယ်ကြတော့ ဖိုးလမင်းက ကလေးတွေကို ရှုးသိုးသိုး [illegible]ကြည့်သည်။ သူ ဘာမှားလို့လဲပေါ့။ မပုန်းရည်ပင် ရယ်ချင်သွားခဲ့ရသည်။ ဖိုးလမင်းက တတိယတန်းနှင့်မလိုက်အောင် လူလုံးကြီး ထွားလှသူကလေးဖြစ်သည်။ စာကိုလည်း ဟုတ်တိပတ်တိ သင်ချင်ပုံမရတာ သူ့မျက်နှာပေါ်မှာ ပေါ်နေသည်။ လည်ပင်းမှာ ချည်မန်းကွင်းက စွပ်ထားလိုက်သေးသည်။ အသားက ညိုသည့်ဘက်ကို ကျော်ကာ နေလောင်သည့်ဘက်ကို ရောက်နေသူကလေး။ အရွယ်နှင့်အတန်း မမျှတော့ ကျောင်းကို အာရုံထားချင်ပုံမရဘဲ ကျောင်းနှင့်ဝေးရာမှာ ပျော်ချင်သူကလေးများလား။ ဒါဆိုလျှင်တော့ ဖိုးလမင်းကိုလည်း စာသင်ခန်းထဲမှာ 'သာ'ခိုင်းရဦးမည်။ 'ကျုပ်ရယ်' ဆိုသည့် အသုံးကိုလည်း ပြင်ပေးရဦးမည်။ ဒါက ရွာမှာ သုံးနေကျဆိုတော့ ရိုင်းသည်လို့တော့ မဆိုသာ။ သို့သော် 'ကျွန်တော်' ဆိုတာလည်း သုံးတတ်ရမှာပေါ့။

"ယောသည်တစ်ယောက်က ငှက်ကလေးပါလား...မောင်ဂျိုး(ချိုး) တဲ့..."

"ငဂျိုးက သူ့အမေနဲ့ မတ္တရာဈေးလိုက်နေတာ ကြာပြီ ဆရာမ"

"မတ္တရာ...သူ့အမေက ဈေးသည်လား..."

"ဟုတ်တယ်ဆရာမ...ပေါ်ကုန်ရောင်းတာ..."

ပေါ်ကုန်...။ မပုန်းရည် မသိသေးသည့် ကုန်တစ်မျိုးလား။ သေချာအောင် မေးတော့မှ ရာသီအလိုက်ပေါ်သည့် သစ်သီးသစ်နှံကို ရောင်းတာကို ပြောကြောင်း ရှင်းတော့သည်။ မိခင်တစ်ယောက်တည်း မနိုင်တော့ သားမောင်ကျောင်းသား ခေါ်သွားထင်ပါ့။ ဒါဆိုရင်လည်း ပေါ်ကုန်သားအမိနှင့်တွေ့ကာ အကျိုးအကြောင်း မေးရဦးမည်။ သည်ကြားထဲမှာ ဆရာမကို ပြန်ထူးပုံ ပြန်ဖြေပုံတွေကိုလည်း သင်ပြရသည်။

"ဆရာမက နာမည်ခေါ်ရင် ဟုတ်ကဲ့ပါရှင့်...ဟုတ်ကဲ့ပါခင်ဗျလို့ ထူးမယ်နော်...ကျုပ်ရယ်လို့လည်း မပြောရဘူး...ကျွန်တော်ပါ ကျွန်မပါလို့ ပြန်ဖြေရတယ်...ကျောင်းခေါ်တဲ့အခါ 'ရှိပါတယ်ခင်ဗျ' 'လာပါတယ်ခင်ဗျ' လို့ ဖြေရမယ်...မိန်းကလေးတွေကျတော့ 'ရှိပါတယ်ရှင့်' 'လာပါတယ်ရှင့်ပေါ့' ဟုတ်ပြီနော်..."

ထားပါတော့လေ။ သည်လိုနှင့် ထမင်းစားချိန်ရောက်သည်အထိ ကလေးနာမည်တွေ တစ်ယောက်ချင်း မေးဖြစ်ခဲ့ပါ၏။ တတိယတန်းပြီးတော့ ပထမတန်း ဆက်ရသည်။ သည်ကနေ့တော့ စာမသင်ရသော်မှ သူကလေးတို့အကြောင်း သိခွင့်လျှင်ပင် နည်းရှေသလား။ သည်လိုနှင့် တစ်ယောက်ချင်းမေးနေတာကို သူကလေးတို့



[illegible]ည်း ပျော်ပုံရသည်။ မိန်းကလေးတွေကိုလည်း မေးဖြစ်ခဲ့ပါသည်။ တတိယတန်း[illegible]မှာ 'ကြာဖြူ' ဆိုသူကလေး ပါလာသည်။ ဆံရစ်ဝိုင်းကလေး မဖြတ်ရသေးသော [illegible]။ နားသံသီးကလေး တန်းလန်းက တလှုပ်လှုပ်။ မျက်ခုံးကလေးက မကုပ်[illegible]။ ပထမတန်းမှာတော့ ကြာနီနှင့် ကြာငုံတို့ကို တွေ့ရသည်။ ကြာနီက [illegible]တောင်စည်းကလေး ထောင်နေအောင် စည်းကာ သနပ်ခါးပိန်းကြမ်းရိုက်လို့။ [illegible]တော့ ရုပ်ဆိုးဆိုးကလေးနှင့် ချစ်စရာကောင်းလှသော ကလေးမလေး။ ဘုန်းကြီး[illegible]မှာ ကိုရင်ဝတ်နေသော နှစ်ပါးနှင့် ဘုန်းကြီးကျောင်းသား လေး,ငါးယောက် [illegible] ပါဝါ၏။

ထိုနေ့က ကလေးတွေကို ထိတွေ့ခွင့်ရခဲ့သည်။ ဆည်တော်ချောင်း အနောက် [illegible]ဘဲတဲရွာက ကလေးအုပ်စုတွေလည်း ပါသည်။ ကျောင်းကလေး ကုပ်ကုပ်ထဲမှာ [illegible]ချင်းဆက်နေတော့ မပုန်းရည် ပြောသမျှ ဆိုသမျှ အားလုံးကြားနေရပါ၏။ [illegible] ဒေါ်မြင့်မြင့်စိန်ကတော့ ဘာမှမပြောရှာပါ။ မပုန်းရည် ဘာကိုရည်ရွယ်ပြီး [illegible]ကြားနေသည်ဆိုတာကိုတော့ ဆရာမချင်းမို့ သိပုံရပါ၏။ နေ့လယ် ထမင်းစား[illegible]က ဆယ့်တစ်နာရီမှာ ဆင်းတော့ ဆရာမ ဒေါ်မြင့်မြင့်စိန်ပါ ဘုန်းကြီးကျောင်း[illegible]အဖက်ရအောင် ထမင်းလိုက်စားပေးပါသည်။ ပထမရက်ဆိုတော့ စားရ[illegible]ရတာ မဝ့ံမရဲရှိမှာ စိုးရှာ၍ဖြစ်သည်။

ဆရာတော်က ဆယ်နာရီခွဲမှာ ဆွမ်းစားသည်။ ပြီးလျှင် ကိုရင်ကလေးတွေ [illegible]သည်။ ကျောင်းသားတွေက မပုန်းရည်အတွက်လည်း ထမင်းတစ်ဝိုင်း သီးသန့် [illegible]ထားပါ၏။ မပုန်းရည်တို့ ထမင်းစားနေကြစဉ်မှာ ဆရာတော်က အချိုပွဲတည်း [illegible]တက်နေတော်မူလေသည်။ မပုန်းရည်တို့ စားသောက်ပြီးတော့ ဆရာတော်ကို [illegible]ကြသည်။ ဆရာတော်က ရေနွေးပွဲ စွန့်တော်မူလေ၏။

"ကျောင်းဆရာမ...ညနေ ဘယ်သူ့ထမင်းကျွေးမှာတဲ့တုံး..."

"တပည့်တော်မ ကိုယ့်ဟာကိုယ်ပဲ ချက်စားမလို့ပါဘုရား...မနေ့ညနေကတော့ မမလေးတို့အိမ်က ကျွေးပါတယ်ဘုရား..."

"ဘယ်သူကျွေးကျွေး စားရ ပြီးရောနော..."

ဆရာတော်စကားကြောင့် မပုန်းရည် ပြုံးမိရပါ၏။ ရွာက ဘယ်သူကပဲ [illegible]ကျွေး၊ စေတနာနဲ့ ကျွေးမွေးစောင့်ရှောက်ကြတာဖြစ်လို့ သည်စေတနာကို [illegible]သောအားဖြင့် စားသာစားလို့ မိန့်ကြားမှန်း မပုန်းရည်သိပါသည်။ ဆရာတော် [illegible]ဖြူလည်းဖြစ်ပြန်၊ ယောနယ်သားကလည်းဖြစ်ပြန်၊ [illegible]တော်အရလည်း

www.burmeseclassic.com

www.burmeseclassic.com



ခြောက်ဆယ်ကျော်ဆိုတော့ စကားကို လိုရင်းရောက်အောင်သာ ပြောတတ်ကြောင်း မပုန်းရည် နားလည်ပါ၏။ ဆရာတော် စွန့်သော ကျောင်းထမင်း၊ ကျောင်းဟင်း မပုန်းရည် စားရသည့်အတွက် ကျေးဇူးလည်း တင်ရသလို မပုန်းရည်သည်လည်း ဘုန်းကြီးကျောင်းသားတစ်ယောက်ဖြစ်ခဲ့ပြီ။ နောက်ရက်များမှာ အိမ်က စောစော ထွက်လာပြီး ကိုရင်၊ ကျောင်းသားများနှင့်အတူ ကျောင်းဝေယျာဝစ္စများ ပြုလုပ် ပေးပါရစေ ခွင့်တောင်းတော့ ဆရာတော်ကလည်း ခွင့်ပြုတော်မူပါ၏။

"ကိုရင်…ကိုရင်…ဆယ်နှစ်နာရီထိုးပြီ…မောင်းရိုက်ဦးဟဲ့…"

ကိုရင်လေးတွေက ဝတ်ခွက်များ ဆေးကြော သိမ်းဆည်းနေသောကြောင့် မပုန်းရည်ကပဲ တင်းပုတ်ကို ဆွဲကာ မောင်းရိုက်ဖို့ ပြင်လိုက်သည်။

"ကျောင်းဆရာမ…ကြေးမောင်းအထက်က ကြိုးကိုကိုင်…ကြေးမောင်း အဖျားကို နာနာရိုက်…အသံကျယ်ကျယ်ရိုက်မှ လယ်ထဲက ကြားရမှာ… သည်ကြေးမောင်းသံ ကြားမှ လယ်ထဲကဟာတွေ ထမင်းစား နားကြရတာ ဗျနော…"

မပုန်းရည်က ကြေးမောင်းကို တစ်ချက်ချင်းရိုက်ရင်းက လယ်ထဲက လယ်သူ ကလေးတွေကို မြင်ယောင်နေမိပါ၏။ ထိုနေ့ကစပြီး နေ့လယ် မွန်းတည့်ဆယ့်နှစ်နာရီ ကြေးမောင်းရိုက်သံသည် မပုန်းရည်၏ လက်သံ ဖြစ်လာခဲ့တော့သည်။

❒

နေ့လယ်ပိုင်းမှာတော့ စာတွေဘက်မကူးဘဲ ကဗျာတစ်ပုဒ် နှစ်ပုဒ် သင်ဖို့ မပုန်းရည် စိတ်ကူးထားသည်။ သည်ကနေ့တော့ မပုန်းရည် ကလေးတွေကို စည်းရုံး ဆင်းရမည်။ ကျောင်းမလာချင်သူကလေးတွေ ကျောင်းကို လာချင်အောင် ညှို့ တော့မည်။ သည်တော့လည်း ပါးစွက်လှတာရော သွားတက်လှတာရော ပြပါ၊ တန်ကာကျမှာ မဟုတ်လား။ မပုန်းရည်က ကဗျာတွေကို အရင်ရွေးသည်။ ဆရာ မင်းသုဝဏ်၏ ကဗျာတွေထဲက သဘာဝအလှကဗျာကလေးတွေ၊ ငှက်ကဗျာကလေး သင်ပေးရလျှင် သူတို့ကလေးတွေနှင့် နီးစပ်မည်ထင်သည်။ မပုန်းရည်က ဖြူလျော်လေး တျောက်သင်ပုန်းပေါ်မှာ ကြာရွက်တွေ၊ ကြာပွင့်တွေ၊ ကြာငုံတွေ အရင်ဆွဲသည်။ ပြီးတော့ လှသေးသေးကလေးတစ်စင်း။ ခပ်ဝေးဝေးဆီမှာတော့ ထန်းပင် လေး,ငါးပင် ထန်းပင်တွေနောက်မှာ တိမ်လိပ် အတွေးတွေး။ ထိုတိမ်နှင့် ထန်းပင်ကြားမှာ နေလုံး နောက်တော့ ငှက်ကလေးတွေ…။ ကလေးတွေက မပုန်းရည်ရေးဆွဲသမျှ လိုက်ကြည့် နေကြသည်။ အခု ဆွဲလိုက်တာက ကြာကန်၊ နောက်ဆွဲလိုက်တာက ကြာပန်း…



…ထန်းပင်တွေ…။ မပုန်းရည်က ရောင်စုံမရှိသေးတော့ မြေဖြူတစ်ခဲဖြင့်သာ …ပေါ်အောင် ရေးရပါ၏။ အားလုံးပြီးတော့ ကလေးတွေဘက် ပြန်လှည့် …တွေက လည်ပင်းကလေးတွေ ထောင်ကြလို့။

"ဒါက ဘာကန်လဲ သိလား…"

"နတ်ရေကန်ပါ ဆရာမ…"

"ဟုတ်ပါ့…နတ်ရေကန်…ကန်ထဲမှာကော ဘာပန်းတွေ ပွင့်နေကြသလဲ"

"ကြာပန်းတွေပါ ဆရာမ…"

"ဘာကြာတွေပါလိမ့်"

"ကြာဖြူတွေချည်းပါ ဆရာမ…"

မပုန်းရည်ပင် ကြောင်သွားခဲ့သည်။ နတ်ရေကန် ကန်ထဲမှာ ပွင့်နေကြသည့် ကြာပန်းတွေက ရောင်စုံရှိလိမ့်မည်။ သည်တော့ ကြာဖြူ၊ ကြာနီ၊ ကြာညို စသည်ဖြင့် …ရောင်တွေစုံအောင် အော်ကြလိမ့်မည်ဟု ထင်ထားခဲ့သည်။ သို့သော် မပုန်းရည် …င်သလိုမဟုတ်။ ကြာဖြူတွေချည်းတဲ့။ နောက်မှ သတိရလိုက်သည်။ မြေဖြူနဲ့ဆွဲထား …ကြောင့်ကိုး။ သည်တော့လည်း မပုန်းရည် ပြုံးမိရသည်။ ကလေးတွေဆိုတာ …မြောင့်တွေးကြသူကလေးတွေ။ ဖြူစင်ရိုးသားကြသူကလေးတွေ မဟုတ်လား။

"ဆရာမက မြေဖြူနဲ့ဆွဲထားတာဆိုတော့ လောလောဆယ်တော့ ကြာဖြူ တွေပေါ့…ဒါပေမဲ့ မင်းတို့မျက်စိထဲမှာ ရောင်စုံကြာပန်းကလေးတွေ ပွင့် နေကြတယ်လို့ မြင်ကြည့်လေ…အခု ဆရာမဆွဲတာက ပန်းချီပုံပေါ့… မင်းတို့က ရောင်စုံကြာပင်ကန်ကြီးကို မြင်အောင် စိတ်ထဲမှာ ပုံဖော်ကြည့် ရမယ်…မင်းတို့စိတ်ထဲမှာ ကန်ရေစိမ်းစိမ်း၊ ကန်ရေပြာပြာ ကြိုက်သလို မြင်ကြည့်…ဆရာမဆွဲတဲ့ ကြာပန်းက လေး,ငါးပွင့်ရယ်…မင်းတို့စိတ်ထဲမှာ ကြာပန်းတွေ ကန်လုံးပြည့်အောင် စိတ်ကူးကြည့်လို့လည်း ရတယ်…ကဲ… ငှက်ကလေးတွေကကော ဘာငှက်တွေဖြစ်နိုင်မလဲ"

မပုန်းရည်က ငှက်ကလေးတွေကို 'ကကြီး' ကလေးတွေလို ရေးထား… …တွေ အတန်းလိုက်ပျံသန်းနေကြသလို ဆွဲထားခြင်းဖြစ်၏။ ကလေးတွေက …ခွဲရခက်နေပုံမျိုး။ ဘာငှက်တွေပါလိမ့်လို့လဲ တွေးနေကြပုံပေါ်သည်။ မပုန်းရည်က …ည်း ဆွဲကတည်းက ဘာငှက်ရယ်မဟုတ်ပါ။ ကလေးတွေ နှုတ်က ထွက်လာသည့် …နာမည်တွေကို ကြားချင်လို့ မေးခြင်းဖြစ်ပါ၏။ ခဏနေတော့ အော်ကြတော့ …သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖျိုင်း"

"ချိုးအုပ်"

"ဇွေ"

"ဇွေ က အဲသလို အမြင့်ကြီးမပျံဘူးကွ…"

"ပျံလွှား"

"သပိတ်လွယ်"

"ကျီးကန်း"

အို…ငှက်နာမည်တွေ မနည်းပါလား။ မပုန်းရည်က အော်ချင်သလိုအော်ခိုင်းထားလိုက်တော့ နောက်ပိုင်း ဆက်ရက်ရော၊ ကြက်တူရွေးရော ပါလာကြတော့သည်။ မပုန်းရည် ဝမ်းသာရပါသည်။ တချို့ငှက်နာမည်တွေကို မပုန်းရည်ပင် အကြားမနာခဲ့ဖူးဆိုပါတော့…။ ဗွတ်ကလုံ၊ ဘီးတောင်ပို၊ ပန်းထိမ်ဖိုငှက်၊ မိုးစာ၊ ရွှေပြည်စိုး၊ မြီးညှောင့်တောင်၊ ကောက်ယင်ငှက် ဆိုသည့်ငှက်များကို အခု သူတို့ပိုင်းအော်ကြမှ ကြားဖူးတော့သည်။ သူတို့ပိုင်နိုင်သည့် သူတို့ဝန်းကျင်က ငှက်တွေ ကျောက်သင်ပုန်းပေါ်ရောက်လာတာကို သူတို့ကိုယ်တိုင် ဝမ်းသာနေကြပုံပါ။ သူတို့အသံကလေးတွေမှာပင် ကြည်နူးခြင်းသည် လှိုင်းဂယက်များပမာ တဖျပ်ဖျပ်ခါလျက်ရှိပါ၏။ ငှက်အမည်ခေါ်များများကို တောက်လျှောက်ရွတ်နိုင်သူကတော့ ဖိုးလမင်းပင်။ လေးခွတစ်ချောင်းကိုင်တာ ဘယ်လောက်တောင် ရွာရိုးကိုးပေါက် လျှောက်နေသလဲမသိ။ ငှက်နာမည်တွေ ခေါ်နိုင်တော့ မပုန်းရည်ပင် "တော်ပြီ…တော်ပြီ" တားယူရတော့သည်။ ကျောက်သင်ပုန်း၏ ကွက်လပ်တစ်ဝက်စာမှာ ကဗျာတစ်ပုဒ် ချရေးလိုက်သည်။

'ကြာဖြူ ကြာနီ ကြာညိုနောက်လို့
တို့လယ်တောမှာ ပွင့်ကြတယ်။
ကောက်စိုက်အပြန် ရေကန်ကြီး
ကြာတစ်စည်းလောက် ချိုးခဲ့ကွယ်။
ကြာပွင့် ကြာငုံ ထုံထုံမွှေးကို
မေလေး ဘယ်သို့သုံးပါ့မယ်။
ကြာရိုး ကြာစွယ် ဘယ်ညာဆစ်လို့
ရွှေကြာဆစ်ကြိုး ခွဲပါ့မယ်
ခွဲပါ့မယ်………'



မပုန်းရည်က ကဗျာကို သုံး,လေးခေါက် အသံကလေးထည့်ကာ ရွတ်ပြသည်။ နောက်အခေါက်တွေမှာ ကလေးတွေပါ သံပြိုင်လိုက်အဆိုခိုင်းသည်။ လေးငါးဆယ်ခေါက် ညက်ကြပြီဆိုတော့ မပုန်းရည်က အမူအရာကလေးပါ ထည့်ကာ မကာ,တောင်း, က,စတောင်း ကိုယ်ကလေးနဲ့ကာ ယိမ်းကာ ရွတ်ပြလိုက်ပါ၏။ မပုန်းရည်ကို ငေးနေကြသည့် မျက်လုံးတွေကို မပုန်းရည် နားလည်လိုက်ပြီ။ သည်ကလေးတွေ ကဗျာကို ခုမှ သင်ဖူးကြတာမဟုတ်။ ကဗျာအတွေ့အကြုံတော့ ရှိကြမှာကို မပုန်းရည် သိပါ၏။ သို့သော် စည်းကျဝါးကျ အက,ကလေးဖက်ပြတာမျိုးတော့ ရှိခဲ့ဖူးဟန်မတူ။ သည်စိတ်ဝင်စားမှုကို မပုန်းရည်က အမိအရ သိမ်းငင်ယူမိခဲ့လေပြီ။

"ကဗျာက မင်းတို့နတ်ရေကန်ရွာကလေးကို ဖွဲ့ထားတာ…နတ်ရေကန်ရွာက ရေကန်ကြီးမှာ ကြာပန်းတွေ ရောင်စုံဖူးပွင့်နေကြတယ်…ကန်ဘေးမှာ လယ်တောတွေ ရှိတယ်…လယ်တောက ကောက်စိုက်ပြီးအပြန်မှာ ကြာပန်းတစ်စည်းလောက် ချိုးခဲ့ပါနော်ဆိုတော့ ကြာပန်းကလေးတွေ ချိုးလာကြတာပေါ့…ဒါနဲ့ ကြာပန်းတွေရတာတော့ ဟုတ်ပါရဲ့…ဘာလုပ်ကြမလဲလို့ စဉ်းစားကြတယ်…သည်တော့ ကြာဆစ်ကြိုးကလေး ဆစ်ဆစ်ပြီး ကြာဆစ်ခွဲကြိုးလုပ်ပြီး ကြာပန်းကုံးကလေး ခွဲကြရအောင်လို့ ဆိုလိုတဲ့ ကဗျာ…မင်းတို့ ကြာဆစ်ကြိုး ခွဲဖူးကြသလား…"

"ခွဲဖူးပါတယ် ဆရာမ"

"ဆရာမကိုလည်း ကြာကန် လိုက်ပို့ကြဦးနော်…ဆရာမက ကြာပန်းကလေးတွေကို သိပ်ကြိုက်တာ…နေပါဦး…ဆရာမ မေးပါဦးမယ်…ကြာပန်းတွေက ဘာအရောင်တွေလဲ…"

"စုံလို့…"

"စုံလို့မလုပ်နဲ့လေ…အရောင်နဲ့ပြောမှပေါ့…ဒါမှ ဆရာမ ရွေးနိုင်မှာလေ"

သည်စကားကတော့ တော်တော့်ကို တာသွားလှသည်။ ကြာဖြူတဲ့၊ ကြာနီတဲ့၊ ကြာပြာတဲ့၊ ကြာညိုတဲ့၊ ကြာပန်းရောင်တဲ့၊ ကြာခရမ်းတဲ့။ အရောင်တွေ အမျိုးမျိုးရှိသတဲ့။ ကြာခရမ်းဆိုတာကို မပုန်းရည် မမြင်ဖူးသလို ကြားလည်းမကြားဖူးခဲ့။ ကလေးတွေကို သေချာအောင် မေးတော့လည်း 'ကြာဗေဒါ' လို့လည်း ခေါ်ကြသည်ဟု ဆိုပါသည်။ ဗေဒါပန်းရောင်လားဆိုတော့လည်း ဗေဒါပန်းထက် အရောင်ရင့်သည် ဆိုကြပြန်လို့ မပုန်းရည် စိတ်ဝင်စားမိရပါ၏။ တစ်ရက်တော့ ကြာကန်ကို လိုက်သွားဖို့ တေးထားလိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သည်ကဗျာကလေးကို ရကြပြီဆိုတော့ ကျောင်းဆင်းလျှင် အိမ်အပြန် ရွတ်ဆိုသွားကြဖို့ မှာလိုက်သည်။ မနက်ဖြန် တစ်ယောက်ချင်း ပြန်ရွတ်ခိုင်းမှာနော် ဆိုတော့ ပြုံးစိစိ။ နောက်တော့ ကဗျာတစ်ပုဒ်ကို အလွတ်ရွတ်ပြသည်။ ဆရာကြီး မင်းသုဝဏ်၏ 'ဈေး' ဆိုသည့်ကဗျာ။ ဈေးကို ကဗျာအဖြစ် ရနေသော်လည်း အကောင်ပြလို့တောင် မပုန်းရည် သိလိမ့်မည်မထင်။ ဈေးငှက်ကလေးတွေက ခုနစ်ကောင်တစ်ပူးပူး အနေများပုံရသည်။ အင်္ဂလိပ်ကဗျာတွေမှာ ညီအစ်မခုနစ်ဖော်လို့ ရေးတာ ဖတ်ဖူး၍ဖြစ်သည်။ ပြီးတော့ ညီအစ်မချင်း မတည့်ကြတော့ အမြဲတမ်း တကျက်ကျက်တဲ့။ ဒါကြောင့်များ ဆရာကြီး မင်းသုဝဏ်က *'ယာခရီးက ဆူဆူညံ ညီအစ်မ ရန်ဖြစ်သံ၊ ရန်ဖြစ်သံနဲ့တူသလား၊ ဈေးငှက်ကလေးတွေ စကားများ…'* လို့ ကဗျာဖွဲ့လေသလား။ မပုန်းရည်က ငှက်ဆရာ ဖိုးလမင်းကို အများရှေ့မှာ ဆရာတင်ပြရတော့သည်။

"ကိုင်း…ကိုင်း…နားထောင်ကြစမ်း…ဖိုးလမင်းက ငှက်ကလေးတွေ အကြောင်း ပြောပြမယ်တဲ့…ဆရာမလည်း သိချင်တာပေါ့…ဖိုးလမင်းက မတ်တတ်ရပ်ပြီး ပြောပြပါဦး"

ဖိုးလမင်းက မတ်တတ်ရပ်လိုက်တော့ မျက်နှာက စူတော့မလို၊ ရယ်တော့မလို။ ဆရာမက ငှက်အကြောင်း ပြောပြပါဆိုတော့ ဘာကစပြောရမှန်းမသိ။ မပုန်းရည်က ဈေးငှက်အကြောင်းပဲ ပြောပေါ့ဆိုတော့မှ ရယ်သည်။ ဒါတော့ ပိုင်တယ်ဆိုသည့် မျက်နှာက ရွှံ့ချည်ပွချည်။ ကလေးတွေက ဖိုးလမင်းကိုကြည့်ကာ တပြုံးပြုံး။

"ဈေးက စကားများတယ်ဆရာမ…အမြီးကလေးတွေလှုပ်လှုပ်ပြီး တစ်ကောင်နဲ့ တစ်ကောင် ရန်ဖြစ်ကြတာ…နောက်ပြီး အရောင်ကလည်း မလှဘူး… နောက်ပြီး ချုံတွေအောက်က သစ်ရွက်တွေကြားမှာ တွေ့တာများတယ်… နောက်ပြီး…"

ကလေးတွေက ဝါးခနဲ ရယ်ကြပြန်သည်။

"ပျံလွှားနဲ့ မိုးစာငှက်က တူတယ်ဆရာမ…စာကလေးတွေက သဲလူးပြီး ရေချိုးကြတာ…ဘီးတောင်ပိုငှက်ကျတော့ ဖုတ်လူးပြီး ရေချိုးတာ ဆရာမ… သူတို့ ရေချိုးနေတုန်း လေးခွနဲ့ ပစ်ရတာ…"

"ဟယ်…"

မပုန်းရည်ပင် လန့်သွားခဲ့သည်။ ငှက်ကလေးတွေက လူကို အန္တရာယ်မပေးကြောင်း၊ သနားစရာ ကောင်းလှကြောင်း၊ ငှက်ပစ်သူတွေ့ရင် ဆရာမကို တိုင်ရမည့်



အကြောင်း၊ ဖိုးလမင်းလည်း ငှက်မပစ်ရန် ပြောချင်ကြောင်း၊ အိမ်ရောက်လျှင် [illegible]ကလေးခွကို ဓားဖြင့် ခြမ်းပစ်လိုက်ရန်၊ ဒါမှ ငှက်ပစ်လို့မရတော့မှာဖြစ်ကြောင်း [illegible]ည် ပြောပြရသည်။ အချိန်တွေ ကုန်သွားသော်လည်း ကလေးတွေက မပျင်းကြတာ [illegible]ရည် သတိထားမိသည်။ သည်ကရှေ့ ပုံဆွဲသင်ပေးမယ်၊ ပုံပြောပြမယ်၊ ကဗျာ [illegible]တွေ ဆိုကြမယ်ဆိုသည့် မက်လုံးကလေးတွေလည်း ခေါင်းထဲထည့်ပေးလိုက်[illegible]၏။

ဆရာမ ဒေါ်မြင့်မြင့်စိန်ကတော့ ကလေးတွေကို အပြစ်မမြင်။ ကျောင်းကို [illegible]တ်ချင်ကြသည့် မိဘတွေကိုသာ အပြစ်မြင်သည့်စကား ပြောဖူးတာကိုလည်း [illegible]ရည် မှတ်မိလိုက်သည်။ ဒါလည်း ဟုတ်ပါလိမ့်မည်။ သူ့ထက် အတွေ့အကြုံ ကြီးသော ရွာခံကျောင်းဆရာမ၏ မှတ်ချက်ကို မပုန်းရည် မပယ်ရှားဝံ့ပါ။ မိဘတွေ [illegible]ကိုလည်း လိုက်ရမည်။ ကျောင်းသားတွေကိုလည်း ကျောင်းပျော်အောင် လုပ်ရ [illegible]ည်။

ညနေ ကျောင်းဆင်းခေါင်းလောင်းသံ မြည်ခဲ့ပြီ။ မပုန်းရည် တပည့်ကလေး [illegible] ကျောင်းအဆင်းမှာ 'ကြာဆစ်ကြိုး' ကဗျာကို အော်သွားကြသည်။ သည်လို [illegible]တော့လည်း မပုန်းရည် ပျော်မိရပြန်ပါ၏။

❐

ညရိပ် တဖြည်းဖြည်း ကျလာသည်နှင့် အေးစက်လာသဖြင့် မပုန်းရည် [illegible]ချိုးနိုင်တော့ပါ။ ကိုယ်လက် သန့်စင်ရုံသာ ကမန်းကတန်း ပြုလုပ်ပြီး အိမ်ကြီးပေါ် [illegible]တက်ခဲ့ရပါ၏။ သနပ်ခါးဘူးထဲက သနပ်ခါးနှစ် တစ်ကော်ကော်ယူကာ လိမ်းတာ [illegible] အေးလွန်းလှပါ၏။ စပါးခင်းနှင့် ရေခါတ်များသော ဒေသဆိုတော့ အမြဲတမ်း [illegible]နေတတ်သည်။ နွေဆိုလျှင်တော့ နေလို့ထိုင်လို့ကောင်းလောက်သည်။ မပုန်းရည် [illegible]ထဲမှာ မလင်းသေးတာ ရှိသေးသည်။ လမ်းတစ်ဖက်သာခြားသော ဘိုးကြီးဘွားကြီး တို့အိမ်ကို လူရောက်လက်ရောက် ဂါရဝမပြုရသေးခြင်းဖြစ်၏။ သည်ရက်တွေမှာ [illegible]ကျောင်းကိစ္စ အသားကျအောင် လုပ်နေရတော့ အားသည့်တစ်ချိန်ကလေး သွားဖို့တော့ စိတ်ကူးရှိပါ၏။ သွားပြီဆိုတော့လည်း တည်တည်ပပ အချိန်ကလေးယူကာ နားနား [illegible] နေနိုင်မှ ကောင်းမှာမဟုတ်လား။

မပုန်းရည်မှာ စားရေးသောက်ရေးကိစ္စကလည်း စီစဉ်စရာရှိသေးသည်။ နေ့စဉ်နှင့်အမျှ ဗျပ်ကြီးတစ်ချပ်နှင့် ပို့ထမင်း ပို့ဟင်း မျှော်စားဖို့ ခိုင်းဘာကလည်း [illegible]ရည်မှာ မကောင်းနိုင်တာ သိပါ၏။ မပုန်းရည်ကိုယ်တိုင်ကလည်း သူတစ်ပါးတို

www.burmeseclassic.com

www.burmeseclassic.com



တာဝန်မပိုစေချင်။ ကိုယ်တိုင် ချက်ပြုတ်စားချင်သည်။ မနက်ဖက် ဆရာတော်ကြီး ကျောင်းမှာ ဆွမ်းကျန်ကွမ်းကျန် စားရတာပင် မပုန်းရည် ဝန်လေးလှသည်။ ဘုန်းကြီး ရဟန်းကို ရည်မှတ်ပြီး လှူဒါန်းသောဆွမ်းကို ဆရာတော်က စွန့်သည်ဆိုဦးတော့ စားရန် မဝံ့မရဲဖြစ်ရသည်။ သည့်အတွက်လည်း အခိုက်အခွင့်သင့်တိုင်း ကျောင်းဝေယျာဝစ္စ တတ်စွမ်းသမျှ ကုသိုလ်ယူဖို့ စဉ်းစားထားရပါ၏။ ကျောင်းရေဖြည့်တာမျိုး၊ ကျောင်းတွင်း ပရိဝုဏ် တံမြက်တလင်း လှည်းတာမျိုး၊ ကျောင်းလမ်း နတ်လမ်းသာအောင် လှည်းကျင်းတာမျိုး ဆောင်ရွက်လျှင်တော့ အပြစ်ကင်းကောင်းပါရဲ့။

အောက်ထပ်ဆီက လူသံတွေ ကြားရသဖြင့် မပုန်းရည် လှေကားခုံဝက စောင့်နေလိုက်သည်။ ယောကျ်ားသား နှစ်ယောက် သုံးယောက်နှင့် လှလှရီတို့ ဖြစ်နေသည်။ ရွာလူကြီး ဦးပန်းဆီက စကားတွေ ဟောင်ဖွာ ဟောင်ဖွာပြောရင်း လှေကားက တက်လာနေခဲ့ပြီ။

"ဆရာမ ဒေါ်ပုန်းရည်...ကျုပ်တို့ လာပါရစီဗျို့..."

"ကြွကြပါရှင်..."

လှလှရီက ထမင်းချိုင့်ကလေးဆွဲကာ နောက်ဆုံးမှ တက်လာသည်။ ပန်းကန်ခွက်ယောက်တွေပါသော ကြိမ်ခြင်းကြီးတစ်ခြင်းလည်း ပါသေးသည်။ ဦးပန်းဆီက ခေါင်းရင်းဘက်မှာ တင်ပျဉ်ခွေ ထိုင်လိုက်တော့ ရွာသားကြီးနှစ်ယောက်ကလည်း ရောထိုင်ကြသည်။ လှလှရီကတော့ ထောင့်တစ်ထောင့်မှာ ထမင်းချိုင့်ချကာ အဆင့်တွေ ဖြုတ်နေလေ၏။ မပုန်းရည်က သူ့ကို ထမင်းလာပို့မှန်း သိလိုက်သဖြင့် စားရေးသောက်ရေးနှင့်ပတ်သက်ပြီး တစ်လက်စတည်းပြောဖို့ စိတ်ကူးလိုက်သည်။

"စားရေးသောက်ရေးကို ဟိုဘက်အိမ်က မမလေးတို့၊ လှလှရီတို့ လာလာပို့နေတာကို ကျွန်မ အားနာလှပါတယ်ရှင်...ချက်ဖို့ပြုတ်ဖို့ကလည်း ပန်းကန်ခွက်ယောက် မီးဖိုချောင်ပစ္စည်းကလေးတွေ မပြည့်စုံသေးတော့ အားနာနာနဲ့ လက်ခံနေရတယ်...သည်တစ်ပတ် ကျောင်းပိတ်ရင်တော့ မတ္တရာသွားပြီး လိုတာလေးတွေ ဝယ်မလို့..."

"ဆရာမကြီးရာ...တစ်ယောက်အတွက်တော့ မချက်ရပါဘူးဗျ...ဆရာတော်က နေ့ဘက် တာဝန်ယူမှတော့ ညစာ ကျုပ်တို့ရွာက စီစဉ်နိုင်ပါတယ်...ဆရာမ ဘယ်လောက်စားနိုင်မှာတုံး...မသကာ ကြောင်စာလောက်ရှိမှာပေါ့..."

'ကြောင်စာလောက်' ဆိုသည့်စကားကြောင့် လှလှရီက ဖအေကို လှမ်းကြည့်သည်။ အားနာသွားပုံပေါ်ပါ၏။ ဘာမှတော့ မပြောပါ။



"ရွာက သဒ္ဓါကြတယ်ဆိုတာ သိပါတယ် ဥက္ကဋ္ဌကြီးရယ်...ကျွန်မအတွက်ရယ်လို့ ကရိကထ များကြမှာစိုးတာပါ...ရွာက မအားကြတာ သိနေလေတော့ စားရမှာ အားနာလို့ပါရှင်"

လှလှရီက အနားလာထိုင်သည်။ ထမင်းစားပွဲခုံဝိုင်းကလေးပေါ်မှာ ချိုင့်ကလေးတွေ စီချထားခဲ့ကာ အသင့်စားနိုင်အောင် စီစဉ်ထားသည်။ ညှိုသည်တွေကတော့ မပုန်းရည် ထမင်းထ,စားလို့ မကောင်း။ လှလှရီကို မျက်ရိပ်ကလေး ပြရသည်။ လူကြီးတွေ တခြား ဘာအကြောင်းများရှိပါလိမ့်။ ပြောစရာရှိလို့သာ ရောက်လာကြတာ ဖြစ်လိမ့်မည်။

"ကိုင်း...စားရေးသောက်ရေးကိစ္စက ပြောကြသေးတာပေါ့...အခုဟာက ဆရာမ မစိန်ကပြောလို့...ကျောင်းစည်းရိုးတွေ ပြန်မတ်ဖို့...ကျောင်းရေအိမ်တွေ ပြင်ဖို့ကစပြီး ဆရာမတို့၊ ဆရာကြီးတို့ လုပ်ချင်တာကလေးတွေ လုပ်ရအောင် ကျုပ် လူနှစ်ယောက် လာပြတာ...သူက ကိုကံရတဲ့...ရွာမှာတော့ လက်သမားပေါ့...သူက ကိုမှတ်ကြီး...သူက ပန်းရံလေးဘာလေး လုပ်ဖူးတယ်...ဆရာမတပည့်တွေရဲ့ ဖအေတွေပါ...အားမနာရပါဘူး"

"ကျေးဇူးတင်လိုက်တာ ဥက္ကဋ္ဌကြီးရယ်...ကျွန်မက ဆရာကြီးကို ကျော်လုပ်သလို ဖြစ်မှာစိုးရသေးတော့ ဆရာကြီးလည်း ပြောပြထားပါတယ်...ဆရာကြီးက အသက်ကြီးပြီဆိုတော့ ကျွန်မတို့ဆရာမနှစ်ယောက်ကိုပဲ လွှဲထားတာပါ...ကျောင်းကလေး လှပသာယာတော့ ရွာလည်း ဂုဏ်ရှိတာပေါ့...ဦးကံရရော ဦးမှတ်ကြီးရောပါ...ကျွန်မ ကျေးဇူးတင်ပါတယ်ရှင်...လုပ်စရာတွေတော့ ရှိပါတယ်"

ဦးကံရနှင့် ဦးမှတ်ကြီး ဆိုသူတွေက စကားမပြောကြပဲ ပြုံးရုံပြုံးနေကြသည်။

"ကျောင်းက ရန်ပုံငွေရယ်လို့လည်း မရှိတော့...လိုအပ်တာ..."

"ကိစ္စမရှိပါဘူးဗျာ...ကျုပ်တို့ရွာ ဆရာမအသစ်ရောက်လာမှတော့ လုပ်ပေးရမှာပေါ့...လိုတာ ရွာက နိုက်ရမှာပဲ..."

မပုန်းရည်ကတော့ ဦးပန်းဆီကို သဘောကျနေမိသည်။ သူပြောလိုက်သလို ...ပုန်းရည် ရယ်ချင်သည်။ အခုလည်း လိုတာ ရွာက နိုက်ရမှာပေါ့တဲ့။ ရွာ...ပိုက်ဆံ ...ရှာကို ဆိုလိုခြင်းမဟုတ်။ ဝါးရှိသူ ဝါး၊ တိုင်ရှိသူက တိုင်၊ သံရှိသူက သံ စသည် ...ဖြင့် ဝိုင်းလှူသည့်အိမ်က အလှူခံရမှာကို ဆိုလိုခြင်းဖြစ်ပါ၏။ ဦးပန်းဆီက မပုန်းရည် ...ထိုင်သော အိမ်အပေါ်ထပ်ကို လိုက်ကြည့်သည်။ ဘာလိုနေသလဲ ကြည့်ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း…မနက်ဖြန်သဘက် သည်လူနှစ်ယောက် ကျောင်းကို လာလိမ့်မ
…ကြည့်သာခိုင်းရော…ကျွန်တော်ပြန်မယ်…လှရီ…ငါ့သမီး ဆရာမ
ထမင်းကျွေးပြီးမှ ပြန်ခဲ့…"

ဦးပန်းဆီတို့ ပြန်တော့ မပုန်းရည်က လှေကားအောက်ဆင်းကာ ဝိုင်းဝအထိ လိုက်ပို့သည်။ အိမ်ပေါ်တုန်းက စကားတစ်ခွန်းမှ မပြောခဲ့သော ဦးကံ့ရက မြေ နင်းမိတော့မှ မပုန်းရည်ကို စကားပြောတော့သည်။

"ကျုပ်သားက ကျောင်းတက်ရတာ ပျော်လို့တဲ့…ဆရာမကို ကျုပ်ကတော သင်ပေးရတယ် ပြောနေလို့…မင်းကွာ ငရဲအုံ ကြီးနေပါ့မယ် ပြောရတယ်… ဒီကောင်က ကျောင်းမတက်ချင်ဘူး"

"ဦးကံ့ရသားက ဘယ်သူလဲ…"

"ဖိုးလမင်း…"

"ဪ…ဟုတ်တယ်…ကျွန်မက ငှက်တွေအကြောင်း ဖိုးလမင်းကို မေး တာ…ပြောတတ်လိုက်တာမှရှင်…"

"သည်ကောင်က ငှက်သိပ်ပစ်တာ…တစ်ချက်တစ်ကောင် ဆိုတဲ့ကောင်… ညနေကတော့ သူ့လေးခွကို နှစ်ခြမ်းခွဲပစ်လိုက်ပြီ…ကျုပ်တို့တစ်သက်လုံး ဆုံးမခဲ့ရတာ ရပေါင်ဗျာ…ဆရာမပြောမှ ရတော့တယ်"

အလို…။ ဖိုးလမင်းက လေးခွကို ဓားနှင့်ခုတ်ပစ်လိုက်ပြီတဲ့လား။ နတ် ရေကန်ရွာက ငှက်တွေအတွက်တော့ သတင်းကောင်းပေါ့။ မပုန်းရည် ဝမ်းသာမိ သည်။ တပည့်ကလေးတစ်ယောက် လိမ္မာပြီဆိုသည့်စကားသည် ဆရာတစ်ယောက် အဖို့တော့ အခြား ဘာနှင့်မှ မလဲနိုင်သည့် ပီတိပင်မဟုတ်လား။ မပုန်းရည် မျက်ရည်ဝဲ လည်မိရသည်။

"မနက်ဖြန် ကျောင်းကို လေးခွနှစ်ခြမ်းကွဲ ယူခဲ့ပါလို့ ပြောလိုက်ပါဦး… ဦးကံ့ရရယ်…ကျွန်မ ကြည့်ချင်လို့…"

လေးခွနှစ်ခြမ်းကွဲကို ကြည့်ချင်သည်ဆိုတာကိုတော့ ဦးကံ့ရ နားလည်ပုံမပေါ်။ မပုန်းရည်ကို နားမလည်နိုင်စွာ ကြည့်ရာက ဦးပန်းဆီနောက် ပါသွားလေသည်။ မပုန်းရည် အိမ်ပေါ်တက်လာခဲ့သည်။ မမလေးတို့တော့ ရောက်မလာသေး။ မမလေး နှင့် လှလှရီတို့ ထမင်းကိစ္စ ညှိနှိုင်းထားကြပုံပေါ်သည်။ လှလှရီက မပုန်းရည် တက်လာ တော့မှ ချိုင့်ထဲက ထမင်းကို ပန်းကန်ထဲ ပြောင်းခူးသည်။



"လှလှရီ စားခဲ့လား…ဆရာမနဲ့ အတူတူစားပါလား…"

"စားခဲ့ပြီဆရာမ…မမလေးတို့ကိုလည်း ကျွန်မတို့ ထမင်းပို့မယ် ပြောထား တာ…"

"ကျေးဇူးတင်ပါတယ် လှလှရီရယ်…"

ဟင်းတွေက ကောင်းလှပါသည်။ ငါးဖင်ရိုင်းချက်၊ ပဲကြီးနှပ်၊ ဘဲဥနှင့် ချက်ကြော်၊ ငါးပိကြော်။ မပုန်းရည် ထမင်းစားပြီးတော့ လှလှရီက ပန်းကန် ချိုင့်ဆင့်လုပ်ရင်း အပေါ်ထပ်မှာ ကျန်ခဲ့သည်။ မပုန်းရည်က ဆပ်ပြာနှင့် ဆေးချင်သဖြင့် လက်နှိပ်ဓာတ်မီးကိုယူကာ အောက်ထပ် စဉ့်အိုးဆီ ဆင်းလာ ။ လက်နှိပ်ဓာတ်မီးကို ရေချိုးခြံ ထရံကြားမှာ ဖွင့်လျက်သား ညှပ်ထားလိုက် ဆေးဖို့ပြင်သည်။ စဉ့်အိုးနှုတ်ခမ်းပေါ်မှာ…။

ကြာပန်းတစ်စည်း…။

ကြာခရမ်းဆိုတာပဲ ဖြစ်ပါလိမ့်မည်။ အရောင်က ခပ်ဆန်းဆန်း။ နေ့ခင်း ရောင်မှာ ဘယ်လောက်များ လှလိုက်လေမလဲ။ မပုန်းရည် လက်ကို ကမန်း ဆေးကာ ကြာပန်းစည်းကို တစ်ဖက်က ပွေ့ခဲ့ရင်း တက်လာခဲ့သည်။ လှလှရီ ကြာပန်းစည်းပြတော့ အံ့သြနေသည်။

"စဉ့်အိုးနှုတ်ခမ်းပေါ်က တွေ့တာ လှလှရီ…ဘယ်သူထားသွားမှန်းလဲ မသိဘူး…ညနေက မျက်နှာသစ်တုန်းက မရှိဘူးရယ်…"

"ကျွန်မလည်း အဲဒါစဉ်းစားနေတာ ဆရာမ…ပန်းတွေက လန်းတုန်းလေ… နတ်ရေကန်ကြီးထဲမှာ ကြာတွေရှိပေမယ့် သည်အချိန်ကြီး ကြာခရမ်းပွင့် တွေချည်းရအောင် ခူးဖို့က ခက်တယ်…ဘယ်သူများ လာထားသွားတာ ပါလိမ့်တော်…"

လှလှရီက မမလေးတို့ လာသည်အထိ စောင့်ပေးနေခဲ့သည်။ မမလေးနှင့် ကြာဖြူတို့ တက်လာမှ လှလှရီ ပြန်ရှာပါ၏။ ကိုယ့်ရွာနှင့် ကိုယ့်လမ်းဆိုတော့ မှောင်ထဲ ရဲရဲကြီး တိုးဝင်ပျောက်ကွယ်သွားလေသည်။ မမလေးနှင့် ကြာဖြူတို့က ည်း သည်ကြာပန်းစည်း ထားသွားသည့်လက်သည်ကို မသိပါဟု ဆိုကြပါ၏။ ဆို ညအမှောင်မှာ သည်အိမ်ဝင်းထဲအထိဝင်ပြီး ဘယ်သူများ ထားသွားတာပါလိမ့်။ ဖြစ်ဖြစ် ကြာခရမ်းတစ်စည်းကတော့ အိမ်ပေါ်ရောက်နေပြီမဟုတ်လား။

မပုန်းရည် ရင်မောမိရုံမှတစ်ပါး အခြားမရှိပြီ။

◆

www.burmeseclassic.com

www.burmeseclassic.com

## (၃)

'အေးကောင်းပျို့ရွယ် သူငယ်ချင်းတို့၊ လယ်တော်တွင်းက များတစ်တွေ တိုယ်စီကလို့ လုစရာ၊ တို့မျက်နှာမှာ နံ့သာပြောက်လို့၊ လှည်းစာခေါက်တို့ အိုင် အိုင် သွေးကြပ,အေ…'

'ပန်းထိမ်လက်ခ မပေးရ၊ ထန်းပင်ကြီးက ဖြစ်သည့်ရွှေကို၊ ဆူးပန်းကုံးခွေ သွယ်ဘယက်နှင့် ပေရှက်လိပ်ကြီး နားတောင်းဆင်၊ တန်နိုင်အောင်ဟန်လိုက်ချည့်၊ နတ်ရေကန် ရွာရိုး တိုင်းကြီးအသိ…'

နတ်ရေကန်မှာ လယ်တွေ ရိတ်ကြပြီ။ အိမ်ကြီးပေါ်က ကြည့်လျှင် ဘယ်နေရာကြည့်ကြည့်၊ ဘယ်ဘက်ကိုကြည့်ကြည့် ရွှေရောင်ဝင်းဝါသော စပါးခင်တွေချည်း။ စပါးတွေက သန့်လှပါ၏။ *'တို့နန္ဒာ လယ်တော်တိုက်မအေ…ညည်းစိုက်တဲ့ထောက်သွယ်ငယ်…မှန်းဘယ်မျှကြီး…ဟောကြည့်စမ်းစွန်…တစ်နံ့ကို ဆယ်ပြည်သွတ်တယ် ဖြိုးအက်လို့သီး'* ဆိုသည့် လယ်တွေမဟုတ်လား။ နှင်းဆွတ်ဆွတ် မြူဆွတ်ဆွတ် လေအေးရှူရှူထဲမှာ ကောက်သစ်နံ့တွေ မွှေးကြိုင်လှသည်။ အောက်ပြည်အောက်ရွာမှာ ကြီးပြင်းခဲ့ရသူဆိုတော့ သည်လို မိုးနံ့၊ မြေနံ့၊ ရွှံ့နံ့၊ ရေနံ့တွေ စိမ်းလှပါ။ နတ်ရေကန်တစ်ရွာလုံး စပါးခင်းတွေထဲ ရောက်ကြရပြီ။ ရွာလမ်းတစ်လျှောက် အော်ကြဟစ်ကြသောအသံတွေကြောင့် မပုန်းရည် မနက်စောစောနိုးရသည်။ နိုးသည့်အခါတိုင်းလည်း လယ်ကွင်းယာခင်း စပါးပင်လယ်ကြီးကို လှမ်းမေးနေကျ။ ကောက်ဦးနံ့သင်းသင်းကို ရှူနေကျ။ လယ်ကွင်းတွေဘက် လှမ်းကြည့်ရ



င် ပျော်စရာကောင်းလှပါသည်။ သီချင်းတကြော်ကြော်၊ ခေါ်သံတဝူးဝူး၊ ဝါးဝါး။

သည်ရက်ထဲမှာ မပုန်းရည်နှင့်အတူ လာအိပ်သော မမလေး မကြာဥလည်း ဆင်းရပြီ။ ကောက်ရိတ်မဆင်းခင်ညက မပုန်းရည်ကို ပြောပြပါ၏။

"မနက်ဖြန် ကျွန်မတို့လယ်တွေ ရိတ်ကြတော့မှာ…ကျွန်မ မနက်အစောကြီး ထသွားမှာနော် ဆရာမ…ကြာဖြူတို့တော့ ရှိပါတယ်…ခိုင်းစရာရှိရင် သူတို့ကို ခိုင်းပါနော်"

မမလေးက လယ်ရိတ်နိုင်လို့လား။ ခြေကလေးတစ်ဖက် မသန်ရှာတော့ ကို ဖျန်းဖျန်းကွဲ လုပ်နိုင်လိမ့်မည် မထင်ခဲ့။ သို့သော် သေသေချာချာ မေးကြည့်ည်း ကြာဖြူတို့အရွယ်ကတည်းက လယ်ရိတ်ခဲ့သူဟု ဆိုသည်။ ကိုယ့်အခင်း ရိတ်ကြတာလည်းရှိသည်။ လက်စားလိုက်ကြရတာလည်းရှိသည်။ ကိုယ့်စပါးခင်း ရှည့်တမည့်ဆိုလျှင်လည်း ရိတ်ရမည့်အခင်းတွေကို လိုက်နှင့်ရသည်။ ရိတ်ခနှင့် တာမျိုး ရှိသလို လက်စားပြန်တာမျိုးလည်း ရှိသည်။ ရိတ်ခက ငွေလည်းယူနိုင် ပါးလည်းယူနိုင်သည်။ မိမိသဘောပင်။ မကြာဥတို့မှာက လယ်တွေ များသည် ဘိုးကြီးဘွားကြီးတို့ ပိုင်သည့်လယ်တွေအပြင် အိမ်ထောင်ခွဲ သားနှစ်ယောက် သော ကိုကြာခွက်နှင့် ကိုကြာရိုးတို့ကလည်း လယ်အတော်များများ ပိုင်ကြသည် ၏။

"သည်ဘက်လယ်တွေမှာ မြွေတွေရှိသလား မမလေး…"

"အောက်တောလယ်တွေမှာ ရေထဲနွံထဲ ရိတ်ရရင် ကျွဲမြွေကြီးတွေ ရှိတတ်တယ်…ကျွန်မတို့က ဆေးရွက်ကြီး ရေဖျော်ပြီး ပုလင်းနဲ့ထည့်သွားလိုက်တာပဲ…မြွေတွယ်တာနဲ့ တုတ်တံမှာ ဆေးရွက်ကြီးရေဆွတ်ပြီး သပ်ချလိုက်ရင် ကွာကျကုန်ရော…"

မကြာဥပြောတာကိုပင် မပုန်းရည် အူတွေယားလှသည်။ ကျောင်းမှာ ကလေးတွေကို မြွေနက်ဆိုတာ ချိုနဲ့လားကွယ့် မြွေနဂါးတောင် ကြောက်ဖူးကွယ်လို့ ပြသည့်တိုင် မြွေနက်မည်းကြီးတွေကို မပုန်းရည် ကြောက်ပါသည်။ မကြာဥ ပြောပြသလောက်ဆိုရင် တစ်ခါတစ်ရံ ခြေသလုံးတစ်ပတ်လည် ခွေပတ်မိတတ်ကြ သည်ဟု ဆိုသည်။ အရှေ့လယ်တွေကတော့ များသောအားဖြင့် အကြောက်လယ်တွေ များပါ၏။ အကြောက်ရဆုံးကတော့ ပိုးကောင် မွှားကောင် ခေါ်ကြသော မြွေဆိုးများ နေတတ်ခြင်းပင်။ ရထားသံလမ်းဘေးက လယ်တွေမှာတော့ မြွေ မနေလို့လည်း

www.burmeseclassic.com



ဆိုပါသည်။ ရထားဖြတ်မောင်းသွားတိုင်း မြေတုန်ခါနေသောကြောင့် ဖြစ်၏။ သည်တက်နယ်တွေမှာ မင်းနှစ်ပါး စောင့်ရှောက်သဖြင့် မြွေ တွေ့ရခဲသည်လို့လည်း ဆိုသည်။ မကြာဥက သီချင်းပင် ဆိုပြခဲ့သည်။ သည်လိုဆိုတော့လည်း မပုန်းရည်ပင် အံ့သြသွားရပါ၏။

"*ကျော်စင်တဲ့တစ်ခွင်၊ တောင်ပြိုးအာဏာရှင်လို့၊ နော်ရထာမင်းရယ်... လင်းမိန့် ထာဝစဉ်၊ ရွှေဖူးတွင်ညီလှာတစ်ပါး၊ ဧးကျောက်စီတစ်ခါရမ်းမယ် လမ်းဖယ်လို့ရှား...*ဆိုတဲ့အတိုင်းပေါ့ ဆရာမရယ်...သည်နယ်မှာ မကောင်းသူ မကောင်းသား မရှိဘူးရယ်..."

တစ်ရက် တစ်ရက် အနေနီးလာတော့ မကြာဥက စကားတွေ အပြောရဲလာခဲ့ပါ၏။ မနက်စောစော ထမင်းပူ ဆီဆမ်းလို့၊ ထမင်းကြော်လို့၊ ကောက်ညှင်းပေါင်းလို့၊ ငချိတ်ပေါင်းလိုကို ရေနွေးကြမ်းပွဲနှင့် အရောက်လာပို့တတ်သည်။ ညဘက်တွေမှာလည်း စားစရာ တစ်ခုမဟုတ်တစ်ခု ပါလာတတ်သည်။ တစ်ခါတလေ မြေပဲတောင့်ပြုတ်ကြီးတွေ ပြုတ်လာတတ်သလို၊ တချို့ညတွေမှာတော့ အိမ်ကြော် မုန့်လက်ကောက်ကွင်းတွေကို ထန်းလျက်ရည်ကြည်ကြည်ကလေး ဆမ်းလာတာလည်း ရှိပါ၏။ တစ်ခါတလေ အစေ့ရာရွက်သုပ်လို၊ ပဲသီးသုပ်လို၊ အသီးအရွက်ကလေးတွေ ဖွယ်ဖွယ်ရာရာသုပ်လာတတ်သေးသည်။

ကောက်ဦးပေါ်ချိန်ဆိုတော့ အိမ်တိုင်းက မုန့်တွေလုပ်ကာ ကောက်ရိတ်သမတွေကို ဧည့်ခံလေ့ရှိကြပါသည်။ ဆရာတော့်ကျောင်းမှာရော မပုန်းရည်တို့ စာသင်ကျောင်းကလေးမှာပါ တောသရေစာမုန့်တွေ လာလှူ လာပို့ထားကြတာ စားပွဲကြီးနှင့် အပြည့်။ ဆီထမင်း၊ ရွှေရင်မုန့်၊ မုန့်ကျွဲသည်း၊ မုန့်ချိုသွင်း၊ မုန့်ဆန်း၊ မုန့်ကြာစေ့ သေဖြင့် ကောက်ညှင်း၊ ထန်းလျက်မုန့်တွေက မြေပဲနိုင်းချင်း၊ အုန်းနိုင်းချင်း၊ ဆီတွေကတော့ ဖွဲလိုက်ရုံနှင့် လက်ကြားယိုပြီ။ မပုန်းရည်နှင့် မကြာဥက ညဘက် မအိပ်ခင်စကားတွေ ပြောဖြစ်ကြတာ များသည်။ ကြာဖြူတို့ ညီအစ်မသုံးယောက်က ကလေးတွေဆိုတော့ ခဏတစ်ဖြုတ် ငေးငေးမောမောနေကြပြီးသည်နှင့် သစ်တုံးကလေးတွေလိုတုံးခနဲ ငြိမ်ကျသွားကြတော့သည်။

တချို့ညတွေမှာ မကြာဥ ပြောပြသည့် ဇာတ်လမ်းတွေက ရွာသဘာဝတွေကို သိခွင့်ရသည်။ မကြာဥက အရိုးခံဆိုတော့ သူ့ရင်ထဲရှိတာ ပြောတာဖြစ်ပေသိမပုန်းရည်အဖို့တော့ စဉ်းစားစရာ၊ ဝေခွဲစရာတွေ ဖြစ်ရပါ၏။ ရွာအယူအဆတွေမဟုတ်လား။



"ရွာမှာက စုန်းအိမ်တွေရှိတယ် ဆရာမရဲ့...အောက်လမ်းဆရာလည်း ရှိတယ်...ကျွန်မတောင် တမြန်မနှစ်ဆီက မကြေးမျှင် ပြုစားတာ လူ့ပါဝါရော အောက်မေ့တာ...တောင်ရွာက ဆေးဆရာနဲ့ကုမှ ပျောက်တာ..."

မကြာဥက ပြောရင်းဖြင့် သူ့ပေါင်နှင့်ဒူးကို တစ်လှည့်စီ ပုတ်ရင်းက "...ပြောနဲ့...ပေါင်မပြောနဲ့"ဟု ရေရွတ်နေသည်။ "စုန်းမက သူ့အကြောင်းပြောသိတယ် ဆရာမရဲ့" ဟုပင် ဆိုလိုက်သေး၏။ မပုန်းရည်က မကြာဥပြောနေတာ...စိတ်ဝင်စားဟန် ပြနေရသည်။ ဘာပဲဖြစ်ဖြစ် သည်စကားတွေက စွဲလမ်းမှုတွေက...ဆိုတော့ ချက်ချင်း ချေဖျက်ဖို့ ခက်သည်။ ဒါဆိုရင် နတ်ရေကန်မှာ မကြေးမျှင်...မိန်းကလေးတစ်ယောက် ရှိရမည်။ စုန်းအိမ်တွေ ရှိတယ်ဆိုတော့ နောက်ထပ်...ရှိနိုင်သည်။ မပုန်းရည်က တဖြည်းဖြည်းလေး မေးယူ၏။

"မရှိဘူးလို့ ဘယ်ပြောနိုင်မှာလဲ မကြာဥရယ်...ရှိချင်လည်း ရှိနေမှာပေါ့...ဘယ်နှအိမ်တောင် ရှိလို့တုံး...သေရော သေချာရဲ့လား မမလေးရယ်..."

မပုန်းရည်က မမလေးခေါ်လိုက် မကြာဥခေါ်လိုက်ဆိုသော်လည်း မမလေး...မကြာဥကလည်း ဘယ်ဟာကမှ မမှားတော့ ထူးလိုက်သည်ချည်း။ သေရော သေချာရဲ့လား ဆိုတာတော့ မကြာဥ ခံချင်ပုံမရ။ စုန်းရှိလို့ ပြုစားတာ ခံရပါတယ်...ပြောနေကာမှ သေချာရဲ့လား မေးနေရသေးသလားဆိုသည့် မျက်နှာ။ မကြာဥ...တစ်ရက်မှာ သူ တောပြန် မိုးချုပ်သဖြင့် ရေချိုး ခေါင်းလျှော် နောက်ကျခဲ့သည်။ အိမ်ရောက်လို့ အဝတ်အစားလဲပြီးကာမှ ချောင်းစပ်မှာ ဆပ်ပြာခွက်မေ့လို့ ပြန်အယူ...နေဝင်ရီတရော ဆံပင်ဖားလျားချနှင့် ရွာအနောက်ချောင်းအသွား မကြေးမျှင်နှင့် လမ်း...မှာ ဆုံကြတာကစ၍ ဇာတ်စုံခင်းလေတော့သည်။ သည့်အရင်ရက်တွေက မကြာဥတို့...အိမ်ကို မကြေးမျှင် ရောက်လာခဲ့သည်ဆို၏။ မကြာဥတို့အိမ် ငွေလာချေးတာကို...မကြာဥက မချေးခဲ့။ မကြေးမျှင်က သမီးဖြစ်သူ နေမကောင်းသဖြင့် မတ္တရာကို ဆရာဝန်...ပြချင်၍ ချေးခြင်းဖြစ်ကြောင်း တောင်းပန်သည်။ မကြာဥတို့ မချေးတာကလည်း...အကြောင်းရှိသည်။ မကြေးမျှင်က ဘယ်သူ့အကြွေးမှ ဖွဲ့ဆပ်တာမျိုးမရှိ။ တချို့...ငိုက်ဆံပြန်မတောင်းရဲကြတာနှင့်ပင် လျှော်လိုက်ရတာ များလှပြီ။

"အဲသည်နေ့ကတော့ ချောင်းအသွား လမ်းတွေ့တော့ ကျွန်မ ဖားလျားချထားတဲ့ ဆံပင်ကို နောက်က ဆွဲတဲ့ပြီး...ဟဲ့ကြာဥ...ညနေက ဘယ်တုံးတဲ့...ကျွန်မဖြင့် ကြက်သီးတွေ ထသွားလိုက်တာ ဆရာမရယ်...ကျွန်မစကားပြန်မပြောခဲ့ဘူး...အိမ်ပြန်ရောက်တော့..."

www.burmeseclassic.com



"နေပါဦး…မကြာဥက ဘာဖြစ်လို့ ဆံပင်စည်းမသွားရတာလဲ…"

"ဩော်…ခါတိုင်းတော့ ခေါင်းလျှော်လို့မက ဘာကြီးဖြစ်နေဖြစ်နေ လမ်းထွက်ရင် ဆံဖျားကလေးဖြစ်ဖြစ် ထုံးနေကျပါ ဆရာမရယ်…ဖြစ်ချင်တော့ အဲသည်နေ့က ချောင်းသော မေ့ကျန်ခဲ့တဲ့ ဆပ်ပြာခွက် ကျွန်းသွားမှာစိုးတာနဲ့ ဒုံးသွားရတာကိုး…မကြေးမှုင်လည်း ခေါင်းထဲမရှိတော့ အမှတ်တမဲ့ပေါ့ ဆရာမရယ်…"

"အင်း…ပြောပါဦး မမလေးရယ်…စိတ်ဝင်စားစရာကောင်းလိုက်တာ…"

"ညကျတော့ ထမင်းစားပြီး အိမ်ရှေ့ကွပ်ပျစ်မှာ ထိုင်နေတုန်း…ဘာမှန်းမသိဘဲ ခွေးတွေက ထိုးထိုးဟောင်လိုက်တာ ဆရာမရယ်…တားမရဆီးမရနဲ့…ခွေးတွေ ငြိမ်သွားတော့ ကျွန်မလည်း ကွပ်ပျစ်ပေါ်မှာ လှဲမိတယ်…အဲသည်ညက လ,ကလည်း သာလိုက်ပုံ…လပြည့်တော့ မဟုတ်သေးဘူး…လဆန်း ဆယ့်သုံးရက်လ…လှဲရာက အိပ်ပျော်သွားတာပေါ့ ဆရာမရယ်…ကျွန်မ အိပ်မက်ထဲမှာ မိန်းမတစ်ယောက် ဆံပင် ဖားလျားကြီးချလိုက်လို့…ထဘီ ရင်ရှားကြီးနဲ့…"

မပုန်းရည်ပင် ကြက်သီးထသွားခဲ့သည်။ ပြတင်းတံခါးတွေ ပိတ်ထားသဖြင့် အတွင်းမှာ မအေးလှပါ။ လှောင်သလိုလို မှုန်းသလိုလိုပင် ဖြစ်နေခဲ့သည်။ မပုန်းရည်က မကြာဥပြောသမျှ မေးမနေတော့ပဲ လွှတ်ထားလိုက်သည်။ မကြာဥမှာ ထိုညက အိပ်ရာထချိန်တွင် ဝမ်းထဲအူထဲက ပူလောင်နေခဲ့သည်မှစ၍ ဆေးဆရာ ပင့်ယူရသည်အထိ ပြောပြနေခဲ့သည်။ ထူးဆန်းတာက မကြာဥ အန်တော့ ဆံပင်ချည်တွေးတွေ အခွေလိုက် ထွက်ကျလာခြင်းပင်။ ဆေးဆရာက လက်ဖဝါးနှစ်ဖက် ပူးခံထားသည့်အထဲ အန်ချရခြင်းဖြစ်ရာ အန်ဖတ်တွေထဲက ပါလာတာကို မကြာဥကိုယ်တိုင် မြင်ခဲ့ရသည်ဆို၏။ ဆေးဆရာက အတိုက်အခိုက်ရှိသည်။ အသက်ကိုပါ အန္တရာယ်ပြုခဲ့ရာတ ဆရာ ဦးသွား၍ အသက်ချမ်းသာရခဲ့ခြင်း ဖြစ်သည်ဟု ပြောပြကြောင်းလည်း ပါသည်။

"ကဲသိုလို့ပါလား မမလေးရယ်…"

"ရော်…ဆရာမနယ်…ရှိတယ်…ခုနစ်အိမ်စုနှန်းတစ်ယောက်ဆိုသာကိုး ဆရာမရဲ့…မကြေးမှုင်သမီးကလည်း ဆရာမအတန်းကလား…ဆရာမ မစိန့်အတန်းကလားတော့ မပြောတတ်ဘူး…ကြာဖြူ…မကြေးမှုင်သမီးက ဘယ်သူတဲ့ဟဲ့…"



ကြာဖြူက အိပ်ရှိုပင် ပျော်နေပြီ။ ဘာသံမှ မကြားတော့ မကြာဥက တင်ပါးကို ရှုန်းခနဲ လှမ်းရိုက်လေ၏။ မပုန်းရည်က အိပ်ပါစေ မမလေးရယ်ဆိုမှ ရပ်တော့သည်။ နောက်ထပ် ပြောပြသော စုန်းမကတော့ အမယ်အိုကြီးတစ်ယောက်ဖြစ်၍ ရွာနံမှာ နေသည်ဟု ဆိုပြန်ပါ၏။ ဟုတ်လေသလား၊ မဟုတ်လေသလား မပုန်းရည် အတတ် မပြောနိုင်။ သို့သော် ဒါကလည်း ရွာအသံပဲ မဟုတ်လား။ စုန်းမ မကြေးမှုင်၊ ဒါက အရိုးခ။ မပုန်းရည် နာမည်တွေ မှတ်ထားလိုက်သည်။

တချို့ ညတွေမှာတော့ မကြာဥဆီက ချက်နည်း ပြုတ်နည်းကလေးတွေ ကြားရသည်။ ထူးထူးဆန်းဆန်းတွေတော့ မဟုတ်။ ချဉ်ဖတ် တည်နည်းလို၊ ပုန်းရည်ကြီး ကျိုနည်းလို၊ ရွာစာချနည်းလို၊ ရွာသဘာဝ အလေ့ကလေးတွေ ဖြစ်သည်။ ဒါတော့ မပုန်းရည်အတွက် အကျိုးရှိသည်။ မကြာဥက မျက်စိထဲမြင်အောင် ပြောပြတတ်ပါ၏။ သည်လို ပြောရတာကိုလည်း ဝမ်းသာနေပုံပေါ်သည်။ ကျောင်းဆရာမကို သင်ပြပေးရတာ မဟုတ်လား။

"ဆရာမနယ်…ကျွန်မတို့ရွာတွေမှာတော့ ချဉ်ဖတ်နဲ့ ငါးပိရှိရင် တစ်ဝမ်းတစ်ခါး ပြီးရတာဥစ္စာ…ဟင်းဂလာရွက်၊ ညံ့ရွက်၊ ခံတက်ရွက်များတော့ အိမ်တိုင်း အချဉ်တည်ထားကြတာရယ်…"

ခံတက်ရွက်နုကို ခူး၊ ရေစင်စင်ဆေး၊ ရေအေးစိမ်။ သုံးရက်လောက် စိမ်ပြီးတော့ အိုးထဲမှာ အထပ်လိုက်သိပ်၊ ထမင်းရည်နှင့်ဆား သင့်တင့်ရုံထည့်၊ အပေါ်က ဖိထားရုံ။ ဆည်တော်ချောင်းထဲက ရတတ်သည့် ငါးကလေးတွေကို အရည်ကျို သိပ်နည်းကလည်း စိတ်ဝင်စားဖို့ ကောင်းပါသည်။ ငါးကလေးတွေကို ဆနှံဆောချန်နှင့် တစ်နေပြပြီးမှ ဆားနိုင်နိုင် ထမင်းပျော့ပျော့နှင့်လောကာ အိုးနှင့်အပြည့်သိပ်ကြသည်။ တစ်ပတ် ဆယ်ရက်ရှိတော့ ငါးပိအိုးကို ဖော်၊ အရည်ကျိုကာ ငရုတ်သီးစိမ်း မီးဖုတ်ထောင်း၊ ကြက်သွန်ဖြူထောင်းနှင့် ငါးဇင်ရိုင်းပြုတ်ကို အသားချည်း နှင့်တော့ နမ်းဆိုစိမ်းကလေး တစ်စက်နှစ်စက်ထည့်လိုက်လျှင် စားလို့ကောင်းလှသတဲ့။

"ကျွန်မတို့ရွာချောင်းက ငါးက အရည်ကျိုငါးပိ သိပ်ကောင်းတာ…အိုးဖော်လိုက်ရင်ကို မွှေးလို့ ကြူလို့…ငါးပိရည်ကျိုလိုက်ရင် တစ်အိမ်တည်းအိမ် မနေနိုင်ဘူး စားချင်လွန်းလို့…"

မကြာဥက ဆရာမကို တစ်ရက်ကျွေးဦးမယ်ဆိုတော့ မပုန်းရည်က အခုပဲ စားလိုက်ချင်လှပါတော့သည်။ မကြာဥ ပြောပြနေတာကိုက စားချင်စဖွယ်ကိုး။

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး...ကလေးလူကြီး ဖျားနာကြတော့ ဘယ်လိုဆေးကုကြသလဲ"

"မတ္တရာဆေးခန်း ပြေးကြတဲ့သူတွေလည်း ရှိတာပေါ့ ဆရာမရယ်... ကလေးများကျတော့ ခေါစာလည်း ပစ်တာပဲ...ရှာစာလည်း ချတာပဲ... သူငယ်နာဆေးလည်း ခွံ့တာပဲ...အင်္ဂလိပ်ဆေးပြားလည်း ဝယ်တိုက်ကြတာပဲ...တစ်ပျောက်မတိုး တစ်ပျောက်တိုးပေါ့"

တစ်ပျောက်မတိုး တစ်ပျောက်တိုးတဲ့။ သည်အသုံးကို မပုန်းရည် မှတ်ထားလိုက်သည်။ မကြာဥကိုယ်တိုင် လယ်ရိတ်ဆင်းရသည့်ရက်တွေမှာ လာမအိပ်ပါနဲ့ ဆိုတော့လည်း မရပါ။ အိပ်တာတော့ လာအိပ်သည်။ လယ်ထဲမှာ ခါးကလည်း ကုန်းရသေး၊ တံစဉ်ကလည်း ရိတ်ရသေး၊ နေကလည်း ပူသေးဆိုတော့ မကြာဥ စကားများများမပြောနိုင်။ အိမ်ပေါ်ရောက်သည်နှင့် ထိုးအိပ်တော့သည်။ သည်လို ဆိုတော့လည်း မကြာဥကို သနားမိသည်။ တော်တော့်ကို ပင်ပန်းရှာလွန်းလို့နေမှာ လို့လည်း တွေးမိရပါ၏။ မကြာဥက စောစောအိပ်တော့လည်း မပုန်းရည်မှာ တပည့်မကလေး ကြာဖြူနှင့် စကားပြောရသည်။ တတိယတန်းဆိုသော်လည်း တောမွေးတောကြီးတွေမို့ အရွယ်တွေက ထွားကျိုင်းကြသည်။ ကြာဖြူက ချက်ချက်ချာချာ ရှိသလို စကားကို ကောက်ကာငင်ကာ ပြောတတ်လို့ မနည်း အစရှာရတာတော့ ရှိပါ၏။

"ဆရာမက လေးခွကို ထက်ခြမ်းခွဲလိုက်နော်လို့ မှာတယ်မှတ်လား"

"ဘယ်သူ့ကိုလဲ ကြာဖြူရဲ့..."

"ဖိုးလမင်းကိုလေ...အဲဒါ တကယ်ထက်ခြမ်းခွဲပစ်တာ...ဆရာမကို ပြတယ်မှတ်လား"

"အေးလေ...ဆရာမကတောင် သူ့ကို ချီးကျူးလိုက်သေးတယ်လေ... ဘာဖြစ်လို့လဲ"

"သစ်သားလေးခွကိုပဲ ခွဲတာဆရာမ...ကျွဲချိုလေးခွ သူ့မှာရှိသေးတယ်"

"ဟုတ်လားဟဲ့..."

ထိုနေ့က ဖိုးလမင်းက ကျောင်းကို လေးခွထက်ခြမ်းခွဲ ယူလာကာ မပုန်းရည်ကို အပ်သည်။ မပုန်းရည်က ကျောင်းသားအားလုံး မြင်အောင်ပြရင်း ဖိုးလမင်းကို ချီးကျူးခဲ့သည်။ လေးခွကို ထက်ခြမ်းခွဲလိုက်ခြင်းဟာ မကောင်းတဲ့အလုပ်၊ မကောင်းတဲ့အကြံ၊ မကောင်းတဲ့အပြုအမူကို ဖယ်ရှားလိုက်ခြင်းဖြစ်လို့ ဖိုးလမင်းလိုစိတ်ဓာတ်မျိုး ထားဖို့ပင် မပုန်းရည် တရားဟောခဲ့ပါသေးသည်။ အခုတော့ တစ်လက်ရှိသေးသတဲ့လား



...တော့ ကျွဲချိုလေးခွတဲ့။ ကျွဲချိုဆိုတော့ ထက်ခြမ်းခွဲလို့ မရနိုင်ဘူးထင်ပါရဲ့။ သို့သော် ...ဖြူဆက်ပြောသည့်စကား ကြားရတော့ မပုန်းရည် စိတ်မကောင်းဖြစ်ရသည်။

"ကျွန်မက မေးတာပေါ့...နင့်ကျွဲချိုလေးခွရှိတာ ဆရာမကို ငါပြောလိုက်မယ်လို့...အဲတော့ ဖိုးလမင်းက မပြောဝါနဲ့ဟာတဲ့...အဲသည် ကျွဲချိုလေးခွနဲ့လည်း ငါ ငှက်မပစ်ပါဖူးတဲ့...အဲသည်ကျွဲချိုက သူစီးနေကျ ကျွဲကြီးပေတလူရဲ့ချို ဆရာမရဲ့...သူ ခွဲမပစ်ရက်လို့တဲ့"

"ကျွဲကြီးပေတလူကကော..."

"သေပြီလေ ဆရာမရဲ့...ပါးစပ်က အမြှုပ်တွေထွက်ပြီးသေတာ ကြာပေါ့... သည်တုန်းကများ ဖိုးလမင်း ငိုလိုက်တာများ..."

"ဩော်..."

ကလေးတွေကို မပုန်းရည် နားမလည်သေးပါလား။ တစ်ခါတစ်ခါ ဆရာမ ...ယောက်၏ထောင့်က ကြည့်ပြီး စေတနာကောင်းဖြင့် ဆုံးမရသော်လည်း သူတို့ ...သေးတွေမှာလည်း သူတို့ခံစားမှုနှင့်သူတို့ပါလား။ သူတို့ခံစားမှုကို သိအောင် ...ရမည်။ နှိုက်ယူရမည်။ ပြတင်းပေါက်ဆီက မြင်ရသော လယ်ကွင်းဝါဝါတွေကို ...ည့်ရင်း မပုန်းရည် လျှောက်တွေးမိနေခြင်းဖြစ်ပါ၏။

ကောက်ဦးရန့်ကလေးက လေနှင့်အတူ ပါလာခဲ့ပြန်သည်။

❒

ကျောင်းပိတ်ရက်။

သည်ကနေ့တော့ လယ်ထဲ ကွင်းထဲကို မပုန်းရည် လိုက်ဖို့ပြင်သည်။ ...စောစော ထမင်းအိုးလေး တစ်လုံးတည်သည်။ ထမင်းဟင်းကို မပုန်းရည်ကိုယ်တိုင် ...နေခဲ့တာ တစ်ပတ်လောက်ရှိတော့မည်။ အိုးတွေ ခွက်တွေဝယ်ဖို့ စဉ်းစားထား ...လည်း ရွာလူကြီး ဦးပန်းဆီက အဝယ်မခံပဲ လိုအပ်သမျှအိုးကလေး သုံးလေးလုံး ...ပေးထားသည်။ တိုက်ပန်းကန် နှစ်ချပ်, သုံးချပ်၊ စတီးဇွန်း လေး, ငါးချောင်း ...င်းတစ်ချောင်း၊ ဒယ်ပါးကလေးတစ်လုံးလည်း ပါပါ၏။ မပုန်းရည်မှာ သုံး... ...ချိုင့်ကလေးတစ်လုံး ပါလေတော့ လုံလောက်ပါသည်။ နန္ဒင်းလေး၊ ...လေး ...သီးအကျက်မှုန့် အကြမ်းမှုန့်ကလေးတွေကိုတော့ မြေအိုးသေးသေး...ကလေးတွေကို ...ရည် သုံးသည်။ မြေအိုးကလေးတွေမှာ မြေအဖုံးကလေးတွေ ပါပါသည်။ ...ဥတို့က မီးဖိုကျင်းကလေး တူးကာ သုံးချောင်းထောက် ...မီးဖိုကလေးတစ်လုံး ...ပေးကြပါ၏။ ထင်းခြောက်တွေကိုလည်း စည်းရိုးမှာ ...ထားပေးသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟင်းချက်စရာကကော…။ နတ်ရေကန်မှာ ဈေးရှိတာမဟုတ်။ လိုတာလေး ပြေးဝယ်ချင်လို့မရ။ သို့သော် ရွာပြင်မှာ စိုက်ခင်းကလေးတွေ ရှိသည်။ ဘူး၊ ဖရုံ၊ ပဲတောင့်ရှည်၊ ငရုတ်၊ ခရမ်းချဉ် စသည်ဖြင့် တစ်အိုးစား တစ်နပ်ချက်ကတော့ မပုန်းရည် ရှာနိုင်သည်။ မတ္တရာဈေးသွားသူတွေကိုလည်း ညဦးကတည်းက မှာနိုင်သည်။ အာလူး လို၊ ကုလားပဲလို၊ ငါးခြောက်လို အထားခံတာကလေးတွေကိုတော့ မပုန်းရည် ကြိုဝယ်ထားကာ ဆန်ကာကြဲရက်ထားသော ခြင်းထဲ ထည့်ထားရပါ၏။ စပါးစိုက်သော အရပ်ဒေသမို့ မပုန်းရည်အတွက် ဆန်ကတော့ မရှား။ ဆန် နို့ဆီဘူး တစ်ဘူးချက်လျှင် ညမနက် မကုန်ချင်။ ဘဲမွေးခြံတွေရှိတော့ ဘဲဥကလည်း မစားချင်မှအဆုံး။

ကျောင်းမသွားခင် မနက်အစောစာကို မကြာဥတို့အိမ်ကပဲ ဒိုင်ခံပို့ပေးနေသည်။ ရွာမှာ ပဲပြုတ်လို၊ အကြော်လို တွဲဖက်စားနိုင်တာလည်းရှိသည်။ ကျောင်းဖွင့်ရက် နေ့ခင်းစာကတော့ ဆရာတော့်ကျောင်းမှာ စားခွင့်ရနေတော့ ထမင်းထည့်သွားဖို့ မလိုပါ။ ကျောင်းပိတ်ရက်မှာတော့ မပုန်းရည်က ညမနက်စာ တစ်ခါတည်းချက်ထား လိုက်သည်။ ညနေတိုင်လျှင် မပုန်းရည်ထံ ဟင်းတစ်ခွက် နှစ်ခွက်ကတော့ ရောက်လာ မြဲပင်။

"ကျောင်းဆရာမ…ကိုယ့်ဟာကိုယ် ချက်စားနေဆို…ရွာထမင်း ရွာဟင်း မစားနိုင်လို့လား…ပန်းဆီတို့ကို ဘုန်းကြီးပြောပေးမယ်…ဘယ့်နှယ် ကိုယ့်တပည့်တွေ ရှိနေတဲ့ဟာ…မချက်နဲ့…ကရိကထများတယ်…အား မလွယ်ဘူး"

တစ်ရက် ဆရာတော့်ကျောင်းရောက်တော့ ဆရာတော်က မိန့်ခြင်းဖြစ်သည်။ မပုန်းရည်က ရွာထမင်း ရွာဟင်း မစားနိုင်လို့ မဟုတ်ပါကြောင်း၊ အခုလည်း ရွာထမင်း ရွာဟင်းနှင့် မကင်းပါကြောင်း၊ ရွာကို ကရိကထ မဖြစ်စေချင်တာ ပါကြောင်း လျှောက်ထားရပါ၏။ ရွာလူကြီးများက စီစဉ်ပေးသော်လည်း ကိုယ်တိုင်က ငြင်းဆန်ခဲ့တာ ဖြစ်ကြောင်းလည်း ရှင်းပြ လျှောက်တင်ရသည်။ တကယ်တော့ မပုန်းရည်မှာ ရွာထမင်း ရွာဟင်းနှင့်ရော ကျောင်းထမင်း ကျောင်းဟင်းနှင့်ပါ မကင်းတာ အမှန်ပင်။ သို့သော် ရွာမှာပဲ စားပါတော့မည်ဆိုသည်နှင့် ခမျာများ လုအောင် ပအောင် ချက်ကြရတော့မည်။ ဟင်းကောင်းကျွေးကောင်း စီမံကြရတော့မည်။ သားငါးဟင်းရံ ရှာကြရတော့မည်။ တောအလုပ်၊ လယ်အလုပ် မအားသည့်ကြားက တစ်ဝန်ပိုကြမှာကို စိုးသည်။ ထမင်းကလေးတစ်လုံး တည်ထားရုံ ကြုံသလို ရောက်လာသော ဟင်းတစ်ခွက်တလေ ကို လက်ခံလိုက်ရတာက တော်သေးသည်မဟုတ်လား။ ညဘက် လာအိပ်သော မကြာဥပင် မပုန်းရည် ချက်ပြုတ်နေတာကို အပြစ်တင်သည်။



"အဖေတို့ကရော…လေးလေးတို့ကရော…စိတ်မကောင်းဖြစ်နေကြတာ ဆရာမရဲ့…မနက် ကျောင်းကကျွေးရင် ညစာ အဖေတို့က ကျွေးလို့ဖြစ်တာပဲတဲ့…ဆရာမက ကျွန်မတို့ရွာက ချက်တာ မကြိုက်လို့လား"

"မဟုတ်ရပေါင် မကြာဥရယ်……ရွာကိုလည်း ပြောပြပါ……ဆရာမ ဒေါ်မြင့်မြင့်စိန်ကလည်း အဲသလိုပဲ ပြောပါတယ်…ကျွန်မကြောင့် ဝန်မပိုစေချင်လို့ပါ…အခုလည်း ရွာကချက်တာ စားနေတာပဲဟာ…"

တော်တော်လေး အတိုက်အခံပြောတော့မှ မပုန်းရည်၏ ထမင်းအိုး ဟင်းအိုး [illegible] အဆင်ပြေတော့သည်။ မပုန်းရည်ကိုယ်တိုင် စောစောထ၊ ထမင်းကလေး တစ်အိုး [illegible] ဟင်းကလေးတစ်ခွက်ချက်ပြီး ညစာထမင်းတစ်နပ်အတွက် လုံးပမ်းရတာကိုပင် [illegible]တစ်ခု ထမ်းရွက်ရသလို ခံစားရပါ၏။ မိန်းမသားဆိုတော့လည်း အိုးမည်း [illegible]တော့ ပေပါဦးမှ။

သည်ကနေ့ နေ့လယ် ထမင်းအိုးတစ်လုံး တည်ထားလိုက်သည်။ ကနေ့ [illegible] သယ်ကွင်းတွေထဲ မပုန်းရည် သွားမည်။ ညက ကြာဖြူကို ပြောထားတော့ [illegible]ရောက်လာသည်နှင့် ထွက်ကြရုံ။ ကြာဖြူက ဘဲတဲစုကိုပါ လိုက်ပို့မည်ဟု [illegible]သည်။ စပါးခင်းတွေက ရွာအရှေ့မှာလည်းရှိသည်။ ရွာအနောက် ဆည်တော် [illegible]တစ်လျှောက်မှာလည်း ရှိသည်။ ဘဲတဲစုကတော့ ချောင်းပေါင်အနောက်ထိုထိုက [illegible]သေးလို့ ဆိုပါသည်။ မပုန်းရည်က လက်ရှည်အကျႌတလေး ထပ်ဝတ်ကာ [illegible]ခါးကို ထူထူကလေးလိမ်းသည်။ ကြာဖြူရောက်လာတော့ အခန်းတံခါးကို [illegible]တ်၊ ခြံတံခါးကို စေ့ကာ ထွက်ခဲ့ကြသည်။

နှင်းတွေက သစ်ရွက်တွေပေါ်မှာ ဥနေကြတုန်း။ ဆည်တော်ရေသောက်ရွာ [illegible]လည်း သစ်ပင်ပန်းမာန် သိပ်မစိုက်ကြလေတော့ တစ်အိမ့်တစ်အိမ် အိမ်ချင်း [illegible]ကြပါ၏။ ရွာလမ်းတွေက ဖုန်နှင့်နိုင်းချင်း။ နတ်ရေကန်ကို ရောက်ရပြီ [illegible]ည်းက ကျောင်းနှင့်အိမ်ကိုသာ အကူးအလူးရှိခဲ့တာဆိုတော့ ရွာလယ်လမ်းက [illegible]ည် ဖြတ်သွားသည်နှင့် အိမ်တွေက အထူးအဆန်းဖြစ်နေပုံပေါ်သည်။

"ဆရာမလေး…ဘယ်များတုံးတော့…စောစောစီးစီး…ရေနွေးသောက်လှည့်ပါဦး"

"ကျေးဇူးတင်ပါတယ်ရှင်…ကျောင်းပိတ်တုန်း ရွာပတ်ဝန်းကျင် လျှောက်ကြည့်တာပါ"

"အပြန်တော့ ဝင်ခဲ့ဦးပေါ့ ဆရာမလေး…"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါရှင့်…"

သည်လိုနှုတ်ဆက်ကြသူတွေရှိသလို၊ တချို့ကလည်း မဝံ့မရဲဟန်ဖြင့် မျက်နှာလွှဲသွားကြသူတွေလည်း ရှိပါ၏။ မပုန်းရည်ကတော့ အလိုက်သင့်ဖြေရသည်။ သွားရင်းက ဖြေတာမျိုး မဖြစ်ရအောင် အိမ်ရှေ့စည်းရိုးတိုင်ကလေးတွေကို ကိုင်ရင်း တရင်းတနှီး ရှိရှိသေသေ ပြန်ဖြေရ၏။

"အဲဒါ ဘယ်သူ့အိမ်လဲ ကြာဖြူ"

"ရေနွေးသောက်ဖိတ်တာ ဦးပေါတို့အိမ်…ဦးပေါမိန်းမ ဒေါ်ဉာဏ်က ခေါ်တာဆရာမ…နောက်အိမ်က ဘကြီးကောက်တို့အိမ်…အဲဒါပြီးတော့ ကြီးတော်မေတို့အိမ်…သည်အိမ်က ဒေါ်ကြီးမခင်ပုပ်တို့အိမ်…ဩဘာတို့အိမ်လေ ဆရာမရဲ့…"

မပုန်းရည်က နာမည်တွေကို မှတ်ထားသည်။ အိမ်တွေကို မှတ်ထားသည်။ တချို့အိမ်တွေက ကျောင်းသားမရှိကြပေမယ့် ရွာဝတ္တရား၊ ရွာညှော်ဝတ် ကျေချင်ကြလို့ ဖြစ်သည်။ များသောအားဖြင့် အိမ်တွေမှာ ကိုးစောင့် ကြက်နှင့် လူကြီးတွေလောက်သာ ကျန်ကြပုံပေါ်သည်။ သည်ရာသီက လုပ်နိုင်ကိုင်နိုင်ရှိကြသူတိုင်း ကောက်ရိတ်ထွက်ကြရသည်ထင်ပါ၏။ အိမ်တန်းတွေကျော်တော့ ရွာအဝင်တံတားကို တွေ့ရပြီ။ ဆည်တော်ချောင်းပေါ်မှာ ဖြတ်၍ကူးထားသော သစ်သားတံတားကလေးက လှည်းတစ်စီးဖြတ်မောင်းသာရုံတော့ ကျယ်ဝန်းပါသည်။ တံတားကို ဖြတ်ကူးပြီးတော့ ချောင်းတစ်ဖက်ထိပ်က တာပေါင်ရိုးကြီးပေါ် ရောက်ပါ၏။ တာပေါင်ပေါ်က ဆီးကြည့်လိုက်တော့မှ သဘာဝမြင်ကွင်းကျယ်ကြီးကို ဘွားခနဲ တွေ့လိုက်ရလေတော့သည်။

ကြည့်စမ်းပါ့…။ ရွှေဝါရောင်လယ်ကွင်းတွေ၊ လူတွေ…လူတွေ။ စပါးခင်းထဲမှာ ငုံ့သူ၊ ကိုင်းသူ၊ ဆန့်သူ။ ဘယ်ယိမ်းညာယိမ်း။ ရိတ်ပြီးစပါးပင်တွေကို သေးနှေးတစ်ပိုက် စီကာ စီကာ ချနေကြတာကလည်း ပန်းပွားယိမ်းထွက်နေတာနှင့်ပင်တူသည်။ ဒါကတော့ စပါးယိမ်းပေါ့။ တစ်ကွင်းလုံးကို အပေါ်စီးက မြင်နေရတာကိုပဲ မပုန်းရည် ကြည့်၍မဝနိုင်ပဲ ရှိခဲ့ရပါ၏။ ဟိုးဝေးဝေးက ရွာစုစုကလေးတွေကိုလည်း တွေ့နေရသည်။ ရွာစုကလေးတွေက အများသား။ မိုးတွင်း စပါးစိုက်ချိန်ဆိုလျှင်တော့ သည်မြင်ကွင်းက အစိမ်းရောင်နေမှာပေါ့။ နောက်တော့ စိမ်းဝါသွေး၊ နောက်တော့ ဝါရွှေသွေး၊ စပါးသီးကလေးတွေပုံးစ နို့ရည်ခဲစဆိုရင်တော့ ရွှေညိုရောင်ပြောင်းရှောမည်။ မပုန်းရည်က လည်တိုင်ကလေး မျှော်ကြည့်ရင်း စိတ်ထဲမှာပဲ စပါးခင်းတစ်ခွင်လုံး အရောင်တွေပြောင်းကြည့်နေခဲ့မိပါသည်။



မပုန်းရည်က ရန်ကုန်သူ ဆိုပေသိ ရန်ကုန်တစ်ဝိုက်မှာ စပါးခင်းတွေ မြင်ရဖို့ ခဲယဉ်းဝါသည်။ မြို့ပြင် တော်တော်ဝေးဝေးကို ထွက်လျှင်တော့ စပါးခင်းတွေ မြင်ရသည်ပြီ။ မပုန်းရည်တို့အမေဘက်က အမျိုးတွေ ခရမ်းသုံးခွဘက်မှာရှိတော့ အမျိုးတွေဆီရောက်ရတိုင်း စပါးခင်းတွေကို ထိတွေ့ရသည်။ အဘိုးလေး ဖိုးတူကို တွေ့ချင်လျှင် သယ်တောအိမ်ကလေးထိ သွားရပါသည်။ အဘိုးလေးက လယ်ကွင်းထဲမှာပဲ နှစ်ပေါက်နေထိုင်သည်။ အဘိုးလေး၏ လယ်တောအိမ်က ခပ်ကုပ်ကုပ်။ မနိမိုး ထရံကာဖြစ်သည်။ တဲကြီးရှေ့မှာ အသီးတွေ ခဲနေတတ်သော ဘူးစင်ရှိသည်။ နွားတွေကိုတော့ နွားတင်းကုပ်မှာ ချည်ထားသည်။ ကောက်ရိုးပုံကြီးတစ်ပုံ၊ ကြက်သအုပ်မ တစ်အုပ်၊ ဓနိအမိုးဆင်ထားသော ရေတွင်းတိမ်တစ်တွင်း၊ ချည့်ပေါင်တစ်ခင်း မှိုတစ်ကျင်းနှင့်နေသူဖြစ်သည်။ အဘိုးလေးဆီရောက်ရတိုင်း စပါးခင်း ကွင်းကျယ်အရောင်အမျိုးမျိုးကို မပုန်းရည် မှတ်ထားလေ့ရှိ၏။ မိုးဦးကျစ ပျိုးကြဲချိန် ပျိုးနုတ်ချိန်တွေမှာတော့ မိုးထဲရေထဲက အစိမ်းရောင်သည် အလွန်လှသည်။

'မိုးစရိုက်ပေမို့
ပျိုးစိုက်တယ်ပျော်ပျော်
လက်စားငယ်ခေါ်သည်
မျက်ဝါးဖော် သူငယ်ချင်းတွေနှင့်
လယ်ခင်းပြန့် သမန်းပြင်မှာ
အငန်းတွင် သူငါခင်းပါလို့
မှုရာချင်းမြို့သူမီပေါင်
တို့တူညီ သံချိုးတေးငယ်နှင့်
ဖန်ညိုအေးချိန်လောက်ဆီကို
အိမ်ရောက်မီ ကြဲပြန်ရတယ်လေး…'

ဦးဒွေးကြီး၏ကဗျာကို မပုန်းရည် အလွန်နှစ်သက်လှပါ၏။ အခုတော့ အညာအသ ရွာကလေးတစ်နေရာကို မပုန်းရည် ရောက်နေရပါ၏။ ကိုယ့်နိုင်ငံ၊ ကိုယ့်မြေမှာ စပါးခင်းတွေကို ကင်းချင်လို့ မဖြစ်နိုင်ပါ။ အဘိုးလေး၏ လယ်တောအိမ်ကို မပုန်းရည် လွမ်းမိရသေးသည်။ မြင်ကွင်းထဲမှာလည်း လယ်တောထဲက တဲကလေးတွေကို မြင်နေရသည်။ ကြာဖြူပြောသည့် ဘဲတဲတွေလည်း ဖြစ်နိုင်သည်။ မပုန်းရည်က ဆည်ဘက်ပြန်လှည့်ပြီး ဆည်တော်ချောင်းကလေးကို ငေးကြည့်နေလိုက်ပြန်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



တာ‌ပေါင်အမြင့်နှစ်ဖက်ကြားမှာ ချောင်းကလေးက ကြိုးကြီးတစ်ချောင်း ပစ်ချထားသလို ခန့်စန့်ရှည်ရှည်ကြီး လဲလျောင်းလျက်ရှိသည်။

"ရွာက သည်ချောင်းရေကို သုံးကြတာလား ကြာဖြူ…"

"သုံးရေပေါ့ ဆရာမရယ်…ရေချိုး အဝတ်လျှော်ချင်ရင် ချောင်းထဲဆင်းကြတာပဲ…ဘုန်းကြီးကျောင်းက ရေတွင်းက ရေချို…သောက်ရေခပ်ကြတာပေါ့…ရွာထဲမယ် အရီးခ အိမ်ဝိုင်းထဲ ရေတွင်းရှိတယ်…ဒါပေမဲ့ အရီးခ ကြောက်လို့ သိပ်မသုံးဖြစ်ကြပါဘူး ဆရာမရယ်…"

"ဪ…"

မကြာခင် ပြောပြသော ဇာတ်လမ်းတွေထဲက စုန်းမအိုကြီးဆိုတာ ထင်ပါရဲ့။ ချောင်းရေက အတော်ကြည်ပါသည်။ ချောင်းထဲက သဲတွေ၊ ကျောက်စရစ်ကလေးတွေကိုပင် အတိုင်းတိုင်း မြင်နေရပါ၏။ မပုန်းရည်က သူ့အိမ်က ရေစဉ်အိုးကို ဖျတ်ခနဲ သတိရလိုက်သည်။

"ဆရာမ စဉ့်အိုးထဲက ရေကကော…"

"အဲဒါ ချောင်းရေပေါ့…လေးလေး ထမ်းဖြည့်ထားတာ"

လေးလေး…။ မကြာခင်ပြောသည့်စကားထဲမှာလည်း လေးလေးဆိုတာ ပါသည်။ လေးလေးဆိုတာ ဘယ်သူ့ကို ပြောတာပါလိမ့်။

"လေးလေးဆိုတာ…လေးလေးကြာစွယ်ကို ပြောတာလေ…မမလေး အောက်က မောင်"

မပုန်းရည်က တာပေါင်ရိုးမှာရပ်ရင်း အရှေ့အနောက် တောင်မြောက် ဝဲယာ မြင်ရသမျှ မြင်ကွင်းတွေကို လိုက်ကြည့်နေခဲ့သည်။ ဆည်တော်ချောင်းကို မေးတင်ထားသော နတ်ရေကန်ရွာကတော့ ရာသီမရွေး ရေရနေတာတလည်း ရွာကုသိုလ်ပင်။ တစ်ဆက်တည်းမှာပင် မပုန်းရည်အတွက် လူတစ်ယောက်က နေ့စဉ် ချောင်းထဲက ရေထမ်းထမ်းပြီး ရေဖြည့်ပေးနေရတာကိုလည်း အားနာလိုက်မိပါ၏။

"ကြာဖြူရေ…နောက်ဆို ဆရာမလည်း ချောင်းထဲပဲ ရေဆင်းချိုးတော့မယ်ကွယ်"

မပုန်းရည်နှင့် ကြာဖြူ တာပေါင်ကြီးပေါ်က ဖဲ့ဆင်းခဲ့ကြသည်။ ကွင်းစပ်ကို ဆင်းမိခြင်းသည် လယ်ကွက်တွေထဲ ဆင်းခြင်းပင်ဖြစ်၍ အနီးဆုံး ကန်သင်းရိုးက အတွင်းကို လျှောက်ခဲ့ကြပါ၏။ စပါးပင်တွေက ငိုက်ကျနေကြသည်။ ရိတ်ကောင်းအောင် ဝါးဖြင့် လှဲထားတာလည်း ဖြစ်နိုင်ပါ၏။ အနံ့တွေက နံ့ပြည့် အခက်ဖူးဖူးကြီး



…ရှေ့က လျှောက်သွားသည့် ကြာဖြူ့နောက်ကို မပုန်းရည်မှာ မနည်းမီအောင် …နေရသည်။ တစ်ဖက်တစ်ချက် စပါးရိတ်နေကြသူတွေက မြို့သူ ကျောင်းဆရာမ …လုပ်တာပါလိမ့် ဆိုသလို ခါးဆန့်ရင်း လှမ်းမျှော်ကြတာလည်း ရှိသည်။ …ကန်သင်းခုံမှာ စားလက်စ ကောက်ညှင်းပေါင်းပန်းကန်တွေ၊ ရေနွေးအိုးကြီးတွေ၊ …ကလက် လန်နေကြသည့် အကြမ်းပန်းကန်တွေကို တွေ့ရသည်။ တချို့နေရာ…တော့ ထမင်းတောင်းကြီး၊ ဟင်းဒန်အိုးကြီးတွေ ချထားတာများပင် ရှိသည်။

"ဆရာမလေး ဒေါ်ပုန်းရည်…စပါး လာရိတ်တာလား"

"ဆရာမလေးရေ…ရေစပ်က မြော့တွယ်မယ်နော်…ကန်သင်းပေါ်က လျှောက်…လယ်ထဲများ ယောင်လို့မှ မဆင်းလိုက်နဲ့တော်ရေ့…"

ဘယ်သူဘယ်ဝါမှန်းတော့ မပုန်းရည် မသိပါ။ 'ဆရာမလေး'လို့ နှုတ်ဆက်…တော့ နတ်ရေကန်ကပဲ ဖြစ်ပေမပေါ့။ ခေါင်းမှာ တဘက်ပေါင်းထားကြတာ…ကိုဖြစ် မေးသိုင်းကြိုးနှင့် ဆောင်းထားကြသည့်အပြင် သနပ်ခါးတွေက ပိန်းနေ…တော့ ဘယ်သူရယ်လို့ အတတ်မပြောနိုင်။ မပုန်းရည်မှာ ရွာနှင့် မရင်းနှီးလှ…တော့ မဖြူရယ်၊ မနီရယ်လို့ နှုတ်မဆက်သာ။ ယောက်ျားသားကြီးတွေကလည်း …ပြီးပင်။ အကျီလက်ရှည်ထူထူကြီးတွေ ဝတ်ထားကြပြီး လက်ကောက်ဝတ်မှာ …ည်းထားကြသည်။ တံစဉ်ကြီးတွေက ကွဲချိုတံစဉ်ကြီးတွေများလား။ ကော့ကော့…ကြီးတွေ။ စပါးပင်တွေကို တံစဉ်သွားဖြတ်သံ တရှိန်းရှိန်းက တစ်ကွင်းလုံးမှာ …နေရသည်။ တစ်နေရာရောက်တော့ ကြာဖြူက ခါးကလေးထောက်ကာ လယ်…သင်းပေါ်မှာရပ်ရင်း မိသားစုတစ်စုနှင့် စကားတွေပြောနေသည်။ မပုန်းရည် အနားကို …တော့ ကြာဖြူက လက်ညှိုးထိုးပြပါ၏။

"ဆရာမ…အဖေရယ်"

မပုန်းရည်က ကြာဖြူ့အဖေကို ဘယ်သူဘယ်ဝါဆိုတာထက် ပထမဆုံး …လိုက်သည်မှာ ရက်အမ်းအမ်းကြီး မော့ကြည့်နေသည့် မျက်နှာကို ဖြစ်သည်။ …လို လယ်ကွင်းထဲမှာ သည်လိုဆရာမ သည်လိုရောက်လာမယ်ဆိုတာ လုံးလုံးကြီး …ထားပုံမရ။ အနားမှာ စပါးရိတ်နေကြသူတွေက ရိတ်လက်စ ခဏရပ်ကြပြီး …ရည်ကို ကြည့်နေကြပါ၏။

"ဪ…ဦးကြာခွက်လား…ကျွန်မလည်း ဘိုးကြီး ဘွားကြီးတို့ဆီကို သွားနှုတ်မဆက်ရသေးဘူး…အလုပ်များနေကြတယ်ဆိုလို့ပါရှင်"

"အလုပ်ကတော့ မများပဲလားဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဦးကြာခွက်ဇနီးလား..."

"ကြာဖြူ့အမေရယ်..."

မပုန်းရည် ရယ်ချင်သွားသည်။ ဦးကြာခွက်ဇနီးက ကြာဖြူ့အမေပဲ မဟုတ်လား။ ကြာဖြူ့အမေက အသားညိုညို ပိန်ပိန်ပါးပါးဖြစ်သည်။ မပုန်းရည်ကို မော့ကြည့်နေရာက ပြုံးပြသည်။ စကားတော့ ဝင်မပြော။ ဦးကြာခွက်ကတော့ မတ်တတ်ကြီး ရပ်မြဲရပ်လျက် မပုန်းရည်ကို ကြည့်နေဆဲ။ မေးတာကို ဖြေဖို့ စောင့်နေပုံမျိုး။

"လျှောက်ကြည့်တာ ဦးကြာခွက်ရဲ့...ကြာဖြူ့ကို လိုက်ပို့နိုင်းရတယ်"

"အင့်ပါ...ရပါတယ်...ခေါ်သွားပေါ့"

မပုန်းရည်ရှိနေသရွေ့ မတ်တတ်ကြီးရပ်နေမှာကိုသိတော့ ရှေ့ဆက်လျှောက်ခဲ့ရသည်။ ကန်သင်းတွေက ကွန့်ရက်ဆက်နေလေတော့ ကန်သင်းရိုးတစ်လျှောက် ထိုထိုပေါက် လျှောက်ခဲ့ကြသည်။ ခပ်ဝေးဝေးက သီချင်းသံတွေကိုလည်း ကြားရပါသည်။ စာတ်ထုပ်ထဲက စာတ်မင်းသားတွေ ဆိုကြသည့်သီချင်းများကို ကြားရတော့ မပုန်းရည် အံ့သြရသည်။ အောင်လှသော အသံကြီးတစ်သံက ကွင်းလုံးကြား ပေါက်ထွက်လာခဲ့ပါ၏။ ပင်ပန်းရသည့်ကြားက သီချင်းဟစ်နိုင်ကြသူတွေ။

'မချိပေါင် တုတ်တံပျာနဲ့ ရိုက်သော်လည်း၊ မသိအောင် ကျူပ်မှာကြိုက်ခဲ့ မဆုတ်မနွာ ထိုက်ကြင်နာသည်အမှန်၊ မဖျင်လာပြန်တာက အမေ့သဘော နှစ်လို့သာ ရိုက်တော့မယ်ပ ချစ်ကြိုက်စွာသိမြင်၍၊ မသိသချင်တာတွေကို ညည်းလင်မို့ ကလက်လာသလားရယ်လို့၊ စကားအချက် အခိုင်အမာ ပြောခဲ့ပေမယ့် ကိုရှုပရေ၊ ရှင်သနားရက်ကယ်နှင့် ကျွန်မ မဖျင်နိုင်ပါသကော အော...ဟော...ဟော...'

မပုန်းရည်နှင့် ကြာဖြူတို့ တော်တော်ကလေး လျှောက်မိကြတော့ မကြာဥတို့လယ်ကွက်ထဲ ရောက်ခဲ့ကြသည်။ ရွာနှင့်နီးနီးမဟုတ်ဘဲ ရွာစွန်တော ခေါ်ကြသည့် တစ်ဖက်ရွာအစပ်ကိုပင် ရောက်ခဲ့ခြင်းဖြစ်၏။ စပါးပင်တွေ ကုန်းကာ ကုန်းကာ ရိတ်နေရှာသော မကြာဥကို မပုန်းရည် အသနားပိုမိရသည်။ ခမျာ လယ်တောက အပြန်ခရီးသည်ပင် ဝေးလှပါကော။ တကယ်တမ်း ကိုယ်တိုင် လယ်တောထဲကိုရောက်မှ မပုန်းရည် ကိုယ်ချင်းစာမိရပါသည်။ လယ်ထဲမှာ မိဘတွေက နေကုန်နေ့ခန်း အလုပ်ဆင်းကြရတော့ နိုင်းလောက် စေလောက် သားသမီးတွေကို ကျဖော်လောင်ဖက် ခေါ်သွားကြရတာကိုလည်း မပုန်းရည် နားလည်လိုက်မိပါ၏။ စာသင်ခန်းထဲက မပုန်းရည် တပည့်ကလေးတချို့ကို လယ်တောထဲ တွေ့ရတော့ စိတ်မကောင်းဖြစ်ရသည်။ ကောက်



ရိုင်းသယ်သူ၊ ကောက်သင်းကောက်သူ၊ ကျွဲကျောင်းသူ၊ ဘဲကျောင်းသူ၊ ထမင်းပို့သူ၊ ကလေးကူထိန်းသူ စသည်ဖြင့်...။ ကျောင်းပိတ်ရက်ဆိုတော့လည်း ကူရမှာပေါ့လေ။

"သြော်...ဆရာမ"

မပုန်းရည် ရောက်လာတော့ မကြာဥ လယ်ရိတ်ရာက ခဏနားသည်။ ကန်သင်းပေါ် လာထိုင်သည်။ မနီးမဝေးမှာ ရွာသူရွာသားတွေ စပါးရိတ်နေကြသည်။

"လေးလေးလည်း ပါတယ်...ဟိုဘက်မှာ ရိတ်နေတာလေ...ဒါ ကျွန်မတို့ လယ်တွေ...ဟောဟိုးက ထနောင်ပင်ပုအထိ ရောက်တယ်...အစ်ကိုလေး ကိုကြာရိုးတို့လယ်တွေက အရှေ့တောမှာလေ...အစ်ကိုကြီး ကိုကြာခွက်တို့လယ်တွေက တာရိုးစပ်မှာတင်ရယ်"

မကြာဥက ခေါင်းပေါင်းတဘက်ကလေး ဖြေကာ နဖူးစပ်က ချွေးတွေ သုတ်ရင်းက မပုန်းရည်ကို ရှင်းပြနေခြင်းဖြစ်သည်။ မပုန်းရည်က လေးလေးလို့ခေါ်ကြသော ကိုကြာစွယ် ဘယ်သူမှန်းမသိဘဲ မှန်းသမ်းကြည့်လိုက်သည်။ တစ်ဖက်လယ်စပ်မှာ မပုန်းရည်တို့ဘက်ကို ကျောပေးပြီး ခမောက်ကြီးဆောင်းကာ လယ်ရိတ်နေသူသည် ကိုကြာစွယ်ဖြစ်ရမည်ဟု မပုန်းရည် အတတ်တွေးလိုက်မိပါ၏။ တခြားလယ်ရိတ်သူတွေက ကောက်ငန်းခွင်မှာ အလိုက်သင့် စပါးတွေကို ရိတ်နေကြသော်လည်း ကိုကြာစွယ်ဆိုသူကတော့ မပုန်းရည်တို့ဘက်ကို သိသိသာသာကြီး ကျောပေးကာ တဆောင်းကြီး ရိတ်နေလေသည်။ မပုန်းရည်ကို သူ နှုတ်မဆက်ချင်လို့လား။ ဒါမှမဟုတ် မပုန်းရည်ကိုပဲ ရှက်နေတာလား။

"ဦးကြာခွက်တို့လယ်ဘက် ရောက်ခဲ့တယ်...မကြာဥ အစ်ကိုကြီးက တော်တော်ရှက်တတ်တယ်နော်"

"ဆရာမို့ ရှက်တာ...အိမ်မှာတော့ မျက်မြင်ထက် ဗေဒင်က မှန်ချင်တာ ဆရာမရေ...တစ်ယူသန်ရယ်...မေးကြည့်ပါလား ကြာဖြူ့ကို..."

ကြာဖြူက သူ့အဖေအကြောင်း ပြောတာကို ပြုံးပြီး နားထောင်နေသည်။ ကြာဖြူက သုံးတန်းဆိုသော်လည်း အရွယ်က ငါးတန်းကျောင်းသူလောက်ရှိပြီ။ ကြာဖြူ့ကို ကျောင်းနုတ်မည့်ကိစ္စနှင့်ပတ်သက်၍ မကြာဥနှင့် စကားများရသေးသည်ဆို၏။ အစ်ကိုကြီးဆိုသော်လည် ကြာဥကို မောင်နှမထဲမှာ တစ်ဦးတည်းသောနှမမို့ ခလေးပဲ ခေါ်သည်ဆိုပါ၏။

"နှင်တောင် စာမတတ်ပဲ မိမလေးရာတဲ့...ကြာဖြူ့ကျ အတန်းကုန် တက်စေချင်သလား...မဟုတ်တာတဲ့လေ...ကျွန်မ မတတ်တာနဲ့ သူ့သမီး စာတတ်ရပါ့မလားပေါ့လေ...အစ်ကိုကြီးက တမျိုးရယ် ဆရာမ"

www.burmeseclassic.com

www.burmeseclassic.com



မကြာဥနှုတ်က လွှတ်ခနဲ ထွက်ကျလာသောစကားကြောင့် မပုန်းရည် အံ့သြသွားရသည်။ မမလေးက စာမတတ်ဘူးတဲ့လား။ မကြာဥလို စာမတတ်ကြသူတွေ ရွာထဲမှာ ဘယ်နှယောက်တောင် ရှိလေမလဲ။ သည်ကိစ္စက မပုန်းရည်ရင်ထဲ နှင့်နှင့်နဲ့နဲ့ ဝင်ရောက်လာတော့၏။ မပုန်းရည်က တစ်ခေါ်လောက်အဝေးမှာ ခါးတကုန်းကုန်း စပါးရိတ်နေကြသည့် မကြာဥတို့က လေးလေးဟုခေါ်ကြသည့် ကိုကြာစွယ်ကို လှမ်းကြည့်သည်။ မပုန်းရည်တို့ဘက်ကို တစ်ချက်ကလေး မလှည့်။ မမလေး မကြာဥတို့ လှမ်းခေါ်သော်လည်း လှည့်မကြည့်။ ထိုအခါ မကြာဥက မဲ့ပြသည်။ သူကလည်း တစ်မျိုး ဆရာမရဲ့တဲ့။ ကိုကြာစွယ်က မောင်ငယ်ဆိုသော်လည်း တူမတွေခေါ်ကြသလို လေးလေးလို့ပဲ ခေါ်ကြတာကို မပုန်းရည် သတိထားမိသည်။ မကြာဥ အလုပ်ဖျက် မှာစိုးတော့ မပုန်းရည်တို့ ထွက်လာခဲ့ကြပြန်၏။ ကြာဖြူက ဘဲတဲတွေဘက် သွားရအောင်ဆိုလို့ ကြာဖြူနောက် တကောက်ကောက်လိုက်ရပြန်သည်။ ဘုန်းကြီးကျောင်းဘက်ဆီက ကိုးနာရီ ကြေးမောင်းထိုးသံကို ကြားလိုက်ရပြီ။ ဆောင်းနေကလေးပင် ရှူစပြုခဲ့လေပြီ။ မပုန်းရည်ကတော့ လယ်တောထဲ ဖြတ်လျှောက်နေရသည့် မထင်မိဘဲ သီချင်းတောထဲ ဖြတ်လျှောက်နေရသလို ခံစားမိရပါသည်။

'လှ့တန်းမြေ ဥဒါန်းငယ် ကမ္ဘာကြေတော့၊ မဖြေပေါင် သည်ခင်မမှာဖြင့်၊ သံသရာပြန်တစ်ရာ ရှည်သမျှကိုလ၊ ပုန်းမကြည် ထုံးမှိုကျစေတော့၊ စောမြေ သနင်းမောင်နှင့် ဆေါ်သမကင်းပေါင်ရှင့်...ကိုရာဇရေ...ဩဃအတွင်း... အင်း...ဟင်းဟင်း'

'ပုန်းမကြည် ထုံးမှိုကျစေတော့' ဆိုတာ ဘာများပါလိမ့်။ သည်ရွာကလေးမှာ တာဝန်ကျသခိုက် စာတွေ ကဗျာတွေကအစ ကျေးလက်အဆိုအပြောတွေ မေးရှ မှတ်ရဦးမည်။ ဘဲတဲစုကို တော်တော်လျှောက်ရတော့ မပုန်းရည် ချွေးများပင် စို့လာခဲ့သည်။ တော်ပါသေးရဲ့ အနွေးထည်ထူထူကြီး ဝတ်မလာမိလို့။ ကြာဖြူကတော့ မောပုံမရ။ လယ်ကန်သင်းတွေ၊ လယ်ကြားလမ်းတွေ၊ မြက်တော ကိုင်းတောတွေထဲကို တိုးဝှေ့ကာ ပြေးကာ လွှားကာ။ တစ်ခါတစ်ရံ ပုစဉ်းနီနီကလေးတွေပင် လိုက်ဖမ်းနေခဲ့သည်။ ပုစဉ်းကလေးတွေက ရောင်စုံ။ နီမှည့်မှည့်အရောင်၊ ဝါတောက်တောက် အရောင်တွေက များသည်။ ပုစဉ်းမည်းမည်းကြီးတွေကတော့ မျက်လုံးပြူးကြီးတွေနှင့်။ သူတို့လည်း လှကြသည်ပင်။ မပုန်းရည်က ကျောင်းဖွင့်လျှင် ဆရာကြီး မင်းသုဝဏ်၏ 'ပုစဉ်းထိုး' ကဗျာကို သင်ပေးဖို့ စိတ်ကူးလိုက်သည်။ ပုစဉ်းကလေးတွေကို အနှံ့ရာယ် ပြုတာတည့် ပုစဉ်းထိုးငှက်ကလေးတွေ။ စိတ်ထဲက ရွတ်ကြည့်သည်။



'ရွှေရောင်တစ်ချက် မြတစ်ချက်
ရောင်စုံပြေးလို့ နေထဲလက်။
ဟိုငှက်ကလေး ထိုးပျံလာ
မြီးတံနှစ်ချောင်း နောက်ကပါ။
သစ်ကိုင်းခြောက်မှာ လာလို့နား
သိရင်ပြောပါလား။
နှုတ်သီးချွန်နက် မြီးတံမည်း
မျက်စိနှစ်လုံး နီတောက်ရဲ။
ကန်သင်းရိုးထဲ တွင်းခေါင်းမှာ
လေး ငါး ခြောက်လုံး သူဥပါ။
သူပျံတဲ့ခါ ကြည့်ပါများ
ပုစဉ်းထိုးစား ပျားထိုးစား
သူ့မည် ပေါ်ပလား'

ဆရာကြီး ရေးပြမှ ပုစဉ်းထိုးငှက်တွေကို 'ပျားထိုးစား' လို့လည်း ခေါ်မှန်း သိရှုပါ၏။ 'သူပျံတဲ့အခါ ကြည့်ပါများ၊ ပုစဉ်းထိုးစား ပျားထိုးစား၊ သူ့မည် ပေါ်ပလား' တဲ့။ ကြာဖြူက ကိုင်းမြက်ပျားတွေမှာ နားကြသည့် ပုစဉ်းကလေးတွေကို အသာအသာ ချဉ်းကပ်ခါ ဆတ်ခနဲ ဖမ်းသည်။ မိတော့ အတောင်နှစ်ဖက်က ကိုင်ကာ ကြည့်သည်။ ပါးစပ်က နှင့်အသက် တစ်ခါလွှတ် ငါ့အသက် ဆယ်ခါလွှတ်လို့ ရွတ်ပြီး လေထဲ ပြန်လွှတ်လိုက်သည်။ ပုစဉ်းကလေး ပျံသွားတာကို ငေးကြည့်သည်။ ကလေးဆိုတော့ လည်း လွတ်လပ်ပါဘိ။

ဘဲတဲစုကို ရောက်ခဲ့ပြီ။ ဘဲတဲစု ဆိုသော်လည်း တစ်စုတစ်စည်းတည်း နေကြတာ မဟုတ်ပါ။ တဲကြီး အလုံးနှစ်ဆယ်လောက် ခပ်ခြားခြားရှိနေကြခြင်းဖြစ်၏။ ဘဲတွေက တစ်ခြံ တစ်ခြံမှာ အကောင်ရေ ရာချီရှိကြသည်။ ဘဲသံတွေ၊ ဘဲချေးနံ့တွေ ဘဲချေးနံ့တွေသာမက ဘဲလှူးအိုင်တွေဆီက ရွှံ့နှစ်ရေနံ့တွေ ထောင်းထောင်းထနေကြ ပါ၏။ တချို့ဘဲတွေက အနားက ရေနက်အင်းလို အင်းရှည်ကြီးတွေထဲမှာ ဘဲမောင်းကြီး တွေထားသလို တပြန့်ကြီး အပြားလိုက်ရှိနေကြသည်။ ဘဲတဲတွေထဲက မိသားစုတွေ ထွက်လာကြကာ မပုန်းရည်တို့ကို ကြိုဆိုကြသည်။ သူတို့ ကလေးတွေကလည်း ကျောင်းဆရာမ ကန်ရွာကျောင်းကို လာတက်ကြရတာဆိုတော့ မပုန်းရည်တို့ တပည့်တလေး များပင်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ…အထဲထိုင်ပါဦး…ဘဲတဲဆိုတော့ ဖြစ်သလိုပေါ့ ဆရာမရယ်… အားတော့နာပါရဲ့"

မပုန်းရည်က နီးရာဘဲတဲတစ်တဲကို ဝင်လိုက်သည်။ အထဲမှာ လူအိပ်စရာ ဝါးကွပ်ပျစ်ကြီးတစ်ချပ်ရှိသည်။ ဝါးကွပ်ပျစ်ပေါ်မှာ အလုံးလိုက် ထွေးထားသော စောင်များ၊ ညစ်ထေးထေး ခေါင်းအုံးများ၊ စောင်ပြဲအခင်းများ ရှိကြပါ၏။ ကွပ်ပျစ် ခြေရင်းဘက်မှာ ပုဆိုးတွေ၊ ထဘီတွေ၊ ကလေးအင်္ကျီတွေ သောသောထကြလို့။ ကျန်သည့်နေရာမှာတော့ မြေကြီးသက်သက်။ အခန်းထောင့်မှာတော့ မီးဖိုကျင်းကလေး ရှိသည်။ အိုးမည်းမည်းတွေ၊ ပန်းကန်ခွက်ယောက်တွေက သစ်သားစင်ကလေးပေါ်မှာ။ ရွှံ့အလူးလူးကပ်နေသော ဖိနပ်များ၊ ခြေကျိုးလက်ပဲ့ ပလတ်စတစ် ကလေးကစား စရာများ၊ အခြောက်ခံထားသော လောက်စာလုံးများကို ကျော်ကာ မပုန်းရည် ဝင်ခဲ့ရခြင်း ဖြစ်၏။ ဘဲညှီနံ့တွေကြားမှာ မပုန်းရည် ငုတ်တုတ်။

"ဆရာမ…"

အဝေးက ပြေးလာသော တပည့်မကလေးက တဲဝရောက်ရောက်ချင်း လှမ်း ခေါ်လိုက်သည်။ သူတို့ဘဲတဲကလေးတွေဆီ ဆရာမ ဒေါ်ပုန်းရည် ရောက်လာတာကို အံ့ဩဟန်ဖြင့် ကြည့်နေသည်။ မပုန်းရည်ကိုကြည့်ရန် ရောက်လာကြသော ဘဲတဲစုက အမျိုးသမီးအုပ်စုကြီးသည်ပင် ဘဲတွေလောက် များပါသည်။

"မခင်ဝိုင်းကလေးက သည်မှာနေတာကိုး…ဆရာမကို ပြောပါဦး… သည်ဘဲတဲစုမှာ ဘယ်သူတွေ နေကြတာလဲလို့…"

"ဒါ သမီးတို့တဲ…ဟိုဘက်တဲတွေမှာ ဖိုးငယ်ရှိတယ်…တင်ပုရှိတယ်…မြညို ရှိတယ်…ကျော်လှရှိတယ်…နောက် ဆရာမ မစိန်အတန်းကလည်း ရှိသေး တယ်…တချို့က ကျောင်းမတက်ကြဘူး ဆရာမ"

တကယ်တော့ မခင်ဝိုင်းသည်ပင် ကျောင်းမလာတာ နှစ်ရက်ရှိပြီ။ ကျော်လှ ဆိုသူကလေးကို မပုန်းရည် မြင်ဝင်မမြင်ဖူးသေး။ ဘဲတဲစုက ကလေးမိခင်တွေနှင့် ဆုံမိကြတုန်း မပုန်းရည် တရားဟောရဦးမည်။ သည်လို စုစည်းမိဖို့က မလွယ်ပါ။ ကိုယ်ကလည်း ရောက်တုန်း သူတို့ကလည်း အားရှိကြတုန်း ပြောစရာရှိတာပြောရ မည်။ နေလောင် ရေလောင်မျက်နှာတွေမှာ သနပ်ခါးမရှိကြ။ ဆံစတွေမှာ ဆီမရှိ။ တချို့က ဘဲပိုင်ရှင်၊ တချို့က အဖက်မွေး။ နားပေါက်တွေ ရှိကြသော်လည်း ဟောင်းလောင်း။ ပေရွက်၊ ထန်းရွက်ကလေးတွေလိပ်ကာ နားပေါက်ထဲ ထိုးထားကြသူ တွေလည်း ရှိပါ၏။ ပေရွက်လိပ် နားတောင်းဆင်၊ ထန်းရွက်လိပ် နားတောင်းဆင်



…သူတွေကို မပုန်းရည် စာနာသည်။ မပုန်းရည်ကိုယ်တိုင် သည်လိုဘဝက လာရ …ဖြစ်ပါ၏။ ဝမ်းရေးထက် ဘာမှအရေးမကြီးတော့လည်း ကျောင်းစာသည် …ယ်အိတ်ကလေးတွေထဲမှာ အိပ်မောကျနေကြရပုံ ပေါ်ပါသည်။

"ကျွန်မက ကျောင်းဆရာမဆိုတော့ အစ်မတို့ဘဲတွေမွေးကြသလို ကျွန်မ လည်း ကလေးတွေ မွေးထားရသူပါ…ကျွန်မနဲ့ သွေးမတော်ကြပေမယ့် တပည့်ကလေးတွေဆိုတာ ဆရာ၊ ဆရာမတွေရဲ့ သားသမီးတွေပါပဲ…ရွာမှာ ကျောင်းကြီးထီးထီးရှိနေပါလျက်ကနဲ့ ကျောင်းကို ကလေးတွေ မရောက် ကြဘူးဆိုရင် မိဘများက ချစ်တာနဲ့မတူဘဲ နှစ်တာနဲ့ တူနေမှာပါ…တို့ရဲ့ သားသမီးတွေ စာတတ်ရမယ်ဆိုတဲ့စိတ်နဲ့ ကျောင်းပို့ကြစေချင်တယ်…သူတို့ ကလေးတွေမှာ အရွယ်ရှိကြလေတော့ ခုတော့ နိုင်းလိုက်ဦးမယ်…နောင် ကြီးတော့မှ ကျောင်းကိုပို့တော့မယ်ဆိုလို့ မရနိုင်ပါဘူး…ကာလသားပေါက် ကြီးဖြစ်မှ သုံးတန်း လေးတန်း ဘယ်သူတက်ချင်တော့မှာလဲ…ဒါကြောင့် အစ်မတို့မှာလည်း အခက်အခဲရှိတာ သိပါရဲ့…ကလေးတွေတော့ ကျောင်း လွှတ်ကြပါ…မလွှတ်ရင် ကျွန်မလိုက်လာမှာ…ဘဲတဲစုမှာ ကျောင်းလုပ်ပြီး စာလာသင်မှာ…"

မပုန်းရည်စကားကို မိဘတွေက ငြိမ်ပြီး နားထောင်နေကြသည်။ ခါးထစ် …အားသည့် သားသည်မအေတွေက မပုန်းရည်ကိုကြည့်ရင်း တစ်ယောက်တစ်ခေါက် …ပြောကြ၏။ မပုန်းရည်ကလည်း သူတို့ဝေဒနာတွေကို ငြိမ်ပြီး နားထောင်နေ …သည်။ မပုန်းရည်တပည့်ကလေးတွေကိုတော့ များများမမြင်ရ။ ဘဲကျောင်းနေကြ …များလား။ မအေတစ်ယောက်ကတော့ သူတို့အခက်အခဲကို ပြောပြသည်။

"ကျွန်မတို့ကလည်း သည်ကလေးတွေကို အားကိုးရချည့်တော့ မဟုတ်ပါဘူး ဆရာမရယ်…တစ်ခါတလေ ဘဲဥကောက်၊ ဘဲဥပို့၊ ဘဲဥသိမ်း…အလုပ်တွေ များရင်တော့ တစ်ဖက်တစ်လှည့် သူတို့အကူ လိုပြန်ရော…အဲဒါနဲ့ပဲ…"

"သည်ကလေးတွေကို တစ်သက်လုံး ဘဲဥကောက်ခိုင်းတော့မှာလားရှင်… သည်ကလေးတွေဟာ ဘဲဥကောက်ရတာနဲ့ပဲ ဘဝပြီးကြရတော့မှာလား… စဉ်းစားကြပါဦး…ကျွန်မက စာသင်ပေးရမယ့်သူပါ…တစ်ယောက်လော တစ်ယောက်စာ သက်သာတာပေါ့လို့ ကျွန်မ တစ်ခါမှ မတွေးမိပါဘူး"

မပုန်းရည်စကားကြောင့် အားလုံး ငြိမ်သွားကြပြန်သည်။ သည့်ထက်တော့ …ပုန်းရည် မပြောတော့ပါ။ ဘဲတဲကလေးတွေကို ကြည့်ချင်လို့ လာခဲ့ခြင်းဖြစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



တားလမ်းကြောင်း လွဲရသည်။ တော်ကြာ ကလေးကောက်လာသည် ထင်မှာလည်း ိုးရသေးတာမဟုတ်လား။ သည်ဘဲတဲစုကလေးတွေကနေ နေ့စဉ် ထမင်းထုပ်နှင့် တူင်းလာတက်ရရှာသော တပည့်ကလေးတွေကိုလည်း ကရုဏာသက်မိ၏။ မပုန်းရည် ကို ဘဲဥတွေ လက်ဆောင်ပေးကြတော့ ယူပင်မယူရက်။ ဘဲဥတွေ အများကြီး မပုန်းရည် ဘယ်လိုစားရပါ့။

ထိုစဉ်မှာပင် မိန်းမတစ်ယောက် ကလေးလက်ကိုဆွဲကာ ဘဲတဲဝ လာရပ် သည်။ မျက်နှာက မှုန်တုန်တုန်။ အသားက မည်းမည်း။ ဆံပင်က စုတ်စုတ်ဖွားဖွား။ ရယ်မပြုံး။ သို့သော် မပုန်းရည်ကိုတော့ လေးစားပုံရပါ၏။ လက်ထဲမှာ ကြွပ်ကြွပ် ိတ်နှင့် ထည့်လာသော အထုပ်တစ်ထုပ်ပါသည်။ မပုန်းရည်ကို ကမ်းပေးတော့ ...နွေးနွေး ဘဲဥပြုတ်တွေ...။

"ဘဲဥပြုတ်တွေတော့ တစ်ခါတည်းယူသွားပါ ဆရာမရယ်...လောလောလတ် လတ် ပြုတ်လာတာတွေပါ...ဒါ ပုကျစ်လေ ဆရာမ...ဆရာမတပည့် ရယ်..."

ပုကျစ်ကို မပုန်းရည် မှတ်မိလိုက်သည်။ မျက်လုံးပြူးပြူး၊ ဆံပင်ကောက် တာတ်နှင့် မည်းမည်းပုပုကလေး။ ပုကျစ်က လက်ကလေးပင် ပိုက်ထားပါ၏။ ပုန်းရည်က ပုကျစ်ခေါင်းကို ပွတ်လိုက်သည်။ ပုကျစ်အမေ လှမ်းပေးသော ဘဲဥပြုတ် ကို မပုန်းရည် ယူလိုက်တော့ ကြာဖြူ့မျက်နှာ တစ်ချက်ပျက်သွားပြီး နောက်ကို သို့သွားတာ သတိထားမိလိုက်ပါ၏။

"ကျေးဇူးတင်ပါတယ်...ဒေါ်......"

"ကျွန်မနာမည် မကြေးမျှင်ရယ်..."

မပုန်းရည်တစ်ကိုယ်လုံး တောင့်တင်းသွားခဲ့လေသည်။

✦

(၄)

မကြေးမျှင် ထည့်ပေးလိုက်သော ဘဲဥထုပ်ကို ကိုင်ချင်ပုံမရသော်လည်း ည် တစ်လမ်းလုံး ကိုင်လာရမှာစိုးလို့လားမသိ။ ကြာဖြူကပဲ ကိုင်လာခဲ့သည်။ ဝ်တာ တတွတ်တွတ် ရွတ်ပြီးရင်းရွတ်နေလို့ ဘာတွေရွတ်နေတာလဲ မေးကြည့် ၏။ ကြာဖြူက ရှက်ပြုံးကလေးပြုံးရင်းက မဝံ့မရဲဖြေသည်။

"ဗုဒ္ဓံသရဏံ ဂစ္ဆာမိ, ဓမ္မံသရဏံဂစ္ဆာမိ, သံဃံသရဏံဂစ္ဆာမိ ကိုးခေါက် ရွတ်နေတာဆရာမ...အဲသလိုရွတ်ရင် စုန်း မကိုက်နိုင်ဘူးတဲ့"

"ကြာဖြူ့ကို ဘယ်သူပြောတာလဲ"

"မမလေးတို့...အမေတို့ ပြောတာ..."

မပုန်းရည် စိတ်မကောင်းဖြစ်ရပါသည်။ မကြေးမျှင်ကို ထကယ့်ကို စုန်းမ နေကြပြီ။ မကြေးမျှင် ပြုစားလို့ ပါးစပ်ခံတွင်းက ဆံခြည်ထွေးတစ်ထွေးကြီး ခဲ့သည်ဆိုတာကလည်း ဆေးဆရာက လုပ်ကြံတာလည်း ဖြစ်နိုင်သည်။ တကယ့် ညာစွမ်းဖြင့် ကုသပေးခဲ့တာဖြစ်ဦးတော့ သည်ကိစ္စက လိုတာထက် ပိုပြီး ယ်သွားတာပဲ အဖတ်တင်ခဲ့တာမဟုတ်လား။ မကြေးမျှင်ကိုယ်တိုင်ကလည်း ရွာက စုန်းမ ထင်နေကြတာကို သိနေပုံရပါ၏။ မျက်နှာကလေးပင် မမော့ရှာ။ င်းရဲရဲ လုပ်ကိုင်စားသောက်ရင်း တစ်ဝမ်းတစ်ခါးဖြည့်နေရှာသော မပုန်းရည် တိုင် မြင်ခဲ့ရသည်။ စုန်းမသာမှန်လျှင် သည်လောက်ပေပေစုတ်စုတ် နွမ်းနွမ်းရှာရှာ အကြောင်းမရှိ။ မည်သို့ပင်ဖြစ်စေ ရွာကတော့ သတင်းကြားနှင့် ကြောက်လန့်

www.burmeseclassic.com

www.burmeseclassic.com



တကြား ရှိနေကြသည်။ မကြေးမှုံ ဘဲဥပြုတ်တွေ ပေးစဉ်က မပုန်းရည်ပင် တင်းတောင့်သွားမိရတာလည်း အမှန်ပင်။

"ကြာဖြူရယ်…ဟုတ်မယ်မထင်ပါဘူးကွယ်…သည်ခေတ်မှာ စုန်းမရယ်လို့လည်း မရှိပါဘူး…မကြောက်ပါနဲ့…သူလည်း နတ်ရေကန်ရှာသူတစ်ယောက်ပဲ…နတ်ရေကန်ကို ချစ်ခင်လို့ နတ်ရေကန်မှာပဲ လုပ်ကိုင်စားသောက်နေရှာတာပါ…ပုကျစ်ကိုပဲကြည့်လေ…ကြာဖြူတို့နဲ့ သူငယ်ချင်းတွေပဲ မဟုတ်လား"

ကြာဖြူက ရှတ်လက်စ ဗုဒ္ဓသရဏံ ကိုးခေါက်မပြည့်သေးလို့လားမသိ။ မပုန်းရည်ကို ဘာမှတော့ ပြန်မပြောရှာပါ။ ပါးစပ်က မရွတ်သော်လည်း စိတ်က ရွတ်နေတာမှန်း မပုန်းရည် သိသည်။ မျက်နှာက မြဲစိစိ။

မပုန်းရည်က တစ်လက်စတည်း ဘိုးကြီး ဘွားကြီးတို့အိမ်ကို ဝင်ဖို့စဉ်းစားသည်။ မပုန်းရည် ရောက်ပါပြီဆိုကတည်းက သည်မိသားစုကပဲ ကျွေးမွေး၊ သည်မိသားစုထဲ အတူနေ၊ သည်မိသားစုကပဲ တောက်တိုမယ်ရ လုပ်ကိုင်ပေးခဲ့ကြသည်။ ရောက်ရက်များဆီက နှုတ်ဆက်ကန်တော့ရင်း သွားဖို့ပြင်ခဲ့ပါသေးသည်။ ထိုရက်တွေတုန်းက ဘိုးကြီးရော ဘွားကြီးပါ မန္တလေးက တူ ဦးပဉ္စင်းကျောင်းကို ရောက်နေကြသည်ဆိုလို့ မရောက်ခဲ့ရ။ ဘိုးကြီး ဘွားကြီးတို့ ပြန်ရောက်ပြန်တော့လည်း မပုန်းရည် မလှည့်သာလို့ မလှည့်ခဲ့ရ။ တည်းအိမ်ကို ရောက်တော့ ဘဲဥထုပ်ကို အသာထားခဲ့ကာ ဝယ်ထားသည့် မန္တလေးထိုးမုန့်နှင့် လက်ဖက်ခြောက်ထုပ်ကို ကျောင်းလက်ဆွဲခြင်းထဲ ထည့်ယူခဲ့ရသည်။

ဘိုးကြီး ဘွားကြီးတို့အိမ်က မပုန်းရည် တည်းအိမ်နှင့် ဝေးတာမဟုတ်။ လမ်းကျော်လိုက်ပြီးသည်နှင့် ကျယ်ပြန့်သော ဝိုင်းတိုက်ကြီး ခြံပေါက်ကို ရောက်သည်။ ဝိုင်းတိုက်ကြီးထဲက တလင်းမြေက ပြောင်သန့်နေ၏။ အိမ်မကြီး မရောက်ခင်မှာ လယ်ယာသုံးပစ္စည်းတွေ၊ ဓာတ်မြေသြဇာအိတ်တွေ၊ ပိုးသတ်ဆေးလို ဆေးရည်တွေ ထည့်သည့်ပုံးတွေ၊ ခွက်တွေ၊ ပုလင်းတွေထားသည့် လေးဘက်ဖွင့် တဲကုပ်ကြီးရှိသည်။ လေးဘက်ဖွင့်ဆိုတော့ တဲတွင်းကပစ္စည်းတွေကို အတိုင်းသား မြင်နေရသည်။ ထွန်တုံး ထွန်သန်၊ ထွန်ခြစ်တွေလို လယ်ထွန်ကိရိယာတွေကလည်း ရေနံရည်ဝနေအောင် သုတ်ထားပါ၏။ ထိုတဲကုပ်ကြီးကို ပန်းလိုက်တော့ အိမ်မကြီးကို တွေ့ရပြီ။ ဝိုင်းကြီးက ကျယ်လှ၏။ ရွက်လှပင်တွေပင် ကြီးကြလှပြီ။

အိမ်စည်းရိုးတစ်လျှောက်မှာတော့ ကုက္ကိုပင်ကြီးတွေ၊ မန်ကျည်းပင်ကြီးတွေ စီစီရီရီ ပေါက်နေကြသည်။ ကြီးမားလှသော တမာပင်ကြီးက ဝိုင်းလယ်ခေါင်မှာ ခေါ်သောကြီး ပေါက်နေပါ၏။ မပုန်းရည်နေသည့် အိမ်ကြီးပေါ်ကကြည့်လျှင် အိမ်မကြီး ဝိုင်းနှင့် တမာပင်ကြီးကို မြင်နေရသော်လည်း တကယ်တမ်း ရောက်လာသည့်အခါမှာတော့ မပုန်းရည် ထင်တာထက်ပင် ပိုကြီးနေသည်။ အိမ်ကြီးကတော့ ရှေးအိမ်ကြီးဖြစ်၏။ ကျေးရွာတောင်သူကြီးအိမ် ဆိုသော်လည်း လက်သမားကောင်းကောင်းနှင့် ဆောက်ထားမှန်း သိသာလှပါသည်။ အိမ်ထောင့်မှာ စဉ့်အိုးကြီး လေး,ငါးလုံး စီလျက်။



ကြာဖြူကပဲ ဦးဆောင်ကာ အိမ်မကြီးထဲ ခေါ်လာခဲ့ခြင်းဖြစ်၏။ အိမ်ကြီးတစ်အိမ်လုံး ရေနံချေးတွေ ဝအောင်သုတ်ထားသဖြင့် ညိုမည်းနေသည်။ အတွင်းမှာ မှောင်မည်းလွန်းလှ၏။ သစ်သားစားပွဲကြီးတစ်လုံး ချထားပြီး စားပွဲပေါ်မှာ ကြိမ်ရေနွေးကြက်ကြီးတစ်လုံးနှင့် စဉ့်ပန်းကန်လုံးကလေးတွေ ရှိသည်။ စဉ့်ဆေးလိပ်ခွက်ထဲမှာ ဆေးပေါ့လိပ်အချို့။ သောက်လက်စ အတိုတွေကလည်း ခေါင်းဆိုက်ထားပါ၏။ ဆေးလိပ်နံ့ကတော့ မွှန်ထူနေသည်။ မပုန်းရည်က တန်းလျားရှည်မှာ ဝင်ထိုင်မိသည့်တိုင် ဘာမျှပ်လွှခြေ မရှိ။ ထိုးမုန့်နှင့် လက်ဖက်ခြောက်ပါသည့် ကျောင်းခြင်းကို စားပွဲပေါ်တင်ထားကာ တစ်အိမ်လုံးကို မပုန်းရည် လိုက်ကြည့်နေမိလေသည်။

ပြက္ခဒိန်တစ်ချပ်က ယိုင်ရွဲ့ရွဲ့။ ဘုရားစင်က အရှေ့ဘက်ဝြတင်း မှန်လည်းပေါ်ကတ်ထားသဖြင့် အမှောင်ထဲမှာ ဘုရားပန်းတွေပင် လန်းနေလေသလား၊ ခြောက်နေသလား မပြောတတ်နိုင်။ ကြွက်လျှောက်တန်းတွေပေါ်မှာတော့ အိမ်သုံး မြန်မာဆေးဘူး ထောင်ပါရဲ့။ ပုလင်းအမျိုးမျိုးက ဖုန်တွေ ချီးတက်နေကြသည်။ ပျဉ်ထရံတွေပေါ်မှာ မင်ရေးစာတွေက နံရံစာတွေလို များလှသည်။ တချို့စာတွေက မှိန်ပြီ။ တချို့စာတွေတော့ ထင်းထင်းသတ်လောလော ရေးထားပုံပေါ်၏။ ပျိုးကြဲသည့်ရက်၊ ပျိုးနုတ်သည့်ရက်၊ ပိုးသတ်ဆေးဖျန်းသည့်ရက် စသည်ဖြင့် ရေးထားခြင်းဖြစ်၏။ ရက်စွဲကတော့ မြန်မာရက်စွဲတွေ။

ဘိုးကြီး ဘွားကြီးတို့ ရိပ်ခနဲ ဝင်လာတော့မှ မပုန်းရည် အကြည့်လွှဲရတော့သည်။ အိမ်အပြင် တစ်နေရာမှာ ထိုင်နေကြရာက ကြာဖြူသွားခေါ်သဖြင့် လိုက်လာကြပုံပေါ်သည်။ မပုန်းရည်နှင့် မျက်နှာချင်းဆိုင်က တန်းလျားမှာ ဝင်ထိုင်ကြသည်။ ဘိုးကြီးက ကြီးလှပြီ။ ရှေးဗမာကြီးပီပီ တဘက်ပေါင်းတစ်ထည် ခေါင်းပေါင်းထားသည်။ ထိုင်မိတော့မှ တဘက်ကြီးကို ဖြုတ်သည်။ မပုန်းရည်ကို မှုန်သီသီမျက်လုံးများဖြင့် စူးစိုက်ကြည့်သည်။

"ငယ်သေးတာပဲ…ကျောင်းဆရာမလေး ရောက်မယ်လို့ ကြားတာကြာပြီ…ရွာကတော့ အေးချမ်းပါတယ်…နေရထိုင်ရတာကော…"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ် ဘိုးကြီး…ရွာက ကူညီကြလွန်းလို့ အားတောင်နာရပါတယ်…ဘိုးကြီးတို့မိသားစုတွေကတော့ အထူးပြောစရာမရှိအောင် ကူညီကြပါတယ်ရှင်…ကျွန်မလည်း ဘိုးကြီးတို့ဆီ အရောက်နောက်ကျရပါတယ်…ဘိုးကြီးတို့ ဟိုတက်ရက်တွေတုန်းက မရှိကြဘူးဆိုတာနဲ့ မရောက်ရတာပါ"

"ဟုတ်ပါ့ဗျာ…တူဘုန်းကြီးကခေါ်လို့ မန်းလေးသွားကြရတာ…အသက်ကလည်း ကြီးပြီဆိုတော့ ချက်ချင်းထပြန်လို့ မဖြစ်တာနဲ့ ကြာသွားတယ်…နေပါဦး…နာမည်က ဘယ်သူဆိုလား…"

"မပုန်းရည်ပါ ဘိုးကြီး…"

မပုန်းရည်က ရွာက ခေါ်ကြသလို ဘိုးကြီးလို့ခေါ်ခြင်းဖြစ်သည်။ ဘွားကြီးကတော့ နှုတ်နည်းပုံရပါ၏။ ဆေးပေါ့လိပ်ကိုသာ သဲကြီးမဲကြီး ဖွာနေလေသည်။ မီးခိုးတွေက အိမ်ကြီးထဲကို တလိပ်လိပ်ဝေ့နေကြကာ အပြင်ထွက်ဖို့ အပေါက်ရှာမတွေ့သလို အုပ်ကြီးဖွဲ့နေကြတာကို မပုန်းရည် မြင်နေရသည်။ မျက်လုံးတွေကတော့ မပုန်းရည်ကို ကြည့်နေပါ၏။ စကားပြောစရာမရှိလို့ မပြောတာ၊ ရှိတော့ ပြောကြသေးတာပေါ့ဆိုသည့် မျက်နှာရိပ်နှင့်ဖြစ်၏။ စကားပြတ်သွားတော့မှ မပုန်းရည်က ထိုးမုန့်နှင့် လက်ဖက်ခြောက်ကို ခြင်းလိုက်မ,ကာ ဘွားကြီးလက်ရောက်အပ်ပြီး ထိုင်ကန်တော့လိုက်သည်။ သည်အထိလည်း ဘွားကြီးက အသံမထွက်။

"အဘွားကြီး ဆုပေးလိုက်လေ…"

ဘိုးကြီးက ပြောတော့မှ သောက်လက်စဆေးလိပ်ကို စဥ့်ခွက်ထဲ ခေါင်းထိုးသည်။ မီးခိုးတွေ အူလို့။ ဆုမပေးခင် ချောင်းခြောက်တွေ တဟွတ်ဟွတ်ဆိုးသည်။ ချွဲတွေကို တန်းလျားခုံအောက်ဘက်မှာ ချထားပုံရသော ဖလားထဲကို ထွေးထုတ်နေပြန်သည်။

"ဂုဏ်အားဖြင့် ကြီးသောသူ…အသက်အားဖြင့် ကြီးသောသူကို ရိုသေမြတ်နိုးရှိခိုးပူဇော် ကန်တော့ရသော အကျိုးကြောင့် ကောင်းကျိုးချမ်းသာ မင်္ဂလာအမျိုးမျိုး ထမ်းပိုးတို့၍ ရရှိပါစေ…လိုရာ ကြံတိုင်းပြီးမြောက်ပါစေတော်…"

"ပေးတဲ့ဆုနဲ့ ပြည့်ပါရစေ…"

ဆုပေးပြီးချိန်မှာတော့ အာခံတွင်း ပွင့်သွားသလို စကားတွေ ပြောတော့သည်။ အကြောင်းအရာက အစုံ။ သူတို့မိသားစု ကိုယ်ရေးကိုယ်တာတွေလည်း ပါသည်။ ဘယ်သူဘယ်ဝါတွေဆီက စပါးဘယ်နှတောင်း မရသေးတာတွေလည်း ပါသည်။ နတ်ရေကန် ကန်ကြီး လူမစားတာ ငါးနှစ်ရှိပြီဆိုတာလည်း ပါသည်။ သမီးအငယ်



[illegible]ရှိ နှစ်ယောက်ကျန်တာလည်း ပါသည်။ နတ်ရေကန်ရွာ နတ်ကွန်းကို မရှိမသေ[illegible]ရန်နှင့် ဦးသွားခိုက်လိုက်ပါဦးဆိုတာလည်း ပါသည်။ တောင်ပြုးမင်းနှစ်ပါး[illegible]ကြီးတာလည်း ပါသည်။

မပုန်းရည်က "သြော်" နှင့် "အင်း" တစ်လှည့်စီလိုက်နေရသည်။ ဘိုးကြီး[illegible]တော့ ဘွားကြီးချထားသော ဆေးပေါ့လိပ်ကို ကောက်ဖွာနေလေပြီ။ မီးခိုးတွေက [illegible]မှောင်မှောင်အိမ်ကြီးထဲမှာ စုံးကြွထားသည်နှင့်ပင် တူတော့သည်။ မပုန်းရည်ပင်[illegible]ပြီ။ ရင်တွေလည်း အောင့်လှပြီ။ ချက်ချင်းထလို့ကလည်း မကောင်းနိုင်တော့[illegible]နေရပါ၏။

"နတ်ကတော်ဆိုလို့ကတော့ မင်းနှစ်ပါးနန်းကို မလာမဖြစ်ဘူး…မင်းနှစ်ပါးဘယ်ကမလဲ အမေရေယဥ်, အမေဂျမ်း, နံ့ကရိုင်းမယ်မတော်, ရွှေကိုင်းမယ်တော်များလည်း စံမြန်းတဲ့နန်း…အိမ်တွင်းအဖေကြီး, တောင်ကြီးရှင်အမေကြီး, အမေရွှေနဘေ, အမေသုံးပန်လှ, သခင်မ မနဲ့မီ, ဘမြင်းဖြူရှင်မန်းလေးဘိုးတော်…နောက်…ဘိုးကြာပန်း…စုံလို့ စုံလို့…မင်းနှစ်ပါးဟိုဘက် သည်ဘက် နာနာဘာဝ ကိုးသိန်းရှိတာ ဆရာမရေ…မပေါ့နဲ့…နာနာဘာဝဆိုတာ သိသမှတ်လား…"

"ဟုတ်ကဲ့…ကြားဖူးပါတယ် ဘွားကြီး"

"နတ်တော် စစ်ထွက်, တပေါင်း စစ်ပြန်, ဝါခေါင် ကန်တော့ခံ…ဖော့လုံးဖြူခေါင်းပေါင်းစလွယ်, တောင်ရှည်သိုရင်းများဝတ်ပြီး စာချွန်ဖတ်ကြရတာများ စည်ပေါ့အေ…အတွင်းမောင်းထမ်း, အပြင်မောင်းထမ်း, စစ်သူကြီး, နတ်အုပ်, ဗောင်းဆောင်း, သိုးဆောင်း…စည်ကားလိုက်တာများ…ညည်းအနော်ရထာမင်းတော့ ကြားဖူးမှာပေါ့…"

"ဟုတ်ကဲ့…ကြားဖူးပါတယ်ရှင့်"

"တရုတ်ပြည် စွယ်တော်ပင့်တာက စ,တဲ့ဇာတ်လမ်း…အုတ်နှစ်ချပ် လပ်လို့လေ…"

ဘိုးကြီးက ဖွာလက်စဆေးလိပ် ချတော့မှ ဘွားကြီးက တစ်ကျော့ကောက်[illegible]၏။ သည်တော့မှ ဘွားကြီးစကားလည်း ရပ်တော့သည်။ မပုန်းရည်က [illegible]နှုတ်ဆက်ရသည်။ ဘိုးကြီးက ဆုတွေပေးပြန်ပါ၏။ ဘွားကြီးက ဆေးလိပ်တို[illegible] လောင့်တလောင်ကို ဖွာရင်း မပုန်းရည်ကို ပြုံးပြသည်။ ဘိုးကြီးက လေး,ငါး[illegible]ထားသော အကျီအထပ်ထဲကို လက်နှိုက်သည်။ လက်ထဲမှာ ကိုးလုံးပုတီး[illegible]တစ်ကုံး။

www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း ဆရာမလေး…ဒါကိုဆောင် ရန်အောင်ပြီ…လိုတာရှိရင် လှမ်းအသံ ပြုလိုက်…ခိုင်းစရာရှိတော့ ကျုပ်မြေးတွေကို ခိုင်း…ကျုပ်သားတွေလည်း ရှိတယ်…လူပျိုကောင် ကြာစွယ်ကိုလည်း ခိုင်းလို့ရတယ်"

"ဟုတ်ကဲ့ပါ…ဘိုးကြီးရော ဘွားကြီးရော ခွင့်ပြုပါဦးရှင့်…"

မပုန်းရည် ထွက်လာတော့ လတ်ဆတ်သော ကွင်းလေက ဆီးနှုတ်ဆက် သည်။ အဆုတ်ထဲကို များများရှိုက်သွင်းနေမိသည်။ ဆေးလိပ်ကို သည်လောက် ခက်ရေစက်ရေ သောက်သည့်ကြားက အသက်တွေရှည်လိုက်တာလို့လည်း တွေးမိပါ၏။ အပြန်တော့ ကြာဖြူ မပါတော့ပါ။ ကျောင်းပိတ်ရက်ဆိုတော့ အိမ်မှာ ကူစရာကလေး တွေရှိတာ ကူဖို့ ကျန်ရစ်ခဲ့သည်။ ဘိုးကြီးနှင့် ဘွားကြီးက ခင်စရာကောင်းတာတော့ အမှန်ပင်။ ဘွားကြီးက မိန်းမသားပီပီ စကားစရှာကာ ပြောနေတာကိုလည်း မပုန်းရည် နားလည်သည်။ ဘာပဲဖြစ်ဖြစ် ဘွားကြီး၏ စကားတွေထဲမှာ တောင်ပြုံးမင်းနှစ်ပါး နှင့်ပတ်သက်၍ သိတန်သလောက် သိခွင့်ရခဲ့သည်။ တစ်ရက်ရက်တော့ ဘွားကြီးနှင့် စကားတွေပြောရမည်။

အိမ်ကြီးပေါ် ပြန်ရောက်တော့ ခရီးလှည့်တာ များသွားလို့လားမသိ။ အိပ်ရာ ပေါ် အသာလှဲနေမိသည်။ ထမင်းကတော့ မဆာသေး။ ထမင်းလည်း မစားချင်တော့ ဘဲဥပြုတ်ကလေးတစ်လုံး ထ,ယူကာ ခွာနေမိသည်။ မကြေးမျှင်၏ ဘဲဥ။ စုန်းမရဲ့ ဘဲဥပေါ့။ လတ်ဆတ်သော ဘဲဥနှစ်ဖွေးဖွေးကို တစ်ကိုက်ကိုက်လိုက်တော့ အရသာ ရှိလိုက်သည့်ဖြစ်ချင်း။ မပုန်းရည် သတိထားမိသလောက် ရွာကလည်း အေးချမ်းသည် လူတွေကလည်း အေးချမ်းသည်။ သူတို့ရင်ထဲမှာ စွဲမိစွဲရာကို တစ်သက်ပတ်လုံး အမှန်တရားအဖြစ် မှတ်ယူကြတော့မည့်သဘောကိုလည်း မပုန်းရည် သတိထားမိ ပါ၏။ တချို့ကိစ္စတွေကိုတော့ မပုန်းရည် ပြင်နိုင်မည်မထင်။ ဖြောင့်စရာရှိတော့လည်း ဖြောင့်ရမှာပေါ့။ လော့လော့ဆယ်တော့ မပုန်းရည်ကိုယ်တိုင် ရွာ့မေတ္တာရိပ်ကြောင့် အေးမြရပါ၏။

မပုန်းရည် ဘဲဥပြုတ်တစ်လုံး ကောက်လိုက်မိပြန်သည်။

၉

မနက် ဝေလီဝေလင်း…။

အိမ်ကြီးအောက်ဘက် ရေချိုးခြံကလေးဆီက ရေသံကြားရသလိုလို ထင်မိ တော့ အိပ်ရာက လူးလဲထသည်။ ဝေလီဝေလင်းဆိုသော်လည်း မိုးတော့ လင်းနေပါပြီ မမလေးပင် မရှိတော့။ ကြာဖြူတို့ ကလေးနှစ်ယောက်ကတော့ အိပ်ကြတုန်း။ အလင်း



လေး ဝင်စေရန် ပြတင်းတစ်ချပ်ကို ဖွင့်ရဦးမည်။ ညက ပိတ်ထားသည့်အတိုင်း ပြတင်းတံခါးတွေက အားလုံး ချက်ချထားသည်။ ရေချိုးခြံဘက်ကို မြင်ရသည့် ပြတင်း ပေါက်တွေထဲက တစ်ချပ်ကို ဖွင့်မှဖြစ်မည်။ ပြတင်းပေါက်တံခါးချက်ကို အသာ ကြည့်သည်။ မရ။ နည်းနည်းလေး ကျပ်နေတော့ အားစိုက်ဖွင့်လိုက်ရပါ၏။

"ဂျောင်း…"

ပြတင်းပေါက်ကို ဖွင့်လိုက်ချိန်မှာတော့ မပုန်းရည် ရေချိုးသည့်စဥ့်အိုးတွေ ဆီကို လူတစ်ယောက် ရေထည့်နေတာ တွေ့လိုက်ရသည်။ ကြာဖြူပြောပုံဖြင့် လေးလေး ဆိုသူ ဖြစ်ရမည်။ ကိုကြာစွယ်ပေါ့။ မပုန်းရည်အတွက် ရေချိုးရေကို ကိုကြာစွယ် ထည့်ပေးနေမှန်း သိနေတော့ ဘာပဲဖြစ်ဖြစ် တွေ့ချင်သည်။ ကျေးဇူးတင်ကြောင်း ပြောချင် သည်။ ပြီးတော့ မြင်ဖူးချင်သည်။ ကိုကြာစွယ်ဆိုတာ ဘယ်လိုလူပါလိမ့်။ မပုန်းရည် ကြည့်လိုက်တော့ ရေထမ်းဆရာက တစ်ချက်မော့ကြည့်ရာက သုတ်ခနဲ လှည့်ပြန် သည်။

နှင်းစကလေးတွေ ဝေ့နေတော့ မျက်နှာကို သဲသဲကွဲကွဲ မမြင်လိုက်ရ။ ရေထမ်း ရင်း ထမ်းပိုးကို မုဆိုးထမ်းထမ်းရင်း မပြေးရုံတမယ် လှမ်းသွားသော ခြေလှမ်းတွေက မြန်ဆန်လွန်းလှပါ၏။ မပုန်းရည် လှမ်းမြင်ရသလောက် မျက်နှာပွင့်ပွင့်၊ လက်ဖြင် တုန်း။ မပုန်းရည်ကို တစ်ခါက စိုက်ကြည့်ခဲ့ဖူးသော မျက်နှာပြားပြားကြီးနှင့်လူ လား။ ဟုတ်ချင်လည်းဟုတ်မည်။ ဟုတ်ချင်မှလည်းဟုတ်မည်။ သို့သော် မပုန်းရည် မျက်နှာချင်းမဆိုင်တာကတော့ သေချာပြီ။ မပုန်းရည်က ပြုံးလိုက်ပြီး ပြတင်းပေါက် တံခါးနှစ်ချပ်ကို အသာပြန်စေ့ထားလိုက်သည်။ တံခါးပိတ်ထားမှ ရေထမ်းတစ်ခေါက် လာလိမ့်မည်။ စဥ့်အိုးထဲ ရေသွန်သံကြားတော့မှ ပြန်းဆို ဖွင့်လိုက်မည်။

သည်လောက် လျှို့ဝှက်တဲ့လူတော့ သိကြရောပေါ့။

မပုန်းရည်က ပြတင်းပေါက်ကို ပိတ်ထားပြီး အသာရပ်နေလိုက်သည်။ ပုန်းရည် ထင်သည့်အတိုင်းပင်။ သိပ်မကြာခင်မှာပဲ စဥ့်အိုးထဲ ရေသွန်သံကြားရပြီ။ ပုန်းရည်က ပြတင်းပေါက်ကို ဝုန်းခနဲ ဖွင့်လည်းဖွင့်၊ ငုံ့လည်းငုံ့။ အမျိုးသမီး တစ်ယောက် ရေအိုးထဲကရေကို သွန်ပြီး ခေါင်းပေါ်ပင် ပြန်ရွက်နေပြီ။ ပြတင်းပေါက် ဖွင့်သံကြားတော့ ရေအိုးကို တစ်ဖက်ကကိုင်ရင်း မော့ကြည့်သည်။

"ဆရာမ…အစောကြီးနိုးနေသလား…ကျွန်မ မပတေးရယ်…အမေတို့ဖို့ ကောက်ညှင်းပေါင်းလာပို့ရင်း ကြာစွယ်က ရေတစ်အိုးဖြည့်ချေဆိုလို့ လာဖြည့်တာ…သွားမယ် ဆရာမ…လယ်ရိတ်သွားရဦးမှာ…"

www.burmeseclassic.com

www.burmeseclassic.com



မပတေးက ကြာဖြူတို့အမေ။ ရေထမ်းဆရာ ကိုကြာစွယ်က မပုန်းရည် နိုးမှန်းသိတော့ ကောက်ညှင်းပေါင်း လာပို့သည့် မရီးကို ရေအိုးနှင့် ရေကဲ့ပေးလိုက်ရသည်။ ကြည့်စမ်း...။ လည်လိုက်တဲ့လူ။ မိအောင်ဖမ်းမည် ကြံကာမှ သူက တစ်ကွက် ဦးနေပါပကော။ မပုန်းရည် သူ့ဟာသူလည်း ရယ်ချင်လှပါ၏။ ကြာဖြူ နိုးတော့ မပုန်းရည်က ကိုကြာစွယ်ကို ချောင်းတာ မမိလိုက်သည့်အကြောင်း ပြောပြလိုက်သည်။ ကြာဖြူပင် မျက်လုံးကလေးတွေ ဝိုင်းသွားလေ၏။

"ဆရာမ ချောင်းမှန်းသိရင်တော့ လာတော့မှာ မဟုတ်တော့ဘူး...လေးလေးက သိပ်ရှက်တတ်တာ...ကျွန်မက ဆရာမဆီ လိုက်လည်ပါဦးဆိုတာ ခေါ်လို့ကိုမရဘူး...ငါ စကားမပြောတတ်ပါဘူးဟာတဲ့..."

ကြာမိသားစုထဲက ဘိုးကြီးနှင့် ဘွားကြီးတို့ကိုလည်း သွားကန်တော့ရင်း တွေ့ခဲ့ရပြီ။ ဦးကြာခွက်ကိုလည်း တွေ့ဖူးပြီ။ သည်အိမ်ရှင် ကိုကြာရိုးနှင့်လည်း ဆုံးပြီးပြီ။ ရှက်တတ်လိုက်တာ လွန်လို့။ မျက်နှာမော့မကြည့်ဘဲ ခြေထောက်တွေက အောက်ကိုဆွဲနေတာ မပုန်းရည် ကိုယ်တွေ့ပင်။ အခု ကိုကြာစွယ်က ပိုဆိုးနေပါပကော။ သူကိုယ်တိုင်က လူပျိုဆိုတော့ အပျိုကျောင်းဆရာမကို မတွေ့ဝံ့တာက ပိုဆိုးရော့မည်။ မပုန်းရည်က စလည်းစ,ချင်တာ ပါသလို၊ ခင်လည်းခင်ချင်တာ ပါပါသည်။ မိန်းကလေးတစ်ယောက်အတွက် ချိုးရေခပ်ပေးနေတာကို မပုန်းရည် အားနာလှသည်။

"ဘိုးကြီးတို့ ဘွားကြီးတို့ ကန်တော့တဲ့နေ့က ကိုကြာစွယ်က လယ်ထဲမှာဆိုတော့ မတွေ့ခဲ့ရဘူး...သူ့ကို ဘယ်လိုတွေ့ရမလဲ ကြာဖြူ..."

"ခုမနက်လည်း လယ်ရိတ်သွားဦးမှာ...မသွားခင် ရေခပ်ခဲ့တာ ဆရာမ...ဆရာမ တွေ့ချင်ရင် ညဘက်လာမှ တွေ့မှာ...ကျွန်မလိုက်ပို့မယ်"

"အေး...အေး"

နောက်ရက်တွေမှာ မပုန်းရည် မချောင်းတော့ပါ။ ချိုးရေကလည်း ပြည့်မြဲပင်။ မနက် ဝေလီဝေလင်း ရေလာမထည့်တော့တာ သေချာပြီ။ ဘယ်အချိန်များ ရေထည့်ပါလိမ့်။ နေ့ခင်း ကျောင်းသွားတုန်းဆိုတာတော့ မဖြစ်နိုင်ပါ။ မိုးလင်းလို့ ရေချိုးခန်းဝင်ပြီဆိုသည်နှင့် ရေတွေအပြည့်။ မကြာဥ ညဘက်လာအိပ်တော့ သည်အကြောင်း ပြောဖြစ်ရပြန်ပါ၏။ မကြာဥကတော့ ခပ်ပေါ့ပေါ့ဖြေသည်။ သိပ်ကြီးမဆန်းလှပါ ဆိုသည့်လေသံ။

"ညသန်းခေါင်လောက် ထ,ထည့်တာတဲ့...ဆရာမကို ရှက်လို့တဲ့"



"အို...ညကြီးသန်းခေါင်တဲ့လား...မချိုးရက်တော့ပါဘူးရှင်...သည်လောက်တောင် ရှက်ရသတဲ့လား...ကျွန်မက မြင်ဖူးချင် ခင်ချင်လို့ပါ...စ,ချင်တာလည်း ပါပါတယ် မမလေးရယ်...ညကြီးသန်းခေါင်တော့ ရေမထည့်ပါစေနဲ့ရှင်"

မပုန်းရည်က သူစ,လိုက်မိတာကို နောင်တရမိပါ၏။ ရှိးသားတယ်ပဲ ပြောရမလား၊ အူလိုက်တာလို့ပဲ အပြစ်ဆိုရမလား။ လောကမှာ လူထူးလူဆန်းတွေ ရှိတာတ်မှန်း မပုန်းရည် သိပါသည်။ ရှုတ်သူ၊ ပေသူ၊ တယူသန်သူတွေကို တွေ့တန်သလောက် တွေ့ခဲ့ဖူးလှပါပြီ။ သည်လောက်ထိ ရိုးအ,တာမျိုးတော့ မကြုံဖူးခဲ့။ မပုန်းရည်က တွေ့ဖူးသေးတာထား၊ ကိုကြာစွယ်ကကော မပုန်းရည်ကို တွေ့ဖူးရဲ့လားမသိ။ မမလေးကို သေချာအောင် မေးရပြန်၏။

"နေဦး...ကိုကြာစွယ်ကကော ကျွန်မကို တွေ့ဖူးသတဲ့လား..."

မမလေးက ချက်ချင်းမဖြေ။ သူမအဖြေကို ချိန်ဆနေပုံရသည်။ မပုန်းရည်က ထပ်မေးတော့မှ အားနာနာနှင့် ဖြေသည်။

"တွေ့ဖူးထားပုံတော့ ရတယ်...အိမ်မှာ ပြောနေတာ......မိန်းမချော အဲသလောက်ချောရင် သုံးမဖြစ်လောက်ဘူးတဲ့..."

သည်တစ်ခါတော့ မပုန်းရည်မှာ အူတက်အောင်ပင် ရယ်မိပါ၏။

□

တစ်ညသားက အဖြစ်ကလည်း ရယ်ရမှာလား၊ ငိုရမှာလား မသိရသည့် အဖြစ်မျိုး။ ထိုညက မပုန်းရည်နှင့် မကြာဥတို့ စကားကောင်းနေခဲ့ကြသည်။ ထုံးစံအတိုင်းပင် မကြာဥက အပြောသမား။ မပုန်းရည်က နားထောင်သမား။ စကားကောင်းနေကြသခိုက် မဝဲစိန် ရောက်လာခဲ့သည်။ မဝဲစိန်က ကိုကြာရိုး၏ ဇနီးဖြစ်သည်။ မပုန်းရည်ရော မကြာဥပါ မဝဲစိန် အိမ်ပေါ်တက်လာတော့ အံ့သြသွားကြရပါ၏။ မဝဲစိန်က အရှေ့တောာ လယ်ကွင်းထဲနေသူ မဟုတ်လား။ အရှေ့တောက လာရသည့် ခရီးကတည်းက နီးနီးမဟုတ်။ ခြေခင်းလက်ခင်းကလည်း ကြောက်ရသေးသည်။ ကိုယ်ဝန်နှင့် ကိုယ့်လမ်းဆိုပေသိ တကန်တက လာပါမှ ရောက်ရတာမျိုးပင်။ မဝဲစိန် သက်ထဲမှာ မီးဖုတ်ပြီးသား ထပင်မြစ် (ထန်းပင်မြစ်) တွေ တစ်ဆုတ်ကြီး ပါလာလို့ မကြာဥချင် သဖြင့် မရောက်ရောက်အောင် လာပို့တာ ထင်ခဲ့ကြသည်။ မကြာဥတို့ အစ်ကိုမိန်းမ ယောက်မကို သည်လိုညဘက် ရောက်လာလိမ့်မည် မထင်တော့ ခုလည်းအံ့သြနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟောတော်...မဝဲစိန် ထပင်မြစ် လာပို့တာလား...မိုးချုပ်လိုက်တာ... ဆရာမ ထပင်မြစ် စားတတ်လား"

မကြာဥက ယောက်မကိုလည်း မေး၊ မပုန်းရည်ကိုလည်း မေးရင်း ထပင်မြစ်တွေ ဆီးယူသည်။ မဝဲစိန်က ထပင်မြစ်စည်းချပြီးသည်နှင့် ပြန်ဖို့ပြင်တော့သည်။

"ညည်းမောင် ကြာစွယ်ပါအေ...ထပင်မြစ်ဖုတ်တာက သူ့အိမ်မှာ...သည်အိမ်လာမပို့ဝံ့လို့ လယ်တောထဲ ပုဆိုးခြုံပြီး ရောက်လာပါရောလား...အစ်မသွားပို့ပေးစမ်းပါဆိုလို့ ဟော့...မယားမရှိဘဲ တင်းတိမ်တကာကာ ဆိုတဲ့ကောင့်မေ့ါ...ဘယ်သူရှိဦးမလဲ"

မမလေးက ထုံးစံအတိုင်း ရယ်စရာလို့ မမြင်ပါ။ "သြော်...အဲသလိုလား" ဆိုတာလောက်သာ ခံစားမှု ရှိပုံရပါ၏။ မပုန်းရည်ကတော့ ရယ်ချင်မိသား။ မရီးနှင့်အစ်မတွေ ရှိနေတော့ မထူးဆန်းသလို နေလိုက်ရသည်။ ဝင်းတစ်ဝင်းကျော်ရုံ၊ လမ်းတစ်လမ်းကူးရုံနှင့် ရောက်နိုင်သည့်အိမ်ကို ထပင်မြစ်ပို့ဖို့ လယ်တောထဲက လူကိုသွားခိုင်း၊ လယ်တောထဲက လူက လာပို့။ အဖြစ်က ကြားလို့မှ ယုံစရာမရှိ။ မဝဲစိန်ပြန်တော့ မပုန်းရည်က ကိုကြာစွယ်ကတော့ လွန်လွန်းပါတယ် မမလေးရယ်လို့ ပြောမိသည်။

"သူကတော့ ပြောမနေနဲ့...တစ်ယောက်ထဲ အလယ်ကအိပ်ချင်ဆိုတာမျိုး ဆရာမရဲ့...အိမ်က မိန်းမပေးစားတာလည်း မယူဘူး...မိန်းကလေးဘက်တင်တောင်းရမယ့် ကျွဲကြီး နှမြောလို့တဲ့...'မိန်းမ ယူမလားဗျ...သည်ကျွဲကြီး ခိုင်းစားတော့မပေါ့' တဲ့... သည်စကား မိန်းကလေးရှင်ဘက်က ကြားလို့ တောင်းပန်ပြီးရပါရောလား"

ဘာပဲဖြစ်ဖြစ် ထိုညက ကိုကြာစွယ့်စေတနာကြောင့် ထပင်မြစ်ဖုတ် စားရပါ၏။ ပူပူနွေးနွေး အနံ့မွှေးမွှေး။ မပုန်းရည်က အမျှင်ကလေးတွေသင်ပြီး ပါးစပ်ထဲထည့်ကာ တဂျွမ်းဂျွမ်းဝါးစားရတာကိုပဲ သဘောတွေ့နေမိပါ၏။ အောက်ပြည်အောက်ရွာမှာလည်း စားရတာမှန်သေသိ အညာထမြစ်က လတ်တော့ စေးပြီး ချိုလှသည်။ တချို့ညတွေမှာတော့ မမလေးနှင့် ကြာဖြူ ရောက်လာလျှင် ဘဲဥအပေါင်းလိုက်ကြော်လာတာတွေ ပန်းကန်နှင့်တစ်ချပ် ပါလာတတ်ပါသည်။ ဘဲဥအပေါင်းလိုက်ကြော်ဆိုတာက ဘဲဥ လေး,ငါးလုံးဖောက်ကာ ပဲမှုန့်အစိမ်းနှင့်ရောကာ မွှေပြီး ဆီပူပူထဲမှာ အပြင်လိုက်ကြီး ထည့်ကြော်ထားခြင်း ဖြစ်ပါ၏။ တိုက်ပန်းကန်ပြားကြီးနှင့်တစ်ချပ်အပြည့် ထည့်လာတာကိုက စားချင့်စဖွယ်။ ပူလိုက်တာကလည်း ဆီဥကလေး



တွေတောင် မပေါက်သေး။ ဘဲမွေးကြသည့်ရွာဆိုတော့ ဘဲဥတွေ စားရလွန်းလို့ ငြီးလှပြီဆိုသော်လည်း ဘဲဥအပေါင်းကြော်ကိုတော့ ဘယ်အချိန်စားရစားရ မပုန်းရည် စားလို့ကောင်းပါ၏။ ဘယ်သူကြော်တာလဲဆိုတော့ "လေးလေးကြော်တာ" တဲ့။

သည်အကြောင်းတွေ ကျောင်းမှာ မပုန်းရည် ပြောဖြစ်သည်။ ဆရာမ ဒေါ်မြင့်မြင့်စိန်ကတော့ သည်မိသားစုအကြောင်း တော်တော်သိထားသူဆိုတော့ ကြာသားစု ရိုးကြပုံတွေ ပြောပြသည်။ ဘွားကြီး စကားများတာလည်း ပါသည်။ ဘိုးကြီး က အင်္ကျီ လေး,ငါးထပ် ဘယ်တော့မှ မချွတ်တာလည်း ပါသည်။ တစ်ခါတော့ ကြာခွက်၊ ကိုကြာရိုးနှင့် ကိုကြာစွယ်တို့ စကားအငြင်းအခုံဖြစ်ကြသည်ဟု ဆိုပါသည်။ အကြောင်းက လကမ္ဘာပေါ် လူရောက်ခြင်း မရောက်ခြင်းပြဿနာ။ ငြင်းကြကြတာကလည်း ရွာလယ် တလင်းမှာ စပါးနယ်ရင်းတဲ့။ ငြင်းကြသူတွေကလည်း ခြားလူတွေမဟုတ်၊ ညီအစ်ကိုတစ်တွေ။

"ကိုကြာခွက်က လပေါ် လူရောက်တာ မဖြစ်နိုင်ဘူးဆိုတော့ ကြာရိုးကဖြစ်နိုင်လို့ ပြောကြတာပေါ့ကွတဲ့...အမှန်က ကြာရိုးကလည်း မယုံဘူး... အစ်ကိုလုပ်သူကို ကန့်လန့်တိုက်တာ...သည်တော့ ကြာစွယ်က ဝင်ဖြတ်တယ်...ဖြစ်နိုင်ရအောင် ဘာနဲ့သွားလို့လဲတဲ့...သည်တော့ ကြာရိုးက ဒုံးပျံနဲ့ပေါ့ကွတဲ့...အဲတော့ ကြာစွယ်က မင်းဒုံးပျံက ဆီဘယ်နှဂါလန်ဆံ့လို့ လပေါ်ရောက်နိုင်တာတုံးဆိုတော့ ကြာရိုးက မဖြေနိုင်တာနဲ့ ရှုံးရော...အဲဒါမျိုးတွေ မပုန်းရည်ရဲ့..."

တစ်ည...။ မပုန်းရည်က ကိုကြာစွယ် စစ်ဆင်ရေးဝင်သည်။ ညဘက်အလစ်မှာ ဘိုးကြီးတို့အိမ်ကို သွားလည်ဖို့ စီစဉ်ထားခြင်းဖြစ်၏။ မကြာဥကိုလည်း ကြိုပြောမထားဘဲ မကြာဥအိမ်ကြီးပေါ် ရောက်လာမှ ကောက်ကာငင်ကာ သွားလည်ရအောင်လို့ ပြောလိုက်သည်။ မကြာဥကလည်း ဝမ်းသာသွားသည်။ "သွားလေ ဆရာမ...အတော်ပဲ လေးလေးလည်းရှိတယ်" ဟု သတင်းပေးသည်။ မပုန်းရည်က ဓာတ်နိုပ်ခါတ်မီး ထ,ယူကာ အနွေးထည်ကလေး ထပ်ဝတ်သည်။ ဆောင်းညဆိုတော့ အပြင်မှာ ခိုက်ခိုက်တုန်အောင် အေးမှန်းသိ၍ဖြစ်၏။ ဘိုးကြီးတို့အိမ်ရောက်တော့ ကိုကြာစွယ်က ထင်းခြောက် လေး,ငါးချောင်းဆိုင်ပြီး မီးလှုံနေသည်။ ခေါင်းပေါင်းအဘက်ကြီးတစ်ထည် ခေါင်းပေါ်က ခြုံပြီး တဘက်စကို မျက်နှာသိုင်းကာ ပခုံးပေါ်လွှဲချထားသဖြင့် မျက်နှာမမြင်ရဘဲ မျက်လုံးနှစ်လုံးသာ ပေါ်နေသည်။ မပုန်းရည်နှင့် မကြာဥတို့ ရုတ်တရက် ရောက်လာတော့ မပြေးသာပြီ

www.burmeseclassic.com



"ကိုကြာစွယ်ရယ် ...ချမ်းလိုက်တာ တုန်လို့ရှင်...မီးလှုံချင်တာနဲ့ အတော်ပဲ...မီးလာလှုံကြပါဦးလားတောင် ခေါ်ဖော်မရဘူး"

ကိုကြာစွယ်ကတော့ မပုန်းရည်နှင့် သူ့အစ်မ မကြာဥ မီးပုံဘေး ရုတ်တရက်ရောက်လာတာကို လန့်သွားပုံပေါ်သည်။ ထင်းပုံထဲက မြွေပွေးတစ်ကောင် လျှောထွက်လာသလိုပင်။ သို့သော် တိုက်တိုက်ဆိုင်ဆိုင် သူ့မျက်နှာကို တဘက်နှင့် သိုင်းထားမိတော့ ထပြေးတာမျိုးမရှိဘဲ မျက်နှာမပြင်ရ ပြီးရောသဘောဖြင့် ပေပေစုစုကြီးထိုင်နေလေသည်။ တဘက်သာ အုပ်မထားမိဘူးဆိုလျှင် ထ,များပြေးလေမလားမသိ။ မပုန်းရည်ကလည်း သည်တစ်ခါတော့ ရှောင်ပုန်းတဲ့လူ မိပြီဆိုသည့်ပုံဖြင့် ကိုကြာစွယ့်ကို အလယ်မှာထားကာ မကြာဥနှင့် ညှပ်ထိုင်လိုက်ပါ၏။ ကိုကြာစွယ် မလှုပ်သာလေပြီ။ မျက်နှာကို အုပ်ထားသော တဘက်ထဲက မျက်လုံးကလေးနှစ်လုံးသာ အစ်ထွက်နေသည်။ ထိုမျက်လုံးနှစ်လုံးကပင် ရှက်ခြင်း၊ ကြောက်ခြင်းဖြင့် ဝိုင်းဝိုင်းလည်နေတော့သည်။ မပုန်းရည်တို့ကို မကြည့်၊ မီးတောက်ကိုသာ ကြည့်လျက်ရှိ၏။ မပုန်းရည်က စကားရှာကာ စ,သည်။

"ကိုကြာစွယ်...ဆောင်းတွင်းသန်းခေါင် ရေတွေခပ်ထည့်တယ်ဆို...ကျွန်မအားနာလိုက်တာ...နောက် မခပ်ပါနဲ့ရှင်...ကျွန်မကလေးတွေ ခပ်ပါလိမ့်မယ်"

"အင်း..."

"တလောက ကြာခရမ်းပွင့်တွေ ချူးလာတာလည်း ကိုကြာစွယ်ဆို...ကျေးဇူးတင်ပါရဲ့ရှင်...ကျွန်မ ကြာခရမ်း မတွေ့ဖူးဘူး...ရေထဲဆင်းချူးတာလား..."

"အင်း..."

"ရေက နက်လှဆို...ရေနက်မနက် ကျွန်မ ဆင်းချူးကြည့်ပါဦးမယ်...ကိုကြာစွယ်တောင် ရေမနစ်မှတော့ ကျွန်မလည်း မနစ်လောက်ပါဘူး"

မပုန်းရည်က ကိုကြာစွယ် စကားသံထွက်လာအောင် တမင်ဆွလိုက်ခြင်းဖြစ်သည်။ တကယ်ဆိုလျှင် နတ်ရေကန် နက်မှန်း မပုန်းရည်သိထားသည်။ ကိုကြာစွယ်ကိုယ်တိုင် ကြာပန်းတွေ ဘယ်လိုချူးခဲ့သည်ကို မပုန်းရည် မသိသော်လည်း တမင်ခပ်ပေါ့ပေါ့ ပြောလိုက်ခြင်းဖြစ်သည်။ သည်စကားကြားလျှင် ကိုကြာစွယ်က "မလုပ်လိုက်ပါနဲ့ ဆရာမရယ်...ရေက နက်ပါတယ်" လောက်တော့ ပြောကိုပြောရတော့မှာမဟုတ်လား။ သို့သော် မပုန်းရည်တွက်ကိန်း မှားရပြန်ပါ၏။ စိုးရိမ်စိတ်ဖြင့် မျက်လုံး



တွေ ပြူးထားကာ မပုန်းရည်ကို တစ်ချက်မော့ကြည့်လိုက်ပေသိ အသံကတော့ ...ထွက်မထွက်ပါလေ။

"အင်း"

မပုန်းရည်က ကိုကြာစွယ် အလိုက်သင့် စကားမပြောသရွေ့ မီးပုံဘေးက ...တော့ပြီဟု ဆုံးဖြတ်လိုက်သည်။ မပုန်းရည်က စကားဆက်မပြောဘဲ မီးလှုံနေတော့ ...ည်း တခြားစကားသံ မရှိ။ ကိုကြာစွယ်ကတော့ ထပြေးချင်စိတ် ပေါက်နေလောက်ပြီ။ ...တော့ မြွေကို ဖင်ခုထိုင်ထားမိသလား မှတ်ရလောက်အောင် တုတ်တုတ်မျှမလှုပ်။ ...ကြာစွယ် ငှူငှူကြီးလုပ်နေတာကို အစ်မဖြစ်သူ မကြာဥက အားနာဟန်တူပါ၏။ ...ဖြစ်သူကို ငေါက်လေတော့သည်။

"ဟဲ့ကြာစွယ်...မင်းမလဲ ကွန်လက်လေးသစ်ကွက်နဲ့ ငါးစင်ရိုင်းအုပ်ရတာကျလို့...ထိရတယ် မိရတယ်မရှိဘူး...စကားများ ပြောပါဦး...ကိုယ့်အိမ်လာတဲ့ဧည့်သည်ကို အားနာစရာ"

"အင်း..."

"ဘာအင်းလဲ...အိမ်မှာတော့ ဗိုလ်ကျပ်ပါတော်...ပြောပါဟဲ့ စကားကို..."

ကိုကြာစွယ်ကတော့ မလှုပ်ပါ။ ထင်းတွေ မီးကျိုးတော့ ထင်းတစ်ခွေ ...ဖြင့် ထ,သွားသည်။ ထင်းခွေ့ပြီး ပြန်လာလျှင်တော့ စကားပြောလိမ့်မည် ...ပါ၏။ အိမ်ကြီးဘက်မှာတော့ ဘိုးကြီး ဘွားကြီးတို့ အိပ်ကြပြီထင်သည်။ ချောင်း ...သံတို့မှ မကြားရ။ မီးခွက်ကလေးရှိလို့ နွေးနေသော်လည်း ဆောင်းညသည် ...လွန်းလှသည်။ ကိုကြာစွယ် တော်တော်နှင့်ရောက်မလာတော့ မမလေးကိုယ်တိုင် ...ဆီ လိုက်သွားရပြန်သည်။ သည်တော့မှ မပုန်းရည်လည်း ထင်းခွေ့ရန် အကြောင်း ...ကိုကြာစွယ် ရှောင်သွားမှန်း သိရလေ၏။ ခဏနေတော့ မကြာဥ ပြန်ရောက်လာ ...ည်။ "အိပ်ရာထဲ ရောက်သွားပေါ့ဆရာမရဲ့..." တဲ့။

"ဘယ်လို မမလေး...အိပ်ရာထဲ ရောက်သွားပြီ ဟုတ်လား...ဖြစ်ရလေရှင်"

"ဟုတ်ပ...ဒါကြောင့်ပြောတာ ကျွန်မအစ်ကိုတွေ မောင်တွေက လူတော မတိုးကြဘူး ဆရာမရဲ့...ဆရာမကို အားနာတာ..."

"အားမနာပါနဲ့ မမလေးရယ်...ကျွန်မက သူ့အသံထွက်အောင် စ,ချင်လို့ပါ...လူလည်း မြင်ဖူးချင်လို့...အခုက လူလည်းမမြင်ရ...အသံလည်း မကြားရ...ကျွန်မကို သူနိုင်သွားပြန်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



"မှာတော့မှာလိုက်သေးတာ ဆရာမရေ…နင့်ဆရာမ ကြာပန်း ခတ်မနိုး စေနဲ့တဲ့…နတ်ရုပ်တောင်မသိဘဲနဲ့ နတ်ဇာတ်ထုပ် မကိုင်ချင်နဲ့တဲ့… နတ်ရေကန် ဘာများမှတ်လို့တုံးတဲ့လေ…"

ဩော်…။ ကိုကြာစွယ် သည်လိုတော့လည်း စိတ်ပူတတ်သား။ ကာယကံရှင်ကိုတော့ ရှက်လို့ရှောင်သတဲ့။ အစ်မကိုတော့ စကားဖွယ်ဖွယ်ရာရာ မှာလိုက်သတဲ့လား။ သည်လိုဆိုတော့လည်း မပုန်းရည် စိတ်မကောင်းဖြစ်ရသည်။ သူ့စ,တာ လွန်များသွားလေသလား။ သည်ရွာမှာ ဘယ်လောက်ကြာကြာ တာဝန်ထမ်းဆောင်ရဦးမည် မသိသော်လည်း ကြာမိသားစုတွေနှင့် ခင်မင်ခွင့်ကြုံရဦးမှာပါလေလို့ တွေးမိခဲ့သည်။ မပုန်းရည်တို့ ထပြန်လာတော့ ပြာကျလုလုမီးပုံကလေးသာ ကျန်တော့သည်။ မကြာဥက ရေတစ်ဖလားခပ်ပြီး မီးငြိမ်းခဲ့သည်။ ရွာကလေးကတော့ ဆောင်းရိပ်အောက်မှာ တိတ်ဆိတ်လျက်။ မီးနှင့်ဝေးတော့လည်း အေးရပြန်ပါ၏။

□

မပုန်းရည် ကျောင်းသွားဖို့ပြင်ရပြီ။ မနက်အစောစာကို ကြာဖြူယူလာသော ထမင်းပူပူနှင့် စားတော်ပဲပြုတ်ကို ငါးပိကောင်မီးဖုတ်ကလေးနှင့် စားလိုက်ရသဖြင့် ဝမ်းတောင့်သွားပါ၏။ သည်ရွာမှာ မနက်စောစော ထမင်းစားကြသည့်ဓလေ့ရှိသည်။ ထမင်းကြော်၊ ထမင်းပူပူကို ပဲပြုတ်၊ အကြော်တို့နှင့် တွဲဖက်စားပြီး လယ်ထဲဆင်းကြရသည်။ နေ့လယ်ဆယ့်နှစ်နာရီ ဘုန်းကြီးကျောင်းက ကြေးမောင်းထိုးသံကြားမှ လယ်ထဲက တက်ကာ ကန်သင်းဆုံမှာ ထိုင်နားရင်း နေ့လယ်စာထမင်း တစ်ပြန်စားကြသည်။ ညနေ ငါးနာရီ ကြေးမောင်းထိုးသံကတော့ လယ်တောက ပြန်ကြချိန်။ သည်ရွာကို ရောက်သည့်နေ့မှစ၍ မပုန်းရည်သည်လည်း လယ်သူမများ၏ အချိန်ယေားအတိုင်း ကျင့်သုံးဖြစ်ရပါ၏။ ထမင်းစားပြီးတော့ ကျောင်းလက်ဆွဲခြင်းကို ဆွဲကာ အိမ်ကြီးပေါ်က ဆင်းလာခဲ့သည်။ မပုန်းရည်ပင် အံ့သြသွားရသည့်မြင်ကွင်းက ဆီးကြိုနေလေပြီ။ မပုန်းရည် တပည့်ကလေးတွေက အိမ်အောက်မှာ တစ်စုတစ်ဝေးကြီး ရောက်နေကြ၍ဖြစ်သည်။ မပုန်းရည်ကို တွေ့တော့ "မင်္ဂလာပါ ဆရာမ" လို့ ပြိုင်တူအော်ကြလေ၏။

"မင်္ဂလာပါ ကလေးတို့…"

သည်ကနေ့ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ရန်ရှိသဖြင့် ကျောင်းကို စောစောလာကြဖို့ မှာထားခဲ့သည်။ ကလေးတွေက ကျောင်းက မစောင့်ကြဘဲ မပုန်းရည် နေသည့်အိမ်ကို လာစောင့်နေကြခြင်း ဖြစ်သည်။ မပုန်းရည်လက်ထဲက ကျောင်းခြင်းကို ဖိုးလမင်းက လှမ်းယူသည်။ မပုန်းရည်က နီးရာကလေးနှစ်ယောက်ကို



လိုက်သင့်ဖက်ရင်း ကျောင်းဘက် လျှောက်လာခဲ့၏။ ကလေးနှစ်ယောက်အနက် ယောက်က ပုကျစ်ဖြစ်နေတာ မပုန်းရည်ပင် ရုတ်တရက် သတိမထားမိလိုက်။ င်းသူကလေးတစ်ယောက်က ပုကျစ်ကို အမှတ်တမဲ့ ဘေးဘက်ရောက်အောင် လိုက်ပြီး ပုကျစ်နေရာကို အစားဝင်လိုက်တာ မပုန်းရည် သတိထားမိလိုက်သည်။ တ ဘေးကို ရောက်သွားသော်လည်း ဘာမှမပြောရှာ။ မပုန်းရည် ချက်ချင်း ခနဲ ရပ်လိုက်၏။

"သမီးက ပုကျစ်ကို ဘာလို့ဆွဲလိုက်ရတာလဲ…ပုကျစ်က သေးသေးလေး… အဲသလို လုပ်လိုက်ရင် လဲသွားမှာပေါ့…မလုပ်ရဘူးနော်…"

"သူက စုန်းမသမီး ဆရာမရဲ့…"

အို…။ မပုန်းရည် အလွန်အံ့သြသွားခဲ့သည်။ ဆွဲလိုက်သူက နှင်းရီ။ နှင်းရီ အတန်းထဲမှာ စွာချင်သည်။ ကလေးချင်း အနိုင်ကျင့်ချင်သူကလေး။ အခုလည်း ရည် ဖက်ထားသည့်ကြားက ပုကျစ်ကို ဆွဲဖယ်လိုက်ခြင်းသည်ပင် မပုန်းရည် လင့်မထားခဲ့သော အပြုအမူမဟုတ်လား။ သည်အမူကို တစ်ထိုင်တည်းစစ်မှ တော့မည်။ မပုန်းရည်မှာ စိတ်မကောင်းခြင်းနှင့်အတူ ဒေါသစိတ်ကလေးဝ မိရသည်။ ချက်ချင်း စိတ်ကိုထိန်းလိုက်ပြီး သွားနေရာက ရပ်လိုက်သည်။ တစ်သိုက်ကလည်း ရောယောင်ရပ်နေကြလေသည်။ သူက စုန်းမသမီးလေ ရဲ့ ဆိုသည့်စကားကို ရင်နှင့်စွာ ကြားလိုက်ရပြီးနောက် မပုန်းရည်ပင် အားနာ ခဲ့ရသည်။ ပုကျစ်ကတော့ ဒါမျိုးတွေ ရိုးနေပေါ့ဆိုသည့် ရှက်တအမ်းအမ်း မျက်နှာ ဖြင့် မပုန်းရည်ကို မော့ကြည့်နေသည်။ လိမ်တိလိမ်ကောက် ဆံပင်ဖုတ်စု လေးက သွေ့သွေ့ကြီးခြောက်လျက် ကွင်းလေကြောင့် တလျားလျားလွင့်ပျံ့နေ သည်။ မျက်လုံးပြူးပြူးက မျောက်လွှဲကျော်ပေါက်စနလေးလို မျက်ကွင်းညိုကလေး ခတ်ထားသည်နှင့်ပင် တူသည်။

"ပုကျစ်ကို စုန်းမသမီးလို့ ဘာဖြစ်လို့ ပြောရတာလဲ နှင်းရီ…သည်စကား နောက်ထပ်ပြောသံကြားရင် ဆရာမ ရိုက်မယ်…မင်းတို့အားလုံးလည်း မှတ်ထားကြ…ပုကျစ်ဟာ မင်းတို့နဲ့အတူတူ ကျောင်းနေတဲ့သူငယ်ချင်းပဲ… ပုကျစ်ကလေးကို စိတ်ဆင်းရဲအောင် မပြောရဘူး…ဆရာမတောင် စိတ်ဆင်းရဲရင် သူ့ခမျာ ဘယ်လောက် စိတ်ဆင်းရဲမလဲ…မင်းတို့ တွေဟာ အားလုံး ဆရာမတပည့်တွေပဲ…အားလုံးကို အတူတူချစ်တယ်…အနိုင် ကျင့်တာကို ဆရာမ မကြိုက်ဘူး…ကြားကြလား…"

"ကြားပါတယ် ဆရာမ"

www.burmeseclassic.com

www.burmeseclassic.com



မပုန်းရည်က ပုကျစ်၏ စေးထန်းထန်းလက်ကလေးကို ဆွဲရင်း လျှောက်လာခဲ့ကြသည်။ ကျောင်းကိုရောက်တော့ ဦးပန်းဆီနှင့်အတူ ယောက်ျားသန်သန် လေး,ငါးယောက်ပါ ရှိနေကြသည်။ ဆရာမ ဒေါ်မြင့်မြင့်စိန်လည်း ရောက်နေပါပြီ။ ရွှံ့စောင်းစောင်း လဲကျနေသော တိုင်တွေကိုပင် နုတ်ပြီးကြပြီ။ တိုင်ကျင်းတချို့လည်း တူးပြီးကြပြီ။ စာသင်ကျောင်းဝင်းရယ်လို့ စည်းရိုးခတ်ထားခြင်း မရှိသော်လည်း တိုင်ဖျေ စိုက်ထားတာတော့ ရှိပါ၏။ ကျောင်းဝင်းတစ်ပတ်လည်သာ ခြံစည်းရိုးခတ်ရပါလျှင်လည်း မသက်သာလောက်။ ဒါကိုတော့ ခြံစည်းရိုးပင်ကလေးတွေ စိုက်ဖို့ မပုန်းရည်စိတ်ကူးထားပါ၏။ ကျောင်းရှေ့တည့်တည့်မှာ ပေါက်နေသော ထနောင်းပင်ကြီးနှစ်ပင်ကတော့ ကျောင်းအဝင်ပေါက်ပေါ့။ ဟိုဘက် သည်ဘက် ပန်းစက္ကူပင်တွေ စိုက်လိုက်လျှင် တစ်နှစ်အတွင်း ရုံကြီးဖြစ်သွားလိမ့်မည်။ သစ်ဝါးရှားသောအရပ်မို့ ကျောင်းကလေးမတ်မတ်ရပ်ရပ်ရှိတာပဲ ဝမ်းသာရပါ၏။ မလိုအပ်ပဲ ပေါက်နေသည့် ဆူးပင်၊ ချုံနွယ်ပင်တွေကိုတော့ ရှင်းပစ်ရမည်။ မြက်တွေ ထိုးပစ်လိုက်လျှင် ကွင်းပြောင်ပြောင်ကြီး ပေါ်လာလိမ့်မည်။ ကျောင်းဝင်းထဲက အမှိုက်တွေကိုတော့ ကလေးတွေကို ခွဲဖြန့်ကောက်ခိုင်းရပါ၏။ ကျောင်းရှေ့မျက်နှာစာမှာ တိုင်ဟောင်းတွေ ဖယ်ကာ တိုင်သစ်တွေ လဲလှယ်စိုက်ကြသည်။ ကွဲဆီးနတား (နွားတား) ကာကွယ်ရုံ ဝါးတန်းရိုက်ကြသည်။ အားလုံးပြီးတော့ ထုံးဖျော်ပြီး သုတ်သူတွေက သုတ်ကြသည်။ အလံတိုင်အုတ်ခုံကို ဖြိုလိုက်ကြလေပြီ။ ဦးပန်းဆီက သူ့အစီအစဉ်ကို ပြောပြပါသည်။

"သည်လို ဆရာမရေ...ကျုပ်တို့ရွာတောင်ဘက်မှာ လာတည်တဲ့ သကြားစက်က အင်ဂျင်နီယာကို ကျုပ်တို့ရွာလူကြီးတွေ သွားပြောကြတယ်...အလံတိုင်တော့ လှူပါ...သည်လိုက သည်လိုပါဆိုတော့ သံပိုက်လုံးကြီးတစ်လုံး လှူတယ်...အလံတိုင်အုတ်ခုံအတွက်ပါ အုတ်, အင်္ဂတေနဲ့ ပန်းရန်ဆရာတွေ လွှတ်ပေးပါမယ်...ကျင်းသာတူးထားပါဆိုလို့ ဟန်ကျသွားတယ်"

မပုန်းရည်က သကြားစက် လာတည်သည်ဆိုသော အင်ဂျင်နီယာကိုပင် မမြင်ရဘဲ ကျေးဇူးတင်မိရပါ၏။ အုတ်ခုံနှင့် သံပိုက်လုံးနှင့်ဆိုတော့ အလံတိုင်ကလေး ထောင်ထောင်မတ်မတ်ရှိတော့မည်။ သံအလံတိုင်ဆိုတော့ ဆေးသုတ်ရဦးမည်ထင်၏။ သဘောဆေးအဖြူတစ်ဘူးဆိုလျှင် ဘယ်လောက်များ ပေးရမလဲ။ ဆရာကြီးကို သဘော ဆေးဝယ်ဖို့ ပြောရမည်။ အုတ်ခုံကတော့ ထုံးသုတ်ရုံနှင့် ရနိုင်ပါ၏။

"ဆေးတော့ သုတ်ရမယ်ထင်တယ်နော်...ဥက္ကဋ္ဌကြီး"

"ဆေးပါ သုတ်ပေးလိုက်မယ် ပြောတာပဲ ဆရာမရဲ့...ဆရာမ လိုချင်တာ ရပါပြီ...အင်ဂျင်နီယာလေးက သူပါ တစ်ရက် လာခဲ့ပါ့မယ် ပြောတယ်"



"ကျေးဇူးတင်ပါ့ရှင်...လူမမြင်ရခင်က သူတော်ကောင်းကြီးဖြစ်မယ်ဆိုတာ မှန်းမိပါရဲ့"

နေရောင်အကျမှာ တချို့တိုင်တွေက ထုံးရောင်ကလေးတွေ ဖွေးလာခဲ့ပြီ။

"သူတော်ကောင်းကြီးမဟုတ်ဘူး ဆရာမရဲ့...ဆရာမလောက် ရှိဦးမှာ... လာရင် တွေ့ပါလိမ့်မဗျား...လူက ဝိုက်ဆိုက်ကောင်းကောင်းရယ်..."

လာရင် တွေ့ပါလိမ့်မဗျားဆိုလို့ မပုန်းရည် ရယ်ချင်သွားသည်။ လူတ...ဆိုက်ကောင်းကောင်းဆိုတာကလည်း အဓိပ္ပာယ်တစ်မျိုး ပါလေသလား။ ဆရာမ ...မြင့်မြင့်စိန်ကတော့ ကလေးတစ်အုပ်နှင့် အလုပ်ရှုပ်နေသည်။ မောင်တက်လူတ...တောင်းထမ်းကာ လမ်းဆောချိုင့်ထဲ သွန်သွန်ချသည်။ ကျောင်းဝင်းထဲမှာ ရှိသမျှ...စက္ကူစ၊ ဗိုက်ပေါင်းငုတ်စိတွေ မရှိကြတော့။ ထိုနေ့က တစ်မနက်လုံးလိုလို ...တွင်း ကျောင်းပြင် လိုအပ်တာမှန်သမျှ ပြင်ဆင်ကြသည်။ ရွံ့စောင်းနေကြသည့် ...သင်ပုန်းတွေကို ပြန်တည့်၊ အခြေမခိုင်သည့် အခန်းကာတွေကို ထပ်ပိုး။ ...အမိုးမိုးဖို့ကတော့ နောက်နှစ်မှာ သွပ်မိုးကြမည်ဆိုတော့ သည်နှစ် နေလိုက်ကြဦး။ ...ရေအိုးစင်ကလေးလည်း ရပြီ။ ရေအိုးစင်ရှည်ကလေးဆိုတော့ ရေအိုးငါးလုံး ...လုံးလောက် နေရာချနိုင်ပြီ။ နေရောင်ပြင်းပြင်းပူလာတော့ ချွေးစို့ကြပြီ။ ...ချိန်လည်း ရောက်ပြီဆိုတော့ လုပ်ငန်းတွေ ရပ်လိုက်ကြပြီး ထမင်းစားဖို့ ...ရပါ၏။

မပုန်းရည် ဆရာတော့်ကျောင်းရောက်တော့ ဆရာတော်ကြီးပင် ဆွမ်းစား ...ကျိန်းနေလေပြီ။ ကျောင်းသားကြီး မောင်ညဏ်က ထမင်းခုံ အသင့်ပြင်ပေးထား ...မပုန်းရည် အသင့်ဝင်စားရုံပင်။ ထမင်းစားပြီးတော့ တံမြက်စည်းလှည်းရင်း ...ဘော်ပိုင် စာအုပ်ဗီရိုတွေကို လိုက်ကြည့်နေမိသည်။ စာအုပ်တွေက များသား။ ...ဒီစာန်က ထုတ်ဝေသော ပြည်သူ့လက်စွဲစာစဉ်တွေ ကျောင်းကို ရောက်ပုံရသည်။ ...ဆရာတော်ထံ ခွင့်ပန်ပြီး စာအုပ်တွေ ယူဖတ်ရမည်။

မပုန်းရည် တံမြက်စည်း လှည်းနေစဉ် သံစုံနာရီကြီးက ဆယ့်နှစ်နာရီ ...သည်။ မွန်းတည့် ဆယ့်နှစ်နာရီ 'ထိုးမောင်း' ထိုးဖို့ တာဝန်ယူထားသဖြင့် ...တော် ကျိန်းနေသည့်ကြားက ကြေးမောင်း ထထိုးရပါ၏။ ဆယ့်နှစ်ချက်...။ ...သံက ရွာကလေးကို ကျော်ကာ အဝေးလယ်ကွင်းတွေဆီ ရောက်လောက်ပြီ။ ...ရိုက်ကြသူတို့ ထမင်းစားဖြုတ်ကြဖို့ ပြင်လောက်ပြီ။ ဘာမဆိုင် ညာမဆိုင် ...ရွယ်ကို သတိရလိုက်တော့ မပုန်းရည် ပြုံးမိရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းဆရာမ...ထမင်းစားပြီးပလား...ဝအောင်စားနော...ကျုပ်ကျောင်းက ဆွမ်းပေါတယ်..."

"ပြီးပါပြီဘုရား...ဝလည်းဝပါတယ်ဘုရား...ကျေးဇူးကြီးပါဘုရား..."

ဆရာတော်က သက်နှံးရုံပြီး အခန်းတွင်းက ကြွလာရင်း မေးလိုက်ခြင်း ဖြစ်၏။ ဆရာတော်ကို မပုန်းရည် ဝတ်ဖြည့်သည်။ ဆရာတော်က မျက်မှန်ကို သက်န်းခြင်း သွတ်ပြီး ပြန်တပ်သည်။ မှန်က ထူထူကြီးတွေ။ ဆရာတော် မျက်မှန် ပြင်ခိုင်းလိုက်တာ ရလာပုံပေါ်ပါ၏။ ဆရာတော်က ရွာက ကလေးတွေအခြေအနေကို မေးသည်။ မပုန်းရည် က အလိုက်သင့် ပြန်လျှောက်ရသည်။

"ဘယ်လိုဖြစ်ဖြစ်လေနော...ကျောင်းဆရာမ စေတနာနဲ့သာလုပ်...ကိုယ့် စေတနာ ကိုယ့်အကျိုးပေးလိမ့်မနော...စေတနာမှန်ရင် ကံက မနေဘူး ဟုတ်လား...ကိုယ်ကမှ စေတနာမကောင်းရင် ကံကလည်း မကောင်းတတ် ဘူး...တူသောအကျိုးပေး၏ဆိုတာ ရှိတယ်လေနော...လုပ်စရာရှိတာသာ လုပ်...ကျောင်းဆရာမစေတနာ ရွာက သိလာပါလိမ့်မယ်...ဟုတ်လား"

"တင်ပါ့ဘုရား..."

ဆရာတော်က သူပြောတတ်သလို ရိုးရိုးနှင့်ရှင်းရှင်းသာ တရားပြတတ်သူ ဖြစ်သဖြင့် မပုန်းရည်မှာလည်း မှတ်သားနာယူရလွယ်ပါ၏။ တအောင့်မျှနေပြီး ဆရာတော်ကို ဝတ်ဖြည့်ကာ ကျောင်းကြီးပေါ်က ဆင်းခဲ့သည်။

နေ့တစ်ပိုင်း စာသင်ရန် မဖြစ်နိုင်သေးပါ။ နေ့လယ် ထမင်းစားပြီးသည့်နောက် ရွာလက်သမားနှစ်ယောက် ပြန်လာကြဦးမည်။ ချောင်ထိုးထားသော ခုံကျိုးခုံပဲ့တွေကို ရနိုင်သလောက် ကောင်းအောင် ပြင်ကြမည်ဆို၏။ နဲ့နဲ့ရွဲ့ရွဲ့ခုံတွေကိုလည်း ပြင်စရာ ရှိသည်။ ဆရာမ ဒေါ်မြင့်မြင့်စိန်နှင့် ကျောင်းသားကြီးတချို့ကတော့ သစ်ပင်သစ်ကိုင်း ခုတ်ကြ ချိုင်ကြတုန်း။ အထူးသဖြင့် ကျောင်းဆောက အဝေရာပင်တောကို ရှင်းလင်း ကြခြင်းဖြစ်၍ အပင်အားဖြင့် မကြီးလှသော်လည်း အပင်တွေက သန်ချင်တိုင်းသန်နေ ကြသည်။ တချို့က အဝေရာပင်တွေဆိုလျှင် လက်ရုံးလက်မောင်းတွေလောက်ပင် ရှိနေကြပြီ။ ကျောင်းသားတချို့က သည်အဝေရာတောထဲ ဝင်ဝင်ကစားကြတာ တွေ့ခဲ့ ကတည်းက မပုန်းရည် ရှင်းချင်နေခဲ့သည်။ မြွေပါး ကင်းပါး ကလေးတွေ အန္တရာယ် ရှိလို့ဖြစ်၏။ ဒေါ်မြင့်မြင့်စိန်က သည်တာဝန်ကို ယူလိုက်ခြင်းဖြစ်သည်။ မောင်တက်ထူး က မတ္တရာကို စက်ဘီးတစ်စီးနှင့် ကျောက်သင်ပုန်းသုတ်ဆေးနှင့် စုတ်တံ သွားဝယ် နေချိန် ဖြစ်၏။



"ဆရာမ...ဆရာမ...ကျော်လင်း ဒူးပြတ်သွားလို့..."

"ဟယ်...ဒူးပြတ်သွားတယ်..."

မပုန်းရည်က အဝေရာတောနှင့် ခပ်ဝေးဝေးကို ရောက်နေခိုက် ကျောင်းသား တစ်ယောက်က ပြေးလာပြောခြင်းဖြစ်၏။ မပုန်းရည် ချက်ချင်း လိုက်သွားတော့ ကျော်လင်းကို သွေးအလူးလူးနှင့် တွေ့လိုက်ရပြီ။ အနားမှာ ဆရာမ ဒေါ်မြင့်မြင့်စိန် ကို။ မေးတော့ ထမင်းစားပြန်နေသည်ဟု ဖြေကြသည်။ ဟုတ်ရှာမှာပေါ့။ သူ့ခမျာ ထမင်းစား ပြန်ရသေးပုံမရ။ အဝေရာတော ရှင်းလင်းရေးတွင် တောက်လျှောက် ရှိနေပုံ ရသည်။ အခုတော့ ထမင်းစားပြန်ခိုက် ကလေးတစ်ယောက် ထိခိုက်သွားတာပဲ ဖြစ်ရသည်။ မေးကြည့်တော့ မပုန်းရည်ထင်သည့်အတိုင်းပင်။ ဆရာမက တစ်ယောက်မှ အတိုင်းရ မှာခဲ့သည့်ကြားက ထရှင်းကြခြင်းဖြစ်သည်။ ကျော်လင်းက ပုံရက် သား ကျနေသည်။ သွေးတွေက ပုဆိုးတစ်ထည်လုံး ရွှဲရွှဲစိုလျက်။ ကျောင်းသားကြီး တစ်ယောက်က ပွေ့ထားကြသည်။ မပုန်းရည်က ကျော်လင်းမိဘတွေကို ခေါ်ခိုင်းရသည်။ မပုန်းရည်ကိုယ်တိုင်လည်း ဒဏ်ရာကို မကြည့်ဝံ့တော့ ကျောင်းသားကြီးတွေကို မေးရ သည်။ ဓားချက်က ဒူးခေါင်းကို ချော်ထိတာဆရာမ ဆိုတာကလွဲလို့ အခြားအဖြေမရ။ ဆရာမ ဒေါ်မြင့်မြင့်စိန်လည်း အပြေးအလွှား ရောက်လာပါ၏။

"မပုန်းရည်ရယ်...သေများသေချင်တော့တာပဲ...ဓား မကိုင်ကြနဲ့ မှာခဲ့တဲ့ ကြားက ရှည်ကြတာလေ...ခုတော့ ကောင်းရော...မှန်းစမ်း...ဒဏ်ရာ..."

ဒေါ်မြင့်မြင့်စိန်က ကျော်လင်းဒဏ်ရာကို ကြည့်တော့ "နည်းနည်းများသွား သယ် မပုန်းရည်ရေ..." လို့ လှမ်းပြောနေသည်။ သိပ်မကြာခင် ကျော်လင်းမိဘ များနှင့်အတူ ဦးပန်းဆီပါ ရောက်လာသဖြင့် မပုန်းရည် အားရှိသွားပါ၏။ မိဘတွေ မှာ ဘာမှတော့ မပြောရှာပါ။ စိုးရိမ်နေကြပုံတော့ ပေါ်သည်။ မပုန်းရည်က ဆေးခန်း ပို့ချင်သည်။ ဆေးခန်းက ရွာမှာမရှိ။ အနည်းဆုံး မတ္တရာတော့ သွားရမည် ဖြစ်၏။

"ဖိုးလမင်း...ကျောက်ခဲကို လှည်းကောက်ခဲ့လို့ သွားပြောစမ်း..."

အနားမှာ ဝိုင်းနေကြသော ကျောင်းသူ ကျောင်းသားတွေထဲက ခေါင်းတစ်လုံး ထွက်နေသော ဖိုးလမင်းကို ဦးပန်းဆီက ခိုင်းလိုက်ခြင်းဖြစ်သည်။ ကျော်လင်းအဖေ ကတော့ သူ့သား ဒူးကဒဏ်ရာကို တစ်ချက် ဖြဲကြည့်ပြီး ဘုန်းကြီးကျောင်းက ရေ သနပ်ခါး ခွဲကာ ရေစင်စင်ဆေးနေပါ၏။ ပြီးတော့ ပခုံးပေါ် တင်လာသည့် ပုဆိုးစုတ်ကို ဖြဲ၍ ဒဏ်ရာပေါ် အပြားလိုက် စည်းပေး၏။ ကျော်လင်းကို ပုဆိုးလဲပေးပြီးချိန်မှာ

www.burmeseclassic.com

www.burmeseclassic.com



ကိုကျောက်ခဲ လှည်းနှင့်ရောက်လာသည်။ မပုန်းရည်က ဒေါ်မြင့်မြင့်စိန် နေခဲ့ဖို့ ပြောသည်။ ခမျာ ကလေးတစ်ဖက်နှင့် ချက်ရ ပြုတ်ရမှာ ရှိသေးသည်။ ပြီးတော့ မတ္တရာကို မပုန်းရည် လိုက်ချင်သည်။ နောင် သွားဖို့လာဖို့ ရှိလာတော့လည်း ကိုယ်တိုင် ထသွားနိုင်မှာ မဟုတ်လား။ မပုန်းရည် လိုက်မှာဆိုတော့ ကျော့်လင်းအမေနှင့် ဒေါ်တင်ငွေတို့ပါ လိုက်ကြမည်။

"ဒေါက်တာစော ဆေးခန်းသာ မောင်းကွာ ကျောက်ခဲ... ဆရာမ လိုက်မလို့လား... အပြန်မိုးချုပ်မှာဖျနော... မိတူးနဲ့ မတင်ငွေ သွားဖြစ်ပါတယ်"

ဦးပန်းဆီက အားနာဟန် ဆိုသော်လည်း ကျောင်းမှာဖြစ်ရသည့်ကိစ္စ ကျောင်းကတစ်ယောက် မလိုက်လို့ မကောင်းနိုင်ပါ။ ကျော့်လင်းအမေ မတူးနှင့် ဒေါ်တင်ငွေတို့ လှည်းပေါ်ရောက်ပြီ။ ကျော့်လင်းက မအေ့ရင်ခွင်မှိကာ ကျိုးကြည့်ကြောင်ကြည့်။ ဒူးကြီး ဟက်တက်ကွဲနေသော်လည်း မနာသလိုလို။ ကျောင်းနေဖော် သူငယ်ချင်းတွေရှေ့မှာ မငိုချင်တာလည်း ပါပါလိမ့်မည်။ မပုန်းရည်က လှည်းပေါ် တက်လိုက်ပါ၏။

"ကျွန်မ လိုက်ပါ့မယ်ရှင်... မိုးချုပ်တော့လည်း ကိုယ့်ရွာကိုယ်ပြန်တာပဲ... ကျွန်မတို့ မသိလိုက်ခင် ထလုပ်ကြရာက ဖြစ်ရတာပါ... ကျွန်မတို့လည်း စိတ်မကောင်းဖြစ်ရပါတယ်"

မိဘတွေရှေ့မှာ မပုန်းရည်က တောင်းပန်စကား ဆိုလိုက်သည်။ ဒေါ်မြင့်မြင့်စိန်က မပုန်းရည်၏ ကျောင်းလက်ခွဲခြင်းကို ကြာဖြူနှင့် ပို့လိုက်မှာဖြစ်ကြောင်း၊ ညဘက် မပုန်းရည်ဆီ တစ်ခေါက်လာခဲ့ဦးမှာဖြစ်ကြောင်း ပြောနေသေးသည်။ လှည်းထွက်လာတော့ မွန်းတိမ်းပြီ။ လှည်းက ဆည်တော်ချောင်း တာပေါင်ရိုးတစ်လျှောက်ကို သွားနေမှန်း မပုန်းရည် သိပါသည်။ ဆရာမန်းတင် ရေးသည့် နယ်ပိုင် မောင်ပြုံးချို ခရီးလှည့်လည်ရာ ဆည်တော်ချောင်းရိုးကလေးပါလားလို့ မပုန်းရည် တွေးမိသေး၏။ ရှုတချောင်းဆိုတာကော။ လှည်းက ထင်တိုင်းသွားလို့ရတာ မဟုတ်ပါ။ ကျော့်လင်းက နည်းနည်းလေး အေးလာတော့ နာလာပုံရသည်။ တညည်းညည်း တငိုငို။ မတူးက စကားတစ်ခွန်းမှမပြောတော့ စိတ်များဆိုးနေရော့လားလို့ မပုန်းရည် ပူပန်မိရပါ၏။ ဒေါ်တင်ငွေကတော့ ရွာမှာ ပြောသံကြားတိုင်း တရားနာရောက်သူ ဖြစ်လိမ့်မည်။ မတ္တရာအဝင်လမ်းကလေးထဲက ဒေါက်တာစောဆေးခန်း ကောင်းလှကြောင်းတွေ ပြောလိုက်လာရင်းက သူလိုက်ပို့ရသော နတ်ရေကန်က လူနာတွေအကြောင်း စာတ်ထုပ်ခင်းလေ၏။ ဘယ်သူ့ကိုမှ ရည်ရွယ်ပြီး ပြောနေတာမျိုးမဟုတ်။ တာဝန်အရ ပြောနေ



ဆိုး။ လှည်းက တာပေါင်မြေလမ်းအတိုင်း မောင်းနေခြင်းဖြစ်ရာ မပုန်းရည် မျှော်ကြည့်သောက် မတ္တရာဆိုတာ ဝေးသေးပုံရပါ၏။

"ဆရာမကို အားနာတာ... ဆရာမအနွေးထည် ပါးပါးကလေးနဲ့..."

ကျော့်လင်းအမေ မတူးက မပုန်းရည်ကို ပြောလိုက်ခြင်းဖြစ်သည်။ သူ့ခမျာ အနာကို မပူ၊ လိုက်လာသည့်ဆရာမကို ပူပန်နေရှာတာပါလားလို့ တွေးမိတော့မှ မပုန်းရည်မှာ ကလေးအမေ ငြိမ်ချက်သားကောင်းတာကို သဘောပေါက်ခဲ့ရသည်။ ဆိုတောင်းလည်း ဖြစ်ရပါ၏။ အပြန်မှာတော့ အတော်အေးလိမ့်မည်ထင်၏။

"ရပါတယ်ရှင်... ကျွန်မပူတာက ကလေးအတွက်ပါ... ကလေးဒဏ်ရာ သိပ်များ ကြီးနေမလားပဲ စိုးရိမ်နေမိတာပါ"

ဒေါ်တင်ငွေက ကြားဝင်ဖြေသည်။

"ကျုပ်တို့ရွာက ကလေးတွေ တံစဉ်ပြတ်၊ ဓားပြတ်၊ မြက်စဉ်းဓား ခိုက်မိတာများတော့ ရိုးနေပေါ့... တစ်ထွာတစ်မိုက် ပြဲဖူးတဲ့ကောင်ချည်းပဲ"

တစ်ထွာတစ်မိုက် ပြဲတာလောက်တော့ နတ်ရေကန်က ကလေးတွေ ရိုးနေပြီဆိုလို့ မပုန်းရည် ပြုံးမိရသည်။ ထိုစဉ်မှာပင် လှည်းက တုံ့ခနဲ ရပ်သွားသည်။ ...ဖြစ်တာပါလိမ့်။ မပုန်းရည်က လှည်းဦးကို ကျော်ကြည့်လိုက်သည်။ လှည်းဦးမှာတော့ ဓားရှည်ကြီးတစ်လက် ဆုပ်ဆုပ်ကြီးကိုင်ထားသော လူတစ်ယောက်... ...ထမ်းပိုးတုံးအလယ်က စည်းကုံးကြက်တူရွေးရုပ် လည်ပင်းနေရာကို ဓားရှည်ဖြင့် ...ထားကာ ရီဝေဝေမျက်လုံးများဖြင့် မပုန်းရည်ကို စူးစူးကြီးကြည့်နေလေသည်။

✦

www.burmeseclassic.com

www.burmeseclassic.com

(၅)

လှည်းသမား ကိုကျောက်ခဲက နဖားကြိုးကို စိုးရိမ်တကြီး တောင့်လိုက်သဖြင့် လှည်းက ကျွဲခနဲ ရပ်သွားခဲ့သည်။ ဓားရှည်ကိုင်ထားသူက လှည်းစည်းကုံးပေါ်ဆေးစိမ်းသုတ်ထားသော ကြက်တူရွေးရုပ် လည်ပင်းပေါ် ဓားတင်ရင်း အရက်ခိုးငွေ့ချောင်းချောင်းထွက်နေသည့် မျက်လုံးများဖြင့် လှည်းပေါ်က လူတွေကို မခိုးမခန့် လှုပ်နေသည်။

"အလို…ဘယ်သူများတုံးလို့…ငပိုက်…ဘာများတုံးဟေ့…"

ဒေါ်တင်ငွေက လှည်းသမား ကိုကျောက်ခဲ၏ ကျောပြင်ကို ဖိနှိပ်လိုက်ရင်း ဓားသမားကို မျက်လုံးပြူးကြီးနှင့် လှမ်းမေးသည်။ ဓားသမားက မကြားလေသလားကြားလေသလား မသိ။ ဘာမှမဟုတ် ဒယီးဒယိုင်ရပ်လျက်ရှိ၏။ မတူးက သည်တော့ပိုက်မှန်းသိသွားပုံဖြင့် လှည်းပေါ်က လှမ်းငေါက်တော့သည်။

"ငပိုက်…နင် ဘာလုပ်တာလဲ…မသာကောင်…မူးစရာရှိ ကိုယ်ဟာကိုယ်မူး…ဘာလဲ နင်က ကိုယ့်ရွာလှည်းကို ဓားနဲ့ထောက်ရအောင် မကြံကောင်းမစည်ရာ…"

ငပိုက်ဆိုသူက ဒေါ်တင်ငွေနှင့် မတူးတို့က လှမ်းအော်လိုက်တော့ မျက်လုံးဖောက်ထိုးနှင့် ပြန်ကြည့်သည်။

"သည်မှာ မတူး…ငါ့တူကို ကျောင်းဆရာမက ဓားနဲ့ခုတ်ဆို…ရွာလှူပါး၀လို့ကွာ…ငါ့တူခုတ်သလို ငါပြန်ခုတ်မှာ…ကျော်လင်း…ဘာဖြ



တာတုံး…လေးပိုက်ကို ပြောစမ်း…ဒါမျိုး ငပိုက်က မရဘူး…ပြောစမ်းဘယ်ဆရာမတုံး…"

မပုန်းရည်ကို တစ်ချက်လှမ်းကြည့်လိုက်သော်လည်း မပုန်းရည်အကြည့်နှင့်ဆုံမိကော့ မျက်နှာကို လွှဲလိုက်သည်။ လှည်းသမား ကိုကျောက်ခဲက နဖားကြိုးစကိုလည်းရုံတိုင်မှာ တစ်ပတ်လျှိုခဲ့ပြီး လှည်းပေါ်က ဖြုတ်ခနဲ ဆင်းလိုက်သည်။ ငပိုက်ထံကမား ၀င်လုဖို့ပြင်သည်။ ငပိုက်က အလုမခံ။ နောက်ကို တစ်လှမ်းဆုတ်ပြီးနှင့် တလွှားလွှား ရမ်းနေလေသည်။ လူမှန်းသူမှန်းမသိအောင် မူးနေသူဆိုတာတော့ မပုန်းရည် အကဲခတ်မိပါ၏။ သို့သော် အမူသမားနှင့် တုဖက်ယှဉ်ပြိုင်ထိတော့ မပုန်းရည် သတ္တိမကောင်းချင်ပါ။ ဒေါ်တင်ငွေက လှည်းပေါ်က ဆင်းပြီးနှစ်ချက်လောက် အုပ်လိုက်စမ်းမယ်ပြောနေပြီ။ မတူးကလည်း ကလေးကိုရသဖြင့် မလှုပ်သာလို့သာ လုပ်လိုက်ချင်စမ်းလှ ဆိုသည့်မျက်နှာ။ မပုန်းရည် ဒေါ်တင်ငွေနှင့် မတူးကို တောင်းပန်ရသည်။

သည်ကိစ္စ သူပါမှ ဖြစ်တော့မည်။ ဆရာမက ဓားနဲ့ခုတ်လို့ဆိုသည့် သတင်းပေါ် လုပ်မိလုပ်ရာ လုပ်နေခြင်းဖြစ်ကြောင်း မပုန်းရည် ရိပ်မိလိုက်၍ ဖြစ်သည်။ တ်ခဲကတော့ ငပိုက်ကို ပြန်ရန် ဖျောင်းဖျနေခဲ့သည်။ ငပိုက်က လက်မခံ။ ရန်းရန်းနှင့်။ မပုန်းရည် လှည်းပေါ်က ဆင်းလိုက်သည်။ ဒေါ်တင်ငွေနှင့် မတူး ကြသည့်ကြားက ဆင်းလိုက်ခြင်းဖြစ်သည်။ လှည်းအောက်မှာ ကိုကျောက်ခဲ တစ်ကြောင်း၊ ကျောင်းဆရာမဆိုသည့် ဂုဏ်သိက္ခာကို ယုံကြည်၍တစ်ကြောင်း ရင်ဆိုင်လိုက်သည်။

"ကိုပိုက်…ကျွန်မ မောင်ကျော်လင်းရဲ့ ဆရာမပါ…မောင်ကျော်လင်းတို့ဆရာမတစ်ယောက်က ဓားနဲ့ခုတ်ပါ့မလားရှင်…ကျောင်းမှာ သစ်ပင်တွေချုံတွေ ရှင်းကြရာက မတော်တဆ ထိသွားတာပါ…မောင်ကျော်လင်းနဲ့ တိုပိုက် ဘာတော်သလဲ…"

ငပိုက်က ဓားကို တန်းလန်းကြီးချလျက်က မပုန်းရည်ကို စူးစူးကြီး ကြည့်နေ အံ့ဩသွားရုံမက သည်ကျောင်းဆရာမ အကြောက်အလန့်မရှိပါလားဆိုသည့် အထင်းသားပေါ်လျက်ရှိ၏။ ခြေထောက်တွေက ခိုင်ခိုင်မရပ်နိုင်သဖြင့် အောင် ထိန်းထားရသော်လည်း မျက်လုံးတွေကတော့ မရွေ့စတမ်း ရှိနေ ပြီးမှ တစ်လုံးချင်းဖြေသည်။

"ကျုပ် တူ…"

www.burmeseclassic.com

www.burmeseclassic.com



"ကိုပိုက်က တူတော်ရုံတော်တာပါရှင်…မောင်ကျော်လင်းက ကျွန်မသားပါ…ရှင့်ထက် စိတ်ပူတာပေါ့…ရှင့်ထက် စိုးရိမ်တာပေါ့…ရှင့်ထက် သနားတာပေါ့…ကျောင်းဆရာမဆိုတာ တပည့်ဆိုတဲ့ သားသမီးတွေရဲ့ မအေပါ"

ငပိုက်က ဘာမှမပြောတော့ဘဲ နောက်ကို နှစ်လှမ်း သုံးလှမ်း ဆုတ်သွားခဲ့သည်။ လှည်းသွားရန် လမ်းကို ဖယ်ပေးလိုက်သည်။ ခါးရှည်ကိုတော့ လက်က မလွှတ်။ မျက်လုံးတွေက ပေစောင်းစောင်း။ မပုန်းရည် ပြောလိုက်သည့်စကားတွေကို လက်ခံလေသလား၊ လက်မခံလေသလား မသေချာ။ မပုန်းရည်က ရှေ့ကို တိုးလာခဲ့ပြန်၏။ မပုန်းရည်မှာ ကြောက်စိတ်တွေ မရှိတော့ပြီ။

"မောင်ကျော်လင်းက သူ့ခါးနဲ့သူ မတော်တဆဖြစ်ရတာပါ…အခုလည်း ကိုပိုက်လုပ်တာနဲ့ နောက်ကျနေရပြီ…ကလေးဒဏ်ရာက ကြီးတယ်…ဆေးခန်း အမြန်ပို့ရမှာ…ရှင် အခုလိုလုပ်နေရင် ပိုဆိုးမှာပေါ့…ကျွန်မ တောင်းပန်ပါတယ်"

ငပိုက်က နောက်ဆုတ် နောက်ဆုတ်သွားရာက ပက်လက်လန် လဲကျသွားလေသည်။ ခါးတခြား လူတခြား။ လှည်းသမား ကိုကျောက်ခဲက ခါးကို သွားကောက်ပြီး လှည်းပေါ် တင်လာခဲ့သည်။ ငပိုက်ကတော့ လဲနေရာက ကျူးထကာ မပုန်းရည်ကို လှမ်းကြည့်နေလေသည်။ သွားရည်တွေ တမြားမြားကျလျက်။ ရှက်ရွံ့ခြင်းနှင့် အားနာခြင်းတို့ ရောနေသော အရက်ခိုးဝေ မျက်လုံးများဖြင့် တောင်းပန်နေသယောင် လှမ်းကြည့်နေခဲ့ရုံမှတစ်ပါး နှုတ်လှန်ထိုးခြင်း မရှိ။

"ဟဲ့ ငပိုက်…နင်မူးတာ မူးလို့ရတယ်…မမိုက်ရိုင်းရဘူး ငါတူရဲ့…ဆရာစော်ကား သမားစော်ကား မလုပ်ရဘူး…ကိုယ့်တူကလေး စာတတ်အောင် သင်ပေးတဲ့ဆရာမကို နင်မို့ဟယ်…ကိုင်း ကိုင်း ရွာ ဖြောင့်ဖြောင့်ပြန်တော့…"

လှည်းဆက်ထွက်လာတော့ မပုန်းရည် လှည်းပေါ်ကနေ လှမ်းကြည့်လိုက်သည်။ အလို…ကိုပိုက်က ငုတ်တုတ်ထိုင်ရင်း လက်အုပ်ကလေး ချီလို့…။ ဝေးသည်ထက် ဝေးလာသော်လည်း လက်အုပ်ချီမပျက် ထိုင်နေတာကို မြင်နေရသည်။ ဒေါ်တင်ငွေကတော့ ငပိုက်ကို ကျိန်ဆဲနေဆဲဖြစ်၏။

"သင်း သည်လိုဟာတွေကြောင့် စာမတတ်တာ…ငယ်ငယ်က တောင်ဘက်ရွာ ကျောင်းသွားထားပါတော်…သည်တုန်းက ရွာမှာ အတန်းကျောင်း မရှိသေးဘူး…တကတည်း ကျောင်း ဖြောင့်ဖြောင့်မတက်ဘူး…အနောက်တောသွား ငှက်ပစ်ပြီး ပြန်လာတဲ့ကောင်…"



သည်လိုကြားလိုက်ရတော့ မပုန်းရည် ရင်ကလေး နင့်သွားကာ စိတ်မကောင်းဖြစ်ရပါ၏။ ကိုပိုက်က စာမတတ်ရှာဘူးတဲ့လား…။ မတူးကတော့ မတ်တော်သူ…သမားကြောင့် အားနာကြောင်း တတွတ်တွတ် တောင်းပန်နေရှာပါ၏။ မတူး…ခွင်ထဲမှာ မှိန်းလိုက်နေခဲ့သည့် ကျော်လင်းက အနာတင်းလာလို့လားမသိ ညည်းသံ…လေး ထွက်လာခဲ့သည်။ မပုန်းရည်က ကျော်လင်းကို ခေါင်းကလေးပွတ်ရင်း…ဆေးရပါသည်။ ခရီးက ဝေးသေးသည်ဆို၏။ ထစ်ခနဲရှိ မတ္တရာမြို့အထိ ပြေးရ…ကို မပုန်းရည် သဘောပေါက်သော်လည်း ရှေးဦးသူနာပြုလုပ်ငန်းလောက်တော့…မှာ ရှိသင့်သည်လို့ တွေးနေခဲ့သည်။ လှည်းသမား ကိုကျောက်ခဲမှာ သည့်ထက်…ည်း လှည်းကို မြန်အောင် မောင်းမဖြစ်တော့ တဂျိုဂျို တပျက်ပျက်ဖြင့် သွားနေရုံသာ။

"မေးခိုင်ရောဂါပိုး ဝင်မှာစိုးလို့ ဆေးတော့ ထိုးရမှာပဲ…ခရီးက လှမ်းသားနော်"

မပုန်းရည်က ခရီးမရောက်နိုင်တာကို ညည်းလိုက်တော့ ဒေါ်တင်ငွေက…ကိုက်ကို ဇျစ်တောက် ဇျစ်တောက်လုပ်ရာက မပုန်းရည်စကားကျကို ဝင်သည်။ သူတို့…တွေမှာ မေးခိုင်ပိုးရယ်လို့ မရှိဟုပင် ဆိုသည်။ အသက်ခြောက်ဆယ်ကျော်သည်…ထိ မေးခိုင်ပါသည်ဆိုသော လူနာမျိုး တစ်ခါမှ မကြုံဖူးပါလို့လည်း အာမခံလေ…ည်။ ဟုတ်ချင်တော့လည်း ဟုတ်ပါလိမ့်မည်။ သို့သော် ကြိုတင်ကာကွယ်ခြင်းသာ…ကောင်းဆုံးဆိုတာ သဘောပေါက်အောင် နားသွင်းရပါ၏။

"ဆရာမနှယ်…ကျုပ်တို့ငယ်ငယ်က ဟက်တက်များပြလို့ကတော့လား…ခွေးနာ ပြာသိပ်၊ လူနာ ဖုန်သိပ် ဆိုတဲ့ပြီး နီးရာဖုန်မှုန့် ကောက်သိပ်လိုက်တာပဲ…ဖုန်မှုန့်ဆိုတော့ အနာဝကလေး ပိတ်သွားရာက မန်းကလေးတစိုစိုနဲ့ ပျောက်သွားတာ…နောက် ဗျိုင်းချေးရွက်များ သွေးစိမ်းရှင်နှာအကောင်းဆုံးပေါ့…လမ်းဘေးက ဗျိုင်းချေးရွက် လက်တစ်ဆုပ်ညှစ်ပြီး အနာပေါ်ချ…ဗျိုင်းချေးဖတ်စိုစိုကို အနာပေါ်အုံပြီး ပုဆိုးစုတ်နဲ့ ပတ်လိုက်ရင် နှစ်ရက်ဆို ပျောက်ကရော…လက်တွေ့ပါတော်…"

လက်တွေ့ပါတော်ဆိုတော့ လှည်းပေါ်မှာ မငြင်းသာ။ လက်တစ်ကမ်းစာ…ပြီးတိုကလေးတွေ စွမ်းတာကို မပုန်းရည် လက်ခံသော်လည်း သန့်ရှင်းဖို့နှင့်…ဖို့တော့ လိုကြောင်း ပြောရန်အားယူပြီးမှ အသာမျိုချလိုက်ရသည်။ လှည်းဆရာ…ကျောက်ခဲကပါ 'တောဆေး' တွေ ထက်လှကြောင်း ဝင်ပြောလိုက်၍ ဖြစ်လေ…သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့တော့ သံပြားရှလို့ သံများစူးလို့ကတော့ ရေနံချေးဖတ် မီးရှို့ပြီး ကျလာတဲ့ ရေနံစက် အနာပေါ် တစ်ပေါက်ပေါက်ချလိုက်တာပဲ...ပြီးတော့ ဒေါ်ပါ (ရော်ဘာ) ဖိနပ်နဲ့ သုံး,လေးချက် ဆင့်ရိုက်ပစ်လိုက်တာ"

"ဘယ်ကို ရိုက်တာလဲ...ကိုကျောက်ခဲရဲ့..."

"ရော်...ဆရာမနှယ်...အနာကို ရိုက်ပစ်လိုက်တာပေါ့...ဖုန်းဖုန်းနဲ့ ရိုက်လိုက်ရင် အနာက မကြွဝံ့တော့ဘူးရယ်..."

"ဩော်..."

ကိုကျောက်ခဲ ပြောပုံက မပုန်းရည်ပင် ထိတ်လန့်သွားခဲ့ရသည်။ ကင်းကိုက်တော့ ကြေးဖလား တီးကြသတဲ့။ ငါးချူ၊ ငါးကျီးစူးတော့ ဆီးဖြူသီး စားကြသတဲ့၊ ခြေကျင်တော့ ဖဝါးကို သံတူနဲ့ နှက်ကြသတဲ့။ နားအူတော့ ဆီနဲ့ကြပ်ကြသတဲ့၊ ဆုံဆို့နာပေါက်တော့ သင်္ဘောသီး စားကြရုံတဲ့။ ခေါင်းခဲတော့ မန်ကျည်းမှည့်နဲ့ဆားပွတ်ရှုကြသတဲ့။

"ဆရာမတို့ မိန်းမသားများ ရာသီလွန်လို့ကတော့ ဘာမှမလုပ်လေနဲ့ ဆီးသီးစားပြီး ရေသာသောက်ဗျာ...မပျောက်တော့ ပြောရော...နို့မထွက်ဘူးလား...နွားသားနဲ့ ချဉ်ပေါင်နီရွက် ဟင်းခါးချက်သောက်စမ်း...နို့ရည်ဆိုတာ ပန်းထွက်တာဗျား..."

ဆေးနည်းတွေက ကြမ်းလာတော့ မပုန်းရည်ပင် မျက်နှာမထားတတ်အောင် ဖြစ်ရပါ၏။ ကိုကျောက်ခဲက ရိုးရိုးသားသား ပြောပြနေသော်လည်း မပုန်းရည်မှာ မကြားချင်ဟန်ဆောင်နေရသည်။ ရှက်သာရှက်ရတာပါလေ၊ ကိုကျောက်ခဲဆေးနည်းတွေကို မပုန်းရည် မှတ်ထားရပါ၏။

မပုန်းရည်တို့လှည်း မတ္တရာရောက်တော့ အချိန်ပင် လင့်လှပြီ။ ဆရာဝန်ဒေါက်တာစောက ဒေါ်တင်ငွေနှင့် အဖွဲ့ကျပြီးသားဆိုတော့ ဒဏ်ရာဟက်တက်ကွဲ ဆေးခြင်း၊ ချုပ်ခြင်း၊ ဆေးထိုးခြင်းတွေကို ဒေါ်တင်ငွေ့ကူအညီနှင့်ပင် လုပ်ကိုင်သွားခဲ့သည်။ မပုန်းရည်ကတော့ သွေးစိမ်းရှင်ရှင်တွေ မြင်ရကတည်းက ခေါင်းထဲက နောက်ချင်ချင်။ ကျော်လင်းက သတ္တိကောင်းလှသည်။ အနာကိုချုပ်တာ တုတ်တုတ်မှမလှုပ်။ ဒေါက်တာစောက ပတ်တီးစည်းပေးပြီး ဆေးနှစ်ချောင်း ထိုးပြန်၏။ ဆေးခန်းရှေ့က ခုံတန်းရှည်မှာ မပုန်းရည် မူးနေသဖြင့် ဒေါက်တာစောက ရှူဆေး ပေးရသေးသည်။ မပုန်းရည်က ဆေးဖိုးရှင်းပေးတာကို မတူးက လက်မခံ။ ဆေးခန်းကအပြန် သွေးနံ့ဆေးနံ့တွေနှင့် ဝေးတော့မှ မပုန်းရည် ခေါင်းကလေး ကြည်လာခဲ့သည်။ ဒေါ်တင်ငွေက အပြန်ခရီးမှာ အသံတစာစာ။



"ဆရာမခမျာအေ...ငပိုက်က မားကြိမ်းကြိမ်းတာ တစ်မျိုး...အနာကို သွေးစိမ်းရှင်ရှင်ချုပ်တာ မြင်ရတာ တစ်မျိုးဆိုတော့ ငတို့ရွာ လန့်သွားထင်ပါ့အေ..."

မတူးကလည်း အားနာစကား ဆိုရှာပါသည်။

"ဟုတ်ပ ဆရာမရယ်...အားနာလိုက်တာ...ငပိုက်က လင့်ဘက်က ညီရယ်...အလကား အရက်သမား...ကျွန်မက အိမ်အလာမခံဘူး...မအေအိုကြီးနဲ့ နေတာလေ...မယားကဆိုတာ ပေါင်းတောင်မပေါင်းတော့ဘူး...ကလေးသားမြေး မရှိလို့ တော်တော့တာပေါ့...မအေအိုခမျာ တစ်နေ့မှ စိတ်ချမ်းသာရတယ်မရှိဘူး...အတော်ဆိုးတဲ့ကောင်..."

"ရွာကို မလန့်ပါဘူးရှင်...ရောက်အောင်တောင် လာခဲ့ပြီးပြီပဲ...ကိုပိုက်ကလည်း တူဆိုတော့ ပူမှာပေါ့လေ..."

"အလကားပါ ဆရာမရယ်...တူရယ်လို့ တစ်ခါမှ မုန့်တစ်ဖဲ့ ကျွေးဖူးတာမဟုတ်ပါဘူး...မူးမူးနဲ့ သက်သက်လာရမ်းတာ...အိမ်ကဟာနဲ့တော့ တွေ့ကြတော့မယ်"

"အကျယ် အကျယ် မဖြစ်ပါစေနဲ့တော့ မတူးရယ်...ကျွန်မ တောင်းဝန်ပါတယ်"

မပုန်းရည်တို့လှည်း နတ်ရေကန်ဝင်ကာနီးတော့ နေစွယ် 'နဲ့'ပြီ။ တာပေါင်လျှောက် ကောက်ငန်းက ပြန်ကြသူတွေ မနည်းပြီ။ တစ်နေကုန် ပင်ပန်းလာကြသူတွေဆိုတော့ စကားပင် ဟဟမဆိုနိုင်ကြတော့သလို ရွာအဝင် အသံတိတ်လှပါ၏။ ရည်ကတော့ သဘာဝပန်းချီကားရှည်ကြီးတစ်ချပ်လို မြင်နေရသည့် ကျေးလက်ခင်းကို လှည်းပေါ်ကပဲ ငေးနေမိရပါသည်။ ရွာခြေကို လှည်းမကပ်ခင်ကတည်းက ကျောင်းသူကျောင်းသားတွေ၊ ကလေးမိခင်တွေ စောင့်ဆိုင်းနေကြသည်။ ဒေါ်မြင့်မြင့်စိန် ကလေးငယ်ကို ခါးထစ်ခွင်ကာ လှမ်းမျှော်နေရှာသည်။ မပုန်းရည်တို့ လှည်းကို တော့ လှည်းဆီ လျှောက်လာခဲ့ကြသည်။ ဒေါ်မြင့်မြင့်စိန်က ဒေါ်တင်ငွေကိုရော ပါ အခြေအနေ မေးသည်။ ကျော်လင်းကတော့ ဆေးအရှိန်ကြောင့် ထင်ပါ၏။ န်းဆန်းဆန်း ရှိသည်။

"စိုးရိမ်လို့ မပုန်းရည်ရေ...ကျော်လင်းလည်း စိတ်ပူ...လိုက်သွားတဲ့လူတွေကိုလည်း စိတ်ပူ...ငါ့နှယ်နော် မလိုက်ရလေခြင်းရယ်လို့ စိတ်မကောင်းဖြစ်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"မမစိန်ရယ်…ကျွန်မလိုက်သွားတော့လည်း အတူတူပါပဲ…ကလေးက သက်သာပါတယ်…ရွာထဲက စောင့်ရှောက်ပေါ့ မမစိန်ရယ်…ဘယ့်နှယ် တာပေါင်ရိုးအထိ ထွက်စောင့်နေရတာလဲ…ကလေးက ငယ်ပါဘိသနဲ့"

မပုန်းရည်တို့ စကားကောင်းနေခိုက် ကိုကျောက်ခဲကလည်း အနားရောက်လာသည့် လယ်ရိတ်သူအချို့နှင့် စကားပြောနေခဲ့သည်။ သည်အချိန်မှာပဲ 'နဲ့'နေသည့် နေစွယ်က ဆတ်ခနဲ ကျိုးလေ၏။ ကောင်းကင်ရောင် နီနီရဲရဲက လယ်ကွင်းနှင့် တာပေါင်တစ်လျှောက် လိမ္မော်ရည်တွေ ဆမ်းထားသလို နီဝါသွေးလှလျက်ရှိသည်။ မပုန်းရည်တို့ စကားပြတ်သွားတော့ ကိုကျောက်ခဲအသံ ထွက်လာသည်။

"လုပ်ပါဟ…ကြာစွယ်ရ…ငါ မနက် လှည်းတိုက်မယ့်ကိစ္စ အနောက်တဲ ဖြေးမေးချင်လို့ပါ…မောင်းသွားစမ်းပါ…ဒေါ်တင်ငွေတို့ကို တောင်ချောင် အရင်ချခဲ့…ပြီးမှ ဆရာမကို လိုက်ပို့လိုက်…လှည်းတော့ မင်းတို့အိမ်မှာ ချွတ်ထားလိုက်ကွာ…ညကျမှ ငါလာကောက်တော့မယ်"

ကိုကျောက်ခဲက ပြောပြောဆိုဆို ဆင်းသွားတော့ ကိုကြာစွယ်တစ်ယောက် လှည်းပေါ်ကို ကျောပေးတက်လာတာ မပုန်းရည် သတိထားမိသည်။ နေဝင်မိုးချုပ်မှာ ဝါးခမောက်ကြီးကို မေးသိုင်းသိုင်းကာ ဆောင်ထားလိုက်သေး၏။ ကောက်ရိုးမှုန်တွေ ကပ်နေသော တောဝတ်အင်္ကျီလက်ရှည်ထူကြီးနှင့် ပုဆိုးကြမ်းကြီးကို ခပ်တိုတိုဝတ်ကာ ကြက်ပေါင်ဖိနှပ်ယောင်းကို ခါးထိုးထားလေသည်။ သည်ညနေတော့ မပုန်းရည် မပြုံးနိုင်, မစနိုင်။ မပုန်းရည်ကိုယ်တိုင်ပင် အေးလှပြီ။ လှဲချင်လှပြီ။ ဝမ်းကလည်း ဟာသလိုလို၊ ဆာသလိုလို။ လှည်းက ဆောင့်ခနဲထွက်လိုက်တော့ လှည်းပေါ်က လူတွေ တစ်ချက်ပျက်ကုန်ကြသည်။ ကိုကျောက်ခဲက ဖွတ်ထိုးပေးသွားလို့သာ မငြင်းသာ တွေ့ယ်သာ လှည်းပေါ်တက်လာရသော်လည်း မပုန်းရည် ပါသည်ဆိုကတည်းက ကိုကြာစွယ် မျက်နှာမလှည့်တော့ပြီ။ ဒေါ်တင်ငွေက လှည်းဆောင့်ထွက်တာကို ငေါက်ဖြစ်အောင် ငေါက်လိုက်သေးတော့ ပိုဆိုးလေတော့သည်။

"ကြာစွယ်ရယ်…လှည်းထွက်တာ ကမ်းပါးများပြိုသလား မှတ်ရတယ်… ဒါ့ကြောင့် နင် မိန်းမ မရတာ…ဆရာမ အရင်ပို့…ကြားလား…"

"အင်းပါ…"

မပုန်းရည်က ကိုကျောက်ခဲ မှာကြားထားတော့ ဒေါ်တင်ငွေနှင့် ကျော်လင်းသားအမိကို အရင်ပို့စေသည်။ မဟုတ်လည်း လှည်းက ကိုကြာစွယ်တို့အိမ် ပြန်ချွတ်ထားရမှာမဟုတ်လား။ ခရီးနှစ်ခေါက် မဖြစ်စေချင်တာလည်း ပါသလို၊ ကလေး



[illegible]ထွေးထွေး နားစေချင်တာလည်း ပါပါ၏။ သို့သော် ဒေါ်တင်ငွေက လက်မခံ[illegible]တလည်း ငြင်းပြန်၏။ ဆရာမကို အရင်ပို့လိုက် ကြာစွယ်ရေ…လို့ ကိုကြာစွယ့် [illegible] ကို ရှင်း အမိန့်ပေးလေ၏။ တာပေါင်က ရွာထဲကို ဖွဲ့အဆင်း ချောင်းကူးတံတား [illegible] ကိုကြာစွယ်က လှည်းကို တောင့်ရပ်လိုက်သည်။ တောင်ချောင်အရင်ပို့ရမှာလား။ [illegible]ပုန်းရည် အရင်ပို့ရမှာလား။ မဝေခွဲတတ်ပေါင်ဗျာ ဆိုသည့်ပုံဖြင့် ရပ်လိုက်ခြင်း [illegible]သည်။ ဒေါ်တင်ငွေက ကိုကြာစွယ့်ခါးကို ထုသည်။

"ကြာစွယ်…မောင်းလေ…ဘာလုပ်နေတာတုံး"

"ရော်…ဘယ်မောင်းရမှာတုံး…ခင်ဗျားတို့ဟာက…"

သည်စကားတော့ ကိုကြာစွယ့်အသံ ကောင်းကောင်းကြားလိုက်ရလို့ [illegible]ရည်ပင် ရယ်ချင်သွားခဲ့ရသည်။ သူတို့ရွာသူရွာသားချင်း မပြောလို့မဖြစ်တော့ [illegible] စကားပြောသွားပါလား။ အသံက ခပ်အုပ်အုပ်၊ ပြာတာတာ။ မျက်နှာကတော့ [illegible]ပါ။ တစ်ချက်ကလေးပင် နောက်မလှည့်။ မပုန်းရည်က ကျွန်မသာ အရင်ပို့ပါ [illegible]မှ လှည်းစ,ထွက်ပြန်၏။ မပုန်းရည်နေသည့် အိမ်ကြီးရှေ့မှာ လှည်းရပ်ပေး [illegible] မပုန်းရည်က ဒေါ်တင်ငွေနှင့် မတူးတို့ကို နှုတ်ဆက်ရင်း လှည်းပေါ်က ဆင်း [illegible] လှည်းရှေ့ကို သွက်သွက်လျှောက်ပြီးမှ ကိုကြာစွယ့်မျက်နှာကို မော့ကြည့်ရင်း [illegible]တင်ကြောင်း ပြောရသည်။ မျက်နှာပြားပြားကြီးနဲ့ပါလား။ နည်းနည်းမှောင်စ [illegible]တော့ ကြည့်ကြည့်စင်စင်တော့ မဟုတ်။ မပုန်းရည်က လာနှုတ်ဆက်မည်မထင်ဘဲ [illegible]သည့်တည့်ရောက်လာတော့ မျက်နှာကြီး အစ်ထားလိုက်တာ ကျောက်ရုပ်ကြီးလို [illegible]

"ကိုင်း…ကိုကြာစွယ်ရေ…ကျေးဇူးတင်ပါသရှင် လိုက်ပို့တာ…"

"ရပါတယ်"

မပုန်းရည် အိမ်ကြီးပေါ်ရောက်တော့ မှောင်နှင့်မည်းမည်း။ မှန်အိမ်ကလေး [illegible]တာ အဝတ်ယောင်း လဲသည်။ အောက်ထပ်ဆင်းကာ ကပျာကသီ ကိုယ်လက် [illegible]သည်။ အဝတ်ထူထူကလေးဝတ်ပြီး စောင်နှင့်ကွေးနေလိုက်သည်။ မကြာခင်တ [illegible]ဖျပ်ကြီးတစ်ချပ်နှင့် ထမင်းပူပူ ဟင်းပူပူတွေ သယ်လာတော့ တစ်လုတ် [illegible] ထ,စားဖြစ်ပါ၏။ သို့သော် မျက်လုံးတွေ လေးလံလာသဖြင့် အသာပြန်မှေး [illegible]သည်။

မကြာခင်က အခန်းပြတင်းကို ပိတ်ကာ ခြင်ထောင်ချပေးသည်။ ကြာဖြူတို့ [illegible] လာအိပ်တာကိုပင် မပုန်းရည် မသိလိုက်တော့။ မှေးခနဲ အိပ်ပျော်သွား [illegible]သည်။

www.burmeseclassic.com

www.burmeseclassic.com



မနက်ရောက်တော့ မပုန်းရည်ကိုယ်တွေ ပူကာ ဖျားလေပြီ။

မနေ့က ကွင်းထဲမှာ လှည်းစီးတာ များသွားတော့ အအေးမိရာက ဖျားခြင်းဖြစ်၏။ ညက မျက်လုံးတွေ ပူသည်။ တစ်ကိုယ်လုံးလည်း ကိုက်ခဲကာ ခြစ်ခြစ်တောက်လို့။ မကြာခင်က မပုန်းရည်၏နဖူးကို လက်နှင့်အုပ်စမ်းရင်းက စိုးရိမ်ပူပန်သွားရှာ၏။ လယ်ရိတ်မသွားတော့ဘူးဆိုလို့ မနည်းတွန်းလွှတ်ရပါ၏။ ဆရာမ ဒေါ်မြင့်မြင့်စိန်ကိုသာ မပုန်းရည် ဖျားနေကြောင်း ဝင်ပြောပေးပါဟု မှာလိုက်ရသည်။ မပုန်းရည်မှာ ပါလာသည့် အင်္ဂလိပ်ဆေးတွေ ရှိနေတော့ ညက ဆေးတော့ သောက်ဖြစ်လိုက်သည်။ ကြာဖြူက မုန့်ဗိုင်းတောင့်တစ်ပန်းကန်နှင့် ရေနွေးတစ်အိုး လာပေးသဖြင့် မျက်နှာသစ်ပြီး ဝမ်းပြည့်အောင် ဖြည့်လိုက်ရသည်။ ညက ထမင်းသိပ်မစားဖြစ်လိုက်တော့ အဆာသား။ ကိုယ်ကလေး ငွေ့ငွေ့ပူချင်သည့်ကြားက နှမ်းဆီနံ့သင်းသင်း၊ မုန့်ဗိုင်းတောင့် အုန်းနိုင်းချင်း ပူပူနွေးနွေးကို ခံတွင်းတွေ့နေသည်။ ရေနွေးနှစ်ခွက်လောက်သောက်လိုက်တော့ ပွင့်သွားသလိုလို ဖြစ်လာသည်။

"မုန့်ဗိုင်းတောင့်ကလေး မွှေးလိုက်တာ ကြာဖြူရယ်…ဘယ်သူလုပ်တာလဲ"

"လေးလေးလုပ်တာ…မုန့်ဗိုင်းတောင့်က လုပ်ရတာ လက်ဝင်တယ် ဆရာမရဲ့…မုန့်နှစ်ကို ရေနွေးထဲ ပွတ်ပွတ်ချရတာ…"

သည်လိုဆိုရင် မုန့်ဗိုင်းတောင့်ကလေးတွေ အများကြီးရဖို့ အချိန်အတော်များများ ယူရလိမ့်မည်။ နတ်ရေကန်ရွာကလေးကို ရောက်ကတည်းက တောသရေစာတွေစားရတာ များပြီ။ ထန်းလျက်ရှည်ချိုချို မုန့်ကြာစေ့ကို စားရပြီ။ အုန်းနို့ သာကူပြင်က်စားခဲ့ရပြီ။ ရွှေချီဆနွင်းမကင်းဆိုတာ စားခဲ့ရပြီ။ ရွာမုန့်ပျားသလက်ကလေးတွေကတော့ စားတော်ပဲစေ့ တစ်ပြောက်နှစ်ပြောက်ဖြင့် နူးညံ့လှပါ၏။ မုန့်ပေါင်းကလည်း ခါတိုင်း မြင်နေကျ စလောင်းဖုံးတစ်ချပ်စာကလေးတွေမဟုတ်။ သောက်ရေအိုးဖုံးတစ်ချပ်စာလောက် ကြီးသည်။ အရွယ်ကြီးသော်လည်း မနပ်မပျောင်းမရှိ။ နူးညံ့လွန်းလှပါ၏။ ငရုတ်စိမ်းရှိန်းရှိန်း ပဲဗယာကြော်တွေ၊ အာတာလွှတ်မှုန့် လူးထားသောပဲစိမ်းကြော် တွေ၊ မတ်ပဲနံ့မွှေးမွှေး ဗယာကြော်ကွင်းတွေ စုံလို့။ ကောက်ရိတ်ချိန်ဆိုတော့ ရွာမုန့်တွေ လှိုင်လှိုင်ကြီးလုပ်ကြပြီး လှိုင်လှိုင်ကြီး စားနေရချိန်မဟုတ်လား။

ကြာဖြူ ပြန်သွားတော့ မပုန်းရည်တစ်ယောက်တည်း နေထိုင်မကောင်းတော့ အမေတို့ အမေတို့ဆီလည်း စိတ်ရောက်ရပါ၏။ မနေ့တစ်နေ့ကပဲ မောင်တက်လူနှင့် စာတစ်စောင် ပို့လိုက်သည်။ အဆင်ပြေသည့်အကြောင်း၊ ရွာက စောင့်ရှောက်သည့်အကြောင်း၊ နေရေးထိုင်ရေး သင်ရေးကြားရေး အတည်ချနေရသေးကြောင်း၊ ရွာနှင့်အဆင်ပြေကြောင်းကအစ ရေးလိုက်ခြင်းဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ရွာခံ စုန်းဆိုသူ



...ည်း တွေ့ခဲ့ပြီ။ မားကြိမ်းကြိမ်းသူကိုလည်း ကြုံခဲ့ပြီ။ နောက်ထပ်တွေ့စရာတွေ ...နိုင်သေးသည်။

မပုန်းရည် ရောက်ကတည်းက ရွာနှင့် အဆင်ပြေပြေနေနိုင်ရေး၊ စာသင်ကျောင်းကလေး စိုစိုလန်းလန်း ရှိဖို့အရေး လုံးပန်းခဲ့သည်။ နေခြည်မှာ ရွှေရည်လောင်း...သင်ကျောင်းကလေး တင့်တယ်ခဲ့ပြီ။ ပန်းကလေးများ ပွင့်ဖို့ ဖူးတံဝင့်လို့ချိဖို့...မ်းအားထုတ်ရဦးမည်။ ကလေးတွေက လယ်ထဲမှာ ဘဲဥကောက်၊ ကောက်သင်း...က်။ မပုန်းရည်က လယ်ထဲကွင်းထဲလျှောက်ရင်း ကလေးကောက်။ ကလေး...သင်းကောက်ရတာကလည်း လွယ်တော့မလွယ်ပါ။ ရွာကွင်းအနံ့ ရှိချင်သည့်...မှာ ရှိနေကြသော ကလေးတွေကို ကျောင်းတက်ချင်စိတ်ကလေးပေါက်အောင်...များကလည်း လိုလိုလားလား လွှတ်ချင်လာအောင်၊ ပညာတန်ဖိုးကိုလည်း ထိုက်သင့်...လျော် ခံစားနားလည်အောင် ချော့ရ ကြိမ်းရ တရားပြရတာမျိုးတွေ လုပ်ရပါ၏။

ကျောင်းကို ရောက်လာသမျှ ကလေးကိုသာ စာသင်လိုက်မဟဲ့ဆိုသည့် ...လေး ထားချင်လျှင်လည်း ဖြစ်ပါ၏။ ဆရာ၊ ဆရာမတွေကို အပြစ်တင်လို့ခြင်း ...ရပါ။ ကလေးတွေကို စာသင်ခန်းထဲ အရောက်ပို့ဖို့ကတော့ မိဘများမှာလည်း ...ရှိသည်။ ကျောင်းနေပါပြီဆိုကတည်းက ကလေးတွေကိုယ်တိုင် ကျောင်းစာသင်...ကို ရောက်ရမည့်ဝတ္တရားလည်း ရှိသည်။ ကျောင်းခေါ်ချိန်စာအုပ်မှာ မလာတာတွေ ...သမျှ တစ်ယောက်ချင်း လိုက်လံ'ကောက်'ဖို့ဆိုတာ အပြောလွယ်သလောက် ...ခက်ပါ၏။ ဆရာ၊ ဆရာမများမှာ သင်ကြားရေးတာဝန်က တစ်ဖက်၊ သင်ကြား...အတွ တစ်ပြေးညီ ပါလာရမည့် 'တက်မြောက်ရေး'က တစ်ဖက်ဆိုတော့ ဆူးရှ...အရင်ထွင် ဝမ်းကျတာ နောက်မှကု ဆိုသလို လုပ်နိုင်သမျှ တစ်ဆင့်စီလုပ်နေ...သည်။ အထူးသဖြင့် မပုန်းရည်တို့ နတ်ရေကန်ကျောင်းကလေးမှာ ဆရာ၊ ဆရာမ...မရှိ။ မောင်တက်လူကို အကူဆရာအဖြစ် ထားသော်မှ သုံးယောက်သာရှိသည်။ ...ဘောင် မပုန်းရည် ရောက်လာလို့သာ။ အရင်က နှစ်ယောက်တည်း။ မပုန်းရည် ...ခင်က "ကျွန်မနဲ့ မောင်တက်လူ နှစ်ယောက်တည်း ကြံရတာ" ဆိုသော ...မြင့်မြင့်စိန်၏ စကားကိုလည်း သတိရမိပါ၏။

မပုန်းရည်ကတော့ ကျောင်းမှာ ကျောင်းသားတွေရှိမှ ပြည့်စုံသည်လို့ ...ထားသည်။ မလာလို့လည်း ရတယ်၊ သွားချင်တော့လည်း သွားလို့ရတယ် ...အတွေးမျိုး မိဘတွေမှာ မရှိစေချင်သလို၊ ကလေးတွေ စိတ်ထဲမှာလည်း ...င်။ ကျောင်းသားတကာ ကျောင်းပျက်နေကြတာ ကိုယ့်သားသမီး မလွှတ်တော့ ...ထူးပါဘူးဆိုသည့် မိဘတွေကို မပုန်းရည် တွေ့ခဲ့ရပါ၏။ အဆိုးဆုံးကတော့

www.burmeseclassic.com

www.burmeseclassic.com



"ပညာမတတ်လည်း ဖြစ်ပါတယ် ဆရာမရယ်...ထမင်းတလုတ်တစ်ဆုပ်တော့ ကလေးတွေ ခုကတည်းက ရှာစားတတ်ကြပါပြီ" ဆိုသည့်စကားများပင်။

'ရေပုံး ၁ ပုံး၊ တုံး ၂ တုံး၊ သင်ပုန်း ၃ ချပ်ပါ
အရုပ် ၄ ကောင်၊ စာ ၅ ကောင်၊ ကလောင် ၆ ချောင်းပါ
စာအုပ် ၇ အုပ်၊ မုန့် ၈ ဆုပ်၊ ဦးထုပ် ၉ လုံးပါ
နောက်ဆုံးထပ်ဆင့် ပန်းဆယ်ပွင့်၊ အသင့်တွက်ပြီးပါ'

သူငယ်တန်းကလေးတွေကို ဂဏန်းသင်္ချာ သင်ရသည့်အခါ ရွတ်ဆိုရတဲ့ ကဗျာကလေးလိုပါပဲ။ ရေပုံးတစ်ပုံးက ပန်းဆယ်ပွင့်ရောက်အောင် တိုးကာ တိုးကာ သွားရတာမျိုးပင်။ တကယ်တန်း စာသင်ခန်းထဲမှာ ပျောက်နေကြသည့် ဒါမှမဟုတ် အကြောင်းကြောင်းကြောင့် ပျက်ကွက်နေကြသည့် ကလေးတွေနောက်ကို လိုက်ရင်း စာသင်ခန်းဆီ ပြန်လာဖို့ 'ညှို့'ရတာ ပင်ပန်းတာ မပင်ပန်းတာထား၊ သူကလေးတို့၏ဘဝတွေကို မပုန်းရည် မြင်ခွင့်ရခဲ့သည်။ သူတို့မိသားစု ပုံရိပ်တွေကို တွေ့ခွင့်ရသည်။ သူတို့စိတ်အခြေအနေ ကိုယ်အခြေအနေကို စူးစမ်းခွင့် ရခဲ့ပါ၏။

"မမစိန်ရယ်...ကလေးတွေရဲ့ တကယ့်ဘဝတွေကို မြင်ရတော့လည်း ကျွန်မ ဖြင့် ကျောင်းတက်ဖို့တောင် မခေါ်ရက်တော့ပါဘူး...တချို့များ အရွယ်နဲ့မမျှအောင် အလုပ်တွေ ကူလုပ်နေကြရတာ တွေ့တယ်...ဒါပေမဲ့ ကျွန်မကတော့ ရှက်စုတ်နဲ့ပေမယ့် လေ့စဉ်မီအောင် လိုက်ချင်တယ်"

"အဲဒါပေါ့ မပုန်းရည်ရယ်...ကျွန်မကျတော့ ရွာခံလည်းဖြစ်ပြန်...အရင်းထမ်း အဖျားထမ်း နေရာတကာ သိနေတော့ စိတ်ရှိပေမယ့် ကိုယ်မပါနိုင်ခဲ့ဘူး...မပုန်းရည် လုပ်ကိုင်နေတာတွေကို မမစိန် သဘောကျပါတယ်... မပုန်းရည် ပင်ပန်းလိမ့်မယ်နော်"

"လုပ်နိုင်သလောက်ပေါ့ မမစိန်ရယ်..."

တစ်ရက်က ကျောင်းမှာ ပြောဖြစ်သော စကားများပင်။ ကနေ့လည်း အဖျားငွေ့ငွေ့ကလေး ရှိနေလို့ ကျောင်းကို မရောက်နိုင်ပြန်။ နေ့ခင်း ထမင်းစားပြီးချိန်လောက်ဆိုလျှင် လန်းကောင်းပါရဲ့။ အိမ်ကြီးတစ်လုံးလုံးမှာ တစ်ယောက်တည်းဆိုတော့ အေးချမ်းလှသည်။ ရွာထဲမှာလည်း ကျီးစောင့် ကြက်နှင့် လူကြီးသူမတွေကလွဲလို့ လူသူလေးပါး မရှိကြတော့ တစ်ရွာလုံး ငြိမ်လို့။ ထိုအချိန်ကလေးမှာပင် အောက်ထပ်ဆီက ခေါ်သံကြားလိုက်ရသည်။ ဘယ်သူများပါလိမ့်။ မပုန်းရည် လှဲနေရာက အသာထလိုက်သည်။



"ဆရာမလေး...ဆရာမလေး ဒေါ်ပုန်းရည်"

အိမ်ရှေ့ လှေကားခုံဆီက အသံ။ မပုန်းရည် ငုံ့ကြည့်လိုက်တော့ မိန်းမတစ်ယောက်။ ဆံပင်တွေက သိမ်းမနိုင် ဆည်းမရသလို ဖွဲဖွဲလန်လျက်။ ပါးနှစ်ဖက်ပေါ်က တင်းတိပ်ကွက်ကြီးနှစ်ကွက်ကို အိမ်ပေါ်ကပင် မြင်ရသည်။ အောက်မျက်ခိုးကြီးတွေက မောက်လွန်းသဖြင့် မျက်လုံးနှစ်လုံးကို ညှပ်ထားသလိုလည်း ရှိပါ၏။ ညဝင်းမှာတော့ ကြိုးတစ်ချောင်း...။

"ဆရာမ...ကျုပ် လာအုန်း မယ် ရယ်..."

မပုန်းရည် ငုံ့အကြည့် မျက်လုံးချင်းဆုံမိတော့ ရယ်ပြနေသေးသည်။ လာဦးမယ်ရယ်လို့ ခွင့်တောင်းနေသော်လည်း ခွင့်မပြုလျှင်လည်း တက်လာတော့မည့်ပုံဝင်ထားသည့်ထဘီက အောက်နားအစုတ်ကြီးပါသဖြင့် ထဘီဖောက်ထိုးဝတ်လာသည့်ပုံ တူပါ၏။ မပုန်းရည် မဖြေမချင်း သူ့အရယ်အပြုံးကို ပြန်မသိမ်းဘဲရှိရာ သွားကြီးတွေမှာ မန်ကျည်းစေ့ကြီးတွေ စီချထားသည်နှင့်ပင် တူတော့သည်။

"လာပါရှင်...ကြွပါ...လာဦးမယ် မတောင်းပန်ရပါဘူး...အချိန်မရွေး လာခဲ့ပါ..."

"လာဦးမယ်မဟုတ်ဘူး ဆရာမရဲ့...လှအုန်းမယ်ရယ်..."

လှအုန်းမယ်...။ မလှအုန်းမယ်ပေါ့။ လိုက်ပါ့။ လူနှင့်နာမည်ကို ကြားရသည်နှင့်ပင် မပုန်းရည် သဘောတွေ့သွားခဲ့သည်။ ကလေးမိခင်တစ်ယောက်ပဲ ဖြစ်ပါလိမ့်မည်။ ဘယ်သူ့အမေများ ဖြစ်နိုင်သလဲ။ လှေကားက တက်လာသံ ကြားရသည်။ ခြေသံက ပြင်းလှသည့်အတွက် အိမ်ကြီးပင် ခါခါသွားသည်။ အိမ်ပေါ်ရောက်တော့ မပုန်းရည် ထိုင်နေသည့် ဖျာခြေရင်းဘက်မှာ ပုံ့ခနဲ ထိုင်ချလိုက်သည်။ နဖူးပြောင်ပြောင်ကြီး၊ သွားကြီးကြီး၊ မျက်နှာဖီးဖီးကြီးပါသော ကြီးသုံးကြီး မလှအုန်းမယ် က မပုန်းရည် နေသည့်အခန်းကို လိုက်ကြည့်နေ၏။

"ပြောပါဦး မလှအုန်းမယ်...ကျွန်မဆီလာတာ သိပါရစေ"

"ဆရာမ မစိန် လွှတ်လိုက်လို့...ဆရာမ ဒေါ်ပုန်းရည်ဆီကို သွားလိုက်ပါဦး ဆိုလို့လေ...ကျုပ်က နိပ်တတ်တယ်ရယ်...ဆရာမ နေမကောင်းဘူး... သွားနှိပ်ပေးလိုက်တဲ့"

"သြော်...ကျေးဇူးတင်ပါ့ မလှအုန်းမယ်ရယ်...မနှိပ်ရပါဘူး...နေလည်း ကောင်းသွားပါပြီ...မနက်က ကိုယ်ကလေးနွေးပြီး ဖျားချင်တာပဲရှိပါတယ်"

"အားမနာပါနဲ့...မှန်း...သွေးစမ်းရအောင်"

www.burmeseclassic.com

www.burmeseclassic.com



မလှအုန်းမယ်က မပုန်းရည်လက်တစ်ဖက်ကို ဆတ်ခနဲ ဆွဲယူကာ လက် ကောက်ဝတ်သွေးကြောကို စမ်းနေလေ၏။ မျက်လုံးတွေကို မှိတ်၊ ပါးစပ်ကြီး ဟလျက် တစ်စုံတစ်ရာ အနံ့ခံနေသည့်ပုံပင်။ ကျေနပ်ပြီဆိုတော့မှ လက်ကို ပြန်ချကာ မပုန်းရည် မျက်နှာကို စေ့စေ့ကြည့်ပြန်သည်။ ပြီးပြန်တော့ မပုန်းရည်ကို ခြေဆင်းခိုင်းပြန်၏။ မပုန်းရည်ကတော့ တစ်ယောက်တည်း ဟိုတွေး သည်တွေး နေရသခိုက် မလှအုန်းမယ် ရောက်လာတာကို ဝမ်းသာနေခဲ့သည်။ စကားပြောဖော် ရရုံမက ရွာကြောင်း ရပ်ကြောင်း မေးနိုင်တာမဟုတ်လား။ မလှအုန်းမယ် ပြုသမျှ နုရရုံသာ။

"ဆရာမ...စိတ်မဆိုးနဲ့...ဆရာမမှာ မိဆိုင်ဖဆိုင် ရိုးရာပျောက်နေတယ် ...ဆရာမကိုယ်တိုင်မသိလည်း ကျွန်မ ဖော်ပေးလို့ရတယ်...ဆရာမတို့ ယုံကြည်မှုလုပ်ပါ...ဆရာမတို့လို ပညာတတ်တွေက ဒါတွေ ယုံချင်မှ ယုံမှာ...မယုံမရှိနဲ့ ကျုပ်က လက်တွေ့ရယ်..."

"မယုံမရှိပါဘူးရှင်...မလှအုန်းမယ်က ဒါတွေလည်း တတ်တာပဲလား..."

"ကျွန်မလား...ပြောရင် ယုံမှာမဟုတ်ဘူး...နတ်လည်း ရတယ်...ဗေဒင် လည်း ရတယ်...ဓာတ်ရိုက် ဓာတ်ဆင်လည်း ရတယ်...ပစ္စည်းပျောက် လင်ပျောက်ကအစ အကြားအမြင်လည်း ရတယ်..."

"သြော်...ပညာ တယ်ကြီးပါလားရှင်"

"ကြီးတယ်...လူက အရူးလို နေလို့သာကိုး ဆရာမရဲ့...ဒါကလည်း မယ်တော်ကိုးပါးက အဲသလို နေရမယ်ဆိုလို့ နေရတာ...စုတ်စုတ်ပြတ် ပြတ် မနေလို့မရဘူး...ကျုပ်ကို မယ်တော်တွေက ဒဏ်ခတ်ထားတာလေ"

"အို...ဟုတ်လား...အင်း အင်း...ဘယ်တော့လွတ်မှာလဲ"

"လိုသေးတယ်...ဒါတော့ ကျုပ် ပြောမဖြစ်ဘူး"

ထိုနေ့က မပုန်းရည်နှင့် မလှအုန်းမယ်တို့ မိုးကြီးချုပ်သည်အထိ စကားတွေ ပြောဖြစ်ကြသည်။ မပုန်းရည်ကို ဧက်ကြောဆွဲပေးနေသဖြင့် ကျေနပ်အောင် ကျောလှည့် ပေးရပါ၏။ ဟုတ်တော့ အဟုတ်သား။ လက်ဖျော့ကလည်း သန်ပါဘိသနှင့်။ ပါးစပ် ကလည်း မနားတမ်း တတွတ်တွတ် ပြောနေလေရာ မပုန်းရည်မှာ နားကြောများပင် တင်းလာလေသည်။ နတ်ရေကန်ရွာက မိန်းမတွေရော၊ အနားဝန်းကျင်ရွာတွေက မိန်းမ တွေပါ သူ့ပညာကြောင့် အသက်ချမ်းသာကြတာ မနည်းဘူးဆိုတာလည်း ပါသည်။ မပုန်းရည်က စိတ်ဝင်တစားပုံနှင့် သိချင်ပါသည်ဆိုတော့ ပိုဆိုးလေတော့သည်။



မီးယပ်ရင်ဆို့ရောဂါ၊ လေပွေကြို့ရောဂါ၊ ဆီးကျင်ဆီးအောင့်ရောဂါတွေ ...လိုကုခဲ့ရပုံ၊ တချို့ရောဂါက နတ်ဖက်၍ တချို့ရောဂါက မကောင်းသူ မကောင်း ...တတ်တတ်ကြောင်းကို နားလည်ရပုံ၊ သူမကတော့ လူမမာ လက်တင်လိုက်တာ ...င် ရိုးရာလား၊ အမှောင့်လား သိနေပုံတွေလည်း ပါလာလေတော့၏။

"နေပါဦး...မလှအုန်းမယ်က နတ်ရေကန်သူလား..."

"နတ်ရေကန်သူမှ ကျုပ်အမေ ကျုပ်ကိုမွေးကာနီး လက်သည် ဒေါ်မိန်းခလေး က နတ်ရေကန်က ရေခပ်ခိုင်းပြီး တိုက်တာ...ရေလည်းသောက်ပြီးရော ကျုပ်ကိုမွေးတာများ ဘဲဖင်က ဘဲဥထွက်လာတာကြည့်တော့...ဖြုတ်ဆို နေတာပဲ..."

"စွမ်းလှချည့်လား မလှအုန်းမယ်ရဲ့...ဒါနဲ့ မလှအုန်းမယ် အိမ်သားက ဘာလုပ်တာတုံးရှင့်"

"လူ့ငှားပေါ့ ဆရာမရယ်...လယ်ပိုင်မှမရှိတာ..."

"ကလေး ဘယ်နှယောက်ရှိသလဲ မလှအုန်းမယ်ရဲ့..."

"နှစ်ယောက်လေ...အကြီးကောင်က နောက်နှစ် ဆရာမတို့ကျောင်း အပ်ရတော့မှာ..."

မလှအုန်းမယ်က မပုန်းရည်၏ ခြေချောင်းကလေးတွေကို တစ်ဆစ်ချင်း ...၏။ မပုန်းရည်က အားနာသော်လည်း မရပါ။ သူပြောချင်ရာ ပြောနေသော ...အုန်းမယ်၏ ရိုးသားမှုကို မပုန်းရည် တွေ့နေရပါ၏။ အိမ်သားက လူ့ငှား(သူရင်း ...လုပ်)၊ သူမက တတ်သလောက် မှတ်သလောက် လုပ်ကိုင်စားသောက်နေရပုံ ...ည်။ ဘဝကို ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းနေတာကိုက စိတ်ချမ်းသာစရာ ...ပုံလည်း ပေါ်ပါသည်။ နှိပ်ပြုပြီးလျှင် တစ်ခုခုကန်တော့ဖို့ မပုန်းရည် စိတ်ကူး ...သည်။ ဘာပဲဖြစ်ဖြစ် မလှအုန်းမယ်ကို မပုန်းရည် ခင်မင်သွားမိပါ၏။

မလှအုန်းမယ်က နတ်ရေကန်ရွာအကြောင်း ပြောပြနေသည်။ ဟုတ်တာ ...ည်း ပါလိမ့်မည်။ မဟုတ်တာတွေလည်း ပါလိမ့်မည်။ သို့သော် ထူးဆန်းတာက ...တ်ကုံး ရှိသည်။ နားထောင်ရသူတို့ ညွတ်သွားအောင် ပြောနိုင်သည်။ ...ရေကန်ကြီးသည်ပင် သိုက်ရေကန်ဟု ဆို၏။ မပုန်းရည်က "သိုက်ရေကန်ဆိုတာ ...ူး မလှအုန်းမယ်ရဲ့" ဆိုတော့ "ကျောင်းဆရာမရယ်...ဒါတွေကျတော့ ရှင်တို့ ...သည်နိုင်ပါဘူးလေ" ဆိုသည့်ပုံဖြင့် ပြုံးသည်။

"အဲဒါကျတော့ ဆရာမတို့ အေဘီစီဒီတွေနဲ့ မဆိုင်တော့ဘူး...သိုက်ရေကန် ဆိုတာ ဥစ္စာစောင့်သိုက်က ရေကန်ကြီးအလယ်ခေါင်မှာ ရှိတာကို ပြော

www.burmeseclassic.com

www.burmeseclassic.com



တာ...နောက်ဘုရားပွဲမှ သိုက်က ကျွတ်ကြမှာပေါ့ ဆရာမရယ်...ရွာကို စောင့်တာကျတော့ နတ်ရေကန်မယ်တော် စောင့်တာ...တစ်နှစ်တစ်ခါ တင်ကြရတယ် ဆရာမရဲ့...ပုပ္ပားမယ်တော်ကို ထန်းရည်၊ လက်ဖက်သားနဲ့ ဆေးလိပ်၊ ကြက်သားကာလသားချက် တင်ရတယ်...နံကရိုင်းမယ်တော် ကျတော့ မုန့်ကြာစေ့၊ မုန့်လုံးရေပေါ်၊ ကညွတ်ရွက်သုပ်၊ ငါးရံ့ကြော်၊ ငါးရံ့ဆန်ပြုတ် တင်ရတယ်...နတ်ရေကန်မယ်တော်ကျတော့ နေမဝင်ခင် ကြက်ဖို ကြက်မ တင်ရတယ်"

"သည်ဘက်ရွာတွေက တောင်ပြုံးမင်းနှစ်ပါး စောင့်ရှောက်တာ မဟုတ်လား မလှအုန်းမယ်ရဲ့..."

"အဲဒါပေါ့...ကျုပ်က ပြောတာ လူတွေက ပယ်တယ်လေ...မင်းနှစ်ပါး လည်း စောင့်ရှောက်တာပေါ့...ဒါက ရွာဆိုင်မယ်တော်ဆိုတာကို နားမဝင်ကြ ဘူး...ကျုပ်ကတော့ ယုံသတော်...မယ်တော်နဲ့ ကျုပ် ပက်ပင်းကို တိုးခဲ့တာ တော်...ကိုင်း..."

"ဟုတ်လား...မယ်တော်နဲ့ တိုးတယ်ဆိုတာ မြင်ရတာလား..."

"စကားကို ပြောခဲ့ရတာ ဆရာမရေ...ယုံတော့...အဲသည်နေ့က သည်လို လေ...ကျုပ်က..."

မပုန်းရည်က မလှအုန်းမယ်ကို အံ့ဩနေခဲ့သည်။ ဘာပဲပြောပြော သူ့စကား နှင့် သူ့အသုံးအနှုန်း ဟုတ်သလိုလိုတော့ ရှိနေတာပဲ မဟုတ်လား။ မပုန်းရည်ကိုယ်တိုင် က သည်အကြောင်းအရာတွေကို နားမလည်သော်လည်း တစ်စုံတစ်ရာ သေချာမှု ရှိသလိုလိုတော့ ရင်က လက်ခံနေမိသည်။

မလှအုန်းမယ်စကားအရ ထိုနေ့က ညနေခင်း မိုးကြီးချုပ်ချိန်တွင် ပြန်လာ နေကျ နွားပိုက်ကလေး ရောက်မလာဘဲ ရှိခဲ့သည်။ ရွာနွားတွေကို သည်လိုပဲ လွှတ် ကျောင်းနေကျပင်။ ထူးပြီး လိုက်လံ သိမ်းစရာ ကောက်စရာလည်း မလို။ မိုးချုပ်လျှင် ခြံဝ ခေါင်းထိုး တိုးနေကျ။ ဒရောသောပါး စုံပေါက်ဝင်လာနေကျ။ မလှအုန်းမယ်တို့ လင်မယားမှာ ချမ်းသာကြသူတွေ မဟုတ်သော်လည်း အဖက်မွေး နွားလေးငါးကောင် နှင့် ခြံပေါက်နွားကလေးနှစ်ကောင် ရှိသည်။ သည်နှစ်ကောင်ထဲက တစ်ကောင် ပေါ် မလာခြင်း ဖြစ်၏။ နေလုံးမရှိတော့သော်လည်း ကောင်းကင်ရောင်ကလေး လင်းနေ သေးသည့်အတွက် လင်ဖြစ်သူ ကိုတက်တူကို ထားခဲ့ပြီး နတ်ရေကန်ကွင်းဘက် ထွက်လာခဲ့သည်။ နွားကြိုးပိုတစ်ချောင်း လက်မောင်းမှာစွပ်ရင်း ထဘီကို တိုတိုပါ



ောင် ဝတ်သည်။ ဆံပင်ကို တစ်ပတ်လျှို တင်းတင်းရစ်သည်။ နွားပိုက်ကလေးကို တောင်ရင်း တောနှင့် လိုက်လာခဲ့ခြင်း ဖြစ်၏။

"နွားလေးက နပိုက်ကလေး...လေး,ငါးနှစ်သား သင်းပြီးသားကိုပြောတာ... ခက်တာက နွားက သကြဲရေယို...အာကျင့်ကလေး ကန်ချင်တယ်...သွား ကသာ သကြဲရေယို...သွားတွေမှာက အနီစင်းကလေးတွေ ထောင်ရက် ပါလို့ ကြံထောင်ခေါ်ပြန်ရော...ကြံထောင်ဆိုတာ အဝယ်လိုက်တဲ့နွားမျိုး... မွေးတို မွေးကြမ်းလေးရယ်...မွေးတိုမွေးကြမ်း ထမ်းပိုးထမ်းခေါ်တယ်... ကျုပ်က နမြောတာပေါ့...မတော် ပျောက်သွားရင် အခက်ကိုး"

"မလှအုန်းမယ်က ဗေဒင် တွက်မကြည့်ဘူးလား...နွားပျောက်တာကိုလေ"

"တွက်ပါသော်ကော...'အို...ကြင်ရာ ဥဒကေ ကြာကန်သူ ဝနေ...'ဆိုတာ ရှိတယ် ဆရာမရဲ့...ကျုပ်တို့ မိဘများ ဒါနဲ့တွက်တာပဲ...အိုက တနင်္ဂနွေ နေ့, ရွှေ, ငွေ, ဥစ္စာ, ကျွဲ, နွား ပျောက်ရင်...ကြင် တနင်္လာနေ့မှာ အရှေ့ အရပ်ကို ထုတ်ယူတယ်...ရာဟုဆိုတဲ့ အနောက်မြောက်အရပ်က ဥဒကေ ရေနားမှာ ရှိတယ်လို့ အဟောထွက်တယ်...ဒါကြောင့် ကျုပ်က ရေကန်ဘက် တောက်လျှောက်သွားတာပဲ..."

"သေချာလှချည်လားရှင်...ဒါနဲ့ တွေ့ရောလား..."

"ပြောမယ်လေ...ဆရာမတောင် စိတ်ဝင်စားသွားပြီမဟုတ်လား..."

မပုန်းရည်က မနေ့တစ်နေ့က ကန်တော့ခံရထားသော ကရေကရာထုပ်ကို ဘာ ဝန်းကန်ထဲ ထည့်သည်။ စားပွဲဝိုင်းပေါ်တင်ကာ ညှော်ခံသည်။ ရေနွေးကလည်း ပြီး မနက်ကမှ လာပို့ထားတာဆိုတော့ အငွေ့တထောင်းထောင်း။ မလှအုန်းမယ်က နှစ်ခွက် ငှဲ့သည်။ ကရေကရာကို ခပ်များများဖွဲ့ကာ အထက်ကိုမြှောက်သည်။ ပါးစပ်ထဲ တစ်တစ်လုံးသွင်းလေ၏။ အထက်မယ်တော်ကြီးများကို စားဦးစားဖျား သည့်သဘော ဖြစ်လိမ့်မည်။ သုံးခါလား နှိုက်လိုက်ရုံဖြင့် ကရေကရာ အစိတ်သား ချည်းသာ ကျန်လေ၏။

"ကရေကရာများ မစားရတာ ပွဲတော်ကတည်းက...နေပါဦး...ဘယ်ရောက် သွားပါလိမ့်"

နတ်ရေကန်ကြီးနား မလှအုန်းမယ် ရောက်သွားချိန်မှာတော့ နေရောင်၊ ကင်ရောင် မရှိတော့ပြီ။ ကန်ရေပြင်ကြီးသည်ပင်မည်းညစ်သွားသလို အရောင် ညို့ထလာခဲ့၏။ ကြာပင်တွေ၊ ကြာဖူးတွေ၊ ပွင့်လက်စ ကြာပန်းတွေကလည်း

www.burmeseclassic.com

www.burmeseclassic.com



မည်းမည်းငုတ်စိ ထိုးထောင်နေကြသည်။ ထူးထူးဆန်းဆန်း လေကလည်း ပြင်းလာ၏။ 'ဂါး…ဂါး'လို့ အော်သွားကြသော အိပ်တန်းပြန် ငှက်တစ်အုပ်ကြောင့် မလှအုန်းမယ် ကောင်းကင်ကို တစ်ချက်မော့ကြည့်သည်။ အခြား ဘာလှုပ်ရှားမှုမှ မရှိတော့ နည်းနည်းတလေး လန့်ဖျပ်လာခဲ့သည်။

"ထီးရိုးစိုက်ကေ…အေ…ထီးရိုးစိုက်"

နွားပိုက်ကလေးကို ထီးရိုးစိုက်လို့ အမည်ပေးထားကြသည်။ နွားလင့် နောက်နား လက်ရှစ်သစ်လောက်မှာ ထီးရိုးစိုက် ဖွေတစ်လုံး ပါလာသည့် နွားကလေး ဆိုတော့ နိမိတ်ကောင်းအောင် ထီးရိုးစိုက်ပဲ ခေါ်ခဲ့ကြသည်။ နွားပိုက်ကလေးမှာ ခလောက်ဆွဲထားသဖြင့် ခလောက်သံကိုလည်း နားစွင့်ရသည်။ တစ်ခါတစ်ခါ တုန်…တုန်…တုန် အသံကြားရသလိုလို ထင်မိသည်။ ဒါ ထီးရိုးစိုက်ရဲ့ ခလောက်သံပဲ။ သည်နားမှာပဲ ရှိရမယ်။ သည်ကောင် ခါတိုင်း တန်းတန်းမတ်မတ် ပြန်လာနေကျပါ။ သည်ကနေ့ ဘာကိစ္စများ ကျန်နေရစ်ပါလိမ့်။

"တုန်…တုန်…တုန်…တုန်…"

"ထီးရိုးစိုက်ကေ…အေ…ငါ့သား ဘယ်နားမှာတုံး…"

"ညည်း နပိုက်က အသံသာ ကြားရတာပါအေ…နွား မမြင်ရလောက်ပါ ဘူး…"

ခလောက်သံ…။ မလှအုန်းမယ်၏ ခေါ်သံ…။ နောက်တစ်သံက ဘယ်သူ့ အသံလဲ။ မလှအုန်းမယ်ပင် ခေါင်းနားပန်း ကြီးသွားခဲ့၏။ နွားပျောက်လို့ ရင်ပူရင်အေး ဖြစ်ရတာကလွဲ၍ အခြား ဘာမှ ခေါင်းထဲထည့်မထားခဲ့သော မလှအုန်းမယ် အမယ်အိုတစ်ယောက်၏ အသံတစ်သံ ကြားလိုက်ရတော့ လန့်သွားလေသည်။ တန်ရေတွေက တပွက်ပွက် ဆူလာသလို ရှန်းကြွလာကြ၏။ လေက ပိုပြင်းလာ ခဲ့၏။ နတ်ရေကန် ဘေးပတ်လည်တစ်လျှောက် ပေါက်နေကြသည့် စပါးခင် တွေကလည်း လှိုင်းများလို အိကြ၊ နွဲ့ကြ။

"အဲသည်မှာတင် ရေကန်စပ် ပေါက်ပင်ကြီးနှစ်ပင်ကြားက အမေ တစ်ယောက် ထွက်လာပါရော ဆရာမရေ…အဟုတ်ကို ဘုရားစူးရပါစေ့ ဖွဟဲ့…အမေ့အကြောင်း အကောင်းပြောပါတယ်…တင်းပြည့် တောင်းပြည့် မ,စတော်မူပါ…။ လား…လား…ဘယ်သူများမှတ်လို့တုံး…နတ်ရေကန် မယ်တော်ကြီးပါတော်…ကျုပ်နဲ့ တည့်တည့်ကြီး…ကျုပ်ကလည်း ကြည့် လိုက်ပြီ…လက်အုပ်ချီလိုက်ပြီး ထိုင်ချလိုက်ရတာပေါ့…လူ့မလဲ တုန်လို့ တာ မီးယပ်ချမ်း ထ,တဲ့အတိုင်းပဲ"



မပုန်းရှည်က မယ်တော်ကြီးမှန်း ဘယ်လိုလုပ်သိသလဲဆိုတော့ မလှအုန်းမယ် မျက်မှောင်ကြုတ်ကြည့်လေ၏။ ဘယ့်နှယ် သည်လို နေဝင်ဖျိုးဖျကြီးမှာ အမေအို တစ်ယောက်တည်း ရေကန်စပ် ပေါက်ပင်ကြားက ထွက်လာစရာအကြောင်း ရှိပါ့မလဲ။ နတ်ရေကန်မယ်တော်မှ အစစ်။ နတ်ရေကန်ရွာမှာ နတ်ရေကန်မယ်တော်ကြီးနှင့် ဆုံတွေ့ခဲ့ရသည့် တစ်ဦးတည်းသော ရွာသူဆိုတော့ လက်ခံချင်တော့လည်း ယုံကြည် ကြရုံ။ လက်မခံချင်တော့လည်း အသာနေလိုက်ရုံ။ ငြင်းနေလို့ မကောင်းနိုင်ပါ။ ဆိုတော့ သည်အဖြစ်ကို ဘယ်လိုများ သဘောထားကြပါလိမ့်။ မမလေးတို့ဆီက ကြားခဲ့ရ။

"ညည်းနွားက ငါ့နတ်ကွန်း ခေါင်းလာလာဖေ့နေတာနဲ့ ခေါ်ထားလိုက် တာ…အသံပေးလိုက်စမ်းပါဆိုတော့ နပိုက် ထီးရိုးစိုက်က ဘူးဘဲသံရော ခလောက်သံရော ထွက်လာတော့တာ ဆရာမရယ်…ပွက်လောထလို့…ဒါနဲ့ ကျုပ်က တောင်းပန်တော့ မယ်တော်က ညည်းပြန်တော့တဲ့…နောက်တော့ ပေါက်ပင်နှစ်ပင်ဘက် စုတ်ခနဲ ဝင်သွားလေရဲ့…ကျုပ်အိမ်ရောက်တော့ ထီးရိုးစိုက်က ပြန်ရောက်နေပြီ…ကျုပ်ယောကျ်ားက နင်လည်းသွားရော နပိုက်ကလေးလည်း ပြန်ရောက်လာတာဗျားတဲ့…မထူးဆန်းဘူးလား ဆရာမ ရယ်…ကျုပ်က ရေကန်နားမှာ မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့တာ…နားနဲ့ ဆတ်ဆတ် ကြားခဲ့ရတာလေ…"

"ထူးဆန်းတာပေါ့ မလှအုန်းမယ်ရယ်…ဒါ့ထက် စကားကောင်းနေလိုက် တာ…ပြန်ဦးလေ…နွားတွေနဲ့…ချက်ရ ပြုတ်ရဦးမှာနဲ့…ကျွန်မလည်း နေကောင်းသွားပါပြီ…တစ်ရက်တော့ မယ်တော်နဲ့ တွေ့လိုတွေ့ငြား နတ်ရေကန်ဘက် ကျွန်မ သွားချေဦးမယ်…"

မလှအုန်းမယ်ပြန်တော့ မပုန်းရှည်က ငွေစကလေး ကန်တော့လိုက်ပါသေး၏။ ... နင်းရင်းနှိပ်ရင်း မလှအုန်းမယ်ဆီက ထူးဆန်းသောစကားတွေကို ကြားခဲ့ရ ... အချိန်မရတော့ နတ်ရေကန်ရွာသမိုင်းကိုပင် မမေးမိ။ ရွာက နတ်ရေကန်ကို ...အားရှိကြတာတော့ မပုန်းရှည် သိပါသည်။ ရေကန်အလယ်မှာ သိုက်နန်း ... မယ်တော်နတ်ကွန်း ရှိတာတို့တော့ မပုန်းရှည် ရောက်ကတည်းက မကြားခဲ့။ ... မလှအုန်းမယ်က ဒါတွေ ဘာဖြစ်လို့ပြောတာလဲ။ ပါးစပ်ရာဇဝင်ကို ဆိုချင် ... ဒါကိုတော့ မပုန်းရှည် ဉာဏ်မမီ။ ရွာမှာ မပုန်းရှည်သိသလောက် ထောက် ...ထားထား ခိုင်ခိုင်မာမာ မေးရမြန်းရအောင်ကလည်း ရှေးဖြစ်နောက်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



သိမ်းသူရယ်လို့ မတွေ့မိသေး။ ဆရာတော်ကို လျှောက်လျှင်တော့ သိနိုင်ပါ၏။ သို့သော်
လောကုတ္တရာ ကိစ္စတွေမဟုတ်တော့ လျှောက်ရမှာ မသင့်ပဲ ရှိရော့မည်။ ဒါဖြင့်
သက်ကြီးဝါကြီး ဘိုးကြီး ဘွားကြီးတို့ကို မေးလျှင်ကော။ မလှအုန်းမယ် ရော
လာလိုက်တာ မပုန်းရည်အတွက် စပ်စုစရာကလေးတွေ ကျန်ခဲ့ပါ၏။ မပုန်းရည်
ချက်ချင်းပင် သိလိုစိတ်ဖြင့် ဆင်းမေးလိုက်ဖို့ ပြင်ပါသေးသည်။ သို့သော် ညက
မကြာဉကို တီးခေါက်ကြည့်တာ ကောင်းပါတယ်လေလို့ တွေးမိတော့ အသာပြန်ငြိ
နေရပါ၏။

ညဘက် မကြာဉနှင့် ကြာဖြူတို့တစ်တွေ ရောက်လာကြတော့ သည်စကား
ရောက်အောင် အရင်ခင်းနှင့်ရသည်။ မလှအုန်းမယ် ရောက်လာပြီး နှိပ်နယ်ပေးသည်
အကြောင်း၊ နတ်ရေကန်မှာ သိုက်နန်းရှိတာ ကြားရကြောင်း၊ နတ်ရေကန်မယ်တော်
မလှအုန်းမယ် ပက်ပင်းတွေ့တာ ကြားရတော့ ကြက်သီးများပင် ထ,ရပါကြောင်းတွေ
ထည့်ပြောလိုက်သည်။ မကြာဉက ရွာမှာ စုန်းရှိကြောင်းကို လက်ခံသော်လည်း သို
နန်းနှင့် မယ်တော် ရှိတယ်ဆိုတာကိုတော့ လက်ခံချင်ပုံမရ။ ဘာမှတော့ ထွေထွေ
ရာရာမပြောပါ။ သို့သော် တစ်စုံတစ်ရာ တွေးနေပုံတော့ ရပါ၏။

"ဒါတွေကို တစ်ရွာလုံးက ကြားကြလို့ ယုံသူက ယုံကြတယ်…မယုံသူ
လည်း ရှိတာပဲပေါ့ ဆရာမရယ်…လှအုန်းမယ်က အရှုးဆိုတော့ အရူးစကား
ပါလေလို့ ခပ်ပေါ့ပေါ့ထားလိုက်ကြတာ များတယ်…ဒါပေသိ လှအုန်းမယ်
ကို ပင့်ဖိတ်ပြီး အရာသွင်းကြသူတွေလည်း ရှိပြန်ရော…"

"ကျွန်မကလည်း ဗမာကျေးရွာတစ်ရွာမှာ ရှိတတ်တဲ့ အယူအဆ အ
အလမ်း အယုံအကြည်ကလေးတွေကို မှတ်ချင်သားချင်တာပါ မမလေး
…ကျွန်မအဖို့ရာတော့ ဒါတွေရှိလို့လည်း ယုံကြည်သူတွေကို မကဲ့ရဲ့
ဘူး…ယုံကြည်သူတွေနဲ့ မယုံကြည်သူတွေ အချင်းချင်း ပဋိပက္ခလည်း
မဖြစ်စေချင်ဘူး"

တစ်ခါများ ကိုကြာစွယ်နှင့် မလှအုန်းမယ်တို့ ရွာလယ်မှာ စကားများကြ
သည်ဆို၏။ မလှအုန်းမယ်က ဓာတ်စုံခင်းသမျှ သတင်းတွေက တောမီးလို ပျံ့နှံ့သွား
ကြသည်ဖြစ်၍ ရွာသိက္ခာကျသည်ဟု ကိုကြာစွယ်က ခံစားရသည်ဆို၏။ နတ်ရေကန်
ဆိုသည့်အမည်က နတ်ပြည်ကောင်းကင်၏ရေကန် သို့မဟုတ် နတ်ကောင်း နတ်မြတ်
တို့မှီရာ ရေကန်အဖြစ် အတိတ်ကောင်း နိမိတ်ကောင်းဖြစ်သည်။ ဒါကို နတ်လို
သိုက်လိုလိုဖြစ်အောင် မလှအုန်းမယ်က သတင်းလွှင့်နေခြင်းအပေါ် အချို့က မခံချ



…သည်အထဲမှာ ကိုကြာစွယ်လည်း ပါသည်။ ယုံကြည်ကြသူတွေကတော့ နတ်
…န်မယ်တော်ကိုပင် ကိုးကွယ်လာကြတာတွေ ရှိလာသည် ဆိုပါ၏။ သေချာတာ
…ခုကတော့ နတ်ရေကန်ကို ရွာက အဓိကရ ထားကြတာပဲဖြစ်သည်။ မကြာဉက
…ည်ထိစ္စတွေပြောပြရင်း မပုန်းရည်ကိုလည်း ယုံစေချင်ပုံမရ။ သို့သော် စကား
…ခွန်းတော့ ခံပါ၏။

"တစ်ခုတော့ရှိတယ် ဆရာမရဲ့…ကျွန်မတို့မိသားစုနဲ့ သည်ကြာကန်ကြီး
နဲ့က ထူးထူးဆန်းဆန်းဖြစ်ခဲ့တာ တစ်ချက်တော့ရှိတယ်…"

မပုန်းရည်က မကြာဉမျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

✦

www.burmeseclassic.com

www.burmeseclassic.com

## (၆)

'သဖြေပြင် x x သဖြေပြင် x x ရွှေပြုံးသဖြေပြင် x x
သဖြေပြင်ငယ်လေ x x ညွန့်ရှင်ခက်သေး x x
ဖြာဖြာချည့်လေး x x
သဖြေပန်းကိုလေ x x လက်လှမ်းလို့ကိုင်ကာ x x
မင်းညီနောင် ပန်၍သွား x x နားပြည့်အောင်သာ x x
တောင်ပုပ္ပားရယ်က မယ့်ဘုရားသည်းချာ x x ယဉ်ပါပေ့ကြော့ရှင်း x x
ပုဆိုးပန်းနီလွင်နှင့် ဗောင်းကြယ်ပြင် ရွှေသျှောင်ပွမှာ x x ထုံးမြိတ်
ကွင်း x x '

မပုန်းရည် ကျောင်းကို စောစောထွက်ခဲ့သည်။ တောင်ချောင်ဘက်
လျှောက်လာရင်း အိမ်တစ်အိမ်က ဖွင့်သော ကက်ဆက်သီချင်းသံကို ကြားနေ
ပါ၏။ တောင်ပြုံးနယ်ဆိုတော့ သည်လိုနတ်ချင်းသံတွေကို ကြားရတတ်မြဲ။ နား
ချိုသလောက် နားဆင်လို့လည်း ကောင်းလှပါသည်။

ကျောင်းမသွားခင် ကျော်လင်းအနားကို မေးချင်သေးသည်။ ကျော်လ
တို့အိမ်ကို မရောက်ဖူးသေးတော့ ရွာလမ်းမှာ မေးစမ်းပြီး သွားရသည်။ တောင်ချော
ဆိုသည့်အတိုင်း ရွာအဖျား တောင်ဘက်ကျကျ အစုကလေးဖြစ်သည်။ ရွာအိမ်ကလေး
တွေဆိုတော့ ကောင်းလှသည်လို့တော့ မပြောသာပါ။ သပ်သပ်ရပ်ရပ် လှဲလှဲကျ
ကျင်းတော့ ရှိကြပါ၏။ သည်ဘက်ရွာတွေမှာ အိမ်ကြီးအိမ်ကောင်းတွေ ရှိသော်လည်း



သောအားဖြင့် ဝါးထရံကာ သက်ကယ်မိုးအိမ်ကလေးတွေ များသည်။ အိမ်ရှေ့
မှာ ပန်းပင်ကလေးတွေ စိုက်လေ့စိုက်ထရှိကြသည်။ မွန်၊ စံပယ်၊ ဇလပ်၊ ဇီဇဝါ၊
ခါး၊ ခတ္တာ။ တချို့ပန်းပင်တွေက ရုံထ,လို့ပင်နေပါ၏။ အထူးသဖြင့် ရွက်လှပင်
တွေက အရောင်စိုစိုဖပ်ဖပ်ဖြင့် လှချင်တိုင်းလှနေကြသည်။ ရွာလမ်းက သည်ဘက်
တော့ ကျဉ်းလှသည်။ ရရာသစ်ဝါးများဖြင့် စည်းရိုးခတ်ထားကြသဖြင့် တစ်အိမ်
အိမ် သီးသီးခြားခြားရှိနေကြတာကလည်း ရွာဓလေ့ပင်။

ကျော်လင်းတို့အိမ်က လမ်းနှင့် တစ်ကွက်ငုတ်ဖြစ်၏။ သီးခြားလမ်းမရှိ
အိမ်နှစ်အိမ်ကြားက ဖြတ်ခဲ့ရသည်။ မပုန်းရည်ကို မြင်လိုက်တော့ မတူးက
ယာ ထွက်လာရှာပါ၏။ အိမ်ရှေ့မှာ သဖြေပန်းတွေ ဝေနေအောင် စိုက်ထား
မြေအိုးကလေးတစ်လုံးကိုလည်း တွေ့ရသည်။

"ဆရာမ…ဘယ်လာတာတုံး"

"မောင်ကျော်လင်း လာမေးတာပါရှင်…နေကောင်းရဲ့လား…"

"ဒုက္ခများရှာလို့ ဆရာမရယ်…ဆရာမတပည့်က ထ,တောင် ဆော့နေပါပြီ
ဆရာမရဲ့…ကျော်လင်း…ဟဲ့ ကျော်လင်း…မသာလေး ဒူးခေါက်ခွက်
ဆန့်နိုင်တာနဲ့ အိမ်မကပ်တော့ဘူး"

မပုန်းရည်ကတော့ ပြုံးရုံသာ။ သူ့ရွာနှင့်သူ့ဓလေ့ ရိုင်းတာတော့လည်း
၊ ရင်ထဲရှိတာ ဖျိုးဖျိုးဖျပ်ဖျပ် သုံးလိုက်ကြတာမျိုးပင်။ မတူးက သင်ဖြူးဖျာ
သည်။ စဉ့်ဆေးလိပ်ခွက် ချသည်။ ရေနွေးအိုး ချသည်။ အကြမ်းပန်းကန်တွေက
တာမှောက် လန်တာလန်။ မပုန်းရည်က ဣန္ဒြေကလေး ရပါစေတော့သဘော
ရေနွေးတစ်ခွက်ငှဲ့သည်။ ရေနွေးက ဆီးဖျော်ရည်ရောင် ရဲရဲရင့်လှပါ၏။ ရေနွေး
ကို ငှဲ့ပြီးမှတော့ တစ်ငုံသောက်လိုက်သည်။

"ဝမ်းသာပါတယ်ရှင်…ဘာပဲဖြစ်ဖြစ် ကျောင်းမှာဖြစ်တာဆိုတော့ ကျွန်မ
တို့မှာ တာဝန်မကင်းသလို ဖြစ်ရပါတယ်…မိဘဆွေမျိုးများက စိတ်မရှိကြ
တာကိုပဲ ကျေးဇူးတင်လှပါပြီ"

"ဆရာမ မစိန်လည်း လာပါတယ်…ကလေးဖအေကလည်း မပြောပါဘူး
ဆရာမရယ်…ဟိုရက်က ငပိုက် ဓားကြိမ်း ကြိမ်းတာလည်း သူ့အစ်ကိုက
ဆုံးမပြီးပါပြီ"

"ဘယ်လိုများ ဆုံးမတာလဲရှင်…မလုပ်ပါစေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"နှုရင်းအုပ်တာပါ ဆရာမရဲ့...အမူးသမားလည်း ပြေးတာပဲ...ငပိုက်အဖေ ကလည်း ဆရာမ ပြောရပါ့မလားဆိုပြီး တုတ်နဲ့လိုက်ရိုက်သေးတာ..."

"သြော်ရှင်..."

ကျော်လင်း ပြန်ရောက်လာတော့ မပုန်းရည်က လှမ်းခေါ်ကာ ဒူးခေါင်း အနာကို ပုဆိုးစ မ,ကြည့်သည်။ ချုပ်ရိုးက သွေ့နေပြီ။ မန်းယောင်တာမျိုးလည်း မရှိတော့။ အေးအေးသက်သာ နားနေဖို့တော့ ကောင်းလိမ့်မည်။ အနာက ကောင်း ကောင်းမကျက်သေးတော့ ကြက်ချေး ဘဲချေး ဝင်မှာစိုးရသည်။ ကျော်လင်းကတော့ ဆရာမနှင့် တွေ့ရမည်မထင်၍ မျက်စိမျက်နှာများပင် ပျက်လို့။ မပုန်းရည်ကတော့ သွားနိုင် လာနိုင် ကစားနိုင်တာကို တွေ့ရတာပဲ ဝမ်းသာနေမိခဲ့သည်။ ကျောင်းမှာတော့ ကလေးချင်း အထိအခိုက်ရှိနိုင်သည်။ အနာရှင်းရှင်းပျောက်မှ ကျောင်းတက်ရန် မှာခဲ့သည်။ မပုန်းရည်ပြန်တော့ မတူးက လမ်းပေါ်အထိ လိုက်ပို့ပါ၏။

"ကိုင်း...ဆရာမ သွားဦးနော်...ကျော်လင်း ရှင်းရှင်းပျောက်ရင် ကျောင်းလွှတ် မှာပါ"

"စာတွေ နောက်ကျတာ မပူပါနဲ့ မတူးရယ်...ကျွန်မ မှီအောင် သင်ပေး ပါ့မယ်...အနာကိုတော့ သန့်သန့်စင်စင်ထားပါနော်...အနာက အပေါ်ယံ သာ ကျက်တယ်ထင်ရတာ...အတွင်းမှာတော့ အသားနုတက်ဖို့ အားယူနေ တုန်းနေမှာ..."

"ဟုတ်ကဲ့ပါ"

မပုန်းရည် ပြန်ထွက်လာတော့ ကျောင်းတက်ချိန်ရောက်ပြီ။ ကျောင်းရှေ့ အလံတိုင်မှာ အလံတောင် ထူပြီးနေပြီ။ မောင်တက်လူလည်း ရောက်နေပြီ။ အလံတိုင်က ဖတ်မတ်ဖြောင့်ဖြောင့်။ ဖြူဖြူဖွေးဖွေး။ လူမမြင်ဖူးသေးသော်လည်း အလံတိုင်လှူဒါန်းသူ အင်ဂျင်နီယာကို ကျေးဇူးတင်ရပါ၏။ အခုဆိုလျှင် ရေအိုးစိုစိုကလေးတွေ စီစီရီရီ သန့်သန့်ရှင်းရှင်း ရှိနေကြပြီ။ ရေခွက်ရောင်စုံကလေးတွေ ရှိနေကြပြီ။ အမှိုက်တောင် ထဲတော့ ဖွာက စပါးလောင်းတောင်းဟောင်းတွေ အလှူခံထားတော့ များလွန်းလို့တောင် ကျောင်းနောက်မှာ ထပ်ထားရသေးသည်။ ကျောင်းသားကြီး၊ ကျောင်းသူကြီးတွေကို နေ့တိုင်း ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ဖို့ အဆိုင်းခွဲပေးထားရပါ၏။ သူ့ရက်နှင့်သူ။ အလစ်အဟာ အမေ့အလျော့ မရှိကြ။ ကျောင်းဝင်းပတ်လည် စည်းရိုး တိုင်တွေက ထုံးဖြူရောင်ဖြင့် မတ်တတ်ရပ်နေကြသလိုပင်။ မကြာပါ။ ဆရာ



ဒေါ်မြင့်မြင့်စိန် ရောက်လာသည်။ ပန်းပွင့်ကားကားကြီးတစ်ပွင့် ထော်ထော်ကြီး ပန်လိုက်လို့။

"မပုန်းရည်...ကျော်လင်းတို့အိမ် ရောက်ဆို...ကြားခဲ့တယ်"

"ဟုတ်တယ် မမစိန်ရယ်...ကျွန်မ မရောက်ရသေးလို့..."

"ကျွန်မလည်း ရောက်တယ်...ဟော...ဧည့်သည်ထင်တယ် မပုန်းရည် ရေ..."

ကျောင်းဝင်းဝ အပြင်ဆီမှာ ကားတစ်စီး ထိုးဆိုက်တာကို မပုန်းရည်တို့ လှမ်းမြင်နေရသည်။ ကားပေါ်က ဆင်းလာကြသူတွေထဲမှာ ဦးပန်းဆီ ပါလာသဖြင့် ကျောင်းဧည့်သည်တော့ မဖြစ်နိုင်။ ဘယ်သူတွေများပါလိမ့်။ ဒေါ်မြင့်မြင့်စိန်ရော မပုန်းရည်ပါ ကျောင်းပြင်ထွက်ကြကာ ဧည့်သည်တွေကို ကြိုခဲ့ကြသည်။ ဧည့်သည်က သုံးယောက်။ ဦးပန်းဆီကလွဲ၍ အခြားသုံးယောက်ကို မပုန်းရည် မသိ။

"ဘောင်းဘီရှည်နဲ့လူက အင်ဂျင်နီယာလေ မပုန်းရည်...ကျောင်းကို အလံ တိုင် လှူတဲ့လူ..."

ဒေါ်မြင့်မြင့်စိန်က တိုးတိုးကလေး သတင်းပေးခြင်းဖြစ်၏။ ကျောင်းဝမှာပဲ ဆုံဖြစ်ကြသည်။ ဦးပန်းဆီက ဆရာမတွေကို မြင်မြင်ချင်း အော်လေသည်။

"ဆရာမတို့...ဒါ ကျွန်တော်ပြောတဲ့ ဆရာလေ...အင်ဂျင်နီယာ ဦးမျိုးသွင် တဲ့ဗျ...အလံတိုင်များ စိုက်ချင်သေးလို့ကတော့ လှူဦးမှာတဲ့ ဆရာမတို့ ရေ..."

အင်ဂျင်နီယာဆိုသူက ရယ်သည်။ ဦးမျိုးသွင် ဆိုသော်လည်း လူက ငယ်ပါ သေးသည်။ ချောင်းပွပွ စပို့ရှပ်နှင့် ဘောင်းဘီရှည်ကို ဝတ်ထားသည်။

"အလံတိုင်ကတော့ တစ်တိုင်ပဲ ကောင်းပါတယ် ဦးပန်းဆီရယ်...တခြား အကူအညီလိုရင်သာ ပြောပါ...ကျွန်တော့်အလုပ်ရှင်ပြောပြီး ကူညီပါ့မယ်"

"ကျွန်မတို့ကျောင်းက ရွာကျောင်းဆိုတော့ ပြည့်စုံလှသေးတာ မဟုတ် ပါဘူးရှင်...အခုလို စေတနာရှင်များက ဝိုင်းမှ ကျောင်းသာယာလှပရမှာ ပါ...ကျေးဇူးများ တင်ပါရဲ့ရှင်...ကျွန်မက မပုန်းရည်ပါ..."

မပုန်းရည် ကိုယ်တိုင်ပဲ မိတ်ဆက်လိုက်သည်။ ကျောင်းရုံးခန်းကို ဖိတ်ခေါ် သော်လည်း အတွင်းအထိ မလိုက်ကြဘဲ ကျောင်းရှေ့မှာပဲ မိုးတိုးမတ်တတ် ရပ်နေ ကြသည်။ လမ်းကြုံလို့ ခဏဝင်လာခြင်းသာဖြစ်ကြောင်း၊ လိုအပ်သည့်အကူအညီ ရှိလျှင် ကူညီမည့်အကြောင်းတွေ ပြောကြပါသည်။ ပါလာသူနှစ်ယောက်က ကြံခင်း

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ခံ ဦးစောအောင်နှင့် အလုပ်ရုံမှူး ဦးအောင်မင်းတို့ဖြစ်ကြောင်း မိတ်ဆက်ပေးသည်။ ဆရာမ ဒေါ်မြင့်မြင့်စိန်က တအောင့်တဖြုတ် နားစေချင်ကြောင်း ပြောသော်လည်း မဝင်ကြပါ။ ဦးပန်းဆီက ကျောင်းကျောက်သင်ပုန်းတွေကော ကောင်းသေးရဲ့လားလို့ စကားခင်းနေလို့ မပုန်းရည် အားနာရပါ၏။ သဒ္ဒါလွန်း၊ ဆွမ်းတော်တော်ရပ်လို့ မကောင်းနိုင်။ ဦးမျိုးသွင်ကတော့ ဦးပန်းဆီအကြောင်း သိပုံရပါသည်။ ဆောင်းဘီအိတ်နှစ်ဖက်ထဲ လက်နှိုက်ရင်း ရယ်လို့သာ နေတော့သည်။

"ကျွန်တော်တို့က စီမံကိန်းစ,တာဆိုတော့ ကျွန်တော်တို့မှာ အသုံးမလိုပေမယ့် ကျောင်းအတွက်တော့ အသုံးတည့်တာတွေ ဖြစ်နိုင်ပါတယ်… တင်ပြလို့ ခွင့်ပြုရင် လှူမှာပါ…ကျွန်တော်တို့လည်း သည်ရွာတွေနဲ့ မကင်းကြလေတော့ တတ်နိုင်သမျှ ကူညီကြမှာပါ…"

ကြိခင်းတာဝန်ခံဆိုသူ နဖူးပြောင်ပြောင်နှင့် ဆရာက ပြောနေခြင်းဖြစ်သည်။ ဘာပဲဖြစ်ဖြစ် စကားနှင့်ပင် အားဖြစ်ရပါ၏။ မပုန်းရည် လုပ်ချင်တာကလေးတွေ ရှိသေးသည်။ ချက်ချင်းပြောလို့တော့ မဖြစ်။ သည်လို လမ်းပွင့်သွားခြင်းသည်ပင် အဆင်ပြေလှပြီ မဟုတ်လား။ အင်ဂျင်နီယာက မပုန်းရည်ကို ရွှေးနှုတ်ဆက်သည်။

"ဆရာမ ဒေါ်ပုန်းရည် ကျွန်တော် သပ်သပ်လာခဲ့ပါဦးမယ်…"

"ဟုတ်ကဲ့ပါရှင့်…အလှူခံလွန်းလို့ ကြောက်လန့်သွားမှာပဲ စိုးပါတယ်"

"လန့်စရာ မရှိတော့ပါဘူး ဆရာမရယ်…"

ကားထွက်သွားတော့ ဦးပန်းဆီ ကျန်ရစ်ခဲ့သည်။ ကျောင်းထဲအထိ လိုက်လာပြီး ကျောင်းခန်းကို လျှောက်ပတ်ကြည့်နေသည်။ ဦးပန်းဆီက သဘောမနော ကောင်းသည်။ ရွာအတွက်သာ စိတ်ရှိသည်။ မပုန်းရည်သိသလောက် ကိုယ်ကျိုးရယ်လို့ ငဲ့ခြင်းဖဲ့ခြင်းမရှိ။ အခုလည်း အင်ဂျင်နီယာအဖွဲ့ ရွာတာလမ်းကို အဖြတ်မှာ ကျောင်းဘက် ဖွတ်ခေါ်လာခဲ့ခြင်းဖြစ်ကြောင်း ပြောပြနေခဲ့ပါ၏။ အားနာစရာကောင်းသော်လည်း ဦးပန်းဆီ စေတနာကို နားလည်နေတော့လည်း အပြစ်မတင်သာပါ။ ထားပေါ်မှာတုန်းက ဘာတောင်းရမှန်း မသိတော့ အလံတိုင်တွေ ထပ်တောင်းထားသည်ဆိုလို့ မပုန်းရည် ရယ်မိရသည်။ အလံတိုင်တွေ တောင်းထားတာလည်း မှားတော့မှားပါ။ ကျောင်းအားကစားကွင်းအတွက် ပိုးတိုင်လုပ်ရန် မပုန်းရည် စဉ်းစားထားသည်။ သံပိုက်လုံးတွေတော့ မဟုတ်။ ရွာမှာ ရနိုင်သော ဝါးလုံးတွေလောက်သာ ဖြစ်သည်။ သံပိုက်လုံးတွေသာရလျှင် တစ်သက်နေရောပေါ့။ သံပိုက်လုံးတွေ ပိုတော့လည်း ကလေးတွေစီးဖို့ ဒန်းနှစ်စင်းလောက် လုပ်လို့ရနိုင်လေမလား။



မပုန်းရည်က သူလည်း ဦးပန်းဆီနှင့် တူနေပါပကောလို့ တွေးမိပြန်လို့ ပြုံးရပါ၏။ မပုန်းရည်တို့ အတန်းဝင်ကြတော့မှ ဦးပန်းဆီလည်း ထ,ပြန်တော့သည်။ အခုတော့လည်း နတ်ရေကန် စာသင်ကျောင်းကလေးမှာ မပုန်းရည် အတိုင်ကျခဲ့ရပြီ။

၈

နေ့ခင်း ထမင်းစားကျောင်းလွှတ်ချိန်။ မပုန်းရည် ဘုန်းကြီးကျောင်းဘက်ကို လျှောက်လာခဲ့သည်။ ဘုန်းကြီးကျောင်းဝင်းက စာသင်ကျောင်းနှင့် တစ်စပ်တည်းဖြစ်နေတော့ မပုန်းရည် ဖိနပ်စီးမလာတော့ပါ။ ဘုန်းကြီးကျောင်းဝင်း ကွက်လပ်ကျယ်ကြီးကို ဖြတ်လျှောက်လာရင်းဖြင့် ကျောင်းအရှေ့ဖျား ဘုရားနှစ်ဆူကို အမြဲလှမ်းကြည့်မိဖြစ်ပါ၏။ ထုံးစေတီကလေးနှစ်ဆူက ရှေးဘုရားဖြစ်ပုံရသည်။ ဘုရားပရိဝုဏ်အင်းအုတ်ပြားတွေက သည်ဘက်ခေတ် အုတ်ပြားမျိုးမဟုတ်။ အပြားကြီးကြီးအကောင်းကောင်း အုတ်တွေဖြစ်၏။ ထုံးစေတီကလေးပင် အဖြူရောင် လွင့်ပြယ်နေပြီ။ ဘုရားခြေက ချုံနွယ်ပိတ်ပေါင်းတွေကို ကျောင်းသားကြီးများနှင့်အတူ မပုန်းရည် တစ်ရက်တော့ ရှင်းရဦးမည်။

ကျောင်းဝင်းကြီး ကျယ်သလောက် သန့်ရှင်းသည်။ ရေတွင်းကုန်းဘေးက ဥယျာဉ်ကလေးကလည်း စိမ်းစိမ်းစိုစို။ ကုသိုလ်ယူကြသူတွေက ကျောင်းရောက်သည်နှင့် တံမြက်တလင်း တစ်လှည်းစာတော့ ကုသိုလ်ယူသွားကြတာများသည်။ ကျောင်းထမင်းကျောင်းဟင်း စားနေရသော မပုန်းရည်ကတော့ နေ့စဉ်နှင့်အမျှ ကုသိုလ်ယူဖြစ်ပါ၏။ သံဃာတော်ကို ရည်မှတ်၍ လှူသောဆွမ်းကို သံဃာက စွန့်သည်ဆိုသော်လည်း မပုန်းရည် စားဝံ့မရဲ ရှိခဲ့ရပါ၏။ စားရပြီဆိုတော့လည်း တတ်စွမ်းသမျှ ကုသိုလ်ယူကာ အပြစ်ချေချင်သည်။ မပုန်းရည် တံမြက်မလှည်းသည့်နေ့ မရှိ။ အနည်းဆုံး မကန်းအုတ်လှေကားကြီးကိုတော့ နေ့လယ် ထမင်းစားပြီးတိုင်း လှည်းလေ့ရှိသည်။ အချိန်ကလေးရတော့လည်း သောက်ရေအိုးတွေ ရေဖြည့်သည်။ ဘုရားပန်းလဲသည်။ မပုန်းရည်သည်ဝင် ဘုန်းကြီးကျောင်းသားကြီးတစ်ပိုင်း ဖြစ်နေခဲ့ပြီ။

မပုန်းရည် ကျောင်းဝင်းထဲ ဖြတ်လျှောက်လာခိုက် ဘုရားကုန်းဘက်မှာ လူတစ်ယောက် မြက်ရှင်းနေတာ တွေ့လိုက်ရသည်။ အင်္ကျီချွတ်ထားသဖြင့် တစ်ကိုယ်လုံး ချွေးတွေ သီးထနေ၏။ ဝမ်းဗိုက်ရှပ်ရှပ်၊ ကျောပြင်ကုန်းကုန်း၊ လူပိန်ပိန်နက မပုန်းရည်ကို တွေ့လိုက်ရသဖြင့် ချက်ချင်း ကျောလှည့်လိုက်တာ သတိထားမိလိုက်သည်။ မြက်ရှင်းတာတော့ မပျက်။ ပုဆိုးတိုတို၊ ခါးပုံစ ရှည်ရှည်ချထားရာက ပေါက်ပြားကို ခဏထောင်ကာ ခါးပုံစဖြင့် မျက်နှာက ချွေးတွေကို သုတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငပိုက်...ဆရာမလာပြီ...ကျောင်းပေါ်တက် ထမင်းစားတော့..."

မကန်းလေ့ကားကြီးက ဆင်းလာပြီး ဆရာတော်က ထိုလူကို လှမ်းမိန့်လိုက်မှ မားဆရာ ကိုပိုက်မှန်း မှတ်မိလိုက်သည်။ သည်လိုဆိုတော့လည်း ကျောင်းဝေယျာဝစ္စ လုပ်ရှာသားပါလား။ ဆရာတော့်စကားတော့ ပယ်ရှားဝံ့ဟန် မတူ။ ရေတွင်းဘက်ကို ကိုယ်လက် ဆေးကြောရန် ထွက်သွားသည်။ မပုန်းရည်က ဆရာတော်ကို လှေကား ခြေမှာပဲ ဝတ်ဖြည့်လိုက်သည်။

"ကျောင်းဆရာမ...ငပိုက်က ဓားနဲ့ကြိမ်းဆို...သည်ကောင် မိုက်တဲ့ကောင် စိတ်မဆိုးနဲ့...ကိုယ်ပါ လူဆိုးဖြစ်တတ်တယ်...ကြားလား ကျောင်းဆရာမ"

"စိတ်မဆိုးပါဘုရား...သူလည်း မူးနေလို့ ဖြစ်ရတာပါဘုရား..."

"မူးလို့မှားတာပေါ့...အခု ငပိုက်ကို ပန်းဆီက မနက်ကနေ မွန်းတည့်အထိ သုံးရက် မြက်ရှင်း ဒဏ်ပေးထားတာ..."

"ဪ...ဘုရား..."

မပုန်းရည် စိတ်မကောင်းဖြစ်ရသည်။ သည်လောက်အထိ ရွာမှာ လူပ်ခါ သွားလိမ့်မည်မထင်ခဲ့။ ကျော်လင်းပင် ဒူးကဒဏ်ရာ သက်သာလို့ မျောက်ရှုံးအောင် ဆော့နေပြီ မဟုတ်လား။ သို့သော် ဓားကြိမ်း ကြိမ်းခဲ့သူ ငပိုက်မှာတော့ အမှုက မကျေနိုင်ဘဲ ရှိနေရပါကော။ ဘာပဲဖြစ်ဖြစ် သည်လိုကြားရတော့လည်း မပုန်းရည် စိတ်မချမ်းသာ။ ဘယ်လိုများလုပ်ရပါ့။ ကိုပိုက် မြက်ရှင်းရတာ ဘယ်နရက်များ ရှိနေပါလိမ့်။ သည်အပြစ်ဒဏ်က လွတ်အောင် ဘယ်သူ့ပြောရပါ့ဆိုတာလည်း တွေးနေရပါ၏။ ဆရာတော့် လျှောက်လျှင်တော့ အပြစ်လွတ်တန်ကောင်းပါရဲ့။ ဆရာတော်က ကျောင်းပေါ် တက်သွားပြီ။

ကျောင်းပေါ်ကိုတက် ဘုရားဝတ်ဖြည့်ပြီးလို့ ကျောင်းသားကြီးနှစ်ယောက် ပြင်ပေးသော ထမင်းစားပွဲကို ရောက်သည့်တိုင် မြက်ရှင်းနေသော ကိုပိုက်ကိုပဲ မျက်စိထဲ မြင်ယောင်နေခဲ့သည်။ ခြေသံကြားသဖြင့် လှည့်ကြည့်လိုက်တော့ ကိုပိုက် ကျောင်းပေါ် ရောက်နေပြီ။ ဘုရားဝတ်ဖြည့်ပြီး မတ်တတ်ကြီး ရပ်နေပါ၏။ ဆရာတော်ကြီးက "ငပိုက်...ကျောင်းပေါ်တက်တော့...ကျောင်းဆရာမလာပြီ" လို့ မိန့်လိုက်ခြင်းသည် ဝင် ထမင်းအတူတူစားကြ ဆိုသည့်သဘော ဖြစ်လိမ့်မည်။ ကိုပိုက်က မပုန်းရည်နှင့် ထမင်းအတူစားဖို့ ခက်နေသည်ထင်ပါ့။ တရားလိုနှင့် တရားခံ ထမင်းလက်ဆုံ စားရတာမျိုးလို ဖြစ်နေပါလား။ မပုန်းရည်က လှမ်းခေါ်မှ ထမင်းစား ခုံဝိုင်းဆီ ရောက်လိမ့်မည်။ မခေါ်မချင်း ရောက်လာမှာမဟုတ်တာ သေချာသည်။



"ကိုပိုက်...လာပါရှင်...ကျွန်မနဲ့ အတူစားပါ..."

ကိုပိုက်က ရှက်ရွံ့နေရှာသည်။ လူက အသက်အရွယ် မကြီးသေးသော် ငြားလည်း မျက်နှာက ဖောယောင်နေသည်။ ပင်ပင်ပန်းပန်း အလုပ်လုပ်ထားရသည့်အတွက် ချွေးတွေ ရွှဲနစ်နေပြီး ရေနူးနေသော ကြွက်တစ်ကောင်နှင့်ပင် တူနေပါ၏။ အကျႌက ပေါ်ပင် ရင်ဘတ်နှင့် ဝမ်းဗိုက်တစ်ပြင်လုံး အနီကွက်ကြီးတွေ ပိန်းပိန်းထလျက်။ လက်တွေက တဆတ်ဆတ်တုန်လျက်။ ခြေထောက်ကလည်း တရွတ်ဆွဲလို့။

"လာပါ ကိုပိုက်ရဲ့...ဝင်စားလှည့်ပါ..."

မပုန်းရည်က တိုက်ပန်းကန်ပြားတစ်ချပ်ယူကာ ကြွေဇလုံကြီးထဲက ထမင်းတွေကို ခပ်ထည့်သည်။ ဟင်းကောင်းကလေးတွေကို လှမ်းယူပြီး ဦးချလိုက်သည်။ ကိုပိုက် မထိုင်မချင်း မပုန်းရည်က ထမင်းမနှိုက်ဘဲ ထိုင်စောင့်နေလိုက်သည်။ ကိုပိုက်ကလည်း ငူငူကြီး ပေရပ်နေပါ၏။

"ဟဲ့...ငပိုက်...ထမင်းဝင်စားလေ..."

ဆရာတော်ကြီးက ရေနွေးပွဲ ဘုဉ်းပေးနေရာက လှမ်းငေါက်တော့မှ ထမင်းဝိုင်းနား သေးလုံးကပ်ကာ ဝင်ထိုင်၏။ မပုန်းရည် ထည့်ထားသည့် ဟင်းကို သေးဖယ်ကာ ထမင်းချည်း ငုံ့စားနေသည်။ လက်တွေက တဆတ်ဆတ်တုန်လျက်။ မပုန်းရည်က ဟင်းတွေ ခပ်ထည့်ပေးလိုက်သည်။ ထမင်းပန်းကန်မှာ ခေါင်းဆိုက်လျက် မဖော့တမ်း ငုံ့စားနေရှာသည်။

"ကိုပိုက်က ကုသိုလ်အလုပ်တွေလည်း လုပ်သားပဲ...သာဓုပါရှင်"

"ဒဏ်ပေးတာပါဗျာ...သုံးရက်လုပ်ရတာ..."

"ဒဏ်ပေးတာ...ဘာဖြစ်လို့လဲ ကိုပိုက်ရဲ့..."

"ဆရာမကို ကြိမ်းလို့တဲ့...ရွာထဲမှာလည်း အမိန့်ထုတ်ထားတယ်"

"အမိန့်...ဘာအမိန့်များတုံး ကိုပိုက်ရဲ့..."

"ဆရာမကို စ,ရင်...နောက်ပိုး ပိုးရင် ဘယ်သူမဆို မာရှယ်လောတဲ့..."

"မာရှယ်လော...ဘယ်သူက ထုတ်တာလဲ"

"လေးပန်းဆီလေ..."

ဆရာမကို နောက်ပိုး ပိုးရင် မာရှယ်လောတဲ့။ မပုန်းရည်မှာ အံ့လည်း အံ့ဩရသလို ရယ်လည်းရယ်ချင်မိပါ၏။ ပြစ်မှုပြစ်ဒဏ်က ကြီးလွန်းလှပါကလား။

"မာရှယ်လောဆိုတာ ဘာတုံး ကိုပိုက်ရဲ့..."

"မသိပေါင်ဗျာ...မာရှယ်လော ပြောတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကိုပိုက်ပန်းကန်ထဲမှာ ထမင်းကုန်ပြီ။ မပုန်းရည်က ထမင်းတွေ ထပ်ထည့်ပေးသည်။ ဟင်းတွေ ပုံပေးသည်။ သည်ရွာမှာ သည်ဓလေ့ရှိတာကို မပုန်းရည် ခုမှသိရပါ၏။ ရွာထဲ ရပ်ထဲမှာ ရန်ဖြစ်လျှင်၊ မကြားဝံ့မနာသာ ဆဲရေးလျှင်၊ ငယ်သူနှင့်ကြီးသူ မရိုမသေပြုလျှင် ဒဏ်တပ်ခံရသည်။ ငွေဒဏ်မဟုတ်။ ရေဒဏ်, သဲဒဏ်လို့ သုံးကြသည်ဆို၏။ ရွာလမ်းပြင်ရသည်။ ဘုန်းကြီးကျောင်းတွင်း သန့်ရှင်းရေးလုပ်ရသည်။ ရေနံချေးသုတ်ရသည်။ ကျောင်းစဥ့်အိုးကြီးတွေထဲ ရေဖြည့်ကြရသည်။ အမှိုက်ကျင်းတူးရသည်။ ပြစ်မှုကြီး,ကြီးသလို၊ ပြစ်မှုသေး,သေးသလို။ ကိုပိုက်ကပဲ သည်အကြောင်းတွေ ထမင်းစားရင်း ပြောပြနေခြင်းဖြစ်သည်။

မပုန်းရည်က ထမင်းစားပြီး အသာထလာတော့မှ ကိုပိုက်ခမျာ အနေချောင်သွားပုံပေါ်ပါ၏။ ကြွေဇလုံကြီးထဲက ထမင်းတွေ ထပ်ထည့်သည်။ ဟင်းတွေ မည်းနေအောင်ဆမ်းကာ ပလုတ်ပလောင်း လွေးတော့သည်။ မပုန်းရည်က ဆရာတော်ကြီး ရေနွေးပွဲ ဘုဉ်ပေးနေရာ အနီးမှာ သွားထိုင်နေလိုက်သည်။ ကျောင်းသားက ထန်းလျက်နှင့် ရေနွေးကြမ်း လာချပေးသည်။ မွှန်းတည့် ဆယ့်နှစ်နာရီထိုးတော့ မပုန်းရည်က ကြေးမောင်းထ,ထိုးလိုက်သည်။ ဆရာတော်က ရေနွေးပွဲ စွန့်ပြီးသည့်တိုင် ကိုပိုက် ထမင်းဝိုင်းက မထသေး။

"ကျောင်းဆရာမ...ထမင်းစားပြီးရင် ထန်းလျက်စားရတယ်...အစာကြေတယ်, ရင်ချောင်တယ်...ဘုန်းကြီးလည်း စားတယ် ကြားလား..."

"စားပါတယ်ဘုရား"

ကိုပိုက်က ထမင်းစားပြီး ကျောင်းလှေကားဘက် လျှောက်သွားတာကို ဆရာတော် မြင်လိုက်တော့ လှမ်းခေါ်သည်။ ဆရာတော်ရှေ့ ပုဆစ်တုပ်ထိုင်ကာ ဝတ်ဖြည့်သည်။ ဆရာတော်ကြီးက ကိုပိုက်ကို ကြည့်သည်။ သနားပုံလည်း ရသည်။ သို့သော် မမိန့်ပါ။ မပုန်းရည်က သည်အခြေအနေကလေးကို အလွတ်မခံ။ ကိုပိုက်ကို အပြစ်မှ လွှတ်ပါရန် လျှောက်ထားလိုက်သည်။ သုံးရက် ဒဏ်ပေးထားမှန်း သိထားတော့ ကျန်နှစ်ရက်ကို ခွင့်လွှတ်ပါရန် လျှောက်ထားခြင်းဖြစ်သည်။ ဆရာတော်ကြီးက ပြုံးတော်မူသည်။

"ဒီကောင် သုံးရက်ရှိပြီ ကျောင်းဆရာမရဲ့...ဟိုနှစ်ရက်က ကျောင်းမလွှတ်ခင် ပြန်ပြေးလို့ မတွေ့တာ...ဘုန်းကြီး အပြစ်မပေးပါဘူး...ပန်းဆီက ပေးတာပါ...ဒါက ရွာထုံးစံလေ...ပိုက်...ကျောင်းဆရာမကို တောင်းပန်လိုက်...မှားတဲ့လူက မှန်တဲ့လူကို တောင်းပန်ရတယ်...ကြားလား..."

"တောင်းပန်ပါတယ် ဘုရား..."



"ငါ့ကို မဟုတ်ဘူး...ကျောင်းဆရာမကို တောင်းပန်ရမှာ...နှုတ်ကပြော..."

"ဆရာမကို တောင်းပန်ပါတယ်ဗျာ...ကျုပ်က လူမှန်းသူမှန်းမသိလို့ ဖြစ်ရတာပါ..."

မပုန်းရည် မျက်ရည်တွေ စို့လာခဲ့သည်။ စိတ်ထဲမှာပင် မရှိတော့သည့် အမှုကိစ္စတစ်ခုက အမှတ်မထင် ရှေ့မှောက်ကို အသစ်တစ်ဖန် ရောက်လာသည့်အတွက် အံ့ဩသွားကို အားတုံ့အားနာပင် ဖြစ်မိရသေးသည်။ ကိုပိုက်မျက်နှာက ညှိုးငယ်နေသည်။ အရက်ကို ဆာလောင်မွတ်သိပ်နေတာများလား။ သူ့ရင်ဘတ်ပေါ်က အနီကွက်ကြီးတွေက ရဲမှည့်သည်ထက် ရဲမှည့်နေခဲ့သည်။ နှုတ်ခမ်းတွေက တောင်းပန်နေသော်လည်း စိတ်က တစ်နေရာကို ပို့လွှတ်ထားသကဲ့သို့ ကိုယ်နှင့်မကပ်ဘဲ ရှိနေလေ၏။

မပုန်းရည်က စကားပင် မပြောနိုင်တော့။ ကိုပိုက်က ဆရာတော်ကို ဝတ်ဖြည့်ပြီး ကျောင်းလှေကားဘက် ကိုင်းကိုင်းကြီး ဆင်းသွားရှာသည်။ ကျောပြင် ကုန်းကုန်းကို ငေးကြည့်နေမိရုံကလွဲ၍ အခြားဘာမှမပြောနိုင်။ မပုန်းရည်မှာ မျက်ရည်တွေသာ တွေတွေကြီးကျလာခဲ့လေသည်။ ဆရာတော်ကြီးက ကွမ်းညှပ်ကိုကိုင်ကာ ကွမ်းသီးညှပ်ရင်း မိန့်သည်။

"ကျောင်းဆရာမ...ပိဋကတ်ဝတ္ထုမှာပါတယ်မှတ်လား...ဂူထပါလာဇာတ်မှာ ယောတာလေ...မာဂဓတိုင်းသားတွေ ရေကန်ကြီးတစ်ကန်နား သောက်စားပြီး ကျန်တဲ့အရက်ကို နွားချေးပိုးတစ်ကောင်က သောက်မိတယ်...နွားချေးပိုးက အရက်မူးမူးနဲ့ မစင်ပုံပေါ် တက်မိတဲ့အခါ မစင်ပုံပျော့ကျသွားတာကို မြေကြီးနိမ့်ကျသွားတာလို့ ထင်တယ်...မြေကြီးက ငါ့ဝန်ကို မထမ်းနိုင်တော့ဘူးလို့ မာနဝင်တယ်မှတ်လား...နွားချေးပိုးက ဆင်ကို အံတုဖို့ ပြင်တယ်မှတ်လား...အရက်က အကုသိုလ်လုပ်ဖို့ အင်မတန်အားပေးတယ်...စိတ်မကောင်းမဖြစ်နဲ့...သည်ကောင်က ဒဏ်ပေးခံရမှ ကျုပ်ကျောင်းရောက်တာ...ကျောင်းတွင်းကုသိုလ်ပြုနိုင်ဖို့ သူ့မှာ အကုသိုလ်နဲ့ စက်ရသေးတာနော...ဘုန်းကြီးကျောင်းမှာ သူပြုသွားတဲ့ကုသိုလ်ကိုသာ အောက်မေ့...ကြားလား..."

"တင်ပါ့ဘုရား..."

ဆရာတော်ကို ဝတ်ဖြည့်ပြီး ကျောင်းပေါ်က ဆင်းလာခဲ့သည်။ ကျောင်းဆီက ခေါင်း ကျောင်းတက်ခေါင်းလောင်းသံကို ကြားရပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကလေးများကို ပြုစုသင်ကြားရာတွင် ထိရောက်သော နည်းတွေကို သုံးပါ၏။ ကလေးတွေကို လေ့ကျင့်ပေးရသည်။ အမူအရာကောင်း၊ အကျင့်ကောင်း၊ ဝသီကောင်း၊ အလေ့အထကောင်းတွေ ရအောင် သင်ပေးကြရသည်။ သူကလေးတို့၏ အပြုအမူ အလေ့အထများမှတစ်ဆင့် သူတို့၏ ကိုယ်ပိုင်တွေးခေါ်မှုကို ရယူနိုင်သည်ဟု ပညာရေးနည်းနာများက ဆိုသည်။ သူတို့ကလေးတွေ သဘာဝလောကကြီးထဲမှာ နေထိုင်ကြီးပြင်းကြသော်လည်း သဘာဝလောကကြီးကို ဘယ်လောက်သိကြသလဲ ဘယ်လောက် နားလည်ကြသလဲဆိုတာကလည်း အရေးကြီးသည်။ သစ်ပင်တွေကို ဘယ်လိုသဘောထားကြသလဲ၊ ပိုးကောင်မွှားကောင်ကလေးတွေကို ဘယ်လိုသဘောထားကြသလဲ။ သူတို့၏ ပေါင်းသင်းဆက်ဆံရေး သဘောဆန္ဒတွေကကော ဘယ်လိုရှိကြသလဲ။ သူတို့ စကားပြောတတ်ကြရဲ့လား။ သီချင်းကော ဆိုတတ်ကြရဲ့လား။ ကဗျာကို မြတ်နိုးတတ်ကြရဲ့လား။

မပုန်းရည်ရင်ထဲမှာ စကားနှစ်လုံးရှိသည်။ ပညာရေးကျောင်းတုန်းက ဆရာမကြီး ပြောဖူးသည့်စကားဖြစ်သည်။ Creative and Poetic တဲ့။ ဖန်တီးခြင်းနှင့် ကဗျာဆန်ခြင်း။

ကလေးတွေကို မပုန်းရည်က ရှဥ့်ကလေးတွေနှင့် နှိုင်းယှဉ်ချင်မိပါသည်။ ရှဥ့်ကလေးတွေကိုကြည့်လျှင် အမြဲတမ်း လွတ်လပ်ပေါ့ပါးနေကြတာများသည်။ တစ်ကောင်ချင်းလည်း လွတ်လပ်သည်။ အဖော်အဖက်နှင့်လည်း လွတ်လပ်ကြသည်ပင်။ အမြဲတမ်း စူးစူးစမ်းစမ်းရှိကြသလို အမြဲတမ်း ပြေးပြေးလွှားလွှားရှိကြသည်။ သူတို့မှာ ထိတ်လန့်ချောက်ချားနေကြတာ မရှိ။ ရက်စက်ကြမ်းကြုတ်တာမျိုးလည်း မရှိ။ အကောင်းဆုံးအရည်အချင်းကတော့ သဘာဝတရားကြီးနှင့် နီးနီးစပ်စပ် နေတတ်ကြခြင်းဖြစ်ပါ၏။

‘အော်သံ မြည်သံ တည်ည်
မြီးဆံဖွားဖွား ပြေးခုန်လွှား
ရှဥ့်ငယ်အများ ရှဥ့်အများ…။
ပြေးတာ လိုက်တာ ပျော်စရာ
ကွယ်ရာသစ်ခေါင်း ဝင်လို့အောင်း
ရှဥ့်ငယ်အပေါင်း ရှဥ့်အပေါင်း…။
တစ်ပင့်တစ်ပင် ကူးလိုချင်
လျှင်လျှင်ခုန်ဝဲ တိုင်းကိုဆွဲ
ရှဥ့်ငယ်ခပဲ ရှဥ့်ခပဲ…။



လာကြည့်စမ်းပါ နံနက်ခါ
ပျော်မှာမပြင်း သူငယ်ချင်း
ရှဥ့်ငယ်တစ်သင်း ရှဥ့်တစ်သင်း…’

မပုန်းရည်၏ လုံ့လကြောင့်ပဲလားတော့ မသိ။ ရှဥ့်ကလေးတွေ ကျောင်းလာကြတာ တစ်စတစ်စ များလာခဲ့သည်။ လွယ်အိတ်ကလေးတွေက အရောင်အဆင်း မလှကြသော်လည်း ကိစ္စမရှိပါ။ ကျောင်းစိမ်း မစုံလင်သော်လည်း ဖြစ်ပါသည်။ ဆံပင်ဖီးမလာသော်လည်း သပ်ရပ်လျှင် တော်ပါပြီ။ အင်္ကျီကြယ်သီး မစုံလျှင်လည်း ရပါ၏။ တွယ်ချိတ်နှစ်ချောင်းလောက် ပါလျှင် လုံလောက်ပါ၏။ တစ်ခါက မပုန်းရည် လက်သည်းခြေသည်း စစ်ဆေးရေးဝင်သည်။ စားပွဲခုံကလေးတွေပေါ်မှာ လက်ချောင်းချောင်းစလုံး မှောက်စေပြီး တစ်ယောက်ချင်း လိုက်ကြည့်ခြင်းဖြစ်သည်။ မပုန်းရည် ငိုကြွေးသွားခဲ့သည်။ ဘယ်သူမှ လက်သည်းညှပ်ထားကြတာမရှိ။ လက်သည်းရှည်တွေထဲမှာ ချေးမည်းမည်းတွေ စေးထန်နေကြသည်။ မပုန်းရည်က ကလေးတစ်ယောက်စီကို ခေါ်ပြီး စိတ်ရှည်လက်ရှည် ညှပ်ပေးသည်။ မညှပ်ခင် ချေးတွေကို ဝါးစကလေးဖြင့် ထုတ်ကာ စက္ကူဖြူဖြူပေါ် တင်ပြသည်။

“အဲဒါ ဘာတွေလဲ သိကြလား”

“ကျီး(ချေး)တွေပါ ဆရာမ…”

“အေးပေါ့…အညစ်အကြေးပေါင်းစုံစုပြီး မင်းတို့လက်သည်းထဲမှာ အသာခိုနေကြတာ…မင်းတို့က လက်ခံထားတော့ သူတို့က နေကြတာပေါ့… သည်ကနေ့ကစပြီး ကျီးတွေနဲ့ မပေါင်းကြနဲ့တော့…ကျီးတွေကို မောင်းထုတ်ကြရအောင်ပေါ့…ဟုတ်ပြီလား…”

“လက်သည်းထဲမှာ ကျီးရှိတော့ ဘာဖြစ်လို့လဲ ဆရာမ…”

ဩဘာက မေးခြင်းဖြစ်သည်။ လက်သည်းထဲမှာ ချေးရှိတော့ ရောဂါမျိုးစုံ ရတာပေါ့လို့ မပုန်းရည် ဖြေလို့မဖြစ်ပါ။ လက်သည်းထဲက ချေးနှင့် နေခဲ့ကြတာ ကြာပြီမဟုတ်လား။ လယ်ထဲချောင်းထဲ၊ ရွှံ့ထဲဗွက်ထဲ၊ ဖုန်ထဲသဲထဲ နေကြရသူတွေကို ရောဂါနှင့် ခြောက်သော်လည်း ကြောက်ကြလိမ့်မည်မထင်။ သူတို့နှင့် ရောဂါတွေက ငယ်ပေါင်းတွေမဟုတ်လား။ မပုန်းရည် စကားလုံးရှာရပြီ။ မပုန်းရည် လက်သည်းမရှိသော သူ့လက်ချောင်းကလေးတွေကို ပြရသည်။

“ဆရာမ လက်မှာကြည့်…လက်သည်းမရှိဘူး…ချေးလည်းမရှိဘူး… တွေ့လား…”

www.burmeseclassic.com

www.burmeseclassic.com



"တွေ့ပါတယ် ဆရာမ…"

"လက်သည်းလည်း မရှည် ခြေကြားလည်းမထူတဲ့ကလေးဆိုရင် ဆရာမ သိပ်ချစ်တာ…"

ဩော်…အဲသလိုလားဆိုသည့် မျက်နှာကလေးတွေကို မပုန်းရည် ဖတ်မိ ဆရာမ ချစ်ဖို့များတော့ လွယ်လွယ်ကလေးပါလားလို့ သဘောပေါက်သွားကြပုံလည ရပါ၏။ ဘယ်ကဘယ်လို ညှပ်လာကြသလဲတော့မသိ။ နောက်ရက်တွေမှာ လက်သည နှင့်ခြေ ဝေးကြပြီ။

မပုန်းရည်၏ စစ်ဆင်ရေးတွေထဲမှာ အပ်ချိတ်ကလေးတွေလည်း ပါသည သကြားလုံးထုပ်ကလေးတွေလည်း ပါသည်။ သကြားလုံးဆိုလို့ အဖိုးတတန်ထဲက မဟုတ်ပါ။ မတ္တရာဈေး လူကြုံမှာလိုက်သော သကြားခဲပွပွ အကျားကလေး ဖြစ်ပါ၏။ ကြယ်သီးဟပြဲကလေးတွေဆိုလျှင် တွယ်ချိတ်နှစ်ချောင်း သုံးချော တွယ်ပေးလိုက်ရ၏။ နောက်တစ်ခါ ဟ,မပြဲကြတော့ပြီ။ မိဘတွေက ဂရုတစိုက် ကြယ တပ်၊ တွယ်ချိတ်တပ်ပေးတာတွေ များလာသည်။ ထူးထူးခြားခြား သနပ်ခါးပန် လိမ်းလာသူ၊ သန့်သန့်ရှင်းရှင်း ဝတ်လာသူကလေးတွေကို အတန်းရှေ့ ခေါ်ထုတ်ပြ ချီးကျူးရသည်။

"ကြည့်စမ်း…ကနေ့ 'ကတိုး' သနပ်ခါးလိမ်းလာတယ်…ဟော အုန် တောင် လိမ်းလာသေးတယ်…အင်္ကျီကြယ်သီးလည်း စုံတယ်…ကတိုး ရေလည်း ချိုးလာတယ်ထင်တယ်…ချိုးလာသလား ကတိုး…"

"မချိုးခဲ့ရဘူး ဆရာမ…"

"ဟော တွေ့လား…ဆရာမကို မလိမ်ဘူး…မှန်တာပြောတယ်…ရေ ချိုးလာခဲ့လို့ကတော့ ကတိုးခမျာ သကြားလုံးနှစ်လုံးတောင်ရမှာ…အခု တစ်လုံးပဲရမယ်"

သည်လို နှစ်ခါ သုံးခါလောက် လုပ်လိုက်တော့ ရေမချိုးကြသည့် ပါးပေါ် သနပ်ခါး ပါလာခဲ့ကြသည်သာ။ အိုးနီးဆီတွေက နဖူး နားသယ်စပ်ဆီ စီးကျအောင် ဆီအိုးထဲ ခေါင်းနှစ်လာသူကလေးတွေကို တွေ့တော့ ပြုံးမိရပြန်သ မပုန်းရည် ဝယ်ဖြည့်ထားရသည့် ပစ္စည်းတိုတိုစစကလေးတွေထဲမှာ ခဲတံတွေလ ပါပါ၏။ မပုန်းရည် စားပွဲပေါ်က စဥ့်ခွက်ထဲမှာ ချွန်ပြီးသားခဲတံ အချောင်းနှစ် လောက် ဖြည့်ထားသည်။ ခဲတံမပါသူ ယူရေးနိုင်သည်။ ကျောင်းဆင်းလျှင် ပြန်ထာ ခဲတံတွေ ပျောက်တာမျိုး မရှိ။ မသိမသာ ထည့်ယူသွားသူရယ်လို့ မရှိ။ မပုန်း ကတော့ အားလျှင်အားသလို ချွန်ပေးထားရသည်။



ဘုရားပန်းကလည်း မရှားပါ။ တစ်ရက်တစ်ယောက် တာဝန်ပေးထားလိုက် နေ့စဥ် ဘုရားပန်း လဲနိုင်သည်။ မိန်းကလေးထဲက မလှအေးက ပန်းညှောင်ရေ ဆေးတတ်သည်။ ဘုရားပန်းတွေ ဝေအောင်ထိုးတတ်သည်။ ပန်းကပ်တတ်သည်။ ည် ကျောင်းကိုရောက်လာလျှင် ပန်းကပ်ပြီးသား။ များသောအားဖြင့် ဇော်ကျား၊ ား ဇော်ဂျီတောင်ဖေးလို ရွာထွက်ပန်းတွေ များသည်။ သည်ပန်းတွေက အမြစ်ခွဲ တော့ ကျောင်းဘေး မြေနုနုမှာ စွန့်ပန်းတွေ ပြန်စိုက်ထားသည်ကပင် ပန်းခင်း ပါ၏။

"မင်းတို့အထဲက ဘယ်သူ မန္တလေးကို ရောက်ဖူးသလဲ…ရောက်ဖူးတဲ့သူ လက်ညှိုးထောင်"

တစ်ခါတော့ သူတို့ကလေးတွေ၏ ဗဟုသုတကို မေးချင်သဖြင့် မပုန်းရည် ကင်ကာ မေးလိုက်ခြင်းဖြစ်သည်။ ထောင်လိုက်ကြတဲ့ လက်ညှိုးတွေ မနည်း ဟုတ်ကြပေမှာပေါ့။ မတ္တရာနဲ့မန္တလေး စခန်းမဝေးဘဲကိုး။ ဒါပေသိ နတ်ရေကန်က လေးကိုရောက်ဖို့ ကဘဲဘူတာကို အရင်သွားရဦးမည်။ ပြီးမှ မတ္တရာ–မန္တလေးရထား ရသည်။

"မန္တလေးမှာ ဘာတွေရှိသလဲကွာ…တစ်ယောက်စီပြော…"

"နန်းတော်ကြီးရှိတယ်…"

"ဟုတ်ပြီ"

"ကားတွေရှိတယ်"

"ဟုတ်ပြီ"

"တိုက်ကြီးတွေရှိတယ်"

"ဟုတ်ပြီ"

"ဈေးချိုရှိတယ်"

"ဟုတ်ပါ့ရှင်"

"ဓာတ်မီးတိုင်တွေရှိတယ်"

"ဒါလည်းဟုတ်တာပဲ"

"ထိုးမုန့်ဆိုင်တွေ ရှိတယ်"

"ဟုတ်တယ်"

"ဆေးရုံအကြီးကြီးရှိတယ်"

"ရှိတာပေါ့…"

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကလေးတွေ တစ်ယောက်တစ်ပေါက် ပြောကြတာနှင့်ပင် မန္တလေး ရုပ်လုံး ပေါ်လာခဲ့ပါ၏။ နန်းတော်ကို မြင်သူက မြင်ပြီး ခတ်မီးတိုင်ကို မြင်သူက မြင်သည်။ တိုက်ကြီးတာကြီးတွေကို သတိထားမိသူရှိသလို၊ ထိုးမုန့်ဆိုင်တွေကို အမှတ် ထင်ထင်ရှိသူလည်း ပါပါ၏။ သူတို့စိတ်ထဲ စွဲမိရာရာကလေးတွေက စိတ်ဝင်စား စရာ ကောင်းသည်။ ဘုန်းကြီးကျောင်းကြီးတွေရှိတယ်လို့ ပြောကြသကဲ့သို့ ရုပ်ရှင် ရုံတွေ ရှိတယ်ဆိုသူက ဆို၏။ တချို့က ကုန်စိမ်းဈေး ရှိသတဲ့။ အမေ့နေအိမ် တကောက်ကောက်လိုက်ရင်း ရောက်ရသည့်နေရာ ဖြစ်လိမ့်မည်။ အဖေ့ခါးကိုဆွဲရင်း ရောက်ရသည့်နေရာတွေ ဖြစ်လိမ့်မည်။ သည်အထဲကမှ ဆေးရုံအကြီးကြီးရှိတယ် ဆိုသူကလေးကို မပုန်းရည် သတိထားမိသည်။ သူတကာနှင့် မတူသူကလေးပါလား။ သည်ကလေးက ဘာဖြစ်လို့ ဆေးရုံကိုမှ စွဲလမ်းနေရတာလဲ။

"လုံးပုက မင်းတို့မြင်တာနဲ့ မတူဘူး တွေ့လား…မန္တလေးမှာ ဆေးရုံအကြီး ကြီးရှိတယ်တဲ့…ဟုတ်တာပေါ့…ကဲ လုံးပု…ထစမ်းပါဦး…ဆရာမကို ပြောပြပါဦး…"

လုံးပုက လက်ကလေးပိုက်ရင်း မတ်တတ်ရပ်သည်။ ဘာမှတော့ မပြော။ လုံးပု မတ်တတ်ရပ်တော့ တစ်ယောက်တစ်ပေါက် ဆူညံနေသောအသံတွေလည်း တိတ်ဆိတ်သွားသည်။ လုံးပုက ခေါင်းကို ငုံ့ထားပြီး မျက်လုံးကလေးတွေသာ လှန်ထားသည်။ ဘယ်ကစ,ပြောရမှန်းမသိလေရော့သလား။ မပုန်းရည်က မေးခွန်းနှင့် လှုပ်ရတော့သည်။

"ကဲ ပြောပါဦး…လုံးပုက မန္တလေးကို ဘယ်နှခေါက် ရောက်ဖူးတာလဲ"

"တစ်ခေါက်…"

"တစ်ခေါက်ထဲရောက်တာတောင် ဆေးရုံကြီး မြင်ခဲ့တာပေါ့…ဘယ်လို မြင်ခဲ့တာလဲ…သူငယ်ချင်းတွေကို ပြောပြလိုက်…"

"အဖေသေကာနီးလို့ အမေက ခေါ်သွားတာ…"

"အို…"

လုံးပု ခေါင်းကလေးကို မပုန်းရည် ပွတ်လိုက်သည်။ လုံးပု၏ မပြောချင်သည့် စကားကို ပြောလိုက်ရလေခြင်းဆိုသည့် မျက်နှာကလေးကို မပုန်းရည် ဖတ်လိုက်မိခြင်း ကြောင့်ဖြစ်၏။ အဖေသေကာနီးလို့ လိုက်သွားရတာတဲ့လား။ မန္တလေးဆေးရုံကြီးမှာ ခက်ခဲရောက်နေသည့် ဖခင်။ ရောဂါသည်းလာသည့်ရက်မှာတော့ မိခင်က လုံးပုကို ခေါ်လာခဲ့ရဟန်တူသည်။ ထိုအခေါက်သည်ပင် လုံးပု၏ ပထမဆုံး မန္တလေးနှင့်



နောက်ဆုံးမန္တလေး ဖြစ်ပုံရသည်။ ဖခင်ကို နောက်ဆုံး မြင်လိုက်ရသည့်နေ့လည်း ဖြစ်လိမ့်မည်။ မပုန်းရည် စိတ်ထိခိုက်သွားရပါ၏။ လုံးပုကို ထိုင်ခိုင်းလိုက်ရသည်။ မပုန်းရည် စကားလမ်းကြောင်းပြောင်းရလေပြီ။

"မန္တလေးမှာ မင်းတို့ မြင်ခဲ့တာတွေ အားလုံးမှန်တယ်…ဆရာမတောင် မန္တလေးကို ကောင်းကောင်းမရောက်ဖူးသေးဘူး…ဆရာမ နတ်ရေကန်ကို လာရတော့ မန္တလေးမှာ ညအိပ်ရတယ်…မန္တလေးမှာ လျှောက်မလည်ခဲ့ရ ဘူး…မန္တလေးမြို့က အရင်တုန်းက မင်းနေပြည်တော်ပေါ့…မင်းနေပြည်တော် ဆိုတာ သိကြလား…"

"ဘုရင်တွေ နေတာ ဆရာမ…"

တစ်ယောက်က ထ,ပြောသည်။ မပုန်းရည်က အံ့ဩဟန်ပြရသည်။

"မှန်တာပေါ့…ဘုရင်တွေ နေထိုင်တဲ့မြို့ကြီးပေါ့…မင်းတုန်းမင်းလို့ခေါ်တဲ့ ဘုရင်ကြီးက မြို့ကြီးကို တည်တယ်…နန်းတော်ကြီးကို ဆောက်တယ်… လူတွေနေဖို့ အိမ်တွေ လမ်းတွေ ရေတွင်းရေကန်တွေ ဖောက်လုပ်ပေး တယ်…မှူးမတ်တွေ, မိဖုရားတွေ, ရဲမက်တွေ နေရမယ့်အဆောင်တွေ ဆောက်ထားတယ်…ဘုရင်က နန်းတော်ကြီးထဲမှာ နေတာပေါ့…နန်းမြို့ရိုး ကြီး မင်းတို့တွေ့မှာပေါ့…အုတ်ရိုးနီနီကြီးလေ…"

"တွေ့တယ်ဆရာမ…အဲဒါ နန်းတော်ကြီးလား…"

"မြို့ရိုးကြီးပေါ့…အထဲမှာ နန်းတော်ကြီး ရှိတယ်…မင်းတုန်းမင်းကြီး နတ်ရွာစံတော့…နတ်ရွာစံတယ်ဆိုတာ ဘာလဲ သိကြလား…"

"ဘုရင်ကြီး သေတာ…"

"အေးပေါ့…မင်းတုန်းမင်းကြီး သေတော့ သားတော် သီပေါမင်း နန်းတက် တယ်…သီပေါမင်း…"

မပုန်းရည် စကားမဆုံးခင်မှာ ထ,မေးသူက လုံးပု။ မျက်လုံးကလေးတွေ အဝိုင်းသားဖြင့် နားထောင်နေရာက ရုတ်တရက် ထ,မေးလိုက်ခြင်းဖြစ်သည်။ မပုန်းရည် သင်ပေးထားသည့် မေးခွန်း။ မပုန်းရည်၏ရင်ကို နင့်နင့်ကြီး စူးသွားစေခဲ့သော မေးခွန်း။

"ဆရာမ…မင်းတုန်းမင်းကြီးက မန္တလေးဆေးရုံကြီးမှာ သေတာလား…"

သည်ကနေ့တော့ မပုန်းရည်၏ Creative သည် Poetic ဖြစ်ရတော့ပြီ။

မပုန်းရည်ကိုယ်တိုင် ကလေးတွေဆီက သင်ယူစရာတွေ ရှိနေပါလားလို့ တွေးနေခဲ့မိသည်။ ရှဉ့်ကလေးတွေ…။ တချို့ရှဉ့်ကလေးတွေကတော့ သစ်ခေါင်းထဲက

www.burmeseclassic.com

www.burmeseclassic.com



ထွက်နိုင်ကြ၊ ဒါန်းမလွဲနိုင်ကြ၊ ယီးလေးမခိုနိုင်ကြ။ တချို့ရှဥ်ညိုကလေးတွေက ရှဥ်ညိုးကလေးတွေ ...။

၅

'မောင်လေးရေ ထပါတော့
ရောင်နီ လာလှပြီ ...။
တစ်ကျော့ နှစ်ကျော့ တေးကိုသီ
ငှက်ကျား နှုတ်ပလီ ...။
တောင်ဆီနားက ခရေပန်း
ပင်အောက်ကြွင်လို့လန်း ...'

မနက်စောစောထကာ ပြတင်းမှ လှမ်းကြည့်လျှင် လယ်တောပြန့်ကြီးကို မပုန်းရည် မြင်နေရသည်။ လယ်ကွင်းတွေ ရွှေဝါခြောက်ရောင် သမ်းကြပြီ။ ကောက်သစ်ဦးနံ့တွေလည်း ထုံကြပြီ။ ရွှလေရာ မျှော်လေတိုင်း ဆောင်းနှင်းမြူတွေ ဝေကြပြီ။ နွေဦးရာသီ၏ အခိုးမှုန်မှုန်ကို မြင်ရပါ၏။ ကျေးတောရွာတွေမှာ သည်ရာသီ အလှဆုံးထင်ပါ၏။ ရွာရက်ကန်းစင်ကလေးတွေဆီက တချွင်ချွင် ရက်ကန်းခြုံသံတွေ လည်း သာယာလှသည်။ ရက်ကန်းစင်ကလေးတွေ မတိမ်ကောကြသေးလို့ တော်ပါ သေးရဲ့ အောက်မေ့ရပါ၏။

'ဖျိုရက်တဲ့ နှစ်ခင်မိုး
ရစ်တံက တိုး
ရွှေလိပ်ပြာ နှစ်ကောင်ဆိုင်တဲ့
လွန်းပြိုင်လို့ထိုး ...'

ရက်ကန်းတေးတစ်ပုဒ်ကို မပုန်းရည်စိတ်ထဲက ရွတ်နေမိသည်။ သည်လို နွေဦးရောက်ကြပြီဆိုလျှင် လုပ်ငန်းတွေ တစ်ခဏနားကြသည်။ လှူပွဲတန်းပွဲတွေ ကျင်းပကြတော့မည်။ ရွာထဲမှာ ကောက်လှိုင်းပုံကြီးတွေ ဟီးဟီးထလို့နေပါပြီ။ တချို့က အိမ်ရှေ့ ကွက်လပ်ကျယ်မှာ တလင်းဖြန့်ကာ နယ်ခြင်း လှေ့ခြင်း ပြုကြသကဲ့သို့ တလင်းမကျယ်သူတွေကတော့ ရွာခရိုးစပ်၊ လယ်တောစပ်တွေမှာ အခင်းသန့်ကာ ကောက်ရိုးတွေ ပုံကြသည်။

လယ်တွေ ရိတ်သိမ်းပြီးကြပြီဆိုသော်လည်း မကြာခင်ကို မနားကြရသေးပါ။ ပေါ်းတွေ ပုတ်ထဲ ကျီထဲ ရောက်ပါမှ စိတ်ချရမှာ မဟုတ်လား။ တစ်ရာသီနှင့် တစ်ရာသီကြား ခဏကလေး နားရတာကို နားရလေခြင်းလို့ အမည်တပ်ကြသော်လည်း



အကယ်တမ်း တောရွာအလုပ်တွေက ပြီးသည်လို့မရှိ။ ကိုယ့်ကိစ္စကလေး ငြိမ်းပြီဆိုဦး တော့ သူတစ်ပါးကိစ္စတွေမှာ ကူရပြုရသေးသည်။ တန်ခူး၊ ကဆုန် မိုးတွေလာတော့ ည်။ အိမ်ကလေးတွေ တော်တော်များများ သက်ကယ်သစ် မိုးကြပြီ။ ဘူးစင်၊ ပဲစင် ကလေးတွေ ထိုးကြပြီ။ နွားတင်းကုပ်၊ နွားစားကျင်းတွေလည်း မိုးရ ကာရသည်။ သည်ကြားထဲ ကောက်သစ် ပေါ်ဦးပေါ်ဖျား ရွာမုန့်တွေလုပ်ကာ ပုန်းမကြည်နတ် စင်ကြ၊ ဝေကြငှကြ၊ လှူကြတန်းကြသည်။ ရွာရေတွင်းတွေမှာ တွင်းကြေးဆယ်ကြ သည်။ ရွာလမ်းတစ်လျှောက် ကျင်းချိုင့်တွေ ဖို့ကြသည်။ ရွာတံတားအို တံတား ဟောင်းတွေ ပိုးတန်တာပိုး၊ လဲတန်တာလဲ။

သည်ကနေ့တော့ ကျောင်းပိတ်ရက်လည်းဖြစ်ပြန်၊ စိတ်အားလူအားကလေး သည်း ရှိပြန်ဆိုတော့ ရွာအထင်ကရ ရေကန်ဖြစ်သော နတ်ရေကန်ဘက် သွားမည် စိတ်ကူးထားပါ၏။ မနက်စောစောက ကိုကြာခွက်၏ဇနီး မပတေးက မုန့်တွေ ပို့ထား သည်။ ကိုကြာရိုးတို့ မဝဲစိန်တို့အိမ်က မုန့်ကြက်အူ။ ဘိုးကြီးတို့အိမ်က ကြာငုံ နှင့် ပိုနိုင်းလိုက်သော မုန့်ဆီကြော်တွေကလည်း တစ်ပတ်စားလို့ မကုန်နိုင်။ ကြာငုံက ကိုကြာရိုး၏ သမီးဖြစ်၍ ပထမတန်း ကျောင်းသူကလေးဖြစ်၏။

"ကြာငုံ ဘိုးကြီးတို့အိမ်မှာ နေတာလား ..."

"ကျောင်းပိတ်ရက်ဆို လာနေတယ်ဆရာမ ... ကြာမုံရော ပါတယ် ..."

"ကြာမုံကို ခေါ်လာရောပေါ့ ..."

"သူက ဆရာမဆိုရင် ကြောက်တယ်ဆရာမ ..."

"ဘာကိုကြောက်တာလဲ ..."

"ဆေးထိုးမှာ စိုးလို့တဲ့ ..."

ကြာငုံတို့မောင်နှမသုံးယောက်ရှိတာကို မပုန်းရည် မှတ်မိနေပြီ။ ကြာငုံ၊ ကြာမုံ၊ ကြာယပ်။ ကြာယပ်က အထွေးဆုံးယောကျ်ားကလေး။ ကြာယပ်ဆိုသည့် အတိုင်း ဘုန်းကြီးယပ်တောင်လို မျက်နှာနှင့်ဖြစ်၏။ မပုန်းရည်ပင် သူ့အမေ မဝဲစိန်နှင့် ပါလာလို့ တစ်ခါလား၊ နှစ်ခါလား မြင်ဖူးခဲ့ခြင်းဖြစ်သည်။ မပုန်းရည်က မုန့်ဆီကြော် တစ်ယောက်ကို ခေါက်လိုက်ပြီး အထပ်လိုက် ကိုက်စားလိုက်သည်။ နှမ်းစေ့ကလေးတွေ 'ခြောက်'ထားသဖြင့် စားလို့ကောင်းလှပါ၏။

"မုန့်ဆီကြော်က ဘယ်သူကြော်တာလဲ ..."

"လေးလေးကြော်တာ ... လေးလေးက မုန့်ဖောက်တာ ကောင်းတယ် ဆရာမရဲ့ ..."

www.burmeseclassic.com

www.burmeseclassic.com



"မုန့်ဖောက်တယ်ဆိုတာ ဘာလဲ ကြာငုံ..."

"မုန့်မကြော်ခင် မုန့်နှစ်ကို ဖောက်ရတာ ဆရာမ"

ကြာငုံ ပြန်သွားတော့ မပုန်းရည် အဝတ်အစားလဲသည်။ နတ်ရေကန်ကို သွားရမှာဆိုတော့ ကြာဖြူတို့တစ်တွေနှင့်ချည်း မဖြစ်တော့။ ကြီးကြီးမားမား အဖော် တစ်ယောက်လောက်တော့ လိုဦးမည်။ ဘယ်သူနဲ့များ သွားရပါ့။ ရွာအပျိုကြီးတွေ ထဲက အရင်စဉ်းစားရပါ၏။ မပုစွန်ရှိသည်။ မချောညီရှိသည်။ မလည်ရစ်၊ မအုချာ၊ မကေး...။ သူတို့ကကော အားကြရဲ့လားမသိ။ တစ်ယောက်မအား တစ်ယောက်အား တော့ ရှိပါလိမ့်မည်။ မပုန်းရည် အိမ်ပေါ်က ဆင်းဖို့ပြင်တော့ အောက်က ခေါ်သံကြားရ သည်။ မပုန်းရည် ထွက်ကြည့်သည်။

"မပုန်းရည်ရေ..."

မမစိန်။ မုန့်လာပို့တာပဲ ဖြစ်လိမ့်မည်။ မမစိန်ယောကျ်ားက နတ်ရေကန် ရွာသားဖြစ်သည်။ ပညာတတ်တစ်ယောက် ဆိုသော်လည်း လယ်သမားကြီးတစ်ယောက် နှင့် မခြားရှိသူဖြစ်၏။ နာမည်က ကိုခင်မောင်သိန်း ဆိုပေသိ ရွာက ငယ်နာမည် ကိုပေါက်တူးလို့သာ ခေါ်ကြသည်။ ကိုခင်မောင်သိန်းကို ကိုပေါက်တူး ခေါ်ကြတာ မပုန်းရည် မသိ။ မမစိန်ကပင် ကိုပေါက်တူး ခေါ်တာမဟုတ်လား။ ကိုပေါက်တူးတော့ မဟုတ်။ ကိုတူးတဲ့...။ မမစိန် အိမ်ပေါ်တက်လာပြီး မုန့်တွေ ထည့်သိုပေးသည်။ မပုန်းရည်က နတ်ရေကန်ဘက် သွားမှာဆိုတော့ မလိုက်အားသေးကြောင်း တောင်းပန် သည်။

"ရပါတယ် မမစိန်ရယ်...ကျွန်မက အချိန်ရယ် အခါရယ် ရှိမှာမဟုတ် ဘူး...ကြာချင်ကြာမှာ...နေဦး မမစိန်ရဲ့...အပျိုကြီးတွေထဲက ဘယ်သူ အားလဲ မသိဘူး...ခေါ်သွားချင်လို့..."

"မကေးရှိပါ့ မပုန်းရည်ရယ်...ခုတောင် သီချင်းတအေးအေးနဲ့ ကြားခဲ့ သေး...လာလေ သွားရအောင်..."

မမစိန်နှင့် နှစ်ယောက်သား ဆင်းခဲ့ကြသည်။ လက်ထဲမှာ မုန့်ဆီကြော် ထည့်ထားသော တစ်လုံးချိုင့်ကလေးနှင့်။

နတ်ရေကန်ဘက်ကို လာကြတော့ မကေး ပါလာခဲ့ပြီ။ မကေးမှာ ရွာအပျို ကြီးတွေထဲက တစ်ယောက်ပင်။ သဘောမနောကောင်းသူ ဖြစ်သည်။ လယ်ချောင်း အတန်အသင့်ပိုင်သဖြင့် ပြေးပြေးလွှားလွှား လုပ်စားရတာမျိုး မရှိ။ အစ်ကို လူပျိုကြီး နှင့် မိခင်အိုကြီးသာရှိ၍ အစ်ကိုကြီးက ကိုယ်တိုင် လယ်ဆင်းသူဖြစ်သည်။ မကေးက



သီချင်းအဆိုကောင်း။ ရွာသီချင်း၊ ရွာကဗျာတွေ ရသူဖြစ်၏။ အသားညိုညို ပိန်ပိန် ပါးပါး။

"နွေမှာဗျာ ကျွန်တော်ရ x x မိုးဦးကျ သူများလယ် x x
ကျွဲပျောက်လို့ နွားရှာတယ် x x ဆင်ခြေရာ သည်မှာတွေ့ x x
မမေ့ပါနဲ့ ကျုပ်ရည်းစားရယ် x x အလိုရှင် x x ပေးပါ့ ကျုပ်မြင်း x x"

မကေး ဆိုပြတတ်သော ဗုံထောက်သံဖြစ်သည်။ ဆိုပြရင်း သူ့ဟာသူလည်း ရယ်နေတတ်သည်။ တစ်ခါတစ်ရံ မပုန်းရည်ရှိရာ အိမ်ကြီးကို ရောက်လာတတ်သည်။ မပုန်းရည်ထက် အသက်နှစ်ဆယ်လောက်ကြီးသည့် အပျိုကြီးဆိုတော့ မပုန်းရည်က အိမ်ထောင်မပြုတော့ဘူးလား မေးလျှင် သည်ဗုံထောက်သံကို ဆိုပြမြဲဖြစ်၏။

"ပျောက်တာက ကျွဲ...တွေ့တာက ဆင်ခြေရာ...ရှာတာက နွား... ပြန်တောင်းတော့ မြင်း...သည်လောက်လွဲမှတော့ ဘယ့်နှယ်လုပ် လင်ရ မှာတုံး ဆရာမရဲ့..."

မပုန်းရည်နှင့် မကေးတို့ နတ်ရေကန်ကိုအသွားမှာ လယ်ကွင်းတွေကို ဖြတ်ရ သည်။ လယ်ကွင်းတွေထဲမှာ စေတီကလေးနှင့် ကြာကန်ကြီး ရှိနေခြင်းဖြစ်သည်။ စေတီကလေးနှင့် ကြာကန်က ဝေးတော့ဝေးသည်။ ရေကန်ကို ကျော်တော့ မီးရထား လမ်း။ မီးရထားလမ်းတစ်ဖက်မှာ ရွာတွေ။ အရိပ်ရယ်လို့ မရှိတော့ ခေါတော့ အောသား...။ လယ်ကွင်းတွေကြား ကျိုးကျိုးကျဲကျဲ ပေါက်နေသည့် ပေါက်ပင်ကြီး တွေတော့ရှိပါ၏။ ရေကန်ဆီသွားသည့်လမ်းနှင့် မသင့်တော့ နေပူပူထဲမှာ ဖြတ်ရတော့ သည်။ ပေါက်ပင်တွေက ရဲရဲမောင်းမောင်း ပွင့်နေကြပြီ။ ပေါက်ပွင့်ရောင်ကို မပုန်းရည် ကြိုက်သည်။ မကေးက ပေါက်ပင် လေး,ငါး,ခြောက်ပင်ထဲက အဝေးဆုံးအပင်ကို ညွှန်ပြသည်။ ထိုပေါက်ပင်မှာ ပေါက်ပင်သရဲ ရှိသည်တဲ့။ နွားကျောင်းသားများပင် အိပ်ရကြဆိုတာလည်း ပါသေးသည်။ ကျန်တဲ့အပင်တွေမှာ သရဲမရှိဘဲ ထိုအပင်ကျမှ ဘယ်လိုကြောင့် သရဲရှိရတာလဲ။ မပုန်းရည်မေးတော့ မကေးက ဝေဝေဝါးဝါး။

"ပြောကြတာပါပဲ ဆရာမရယ်...ဟုတ်လေသလား...မဟုတ်လေသလား မပြောတတ်ပါဘူး...အဲသည်နားက လယ်တွေက ဘိုးကြီးတို့လယ်တွေ လေ...ကြာစွယ်ကတော့ ပေါက်ပင်အောက် အိပ်တာပဲ...သရဲခြောက်လို့ လည်း ခြောက်မှန်းသိမယ့်ဟာမှမဟုတ်တာ..."

"ကိုကြာစွယ်က ရိုးလိုက် အေးလိုက်တာ မကေးရယ်...ကျွန်မတော့ စကား ပြောတာတောင် တစ်ဖက်လှည့်နေတာ..."

www.burmeseclassic.com



"ဟုတ်တယ် ဆရာမရဲ့...တစ်ခါ ကျွန်မက ကြာစွယ်ရယ် ငါ့ယူပါလား... ငါလုပ်ကျွေးပါ့မယ်လို့ စ,တာ...ဘာပြောတယ်မှတ်တုံး..."

"ဘာတဲ့လဲ..."

"ခင်ဗျားယူရင် ကျုပ် စောစောစီးစီး မုဆိုးဖိုဖြစ်ရုံပေါ့ဗျာတဲ့..."

မပုန်းရည်တို့ ခရီးတော့ မဖင့်ပါ။ လယ်တွေက ရိတ်သိမ်းပြီးစ ဆိုတော့ တချို့အခင်းတွေမှာ ရိုးပြတ်ငုတ်တိုတွေလောက်သာ ရှိကြသည်။ တချို့လယ်တွေမှာ မရှိ။ လယ်တွေထဲက ဖြတ်လျှောက်ရတာဆိုတော့ ခရီးတွင်သည်။ သိပ်မကြာလိုက် ပါ။ နတ်ရေကန်စပ်ကို နီးလာခဲ့ကြပြီ။ မပုန်းရည်တို့ ခပ်သွက်သွက် လျှောက်လာခဲ့ ကြသည်။ နတ်ရေကန်ကို ရောက်ရတော့မည်။ သည်ရွာကလေးကို ရောက်ရှိ ဆိုကတည်းက ရောက်ချင်ခဲ့သည့်နေရာ။ ခုမှပဲ ရောက်ရတော့သည်။ မြင်ရသလောက် လူသူလေးပါး မရှိ။ မြင်ကွင်းတစ်ခုလုံး ငြိမ်သက်နေပါ၏။ ရေကန်တစ်ဖက် ခပ်ဝေး ဝေးက မီးရထားလမ်းပေါ်မှာ ကျွဲတစ်ကောင်ကလွဲ၍ အခြားမရှိ။

ကွင်းကျယ်ကြီးထဲမှာ မိန်းမသားနှစ်ယောက်။ နွေနံ့ကလေး တသင်းသင်း မြင်ကွင်း ဝါညိုညို တပြန့်ကြီးထဲမှာ ပေါက်ပွင့်ရဲရဲကလေးတွေ စွက်လို့...။

ထိုစဉ်မှာပင် ကန်စပ် ပေါက်ပင်နှစ်ပင်ကြားမှ လှုပ်ရှားသွားသော အရာ တစ်ခုကို ရိပ်ခနဲ မြင်လိုက်ရသည်ဖြစ်၍ မပုန်းရည်တစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွား ခဲ့ရလေသည်။

(၇)

ရေကန်စပ်က တက်လာသူက မိန်းမသားနှစ်ယောက်နှင့် ပက်ပင်းတိုးလိမ့်မည် [illegible]တော့ မြင်လိုက်သည်နှင့် ဆတ်ခနဲ လန့်သွားလေသည်။ မပုန်းရည်ကလည်း [illegible]ရေကန်စပ်က လူယောက်ျားတစ်ယောက် တက်လာလိမ့်မည်မထင်။

"လန့်လိုက်တာ ကြာစွယ်ရယ်...နင် ဘာလုပ်နေတာတုံး...မဟုတ်မှ လွဲရော...ကောင်မလေးတစ်ယောက်နဲ့ ချိန်းတွေ့တာနေမှာ..."

မကေးက အော်တော့ ကိုကြာစွယ်က သူ့မိုးလူမိသည့်မျက်နှာဖြင့် ထူထူပူပူ [illegible]သည်။ မပုန်းရည်ကိုတွေ့တော့ ပိုဆိုးလေပြီ။ မျက်နှာပြားပြားကြီးကို အစ်ထား [illegible]င်းက ခပ်တည်တည်ကြီး လုပ်နေတာကိုက ဣန္ဒြေပျက်နေတာမျိုး မဟုတ် [illegible] သူ့မှာ ရေစိုထားတာမရှိတော့ ရေကန်ထဲ မဆင်းတာတော့ သေချာသည်။ [illegible] ဘာလုပ်နေတာလဲ။ တစ်ညက မကြာဉပြောခဲ့သည့်စကား ခေါင်းထဲရောက် [illegible]သည်။ ကျွန်မတို့မိသားစုနဲ့ နတ်ရေကန်ကြီး ဆက်စပ်တာတော့ရှိတယ် ဆရာမ [illegible] စကားဖြစ်၏။ ဘယ်လို ဆက်စပ်တာလဲဆိုတာ မကြာဉကလည်း မပြောခဲ့ပါ။ [illegible]ည်က ကိုကြာစွယ် ရင်မှချောင်စေတော့ဆိုသည့် သဘောဖြင့် နှုတ်ဆက်လိုက် [illegible]

"ကိုကြာစွယ်...ကျွန်မတို့ကို ကြာပန်းခူးပေးစမ်းပါရှင့်...ကျွန်မတို့ ကြာပန်း လာခူးကြတာ...အတော်ပဲ...ကိုကြာစွယ်ပဲ ခူးပေးတော့..."

www.burmeseclassic.com

www.burmeseclassic.com



ကိုကြာစွယ်က သည်ကျောင်းဆရာမ လက်ရဲဇက်ရဲနိုင်လှချည်းလားဆိုသည့် မျက်နှာဖြင့် မော့ကြည့်သည်။ နတ်ရေကန် ဘာများမှတ်လို့လဲ ကြာပန်းခူး...ကြာပန်းခူး နဲ့ လွယ်မှတ်လို့လား ဆိုသည့်အကြည့်မှန်း မပုန်းရည် သိပါ၏။ ကိုကြာစွယ်က နတ်ရေကန်ကြီးဘက်ကိုလှည့်ကြည့်သည်။ ကြာပန်းတွေက ဝေါက်ဝေါက်လန်းလန်း ဖူးတံတွေရှိတာက ချိုကြလို့၊ ငုံတာတွေက ငုံကြလို့၊ ပွင့်တာတွေက ပွင့်ကြလို့ အာပြဲ [illegible] ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ကြာဖြ အရောင်ကို စုံလို့။ ကြာရေမ်းတွေကတော့ ကန်လယ်စုစုမှာ။

“ကြာရေမ်းတွေ [illegible] ခက်တယ်...ကျုပ်ခူးခဲ့ပါမယ်...ဘယ်တော့ လိုချင်တာတုံး”

သည်လိုဆိုတော့လည်း စကားပြောသား။ မပုန်းရည်က ကန်လယ်ကို လှမ်းကြည့်သည်။

“ကိုကြာစွယ်ကို ကျွန်မက ကြာရေမ်းတွေ ခူးပေးပါလို့ မပြောရသေးပါလား...ကျွန်မ ကြာရေမ်းတွေကြိုက်တယ်လို့ ဘယ်သူက ပြောသလဲ”

မပုန်းရည်က အလစ်ဝင်ဖမ်းလိုက်သလိုဆိုတော့ ကိုကြာစွယ် မျက်နှာပြာပြာကြီးမှာ ရှက်သွေးများဖြင့် ညိုညစ်ထွေးလာလေသည်။ အိုးတို့အမ်းတမ်းဖြင့် မျက်နှာ တစ်ချက် ကွက်ခနဲ ပျက်သွားပြီး အသံပြာအက်အက်ကြီးဖြင့် နင်းကျိုးနင်းကျ ပြန်ပြောတော့၏။

“ကြိုက်လေသလားလို့ပေါ့ဗျာ...မကြိုက်လည်း ပြီးတာပဲ...”

“သြော်...ကြာရေမ်းကို ကျွန်မသိပ်ကြိုက်တာပေါ့ ကိုကြာစွယ်ရဲ့...လိုချင်တာတော့ အခုပေါ့...ကျွန်မနဲ့မကေး ကြာပန်းလာခူးကြတာပါဆိုနေမှ

“မခူးကြပါနဲ့ဗျာ...ဒုက္ခရောက်ကုန်လိမ့်မယ်...နတ်ရေကန်က သူစိမ်းဆိုရင် လူစားတယ်...”

ကိုကြာစွယ်က မကေးဘက်ကိုလှည့်ကာ ခင်ဗျားက ရွာသူလုပ်နေပြီး မပြောဘူးလားဆိုသည့် အကြည့်ဖြင့် ကြည့်သည်။ ပြီးတော့ ဘာမှမပြောဘဲ နှစ်ယောက်ကြားက တိုးထွက်သွားတော့သည်။

“ဟဲ့ ကြာစွယ်...ဆရာမက ကြာပန်း အခုလိုချင်တာပါဆိုနေတာကို...”

“ကျုပ်...အခု မအားဘူး”

အသံပြတ်ဖြင့် လှမ်းအော်ကာ နောက်ကို လှည့်ကြည့် လှည့်ကြည့်ဖြင့် သွားနေခြင်းဖြစ်၏။ ဆရာမနဲ့ မကေး ရေကန်ထဲများ ဆင်းကြရောလား...။ သွားသား



ရတာ စိတ်ဖြောင့်ပုံမရ။ မကေးကတော့ ကိုကြာစွယ့်အဖြစ်ကိုကြည့်ကာ နား ည်နိုင်လောက်အောင် ရှိရသည်။ နတ်ရေကန်နား ဘာလာလုပ်တာပါလိမ့်ဆိုသည့် စိတ်ကလေး မကေးမှာ ရှိနေတာကို မပုန်းရည် ရိပ်မိသည်။ မပုန်းရည်က ချင်တာ မေးလေသည်။

“သူစိမ်းဆိုရင် လူစားတယ်ဆိုတာ...ရေနစ်တယ်လို့ ပြောတာပေါ့...ဟုတ်လား မကေး”

“ဟုတ်တယ်ဆရာမ...ရေကန်က နက်တော့ အတော်မသင့်လို့ ရေနစ်ကြသူတွေ ရှိဖူးတယ်...ထူးဆန်းတာက ကြာစွယ်ပြောသလို သူစိမ်းတွေချည်း ဖြစ်နေတာဆရာမရဲ့...”

“အို...”

ဒါဆိုရင် မပုန်းရည်လည်း သူစိမ်းပေါ့။ နတ်ရေကန်ရွာသူ မဟုတ်ရင် ခုနစ်ချောင်းပေါက်တာပဲမဟုတ်လား။ မကေး ပြောပြသည့်ဇာတ်လမ်းတွေကလည်း န်သည်။ သိပ်များများကြီး ပြောတာတော့မဟုတ်။ နတ်ရေကန် လူစားတော့ တွေမှာ ညဘက် ကန်အော်သံတွေ ကြားရသည်ဆို၏။ ကန်အော်သံဆိုတာ ဆိုတော့ ကန်ညည်းသံကြီး ကြားရတာပေါ့ ဆရာမရဲ့ဟု ဆိုပြန်ပါသည်။ ရေကန် ကန်စပ်မှာ နတ်ရေကန်လူစားသည့်အကြောင်း ပြောရတာ ကျောချမ်း ။ မပုန်းရည်က လူစားသည်ဆိုသော ရေကန်ကြီးကိုကြည့်ရင်း ဟုတ်မဟုတ် တွေးနေမိသည်။ ကန်ပြင်ကြီးက ကျယ်ဝန်းလွန်းလှပါ၏။ ရေက နွေနွေ ရာသီတစ်ပတ်လုံး မခန်းမခြောက် ရှိနေတာဆိုတော့ ကန်ထဲမှာ စိမ့်တွင်းတွေ ကသည်။

သို့သော် ရေတွေ လှိုင်းထက်လာတာမျိုးလည်း မရှိဆိုတော့ စဉ်းစားရခက် ။ ကန်ထဲမှာ ကြာရွက်တွေ ပိန်းပိန်းကြီးပိတ်နေသည်။ ကြာရွက်ကြီးတွေက ကြီးတွေ။ တစ်ရွက်တစ်ရွက် လင်ပန်းလတ်လတ် တစ်ချပ်စာလောက်ပင် ရှိ သည်။ ကြာတွေကတော့ကော။ အရောင်တွေ စုံလှပါ၏။ ကတ္တီပါအစိမ်းစပေါ်မှာ ကြယ်တွေ ကြဲပက်ထားသလို။ ကန်ရေပြင်ကြည်ကြည်မှာ ကြာရိုးကလေးတွေ နေပုံ တသန်းသန်းကိုပင် မြင်တွေ့နေရသည်။ ကွင်းလေ အေးအေး၊ မြင်ကွင်း ကျယ်။ သည်အရသာကို မပုန်းရည် သဘောကျမိသည်။ ကျောင်းပိတ်ရက် ရက်မှာ ကလေးတွေကိုခေါ်ပြီး အပန်းဖြေထွက်ဖို့ စိတ်ကူးလိုက်သည်။

မပုန်းရည်က ကန်ကြီးကို တစ်ပတ်ပတ်ကြည့်ဖို့ စဉ်းစားသော်လည်း တစ်ပတ် ဖို့ မလွယ်လှပါ။ မကေးက ပြန်ချင်နေပုံရသည်။ တစ်ခုကိုလည်း ကြောက်နေ

www.burmeseclassic.com



သည့်ပုံ ပေါ်သည်။ မပုန်းရည်က နေချင်သေးသော်လည်း ပြန်မှကောင်းတော့မည် မပုန်းရည်က မရှင်းတာလေးတော့ မေးဖြစ်အောင်မေးလိုက်မိသည်။

"ကျွန်မသိချင်တာ ကိုကြာစွယ် ဘာလာလုပ်သလဲ ဆိုတာပါ...မကေး သိသလား..."

"မကြာဥ မပြောဖူးဘူးလား ဆရာမ..."

"မပြောဖူးဘူး မကေးရဲ့..."

"မေးကြည့်ပါလား...ဆရာမတော့ ပြောမှာပါ"

မကေးက ဒါပဲပြောသည်။ မပုန်းရည် ဆက်မေးလို့ မကောင်းနိုင်ပါ ဆရာမတော့ ပြောမှာပါဆိုတော့ ပြောစရာအကြောင်းရှိလို့ပေါ့။ မကြာဥကလည်း စကားခံထားဖူးသည်။ ဒါဆိုရင် မကြာဥမှာ ပြောစရာရှိမှာ သေချာသည်။ ကန်စပ် ကြာပန်းတွေကို မီသလောက် ဆွဲရူးပြီး မပုန်းရည်တို့ ရေကန်ကြီးက ပြန်ထွ လာခဲ့ကြသည်။ ကန်ထဲက ကြာပန်းတွေက ကွင်းလေကြောင့် တနဲ့နဲ့။

□

လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်ဆိုသော ကာလအလျားသည် ကြာလှ လှပြီ မဆိုသာသော်လည်း သည်ရွာကလေးအဖို့ရာတော့ ကြာမြင့်လွန်းလှသည့် နှစ်မျာ ဝင်။ နှစ်ပေါင်းကိုးဆယ် တစ်ရာအတွင်း အခြားအရပ်ဒေသများတွင် ထူးထူးခြားခြ ပြောင်းလဲမှုတွေ ရှိခဲ့သည်ဆိုသော်လည်း သည်ရွာကလေးမှာတော့ အပြောင်းအ နှေးကွေးလွန်းလှပါ၏။ သည်ရွာဘေးပတ်ဝန်းကျင်တွင် စပါးခင်းများ ဝန်းရံနေသည် ကလွဲ၍ အခြား ဘာမှမရှိ။ ထိုစပါးခင်းကြီး အလယ်လောက်တွင် သဘာဝအလျော ဖြစ်နေသော ရေကန်ကြီးတစ်ကန်ရှိသည်မှအပ အခြားပြောလောက်စရာ ထူးခြားမှုလည် မရှိပါ။ ထိုကာလများတုန်းကတော့ အိမ်ခြေပျှ၍လည်း နှစ်ဆယ်အစိတ်ထက် မ ထိုသို့ မထူးခြားသော ရွာကလေးတွင် ထူးခြားသော အဖြစ်အပျက်တစ်ခု ဖြစ်ပေ ခဲ့ဖူးပါ၏။ ထိုရွာကလေးသို့ ဓာတ်မင်းသားကြီးတစ်ယောက်နှင့် ဓာတ်မင်းသမီ တစ်ယောက် ကံအားလျော်စွာ ရောက်ရှိလာခြင်းဖြစ်ပြီး ဓာတ်မင်းသမီး၏ မိခင်ဖြစ် လည်း တစ်ပါတည်း ပါလာခဲ့သည်။ မင်းသားကြီးက အသက်လေးဆယ်ကျော်ခန့် ရှိမည်ဖြစ်ပြီး မင်းသမီးကတော့ သုံးဆယ်ဝန်းကျင် ရှိလောက်ပါ၏။ မင်းသမီး၏ မိခင်ကြီးကတော့ ခြောက်ဆယ်တွင်း ရှိရှေ့မည်။ မတ္တရာမြို့တစ်ဝိုက် ဓာတ်လာ ကြရာက ဓာတ်ခေါင်းကွဲကြပြီးလျှင် မတ္တရာမြို့ပေါ်တွင်ပင် ဓာတ်သောင်တင်နေ သည်။



ဓာတ်အဖွဲ့ ဆိုသော်လည်း ဟိုတစ်ယောက် သည်တစ်ဖဲ့ စုလာသော ဓာတ်ဖြစ် င် တစ်ဦးအပေါ်တစ်ဦး မညှာတာကြဘဲ တုတ်တစ်ပြက် ဓားတစ်ပြက် ဖြစ်ကြရာက ခေါင်း ကွဲခြင်းဖြစ်ပါ၏။ ဓာတ်အဖွဲ့သားအချို့က တောင်ဘက် မန္တလေး၊ ခင်ဦးဘက် ဆင်းကြသကဲ့သို့ အချို့ကလည်း မိုးကုတ်၊ ကြပ်ပြင်ဘက်ကို သွားခဲ့ကြသည်။ မင်းသားကြီး ကိုဘသြနှင့် မင်းသမီး မတိုင်းခင်တို့လည်း လို့လုပ်ရမှန်းမသိဘဲ မတ္တရာမြို့တွင်သာ အခြေအနေကို အကဲခတ်ရင်း နိုနေ သည်။ မတိုင်းခင်၏မိခင် ဒေါ်ကျေးကျွတ်က အသက်အရွယ် ရလာသည့်အပြင် ကောင်းမကျန်းမာတာလည်း ပါပါ၏။ မတိုင်းခင်က မင်းသား ကိုဘသြနှင့် ကြောင်းပါသူ မဟုတ်သော်လည်း မိခင်ကြီးနှင့် အတိဒုက္ခ ရောက်နေရသခိုက်တွင် သြကို စောင့်ရှောက်ပါရန် အသနားခံရှာခဲ့သည်။ ကိုဘသြကလည်း မတိုင်းခင် မေတ္တာရှိရင်းစွဲရှိသည်မို့ သည်မအေ သည်သမီး၊ ညောင်ပင်ကြီး ထီးရိပ်မိုး ို့ စောင့်ရှောက်ရန် အာမ,ဝန်တာ ခံခဲ့သည်။ သို့သော် ကိုဘသြမှာလည်း းတွင် နိုနေရသော တုံးမှီတိုင်ကပ်ဘဝသာဖြစ်ရာ တစ်ရက်ထက်တစ်ရက် ည်း၍လာခဲ့လေသည်။

"မတိုင်းခင်ရယ်...ကျုပ်လက်မှာကျန်တဲ့ ခြယ်လက်စွပ်တစ်ကွင်းရောင်းရင် ငွေစကြေးစ ရကောင်းပါရဲ့...မတ္တရာမှာ ရောင်းမရတော့လည်း ကပိုင်ဘက် သွားရောင်းကြည့်ပါဦးမယ်...စိတ်မပူပါနဲ့...မတိုင်းခင် ကျုပ်ကို စိတ်ချပါ... ကျုပ် ပြန်လာခဲ့ပါ့မယ်..."

"ကျွန်မတို့သားအမိကို မထားခဲ့ပါနဲ့ ကိုဘသြရယ်...ကျွန်မတို့သားအမိ တစ်နယ်တစ်ကျေးမှာ ဒုက္ခဖြစ်ဖို့ပဲ ရှိပါတယ်...လူတိုင်း အတိဒုက္ခ ရောက်နေ ကြတဲ့ကြားထဲ ကျုပ်တို့ကို မြို့က ကျေးမွေးထားလို့သာ မဟုတ်လား..."

"စိတ်ချပါ မတိုင်းခင်...ကျုပ် အလွန်ဆုံး တစ်ညအိပ်ပါ...သည်အဖြစ် ရောက်ကြမှတော့ ကျုပ်နဲ့ မတိုင်းခင် ဘဝကြင်ဖက် ဖြစ်ပြီလို့သာ မှတ်ပါ"

ကိုဘသြ ထွက်သွားသည့် တစ်နေ့နှင့် တစ်ညလုံးလုံး မတိုင်းခင် မျှော်နေ ကိုဘသြ ပြန်မလာခဲ့ပါ။ နောက်တစ်နေ့တွင်လည်း မမြင်ရ။ လေးရက် သောနေ့တွင်မှ ကိုဘသြတစ်ယောက် စုတ်တီစုတ်ချွန်း ရောက်လာ၏။ လူ ာက်လည်း ပါလာခဲ့သည်။ ထိုလူ၏ လက်သူကြွယ်မှာ ကိုဘသြ ဝတ်ကျ တ်စွပ်ကို ဝတ်ထားတာ မတိုင်းခင် သတိထားလိုက်မိသည်။ ဘာကြောင့်မှန်း ထိုချည့်သည်ကို မတိုင်းခင် ကြည့်၍ မရခဲ့။ မတိုင်းခင်ကို ကိုဘသြအလစ်တွင် ည့်တာမျိုး၊ မရိုးမသားဆက်ဆံတာမျိုးကအစ မတိုင်းခင် သတိထားမိ၍

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သို့သော် ကိုဘဩနှင့် ပါလာမှတော့ မတိုင်းခင်ခများလည်း ဘာမှတော့ မပြောသာပါ။ မောင်မင်းကြီးသား လက်စွပ်ဝယ်လိုက်တာကိုပင် ကျေးဇူးတင်ရသေးတာ မဟုတ်လား။ ပြောသာပြောရတာပါလေ။ မတိုင်းခင်ကိုယ်တိုင်က ကိုဘဩနှင့် စကားသာရှိ၍ အကြင်လင်မယား ဖြစ်ကြသေးတာမဟုတ်။ တစ်ခါမှာတော့ မတိုင်းခင်က ကိုဘဩကို အလစ်တွင် မေးပါ၏။

"ကျုပ်တို့တောင်မှ သူတစ်ပါးအိမ် ခဏခိုနေရတာ…ညွှံသည် ခေါ်လာသေးသလား မင်းသားရယ်…မင်းသားလူက ဗရုတ်ဗရက်ထဲကနဲ့ တူပါရဲ့ ကျွန်မဖြင့် စိတ်ထဲ မတွေ့လှပါဘူး"

"ငါ့နှမရယ်…လက်စွပ်ကို ဝယ်ရုံတင်မကဘူးကွယ်…နေစရာပါပေး… မိတ်ဆွေကောင်းပါကွယ်…ကျုပ်တို့ အတိဒုက္ခရောက်နေမှန်းသိတော့ ကျု… တို့ကို မတ္တရာကနေ သူ့မိဘများရှာ နတ်ရေကန်ကို ခေါ်သွားမှာတဲ့… ကျုပ်တို့ကိုလည်း နတ်ရေကန်မှာ အခြေသာချပါတော့လို့ ပြောရှာပါတယ် လူ့သူတော်ကောင်းပါ နှမရယ်…"

"ဘယ်လိုက မိတ်ဆွေဖြစ်ရတာတုံး မင်းသားရဲ့…"

"ကျုပ်က ကပိုင်ရွာထိပ်က ဇရပ်ကြီးမှာထိုင်နေတုန်း သူကလည်း ရွာ… အဝင် ကျုပ်ကို မြင်မြင်ချင်း မင်းသား ကိုဘဩလားတဲ့…ကျုပ်က အကျိ… အကြောင်းပြောပြတော့ သူ့အိမ်ခေါ်သွားပြီး နှစ်ရက် သုံးရက်ထားရုံမက… လက်စွပ်ကိုပါ ဝယ်လိုက်တယ်…ကျုပ်က မတိုင်းခင်တို့ သားအမိအကြောင်း… ပြောပြတော့…ကိုင်းပါလေ ကျုပ်ပါ လိုက်ပြောပါဦးမယ်ဆိုပြီး လိုက်လာ… တာပါ…မနက်ကို သူပြန်လိမ့်မယ်…တစ်ရက်ရက် ကျုပ်တို့ကို သူ လှည်း… လာခေါ်မယ် ပြောပါရဲ့…"

တကယ်လည်း နောက်ရက်တွင် ညွှံသည် ပြန်သွားခဲ့ပါ၏။ သို့သော်… လှည်းတစ်စီးနှင့် ရောက်လာမည်ဆိုသောညွှံသည် မပေါ်မလာ။ တစ်လပင် ရှိရော… မတ္တရာမြို့က ဒုက္ခရောက်နေသူ ဓာတ်မင်းသားနှင့် မင်းသမီးသားအမိကို တတ်နိုင်သ… ကျွေးမွေးစောင့်ရှောက်ထား၍သာ တော်တော့သည်။ သည်တစ်လအတွင်းမှာ… ကိုဘဩနှင့် မတိုင်းခင်တို့လည်း အကြင်လင်မယားအရာ မြောက်ခဲ့ကြလေပြီ။

▢

"ကျွန်မတို့ ဘိုးအေတော်မှာပေါ့ ဆရာမရယ်…ရှေးမင်းသားကြီး ဦးဘ… ဆိုတာ…ကျွန်မတို့ ဘွားအေကြီးက ဘွားတိုင်းခင်တဲ့…လွန်ခဲ့တဲ့ နှစ်… ခုနစ်ဆယ်ကျော်က နတ်ရေကန်ကို ရောက်ကြတာတဲ့ ဆရာမရဲ့…"



ညသည် အေးစက်လွန်းလှပါ၏။ မကြာဥက သူတို့မိဘဘိုးဘွားတွေ… အကြောင်း ပြောပြခဲ့သည်။ မကြာဥက ပြောသည်ဆိုတာထက် မပုန်းရည်က မေးရ… ခြင်းဖြစ်ပါသည်။ ထိုနေ့က နတ်ရေကန်ကြီးက ပြန်လာတော့ နေညိုခဲ့ပြီ။ မကေး… …အိမ်သူ ဝင်သွားတော့ မပုန်းရည်တစ်ယောက်တည်း ပြန်လာခဲ့သည်။ မသွားစဖူး… …ရတာဆိုတော့ ခြေသလုံးတွေက ထင်းချောင်းတွေလို တင်းတောင့်နေသည်။ …ကိုယ်လုံးလည်း ဖိန်းတိန်းရှိန်းတိန်း။ ကွင်းလေစိမ်းတိုးတာ များသွားတာလည်း …နိုင်သည်။ အပူရှပ်တာလည်း ဖြစ်နိုင်သည်။ မတ္တရာ-ခေါ်ထူး၊ ခေါ်စူး ဆေးကို …ဝါးထဲထည့်၊ ပါးစပ်ထဲ ပက်သွင်းပြီး ရေတစ်ကျိုက်ကျိုက် သောက်လိုက်သည်။ …လည်း အဆာခံရုံလေး စားလိုက်သည်။

"ဆရာမကို မကြာဥက ဘာမှမပြောဘူးလား…"

မကေး၏စကားထဲမှာ အဓိပ္ပာယ်တွေ ပါသည်ဟု ထင်သည်။ မပြောဘူး… …တော့ ပြောလို့ရသည့်စကားတော့ ဖြစ်လောက်သည်။ မကြာဥကလည်း ရေကန်ကြီး… …သူတို့မိသားစု ဆက်စပ်တာတော့ရှိသည် ပြောထားဖူးတော့ သည်ညတော့ မေးဖြစ် …မေးမည် စိတ်ကူးထားခဲ့သည်။ သည်ညမှ တိုက်တိုက်ဆိုင်ဆိုင် မကြာဥ အိမ်အကူ… …တူနေခဲ့သည်။ အိမ်အလုပ်တွေ လက်စမသတ်နိုင်တာပဲ ဖြစ်လိမ့်မည်။ မကြာဥ …လာတော့လည်း ခါတိုင်းလို ကြာဖြူတို့ညီအစ်မ မပါ။ ကလေးတွေကော …တော့ အရှေ့တောလယ်ထဲ သွားအိပ်ကြသတဲ့။ မပုန်းရည်က နေ့လယ်က နတ်ရေကန် …တ် ရောက်ခဲ့ကြောင်း ပြောပြတော့ မကြာဥက အံ့ဩဟန်မပြပါ။ ဟုတ်သားပဲ။ …ရေကန်ရွာမှာ နတ်ရေကန်ခေါ်ကြသည့် ရေကန်ကြီးရှိတာလည်း မဆန်း။ ထို… …ကန်ကြီးဆီကို လူတွေ ရောက်ကြတာလည်း မဆန်း။ သည်တော့လည်း မကြာဥ …ဩတာ ကိုယ်က အံ့ဩစရာမရှိ။ သို့သော် ကိုကြာစွယ်ကို တွေ့ခဲ့သည် ဆိုသည့် …မှာတော့ မကြာဥ အံ့ဩပြီ။ မျက်နှာကလေးလည်း ညှိုသွားသည်။

"လေးလေးကို တွေ့ခဲ့သလား ဆရာမ…နေ့လယ်ကတော့ ပျောက်သွား တယ်ထင်သား…နတ်ရေကန်ဘက် သွားတယ်မထင်ဘူး…တလောက ဆရာမကို ကြာပန်းသွားခူးပေးတယ် မဟုတ်လား…အဲဒါ အဖေသိတော့ ဆူတယ်…"

သည်တစ်ခါ အံ့ဩရတာက မပုန်းရည် ဖြစ်ရပြန်၏။ နတ်ရေကန်ထဲက …တွေ ရှာလားတိုင်း ခူးနေကြတာ မမြင်ဖူးသော်လည်း ကြားနေကျ… မပုန်းရည်ဝင် …မ်းခဲ့သည်။ အခုတော့ အိုကြီးအိုမ ဖခင်က လူပျိုသိုးသိုးကြီးတော်နေသော

www.burmeseclassic.com

www.burmeseclassic.com



သူ့သားကို ကြာပန်းခူးရကောင်းလား ဆူပူကြိမ်းမောင်းတာကတော့ ထူးရုံမက ဆန်းလို့ ခင်နေပါ၏။ မပုန်းရည် အစရသွားခဲ့ပြီ။ သည်အစကို ဆွဲချင်နေမိ၏။ သူတစ်ပါး ကိုယ်ရေးကိုယ်တာတွေနဲ့ များ ဆိုင်နေမလား။ မဖြစ်နိုင်ပါ။ ကိုကြာစွယ် ကြာပန်း ခူးရင်း ရေနစ်မှာစိုးတာပဲ ဖြစ်ရမည်။

"ရေနစ်မှာ စိုးရှာလို့နေမှာပေါ့ မကြာဥရယ်...ကိုကြာစွယ်ကလည်း အဲသည့် တစ်ခါ ခူးပေးခဲ့တာပါ...နောက်ထပ်လည်း ကြာပန်းခူးမပေးတော့ပါဘူး"

"ရေနစ်မှာစိုးလို့ မဟုတ်ပါဘူး...ကျွန်မတို့ ရွာသူရွာသားတွေ ကလေး လူကြီး ရေကူးတတ်ကြပါတယ်...ဆည်တော်ချောင်းနှုတ်ခမ်း မေးတင်ထားတဲ့ ရွာပဲ ဆရာမရယ်...ရေနစ်မှာစိုးတယ် ဘယ်ရှိပါ့မလဲ..."

"ဒါဖြင့် ဘာဖြစ်လို့လဲ မမလေးရဲ့..."

မကြာဥက ချက်ချင်းတော့ မဖြေပါ။ မပြောချင်တာတော့ ဟုတ်ပုံမရ၊ စကားအစ ရှာမရတာဘဲ ဖြစ်လိမ့်မည်။ မကြာဥဆီက သက်ပြင်းချသံ မှျင်းမှျင်း ကလေးသာ ထွက်လာခဲ့သည်။ သည်ကစ၍ မကြာဥ၏ ထူးဆန်းသောစကားတွေ စ,ကြားရတော့သည်။ မကြာဥက ကိုကြာစွယ် လူဝင်စားဖြစ်ကြောင်း စ,မပြောဘဲ ရှေးခေတ် ဓာတ်မင်းသားကြီး ဦးဘသြနှင့် မင်းသမီးကြီး ဒေါ်တိုင်းခင်တို့အကြောင်းက စ,ပြောခြင်း ဖြစ်ပါ၏။

ညသည် တိတ်ဆိတ်လွန်းလှသည်။ ကွင်းလေကြောင့် တန်းတွင် ချိတ်ဆွဲ ထားသော လက်ဆွဲမှန်အိမ်ကလေး တလှုပ်လှုပ်။ ဖန်မီးပြောင်းမှာ မှိုင်းချိုးတွေ များလို့ ထင်ပါရဲ့။ အခန်းထဲမှာ အလင်းများများမရှိ။ ရွာအပြင်ဘက် လယ်တဲတွေဆီကလား ရွာလမ်းဘက်ကလား မသိရသည့် သီချင်းသံက လွမ်းစရာကောင်းလောက်အောင် နဲ့ လွန်းလှပါ၏။

"အဲဒါနဲ့..."

◻

ကိုဘသြနှင့် မတိုင်းခင်တို့သားအမိ နတ်ရေကန်ကို ရောက်လာကြခြင်းတွင် နတ်ရေကန်ရွာသား ဧည့်သည်၏ကျေးဇူး မကင်းခဲ့။ နတ်ရေကန်ရွာသားအမည်မှာ ကိုဖုန်းဆိုးဖြစ်၍ အသားညိုညို၊ မျက်နှာကြမ်းကြမ်း ဆိုသော်လည်း မျက်နှာချိုလှသူ ဖြစ်သည်။ ကပိုင်သူနှင့် အိမ်ထောင်ကျပြီး ကပိုင်ရွာမှာ အိမ်ကြီးရခိုင်နှင့် နေနိုင်သော မြေပိုင်ရှင်တစ်ဦးပင်။ လှည်းနှင့်နွားနှင့်၊ မြေနှင့်ယာနှင့်၊ ကျီနှင့်ပုတ်နှင့် သောင်သောင် သာသာရှိသူ ဖြစ်လေသည်။ နတ်ရေကန်ဘက်မှာ ကိုဖုန်းဆိုး၏လယ်တွေ ရှိသည်။



...သူရင်းငှား ချထားပြီး နတ်ရေကန်ကို အကြောင်းရှိမှ ရောက်လာသည်ကလွဲ၍ ...ရောက်အပေါက်နည်းသည်။ တစ်နှစ်နေနေ တစ်နှစ်ဆန်းဆန်း သူရင်းငှားက စပါး ...သိမ်းပါတော့ဆိုမှ လာသူဟု ဆိုသည်။

နတ်ရေကန်ရွာမှာ ထိုစဉ်က အိမ်ခြေနှစ်ဆယ် အစိတ်ခန့်သာရှိသည်။ ဓာတ် ...ခွဲကို ပြန်လည်ဖွဲ့စည်းကြမည်ဆိုလျှင် ဖြစ်နိုင်လောက်သော်လည်း မင်းသားကြီး ...ဘသြနှင့် မတိုင်းခင်တို့ အကြောင်းပါကြပြီးနောက် ကိုယ့်ရပ်ကိုယ့်ရွာ မပြန်ကြဖို့ ...ဖြတ်ခဲ့ကြသည်။ ဓာတ်သဘင်အလုပ်ကို စိတ်ကုန်ခဲ့ကြသည့်အလျောက် ကံပစ်ချရာ ...ထိုင်ကြရန် စိတ်ကူးမိကြ၍ နတ်ရေကန်ကို လိုက်လာခဲ့ကြခြင်းဖြစ်သည်။ ဓာတ် ...သားနှင့် မင်းသမီးတို့ခမျာ ရွာစွန်ပြည်နား လယ်ကွင်းကြို လယ်ကွင်းကြား ...ဆောင်ထားသော လယ်စာခြောက်ရုပ်ကဲ့သို့ အသက်မပါဘဲ ရှိကြလေသည်။

ကိုဖုန်းဆိုးက ကိုဘသြကို ဓာတ်မင်းသားကြီးတစ်ယောက်အနေဖြင့် ခင်မင် ...ခဲ့ ရှိသကဲ့သို့ မတိုင်းခင်ကိုလည်း မြင်မြင်ချင်း မေတ္တာစိတ်ထားမိလျက်သား ...နေခဲ့သည်။ ကိုဖုန်းဆိုး၏ မရိုးဖြောင့်သော မျက်လုံးများနှင့် ထိကပါး ရိကပါး ...ပြောများကို သည်းခံနိုင်သလောက် သည်းခံခဲ့ရှာပါ၏။ ကိုဘသြမှာ လယ်ယာ ...လုပ် မလုပ်နိုင်သဖြင့် နတ်ရေကန်နှင့် မနီးမဝေးရှိ ကိုဖုန်းဆိုး၏ လယ်ကွက်ထဲ ...ကလေးတစ်လုံးထိုးကာ နေထိုင်ရင်း ကျူလယာကုန်ခေါ်ကြသည့် ကုလားကုန်စုံ ...ကလေးပါ ချောက်ချိုချောက်ချက် ဖွင့်နိုင်ရန် ကူညီခဲ့သည့်ကျေးဇူးကို ထောက်ထား ...လည်း ပါပါသည်။

ကိုဘသြမှာ မတ္တရာနှင့် မန္တလေးကို အခြေပြု၍ ဈေးကုန်ကလေးတွေ ...တင်ရသည်။ အိမ်ခြေ နည်းပါးသော ရွာကလေးကိုချည်း အားကိုး၍ မရတော့ ...အနားရွာတွေကိုပါ ကျူလယာကုန်ဗန်းလွယ်ရင် ဝမ်းစာရှာရသည်။ ဓာတ်မင်းသား ...တော့ သီချင်းကလေး ဆိုကာ ဆိုကာ တစ်ရွာဝင် တစ်ရွာထွက် တစ်အိမ်တက်ဆင်း ...ခဲ့လေ့ရှိသဖြင့် ရွာတွေကလည်း ကိုဘသြကိုရော၊ ကျူလယာကုန်ဗန်းကိုပါ မျှော်ကြ ...သည်။ ကိုဘသြကလည်း သည်ရွာတွေ ဘာကြိုက်သလဲဆိုတာ သိပါ၏။

"ပြည် ပြည်မင်းတို့ ခွန်သွင်းကာ x x ဒေဝါမိုးက ဖြိုးအောင်ရွာ x x
ကြေ,ညာငြိမ်းလှလေး အသင်းသင်းလှိုင်ပါခြင်းမှာ x x တောင်ပြုန်းရွာ
သာလှလေး x x တောင်ပြုန်းမြေပြင် ကျတ်မြေပြင် x x နှမ်း လူး ပြောင်း
ကြဲ x x ပေါက်လဲပွင့်ကာ x x လူးပြောင်းရှာ x x သာစွလေး
ရွာတောင်ပြုန်းရှေ့ဝယ်တွင် x x သမြေပြင် x x သပြေပင် x x ညွှန့်ရှင်ခတ်
သေး ဖြာချည့်လေး x x"

www.burmeseclassic.com

www.burmeseclassic.com



"သပြေပန်းကိုတဲ့ လက်လှမ်းကိုင်ကာ x x မင်းညီနောင်ပန်လို့သွားရင် နားပြည့်အောင်သာ x x တောင်ပုပ္ပားရယ်က x x မယ်ဖုရား သူ့သည်းချာ ယဉ်ပါဘိကြော့ရှင်း x x ပုဆိုးပန်းနီလွှင်နှင့် x x ဖောင်းကြယ်ဖျင် ရွှေရောင်ပွမှာ x x ထုံးမြိတ်စကွင်း x x"

ကိုဘညြ၏ ရွှေဖျင်းကြီး ရွှေဖျင်းငယ် နတ်ချင်းအဆိုကို ရွာတွေက ကြိုက်ကြသည်။ ကိုဘညြက ကျုလယာကုန်ကလေးတွေသာမက ဗမာဆေးမျိုးစုံကိုပါ တွဲဖက်ရောင်းသည်။ အဆိုအပြောနှင့် ရောင်းတာဆိုတော့ မကြာခင်မှာပင် အဆင်ပြေလာခဲ့သည်။ မတိုင်းခင်တို့ သားအမိမှာလည်း စိတ်ချမ်းသာခဲ့ရပါ၏။ မတိုင်းခင်၏ မိခင်ကြီးမှာတော့ သမီးရှိရာ ပျော်ရသူဖြစ်၍ ဇာတိရပ်ရွာနှင့် ဝေးသော လယ်ပြင်ကုန်းရိုးစပ်က ရေကန်ကြီးတစ်ကန်အောက်မှာပဲ ဘဝဇာတ်ငြိမ်းရန် ရှိတော့သည်။

သည်လိုနှင့် တစ်ရက်တွင် ကိုဘညြမရှိခိုက် ကိုဖုန်းဆိုး နတ်ရေကန်ရွာကလေးကို ရောက်လာခဲ့သည်။ ထိုရက်က အိမ်မှာ ကိုဘညြမရှိ။ မန္တလေးအထိတက်၍ ကုန်ဖြည့်ရန် သွားနေခိုက်ဖြစ်သည်။ သည်လိုသွားလျှင် သုံး,လေးရက် ကြာတတ်သည်။ ရုတ်တရက် ကိုဖုန်းဆိုး ရောက်လာမည်မထင်တာက တစ်ကြောင်း အရက်တွေ မူးလာတာက တစ်ကြောင်းဆိုတော့ မတိုင်းခင်ပင် အံ့ညြသွားခဲ့ရသည်။ ကိုဖုန်းဆိုးက မတိုင်းခင်တို့အိမ်မှာပဲ အိပ်မည်ဟု ဆိုလာသောအခါမှာတော့ မတိုင်းခင်က အတန်တန်တားရှာပါ၏။ တားသာတားရတာ အိမ်က ကိုဖုန်းဆိုး၏အိမ်။

"ယောကျ်ားသား မရှိသခိုက်မို့ပါ ကိုဖုန်းဆိုးရယ်...သူရင်းငှားတဲမှာပဲ သွားအိပ်ပါ...မသင့်တော်ပါဘူး...ရွာနဲ့လှမ်းတယ်ဆိုပေမယ့် ရွာနဲ့ရပ်နဲ့ နေရသူပါ...သည်မှာတော့ အိပ်ဖို့မဖြစ်နိုင်ပါဘူး...မင်းသားကြီး ရှိတဲ့အချိန် ဆိုရင်တော့ အကြောင်းလားရှင်..."

"မင်းသားကြီးသော ဘာသော ကျုပ်နားမလည်ဘူး မတိုင်းခင်...ကျုပ်က သည်ရွာ သည်အိမ်မှာ နေရာချပေးတာကိုက မတိုင်းခင်မျက်နှာနဲ့ ချထားတာ...ကျုပ်မှာ ဘယ်ဘဝက ရေစက်မှန်းမသိပါဘူးဗျာ...မတိုင်းခင်ကို..."

"မဟုတ်တာရှင်...ကျွန်မမှာ ကာမပိုင်လင်ကြီးငုတ်တုတ်နဲ့ပါ...မိုးကြိုးကြီးများ ပစ်ပါရော့မယ်...မကြဲကြီးမစည်ရာ...ရှင်မို့ ပြောထွက်တယ်...သွားပါတော့ရှင်...နောက် မလာပါနဲ့...ရှင့်အိမ်လည်း ကနေ့ည နောက်ဆုံးနေတယ် မှတ်ပါ..."



ကိုဖုန်းဆိုးက မတိုင်းခင်ကို ပါးစပ်ဖြင့် စော်ကားရုံမက ဆွဲလားလွဲလား ည်ကြတော့ မိခင် ဒေါ်ကျေးကျွတ်က အသံကုန် ပြာအောင်ဟစ်တော့သည်။ ကျေးကျွတ် အော်သံက မနီးမဝေးက ရွာကလေးဆီ ရောက်လောက်သည်။ အခြေ မဟန်လေတော့ ကိုဖုန်းဆိုးက "တောက်"တစ်ချက်ခေါက်ပြီး ပြန်ထွက်သွား ည်။ သို့သော် သည်တောက်ခေါက်သံကြောင့်ပင် မတိုင်းခင်တို့ ရွာထဲကို ပြောင်း ရသည်။ ကိုဘညြ ပြန်လာတော့ ကိုဖုန်းဆိုး စော်ကားကြောင်း ဖွင့်မပြောဘဲ အိပ်ညဥ့်နေ ရွာခြေနှင့် ဝေးလွန်း၍ ပြောင်းရကြောင်းသာ ပြောခဲ့သည်။ သို့သော် ခင်၏ မိခင်ကြီး ဒေါ်ကျေးကျွတ်က ရွာကို အကြောင်းစုံခင်းပြရင်း စောင့်ရှောက် ရန် အပ်နှံသည်။ သည်စကားသည် တောမီးပမာ ပျံ့နှံ့သွားခဲ့သည်ကစ၍ ကိုဖုန်းဆိုး သည်မိသားစုအပေါ် အညှိုးတကြီး ရှိခဲ့သည်ဟု ဆိုပါ၏။ သို့သော် ကိုဖုန်းဆိုး တိုင်တော့ နတ်ရေကန်ရွာကို ပေါ်မလာတော့ပါ။

တစ်ရက်...။ နတ်ရေကန်အိမ်ဟောင်းတွင် စိုက်ထားခဲ့သော ငရုတ်ခင်း၊ ခေါင်ခင်းကလေးဆီ ဒေါ်ကျေးကျွတ် တလှုပ်လှုပ်ရောက်သွားခဲ့သည်။ ထိုနေ့က အိမ်သို့ ဒေါ်ကျေးကျွတ် ပြန်ရောက်မလာတော့။ နတ်ရေကန်အတွင်း ရေနစ် သည်ဆိုသည့်သတင်းသာ ရောက်လာလေတော့သည်။ ဆန်းတာက ကိုဖုန်းဆိုး၏ ငှားဆိုသူ ပျောက်ချင်းမလှ ပျောက်သွားခဲ့ခြင်းပင်။ သည့်ထက် ပိုထူးဆန်း အချက်မှာ ကိုဖုန်းဆိုးလည်း တစ်လအတွင်း ကပိုင်ရွာ အနောက်ဘက်လယ်ကွင်း ဆီအသွား ပိုးထိကာ သေဆုံးသွားခြင်းဖြစ်၏။

"အမေကြီးကျေးကျွတ်ကို ဖုန်းဆိုးရဲ့သူရင်းငှား ငမှိုင်းက ရေထဲတွန်းချတာ သေချာပါ့အေ...ဒါကြောင့် သည်ကောင် ပြေးတာပေါ့...ဖုန်းဆိုးလည်း သူ့ မိုက်ပြစ် သူခံရတာပဲ...ငမှိုင်းက ဖုန်းဆိုးလုပ်ခိုင်းလို့ လုပ်ရတာနေမှာပေါ့"

ဟုတ်လေသလား၊ မဟုတ်လေသလား ဘယ်သူမှ မပြောနိုင်သော်လည်း သော် ကန်ရာရှိနေခဲ့ပါ၏။ သည့်နောက်တော့ မတိုင်းခင်တွင် ကိုယ်ဝန်ရခဲ့လေပြီ။ ငယ် ချောင်လည်လာသော စီးပွားရေးကြောင့် ကိုယ်ပိုင်မြေကလေး ယာကလေးပင် ခဲ့ကြပြီ။ ရွာမှာ အိမ်ခြေတွေ တိုးလာတာတစ်ကြောင်း၊ ကိုဘညြ အသက်ရလာ တစ်ကြောင်းကြောင့် ရွာမှာပဲ ဆိုင်ကလေးဖွင့်ကာ ရရစားစား နေခဲ့ကြသည်။ ။ နှမ်းပေး ပေးကြသည်။ ငွေတိုးကြေးတိုး ချကြသည်။ မတိုင်းခင်မွေးတော့ ယောကျ်ားကလေး။ မင်းသားကြီး ကိုဘညြက သားကို 'နတ်ရေကန်မှာ ကြာတံဆိပ်နဲ့ ဗျာဒိတ်ခံမယ့်သား' ဟု ဆိုရာက ကြာတံဆိပ် အမည်တွင်ခဲ့လေ၏။

❒

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့အဘိုး ဖိုးဘသြက သူ့သားကို ကြာတံဆိပ်လို့ နိမိတ်ယူပြီး မှည့်ခဲ့တာ...သားတစ်ယောက်တည်း မွေးခဲ့တယ်...နတ်ရေကန်မှာပဲ သား အိမ်ထောင်ရက်သားကျတဲ့အထိ လုပ်ကိုင်စားသောက်ခဲ့ကြတာမှာ လယ်တွေ ချောင်းတွေ လက်ညှိုးထိုးမလွဲဘူး...တောနေသဘာဝ ချမ်းသာတယ် ခေါ် မှာပေါ့ ဆရာမရယ်...သားကလည်း တစ်ယောက်တည်းဆိုတော့ ကျွန်မတို့ အဖေ ဆယ့်နှစ်နှစ်သားမှာ အလှူကြီး ပေးလိုက်တာ မတ္တရာတစ်နယ်လုံး အုံးအုံးထသွားတာပဲလို့ အဖေတို့က ပြောဖူးတယ်"

"အဲဒါနဲ့ ပြောပါဦး...နတ်ရေကန်နဲ့ မကြာဥတို့မိသားစုနဲ့ ဘယ်လိုဆက်စပ် တာလဲ"

"ပြောမယ် ဆရာမ...ဖြစ်ပုံက ဆရာမတို့ကြာစွယ်ပေါ့...ဘယ်သူရှိရဦး မှာတုံး"

"ကိုကြာစွယ်...ဟုတ်လား မကြာဥ..."

၁

ကိုကြာတံဆိပ်နှင့် မသိန်းရင် အိမ်ထောင်ကျကြတော့ ကိုကြာတံဆိပ်က ဆယ့်ကိုးနှစ်ပဲ ရှိသေးသည်။ တစ်ဦးတည်းသောသားကလည်း ဖြစ်ပြန်၊ လယ်ပိုင် ကွင်းပိုင်ဆိုတော့ ရွာရပ်က မိန်းကလေးရှင်များအဖို့ ဓာတ်ကတော့ ဓာတ်စာ၊ ဆိုင်းထိုး တော့ ဆိုင်းစာဆိုသလို လူရိုး လူမှန် ကိုကြာတံဆိပ်နှင့် လိုက်ဖက်စေချင်ကြပါ၏၊ ကိုကြာတံဆိပ်ကလည်း ပေါက်နေကျပုဆိုး သံချေးတက်ချိန်မရ။ မိအိုဖအိုကို ပခုံး ထမ်း လုပ်ကျွေးရာမှာ လယ်ထဲ ချောင်းထဲမှာပဲ အချိန်ကုန်သူဖြစ်၏။ မသိသူတွေက သူရင်းငှားပင် ထင်ရလောက်သည်။ ရွာမိန်းကလေးတွေကိုလည်း စိတ်မဝင်စား။ ဖအေ ဦးဘသြ မရှိတော့သည့်နောက်ပိုင်း မုဆိုးမ မိခင် ဒေါ်တိုင်းခင်ကပဲ မသိန်းရင်နှင့် ကြောင်းမြန်း ပေးစားခဲ့ရသည်။ ယူဆိုတော့လည်း ယူလိုက်သည်ပင်။ သည့်နောက် တော့ မိခင်လည်း ဆုံးရှာသည်။ ရှိသမျှ လယ်ယာတွေကို ကိုကြာတံဆိပ်က အမွေခံ ရတော့သည်။

သားကြီးမွေးလာတော့ နာမည်မှည့်ဖို့ရာ ထွေထွေထူးထူး စဉ်းစားမနေ တော့ဘဲ ဦးကြာတံဆိပ်က ကြာခွက်လို့ အမည်တွင်စေခဲ့သည်။ နောက်သားသမီးတွေ မွေးဖွား လာတော့လည်း 'ကြာ' တွေပါအောင် အတန်းလိုက် မှည့်ခဲ့သည်။ ကြာခွက် ကြာရိုး၊ ကြာဥ...။ သည်လိုနှင့် နောက်ဆုံးမွေးသည့် အထွေးဆုံးသားက 'ကြာစွယ်' ဖြစ်လာခဲ့ပါ၏။ ကိုကြာစွယ် လူမှန်းသိတတ်ချိန်မှာတော့ ဆန်းကြယ်သောစကားတွေ ဆိုလေတော့သည်။



"ငါဖြင့် ရေတ်သီးကလေး တစ်တောင့် နှစ်တောင့်ရူး...ချဉ်ပေါင်ကလေး တစ်တက် နှစ်တက် ဖဲ့ရရုံရှိသေး...ငမှိုင်းက မွေ့ချီသွားတာ...ကန်စပ်မှာ ဖုန်းဆိုးက ရပ်လို့...ငါ့ကို ရေထဲပစ်ချတာက ငမှိုင်း...ခိုင်းတဲ့ကောင်က ဖုန်းဆိုး..."

ရှေးအခါကာလဆီက ကျူးလွန်ခဲ့သော ပြစ်မှုဟောင်းကို နှစ်ပေါင်းများစွာ ကြာမှ မြေးက ဖော်တာဆိုတော့ တစ်ရွာလုံးက အံ့သြကြသည်။ ကြာစွယ်က ကမ္ဘာတမ်းပြောနေတာတော့ မဟုတ်။ အပြင်းဖျားပြီဆိုသည့်အခါတိုင်း အမေကြီး ဒေါ်ကျေးကျွတ် ပြောနေကျစကားတွေ ပြောတတ်သည်။ ဒေါ်ကျေးကျွတ် ဖြစ်ချင်တာ တွေ ပြောတတ်သည်။ ကိုကြာစွယ်ကို ဒေါ်ကျေးကျွတ် ဝင်စားတာလို့ပင် ပြောလာ ကြသည်။ နတ်ကတော်ကလည်း ထောက်ခံသည်။ ဗေဒင်ဆရာကလည်း ထောက်ခံ သည်။ ရွာကို ရောက်လာသည့် အထက်ဂိုဏ်းဆရာကလည်း ထောက်ခံသည်။

ကိုကြာစွယ် ရှင်ပြုကာနီး ရက်တစ်ရက်တွင်ဖြစ်၏။

ရွာက ဦးကြာတံဆိပ်ရယ်၊ ဒေါ်သိန်းရင်ရယ်လို့ မခေါ်ကြဘဲ ဘိုးကြီး ဘွားကြီးလို့သာ ခေါ်ကြသည့်အတွက် ဘိုးကြီး ဘွားကြီးတို့အလှူလို့ပင် တွင်ပါသည်။ ဘိုးကြီး ဘွားကြီးတို့ အလှူအတွက် တစ်ရွာလုံးက ဝိုင်းကြဝန်းကြချိန်။ ရွာနှင့် ဘုန်းကြီးကျောင်းက တစ်ဆက်တည်းဆိုတော့ ဘုန်းကြီးကျောင်း အလှူမဏ္ဍပ်ဘက် ထိုးထိုက်ကြ၊ ရွာဘက် သန်းလိုက်ကြ။ ထိုအချိန်မှာပဲ ကိုကြာစွယ် ပျောက်သွားခြင်း ဖြစ်သည်။ ရွာထဲ ကလေးပေါင်း သောင်းခြောက်ထောင်က ရွာလမ်းနှင့် ရွာပြင်၊ ရွာထိပ်နှင့် ဆည်တော်ချောင်းတံတား၊ လယ်ကွင်းနှင့် ဘဲတဲစု သွားချင်ရာ သွားနေကြ ဆိုတော့ ဘယ်သူ့ဘယ်သူမှ မကြည့်အားကြ။ နမ်းလက်တစ်ချပ် ကြပက်လိုက်သလို ပျောက်ချင်ရာရောက် စင်ချင်ရာစင်ကြတာမဟုတ်လား။ အလှူ့ရှင် မိသားစုကလည်း ကိုယ့်အလုပ်တွေနှင့်ကိုယ်၊ ကိုယ့်ဝေယျာဝစ္စနှင့်ကိုယ်ပင်။ ကြာစွယ် ပျောက်သွားတာ ဘယ်သူမှ သတိမထားမိလိုက်ကြဘဲ ရှိလေသည်။ အလှူရက် မဟုတ်သေးသော်လည်း အလှူမဏ္ဍပ်ထိုးပြီးချိန်ဆိုတော့ မဏ္ဍပ်ထဲမှာ ဆန်ရွေးကြ၊ ပဲရွေးကြ ရှိနေကြသည်။

"ကလေးတစ်ယောက် နတ်ရေကန်ထဲမှာ ရေနစ်လို့...ဆယ်တော့ဆယ်ပြီး ပြီ...ဘယ်သူ့ကလေးလဲ လိုက်ကြည့်ကြဦး...လည်ကုတ်မှာ စာနဲ့..."

နတ်ရေကန်ဘက်လမ်းက ဖြတ်သန်းဖြတ်လာပြေးသူ တခြားရွာသား တစ်ယောက်က လာပြောခြင်းဖြစ်၏။ လည်ကုတ်မှာ စာနဲ့ဆိုတော့ ကြာစွယ် သေချာ ပြီ။ အရှေ့တောကနေ အနောက်ဘက် ကွင်းဘက်ကို နတ်ရေကန်ကြီး၏ ကန်ပေါင်က

www.burmeseclassic.com

www.burmeseclassic.com



ပန်းသွားကြသော ရွာသားနှစ်ယောက်က ရေနစ်နေသော ကြာစွယ့်ကို တွေ့လိုက်ကြ ခြင်းဖြစ်၏။ တစ်ရွာလုံးက ပြေးလိုက်ကြတော့ ကန်စပ် ပေါက်ပင်ကြီးအောက် ကြာစွယ် မြော့နေပြီ။ ရွာသားတစ်ယောက်က ရေတွေ အန်ထုတ်နိုင်အောင် ပခုံးပေါ် ထမ်းကာ ဟိုဟိုသည်သည် ပြေးနေသည်။ တစ်ရွာလုံးနီးပါး လိုက်သွားကြတော့ သည်အခြေအနေကို မြင်ကြရခြင်းဖြစ်သည်။ ရွာသားနှစ်ယောက်၏ ကျေးဇူးကြောင့် ကြာစွယ် အသက်ချမ်းသာရာ ရခဲ့ခြင်းဖြစ်၏။ ရွာခံကလေးတစ်ယောက်ကတော့ ဘုန်းကြီးကျောင်းကအပြန် ကြာစွယ်က နတ်ရေကန်ဘက်ကို လိုက်ဖို့ခေါ်ကြောင်း ထိုကလေးက မလိုက်ချင်ကြောင်း ပြောခဲ့သည်ဆို၏။

"ငါ့အမေကြီးက ခေါ်လို့ ငါ နတ်ရေကန်ကို သွားရမှာ…မင်းလိုက်မလား ခေါ်တာ…ကျုပ်က မလိုက်ချင်ဘူးဆိုတော့ ရေကန်ကွင်းဘက် ပြေးသွား တာပဲ…"

သည်ကတည်းက ကြာစွယ်ကို နတ်ရေကန်ဘက် မသွားရတော့။ အသက် အရွယ် ရလာတော့လည်း သည်ကိစ္စတွေ မေ့မေ့ပျောက်ပျောက် ဖြစ်ကြရပြီ။ ကြာစွယ် ကိုယ်တိုင်ကလည်း ငယ်ငယ်တုန်းကလို သည်အကြောင်းတွေ မပြောတော့။ သူ့ မေးလျှင်လည်း မကြိုက်။ နတ်ရေကန်ကြီးဘက်ကိုလည်း သိပ်မသွားတော့။ သို့သော် သည်အရွယ်ကြီးအထိ ကိုကြာစွယ့်လည်ပင်းမှာ ချည်မန်းကွင်းတစ်ကွင်း ရှိနေရပြီ။ အထက်ဂိုဏ်းဆရာကြီးတစ်ယောက်က စီမံပေးခဲ့ခြင်းဖြစ်ပြီး ချည်မန်းကွင်းကို မဖြုတ် ရဟု မှာခဲ့သည်ဆို၏။

၈

"ဘယ်အရွယ်ကစပြီး သည်အကြောင်းတွေ မပြောတော့တာလဲ မကြာဥ"

"မပြောတာတော့ ကြာပြီပေါ့ ဆရာမရယ်…ဒါပေမဲ့ ကြာကန်ကြီးဘေး သွားသွားထိုင်နေတတ်တယ်…သူ မမြင်လိုက်ရတဲ့ အမေကြီးကျေးကျွန် အကြောင်း သတိရတဲ့အခါတိုင်း သွားထိုင်တာတဲ့…အဖေက သွားတယ် ကြားရင် သည်အရွယ်ကြီးအထိ ဆူတာပဲ…"

မပုန်းရည်ကတော့ မကြာဥ ပြောသည့်စကားတွေထဲမှာ ယုတ္တိတန်၏ မတန်၏ ချင့်ချိန်နေမိသည်။ နှစ်ပေါင်းများစွာက အကြောင်းအရာတွေဆိုတော့ တစ်ခါတ မှန်သလို တစ်ခြမ်းမှားနိုင်သည်။ စကားဆိုတော့ တစ်ဆင့် တစ်ဆင့် ကားတာလည်း ဖြစ်နိုင်တာမဟုတ်လား။ ဘာပဲဖြစ်ဖြစ် ဟုတ်တန်သလောက်တော့ ဟုတ်ပါလိမ့်မည်။ ထိုဟုတ်တန်သလောက် ဆိုသည်ပင် ထူးဆန်းလှပါ၏။ သည်လိုဆိုတော့ ကိုကြာစွယ်



မှာ သနားစရာကောင်းလှပါလား။ 'ရေနစ်ရာကနေ အကြောက်လွန်ပြီး ဉာဏ်ထိုင်း သွားတာ ဆရာမရဲ့…' ဆိုသည့် မကြာဥစကားကိုလည်း နားထဲက မထွက်။ မပုန်းရည် ကို ကြာပန်းတစ်စည်း ချိုးလာပေးခဲ့ဖူးတာကိုလည်း သတိရနေမိသည်။ ကနေ့ပဲ ကိုကြာစွယ်ကို နတ်ရေကန်ကြီးဘေးမှာ တွေ့ခဲ့ရသေးသည်။ မေကြီး ဒေါ်ကျေးကျွတ် ကိုလည်း မမြင်ဖူးလိုက်ဘဲနဲ့ လွမ်းတာလို့ မကြာဥက မှတ်ချက်ပြု၏။ နတ်ရေကန် ကြီးမှာ တစ်စုံတစ်ရာ ညှို့ငင်နေတာလည်း ဖြစ်နိုင်တာပဲ မဟုတ်လား။ မပုန်းရည် ကတော့ မဝေခွဲတတ်နိုင်ဘဲ မကြာဥစကားတွေကိုသာ နားစိုက်နေရတော့သည်။ စကား ကောင်းနေကြတာ ညဉ့်တောင် နက်လာခဲ့ပြီ။ သန်းခေါင်ကြက်တွန်သံတွေပင် ကြားရပြီ။

"ကျွန်မက ဒါတွေမသိတော့ ကိုကြာစွယ်တွေ့ရင် ကြာပန်းရှူးခိုင်းချင် နေတာ…သူ့ကို စ,ချင်တာ စကားပြောချင်တာလည်း ပါပါတယ်…အထူး သဖြင့် ကျွန်မကို ခင်မင်စေချင်တာပေါ့လေ…ကျွန်မတို့ ကြာပန်းရှူးမယ်ဆိုရင် သူ့ခမျာ ထိတ်ထိတ်ပျာပျာဖြစ်တာ ဒါ့ကြောင့်ကိုး…"

"ဟုတ်တယ်ဆရာမ…သည်နတ်ရေကန်ကြီးနဲ့ ကျွန်မတို့နဲ့ ဆက်စပ်တာ ကတော့ အဲသလောက်ပါ…ကြာလည်းကြာပြီဆိုတော့ ဒါတွေလည်း ရွာက ခေါင်းထဲမထည့်ကြတော့ပါဘူး…အကြောင်းတိုက်ဆိုင်ရင်တော့ အစ, ကောက်ကြတာတော့ ရှိတာပေါ့ ဆရာမရယ်…နောက်ပေါက်ကလေး တွေကတော့ ဒါတွေ သိပ်မသိကြတော့ပါဘူး…"

ထိုညက မပုန်းရည် အိပ်မပျော်ပါ။ နတ်ရေကန်ထဲ ကျခဲ့သော အမေအို တစ်ယောက်…။ ပျောက်သွားသော သူရင်းငှား…။ ဟုတ်လေသလား မသိရသည့် ကိုင်းဆိုး ဆိုသူ လူတစ်ယောက်…။ မြေးအထွေးဆုံးကျတော့မှ ဘွားအေ ဝင်စား သည် ဆိုသော ကိုကြာစွယ်…။ ဇာတ်လမ်းက သူ့ဟာနဲ့သူတော့ ဟုတ်နေတာပဲ လား။ မလှအုန်းမယ်ပြောသည့် နတ်ရေကန်မယ်တော်ဆိုသူဟာ အမေကြီးကျေးကျွတ် လား။ မလှအုန်းမယ်ကလည်း သူကိုယ်တိုင် စကားပြောခဲ့ရသည်ဆိုပြန်တော့ အသိရ ခက်သားပင်။ တစ်ရက်တော့ ဘိုးကြီး ဘွားကြီးတို့နှင့် စကားပြောကြည့်ရဦးမည်။

မပုန်းရည်က တွေးရင်းနှင့် သူ့ဟာသူ ပြုံးမိသည်။ သည်ရွာကလေးရောက်မှ ဇာတ်လမ်းတွေမှာ ပါနေရပြီကော။ ကျေးလက်တောရွာများသဘာဝ သည်လို ဇာတ်လမ်းတွေကတော့ ရှိစမြဲဖြစ်ပါ၏။ နောက်ထပ် ဘယ်လိုဇာတ်လမ်းတွေနဲ့များ ကြုံဦးမှာလဲ မပုန်းရည် မသိ။ တစ်ယောက်ယောက်က ကျောင်းဆရာမက ကျောင်း ဆရာမလိုမှ မနေတာလို့ ပြောချင်ပြောကြစေတော့။ တချို့ကွင်းဆက်တွေကို မပုန်းရည်

www.burmeseclassic.com

www.burmeseclassic.com



မြေချင်သည်။ တချို့အယူအစွဲတွေကို ချေဖျက်ပေးချင်သည်။ တချို့သော အမုန်းတွေကို မေတ္တာအဖြစ် ပြောင်းရပါဦးမည်။

သန်းခေါင်ကျော်လို့ လင်းကြက်တွေပင် တွန်လေပြီ။ သိပ်မကြာခင် ...ကျောင်းက တုန်းမောင်းသံ ကြားရတော့မည်။ မပုန်းရည် မျက်လုံးတွေလည်း မှေးစင်းလာခဲ့လေသည်။

၈

မပုန်းရည်က ကလေးတွေကို စာသင်နေသဖြင့် အတန်းဝမှာ ချေ့သည်းလာရပ်နေတာကို မမြင်မိ။ ကလေးတွေက ဆရာမ ချေ့သည်းလာတယ်လို့ အော်...ကျောက်သင်ပုန်းကို မျက်နှာမူထားရာက လှည့်ကြည့်လိုက်သည်။ သြော်...အင်ဂျင်နီယာလေး ဆိုသူ ကိုမျိုးသွင်...။ တစ်ယောက်တည်း ဖြစ်ပုံရသည်။ မပုန်းရည်က လက်မှာ ပေကျံနေသည့် မြေဖြူတွေကို လက်သုတ်ပဝါဖြင့် သုတ်ရင်း အခန်းကို ထွက်လာခဲ့သည်။ ကိုမျိုးသွင်က မပုန်းရည်ကို ပြုံးကြည့်ရင်း နောက်ကို နည်းနည်းယိုလိုက်သည်။

"ဦးမျိုးသွင်ပါလား...ရုံးခန်းထဲကို ကြွပါရှင်...ထိုင်ပါဦး..."

"ကျွန်တော့်နာမည်ကို ဆရာမ မှတ်မိသားပဲ..."

"မှတ်မိပါတယ်ရှင်...ကျောင်းရဲ့ ကျေးဇူးရှင်ပဲဟာ...ရုံးခန်းမှာ ထိုင်နှင့်ပါရှင်...ကလေးတွေ မှာခဲ့ချင်လို့ပါ..."

မပုန်းရည်က ကိုမျိုးသွင်ကို ရုံးခန်းမှာ နေရာချပေးထားခဲ့ပြီး မမစိန်အတန်းဘက် ကူးလာခဲ့သည်။ တစ်ကျောင်းလုံးမှာ မပုန်းရည်နှင့် မမစိန်သာ ရှိသည်။ ဆရာကြီးလည်း မရှိ။ မောင်တက်လူလည်း မရှိ။ မမစိန်ကို ကလေးတချို့က ဝိုင်းထားသည်။ ကလေးနှစ်ယောက်က လက်ပိုက်ထားသည်။ မမစိန် အမှုစစ်နေပုံရ၏။ လက်ပိုက်ထားသူ ကလေးနှစ်ယောက်က အဓိကဇာတ်လိုက်များဖြစ်၍ ဝိုင်းနေကြသူတွေက ဇာတ်ပို့တွေဖြစ်မည်။ ထင်သည့်အတိုင်းပင် မမစိန် အမှုစစ်နေခြင်းဖြစ်လေသည်။ မပုန်းရည်ကို မြင်တော့မှ ထရပ်သည်။ ကလေးတွေကိုလည်း သူ့နေရာသူ ပြန်ထိုင်ခိုင်းသည်။ သည်ကိစ္စ နောက်မှ ငါပြန်မေးမည်ဆိုသည့်သဘော။

"မပုန်းရည်...ဘာလိုချင်လို့လဲ..."

"မဟုတ်ဘူး မမစိန်...အင်ဂျင်နီယာ ဦးမျိုးသွင် ရောက်နေလို့...မမစိန် ရှိစေချင်လို့ပါ..."



"သြော်...အင်း...နေဦး ဘာကျွေးကြမလဲ...ဘာမှလည်းမရှိဘူး...နေဦး...ဟဲ့ ဘယ်သူ...ဖိုးငယ် သွားစမ်း...မင်းတို့အိမ်က ရေနွေးပွဲ သွားယူချေစမ်း...ချက်ဖောင်း လိုက်သွား...မုန့်ပွဲကလေးဘာလေးရှိရင် ယူခဲ့..."

မပုန်းရည်က မမစိန်၏ စီစဉ်ပုံကို သဘောကျနေသည်။ သူ့ဟာနှင့်သူတော့ ...သား။ ကျောင်းမှာ ရေနွေးဓာတ်ဘူးတွေ ရှိသော်လည်း မမစိန်နှင့် မပုန်းရည်က ...နွေးရယ်လို့ မသောက်တတ်တော့ ဆရာကြီးရှိမှ ဓာတ်ဘူးတွေကို သုံးရသည်။ ...ရည်နှင့် မမစိန်တို့ ကျောင်းရုံးခန်းထဲဝင်တော့ ကိုမျိုးသွင်က မဂ္ဂဇင်းဟောင်း ...အုပ်တို လှန်ဖတ်နေသည်။ မပုန်းရည်တို့နှစ်ယောက် ကုလားထိုင်တစ်လုံးစီမှာ ...ထိုင်လိုက်ကြသည်။

"ဦးမျိုးသွင် ကျောင်းကိုလာတာ ဝမ်းသာပါ့ရှင်...ဆရာကြီးကတော့ မတ္တရာ ရုံးသွားတယ်...အစစအရာရာ အကူအညီပေးလို့ ကျွန်မတို့ရွာကလည်း ဦးမျိုးသွင်ကို ကျေးဇူးတင်နေကြတာပါ..."

"ရပါတယ်ခင်ဗျ...ဆရာမတို့က ကျေးဇူးစကား ခဏခဏပြောတော့ ကျွန်တော်က အားတောင်နာမိပါတယ်ဗျာ..."

"ဦးမျိုးသွင်က ကျွန်မတို့ကို ပြန်အားနာတယ် ဟုတ်လား...အဲသလိုဆိုပြန်တော့လည်း ကျွန်မတို့က အားနာရတာပါပဲရှင်...နောက်လည်း အားနာစရာတွေ လာဦးမှာဆိုတော့ ကြိုတင် အားနာရမှာတောင် ရှိသေး...နော်...မမစိန်"

"ဟုတ်ပ...အားနာလိုက်တာ မပြောပါနဲ့တော့..."

ကိုမျိုးသွင်က အားရပါးရ ရယ်တော့သည်။ မပုန်းရည်တို့ကလည်း တမင်စ, ...ကြတာဆိုတော့ ခင်မင်ရင်းနှီးမှု ပိုရနေခဲ့သည်။ ရေနွေးပွဲနှင့် လက်ဖက်ပွဲရောက် ...သည်။ ဖိုးငယ်နှင့် ချက်ဖောင်းက ရေနွေးပွဲနှင့် လက်ဖက်ပန်းကန်ကို ချပြီး ပြန်ထွက် ...သော် လက်ကလေးတွေပိုက်ကာ ရပ်နေကြသည်။ ဒေါ်မြင့်မြင့်စိန်က သတိထားမိတော့ "...ဘာလဲဟဲ့" လို့ မေးသည်။

"ဒေါ်ကြီးလုံးက လက်ဖက်သားနည်းလို့ အားနာပါတယ်တဲ့...ရေနွေးကတော့ ကြိုက်သလောက် လာယူတဲ့..."

"အေး...သွားကြတော့...အတန်းထဲမှာ မကဲကြနဲ့နော်..."

ကိုမျိုးသွင်က သည်စကားကြားတော့ ပြုံးပြန်သည်။ ရွာထဲက လက်ဖက်ဖွဲ ...သွားယူတာကို စ,နေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမတို့ကို မေးမလို့…အလှူလက်ဖက်ဆိုတာ ဒါပဲလားလို့ပါ…"

မပုန်းရည်ကလည်း အားကျမခံ ပြန်ပြောသည်။

"ကျွန်မတို့ကျောင်းက စည်းကမ်းလုပ်ထားတာ ဦးမျိုးသွင်ရဲ့…လာ… ချေ့သည်က စားစရာ ယူလာရတာ…အခုလက်ဖက်က ကံကောင်း… စားရတာ…"

"နောက်လာရင် ပါရစေ့ပါမယ်ဗျာ…စားဖို့သာ ပြင်ကြပါ…ဆရာမတို့လည်း Class တွေ မပြီးကြသေးဘူးမှတ်လား…အားနာပါတယ်ဗျာ…ကျွန်… က လုပ်ငန်းသုံးပိုတဲ့ သစ်ပိုင်းကလေးတွေ ကျောင်းကို လာပို့ချင်လို့ အဲဒါ…"

"အို…ဦးမျိုးသွင်ကို အားနာရပြန်ပြီ…ပို့သာပို့လိုက်ပါတော့ရှင်…"

မမစိန်က ဝမ်းသာအားရဆိုတော့ မပုန်းရည် တကယ်ပင် အားနာမိရပါ၏။

"ကျေးဇူးတင်ပါတယ် ဦးမျိုးသွင်…မနက်ဖြန် မတ္တရာကို လစာထု… အစည်းအဝေး သွားကြမှာ…မုန့်ဝယ်ခဲ့ပါ့မယ်ရှင်…"

"ဆရာမတို့ မနက်ဖြန် မတ္တရာသွားမှာလား…ကျွန်တော်လည်း သွား… ရှိတယ်…ကျွန်တော့်ကားနဲ့ လိုက်ခဲ့ကြလေ…"

မမစိန်က မပုန်းရည်ကို လှမ်းကြည့်သည်။ သည်အကြည့်မှာက အဓိပ္ပာ… တွေ ရှိသည်။ မပုန်းရည်က စက်ဘီးမစီးတတ်တော့ မနက်ဖြန် မတ္တရာမြို့နယ်… လစာထုတ်အစည်းအဝေးသွားရန် အခက်အခဲရှိနေသည်။ မမစိန်ကတော့ စက်ဘီး… လည်း ရှိသည်။ စီးလည်းစီးတတ်သည်။ မပုန်းရည်ကို တင်နင်းဖို့ကျတော့လည်း… သည်လောက်ခရီးကို တာဝန်ယူဖို့ ခက်ပါ၏။ လှည်းဆင့်ရမှာလည်း အားနာသည်… တောင်သူတွေအဖို့ လှည်းနှင့်နွားက အဓိကလက်နက် မဟုတ်လား။ လယ်ယာ… အလုပ်တွေ နားသည်ဆိုသော်လည်း သည်အချိန်က လှည်းတွေ နွားတွေ အအားအပ… နည်းသည်။ တလင်းထဲက စပါးတွေ ကောက်ရိုးတွေ၊ ရိုးပြတ်တွေ သယ်နေကြရ… မပုန်းရည်အသိ။ မကြာဥကတော့ လှည်း အားမနာနဲ့ ကိုကြာစွယ်ကို ပို့ခိုင်းပေးမည်… ဆိုရှာသည်။ မပုန်းရည်က ဘယ်လိုစီစဉ်ရမှန်းမသိတော့ ခေါင်းလည်း မခါ၊ ခေါ… လည်း မညိတ်ခဲ့။ လစာထုတ်အစည်းအဝေးကတော့ တစ်လတစ်ခါ တက်ကိုတက်… မည်။ မီးရထားနှင့် သွားဖို့ကျတော့ အချိန်မီ မတ္တရာကိုရောက်ဖို့ မသေချာ။ ရထား… စီးဖို့က အနီးဆုံးဘူတာကို တော်တော်လျှောက်ရဦးမည်။ အခုတော့ အင်ဂျင်နီယာ… ကလေးက သူနှင့်လိုက်ခဲ့ပါ ခေါ်နေပါပကော။



မပုန်းရည်က ခေတ်ပညာတတ်ကျောင်းဆရာမဆိုတော့ လူမှုဆက်ဆံရေး… …မြင် ခေတ်သဘောတွေကို သိပါသည်။ ကားကြုံ လှည်းကြုံဆိုတာ တောကျောင်း… …မလေးများအဖို့ သိပ်ဆန်းလှတာမဟုတ်ပါ။ ကားလမ်းဘေး ကျောင်းဆရာမ… …လေးတွေဆိုလျှင် တင်ချင်မှန်းမသိ၊ မတင်ချင်မှန်းမသိ ကျောင်းချိန်မီအောင်၊ …ချိန်မီအောင် ကြုံရာကားကို လက်ပြတားရင်း စီးနေကြတာ မပုန်းရည် အကြား… သည်ရွာကလေးမှာ အခြေတကျနေရသူ မပုန်းရည်အဖို့ ကားတားစီးရသည့် …တွေ့အကြုံ မရှိသော်လည်း လှည်းကြုံတော့ စီးဖူးပါ၏။ တချို့ ကျောင်းပိတ်ရက် …မှာ အနီးအနားက မိတ်ဆွေ ကျောင်းဆရာမကလေးတွေဆီ သွားလည်ချင်သော် …လည်း လှည်းကြုံမရှိတာနှင့် မသွားရ။ တကန့်တက လှည်းဆင့်ခေါ်ရမှာလည်း ကိန်းကြီး …ကြီး နိုင်လှပါ၏။

"ကျွန်မက စက်ဘီးနဲ့သွားမှာပါ…မပုန်းရည်က ခက်နေတာ…မပုန်းရည် ရယ်…အဆင်သင့်တုန်း အဲသလို လိုက်သွားပါလား…အပြန်တော့ ရထား ပေါ့…ကလေးတွေ လာကြိုလိမ့်မယ်"

မမစိန်က မပုန်းရည်အတွက် ပြောနေမှန်း သိပါသည်။ ကားနှင့်ဆိုလျှင်တော့ …ပြေဖို့သာရှိသည်။ ရွာက ဘယ်သူ့ကိုမှ ဝန်မပိုစေဘဲ ရောက်နိုင်သည်။ ခါတိုင်း …တုန်းကတော့ လှည်းတစ်စီးမကြုံ တစ်စီးကြုံတာများသည်။ လယ်ယာလုပ်ငန်း …တွေ နားကြပြီဆိုတော့ အိမ်မှာပဲ အလုပ်တွေက လှိုင်နေကြတော့တာဆိုတော့ …ဘက် ကွင်းဘက် သိပ်မထွက်ကြတော့။ အင်ဂျင်နီယာကလေးက မပုန်းရည်ကို …စောင့်နေပြီ၊ ဖွင့်ခေါ်ပြန်လျှင်လည်း ရှိုင်းရာကျမှာ စိုးပုံရပါ၏။

"ကျွန်မကိုသက်သက် ရွာအထိ လာကြိုနေမှာစိုးလို့ပါ…အသွားလောက် လိုက်ရရင်လည်း အဆင်တော့ပြေပါတယ်…အပြန်တော့ ရောက်ရာပေါ့"

"ကျွန်တော်က မတ္တရာမှာ မန္တလေးက ပို့လိုက်တဲ့ပစ္စည်းတွေ သွားတင် ရမှာပါ…ကျွန်တော်ကတောင် မတ္တရာမှာ နောက်ကျဦးမယ်…ဆရာမ စောင့်နိုင်ရင် အပြန်လည်း မပူနဲ့…ကျွန်တော် ရွာအထိ ပြန်ပို့မယ်"

"ဟုတ်ပါပြီလေ…ကျွန်မပြောခဲ့သားပဲ…ကြိုတင်အားနာရတာတွေ လာဦး မှာပါလို့…"

ကိုမျိုးသွင်ကို ကျောင်းဝင်းဝအထိ လိုက်ပို့ပြီး မပုန်းရည်တို့ ကျောင်းထဲ …ဝင်လာကြတော့ မမစိန်က သီချင်းဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပျို့ပျိုခင် အလည်အပတ်ထွက်တယ် x x မော်တော်ကားနဲ့ရယ် x x ဟိုယခင် ကျောင်းပိတ်တဲ့ရက်ကကွယ် x x မတ္တရာကို ဘူတာပိုင်းရော ဈေးပိုင်းရော နှံ့ခဲ့တယ်"

မမစိန်က သည်လိုတော့လည်း အဟုတ်သား။ မမစိန်ကို မပုန်းရည် စိတ်မဆိုးပါ။ မမစိန်က စိတ်ကောင်းနှလုံးကောင်းရှိသည်။ သူတစ်ပါးစိတ်ထိခိုက်လောက်သည့်စကား၊ သူတစ်ပါးစိတ်မချမ်းမသာ ဖြစ်စေမည့်စကားမျိုး နှုတ်က ထွက်ခဲသည်။ သူ့ရွာနှင့်သူ တစ်ခါတစ်ရံ ဟောဟောဒိုင်းဒိုင်း ပြောတာမျိုး ရှိပေသိ မှန်ရာကိုသာ ပြောတတ်သည်။ အခုလည်း အပျိုကျောင်းဆရာမ မပုန်းရည် မတ္တရာ ကားကြုံလိုက်ရမည်ဆိုတာကို စ,ခြင်းသာဖြစ်သည်။ ကားကြုံနှင့်သွားမှတော့ မမစိန်ပါ လိုက်နိုင်သားပေါ့။ ဘာကိစ္စ စက်ဘီးနှင့် သွားနေရမှာလဲ။

"မမစိန်ရယ်...မမစိန်လည်း လိုက်ခဲ့လေ...အစည်းအဝေးတက်ရမှာပဲဟာ... ဘာကိစ္စ စက်ဘီးနဲ့ သွားနေဦးမှာလဲ..."

"မမစိန်က ကိုတူးပြန်လာမှ သွားဖြစ်မှာ...သူက လွန်တော်င်းဘက် သွားဦးမှာဆိုတော့ သူပြန်လာမှ ကလေးတွေနဲ့ ထားခဲ့ရမှာ မပုန်းရည်ရဲ့... ဒါကြောင့် ပါ...အစည်းအဝေးမီအောင်တော့ ရောက်မှာပါ..."

ဟုတ်တော့ဟုတ်သား။ သူ့အကြောင်းနှင့် သူ့ကိစ္စ ကိုယ်နှင့်ညှိချင်လို့ မဖြစ်နိုင်။ မပုန်းရည် ကျောက်သင်ပုန်းဆီ လျှောက်လာခဲ့သည်။ ဆူညံနေကြသော ကလေးတွေက ဆရာမ ဝင်လာတော့ မီးကို ရေနှင့်ငြိမ်းလိုက်သလိုပင်။

□

သည်မနက် မပုန်းရည် စောစောနိုးနေခဲ့သည်။ ရေမိုးချိုးလိုက်တော့ လန်းသွားသည်။ မပုန်းရည်တို့ ကျောင်းကလေးမှာ လစာထုတ်ရက်တိုင်း ကျောင်းပိတ်လေ့ရှိသည်။ ဆရာကြီးက သူ့ရွာ ညောင်အုပ်မှ မတ္တရာကို တန်းသွားတတ်သည်။ မောင်တက်လူကလည်း သူ့စက်ဘီးနှင့်သူ။ ဆရာ, ဆရာမတွေက မတ္တရာမြို့နယ်ပညာရေးမှူးရုံးကို ကိုယ့်အစီအစဉ်နှင့်ကိုယ် သွားကြရပါ၏။ ညက မတင်မကျ ပြောထားသော လှည်းကိုနှ မကြာခင်ကိုပဲ ပြန်ဖျက်ခိုင်းလိုက်ရသည်။ အင်ဂျင်နီယာကလေးက ကားနှင့်လာကြိုမှာလို့တော့ မပြောလိုက်ပါ။ တော်ကြာ ကားလာမယ်ဆိုတာနှင့် လှည်းကြုံမလိုတော့ဘူးဆိုသည့်သဘော ဖြစ်မှာစိုး၍ဖြစ်ပါ၏။ မကြာခင်ကလည်း သြော် သြော်...အင်း အင်းနှင့် ပြီးခဲ့သည်။



ရေမိုးချိုးပြီးသည်နှင့် ပါတိတ်ဝမ်းဆက် လတ်လတ်လောလောကလေးကို …တ်ဝတ်လိုက်သည်။ ကျောင်းနှင့်အိမ် ကူးရုံသာကူးနေရသော မပုန်းရည်အဖို့ အပျို… …သ်လို့ ရှိုးမထုတ်အားပါ။ ကျောင်းကိုလည်း တာဝန်တစ်ရပ်လို ကျောင်းစိမ်းကိုသာ …တ်လေ့ရှိသည်။ မမစိန် ဝတ်မလာလျှင်ပင် မပုန်းရည်က ကျောင်းဝတ်စုံဝတ်ဖို့ ပြောရ…သည်။ ကျောင်းဝတ်စုံဝတ်ခြင်းအားဖြင့် ကိုယ့်အလုပ်ကိုယ် ရိုသေရာရောက်သည်ဟု …ုန်းရည် သဘောထားသည်။ လူ့အမြင်လည်း တင့်တယ်သည်။ မပုန်းရည်ကိုယ်တိုင် …ည်း စွဲစွဲမြဲမြဲဝတ်သည်။ သည်ကနေ့တော့ လွတ်လွတ်လပ်လပ်ကလေး ဝတ်ရမည်။ …ညာရာမှာ မပိုင်းချစ်တို့၊ မကြင်ဝင်းတို့နှင့်လည်း ဆုံရမှာဆိုတော့ သူတို့ကလည်း …ည်လိုရက်တွေမှာ ရှိုးစမိုး လုပ်လာကြမှာ သေချာသည်။

မပုန်းရည်က ဆံထုံးပုံ့ပုံ့ကလေးကို ကုတ်ကလေးရှင်အောင် ထုံးသည်။ …ရှေ့က ဒန်းပန်းခက်ကလေးတစ်ရိုး ဆိတ်ကာ ပန်သည်။ မျက်နှာမှာတော့ သနပ်ခါး …ကျဲ ပါးပါးလူးကာ မက်စ်ဖက်တာအမှုန့်ကလေး ဖွေးနေအောင် ပုတ်သည်။ နှုတ်ခမ်းနီ …လေး ခပ်ပြေပြေဆိုးကာ လက်ကိုင်ပဝါဖြူဖြူကလေး ထောင့်ချိုးပြီး ခါးမှာ ထိုးတာ …လည်း မပုန်းရည်အကျင့်။ မနေ့တုန်းက အင်ဂျင်နီယာက ရွာကို ဝင်ကြိုမည်ဟုသာ …ဆို၍ ကျောင်းကိုမှန်းလည်းမသိ၊ အိမ်ကိုမှန်းလည်းမသိ။ ကျောင်းသွားလို့ ပိတ်ထား…ျှင်လည်း အိမ်ကို လိုက်လာမှာပါလေလို့သာ အောက်မေ့ရတော့သည်။ ပိုဆိုးတာက …ဘယ်အချိန်လာခဲ့ပါ ပြောလို့မကောင်းတော့ မပြောမိတာပဲဖြစ်သည်။ ကိုယ့်ဘက်က …ချိန်သင့်တာ အကောင်းဆုံးလို့တွေးရင်း ပြင်ပြင်ဆင်ဆင် စောင့်နေခြင်းပင်။ တော်တော် …နှင့် ရောက်မလာတော့ မပုန်းရည် တံခါးတွေပိတ်သည်။ အောက်ကို ဆင်းမည်။ …လမ်းအတိုင်း မအေးတို့အိမ်ထိ လျှောက်မည်။ ကားကလည်း သည်လမ်းအတိုင်း …ရမှာဆိုတော့ လမ်းလွဲစရာမရှိ။

မပုန်းရည် အိမ်အောက်ကိုရောက်သည်နှင့် ရွာလမ်းဆီက ဝင်လာနေသော …ားတို လှမ်းမြင်ရပြီ။ သည်ကားနှင့် လိုက်သွားတာကို ရွာက ဘာပြောကြမှာပါလိမ့် …ဆိုသည့်အသိက အခုမှပဲ ခေါင်းထဲရောက်လာခဲ့သည်။ ရွာမှာက အပြောအဆို အနေ…အထိုင် အရေးကြီးပါ၏။ ရွာကို ကိုယ်က ရိုသေမှ ရွာက ကိုယ့်ကို ရိုသေလိမ့်မည်။ …ားလည်း ကျွံခဲ့မိပြီ။ ကားကလည်း လာနေခဲ့ပြီ။ မထူးတော့ပါဘူးလေလို့သာ …ုန်းရည် တွေးရပါ၏။

ကျွဲခနဲ တောင့်လိုက်သော လှည်းသံကြောင့် မပုန်းရည် လှည့်ကြည့်လိုက်…သည်။ ကိုကြာစွယ်နှင့် ကြာဖြူ...။ တူဝရီးတစ်တွေ ဘယ်များသွားကြမှာပါလိမ့်။ …ဖြူက လှည်းရပ်သည်နှင့် လှမ်းခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ လာလေ...လာ ဆရာမ တက်...ရွာဘုံက ကော်ဇောကြီး ခင်းလာတာ မပေဘူးရယ်..."

"ဘယ်ကိုတုံး ကြာဖြူရဲ့..."

"ဆရာမ မတ္တရာသွားမှာဆို..."

မပုန်းရည် မျက်နှာမထားတတ်အောင် ဖြစ်ခဲ့ရပြီ။ ညက မကြာဉကို လှည်းကိစ္စ ပြန်ဖျက်ပြီးသား။ ဘယ်လိုကြောင့်များ ကိုကြာစွယ့်လှည်းက ရောက်လာရတာပါလိမ့်။ မကြာဉက မနက်စောစော အိပ်ရာထအပြန် မပြောမရှိ ပြောမှာ သေချာသည်။

"ကြာဖြူရယ်...အားနာစရာဖြစ်နေပြီ...ညက မကြာဉကို လှည်းမစီစဉ်နဲ့တော့လို့ ဆရာမ ပြောလိုက်ပြီးသားလေ...ဆရာမ ကားကြုံရှိတာနဲ့ ဖျက်လိုက်တာ...မကြာဉက မပြောဘူးလား..."

"မမလေးက ဆရာမအိမ်ကအပြန် ဒေါ်လေးဝဲစိန် လေနာလို့ အိမ်မဝင်ဘဲ တန်းပြေးတာ ဆရာမရဲ့...သည်မနက် မတွေ့လိုက်ရဘူး..."

"အို..."

ကိုကြာစွယ်က ဘာတစ်ခွန်းမှမပြောဘဲ လှည်းကို တောင့်ထားဆဲ။ လှည်းပေါ်တက်လျှင် ပို့မည်။ မတက်လျှင် ပြန်မည်ဆိုသည့်မျက်နှာ။ လူကလည်း အဝတ်သစ်အစားသစ်တွေနှင့်။ တစ်ကြိမ်တစ်ခါမှ ဝတ်တာမမြင်ဖူးသော စပို့ရှပ်အင်္ကျီ အစင်းကျားကြီးနှင့်။ လည်ပင်းမှာလည်း ရွှေဆွဲကြိုးကုံး တုတ်တုတ်ကြီး ဆွဲလို့။ နကန် (နွားရိုက်တုတ်တံ) ကို ကိုင်ထားသည့်လက်မှာလည်း လပ်ကီးချိန်းကြီးက တလှူပ်လှူပ်။ ကိုကြာစွယ်ကို လှမ်းကြည့်ပြီး မပုန်းရည်မှာ ရယ်ချင်စိတ်ကို မနည်းဖိထားရတော့၏။

အင်ဂျင်နီယာ မောင်းလာသော ကားကလည်း လှည်းရှိနေသဖြင့် ခပ်လှမ်းလှမ်းမှာရပ်ရင်း မပုန်းရည်ကို လှမ်းကြည့်နေသည်။ မပုန်းရည် ဘာလုပ်ရပါ့။ ကိုကြာစွယ်ကို ကြည့်လိုက်တော့ မပုန်းရည်ကို ငေးနေသည်။ ရွာထဲကို ယောကျ်ားသားတစ်ယောက်နှင့် အတူဖြတ်ရမှာ မရှက်သော်လည်း သည်တူဝရီးရှေ့မှောက်မှာ ကားပေါ်တက်ဖို့ဆိုတာ တစ်စုံတစ်ရာ ခြောက်လှန့်သလို ခံစားမိရပါ၏။

လှည်းကလည်း တောင့်လို့။ ကားကလည်း ရပ်လို့...။

◆

(၈)

မပုန်းရည်ခမျာ ကားပေါ် ဇွေ့ခနဲ တက်လာပြီးမှ လှည်းသမားကို သနားသည့်ကိန်း ဆိုက်ခဲ့ရလေပြီ။ ညက မကြာဉကို လှည်းမပြင်တော့ရန် မှာခဲ့သော်လည်း မကြာဉကိုယ်တိုင်က အကြောင်းကိစ္စ ရှိလာတော့ ကိုကြာစွယ့်ကို အချိန်မီ ...သာ ဖြစ်ခဲ့ရသည်။ မပုန်းရည်ကို မတ္တရာပို့ရမည်ဆိုတော့ ကိုကြာစွယ် ...ပုံရပါ၏။ ရှိသမျှရွှေထည်တွေ ထုတ်ဝတ်ထားတာကပင် ရယ်စရာလို့ မပုန်းရည် ...ခဲ့မိသည်။ မရိုးမသားစိတ်မဟုတ်။ မတ္တရာလိုမြို့ကို ရွာကျောင်းက ဆရာမ ...ယောက် အရောက်ပို့ရမည့်အရေးသည် ကိုကြာစွယ့်အဖို့ရာ ကိစ္စကြီးဖြစ်သည်။ ...ကိုယ်တိုင်ကလည်း သပ်သပ်ရပ်ရပ်ရှိပါမှ လေးစားရာရောက်မည်ဟု တွေးပုံရသည်။ ...ရွှေစကလေး ဆင်ပါမှ လူရိုသေ ရှင်ရိုသေ ဖြစ်လိမ့်မည်လို့လည်း စိတ်ကူးခဲ့ဟန် ...သည်။ ရင်ဘတ်မှာ ဆွဲကြိုးပြားပြားကြီးတစ်ကုံး ချိတ်လိုက်လို့။ လက်မှာက ...ကီးချိန်းကြီး တဝင်းဝင်းနှင့်။ လူထက် ရွှေတွေက ကန့်ထွက်နေပါ၏။ လူက ...မောင်းမောင်း။ ရွှေက ပြိုးပြိုးပြောင်ပြောင်။ ခေါင်းမှာ လိမ်းထားသည့် ဆီတွေက ...ပေါ်မှာ စီးကျနေလိုက်သေးသည်။ အင်္ကျီက ခေါက်ရိုးကျ။ ပုဆိုးက မာကြွပ်ကြွပ်။

ကိုကြာစွယ်တို့ တူဝရီးကို အားနာလှစွာပင် မပုန်းရည် ထားခဲ့ရသည်။ ...နှင့် သွားချင်လွန်းလှ၍တော့ မဟုတ်ပါ။ အင်ဂျင်နီယာ ကိုမျိုးသွင်က အားနှင့် ...ကြိုပါမည်ဆိုတာကို လက်ခံလိုက်မိခြင်းနှင့်အတူ ပျားလား၊ ပိတုန်းလား မကွဲခဲ့မိ ...လည်း မပုန်းရည်၏ မပြတ်သားမှုပင်။ မကြာဉကို မှာလိုက်သည့် စကားက

www.burmeseclassic.com

www.burmeseclassic.com



ကိုကြာစွယ်ဆီ အချိန်မီ ရောက်မသွားလေတော့ ကားရော လှည်းပါ အချိန်ကိုက် လာဆုံခဲ့သည်။ မှန်တာ ဝန်ခံရလျှင် ကိုကြာစွယ့်ကို မပုန်းရည် အလွန်အားနာမိသည်။ အားနာတာတင် မကပါဘူးလေ၊ အမည်မဖော်နိုင်သော ခံစားမှုတစ်မျိုးပင် ရှိနေခဲ့သည်။ သနားတာလား၊ ငဲ့ညှာတာလား၊ စိတ်မကောင်းဖြစ်တာလား မပြောနိုင်သည့် ခံစားမှုမျိုးပင်။ ကိုမျိုးသွင်ကလည်း စေတနာနှင့် လာကြိုသူ။ မရှိမသား မရှိ။ မတ္တရာကို သူလည်း သွားမည်။ ကိုယ်ကလည်း သွားချင်သည်။ သွားမည့်သူနှင့် သွားချင်သူ သည်တိုက်ဆိုင်မှုအရ လိုက်ခဲ့ရန် ခေါ်ခြင်းသာ ဖြစ်၏။

"ကျွန်မ ကိုကြာစွယ့်ကို အားနာလိုက်တာရှင်…စိတ်ထဲ မကောင်းလိုက်တာ"

ကားထွက်လာပြီး တာလမ်းမကြီးပေါ် ရောက်တော့ ရင်ထဲက စကားကို မပုန်းရည် လှစ်ခနဲ ဖွင့်ဟလိုက်မိပါ၏။ ကိုမျိုးသွင်က မပုန်းရည်ကို ငဲ့ကြည့်သည်။ ဘာကိုဆိုလိုမှန်းပင် သိပုံမရ။

"ဘယ်က ကိုကြာစွယ်လဲ ဆရာမရဲ့…"

"သြော်…လှည်းဆရာ ကိုကြာစွယ်ပါ…သူက ကျွန်မကို မတ္တရာလိုက်ပို့ဖို့ လာတာလေ၊ ကျွန်မကလည်း လိုက်မပို့နဲ့တော့ မှာထားပြီးသားပါ… စကားမရောက်တော့ သူ့ခမျာ လာရှာတယ်…ဘယ့်နှယ်များ ထင်မယ် မသိဘူး"

"လှည်းသမားပဲဗျာ…မသွားဖြစ်တော့လည်း လှည့်ပြန်လိမ့်မပေါ့…အေ စောက လူလား…၊ ရွှေဆွဲကြိုးကြီးနဲ့…သူက ဘာတုံး နတ်ကတော် လား…"

ကိုမျိုးသွင်စကားကို ရယ်ချင်မိသော်လည်း မရယ်မိပါ။ အင်္ဂျင်နီယာကလေး၏ လေသံထဲမှာ ခပ်ပေါ့ပေါ့လေသမ်းနေတာကို မပုန်းရည် မကြိုက်။ တစ်ခုခု ပြန်ပြောဖို့ပြင်ပြီးမှ အသာကလေး ငြိမ်နေလိုက်သည်။ ကိုကြာစွယ့် မျက်နှာပြားပြားကြီး မှာ ရှက်ရွံ့သွားတာ၊ ယူကျုံးမရဖြစ်သွားတာ၊ မျက်နှာညိုးသွားတာ၊ အရိပ်ကလေး တစ်ခုခုတော့ သမ်းသွားသလိုလို။ ဟုတ်ချင်မှလည်း ဟုတ်မည်။ ကိုကြာစွယ့်မျက်နှာ ညိုညစ်ညစ်ကြီး ညှိုးသွားတာတော့ မပုန်းရည် သတိထားခဲ့မိသည်။ ဆိုင်လေသလား ခဆိုင်လေသလား မသိ။ မပုန်းရည် သိပ်ကြိုက်သော ဆရာကြီး မင်းသုဝဏ်၏ နှင်းဆီပွင့်ကဗျာကို ဖျတ်ခနဲ သတိရလိုက်သည်။ ကိုကြာစွယ် ခူးလာသည့် 'ခရေ' မပန်ဖြစ်လိုက်ရသလိုပါပဲလား။



'မနက်တုန်းဆီက ကြော့ဆုံးကို မောင်မြင်တော့…သူ့ဆံမှာ နှင်းဆီပွင့် တွေနဲ့…ဂုဏ်တင့်တယ်လေး…'

မတ္တရာကို လှည်းကြုံလိုက်ပို့ဖို့သည့်သတ္တိကိုပင် မပုန်းရည် ဝမ်းသာရသည်။ ...သူ ကြာဖြူကိုတော့ တင်လာခဲ့သေးသည်သာ။ အမြင်တင့်အောင် ခေါ်လာခြင်း ...လိမ့်မည်။ ကြာဖြူပါတော့ မိန်းမဖော်ပါသည့်သဘော ဆောင်သည်။ သူ့ဘက်က ...မှုကို ပြချင်တာပါသလို၊ သူကိုယ်တိုင်ကလည်း မပုန်းရည်နှင့် နှစ်ယောက်တည်း ...စီးပုံမရ။ တောသူတောင်သားတွေဆိုတော့ မာယာတွေမရှိ။ သူတို့ တွေးသည့် ...က ရိုးသားမှုပေါ်မှာ အခြေခံတာ သေချာသည်။ မပုန်းရည်အဖို့ ဂျစ်ကား ...ကြီး အမြဲရှိနိုင်တာမဟုတ်။ ကိုကြာစွယ့်လှည်း၊ ဒါမှမဟုတ် ရွာ...ည်းတစ်စီးစီးက ...နေသရွေ့ အမြဲစီးရမည့်ယာဉ် မဟုတ်လား။ မပုန်းရည် ရွေးချယ်ခဲ့မိတာ မှားပြီ ...ပါရဲ့။

"ဘာတွေများ စဉ်းစားနေတာလဲ ဆရာမရဲ့"

"ဘာရယ်မဟုတ်ပါဘူးရှင်…ကျောင်းကိစ္စ စဉ်းစားနေတာပါ"

"ကျောင်းက ဘာဖြစ်လို့လဲ"

"ဘာမှတော့ မဖြစ်ပါဘူး…ရွာကျောင်းကလေးဆိုတော့ ပြည့်စုံနိုင်ခဲတယ် မဟုတ်ဘူးလားရှင်"

ကိုမျိုးသွင်က ဘာမှ ဆက်မပြောတော့ဘဲ ရှေ့ကိုသာ ကြည့်ရင်း ကားမောင်း ...သည်။ သည်ရွာ သည်ဒေသကို ရောက်ခဲ့တာ မကြာသေးသော်လည်း စိုစိုစိမ်းစိမ်း ...သော မြင်ကွင်းတွေကြောင့် မပုန်းရည် ရွှဲလမ်းခဲ့ရသည်။ မတ္တရာနယ်သူ နယ်သား ...ရော၊ မတ္တရာဝန်းကျင် ကျေးရွာတွေပါ မြင်ရသမျှတော့ အချိန်ရှိသမျှ အလုပ်လုပ် ...သူတွေချည်း ဖြစ်သည်။ ရိုးသားကြသူတွေချည်း ဖြစ်သည်။ တစ်ဝမ်းတစ်ခါး ...တွေထဲများတော့ ပူစရာမရှိသည့် ရွာတွေ။ ဥယျာဉ်ခြံကြီးတွေ၊ သီးပင်စားပင်တွေ၊ ...ခြံကြီးတွေကလည်း ညို့ညို့ကြီး သန်စွမ်းကြလှသည်။ ရှေးက သည်ရွာတွေက ...သမျှ သစ်သီးဝလံတွေ၊ ဟင်းသီးဟင်းရွက်တွေ အားလုံးလိုလို မန္တလေးကို ...ကြသည်ဆို၏။ မတ္တရာဘက်ကစီးသော ရွှေတချောင်းက မန္တလေးကို ဒုတ်ဒုတ်ထိ ...အောင် ပို့နိုင်သည့် ရေရှင်ချောင်း ဖြစ်သည်။ မန္တလေးမြောက်ဘက် မတ္တရာ ...က သစ်သီးတွေ မန္တလေး မလွန်ဈေးကို ရောက်ခဲ့ကြသတဲ့။ သြောင်ကုန်းနယ်၊ ...တုန်းနယ်က သားငါးတွေလည်း ရွှေတချောင်းကပဲ မန္တလေးကို ...ကြသတဲ့။ ...ပိုင်နယ်က ဆန်တွေကကော၊ ရွှေတချောင်းကပဲ သွားခဲ့ကြသည်။ "ကျုပ်တို့နယ်

www.burmeseclassic.com

www.burmeseclassic.com



က မြေကလည်း မှန်၊ ရေကလည်း သန့်တဲ့အရပ်ဆိုတော့ ဘယ်ကြည့်ကြည့် စိမ်း နေတာ" လို့ ပြောဖူးသည့် ဆရာကြီး ဦးခင်ဇော်၏ မှတ်ချက်ကို မပုန်းရည် မငြင်းသာ

"ဆရာမ သည်နယ်ကပဲလား..."

"မဟုတ်ပါဘူးရှင်... ရန်ကုန်ဘက်ကပါ..."

ကိုမျိုးသွင်က ကောက်ကာငင်ကာ မေးလာတော့ မပုန်းရည်ကလည်း တသောကမျော ဖြေလိုက်ရသည်။ တွေးနေသည့် စိတ်ကလေးပင် လွင့်စဉ်သွားခဲ့သည် ဟုတ်တော့ ဟုတ်ပါရဲ့။ သူ့ကားပေါ် စီးလာပြီးမှ ငုတ်တုတ်ငေါင်းစင်းကြီး ထိုင်နေ ကလည်း မတော်။ စကားတော့ ရှိရမှာပေါ့။ ကိုအင်ဂျင်နီယာခများလည်း စကား များများ ရှိပုံမရ။ မပုန်းရည်၏ ကျောင်းဆရာမ လုပ်သက်ကို မေးသည်။ လုပ် ကိုင်ရတာ အဆင်ပြေရဲ့လား မေးသည်။ ရန်ကုန်ကို မလွမ်းဘူးလားဆိုတာပင် ပါလိုက် သေးသည်။ မပုန်းရည်ကလည်း အလိုက်တသင့်ပင် စကားပြန်ရပါ၏။

"ကျွန်တော့်အဒေါ်တစ်ယောက်ကလည်း ကျောင်းဆရာမပဲ ဆရာမ ကျွန်တော့်မိဘများက မန္တလေးကပါ... ကျွန်တော်တို့ညီအစ်ကိုက အဒေါ် လက်ထွက်တွေပဲ ဆရာမရဲ့... အဒေါ်ကျေးဇူးကြောင့် ညီအစ်ကိုနှစ်ယောက် စလုံး အင်ဂျင်နီယာတွေ ဖြစ်ခဲ့ကြတာဆိုပါတော့... ဆရာမ မိဘများကရော ရန်ကုန်မှာပဲလား..."

"ရန်ကုန်ကလို့ပဲ ဆိုပါတော့ရှင်... တကယ်က တောသူတောင်သားတွေ ပါပဲ... ကျွန်မအမေရဲ့ဇာတိက ခရမ်းသုံးခွဘက်က ကျွန်မရဲ့ ဦးကြီး ဘကြီးတွေက လယ်ယာလုပ်ကြတာပါ... ကျွန်မက ရန်ကုန်မြို့ကြီးသူ မဟုတ်ပါဘူး... ကွင်းထဲ လယ်ထဲ ကြီးပြင်းခဲ့ရတဲ့ တောသူပါပဲရှင်..."

"စန္ဒကူးသစ်မျိုးဟာ တောထဲ တောင်ထဲမှာပဲ ပေါက်တယ်ဆိုသလိုပဲ၊ ကွင်းထဲ လယ်ထဲမှာ ကြီးပြင်းခဲ့ရတဲ့ တောသူဆိုပေမယ့် ဒေါ်ပုန်းရည်က မြို့သူတွေ လိုက်မမီအောင် လှလွန်းပါရဲ့... ကျွန်တော် ရိုးရိုးသားသား ပြောတာပါ"

"ကျေးဇူးတင်ပါရဲ့ရှင်... ...ယောကျ်ားသားများက ချောတယ်ပြောရင် မိန်းမသားများက ဝမ်းသာရတာ မဟုတ်ပါလားရှင်... ဘဝင်တောင် မြင့်ချင် လာပြီ"

တစ်ဖက်သားစကားက ရိုးလေသလား၊ မရိုးလေသလား မသိရသော်လည်း မပုန်းရည်ကတော့ အလိုက်သင့် ပေါ့ပေါ့ပါးပါး ဖြေလိုက်ပါ၏။ ကိုမျိုးသွင်က ကားမောင်းရင်းဖြင့် မသိမသာ လှည့်ကြည့်တာကိုလည်း မပုန်းရည် စိတ်က သိနေ



...မပုန်းရည်ကို ချောကြောင်း လှကြောင်း ပြောကြတာတွေ ကြားခဲ့ရဖူးပြီ။ ...သားချင်းကပင် သည်စကားမျိုး ပြောတတ်ကြသည်။ အထူးသဖြင့် ကျောင်းစိမ်း ...ကလေးနှင့်ဆိုလျှင် ကျက်သရေရှိသည်ဟု ဆိုကြပါ၏။ သည်အရွယ် သည် ...နှင့်ဆိုတော့လည်း မေတ္တာဝင်ချင်သူတွေ ရှိခဲ့တာလည်း အမှန်ပင်။ 'ချစ်စို့ကွယ် ...ကြိုက်စို့ကွယ်... ကမ္ဘာမြေ မြေစာကတုံးတောင် မှန်နိုင်ဘူးလေ... မောင့် သက်ဆေ ...ကြိုးရယ် စုးစေ့... စိန္တေ' ဆိုသူတွေကိုလည်း မပုန်းရည် ကြုံခဲ့ရပါ၏။ ...ရည်ကလည်း 'စုကန္တာ နေပူခရီး ဘယ်ထီးမှ ပျိုမဆောင်း' ဆိုရ လောက်အောင် ...တည်ခဲ့သည်။ မပုန်းရည်မှာလည်း ကိုယ့်ဘဝနှင့်ကိုယ် မဟုတ်လား။ လူတိုင်း ...တဝတွေ ရှိကြသလို မပုန်းရည်မှာလည်း ရှိသည်။ သို့သော် မပုန်းရည်ဘဝက ...ပြောချင်သော ဘဝမျိုးလို့ ဆိုရလေမလား။ ကျေးဇူးရှင် မိအို ဖအိုနှင့် တူ ...လေးများထက် ဘယ်အရာကမှ အလေးမသာခဲ့။ သည်လိုဆိုပြန်တော့ 'မြင်လယ် ...လှဖက်ကို ရွှေလက်တော် ကိုင်ကာမိုးလို့... မိုးကာလှည့် မောင်' ဆိုတာမျိုး ...ခဲ့ဆိုပုံခဲ့။

"ဘဝင်မြင့်မယ်ဆိုလည်း မြင့်လောက်ပါရဲ့ဗျာ... ရိုးရိုးကလေးနဲ့ ယဉ်တဲ့ အလှ... ကျက်သရေရှိတဲ့ အလှမျိုး ရှားတယ်... ကျွန်တော်က ခုမှခင် ခုမှသိ ဆိုတော့ ဆရာမ တစ်မျိုးတော့ မထင်ပါနဲ့ခင်ဗျာ..."

"မထင်တတ်ပါဘူးရှင်... ကျွန်မက ဦးမျိုးသွင်ကို မတွေ့ရရောက်ရင် ဘာကျေးရမလဲလို့ စဉ်းစားနေတာပါ..."

"ခေါက်ဆွဲကြော်လောက်ဆို တော်ပါပြီဗျာ ဟား... ဟား... ဟား..."

"အအေးကလေး တစ်ခုခု မှာပါဦးရှင်..."

မပုန်းရည်က တကယ်ကျေးနေသည့် ပုံမျိုးနှင့်ဆိုတော့ ကိုမျိုးသွင် ရယ်လေ ...။ "ဆရာမ မဆိုးဘူး ဟာသရှိတယ်"ဟု ဆိုလိုက်သေး၏။ မပုန်းရည်က ...ပေါ်ပါးကလေး နေပြလိုက်တော့ ကိုမျိုးသွင်လည်း အနေချောင်သွားပုံရပါသည်။ ...သွင်က ကားပေါ် တင်ခေါ်လာပြီးမှ အပိုင်ရည်းစားစကားပြောတာမျိုးတော့ ... မဟုတ်မှန်း မပုန်းရည်သိပါ၏။ ကိုယ့်ကို ချောတယ်၊ ယဉ်တယ်၊ ကျက်သရေ ...တယ် ပြောလာတဲ့ ယောကျ်ားတစ်ယောက်ကို စိတ်ဆိုးဖို့ဆိုတာလည်း ခက်တော့ ...ပင်။ မပုန်းရည် ရယ်လည်းရယ်ချင်မိ၏။ ရှေ့က စာကဗျာကလေးတစ်ပုဒ် ...လည်း သတိရနေခဲ့ ပြန်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



'ရွှေလမှုန်မှုန် ပန်းခုံဝဆီက

ခေါင်းမြီးခြုံကာ လှုပ်ပြပါလို့

ည ညကိုတဲ့ အချိန်မတော် ချိုးမှုတ်လို့ခေါ်

ဘယ့်နှယ်ကြံလို့ ဗျာဆဲဝိုက်ကယ် ဆင်းလိုက်ရမနော်...'

မပုန်းရှည်ဘဝမှာ ခေါင်းမြီးခြုံ လှုပ်ပြသူတွေ ရှိခဲ့ကြပါရဲ့။ ချိုးမှုတ်လို့ ခေါ်ကြသူတွေလည်း ရှိခဲ့ကြပါရဲ့။ သို့သော် မပုန်းရှည် မဆင်းသာခဲ့တာ များပြီ အခုလည်း ခေါင်းမြီးခြုံ လှုပ်ပြလေရော့သလား။

ကိုမျိုးသွင်က လမ်းတစ်လျှောက် စာအကြောင်း၊ ကဗျာအကြောင်းတွေ ပြောဖော်ရလို့ ဝမ်းသာရသည်။ အထူးသဖြင့် မပုန်းရှည်နှစ်သက်သည့် စာကဗျာကလေးတွေ ဖြစ်နေတာမို့ပင်။ နတ်ရေကန်မှာ စာကဗျာအကြောင်း ပြောဖော် အဖော်အဖက်မရှိသလို ဖြစ်နေရသည်။ ဆရာကြီးကလည်း ခေတ်စာ ခေတ်ကဗျာရယ်လို့ ဖတ်တာမဟုတ်။ ဒေါ်မြင့်မြင့်စိန်ကတော့ ပိုဆိုးသေးသည်။ မဂ္ဂဇင်းတစ်စောင် ချထားလို့ တော်ကာမော်ကာ ကောက်ကြည့်တာကလွဲလို့ စာတစ်ပုဒ် ဟုတ်တိပတ်တိ မဖတ်၊ မောင်တက်လူကတော့ မဆိုးလှ။ ပြောလို့ ဆိုလို့ ရသေးသည်။ မပုန်းရှည် သယ်လာခဲ့သည့် စာအုပ်တွေ ငှားဖတ်ဖော်ရလို့ ဝမ်းသာရသည်။ သို့သော် ဖတ်ပြီး တော့လည်း ဘာမှ မေးမရ။ ကောင်းသည် ဆိုးသည်လို့လည်း မရှိ။

"မောင်တက်လူရယ်...စာဆိုတာ ဖတ်ပြီးရင် ပြီးသွားတာ မဟုတ်ဘူး ဖတ်ပြီးသမျှ တွေးရ တောရ ဆင်ခြင်ရတယ်...တွေးတောဆင်ခြင်တယ် ဆိုတာ အသိဉာဏ် ရင့်သန်ဖို့ လေ့ကျင့်ခန်းယူတဲ့ သဘောပဲ...ဆရာကြီး ဇေယျက စာအုပ်အဟောင်းဆိုင်ကလေးတွေမှာ သူကိုယ်တိုင် စာအုပ်တွေ ရှာဖတ်ခဲ့ရတာကို ရေးတယ်...'စာအုပ်အဟောင်းဆိုင်များသည် ဆင်းရဲသား များ၏ တက္ကသိုလ်ပင်' တဲ့...ကိုယ့်အသိဉာဏ်ထက် ကောင်းတဲ့ လမ်းပြ ရှေ့ဆောင်ဆိုတာ မရှိဘူးတဲ့...စာတော့ဖတ်ပါရဲ့...မဝေဖန် မပိုင်းဆစ်ဘူး ဆိုရင် စူးကောင်းဆောက်ကောင်းတော့ ရှိပါရဲ့...သစ်ကောင်း ဝါးကောင်း မရှိလို့ အထည်ရုပ်ဝတ္ထု မဖြစ်ရသလိုပဲတဲ့..."

ပြောသာပြောရတာပါ။ မပုန်းရှည်အတွက် နောက်ထပ် ဖတ်ချင်လို့ စာအုပ် မရှိတာ ကြာပြီ။ ကံကောင်းချင်တော့ ဘုန်းကြီးကျောင်းမှာ ဆရာတော်က စာပေဗိမာန် အသင်းဝင်ထားတော်မူ၍ ပြည်သူ့လက်စွဲစာစဉ်တွေ ဗီရိုကြီးနှင့်တစ်လုံး ရှိသည်။



...ရှည်အတွက်တော့ စာပေဘဏ္ဍာတိုက်ကြီး ဖြစ်ရပါ၏။ ဆရာတော်ကို လျှောက် ...ကာ တစ်အုပ်ချင်း ယူဖတ်ခဲ့တာပင် များလှပြီ။ ဆရာတော့်စာအုပ်တွေက နတ် ...ကန်ကို တိုက်ရိုက်ရောက်လာတာတော့ မဟုတ်ပါ။ ဆရာတော် စာသင်သား ...ဘ သီတင်းသုံးခဲ့သည့် မန္တလေးမြို့ပေါ်ရှိ ကျောင်းတိုက်က လိပ်စာနှင့် ရောက်လာ ...ခြင်းဖြစ်၍ ဆရာတော် မန္တလေးကြွပါမှ စာအုပ်တွေ ပါလာတတ်သည်။ ...ခါတလေတော့လည်း မန္တလေးမှ ရဟန်းကြွ၊ လူကြွနှင့် ပါလာလေ့ရှိသည်။ ...အုပ်တွေမှာ ဆရာတော်က ကိန်းဂဏန်းထိုးကာ နတ်ရေကန်ကျောင်းဆရာတော် ...ဒိုင်လ ဆိုသည့် တံဆိပ်ဝိုင်းကြီး စာအုပ်အနံ့ ရိုက်ထားတတ်သည်။

ကိုမျိုးသွင်က တာပေါင်တစ်ဖက်တစ်ချက်ရှိ လယ်ကွင်းတွေကို ငေးမော ...ဘ လယ်ကန်စွန်းနွယ်ကလေးတွေကို မျက်စိရောက်ရာက ဆရာဇေယျ၏ ...အကြောင်း ရောက်သွားကြခြင်း ဖြစ်သည်။ ဆရာဇေယျ၏ ကန်စွန်းနွယ်၊ ...ဘ အလုပ်၊ ယင်းတိုက် နရိုန်၊ သခွပ်ပွင့်ချိန်တွေကို ထဲထဲဝင်ဝင် ပြောနိုင်သည်။ ...ရှည် စွဲလမ်းခဲ့ရသည့် စာတွေပင်။ မပုန်းရှည်က တချို့အပိုဒ်တွေကို ရွတ်ပြ ...ဖြင့် ကိုမျိုးသွင်က အံ့သြနေခဲ့သည်။

"ဆရာကြီးစာတွေက အေးဆေးသလောက် ရိုးရှင်းလွန်းလို့ ကျွန်မဖြင့် ဖတ်ရတာ သိပ်ကို စိတ်ချမ်းသာရတယ်...ဆရာကြီးက စကားကိန်းကြီး ခန်းကြီးတွေ မသုံးဘဲ ရေးပြတော့ ကျွန်မတို့ရင်ထဲ ရောက်တာပေါ့"

"အေးဗျ...ဆရာမပြောမှ ကျွန်တော်လည်း သတိထားမိတယ်...ရိုးရိုးကလေး သုံးနှုန်းပြသွားတာ ချစ်စရာလည်း ကောင်းတယ်နော်...ဆရာမကို ကျွန်တော် လေးစားသွားပြီဗျာ...ကျောင်းဆရာမတွေ အထူးသဖြင့် မပုန်းရှည်တို့လို ကလေးတွေနဲ့ လက်ပွန်းတတီး နေရတဲ့ မူလတန်းပြဆရာမလေးတွေ သည်လို စာကဗျာကလေးတွေ ရွတ်တတ် ရှင်းပြတတ်တာ သိပ်ကောင်းတာပဲ... ကလေးတွေရင်ထဲ နူးညံ့တဲ့ ခံစားမှုတွေ ရောက်တာပေါ့ဗျာ..."

"ကျွန်မခဲအိုက သိပ်စာဖတ်တာ...သူ့ကျေးဇူးကြောင့် ကျွန်မ စာအုပ်တွေကို ချစ်တတ်သွားတာရှင့်..."

"ကျွန်တော်လည်း ဟိုတုန်းက စာသိပ်ဖတ်တာ...အခုနောက်ပိုင်းတော့ အရင်ကလောက် မဖတ်ဖြစ်တော့ပါဘူး...ဒါပေမဲ့ စာအုပ်တွေတော့ သွားလေရာ ပါတုန်းပဲ..."

"ဘာစာအုပ်တွေလဲ...ကျွန်မ ဖတ်ချင်ပါတယ်ရှင်...ငှားနိုင်ရင် ငှားပါ"

www.burmeseclassic.com

www.burmeseclassic.com



"အချစ်ဝတ္ထုတော့ မပါဘူး ဆရာမရဲ့...ဆရာမ ဖတ်ချင်မှာ မဟုတ်ပါဘူး"

"ကျွန်မကလည်း အချစ်ဝတ္ထု မဖတ်ပါဘူးရှင်...အချစ်ဝတ္ထုများတော့ သ... တစ္ဆေဝတ္ထုလောက်တောင် မကြိုက်ဖြစ်ပါဘူး..."

ကိုမျိုးသွင်ဘက်က စကားမလာပြန်တော့။ မတ္တရာဝင်ခါနီးပြီ။ မြို့ရိပ်ကို... တွေ့နေရပြီ။ မြို့အဝင်က ဒေါက်တာစော ဆေးခန်းကို တွေ့တော့ ကျော်လင်း... ဒထိရာလာပြတာကို သတိရမိသည်။ မြို့လယ်လမ်းကို ကားတင်လိုက်သည်နှင့် ရုံး... ခုံတိုက်ဆက်တိုက် တွေ့ရပြီ။ မြို့နယ်ပညာရေးမှူးရုံးရှေ့ရောက်တော့ မပုန်းရည်... ကားရပ်ပေးသည်။

"ကျွန်တော့်အလုပ်ကိစ္စပြီးရင် သည်ကိုပဲ လာခေါ်မယ်ဆရာမ...ဆရာ... လည်း အချိန်ရတာပေါ့...ကျွန်တော်က လေးနာရီလောက်ဆို အလုပ်ကိ... ပြတ်မှာပါ..."

မပုန်းရည် စဉ်းစားရပြီ။ ကားကြုံနှင့် မတ္တရာလိုက်လာခွင့် ရတာကို... ကျေးဇူးတင်ရပါ၏။ အပြန်ခရီးကတော့ မီးရထားစီးလျှင်လည်း ဖြစ်သည်။ ရွာလှည်း... မဟုတ်တောင်မှ အဖော်ဆရာမတွေနှင့် ဆက်စပ်ပြီး ပြန်ရင်လည်း ဖြစ်နိုင်သည်... ဘာပဲဖြစ်ဖြစ် မပုန်းရည် ကားကို မျှော်မနေချင်။ မြို့နယ်ပညာရေးမှူးရုံးမှာ အစည်းအဝေး... တက်၊ လစာစောင့်ထုတ်ရင်း သူငယ်ချင်းဆရာမများနှင့်တွေ့ကာ စကားစမြည် ပြော... ရုံသား။ နှုတ်ဆက်ကြရုံသာ။ နေ့လယ်စာကို မတ္တရာဈေးထဲမှာ တစ်ခုခု သွားစားမည်... ဆရာမများနှင့်အတူ လက်ဖက်ရည်ဆိုင် ထိုင်ချင်ထိုင်မည်။ မပုန်းရည်က ကားနှင့်လာ... ကားနှင့်ပြန်သတဲ့ ဆိုတာမျိုး မဖြစ်ချင်တာလည်း ပါပါ၏။

"လိုက်လာရတာကိုပဲ ကျေးဇူးတင်ပါတယ် ကိုမျိုးသွင်ရယ်...ကျွန်မ... လည်း ဘယ်အချိန်ရယ် ဘယ်အခါရယ် ပြောရခက်ပါတယ်...ကျွန်... အစီအစဉ်နဲ့ ကျွန်မ ပြန်ပါ့မယ်...ရန်ကုန်က အတူလာခဲ့ကြတဲ့ သူငယ်ချင်း... ဆရာမတွေနဲ့လည်း တွေ့ချင်သေးတယ်...ကျွန်မကို မစောင့်ပါနဲ့တော့"

"မဟုတ်တာဗျာ...ဆရာမ ဘာနဲ့ပြန်မှာလဲ...လှည်းကြုံဆိုတာ သေချာ... မှ မဟုတ်ဘဲ...ရထားကလည်း မိုးချုပ်မှာပါဗျာ..."

"အပြန်တော့ မလိုက်တော့ပါဘူးရှင်...ကျွန်မ အေးအေးဆေးဆေး နေချင်... သေးလို့ပါ...ကျေးဇူးတင်ပါတယ်နော် ကိုမျိုးသွင်..."

မပုန်းရည် လှည့်ထွက်လာခဲ့သည်။ ကိုမျိုးသွင်က ကားကို ပေရပ်နေသေး... သည်။ မပုန်းရည် လှည့်ထွက်သွားသည်အထိ စောင့်ကြည့်ပြီးမှ ဆက်မောင်းသွား... ခဲ့သည်။ မပုန်းရည် လှည့်ကြည့်လိုက်တော့ ကားကလေးပင် ဝေးသွားပြီ။ ရိုင်းရာများ...



...လေရောသလား။ အပြန်တော့ မပုန်းရည် မလိုက်ချင်တာအမှန်။ ဘယ်လိုပြန်ရ... ...လဲ ဆိုတာကလည်း တကယ်တမ်း ပြောကြကြေးဆိုလျှင် သေချာလှတာတော့ ...တ်။ ရှိပါစေတော့။ တစ်နည်းနည်းနဲ့တော့ ရွာကို ပြန်ရောက်သွားမှာပါပဲ။

ပညာရေးမှူးရုံးထဲကို ဝင်လိုက်တော့ မပုန်းရည်လို ဘဝတူ ဆရာမလေးတွေ ...ပြီးဖြောက်ဖြောက် ရောက်နေကြပြီ။

၈

မန္တလေး–မတ္တရာ မီးရထားလမ်းဘေးက ရွာကျောင်းဆရာမကလေးများ၏ ...ဘတ်လမ်းတွေကို ကြားရတော့ မပုန်းရည် ရင်မောရပါ၏။ ရွာနေ ဆရာမကလေး ...များ၏ ဇာတ်လမ်းကလည်း ပျော်စရာ မောစရာ။ ကားလမ်းဘေး ကျောင်းတွေက ဆရာမလေးတွေကလည်း သူတို့ခံစားချက်နှင့် သူတို့ပင်။ သူ့ဒုက္ခ ကိုယ့်ဒုက္ခ စလယ် ...တောင်းနှင့် ခွဲတောင်းသာ ကွာလိမ့်မည်။ ဆရာမတစ်ယောက် ရွာကျောင်းတွေဆီ ...ရောက်ဖို့ လုံးပန်းရတာတွေကပင် ကရိကထ အများသား။

ဆရာမ ဒေါ်ထူးထူးဆိုလျှင် မန္တလေး အနောက်တောင်စွန်းက ဧရာဝတီမြစ် ...ဘေးက ချော်ဆိပ်ရပ်မှာ နေသူဖြစ်ပါ၏။ မန္တလေး အရှေ့မြောက်စွန်းက မတ္တရာ ...ရထားစီးနိုင်ဖို့ မနက်စောစောကြီး ထရသည်။ မန္တလေးလမ်းမတွေပေါ်မှာ ပဲပြုတ်သည် ...ဝင် ခြေမရှုပ်ကြသေးချိန်။ ဘူတာကို ရောက်ရဖို့ မိုးမသောက် အရိပ်မပြေးခင် ...လေးမြို့ကြီးကို ကန့်လန့်ဖြတ် စက်ဘီးနင်းခဲ့ရသည်။ စက်ဘီးကို ဘူတာအနီး ...အိမ်တစ်အိမ်မှာအပ်။ စက်ဘီးအပ်သည့် အိမ်ကလည်း နီးပါဦးမှ။ ခရီးခတင်း မသွား ...ဦးခြ ကြုံရာအိမ် စက်ဘီးကလေး ထားပါရစေဦးဆိုလို့ ရနိုင်တာမျိုး မဟုတ်တော့ ...က်ဘီးထားခွင့်ရတာကိုပင် ကျေးဇူးတင်ရသေးသည်။ ပြီးတော့မှ ဘူတာရုံကို သုတ် ...ခြေတင်ရသည်။ ရထားကြီး၏ ကျွန်းမာရေးအပေါ်မူတည်ပြီး အချိန်ရယ် အခါရယ် ...တ်မှတ်မရလေတော့ တစ်ခါတလေ ကိုယ်ကစော၊ တစ်ခါတလေ ရထားမမီလိုက်။ ...ပြန်ခရီးက ပိုဆိုးတတ်သေးသည်ကော။ ရထားနောက်ကျလို့ အိမ်ပြန်မိုးချုပ်ရသည့် ...တွေ့အကြုံတွေရှိသလို ရထားပျက်လို့ လမ်းမှာပင် သောင်တင်ခဲ့ရသည့် ညမျိုး ...တောင် ရှိသတဲ့။

"မပုန်းရည်နယ်...တစ်ခါသားဟာများ မိုးထဲလေထဲ ရထားအီးချော် လို့လေ...ကံကောင်းလို့မသေ သံချောင်းတို့အမေ ဖြစ်ခဲ့ရတာ...တို့ချော ရထားစီး ဆရာမတွေကတော့ ညစာ မုန့်ပဲသရေစာ ဆောင်ရတာတို့ လက်နှိပ်ဓာတ်မီး ဖယောင်းတိုင် ဆောင်ရတာတို့ ရှိနေပြီ...တစ်ခါတလေ

www.burmeseclassic.com

www.burmeseclassic.com



သံလမ်းပေါ်က ရထားတွဲကြီးပေါ် ထိုင်လျက် ငိုက်ရင်း မိုးလင်းရတာ မျိုးလည်း ရှိတယ်…"

"ဩော်…"

ဆရာမ ဒေါ်သင်းသင်းလှိုင်ကတော့ နို့စို့အရွယ် ကလေးငယ်ကလေးကို အိမ်မှာထားခဲ့ရတာဆိုတော့ မန္တလေးကို မရောက်ရောက်အောင် ပြန်သည်ဆိုပါ၏။ ရထားပျက်လျှင် ဒါမှမဟုတ် ရထားနောက်ကျလျှင် လှည်းတစ်စီးစီးကိုငှား၊ အရှေ့ လှမ်းလှမ်းမှာရှိသော ကားလမ်းဘက်ကိုထွက်ပြီး ကြုံရာကျရာကားကို လက်ပြတားပြီး လိုက်ရသည်တဲ့။

"တစ်ခါတော့ မိုးကလည်းချုပ်နေပြီ…ကားဆက်ကလည်း ဝေးတော့ ထုံးကားကြီး လက်တားစီးကြရတယ်…ထုံးအိတ်တွေပေါ် ထိုင်ကြရတာ လေ…အိမ်လည်း ရောက်ရော တစ်ကိုယ်လုံးဖွေးလို့…အိမ်သားတွေတောင် မမှတ်မိကြဘူးဟဲ့…"

မပုန်းရည်က ရွာနေဆရာမဆိုတော့ 'ရထားတောဝါ'အားက လွတ်နေခဲ့သည်။ ရထားကြီးပေါ်မှာ ကြုံတွေ့ရသော ပျော်စရာဇာတ်လမ်းလေးတွေ ကြားရပြန်တော့လည်း မပုန်းရည်ပင် ရထားကြီး စီးချင်လာမိပြန်ပါ၏။ မန္တလေး–မတ္တရာ ရထားလမ်းဘေး ကျောင်းဆရာမတွေက အယောက်သုံးဆယ်လောက် ရှိတာဆိုတော့ ရထားကြီး ပေါ်မှာ အုပ်ကြီးသင်းကြီးဖွဲ့ကာ စားကြသောကံကြံ၊ ရယ်ကြမောကြ ရှိပုံတွေ၊ ရထားစီး လက်မှတ် တစ်ခါလုပ်ထားပြီး ကာလလွန်နေလည်း ခပ်တည်တည်နှင့် စီးနေကြ တွေ၊ ရထားကြီးပေါ်မှာ စနချည် ဆန်ချည် ရှိတတ်ကြသော စျေးသည်တွေ ဓာင်စာရွက် ရောင်းသူတွေ၊ သီချင်းသည်တွေနှင့် မျက်နှာတန်းမိကြပြီး စာစာနာနာ ကူညီပေးမခဲ့ကြပုံတွေ…။ စုံလို့။

ရွာနေဆရာမများ၏ ဝေဒနာကလည်း အဖုံဖုံ။ ရွာနှင့် လုံးမိကြသူတွေ သလို၊ ရွာနှင့် အစေးမကပ် အဆင်မပြေဖြစ်ကြရသူတွေလည်း ရှိသည်။ ထမင်းဟင်း မှမပင် မကြောင့်မကြ ရှိကြသူတွေ ရှိသလို၊ ရွာစျေးဆိုင်ကလေးတွေက ဆန်ဝယ် ဆီဝယ် ချက်ပြုတ်စားသောက်ကြရသူတွေလည်း ရှိသည်။ ကျောင်းထောင့်က မန်ကျည်း ပင်တို့ အတက်မလှူပုံအောင် ခူးချက်စားကြရသူတွေရှိသလို၊ ရွာစရိုးက ဟင်းသီး ဟင်းရွက် လှည်းကျိုးအောင် ခူးရောဆိုသူတွေလည်း ရှိကြသည်။ အိမ်ကိုလွမ်းလို့ ငိုငိုဖြစ်နေကြသူတွေရှိသလို၊ နဖူးစာ ရွာလည်ပြီး ရွာခံ ရွာသားတွေနှင့် အိမ်ထောင် ကျကြသည့် ဆရာမကလေးတွေလည်း ရှိကြပါ၏။ တချို့ပြောပြတာက ချောက်ချား



ရေ။ တချို့အတွေ့အကြုံကတော့ ရယ်စရာ မောစရာ။ မပုန်းရည်ကလည်း သူ့အတွေ့အကြုံတွေကို ပြောပြဖြစ်ပါ၏။

"ဒါဆို တို့အထဲမှာ မပုန်းရည် ကံအကောင်းဆုံးပဲပေါ့…ဘုန်းကြီးဆွမ်းဖွဲ့ စွန့်တာစားရတယ်ဆိုတာ နည်းတဲ့ကုသိုလ်လား…တစ်နေ့ ဟင်းခွက်သုံးရာ ပွဲတော်တည်တဲ့ နရပတိစည်သူမင်းနဲ့ နင်လား ငါလားပေါ့ဟယ်"

မပုန်းရည်တို့ ဆရာမတစ်တွေ ကျောင်းရှေ့က လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြရင်း အတွေ့အကြုံ ဖလှယ်ဖြစ်ကြသည်။ မမစိန်ပင် မထိုင်စဖူး ဝင်ထိုင်သည်။ လှည်ကျလို့ အကွက်ဆိုက်လျှင် အာပေါင်အာရင်းသန်သန်နှင့် ဝင်ပြောသည်။ ယ်စရာရှိတော့လည်း ဝါးလုံးကွဲ။ ရိုးသားပွင့်လင်းပြီး ဒေါင်းတည် မောင်းတည် သော မမစိန်ကို မပုန်းရည် ချစ်သည်။

"မပုန်းရည် ဘာနဲ့ပြန်မလဲ"

"ညနေရထားနဲ့ပြန်မယ် မမစိန်"

ညနေရထားက နည်းနည်းတော့ နောက်ကျတတ်သည်။ ကိစ္စမရှိ။ သိပ်ကြီး ောင်လှတာမဟုတ်သလို၊ ဆရာမ အတော်များများလည်း သည်ရထားကိုပဲ စီးကြ ဆိုတော့ မပုန်းရည် မပူပန်မိ။ ကံဘဲ့ဘူတာမှာ ဆင်းပြီး ရွာက လူကြုံတွေနှင့် တူလျှောက်ပြန်ခဲ့ရုံသာ။

"ကိုမျိုးသွင်က အပြန်ပါ ကြိုမယ်ဆို"

"ကျွန်မ ငြင်းလိုက်တယ် မမစိန်…ကိုမျိုးသွင်ကို အသွားရော အပြန်ရော တာဝန်တွေ မပိုစေချင်လို့ပါ…မှန်တာပြောရရင် အဲသလိုလည်း ကျွန်မ မစီးချင်သလိုတဲ့"

ဒေါ်မြင့်မြင့်စိန်က ခေါင်းညိတ်သည်။ တစ်စုံတစ်ရာ နားလည်ပုံလည်း ရပါ ဘာမှတော့ မပြောပါ။ ဘူတာကို သွပ်ပါလိုက်ပြီး စက်ဘီးကို ရထားပေါ်တင်ကာ ပြန်မည် ဆိုရှာပါ၏။

"မဟုတ်တာ မမစိန်ကလည်း…ရထားက မိုးချုပ်မှာ၊ မမစိန်မှာ ကလေး တစ်ဖက်နဲ့…ပြန်ရင် ချက်ရပြုတ်ရဦးမှာနဲ့…ကျွန်မလည်း နတ်ရောက်ကွာ ပါနော်…ရွာကိုရောက်အောင် ပြန်တတ်ပါတယ် မမစိန်ရဲ့"

ထိုအခိုက်မှာပင်…

မမျှော်လင့်သောအဖြစ်လို့ပင် မပုန်းရည် ဆိုချင်တော့သည်။ မပုန်းရည် ယ်တိုင် တွေးထင်မထားသော အခြေအနေက မပုန်းရည်ရှေ့မှာ ကိုယ်ထင်ပြခဲ့

www.burmeseclassic.com

www.burmeseclassic.com



လေပြီ။ ဆရာမတစ်အုပ်ကြီးနှင့်အတူ ထိုင်နေခဲ့သော မပုန်းရည်ရှေ့သို့ မိန်းကလေး တစ်ယောက် လာရပ်သည်။ အစတုန်းကတော့ လက်ဖက်ရည်ဆိုင်က ကလေးမလေး တစ်ယောက်လို့ပဲ ဝေဝေဝါးဝါး ထင်လိုက်မိပါ၏။

“ဆရာမ...”

“ကြာဖြူ...”

မပုန်းရည် အံ့သြသွားခဲ့ရသည်။ ထုံးစံအတိုင်း ကြာဖြူက အရောင်အသွေး ပြေညစ်ညစ်ဆိုသော်လည်း အမူအရာက လန်းဆတ်နေသည်။ မပုန်းရည်ကို တွေ့လိုက်ရသည့်အတွက်လည်း ပျောက်သွားသော လက်စွပ်ကလေး ကျောက်စရစ်ခဲပုံထဲက ပြန်ရလိုက်သလို မျက်နှာကလေး ဝင်းစက်သွားသည်။ ဆရာမဆိုသည့် စကားပြီးတော့ နောက်ထပ် ဘာစကားမှ မထွက်လာ။ သည်တော့ မပုန်းရည်ကပဲ ကြာဖြူကို ခွဲခေါ်ခဲ့ကာ အကျိုးအကြောင်း မေးရသည်။ ထူးတော့ထူးဆန်းသား။

“ကြာဖြူ ဘယ်ကနေ ဘယ်လိုရောက်လာတာလဲ...ဘယ်သူပါသေးသလဲ... ဈေးလာဝယ်တာလား...အတော်ပဲပဲ ဆရာမပါ ပြန်လိုက်မယ်”

ကြာဖြူက ပြုံးသည်။ မပုန်းရည်လက်တွေကို ဆုပ်ထားသည်။ အသံကလေး ပင် တုန်နေရှာပါ၏။

“ဆရာမကို လာကြိုတာပဲလို့...လေးလေးပါတယ်...ဟိုးက သစ်ပင်ရိပ်မှာ”

မပုန်းရည် လှမ်းကြည့်လိုက်တော့ ခပ်ဝေးဝေး သစ်ပင်ရိပ်ဆီမှာ လှည်းတစ်စီး ရပ်ထားသည်။ ကျနေက လှည်းဆရာ၏ကိုယ်ပေါ် တစ်ဝက်တစ်ပျက် ကျနေသဖြင့် ပြိုးပြက်သော အရောင်ကိုပဲ မြင်နေရသည်။ ကိုကြာစွယ် ဆွဲထားသော ဆွဲကြိုးပြားကြီး ထင်ပါရဲ့။ မပုန်းရည် ဝမ်းသာလိုက်တာ။ ရွာကို လှည်းကြုံနှင့် ပြန်ရတော့မည် ကိုမျိုးသွင်ကားထက် ကိုကြာစွယ်လှည်းကို စီးရမှာ မပုန်းရည် လိပ်ပြာသန့်ပါသည်။ ဆရာမကို လာကြိုတာပဲလို့ ဆိုတာကကော ဘယ်လိုပါလိမ့်။ ကြာဖြူရှင်းပြတော့ လည်း ရင်နှင့်အမျှ ဝမ်းသာရပါ၏။

“မနက်က လှည်းခေါက်ပြီး ပြန်ရတော့ လေးလေးက ကားဆို ပိုမြန်တာ ပေါ့ဟာတဲ့...နင်တို့ဆရာမက မြို့သူဆိုတော့ ကားစီးချင်မှာပေါ့တဲ့... ညနေဘက်တော့ မီးရထားနဲ့ ပြန်မယ်ထင်တယ်တဲ့...ကံဘဲ့ဘူတာကနေ ရွာအထိ လယ်ထဲ ဖွက်ထဲ နင့်ဆရာမ လျှောက်တတ်မယ် မထင်ပါ ဘူးတဲ့... နေ့လယ်လောက်ကျတော့ မှန်းကြိုကြတာပေါ့တဲ့”



“ဆရာမကို တွေ့မယ် မတွေ့မယ် မသိဘဲနဲ့ ကြိုရသလား...အဝေးကြီး ကို...”

“သမီးက ပြောတာပေါ့...လေးလေးက မတ္တရာနဲ့ နတ်ရေကန် ကိုယ့် အိမ်က ကိုယ့်လှည်းနဲ့သွားရတာ ပိုက်ဆံကုန်တာမှတ်လို့တဲ့...မတွေ့တော့ ပြန်တာ ပေါ့ ငါတူမရယ်လို့ ပြောတယ် ဆရာမ...ဒါနဲ့ လိုက်လာကြပြီး တွေ့တဲ့ ကျောင်းဆရာမတွေ အကုန်လိုက်ကြည့်နေကြတာ...ကျောင်းထဲ လည်း ရောက်ခဲ့ပြီ...ဈေးထဲလည်း နဲ့လို့...”

မတ္တရာမြို့နယ်ပညာရေးမှူးရုံးမှာ လစာထုတ် အစည်းအဝေးလာတက်ကြ သည့် ဆရာမတွေက နည်းလှတာမဟုတ်။ ပြီးတော့ သည်နေ့သည်ရက်က ကျောင်းစိမ်း ...ရှည်း သီးသန့်ဝတ်ကြတာလည်းမဟုတ်။ သည်ကြားထဲက မပုန်းရည်ကို ရှာတွေ့ ... အံ့သြရသည်။ ကြာဖြူကတော့ ကလေးပီပီ လှည်းပေါ်က ဆင်းပြီး ကျောင်းကွင်း ... လမ်းမကြီးတစ်လျှောက်နှင့် တစ်ဈေးလုံးပတ်ပြီး လိုက်ကြည့်သည်ဟု ဆိုလေ၏။ ...င်းဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေထဲလည်း လိုက်ကြည့်သတဲ့။ ကိုကြာစွယ် ...သော မရှာဘူးလားဆိုတော့ သူ့လှည်းဘေးက ဖြတ်သွားတဲ့ ဆရာမတွေတော့ ...ကြည့်သတဲ့။

မပုန်းရည်က ကြာဖြူကို လှည်းဆီ ပြန်လွှတ်လိုက်သည်။ ဆရာမတွေကို ...ဆက်ရန် ဆိုင်ထဲ ပြန်ဝင်လာခဲ့သည်။ မပုန်းရည် အဖော်ရအောင် ညနေရထားနှင့် ...ဆေးမည်ဆိုသော မမစိန်ကလည်း ကြာဖြူတို့တူဝရီး လာကြိုသည်ဆိုတာနှင့် ...အေးသွားပုံရ၏။ လှည်းဆီပြန်လှည့်သွားသော ကြာဖြူကို ဟစ်ခေါ်ပြီး သူ့ဈေး ...တောင်း လှည်းပေါ်တင်ခဲ့ဖို့ ကြာဖြူ့ခေါင်းပေါ် ပင့်ပေးလိုက်သည်။

“ကိုင်း မပုန်းရည်လည်း အပြန် ဟန်ကျသွားပြီ...ကိုယ့်ရွာလှည်းနဲ့ဆိုတော့ မမစိန်လည်း စိတ်ချပါပြီ...အေးအေးဆေးဆေးသာ ပြန်ခဲ့ကြတော့...ဝတ္တရား မကင်းတဲ့ ဖွတ်ကျားမင်းကတော့ ထမင်းချက်မီ ပြေးပြီဟေ့...ကိုင်း... သွားမနော”

စက်ဘီးကို တကျောင်းကျောင်း နင်းထွက်သွားသော မမစိန်ကို လှမ်းကြည့်ရင်း ...ည်းရယ်ချင်၊ သနားလည်းသနားမိပါ၏။ ညနေရထားနှင့် လိုက်မည်ပြောပြီးမှ ...ကြုံရောက်လာလို့ဆိုတော့ ဆရာမတွေကလည်း အံ့သြကြသည်။ မပုန်းရည်က ...က်ရည်နှင့် ပဲလမုန့်နှစ်လုံး ဝယ်လာခဲ့သည်။

မပုန်းရည် လှည်းဆီကို လျှောက်လာတော့ ကိုကြာစွယ်ကလည်း ရှေ့ကို ...င်းလာခဲ့သည်။ မပုန်းရည်က ပြုံးပြသော်လည်း ကိုကြာစွယ်က မျက်နှာကြီး

www.burmeseclassic.com

www.burmeseclassic.com



အမ်းကာ ပြုံးသလိုလို မပြုံးသလိုလို။ မပုန်းရည် လှည်းပေါ်တက်တော့ ကော်ဇောကြီး တစ်ချပ် ခင်းထားတာ တွေ့ရသည်။ ကော်ဇောကြီးကလည်း အိလို့။ မပုန်းရည် ဖိနပ်ကို လှည်းရုံတိုင်မှာ စွပ်လိုက်ပြီး လှည်းနောက်မြီးက တင်ပလ္လင်တက်လိုက်သည်။

"ကျေးဇူးတင်လိုက်တာ ကိုကြာစွယ်ရယ်...ကျွန်မက ရထားနဲ့တော ပြန်မလို့."

"မီးရထားနဲ့ပြန်လည်း ရတာပဲ...နတ်ရေကန်တော့ တန်းတန်းကြီး မရော ဘူးပေါ့ဗျာ...ဟ နွားရ...ရော်...ပြန်မှာပါဟ...ဘယ့်နှာတုံး..."

မပုန်းရည်ကိုလည်း ပြော၊ နွားကိုလည်း ပြောရင်း မောင်းလာခဲ့သည်။ မပုန်းရည်ကတော့ မြို့ကနေ ရွာကို လှည်းကလေးစီးရင်း တူဝရီးနှစ်ယောက်ကြာ အသာငြိမ်လိုက်လာခဲ့၏။ ကိုကြာစွယ်ကိုလည်း စကားတွေ ပြောချင်သေးသည်။ ရှိုးသလောက် စကားအမြီးအမောက်မတည့်သော ကိုကြာစွယ်ကို စ,ရ နောက်ရ ကို မပုန်းရည် ပျော်သည်။ ဟန်လုပ်စရာမလို၊ စကားလုံးရွေးစရာမလို၊ လွတ်လပ်ပေ့ လှပါ၏။

မပုန်းရည်က လှည်းရှေ့က ဓားမချပ်တိုင်မှာ စွပ်လာသော ရေခွက် ကြာဖြူ့လှမ်းအဖြုတ်ခိုင်းပြီး လက်ဖက်ရည်ထည့်သည်။ ပြီးတော့ ကိုကြာစွယ် လက်ဖက်ရည် သောက်ပါဦး၊ မုန့်စားပါဦး လှမ်းပေးလိုက်သည်။ ကိုကြာစွယ် တစ်ချက်ငုံ့ကြည့်ပြီး ခေါင်းတခါခါနှင့် ငြင်းပါလေ၏။

"ကျုပ်တို့ အဲဒါမျိုးတွေ ဘယ့်နှယ်မှကို မကြိုက်တာ"

"ဘာကိုမကြိုက်တာလဲ ကိုကြာစွယ်ရဲ့...လက်ဖက်ရည်ကိုလား မုန့်ကိုလား"

"နှစ်မျိုးစလုံး မကြိုက်တာ"

"ကောင်းရော...ကျွန်မက သောက်စေချင်လို့ ဝယ်လာတဲ့ဟာ..."

မပုန်းရည်က လက်ဖက်ရည်ခွက်ကို ကြာဖြူ့ကို လှမ်းပေးတော့ ကြာ ကလည်း မကြိုက်ဟု ဆိုသည်။ မပုန်းရည်လည်း လက်ဖက်ရည်ကို အိတ်ထဲ ပြန် ပြီး လှည်းရုံတိုင်မှာ ချိတ်လိုက်သည်။ မုန့်နှစ်ခုကို ကြာဖြူ့လက်ထဲ ထည့်ပေး စားရှာပါ၏။

"သည်လိုမုန်းသိ လက်ဖက်ရည် မဝယ်ပါဘူး...ကိုကြာစွယ်ကြိုက် ကျွန်မဝယ်ကျွေးမှာပေါ့လို့....ကိုင်း ကိုကြာစွယ်က ဘာကြိုက်တာလဲ"

"ကျုပ်ရွာကမုန့် ကျုပ်ကြိုက်တာပဲ...ကလမုန့်တွေများ စားမိရင် ခေါင်း မူးတက်လာတော့တာများ...ဆိုးချက်တော့..."



ကိုကြာစွယ်ပြောသော ရွာမုန့်ဆိုတာ ရွာလုပ်ကောက်ညှင်းထန်းလျက်မုန့်မျိုး ဆိုလိုကြောင်း မပုန်းရည် သဘောပေါက်ပါသည်။ ကလမုန့်ဆိုတာကကော မုန့်ကို ဆိုလိုတာပဲ ဖြစ်လိမ့်မည်။ မုန့်ကိစ္စပြတ်သွားပြန်တော့ စကားရှေ့မဆက် ။ ဝါးဖတ်ခမောက်ကြီးဆောင်းကာ ကိုယ်ကြီးမတ်လျက်။ လပ်ကီးရှိန်းကြီး ထားသောလက်က နကန်ကို ကိုင်ထားတာဆိုတော့ နွားကို တို့လိုက်တိုင်း တီးရှိန်းကြီးက တလှုပ်လှုပ်။ ဘယ်လိုကြည့်ကြည့် ဟန်မကျလှသော ကိုကြာစွယ့် နောက်ကနေကြည့်ရင်း မပုန်းရည် ရယ်ချင်လိုက်တာလေ။

မပုန်းရည်အဖို့ ကိုကြာစွယ်တို့ မိသားစု၏ အရိပ်အာဝါသက ကြီးမားလှပါ ။ မနက်စာဆိုလျှင် ဇန်းကြီးတစ်ချပ်စာ တည်တည်ပပ ပို့ကြသည်။ နေ့လယ် ကြီးကျောင်းက ကျွေးသည်ဆိုသော်လည်း ညနေစာတွင်လည်း ကိုကြာစွယ်တို့ ဟင်းခွက်နှင့် ကင်းလှသည်မရှိ။ အထူးသဖြင့် မပုန်းရည်အတွက် နေစရာ ကြီးတစ်ဆောင်လုံး ပေးထားရုံမက ညအိပ်အဖော်ပင် လာနေပေးကြသေးသည်။ ကြာစွယ် ထမ်းပေးရှာသော ရေကို မပုန်းရည် ရေချိုးတိုင်း အားနာနေမိသည်။ ကြားထဲ အရိပ်တစ်ပြောက် မှဲ့တစ်ပေါက် မစွန်းရအောင် စောင့်ရှောက်ကြတာ ပါ၏။ သည်တော့လည်း သည်မိသားစုနှင့် မပုန်းရည် အကျွမ်းတဝင် ရှိချင်သည်။ ကြာစွယ် ရိုးသားမှန်းသိတော့ အစ်ကိုလို မောင်လို ခင်မင်ချင်သည်။ ရှက်တတ်မှန်း နောက်ချင် စချင်သည်။ မပုန်းရည်က စကားစရှာပြီး ပြောရပါ၏။

"ကိုကြာစွယ်...သည်လယ်ကွင်းစပ် ပေါက်နေတဲ့ အပင်ကြီးက ဘာပင်တုံး ဟင်..."

"စက္ကတုံးပင်"

"ဩော်...သည်အပင်က အသီးစားရတာလား"

"ဘယ်က အသီးစားရမှာတုံး...စက္ကတုံးရွက်တို့ စက္ကတုံးခေါက်တို့က အနာအုံရတာ...အနာများ မှန့်ပျားသလက်ပေါက်လို အနာ့ပဆုပ်တောင် ပျောက်တာများ...လောက်တဖွားဖွား ဖြစ်နေပစီ စက္ကတုံးခေါက်ပြုတ်ပြီး ပေါင်းခံလိုက်ရင် လောက်တွေ တဖောက်ဖောက် ပြုတ်ကြသာများ ဆရာမ မြင်သချင်တယ်"

ကိုကြာစွယ့်အပြောနှင့်ပင် မပုန်းရည်မှာ ဖျို့ချင်ချင်။ သည်တော့လည်း တုံးပင်ကိစ္စ တစ်စခန်းချလိုက်ရပါ၏။ အနာ လောက်တဖွားဖွားများ မြင်စေချင် သိတဲ့လေ။ တကယ့်လူ။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြာစွယ်ရယ်…ညက ကျွန်မ အိပ်မက်တွေမက်တယ်…ကောင်းသလား မကောင်းသလား မသိပါဘူးရှင်…မြွေတွေမက်တာ…မြွေမှ စပါးအုံး ကြီးတဲ့…ကျွန်မကို ညှို့နေတာများ သိရက်နဲ့ကို အနားကပ်သွားမိတာ မြွေပါးစပ်နားတောင် ရောက်တယ်"

ကိုကြာစွယ်က လှည်းမောင်းရင်း နားထောင်နေပုံရသည်။ လူကတော တစ်ချက်မလှုပ်။

"အဲတော့ ဘာဖြစ်…"

"ကျွန်မ မသိလို့မေးတာပေါ့…အဲဒါ ဘာဖြစ်တတ်လဲလို့…"

"အိပ်မက်ပဲဗျာ ဘာဖြစ်မှာမှတ်လို့ လူတကာ သည်လိုမက်နေကြတဲ့ဟာ…"

"အိပ်မက်ဆိုတာ ရှေ့ဖြစ်နိမိတ်ဆို ကိုကြာစွယ်ရဲ့…"

"ပြောတတ်ပေါင်ဗျာ…ဖြစ်လာတော့မှ ကြည့်စခန်းသွားရုံပေါ့…"

မပုန်းရည် ရယ်ချင်သည်။ တောသူ တောသားဆိုတော့ အတိတ်နိမိ အကြောင်း စကားစလျှင် ပါလာမည်ထင်ခဲ့တာ မှားပြီ။ မပုန်းရည် ဘာစကားပြောရ ဟုတ်ပြီ။ နွားတွေကိုတော့ ကိုကြာစွယ် အလွန်ချစ်တတ်သည်ဟု မပုန်းရည် ကြား ထားသည်။ နွားအကြောင်း စကားစကြည့်မည်။ ကိုကြာစွယ့်လှည်းက နွားကြီးတွေ နွားကောင်း နွားလှကြီးတွေ။ အကျွဲနာတော့ ဖီးဖီးထအောင် ဝလှ၏။ ပြီးတော နွားတွေက နွားနီတွေ။ မပုန်းရည်က တမင်တကာ တလွဲဖွဲ့မေးလိုက်သည်။

"ကိုကြာစွယ့်နွားတွေက ကောင်းလှချည့်လား…နကြောင်ကြားဆိုတာ ဒါမျိုးခေါ်တာ ထင်ပါရဲ့…"

"လွဲလှပေါ့ဗျာ…ကျုပ်နွားတွေက နညိုသံရောင်တွေဟာကို နညိုသံရော မွေးနမျှား တုတ်မဆောင်နဲ့လို့တောင်ဆိုတာ…အဖြူနဲ့အနက်ကလေး ရှ တော့ သံရောင်စွက်တယ်ခေါ်တယ်…ဆရာမ ဟိုသီချင်းမကြားဖူးဘူးလား အနားတစ်ဖက်တစ်ချက်ကယ်နှင့် စိမ်းနုခြယ်…စိမ်းနုခြယ်…အလယ်ကော သံရောင်ကွက်ကယ်…ချစ်တဲ့သူရက်ခဲ့တယ်…ဆိုတာလေ သံရောင်ကွ ဆိုတာ အဖြူနဲ့ အနက်ကလေးဖောက်ထားတာလို့ ပြောတာဗျ…"

"ကိုကြာစွယ့်နွားတွေက အနီတွေ မဟုတ်ဘူးလား…"

"ညာဘက်ကောင်က သပြေကြား…သပြေရောင်စွက်တဲ့ အနီဗျ…နွားကော လက္ခဏာပါတယ်…နွားထဲမှာ သပြေညိုလည်းရှိတယ်…အနီတော့ အ ဆတ်မွဲဆိုရင်တော့ မကြိုက်ချင်တော့ဘူး…နွားထဲက အနီများတော့ န



ရွှေရောင်စွက်တော့ နနီရွှေဖြစ်ကရော…သေရင်သေ မသေ ပြည်တန်ရော ဗျား…ကျုပ်နွားတွေက နညိုသံရောင်'အစစ်တွေရယ်…နညိုထန်းသီးတို့ နပြာနီကြောင်စွယ်တို့…နနီကွမ်းသွေးတို့နဲ့ မှားတတ်လို့ နွားသမားတောင် မျက်စိလည်တတ်တယ်…"

"နွားအဝယ်မှားရင် ခိုက်တတ်သလားရှင့်"

"နွားကြန်အင်လက္ခဏာတွေက ဆရာမတို့ ကျောင်းမှာ စာသင်တဲ့ ဘုတ်အုပ် တစ်အုပ်စာလောက် ရှိတယ်…အာဂမှတ်လို့…ဖွဲ့လက္ခဏာ၊ သွားလက္ခဏာ၊ အရောင်လက္ခဏာ၊ အစက်အပြောက်လက္ခဏာ၊ ချိုလက္ခဏာ၊ မျက်စိ လက္ခဏာ၊ အမြီးလက္ခဏာ၊ ဝသီလက္ခဏာ…ဘာဆုံးလိမ့်မတုံး"

ကိုကြာစွယ်က နဟိန်းနဟောက် (နွားဟိန်း နွားဟောက်) အကြောင်း၊ …ဟိန်း အစဟောက် (အစာဟိန်း အစာဟောက်) အကြောင်း၊ နွားဘီလူးအကြောင်း …အစ ခြသေ့ထိုင်၊ နံတိုနံညွှပ်၊ ဦးလှည့်အိပ်၊ သင်ဖြူးခင်း၊ မြပုခက်၊ လူကောင်တင် …ည်ဖြင့် မဆုံးနိုင်အောင် ကရားရေသွန် ပြောတော့သည်။ မပုန်းရည်က ဩော် …င်အင်း လိုက်လေ ကိုကြာစွယ်က တွန်းပြောလေ။ ကြာဖြူကတော့ လှည်း …မှာ ငိုက်လျက်။ မပုန်းရည်မှာ ကိုယ့်စကားနှင့်ကိုယ် မလှုပ်သာတော့။ အားဘီ …န်းကျင်ကိုပင် ခံစားချင်လို့ မရတော့။ တခြားစကား ကူးလွှဲချင်လို့လည်း မတိုး …တော့။ ကိုကြာစွယ့် နွားစကားတွေကိုသာ ပေပြီး နားထောင်နေရတော့သည်။

"နွားများ လျှာနီ၊ ခွာနီ၊ နှာနီလို့ကတော့ ဝယ်သာဝယ်တော့။ နိသုံးပါး ကောင်းတယ် ခေါ်တယ်။ သည်ကြားထဲကမှ ခေါင်းမော့၊ လပို့မော့၊ အမြီး မော့လို့ကတော့ လက်ခမောင်း ထခတ်တော့ဗျား…တစ်ခါတလေလည်း ကြန်ကောင်းပါလျက်ကနဲ့ နောက်ကုပ်ရင် သွားရော…နောက်ကုပ်ဆိုတာ သိသလား"

"ဘယ်သိပါ့မလဲ ကိုကြာစွယ်ရဲ့…"

"တင်ပါးနိမ့်တာ…တချို့မိန်းမတွေ တင်ပါးနိမ့်တာ မတွေ့မိဘူးလား… မိန်းမနောက်ကုပ် ခေါ်တယ်…မကောင်းဘူး"

မပုန်းရည်က ရယ်တော့ ကိုကြာစွယ်က "ဟုတ်တာပြောတာဗျ" ဟု ခိုးလ

"နှုတ်ကြက်တူရွေး ချိုရှေ့ကွေး ဝေးဝေးရှောင်ပါလေ၊ …မိန့်ရင်လျှော် တောက်တဲ့ကပ် တစ်သက်ရှောင်အပ်ပေ၊ ထိပ်လည်ကြားနေ လည်ဝင်းဖွေ

www.burmeseclassic.com



ဝယ်လေမြမသွေ...တဲ့၊ နွားများ တံပိုးကျည်းကျတဲ့နေရာ ဖွေရှိရင် ကောင်း
ပေါ့"

တံပိုးကျည်းကျရာ နွားကုပ်ဆီကို တံဖျာတုတ်နှင့် လှမ်းပြရင်းပြောနေလ မပုန်းရည် လိုက်ကြည့်ရပြန်သည်။ နတ်ရေကန်ရွာ လှမ်းမြင်နေရသည်အထိ စကား မပြတ်တော့။ မပုန်းရည်ပင် အင်းလိုက်ရတာ ညောင်းလှပြီ။ ကြာဖြူပင် တစ်ရေး လေ၏။ ထိုစဉ်မှာပင် ကားတစ်စီး ဝေါခနဲ ဖြတ်ကျော်သွားသည်။ ဖုန်တွေ လုံးလို့ မပုန်းရည် ကျောပေးထားရာဘက်က မောင်းသွားသဖြင့် လှည့်ကြည့်လိုက်တော ကိုအင်ဂျင်နီယာ၏ကား။ မပုန်းရည်ကို မြင်ဟန်မတူ။ လှည်းတစ်စီးပေါ်မှာ သည် ပါလာလိမ့်မည် မထင်တာလည်း ပါပါလိမ့်မည်။ ကားအရှိန်ကြောင့် ကိုကြာစွ နွားများပင် လန့်သွားကြသည်။ ကိုကြာစွယ်က နဖားကြိုးကိုတုပ်ရင်း စုတ်သပ်သည်

"ကျွတ် ကျွတ် ကျွတ် ကျွတ်...ရော်ဗျာ၊ ကားနယ် မွေးတိုမွေးကြ ထမ်းပိုးထမ်း အစွမ်းကောင်းလှ၏ဆိုတာမျိုးနဲ့ တိုးနေပါပကောလားဟ ဘယ်သူများမှတ်တယ် ဆရာမလူရယ်"

ကိုကြာစွယ့်နှုတ်က ဆရာမလူလို့ ထွက်ကျလာတာကို မပုန်းရည် လန့်သွာ ခဲ့သည်။ ဘယ့်နှယ် ဆရာမလူလဲ။ သည်စကားကိုတော့ မပုန်းရည် ဖျဉ်းခနဲ ဖြစ်သွာ ရပါ၏။ ကိုကြာစွယ်က သူ့စိတ်ထဲရှိတာ ပြောလိုက်သည်ဆိုပေသိ ရွာကပါ သည် ထင်လိုက်လျှင် မကောင်းနိုင်တော့ပြီ။ မပုန်းရည်နှင့် ကိုမျိုးသွင်တို့အဖို့ရာ ပညာတ များပီပီ ပွင့်လင်းရိုးသားသော ဆက်ဆံရေးရှိကြသည်မှန်သော်လည်း ရွာအမြင် အမြင်စိမ်းနိုင်တာကိုလည်း မပုန်းရည် သတိထားမိလိုက်သည်။ သို့သော် သည်လို သုံးလာတာကိုတော့ မပုန်းရည် မခံသာ။ ချက်ချင်း ငြင်းချက်ထုတ်မှ ဖြစ်လိမ့်မည်

"ကိုကြာစွယ်ရယ် ဘယ်လိုပြောလိုက်တာလဲ...ဘယ်က ကျွန်မလူရှ ရှင့်...ကိုကြာစွယ်တို့လိုပဲ ကျွန်မနဲ့ခင်မင်တဲ့ မိတ်ဆွေပါပဲ...ကျွန်မလူ တော့ မပြောလိုက်ပါနဲ့...ကျွန်မတို့က ရိုးရိုးသားသားပါ"

"ကျုပ်ကလည်း သည်သဘောပြောတာပဲလေ...ဆရာမတို့အချင်းချင် ဘယ့်နှယ်ဖြစ်ဖြစ် ကျုပ်က အနေသာချည်းဟာကို"

ဩော်...မန်းလေ ပြလေပါလား။ ကိုကြာစွယ်ပြောမှ ပိုလို့သာ ဆိုးသော သည်။ မပုန်းရည် ထပ်လည်း မဖြေရှင်းချင်တော့။ သည်စကား သည်လှည်းပေါ်မှာ ပျောက်သွားနိုင်တာပဲလေ။ သည်လိုသာ ရှိပါစေတော့။ ကိုကြာစွယ့်လှည်း ရွာရိပ် လာတော့ ချောင်းတစ်လျှောက် ရေချိုးရေခပ်သူတွေက လှမ်းကြည့်ကြသည်။ မပုန်းရ



[..] လှမ်းနှုတ်ဆက်ကြသူတွေရှိသလို၊ ကိုကြာစွယ်ကို မတ္တရာသတင်း မေးကြသူတွေ [..]ည်း ရှိပါ၏။ ရွာအဝင် ချောင်းကူးတံတားဆီ တာပေါင်ပေါ်က ဖွဲဆင်းလိုက်တော့ [..]ကြီး ခေါင်းပေါ်ရွက်လာသော မလှအုန်းမယ်နှင့် တည့်တည့်တိုးလေသည်။ [..]အတိုင်း ဆံပင်ဖွာလန်၊ ထဘီ စွန်တောင်ဆွဲနှင့်။ သွားပြောပြောကြီးတွေ ဖြီးခနဲ [..]အောင် ဖြဲ့လိုက်ရင်းက မလှအုန်းမယ် အသံပြကြီးနှင့် နှုတ်ဆက်သည်။

"ကြာစွယ်...မဒယာက ပြန်လာတာလားဟဲ့"

"အေးဟ"

"ဆရာမ သွားကြိုတာလား...နင် တယ်ဟုတ်လှချည့်လား"

"အောင်မာ ပုလိပ်အင်စပိတ်တော်နဲ့ တွေ့နေပါကောလားဟ...ရိုက်များစစ် နေဦးမလား မပြောတတ်ဘူး"

"အယ်တော် ပွဲမဟုတ် လမ်းမဟုတ် ဆွဲကြိုးပြားကြီး တဝင်းဝင်းနဲ့ပါလား ဟဲ့...လပ်ကီးချိန်းကြီးတောင် ပါလိုက်သေး...ဟီ ဟိ"

"အောင်မာ...အရှုးမက ငါ့ကိုများ လှောင်စရာကျလို့...ငါ နကန်နဲ့ ဆင်း ရိုက်ပြန်ရော..."

"ရိုက်ကြည့်လိုက်လေ...ငါ့ကိုများ အရှုးတဲ့...နင်ကမှ အပေါ...ငါ ဆရာမ ပါလို့ မပြောလိုက်ချင်ဘူး"

အပြက်ပြက်နှင့် တကယ်ရန်ဖြစ်လာကြတော့ မပုန်းရည်လည်း ကိုကြာစွယ် [..]တို့ရတော့သည်။ မပြောပါနဲ့ဆိုတော့လည်း ကိုကြာစွယ် မပြောတော့ပါ။ [..]န်းမယ်က ဗျစ်တောက် ဗျစ်တောက် ကျန်ရစ်ခဲ့သည်။ ရွာအဝင်မှာ မျက်နှာကြီး [..]သော ကိုကြာစွယ်ကို မပုန်းရည် ချော့ရသည်။ ဟုတ်ပါရဲ့...ခဗျာ တစ်လမ်းလုံး [..]သာတာ ရွာဝင်မှ စိတ်ညစ်ရသလို ဖြစ်ခဲ့ရပြီ။

"မလှအုန်းမယ်က ဘာရယ်မဟုတ်ပါဘူး ကိုကြာစွယ်ရယ်...သူပြောချင် ရာ ပြောတာပါ...စိတ်မဆိုးပါနဲ့ရှင်"

"အရှုး အရှုးနဲ့ အိမ်ဦးချီးပါ...ဆင်းမှ မရိုက်လိုက်ရ"

ကိုကြာစွယ် ဒေါသထွက်နေမှန်းသိတော့ မပုန်းရည်လည်း မပြောတော့ပဲ [..]နေလိုက်ရသည်။ သည်လိုနှင့် အိမ်ဝ လှည်းဆိုက်ပြီ။ မပုန်းရည်လည်း [..]ည်း [..] ဆင်းမှ ဟင်းချရသည်။ ကိုကြာစွယ့်ကို ကျေးဇူးတင်ပါကြောင်း ပြောတော့ [..]င် မပြန်တော့။ လှည်းကို ခေါင့်ခနဲ မောင်းထွက်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



မပုန်းရည် အိမ်ပေါ်ရောက်တော့ တံခါးတွေကို လိုက်ဖွင့်သည်။ ဆည်းဆာ ရောင်တွေက ပြတင်းတံခါးမှာ လာပက်နေလေ၏။ လှလိုက်တာ။

□

တစ်နေကုန် မိုးတိုးမတ်တတ်ရပ်ရင်း လှည်းတကျောင်းကျောင်းစီးရင်း နေကု ခဲ့ရသော မပုန်းရည်မှာ ရေမိုးချိုး စားသောက်ပြီး သင်ဖြူးဖျာကလေးခင်းကာ အသာ နေခဲ့သည်။ ဘဝတူကျောင်းဆရာမတွေ ပြောပြသည့် ကျောင်းသွားကျောင်းပြ ကာယိကဒုက္ခတွေအကြောင်း ကြားခဲ့ရတော့ ကိုယ်ကမှ တော်သေးရဲ့ အောက်မေ ရပါ၏။ အခန်းထဲမှာ မှန်အိမ်အလင်းက ဝါကျင့်ကျင့်ပြန့်လျှက်။ ကနေ့ လစာထု ခဲ့တော့ ရန်ကုန်ကို ငွေလွှဲမ်းပို့ဖို့ စီစဉ်ရဦးမည်။ ပြီးခဲ့တဲ့အပတ်က မိဘများ စာတစ်စောင် ရေးပို့ခဲ့သေးသည်။ စာထည့်ရတာကလည်း မတ္တရာအထိ သွားရပါ များသောအားဖြင့် မောင်တက်လူ ထည့်ပေးတာ များသည်။

"ဆရာမ ကျုပ်ရယ်...တက်လာပြီနော်"

မလှအုန်းမယ်ရဲ့အသံ...။ မပုန်းရည် အိပ်ရာက လူးလဲထကာ အကျ အကြောင်းမေးဖို့ ပြင်ရပါ၏။

"နှိပ်ပေးရမလား ဆရာမ...ကျုပ်က ခြေက ဖွားရယ်...ကျုပ်လက် လေဖြတ်နေတဲ့သူတောင် ငေါက်ခနဲ ထထိုင်ရတာ...ကျုပ်တို့ဘိုးအေကြီး ရှေးအနှိပ်သည်ဆရာကြီးတော့"

"မနှိပ်ရပါဘူး မလှအုန်းမယ်ရယ်...မလှအုန်းမယ်လည်း ကိုကြာစွယ် ရန်ဖြစ်ရတာနဲ့ မောလောက်ရောပေါ့"

"အဲသလိုပဲ...သေနာကောင်နဲ့ ကျုပ်နဲ့က မတည့်ဘူးရယ်...ငယ် ကတည်းက လုံးသတ်နေကျ..."

မလှအုန်းမယ်က မပုန်းရည်အခန်းကို ရှင်းပေးသည်။ ခြောက်ပြီးသာ အဝတ်တွေ ခေါက်ပေးသည်။ ကြမ်းတွေကို အဝတ်စုတ်ဖတ်ဖြင့် ပြောင်နေအောင် တိုက်သည်။ အိမ်ကြီးပေါ်မှဆင်းကာ ဘယ်ထွက်သွားသည်မသိ။ ပြန်ရောက်လာတော ဖော်စိမ်းနှင့် ဖော်ကြားပင်တွေ အမြစ်တဖွားဖွားနှင့် ပါလာခဲ့သည်။ ဒေါ်လှစိန် အိမ်က သွားနုတ်လာတာဟု ဆိုသည်။ ဘုရားပန်းအိုးက ပန်းတွေ လတ်နေသော သော်လည်း ပန်းဟောင်းတွေ စွန့်ကာ ပန်းသစ်လဲဖို့ ပြင်သည်။ အိမ်အောက်သော မှောင်မည်းမည်းထဲ ဆင်းကာ ပန်းအိုးပြင်သည်။ မပုန်းရည် ဘာမှမပြောသော



သူလုပ်ချင်ရာ လုပ်ပါစေတော့လို့သာ သဘောထားရတော့သည်။ ဘုရားတင်ပြီးတော့ အော်ကြီးဟစ်ကျယ် ဘုရားရှိခိုးသည်။

မပုန်းရည်က မလှအုန်းမယ် လုပ်ကိုင်နေသမျှကို လိုက်ကြည့်ရင်း စဉ်းစား နေမိသည်။ ဘဝကို ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းသူ၊ ရင်ထဲရှိသမျှကို တုတ်ထိုး အိုးပေါက် ပြောတတ်သူ၊ ဘယ်သူ့ဘယ်ဝါရယ်မရှိ၊ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည် ဖြစ်စေ သူလုပ်ပေးချင်တာရှိလျှင် အတင်းဝင်ရောက် လုပ်ကိုင်ပေးတတ်သူဖြစ်သည်။ အလုပ်ဆိုလျှင်လည်း ယောကျ်ားအလုပ်၊ မိန်းမအလုပ် ခွဲနေတာမဟုတ်။ သစ်ပင်လဲ သစ်ပင်ချိုင်ကအစ သရက်သီးခူး၊ ပိန္နဲသီးခူးတာအဆုံး လုပ်နိုင်သူဖြစ်သည်။ လူက ယောက်ကယက်ဆိုသော်လည်း သူ့ဆီက တစ်ခါတစ်ရံ ထူးဆန်းသောစကားတွေ ကြားရလေ့ရှိသည်။ ထူးဆန်းသော သီချင်းတွေ ညည်းတတ်သည်။ အခုလည်း ဘုရားရှိခိုးပြီးတာနှင့် သီချင်းကလေး ညည်းလေသည်။

"စကားနိမိတ်အလာ x x ပြဒါးဝိဇ္ဇာ တစ်ခါအောင်ပြီ x x ရှင်အဇ္ဇာဂေါဏ
အမည် x x အများအကျိုးပါ x x ပထ္ဗာမြားမိုးရွာ သူငါကိုယ်စီ x x
မဆိုးမတောင် ဘုရားကျောင်းကန် တည်နိုင်ပေသည် x x ရွှေငွေလိုကြ
ဖြား ခဲရည်ကြေးရည်ကျိုလို့ထား x x ပြည်သူတွေကြား စိတ်အားရွှင်စေ
ဖို့ရည် ရှင်အဇ္ဇာဂေါဏ မ,ပြီ x x ပုဂံပြည်လုံး သူဌေးဖြစ်ပြီ x x ပြဒါးဝိဇ္ဇာ
လာပါလိမ့်မည် x x အင်းဝိဇ္ဇာ လာပါလိမ့်မည် x x"

မလှအုန်းမယ် ညည်းနေသည့် သီချင်းဖြစ်သည်။ ဘာစိတ်ကူးနှင့် ဆိုနေမှန်း သည်း မသိ။ စိတ်ထဲရှိတာ ဆိုနေပုံပေါက်သည်။ အသံတော့ အကောင်းသား။

"ဆရာမ ကြေးရည်ခဲရည် ကျိုသာထား...ပြဒါးဝိဇ္ဇာ အင်းဝိဇ္ဇာလာတော့ မှာ...ပေါ့ပေါ့မမှတ်နဲ့...အကုန်လုံး ရွှေဖြစ်အောင် လုပ်ပေးမှာ"

"ကောင်းတာပေါ့ မလှအုန်းမယ်ရယ်...ရွှေရှိတော့ ဝတ်ရတာပေါ့"

"ဟုတ်ပါရဲ့...ဆရာမ,မလဲ မြို့ကလာတဲ့ ကျောင်းဆရာမသာဆိုတယ် ရွှေဆွဲကြိုးမျှင်မျှင်ကလေးတောင် မပါဘူး...မပူနဲ့ ရလိမ့်မယ်...ကျုပ် မြင်နေတယ်"

ထိုစဉ်မှာပင် မကြာဉ တက်လာခဲ့သည်။ မလှအုန်းမယ်ကို တွေ့လိုက်တော့ မျက်နှာ တင်းသွားတာ မပုန်းရည် သတိထားလိုက်မိသည်။ မကြာဉ တက်လာတော့ မလှအုန်းမယ်လည်း မပုန်းရည်ကို နှုတ်ဆက်ကာ သုတ်ခနဲ ဆင်းသွားလေသည်။ မကြာဉနှင့် မလှအုန်းမယ် ဘယ်တော့များမှ တည့်ကြမှာပါလိမ့်။ သူတို့ချင်း အာဃာတ

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးမရှိကြတာ မှန်ပေသိ တစ်ဦးနှင့်တစ်ဦး မကြည်သာတာကိုတော့ မပုန်းရည် စိတ်မကောင်းဖြစ်ရသည်။

"ဆရာမလူ ကြာစွယ်လေ မသောက်စဖူး အရက်တွေသောက်လို့ ကျောက်မြစ်တွေ သွေးတိုက်လာရသေးတာ ဆရာမရေ့...လူမှ မအားရတဲ့ကြား ဓါးယားနှာပေါက်"

"ကိုကြာစွယ်က သောက်တတ်လို့လား"

"ဘယ်ကလာ ဆရာမရယ်...အနံ့တောင် ခံဝံ့တဲ့ကောင် မဟုတ်ဘူး... အခုဟာက ဘယ်ကဘယ်လို သူငယ်ချင်းတွေက တိုက်လွှတ်လိုက်လို့တဲ့လေ..."

မကြာဥကလည်း ဆရာမလူ ဆိုပါပကော။ ဆရာမ ချစ်ခင်တဲ့လူဆိုသည့်သဘော ဖြစ်ပါလိမ့်မည်။ သည်စကားလုံးက သည်ရွာရဲ့ လက်သုံးစကားလည်း ဖြစ်ပုံပါ၏။ ကိုကြာစွယ်က ကနေ့မှ အရက်တွေ ထူးထူးခြားခြား သောက်လာတယ်ဆိုပါလား။ သူငယ်ချင်းတွေက သည်ကနေ့မှ ဘာကိစ္စ အရက်တိုက်လွှတ်လိုက်ကြတာပါလိမ့်။ မလှအုန်းမယ်ကလည်း သည်ကနေ့မှ ဆရာမ ရွှေတွေဝတ်ရဦးမှာမြင်သတဲ့။ ကိုကြာစွယ့် ရွှေဆွဲကြိုးနှင့် လပ်ကီးဟန်းချိန်းကြီးကို ဆိုလိုလေသလားမပုန်းရည် ဝေခွဲရခက်လှပါ၏။

"သည်ကြားထဲ ကြာစွယ်က မူးမူးနဲ့ ကယောင်ကတမ်း အော်နေသေးတာ ဆရာမရဲ့..."

"ဘာတဲ့လဲ"

"မာရှယ်လောကွနော်...တဲ့"

"ရှင်..."

မပုန်းရည်မှာ တစ်ခါက ကိုပိုက် ပြောခဲ့ဖူးသော ဆရာမကို စ,ရင်၊ ပြောင်ရင် နောက်ပိုးပိုးရင် မာရှယ်လောဟု ရွာလူကြီး ဦးပန်းဆီက အမိန့်ထုတ်ထားသည် ဆိုတာကို ဖျတ်ခနဲ သတိရလိုက်မိပါ၏။

(၉)

မိုးဦးလေဦး ဆိုပေသိ နတ်ရေကန်မှာ မိုးဖြိုင်ဖြိုင် မကျသေးပါ။ မိုးရိပ်သားရိပ်တွေ ဆင်တာတော့ ရှိ၏။ နေပြင်းပြင်းမကျသည့်အပြင် လေကလေးက တဖြူးဖြူးဆိုတော့ အပူအလောင် သက်သာပါသည်။ နွေကျောင်းနှစ်လပိတ်တော့ မပုန်းရည် ရန်ကုန်ကို ပြန်ခဲ့သည်။ ရန်ကုန်က လာစဉ်က ရွာရောက်ချင်စောကလေး ခုနေလို့ သာသေးသိပါ။ ပင်ပန်းလှသည် မထင်ခဲ့။ ဝေးလေခြင်းလို့ပင် မထင်ခဲ့။ ရန်ကုန်အပြန်ကျတော့ ခရီးဝေးတာကို သတိထားမိခဲ့ပြီ။ အမေတို့ အမေတို့က မနွလေးဟိုဘက်ခိုင်နှစ်ဆယ်လောက် ဝေးသည့်အရပ်မှာ ကျောင်းဆရာမ သွားလုပ်ရတာကို စိတ်မကောင်း ဖြစ်နေခဲ့ကြပုံပေါ်သည်။ မြို့ပြကို နေကြသူတွေဆိုသော်လည်း တောကျေးလက်ကို ချစ်ခင်ရှာသော သမီး၏စိတ်ကို သိကြသူတွေဖြစ်သည်။ သမီးစိတ်ကြောင့် ခွင့်ပြုခဲ့ကြခြင်းဖြစ်၏။ အသက်တွေကလည်း ရကြပြီဖြစ်သလို အိမ်မှာ ခြံဟာဝန်၊ ကျိုးစောင့် ကြက်နှင် တာဝန်တွေကလည်း ရှိကြသေးသည်။ သမီးအပျိုကျောင်းဆရာမကလေး တနယ်တကျေးက ပြန်ရောက်လာတော့ ဝမ်းသာကြသည်။ ဆွေသားတွေ ညိုချင်လုလု သမီးမျက်နှာကို ကြည့်ရင်း နေရေးထိုင်ရေးတွေကို မေးသည်။

"ငါ့သမီး နေရထိုင်ရတာ အဆင်ပြေတယ်ကြားလို့ အမေတို့ ဝမ်းသာရပါအေ...သမီးစာတွေလည်း ရပါရဲ့...ရက်တွေကြာတော့မှ တစ်စောင်ဖြစ်ဖြစ်မြည်ရောက်လာတာ...ရောက်တာ ကျေးဇူးတင်ရသေးတယ်..."

www.burmeseclassic.com

www.burmeseclassic.com



လခလည်း မှန်မှန်ရောက်ပါရဲ့…သမီးအတွက် သုံးဖို့စားဖို့ ဦးစားပေး… သည်မှာ အမေတို့ အဆင်ပြေပါတယ်"

အမေက မျက်ရည်ကလေး တစမ်းစမ်းနှင့်။ အဖေကတော့ နေရေးထိုင်ရေးတွေ စစ်စစ်ပေါက်ပေါက် မေးရှာပါ၏။ မပုန်းရည်ကလည်း ရွာမှာ ကြုံတွေ့သမျှတွေကို စီကာပတ်ကုံး ပြောပြသည်။ ရွာကျောင်းဆရာတော်ကြီးက စောင့်ရှောက်တော်မူကြောင်းကအစ ရပ်ရွာလူကြီးတွေကလည်း ကူညီကြကြောင်း၊ နတ်ရေကန်ရွာကလေးမှာ ပျော်ပိုက်သည့်အကြောင်းတွေ ပြောပြတော့ အဖေနှင့်အမေ စိတ်ချမ်းသာကြပုံပေါ်သည်။ စာတွေ ရေးပို့နေသည်ဆိုသော်လည်း ပြည့်ပြည့်စုံစုံ မပါနိုင်။ ကြာမီသားစုအကြောင်း ရောက်တော့ စိတ်ဝင်တစား ရှိကြလေ၏။

"ကိုရွှေကြာတွေ ကျေးဇူးတင်ရပါ့ကော သမီးရယ်…ရွာသူရွာသားတွေဆိုတော့ ရွာစိတ်ရပ်စိတ် ကြီးကြတာပေါ့…သမီးကလည်း ရပ်ရွာကို စေတနာထား…အနေအထိုင် အပြောအဆိုကအစ လိမ္မာယဉ်ကျေးတယ်ဆိုတာမျိုး ဖြစ်ပစေ…ကလေးတွေကကော ဘယ့်နှယ့်တုံး စာသင်ရတာ…"

"ရွာက စာအပေါ် အာရုံနည်းကြတယ် အဖေရဲ့…သမီးရောက်သွားတော့ ရွာက လူကြီးမိဘတွေကို အကျိုးအကြောင်းပြောပြီး ကောက်သင်းကောက်သင်ရတယ်…လေးတန်းဆို တစ်ယောက်မှ မရှိဘူး…နှစ်ဝက်လောက်ကျတော့ ကျောင်းကို အရောက်များကြပါပြီ…ဆရာမကလည်း နှစ်ယောက်တည်းဆိုတော့ အတန်းမျှသင်ရတာပေါ့…ရွာခံဆရာမကလည်း ညာရှာပါတယ်"

မပုန်းရည်က ရွာအကြောင်းတွေ စကားဆိုက်တိုင်း ပြောပြသည်။ ကိုကြာစွယ်အကြောင်း ပြောပြသည့်အခါတိုင်း အမေက ရယ်တတ်သည်။ အဖေက ရွာကျောင်းဆရာတော်အတွက် ငါးရွှေခြောက်ကောင်းကောင်းနှင့် ပုစွန်ခြောက်တွေ လှူလိုက်ရန်စီစဉ်သည်။ မပုန်းရည်က ကြာမီသားစုအတွက် စဉ်းစားရသည်။ အထူးသဖြင့် ကိုယ်နှင့်အတူ ညအိပ်ညဥ့်နေ စောင့်ရှောက်ပေးဖော်ရသော မကြာဥအတွက်၊ ပြီးတော့ ကိုကြာစွယ်အတွက် မြို့လက်ဆောင်ကောင်းကောင်း ဝယ်သွားရမည်။

အဖေတို့ အမေတို့နှင့် ရန်ကုန်လိုမြို့ကြီးမှာ နေရသော်လည်း မပုန်းရည်စိတ်က ခရမ်းကွင်းလယ်တွေဘက်ကို ရောက်နေခဲ့သည်။ ရွယ်ကြီးရွယ်အို ကျေးဇူးရှင် အဖေနှင့်အမေတို့ကလည်း တောက အဘိုးလေးတို့ဆီ သွားဖို့ ခွင့်ပြုရှာကြပါသည်။ အစ်မကြီးမွေးသော တူမကလေးနှစ်ယောက်ကလည်း မပုန်းရည်အနားက မခွာကြ။



"အဲတီပုန်း…သမီးတို့နဲ့ အကြာကြီးနေဦးနော်…အဲတီပုန်းမရှိတော့ သမီးတို့ပျင်းလိုက်တာ…ဘုရားလည်း မသွားရ၊ ရုပ်ရှင်လည်း မကြည့်ရ…ဘိုးဘိုးတို့က ဘယ်မှ ပေးမလွှတ်ဘူး သိလား"

သံယောဇဉ်အနှောင်အဖွဲ့ကလေးတွေကြားက ချက်ချင်းမခွာသာသေးတော့ မပုန်းရည် ရန်ကုန်မှာပဲ အနေကြာကြာနေရပါ၏။

"အဘိုးလေးတို့ရွာက ဆွေမျိုးတွေလည်း ရန်ကုန်ကို ရောက်ရောက်လာရှာကြပါရဲ့…အဘိုးလေးက အဝင်ခိုင်းလို့တဲ့…ငါ့သမီးကို လွမ်းရှာထင်ပါရဲ့ကွယ်…ညအိပ်ညနေတော့ မနေကြဘူး…ခရမ်းကို ပို့ပေးဖို့ သမီးထည့်ပေးလိုက်တဲ့စာလည်း အမေတို့ ရောက်အောင်ပို့ပါတယ်"

မပုန်းရည်က ခရမ်းလိပ်စာနှင့် စာထည့်တာမျိုး ရှိသော်လည်း ပို၍သေချာအောင် ရန်ကုန်စာထဲ တစ်ဆင့်ထည့်ပေးလိုက်ခြင်းဖြစ်ပါ၏။ အဘိုးလေးအတွက် သန့်စာတစ်စောင်တော့ ရေးဖြစ်အောင်ရေးပို့သည်။ အဘိုးလေးကလည်း လူတစ်မျိုး။ သူ့ဘယ်တောထဲမှာပဲ နေထိုင်သူဖြစ်သည်။ လယ်တောနှင့်တစ်စပ်တည်းရှိသော မောင်းကုန်းကိုပင် လိုအပ်မှ ကူးသူဖြစ်သည်။ မပုန်းရည်၏ ငယ်ဘဝ တစ်ဘဝလုံး မောင်းကုန်းမှာ ကြီးခဲ့ရတာဆိုတော့ ဇာတိရွာကလေးကို လွမ်းရတာက ပိုပါသည်။

မောင်းကုန်းကို ပြန်ရောက်သည့်ရက်တွေအတွင်း မပုန်းရည် ရွာရိုးအန့်ရှာတဲ့လည်ခဲ့သည်။ သည်ဆီဘုရား၊ သည်ဆီစေတီ၊ သည်ဆီဇရပ်ကျောင်း၊ သည်ဆီ…ပေါင်းလောင်း။ မပုန်းရည်ကိုယ်တိုင်ပင် ဆယ်နှစ်သမီးအရွယ် ကလေးမလေးတစ်ယောက် ပြန်ဖြစ်သွားခဲ့ရပါ၏။ မိုးတွေ လေတွေ သဲသဲမဲမဲ ရွာတတ်သော အရပ်…၌ အမြဲတမ်း မှုန်မှိုင်းနေတတ်သော မိုးရေစွတ်ရွာကလေးကို မပုန်းရည် အလွန်…သည်။ နတ်ရေကန်က ရွာသူရွာသားတွေလိုပင် မောင်းကုန်းရွာသူ ရွာသားတွေလည်း ရိုးသားဖြူစင်ကြသည်။ ပေးကမ်းကျွေးမွေးရှိကြသည်။ လူကြီးသူမ…၌ မရှိကြတော့။

"အလို ပုန်းရည်မ…မောင်းကုန်းကို သတိရသေးသားဟဲ့…ညည်းအဘိုးလေးကအေ…ညည်းအကြောင်း ပြောပြောပြီး ဂုဏ်လုပ်ရတာ အမော…ညည်းအမေက အစ်ကိုနှစ်ယောက်ရှိတာ…အစ်ကိုကြီးက ဆုံးရှာပြီ…သူတအငယ်…ညည်းအမေ ရွှေရည်မက မိန်းကလေးတစ်ယောက်တည်း ပါတာရယ်"

ဘွားသက်ရှည် အမေရှင်က မပုန်းရည်ကို တစမ်းစမ်းပြုရင်း လေသံယဲ့ယဲ့ဖြင့် …ရှာသည်။ ဘကြီးကွန်း၊ ဘွားလေးသန်းတို့ မောင်နှမတော့ အသက်ရှည်

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ကိုယ့်လယ်က ထွက်သည့်စပါး သူတစ်ပုတ် ကိုယ်တစ်ကျီ ခွဲကြရင်း မတည့်အတူနေ မောင်နှမဖြစ်၏။ မပုန်းရည် လာလည်တော့ မောင်နှမနှစ်ယောက်စလုံး သူ့အပြစ် ကိုယ့်အပြစ်တွေ တိုင်နေကြလို့ မပုန်းရည် ပြုံးမိရပါ၏။ မပုန်းရည် ငယ်ငယ်က စောင့်ရှောက်ခဲ့ရသည့်အကြောင်းတွေ ရောက်ပြန်တော့ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်တွေက ရင်ထဲ တိုးဝင်လာကြပြန်၏။ မပုန်းရည် မျက်ရည်ဝဲမိရသည်။

"ညည်း ဘယ်တော့ပြန်မှာလဲ ပုန်းရည်မ...ငါတို့ မောင်းကုန်းကောက်ညှင်းဆန် ထည့်ပေးလိုက်မယ်...ညည်းတို့ စာပြတဲ့ရွာကလည်း လယ်တွေစိုက်ကြဆို...ညည်းအဘိုးလေးပြောတာ...ကောင်းပါ့အေ ညည်းကလည်း ရွာချစ်တတ်တာနဲ့ ရွာကျောင်းဆရာမ ဖြစ်တာနဲ့..."

မပုန်းရည် မောင်းကုန်းမှာ နေခဲ့သည့်ရက်တွေအတွင်း မရောက်ခဲ့ရသည့် အိမ်မရှိ၊ မစားခဲ့ရသည့်အိမ်မရှိ။ အဘိုးလေးကပင် မဝတ်စဖူး အကျီ၊ ပုဆိုး လတ်လတ် ဆောလောကလေးတွေ ဝတ်နေခဲ့ပါ၏။ အဘိုးလေးနှင့် မပုန်းရည်တို့ကို မြင်ကြသူတွေက ဝမ်းသာဝမ်းနည်း ရှိကြသည်။ "ညည်းအဘိုးလေးက အသက်ရှည်မှာပါအေ...သူ့သမီးအရင်းလို အောက်မေ့ရှာတာ...ညည်းကို တည်တည်ပပ မြင်ပြီး စိတ်လျှော့ချင်လျှော့ဖို့ပဲ" လို့ ဆိုကြတာတွေကြားတော့ မပုန်းရည် စိတ်မကောင်း ဖြစ်ရသည်။ မပုန်းရည် အိမ်ထောင်ရက်သားကျတော့မှလို့ ဆိုလိုချင်တာလား။ မပုန်းရည် အတွက်တော့ အဘိုးလေး အသက်ရှည်နေသမျှ အဓိပ္ပာယ်ရှိနေပါ၏။ အဘိုးလေးကတော့ လယ်သမား ကိုင်းသမားပီပီ ကျန်းမာသန်စွမ်းနေဆဲပင်။

"ငါ့တူမ...အဝေးမှာနေရတာပေမယ့် အဘိုးလေး စိတ်ချတယ်...ငါ့သမီး စိတ်ဓာတ်ကောင်းတာ အဘိုးလေး သိတာပေါ့...ရတနာသုံးပါးနဲ့ တကွ ဆရာမိဘအရိပ်ဟာ အလွန်အေးမြတယ်၊ တန်ခိုးကြီးတယ်...မမေ့နဲ့ကွယ် ကိုယ်စာသင်ရတဲ့ရွာ၊ ကိုယ့်ကို ကျွေးမွေးစောင့်ရှောက်တဲ့ရွာတွေရဲ့ ကျေးဇူး ကို ဦးထိပ်တင်ကွယ့်...ဘုန်းကြီးပါစေ...အသက်ရှည် အနာမဲ့ ဘာသာ သာသနာအကျိုး သယ်ပိုးနိုင်ပါစေ"

အဘိုးလေး၏ ဆုတောင်းကို မပုန်းရည် ကြည်ကြည်နူးနူး ခံယူသည်။ မပုန်းရည်ကိုယ်တိုင်က ဘဝနာခဲ့ရသူ၊ ကိုယ့်ဘဝကိုယ်သိသူဆိုတော့ ကိုယ်ရေးကိုယ် တာကိစ္စတွေကို သိမ်းသိမ်းဆည်းဆည်း ရှိခဲ့ပါ၏။ မြင့်မြင့်နှင့် ဝေဝေပျံ့ရသည့် ငှက်တစ်ကောင်အဖို့ အတောင်တစ်ချောင်း အကျွတ်မခံရအောင် နေထိုင်ခဲ့သည်။ ရုပ်ချော ပညာတတ် ကျောင်းဆရာမကလေးဆိုတော့ ချူချင် ဆွတ်ချင်သူတွေအား ဝေးအောင် အငိုက်မခံ အလှမ်းမခံ နေပြခဲ့သည်။



မပုန်းရည် ရန်ကုန်ကို ပြန်ကူးမည့်ရက်မှာတော့ အဘိုးလေးကိုယ်တိုင် ...ကုန်အိမ်ကို လိုက်ပို့ရှာပါ၏။ မပုန်းရည် ထိုင်ကန်တော့တာကို ခံယူရင်း ဆုတွေ ...နေခဲ့သည်။ အဘိုးလေးပြန်တော့ မပုန်းရည် ငိုရပြန်သည်။ အဘိုးလေးက စကား ...ခွန်းတော့ မှာခဲ့သည်။

"အဘိုးလေးနဲ့ မိဘများရဲ့ကျေးဇူးကို အောက်မေ့တယ်ဆိုရင် တောသူ တောင်သား ဆင်းရဲသားတွေရဲ့ ကလေးတွေကို ပညာတတ်အောင် သင်ပေး ကွယ်...ငါ့တူမ လူတစ်လုံး သူတစ်လုံးဖြစ်လာသလို သူတို့ကလေး တွေလည်း ဖြစ်ခွင့်ရကြပါစေ"

ရန်ကုန်နှင့် အဘိုးလေးတို့ရွာ မောင်းကုန်းမှာ နေခဲ့ရသည့်ရက်တွေက ...မြန်လှသည်။ ကျောင်းပြန်ဖွင့်တော့မှာဆိုတော့ မပုန်းရည်လည်း မတ္တရာပြန်ဖို့ ...ရတော့သည်။ လယ်တောရွာကလေးမှာ ကြီးပြင်းခဲ့ရသူက လယ်တောရွာကလေးကို ...ခေါက်သွားရပြန်ဦးမှာပါလား။ မပုန်းရည်ကလည်း ပျော်ပါသည်။ ဒါကလည်း ...ဘဝ၏ ကုသိုလ်ထူးခြင်းတစ်မျိုးပင်။

မိုးတွေ သဲသဲမဲမဲရွာသော နေ့တစ်နေ့မှာပဲ မပုန်းရည် ပြန်လာခဲ့ရသည်။ ...တွေ ဝေနေသောအရပ်မှ မြူငွေ့တွေဝေသော အညာကို တစ်ခေါက်ပြန်ခဲ့ရပြီ။ ...လိုနှင့် မန္တလေးကိုရောက်တော့ ဘူတာရုံကိုပြေးကာ ရွာလှည်းကြုံဖို့ စာရေးဆေး ...ရသည်။ မပုန်းရည်ကိုယ်တိုင်က သူငယ်ချင်းဆရာမ မဝိုင်းချစ်၊ မကြင်ဝင်းတို့ ...အတူ မန္တလေးမှာ တစ်ညအိပ်ရပါ၏။ မန္တလေး-မတ္တရာ ရထားလမ်းဘေးက ...ချင်းတွေကို ရထားပေါ်က မြင်ရတော့လည်း မောင်းကုန်းကို သတိရသား။ ပြီးတော့ ...နှင့် အမေ၊ အဘိုးလေးနှင့် အမေ 'မရွှေရည်'ကိုရောပေါ့လေ။

၇

မန္တလေးကနေ မတ္တရာဆီ ခုတ်မောင်းလာခဲ့သော ရထားကြီးပေါ်မှာ မပုန်းရည် ... ဆရာမကလေးတွေ မိုးဆမ်းပန်းလို လန်းဆန်းကြလျက်။ ကျောင်းဖွင့်စရက်ဆိုတော့ ...ရာမကလေးတွေကိုယ်တိုင်က ကျောင်းသားများနည်းတူ ပျော်နေကြပုံရသည်။ ...လေး သူရဲဈေးဘူတာ၊ အိုးဘို၊ ကပိုင်၊ တောင်ပြုံး၊ လွန်တောင်း၊ ပြီးတော့ ...ရည် ဆင်းရမည့် ကံဘဲ့ဘူတာ။ တစ်ဘူတာဆိုက်တိုင်း ဆိုင်ရာရွာကလေးတွေ... ...ကြသော ဆရာမကလေးတွေကို လှမ်းကြည့်ရင်း လယ်ထဲကွင်းထဲမှာ ...တို့ ...လယ်သူမတွေနှင့် မခြားပါလား အောက်မေ့မိရပါ၏။

ကံဘဲ့ဘူတာကို ရထားဆိုက်တော့ မပုန်းရည် ပါလာသည့်...တွေကို ...သည်တွေက ဝိုင်းကူချပေးကြသည်။ ပစ္စည်းဝန်စည်စလယ်...တော့ များလွန်းတော့

www.burmeseclassic.com

www.burmeseclassic.com



အရပ်ကူပါ လူဝိုင်းပါနှင့်ပင် ပစ္စည်းတွေ ဘူတာညောင်ပင်အောက် ရောက်ရပါ၏။ ဘူတာမှာ အဆင်းအတက်ရှိသော်လည်း သိပ်တော့ မများလှပါ။ မပုန်းရည် ပထမဆုံး သတိထားမိတာက ကိုကြာစွယ့်မျက်နှာ ပြားပြားကြီးဖြစ်၏။ မပုန်းရည်က လှမ်းမြင် လိုက်သော်လည်း မမြင်ချင်ဟန်ဆောင်နေလိုက်သည်။ ဘူတာညောင်ပင်အောက်မှာ ငုတ်တုတ်ထိုင်ချလိုက်ရင်း အထုပ်အပိုးတွေကို စစ်ကြည့်နေခဲ့၏။

"ဆရာမ...ကျုပ်ရယ်..."

မပုန်းရည်က မကြားဟန်ပြုကာ အနောက်မြစ်ရိုးတန်းဘက် ဆင်းကြမည့် ဆရာမတွေကို နှုတ်ဆက်ဖို့ ထွက်လာခဲ့သည်။ ကိုကြာစွယ်နောက်က လိုက်လာတာ ကိုတော့ သိနေသည်။ ကိုကြာစွယ်က မပုန်းရည်ကို ကျော်ကာ ရှေ့က မားမားကြီး လာရပ်သည်။ သည်တစ်ခါတော့ မြင်ရော့ဟ ဆိုသည့်မျက်နှာ။

"ဆရာမ...ကျုပ်ရယ်...ကြာစွယ်ရယ်..."

"ဩော်...ကိုကြာစွယ်...ဘယ်လာတာလဲ...အလှူလိုက်လာတာလား ဝတ်ကောင်းစားလှတွေနဲ့"

ကိုကြာစွယ်က ကြော့နေအောင် ဝတ်စားထားသည်။ ဆွဲကြိုးကြီး မပါ သော်လည်း ဟန်းချိန်းငါးကျပ်သားကြိုးကြီးက မီးလောင်ငုတ်တိုမှာ ရွှေခြေကျင်း စွပ်ထားတာနှင့်ပင် တူသည်။ တောင်မြို့ထွက် ပိုးကြိုးပုဆိုးက အရောင်တွေထွက်လို့၊ လည်ကတုံးအင်္ကျီက မီးအိုးကျ သန့်ပြန့်သော်လည်း ဝါကျင့်ကျင့်။ ရွှေကြယ်သီးတွေက ကြယ်သီးတစ်ပေါက် တစ်လုံးကျ။ ကြယ်သီးတွေကို ရွှေကြိုးမျှင်မျှင်က တစ်တွဲတည်း တွယ်ဆက်ထားပါ၏။ ခေါင်းမှာလည်း ခေါင်းလိမ်းဆီတွေ ဘယ်လောက်တောင် လိမ်းလာခဲ့သည်မသိ။ မိုးရိပ်ကလေး အေးလို့သာ တော်တော့သည်။ နို့မို့ ဆီတွေ နပူးက ယိုကျနိုင်ပါ၏။

"အလှူရှိလို့ မဟုတ်ပေါင်ဗျာ...လေးပန်းဆီက ဆရာမ ဒေါ်ပုန်းရည် ပြောင်း သွားကြိုချေဆိုလို့ပါ...ကြာဖြူတို့သားအမိလည်း ပါတယ်...ကျုပ်တို့ မနက်အစောကြီးကတည်းက ရောက်နေတာ...ဗိုက်ဆာလို့ ကဘွဲ့ရွာ ခေါက်ဆွဲသုပ် ပြေးဝယ်ကြလေရဲ့..."

မပုန်းရည် အားနာသွားသည်။ ရထားကလည်း အချိန်မှန်ဆိုရင် မနက် ခုနစ်နာရီလောက် ရောက်တာကိုး။ အခုက တစ်နာရီလောက် နောက်ကျပြီးမှ ဝင်တာ ဆိုတော့ တူဝရီးတစ်တွေ ဆာရှာကြမှာပေါ့။ ကိုကြာစွယ်က ပစ္စည်းတွေ လှည်းပေါ် မ,တင်နေသည်။ ပိုးပုဆိုးနှင့် ရွှေကြယ်သီးနှင့် လှည်းဆရာက အခုတော့လည်း ပုဆိုး



...ကိုဝတ်ကဲ့ပြီး တစ်ထုပ်ပြီးတစ်ထုပ် လှည်းပေါ် ထိုးတင်နေပါရောလား။ မပုန်းရည် ... အဝတ်အစားသေတ္တာကိုတော့ အမ,မခံပါ။ အထဲမှာ ထဘီတွေပါလို့ဖြစ်၏။ ...ကြာစွယ်ကလည်း ဇွတ်လုသည်။ မပုန်းရည်ကလည်း လက်မလွှတ်။

"မလုပ်ပါနဲ့ ကိုကြာစွယ်ရယ်...ကျွန်မ ငရဲကြီးနေပါ့မယ်...အဝတ်အစား တွေမို့ပါ"

မပုန်းရည်က ထဘီတွေ ပါတာကို မပြောဘဲ အဝတ်အစားတွေလောက်သာ ...လိုက်သည်။

"ထဘီတွေပါလို့လား...ဘယ့်နှယ်မှ မနေပေါင်ဗျာ...ယောကျ်ားက ပုဆိုး ဝတ်တာ...မိန်းမက ထဘီဝတ်တာ ဘာမှမထူးဘူး...ကျုပ်ဖြင့် အမေ့ထဘီ တွေ သည်လိုလျှော်ပေးနေတာပဲ"

"ဟိုက မိဘကိုး ကိုကြာစွယ်ရဲ့...ကျွန်မက မိဘမှမဟုတ်တာ"

"မိဘနဲ့ဆရာ တစ်ဂိုဏ်းထဲပဲ ဆရာမရဲ့"

ကိုကြာစွယ့်စကားကြောင့် မပုန်းရည် အံ့ဩသွားခဲ့ရသည်။ ကျောင်းဆရာမ ...ကို အာစရိယဂိုဏ်းဝင်လို့ သဘောထားတာ မဆန်းသော်လည်း မိဘကို လုပ်ပေး ...သလို ဆရာ, ဆရာမကိုပါ တစ်တန်းတည်း လုပ်ပေးရမည်ဆိုသည့် နှိုင်းယှဉ်ချက် ...တော့ မပုန်းရည် အံ့ဩရသည်။ လေးစားစိတ်ပင် ဝင်ခဲ့မိသည်။ တောသူတောင်သား ...ထားသည့် မေတ္တာ စေတနာ ရင့်သန်လွန်းလှပါကလား။

"ကိုကြာစွယ် ဘုန်းနိမ့်မှာစိုးလို့ပါရှင်...ဘုန်းနိမ့်ရင် အာစက်လျှာစက် ညံ့တတ်တယ်လို့ ကြားဖူးတယ်...ကိုဗျတ်ဝိလား...မအိဇာနဲ့ကြိုက်တာ လေ...ကိုဗျတ်ဝိက ထဘီတန်းအောက် ဝင်မိတော့ အစွမ်းတွေ ကွယ်ကုန် တာ..."

"အဲသဟာက ဆေးစီရင်ထားတာကိုးဗျ...ဆရာမက ဆေးစီရင်ထားတာမှ မဟုတ်တာ...ရိုးရိုးထဘီပဲဟာ..."

မပုန်းရည်က လှည်းပေါ် ဖွေ့ခနဲတက်ရင်း ပြုံးလိုက်မိပါ၏။ အာဂ ...ကြာစွယ်ပါလား။ မပုန်းရည် လှည်းပေါ်ရောက်တော့ ကိုကြာစွယ်က လှည်းကို ...ခနဲ မောင်းထွက်တော့သည်။

"မပတေးနဲ့ ကြာဖြူတို့ကို မစောင့်တော့ဘူးလား..."

"မစောင့်တော့ဘူး...ဘယ့်နှယ့်ဗျာ ရထားလာသံကြားရင် ဒုန်းပြေးခဲ့မှပေါ့ ...ဆရာမ လာကြိုတဲ့ဟာ သူတို့ခေါက်ဆွဲစား လိုက်ပို့ရတဲ့အတိုင်းပဲ... တော်ရာနဲ့လိုက်ခဲ့ကြလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာ ကိုကြာစွယ်ကလည်း…စောင့်ပါဦး"

"ဒါမျိုးကျ ကျုပ်က မီလိုက်မှာကို စိုးတာဗျား…အလွန်လေးတဲ့ဟာတွေ ဟဲ့နွား…"

အို…ဘယ့်နှယ်လူပါလိမ့်။ အတူလာကြပြီးမှ ထားပစ်ခဲ့ရမယ်လို့။ တော်တော် လည်းရွတ်တဲ့ ကိုကြာစွယ်။ သူလည်း သူ့စိတ်နဲ့သူ့ကိုယ် မဟုတ်လား။ မပုန်းရည် ဘာမှ မပြောတော့ပါ။ မနက်မိုးမလင်းခင်ကတည်းက ထမင်းမစား ဘာမစား ထွက်လာ ခဲ့ကြရာတာဆိုတော့ ခမျာများ ဆာရှာမှာပေါ့။ မပုန်းရည်ကိုယ်တိုင်လည်း ဘာမှ မစားခဲ့ရသေးတော့ ဝမ်းထဲ ဟာချင်ချင်။ ရန်ကုန်က ပါလာသည့်မုန့်ဘူး ထုတ်ကျွေး မည်ကြံပြီးမှ ကိုကြာစွယ်က ကလမုန့် (ကုလားမုန့်) မကြိုက်ပေါင်ဗျာလို့ ပြောဖူးတာ သတိရလိုက်သည်။ တစ်ယောက်တည်း မုန့်ဖဲ့စားနေလို့လည်း မကောင်းနိုင်တော့ သည်အတိုင်း လိုက်ခဲ့ရတော့၏။

"သည်ကနေ့ မိုးကလေးအေးလို့ တော်ပါသေးရဲ့ ကိုကြာစွယ်ရယ်…နွား တွေလည်း ကျောမပူကြတော့ဘူးပေါ့…ရန်ကုန်မှာတော့ ရွာလိုက်တဲ့ ရှင်…ရေအိုးသွန် ရေအိုးမှောက်ပဲ…အညာကျတော့လည်း မိုးမရွာပြန်ဘူး"

"ရန်ကုန်မှာ မိုးတအားရွာတယ်လို့ ကြားဖူးသားပဲ"

"ရန်ကုန်ကို သည်တစ်ခေါက်ပြန်ရင် လိုက်ခဲ့ပါလား…ရွှေတိဂုံဘုရား ဖူး တာပေါ့"

"မလိုက်ချင်ပေါင်ဗျာ…ရွှေတိဂုံဘုရားတော့ ဖူးချင်ပါရဲ့"

"ဘာဖြစ်လို့လဲ ကိုကြာစွယ်ရဲ့…ရန်ကုန်မြို့ကြီးက သိပ်စည်ကားတာ လူတကာ ရောက်ဖူးချင်တဲ့ဟာ…"

"မန်းလေးတောင် မဟာမုနိဘုရားကြီး ဖူးချင်လို့ တစ်ခေါက်လား ရောက်ဖူး ရဲ့…ခေါင်းကို မူးကရောဗျ…ရန်ကုန်ဆိုရင်တော့ မိုးကြိုးပစ်တာထား ဆိုးမှာ…ကျုပ်က လူများရင် မောတောကြပ်တပ်ကြီး ဖြစ်လာတာပဲ"

"ကျွန်မလည်း အဲသလိုပါပဲ ကိုကြာစွယ်ရယ်…ဒါကြောင့် တစ်ခါတလေ နတ်ရေကန် ကန်ဘေးက ပေါက်ပင်တွေအောက် တစ်ယောက်တည်း သွားထိုင်ချင်တဲ့စိတ် ဖြစ်မိတယ်"

မပုန်းရည်က စကားရောက်တုန်း 'တောက်'လိုက်ခြင်းဖြစ်၏။ ကိုကြာစွယ် ဆီက တုံ့ပြန်ချက်မလာ။ နွားတွေကိုသာ နကန် လှမ်းတို့ရင်း အသံမထွက်



နေခဲ့သည်။ မပုန်းရည်ကလည်း ကိုကြာစွယ် စကားကျကို စောင့်နေလိုက်သည်။ ကိုကြာစွယ့်ဆီက ရနေသော စံပယ်ဆီနံ့ကြောင့် မပုန်းရည် ခေါင်းတွေ အီနောက်နေ ၏။ စံပယ်ဆီတွေ ဘယ်လောက်တောင် ဆွတ်လာသည်မသိ။ ချွေအီအီအနံ့ကို ရည် မခံနိုင်။ ဘာပဲဖြစ်ဖြစ် သပ်သပ်ရပ်ရပ်ဝတ်၊ မွှေးမွှေးကြိုင်ကြိုင် ဆွတ်ဖျန်း ခဲ့ရှာတာ ဝမ်းသာရသေး၏။ မပုန်းရည်အပေါ် ရှာက အရိပ်တကြည့်ကြည့် ကြသလို ကိုကြာစွယ်တို့မိသားစုကလည်း တိုရေရှားရေမရှိ။ ကိုကြာစွယ်ကတော့ ကဲ အရှိဆုံး။ မပုန်းရည်က မလှုပ်တော့ ကိုကြာစွယ်က လှုပ်လာခဲ့သည်။

"နတ်ရေကန်နား သွားမထိုင်နဲ့ ဆရာမ…သည်ရက်ထဲ ကျုပ်နားထဲမယ် နတ်ရေကန်က အော်သံတွေ ကြားနေရတယ်…နတ်ရေကန်အော်ရင် မကောင်းဘူး"

"ရွာထဲက လူတွေကော ကြားကြတာပေါ့ ဟုတ်လား…ကိုကြာစွယ်"

"လူတကာ ကြားမကြားတော့ မပြောတတ်ပေါင်ဗျာ…ကျုပ်ကတော့ ကြားရတာမှ သရဲသဘက်များ အော်နေတဲ့အတိုင်းပဲ"

မပုန်းရည်ပင် လန့်ဖျပ်သွားခဲ့သည်။ လှည်းက တလှုပ်လှုပ်။ ကောင်းကင် ခဲတွေ ပုံ့နေသော်လည်း ရွာမည့်ပုံမပေါ်။ စကားစ ပြတ်သွားတော့ မပုန်းရည်က ဝန်းကျင်ရှုခင်းတွေကို လိုက်ကြည့်နေခဲ့သည်။ စပါးတစ်သီးပြီးလို့ နှမ်းတစ်သီး ကြပုံပေါ်သည်။ လယ်တွေအစား နှမ်းပင် ထိုးထိုးထောင်ထောင်တွေကို တွေ့ရသည်။ အခင်းတွေက နှမ်းတွေ ရိတ်သိမ်းပြီးကြလို့ ရေတွေသွင်းနေကြပြီ။ နှမ်းရိုးငုတ်တွေ ပ်ကြလို့။ ဘူတာနှင့်ရွာအကြား လမ်းတစ်လျှောက် ဘုရားငုတ်တို တော်တော် များ မြင်ရတော့ တစ်ချိန်က သည်နယ်မှာ သာသနာထွန်းကားခဲ့တာ သေချာ အုတ်ခွက်ပြားပြား၊ ဖိနပ်တော် ကြီးမားကျယ်ပြန့်ပြီး စေတီပုံသဏ္ဍာန်ထက် ာတ်တွေ တည်ထားကိုးကွယ်ခဲ့ကြပုံပေါ်ပါ၏။

"ကိုကြာစွယ်…သည်ဘုရားတွေက ရှေးဘုရားတွေလားရှင့်"

"အစစ်ပေါ့ဗျာ…အနော်ရထာမင်းလက်ထက်က တောင်ပြုံးနယ်ကို ဘုရား တည် ကျောင်းဆောက် သာသနာလာပြုတော့ မိဖုရားတွေကလည်း တစ်နယ်လုံး အပြိုင်အဆိုင် ဘုရားတည်ကြတာပဲလို့ လူကြီးသူမတွေက ပြောကြတာပဲ…ဟောဟို ဘုရားပျက်ကြီးက ကျန်စစ်မင်းမိဖုရား တည်သွား တာတဲ့… တလောက အထောက်အထားတွေ့ဆိုလား…ကျုပ်တို့ကတော့ အဲသည်နား မသွားဘူး"

www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းမှာရှိသော ပုထိုးပျက်ကြီးကို လက်ညှိုးညွှန်ပြရင်းဆိုတော့ မပုန်းရည်ကလည်း မျှော်ကြည့်မိပါ၏။ ပုထိုးပျက်ကြီးက ညို့ညို့မည်းမည်း၊ ချုံနွယ် ပိတ်ပေါင်းတွေက ထုတက်လို့။ အဝေးက မျှော်ကြည့်ရတာပင် အခြေအတော်ကြီးမှန်း သိသာသည်။

"ဘာဖြစ်လို့ မသွားတာလဲ ကိုကြာစွယ်ရဲ့"

"ဥစ္စာစောင့် ရှိလို့ဗျား"

"အို ဟုတ်လား...ကိုကြာစွယ် တွေ့ဖူးလို့လား"

"ကျုပ်နဲ့တော့ ဘယ်ပက်ပင်းတွေ့ဖူးမှာလဲ...တွေ့တဲ့လူတွေက ပြောကြတာ"

"အင်း...ဘုရားတွေကလည်း အများကြီးပဲနော်"

"များဆို ရှင်ဘုရင်များမယ် မိဖုရားပေါတာကိုး...ရုပ်ချောရင် ရှင်ဘုရင် ကောက်တာပဲတဲ့...အဲသည်ခေတ်ကဆို ဆရာမတောင် မိဖုရားကော လောက်တယ်"

ကိုကြာစွယ်က သူ့ရင်ထဲရှိတာကို ဘွင်းဘွင်းကြီး ပြောချလိုက်တာ မပုန်းရည်မျက်နှာ ဖျန်းခနဲ နွေးသွားရပါ၏။ ရွာသူရွာသားတွေဆိုတာ မရိုးမသား မရှိကြ။ သူတို့ထင်ရာမြင်ရာ နားအဝင်ချောချင်ချော မချောချင်နေ ပီသသလေးနှင့် နဘောပေါက်ပြောကြတာမျိုးလည်း ရှိကြတာကို မပုန်းရည်လည်း နားလည်ပါသည်။ သူတို့ရွာနှင့်သူတို့လူ၊ သူတို့အသိုင်းအဝိုင်းကလေးကို တစ်ကမ္ဘာမှတ်ထင် တင်းတိမ်ရောင့်ရဲနိုင်ကြသူတွေ။ ရွာမှာ စာသင်ကျောင်းကလေးရှိတာကို ဝမ်းသာ သလို ရွာကျောင်းကို တာဝန်လာရောက်ထမ်းဆောင်ကြသော ဆရာ၊ ဆရာမတွေ လေးစားကြည်ညိုကြသည်။ လိုအပ်သမျှ ကူညီသည်။ ကိုကြာစွယ်ကိုယ်တိုင် စာမတတ်ဘူး ဆိုပြန်တော့ မပုန်းရည် အံ့သြခဲ့ရသည်။ ကိုပိုက်တို့ မမလေးတို့လည်း စာမတတ်ကြရှာဘူးတဲ့။ တစ်ချိန်ချိန်မှာတော့ ကိုကြာစွယ့်ကို စာသင်ပေးရဦးမည် ဆိုသည့်စိတ် ရှိသော်လည်း ဘယ်လိုစရမှန်းမသိ။ သူကကော လက်ခံပါ့မလား။

လှည်းက ရွာခြေကိုပင် နီးခဲ့ပြီ။

□

နွေရာသီကျောင်းတွေ ပြန်ဖွင့်ပြီ။

ဦးပန်းဆီနှင့် ရွာသားအချို့က နွေရာသီကျောင်းပိတ်ရက်များအတွင်း ကျောင်း ကို ပြုပြင်ပြင်ဆင် ရှိခဲ့ကြသဖြင့် ကျောင်းကလေးပင် တောင့်တောင့်တင်းတင်း မိုးမိုးမတ်မတ် ရှိခဲ့ပါ၏။ မနှစ်က စိုက်ထားခဲ့သော သစ်ပင်ပန်းပင်ကလေးတွေ



အတော်သန်စွမ်းလာကြပြီ။ ကျောင်းရှေ့ စည်းရိုးတန်း လသာပင်ကလေးတွေက ဖေဒါ ချောင် အော်လံပွင့်ကလေးတွေ ပွင့်ကြလို့။ ကျောင်းအဝင်လမ်းကိုတော့ အုတ်ခဲထောင့် ကလေးတွေ အချွန်လိုက်စီကာ ထုံးသုတ်ထားသဖြင့် သန့်ရှင်းလှပနေသည်။ စားပွဲကုလား ထိုင်တွေကို ရွာလက်သမားများနှင့် ပိုးတန်တာပိုး၊ ရိုက်တန်တာရိုက် လုပ်ထားကြ သည်။

"ဆရာကြီးတို့ ကျောင်းဖွင့်တာနဲ့ စိတ်ချမ်းသာ လက်ချမ်းသာ စာသင် ရအောင် ဝိုင်းလုပ်ထားကြတာပဲဗျို့...ရွာခံဆရာ ဆရာမတွေဆို အကြောင်း လား...အခုက ရန်ကုန်သူ ဆရာမ ရွာကျောင်းမှာ မပျော်မှာစိုးတာလည်း ပါပါရဲ့...ကံကောင်းချင်တော့ ဆရာမ ဒေါ်ပုန်းရည် ရောက်တာနဲ့ ဟိုတက် က သကြားစက် လာတည်တာနဲ့ တစ်ထပ်တည်းကျနေတော့ သစ်ကလေးခွဲ ဝါးကလေးခွဲ ခွဲရတာဗျား..."

လေးပန်းဆီက ဆရာကြီးကိုလည်းပြော၊ အကျိုးအကြောင်းလည်း အစီရင်ခံ ပုန်းရည်ကိုလည်း ညွှန်ထောက်ခံရင်း ဆိုပါ၏။ ဆရာကြီးက ဝမ်းသာကြောင်း၊ ကျေးဇူးတင်ပါကြောင်းပြောရင်း လက်သမားများကို ကျောင်းမှာ တကူးတကခေါ်ကာ ညှိခံသည်။ ဘာပဲဖြစ်ဖြစ် ရွာက ကျောင်းကလေးအပေါ် အထူးသဖြင့် အာရုံထား ကြတာ ဝမ်းသာစရာမဟုတ်လား။

"ကျွန်တော်က မြို့နယ်က တာဝန်ပေးထားတာရော...ရွာကျောင်းတွေ လိုက်စစ်ရတာရော ရှိနေတော့ ကျောင်းမှာ အချိန်ပြည့်မရှိနိုင်တာကိုလည်း နားလည်ပေးကြပါ...ပင်စင်ကလည်း နီးပြီဆိုတော့ ဆရာမတွေကိုပဲ အားကိုး နေရတယ်...ဦးပန်းဆီတို့က အခုမဟုတ်ပါဘူးဗျာ...တစ်လျှောက်လုံး ကူညီ ခဲ့ကြတာကို မြို့နယ်ကိုလည်း ကျွန်တော်ပြောပြပါတယ်...ကျေးဇူးတင်နေ ကြပါတယ်"

"ဆရာကြီးနှယ် ကျုပ်တို့က လုပ်ပေးချင်လိုက်တာမှ ပိုက်ဆံမရှိတော့ မလုပ် နိုင်လို့သာ...ကျောင်းဆိုင်းဘုတ်လုပ်ချင်နေတာ အူယားလို့ဗျာ...အခုတော့ အင်ဂျင်နီယာလေးကို သွပ်ပြားတောင်းထားတယ်...မတ္တရာက ပန်းချီဆရာ ကို အပ်မယ်စိတ်ကူးတယ်"

မပုန်းရည်တို့ ကျောင်းကလေးမှာ ဆိုင်းဘုတ်ကလေးရှိသော်လည်း ဟောင်း ...လှပြီ။ သုံးထပ်သားဆိုင်းဘုတ်ကလေးဆိုတော့ လေဒဏ်မိုးဒဏ် မခံ။ စာလုံး ...ပင် မပေါ်ချင်တော့။ အခုတော့ ဦးပန်းဆီက သွပ်ပြားဆိုင်းဘုတ်ကလေး လုပ်ဖို့ ...နေပြီးသားဆိုပါလား။ ဦးပန်းဆီက မပုန်းရည်ဘက် လှည့်မေးပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ့်တုံး ဒေါ်ပုန်းရည် ဆရာမလေး…ဘိုးကြီးတို့အိမ်ပေါ် နေရတာ အဆင်ပြေရဲ့လား…အဘိုးကြီး အဘွားကြီးတွေပေမယ့် သူတို့ဟာသူတို့ နေကြသူတွေပါ…ခိုင်းစရာရှိတော့ ကြာစွယ်နဲ့ကြာဥကို ခိုင်းပေါ့…လူ လည်း ခေါ်သာခိုင်း…"

မပုန်းရည်က အဆင်ပြေကြောင်း ပြောပြရသည်။ မပုန်းရည် ဘိုးကြီးတို့ အိမ်ပေါ်ရောက်နေတာ ရန်ကုန်ကအပြန် ကျောင်းဖွင့်ကတည်းကဖြစ်၏။ မနှစ်တုန်းက မပုန်းရည် နေခဲ့သော ကိုကြာရိုးတို့အိမ်ကြီးကို ပိုင်ရှင်တွေ ပြန်နေနှင့်ကြပြီဆိုတော့ ရွာကပဲ ဘိုးကြီးတို့အိမ် အပေါ်ထပ်တွင် နေထိုင်ရန် စီစဉ်ထားခဲ့ကြသည်။ ဘိုးကြီးတို့ အိမ်ကြီးက အပေါ်ထပ်တစ်ထပ်လုံး ပိတ်ထားတာများသည်။ အားနာစရာမရှိ ကျယ်ကျယ်ဝန်းဝန်းရှိသည့်အပြင် လုံခြုံမှု ပိုရှိသည်။ တစ်ခုပဲရှိသည်။ အိမ်သူအိမ်သား များနှင့် ရောနှောနေရခြင်းဖြစ်၍ တစ်ခါတစ်ရံ အိမ့်ထုံးစံ အဝင်အထွက်များလှသည် အော်ကြီးအော်လောင် ပြောကြဆိုကြတာရှိသည်။ ဘိုးကြီး ဘွားကြီးတို့ကို လာရောက် တိုင်တည်ကြသော နှစ်ဖက်အမှုအခင်းရှိသူတွေ လာရောက်ကြတာလည်း ရှိ၏။ တချို့ က ငိုငိုယိုယို၊ တချို့က ဆူဆူပူပူ။ ဘိုးကြီး ဘွားကြီးတို့က အေးရာအေးကြောင်း ဖျန်ဖြေပေးကြတော့လည်း လက်ခံကြတာများသည်။ ကျန်တာတော့ အနှောင့်အယှက် မရှိ။ ကိုကြာစွယ်ကလည်း အိမ်ပေါ်ကို ယောင်လို့မှ မတက်။ မကြာဥကတော့ ထုံးစံအတိုင်း မပုန်းရည်နှင့် အိမ်ပေါ်မှာ အတူလာအိပ်သည်။ ကြာဖြူတို့ညီအစ်မ တစ်တွေကလည်း အိမ်ပေါ် ကြမ်းပြင်မှာ ပြားအိပ်ကြသည်။

မပုန်းရည် ရန်ကုန်က ပြန်လာသည့်နေ့က ကံဘဲ့ဘူတာကို ကိုကြာစွယ် လှည်းနှင့် လာကြိုသည်။ လှည်းပေါ်မှာ ကိုကြာစွယ်က အိမ်နေရာရွှေ့ထားကြောင်း ထည့်မပြောခဲ့။ ရွာရောက်လို့ လှည်းရပ်တော့မှ သူတို့အိမ်ဝိုင်းတိုက်ထဲ လှည်းထိုး လိုက်တာပဲရှိသည်။ မကြာဥတို့က လှည်းပေါ်ပါလာသည့်ပစ္စည်းတွေ အိမ်ပေါ်တင် ကြသဖြင့် မေးတော့မှ အကျိုးအကြောင်း သိရတော့သည်။

"အစ်ကိုကြာရိုးတို့က အရှေ့တောလယ်တွေ ရောင်းလိုက်ပြီး ရွာနား လယ်တွေ ဝယ်လိုက်ကြပြီလေ…ကလေးတွေကလည်း ကျောင်းနေကြ တော့မှာ ဆိုတော့ ရွာပြန်ကပ်ရတာပေါ့…လေးပန်းဆီတို့က အဖေ့ ပြောပြီး ကျွန်မတို့အိမ်အပေါ်ထပ်မှာ ထားလိုက်ကြပြီ…ဆရာမပစ္စည်း တွေလည်း ရွှေ့ပြီးပြီ…ကြာစွယ် လမ်းမှာမပြောဘူးလား"

"မပြောပါဘူး မကြာဥရယ်…အခု ရွာရောက်မှ သိရတာပါ…ဘယ်မှာ နေရ နေရပါ မကြာဥရယ်…ကျွန်မက အားနာတာပဲ ရှိပါတယ်"



သည့်လိုနှင့်ပင် ဘိုးကြီး ဘွားကြီးတို့ အိမ်မကြီးပေါ် မပုန်းရည် ရောက်ခဲ့ရ ၏။ မပုန်းရည် ရောက်လာပြီဆိုကတည်းက ကိုကြာစွယ်တစ်ယောက် အိမ်ကြီးနှင့် …အောင်နေတာကိုလည်း မပုန်းရည် သတိထားမိသည်။ မပုန်းရည် ကျောင်းသွားချိန် …ကျောင်းပြန်ချိန်မှာ ကိုကြာစွယ် အိမ်မှာမတွေ့ရ။ လယ်ထဲကိုင်းထဲ အလုပ်ဆင်းနေ …ဖြစ်မည်။ သို့သော် ညဘက်တွေမှာလည်း ကိုကြာစွယ်ကို မတွေ့ရတာ ထူးတော့ …ဆန်းသား။

မပုန်းရည်အတွက် ရေချိုးခန်းကလေး သီးခြားဖွဲ့ထားနှင့်ကြသည်။ ဝါးထရံ …တ်ကို လေးဘက်ကာထားခြင်းဖြစ်၍ ဝင်ပေါက်ထွက်ပေါက်သာ ခပ်မြှောင်း …င်း ချန်ထားခြင်းဖြစ်၏။ အတွင်းမှာ စဉ့်အိုးကြီးတစ်လုံးနှင့် ပလတ်စတစ်ပုံး …ကြီးတစ်လုံး ရှိသည်။ ရေဖလား၊ ဆပ်ပြာ၊ သွားပွတ်တံတွေက အသစ်တွေ။ …တလည်း ဝိုင်းထောင့်ဆီမှာ သီးခြား ဆောက်ပေးထားသည်။ အိမ်သူအိမ်သား … သုံးသော ရေအိမ်မဟုတ်။ ရေအိမ်က ပြွန်ပိုက်ဖြင့် သွယ်ထားသော ရေသုံးရေအိမ် …၏။ အတွင်းက အင်တုံကြီးထဲမှာ ရေအပြည့်။ လုံခြုံမှု သေချာအောင် ဝါးထရံ …တ ပြက္ခဒိန်ဟောင်းတွေ စေ့နေအောင် ကာထားလိုက်သေးသည်။ ရေအိမ်ဝ …တော့ သစ်သားတန်းပေါ် မြေဖြူဖြင့် ရေးထားသော 'ဆရာမ' ဆိုသည့် စာလုံးက …နဲ့။ ဆရာမ ဆိုသည့်စာလုံးမှာ ရကောက်ကို မောက်ချဖြင့် ရေးချထားသဖြင့် …သေးသည်။ ကိုကြာစွယ့်လက်ရာတော့ ဟုတ်ဟန်မတူ။ သို့သော် ကိုကြာစွယ် …တာတော့ ဖြစ်လိမ့်မည်။ မကြာဥကို မေးကြည့်တော့ လှည်းသမား မောင်ကျော် … ရေးခိုင်းတာဟု ဆို၏။

တစ်ခါတော့ ကိုကြာရိုး၏မိန်းမ မဝဲစိန် အိမ်ကြီးကို ရောက်လာရင်း …လို့ ရေးထားသည့် ရေအိမ်ကို သုံးမိသွားခဲ့သည်။ ကိုကြာစွယ်က မရိုးဖြစ်သူကို …်လိုက်တာ ရစရာမရှိဟု ဆိုသည်။ မဝဲစိန်ကိုယ်တိုင်ကပဲ မပုန်းရည်ကို ပြောပြခြင်း …သည်။

"ဆရာမနှယ်…ကျုပ်တော် ကြာစွယ်က ဝေါက်လိုက်တာ ရစရာမရှိဘူး… ဆရာမအိမ်သာ ကျုပ်က တက်လို့တဲ့…ခင်ဗျားဗျာ မဦးမချွတ် ဆရာမ အိမ်သာ သွားရတယ်လို့…ဆရာမ,မဟုတ် ဘာမဟုတ်…ခင်ဗျားနဲ့တော့ ခက်ပါ့ဗျာတဲ့…သေချာအောင် သန့်ရှင်းခဲ့ရဲ့လား…ခင်ဗျားဗျာ ကင်းရှ ထိုးမလွှတ်လိုက်တယ်တဲ့လေ…ဒါနဲ့ ကျုပ်က ကြာစွယ်ရယ် ဆရာမက တော်တော် နင်က ပိုနေတာပါဆိုတော့… ပိုရပါသကောဗျာတဲ့… ဟိုက မြို့သူ ကျောင်းဆရာမ…ခင်ဗျားက ကကြီး ပုတ်လောက်ရေးတာ ငှက်ကြီး ဝံပိုလား ဆိုတာမျိုးတဲ့တော်…"

www.burmeseclassic.com

www.burmeseclassic.com



*မပုန်းရည်မှာ ကြားရတာနှင့်ပင် အားနာမိရပါ၏။ မပုန်းရည်အတွက် အဆ* အရာရာ ဂရုတစိုက်ရှိကြသော ကြာမိသားစုကျေးဇူးကား ကြီးမားလှပါဘိ။

မပုန်းရည်က မြို့လက်ဆောင်အဖြစ် ဆရာတော့်ကျောင်းကို ငါးခြောက် ဝူစွန်ခြောက်အပြင် ကိတ်မုန့်ပါ ကပ်လှူခဲ့သလို၊ ဘိုးကြီး ဘွားကြီးတို့ မိသားစု ဦးပန်းဆီမိသားစုနှင့် ကျောင်းအဖွဲ့အတွက် မြို့မုန့်တွေ လက်ဆောင်ကမ်းခဲ့သည်။ တလမုန့်တွေ မကြိုက်သော ကိုကြာစွယ်အတွက် စားလို့စားကြား TRIO ကော်ဖီ သကြားလုံးထုပ်ကလေး ပေးတာကို ကြိုက်သည်လို့ ပြန်ကြားရလို့ ဝမ်းသာ သွားသည်။

"အစားအသောက် အလွန်ကျီး(ကြေး)များတဲ့ကောင်…ကော်ဖီချိုချဉ်ကျတော့ အရသာရှိချက်ဗျာဆိုပြီး တစ်လုံးပြီးတစ်လုံး တွယ်နေတော့တာ ဆရာမရဲ့"

မကြာဥက သတင်းပေးခြင်းဖြစ်သည်။ မမစိန်ကလေးများအတွက်လည်း မုန့်နှင့် ချိုချဉ်ထုပ်ကလေးများ လက်ဆောင်ပေးရသည်။ မမစိန်က မြို့မှာ မိဘများနှင့် တွေ့ခဲ့ရသည့်အကြောင်းတွေ မေးသည်။ မပုန်းရည်က အဘိုးလေးအကြောင်းပါ ပြောပြခဲ့သည်။ မမစိန်ကလည်း နွေကျောင်းပိတ်ရက်တွေမှာ ရွာထဲဖြစ်သမျှ ပျက်သမျှ အဆိုးအကောင်းတွေ ပြောပြနေသည်။ သည်အကြောင်းတွေထဲမှာ ဘုန်းကြီးကျောင်း ကျောင်းမကြီးအဆောင် အနောက်ဘက်က ကျောင်းရေကပြင်ကို ကိုမျိုးသွင်တို့အဖွဲ့က သစ်ပျဉ်တွေ လာလဲကြကာ လှူဒါန်းသည့်အကြောင်းလည်း ပါသည်။ ရွာလယ်က အပျိုကြီး မပုစွန် ကုန်စုံဆိုင်နှင့်အပြိုင် ကိုတောကျော်တို့လင်မယားက အိမ်ဆိုင်ကြီး ဟီးနေအောင်ဖွင့်ရာက နှစ်ဖက် ရန်ဖြစ်ကြတာ မကြားဝံ့ မနာသာ ဆဲကြဆိုကြ ကြောင်းတွေလည်း ပါသည်။ ရွာမြောက်ပိုင်းက မုဆိုးမ မကြည်သောင်းသား ဖိုးဆိုးနှ လယ်ပိုင် ကိုလှမောင်၊ မစန်းတို့တူမ ခင်သိန်းရီတို့ ချိန်းတွေ့ကြတာ လူမိသည့် အကြောင်းလည်း ပါသည်။ လင်မယား ရန်ဖြစ်ရာက မီးခွက်နှင့်ပေါက်လို့ မီးထခဲ့သ ဘ အိမ်လုံးကျွတ် မီးထဲပါရသော ရွာဖျားက ညွန့်ကြည်တို့အကြောင်း ကြားရတော့ မပုန်းရည် ရင်ကလေး မ,နေရသည်။ လင်မယား စိတ်အခန့်မသင့်တာက အရေးမကြီး ရွာသာ ပြာကျလို့ကတော့ သင်းတို့ မချောင်ဘူးဆိုတာလည်း ပါသည်။

"ရွာဆိုတော့ မပုန်းရည်ရယ်…ပြဿနာပေါင်း သောင်းခြောက်ထောင် ပေါ့လေ…ဦးပန်းဆီကြီးလည်း ရန်ပွဲပြေးဖျင်ရ၊ မီးပြေးငြိမ်းရနဲ့ ဖတ်ဖော် ကို မောလို့…အိမ်က ကိုတူးကလည်း ခရီးသွားနေတော့ မမစိန်လည်း ကလေးတွေနဲ့ ဘယ်ကိုမှ မရောက်ရပါဘူး…မပုန်းရည်ကိုတော့ မျှော် သား…"



"ကျွန်မကလည်း ရွာကို သတိရပါတယ် မမစိန်ရယ်…သည်နှစ်တော့ နှစ်စ က စ,ရမှာဆိုတော့ အားစိုက်သင်ရတော့မယ်ဆိုတဲ့စိတ်ပဲ ရှိတယ်… မနှစ်ကတော့ ဖြတ်ဝင်ရတာမှတ်လား"

"နေဦး မပုန်းရည်ရဲ့…မပုန်းရည် မြို့ပြန်တုန်း အင်ဂျင်နီယာ ကိုမျိုးသွင် မမစိန်အိမ်ကို နှစ်ခေါက်တောင် ရောက်လာတယ်…ရန်ကုန်က မပုန်းရည် တို့ အိမ်လိပ်စာ သိသလား လာမေးတာက တစ်ခေါက်…သူလည်း ရန်ကုန် ဆင်းရမှာဆိုလား…မမစိန်ကလည်း မသိဘူး ပြောလိုက်တယ်…မသိလည်း မသိလို့ပါ"

မပုန်းရည်ပင် အံ့သြသွားခဲ့သည်။ ပြောကြကြေးဆိုလျှင် အင်ဂျင်နီယာ ကိုမျိုးသွင်နှင့် မပုန်းရည်က ဝင်ထွက်လည်ပတ်လောက်အောင် ခင်မင်ရင်းနှီးကြတာ […]တ်။ ရွာကျောင်းကို လာတာတော့ ထားပါတော့။ ရန်ကုန်က အိမ်လိပ်စာ မေးသည် […]ကိုတော့ မပုန်းရည် နားမလည်နိုင်။ ပြီးတော့ မမစိန်အိမ်ကို နှစ်ခေါက်လာတယ် […]တကော မပုန်းရည်နှင့် ပတ်သက်လေသလား။ မပုန်းရည်ကတော့ ဘာမှမတုံ့ပြန် […]ငြိမ်နေလိုက်သည်။ မမစိန်က ဆက်ပြောနေပြန်ပါ၏။

"တစ်ခေါက်ကတော့ ကားကြီး အိမ်ရှေ့ထိုးပြီး လာလည်တာပါ…မမစိန် ကလည်း စကားရယ်လို့ ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောတတ်တာမဟုတ်ဘူးလေ…သူက တော့ ပြောလိုက်တာ စုံလို့…မပုန်းရည် တော်တဲ့အကြောင်း၊ မွန်ရည်တဲ့ အကြောင်းတွေက များများပါ…မမစိန်ကတော့ အင်ဂျင်နီယာကလေးလည်း မရိုးချင်တော့ဘူး ထင်တာပဲ"

မပုန်းရည်က မမစိန်မျက်နှာကို လှမ်းကြည့်လိုက်သည်။ ရိုးရိုးသားသား […]ရှိသည့်အတိုင်း ပြောလိုက်မှန်း သိသာပါ၏။ မပုန်းရည်က ချက်ချင်းလှမ်းကာ […]ရသည်။

"အဲသလို ဟုတ်ဟန်မတူပါဘူး မမစိန်ရယ်…သည်အရွယ်ရောက်မှတော့ သူလည်း သူ့အကြောင်းနဲ့သူ ရှိလောက်ရောပေါ့…ပြီးတော့ ရိုးရိုးသားသား ပြောတာနေမှာပါ"

မပုန်းရည်က သည်စကားတွေ အဆက်မခံချင်တော့ နှုတ်ဆက်ပြီး ပြန်လာ […] ပြန်စဉ်းစားကြည့်တော့လည်း ကိုမျိုးသွင်က ချစ်လျှင်အကျိုး၊ မြင်နိုးတော့ […]လည်း ဖြစ်ချင်ဖြစ်နိုင်တာပဲ မဟုတ်လား။ ယောကျ်ားသားတွေဆိုတာ ပြော […]သားပင်။ ဘာပဲဖြစ်ဖြစ် ကိုမျိုးသွင်က စိတ်ကောင်း စေတနာကောင်းရှိသူ

www.burmeseclassic.com



တစ်ယောက် ဖြစ်သည်။ အခုလည်း ဆရာတော့်ကျောင်း အနောက်ဘက် ရေကပြင် ဖျော်ခင်းလှူသည် ကြားလို့ ဝမ်းသာရသေးသည်။ ဆရာတော့်ကျောင်း ရေကပြင်မှာ ဆွေးနေပြီ။ တစ်ချောင်းနှင့် တစ်ချောင်းထောင်ဖြစ်တာတွေ ရှိသလို၊ ဂျိုးကျိုးပွတ်ပွတ် ဖြည်နေတာကလည်း များပါ၏။ ဆရာတော် ကြမ်းပေါက်ကျွံမှာ စိုးရိမ်သော်လည်း မပုန်းရည်ကိုယ်တိုင်က မတတ်သာခဲ့။ တစ်ခါက ဆရာတော် မိန့်ဖူးတာကိုလည်း မှတ်မိနေသည်။

"ရေကပြင်က ဆွေးနေတာမှတ်လား ကျောင်းဆရာမရဲ့…ကျုပ်က နင်းလိုက်တာ ကြမ်းပေါက်ကျိုးကျလို့ အောက်ကို ပြုတ်ကျတာများ မတ်တင်ကြီး…အား မြေပြိုသလားတောင် မှတ်ရတယ်…လူ့ကိုယ် သာစည်နိုင်စော် နံသွားတာပဲ ကျောင်းဆရာမနယ်…"

'သာစည်နိုင်စော် နံသွားတယ်' ဆိုတာကို နားမလည်တော့ မမစိန်ကို မေးကြည့်ခဲ့ရသည်။ သာစည်နိုင်ဆိုတာ ဘုန်းကြီးပျံပွဲတွေမှာ ယောဉ်ကျူး ကောင်းသော မင်းသမီးကြီးဟု ဆိုပါသည်။ သည်ကတည်းက မပုန်းရည် ကျောင်းရေကပြင် ပြင်ချင်ခဲ့သည်။ အခုတော့ လှူသူပေါ်လာလို့ ဝမ်းသာရပါ၏။

ထိုညက မပုန်းရည် အိမ်ကြီးပေါ်ရောက်တော့ မိုးတစ်မရွာသည်။ ပြတင်း ခြင်ရသော မိုးရေတွေကိုကြည့်ရင်း မောင်းကုန်းကို သတိရမိသည်။ ပြီးတော့ အဘိုးလေး ပြီးတော့ အမေနှင့်အမေ…။ မိုးမှုန်တွေကြားကပင် ညနေခင်း မတ္တရာရထားကြီး လယ်ကွင်းတွေကြားက ဖြတ်ပြေးနေတာ မြင်ရလေသည်။ မပုန်းရည်စိတ်တွေကလည်း မီးရထားကြီးနောက် တကောက်ကောက်…။

၈

သည်နှစ်က စတုတ္ထတန်း အစိုးရစစ်နှစ်…။

မပုန်းရည်က စတုတ္ထတန်းနှင့် ဒုတိယတန်း နှစ်တန်းကိုင်ရသည်။ မမစိန်က သူငယ်တန်းနှင့် တတိယတန်း။ မောင်တက်လှက ပထမတန်း။ စတုတ္ထတန်း အစိုးရစစ်ဆိုတော့ နှစ်စကတည်းက မပုန်းရည် ဖိဖိစီးစီး ရှိချင်ခဲ့သည်။ အစိုးရ လေးတန်းကို နတ်ရေကန်ရွာကျောင်းက အောင်ချက်ကောင်းစေချင်တာ ပါသည်။ ရွာပညာရေး တစ်စတစ်စ တိုးတက်စေချင်တာလည်း ပါပါ၏။ မပုန်းရည် ရောက်စက လေးတန်းကျောင်းသား တစ်ယောက်မှမရှိဆိုတာကို အံ့သြခဲ့ရသည်။ သည့်အရင် တွေတုန်းကလည်း တစ်ယောက်စ နှစ်ယောက်စသာ ရှိသည်ဆို၏။ တချို့နှစ်တွေမှာ ကျောင်းသားက အဖော်မရှိလို့ဆိုကာ စာမေးပွဲ ဝင်မဖြေ။ ဖြေလို့ အောင်သည့်ကလေး



တွေကလည်း ကျောင်းဆက်မတက်ကြ။ ကျသူတွေကလည်း နောက်တစ်နှစ် ပြန်နေကြတာမျိုး မရှိ။ သည်အဖြစ်ကို ကြားတော့ မပုန်းရည် မချင့်မရဲဖြစ်ရသည်။ သို့သော် စာသင်တန်း မပုန်းရည် ကိုယ်တွေ့ကြုံလာတော့ ယခင်ယခင်က ဆရာ ဆရာမများ အပြစ်မတင်ချင်တော့ပါ။ ရွာကို အပြစ်တင်ရအောင်ကလည်း ခက်ပါ၏။ သူတို့ အကြောင်းပြချက်တွေနှင့်သူတို့ မဟုတ်လား။

မပုန်းရည်က အားဖြည့်နေရသော်လည်း ကလေး ခပ်များများက အခြေခံ ခိုင် မကျေခဲ့ကြတာများသည်။ အခြေခံ ပါမလာတော့ မပုန်းရည်မှာ အစပြန်ကောက် ရတာနှင့်ပင် မောလှသည်။ တစ်ခါတလေ ဖျင်းရကောင်းလားဆိုသည့် ခံစားမှုဖြင့် စိတ်ပျက်ချင်စိတ်များပင် ပေါက်ခဲ့မိတာလည်း အမှန်ပင်။ အဆိုးဆုံးကတော့ ကျောင်း တက် မမှန်ကြတာပဲ ဖြစ်၏။

"ဆရာမနယ်…အစိုးရစစ် အစိုးရစစ်နဲ့ ကလေးတွေ ကြောက်တာလည်း မပြောနဲ့…ကျုပ်တို့ကလည်း ကြောက်တာပဲ ဆရာမရဲ့… မှန်တာ ပြောတာ အစိုးရတွေ လာတဲ့နေ့ ဝတ်စရာ ကောင်းကောင်းမရှိတာရော၊ စကားမပြောတတ် တာရောဆိုတော့ အားများနာစရာ…"

မပုန်းရည် ထင်မှတ်မထားသည့်စကားတွေ ကြားရတော့ ဘယ်လိုရှင်းပြရ မှန်းမသိ။ စိတ်လည်း မကောင်းဖြစ်ရပါ၏။ သည်လောက်ရိုးကြတော့လည်း ကောင်းနိုင်။ နတ်ရေကန်ရွာက တချို့လူကြီးတွေ စာမတတ်ကြတာကို မပုန်းရည် စာရင်းကြည့်မိသည်။ သည်ရွာမှာ မွေး၊ သည်ရွာမှာ ကြီး၊ သည်ရွာက တစ်ဖဝါး မခွာကြဘဲ သည်လယ်တော ယာတောထဲမှာပဲ ဘဝပြီးကြရသူတွေ။ စာမတတ်တော့ လည်း ကိစ္စမရှိ။ စာတတ်တော့ကော သည်လယ် သည်ယာ သည်မြေဆီက ထွက်သမျှ စားသောက်လုံသည်။ သားကျွေးမှု မယားကျွေးမှု လောက်ငသည်။ မရှိသူကို ရှိသူက ကြွေးမ ရှိကြသည်။ သည်တော့ ကျောင်းမရောက်ခဲ့ကြ။ တချို့လည်း ဘုန်းကြီး ကျောင်းလောက်တော့ ရောက်ခဲ့ကြသည်။ သူတို့အဘိုးတွေ အဘေးတွေကလည်း ဘုန်းကြီးကျောင်းစာနှင့် ပြီးခဲ့ကြသူတွေ။ သူတို့ခေတ်က စာသင်ကျောင်းဆိုတာလည်း ရွာမှာ ရှိလာပြန်တော့လည်း အာရုံမရှိ။ သည်လိုနှင့် နှစ်ကာလတွေ ကုန်ခဲ့ကြသည်။ သည်စကားပြောပါနှင့် ကိုကြာစွယ်ပင် စာမတတ်ဘူးဆိုတာ ကြားစက မပုန်းရည် အလွန် အံ့ဩခဲ့သည်။ အထွေးဆုံးသားဆိုတော့ အိမ်မှာနေရင်းက အရွယ်ရလာခဲ့ကာ လယ်ထဲ ယာထဲ ဝင်ရမည့်အရွယ်မှာ ဝင်ခဲ့တာပဲရှိသည်။ ကိုကြာစွယ်လိုလူတွေ ဘယ်လောက် များ ရှိနေသလဲ မပုန်းရည် မသိ။

www.burmeseclassic.com

www.burmeseclassic.com



သည့်လိုအစဉ်အလာက ဆင်းသက်မွေးဖွားလာကြသူကလေးတွေ ကော…။ ရွာမှာ အစိုးရမူလတန်းကျောင်း ရှိခဲ့တာ ကြာပြီဆိုသော်လည်း ကျောင်းဖွင့် မှန်းရှန်းရင်းရင်းရှိတာကလွဲလျှင် တစ်လ နှစ်လလွန်လာတော့ ကျောင်းကို မရောက် ချင်ကြတော့။ ကျောင်းကို မရောက်ရောက်အောင် ရိုက်နှက်ပို့ကြသည့် မိဘဆိုတာ မရှိသလို၊ ကျောင်းမတက်ရ မနေနိုင်ဘူးဆိုသည့် ကလေးတွေလည်း မရှိဟု မမင်း ပြောဖူးတာလည်း လွန်အံ့မထင်ပါ။ သည်ဘက် လေး,ငါးနှစ်မှာတော့ လေးတန်း အောင်လို့ လွန်တောင်း အ-လ-က ကျောင်းကို သွားတက်ကြသူကလေးတွေ ရှိလာ သည်။ များများတော့မဟုတ်။ မပုန်းရည် ဒါတွေသိလာတော့ ကျောင်းစိတ် သွင်းချင် သည်။ ပညာစိတ် သွင်းချင်သည်။

“အရီးရယ်…အစိုးရစစ်ဆိုတာ အခုမှ နတ်ရေကန်မှာ ပေါ်လာတာမဟုတ် ပါဘူး…ဟိုတုန်းကလည်း ရှိခဲ့ပါတယ်…အရီးတို့ကလေးတွေ မမိကြ ပါ…အစိုးရစစ်ဆိုလို့ အစိုးရက လာစစ်မှာမဟုတ်ပါဘူး အရီးရယ် အစိုးရက မေးခွန်းထုတ်တာကို တစ်နိုင်ငံလုံးက ကလေးတွေက ဖြေရမှာ ပြောတာပါ…ပြီးတော့ လွန်တောင်းကို သွားဖြေကြရမှာပါ…နတ်ရေကန်က ကလေးတွေ အောင်ချက်ညွှံ့တယ်ဆိုရင် ရွာလည်း ဂုဏ်ငယ်တာပေါ့ ကျွန်မက ရွာဂုဏ်ကို မြင့်စေချင်တဲ့ စေတနာပါ”

မပုန်းရည်က ရွာနှင့်ကိုင်ရတော့သည်။ သဘောပေါက်ကြသလိုလို၊ မပေါ် ကြလိုလို။ မပုန်းရည်ကို ပွင့်ပွင့်လင်းလင်း ရင်ဖွင့်ကြတာကိုပဲ ကျေးဇူးတင်ရပါ၏။ မိဘတွေ စဉ်းစားတွေးခေါ်ပုံ မှားတာ မှန်တာထား၊ မပုန်းရည် ဖြေရှင်းခွင့်တော့ ရသေးသည်။ ရွာထဲမှာကော ဘယ်လိုစကားတွေ ရှိကြသေးသလဲ မပုန်းရည်မသိ။ လေးတန်းကျောင်းသားစာရင်း ကောက်ကြည့်တော့ စာရင်းရှိ ဆယ့်ရှစ်ယောက်မှာ တကယ်တန်း ကျောင်းလာတက်သူက ဆယ်ယောက်လောက်ပဲရှိသည်။ သည်ကြား ထဲမှာ ငုတ်ချည် ပေါ်ချည် ကျောင်းရောက်လာတတ်ကြသူတွေလည်း ရှိ၏။ မနှစ်က တတိယတန်း စာမေးပွဲကို တက်သုတ်ရိုက် ဝင်အဖြေခိုင်းလို့ လေးတန်းရောက်ရသူ တွေကလည်း ရှိသေးသည်။ ကျောင်းသားစာရင်းကို မပုန်းရည် ချကြည့်လိုက်တော့ ယောကျ်ားကလေးထဲက ဒူးကြီး၊ လက်တိုဂျင် (ခေါ်) သက်ပြင်းနှင့် ချက်ပိန် (ခေါ်) မောင်ကျော်။ မိန်းကလေးထဲက လှထိပ်တင်၊ အေးမိချိုနှင့် မှည့်ဝင်း(ခေါ်)မစီးကွက် လေးတန်းဖြေခွင့်ရှိသူက ဆယ့်ရှစ်ယောက်။ ဆယ့်ရှစ်ယောက်မှာ ခုနစ်ယောက်ကို စိတ်ဓာတ်စစ်ဆင်ရေး စ,ရမည်။



ကျောင်းအုပ်ဆရာကြီးကလည်း လေးပန်းဆီတို့လို လူကြီးတွေကို ခေါ်ယူကာ …ပေးသည်။ မမစိန်နှင့် မပုန်းရည်တို့ကလည်း တောခြောက်သလို ခြောက်ရပါ၏။ …ည်လိုနှင့် မပုန်းရည်မှာ ဒူးကြီးတို့အိမ်ကို ရောက်ရသည်။ လက်တိုဂျင်တို့အိမ်ကို …ောက်ရသည်။ ချက်ပိန်တို့အိမ်ကို ရောက်ရသည်။ လှထိပ်တင်၊ အေးမိချိုနှင့် စီးကွက် …တို့အိမ်ကို ရောက်ရသည်။

မောင်တက်လူကို အဖော်ခေါ်ကာ ဒူးကြီးမိဘများအိမ်ကို အရင်ထွက်ခဲ့ …သည်။ ဒူးကြီး မရှိ။ ဒူးကြီးအမေသာ ရှိသည်။ ဒူးကြီးအောက် အငယ်ကောင်က …ကြီး၏ ကျောင်းစာအုပ်တွေကို ဆွဲဆုတ်နေလို့ မပုန်းရည်ကပဲ ကပျာကယာ သိမ်းပေး …သည်။ ဒူးကြီးလွယ်အိတ်ကောဆိုတော့လည်း မအေက မလှုပ်။ မပုန်းရည် ရောက်လာ …တို့ ရှိုးတိုးရှန့်တန့် ဖြစ်နေပုံပေါ်ပါသည်။

“ဆရာမလည်း အားနာပါရဲ့…ဒူးကြီးကို မလွှတ်တော့ဘူးလားလို့… ဆရာမတပည့်က လူကောင်ကလည်း ကြီးလှပါပြီ…နသိုးပေါက်ကြီး ဖြစ်နေ တော့ ခိုင်းလောက် စေလောက်နေပါပြီ…စာမေးပွဲဖြေလို့ အောင်သွားမှဖြင့် ဒုက္ခ…”

“ရှင်…စာမေးပွဲအောင်သွားလို့ ဒုက္ခရောက်တယ် မရှိပါဘူးရှင်…ပြောပါဦး ဘာအခက်အခဲတွေများရှိလို့လဲ ကြီးတော်ရဲ့…”

“အခက်အခဲရယ်လို့လည်း မဟုတ်ပါဘူး ဆရာမရယ်…ကိုဘသိန်းဆီမှာ ဆိတ်ကျောင်းဖို့ ကျွန်မက နှစ်လစာတောင် ကြိုယူပြီးပြီ…ဒူးကြီးကလည်း ဆိတ်ပဲ ကျောင်းချင်တယ်တဲ့”

ဆိတ်ကျောင်းခကို မေးတော့ မနက်ထမင်းကျွေး၊ လခ လေးရာ ဆို၏။ …ကြီးကို ဆိတ်ရှင် ကိုဘသိန်းဆီက ပြန်ရွေးရတော့မလိုလို ဖြစ်နေတော့ မပုန်းရည် …ယ်တိုင် ဘာဆက်ပြောရမှန်းမသိတော့။ မပုန်းရည်၏ မူလတန်းပြ ဆရာမလစာတောင် …ခ်ရာကျော်ကျော်ကလေး ရတာမဟုတ်လား။ မောင်တက်လူကတော့ မပုန်းရည် …မျက်နှာကို လှမ်းကြည့်နေခဲ့လေသည်။

“ကြီးတော်ရယ် ရွာမှာ လယ်တွေ အများကြီးရှိတယ်…လူတွေ အများကြီး ရှိတယ်…ဆည်တွေ၊ ချောင်းတွေ ရေတွေ ပေါတယ်…နတ်ရေကန်ကြီး ရှိတယ်…ဒါပေမဲ့ လေးတန်းကျောင်းသား မရှိဘူး…လေးတန်းကျောင်းသား ရဲ့မိဘ ဆိုတဲ့ဂုဏ်က မသေးပါဘူးရှင်…တစ်ရွာလုံးမှ ဆယ့်ရှစ်ယောက်ပဲ ရှိတာပါ…ဆိတ်ကျောင်းတာ ဘယ်သူကျောင်းကျောင်း ဘယ်အချိန်ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ကျောင်း ရပါတယ်ရှင်…ပြီးတော့ ကြီးတော်တို့က ဒူးကြီး ဆိတ်ကျောင်းနေ စားရတဲ့ဘဝမျိုးမှ မဟုတ်ဘဲနဲ့"

"ဒူးကြီးသာ ရှာပြောတော့ ဆရာမရေ…ဒူးကြီးကကို ကျောင်းမနေချင်တော့ ခက်သားပဲ…ဒူးကြီး တက်ချင်စိတ်ရှိရင် သူ့လွယ်အိတ် စည်းကြား ရှာပေးလိုက်ရုံပါ"

စည်းကြားရောက်နေသည့် လွယ်အိတ်ကို မပုန်းရည်တို့ကပါ ကူဖြုတ်ပေး ရတော့မှာပါလား။ သည်ပြဿနာက ဒူးကြီးနှင့် ငွေစူးထားသော ဆိတ်ရှင် ကိုဘသိန်း တို့ကို ညှိနှိုင်းဖို့ ဖြစ်လာပါ၏။ ကိစ္စမရှိ။ ဘာပဲဖြစ်ဖြစ် သည်ပြဿနာလောက်က ဖြေရှင်းလို့ ရနိုင်ကောင်းသည်။ သေတော့မသေချာ။

လက်တိုကျင်တို့အိမ်က ရွာအနောက်မြောက်ဖျား ချောင်းနှုတ်ခမ်းမှာ လက်တိုကျင့်အဖေ ကိုစံဝက ဘဲဆောင်း ခေါ်ကြသည့် ဘဲငယ်များအုပ်သည့် သံပရာခြမ်း ဝါးဆောင်းရက်သူဖြစ်၏။ ကိုစံဝ၏ ဘဲဆောင်းတွေကို ဘဲမွေးခြံတွေက လက်မလည် အောင် မှာရတာလို့ မောင်တက်လူက ပြောပြပါသည်။ မပုန်းရည်တို့ ရောက်သွားတော့ လည်း ကိုစံဝက ဘဲဆောင်းတစ်လုံးကို ပက်လက်လှန်ထားကာ လူက အတွင်းသို့ ဝင်ထိုင်ရင်း ရက်နေချိန်ဖြစ်သည်။ ဆိုင်းဆရာ ပတ်ဝိုင်းထဲရောက်နေသလိုမျိုး။ မပုန်းရည် တို့ ဝင်လာတာတွေ့တော့ ဆောင်းနှုတ်ခမ်းကျော်ကာ ထွက်လာရင်း နေရာထိုင်ခင်း ပေးသည်။ သူကတော့ လက်နှစ်ဖက် နောက်ပစ်ရင်း မတ်တတ်ကြီးရပ်လို့။

"မောင်သက်ပြင်းကော…"

"လက်တိုကျင်လား…သူ့အမေနဲ့ ဝါးထောင်အိမ် လိုက်သွားတယ် ဆရာမ လေး…ဝါးက စိတ်တိုင်းကျ မရတော့ ကားလမ်းဘက်အထိ သွားကြတာ ကြာဦးမှာဗျ"

ကားလမ်းမဘက်ဆိုတာက မန္တလေး–မတ္တရာကားလမ်းဘက်ကို ပြောခြင်း ဖြစ်ပါ၏။ ရထားသံလမ်းဘက်ကနေ အရှေ့စူးစူးကို နှစ်မိုင်လောက် လျှောက်ရသည့် ထီးတော်မိုး၊ လင်းမြွေချောင်း စသည့် ကားလမ်းဘေးရွာတွေကလည်း ရွာကြီးတွေ ဖြစ်ပါ၏။

"မောင်သက်ပြင်း ကျောင်းမတက်လို့ လာပြောတာပါ ဦးစံဝရယ်…သည်ကလေး က စတုတ္ထတန်း အစိုးရစစ်ဆိုတော့ မိဘရော ကလေးရော ကျွန်မတို့ဆရာ တွေပါ တော်တော်အားစိုက်ကြရမယ့် နှစ်ပါရှင်…ကျောင်းကိုတော့ ရောက် အောင် ပို့ကြပါဦး"



ကိုစံဝက မတ်တတ်ကြီးရပ်ရင်းက သူ့ပြောနေခြင်းမဟုတ်သလို သူရက်ထားသော ဆောင်း လေး၊ငါးလုံးကို လှမ်းကြည့်နေသည်။ သူ့သား သက်ပြင်း (ခေါ်) လက်တိုကျင်နှင့်သာဆိုင်သော ကျောင်းကိစ္စကို 'ဘဲဆောင်း' ရက်ရသူ သူ့ကို ပြောနေတာကိုက သည်ဆရာမ မှားနေပြီဆိုသည့်မျက်နှာရိပ်လည်း ပါပါ၏။ …လို့ဖြေရမှန်းမသိတာလည်း ပါပုံရသည်။ မောင်တက်လူ ပြောပုံအရ သက်ပြင်းက …ပါးစိတ်၊ ဝါးချောဝါးသပ် အားကိုးရသည်ဟု ဆိုပါသည်။ သည်နှစ် လူကောင် …သာတော့ ဖအေ့အလုပ်မှာ အထူးအားကိုးရသူကလေး ဖြစ်လာပြီ။ သည်တော့ …ပြင်း ကျောင်းရောက်ဖို့ ခက်ရှာလိမ့်မည်။ တော်တော်ကြီးကြာတော့မှ ကိုစံဝ …လာလေ၏။

"လက်တိုကျင်က ဆောင်းတစ်လုံးလုံး မရက်နိုင်သေးပေမယ့် အစစအရာရာ လုပ်တတ်ကိုင်တတ်နေပါပြီ ဆရာမရယ်…ကျုပ်တို့မလဲ လယ်မရှိ ယာမရှိ ဒါနဲ့စားနေကြရတာပါ…မအေက ဝါးဝယ်၊ သက်ပြင်းက ခွဲစိတ်ပေး၊ ကျုပ် က ရက်ရတာဆိုတော့ သည်နှစ် မထားတော့ဘူးလားလို့ပဲ…"

ကျောင်းဆရာမက ကလေးကို ကျောင်းရောက်ဖို့ တရားဟောနေသကဲ့သို့ …က ကလေးကို အိမ့်စီးပွားရေးမှာပဲ ခိုင်းချင်တော့သည်ဆိုသော လက်တွေ့ဘဝဖြင့် …ရာချေနေသလို ဖြစ်နေတော့သည်။ ဒါကိုလည်း မပုန်းရည် စာနာပါ၏။ နားလည်း …ပါ၏။ ကိုစံဝ စကားကို လေးလေးနက်နက် နားထောင်သည်။ မိဘ၏ဆန္ဒကို …အကန်မပြုဘဲ နာခံသာအောင် ပြန်လည်ဆွေးနွေးသည်။ နောက်တော့လည်း …ဆရာမက သူစာသင်ချင်တာနှင့်ပင် ကျောင်းသားလိုက်ရှာနေတာမျိုးအထိကို …တွေ ကျွံလာလေသည်။

"ကျုပ်တို့မှာ ပညာအရေးမကြီးဘူး ဆရာမ…ကျုပ်တို့နတ်ရေကန်မှာ သည်လိုနေခဲ့ကြတာပဲဗျာ…အရေးကြီးတာက ထမင်းတစ်လုတ် ထစ်ဝမ်း တစ်ခါး ဘယ်လိုစားရမလဲဆိုတာပါ…လက်တိုကျင်က ဆောင်းရက်တတ်ရင် တစ်သက်လုံး ထမင်းစားလို့ရပါတယ်"

မပုန်းရည်က ဘာမှပြန်မပြောရခင် မောင်တက်လူက ဝင်ပြောလိုက်သည်။

"ကိုစံဝ အဲသလိုတော့ မပြောနဲ့လေဗျာ…ကျောင်းမှာ ကျောင်းသားရှိ မရှိရှိ ဆရာ၊ ဆရာမတွေက ပူစရာမလိုပါဘူး…ခင်ဗျားသား ပညာရေးကို တကူးတက လာပြောနေတာဗျ…ခင်ဗျားကလေးကို ခင်ဗျား ဆောင်းရက် တတ်စေချင်သလို ဆရာ၊ ဆရာမတွေကလည်း ပညာတတ်စေချင်တာပဲဗျ… ဒါတော့ နားလည်မှပေါ့"

www.burmeseclassic.com

www.burmeseclassic.com



မပုန်းရည်က မောင်တက်လှ စကားလွန်မှာစိုးသဖြင့် စကားဝင်ရသည်။

"ကိုင်းပါရှင်...ဦးစံဝ ပြောနေတာတွေကို ကျွန်မ နားလည်ပါတယ်... နတ်ရေကန်မှာ ဦးစံဝ ဆောင်းရက်ကောင်းတယ် ဆိုတဲ့နာမည် ရနေတာ လည်း ကျွန်မ ကြားပါတယ်...အဲဒါ အတတ်ပညာပါ...တတ်ကောင်းပါ တယ်...ဒါပေမဲ့ အသိပညာဆိုတာ လိုသေးတယ်ရှင်...ကလေးဆိုတာ အရွယ်နဲ့ အသိဉာဏ် မျှရပါတယ်...ပညာဆိုတာ ငယ်တုန်း သင်ရတာ ကိုးရှင့်... ဆောင်းရက်တာက အရွယ်ရောက်လာရင် သင်လို့ရပါတယ်... ကလေး အသိပညာဖွံ့ဖြိုးစေချင်တဲ့ စေတနာနဲ့ လာပြောရတာပါ...ဦးစံဝ စဉ်းစားပါဦးလေ...ကလေးအမေ လာတော့လည်း တိုင်ပင်ကြဦး...နော်"

မပုန်းရည်နှင့် မောင်တက်လှတို့ ထွက်လာကြတော့ ကိုစံဝက ဆောင်း ပက်လက်ထဲ ပြန်ဝင်လေသည်။ မပုန်းရည် လက်ကနာရီကို ကြည့်လိုက်တော့ ဆယ်နာရီပင် ထိုးတော့မည်။ ရွာလယ်လမ်းဘက် ချိုးလိုက်တော့ ကလေးတစ်ယောက် ပြေးလာတာကို မပုန်းရည် မြင်လိုက်ရသည်။ မပုန်းရည်တို့ဆီ ပြေးလာခြင်းဖြစ်၏။

ကြာဖြူပါလား...။ ဘာများဖြစ်လို့ပါလိမ့်။ ကြာဖြူက ချက်ချင်း စကား မပြောနိုင်။ မျက်လုံးကလေးတွေ ပြူးကာ တုန်နေရှာသည်။

"ကြာဖြူ ဘာလဲ...ဘာဖြစ်လို့လဲ"

"ဆရာမ...နတ်...နတ်ရေကန်ထဲမှာ မိန်းကလေးတစ်ယောက် ရေနစ် လို့..."

ဘုရား...ဘုရား...။ မပုန်းရည်တို့ကျောင်းက ကလေးများလား...။

"ဘယ်...ဘယ်က မိန်းကလေးလဲ ကြာဖြူ..."

မပုန်းရည်ကိုယ်တိုင်လည်း အသံတွေပင်မက တစ်ကိုယ်လုံး တုန်ယင်လာ တော့၏။

(၁၀)

နတ်ရေကန်မှာ ရေနစ်သူ မိန်းကလေးမှာ ရေတိမ်နစ်ခဲ့ရရှာပါ၏။ မိန်းကလေးဆိုသော်လည်း နှစ်ဆယ်ကျော်စ မိန်းမပျိုတစ်ယောက်ဖြစ်သည်။ မမိန် ကြားခဲ့ဖူးသည့် ရွာသတင်းများတွင် ပါခဲ့သည့် ခင်သိန်းရီ ဆိုသူကလေးပင်။ ရွာ အနောက်ဘက်တွင် နေထိုင်သူ မုဆိုးမ မကြည်သောင်း၏သား ဖိုးဆိုးနှင့် ရည်ငံနေကြသူ ဆိုပါသည်။ ခင်သိန်းရီက နတ်ရေကန်သူ မဟုတ်။ နတ်ရေကန်တွင် နေကြသူ ကိုလှမောင်၊ မစန်းတို့၏ တူမတော်သူဖြစ်၍ တခြားရွာမှ အလုပ်လာလုပ်နေသူကလေး ဖြစ်၏။ မပုန်းရည်ကတော့ ခင်သိန်းရီကို မသိ။ သို့သော် ကိုကြာစွယ်ပြောဖူးသည့် နတ်ရေကန်က အော်သံတွေ ကြားတယ်ဆိုသည့် စကားရှိဖူးတာကို မှတ်မိနေသဖြင့် တစ်ရွာသူ တစ်ရွာသားကိုမှ လူစားသည်ဆိုတာ မှန်များနေရော့လား ဆိုတာကို တွေးရောက်နေမိပါ၏။

"ခင်သိန်းရီတော့ ရေနစ်ကတည်းက ဆုံးရှာတာပါ...မပုန်းရည်ရေ...ပြော ကြတာတော့ မပေါ့မပါးကြီးနဲ့ဆိုလား...ဟုတ်မဟုတ်တော့ ကာယကံရှင် များမှ သိမှာပဲ...ဖိုးဆိုး မအေက သဘောတူရှာပါတယ်...ဆင်းကလည်း ဆင်းရဲတော့ သူ့ခမျာ စကားအရာ မရောက်ဘူးပေါ့...လှမောင်တို့က လယ်ပိုင်တွေ...အလုပ်မနိုင်လို့ တူမကို ခေါ်ထားရာက သည်လိုသည် အကြောင်းတွေ ဖြစ်လာတော့ သူ့တူမကို မုဆိုးမသားနဲ့ သဘောမတူနိုင် ဘူးပေါ့လေ...အဲဒါ ခင်သိန်းရီကို သူ့ရွာ ပြန်ပို့မယ် လုပ်ကရော...ခမျာ အရှက်ကို ကာကွယ်သွားပုံရတယ်"

www.burmeseclassic.com

www.burmeseclassic.com



မမစိန်ပြောပြတော့ ဓာတ်က ပိုလို့နာလှပါလား။ အဆင့်အတန်းမမျှလို့ သဘောမတူတာကို မပြောသာသော်လည်း မိန်းကလေးတစ်ယောက် အသက်ပါပေး သွားရတာကိုတော့ မပုန်းရည် သနားမိရပါ၏။ မမစိန်ပြောသလို မပေါ့မပါးကြီးနဲ့ ဆိုတာကကော ဟုတ်ရဲ့လား။ ခမျာ အသက်နှင့်ရင်းခဲ့ရသည့်အထဲ အရှက်ကပါ ကပ်ပါနေတာများလား။ ရွာတွေဆိုတော့ သည်သတင်းက သတင်းကြီးဖြစ်လာသည်။ တချို့အကြောင်းအရာတွေက ဘေးကိုပင် ရောက်သွားကာ ရိုးရာတွေ၊ နတ်တွေ သရဲတစ္ဆေတွေပါ ပါလာခဲ့သည်။ သည်လိုသတင်းဖြန့်ကြသူတွေထဲမှာ မလှအုန်းမယ် အသံစွာလှသည်။

"ဆရာမနှယ် ကျုပ်က သိသားပဲ...နတ်ရေကန်မယ်တော် အိပ်မက်ပေး တာ ကျုပ်က ရွာထဲ လိုက်ပြောသားပဲ...ဘယ်သူကမှ နားမထောင်ပေါင် ကျုပ်ကို အရူးအပေါ သဘောထားတာကိုး...နတ်ရေကန်ကို လူခေါ်မယ် လူခေါ်မယ်နဲ့ မယ်တော်ပြောနေတာ ကြာပြီ...အခုဖြစ်တာက ခင်သိန်း တို့ဘက်က ရိုးရာဖျောက်ထားတာတဲ့တော်...ခင်သိန်းရဲ့ ရေနစ်မယ့်မနေ က နတ်ဆက်ထားတဲ့ ညောင်ရေအိုး အလိုလိုပြုတ်ကျတာတဲ့တော်..."

တစ်ရက် ကျောင်းဝမှာ မလှအုန်းမယ်နှင့်တွေ့ရာက ဖျိုးဖျိုးဖျပ်ဖျပ် ပြောသွား သည့်စကားတွေဖြစ်သည်။ မလှအုန်းမယ်အကြောင်း သိထားတော့လည်း မပုန်းရည် ခေါင်းထဲ ဘာမှမရှိ။ တကယ်တော့ သည်အဖြစ်က ရိုးရိုးကလေးပင်။ ချစ်သူချင်း နှစ်ကိုယ် မျက်ကွယ်တွေ့ကြရာက စသည့်ဓာတ်လမ်းဆိုတော့ မစဉ်းစား မဆင်ခြင်ဖြစ် တာတွေ ရှိချင်လည်းရှိနိုင်သည်။ ရှိချင်မှလည်း ရှိမည်။ သို့သော် တကယ်တမ်း နစ်နာသူက မိန်းကလေးပင်။ ပြီးတော့ နှစ်ယောက် ဘဝခြားရသည့်အကြောင်းကလည်း ယောကျ်ားလေးရှင်ဘက်က ဆင်းရဲလွန်းလှ၍ဖြစ်သည်။ ဖိုးဆိုးသာ ချမ်းသာသည့် မိဘက ဆင်းသက်လာသူဆိုရင်ကော...။ မည်သို့ပင်ဆိုစေတော့ ဘဝပေးသွား ပေးလိုက်ရပြီ။ ကြားက နတ်ရေကန်ခမျာ တရားခံဖြစ်ရပြီ။ ခင်သိန်းရီက သူ့ကိုယ်သူ ခိုက်မိုက်မှားမှား ကြံစည်လိုက်ခြင်းသာဖြစ်၍ နတ်ရေကန်က အော်လို့မဟုတ်၊ ခေါ်လို့ လည်းမဟုတ်။ အဲသလို မဟုတ်ရပါဘူးရယ်လို့ မပုန်းရည် ရှင်းပြလို့လည်း တိုးနိုင် မရှိ။ အယူမှား၊ အမှတ်မှား၊ အစွဲအလမ်းမှားတွေကို မပုန်းရည် ချေဖျက်ပေးချင်သည် လက်တွေ့ကျကျ တွေးခေါ်တတ်စေချင်သည်။

နတ်ရေကန်မှာ သည်သတင်းဆိုးက တောမီးလောင်သလို လောင်လျှံ လေသည်။ မပုန်းရည်လည်း မထူးပါ။ လေးတန်း အစိုးရစစ်ဆိုတာကြီးက ခေါင်းထဲ အပူကျိတ်ခိုသလို ခိုနေခဲ့သည်။ ပညာနှင့်တူသောအရာသည် မရှိဆိုသော်လည်း သည်



ရွာ သည်ရွာမှာတော့ ပညာယူကြဖို့ ပြောနေရသည်။ ခက်တာက ကျောင်းကိုလည်း ကြပါ၏။ ဆရာ၊ ဆရာမတွေကိုလည်း စိတ်ချမ်းသာအောင် ထားကြပါ၏။ ကျောင်းအတွက်ဆိုလျှင် ရောက်ရာအရပ်က ပြေးလာကြသည်အထိပင်။ သို့သော် ကလေးတွေ ကျောင်းမရောက်ကြတာကိုတော့ ကုပ်ဆွဲခေါ်လာမည့်သူ မရှိခြင်းပင်။

တစ်ရက်က ကျောင်းသူ လှထိပ်တင်၏ မိဘများ မပုန်းရည်နှင့် လာတွေ့ ကြသည်။ လာတွေ့ကြသည်ဆိုတာကလည်း မပုန်းရည်က သူတို့အိမ် အခေါက်ခေါက် သွားတာ မတွေ့ကြလို့ တမင်လာတွေ့ဖို့ မှာထားခဲ့ခြင်းကြောင့်ပင်။ လှထိပ်တင်သည် ကျောင်းအပျက်များသူကလေးဖြစ်သည်။ အရပ်အမောင်း ကိုယ်လုံးကိုယ်ဖန် သေးသေး သွက်နှင့်ဖြစ်၍ လှထိပ်တင်ကို ကျောင်းမှာ တွေ့ရခဲပါ၏။ မိဘတွေက လှထိပ်တင် ကျန်းမာရေး မကောင်းလို့ ကျောင်းပျက်ရတာဖြစ်ကြောင်း အကြောင်းပြလာခြင်းဖြစ်၏။ ရောဂါဖြစ်နေတာလဲမေးတော့ ရေရေရာရာမပြောနိုင်ကြ။ စကားတွေပြောကြရင်းက မပုန်းရည် နားလည်လိုက်တာ တစ်ချက်တော့ရှိသည်။ မိန်းကလေးဆိုတော့ လေးတန်း အောင်လည်း မထူးပါဘူးဆိုသည့်စကားဖြစ်သည်။

သည်တော့လည်း မပုန်းရည် မပြောချင်သည့်စကားကို ပြောလွှတ်လိုက်ရ သည်။ လှထိပ်တင်၏အဖေက ပန်းရန်ဆရာဖြစ်သည်။ သည်နားတစ်ဝိုက် ရွာတွေမှာ ရန်လိုက်လုပ်ရင်း အသက်မွေးသူ။ မိခင် မအေးက ပဲကပ်ကြော်ကြော်ပြီး ရထား ရောင်းသူဟု ဆိုသည်။ မိဘနှစ်ပါး၏ ပညာအရည်အချင်း မေးကြည့်တော့ ပန်းရန် ဆရာက ရွာဘုန်းကြီးကျောင်းထွက်၊ မအေးက စာမတတ်ရှာသူ။

"ဦးညွန့်က လှထိပ်တင်ကို အရွယ်ရရင် ပန်းရန်ရွက်နိုင်းချင်ပုံရတယ်... မအေးကလည်း သမီးကို ပဲကပ်ကြော်ဗန်း ရွက်ခိုင်းတော့မယ်ပေါ့ ဟုတ် လား...ကလေးက လေးတန်းဆိုတော့ မိဘတွေထက် အတန်များနေပြီလို့ များ တွက်ကြရော့လားရှင်...ကလေးက ထွားထွားသန်သန်ဆိုရင်လည်း ထားပါတော့...ငယ်ပါသေးတယ်...ကျောင်းမှာ ကြီးပြင်းရတဲ့ဘဝတော့ ပေးကြဦးမှပေါ့ရှင့်..."

သည်လိုစကားမျိုး မပြောကောင်းမှန်းလည်း သိပါ၏။ မပုန်းရည် တမင် ပြောလိုက်ခြင်းဖြစ်သည်။ သည်လိုပြောတော့လည်း ခေါင်းတွေ ငုံ့သွားကြကာ စကား ပြောကြတော့။ သည်ကိစ္စမှာ မိခင်ဖြစ်သူက စိမ်ကိန်းချနေတာကို မပုန်းရည် ရိပ်မိသည်။ ကလေးကို ဖိပြောတော့မှ ကျောင်းလွှတ်ပါ့မယ် ဆိုလေတော့သည်။

ချက်ပိုန်ကတော့ လူကောင်ကြီးကြီး အသံသြသြ။ မျက်နှာတွင်လည်း ဝက်ခြံတွေက ဒူးရင်းသီးလို စူ စူထွက်နေကြသည်။ ပြီးတော့ အရွယ်ကြီးသလောက်

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ရည်နိမ့်သည်။ ကြည့်လိုက်လျှင် ဖအေ့ပုဆိုးဟောင်းကို ဝတ်ထားတာ များသည်။ ပုဆိုးဝတ်လာတိုင်းလည်း အပြဲအပေါက်တွေချည်း။ ပုဆိုး ကလနားစုတ်ကို စုထုံးပြီး ဝတ်လာတာပင်ရှိ၏။ တစ်ခါတလေ အမြင်မတော်လို့ ပြန်လဲခိုင်းရသည်။ တစ်ခါများ ပုဆိုးပြန်လဲချေခိုင်းလိုက်သည်။ ပြန်လာခဲ့နော်လို့လည်း မှာလိုက်သည်။ သို့သော် ချက်ပိန် ပေါ်မလာ။ ထလိုက်လို့ကလည်း မဖြစ်တော့ အသာငြိမ်နေလိုက်ရသည်။ ပုဆိုးလဲခိုင်းလိုက်တာ နောက်တစ်နေ့မှာလည်း ကျောင်းကို မရောက်လာ။ မပုန်းရည်က ချက်ပိန်နှင့် အိမ်ချင်းနီးသူကို မေးရပါ၏။ ဘယ်သူကမှ မနီးဘူး ပြောကြတော့ အံ့သြရသည်။ ချက်ပိန်တို့က ရွာအပြင် သရက်တောမှာ နေတာလို့ဆိုသည်။ သရက်တောရှိမှန်းတော့ မပုန်းရည် သိပါသည်။ ချက်ပိန်တို့က သရက်ခြံပိုင် မဟုတ်ဘဲ မိဘများက သရက်ခြံ စောင့်ကြရသူများ ဖြစ်သည်။

မပုန်းရည်က ကျောင်းသားတစ်ယောက်နှင့် အမှာတော်ပါးလိုက်တော့ နောက်တစ်နေ့မှာ ချက်ပိန် ကျောင်းကို ရောက်လာသည်။ ပုဆိုးပြန့်ပါပဲ။ ချုပ်ထားသည့်နေရာမှာ ချုပ်ထားသော်လည်း အစုအပြဲက လောလောလတ်လတ်အပြဲ ဖြစ်လောက်သည်။ မပုန်းရည် ကျောင်းထဲဝင်လာကတည်းက ချက်ပိန်က ခြင်းပြေးခွဲသည်သည့်လို မျက်နှာလုပ်လာတော့လည်း လာမှ ခေါင်းခေါက်လိုက်ရဦးမည်လို့ စိတ်ကူးထားတာပင် ပျောက်ရပါ၏။ နွမ်းပါးသည့် တပည့်ကလေးဆိုတော့လည်း အပြစ်မမြင်သာပါ။

"ချက်ပိန်...မင်းကို ပုဆိုးပြန်လဲခိုင်းလိုက်တာ နှစ်ရက်တောင် ပျောက်ပါရောလား"

"ပုဆိုးပြန်လဲတာပဲ ဆရာမ...လဲစရာပုဆိုး မရှိလို့ ပြန်မလာတော့တာ"

မပုန်းရည် စိတ်မကောင်းဖြစ်ရသည်။ တပည့်ကလေးက ကြီးကောင်ဝင်ဝင်နေပြီ။ သူ့လူပုံပန်းနှင့်ဆိုလျှင် ခုနစ်တန်းကျောင်းသားလောက်ပင် ရှိနေသူဖြစ်၏။ ဆံပင်က ညှပ်းသိုးသိုး။ ပုဆိုးက ဖိုသီဖတ်သီ။ ကျောင်းစိမ်းပုဆိုးဆိုတာတော့ မျှော်လင့်လို့ဝင် မရ။ ဝတ်လာပြန်တော့လည်း အစုတ်စုတ်။ ပုဆိုးကောင်း ဝတ်မလာရကောင်းလား မဆူချင်တော့။ မဆူရက်တော့။

"ကျောင်းတော့ ရောက်အောင်လာပါကွာ...မင်းအမေကို ချုပ်ခိုင်းပေါ့"

"အမေမရှိဘူး ဆရာမ...အဖေနဲ့အမေ ကွဲသွားကြတာ ကြာပြီ"

မပုန်းရည်က သည်စကားကို အံ့သြမိသော်လည်း အရေးမကြီးလေဟန် စကားဖြတ်ရပြန်သည်။



"ထားပါတော့...အစုပုဆိုးချုပ်ထားတာ ဘယ်သူချုပ်ပေးလိုက်တာလဲ"

"ကျွန်တော့်တာသာချုပ်တာ"

"အောက်စ ပြဲတာကကော...ခုမှ ပြဲတာမဟုတ်လား"

ချက်ပိန်က သွားကြီးတွေပေါ်အောင် ရယ်သည်။ သူ့ပုဆိုးကို သူငုံ့ကြည့်သည်။ ရှက်ရွံ့ပုံတော့ မရှိ။

"ဟုတ်တယ်ဆရာမ...ပုဆိုးက ဆွေးနေလို့နေမှာ"

သည်ရက်တွေထဲမှာတော့ ကျောင်းမရောက်ကြသူစာရင်းမှာ ချက်ပိန် ပါနေပြီ။ ရှိလို့တော့ မဟုတ်တန်ရာ။ ကျောင်းကို မပျော်ပိုက်တာလည်း ဖြစ်နိုင်သည်။ န်းထဲမှာ ဘီလူးသေးသေးတစ်ကောင်လို မားမားကြီးထိုင်နေတတ်သော်လည်း ယ်လို့ ဟုတ်တိပတ်တိ သိပုံလည်း မရ။ အများနှင့် ရောနှောအော်ရတာမျိုးမှာ တော့ သူ့အသံသြသြကြီးက အကျယ်ဆုံးပင်။ တစ်ယောက်ချင်းစစ်လိုက်လျှင် ထစ်အအ ဖြစ်တော့မှာ သေချာသည်။ မပုန်းရည် အဲသလိုတော့ မလုပ်ပါ။ ကလေး ရှာမှာစိုး၍ဖြစ်သည်။ ချက်ပိန်က အတန်းဖော်ချင်းတော့ ညာသည်။ ရေဖြည့်တော့ သူ။ တံမြက်လှည်းတော့လည်း သူ။ ရွယ်တူချင်း ရန်ဖြစ်ကြတာ တွေ့လျှင်လည်း ဖြစ်သူ နှစ်ယောက်စလုံး ကုပ်ပိုးကို ဆွဲဖိထားတတ်သည်။ သူ့တော့ ကြောက်ကြသား။ ခါတစ်ခါ ချက်ပိန်က ဆုံးမနေလို့ မပုန်းရည်မှာ ငိုအားထက် ရယ်အားသန် သည်။ သနားလည်း သနားမိခဲ့ရသည်။

"ရန်မဖြစ်ကြနဲ့ကွာ...ရန်ဖြစ်တာ မကောင်းဘူး...လူဆိုးလူမိုက်တွေမှ ရန်ဖြစ်တာကွ...မင်းတို့က စာတော်တဲ့ကောင်တွေပဲ...ငါ စာမတော်တာတောင် ရန်မဖြစ်ဘူး"

ချက်ပိန်က ဉာဏ်ရည်နိမ့်တာ ထား။ ကိုယ်တိုင်ကလည်း စိတ်ပါပုံ မရှိ။ ကျောင်းကို ရောက်ရောက်လာတာကိုပဲ တစ်ခါတစ်ခါ ဝမ်းသာရသည်။ ကျောင်းကို လာသလောက်တော့ ကျောင်းရည်ဝနိုင်သည်။ သင်သလောက်တော့ ခေါင်းထဲ နိုင်သည်။ ကျောင်းစာအုပ်တွေ စစ်လိုက်လျှင် ဗလာစာအုပ်တစ်အုပ်တည်းကိုပင် ဘာစုံ ရေးချင်ရေးသည်။ မြို့နယ်က ရသည့် ဗလာစာအုပ်တွေထဲက အချို့ကို သည် ဝေပေးရတာမျိုးရှိသည်။ ဝေတော့လည်း ဝေတုန်းခဏပင်။ နောက်တော့ စာအုပ်တွေ ဘယ်ရောက်ကုန်သည် မသိ။ ကြာတော့ ချက်ပိန် ယွယ်လာသည့် အိတ်ကို မျက်နှာလွှဲရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ဆင်းရဲသည့်တပည့်ကလေးကို ချစ်ရပါ၏။ အကောင်ကြီး[...]ခိုသော်လည်း ကလေးတစ်ယောက်၏ ကိုယ်ရည် နှုတ်ရည်သာ ရှိသည်။ သဘောမ[...]ကောင်းသည်။ အားကိုးရသည်။ မပုန်းရည်မှာ သည်လိုတပည့်ကလေးတွေ များလှသည်[...]သည်ဘက်ရက်ထဲ ရွာလှုပ်သွားရသော ခင်သိန်းရီ ရေနစ်သည့်ကိစ္စကို မပုန်းရည်[...]မေးကြည့်သည်။ ချက်ပိန် ဘာကြားထားသလဲ။ ဘယ်လိုမြင်သလဲဆိုတာ သိချင်[...]ဖြစ်သည်။ ရိုးရာကိစ္စ နတ်ကိစ္စတွေ ပြောမှာပဲလား။ နတ်ရေကန်က လူစား[...]ဆရာမရဲ့လို့များ ပြောလေမလား။ ချက်ပိန် ဖြေလိုက်သည့်စကားကြောင့် မပုန်းရည်[...]ကြက်သီးမွေးညင်း ထရပါ၏။

"သရဲ ကုပ်ချိုးတာ ဆရာမ"

"ဟယ်...မဟုတ်က ဟုတ်က...သရဲရယ်လို့ မရှိပါဘူးကွယ်...မင်း ဘ[...]တွေ့ဖူးလို့လား"

"တွေ့ဖူးတယ် ဆရာမရဲ့...ကျွန်တော်တို့ သရက်တောထဲမှာ အခု[...]ရှိတယ်...ဦးဖိုးတုတ် ဆိုတဲ့လူကြီး သရက်သီးခွတ်ရင်း ဖက်ဥ တက်နှိုက်[...]မြွေက ကိုက်လို့ သေရော...အဲသည် ဦးဖိုးတုတ်က ညဘက်ဆိုရင် သရ[...]ကိုင်းပေါ် ထိုင်ပြီး ဆေးလိပ်သောက်နေတာ ကျွန်တော် မြင်ရတယ်"

"အို...ဟုတ်ရဲ့လားဟယ်...ဘယ်နှခါတွေ့တာလဲ"

"ကြည့်လိုက်ရင် ရှိနေတာပဲ ဆရာမရဲ့...ကျွန်တော်တို့ဖြင့် ရိုးနေပေါ့"

ဟုတ်လေသလား၊ မဟုတ်လေသလားလည်း မသိ။ ပြောချင်ရာပြောနေ[...]လည်း ဖြစ်နိုင်သည်။ လူက တော်တော်ရယ်မဟုတ်လား။

တောပွင့် တောပန်းကလေးတွေဆိုတော့ ခူးချင် ပန်ချင်စရာ ကောင်းချင်[...]ကောင်းမည်။ ရနံ့မွှေးချင်မှ မွှေးမည်။ သို့သော် ပန်းဆိုသည့် ဂုဏ်ရည်ကို[...]ပိုင်ဆိုင်ကြသည်သာ။ တပည့်ကလေးတွေလည်း သည်လိုပါပဲ။ ဆင်းရဲသော်လည်း[...]ရိုးသားဖြူစင်ကြပါ၏။ သည်ကလေးတွေနှင့် မပုန်းရည် စခန်းသွားရဦးမှာပါလား[...]

□

မဖိုးကွက်ကတော့ တကယ့်ဖိုးကွက်တစ်ကောင်နှင့်ပင် တူပါသည်။ မျက်[...]ဝိုင်းဝိုင်း၊ မျက်ခုံးထူထူကွေးကွေးနှင့်ဖြစ်၏။ မျက်ခုံးတွေအောက်က မျက်လုံးနှ[...]ကလည်း ပြူးပြူးကလေးတွေ။ ရှင်မီးအင်္ကျီကလေး အမြဲဝတ်ထားတတ်ပြီး ရှ[...]အင်္ကျီလက်ကိုင်းတစ်ဖက်ကလည်း အမြဲတမ်း လျှောကျနေလေ့ရှိ၏။ ကျောင်း[...]ထဘီတော့ ဝတ်သည်။ ထိုင်ချင်ရာထိုင်၊ ပေချင်ရာပေဆိုတော့ ထဘီကလေးက[...]အကွက်မလည်ချင်တော့ပြီ။



ဖိုးကွက်တို့က ရွာလယ်မှာ နေကြသည်။ ဖိုးကွက်အမေက ဟင်းထုပ်သည်[...][...]က ဟင်းထုပ်သည်ဆိုတာ ဘာမှန်းမသိ။ ခေါင်းရွက်ဈေးသည်ဖြစ်၍ တစ်ခါချက်[...]စ်ချက် အစိတ်သား၊ ငါးဆယ်သားအထုပ်ကလေးတွေ အင်ဖက်နှင့်ထုပ်ပြီး[...]ကြသူမို့ ဟင်းထုပ်သည် ခေါ်ခြင်းဖြစ်၏။ အသားဆိုတော့လည်း ကြက်သားထုပ်၊ [...]သားထုပ်၊ ဝက်သားထုပ်၊ အမဲသားထုပ်၊ ငါးထုပ်။ ဟင်းသီးဟင်းရွက်ဆိုတော့[...] မှိုထုပ်၊ ပဲထုပ်၊ ငရုတ်သီးထုပ်၊ ခရမ်းချဉ်သီးထုပ် စသည်ဖြင့် တစ်ခါတည်း[...]တာ အသင့်ဝယ်ချက်နိုင်အောင် စီစဉ်ထားတာမျိုးဖြစ်သည်။ ရွာထွက်ကုန် တခြား[...] ရောက်သလို၊ တခြားကုန်ကလည်း ရွာကို ရောက်သည်။

ညနေဘက် မပုန်းရည်ရောက်သွားတော့ ဖိုးကွက်အမေ မလုံးက ဟင်းထုပ်နေ[...]။ အမဲသားတွေ ကြိတ်လှီးလိုက်၊ ချိန်ခွင့်မလိုက်၊ နည်းနည်းသာသွားတော့[...]တ်လိုက်။ လိုတော့ အမဲသားစ တစ်စထည့်လိုက်။ အလေးချိန် ပြည့်ပြီဆိုတော့[...]က်ထဲထည့်ပြီး ဘောနှစ်ဖက်ထပ်၊ ထိပ်က လိပ်သွင်းလိုက်သည်။ နီးနှင့် တုတ်သည်။[...]က ဟင်းထုပ်လက်စဆိုတော့ မပုန်းရည်မှာ အလုပ်ပြီးအောင် စောင့်နေပါ၏။[...] လက်ထဲဆေးပြီး ထဘီနှင့် သုတ်သည်။ နေရာထိုင်ခင်းပေးသည်။ သမီးကို[...] လှမ်းအော်လိုက်သေးသည်။

"ဖိုးကွက်...ငရုတ်သီးစိမ်းထုပ်စမ်း သမီး...ငါးကျပ်သားမှိုထုပ်...နည်းနည်းလျှော့ထုပ်...ခါတ်ခဲက ငါးကျပ်သားမကဘူး...ဆရာမဖို့ ဘာပေးလိုက်ရပါ..."

"နေပါစေ မလုံးရယ်...မယူပါရစေနဲ့...သည်အချိန်ဆိုတော့ မချက်လည်း မချက်တော့လို့ပါ...လာရတာ အားနာပါရဲ့ရှင်...မနက်ဘက်ကျတော့ မလုံးတို့က မရှိ...နေ့လယ်ကျတော့ ကျွန်မက မအား..."

"ရပါတယ် ဆရာမရဲ့...ဖိုးကွက် ကျောင်းမလာလို့ လိုက်လာတာလား..."

"ဟုတ်ပါရဲ့ရှင်...သည်နှစ်တော့ ကျွတ်အောင်ထားစေချင်လို့ပါ...ကလေးက လေးတန်းရောက်နေပြီဆိုတော့ နှမြောလို့...ဖိုးကွက်က စာလည်း တော်လို့ပါ"

ဖိုးကွက်[...] စာတော်တာတော့ အမှန်ပင်။ ပေပေတူးတူး နေတတ်သော်လည်း[...]လေးတွေက သပ်သပ်ရပ်ရပ်။ လက်ရေးကလေးတွေက ဘော်ကြယ်ထိုးကလေး[...] ထိုးထားကြသလို စီစီရီရီ။ ဉာဏ်ရည်လည်း ကောင်းသည်။ မျက်လုံးကလေး[...]ပြူးကာ ဘာမဆို စူးစူးစမ်းစမ်း ရှိသူကလေးပင်။ မပုန်းရည် ရောက်စက

www.burmeseclassic.com

www.burmeseclassic.com



တော်တော်လေး ကျောင်းမှန်နေရာက သည်နှစ်ကျမှ ကျောင်းပျက်ချင်လာခဲ့သည်
လုံးလုံးမလာတာတော့လည်း မဟုတ်။ ကျောင်းကို ရောက်လာတော့လည်း စာကြိုး
သည်။ ရောက်မလာတော့လည်း သုံးလေးရက် ပျောက်ပြန်လေ၏။ ဖိုးကွက်
မပုန်းရည် နှမြောသည်။ ဆရာမတစ်ယောက်၏ အတွေ့အကြုံခေါ်မလား၊ ဗီဇ
ခေါ်မလား ကလေးကို မြင်ရုံနှင့် အခြေပါ,မပါ သိသည်။ ဖိုးကွက်က အခြေပါရုံ
ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်သူမှန်း သိသာသည်။ မလုံးက ဟင်းထုပ်တွေ ရှာ
လှည့်ရဦးမှာဆိုတော့ မပုန်းရည် လိုရင်းကို ခပ်သုတ်သုတ်ပြောရပါ၏။ မလုံး
အကျိုးအကြောင်းကို ကြိုသိထားပုံရသည်။ ဘယ်သူဘယ်ဝါအိမ်တော့ ဆရာ
ခေါ်ပုန်းရည် ကလေးလိုက်ကောက်နေသတဲ့ဆိုတာလည်း အိမ်ပေါက်စေ့ ရောက်ရ
ဈေးသည်ပီပီ ကြားထားပုံပေါ်၏။ မပုန်းရည် ပြောနေတာကို နားထောင်သည်။
သူ့အခက်အခဲကို ပြောပြသည်။ မလုံးပြောပြတော့လည်း ငြင်းရက်စရာမရှိ။

"ဆရာမရေ...ဖိုးကွက်ဖအေက သူ့မိဘများရှာ ပြန်ပို့ထားရတယ်...ကိုး
တစ်ခြမ်း လေးနေလို့...သူတို့ရွာက ဗမာဆရာနဲ့ သွားပြတယ်...ကျွ
ကလည်း လွှတ်ရတယ်...လက်ခွဲက မရှိ၊ ဝင်ငွေက မရှိတော့ ဆေး
ကျုပ်ရှာမယ်...ဆေးသာ တော် သွားကုတော့ဆိုပြီး လွှတ်ရတာရယ်
ဖိုးကွက်ကို ကျောင်းလွှတ်ပြန်တော့ တစ်ယောက်တည်း ဖတ်သီလိုက်လို့
ချက်ရပြုတ်ရတော့လည်း ယောင်းမ ယူခဲ့စမ်း၊ ဆားနှိုက်ခဲ့စမ်းကအစ ခိုင်
တယ်...ဈေးရောင်းထွက်တော့လည်း သူနိုင်တာ ခိုင်းရပြန်ရော...ခ
ဈေးတောင်းသေးသေး တစ်ရွက်စာနဲ့ မအေလိုက်ကူနေရပြီ...မခိုင်းချင်
ဘူး ဆရာမရယ်...သူ့အစ်ကိုကလည်း ဖိုးကွက်ကို ကျောင်းလွှတ်ပါ ပြော
ရဲ့...မဖြစ်လွန်းလို့သာပါ...ရတာလေး စုပြီး ဖအေ့ဆီပို့ရပြန်တယ်...
တစ်တောင်း သမီးက ခွဲရွက်တော့ ကုန်လည်း ပါတယ်...ကျွန်မလည်
သက်သာတာပေါ့...သူ့ဖအေ နေကောင်းရင် ကျောင်းလွှတ်ပေးမှာပါ ဆရာ
ရယ်...စိတ်ချပါ"

ဈေးတောင်း ခေါင်းရွက်ရသည့် တပည့်မကို လှမ်းကြည့်တော့ ဇရတ်သီး
တွေ ဆုတ်ကာ ဆုတ်ကာ ချိန်ခွင်ထဲထည့်၊ တစ်ဖက်က ခတ်ခဲထည့်ချိန်၊ နည်းနည်း
လျှော့။ တကယ့်ဈေးသည်မကြီးနှင့်မခြား ကျင်လည်လှသည်။

မပုန်းရည် သက်ပြင်းကလေးချကာ အသာပြန်ခဲ့ရသည်။ ကိုယ့်ဝေဒနာ
နှင့်ကိုယ်။ စေတနာ မနည်းကြသော်လည်း ဝေဒနာကို မကျော်လွှားနိုင်ကြတာ



ည်။ သူကကော ဘာထူးသလဲ။ ကလေးတွေအပေါ် စေတနာထားခဲ့သည်။
ကျောင်းကို ရောက်စေချင်သည်။ စာတွေ တတ်စေချင်သည်။ သည့်ကလေးတွေဆီက
ရရန်မရှိ။ ရရန်လည်း မမျှော်ကိုးခဲ့။ မျှော်လည်း မျှော်ကိုးကောင်းသည် မဟုတ်
ဆရာကို အာစရိယဂိုဏ်းအဖြစ် သတ်မှတ်ထားသော လူ့အဖွဲ့အစည်းတွင် အမြင့်
နေရာကို ပေးထားခြင်းဖြစ်သည်ဟု မပုန်းရည် ခံယူသည်။ အာစရိယဆရာတို့၏
ကျေးဇူးသည် ရေတွက်ခြင်းငှာ၊ ချင့်တွက်ခြင်းငှာ မစွမ်းသာအောင် ကြီးမားပါ
သည်ဟု ဘုရားရှိခိုးတိုင်း ပါနေရခြင်းသည်ပင် ကုသိုလ်ကြီးခြင်း မဟုတ်ပါလား။

မာတာပီတုဂုဏော အနန္တော၊ အာစရိယဂုဏော အနန္တောဟု မိဘနှင့်
တစ်ဂိုဏ်းတည်းထားခြင်းခံရသူ ဆရာ, ဆရာမများအဖို့ တပည့်ဆီက ဆံခြည်တစ်မျှင်
စာဆစ်စေ့ မျှော်လင့်အပ်သည်မဟုတ်။ အလိုလောဘကြီးသော၊ ခွဲခြားဆက်ဆံသော၊
ကျက်မာရိုင်းပျသော၊ သာစေ နာစေစိတ်ရှိသော၊ စာနာညှာတာစိတ် ကင်းသော
ဆရာ, ဆရာမတွေ မရှိမဟုတ်။ ရှိနိုင်ပါ၏။ မပုန်းရည်ကိုယ်တိုင် ဘဝမှာလည်း
တည်လိုဆရာ, ဆရာမများနှင့် မတွေ့ခဲ့ရ။ အဆင်းရဲ အပင်ပန်းခံကာ ဆရာဆိုသော
ဂုဏ်သိက္ခာကို အခြား ဘာနှင့်မှမလဲခဲ့ကြသော ကျေးဇူးရှင်များနှင့်သာ ကြုံခဲ့၊ သင်ခဲ့၊
ပည်းပူးခဲ့ရပါ၏။ သည်ဆရာ, ဆရာမများ၏ ဂုဏ်ရည်ကို လေးစားအားကျခဲ့တာပဲ
ဖြစ်သည်။ အခုလည်း သည်စိတ်ဖြင့် အပင်ပန်းခံနေခြင်းဖြစ်သည်။

"မပုန်းရည်ရယ်...ပင်ပန်းလိုက်တာ...ကိုယ်ချင်းမစာ ပြောတယ်လည်း
မအောက်မေ့နဲ့...အဲသလောက်ကြိုးလုပ်နေတော့လည်း မိဘတွေက တစ်မျိုး
မြင်နေပါဦးမယ်"

မမစိန် သတိပေးတာကိုလည်း စိတ်မဆိုးပါ။ သည်ဆရာမ ရောက်လာမှ
ကြာ ကလေးတွေ ကောင်းကောင်းမနေရပါလား ဆိုတာမျိုး ရှိချင်ရှိနေပါလိမ့်မည်။
ကျောင်းရောက်ရန် မူလတန်းကျောင်းသည် ကျောင်းသားမရှိဘဲ ဖွင့်ထားသည့် ကျောင်း
ကောင်းလောင်းတော့ မဟုတ်ပါ။ ပညာကို စာကို စိတ်ပါကြသူတွေလည်း ရှိပါ၏။
သူ့ကျောင်းနှင့် သူ့အတန်း၊ သူ့အတန်းနှင့် သူ့ကျောင်းသား မျှပါ၏။ လှပါ၏။
မပုန်းရည် ပူပန်နေတာက ကျောင်းကို ရောက်သင့်ပါလျက် မရောက်ရသည့် ကလေး
တွေအတွက် ဖြစ်ပါသည်။

"မမစိန်ရယ်...ကျွန်မအဖို့ရယ်လို့ ကလေးတွေ ချူးလာတဲ့ ပန်းတစ်ခက်
နှစ်ခက်ကလွဲလို့ ကျွန်မ ဘာမှ မယူခဲ့ပါဘူးရှင်...ကျွန်မ ပြောပြသန့်ပါ
တယ်...ကျွန်မလည်း ဆင်းရဲပါတယ်...ဆင်းရဲတဲ့ဘဝက ဖြစ်လာရသူပါ...
ဒါပေမဲ့ ဆရာမအဖြစ်နဲ့တော့ ကျွန်မ လောဘမကြီးခဲ့ဘူး...ကြီးလည်း

www.burmeseclassic.com

www.burmeseclassic.com



မကြီးအပ်ဘူး...အနန္တောအနန္တဂိုဏ်းဝင်ဆိုမှတော့ ကလေးတွေကို အေ ... စားပြုတိုက်ရမယ့် အလုပ်မျိုး မလုပ်ပါဘူးရှင်...ကျွန်မက စေတနာသ ... သက်ပါ"

သည်လိုဆိုတော့လည်း မမစိန် ဘာမှမပြောတော့။ မမစိန်က သဘော ... နှင့် ပြောတာမဟုတ်မှန်းလည်း သိပါ၏။ ရွာက သည်လိုသဘောမထားမှန်းလည် ... သိပါ၏။ မိဘတွေက တစ်မျိုးထင်စရာလည်း မရှိ။ အခု မပုန်းရည် ကြုံရသလော ... မိဘတွေမှာ အပြစ်မရှိ။ ကလေးတွေမှာလည်း အပြစ်ရှိသည် မဆိုသာ။ အခြေအနေ ... တွေကသာ ကျောင်းနှင့်ဝေးအောင် ဖန်တီးနေကြတာပဲရှိသည်။ ဒါကို မပုန်းရည် ... တစ်ယောက်တည်း မကုစားနိုင်မှန်း သိသား။ ဆိတ်ကျောင်းတော့မည့် ကလေး ... မကျောင်းနဲ့လို့ မပြောသာပါ။ ဈေးဗန်းရွက်နေသည့် ကလေးကို မရွက်နဲ့လို့ မဆို ... ပါ။ ဆောင်းရက်သည့် ကလေးကို ဆောင်းမရက်နဲ့တော့ မတားသာပါ။ သူတို့က ... တွေ ကိုယ့်ဆီမလာနိုင်တော့ သူတို့ကလေးတွေဆီ ကိုယ်သွားရင်ကောလို့ တွေး ... သည်။ သည်လိုတော့လည်း မဖြစ်နိုင်ပါ။ ဆန်စဉ်ရာ ကျည်ပွေ့မလိုက်နိုင်သလို၊ ကြ ... နှင့် တုတ်ထားချင်လို့လည်း မရနိုင်ပါ။ မပုန်းရည် တစ်မျိုးစဉ်းစားရပါ၏။

"သူတို့ကလေးတွေ နေ့ခင်းနေ့လယ် ကျောင်းကို မရောက်နိုင်ကြရင် ည ... ဘက် စာသင်ပေးရင်ကော မလာနိုင်ကြဘူးလား...တစ်နေ့ နှစ်နာ ... လောက်တော့ သူတို့ လာနိုင်ရမှာပေါ့"

ဒါတော့ ဟုတ်ပါပြီ။ မပုန်းရည်မှာ ကိုယ့်သဘောနှင့်ကိုယ် ထင်ရာလုပ်ခ ... သည် ဆိုတာမျိုး ဖြစ်မှာကလည်း စိုးရသေးသည်။ စာသင်ကျောင်းကလေးထဲ ညဘ ... သွားဖွင့်လို့လည်း မဖြစ်နိုင်ပါ။ ကိုယ်နေသည့်အိမ် ခေါ်သင်ရင်တော့ ဘိုးကြီး ဘွား ... တို့ကို ခွင့်ပန်ရဦးမည်။ သူတို့အိမ်ပေါ် ဆရာမတစ်ယောက် တင်ထားတာတော ... လွန်လှပြီ။ ကလေးတရုန်းရုန်း လုပ်လို့မကောင်းနိုင်။ ညဘက်ဆိုတော့ မီးအလင်းရော ... လည်း လိုမည်။ စာသင်ရန် ကျောက်သင်ပုန်းတစ်ချပ် လိုမည်။ ကလေးတွေ အပြ ... မိုးချုပ်နိုင်တော့ သွားရေးပြန်ရေးက ရှိသေးသည်။ မမစိန်နှင့်တော့ တိုင်ပင်ရပါဦးမည ... ဆရာကြီးကိုလည်း ခွင့်တောင်းရဦးမည်။

မပုန်းရည် ပထမဆုံး ပြေးမြင်လိုက်သူက လေးပန်းဆီ...။ ပြီးတော ... ကိုကြာစွယ်...။

▢



မပုန်းရည် ကျောင်းကို စောစောရောက်နှင့်သည်။ ကနေ့ တနင်္လာနေ့...။ ကျောင်းဖွင့်စရက်ကို မပုန်းရည် တာဝန်ယူထားသည်။ မမစိန်က သောကြာနေ့... ...နှစ်ရက်က ကျောင်းဖွင့်စရက်နှင့် ကျောင်းမပိတ်ခင်ရက်ဆိုတော့ ကျောင်းဝေယျာ ... ကလေးတွေ ဝေယျာဝစ္စကအစ ဆောင်ရွက်နိုင်ဖို့ဖြစ်သည်။ ရေအိုးတွေ ဆေးကြော ... ...ည် ကျောင်းတွင်းကျောင်းပြင် အမှိုက်လှည်းကျင်း သိမ်းဆည်း၊ ရေအိမ်တွေမှာကော ... သန့်ရှင်းရှင်းရှိရဲ့လား။ နောက်ဆုံး ကျောင်းတံခါးပိတ်သည်အထိ တာဝန်ယူကြ ...ည်။ သည်လို ဆရာမနှစ်ယောက်က တာဝန်ယူလိုက်တော့ မိဘတွေကလည်း ...ကျောင်းအပေါ် အာရုံရှိလာကြပါ၏။ ကလေးတွေကလည်း ဆရာမတွေနှင့်အတူ ...ညီလက်ညီ စိတ်ပါလက်ပါ ဖြစ်လာခဲ့ကြပြီ။ မောင်တက်လူကတော့ ဆရာ ...တွေထက် စောစောရောက်တတ်ပါသည်။

ကလေးများနှင့်အတူ ချွေးတလုံးလုံးရှိနေစဉ်မှာပင် အင်ဂျင်နီယာ ကိုမျိုးသွင် ...လာခဲ့ပါ၏။ ကိုမျိုးသွင်၏ ဝန်ထမ်းလူငယ်တစ်ယောက် ပါလာခဲ့ပြီး လက်ထဲ ...ည်း အထုပ်အပိုးတွေ မနည်းပါ။ ကျောင်းဖွင့်ပြီးကတည်းက ကိုမျိုးသွင် သည် ...ခေါက် ပထမဆုံး ရောက်လာခြင်းဖြစ်သည်။ မောင်တက်လူပါ ရှိနေသဖြင့် မပုန်းရည် ... ကျောင်းရုံးခန်းမှာပဲ ဧည့်ခံခဲ့ပါ၏။ မောင်တက်လူက ရေနွေးဗန်းပြင်ကာ ချပေးပါ ...ည်။ မပုန်းရည်က ကလေးတစ်ယောက်ကို မမစိန်အား ပြေးအပြောခိုင်းလိုက်သည်။ ...ရည်မှာ ကိုမျိုးသွင်ကို ဘာကစ နှုတ်ဆက်ရမှန်းမသိသဖြင့် သည်အတိုင်း ငြိမ်နေ ...သည်။

"ကျွန်တော် မနေ့ကပဲ ရန်ကုန်က ပြန်ရောက်တယ်...ကုမ္ပဏီကိစ္စဆိုတော့ ရက်တော်တော်ကြာသွားတယ်...ဆရာမတို့ရော နေကောင်းကြရဲ့လား"

"နေကောင်းကြပါတယ်ရှင်...ကျွန်မတို့ကလည်း အင်ဂျင်နီယာကြီးတော့ အလုပ်များနေပုံပေါ်ရဲ့လို့ ပြောနေကြတာ"

"ဆရာမ ရန်ကုန်ပြန်တာလည်း သိတယ်...ကျွန်တော် လိပ်စာတောင် တောင်းနေသေးတာ...ရန်ကုန် ဘယ်မှာနေတာလဲ"

"ရန်ကုန်ဆိုပေမယ့် ဝေးပါတယ်ရှင်"

မပုန်းရည်က ခပ်ဝေ့ဝေ့ပဲ ဖြေလိုက်သည်။ ကိုမျိုးသွင်ကလည်း ထပ်မမေးပါ။ ...ပါလာသည့် ဝန်ထမ်းလူငယ်က အထုပ်တွေ စားပွဲပေါ် ချသည်။ မုန့်တွေလည်း ...သည်။ အထည်တွေလည်း ပါသည်။ ကျောင်းစိမ်းနှင့် အကျီစ အပြ...။ ဆရာမ ...ဆောက်စာ နှစ်စုံ။ မပုန်းရည်က အဝတ်အစားတွေ ဝယ်လာတာကို လက်မခံချင်

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ဆရာမနှစ်ယောက်စာဆိုတော့ နည်းနည်းတော့ လိပ်ပြာလုံရပါ၏ နောင်လည်း ဝယ်နေမှာစိုးတော့ ငြင်းတော့ငြင်းလိုက်သည်။

"အဝတ်အစားတော့ နောက် လက်မခံပါရစေနဲ့ရှင်…ဘယ်လိုမှ မအော မေ့ပါနဲ့…ကျောင်းအတွက် လှူတာကိုပဲ ကျေးဇူးကြီးလှပါပြီ…သည်တစ် တော့ ကျွန်မ လက်ခံပါ့မယ်…ရိုင်းတယ်လည်း မထင်ပါနဲ့ရှင်"

ကိုမျိုးသွင်က ငြိမ်သွားသည်။ အထုပ်တွေထဲက ပစ္စည်းတွေ ဖွတ်ခွဲထုေ နေရာက တုန့်သွားခြင်းဖြစ်၏။ သို့သော် နောက်တစ်အိတ်ကို နှိုက်ယူလိုက်တော့ အထည်စတွေ။ ဒါကတော့ မပုန်းရည်ကိုသာ ရည်စူးလာပုံရသည်။ တစ်စုံတည် ပါတိတ်အထည် အဆင်ကောင်းကောင်း အသွေးလှလှ။ မပုန်းရည် စကားကြော ပေးဖို့ခက်နေသလိုလိုရှိသော်လည်း မပုန်းရည်ရှေ့ တွန်းပို့သည်။ မပုန်းရည်ကလည် ပြန်တွန်းသည်။ အထည်စတွေက လွန်ဆွဲသလို ရှေ့တိုးနောက်ငင်။

"ကျောင်းစိမ်းတော့ ကျွန်မဝတ်ပါ့မယ်…သည်လိုအထည်စတွေတော့ ကျွန် မယူပါရစေနဲ့…နောက်လည်း မဝယ်ပါနဲ့…ကျွန်မဝတ်ဖို့လည်း အခါရေ မရှိလှပါဘူး…မုန့်တွေတော့ စားမယ်"

ကိုမျိုးသွင်က ဘာမှပြန်မပြောဘဲ တခြားစကားတွေကိုသာ ပြောနေတော့ သည်။ အနားမှာ မောင်တက်လူလည်း ရှိသည်။ ကိုမျိုးသွင်တပည့်ကလေးလည် ရှိလို့တော်ပါသေးရဲ့။ ကျောင်းကိုလာတာ ကိစ္စမရှိ။ ဘိုးကြီးတို့အိမ်ကို လာလည်မှ စိုးရသည်။ မပုန်းရည်က လူတွေခေါ်ဧည့်ခံနေသတဲ့ဆိုတာမျိုး ဖြစ်မှာစိုးတာ ပါသေ သူတစ်ပါးအိမ်မှာ နှစ်ယောက်ချင်းတွေ့ရတာမျိုး မဖြစ်ချင်။ ဒါကိုလည်း ခပ်ဖွဖွ ပြောထားရဦးမည်။

"သည်နှစ် ကျွန်မ အိမ်ပြောင်းနေတယ် ကိုမျိုးသွင်ရဲ့…ဘိုးကြီးတို့အိမ်ပေ မှာ နေနေပြီ…စည်းနဲ့ကမ်းနဲ့ နေကြတဲ့ ရှေးလူကြီးတွေဆိုတော့ နေရတာ အားနာပေမယ့် နေရတာပါပဲ…ဧည့်သည်စောင်သည်လည်း ရှင်းပါရဲ့"

မပုန်းရည် ဘာကိုဆိုလိုမှန်း ကိုမျိုးသွင် သဘောပေါက်ပုံရပါ၏။ မထိတ ပြုံးသည်။ မပုန်းရည်ကို စူးစူးစိုက်စိုက်ကြည့်နေသဖြင့် မပုန်းရည် မျက်နှာကိုပင် ငုံ့ထား လိုက်ရပါ၏။ ကျောင်းသူ ကျောင်းသားကလေးတွေ တစ်စတစ်စ ရောက်လာကြပြီ မမစိန်လည်း ရောက်လာပြီ။ ကိုမျိုးသွင်ကို နှုတ်ဆက်သည်။ မမစိန်ရောက်လာတော့ မပုန်းရည် နေရထိုင်ရတာ ရှင်ချောင်သွားရပါ၏။ ကျောင်းစိမ်းဝတ်စုံကို ကိုမျိုးသွင်က မမစိန်လက်ထဲ ထည့်ပေးသည်။ မမစိန်က ကျေးဇူးစကား ဆိုသည်။ မမစိန်ကို တိုင်တည် သလိုလိုနှင့် ကိုမျိုးသွင်က ပြောနေသည်။



"ဆရာမ ဒေါ်ပုန်းရည်ကတော့ဗျာ…ကျွန်တော်ပေးတဲ့ လက်ဆောင်ကို မယူပါရစေနဲ့ ပြောနေတယ် ဆရာမရယ်…သူနေတဲ့အိမ်ကိုလည်း မလာ စေချင်သလိုလို ပြောနေတယ်"

"အိမ်ကတော့ ဟုတ်ပါတယ်…ဘိုးကြီး ဘွားကြီးတို့အိမ်ပေါ် နေရတာ ဆိုတော့ ဧည့်ခံဖို့ခက်တာပေါ့…လက်ဆောင်တော့ မပုန်းရည်က ယူလိုက် ပါ…ကိုမျိုးသွင်က စေတနာနဲ့ ပေးတဲ့ဟာကို…"

မပုန်းရည်က တွေတွေထူးထူး ပြန်ရှင်းမနေတော့။ ပိုင်းဖြတ်ပြီးသားစကား …တည်ပဲဆိုသည့် မျက်နှာဖြင့် နေလိုက်သည်။ မမစိန်ကိုတော့ နောက်မှပြောတော့မည်… …သနေတော့ မမစိန်သား အကြီးကောင်က နွားနို့ပုလင်းတွေ ယူလာတာ တွေ့လိုက်ရ …၏။

"ကိုင်း…ကိုမျိုးသွင်ရေ…ကျွန်မတို့ကလည်း လက်ဆောင် ပြန်စမ်းပါရ စီ…အိမ်က ထွက်တာရှင့်…နွားနို့စစ်တယ်"

"ကျေးဇူးတင်ပါတယ်ဗျာ…တစ်ယောက်နဲ့တစ်ယောက် မေတ္တာနဲ့ပေးတဲ့ လက်ဆောင်ကို ကျွန်တော်ကလည်း မေတ္တာနဲ့ပဲ လက်ခံပါတယ်ခင်ဗျာ"

ကိုမျိုးသွင်စကားက မပုန်းရည်ကို စောင်းချိတ်ပြောနေမှန်းသိသော်လည်း …ပုန်းရည် အသာငြိမ်နေလိုက်သည်။ မမစိန်ကတော့ ရယ်လေ၏။ ကျောင်းတက်ချိန် …ည်း နီးပြီ။ ကလေးတွေလည်း ကြွက်စီကြွက်စီ ဖြစ်နေကြပြီ။ ကိုမျိုးသွင်က ပြန်ဖို့ …ပြင်သည်။

"မမစိန် ကျောင်းတက်ထားလိုက်မယ်…မပုန်းရည် လိုက်ပို့လိုက်နော်"

ကိုမျိုးသွင်က ပစ္စည်းအားလုံး ထားခဲ့ကာ ထပြန်သည်။ မပုန်းရည်က …ထည်စတွေ ပြန်ယူသွားပါလည်း မပြော။ ထားခဲ့ပါလို့လည်း မဆို။ သည်လိုကျွဲ …ချိုမှုမျိုးကို မပုန်းရည် မကြိုက်လှသော်လည်း ယဉ်ကျေးမှုအရ ကျောင်းဝအထိ …လိုက်ပို့လိုက်သည်။

"ကျွန်တော်ဝယ်လာတာတွေ ဝတ်စေချင်တယ်…ဝတ်ရင် မပုန်းရည် ပိုလှ မယ်ထင်လို့ ဝယ်လာတာပါ…ကျွန်တော့်စေတနာကို အသိအမှတ်ပြုပါ မပုန်းရည်"

ကိုမျိုးသွင်က ကျောင်းဝမှာ နှစ်ယောက်ချင်းရပ်မိကြတုန်း ပြောလိုက်ပါ ၏။ မပုန်းရည်က စကားလုံးတွေရွေးရင်း ပြုံးနေလိုက်သည်။ မပြောလို့မဖြစ်တော့ …ပြောရပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ကိုမျိုးသွင် စေတနာကို ကျွန်မက အသိအမှတ်ပြုပြီးသားပါရှင်... စာသင်ကျောင်းကလေး တူတူတန်တန် ဖြစ်သွားတာလည်း ကိုမျိုးသွင် ကျေးဇူးကြောင့်ပါပဲ...ဆရာတော့်ကျောင်း ရေကပြင် ပျဉ်ချပ်တွေ လဲပေးတဲ့ ကုသိုလ်မျိုးကိုလည်း ဝမ်းသာရတာ အမှန်ပါ...ကျွန်မအတွက်တော့ ရှိပါ စေတော့...နောင်လိုအပ်ရင် ကိုမျိုးသွင်ကို ကျွန်မ အကူအညီတောင်းပါ့ စေ...သည်လိုအဝတ်အစားဆိုတာမျိုးက ကျွန်မအတွက် မလိုလို့ပါရှင်... ကျွန်မ ဘယ်သူ့ဆီကမှ လက်မခံပါဘူး"

ကိုမျိုးသွင်က မပုန်းရည်ကို ကလေးတစ်ယောက်ကို ကြည့်သလို ပြုံးပြီး ကြည့်နေသည်။ ကိုမျိုးသွင်သည် စိတ်နေသဘောထား မြင့်သူတို့၏ ရုပ်ရည်လက္ခဏာမျိုး ရှိသူဖြစ်သည်။ ကြည်စင်ချောမောသော ခေတ်ပညာတတ် လူရည်တတ်တစ်ဦးလည်း ဖြစ်သည်။ မပုန်းရည်က ကိုမျိုးသွင်ကို တွေခနဲ စိုက်ကြည့်မိပြီးမှ ရှက်ကိုးရှက်ကန်း ဖြစ်သွားရ၏။

"မပုန်းရည်မှာ ဘာအကူအညီ လိုအပ်လိုအပ် ကျွန်တော်ပေးဖို့ အဆင်သင့်ပါ ခင်ဗျာ...သွားမယ်နော်..."

ကိုမျိုးသွင် ထွက်သွားတော့ မပုန်းရည်လည်း ကျောင်းထဲ ဝင်လာခဲ့သည်။ ကျောင်းတက်ခေါင်းလောင်း ထိုးပြီးပြီ။ မမစိန်ပင် ရုံးခန်းဘက် ပြန်ရောက်နေပြီ။ မပုန်းရည်က သူ့အတွက် ကျောင်းစိမ်းဝတ်စုံကို စားပွဲပေါ်မှာပဲ ထားခဲ့ပြီး ပါတိတ်အထည်စကိုတော့ မမစိန်လက်ထဲ ထည့်လိုက်သည်။ မမစိန်က အံ့ဩသွားပုံဖြင့် မပုန်းရည်ကို ကြည့်သည်။ မပုန်းရည်ကလည်း ပေါ့ပေါ့ပါးပါး ပြန်ပြုံးပြသည်။

"မမစိန် ဝတ်လိုက်ပါ...ကျွန်မ မယူပါရစေနဲ့"

"မမစိန် မယူချင်ပါဘူး မပုန်းရည်ရယ်...ကာယကံရှင်က မပုန်းရည်ကို ပေးတဲ့ဟာ..."

"ကျွန်မ ငြင်းပြီးသားပါ မမစိန်...ကျောင်းစိမ်းတောင် မမစိန်ပါပေးလို့ သည်တစ်ကြိမ် လက်ခံတာပါ...မမစိန် မဝတ်ရင်လည်း သိမ်းထားလိုက်ပါရှင်...ကျွန်မမှာ အဓိဋ္ဌာန်ရှိလို့ပါ...ကျွန်မ သစ္စာမကျိုးချင်ဘူး မမစိန်"

မမစိန်ကလည်း မပုန်းရည်ကို သည့်ထက် ပိုမတိုက်တွန်းရဲပါ။ ပြီးတော့ အဓိဋ္ဌာန်ဆိုတော့ ဘာမှန်းမသိဘဲ လန့်သွားပုံပေါ်သည်။ ပြီးတော့ သစ္စာမကျိုးချင်ဘူး ဆိုတာကကော ဘာပါလိမ့်။ ဝေခွဲရခက်စွာဖြင့်ပင် မမစိန် ပစ္စည်းတွေ သိမ်းနေခဲ့သည်။ မုန့်တွေကိုတော့ ဆရာကြီးအတွက် ဦးဖယ်ကာ ဝေမျှစားကြသည်။ မမစိန်က မပုန်းရည်ကို စကားတစ်ခွန်းတော့ မေးခဲ့သည်။



"မပုန်းရည် စိတ်မဆိုးပါနဲ့ ညီမရယ်...အစ်မလိုသဘောနဲ့ မေးတာပါ... မပုန်းရည်မှာ ရည်ရွယ်ထားသူ ရည်းစားသနာ ရှိလို့လား..."

"မရှိပါဘူး မမစိန်ရယ်..."

"ဒါဖြင့်...မပုန်းရည် အိမ်ထောင်မပြုတော့ဘူးပေါ့"

"အကြောင်းပါတော့လည်း ရှောင်မလွှတ်လောက်ပါဘူး မမစိန်ရယ်...ခုထိတော့ ပြုမယ် မပြုဘူး ဘာမှကို မစဉ်းစားမိပါဘူး...ကျွန်မဘဝအကြောင်းနဲ့ ကျွန်မပါရှင်...တစ်ရက် မမစိန်ကို ကျွန်မ ပြောပြပါဦးမယ်"

မပုန်းရည် အတန်းဘက် လျှောက်လာခဲ့သည်။ မပုန်းရည် ကိုယ်အမူအရာ၊ ...အမူအရာ သိပ်များ အရုပ်ဆိုးသွားအောင် လုပ်မိသလား စဉ်းစားကြည့်သည်။ ...ခဲ့သည့်စကားတွေကို ပြန်တွေးသည်။ ဘာမှတော့ လွန်တာမပါပါ။ ကိုမျိုးသွင်လို ...ယဉ်ကျေးတစ်ယောက်ကို မပုန်းရည်ဘက်က မရိုင်းပျမိအောင်သာ နေရတော့မည်။

ဘာမဆိုင် ညာမဆိုင် နတ်ရေကန်တွင် ရေနစ်ခဲ့ရှာသော ခင်သိန်းရီကို ဖျတ်ခနဲ ...တိရလိုက်သည်။ အချစ်သည် ဆန်းကြယ်လှပါ၏။ အချစ်နှင့် စ,ခဲ့သော ဘဝနှစ်ခု ...ဆုံးသတ်မလှဘဲ ဇာတ်သိမ်းခဲ့ကြရသည်။ ဖိုးဆိုးကို မပုန်းရည် မမြင်ဖူးသလို ...ခင်သိန်းရီကိုလည်း မပုန်းရည် မသိဖူးခဲ့။ သို့သော် ထိုချစ်သူနှစ်ဦး၏ ကြေကွဲစရာ ...ဇာတ်လမ်းက သည်ရွာကလေးမှာ အကျည်းတန်စွာ ရှိခဲ့ပြီ။

သည်ရွာကလေးမှာ နတ်ရေကန်ကြီးရှိသည်။ နတ်ရေကန်နှင့်ပတ်သက်သည့် ...ဒ္ဒာရီတွေ ရှိသည်။ တစ်ရွာသူ တစ်ရွာသားကိုမှ စားတတ်သော ကန်အောင်းသ...ဆိုတာ ရှိသည်။ အယူအစွဲကြီးသူတွေ ရှိသည်။ စုန်းမ ဆိုပြီး ရွာက ကျဉ်ထားခြင်း ...ခံရသူတွေ ရှိသည်။ သရဲခြောက်သည်ဆိုသော ပေါက်ပင်ရှိသည်။ ဒါကို ယုံကြည်ကြ...သူတွေ ရှိသည်။

သည်ကြားထဲက သည်ရွာမှာ မပုန်းရည် ပျော်ခဲ့ရပါ၏။ ဒါတွေ တစ်နေ့...နေ့တော့ ကျေပျက်သွားကြလိမ့်မည်ဟုပင် လက်ခံထားခဲ့သည်။ မပုန်းရည် ဘာကိုမှ ...ယုံ မယုံတော့လည်း ကြောက်စရာမရှိ။ ကြောက်စိတ်မရှိလို့လည်း နေပျော်ရပါ၏။ ...သို့သော်...အချစ်ဆိုတာကိုတော့ မပုန်းရည် ကြောက်နေမိပါပကော။ ချစ်သူရည်းစား ...ရှိလို့လည်း မရှိ။ ဘယ်သူကမှလည်း ချစ်ခွင့်တောင်းခံသေးတာမဟုတ်ဘဲ တစ်စုံ...တစ်ရာ သိနေသလိုပင်။ တွေးရတာပင် ရင်ခုန်စရာကောင်းလှသည်။

ဝ

www.burmeseclassic.com

www.burmeseclassic.com



ညနေ ကျောင်းဆင်းချိန်ဖြစ်၏။

မပုန်းရည် ကျောင်းက မပြန်နိုင်သေးပါ။ ကျောင်းတံခါးတွေ ပိတ်မည့် မောင်တက်လှကိုပါ မပြန်ရန် တားထားရသည်။ ကနေ့ညနေ အစည်းအဝေးရှိသည်။ အစည်းအဝေးဆိုသော်လည်း မပုန်းရည်က ညပိုင်း စာသင်ရန်ကိစ္စကို အကူအညီ တောင်းရန် စီစဉ်သည့်ပွဲဖြစ်သည်။ ဦးပန်းဆီနှင့် ကိုကြာစွယ်ကိုလည်း ဖိတ်ထား သည်။ ရွာထဲက အပျိုကြီး မကေးနှင့် မပုစွန်တို့ကို ဖိတ်ရသည်။ သူတို့နှစ်ယောက်က အထူး မလိုအပ်လှသော်လည်း မပုန်းရည်ကို လိုအပ်လျှင် ကူညီနိုင်မည့် ရွာအပျိုကြီး တွေဖြစ်သည်။ မမစိန်ကိုလည်း ခေါ်ထားရပါ၏။

ဦးပန်းဆီက ရှေ့ဆုံးက ရောက်လာသည်။ ကိုကြာစွယ် မလာတော့ မောင်တက်လှကို အခေါ်ခိုင်းရသည်။ ဆရာမတွေ ခေါ်တာဆိုလျှင် မလာမှာစိုးရတော့ ဦးပန်းဆီက ခေါ်ခိုင်းကြောင်း ပြောဖို့ မှာလိုက်ရသည်။ အားလုံးစုံသော်လည်း ကိုကြာစွယ်ကို ခေါ်ခိုင်းလိုက်သည့် မောင်တက်လှရော ကိုကြာစွယ်ရော ပေါ်မလာ တော်တော်ကြီးကြာမှ ပေါ်လာကြတော့သည်။ ကိုကြာစွယ်က မျက်နှာချေတွေပ ပုတ်လာသဖြင့် မပုန်းရည် ပြုံးရသည်။ ပုဆိုးကောင်း အင်္ကျီကောင်းနှင့် ခြေကားကား ကြီးမှာ မန္တလေးကတ္တီပါဖိနပ်ကြီး စွတ်လိုက်လို့။ စံပယ်ဆီနံ့က အီအီတောက် တောက်။

"ကြာစွယ်…ဘာလုပ်နေတာတုံးကွ…ကတည်း မင်းစောင့်ရတာနဲ့ပဲ မှောင် တော့မယ်…သည်နားနဲ့သည်နား ရှိုးထုတ်နေထင်ပါ့ကွာ"

ဦးပန်းဆီက ငေါက်တော့ ကိုကြာစွယ်မျက်နှာကြီး ထူပူနေပုံရသည်။ မပုန်းရည်နှင့် မမစိန်တို့ကို ရှက်နေတာဖြစ်လိမ့်မည်။ မမစိန်ကလည်း ကိုကြာစွယ် ကို မျက်စောင်းတထိုးထိုး။

"ဟုတ်ပါ့တော်…ဝါးလုံးခေါင်းထဲ လသာ…သူ့ မိန်းမပေးစားမှာကျလို့…"

ထိုအခါ မကေးက ဝင်ဖောက်သည်။

"အံမယ်လေးလေး…ကျုပ်တို့တော့ စောင်းမပြောပါနဲ့နော်…တော်ကြာ ကျုပ်ကို ရွာက ကြာစွယ်နဲ့ တစ်မျိုးထင်နေပါ့မယ်…ဒင်းနဲ့တော့ အထင် မခံနိုင်ပေါင်တော်…"

သည်တော့ မပုစွန်ကလည်း အားကျမခံ ပြောပြန်လေသည်။ ကိုကြာစွယ် က မကေးကို မျက်စောင်းထိုးရာက မပုစွန်ဘက် လှည့်သည်။

"မိကေးရယ်…ညည်းထင်မှာလားဟဲ့…ငါ့ထင်ကြတော့မပေါ့…ကြာစွယ်နဲ့ ငါက ငယ်ရည်းစားတွေဥစ္စာ…ဒင်း မျက်နှာများလို့ ငါပစ်ထားတာ"



ကိုကြာစွယ်က သူ့ကို အပျိုကြီးတွေ စ,နေမှန်းသိတော့ မျက်နှာကြီး ရဲတွတ် သည်။

"ဂန်းမတွေ…တော်ကြစမ်းပါဟာ…နင်တို့ရုပ်တွေ နှစ်ပြားမှမတန်ဘဲနဲ့… နင်တို့ ဒါကြောင့် လင်,မရတာ"

"အခုတော့ နင်က စိမ်းပြီပေါ့လေ…နတ်သမီးချောချောကလေးနဲ့ တွေ့တော့ ဘဒ္ဒကလျာကြီးက မျောက်အိုမ ဖြစ်ပြီပေါ့"

သည်စကားက မပုန်းရည်ကို ရည်စူးမှန်း မပုန်းရည်ကိုယ်တိုင် သိပါ၏။ မဆိုးပါ။ ကိုကြာစွယ်ကြီးကို သက်သက်စ,နေကြမှန်းသိလို့ဖြစ်သည်။ ကိုကြာစွယ် လည်း သိပုံရတော့ ငြိမ်ကျသွားပါ၏။ ဦးပန်းဆီက စကားသိမ်းသည်။ သည့်ထက် ချန်လာလျှင် အားနာစရာတွေ ဖြစ်တော့မည်။ ကိုကြာစွယ်ကတော့ မျက်နှာအောက် ကြီးနှင့်။ မပုန်းရည်ကတော့ သူစိတ်ကူးထားသမျှ ပြောပြသည်။ အခက်အခဲတွေလည်း ပြောပြသည်။ ကလေးတွေဘက်က ကျောင်းမရောက်နိုင်တာတွေလည်း ပြောပြသည်။ မိဘနိုင်ကလည်း သည်နှစ် အစိုးရစစ်မှာ နတ်ရေကန်က ကလေးတွေ တန်းပြည့်လမ်းပြည့် အောင်နိုင်ရေး မပုန်းရည် အပင်ပန်းခံနေတာတွေကို ပြောပါ၏။

"ကျွန်မ စေတနာက ကျောင်းလာတက်တဲ့ကလေးပဲ သင်ပေးမယ်…စာမေးပွဲ လာဖြေတဲ့ကလေးပဲ လွှန်တောင်းစာစစ်ဌာန ပို့ပေးမယ်ဆိုတာမျိုး မဖြစ်ချင် လို့ပါရှင်…အခု ကျွန်မ လက်တွေ့လိုက်ကြည့်တော့ မိဘတွေမှာလည်း အခက်အခဲတွေနဲ့ပါ…မိဘတွေက မလှုပ်သာတော့ ကလေးတွေကလည်း နေသာသလို နေကြတာ ပါသလို…တချို့ကလေးတွေက မိဘအလုပ်တွေထဲ ပါနေကြရတယ်…သည်တော့ ကျွန်မစဉ်းစားတယ်…သူတို့ကို ညဘက်မှာ ကျွန်မ စာသင်ပေးမယ်ပေါ့…ညဘက် အလုပ်အားရင်တော့ လာနိုင်ရမှာ ပေါ့လေ…ဒါပေမဲ့ လာတာက ဖြစ်ပါရဲ့…သူတို့ကို ဘယ်မှာ စာပြမလဲ… ကျောင်းကို လာပြဖို့ကျတော့လည်း တာဝန်ကြီးတယ်…ရွာထဲက အိမ် တစ်အိမ်အိမ်မှာ ပြတော့လည်း ဘိုးကြီး ဘွားကြီးတို့အိမ်မှာကျတော့ အားနာ ရပြန်ရော"

"အားမနာရပေါင်ဗျာ…စာသင်တာ နတ်ကနားပေးတာမှမဟုတ်တာ… ကျောင်းဆရာမကမှ သင်ချင်သပဆိုရင် သင်ဖို့ပေါ့ဗျာ"

ကိုကြာစွယ်က မပုန်းရည်စကားကို ကြားဖောက်လိုက်ခြင်းဖြစ်သည်။ ဒါက လည်း ရိုးရိုးပြောလိုက်ခြင်းဖြစ်၏။ အားနာစရာမဟုတ်တာ အားမနာပါနဲ့၊ သူ့မိဘတွေ

www.burmeseclassic.com

www.burmeseclassic.com



သူတာဝန်ယူပါတယ်၊ စာသင်တာ ဆူဆူပွက်ပွက်ဖြစ်စရာမှ မရှိဘဲနဲ့ ဆိုသည့်သဘော ပြောလိုက်ခြင်းဖြစ်ပါသည်။ ဒါကို မကေးက ဝင်ဝေါက်သည်။

"နားထောင်ပါဦး ကြာစွယ်ရယ်...နင်တို့အိမ်ကြီးအပေါ်ထပ် ဆရာမနေတာ ကတော့ အကြောင်းလားဟဲ့...စာသင်တာကျတော့ ကလေးပေါင်းစုံ ... တရုပ်ရုပ်, သဲတရုပ်ရုပ် အော်ကြဟစ်ကြမှာနဲ့...အောက်ထပ်က လူကြီး... နဲ့ မဖြစ်ပါဘူး"

မပုစွန်ကလည်း အခါသင့်တုန်း ဝင်ပြောပြန်ပါ၏။

"ဟုတ်ပ...ဘုရားက အောက်က...မျောက်က အထက်က ဖြစ်ကုန်တော့ မပေ့...ကလေးတွေဆိုတာ ပြောဖြစ်တာမှတ်လို့ ဆဲကြဆိုကြ လဲကြပြိုကြ ...နင် နားမလည်ပါဘူး"

ကိုကြာစွယ်က သည်တစ်ခါတော့ မခံပါ။ မကေးနှင့် မပုစွန်ကို ပြန်အော် တော့သည်။

"အလိုဗျာ...ဘယ့်နှယ် ကျောင်းအစည်းအဝေးဆိုပြီး ငါ့ ခေါ်ဝေါက်... ကြပါလိမ့်...ငါ့များ နင်တို့လင် မှတ်နေရော့လား"

"ငါတို့လင် မဟုတ်လို့ပေါ့ဟယ်...နို့မို့ နင့်လား တို့နှစ်ယောက် တက်... တာနဲ့တင် နင် ဖပေါင်ကား ကားပြီမှတ်..."

ဖပေါင်ကားက ဖားပေါင်ကားတာကို ပြောခြင်းဖြစ်သည်။ ကိုကြာစွယ် ကလည်း တကယ်ထလုပ်ကြတော့မည် ထင်၍လားမသိ။ ငြိမ်သွားပြန်လေသည်။ မပုန်းရည်က စကားဆက်ရပြန်၏။ နောက်ဆုံးတော့ မပုန်းရည် မနစ်က နေခဲ့ဖူးသည့် ကိုကြာရိုးတို့အိမ်အောက်ထပ်ကိုပဲ ရွေးလိုက်ကြသည်။ ကိုကြာရိုးအိမ်အောက်ထပ်မှာ ဘာမှမရှိ။ ဟာလာဟင်းလင်းဆိုတော့ အားနာစရာမလို။ စားပွဲဝိုင်းကြီးနှစ်လုံး ချလိုက် လျှင် ကလေးဆယ်ယောက်လောက် ချောင်ချောင်ချိချိ သင်နိုင်ပြီ။ နေရာထိုင်ခင်းနှင့် ခုံကိစ္စ အဆင်ပြေသွားပြီ။ ညဘက်ဆိုတော့ မီးလိုမည်။

"မီးက လွယ်ပါသော်ကောဗျာ...ကျုပ်တာဝန်ယူပါတယ်...ကျုပ် ဘတ်ထရီ နှစ်အိုးဝယ်မယ်...တွဲလဘို့ဆို ဖြစ်ကဲ့မို့လား... ဘတ်ထလီအားလည်း ကျုပ်ပဲ မတ္တရာသွားသွင်းပေးမယ်...ဆရာမတို့ အလျဉ်မီရင် ပြီးရော မဟုတ်လား"

ကိုကြာစွယ်က ၁၂ ဗို့အား ဘက်ထရီဝယ်မည်ဆိုတော့ ဦးပန်းဆီက ခွင့်ပြု ပါ။ ရွာကပဲ ဝယ်ပေးမည် ပြောပါ၏။ ဘက်ထရီအိုးကလည်း မတ္တရာသွားသွင်းရမှာ



...တော့ သုံး,လေးရက်တစ်ခေါက် သွားသွင်းရမည်။ ပြီးတော့ ဘက်ထရီအိုးကြီး ...လုံးရှိမှ တစ်လုံးအပ် တစ်လုံးထွန်း၊ အလဲအလှယ် လုပ်ရမှာဖြစ်၏။ မပုန်းရည် ...တော့ ဘက်ထရီအိုးကိစ္စကို နားမလည်။

"ဘက်ထလီနှစ်အိုးနဲ့ မီးချောင်းဖိုးက တော်တော်ကျမှာပါကွာ...ကြာစွယ် ရာ မင်းချည်း တာဝန်ယူရင် များပါတယ်...ရွာက အချိုးကျခွဲရင် ဖြစ်ပါ တယ်"

"မများပါဘူးဗျာ...ကျုပ်က စာမတတ်လို့ စာကုသိုလ်လိုချင်လို့ပါ...ကျုပ် သည်ဘဝ သည်လိုလျှုရင် နောက်ဘဝ ကျုပ် စာတတ်ပြီပေါ့"

ကိုကြာစွယ့်စကား ကြားရတော့ အားလုံး ငြိမ်သက်သွားကြသည်။ ခါတိုင်း ...က်ပြောင်နေကျ၊ စ,နေကျ အပျိုကြီး မကေးနှင့် မပုစွန်တို့ပင် ကိုကြာစွယ့်ကို ...မကောင်းစွာ ကြည့်နေကြသည်။ မပုန်းရည်ကတော့ ပညာပါရမီ ဆက်ချင်လို့ပါလို့ ...ပြောတတ်ရှာတော့ စာကုသိုလ် လိုချင်လို့ပါဆိုသည့်စကား ပြောလိုက်တာကို ...နေမိ၏။ 'ကိုကြာစွယ်ရယ်...သည်ဘဝမှာလည်း စာတတ်အောင် ကျွန်မ ...ပေးပါ့မယ်ရှင်...ပညာတတ်ကြီး ဘွဲ့ကြီး ဂုဏ်ကြီးနဲ့မဟုတ်တောင် ရှင်စာတတ် ...စေမယ်' လို့လည်း ရင်ထဲက ပြောနေမိပါ၏။ မကေးက စကားဝိုင်း တိတ်သွား ...ကို ဝင်ဖာရှာသည်။ ကိုကြာစွယ့်ကို စ,လိုက်ခြင်းပင်။

"နောင်ဘဝမှာ နင်သာ ပညာတတ် ကျောင်းဆရာဖြစ်ရင် နင့်ကျောင်းမှာ ငါ ဆရာမ မလုပ်ဘူးဟေ့...နင့်စိတ်မချလို့..."

"နင့်လိုဆရာမလည်း ငါ့ကျောင်းမှာ မထားဘူး စိတ်သာချ...ဆရာမ ချောချောလေးတွေချည်း ခန့်မှာဗျာ...ကိုင်း..."

ကိုကြာစွယ်ကလည်း ပြန်တွယ်သည်။ သူတို့ရွာနှင့်သူတို့ ဆိုတော့လည်း ...မနာ ဆိုမနာ...။ အပျိုကြီးတွေကလည်း ခေါင်းဖော်မရအောင် စ,ကြပါ၏။ ...ကြာစွယ်ကလည်း တစ်ခွန်းမခံ။ မပုန်းရည် ဝမ်းသာတာတော့ ရှိပါ၏။ ကိုကြာစွယ် ...ကြားထဲ တော်တော်လေး တိုးလာခြင်းကို ဖြစ်သည်။ အထူးသဖြင့် မပုန်းရည်ကို ...ခဲ့နေတာကိုလည်း မပုန်းရည် သိပါ၏။ ဒါကြောင့်လည်း မပုန်းရည်ကိုယ်တိုင်က ...ခဲ့ နောက်ခဲ့သည်။ ပြောရဲဆိုရဲရှိအောင် ရဲဆေးတင်ပေးခြင်းမျိုးဖြစ်၍ ...တာမျိုး ...ချိုး စေတနာဆိုး မရှိခဲ့။ အခုတော့လည်း ကိုကြာစွယ် စကားတွေ ပြောလာ ...မပုန်းရည်က ပြုံးနေတော့ ဆရာမ ဒေါ်မြင့်မြင့်စိန်က ဝင်စ,ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကြာစွယ်…နင့်စကားက ငါတို့လို ဆရာမအိုတွေ နင့်ကျောင်းမှာ မခေ
ဘူးဆိုတဲ့သဘောလား…မပုန်းရည်တို့လို ချောချောကလေးတွေမှ ခန့်မ
ပေါ့…နင်က နောက်ဘဝတောင် မရောက်သေးဘူး ခွဲခြား ခွဲခြား လုပ်
တာပေါ့လေ"

"ဒီကောင်မတွေ ပြောတာပါဗျာ…ဆရာမ မစိန်တော့ ကျုပ်က စဉ်း
မှာပါ"

ကိုကြာစွယ့်စကားကြောင့် ရယ်ကြရသည်။ အစည်းအဝေးက သိပ်မကြာ
လိုက်ပါ။ ဦးပန်းဆီကတော့ လိုအပ်တာတွေ စာရင်းမှတ်သွားသည်။ ကလေး
တွေကိုလည်း ညဘက်တော့ စာသင်မပျက် ရောက်ရအောင် သူတစ်အိမ်တက်ဆ
လိုက်ပြောပေးရန် တာဝန်ယူရှာပါသည်။ မကေးနှင့် မပုစွန်တို့က ကိုကြာရိုး
အောက်တလင်းကို ရှင်းလင်းပြီး ခုံတွေပါ ချခင်းပေးမည်ဆို၏။ ပြက္ခဒိန်မှာ
ကောင်းရက်သာ ရွေးပြီး နေ့ကောင်းမှာ ကျောင်းစ,ဖို့လည်း ပြောနေသေးသည်
ကိုကြာစွယ်ကလည်း မနက်ဖြန် မတ္တရာသွားပြီး ဘက်ထရီအိုးနှင့် မီးချောင်း
ဝယ်မည်။ အိမ်မှာ အိုးဟောင်းတစ်လုံးရှိသော်လည်း အသစ်ပဲ လှူမည်ဆိုသည်
ကိုကြာစွယ်က တစ်စုံတစ်ရာ သတိရဟန်ဖြင့် ထမေးသည်။

"နေဦး…ဘောလိုဦးမှာလေ…ဘယ်က ဘောရမှာတုံး"

'ဘော'ဆိုတာ စာသင်ကျောက်သင်ပုန်းချပ်ကြီးကို ပြောခြင်းဖြစ်သည်
ကိုကြာစွယ် သတိပေးမှ ကျောက်သင်ပုန်းတစ်ချပ်လိုတာကို သတိရသွားကြသည်

"ဘောကတော့ဟယ်…လေးပန်းဆီဘောဖြစ်ဖြစ်…ကြာစွယ့်ဘောဖြစ်
အဆင်ပြေတာ ချိတ်ရုံပေါ့"

မကေးက အစိပ္ပာယ်နှစ်ခွဖြင့် နောက်တာကို ကိုကြာစွယ်က ကမန်းကတ
ထရှင်းသည်။

"ဟာ…ကျုပ် ဘောမရှိပေါင်ဗျာ…ဘောတော့ လေးပန်းဆီ မေးကြ"

"ကိုင်းပါ…ကြာစွယ့်မှာ ဘောမရှိဘူးဆိုမှတော့ လေးပန်းဆီဘောပဲ ချိတ်
မှာပေါ့…နော…လေးပန်းဆီ"

"အေးပါဟာ…ငါ့ဘောပဲ ရှိပါစေတော့…"

အပျိုကြီးနှစ်ယောက်က တခွိခွိရယ်ကြတော့မှ လေးပန်းဆီက ရိပ်မိသွား
ရပါ၏။ ဒုတ်ခနဲ ထပြေးလေသည်။ မပုန်းရည်ပင် မနေနိုင်တော့။ ရယ်ရတာ မျက်ရည်
များပင် ကျယူရသည်။



ကျောင်းဆွေးနွေးပွဲပြီးတော့ မိုးပင် တော်တော်ချုပ်သွားခဲ့ပြီ။ မမစိန်လည်း
…တီးခွဲထုတ်ပြီး တကျောင်းကျောင်းနင်းသွားပြီ။ မကေးနှင့် မပုစွန်တို့က မောင်တက်လှ
…ကျောင်းတံခါးတွေ ပိတ်နေတာကို ဝိုင်းကူပိတ်နေကြခိုက်ဖြစ်၏။ ကိုကြာစွယ်ကတော့
…ပုန်းရည်တို့ကိုပဲ စောင့်ခေါ်ရတော့မလိုလို၊ တစ်ယောက်တည်းပဲ ပြန်ရတော့မလိုလို
…ခွဲမရစွာ ပေတေတေ ရပ်နေလေ၏။ မပုန်းရည်က တံခါးခြေကျော်ကို ကျော်ပြီး
…တ်လိုက်သည်။

မိန်းမတစ်ယောက်…။ ဆံပင်တွေ ထုံးထားသည့်ကြားက ဆံစတွေ လွင့်ပျံ
…၏။ မျက်နှာက သုန်သုန်မှုန်မှုန်။ ညစ်နွမ်းလှသော အဝတ်အစားဖြင့် ကြောင်
…ကြောင်ကြီး ရပ်နေသည်။ တစ်ရွာလုံးက စုန်းမလို့ စွပ်စွဲနေကြသော မိန်းမသား။
…ပုန်းရည်ကတော့ သူမ၏ ရပ်ရည်အသွင်အပြင်နှင့် နာမည်ကို အလွတ်ရနေပါ၏။

"ဟော…မကြေးမှုင်…ဘာများပါလိမ့်ရှင်…"

✦

www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

မကြေးမှျင်က ဘာစကားမှ မပြောသေးဘဲ မပုန်းရည်ကို ငေးကြည့်နေသည်။ မကေးနှင့် မပုစွန်တို့နှစ်ယောက်ပင် တံခါးတွေ စုံအောင်ပိတ်ခဲ့ကြပြီး ထွက်လာကြပြီ။ မပုန်းရည်နှင့် မကြေးမှျင် မျက်နှာချင်းဆိုင် ရပ်ရင်း တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြတာကို နားမလည်နိုင်သလို ရပ်နေကြ၏။ ညနေ နေဝင်ချိန်မှာ ရွာစွန်းမဟု စွပ်စွဲနေကြသည့် မိန်းမတစ်ယောက်။ ကျောင်းဝအထိ လိုက်လာပြီး မပုန်းရည်နှင့်တွေ့ရအောင် ဘာများ အရေးပေါ်လို့ပါလိမ့်။ မပုန်းရည်ကလည်း သည်လိုပင် တွေးနေမိသည်။ ကိုကြာစွယ်နှင့် အပျိုကြီးနှစ်ယောက် ရှိနေလို့များ မကြေးမှျင် စကားမဟဝံ့တာများလား။

"မကြေးမှျင် အရေးကြီးလို့လား…ပြောစရာရှိတာ ပြောပါရှင်…ကျောင်းအထိ လိုက်လာတာဆိုတော့ တစ်ခုခုများ ဖြစ်နေလို့လား"

မပုန်းရည်က ရေလာမြောင်းပေး စကားခင်းတော့မှ မကြေးမှျင် လှုပ်လာခဲ့သည်။

"ဆရာမ…ဆရာမတပည့် ပုကျစ် လူမှန်းမသိအောင် ဖျားနေလို့ပါ ဆရာမ ကျွန်မ ငန်းဆေးတွေလည်း တိုက်ပါတယ်…ချွေးလည်း ထုတ်ပေးပါတယ် အပူက မကျဘူး…အပူအားကြီးလွန်းလို့ တက်မတတ်ပါပဲ ဆရာမရယ် လိုက်ကြည့်ပေးပါဦး"

မကြေးမှျင်အသံက ငိုသံများပင် ပါနေသည်။ မပုန်းရည် တွေသွားရသည်။ ပုကျစ်ဖျားတာကို လိုက်ကြည့်ပေးဖို့ ခေါ်နေပြီ။ မပုန်းရည်ကိုယ်တိုင်က အပြင်းဖျားသည်



…လေးကို ဘယ်လိုကုရမလဲဆိုတာ ကောင်းကောင်းမသိတာ ပါသလို၊ မကြေးမှျင်တို့ …နေတာ ရွာအနောက် လယ်တောတွေကြားမှာဆိုတော့ သည်အချိန် လိုက်သွားဖို့က …သွားပင်။ မပုန်းရည် ဘာလုပ်ရမလဲ။ အနားမှာ ကိုကြာစွယ် ရှိနေသည်။ မပုစွန်နှင့် …ကေးတို့နှစ်ယောက် ရှိသည်။ မောင်တက်လှုပင် စက်ဘီးကို ပြင်ကာ မပုန်းရည်ကို …ဆက်ဖို့ စောင့်နေသည်။

"သည်လိုလုပ်…နေဦး မကြေးမှျင်…ကလေးကို ဘယ်သူနဲ့ ထားခဲ့တာလဲ"

"တစ်ယောက်တည်း ထားခဲ့ရပါတယ်…ဘယ်သူ့ဘယ်သူမှလည်း ခေါ်လို့ ပြုလို့ မရပါဘူး ဆရာမရယ်…ကျွန်မလည်း ကြံရာမရတာနဲ့ ဆရာမပဲ မျက်စိထဲ မြင်မိပါတယ်…ဆရာမတပည့်ကို ကယ်ပါဦး ဆရာမရယ်…"

မကြေးမှျင်က မျက်ရည်တွေ ကျနေပြီ။ ဘယ်သူ့ဘယ်သူမှ ခေါ်လို့မရဘူး …တာကို မပုန်းရည် စိတ်ထိခိုက်လွန်းလှပါ၏။ သဒ္ဓါတရားကြီးသည့်ရွာ၊ မေတ္တာကြီး …သည့်ရွာ၊ အလှူအတန်း အပေးအကမ်း ရက်ရောသည့်ရွာမှာ ကလေးတစ်ယောက် …ပြင်းဖျားနေတာကို ကြည့်ပေးမယ့်လူ တစ်ယောက်မှ မရှိတော့ဘူးတဲ့လား။ မကြေးမှျင် …စွန်းမ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကလေးကို မညှာကြတော့ဘူးတဲ့ …။ မကြေးမှျင်က ဘယ်သူ့ကိုမှ အကူအညီမတောင်းဝံ့တာလည်း ဖြစ်နိုင်သည်။ …ကြလို့လည်း ဖြစ်နိုင်သည်။ သိကြလျက်နှင့် မကြေးမှျင်ကို ကြောက်ကြလို့ မသိဝံ့ …တာလည်း ဖြစ်နိုင်ပါ၏။

"သည်လိုလုပ် မောင်တက်လှု…မင်း မကြေးမှျင်ကို စက်ဘီးပေါ်တင်သွား… ဘဲတဲစုထိပ်အထိ လိုက်ပို့လိုက်…ပြီးရင် ပြန်တော့နော်…မကြေးမှျင် မြန်မြန် ပြန်ရောက်သွားမှဖြစ်မယ်…ကိုကြာစွယ်က နေဦး…ကျွန်မနဲ့လိုက်ခဲ့ရမယ်… ကျွန်မ ဆေးယူပြီး လိုက်လာခဲ့မယ်…မကြေးမှျင် ပြန်နှင့်…စိတ်ချနေနော် ကျွန်မလာခဲ့မယ်"

ကိုကြာစွယ်က မပုန်းရည် စီမံနေတာကို ဘာမှမပြောဘဲ ငေးရပ်နေတာကလွဲ၍ …မဟ။ မောင်တက်လှုက မကြေးမှျင်ကို စက်ဘီးကယ်ရီယာခုံပေါ် တင်ကာ …သွားခဲ့ပြီ။

မကေးနှင့် မပုစွန်…။

သူတို့သဘောကို မပုန်းရည်မသိ။ သူတို့က လိုလားပါမှ ခေါ်လို့ကောင်းမှာ …တ်လား။ ရွာအနောက်ဖျား ကွင်းစပ်ကို ကိုကြာစွယ်နှင့် နှစ်ယောက်တည်းသွားတာ …မှ မောင်ကြီးမည်းမည်း နှစ်ယောက်တည်းပြန်လို့ကော သင့်ပါ့မလား။ ကိုကြာစွယ်

www.burmeseclassic.com

www.burmeseclassic.com



ကို မယုံလို့မဟုတ်ပါ။ မိန်းမသားဆိုတော့ လုံလုံခြုံခြုံရှိအောင် တွေးရမြဲ၊ ဆင်ခြင်မြင်။ ရွာနှင့်ရပ်နှင့်ဆိုတော့ အနေအထိုင် အကျည်းတန်လို့ မကောင်းနိုင်။ မပုန်းရည် ရပ်နေတာကို အပျိုကြီးနှစ်ယောက်ကလည်း နားလည်ပုံရပါ၏။ မကေးက အခက်အခဲ ကို ဖြေရှင်းပေးသည်။

"သည်လိုလုပ်လေ ဆရာမ...ဆရာမတစ်ယောက်တည်း မိန်းမဖော်လိုမှာ ပေါ့...ပုစွန်မ ညည်းပြန်တော့...ငါ ဆရာမနဲ့ ဆေးယူပြီး လိုက်သွားမယ် ကြာစွယ် နင်တော့ လိုက်ခဲ့ဦး...အဲသည်ဘက်က မှောင်တယ်ဟဲ့..."

မပုန်းရည် ဝမ်းသာရပါ၏။ မကေးကို လေးစားမိခဲ့ရသည်။ သူတို့နှစ်ယောက် ထဲက တစ်ယောက်မှ မလိုက်လျှင် မမစိန်ကို ပြေးခေါ်ဖို့ စိတ်ကူးထားသည်။ မမစိန် မလိုက်ဖြစ်လျှင် ဖြစ်ချင်ရာဖြစ် ကိုကြာစွယ်နှင့် သွားရတော့မည်။ လေးယောက်သား ထွက်လာခဲ့ပြီး မပုစွန် လမ်းခွဲသွားတော့ မကေးနှင့် ကိုကြာစွယ်က လမ်းထောင့်မှာ စောင့်ကျန်ရစ်သည်။ မပုန်းရည်က အိမ်ဘက်ကို ခပ်သုတ်သုတ်လှမ်းကာ အင်္ဂလိပ်ဆေး ဗမာဆေး ရှိတာလေး ပြေးယူရသည်။ လက်နှိပ်ဓာတ်မီးပါ ယူခဲ့ရပါ၏။ တာပေါင်ကျော်ပြီး လယ်ကွင်းစပ် ကန်သင်းရိုးအတိုင်း လျှောက်လာခဲ့ကြသည်။ လမ်းရိုးအတိုင်း မဟုတ်ဘဲ လယ်ထဲက ဖြတ်တန်တာဖြတ်ခဲ့ကြရ၏။ ဒါမှ မြန်မြန်ရောက်မည်။ ကိုကြာစွယ်မှာ မပုန်းရည်က လိုက်ခဲ့ဆိုလို့ လိုက်ရပုံပေါ်သော်လည်း လိုက်ချင်လေ သလား၊ မလိုက်ချင်လေသလား မသိ။

"ကိုကြာစွယ်...ထမင်းမစားရသေးဘူးထင်တယ်...အားတော့ နာပါတယ် ရှင်...ကလေးကိစ္စဆိုတော့ ကျွန်မမှာ တာဝန်ရှိတယ် ထင်လို့ပါ"

"ထမင်းက အရေးမကြီးပါဘူးဗျာ...ကလေးက အရေးကြီးတာပါ မကြေးမှျင်ကို စုန်းမဆိုပြီး ရွာက အစေးမကပ်ကြဘူး...ကျုပ်က ဒါမျိုး အယုံအကြည်မရှိပါဘူး...အောက်လည်း ကြည့်ကြဗျို့ မြွေပါးကင်းပါး..."

လက်နှိပ်ဓာတ်မီးရောင် ကွက်ကွက်ကလေးနောက်ကို ဖဝါးခြေထပ် လိုက်ခဲ့ ကြရသည်။ ကိုကြာစွယ်က လက်နှိပ်ဓာတ်မီး ကိုင်ကာ ရှေ့က လျှောက်နေခြင်းဖြစ်၏။ မပုန်းရည်နှင့် မကေးက နောက်က။

ညနေ နေဝင်မိုးချုပ်ဆိုသော်လည်း အမှောင်ရိပ်က ထိုးခဲ့ပြီ။ တောရွာဆိုတော့ ဟိုက သည်က မီးရောင်တစ်စ မရှိလေတော့ နေလုံး စုတ်ခနဲ ဝင်သည်နှင့် ညရောက် တော့သည်။ ကွင်းထဲရောက်နေသဖြင့် လေက တဖျောဖျောမြည်အောင် တိုက်လျက်ရှိ၏။ လက်ပံပင်ကြီးတွေကို လေတိုးရာက ထွက်လာသော လေသံကပင် ကြောက်စရာ



ကောင်းလှသည်။ သည်ဘက်တကြောမှာ ဘဲတဲတွေ များပါသည်။ တစ်တဲနှင့်တစ်တဲ ဝေးကြတာလည်းရှိသလို၊ လှမ်းသည့်တဲတွေကလည်း လှမ်းသည်။ သည်ဘဲတဲစုက ဘဲမွေးသူတွေ၊ ဘဲကျောင်းသူတွေကတော့ ရွာစွန် ကွင်းစွန်မှာ နေကြရသူများပီပီ ဆင်းချင်း ကူကူကယ်ကယ်ရှိကြသည် ဆိုပါ၏။ သို့သော် လူတိုင်းလိုလိုက ကိုယ့် အိမ်တွေနှင့်ကိုယ်၊ ကိုယ့်ဝမ်းရေးနှင့်ကိုယ်ဆိုတော့ တစ်တဲက အော်လို့မှ တစ်တဲက ကြားချင်းမရောက်နိုင်ကြတာတွေရှိသည်။ မကြေးမှျင်သမီး ပုကျစ် နေမကောင်းတာ ကိုလည်း သူတို့အဖို့ရာ ရေးကြီးခွင်ကျယ်ကိစ္စဟု မထင်တာလည်း ပါကြပါလိမ့်မည်။ တစ်တဲမဟုတ်တစ်တဲ နေမကောင်းထိုင်မသာ တစ်ဦးမဟုတ်တစ်ဦး ရှိနေကြတာဆိုတော့ ဆေးရှင်ပါးရာ တစ်ပြေးတည်းဆိုသလိုပင်။ ငါ့နွား လွှတ်ကျောင်း အခင်းရှင် မောင်းလိမ့် မယ် နေသာသလို နေကြတာပါသလို၊ မအားမလပ်တာလည်း ပါကြပါ၏။

"ကိုကြာစွယ်...ကျွန်မမေးပါဦးမယ်...မကြေးမှျင်က စုန်းမဆို...ဟုတ်ကဲ့ လားရှင်"

"မဆိုနိုင်ပါဘူးဗျာ...ရွာကတော့ ပြောကြတာပဲ...စုန်းမသာဆိုတယ် မွဲလိုက်တာ တာတေလန်လို့ပါဗျာ...တကယ်စုန်းသာဆို သူလုပ်တာနဲ့ ရွာပျက်လောက်ရောပေါ့...သူ့ကြောက်တာနဲ့ သူတကာ ပေးစာကမ်းစာနဲ့ တင် ဝမ်းဝလှပေါ့"

"အခုကော ကြောက်နေကြတာ မဟုတ်ဘူးလား"

"အခုက ကြောက်တာမဟုတ်ဘူး ဆရာမရဲ့...လန့်တာ..."

အမှောင်ထဲမှာပင် မပုန်းရည် ပြုံးမိရသည်။ ရွှံ့ပြောနေတာ မဟုတ်။ ကြောက်နှင့် အလန့်ကို ခွဲနားလည်ပုံရသဖြင့် ရိုးရိုးပြောတာဖြစ်လိမ့်မည်။ မပုန်းရည် ဘာမှ ထပ်မမေးတော့။ မပုန်းရည်နှင့် မကေးတို့ခမျာ ကိုကြာစွယ် ခြေလှမ်းကျဲ ကောက်ကောက်ပါအောင် လိုက်နေကြရပါ၏။ လယ်ကွင်းစပ် ကန်သင်းပေါင် ဆိုသော်လည်း လျှောက်ရတာက နင်းကျိုးနင်းကျဲ။ တောသူတောင်သားတွေ တော့ ဘာမဆို အားပါလှသည်။ သွား သုတ်သုတ်၊ လှမ်း သုတ်သုတ်။

ဘဲတဲစုတွေကို လှမ်းမြင်ရပြီ။ မီးကလေးတွေ မှိတ်တုတ်တုတ်။ အမှောင် မှာ တဲစုလေးတွေ မည်းစုတ်စုတ်။ တစ်တဲဆီက သီချင်းဆိုသံ ကြားနေရသည်။

'ညမှောင်မှောင် x x လမှောင်မှောင် x x ကြယ်ရောင်သော်မလင်း x x ချိန်းခဲ့ကြ ညတုန်းကပေါ့ကွယ် x x မောင်တစ်ယောက်တည်း မီးအိမ်မှာ မလင်းတစ်လှည့် လင်းတစ်လှည့် x x တရွေ့ရွေ့လျှောက်သွား ပိုးစုန်း ကြူးနှယ် x x'

www.burmeseclassic.com

www.burmeseclassic.com



တံ့တေးသိန်းတန်၏သီချင်းတစ်ပုဒ်။ တစ်တဲဆီကတော့ လင့်မယား ရန်ဖြစ်သံ။ မကြေးမှုံတို့တဲကို ကိုကြာစွယ်လည်း ကောင်းကောင်းသိပုံမရတော့ မှောင်ကြီးထဲ မြေးချီထားသော အမယ်အိုတစ်ယောက်ကို မေးရသည်။ အမယ်အိုက ခပ်လှမ်းလှမ်းက တဲတစ်လုံးကို လှမ်းပြသည်။ ကိုကြာစွယ်က တဲခြေရိပ်အထိ လိုက်ပို့သည်။ မကြေးမှုံကလည်း တဲဝက ရှိုးရှိုးရိပ်ရိပ် ကြိုနှင့်ရှာပါ၏။ မီးတိုင်ခွက်လေး ကိုင်လို့။

"ကျုပ် သာပေါ်တို့တဲက စောင့်နေမယ်…ဆရာမတို့ အေးအေးဆေးဆေး သာ လုပ်ကြပါ…ပြန်ချင်တော့ အော်လိုက်ဗျာ…ဟိုက တဲရယ်…"

မိန်းမတောထဲ ဝင်ချင်ပုံမရတော့ ကိုကြာစွယ်က တစ်နေရာက စောင့်မည် ဆိုလေသည်။ ဟုတ်ပါတယ်လေ…၊ နို့မို့ သူ့ခမျာ နေရထိုင်ရ ခက်ရှာမည်။ ပြီးတော့ နေရာထိုင်ခင်းက ကောင်းနိုင်စရာမရှိ။ ထဘီတွေ၊ အင်္ကျီတွေ တိုးလို့တန်းလန်း ဖြစ်နေမှာ သေချာသည်။ မကေးက ကိုသာပေါ်တဲ ဆိုတာကို လှမ်းကြည့်သည်။ ကိုကြာစွယ့်ကို မေးနေသည်။

"ဘယ်သာပေါ်တုံး ကြာစွယ်…ဘုသာပေါ်လား…သျှောင်သာပေါ်လား…"

"သျှောင်သာပေါ်…ခေါ်လိုက်ပါ ကျုပ်ထွက်လာပါ့မယ်…"

"ဘာလဲ ကိုကြာစွယ်ရဲ့ ဘုသာပေါ် သျှောင်သာပေါ်ဆိုတာ…"

မပုန်းရည်က ဝင်မေးသည်။

"ကျောဘုကြီးနဲ့သာပေါ် ရှိသဗျာ…သျှောင်ကြီးဖွေးကြီးနဲ့သာပေါ် ရှိသဗျာ…အခုဟာက သျှောင်ကြီးဖွေသာပေါ်ဗျာ…"

ကိုကြာစွယ်က သျှောင်သာပေါ်တို့တဲဘက်ကို လက်နှိပ်ဓာတ်မီး တဝင်းဝင်းနှင့် ထွက်သွားတော့ မပုန်းရည်နှင့် မကေးလည်း တဲထဲဝင်လိုက်ကြသည်။ တဲက မကျယ်လှပါ။ ထရံဟောင်းတွေ ကာထားသဖြင့် လုံလုံခြုံခြုံတော့ ရှိပါ၏။ ရေအိုး တစ်လုံးက အုတ်ခဲကျိုး သုံးခဲဆိုင်ပေါ်မှာ တင်ထားသည်။ ဘုရားကား ပြက္ခဒိန်က တွန့်လိမ် ကျိုးကြေလျက်ရှိကာ နတ်ပန်းအိုး သုံးလုံးမှာလည်း ပန်းတွေ ခြောက်နေ၏။ အမိုး ပေါ်က ကျနေကြသည့် ပိုးမှုံတွေက ကျောက်ခက်ပန်းဆွဲတွေလို လက်နှင့်ဖုံလို့ ရအောင်ပင် တွဲကျနေကြပါ၏။ မီးဖိုနှင့် ကွပ်ပျစ်ကလေးတစ်ချပ်က ကပ်လျက် မြေအိုးမည်းမည်းတွေသာ တွေ့၍ ဒန်အိုးမတွေ့ရ။

တဲထဲမှာ ရေနံမီးခွက် အလင်းမှိန်မှိန်ကြောင့် ကွပ်ပျစ်ပေါ်မှာ ပုကျစ်က ခွေခွေကလေး မှိန်းနေတာကို မြင်နေရသည်။ မကြေးမှုံက မကေးပါလာတာ အံ့ဩနေသလို၊ ဝမ်းလည်းသာနေရှာပါသည်။ မပုန်းရည်အတွက် နေရာထိုင်ခင်းခင်း



ရှာသော်ငြားမှာ ဝင်ထိုင်ရုံသာ။ မကေးက ကွပ်ပျစ်ခြေရင်းမှာ ဖင်ချထိုင်သည်။ မကြေးမှုံ အားနာပုံရသော်လည်း ခင်းပေးစရာ မရှိ။

"ဘယ်လိုနေသေးလဲ မကြေးမှုံ"

"ပုတုန်းပါပဲ ဆရာမရယ်…ကျွန်မတို့မှာ သည်နှစ်ယောက်နဲ့ တစ်ဘဝ ဆိုတော့ စိုးရိမ်ပြီး လိုက်လာတာပါ ဆရာမရယ်…အားများလည်း နာပါရဲ့"

မကြေးမှုံ၏ မျက်ရည်တွေကို မီးရောင်နှင့် မြင်နေရသည်။ ဟုတ်ရှာမှာပေါ့။ မပုန်းရည်က ပုကျစ်ကို ထွေးစေသည်။ ပုကျစ်က ဆရာမကို တွေ့လိုက်ရတော့ အံ့ဩသွားပုံရသည်။ မအေက ဆရာမ သွားခေါ်တာကိုပင် သိလိုက်ပုံမရ။ ကလေးခမျာ ဘယ်ယောက်တည်း နေရစ်ခဲ့ရတာပါလားဆိုတာကိုပဲ မပုန်းရည် စိတ်မကောင်း ဖြစ်နေသည်။ မကေးကလည်း ဘာမှမပြောပေသိ ကရုဏာသက်နေပုံရသည်။

"အခု ဘာဆေးတွေတိုက်ထားတုံး မကြေးမှုံ…"

မကေးက မေးလိုက်ခြင်းဖြစ်သည်။ မကြေးမှုံက နေ့လယ် လယ်ပြန်တက် နှင့်ယောက်က ငန်းဆေးထုပ် ဝယ်တိုက်ထားကြောင်း၊ ငန်းဆေးကို ရေနွေးပူပူနှင့် တိုက်ပြီးသည့်နောက်တော့ ချွေးတွေ စို့ပြန်လာကြောင်း၊ အပူကတော့ မကျကြောင်းတွေ ပြောနေခဲ့ပါ၏။ ဆရာမနှင့် ရွာခံတချို့ လိုက်လာသည့်အပေါ်မှာ ဝမ်းသာနေပုံပေါ် သည်။ မပုန်းရည်က ပုကျစ်နဖူးကို စမ်းကြည့်သည်။ အို…ပူလိုက်တာ ခြစ်ခြစ်တောက် ပဲ။ မျက်နှာကလေးကလည်း ရဲမှည့်လို့။ ဆံပင်တွေက ပြောင်းဖူးမွေးတွေလို ဖွာလန် ကြဲ။ ကြေးညှော်နံ့ ချွေးနံ့တွေက ဘဲချေးနံ့နှင့်ရောကာ မွှန်နေသည်။ လက်မောင်း ကလေးတွေက နဝိုဝိုန်ဆိုတော့ ဝါးပုလွေကလေးနှင့်ပင် တူတော့သည်။

"ထမင်းမကျွေးနဲ့ဦး မကြေးမှုံ…ဆန်ပြုတ်ကလေး ကျဲကျဲတိုက်ပေါ့… အင်္ကျီအထူကြီးတွေ ဝတ်မပေးနဲ့…ရေများများတိုက်…ကျွန်မ ဆေးပေး ခဲ့မယ်…တစ်နေ့ သုံးကြိမ်တိုက်ရမှာ…ကိုယ်သိပ်ပူလာရင် ရေပတ်တိုက် ရမယ်…ရေပတ်တိုက်တတ်ပါတယ်နော်"

"ရေပတ် မတိုက်ဝံ့ဘူးဆရာမ…အဖိုးငုပ်သွားမှာစိုးလို့…အပူကို ရေနဲ့ သပ်ချသလိုဖြစ်မှာ ကြောက်လို့ပါ"

မကြေးမှုံက သူသိထားသလို ပြောနေသည်။ မပုန်းရည်က ဖြေရှင်းမနေ တော့ဘဲ ရေတစ်ဖလား တောင်းသည်။ တဘက်ဟောင်းတစ်ထည် တောင်းသည်။ တဘက်ကို ရေဆွတ်ပြီး ရေစင်အောင် ညှစ်သည်။ ပြီးတော့မှ မကေးအကူအညီဖြင့် ပုကျစ်ကို အင်္ကျီချွတ်စေကာ မျက်နှာတွေ သန့်စင်ပေးသည်။ ပုကျစ်ကလေးက

www.burmeseclassic.com

www.burmeseclassic.com



ပိန့်လိုက်တာ။ မပုန်းရှည်က ပုကျစ်ကို လည်ပင်းအောက်ကနေ ခါးအထိ ရေပတ်ပြီး ပွတ်ပေးသည်။ ကျောမှောက်စေကာ နေရာအနှံ့ ရေပတ်တိုက်ပေးပြန်သည်။ မကြေးမှုင်က မပုန်းရှည်ကို မျက်လုံးပြူးကြည့်နေသော်လည်း ဘာမှတော့ မပြောဝံ့။ ပြီး ပုကျစ်ကို ဆေးတိုက်သည်။

"ရေပတ်တိုက်ရမှာပေါ့ မကြေးမှုင်ရယ်…ကလေး အပူငြိမ်းတာပေါ့ ကလေး ကိုယ်ပူတက်တိုင်းသာ ရေပတ်တိုက်…ဆေးကို ည သန်းခေါင် ကျော်တော့ တစ်ခွက်တိုက်…မနက် ရှစ်နာရီလောက် တစ်ခွက်တိုက် ဝင်အောင်တိုက်နော်…ပုကျစ်ကလည်း သောက်ရမယ် ဟုတ်ပြီလား…"

တကယ်တော့ မပုန်းရှည်က ဆေးကုတာမျိုး မလုပ်ချင်။ သူတစ်ပါးရွာမှာ အလုပ်လုပ်နေရသူဆိုတော့ လိုရမယ်ရ ဆောင်ထားသည့်ဆေးတွေရှိသည် မှန်သော်လည်း သူမအတွက်သာဖြစ်၍ သူတစ်ပါးကို ဆေးမပေးချင်။ သို့ပေသိ ရွာမှာ ဆေးဆရာဝန်၊ ဆေးဆရာမ တတ်ကျွမ်းကြသူ မရှိ။ ရွာနှင့်ဆိုင်သော သားဖွားဆရာ ရှိသော်လည်း နတ်ရေကန်မှာ နေသူမဟုတ်တော့ ကောက်ကာငင်ကာ ခေါ်လို့ကလည်း မဖြစ်ပြန်။ မပုန်းရှည်က ဒါတွေတော့ ပြောမနေတော့ပါ။ စေတနာနည်းလေးဖြင့်သာ ထင်ကြမှာစိုး၍ဖြစ်သည်။

မပုန်းရှည် မေးချင်သည့်စကားရှိသည်။ ဆန်ပြုတ်ကျိုတာတော့ ဟုတ်ပါရဲ့ ဆန်ကော ရှိရဲ့လား။ မီးဖိုမည်းမည်းပေါ်မှာ ဘာမှမရှိ။ ထင်းကလေးတစ်ပွေ့နှင့် ပြာတွေသာ မီးဖိုဘေးမှာ ရှိနေကြသည်။

"ပုကျစ် အိပ်သွားလိမ့်မယ်…မနက်ကျ သက်သာရင် သက်သာ…မသက်သာလည်း မတ္တရာဆေးခန်း သွားကြတာပေါ့…စိတ်မပူပါနဲ့ရှင်…ကျွန်မတို့ မကေးတို့ ရှိပါတယ်…ကိုကြာစွယ်ကိုယ်တိုင်တောင် လိုက်ပို့ရှာတာပါ အရင်က အထင်မှားခဲ့ကြတာတွေလည်း ပြီးကြ ပျောက်ကြပါပြီ…ဘယ် သူ့မှာမှ ဘာစိတ်မှ မရှိကြတော့ပါဘူး…ကလေးကို ကျောင်းထားတာကို မကြေးမှုင်ကို ကျွန်မ လေးစားမိပါတယ်"

မပုန်းရှည်က ပိုက်ဆံအိတ်ထဲက ပိုက်ဆံတချို့ကို မကြေးမှုင်လက်ထဲ ထည့်ပေးသည်။ မကြေးမှုင်က မယူတော့ မပုန်းရှည်က ဖွတ်ပေးရပါ၏။ ငွေကြေးအား မများသော်လည်း ဆန်နှစ်ပြည် သုံးပြည်တော့ ဝယ်နိုင်သည်။ မကေးက အိမ်ထဲ သန့်သန့်ရှင်းရှင်းထားဖို့၊ ဘုရားပန်း လဲဖို့၊ နတ်ပန်း လဲဖို့ကအစ ပြောနေသည်။ ခေါင်က ပိုးမှုင်တွေလည်း လှဲကျင်းခိုင်းသည်။ မပုန်းရှည်ကလည်း မနက်ကျရင်



…တွေ အိပ်ရာတွေ နေထုတ်လှန်းဖို့ မှာသည်။ ဓာတ်တစ်ဖြုတ် စကားပြောကြပြီး …ပြန်ခဲ့ကြပြီ။

မကြေးမှုင်က မီးတိုင်ခွက် ကောက်ကိုင်ကာ တဲဝက မီးပြသည်။ ကိုကြာစွယ် …မီးခွက်ရောင်မြင်လို့လားမသိပါ။ ခပ်ဝေးဝေးက ဓာတ်မီးထိုးပြနေသည်။ ဓာတ်မီး …ရောင် ရွေ့လာခဲ့၏။ ကိုကြာစွယ် ရောက်လာတော့ အတူပြန်ခဲ့ကြသည်။ ဘဲတဲစုက …ပုန်းရှည်ကို တအံ့တသြ ထွက်နှုတ်ဆက်ကြတော့ မကြေးမှုင်က ဂုဏ်ယူနေရှာသေး …သည်။ မပုန်းရှည်တို့ ထွက်လာခဲ့ကြတော့ မကြေးမှုင်က မီးတိုင်ခွက်ကလေး ကိုင်ရင်း …ကျန်ရစ်ခဲ့သည်။

"ဘယ့်နှယ်ဖြစ်လို့တုံး…"

"ဖျားတာပါ…အပူတော့ အားကြီးတယ် ကိုကြာစွယ်ရဲ့…ဆေးတိုက် ခဲ့တယ်…ရေပတ်တိုက်ပေးခဲ့တယ်"

"ကျုပ်တို့တော့ ဖျားချင်ချင်ဖြစ်ရင် ဒန့်သလွန်ရွက်ညှစ်…ဆားတစ်ပွင့် နှစ်ပွင့်ထည့်ပြီး မျက်စည်းခတ်လိုက်တာပဲ…လူလည်း ထွန့်ထွန့်လူးကရော… အဖျားလည်း ပြေးကရော…ဆရာမဖျားရင် ပြောစမ်းပါဗျာ ကျုပ် ခတ်ပေး စမ်းပါ့မယ်"

"အို…မျက်လုံးထဲ အဲသလို ပြင်းတာတွေ မခတ်ရဘူး ကိုကြာစွယ်ရဲ့… မျက်လုံးဆိုတာ သိပ်နုတာရှင့်"

"ရော်…ကျုပ်တို့ တစ်သက်လုံးခတ်လာတာပါဗျာ…မျက်လုံးနှရင် ကန်း ကရောပေါ့"

တစ်သက်လုံး ခတ်လာတာပါဆိုတော့လည်း မပုန်းရှည် ငြင်းမနေချင်တော့။ …သည် ကိုကြာစွယ်ကြီးကို ပြုပြင်ပေးရမှာတွေ အများကြီးရှိနေပါကော။ ဘာဝ …ကိုကြာစွယ်ကို ကျေးဇူးတင်ရပါသည်။ မကေးကိုလည်း ကျေးဇူးတင်ရပါ၏။

ညသည် ပို၍ပင် မှောင်မည်းနေသည်။ လက်နှိပ်ဓာတ်မီးရောင်ဖြင့် လယ်ကွင်း …တွေကို ဖြတ်ကျော်နင်းနေရပါ၏။ တာပေါင်ပေါ်ရောက်လို့ မကြေးမှုင်တို့ တဲကလေး …ကို လှည့်ကြည့်တော့ မီးရောင်ကလေးတွေ ရှိကြသေးသည်။

"ပုကျစ်ကလေး ဘယ်လိုနေရှာပါလိမ့်…ရတနာသုံးပါး ဂုဏ်ကျေးဇူးနဲ့ ရောဂါစင်စင်ကြီး ပျောက်ပါစေတော့…"

မပုန်းရှည် ဝမ်းထဲက ဆုတောင်းနေမိလေသည်။

□

www.burmeseclassic.com

www.burmeseclassic.com



ရွာမှာ သတင်းတွေ ပြန့်နေပြီ။ သတင်းတွေက ရွာအတွက်တော့ ပြောလော
စရာတွေချည်းဖြစ်၏။ ပထမသတင်းက ဆရာမ မပုန်းရည်တစ်ယောက် ညဘက်
စုန်းမ မကြေးမှုင်တို့တဲစုတွေဘက် ဆေးသွားကုသည်ဆိုခြင်းဖြစ်၍၊ ဒုတိယသတင်း
ကိုကြာစွယ် တီဗွီဝယ်လာခဲ့ပြီဆိုသည့်သတင်း ဖြစ်လေသည်။ မပုန်းရည်သတင်း
ရှင်ဖိုစရာကောင်းသကဲ့သို့၊ ကိုကြာစွယ့်သတင်းကလည်း ရင်ခုန်စရာ ကောင်းလှပါ
သတင်းနှစ်ပုဒ်စလုံးက ရွာအဖို့ရာ ထူးဆန်းနေသည်။

"ဆရာမ မပုန်းရည်ကို မကြေးမှုင်က ကျောင်းကနေ လာခေါ်သွားတာ
တဲ့... ညကြီး မိုးကြီးမှောင်မှောင် သူ့အိမ်လိုက်ခဲ့ရမယ်ဆိုတော့ ကောက်
ထလိုက်သွားသတဲ့...ဆရာမ မပုန်းရည်ကို ညှို့သွားတာနေမှာပေါ့"

ကနဦးထွက်လာသည့်သတင်းဖြစ်သည်။ ကိုကြာစွယ်နှင့် မကေးတို့ လိုက်
ကြတာ မပါဘဲ မပုန်းရည်ကို စုန်းမက စုန်းပြုစားကာ လူမှန်းသူမှန်း မသိပါ
ဝါသွားရသလိုလို ပြောနေကြခြင်းဖြစ်သည်။ သတင်းသယ်လာသူက မဝဲစိန်ဖြစ်သည်
မဝဲစိန်က ကြားလာသမျှ ပြောပြနေတာကို မပုန်းရည် စိတ်ဝင်စားဟန် ပြရသည်
ပြီးမှ အကျိုးအကြောင်းပြောပြရသည်။ ကိုကြာစွယ်ရော၊ မကေးပါ ပါကြောင်း၊ ပုကျ
အပြင်းဖျားနေကြောင်းတွေ သိရတော့မှ မဝဲစိန် အလုံးကြီးကျပုံရသည်။

"ကြားရတဲ့အထဲတော့ ကြာစွယ်နဲ့ မိကေး မပါပေါင် ဆရာမရယ်...ကျ
တောင် လန့်သွားမိသေးတယ်...မကြေးမှုင်က စုန်းမျိုးဆိုတော့ ဟုတ်လော
ပြီတွက်တာ...ဘယ်သူပါပါ မလိုက်ပါနဲ့ ဆရာမရယ်...ကျုပ်ဖြင့် ကြား
တာတောင် ကြောက်တယ်...ဘယ်လောက်ခင်ခင် စုန်းဆိုတာ မထင်
လုပ်တာနော...လုပ်ရင် အသေလုပ်တာရယ်..."

"မဝဲစိန်က မကြေးမှုင်တို့မျိုးရိုးကို သိလို့လား ပြောပြပါဦး..."

"သူတို့က နတ်ရေကန်ရောက်တာ လေး,ငါးဆယ်နှစ်လောက် ရှိဦးမှာ
သူ့သမီးပုကျစ် ပေါက်စန ရှိသေးတယ်ရယ်...သူ့ယောကျ်ားက ကြွက်ထော
တာ အင်မတန်ဖြစ်တယ်...ကြွက်တွေက လာအမိခံရတာတဲ့... မကြေးမှ
က စုန်းပညာနဲ့ ကြွက်တွေခေါ်ယူတာမှတ်လား...ကျုပ်တို့ နတ်ရေကန်
သူ့ယောကျ်ားထောင်တဲ့ကြွက် မစားကြဘူး...မတွရာသွားရောင်းတာ"

မကြေးမှုင်၏ဘဝ အစတစ်စကို မပုန်းရည် သိခွင့်ရခဲ့ပြီ။ နတ်ရေကန်
မကြေးမှုင်တို့ ပြောင်းလာစက လင်ကိုယ်မယား နှစ်ယောက်၊ နို့စို့ကလေး တွဲလောင်
ဖိုသီဖတ်သီ ရောက်လာပုံရသည်။ ဒါဖြင့် ပုကျစ်တို့အဖေက ဘယ်ရောက်သွားလို့



"ပုကျစ်တို့အဖေက ဘယ်သူတဲ့လဲ..."

"ပြောတတ်ပေါင်...ရွာက ကြွက်ထိုးသမား ကြွက်ခေါ်ကြတာ"

နတ်ရေကန်မှာတော့ စုန်းမနှင့် ကြွက်ထိုးသမားတို့ ဇာတ်လမ်းတစ်ခုရှိရမည်
ကြောင့်များ မကြေးမှုင်ကို သည်လောက်ကြောက်နေကြတာပါလိမ့်။ တစ်စုံတစ်ရာ
အပ္ပက်မရှိဘဲနှင့်တော့ သည်လောက် မကြောက်တန်ရာ။ မကြာခင်ကတော့ နေဝင်ချိန်
ဘားလျား ချမိတာကို မကြေးမှုင် နောက်က ခွဲလိုက်ရုံဖြင့် အပြင်းဖျားခဲ့သည်လို့
သည်။ သည်လောက်နှင့်တော့ ရွာက ကြောက်လောက်စရာမရှိ။

"မဝဲစိန်ရယ်...ပုကျစ်က ကျွန်မတပည့်ပါ...တပည့် မဟုတ်ရင်လည်း ရွာသူ
ရွာသားထဲက ဘယ်သူဘာဖြစ်ဖြစ် ကျွန်မ ကူညီရမှာပေါ့...ကျွန်မ တစ်ခုခု
ဖြစ်ရင် ရွာက မနေကြသလို၊ ကျွန်မကလည်း ပါနိုင်တဲ့ကိစ္စ ပါရတာမျိုး
ပါရှင်...မကြေးမှုင်က စုန်းမလည်း မဟုတ်ပါဘူး...ခမျာ ဆင်းရဲရှာလွန်း
တော့ မလှစုန်းယိုး ဖြစ်ရသူပါ"

မဝဲစိန် ပြန်သွားတော့လည်း မပုန်းရည် အတွေးတွေနှင့် ကျန်ရစ်ခဲ့သည်။
ဘယ်လိုများနေရှာပါလိမ့်။ မနေ့ညက အကျိုးအကြောင်းပြောနိုင်ရင် လာပြော
မှာခဲ့ရ။ မကြေးမှုင်တို့ဘက်ကို သွားဖို့ဆိုတာကလည်း ဖျိုးဖျိုးဖျပ်ဖျပ် မဖြစ်နိုင်
ကျစ်က ကျောင်းမှန်သူဖြစ်သည်။ မလွဲသာလွန်းလို့ ကျောင်းမရောက်နိုင်တာက
မအေက မလွှတ်တာမျိုးမရှိ။ ဒါကို မပုန်းရည် ဝမ်းသာရပါ၏။ အင်မတန်
ရှာသော်လည်း သမီးကလေးကို ရတန်သလောက်ရစေတော့ ခိုင်းစားမည်ဆိုသည့်
မရှိ။ မပုန်းရည် ကျောင်းရောက်လာတော့ မမစိန်က ရွာထဲက သတင်းတွေ
ကြောင်း ပြောနေပြန်လို့ နှစ်ယောက်သား ပြုံးမိကြရသည်။ မမစိန်ကို မကြေးမှုင်
ကြောင်း မေးတော့လည်း မဝဲစိန်ပြောတာထက် မပို။ မမစိန်က တစ်ခုတော့
သည်။ မကြေးမှုင်ယောကျ်ား ကိုလူမောင်က ပိုးထိသေတာဟု ဆိုသည်။ ညဘက်
ထိုးရင်း ကန်သင်းဘေး လဲနေတာကို မနက်ကျမှ ရွာက တွေ့ကြတာဆိုပဲ။

နောက်သတင်းတစ်ပုဒ်က ဘုန်းကြီးကျောင်းမှာ ထမင်းသွားစားချိန်
တော်ကြီးက မိန့်ခြင်းဖြစ်သည်။

"ကျောင်းဆရာမတို့ ညဘက် စာသင်မယ် ဘုန်းကြီးကြားတယ်...ဘုန်းကြီး
ဝမ်းသာပါတယ်...ဆရာမ မစိန်တောင် တစ်ခါမှ မသင်ဘူး...ကျောင်း
ဆရာမရောက်လာမှ သင်တာ...ဘုန်းကြီး သာဓုခေါ်တယ်နေ့...ကြာစွယ်
ဘယ်ထီအိုး သွားဝယ်တယ် ကြားတယ်..."

www.burmeseclassic.com

www.burmeseclassic.com



"သွားဝယ်မယ် ပြောပါတယ်ဘုရား…"

"သွားပြီ…ဘုန်းကြီး ဘာမှာဦးမလဲ လာလျှောက်လို့ သိတာ…ကိုင်း ကျောင်းဆရာမ ထမင်းစားချေ…"

ညနေဘက်မှာတော့ ရွာမှာ အုတ်အုတ်ကျက်ကျက်ရှိနေလေပြီ။ ကိုကြာ… လှည်း ရွာထဲဝင်လာကတည်းက လှည်းနောက်က ကလေးလူကြီး တစ်တွေး… ပါလာခဲ့ကြသည်။ ကြာစွယ် တီဗွီဝယ်လာသတဲ့ဟေ့ ဆိုသည့်သတင်းက လှည်း… ကျော်ကာ ရွာကို ရောက်နေခဲ့ပြီ။ သတင်းကြားနှင့်ပင် ရွာက ပျော်ကြလှပြီ။ … တခြားရွာတွေအထိ သွားကြည့်ကြရတာမဟုတ်လား။

မည်သို့ပင်ဖြစ်စေ ရွာမှာ ဖြစ်နေသည့် သတင်းနှစ်ပုဒ်စလုံးမှာ မပုန်းရည်… ပတ်သက်နေတာကို စဉ်းစားမိတော့ ပြုံးမိရပါ၏။ ညဘက် ကျောင်းဖွင့်ပြီး စာ… ပေးမည်ဆိုသည့် စိတ်ကူးတော့ ရုပ်လုံးပေါ်စပြုပါပြီ။ ဘယ်နှယောက်လာကြလို့ ဘ… ယောက် သင်ကြလေမလဲဆိုတာတော့ မသေချာ။ မပုန်းရည်၏ စိတ်ကူးကြေ… ကိုကြာစွယ်တို့ခမျာ ငွေကုန်ကြေးကျ များလှတာကိုတော့ အားနာလှပါ၏။ မပုန်း… ၏ အစီအစဉ်ထဲမှာ တီဗွီ မပါပါ။ မတွေ့ရာရောက်မှ ပေါ်သည့်စိတ်ကူးလား၊ … မိသားစု အစီအစဉ်ပဲလားဆိုတာတော့ မပုန်းရည် မသိ။ ဘက်ထရီအိုးကြီးတွေ… တီဗွီရောဆိုတော့ အကုန်အကျတော့ များလောက်ပါ၏။ ဘက်ထရီနှင့် တွဲဖွင့်… ဆိုတော့ အဖြူအမည်းတီဗွီ ဖြစ်လိမ့်မည်။ ဘာပဲဖြစ်ဖြစ် ရွာက ကြည့်ရတာပေါ့။

မပုန်းရည် ကျောင်းက ခပ်စောစောပြန်ခဲ့သည်။

□

ကိုကြာရှိးတို့အိမ်အောက်မှာ ယောကျ်ားသန်သန် လေး,ငါးယော… မြေကြီးတွေ ထမ်းထမ်းပို့နေကြသည်။ ညှိသူကညှိ၊ သံဒင်နှင့် ဆောင့်သူက ဆော… ကိုကြာရှိးအိမ်မှာ မပုန်းရည် နေကတည်းက အိမ်အောက်ထပ်မှာ ဘာမှမရှိ။ တ… တုံးစများ၊ ဝါးထရံဟောင်းများ၊ ရေပုံးပလတ်စတစ်ပုံးဟောင်းများ၊ ဖျာစုတ်… ထွန်ကျူး ထယ်ကျူးအချို့သာ ရှိသည်။ ရွာက အားသူက အားသလို ဝိုင်းလိုက်ကြ… ကိုကြာရှိးအိမ်အောက်ထပ် တစ်ထပ်လုံး သမံတလင်း ခင်းလိုက်သလို ညီညာပြ… နေလေပြီ။ ပစ္စည်းဟောင်းတွေ ဘယ်ရောက်ကုန်ကြပြီမသိ။ ရှင်းလို့။

"မြေက မညီဘူးဆရာမ…တောအိမ်ဆိုတော့ ပြင်ပြင်ဆင်ဆင် ဘယ်… မလဲ…ဒါနဲ့ မြေတွေ ရွက်ထည့်ပြီး ဒင်နဲ့ဆောင့်ပစ်လိုက်ရတယ်… တော့ ဘိလိယက်ထိုးလို့တောင် ရသဗျား…ကိုင်း…"



လေးပန်းဆီကိုယ်တိုင် ခါးတောင်းတကျိုက်ကျိုက်။ မကေးနှင့် မပုစွန်တို့ကို …တွေ့ရသော်လည်း ရွာက မိန်းမသား သုံး,လေးယောက်ကပါ ဝိုင်းကူနေကြသည်။ …န်းရည်က ကျေးဇူးတင်ကြောင်း ပြောရသည်။

"လေးပန်းဆီတို့ကိုရော၊ အစ်မတို့ကိုရော ကျေးဇူးတင်ပါ့ရှင်…ကျွန်မဖြင့် က,တောင်က,ချင်လာပြီ"

မပုန်းရည်၏ ဟာသကို အမျိုးသမီးတွေက သဘောကျသွားကြသည်။ …ပန်းဆီက ယောကျ်ားကြီးတွေကို ကလေးတွေ ဝင်လာမည့်လမ်းဘက်ကိုပါ မြေဖို့… …သည်။ အင်္ကျီမပါကြဘဲ ကျောပြောင်ကြီးတွေနှင့် လုပ်ကိုင်နေကြသဖြင့် တစ်ကိုယ်လုံး …သုံးသံလုံး ရွှံ့နှစ်နေကြရှာပါ၏။ လေးပန်းဆီက ပုဆိုးခါးပုံစဖြင့် မျက်နှာငုံ့သုတ်ရင်း …က်လာသည်။ မျက်နှာကြီးကလည်း ရဲလို့။ သူကိုယ်တိုင် လုပ်ကိုင်နေပုံရသည်။

"နက်ဖျင် ရက်ရာဇာကျလို့ ဆရာမရေ…ဆရာမ သင်နိုင် မသင်နိုင်တော့ မေးမနေတော့ဘူး…စာသင်ဝင်ချင်တဲ့နေ့ ဝင်ရော့…ကျုပ်တို့က ကြိုလုပ် နှင့်ကြတာ…အိမ်ရှင် ကြာရှိးတို့တောင် မသိကြဘူး…သူတို့လည်း မရှိကြ ဘူး…ကြာစွယ်တော့ ခဏလာသွားသေးတယ်"

"ကျွန်မဖြင့် ပဲလေးရာ ဘူးဆင့်…ဘူးလေးရာ ဖရုံဆင့်များ ဖြစ်နေသလား မပြောတတ်ပါဘူး လေးပန်းဆီရယ်…လူတွေ မအားရတဲ့ကြား ကျွန်မအလုပ် တွေက ထပ်ဖိတော့ ပင်ပန်းကြပြီပေါ့"

"ရပ့ါဗျာ…ပြီးရင် ကံရ ခေါ်ပြီးတော့ ဘောတစ်ချပ် ရိုက်ရုံပဲ…ဆေးတော့ သုတ်ရမှာ ဆရာမရေ…ခက်တာက ကျုပ်မယ် ဘောဆေးမရှိဘူးဗျ"

ဘောဆေးဆိုတာ blackboard paint ကို ပြောမှန်း မပုန်းရည် သိသဖြင့် …င်းမှာ ဆေးဘူးအပိုတွေရှိကြောင်း ပြောပြရသည်။ ဆေးသုတ်တာတော့ …ဘက်လူကို အကူအညီတောင်းရမည်။ လေးပန်းဆီပြောသည့်အတိုင်းဆိုလျှင် …ဒ် ညကျောင်းကလေး ဖွင့်ရမှာဆိုတော့ မနက် ကျောင်းဖွင့်သည်နှင့် ဆေးသုတ် …ည်။ လေးပန်းဆီက တစ်နေရာ လှည့်သွားချိန်မှာ မိန်းမသုံးလေးယောက်က …ည့်ဆီ ကပ်လာကြသည်။ သူတို့ပြောပြချက်အရ ကလေးမိဘတွေ မဟုတ်ကြဘဲ …ဖြင့် လာရောက်ကူညီကြသူတွေ ဖြစ်နေလို့ မပုန်းရည် အံ့ဩမိရသည်။

"ကျွန်မက ကျောင်းသားမိဘတွေ မှတ်နေတာပါရှင်…စိတ်…တနာ ကောင်းလိုက်ကြတာ…နာမည်တွေ ပြောပါဦး"

"ကျွန်မက ညွန့်တင်…သည်ကောင်မက လုံးခင်…သူ… မမျိုး…သူက တော့ မကျင်ရွှေတဲ့…"

www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ကော ဘာတွေလုပ်ကြတာလဲ"

"ဘာလုပ်တယ်လို့တော့ ပြောလို့မရဘူး ဆရာမရဲ့...ဘောက်မှန်သမျှ အကုန်လုပ်ကြရတာပဲ...ပန်းရန်လည်း လိုက်တာပဲ...ဘဲဥလည်း ပို့တာပဲ...ကောက်လည်း စိုက်တာပဲ"

'ဘောက်'ဆိုတာ ကြုံသလို ကျသလို လုပ်အားခရနိုင်သည့် အလုပ်မှန်သမျှ လိုက်လုပ်တာမျိုးကို ပြောခြင်းဖြစ်သည်။ မပုန်းရည်က ကျေးဇူးတင်ကြောင်းပြောပြီး ပြန်ရန် နှုတ်ဆက်သည်။ သူတို့က တစ်ခုခုမေးချင်ပုံရတာကို မပုန်းရည် အကဲခတ်မိသည်။ တစ်ယောက်က ဗြောင်ဖွင့်မေးလေ၏။

"ဆရာမကို မကြေးမှျင်က ဆေးနဲ့ တို့ခေါ်သွားလို့ဆို..."

"မဟုတ်ပါဘူးရှင်..."

မပုန်းရည်က အစအဆုံး ပြောပြသည်။ ဖြစ်နေသည့်သတင်းတွေ မှန်ကြောင်း ရှင်းပြရသည်။ မကြေးမှျင်ကို လူရေးလူရာတွေမှာ ဝင်ဆံ့အောင် စောင့်ရှောက်ပေးမကြဖို့ တရားဟောရသည်။ သည်လိုအချိန်မှာ ရွာမိန်းမသားတွေကို အသိပြောင်းနိုင်ဖို့ လိုသည်။ တစ်ယောက်ကအစ တစ်ရာ စကားရောက်နိုင်သည်။ သူတို့စိတ်ထဲ အရိုးစွဲနေတာကို ချေဖျက်နိုင်သည်ဖြစ်စေ၊ မချေဖျက်နိုင်သည်ဖြစ်စေ သူတို့အတွေးတွေးတော့ ဆင်ခြင်စရာတွေ ရသွားနိုင်သည်။ သဘောထားအသစ်တစ်ခု ဝင်ရောက်သွားနိုင်သည်။ အနည်းဆုံးတော့ ခါတိုင်း တင်းမာနေသည့် စိတ်အခံကလေး ပြေလျှော့သွားနိုင်သည်။

"မကြေးမှျင်က သနားစရာပါရှင်...ဘယ်သူကမှ ဆေးဖော်ကြောဖက် မလုပ်လေတော့ ကျွန်မဆီ ရောက်လာတာပါ...ကျွန်မ ကူညီတာထက် ကျွန်မ စောင့်ရှောက်တာထက် ရွာရပ်က ကူညီစောင့်ရှောက်တာ မေတ္တာထားတာ ပိုထိရောက်ပါတယ်...စုန်းမရယ်လို့ မောက်မာဖို့ နေနေသာသာ ခများ လူတောမတိုးရဲရှာပါဘူး...လူက ဆင်းရဲရတဲ့ကြား စိတ်ပါ ဆင်းရဲနေရရှာပါတယ်...လူတစ်ယောက်အနေနဲ့ နစ်နာရှာလွန်းပါရဲ့..."

မပုန်းရည်စကားက ထိသွားပုံရပါ၏။ မျက်နှာကလေးတွေ ညှိုးသွားကြသည်။ တာဝန်မဲ့ခဲ့ကြပါပကော ဆိုသည့် ခံစားမှုကိုလည်း သူတို့မျက်နှာပေါ်မှာ မြင်နေရသည်။ အကြီးဆုံး ဖြစ်ဟန်တူသော မညွန့်တင်က ရင်ထဲက စကားပြောရှာပါသည်။



"ကျုပ်တို့လည်း နားကြားနဲ့ ကြောက်နေတာပါဆရာမရယ်...မပတ်သက်တော့ ဘာမှမဖြစ်ဘူးဆိုတာမျိုး နေရင်း နေရင်းက ဝေးနေကြတာမျိုးပါ...ဆရာမသတ္တိကို အားကျပါရဲ့"

"သတ္တိ မဟုတ်ပါဘူး မညွန့်တင်ရယ်...စာနာစိတ်ပါ...နူးညံ့တဲ့စိတ်ကလည်း ခွန်အားရှိပါတယ်...ကိုင်း...ကျွန်မလည်း ရေပြန်ချိုးလိုက်ပါရစေဦး..."

မပုန်းရည်နှင့်အတူ သည်မိန်းမသားတွေလည်း ပြန်ကြပါ၏။ လေးပန်းဆီက အဖွဲ့တွေလည်း မရှိကြတော့။ ပစ္စည်းပြန်ယူကြတာဖြစ်မည်။ မပုန်းရည် အိမ်ပေါ်တက်ကာနီး ဘိုးကြီး ဘွားကြီးတို့ကို နှုတ်ဆက်သည်။ ဘိုးကြီးရော ဘွားကြီးပါ ဆင်းထွက်ခဲ့ကြသည်။ ဆောင်းတွင်း နေစာလှုံတာမျိုးလောက်ကလွဲလျှင် အိမ်ထဲမှာပဲ ငုတ်တုတ်နေကြသူတွေပင်။ ရေနွေးအိုး ချိုးတက်၊ ပန်းကန်လုံး ချိုးတက်အောင် သောက်ကြရင်း အေးအေးလူလူ ရှိတတ်ကြသည်။

"ဆရာမလေး နောက်ကျပါပကော...ရေချိုးရင် မြန်မြန်ချိုး...နေဝင်မိုးချုပ် ဖျားတတ်တယ်"

"ဟုတ်ကဲ့ ဘွားကြီး"

မပုန်းရည် အိမ်ပေါ်ရောက်တော့ ကိုကြာစွယ် ရှိနေတတ်သည့် အိမ်ကုပ်ကို ကြည့်သည်။ မရှိ။ မပုန်းရည် သည်အိမ်ကြီးပေါ်ရောက်ကတည်းက ကိုကြာစွယ် မှာကပ်သည် မရှိ။ မပုန်းရည် ကျောင်းသွားချိန်တော့ ရှိကောင်းရှိပါလိမ့်မည်။ ရှောင်နေတာမှန်း မပုန်းရည် နားလည်ပါ၏။

မပုန်းရည် ရေချိုးဖို့ ပြင်ရသည်။

၈

ကိုကြာရှိုး အိမ်အောက်ထပ် ညကျောင်းကလေးက မီးရောင်တွေ မြင့်လှ သည်။ ကိုကြာစွယ် ဝယ်လာသော ဘက်ထရီနှစ်လုံးမှာ တစ်လုံးက တီဗွီအတွက် ကျန်တစ်လုံးကို လေးပေမီးချောင်းတစ်ချောင်းနှင့် နှစ်ပေမီးချောင်းတစ်ချောင်း ထွန်းသဖြင့် အလင်းအားကောင်းခြင်းဖြစ်၏။ မပုန်းရည်က စားပွဲဟောင်းနှစ်လုံး ဆိုင်ဆိုင်ဆက်ပြီး ရသေ့ကျောင်းခေါ်ကြသည့် တန်းလျားနှစ်လုံးဆက် တစ်ဖက် ချထားစေသည်။ လိုရမယ်ရ စားပွဲခုံဝိုင်းကလေး နှစ်လုံးလည်း ရှာထားရသည်။ ကျောင်းကလေး ဖွင့်မည်ဆိုတော့ ကျောင်းမှန်ကြသူတွေကလည်း လာတက်ချင် သည်ဆိုလို့ မပုန်းရည် စီစဉ်ရခြင်းဖြစ်သည်။ အဓိကကတော့ နေ့ဘက် ကျောင်း

www.burmeseclassic.com



မတက်နိုင်ကြသော လေးတန်းကျောင်းသား ကျောင်းသူများအတွက် ဖွင့်ရခြင်းဖြစ်ရာ မောင်ကျောင်းသားတို့ လာဖို့က ပိုအရေးကြီးသည်။ သည်လိုစီစဉ်ပေးတာတောင် မလာရကောင်းလားဟုဆိုကာ လေးပန်းဆီကိုယ်တိုင် ကုပ်ဆွဲခေါ်လာတာတွေ ရှိသည်။

"ဒူးကြီးရယ်...လက်တို့ဂျင်ရယ်...ဇီးကွက်ရယ်...နောက် ဘယ်သူပါလိမ့်... လုထိပ်တင်ဆိုလား သူတို့ကတော့ တက်ကိုမတက်တော့ဘူး ပြောနေတာပဲ...ကျုပ်က ဆရာမကို အားနာတာပါ"

"အားမနာရပါဘူးရှင်...သူတို့အတွက် စီစဉ်တာပဲဟာ...သူတို့မလာနိုင်ကြဘူးဆိုတော့ လာနိုင်ကြသူတွေကို သင်ပေးရုံပါ"

ဘာပဲဖြစ်ဖြစ် စတုတ္ထတန်းကျောင်းသား (၁၈) ယောက်မှာ (၁၄) ယောက်တော့ မပုန်းရည်လက်တွင်း ဆုပ်မိပြီ။ မပုန်းရည် မှန်းထားတာထက်ပင် အောင်မြင်ပါ၏။ လေးတန်းတွေပင်မကဘဲ ကလေးတော်တော်များများ လာကြသည်။ မီးရောင် အထိန်ထိန်ကို စိတ်ဝင်စားကြတာလည်း ပါသည်။ ညကြီးမှောင်မှောင် ကိုယ့်အိမ်တွင် ထိုင်နေကြရာက ရွာလယ် မီးရောင်အောက်မှာ လာဆုံရတာကို ကလေးတွေ ပျော်ကြတာလည်း ပါပါ၏။ မပုန်းရည်က ညကျောင်းကလေးဆီ ရောက်လာသော ကျောင်းသားကို ခုံပိုင်းကလေးတွေမှာ ရုကာ စာကျက်စေသည်။ ကလေးတွေပင် ကျောင်းသားမိဘတွေလို၊ မကေးတို့၊ မပုစွန်တို့၊ မကြာဥတို့လို အပျိုကြီးတွေပါ လာစုဝေးကြတာဆိုတော့ ညကျောင်းကလေး အုံးအုံးထ စည်လှပါ၏။

ကိုကြာစွယ်ကလည်း သူ့မီးချောင်းတွေကို လာကြည့်ရတာ အခေါ အိမ်အောက် စာသင်ခန်းကို ဝင်လာတာတော့ မဟုတ်။ အမှောင်ရိပ်က လှမ်းအကဲခတ်ခြင်းဖြစ်သည်။ မီးရောင်အောက်မှာ မပုန်းရည် စာသင်နေတာကို လာငေးတာလည်း ဖြစ်နိုင်ပါ၏။ မကေးတို့အဖွဲ့တွေက ကိုကြာစွယ်ကို ရိပ်ခနဲ မြင်လိုက်သည်နှင့် … ခေါ်ကြတော့သည်။ ခေါ်တော့လည်း ဝင်လာသား။ မပုန်းရည် ကျောင်းကို လာ…ခတ်တာထက် ကျောင်းကိစ္စပြီးလျှင် သူ့တီဗွီ လာကြည့်စေချင်တာမှန်း မပုန်းရည် သိပါ၏။ တီဗွီကို ဝယ်လာကာစ တစ်ညနှစ်ညကတော့ ဘိုးကြီး ဘွားကြီးတို့အိမ်ရှေ့ …ဟာလင်းမှာ စားပွဲတစ်လုံးချပြီး ရွာကို ပြခဲ့သေးသည်။ နောက်ရက်မှာတော့ ကိုကြာစွယ်က ရုပ်ရှင်ဓာတ်ကား လာတတ်သည့် ဗုဒ္ဓဟူးနှင့် စနေ နှစ်ည ရွာကို ပြ… ကျန်ညတွေမှာတော့ မပုန်းရည်နေသည့် အိမ်ကြီးအပေါ်ထပ်မှာပဲ တီဗွီကို ထား…ဆို၏။

"တီဗွီက ဘာတွေလာနေတုံး ကိုကြာစွယ်ရဲ့..."

"အစုံပဲ"



"အစုံကတော့ ဟုတ်တာပေါ့...ဘာအကြောင်း ဘာကိစ္စပြောပါမှပေါ့"

"အခုတော့ ဘာတွေလာနေတယ် မပြောတတ်ဘူး"

"စောစောကပြောတာ...ကိုကြာစွယ်ကြည့်တုန်းက ပြောတာ..."

"ဪ...နေဦး...ဘာပါလိမ့်...မေ့တော့တော့ရယ်...အစုံပါပဲ"

"လုပ်ပြန်ပြီ...အစုံပါပဲဆိုတာ ဘာတုံး"

"အစုံပေါ့ဗျာ"

မပုန်းရည်က စ,လေ ကိုကြာစွယ်က ကျဉ်းထဲကျပ်ထဲ ကျလေ။ ကိုကြာစွယ့်…မှာ မပုန်းရည် စာသင်ပြီးတော့ တောင်ချောင် မြောက်ချောင်က ကလေးတွေကို …ပို့ပေးရသေးသည်။ တီဗွီဆိုတာလည်း သူဝယ်လာပြီး သူကိုယ်တိုင် ကောင်းကောင်း ကြည့်ရသည်မရှိ။ ဘက်ထရီအိုးဝယ်ဆိုပြီး ဘက်ထရီရော၊ အဖြူအမည်းတီဗွီကလေး …ဝယ်လာကတည်းက သူကြည့်ချင်လို့ မဟုတ်နိုင်။ ဘိုးကြီး ဘွားကြီး မိသားစုက …ည်လိုပဲ ရှီးရှီးကုပ်ကုပ်နေခဲ့ကြတာ ကြာပြီပဲ။ အခုမှဝယ်ဖို့ စိတ်ကူးတာကလည်း …န်းရည် သူတို့အိမ်မှာ လာနေသဖြင့် ဧည့်ခံချင်သည့်သဘော ပါပါလိမ့်မည်။ ရွာက…ည်း ကြည့်၊ မပုန်းရည်ကလည်း ကြည့်။ မပုန်းရည် သည်ရွာမှာ ပျော်စေချင်တာ…သလို၊ မပုန်းရည်၏ မေတ္တာ စေတနာကို တုံ့ပြန်တာလည်း ဖြစ်လိမ့်မည်။ ရွာက…ာ့ မက်မက်စက်စက် ရှိကြပါ၏။ ဒါကိုပဲ မပုန်းရည် ဝမ်းသာသည်။ ကိုကြာစွယ့်…င် ပြောမိခဲ့၏။

"ကိုကြာစွယ့်ကို ရွာက ကျေးဇူးတင်ကြမှာပါရှင်...ခါတိုင်း တခြားရွာ သွားကြည့်ကြရတာဆို..."

"မကြည့်ဘဲလား...ကျုပ်က ခွေထိုးစက် ဝယ်ဦးမှာ...ကြိုးထိုးခွေ ထည့်လိုက်ရင် ဓာတ်ကားကြည့်လို့ရတာလေ..."

"ခွေထိုးစက်ဆိုတာ ဘာကိုပြောတာလဲ"

"တိပ်ခွေအမည်းကြီးတွေဟာကော ဆရာမရဲ့...အထဲမှာ ဓာတ်ကား သွင်းထားတာလေ...ဟိုဘက်ရွာတွေမယ် ကြိုးထိုးခွေနဲ့ ပြကြတာပဲ"

မပုန်းရည်ကိုယ်တိုင် ခေတ်ပေါ်ပစ္စည်းတွေ သိပ်နားမလည်လှတော့ ကိုကြာစွယ် …ပြောချင်တာကို နားသာထောင်ရတော့သည်။ ညဘက် မကြာဥ အိမ်ပေါ်တက်လာ…မှ အကြောင်းစုံသိရတော့သည်။ တီဗွီကလေးတစ်လုံးဝယ်ဖို့ ဟိုလူ့ဆီက မကြာဥ …ဝ တပူပူ တစာစာ ရှိခဲ့သော်လည်း ကိုကြာစွယ်က ကန့်ကွက်ခဲ့တာ များသည်

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုသည်။ အလကား ပိုက်ဆံကုန်တဲ့အလုပ် နင်တို့မို့ လုပ်ချင်တယ်။ ဆယ့်ငါး ကျပ်ပေး ကြည့်ပါလေ့လို့ပြောပြီး မဝယ်ခဲ့။ အခုတော့ မပြောမဆို ကောက်ကာင်ကာ ဝယ်လာတော့ မကြာဥတို့သာမက ဘိုးကြီး ဘွားကြီးတို့ကပါ အံ့သြနေခဲ့ကြသည်ဟု ဆိုပါသည်။

"ဘိုးကြီးတို့က မဆူဘူးလား... ငွေတွေ သုံးလို့လေ..."

"အဲသလိုတော့ မဆူပါဘူး ဆရာမရယ်...သူလုပ်ချင်ရင် လုပ်တာပဲ...သူ နှမြောချင်ရင် နှမြောတာပဲ...အခုဟာက ဆရာမ ကြည့်ရအောင်လို့ ဝယ် တာတဲ့"

"အို့ရှင်...ကျွန်မဖြင့် အားနာလိုက်တာ"

"မနာနဲ့ ဆရာမရေ...ဆရာမကြည့်မှ ကျွန်မတို့လည်း ကြည့်ရမှာ တစ်ရက်က ဆရာမ စာသွားပြတုန်း မပဝေးတို့က ကြည့်ချင်တယ်ဆိုလို့ ကျွန်မက ဘယ်ထလီကလစ် ကောက်ချိတ်ပြီး ပြလိုက်ပါတယ်...ကြာ လေ အိမ်ပေါ် မြေးတက်လာပြီး ကလစ်ဆွဲဖြုတ်ပြီး ငေါက်လိုက်တာ ခင်ဗျားတို့နဲ့တော့ ဘက်ထလီကုန်တော့မှာပဲတဲ့...ဆရာမလာမှ ကြည့် တော်..."

သည်လိုပြန်ကြားရတော့လည်း မပုန်းရည် မျက်နှာပူရသည်။ ကိုကြာ က သူ့အိမ်မှာတော့ သူဗိုလ်ပါပဲလား။

ကိုကြာစွယ်တို့က လယ်တွေ ချောင်းတွေ များလှသည်။ တစ်နှစ် တစ် ပေါ်းတွေကလည်း ရလှပါ၏။ ကိုကြာစွယ်တို့ ဘယ်လောက်ချမ်းသာမှန်း မသိရ လည်း သည်အိမ်ကြီးပေါ် ရောက်လာပြီဆိုကတည်းက တချို့ကိစ္စတွေကို မပုန်းရည် မြင်ရ ကြားရတာတွေရှိသည်။ ပိုက်ဆံတွေရလို့ ဘဏ်မှာ အပ်တာမျိုးလည်း ရှိကြ မဟုတ်တော့ သည်အိမ်မှာပဲ ထည့်ထည့်သိုသို ထားကြသည်။ ပေးစရာရှိတာ ပေး သည်။ လှူစရာရှိတာ လှူကြသည်။ ရှာရပ်အတွက် ဘာတဲ့ဟဲ့ ဆိုပြန်တော့လည် လက်နှေးကြသူတွေ မဟုတ်ပြန်။ သည်အိမ်ပေါ် ရောက်ကတည်းက မပုန်းရည် ဘာ ချက်စားစရာမလိုတော့။ မနက်စောစောစာကလည်း ထမင်းပူပူ ဟင်းပူပူပင်။ အ ဓာလေး ပဲပြုတ်ကလေးနှင့် စားချင်တော့လည်း ဖြစ်သည်။ ငါးပိရည်ကျို ကြိုက်လှ မပုန်းရည်အတွက် ဆည်တော်ချောင်းထွက် ငါးပိရည်ကျိုက ထမင်းမြိန်လှသည်

နေ့ရယ်မှာ ဘုန်းကြီးက ကျွေးသည်ဆိုလို့သာ။ မဟုတ်လျှင်လည်း ဘိုးကြီး ဘွားကြီးတို့က ကျွေးကြမည်သာ။ ညစာကျတော့လည်း ဗန်းကြီးတစ်ချပ်ထဲ



ည့်ကာ အိမ်အပေါ်ထပ်ကို ပို့ပေးကြရှာသည်။ အထူးသဖြင့် ကိုကြာစွယ့်လက်ရာ င်းတွေက အတော်ကောင်းပါ၏။

မပုန်းရည်သိသလောက် မတ္တရာမြို့နယ်အတွင်း ရွာအသီးသီးမှာ တာဝန်ကျ သာ ဆရာ၊ ဆရာမတွေ ရွာနေရွာထိုင်တွေ များလာပါသည်။ တချို့ရွာတွေက ဆရာ၊ ဆရာမတွေအတွက် စားရေးနေရေး တာဝန်ယူကြသည်။ တချို့ရွာတွေကတော့ တာဝန်ယူကြတာမျိုး မရှိ။ မရှိလို့လည်း အပြစ်မပြောသာပါ။ အစိုးရဝန်ထမ်းများပိပိ ိုယ့်ကိစ္စကိုယ် ဖြေရှင်းကြရတာ ဆန်းလှသည်မဟုတ်။ တချို့ဆရာမတွေဆိုလျှင် ရာထဲမှာ အိမ်ငှားနေကြရတာပင် ရှိသည်။ မတ္တရာမြို့တွင် လစာထုတ်သွားရသည့် အါတိုင်း ဆရာ၊ ဆရာမတို့၏ ဝေဒနာအမျိုးမျိုးကို မပုန်းရည် ကြားရလေတိုင်း ်ရောက်နေရွာ၏ ကျေးဇူးကို အမြဲတမ်းအောက်မေ့ရပါ၏။ အနီးလည်း မွေး၊ အဝေး ည်း ကြိုင်သည့် ရွာကလေး။ မပုန်းရည်က သူနေရထိုင်ရသည့် ဘဝအခြေအနေကို ပြောပြတော့ အံ့သြကြသည်။ ဆရာမ ကံကောင်းလိုက်တာလို့ ဆိုကြသည်ချည်းပင်။

ဘာပဲပြောပြော မပုန်းရည်၏ ညကျောင်းကလေး အောင်မြင်ပါသည်။ ပုန်းရည်ကလည်း ရွာက ကြည့်ကောင်းရုံ၊ ရွာက အထင်ကြီးရုံ၊ ရွာက အမြင်လှရုံ က်သက် ထလုပ်ခဲ့တာမဟုတ်။ တကယ့် မေတ္တာ စေတနာနှင့် စိတ်ရောကိုယ်ပါ ်သားခဲ့သည်။ အိမ်ကြီးအောက်ထပ်ဆီက လူသံတွေ တဝေါဝေါကြားနေရသည်။ ပုန်းရည်က ညကျောင်းကလေးပြပြီး သည်ဘက်အိမ် ပြန်ကူးလာခဲ့ကာ အိပ်ရာဝေါ် လှဲနေခဲ့သည်။ ခဏနေတော့ ကြာဖြူ လှေကားအတိုင်း ပြေးတက်လာကာ "ဆရာမ ော်တား လာနေပြီ" လို့ လာခေါ်သည်။ မပုန်းရည် ကြည့်ချင်သည်ဖြစ်စေ၊ မကြည့် ချင်သည်ဖြစ်စေ အောက်ကိုတော့ ခဏဆင်းရဦးမည်။ သွားတိုက်ရမည်။ ရွာကလူတွေ ကို မျက်နှာပြဖို့ထက် ကိုကြာစွယ့်ကို မျက်နှာပြဖို့က ရှိသေးတာမဟုတ်လား။ ကြာဥက ဆရာမ ကြည့်စေချင်လို့ ကြာစွယ်က ဝယ်တာပါဟု ဆိုခဲ့ပြီမဟုတ်လား။

တီဗွီကြည့်ကြသူတွေ ကြားမှာတော့ ကိုကြာစွယ် ရှိနေမှာ မဟုတ်တာ ပုန်းရည် သိပါ၏။ သူ့ကို ရွာက စ,ကြလေတော့ တတ်နိုင်သမျှ မပုန်းရည်နှင့် ဝေးနေပြတာကလည်း သူ့အကျင့်ပင်။ တစ်နေရာရာ မှောင်ရိပ်က မပုန်းရည်ကို ကြည့်နေမှာကတော့ သေချာသည်။ ဒါကိုတော့ မပုန်းရည် သိပါ၏။

□

မနက်က အစောစာကို ဘိုးကြီးတို့အိမ်က ကောက်ညှင်းပေါင်းနှင့် အကြော် စားခဲ့တော့ နေ့လယ်စာကို မဆာချင်သလိုလို ရှိနေခဲ့သည်။ ဘုန်းကြီးကျောင်းတို

www.burmeseclassic.com



မသွားလို့တော့ မဖြစ်ပါ။ ဆရာတော်ကြီးက မပုန်းရည် မလာလျှင် မောင်ကျောင်းသား ကို လွှတ်ခေါ်နိုင်းလိမ့်မည်။ တစ်ခါက မပုန်းရည် ထမင်းစားချိန် ဘုန်းကြီးကျောင်းကို မရောက်ဘဲ ကျောင်းမှာပဲ နေလိုက်ဖူးသည်။ မပုန်းရည် မသွားလျှင်လည်း သည်လို ပြီးမှာပဲလို့ ထင်ခဲ့သည်။ တအောင့်လောက်နေတော့ ကျောင်းသားလိုက်လာသည်။ ဆရာတော်ကြီးက မေးနိုင်းလိုက်လို့ပါဆိုတော့မှ မပုန်းရည် စိတ်မကောင်းဖြစ်ခဲ့ရသည်။ မောင်ကျောင်းသားနှင့်ပင် ထီးတစ်လက် ဆောင်းကာ ဘုန်းကြီးကျောင်းကို ပြန်လိုက် ရတော့သည်။ ဆရာတော်ကြီးက လေှကားဦးမှာရပ်ရင်း ကျောင်းဆရာမ မလာလို့ လွှတ်လိုက်ရတယ်ဟု မိန့်သည်။

"ကျောင်းမှာပဲ နေလိုက်မလားလို့ တွေးမိလို့ပါဘုရား…တပည့်တော်…"

"ဘုန်းကြီးကျောင်းထမင်း ငြီးလို့လား ကျောင်းဆရာမ"

"မဟုတ်ရပါဘုရား…တပည့်တော်…"

မပုန်းရည် ဘယ်လိုစကားဆက်ရမှန်းမသိ။ မဆာလို့ မလာတာပါဘုရား ဆိုလျှင် ရိုင်းရာကျတော့မည်။ ဆာတော့မှ လာမလို့ပါဘုရားဆိုတော့လည်း ဘုန်းကြီး ကျောင်းကို ကြိုက်သလို အိုးလှန်ခွက်လှန် လုပ်နိုင်သလို အဓိပ္ပာယ်ရောက်ကရော့မည် နေမကောင်းလို့ပါဘုရားလို့ လျှောက်ပြန်တော့ လိမ်လည်ရာကျတော့မည်။ ကျောင်း ထမင်း ကျောင်းဟင်း ငြီးလို့လားဆိုတာကိုလည်း စိတ်မကောင်းဖြစ်ရပါ၏။ ဆရာ တော်ကြီး အဲသလိုများ တွေးမိရော့သလား။ သည်ကတည်းက မပုန်းရည် မ… တော့။ မဆာလည်း ရောက်အောင်လာရသည်။ ဆာတော့လည်း ရောက်အောင်လာ သည်။ မောင်ကျောင်းသားက ဆရာတော် ဆွမ်းဘုဉ်းပေးပြီးသည်နှင့် ကောင်းကောင်း သန့်သန့် ဖယ်ကာ မပုန်းရည်ကို ပြင်ဆင်ပေးရတာဆိုတော့ မပုန်းရည် ရောက်… မချင်း မောင်ကျောင်းသားကလည်း မလွှတ်လပ်တော့ပြီ။

"ဘုန်းကြီးတို့လည်း တစ်ခါတလေ မစားချင်ဘူး…တစ်ထပ်ဆွမ်းဆို… ဥတုသပ္ပာယ, အာဟာရသပ္ပာယ, ကာယသပ္ပာယဖြစ်အောင် စားရတယ် ဆွမ်းလှူသူများ အကျိုးများစေခြင်းငှာ စားရတယ်…ကျုပ်ကျောင်းမှာ ပိုတာကို ကျောင်းဆရာမစားတာ ရွာက သိကြသားပဲ…ဝမ်းသာကြတယ်"

"တင်ပါ့ဘုရား"

ထိုနေ့လယ်က မပုန်းရည် မဆာပေသိ မသွားမဖြစ် သွားကာ တစ်လု… တစ်ဆုပ် စားမှတော်ရော့မည်ဟု တွေးမိပြန်သဖြင့် ထီးဆွဲကာ ထွက်လာခဲ့သည်… နေက ခေါင်းပေါ်တည့်တည့် အပူရှိန်တွေ လောင်းသွန်ချသလို ပူလှသည်။ တော…



…ကျောင်းနှင့် ဘုန်းကြီးကျောင်းက မဝေးသဖြင့်သာ တော်တော့သည်။ ကျောင်းအပေါက် …မှာ မကြေးမျှင်…။ အထုပ်ကလေးတစ်ထုပ် ကိုင်လို့။ ဘဲဥတွေမှန်း သိသာပါ၏။ …နေ့တော့ မကြေးမျှင် ရေမိုးချိုးထားသည်။ အင်္ကျီဟောင်း ထဘီဟောင်းကို ဖြူဖြူ …ခင် ဖွပ်လျှော်ကာ ဝတ်ထားရှာသည်။ ဆံပင်တွေက နောက်လှန်ဖြီးထားသဖြင့် …ာ ပြောင်ရှင်းနေသည်။ ပါးပေါ်က သနပ်ခါးကတော့ မပုန်းရည် ပထမဆုံးအကြိမ် …ဖူးခြင်းဖြစ်၏။

"ကျွန်မလည်း တွေ့ချင်နေတာ…ဘယ့်နှယ့်နေတုံး…ပုကျစ်ကို စိတ်ရောက် ပေမယ့် ကျောင်းတစ်ဖက်နဲ့ဆိုတော့ မလာနိုင်ပါဘူး မကြေးမျှင်ရယ်… ခင်ဝိုင်းတို့ကိုပဲ မေးရတာ…ပြောပါဦး ကျွန်မတပည့်…"

"နေကောင်းသွားပါပြီ ဆရာမရယ်…အဲသည်ညက ဆရာမ ရောက်လာတာ ကပဲ ရောဂါတစ်ဝက် ပျောက်ရှာထင်ပါရဲ့…ဆရာမ ပြန်သွားတော့ ကိုယ်တွေ ပူနေတဲ့ကြားက ပြုံးနေလိုက်တာ…ကျွန်မတောင် တစ်မျိုးထင်မိတယ်… ကယောင်ကတမ်းဖြစ်တာလားပေါ့…မဟုတ်ဘူးဆရာမ…သတိကောင်း တယ်…ဝမ်းသာလို့တဲ့…အခုလည်း ဆရာမဖို့ ဘဲဥလာပေးတာပါ"

မပုန်းရည်က ဆေးတစ်ရက်စာသာ ပေးနိုင်ခဲ့သော်လည်း ရွာဆေးကလေး …ရပါ၏။ ဘာပဲဖြစ်ဖြစ် ရွာအတွက် ဆေးပါးကိစ္စ၊ တတ်ကျွမ်းနားလည်သူကိစ္စက …ည်း လိုအပ်ချက် ဖြစ်လာရပြန်ပါလားလို့ တွေးမိသည်။ မပုန်းရည်ကလည်း ထီး …င်းလက်စ မတ်တတ်၊ မကြေးမျှင်ကလည်း နေပူထဲမှာ မတ်တတ်ဆိုတော့ အနား … သစ်ပင်ရိပ်ကို ရွှေ့ရသည်။ မကြေးမျှင်ကို ပြန်တော့ဆိုလျှင်လည်း မကောင်းနိုင် … ဘုန်းကြီးကျောင်းကို ခေါ်သွားရန် စဉ်းစားလိုက်သည်။ ဟုတ်သားပဲ။ မကြေးမျှင် …င်းမစားရသေးလျှင် ဆရာတော့်လျှောက်ပြီး ကျွေးလို့ရနိုင်သည်။

"မကြေးမျှင်…ဘုန်းကြီးကျောင်း လိုက်ခဲ့…ကျွန်မ ထမင်းသွားစားမှာ… လိုက်ခဲ့ပါရှင် ဆရာတော်ပါ ဖူးရတာပေါ့…ခါတိုင်း ဘုန်းကြီးကျောင်း ရောက်ရဲ့လား…"

"မရောက်ပါဘူး ဆရာမ…ဆရာတော်ကြီးကိုလည်း သက်သက်မဖူးဖူးပါဘူး"

"ဩော်…ဟုတ်ရဲ့လား…ဘယ့်နှယ့်ကြောင့်တုံး…မကြေးမျှင် နတ်ရေကန် မှာ နေတာပဲဟာ…ကျောင်းနဲ့ ဇရပ်နဲ့ ဘာကြောင့် အဲသလောက် ဝေးရ တာလဲ"

မပုန်းရည် အံ့သြရပါ၏။ မဝဲစိန်ပြောသလောက်ဆိုလျှင် မကြေးမျှင်တို့ …ရေကန်မှာနေတာ ဆယ်နှစ်လောက်ရှိပြီဟု ပြောဖူးသည်။ သည်ဆယ်နှစ်အတွင်း

www.burmeseclassic.com

www.burmeseclassic.com



မှာ ကျောင်းကို သက်သက်မရောက်ဖူးဘူးဆိုတာကတော့ ထူးဆန်းလွန်းလှသည်။ မကြေးမှုံ၏ မျက်လုံးတွေက ဝေဝေသီသီ။ ညှို့ရိပ်မှိုင်းရိပ် သန်းနေကြတာကို မပုန်းရည် သတိထားမိသည်။

"မရောက်ဝံ့လို့ပါ ဆရာမရယ်…ဆရာတော်ကြီးကြောင့် မဟုတ်ပါဘူး ရွာကြောင့်လည်း မဟုတ်ပါဘူး…ကျွန်မက မရောက်ဝံ့တာပါ…ကျွန်မ စုန်းမ၊ ကျွန်မယောကျ်ားကို ကြွက်ထောင်သမားလို့ ခေါ်ကြတဲ့လူတွေ ကျွန်မ မရောက်ဝံ့တာပါ"

မပုန်းရည်က မကြေးမှုံယောကျ်ား ကိုလူမောင် ဆုံးတုန်းက သရဏဂုံ မတင်ခဲ့ဘူးလား၊ ဆွမ်းသပိတ် မသွတ်ခဲ့ဘူးလား မေးချင်သော်လည်း မမေးဖြစ်ပါ။ ဗုဒ္ဓဘာသာဝင် ရွာနေပြည်ထိုင် မိန်းမသားတစ်ယောက်က ဘုန်းကြီးကျောင်း မရောက်ဖူး တာကတော့ မဖြစ်သင့်ဟု ထင်သည်။ အခုတော့ အကြောင်းလည်း သင့်နေပြီ။ မကြေးမှုံကို ဘုန်းကြီးကျောင်း ခေါ်သွားမည်။ ဆရာတော်ကို ဖူးခိုင်းမည်။

"မကြေးမှုံ ပါလာတဲ့ဘဲဥတွေ ဆရာတော့်ကိုလှူပါ…ကျွန်မက ချက်ပြုတ် စားစရာ မလိုတော့လို့ပါနော်…ပုကျစ် ကုသိုလ်ရအောင် လှူစေချင်တယ် လာပါ မကြေးမှုံရယ် ကျွန်မပါပါတယ်…ကနေ့ကစပြီး ဘုန်းကြီးကျောင်း ကို နတ်လမ်းပေါက်ပြီပေါ့"

မကြေးမှုံက လွယ်လွယ်ကူကူပဲ ခေါင်းညိတ်ရှာပါ၏။ မပုန်းရည်ပါတော့ မကြေးမှုံခမျာ ခြေလှမ်းတွေ ရဲရှာပြီထင်၏။ မကြေးမှုံက မပုန်းရည်နောက်က ယို့ယို့ကလေး လိုက်ပါလာခဲ့သည်။ ဆရာတော်ကြီးကို ဝတ်ဖြည့်ကြသည်။ မပုန်းရည် က မကြေးမှုံသည် ရွာအနောက် ဘဲတဲစုမှာ နေသူဖြစ်ကြောင်း၊ ဆရာတော့်ကျောင်း ကို အရောက်အပေါက်နည်းလှကြောင်း၊ သမီးဖြစ်သူ ပုကျစ်က မပုန်းရည်တပည့် ဖြစ်ကြောင်းကအစ ပုကျစ်ကို ဆေးကုခဲ့တာကိုပါ လျှောက်တင်သည်။ ဆရာတော် တွမ်းသီးညှပ်ရင်း နားထောင်တော်မူပါသည်။ ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြုံး သည်။ မကြေးမှုံက ဘဲဥထုပ်ကို ဆရာတော်အား ကပ်လှူသည်။

"ကျောင်းကို လာပေါ့…ရတနာသုံးပါးနဲ့ မဝေးရဘူး ကြားလား ရတနာ သုံးပါးနဲ့ဝေးရင် အပါယ်နဲ့ နီးသွားမယ်…ဘာမှတ်သလဲ…ဆရာမနဲ့ ထမင်း သွားစား…အေး…အေး…မောင်ကျောင်းသား ဘဲဥတွေ လာသိမ်းစမ်း…"

မပုန်းရည်တို့နှစ်ယောက် ထမင်းစားနေခိုက် ရွာက အမျိုးသမီးအချို့ ဆရာ တော့်အတွက် မုန့်လေးထိုးမုန့်တွေ လာလှူကြသည်။ မပုန်းရည်နှင့် မကြေးမှုံ



…လက်ဆုံ စားနေကြတာကို မြင်တော့ အံ့သြနေကြပါ၏။ ကျောင်းပေါ်က …မှာ မကြေးမှုံက မျက်ရည်တွေကျရင်း ဝမ်းသာနေရှာလေသည်။

"ဆရာတော်ကြီးက ရတနာသုံးပါးနဲ့ မဝေးစေနဲ့ဆိုတော့ ဆရာမရယ်… ဝမ်းနည်းလိုက်တာ…"

မကြေးမှုံက လမ်းတစ်နေရာမှ ရပ်လိုက်သည်။ မပုန်းရည် စာသင်ကျောင်း …ကူးတော့မှာကို သိ၍ဖြစ်၏။ မပုန်းရည်ကို ကြည့်ရင်းက စကားတစ်ခွန်း …လိုက်သည်။

"မနက်ဖြန် ဆရာမတပည့် ကျောင်းတက်မှာပါ…ကျွန်မလေ ပုကျစ်ကို သိပ်ချစ်ပါတယ်…ဘယ်လောက်ချစ်သလဲဆိုရင် ဆရာမရယ်…ကျွန်မလေ ဘယ်သူ့ကိုမှ မပြောဘဲ ကျွန်မတစ်သက်လုံး ရင်နေခဲ့တဲ့ စကားတစ်ခွန်း ဆရာမတစ်ယောက်တည်းပဲ ပြောပါရစေ…"

"ပြောပါရှင်…"

"ပုကျစ်က ကျွန်မသမီးအရင်း မဟုတ်ဘူး ဆရာမ…ဆရာမ ဝမ်းထဲမှာပဲ ထားပါနော်…လူတွေက ပုကျစ်ကို စုန်းမသမီးလို့ လက်ညှိုးထိုးကြတိုင်း ကျွန်မနှုတ်က ဖွင့်ချင် အန်ချင်လိုက်တာမှ ဆရာမရယ်…ဒါပေမဲ့ ကျွန်မ မပြောရက်ပါဘူး…တစ်ရက်မှပဲ ကျွန်မနဲ့သမီးလေးဘဝ ပြောပြပါဦးမယ်"

မပုန်းရည်သာ နေပူထဲမှာ ထီးတစ်လက်နှင့် ကြောင်ကြောင်ကြီး ရပ်ကျန်နေ …သည်။ မကြေးမှုံက မရှိတော့ပြီ။

✦

www.burmeseclassic.com

www.burmeseclassic.com

(၁၂)

'တန်ဆောင်ငယ်မာသ၊ ဆယ့်နှစ်လတွင်၊ ချမ်းမြအေးယင်၊ မြို့ရွာခွင်
ရက်ဝင်ပြောင်းခွာ၊ ခဝဲညှာလဲ၊ ခိုင်လှွာဝတ်မှုန်၊ ရနံ့သာထုံတော့တယ်...'

မြင်လေရာရာမှာ ဆောင်းအရောင် ဆောင်းရနံ့ ဝေ့ဝေ့ကလေး ရောက် လေပြီ။ လယ်ကွင်းတွေ ပတ်ပတ်လည်က ရွာဆိုတော့ စပါးစိမ်းတောကြီးကို တော်ကြီး ကျော်နင်းလာပါမှ ရွာကို ရောက်နိုင်ပါလိမ့်မည်။ စပါးတွေ ဖုံးကြ ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်း။ စပါးသီးတွေထဲမှာ နို့ရည်ဝတ်ဆံ တည်စဆို အပင်နှင့် အနံ့ လှချင်တိုင်းလှနေတော့သည်။ တောင်သူတွေ လယ်သမားတွေဆို ကိုယ့်စပါးခင်းကိုယ် ကြည့်ရတာကပဲ အရသာရှိကြရော့သလား မသိ။ မပုန်းရ ငယ်ငယ် မောင်းကုန်းရွာမှာလည်း လယ်သမားတွေ ကိုယ့်စပါးခင်းကိုယ် ငေးကြ တို မြင်ဖူးသည်။ ဒါကိုပဲ လယ်'ခန့်'သည် ခေါ်ကြပါ၏။ 'ခန့်'သည်ဆိုတာ စပါးနံ တည်ပုံ၊ သန်စွမ်းပုံ၊ ယိမ်းပုံနွဲ့ပုံကို ကြည့်ကာ စပါးထွက် ခန့်မှန်းကြခြင်း ဆိုလို ခြင်း ဖြစ်သည်။

"သည်နှစ် ကျုပ်တို့ နတ်ရေကန်လယ်တွေ ကောင်းတယ်ဆရာမရဲ့...ခါတိုင်း ရေမရောက်တဲ့ ကုန်းလယ်တွေတောင် သည်နှစ် အောင်တယ်...စပါး တော့ မပြောတတ်ဘူးပေါ့ဗျာ...စပါးကတော့ ရမှာပဲ"

ရွာက လယ်သမားများနှင့်တွေ့ရတိုင်း မပုန်းရည်ကို အားရဝမ်းသာ ပြော တတ်ကြသည့်စကားပင်။ မပုန်းရည်ကလည်း ဝမ်းသာရပါသည်။ တောင်သူလယ်သ



ဘယ်လောက်ပင်ပန်းကြသလဲဆိုတာ မပုန်းရည်ဘဝနှင့်ရင်းကာ သိထားသူ သည်။ စပါးတောထဲမှာ ကြီးပြင်းခဲ့ရသည်။ စပါးတောထဲမှာ ကစားခဲ့ရသည်။ ကလယ်တွေဆိုတော့ ရေနက်ကွင်းတွေရှိသည်။ ဆင်ပေါက်ကယ် ဆယ်ကောင် တာတောင် သုံးထွာက ကျူးသည့် စပါးပင်တွေ။ အဘိုးလေး၏ လယ်တွေက ကွင်းတွေမှာလည်းရှိတော့ တချို့သော ကျောင်းပိတ်ရက်တွေမှာ အဖေးလယ်တွေ မပုန်းရည် ရောက်ရတာရှိသည်။ သည်လို တန်ဆောင်မုန်းလဆိုလျှင် အဘိုးလေးက ကို တင်ပါးအထိ မြှောက်ကိုင်ရင်း သူ့လယ်တွေကိုသူ ငေးနေတတ်ပါ၏။ အဘိုးလေး လယ်'ခန့်'လျှင် လွဲခဲပါသည်။ လျော့ တစ်တောင်း နှစ်တောင်း၊ ပို တစ်တောင်း နှစ်တောင်း။

တက္ကသိုလ်တုန်းကတော့ ရွှေဘို ကောက်စိုက်တေးတွေ သင်ခဲ့ရသည်။ အဘိုးလေးအိမ်မှာတော့ လယ်ထွန်ရာတွင် ရွတ်ရသည့် စာကဗျာတွေ ကြားခဲ့ရသည်။ တောထဲမှာ ကြီးပြင်းခဲ့ရသူဆိုတော့ မပုန်းရည် အမှတ်အသားရှိခဲ့ပါ၏။ ရင်နှင့် ခဲ့ရပါ၏။

"*'ထွန်သွားဆယ်ချောင်း၊ ထွန်သန်ကောင်းလျက်၊ ဘုန်းကျက်သရေ၊ တိုးတက် ပေအံ့၊ တစ်တွေအမှန်၊ ငါးချောင်းထွန်က၊ ဖန်ဖန်စီးပွား၊ ဥစ္စာများအံ့၊ တခြားအမှန်၊ သုံးချောင်းထွန်က၊ စားသောက်ဝ၏။ ထို့ပြင်မှလည်း တစ်ချောင်းကောန်၊ ထယ်ဖြည့်ထွန်မူ၊ သင့်လှပဟူ၏'* တဲ့...။ တို့လယ်များ မိုးတော်ရေတော်များ မှန်လို့ကတော့ ထွန်တစ်ချောင်းစိုက်နဲ့တောင် ထမင်းဝတယ်"

အဘိုးလေး ပြောဖူးသည့်စကားပင်။ ထမင်းကတော့ ဝတာမှန်ပါရဲ့။ အဘိုး ကတော့ ပိုပြီးအဆင်ပြေလာတာမရှိ။ တစ်နှစ်တစ်နှစ် အရွယ်ကျလာလေ ပင်ပန်း က ပိုသေးသည်။ မပုန်းရည် သဘောကျတာက တန်ဆောင်မုန်းလ ဝင်ပြီဆိုသည် နှင့် စပါးရွက်တွေပေါ်မှာ နှင်းကလေးတွေ သီးနေကြခြင်းဖြစ်၏။ မနက်ခင်း ဆွတ်ထားသော လယ်တွေက စိုစိုစိမ်းစိမ်းရှိလှသည်။ အဘိုးလေးကပင် နှင်းနံ့ လေးများရရင် စပါးပင်တွေ နတ်ဆေးများ သုံးလိုက်သလို ချက်ချင်း လှတက်လာ တွယ့်...ဟု ပြောဖူးပါ၏။

အခုတော့ကော...။ နတ်ရေကန် စပါးခင်းတွေမှာ နှင်းစက်စင်ကြပြီ။ နှင်းငြေ့ သောက်ကြပြီ။ မချမ်းတတုန် ချမ်းတတုန် ရာသီဆိုတော့ လေအနွဲ့မှာ နှင်းနံ့နှင့် ကောက်နံ့ရောသော ရနံ့တစ်မျိုး ရလေ့ရှိ၏။ နတ်ရေကန်မှာတော့ တန်ဆောင်မုန်းလ ဝင်ပြီဆိုတာနှင့် ရွာဘုရားပွဲအတွက် လုံးပန်းကြပြီ။ အနီးအနားတစ်ဝိုက်ရွာတွေမှာ

www.burmeseclassic.com

www.burmeseclassic.com



လည်း ရွာဘုရားပွဲတွေ အဝင်အထွက် ရက်လွဲကျင်းပကြမြဲ။ ပွဲရယ် ဇာတ်ရယ် မြိုင်မြိုင်ဆိုင်ဆိုင်သဲသဲ မရှိကြသော်လည်း ဘုရားပွဲ အဝင်ရက် အထွက်ရက် ချိတ်ထားကြသဖြင့် တစ်လလုံးလုံး ပွဲတော်သံ စည်လှသည်။ ပွဲတော်နံ့ သင်းလှသည်။

"ကျွန်မတို့ရွာတွေဖြင့် တန်ဆောင်မုန်းလ အင်မတန်စည်တာ ဆရာမရဲ့ တစ်ရွာလုံး မုန့်ကြော်ကြတာ ဆရာမ မြင်စေချင်တယ်...တစ်လလုံး မီးမစဲဘူး...ကြော်ကြလှော်ကြ...ချက်ကြပြုတ်ကြနဲ့...သည်နှစ်လည်း ရွာဘုရားပွဲ စည်ဦးမှာပဲ"

မကြာဥက တန်ဆောင်မမုန်းခင်ကတည်းက သျှောင်ထုံးဖို့ ပြင်နှင့်လေပြီ။ သူတို့တွေ မျှော်နေကြတာ မြင်ရတာကိုက ကြည်နူးစရာကောင်းလှသည်။ ဟုတ်လည်း ဟုတ်ပါရဲ့။ တန်ဆောင်မုန်းလ ဝင်ပြီဆိုသည်နှင့် ရွာကလေးလူကြီးတို့ အလုပ်အအား မရှိကြတော့ဘဲ အုတ်အာသရဲ ရှိကြလေပြီ။ ရွာသူရွာသားတွေကို မြင်ရတာက ပျော်စရာကောင်းလှပါ၏။ နတ်ရေကန်ရွာ ဘုရားပွဲရက်က နှစ်စဉ် တန်ဆောင်မုန်းလဆန်း ၁၃ ရက်၊ ၁၄ ရက်ဖြစ်၍ ၁၄ ရက်နေ့မှာ ဆွမ်းကြီးလောင်းလေ့ရှိသည် ဆိုပါ၏။ တစ်ရွာလုံး ကြော်ကြ၊ လှော်ကြ၊ ညှော်ကြချိန်မှာ မပုန်းရည်နှင့် ရွာအနောက် တစ်သိုက်က ကျောင်းဟောင်း၊ ဇရပ်ဟောင်းတွေ သန့်ရှင်းကြသည်။ ဘုရားကျောင်း ကန်၊ စေတီပုထိုးတွေမှာ တံမြက်လှည်းကုသိုလ် ယူကြသည်။ ဘုန်းကြီးကျောင်းဝင်း အတွင်း သီတင်းသုံးတော်မူကြသည့် ဆင်းတုတော်သုံးဆူကို ရေသပ္ပာယ်ကာ ရောင်ဆောင် ရွှင်ကြရသည်။ ယောကျ်ားသားတွေက မြက်ရှင်း၊ ထုံးသက်န်းကပ်။

လယ်ကွင်းစိမ်းစိမ်းနှင့် ထုံးဖွေးဖွေး စေတီတော်။ အစိမ်းနှင့် အဖြူသည် ကောင်းကင်ပြာပြာအောက်မှာ ထင်းကြွနေလေသည်။

ပြောသာပြောရတာပါလေ။ သူတို့ခမျာ စပါးပင် မဖြစ်ခင် စပါးစေ့ဘဝကတည်းက ပျိုးထောင် ပျိုးနုတ်၊ ရေသွင်း ရေထုတ်၊ ပေါင်းလိုက် မြေဩဇာကျွေးကာအစ သည်အခြေ အနေရောက်အောင် ပြုစုခဲ့ကြရသူတွေ။ ကောက်စိုက်ရတုန်းကလည်း ကောက်စိုက် ရလို့ ပင်ပန်းခဲ့ကြတာ မပုန်းရည် အသိပင်။ လယ်ကွင်းထဲမှာ ပင်ပန်းကြသော ကောက်စိုက်တေးတွေက အမောပြေရပါ၏။

*'အရှေ့က ထွက်လို့လာ...နေဝါဝါကလေး*
*နေဝါကို တိမ်ပြာဖုံးတယ်...မိုးလုံးပြည့်အေး*
*ကျုပ်တို့မွေးမေ စိတ်ကူပေး...ဘေးကြီးသင့် ဝက်ခြံထူ*
*သူမယူတဲ့ ငါမယူ*
*အနောက်ဆို ရွှေကူကြီး...ဖျောတီးလို့လှူ'*



ဘေးကြီးသင့်ဆိုတာက ကမ္ဘာနာရောဂါကြီးဖြစ်သော ကျောက်ရောဂါကို ပြောခြင်းဖြစ်သည်။ သည်ကြားထဲ ဝက်ခြံက ထူသေးသတဲ့။ သည်လိုရည်းစားမျိုးတော့ ရွှေကူကြီးဘုရားစေတီမှာ ဖျောတီးပြီး လှူလိုက်ချင်သည် ဆိုသည့်အဖွဲ့ကို မပုန်းရည် ပြုံးခဲ့ရပါသည်။ မကြာဥတို့ ကောက်စိုက်သမတွေ၊ ကောက်စိုက်စည်းခေါင်းတွေ၊ ... သူကြီးတွေ ဆိုကြသမျှ မပုန်းရည် ကူးရေးထားခဲ့သည်။

*'မှုန်းတည့်တုန်း တိမ်ဖုံးလို့ နေမပေါ်၊ နားချိန်က,တော်*
*သုတ်သူကြီး ဆောင်းပန်လို့၊ လယ်ရှင့်ထံ စာခံရရင် နားတန်ရဲ့လေး'*

နားခွင့်ကလေးရဖို့ လယ်ရှင့်ကို စာရေးပေးလျှင်တော့ နားရတန်ကောင်း ...

*'ထမင်းရယ်ဆာ...ဟာလှပေါ့လေး...*
*လယ်ကြီးရှင် ဆောင်ကန်သင်းက ဇန်းခင်းလို့ကျွေး...'*

...တွေလည်း ပါပါ၏။ နေကုန်နေခန်း အပေါ်ပူပူ ရေပူပူထဲ ခါးတကုန်းကုန်း ကောက်စိုက်ခဲ့ရသူတို့ စပါးတွေဖုံးချိန် သည်လို တန်ဆောင်မုန်းလ စပါးပင်တွေ ...တလှုပ်လှုပ် မြင်ရတော့လည်း အမောကြီးပြေရပါ၏။ နတ်တော်၊ ပြာသိုမှာ ...ရိတ်ရ သိမ်းရဦးမည်။ သည်လိုနှင့် ပျိုးလိုက်ကြ၊ စိုက်လိုက်ကြ၊ ရိတ်လိုက်ကြ။ ...သံသရာလည်သရွေ့ လူသံသရာပါကြရသူတွေ။

□

ဘိုးကြီး ဘွားကြီးတို့ အိမ်ရှေ့တလင်းမှာ ထင်းမီးဖိုကြီး သုံးဖိုဖိုကာ မုန့်ဆီ ...တွေကြော်ကြသည်။ မုန့်ဖက်ထုပ် အဖြူအနီတွေ လုပ်ကြသည်။ ဆွမ်းကြီးလောင်း ...တွေ အိုးကြီး အိုးငယ်နှင့် ချက်ကြပြုတ်ကြ၊ ကြော်ကြလှော်ကြ။ မပုန်းရည်သည်ပင် ...အိမ်သားတွေနှင့်မခြား အလုပ်တွေ ဝိုင်းကူခဲ့သည်။ ဆန်ရွှေး၊ ပဲနှာ၊ ကြက်သွန် ... သည်လို ကောက်ညှင်းထန်းလျက်မုန့်တွေ အင်နှင့်အားနှင့် လုပ်ကြတာ မမြင်ဖူး ...တော့ မပုန်းရည် အံ့ဩခဲ့ရသည်။ မပုန်းရည် မုန့်ဖက်ထုပ် ကူထုပ်တော့ မလုပ်တတ် ...တ်နှင့် မုန့်သားတွေ ဖက်ကြားက လျှံထွက်ကုန်တာကိုကြည့်ပြီး ရယ်ကြသည်။ ... ထန်းလျက်နှင့် အုန်းသီးမွှန့် အအောင်းတွေက မုန့်ဖြူသားထဲ မဝင်ဘဲ အပြင် ...ကုန်တာမို့ မပုန်းရည် ကြိုးစားပမ်းစား လုပ်ကိုင်ကြည့်နေမိပါ၏။

"ဟောသည်မှာကြည့် ဆရာမ...မုန့်သားကို အရင်လုံးပစ်လိုက်ရတယ်... ပြီးမှ အလယ်ကောင်မှာ အခွက်ကလေးဖော်...အအောင်းထည့်...ဘေး နှုတ်ခမ်းသားကို အပေါ်ကနေ ပြန်စု...လက်ကလေးနဲ့ ပွတ်လိုက် သတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရင် ပြီးတာပဲ…လက်ဖဝါးနဲ့ ပြန်မလုံးရဘူး…ဖက်ထဲထည့်တော့လည်း ပေါ့…"

မကြာဥက ပါးစပ်ကလည်း ပြော၊ လက်ကလည်း ငှက်ပျောဖက်ကို ဓါးကလေးနှင့်ပွတ်ကာ မုန့်ထည့်ပြသည်။ ငှက်ပျောဖက် ဘေးနှစ်ဖက်ကို နဘေထပ်ထပ် ထိပ်နှစ်စကို တစ်ခုအပေါ်တစ်ခုပြန်ခေါက်သွင်း၊ ပြီးတော့ မုန့်အိုးထဲ စီကာစဉ်ကာ ထည့်သွားလိုက်ရုံပင်။ "ဖက်စသိမ်းတတ်တော့ တည်းစပ် (နှီးစ)နဲ့ ထိုးစရာမလိုတော့ ဘူးပေါ့ ဆရာမရဲ့" ဟု ဆိုလိုက်ပါသေး၏။

ငှက်ပျောရွက်တွေကို မနေ့တုန်းကတည်းက ကိုကြာစွယ် ခုတ်လာခဲ့ခြင်း ဖြစ်သည်။ ငှက်ပျောရွက်ကို စိုစိုဖပ်ဖပ်မလုပ်ဘဲ တစ်နေ့ကြိုခုတ်ပြီး နေရောင်နှင့် လိုက်တော့ ပျော့သွားသည်။ သည်လို နွမ်းသွားမှလည်း မုန့်လုပ်ရသည့်အခါ ဖက်ကွဲ မထွက်မှာပေါ့လို့လည်း မပုန်းရည် သဘောပေါက်ရပါ၏။

ကိုကြာစွယ်ကတော့ မရီးနှစ်ယောက်ဖြစ်ကြသော မပတေး၊ မဝဲစိန်တို့နှင့် အတူ ဆွမ်းဟင်းတွေ တစ်မယ်ပြီးတစ်မယ် ဒီးတိုက်ချက်နေသည်။ ထန်းသားရောင် တောက်နေသော ကိုယ်လုံးကြီးမှာ စွပ်ကျယ်ကလေးသော်မှ မကပ်နိုင်ဘဲ ချွေးတလုံးလုံး သံတလုံးလုံးဖြင့် သစ်သားယောက်မကြီးကိုင်ကာ ဟင်းအိုးမွှေနေပုံကိုက ရယ်စရာ တစ်မနက်လုံးလိုလို မီးအပူဘေးမှာ မိန်းမကြီးတစ်ယောက်လို ခုတ်လိုက်ထစ်လိုက် ထောင်းလိုက်ထုလိုက်၊ မွှေလိုက်နှောက်လိုက်၊ ထိုင်လိုက်ထလိုက်။ အမြင်မတော်လှ၍ ခေါက်လိုက်ငမ်းလိုက်နှင့် တစ်ချက်ကလေးမှ မနားတာကိုလည်း မပုန်းရည် သတိထား မိပါ၏။

"ရော်…မီးလျှော့လိုက်တော့ဆိုတာ ခင်ဗျား နားများပင်းနေရော့လား ဘယ့်နှာကြောင့် ထင်းတွေ ထပ်ထိုးနေတာပါလိမ့်ဗျာ…နပ်ပြီးသားဟင်းအိုး ကပ်ကုန်တော့မှာပဲ"

"သိပါဘူးဟယ်…နင်က မီးတင်လိုက်ဦး ဆိုလားလို့…"

ကိုကြာစွယ်က ငေါက်တော့ မဝဲစိန်က မီးတောက်လက်စ ထင်းစတွေကို မီးဖိုထဲက ကပျာကယာ ဆွဲထုတ်ပြီး မြေကြီးနှင့် ထိုးချေငြိမ်းသတ်ရလေ၏။ မပုန်းရည် ကတော့ မရီးနှင့် မတ်တော်မောင်တို့ကို လှမ်းကြည့်ရင်း တစ်ယောက်တစ်ယောက် ဆိုမနာ ဆဲမနာ ချစ်ခင်ကြပုံကို တွေ့လိုက်ရသဖြင့် ရင်ထဲ စိတ်ချမ်းသာနေခဲ့သည်။ အစ်ကို့မယားရယ်၊ လင့်ညီရယ်လို့ သွေးမကွဲကြဘဲ မောင်နှမရင်းချာသဖွယ် သဘော ပေါက်နိုင်ကြသော တောသူတောင်သားများ၏ နှလုံးသားဖြူစင်မှုကိုလည်း အသိအမှတ် ပြုမိရပါ၏။



ကြာဖြူတို့ ညီအစ်မတစ်တွေကတော့ ကိုကြာစွယ့်ဘေးက ဝေးအောင်နေကြ သည်။ မကြာဥနှင့် မပုန်းရည် မုန့်ထုပ်သည့်အနား ပြေးကပ်လာကြကာ ပုဆိုးသန့် အင်္ကျီသည်စီ ပေါင်ပေါ်ခင်းကာ ငှက်ပျောဖက်တွေ ဖုန်သုတ်ပေးကြပါ၏။ ကိုကြာစွယ် ၏ အိမ်မှာ အတွေးဆုံးသားကလည်း ဖြစ်ပြန်။ လူပျိုသိုးကြီးကလည်း ဖြစ်ပြန်ဆိုတော့ အကုန်လုံးက အလိုလိုက်ထားကြလေသလား။ လူကလည်း စိတ်မထင်လျှင် မထင်သလို ဆောပ်ကပ် ကမူးရှူးထိုးဆိုတော့ ဘယ်သူကမှ တုပြီး ဖက်ပြိုင်မဖြစ်ချင်ကြတာလည်း ပါလိမ့်မည်။ ကိုကြာစွယ်က အနေတည်တော့ သူ့ကို တူ၊ တူမတွေကလည်း ကပ်နိုင်သမျှ ဝေးအောင်နေကြခြင်းဖြစ်သည်။ ဒါကိုသိလေ ကိုကြာစွယ်က နှုံ့ဆိုးကြီး ဖြစ်လေ။ တမင်တင်းထားသော မျက်နှာညိုပြာပြာကြီးက ကိုကြာစွယ့်မူပိုင် ဖြစ်လေ ၏။

"လေးလေးက ထမင်းဟင်းချက် သိပ်ကောင်းတာ ဆရာမရဲ့…အိုးကြီး ချက်များတော့ ရွာမှာ သူမှနိုင်တာ…ဟိုရွာ သည်ရွာ အလှူရှိရှိ မင်္ဂလာ ဆောင်ရှိရှိ သူ့ကို တကူးတက ဖိတ်ရတာ…သူကလည်း ဝါသနာပါပါ့… အဲသလိုများ ဖိတ်လို့ကတော့ အိမ်အလုပ် ဘယ်လောက်ပူပူ စုံလုံးပစ်ချ ထားခဲ့ပြီး သွားကူတာများ တစ်ခါတလေ တစ်ပတ်နဲ့ အိမ်ပြန်မလာဘူး… အဖေတို့ အမေတို့က ထမင်းစားလို့ မမြိန်ရင် သူ့သား မီးဖိုချောင်ဝင်နိုင်း တာလေ…ဟင်းစပ်ကလည်း စပ်တတ်တယ်ရယ်…ကျွန်မတောင် သူ့ လောက် စိတ်ရှည်လက်ရှည် မချက်တတ်ဘူး"

မကြာဥက သူ့မောင်ကို ချီးကျူးနေခြင်းဖြစ်၏။ ဟုတ်လည်းဟုတ်လောက် သည်။ သည်အိမ်ကြီးပေါ် မပုန်းရည့် ရောက်လာကတည်းက စားနေရသော ညစာ သည် ကိုကြာစွယ့်လက်ရာမှန်း မပုန်းရည် သိသည်။ ဟင်းအစပ်အဟပ်ကလည်း ညီတော့ ထမင်းမမြိန်သည့် နေ့ရယ်လို့ မရှိခဲ့။ သည့်အတွက် ကိုကြာစွယ့်ကို ပုန်းရည် ကျေးဇူးတွေ တင်ရပါ၏။

"ကြာဖြူရေ…ငရုတ်သီးကြော်တော့မလို့…လေးဖက်လေးတန် ညှော်ဟာစ် စမ်း…နင်တို့လည်း ညှော်ရှောင်ချကြ"

ကြာဖြူ့ကို ပြောသလိုလိုနှင့် မပုန်းရည်ကို ညှော်လွတ်ကင်းရာ သွားစေဖို့ ရည်ရွယ်ကြောင်း သိပါ၏။ သည်နေ့သည်ရက်က ညှော်ရှောင်လို့လည်း လွတ်နိုင်စရာမရှိ။ ခြံပြင်ထွက်ထိုင်မှ ညှော်လွတ်လိမ့်မည်။ ဘိုးကြီး ဘွားကြီးတို့ကတော့ နေ့က်မိုးလင်း ကတည်းက ဘုန်းကြီးကျောင်း သွားနေကြသည်။ ကြာဖြူက ထိုသို့တိုတိုပါအောင်

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရင်း နွားစာကုန်းပေါ်တက်ကာ ညှော်ဟာစ်လေ၏။ လက်ဖဝါးနှစ်ဖက်ကို ပါးစပ်အ ဟွန်းပုံစံပြု၍ အသံကို ကျယ်နိုင်သမျှကျယ်အောင် ဟစ်ခြင်းဖြစ်သည်။

"သည်အိမ်က ညှော်ကလေး နည်းနည်းလုပ်မလို့ဗျို့ …ညှော်…ညှော်…"

ကြာဖြူက ကိုကြာစွယ်ပြောသလို အရှေ့၊ အနောက်၊ တောင်၊ မြောက် လေးဖက်လေးတန် လေးကြိမ်ဟစ်ပြီးတော့ မြေကြီးက ဖုန်ကို တစ်ဆုပ် ဆုပ်ယူကာ လေမှာ လွှင့်ကြည့်ပြန်၏။

"မြောက်လေတိုက်နေတာ…ဆရာမ လာ လာ…မြောက်ပိုင်း လေတင်ဘက် ပြေးကြရအောင်"

မပုန်းရည်လည်း ဘာမှပြောမနေတော့ဘဲ ကြာဖြူတို့ကလေးတစ်သိုက်နှင့် အတူ ဒရောသောပါး လိုက်ခဲ့ရပါ၏။

ရေတ်သီးညှော်က ကြာကြာရှူမိလျှင် ခေါင်းတွေ ထိုးကိုက်ရလောက်အောင် အခံရခက်မှန်း သိသော်လည်း ရေတ်သီးညှော်ကြောင့် အခုလို ဒရောသောပါး ပြေး ရတာတော့ မရှိဖူးခဲ့။ ဟိုအိမ် သည်အိမ်က ကြော်တတ်သော ရေတ်သီးညှော်ဆိုတာ တစ်အိုးစာ တစ်နပ်စာ နည်းနည်းပါးပါးဆိုတော့ ကိစ္စမရှိ။ အခုဟာက အလျှုကြီးခွ သလို ရေတ်သီးကို ပိသာဘလိုက် ကြော်ကြတာဆိုတော့ မပြေးလို့ မဖြစ်။

"ဘယ်လောက်တောင် ကြော်မှာမို့လဲ ကြာဖြူရယ်…ဆရာမဖြင့် ညှော် ရှောင်ရတာနဲ့ မတူဘူး…ကျွဲလိုက်ခံတ်လို့ ပြေးရတာကျလို့…"

"အများကြီးရယ် ဆရာမ…အကြော်များလို့ အော်ရတာရယ်…တော်ရုံ လေးလေးက မအော်ဘူးရယ်…တစ်ခါက ရေတ်သီးကြော် အကြော်ကောင်း လို့ လေးလေး ပြဿနာတက်ပြီးပြီ"

"ဟဲ့ လုပ်ပါဦး…ဘာဖြစ်လို့တုံး…"

တစ်ခါတော့ ကိုကြာစွယ်က မပြောမဆို မအော်မပြန့်ဝ ရေတ်သီးညှော် ကြော်သည်ဆို၏။ တောသူတောင်သားများအဖို့ အိမ်ဟင်းရံတွေထဲမှာ ငါးပိခွ ရေတ်သီးကြော်ခွက် မပါလို့မဖြစ်။ အငန်ဖက်၊ အစပ်ဖက်၊ အချဉ်တည်ကလေးအော ပါပါမှ ထမင်းမြိန်ကြတာ မဟုတ်လား။ ကိုကြာစွယ် ရေတ်သီးကြော်တာက မကြာလိုက် သော်လည်း သူ့ညှော်ကို သူရှူမိလိုက်သည်။ ညှော်ဝအောင် ရှူမိတာကို ကိုကြာစွယ် ကိုယ်တိုင် သိသဖြင့် ညှော်ခံမြစ်ကလေးတစ်တက် သွေးသောက်ထားခဲ့သည်။ သို့သော် ကိုကြာစွယ့်လက်မှာ လယ်ရိတ်ရင်း တံစဉ်ပြတ်ထားသည့်အနာ ရှိနေတာကို သတိ မထားမိဘဲ ညှော်ကြော်ခဲ့သဖြင့် အနာညှော်ဝင်ကာ မျက်ခွံကြီးတွေပိတ်၊ မျက်လုံးကြီး



ဘူပိတ် ဖြစ်လာသည်ဆို၏။ သည်ကြားထဲ အနာခင်းမန်းလိုက်ပြီး ဖူးတော့သည်။ ကျော်နေပြားပြားကြီးတစ်ခုလုံး ဖူးတုပ်ထားသလို ပိန်းပိန်းပိတ်နေတာကလည်း တစ်ပတ် ဆင် အရောင်မလျော့ဘဲ ရှိခဲ့ပါ၏။ နှုတ်ခမ်းကြီးတွေက ထော်၊ မျက်လုံးကြီးတွေက ဆွင်အမ်းနေသည့်မျက်နှာထဲ ဝင်နေတော့ အလွန်အကြည့်ရဆိုးချိန်မှာ မလှအုန်းမယ် ရောက်လာခဲ့သည်။ ကိုကြာစွယ့်မျက်နှာကိုကြည့်ကာ ခွက်ထိုးခွက်လန် ရယ်တော့ သည်။

"ကြာစွယ်ရယ် ငါမသိလိုက်လို့ရယ်…ဟိုဘက်ရွာတွေမှာ ကလေးတွေ မြေဖုတ်ဘီလူး ဖမ်းစားလို့ မာကြာနတ် ရှာစာတွေ ချကြရသတဲ့… လက်စသတ်တော့ နင့်ဖမ်းစားနေတာကိုးဟဲ့လို့ အော်ကြီးဟစ်ကျယ် ပြော ရော…လေးလေးက ပထမတော့ ဘာပြောမှန်းမသိဘူး…ကျုပ်က ဘယ် နယ်လုပ် ဖမ်းစားရမှာတုံး…ခင်ဗျား ပေါက်တတ်ကရ လာပြောမနေနဲ့တဲ့… မလှအုန်းမယ်က သည်တင် မပြီးဘူး…နင့်ရုပ်နင် မှန်ထဲကြည့်ဦးလေ… မြေဖုတ်ဘီလူးရုပ် ပေါက်နေပြီဆိုတော့မှ သဘောပေါက်ပြီး ဖူးလျှက် တန်းလန်းက ထင်းချောင်း ထဆွဲပြီး လိုက်ရိုက်တာ ကံကောင်းလို့…"

"မမိဘူးလား…"

"မမိလိုက်လို့ပေါ့…မလှအုန်းမယ်က ဒေါ်ကြီးမဲ့တို့ဝိုင်းထဲ ပြေးဝင်ပြီး စပါးပုတ်ထဲ ငုတ်တုတ်ဝင်ထိုင်နေလို့ လွတ်တာရယ်…ဒါတောင် နောက်ရက် တွေမှာလည်း ရှောင်နေသေးတာ ဆရာမရဲ့…လေး,ငါးရက်ရှိမှ စိတ်ပြေ သွားတာ…"

မပုန်းရည်မှာ ကိုကြာစွယ့်အဖြစ် ကြားရတော့ ရယ်မိရသည်။

"သူ့ကို မလှအုန်းမယ်က စ,တာနေမှာပါ ကြာဖြူရယ်…"

"စတာပါ…ဒါပေမဲ့ လေးလေးက သူ့ရုပ်ဆိုးတယ်ပြောရင် မကြိုက်ဘူး ဆရာမရဲ့… မနက်ဖက် စောစောဆိုရင် မျက်နှာသစ်ပြီးတာနဲ့ မိုးပွင့်တွေ ပြာနေအောင် လိမ်းတော့တာ…တစ်ခါများ ကျွန်မ ယူလိမ်းမိလို့ ခေါင်း ခေါက်တာ ထုပ္ပွသွားတာပဲ"

"မိုးပွင့်ဆိုတာ ဘာတုံး ကြာဖြူရဲ့…"

"ဆရာမကလည်း မျက်နှာလိမ်းတဲ့ အလှဆီလေ…မွှေးတေးတေးနဲ့"

သည်လိုဆိုတော့လည်း ကိုကြာစွယ်က လှချင်ရှာသားပါလား။ ကိုကြာစွယ် ကားက ပြာခြောက်ခြောက်ဖြစ်ရသည့်ကြား နေပူစပ်ခါးမှာ အလုပ်လုပ်ရသူဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပြေးပြေးကြီး အမြဲတမ်း အပွေးတက်သလို ရှိနေတတ်သည်။ ဘာရယ်လို့တော့ မပုန်းရည် မပြောနိုင်။ ဆံပင်ကလည်း ရွာဆံပင်ညှပ်ဆရာနှင့် ညှပ်ရတာဆိုတော့ နောက်စေ့ပြောင်ကြီးက ကလေးတွေ ချာရစ်ညှပ်တာနှင့်ပင် တူနေပါ၏။ ခေါင်းပေါ်က ဆံပင်အုပ်အုပ်ကိုတော့ ခေါင်းလိမ်းဆီရွှဲရွှဲလိမ်းကာ အမြဲတမ်း ခွဲထားတတ်သည်။ လည်ပင်းနှင့် ပါးစောင်တွေမှာတော့ ညှင်းတွေရှိသည်။ ပြီးတော့ မပုန်းရည်စိတ်ထဲမှာ စွဲထင်နေသည့် အချက်တစ်ချက်ရှိသေးသည်။ ကိုကြာစွယ်က တစ်ခုခုကို ဖုံးကွယ်ထားသလို မလုံမလဲ အမူအရာတစ်မျိုး အမြဲတမ်းပေါ်နေတတ်သည်။ ဘာရယ်လို့တော့ မပုန်းရည် မပြောနိုင်ပါ။ အားလုံးခြုံလိုက်ပြန်တော့ ရုပ်ဆိုးချင်သာဆိုးမည်။ သဘော ကောင်းရှာပါ၏။ ဘောက်တိဘောက်ထိုး ပြောချင်ပြောမည်။ ရင်ထဲရှိတာ မဆင်မခြင် ပြောချင်ပြောမည်။ သူတစ်ပါးအပေါ် သက်ညှာသောသဘော ရှိတာကိုလည်း မပုန်းရည် သိပါ၏။ အထူးသဖြင့် မပုန်းရည်နှင့်ပတ်သက်လျှင် သူ့တွင် တာဝန်တစ်ခု ရှိနေသလို ခံယူသူဖြစ်သည်။ အရွယ်ရ လူပျိုတစ်ယောက်ဆိုသော်လည်း ရွာကျောင်း ဆရာမဆိုသည့် ဂုဏ်ကို လေးစားသကဲ့သို့ စောင့်ရှောက်ရမည့်တာဝန် ရှိသည်ဆိုသည့် အတွင်းစိတ်ကလေး အောင်းနေတာကိုလည်း မပုန်းရည် အကဲခတ်မိပါ၏။

"တချို့က ဆရာမနဲ့ စ,ကြတာ ဆရာမရဲ့ ... ဆရာမ စိတ်မဆိုးနဲ့နော်"

"မဆိုးပါဘူး ကြာဖြူရယ် ... ကိုကြာစွယ်တို့ ကြာဖြူတို့မိသားစုက ဆရာမကို စောင့်ရှောက်နေကြတာပဲဟာ ... ပြောပါဦး ဘယ်လိုစ,ကြတာလဲ ..."

ကြာဖြူက ကလေးဆိုတော့ မပြောကောင်းတာ ပြောကောင်းတာ ထိန်ချုံမထားရှာပါ။ မပုန်းရည်ကလည်း ကိုယ့်ကွယ်ရာက အမြင်တွေကို သိချင်သည်။ သည်တော့ ကြာဖြူ့ကို ပေါ့ပေါ့ပါးပါးမျက်နှာဖြင့် ချော့မော့မေးရပါ၏။

"ဟ ... ကြာစွယ်ကြီး အိတ်ထောင်ထဲ ပိုလိုဘူးကြီးနဲ့ပါလားကွ ... တဲ့"

"အဲဒါ ဘာပြောတာလဲ ကြာဖြူ"

"သည်လို ဆရာမရဲ့ ... ကျွန်မတို့ရွာတွေမယ် အလှူတို့ မင်္ဂလာဆောင်တို့ ဘုရားပွဲတို့ ရှိလို့ အငြိမ့်ကရင် စိတ်ချလက်ချ တည်းခိုလို့ရတဲ့ အိမ်ကြီး အိမ်ကောင်းတွေမှာ အငြိမ့်မင်းသမီးကို ထားကြတာကိုး ဆရာမရဲ့ ... အငြိမ့် မင်းသမီးထားတဲ့ အိမ်ခံကိုလည်း ပိုလိုစီးကရက်ဘူးနဲ့ အထူးဖိတ်ကြ တယ် ... အဲသလို ပိုလိုဘူးနဲ့ အဖိတ်ခံရရင် ဂုဏ်ယူပြီး အိတ်ထောင်ထဲ လူမြင်အောင် တပြုပြုထည့်ထားတတ်ကြသတဲ့ ... လူကလည်း တမြွှားမြွှား မြွှောက်နဲ့ ရှိတတ်တယ်လို့ အမေတို့က ပြောဖူးတာပဲ ... အဲဒါ ... အဲဒါ ..."



"ပြောပါ ကြာဖြူရဲ့ ..."

"ဟိုလေ ... ဆရာမကို အိမ်ပေါ်တင်ထားတာကို ပြောတာ ... လေးလေးနဲ့ စကြတာပေါ့ ဆရာမရယ် ..."

မပုန်းရည် သဘောပေါက်ရပါ၏။ အဲသလို စ,ကြရင် ကိုကြာစွယ်ကကော ဘယ်လိုတုံ့ပြန်သလဲ ကြာဖြူကို မေးရသည်။

"အဲသလိုများစ,ရင် လေးလေးက လုံးလုံးမကြိုက်တာ ... မျက်နှာကြီး အိုပြီး ခင်ဗျားတို့ တော်ရုံစ,ကြ ... ဒါမျိုး ကျုပ်မကြိုက်ဘူးတဲ့ ... ခများ ကြားသွားရင် ကျုပ် ခွေးဖြစ်မှာပေါ့တဲ့ ... တောစကား တောပျောက် ... သည်စကား သည်မှာတင်ရပ် ... ကျုပ်လက်သီး မပူချင်ဘူး ဘာဘူးနဲ့ ပြန်အော်တာပဲ"

သည်လို ပြန်ကြားရလို့လည်း မပုန်းရည် စိတ်မခုမိပါ။ ပြောသူကလည်း သဘောဆိုးဖြင့် ပြောတာမျိုး ဟုတ်မည်မထင်။ ကိုကြာစွယ်ကြီးကို သက်သက်နောက်ကြ စကြတာပဲဖြစ်မည်။ ယောယျားသားတို့ဝသီ စချင်နောက်ချင်ကြတာ သဘာဝပင်။ မပုန်းရည်ကိုယ်တိုင်ပင် တစ်ခါတလေ စ,ချင်စိတ်ကလေး ဝင်မိသဖြင့် စခဲ့တာတွေ ရှိပါ၏။ တစ်ခါက ကိုကြာစွယ် သည်တစ်သက် မိန်းမ မယူတော့ဘူးလားဆိုတော့ "ယူပေါင်ဗျာ" လို့ ငုံးတိတိဖြေတာကို မှတ်မိသည်။

"ကိုကြာစွယ်က မယူတာထားပါတော့ ... တစ်ဖက်ဖူးစာရှင်မိန်းကလေးက နစ်နာတာပေါ့ ... ဖူးစာရေးနတ်က အတွဲတွဲပေးထားတာရှင့် ..."

"ကျုပ်မှ မသိရဘဲ ... သူ့ဟာသူ တွဲချင်တွဲလေ ... သူမောင်ရှိမှာပေါ့ ... ဖူးစာရေး နတ်ဆိုတာ တကယ်မရှိပါဘူးဗျာ ... လူတွေက ပြောနေကြတာပါ"

"ဩော် ... ကိုကြာစွယ်ရယ် နဖူးစာပါတယ်ဆိုတဲ့စကား မကြားဖူးဘူး လား ... ဘယ်သူနဲ့ ဘယ်သူတော့ စုံဖက်စေဆိုတာ နဖူးမှာ စာပါပြီးသားတဲ့"

"ဒါဖြင့် ကျုပ်နဖူး ကော်ပတ်စားဦးမှပါ"

ထိုစဉ်က မပုန်းရည်မှာ ရယ်လိုက်ရတာ ...။ မပုန်းရည်က "မဟုတ်တာ ကိုကြာစွယ်ရယ် ... ကော်ပတ်စားလို့ ပျောက်ပါ့မလား ... ဘဝက စုံဖက်ရင် မင်းကုသနဲ့ ပဘာဝတီတောင် ကံဆုံကြသေးတာ မဟုတ်လားရှင့်" ဆိုတော့ မျက်နှာကြီး တည် သွားလို့ မပုန်းရည်မှာ မနည်း စကားဖာယူရပါ၏။

"သိချင်းတောင် ရှိသေးမဟုတ်လား ကိုကြာစွယ်ရယ် ... အရုပ်ဆိုးတဲ့လူဟာ လှတဲ့မိန်းမကိုမှ ရတတ်တယ်ဆိုတာလေ ... ကိုကြာစွယ်ကို ရုပ်ဆိုးတယ်လို့

www.burmeseclassic.com



ပြောတာမဟုတ်ပါဘူးနော်...သဘောကိုပြောတာ...ကိုင်း ပပဝတီလောက် လှတဲ့မိန်းမနဲ့ တွေ့ပြီဆိုပါတော့ မယူတော့ဘူးလား..."

"မယူပေါင်ဗျာ...ဟိုက ဘုရားလောင်း ကုသမင်းကြီးကိုးဗျ...ဆရာမနှယ် ကျုပ်တို့တောတော့ မိန်းမချော ယူထားလို့ ဘာအသုံးတည့်မှာတုံး နတ်ကွန်းဆောက်ပြီး ထိုးတင်ထားရုံရှိမှာပဲ"

"ဒါဆိုရင် ကိုကြာစွယ်ပြောပုံက တောသူတောင်သားဖြစ်တာနဲ့ပဲ မိန်းမချော မိန်းမလှ မယူရတော့ဘူးပေါ့...အဲသလိုလား...အဲဒါတော့ မဟုတ်သေး ပါဘူး"

သည်လိုဆိုပြန်တော့ မပုန်းရည်ကို မျက်လုံးပြူးကြည့်နေတာကလွဲလို့ ဘာမှ ပြန်မပြောတော့။ သူ့ရင်ထဲတော့ စကားတွေ ရှိပါလိမ့်မည်။

မပုန်းရည်နှင့် ကြာဖြူတို့ စကားတပြောပြောနှင့် ရွာမြောက်ပိုင်း ထွက်လာခဲ့ ကြရာ တစ်နေရာရောက်တော့ ခေါ်သံကြားလိုက်ရသည်။ မပုစွန်...။ မပုစွန်တို့က အိမ်ဆိုင်ကြီး ဖွင့်ထားသဖြင့် ဈေးဝယ်သူတွေ ရှိနေကြသည်။ မပုစွန်တို့ ကုန်စုံဆိုင် က ပစ္စည်းအမယ် စုံသား...။ မောင်နှမသုံးယောက် ရှိကြရာ၊ သုံးယောက်စလုံး အိမ်ထောင်မရှိကြ။ အပျိုကြီး လူပျိုကြီးတွေချည်း နေကြကာ ကြပ်လွန်လွန်းလို့ ဟိုဘက်နည်းနည်းတိုးပါဦး ဆိုသူတွေဖြစ်၏။ မောင်နှမသုံးယောက် တစ်ယောက်နှင့် တစ်ယောက် မတည့်ကြဟု ပြောသံကြားဖူးသည်။ အစ်ကိုအကြီးဆုံး ကိုရွှေငါးက တောင်သူ။ ညီအစ်မနှစ်ယောက်ဖြစ်သည့် မရွှေလိပ်နှင့် မပုစွန်တို့က အိမ်ဈေးရောင်း။

မပုန်းရည်တို့ ဝင်သွားတော့ မပုစွန်က ဈေးဆိုင်ကွပ်ပျစ်ကလေးပေါ် သင်ဖြူး ဖျာတစ်ချပ် ခင်းပေးသည်။ သည်မှာလည်း အညှော်နံ့တွေ မကင်းပါ။ ငရုတ်သီး ကြော်နံ့တော့ မဟုတ်။ မုန့်ကြော်နံ့တွေ စူးစူးဝေနေလေ၏။ မပုစွန်တို့ အိမ်ထောင့် တစ်နေရာမှာ မုန့်ကြော်နေကြသူတွေ အလုပ်များနေကြသည်။ ကြော်သူကကြော်၊ ဆယ်သူကဆယ်။ တစ်အိမ်တစ်အိမ် ကူကြပိုင်းကြတာကလည်း တောမလေ့ပင်။ မပုစွန်က မပုန်းရည်တို့ကို မုန့်ဖြင့် ဧည့်ခံသည်။ မပုန်းရည်ကတော့ မုန့်ညှော်နံ့တွေ နှင့်ဝင် ဝနေပြီ။ အိမ်ရှင်ကျေနပ်အောင် တစ်ဖဲ့တစ်ရွဲ့တော့ စားရပါ၏။

"ညှော်ရှောင်ရင်း ပြေးလာကြတာ မပုစွန်ရေ...ကိုကြာစွယ်က ငရုတ်သီး တွေ ကြော်နေလို့ ပြေးကြဆိုလို့ ပြေးလာကြတာ...မပုစွန်တို့ရွာကတော့ ညီပါ့ရှင်...တစ်ရွာလုံး ကုသိုလ်ယူကြတာများ ဝမ်းသာစရာ..."



"ရွာဓလေ့ပဲ ဆရာမရဲ့...သည်ရက်ဆိုရင် မုန့်ထောင်းကြ၊ မုန့်နှဲကြ၊ မုန့် လုပ်ကြ၊ မုန့်ကြော်ကြနဲ့ ဘယ်လောက်ဆင်းရဲဆင်းရဲ တတ်စွမ်းသမျှတော့ တစ်ဖဲ့တစ်ယှက်ဖြစ်ဖြစ် လုပ်ကြတာ များတယ်...ဘယ်လောက် ဆင်းရဲ ဆင်းရဲဆိုလို့ ပြောရဦးမယ်..."

မပုစွန်က လေသံကလေးနှိမ့်ကာ မပုန်းရည်နှင့် မကြေးမှုံတို့ ဘုန်းကြီး ကျောင်းမှာ ထမင်းတစ်ဝိုင်းတည်း လက်ဆုံစားကြသည့်အကြောင်း ရွာထဲမှာ ပြောမဆုံး ဖြစ်နေကြကြောင်း၊ သည်ဆရာမလေးတော့ အတင့်ရဲလိုက်တာလို့ ဆိုနေကြကြောင်း၊ ...ကို ခါးပိုက်ပိုက်ချင်တာ အန္တရာယ်များကြောင်းတွေ ပြောပြနေသည်။ မပုန်းရည် က ဒါတွေ ကြားရပြန်တော့ စိတ်စနောင့်စနင်း ဖြစ်ရပြန်ပါ၏။ မပုစွန်တို့ကိုယ်တိုင်က သည်လိုယုံကြည်နေလို့ သတိပေးနေတာများလား။ မပုန်းရည် နားပဲထောင်နေလိုက် သည်။ တစ်ခွန်းတော့ ပြောခဲ့ပါ၏။

"မကြေးမှုံလည်း ဗုဒ္ဓဘာသာဝင်ပဲ မပုစွန်ရယ်...ရတနာသုံးပါး ကိုးကွယ် ဆည်းကပ်ခွင့် ရှိရမှာပေါ့...သံဃာ့ဂုဏ်တော်ကို သူလည်း ကြည်ညိုခွင့် ရှိရမှာပေါ့...သူ့ဟာသူ ဘာပဲဖြစ်ဖြစ် ကျွန်မတို့က မပစ်ပယ်ကောင်းပါ ဘူးရှင်"

ကြာဖြူကတော့ ကလေးဝိုင်းဘက်ကို ရောက်နေသည်။ မပုစွန်တို့ မအားမှန်း သိလို့ နှုတ်ဆက်ပြီး ထပြန်ရင် ပြင်ရသည်။ မပုစွန်ကတော့ တားရှာသည်။ မပုန်းရည် ရောက်လည်ပတ်တာကို ဝမ်းသာနေပုံလည်း ရပါ၏။ မိန်းမကြီး လေး,ငါးယောက်က မုန့်တွေထည့်လာကာ မပုန်းရည်ကို ပေးနေကြသည်။ မယူပြန်တော့လည်း မကောင်း။ မပုစွန်တို့အိမ်ကဆိုလျှင် နီးတောင်းသန့်သန့်ဖြင့် မုန့်တွေ တစ်ထမ်းကြီး ထည့်ပေးနေလို့ ...ရသည်။ အပြန်လမ်းမှာလည်း အိမ်ပေါက်စေ့ မုန့်တွေ ထွက်ပေးကြလို့ လက်ခံရ သည်။ ညှော်အရှောင်ထွက်လာတာ မုန့်အလှူ လည်ခံသလိုတောင် ဖြစ်နေပါပကော။

ကိုကြာစွယ်ကတော့ ငရုတ်သီးကြော်လို့ ပြီးလေသလား၊ မပြီးလေသလား ...။ မုန့်တွေကတော့ ရကြလှပြီ။ မပုန်းရည် အိမ်ပြန်ရောက်တော့ တပည့်ကလေးတွေ ...နေကြသည်။ မုန့်ခြင်းတောင်းကလေးတွေကိုယ်စီနှင့်။ မုန့်တွေကို ဖက်ရွက်ကလေး ...နှင့် ထုပ်လို့။ မပုန်းရည်က အိမ်ပေါ်မှာ ဆန်ကောကြီးတစ်ချပ်ခင်းကာ လာ... ...သမျှမုန့်တွေ တူရာ တူရာ ခွဲထားလိုက်သည်။ မုန့်ဆီကြော်၊ မုန့်ဖက်ထုပ်၊ ...ခဲဖွယ်၊ မုန့်ကြက်အူ၊ မုန့်ပျားတူအုံ၊ မုန့်လက်ကောက်ကြော်၊ မုန့်...ကြော်၊ ...စုံလို့။ မနက်ဖြန် မပုန်းရည်ပါ မုန့်တွေ သံဃာလောင်းလှူ...ပြီ။ ပိုတာတို့

www.burmeseclassic.com

www.burmeseclassic.com



ဘဲတဲစုကို ပို့နိုင်းရမည်။ အထူးသဖြင့် မကြေးမှျင်တို့အိမ်ကို ရောက်အောင်ပို့ခိုင်း ရမည်။ မောင်တက်လူကိုပဲ ခေါ်ခိုင်းရတော့မည်။

"ကျောင်းရှေ့မှာ ပဒေသာပင်တွေ ရောက်ပြီတဲ့ဆရာမ...မိုးချုပ်ရင် မီးထွေ ထွန်းပြီး စာရေးတံမဲတွေ ချိတ်ကြမှာတဲ့"

မပုန်းရည်လည်း ပြက္ခဒိန်နှင့် ငွေငါးရာ စာရေးတံမဲအဖြစ် လှူသည် သည်ကုသိုလ်ကောင်းမှု ပြုရတာကိုပင် ကြည်နူးရပါသော်ကော။

"ဆရာမ ရေမိုးချိုးပြီးရင် လျှောက်ကြည့်ရအောင်...ကြာဖြူလည်း ရေ ချိုးချေတော့...ဆရာမ အပေါ်ခဏတက်လိုက်ဦးမယ်နော်"

မပုန်းရည်ပင် ငြိမ်းစီစီဖြစ်နေခဲ့သည်။ ရေချိုးလိုက်လျှင်တော့ လန်းသွားပြ ထင်ပါ၏။ ခက်တာက ဘိုးကြီးတို့ဝိုင်းထဲမှာ လူတွေ များလွန်းနေတော့ မောင် ရေဆင်းချိုးမည်။ ခဏကလေး မေးလိုက်သည်။ ထိုစဉ်မှာပင် ရွာကျောင်းဘက်ဆီ အသံချဲ့စက် ရေကင်းရိုက်သံ ပေါ်လာခဲ့လေပြီ။

□

မောင်းကုန်း။

မောင်းကုန်တစ်ရွာလုံး ဝတ်ကောင်းစားလှတွေနှင့် တစ်အိမ့်တစ်အိမ် ကူးလူးနေကြသည်။ မပုန်းရည်တို့ ကလေးတွေကတော့ သည်လို ဝါဝင် လယ်နတ်တင် မိုးနတ်တင်ပွဲတွေမှာ ချက်ပေါက်အောင် စားကြရတာကိုပဲ ပျော်ကြရသည်။ အဘိုးလေး က သည်ကုသိုလ်ကို အမြဲယူသည်။ လယ်နတ်၊ မိုးနတ် ပသ,သည်ဆိုသော်လည်း ဘုရားကျောင်းကန်ကိုလည်း ကပ်လှူ၊ အချင်းချင်းလည်း မုန့်ဝေ မုန့်ကမ်း ပြုကြရာ ရွာခလေ့ ဖြစ်လာခြင်းပင်။ အောက်ပြည်အောက်ရွာဆိုတော့ နယုန်လပြည့်ကျော်သည် နှင့် မိုးတွေ လေတွေ သွန်သွန်ကြဲကြဲလေပြီ။ မိုးဦး မစောသည့်နှစ်ရယ်လို့ မရှိ ဝင်လယ်နှင့် နီးသည့်ရွာတွေဆိုတော့ မိုးကို ပထမဆုံး စတွေ့ရသည့် ရွာတွေဖြစ်ပါ၏ ဝါဆို ဝါခေါင် ဝါးတွင်းလတွေမှာတော့ မိုးထဲ လေထဲ ကောက်ခင်း စိုက်ခင်းသ ဝင်ကြရပြီ။

အဘိုးလေးက အဝတ်အစားသစ်တွေ ဝတ်ထားကာ မုန့်ကြော်နေသူတွေနှင့် စကားတွေပြောနေသည်။ မပုန်းရည်က အဘိုးလေး လယ်တဲနှင့် ရွာထဲက အဖိုတွေအ ပြေးပြေးလွှားလွှား။ မိုးတွေ ရွာတော့လည်း အဆောင်းမပါ၊ အကာမပါ။ ဖျားသည် နာသည်လည်း မရှိ။ ရွာထဲမှာ မုန့်တွေ များလှပေသိ အဘိုးလေးက မပုန်းရည် မုန့်တွေ သီးသန့်ချန်ထားတတ်သည်။ မခွဲ့ရုံတမယ် ကျွေးမွေးနေတတ်သည်။



မိုးရေ တက်ရေ တဖွေးဖွေးကြားက အဘိုးလေးတို့ လယ်တောအိမ်ကြီးမှာ သည်လိုရက်တွေ ရောက်ပြီဆိုသည်နှင့် လူတွေ တရုန်းရုန်း။

"ဆရာမ...ဆရာမ...အိပ်နေတာလား"

ကြာဖြူ့အသံ။ မပုန်းရည် မှေးခနဲ အိပ်ပျော်ရာက မောင်းကုန်းကို အိပ်မက် မက်နေခဲ့သည်။ အဘိုးလေးက ဝတ်ကောင်းစားလှတွေနှင့်ဆိုတော့ နေမှကောင်းရဲ့ လား။ စာရောက်မလာတာတော့ ကြာပြီ။ မပုန်းရည်ကတော့ စာတွေ ရေးပို့ပါ၏။ ရွာမှာ ပျော်ခဲ့ပါးခဲ့ ပြေးခဲ့လွှားခဲ့ရတာကို သတိရသော်လည်း အခုတော့ အညာရွာ ဘစ်ရွာမှာ ဂူနွေတစ်ခွဲသားနှင့် နေရသော ကျောင်းဆရာမကလေး ဖြစ်နေရပြီ။

"ကြာဖြူလား...နေဦးနော် ဆရာမ ရေချိုးလိုက်ဦးမယ်"

"မမလေးက ဆရာမကို ထမင်းတက်ပို့မလို့ ကြည့်ခိုင်းလို့ဆရာမ"

"အေးအေး...ရေချိုးပြီး စားမယ်...ဆရာမ ဆင်းစားလိုက်ပါ့မယ်"

"ရပါတယ်...ဆရာမ ရေသာချိုးပါ"

မပုန်းရည် ရေမိုးချိုးပြီးတော့ လတ်လတ်လောလောကလေး ဝတ်ရပါ၏။ ကျောင်းရှေ့မှာ ပဒေသာပင်တွေ၊ ဆွမ်းကြီးလောင်းအလှူတွေကို သွားကြည့်ရမှာဆိုတော့ အများရှေ့ တင့်တယ်အောင် ဝတ်ရခြင်းဖြစ်သည်။ သနပ်ခါးကလေး ပိန်းပိန်းလူးတာ နီပြာရောင် ရင်ဖုံးလက်ရှည်ကလေးနှင့် လိုက်ဖက်သော ထဘီအရောင်ကို ရွေးဝတ် လိုက်သည်။ မမလေး လာပို့သော ထမင်းပွဲကိုကြည့်ပြီး မပုန်းရည် ဝမ်းပင် ဆာလောင် လာသည်။ ဟင်းတွေက အများသား။ ကိုကြာစွယ့်လက်ရာများပင်။ ဖွယ်ဖွယ်ရာရာ ရှိလှသော ဟင်းတွေကို ကြည့်ရင်း မပုန်းရည် ပြုံးမိသည်။ မိန်းမကြီးတစ်ယောက်လို ချက်ပြုတ်နေတာ မြင်ထားတော့ အဟုတ်သားပါလားလို့ တွေးမိခြင်းကြောင့်ဖြစ် သည်။ ကြက်သားသပွတ်မြမ်း၊ ငါးပိကောင်ချက်၊ ပဲနှပ်၊ သရက်ချဉ်သုပ်၊ ငရုတ်သီးကြော် ဟင်းရွက်သုပ်၊ ဘဲဥကြော်၊ ငါးပိရည်နှင့် တို့စရာ။

"ကြာဖြူ ဆရာမနဲ့စားပါလား...မမလေးကော တစ်ခါတည်း ဝင်စား လိုက်...ကျွန်မတစ်ယောက်တည်း မကုန်ဘူးရယ်..."

မမလေးက ထမင်းပွဲပို့ရင်း ပြန်မဆင်းသေးဘဲ အခန်းထောင့်မှာ ထိုင်နေခြင်း ဖြစ်၏။ မပုန်းရည် ထမင်းစားမည်ပြင်တော့ မမလေးက ထမင်းထ,ခူးပေးသည်။ သည်မောင်နှမ တူဝရီးတစ်တွေကြားမှာ မပုန်းရည် အားနာစကား မဆိုချင်တော့သော် လည်း အားနာရသည်ကတော့ အမှန်ပင်။ ထမင်းပွဲရှေ့ရောက် ပို့ရုံက ခူးခပ်ကျွေးတြ တာကို အားနာလှသည်။ ကိုကြာစွယ့်လက်ရာတွေ အမြဲစားနေရသော်လည်း သည်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ လက်စွမ်းပြ ဖြစ်ပုံရသည်။ စားလို့ ကောင်းလွန်းလှပါ၏။ မပုန်းရည်က ဟင်းတွေ စုံအောင် နည်းနည်းစီ ထည့်စားသည်။

"ညကျ ဆရာမကြည့်ဖို့ အိမ်က တန်းလျားကြီးနှစ်လုံး လူနှစ်ယော ခေါ်ပြီး ထမ်းသွားလေရဲ့…ဆရာမ ခွေထိုးကားတစ်ကားတော့ ပြီးအော ကြည့်လိုက်ဦး…တီပီရော ခွေထိုးစက်ရော ငှားလာကြတာ ဆရာမရဲ့ အိမ်က တီပီက အဖြူအမည်းမို့လို့တဲ့…ဝမ်းဆက်ငှားရတာ ဆိုလား မတ္တရာကို ခွေမှာလိုက်တာလည်း ကြည့်ဦး…ဆရာမဇာတ်ထုပ်တွေ များမျာ ရှာခဲ့တဲ့"

"ဆရာမဇာတ်ထုပ်ဆိုတာ ဇာတ်ကားထဲမှာ မင်းသမီးက ကျောင်းဆရာ လုပ်တဲ့ကားကို ပြောတာလား"

"ဟုတ်ပါ့…သူမို့စဉ်းစားမိတယ်…ရွာက ထိုးခန်း ကြိတ်ခန်းတွေ ကြိုက် တာ…ကျွန်မက နင့်မလဲ ဇာတ်ကြမ်းကားတော့ ထည့်ပါဦးမှပေါ့ဆိုတော ထိုးတာကြိတ်တာ တစ်သက်လုံး ထိုးပါလေ့ဟာတဲ့…ခုဟာက ဆရာမ ပြမှာမို့လို့တဲ့လေ…"

ကိုကြာစွယ်ကလည်း အဟုတ်သားပါလား။ ကနေ့ည ဗီဒီယိုဇာတ်ကား တစ်ကားတော့ ကြည့်ကိုကြည့်မှ ဖြစ်တော့မည်။ ဗီဒီယိုစက်လည်း ရောက်ပြီ။ ထိုင် နေရာလည်း ခင်းထားပြီးပြီ။ ကျောင်းဆရာမဇာတ်ထုပ်လည်း ပြမည်ဆိုကာမှ လို့ မကောင်းနိုင်တော့။ ဒါကို မကြာဥက ကြိုသတင်းပေးရင်း အသိပေးခြင်းဖြစ် ထမင်းစားပြီးတော့ မကြာဥ ကျန်ရစ်ခဲ့သည်။ သိမ်းစရာ ဆည်းစရာ သိမ်းဆည် တအောင့်နေမှ ကျောင်းဘက် လိုက်ခဲ့မည်ဆို၏။

ကြာဖြူနှင့် မပုန်းရည်တို့ ကျောင်းဘက်လျှောက်ခဲ့ကြသည်။ ကျောင်း တွင်းကြီးထဲမှာ မီးစက်မီးထွန်းထားသဖြင့် လင်းလှပါ၏။ ဘုရားသုံးဆူအင် သိမ်ဇရပ်ကြီးထဲမှာ ပဒေသာပင်တွေ၊ စာရေးတံမဲ ပြက္ခဒိန်တွေဖြင့် ဝေဝေဆာနေသ ဘုရားကျောင်းဆောင်ရှေ့တွင်ရှိ စားပွဲရှည်ကြီးနှစ်လုံးမှာ ပန်း၊ ဆီမီး၊ ရေချ ဆွမ်းတော်ပွဲတွေ ကပ်လှူထားသည်။ ဘေးနှစ်ဖက်မှာတော့ သာသနာ့ပွဲနှင့် ရှာတော် ငှက်ပျောပွဲနှစ်ပွဲ။ ပဒေသာပင်တွေက လေး,ငါးပင်ရှိနေကာ ရွာဘုံ အလှူဥတ်မ မှာ လှူဖွယ်တွေ သီးသီးထနေသည်။ မပုန်းရည်က အလှူရှင်စာရင်းနှင့် အလှူ ကပ်လှူထားသော ပြက္ခဒိန်တွေကို လိုက်ကြည့်သည်။ အလှူငွေစက္ကူတွေကို ခေါ ကွက်၊ ပန်းကွက် ဖော်ထားကာ အလှဆင်ထားတာကလည်း ဆန်းသား။ ကြာဖြ လှမ်းအော်သည်။



"ဆရာမ…သည်မှာရယ်…"

မပုန်းရည်က ကြာဖြူကြည့်နေသည့် ပြက္ခဒိန်ဘက်ကို လျှောက်လာခဲ့သည်။ ရှင်မင်းသမီး မေးသန်းနု ကျောင်းစိမ်းဝတ်စုံ ဝတ်ထားသည့် ပြက္ခဒိန်။ ကြိမ်ခြင်း လေးကို လက်တစ်ဖက်က ကိုင်ရင်း မခို့တရို့ကလေး ရပ်နေပုံဖြစ်သည်။ မျက်နှာ လေးက ပြုံးလို့။ မပုန်းရည်က မေသန်းနု၏ ကျက်သရေရှိသော အလှကို သဘော သည်။ မျက်နှာကလေး အမြဲရှင်းနေကာ အပြုံးကလည်း နှလုံးသားက လာသော ပြုံးဖြစ်မှန်း သိသာလို့ဖြစ်သည်။

"ဆရာမ ဒေါ်ပုန်းရည် အလှူငွေ ၅၀၀ ကျပ်"

အလှူငွေ ၅၀၀ ကျပ်။ တကယ်တော့ မပုန်းရည် အလှူငွေ မထည့်ဝင်ရသေး အလှူငွေ ငါးရာ ထည့်ဝင်လှူဖို့လည်း ရည်စူးထားခဲ့သည်။ အခုက မပုန်းရည် လှူချင်သည့် ငွေပမာဏကိုပင် သိနေတာပါလား။ ဒါလည်း ကိုကြာစွယ့်လက်ရာပဲ ပါလိမ့်မည်။ ဘာပဲဖြစ်ဖြစ် ကိုကြာစွယ် လှူပေးထားတာကိုပဲ ကျေးဇူးတင်ရသေး

"ညည်းလေးလေးက ပိုက်ဆံစိုက်ထားတာလား…"

"မသိဘူး ဆရာမ…ရေးတာတော့ လက်ရေးလှတဲ့သူ ရေးထားတာပဲ"

ကျောင်းဆရာမပြက္ခဒိန်၊ ကျောင်းဆရာမ ပါသည့် ဇာတ်ထုပ်။ သူ့စိတ်ကူးထဲ သိလောက် စီစဉ်ထားခြင်းကပင် မပုန်းရည်ကို လေးစားချစ်ခင်စိတ်ရှိတာ ပြနေ ဟုတ်လား။ ကိုကြာစွယ် တွေ့မှ စ,ရဦးမည်။ မီးချောင်းတွေ ထွန်းထားသဖြင့် သာပင်နှင့် လှူဖွယ်တွေ လာကြည့်ကြသည့် ရွာသူရွာသားတွေ များသည်ထက် လာသည်။ လေးပန်းဆီတို့ကတော့ မီးချောင်းတစ်ချောင်းအောက်မှာထိုင်ရင်း တိုးအလှူရှင်စာရင်းတွေ ရေးနေကြပုံပေါ်သည်။ အသံချဲ့စက်ကို ကျော်ကာ ပြောနေရသဖြင့် မပုန်းရည်က သွားနှုတ်မဆက်တော့။ တီဗွီပြမည့်နေရာက နေရာ။ မကြာဥ ပြောသလိုပင် တီဗွီကတော့ ကြီးသည်။ နယ်လှည့်အငှားပြသည့် ကို ငှားခြင်းဖြစ်ပုံရသည်။ အသံချဲ့စက် ခေတ္တအသံတိတ်သွားချိန်မှာ လေးပန်းဆီ ထဲ အလုပ်ရှုပ်နေသည့် ကိုကြာစွယ်ကို ခေါ်နိုင်းလိုက်ရသည်။ ကြာဖြူက ခေါ်တော့ အင်တင်တင်နှင့် လိုက်လာပါ၏။ ကိုကြာစွယ့်ကြည့်ရတာ တော် ထားပုံပေါ်သည်။ ချွေးစေးတွေပြန်ကာ အသားတွေ ပိုလို့ပင် မည်းညစ်နေ ထမင်းပင် စားရသေးပုံမပေါ်။ ရွာကာလသားတွေကြားထဲ ဘယ်လောက်တောင် နေမှာပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြာစွယ်...ညကျ ဗီဒီယိုကားကြည့်ရင် ကျွန်မတို့ ဘယ်မှာထိုင်ရမှာ လို့ပါ"

"တန်းလျားခုံ အကျယ်ကြီးဟာကို ကြိုက်တဲ့နေရာ ထိုင်ရုံပေါ့"

"မကြာဉတို့...ကြာဖြူတို့လည်း ထိုင်ရဦးမှာလေ..."

"ကြာဖြူတို့က ဆရာမမှ မဟုတ်တာ မထိုင်ရပါဘူး...ကြာဖြူ နှင့်ဟာ တခြားမှာကြည့်"

"ကျွန်မမှာ အဖော်တော့ ရှိမှပေါ့ရှင့်...တစ်ယောက်တည်း..."

"တစ်ရွာလုံးကြည့်မယ့်ဟာ...ကြောက်စရာမလိုပေါင်ဗျာ"

"နေဦး...အလှူငွေ ငါးရာက ဘယ်သူထည့်မယ်ပြောလို့ ကပ်ထားတာလဲ"

ကိုကြာစွယ် ရုတ်တရက် မဖြေနိုင်သလို တစ်ဖက်ကို လှည့်နေသည်။ ပြီး ခပ်လေးလေး ပြောရှာပါ၏။

"ကျူပ်စိုက်ထည့်ထားတာ...ဆရာမလုပ်နေပြီး မလှူဘူးဖြစ်မှာစိုးလို့ ကျုပ်ကို ပြန်မဆပ်ရပေါင်ဗျာ"

"မဟုတ်တာပဲရှင်...ကျွန်မက စ,တာပါ...မနက်ကျမှ ယူတော့နော် ကျွန်မကလည်း ငါးရာလှူဖို့ စိတ်ကူးထားတာ...ကိုကြာစွယ် ဘယ်လိုလုပ် သိသလဲ"

"ဘယ့်နှယ်လုပ် သိရမှာတုံး...ရမ်းလှူထားတာ"

ကိုကြာစွယ်မှာ မျက်နှာထူအမ်းအမ်းကြီး ဖြစ်နေပြီ။ မပုန်းရည်က စ,လက် နှင့် ဆက်စသည်။

"ပြီးတော့ ရုပ်ရှင်မင်းသမီး မေသန်းနု ကျောင်းဆရာမဝတ်စုံနဲ့ပုံအောက်မှာ ဆရာမ ဒေါ်ပုန်းရည်လို့ အကြီးကြီးရေးထားတော့ မေသန်းနုက ကျွန်မ ဖြစ်မနေဘူးလား...လူတွေက ကျွန်မကို မင်းသမီးလောက်လည်း မလှတဲ့ လို့ ပြောကြမှာပေါ့ ကိုကြာစွယ်ရဲ့..."

"သူတို့က မင်းသမီးတွေဆိုတော့ တွန်းလုပ်ထားလို့ လှတာပါဗျာ...ပင်ကိုယ် ဟုတ်ဖို့ လိုတာပါ"

"ကျွန်မက ပင်ကိုလှတယ် ပြောတာပေါ့...ဟုတ်လား"

"ဟုတ်လောက်ပါတယ်"



"နေဦး...ညကျတော့ ဘာကားတွေ ပြမှာတုံး...ကျောင်းဆရာမဇာတ်ကား တွေဆိုရင် ကျွန်မ မကြည့်ဘူးနော်...ရှက်တယ်"

ကိုကြာစွယ် ခေါင်းကို တွင်တွင်ကုတ်သည်။ မပုန်းရည်ကို မကြည့်ဘဲ လေးပန်းဆီတို့ဘက်သွားဖို့ ခြေတလှုပ်လှုပ် လုပ်နေပါ၏။ မျက်နှာပြားပြားကြီးပင် ပြားသွားသည် ထင်ရသည်။ တကယ်ထင်လို့လားတော့ မသိ။ မျက်နှာတွေ ပျက်နေ ရှာသည်။

"ကျောင်းဆရာမ ဇာတ်ထုပ် ပါတယ်ပြောတာပဲ...ကြည့်လို့ပေါ့ဗျာ"

ကိုကြာစွယ် ထွက်သွားတော့မှ မပုန်းရည်ရော ကြာဖြူပါ ရယ်ကြရသည်။ ညနေက တန်းလျားပေါ် ထိုင်ကြရင်း စည်ကားသိုက်မြိုက်အောင် ပြင်ဆင်ထား ကြသော လေးပန်းဆီတို့ ဘယ်လောက်ပင်ပန်းရှာလိမ့်မလဲ တွေးနေမိသည်။ အလှူရှင် ဆွေက များလှသည်။ ပဒေသာပင်တွေထဲမှာ သကြားစက် ဝန်ထမ်းများကောင်းမှုလို့ ရေးထားသည့် ပဒေသာပင်လည်း ပါတာ သတိထားမိသည်။ ကိုမျိုးသွင်တို့များ လာနေကြဦးမှာလား။ ကိုမျိုးသွင်ကို မတွေ့တာ ကြာပြီ။ တန်းလျားခုံရှည်ကြီးနှစ်လုံး ချထားသဖြင့် လာချင်လည်းလာနိုင်သည်။ မပုန်းရည်နှင့် တစ်ခုံတည်းလာထိုင်လျှင် တော့။ ရွာသူ ရွာသားတွေရှေ့မှာ အဲသလိုတော့ မထိုင်ချင်။ လေးပန်းဆီ အနား ရောက်လာမှ အတွေးပြတ်ရသည်။

"ဆရာမတို့က တစ်ခုံ...ဆရာမ မစိန်တို့ မိသားစုက တစ်ခုံ ချထားတာ... ကျယ်ကျယ်ဝန်းဝန်းထိုင်ကြ"

"ကျွန်မက ဧည့်သည်တွေ လာဦးမယ်ထင်နေတာ လေးပန်းဆီရဲ့"

"မလာဘူး...မနက်မှ လာကြမှာ..."

တော်ပါသေးရဲ့။ ထိုညက ဗီဒီယို တစ်ကားပြီးအောင် မပုန်းရည် ထိုင်ကြည့် သည်။ ရုပ်ရှင်မင်းသမီး စိုးမြတ်သူဇာ ကျောင်းဆရာမအဖြစ် သရုပ်ဆောင်သည့် ဇာတ် ကားကို စ,ပြခြင်းဖြစ်၏။ ကိုကြာစွယ်ကိုတော့ အရိပ်အယောင်မျှပင် မမြင်ရ။ ရွာ သူတော့ အုံးအုံးထအောင် အားပေးကြသည်။ ရွာဈော်တော့လည်း မပုန်းရည် စိတ်ချမ်းသာ ရပါ၏။ မပုန်းရည်တို့ ဗီဒီယိုကြည့်နေခိုက်မှာ မုန့်ပွဲတွေ ရောက်လာသည်။ လက်ဖက် သုပ်အချိုပင် ပါသေးသည်။ မမစိန်က မပုန်းရည်တို့ခုံမှာ လာကြည့်သဖြင့် စကားပြော ရင်း စားရင်း တစ်ကားပြီးအောင် ကြည့်လိုက်ရသည်။ ဒုတိယကား စမည်ဆိုတော့ မပုန်းရည် ပြန်ဖို့ စိတ်ကူးလိုက်သည်။ မနက်စောစော ထရမှာရှိသေးသလို၊ နှစ်ကား ဆက်တိုက် မကြည့်နိုင်တာလည်း ပါပါ၏။ မကြာဉတို့၊ ကြာဖြူတို့ကတော့ ပြန်ချင်ပြီ

www.burmeseclassic.com

www.burmeseclassic.com



သေးပုံ မပေါ်။ မမစိန်ကလည်း တစ်ကားထပ်ကြည့်ဦးမည်ဆို၏။ မပုန်းရည် တစ်ချက် တွေသွားမိသည်။

"ထပြန်လို့ မကောင်းပါဘူးလေ…သူတို့ခမျာ သည်လိုဘုရားပွဲရောက်ကာမှ တစ်နှစ်တစ်ခါ ကြည့်ကြရရှာတာ…'ကြည့်စေချင်လို့ လုံးပန်းထားကြတာ ကို ထပြန်လို့ မဖြစ်သေးပါဘူး…မမစိန်လည်း ရှိတာပဲ"

မပုန်းရည် မပြန်ဖြစ်တော့။ ဒုတိယဇာတ်ကား ပြပြီ။ ကျောင်းဆရာ ဇာတ်ကားပင်။ မမစိန်က ကြာစွယ်လက်ချက်နေမှာဆိုလို့ ပြုံးမိရသေးသည်။

ဂ

မနက်စောစော သုံးနာရီသာသာတွင် ထွက်ပေါ်လာသော အသံချဲ့စက်၏ ရေကင်းရိုက်သံက မပုန်းရည်ကို လှုပ်နိုးလိုက်သည်။ ညက အများနှင့်ရောကာ ဗီဒီယို နှစ်ကားကြည့်ပြီး ကြာဖြူတို့နှင့် ပြန်လာတော့ပင် သန်းခေါင်သန်းလွဲ။ ကြာဖြူကတော့ မပုန်းရည်ကို ပို့ပြီးသည်နှင့် ကျောင်းကွင်း ဗီဒီယိုပွဲကွင်းကို ပြန်ပြေးသည်။ တစ်ရွာ လုံး လူသွားလူလာမပြတ်သဖြင့် သွားဝံ့ခြင်းဖြစ်သည်။ မပုန်းရည်က အသံချဲ့စက်သံ ကြောင့် နိုးသွားခဲ့ရသော်လည်း ချက်ချင်းမထသေးဘဲ အိပ်ချင်မူးတူး မှိန်းနေခဲ့ပါ၏။ အောက်ထပ်ဆီမှာတော့ လူသံသူသံတွေ ပွက်ပွက်ညံကြပြီ။ တစ်ရွာလုံးက ဆွမ်းချိုင့် ဆွမ်းဟင်းတွေ ပို့ကြလိမ့်မည်။ အိုးကြီးချက်၊ အိုးကလေးချက်၊ ဆွမ်းအမယ်တွေ စုံရော့မည်။ လယ်စိုက် ရွာဆိုတော့ ဆွမ်းတွေ ဖောင်းလန်အောင် လောင်းကြလှူကြ နိုင်လိမ့်မည်။ မုန့်ဆီကြော်၊ မုန့်ဖက်ထုပ်တွေက ပုတ်တောင်းကြီးပင် ပြည့်လောက် သည်။ ဘုန်းကြီးကျောင်း လည်ပေါ်အဆင့်မှာ ချိတ်ထားသည့် အော်လံကြီးလေးလုံးက ထွက်ကျလာသော ရေကင်းသံတွေ တစ်ရွာလုံး ကြားနေရသည်။ ရေကင်းသံပြီးတော့ တချီခန့် အူခန့် အသံတွေထွက်လာပြီး ကြုံရာလူက ကျရာလူ ခေါ်ကြတော့သည်။

"ဟလို…ဂူး…ဖူးဖူး…လေးပန်းဆီ…လေးပန်းဆီ ကျောင်းကို အမြန်လာ ပါ…ဂူး…အူ…အူ…ကျွိ…ကျောင်းအောက်မှာ နေရာလုပ်ထားတယ် ပြော နေမှကွာ…မင်းတို့နှယ်…တစ်ခါပြော သိရောပေါ့…ဟလို လေးပန်းဆီ… နောက်ဘယ်သူ…ဦးညွှန့်သောင်း… ဦးကုလား…ဦးစံသိန်း…ဆရာတော် ကျောင်းကို အမြန်ကြွကြပါ…ကျွိ ကျွိ…ဂူး…ဂူး…ဆွမ်းပွဲတွေ လာနေပါပြီ"

"ဟလို…လှည်းသမား ကျောက်ခဲ…လှည်းကောက်ပြီး ကျောင်းကို အမြန် လာပါ"

"ရွာသူရွာသားများခင်ဗျား…ဆွမ်း,ဆွမ်းဟင်းများ ပို့နိုင်ကြပါပြီခင်ဗျား…"



မပုန်းရည်က သည်အသံတွေကို နားမငြီးပါ။ သူတို့သုံးနှုန်းပုံ၊ ခေါ်ပုံ ထူးပုံကို ကြားရရုံမက သူတို့ ဘာတွေဆောင်ရွက်နေကြသည်ဆိုတာ အိပ်ရင်းက သိနိုင်သည်။ သီချင်းတွေ၊ ဇာတ်ထုပ်တွေ၊ အသံပြဇာတ်တွေ၊ တရားတော်တွေကို တစ်ဆက်တည်း ကြားချင် နာချင်လို့တော့ မရ။ ကြုံသူက ကြုံသလို မိုက်ခွက်တောင်းကာ အော်ကြတာ ကိုတော့ သည်းခံရသည်။ ဆွမ်းလောင်းပွဲနှင့် မဆိုင်တာတွေကိုလည်း အော်လို့ရသည်။

"လှကြီး…မတွေ့ရသွားကာနီး ဒေါ်သောင်းတို့အိမ် ဝင်ခဲ့စမ်းပါတဲ့…မှာစရာ ရှိလို့တဲ့…ဟယ်လို…လှကြီး ကြားသလားဟေ့…သွားပလားတောင် မသိ ဘူး…သည်ကောင်က နားပင်းကိုးကန်းနဲ့တော့ ခက်နေပါပြီ…လှကြီး… ဒေါ်သောင်းက အရေးတကြီး မှာစရာရှိပါသဖြင့်…"

ရွာက လှကြီးကိုလည်း သိကြသည်။ ဒေါ်သောင်းကိုလည်း သိကြသည်။ တွေ့ရာကို အရေးတကြီး မှာချင်တာကိုလည်း သိကြရသည်။ လှကြီးက နားပင်းကိုးကန်း နေသည်" ဆိုတာကတော့ အော်သူ၏ မှတ်ချက်ဖြစ်သည်။ သည်လို အော်ပွဲ ခေါ်ပွဲ ပြီးပြန်တော့ နဂိုမူင်လက်စသီချင်း ပြန်လာချင်လာမည်။ နောက်တစ်မျိုး ဖြစ်ချင်လည်း ဖြစ်သွားနိုင်ပါ၏။ ရွာအပျိုခေါင်း မစောကြည်ကတော့ အပျိုတွေကို သူမှ နိုင်သည်။

"မွေစကြာ ဝတ်အသင်းက မိန်းကလေးတွေ…ဘာတွေများ လုပ်နေကြတာ တုံးဟေ့…လင်မရှိ သားမရှိဟာမတွေ အမြန်လာကြဟေ့…တကတည်း တော် ဘယ်ချိန် ဝတ်ရွတ်ကြမှာတုံး…နောက်ထပ်မခေါ်ပါရစေနဲ့ဟေ့…"

'ဟေ့'ဆိုသည့် နောက်ဆုံးအသံက အော်လည်းအော် ဆွဲလည်းဆွဲဆိုတော့ အပျိုတွေ ကြောက်လောက်သည်။ ရွာလမ်းပေါ်မှာ ဖျိုးဖျိုးဖျောက်ဖျောက် သွားလာ နေကြသည့် အသံတွေ ကြားရပြီ။ ခြေထောက်ကို လွတ်အောင် မ,မကြွဘဲ လမ်းနှင့် ဒေါ်း ပွတ်ဆွဲသလို တရွတ်တိုက် ရှပ်တိုက်သွားကြတာဆိုတော့ မကြားချင်လို့လည်း ရေး မနက်ခင်း လေးနာရီကျော်ကျော်မှာတော့ မပုန်းရည် အိပ်ရာက ထပြီး အောက်ဆင်း ကိုယ်လက်သန့်စင်ပြီး ပြန်တက်လာခဲ့သည်။ တန်ဆောင်မုန်း မနက်ခင်း က အေးချင်ပြီ။ အဝတ်အစားကောင်း မဝတ်သေးဘဲ အောက်ထပ်ကို ဆင်းတာ ကူညီလုပ်ကိုင်ပေးသည်။ ကိုကြာစွယ်တော့ မရှိ။ ချက်ပြီးသား ဆွမ်းနှင့်ဆွမ်းဟင်း တွေကို ပြန်နွှေးနေကြခြင်း ဖြစ်၏။

မကြာဥက ရွှေတွေ ညွှတ်နေအောင် ဝတ်ထားသည်။ ဘွားကြီးကလည်း တုတ်တုတ်ကြီး ထိုင်နေသော်လည်း ဆွဲကြိုး ချက်ရိုက်ကြီးမှာ ဒေါ်လာပြားကြီး ပါ သေးသည်။ မပုန်းရည် ရောက်လာတော့ ဘွားကြီးက ထိုင်နေသည့် ခုတင်စွန်းနား

www.burmeseclassic.com

www.burmeseclassic.com



ခေါ်သည်။ သံဘူးရှည်ကြီးတစ်ဘူးကို မ,ယူကာ ဝေါခနဲ သွန်ချလိုက်၏။ ရွှေတွေ ဆွဲကြိုးတွေ၊ လက်ကောက်တွေ၊ လက်စွပ်တွေ၊ နားတောင်းတွေ၊ ရွှေဒင်္ဂါးတွေ လက်ဝတ်ရတနာချင်း ယှက်လိမ်ကာ အထွေးလိုက်ကြီး ဖြစ်နေသည်။

"ဆရာမ...ကြိုက်တာယူဝတ်...လက်ကောက်နှစ်ရံနဲ့ လက်စွပ်နှစ်ကွင်း လောက်ဝတ်မှ လှမှာ...ဆွဲကြိုးက ဟောသည် ငါးကျပ်သားကုံးကို ဆွဲ နေဦး...စိုက်ဘီး လိုဦးမလား..."

မပုန်းရှည်က ဘာပြောရမှန်းမသိဘဲ ကြောင်သွားခဲ့သည်။ မပုန်းရှည် ဆွဲကြိုး ရှင်မျှင်ကလေးဆွဲနေကျပင်။ ရွှေရယ်လို့ ပြူးပြူးပြောင်ပြောင် မဝတ်ချင်တာ ပါသည်။ ရှိတာလေးကို ကုပ်ရှင်းရှင်းကြီးမဖြစ်အောင် ရွှေဝတ်သည်ဆိုရုံ ဝတ်ထားခြင်းဖြစ်၏။ အခုလို ရွှေတွေ အတုံးလိုက် အတစ်လိုက် ဝတ်ရမှာမျိုးကို မပုန်းရှည် ရှက်သလိုလို ခံစားရသည်။ ပြီးတော့ ရွှေဌားဝတ်ရတာမျိုးလည်း မဖြစ်ချင်။ ကိုယ့်ပစ္စည်းမဟုတ်ဘဲ ဟိတ်ကောင်းရုံ ဝတ်ထားရတာကို လိပ်ပြာမလုံချင်။

"ဘွားကြီးရယ်...ကျွန်မ မဝတ်ပါရစေနဲ့...တာဝန်ကြီးလွန်းလို့ပါရှင် ပြီးတော့ ဝတ်လေ့လည်း မရှိတော့..."

"ဝတ်ပါ ဆရာမရဲ့...ပျောက်သွားစမ်းပါစီ...ရွှေဝတ်မှ လှတင့်တယ်တယ် ကျုပ်တို့လည်း အိမ်မှာနေရင်း မဝတ်ကြပါဘူး...ပွဲလမ်းရှိတော့မှ ဝတ်ရ တာပေါ့...ဝတ်ပါ...ကြိုက်တာယူဝတ်"

"မဝတ်ပါရစေနဲ့ ဘွားကြီးရယ်..."

မတတ်နိုင်ပါ။ ရှေ့မျက်နှာ နောက်ထားပြီး မပုန်းရှည် ငြင်းရတော့သည်။ ဒါတောင် ဘွားကြီးက မလျှော့ပါ။ မကြာခင်က မအေကို လှမ်းဟန့်တော့မှ ရပ်သွား ခြင်းဖြစ်၏။ ဝိုင်းဝန်းလုပ်ကိုင်ပေးပြီး အိမ်ပေါ်ပြန်တက်ခဲ့ကာ အဝတ်အစားသစ် လဲ ပါ၏။ နံ့သာနုနု ဇာအင်္ကျီလက်ရှည် ရင်ဖုံးကလေးနှင့် ချည်ချိတ်ရှားညိုခံမှာ နံ့သာ ရောင် ကျေးတစ်ရာဆင်ကလေး ရွေးဝတ်လိုက်သည်။ ရွာလမ်းပေါ် မပုန်းရှည်ရောက် လာတော့ ဆွမ်းပို့သူများနှင့် စည်ကားနေပြီ။ မပုန်းရှည် ကျောင်းဝင်းထဲအဝင် ဖိနပ်ချွတ်လိုက်ချိန်မှာ အသံချဲ့စက်က အော်သံကြီး ထွက်လာပါ၏။

"ဆရာမ ဒေါ်ပုန်းရှည် လာနေပါပြီ...ဟဲလို...ကျွိ...ကွိ ကွိ...ဆရာမ ဒေါ်ပုန်းရှည် ကျောင်းဝင်းထဲ ဝင်လာပါပြီခင်ဗျား..."

သည်တစ်ခါ အော်သံကိုတော့ မပုန်းရှည်ပင် တွန့်သွားရသည်။ ကျောင်းဝင်း ဝင်လာတာကအစ မိုက်နှင့် ကြေညာနေတာကို နားမလည်နိုင်။ ဘာရယ်မဟုတ်ဘဲ



ပုန်းရှည်ကို ဖျတ်ခနဲအတွေ့မှာ အော်လိုက်ခြင်းသာဖြစ်မည်။ ကျောင်းပေါ်ရောက် တော့ ဘုရားကန်တော့ပြီး ဆရာတော်ကို ဝတ်ဖြည့်သည်။

"ကျောင်းဆရာမ...အစောကြီးနိုးသလား...လော်စပီကာ ဆူသလား..."

"မဆူပါဘူးဘုရား...တပည့်တော် ဆွမ်းကြီးလောင်းပွဲ အစအဆုံး ကြည့်ချင် တာနဲ့ စောစောလာခဲ့တာပါဘုရား..."

"အား...မစည်ဘဲလား...အင်မတန်စည်တယ်"

ဆွမ်းကြီးလောင်းတော့ သံဃာအပါး ငါးဆယ်ကျော်ကို မုန့်တွေ၊ ဆွမ်း ဟင်းတွေ လောင်းလှူကြ၊ စာရေးတံမဲဖောက်ကြနှင့် ကိုယ့်ရွာနှင့်ကိုယ် ပျော်စရာ ကောင်းလှပါသည်။ ဆွမ်းကြီးလောင်းလှူပြီးတော့ မပုန်းရှည်က ကျောင်းပေါ် ထောင့် တစ်နေရာ ယူလိုက်ပြီး ရေနွေးကြမ်းတစ်ခွက် ငုံ့သောက်နေလိုက်ပါ၏။ ကျောင်းပေါ်မှာ လူတွေ များလွန်းလှသည်။ မမစိန်တော့ ကျောင်းပေါ် တက်မလာသေး။ ဆရာကြီး လည်း မမြင်မိသေး။ ဧည့်သည်တွေရော ရောက်မလာကြသေးဘူးထင်သည်။ မပုန်းရှည် ကျောင်းဝတ်စုံနှင့် မဟုတ်ဘဲ အရပ်ဝတ် လှလှပပနှင့်ဆိုတော့ တချို့က လှမ်းကြည့် ကြသည်။

"ဟော ဧည့်သည်လာသဟေ့...လမ်းဖယ်ပေးကြပါဟ...ဖျာတွေ ရှင်းကြ ပါဟ..."

တစ်ယောက်၏ အော်သံကြောင့် မပုန်းရှည် ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

ဧည့်သည်က အင်္ကျီ ပန်းဆီရောင်၊ တောင်မြို့ချိတ် ပန်းဆီရောင်နှင့်ဖြစ်ပြီး တစ်လက်မပြားလောက် ရွှေဆွဲကြိုးကြီးကို အင်္ကျီပေါ် တင်ဆွဲထားသည်။ ပန်းဆီ ရောင်က မည်းလှသောအသားနှင့်ပြိုင်ကာ စူးတောက်နေပါ၏။ လက်မှာလည်း လက်ကောက်ကျောက်ချိန်းကြီး ပါသေးသည်။ တစ်ဖက်မှာက နာရီ အကြီးကြီးတစ်လုံး ပတ်လိုက်လို့ မျက်နှာမှာ မိုးပွင့်တွေ ပြာနေအောင် လူးထားတာ သိသာလှသည်။ ဧည့်သည်က မပုန်းရှည်ကို တွေ့လိုက်တော့ ချာခနဲလှည့်ကာ ကျောင်းမကြီးအတွင်းဘက် ထိုးဝင် သွားလေသည်။ မပုန်းရှည် ပြုံးလိုက်ပါ၏။

ဘယ်သူပါလိမ့်လို့...။ ကိုကြာစွယ်ရယ်...ဖြစ်ရလေ...။

www.burmeseclassic.com

www.burmeseclassic.com

(၁၃)

ကျောင်းမကြီးက ကျွန်းတိုင်များဖြင့် ဆောက်ထားသော ကျောင်းကြီးဖြစ်သည် နှစ်ပေါင်းများစွာကတည်းက ရေနံရည် ဝချင်တိုင်းဝကာ မည်းမည်းချိတ်လျက်ရှိ ဖိနပ်ချွတ်ခုံခံကျယ်ကျယ်၊ ကျွန်းလှေကားနှစ်စင်းပြိုင်၊ အမိုးနိမ့်နိမ့်က တက်သွားလျှင် ကျောင်းကပြင်ကို ရောက်သည်။ တစ်ဆင့်တက်လိုက်တော့မှ ခန်းမသဏ္ဌာန် ကျယ်လွင် လှသော ပရိသတ်စုဝေးရာ နေရာကို ရောက်သည်။ ရှေ့ပိုင်းတွင် ဘုရားဆောင်ရှိ ဘုရားဆောင်တွင် ဆီမီးများ၊ ပန်းရေချမ်း၊ အမွှေးတိုင်များဖြင့် ပူဇော်ထားလေ့ရှိသည် အခါကြီးရက်ကြီးမဟုတ်သည့်ရက်များတွင်လည်း ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင် မပြတ်ပါ။ ရွာတွင်းရွာပ ကျောင်းကို ရည်စူးရောက်ကြရသူတိုင်း ပန်းတစ်စည်း ဖယောင်းတိုင်တစ်ထုပ်တော့ အနည်းဆုံး ကပ်လှူပူဇော်ရန် ပါနေကျပင်။

ဘုရားဆောင်ရှိ ကြေးဆင်းတုတော်ကြီးက သပ္ပာယ်လှပါသည်။ ရောင်ခြည် တော်စက်ဝန်းတွင် မီးပွင့်များဖြင့် ရောင်ခြင်တော် ကွန့်မြူးသကဲ့သို့ ပူဇော်ထားသည် ဆရာတော်ဘုရားက ရှေ့ဆုံးတွင် သစ်သားပလ္လင်တစ်လုံး ချထားသော်လည်း ပလ္လင် အောက် ကော်ဇောတစ်ချပ်ပေါ်တွင် ထိုင်တော်မူလျက် ရှိပါ၏။ ရှေ့မှာတော့ ယွန်း ကွမ်းအစ်ကြီးတစ်လုံးရှိသည်။ ဘုရားပွဲရက်မို့ ကျောင်းအပေါ်ထပ် ကြမ်းပြင်အပြည့် သင်ဖြူးဖျာများ ခင်းကာ စားပွဲဝိုင်းတွေ ချထားသည်။ စားပွဲခင်းသန့်သန့် ခင်းထား ကြကာ ရေနွေးပွဲ၊ လက်ဖက်ပွဲများ သပ်သပ်ရပ်ရပ် ချထားကြပါ၏။

ရွာသူရွာသားတွေက ကျောင်းအောက် သစ်ရိပ်ဝါးရိပ်များမှာလည်း စုစု စုစု ရှိနေကြသလို၊ ကျောင်းမကြီးအောက်တွင်လည်း အပြည့်ပင်။ ကျောင်းကြီးပေါ်



ညည်း ဝေယျာဝစ္စ ဆောင်ရွက်ကြသူများ၊ လူကြီးသူမများနှင့် အရွှာရွှာက ဧည့်သည် ဖြင့် ကျောင်းခန်းမ ပြည့်လုမတတ် ရှိနေကြသည်။ လူသံသူသံ အသံချဲ့စက်သံများ ကြင့် ကလေးတွေ ပွက်ပွက်ရိုက်နေကြတာလည်း ရှိသည်။ ဘုရားဆောင် တစ်ဖက် ထဲမှာတော့ ဘုရားပွဲကို ကြွရောက်လာတော်မူကြသော အာဂန္တုကိုယ်တော်များ င်းသုံးတော်မူလျက်ရှိကြပါ၏။ ရွာခံဆရာတော်ကြီးက ကွမ်းသီးကိုသာ သဲသဲမဲမဲ ညက်နေခဲ့သည်။ လူကြီးတစ်ယောက်က ဆရာတော်ကြီးကို သက်န်းလဲရန် လျှောက်နေ ကိုလည်း မပုန်းရည် ကြားနေရသည်။

"ဆရာတော်ကြီးက သင်္ကန်းလဲဦးလေဘုရား…ရွာပေါင်းစုံက လာကြ မှာ…နတ်ရေကန်ဘုန်းကြီး အရောင်မထွက်ဘူး ဖြစ်နေပါဦးမယ်"

ဆရာတော်ကြီးက ကွမ်းသီးညှပ်ရင်း လှမ်းကြည့်သည်။ ဆရာတော်ကြီး ကြည့်ကို မပုန်းရည် ပြုံးမိသည်။

"အာ…ဘုန်းကြီး ဘာရှိုးထုတ်စရာရှိလဲ…ကျုပ်သင်္ကန်းဝတ်ထားတာပဲ… သင်္ကန်းအသစ်မှ မဟုတ်ဘူးလေနော…စင်ကြယ်ဖို့လိုတာလေ…ဟုတ်တယ် မဟုတ်လား ဒကာမကြီး ဒေါ်ပုန်းရည်"

ဆရာတော်ကြီးက ရိုးသားတော်မူသလောက် အလိုနည်းလှသည်။ ယောနယ် ဆိုတော့ လေယူလေသိမ်းကအစ စကားတန်ဆာဆင်မနေဘဲ လိုရင်းကိုသာ တော်မူတတ်သည်။ အမြဲတမ်း ခြိုးခြိုးခြံခြံရှိ၍ ဘယ်အရာကိုမှ တပ်မက်တော်မူ ရှိ။ "ပိုနေလျှင် လျှုရတယ်…တပ်မက်မိရင် မကောင်းဘူး" လို့ အမြဲမိန့်တတ် ။ အခုလည်း သင်္ကန်းအဟောင်းမဟုတ်သော်လည်း သင်္ကန်းတော် အရောင်မှိန် ကို လျှောက်တင်ခြင်းဖြစ်သည်။ မပုန်းရည်ကို လှမ်းမေးတော်မူနေပြီ။

"တင်ပါ့ဘုရား…သင်္ကန်းရောင်မှိန်လို့ လျှောက်တာပါဘုရား…အရှင်ဘုရား သင်္ကန်းလဲလိုက်တော့ ပိုပြီး ကြည်ညိုဖွယ်ဖြစ်နိုင်တာကို လျှောက်တာပါ ဘုရား…"

"သင်္ကန်း ဆိုတာ အရဟတ္တဓဇ ခေါ်တယ်…ရဟန်းရဲ့ အလံတံခွန်လို့ ပြောတာ…ဖန်ရည်ဆိုးလို့ ကာသာဝ ခေါ်တယ်…လမ်းမှာ ပုံသကူပစ်တဲ့ သင်္ကန်းကိုတောင် သတ္တဝါတွေ လက်အုပ်ချီ ကန်တော့ထိုက်တယ်မဟုတ် လား…ဘုန်းကြီးများဟာ အဝတ်နဲ့ပတ်သက်လို့ မစွဲလမ်းရဘူး…ဘာ မှတ်တုံး…"

မပုန်းရည်လည်း မလျှောက်သာတော့။ နဂိုက တင်လျှောက်မိသော လူကြီး ည်း ထပ်မလျှောက်တော့ဘဲ အသာငြိမ်သွားသည်။ ထိုစဉ်မှာပင် ရွာလူကြီး

www.burmeseclassic.com



ဦးပန်းဆီ ရောက်လာက လှူဒွယ်ပစ္စည်းတွေ စီထပ် နေရာချသည်။ သင်္ကန်းဘူးများ တံဘက်များ၊ ဖိနပ်များ၊ သပိတ်၊ သပိတ်လွယ်များ စသည်ဖြင့် များလှပါ၏။ ဦးပန်း က လက်အုပ်ချီကာ ထမည်အပြု ဘုန်းကြီးကို မြင်သွားသည်။

"ဘုန်းကြီး...သင်္ကန်းလဲဦးလေဘုရား...ဘုရားပွဲတော်ရက်ကြီး..."

"လာပြန်ပြီတစ်ယောက်...ငါသင်္ကန်းပဲ ပြောနေကြပါလား...အား...မလဲ နောက်တစ်ယောက်လာမယ်ထင်တယ်နော..."

မပုန်းရည်က သူ့ဆရာတော်နှင့် သူ့ရွာ မြင်ရ ကြားရတာကိုပင် ဝမ်းသာ သည်။ ဆရာတော်လည်း မနေသာတော့ အခန်းတွင်း ကြွတော်မူသည်။ ပြန်ထွက် တော့ ပိန္နဲရောင် သင်္ကန်းနှင့်ဖြစ်၏။ ထိုအချိန်မှာ ဦးပန်းဆီ မရှိတော့။ လူကြီးတွေ လက်အုပ်ချီကာ ပြုံးကြည့်နေကြသည်။ ဆရာတော်ကြီးက ထိုင်တော်မူကာ ကွမ်း ကိုင်တော်မူပြန်၏။

"အား...ခက်တာပဲ...သင်္ကန်းတစ်ထွာတစ်ညှိုဝတ်ရင်တောင် သာသနာ တည်တယ်...သင်္ကန်းဟာ သာသနာ မကွယ်ခြင်း အမှတ်အသား တယ်...ဟုတ်ကဲ့လား ကျောင်းဆရာမ..."

"တင်ပါ့ဘုရား...အခု သင်္ကန်းလဲလိုက်တော့ ပိုပြီးတော့ ကြည်ညို ကောင်းပါတယ်ဘုရား"

"အား...ကျုပ်က သင်္ကန်းဟောင်းမှ ကြိုက်တယ်...အေးတယ်။ ဟော ဒီကောင် ဘယ်သူလဲ...တယ်ထူးဆန်းပါလား...ကြာစွယ်မဟုတ်လား"

ကိုကြာစွယ်ကတော့ ဘုန်းကြီးနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ပန်းဆီ ချော်ချော်က ရှိန်ရှိန်တောက်လျက်ရှိကာ ဝတ်ထားသည့် ရွှေတွေက ပြိုးပြက်နေသည် မိတ်ကပ်လိုလို၊ အလှဆီလိုလို အရည်တစ်မျိုးလိမ်းထားသဖြင့် မျက်နှာကြီး ပြောင် လျက်ရှိပါ၏။ ကြာဖြူပြောသည့် မိုးပွင့်တွေပဲဖြစ်မည်။ ကိုကြာစွယ်က နောက် ရောက်လာသော လှူဖွယ်ပစ္စည်းတွေကို နေရာချရန် ရောက်လာခြင်းဖြစ်သည် မပုန်းရည်ကို လှည့်၍ပင်မကြည့်။ ကျောင်းပေါ်က လူတွေအဖို့ ကိုကြာစွယ်ရှိ အထူးအဆန်းဟုတ်ပုံမရသော်လည်း မပုန်းရည်ကတော့ ရယ်ချင်စိတ်ကို မျိုချနေရသည် ဒီကောင် တယ်ထူးဆန်းပါလားလို့ မိန့်ရင်း ဆရာတော်က ကိုကြာစွယ့်ကို လိုက် နေလေသည်။

"ဒီကောင် ဘယ်က ပုံသဏ္ဌာန် ကောက်လာတာပါလိမ့်...ခါတိုင်း ဒီကောင် သည်လိုမဟုတ်ဘူး"



ဆရာတော့်စကားကြောင့် အားလုံးက ရယ်ကြတော့သည်။ ကိုကြာစွယ်လည်း ပြီ။ မပုန်းရည်က ထိုင်ရတာ ကြာလာတော့ ကျောင်းနောက်ဖေးဆောင်ဘက်ကို လာခဲ့သည်။ ကိုကြာစွယ့်ကို ဦးပန်းဆီက ဖွတ်လွတ်လိုက်လို့ ရောက်လာခြင်း ဖြစ်လိမ့်မည်။ ရှိုးထုတ်ထားတော့ မပုန်းရည်ကို ရှက်နေတာ သေချာသည်။ မပုန်းရည် သည်း စချင်သဖြင့် ကိုကြာစွယ့်နောက်ကို လိုက်လာခဲ့သည်။ ကိုကြာစွယ် နောက်ဖေး မှာ မရှိ။ ကျောင်းအောက်ကို ဆင်းများသွားရော့လား။ ကျောင်းပေါ်မှာ လူတွေ လွန်းလို့ မျက်စိမှောက်တာလည်း ဖြစ်နိုင်သည်။ မပုန်းရည် ဟိုရှာ သည်ရှာ နေတော့ မေးသူက မေးကြသည်။

"ဆရာမ ဘယ်သူ့ရှာတာလဲ"

"ကိုကြာစွယ်ကြီးကို ရှာတာ...ကျွန်မ အလှူငွေ ပြန်ဆပ်ချင်လို့..."

"အဲဟိုမယ်တော်...ကုလားရွှေ ခွေးနင်း..."

မပုန်းရည် ရယ်ရပြန်ပါ၏။ ကုလားရွှေ ခွေးနင်းတဲ့။ မိန်းမအုပ်ကြားမှာ ကြာစွယ့်ကို ဝိုင်းပြီး ဆွဲလွဲနေကြလေသည်။ ဘာပြဿနာတက်သည်မသိ။ မပုန်းရည် သွားခဲ့သည်။ မပုန်းရည် မြင်ရသလောက် မိန်းမအရွယ်လတ်လတ် နှစ်ယောက်က ကြာစွယ့်ခါးက ပုဆိုးစကို ဆွဲထားကြသည်။ နှစ်ယောက်က လက်မောင်းတစ်ဖက် ချက် ကိုင်ထားကြပြီး ရှေ့ကနှစ်ယောက်လောက် ပိတ်ထားကြသည်။ ဘေးမှာလည်း ကြီး အပျိုလေးတွေ ဝိုင်းလို့။ ကိုကြာစွယ်က အလယ်မှာ မလှုပ်သာ။

"နင် ဘာမှပြောမနေနဲ့...ခွေထိုးစက်ကို ပြန်မပို့နဲ့ဦး...ကနေ့ညလည်း ပြရမယ်...နင် ကတိမပေးရင် မလွှတ်ဘူး"

"ဟာ...ခင်ဗျားတို့နဲ့တော့ ခက်နေပါပြီ...ကျုပ်က တစ်ရက်ပြပြီးပြီလေ ဗျာ...ခင်ဗျားတို့ကြည့်ချင်ရင် ခင်ဗျားတို့ဘာသာ ငှားကြလေ...ဘယ့်နှယ့် ကျုပ်လာပြီး ပြောနေတာတုံး"

"နင်က ရွာအတွက်ကျတော့ နမြောတယ်ပေါ့...မလိုချင်ဘူး...နင်မပြဘူး လား...ကနေ့ နင့်ပုဆိုးအကျီတွေချွတ်ပြီး ကျောင်းပေါ်က ပစ်ချလိုက်မယ်"

"အံမာ...လွယ်လိုက်တာ လုပ်ကြည့်လေ..."

"လုပ်တယ်ဟယ်...လုပ်တယ်ဟယ်..."

မိန်းမသားတွေက ကိုကြာစွယ့်ပုဆိုးကို ဆွဲကြ၊ အကျီကို ဆွဲကြ တကယ် လာတော့ ကိုကြာစွယ်က အော်တော့သည်။ အနားက ယောကျ်ားမိန်းမ ရှိနေ သူတွေကလည်း "လုပ်ဟဲ့...လုပ်ဟဲ့" လို့ အော်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြမယ်…ပြမယ်ဗျာ…ကိုင်း လွှတ်ကြတော့…ဟာ သည်မိန်းမကြီးနော် ဗျာ…"

"နှင်ကတိတည်နော်…မတည်ရင် ငါတို့အဖွဲ့ လိုက်လာပြီသာမှတ်…"

မပုန်းရည် သဘောပေါက်ပြီ။ မနေ့ညက ကိုကြာစွယ်က ဗီဒီယိုစက် ငှားကာ ရွာကို တစ်ညကုသိုလ်ဖြစ် ပြသခဲ့သည်။ ကနေ့ညလည်း ကုသိုလ်ဖြစ် ဆက်ပြမည်။ မိန်းမအုပ်က ၊ အကြမ်းကိုင်ကြခြင်း ဖြစ်သည်။ မိန်းမတွေက ကြမ်းလာကြတော့ ကိုကြာစွယ် မခံနိုင်တော့ပြီ။ ပြပါ့မယ် ကတိပေးရတော့သည်။ အနားမှာရှိနေကြသော မိန်းမတွေကလည်း "ဟုတ်သားပဲ…နင် ရွာကို ဓေတနာမရှိဘူးလား" လို့ ဝိုင်းအော် နေကြသည်။ တကယ်တော့ ရွာကလည်း ပြနိုင်ပါ၏။ ကိုကြာစွယ်ကို သက်သက်စချင်း ခြင်းဖြစ်သည်။ ကိုကြာစွယ် ချွေးအလုံးလုံး သံအလုံးလုံးဖြင့် မိန်းမအုပ်ထဲက ပုဆိုး တစ်ဖက်ကဆွဲပြီး ထွက်လာလာချင်း-မပုန်းရည်ကို တွေ့သွားခဲ့သည်။ ကိုကြာစွယ်က သူ့ကို မိန်းမတွေ ဝိုင်းဆွဲတာ မပုန်းရည် တွေ့ခဲ့ချေရဲ့ အောက်မေ့ကာ မျက်နှာငြိုး ထွေပွနေပါ၏။ မပုန်းရည်က ဝင်ပြောလိုက်သည်။

"ဟုတ်သားပဲ ကိုကြာစွယ်ကလည်း တစ်ရက်ထပ်ပြပါဦး…မနေ့ညက ကြည့်ရတာ မဝဘူး"

"ဟုတ်ပ ဆရာမရယ်…အဲဒါပြောတာ…နမြောနေတယ်လေ…သူ့ပိုက်ဆံ တွေ ဘယ်သူသုံးမှာတုံး…မိန်းမ မရှိ…ကလေးမရှိ…ရွာအတွက် သုံးရ မှာပေါ့"

မိန်းမတွေက တစ်ကြော့ဝင်လာတော့ ကိုကြာစွယ် မိန်းမအုပ်ထဲက လွတ် အောင်ပြေးဖို့ လမ်းရှာသည်။ ပုဆိုးက မဝတ်ရသေး။ ချိတ်ပုဆိုး ပန်းဆီရောင် မှာခေါက်ခေါက်ကို လက်တစ်ဖက်က ဆွဲရင်း လမ်းရှာသည်။

"ပြမယ်ဗျာ…ကိုင်း…ကျုပ် မတ္တရာက စက်သမားတွေကို သွားပြောဦး မှာဗျ…ပြန်ကြပလားတောင် မသိဘူး…ကဲ ဖယ်ကြပါဦး…တကတည်း ပြန်ပေးဆွဲတာသားကျလို့ဗျာ…"

ကိုကြာစွယ် ထွက်သွားတာကို ဝါးခနဲ ရယ်လိုက်ကြသည်။

ကျောင်းပေါ်မှာ လူတွေ များသည်ထက် များလာသည်။ မပုန်းရည်က နောက်ဖေးဆောင်ကို ရောက်သခိုက် ကိုမျိုးသွင်တို့အဖွဲ့ လှူဒါန်းကြသည်ဆိုသော ကျောင်းရေကပြင်ကို သွားကြည့်သည်။ ဟုတ်ပါရဲ့။ သစ်ပျဉ်အသစ်တွေ ခင်းထား သည်။ ပိုပြီး တောင့်တင်းသွားခဲ့ပြီ။ ရေကပြင်မှာတော့ အကာအရံမရှိ။ ပြန့်ကျယ်ပြီး



ဖြစ်သည်။ ကျောင်းအောက်မှာလည်း အရွာရွာက ပရိသတ်တွေ မနည်းပါ။ အားလုံး သာ ကျောင်းပေါ်တက်ကြလျှင် ကျောင်းကျိုးကျရချေရဲ့ အောက်မေ့မိသည်။ ညီကားလိုက်သည့် ဖြစ်ခြင်း။ မကြာခင်တို့ ပြောလည်းပြောစရာ။ ဆွမ်းထမင်း၊ ဆွမ်းဟင်း၊ သစ်သီး၊ မုန့်နှင့် ပန်းတွေများဆိုလျှင် ကျောင်းပေါ်ကို ထမ်းတင်နေ သည်။ ကျောင်းအောက်က အေးခုတင်ကြီးတွေမှာလည်း အပြည့်။

မပုန်းရည်ကို မောင်တက်လူ လာခေါ်သဖြင့် ပြန်လိုက်လာခဲ့ရသည်။ ဆရာကြီး ဦးခင်ဖေနှင့် မမစိန်တို့ ရောက်နေကြပြီဆို၏။ မမစိန်၏ သားနှစ်ယောက် လည်းပါပါ၏။ မမစိန် ကြည့်ပျော်ရှုပျော်ရှိသလောက် သားနှစ်ယောက်က ကိုပေါက်တူး ထွေပုံရပါသည်။ အရုပ်ဆိုးဆိုးကလေးတွေ။ သည်ကနေ့တော့ သနပ်ခါး ပိန်းကြမ်း နှင့် အင်္ကျီဆင်တူ ဝတ်ထားကြသည်။ နေမင်းထွဋ်၊ လမင်းထွဋ် ဆိုသည့် နာမည် ပေးထားသော်လည်း ရွာက ဘယ်သူမှ အဲသလို တခမ်းတနား မခေါ်ကြ။ ဖိုးကြီး၊ ဖိုးငယ်လို့သာ ခေါ်ကြသည်။

"မပုန်းရည် ရောက်တာကြာပြီလား…ကျွန်မတော့ ကလေးနှစ်ယောက်နဲ့ ဆိုတော့ စောစောထမလာနိုင်ဘူး…ဆွမ်းတောင် ကိုတူး အလောင်းနိုင်း လိုက်ရတယ်"

"ရပါတယ် မမစိန်ရယ်…ကျွန်မက နီးတာနဲ့ ထလာတာပါ…ဆရာကြီး ရော ရောက်ပြီဆို…"

"ရောက်ပြီ…ဘယ်ရောက်သွားပြန်သလဲ မသိဘူး"

မမစိန်သားအမိတစ်တွေနှင့်အတူ တစ်နေရာမှာ မပုန်းရည်တို့ ထိုင်လိုက် ကြသည်။ မပုန်းရည်က ကိုကြာစွယ်ကို မိန်းမအုပ်က ဝိုင်းပြီး ကနေ့ညလည်း ဗီဒီယို ဆက်ပြရန် ဝိုင်းညှစ်ကြပုံတွေ ပြောပြနေခဲ့သည်။ မမစိန်က ရယ်သည်။ ကိုကြာစွယ် သဘောကောင်းမှန်းသိတော့ ရွာက နိုင်ကြသည်ဟု ဆိုသည်။ နမြောချင်တာကျတော့ ကပ်ကပ်လုပ်နေတတ်သလို၊ မနမြောချင်တာကျတော့လည်း ရက်ရက်ရောရော ရှိသည်ဟု ဆိုသည်။ မပုန်းရည်က အင်္ကျီပန်းဆီရောင်၊ ချိတ်ပုဆိုး ပန်းဆီရောင် ဝတ်ထားလို့-သူ့တစ်ယောက်တည်း အရောင်တွေထွက်နေတယ် မမစိန်ရဲ့ဆိုတော့ မမစိန်က ရယ်ပြန်သည်။

"အဲဒါ မန္တလေးက ပိုက်ဆံရှိ လူကုံထံတွေ ချိတ်ပုဆိုးနဲ့ လည်ကတုံးနဲ့ ပွဲနေပွဲထိုင် တက်ကြတာ မြင်လာလို့ လုပ်တာလေ…မပုန်းရည်မသိလို့ သူ့မှာ ပိုးချိတ် ရောင်စုံရှိတယ်…ကြည့်နေ တော်ကြာ အစိမ်းရောင်ဝတ် လာလိမ့်မည်…သည်လိုပွဲလမ်းမှာ ရှိုးထုတ်တာ ဘိုးကြီး ဘွားကြီးကအစ

www.burmeseclassic.com

www.burmeseclassic.com



ဝါသနာပါတာလေ…နတ်ရေကန်မှာတော့ သူတို့က လှူကုံထံကိုး မပုန်းရည်ရဲ့…ပန်းဆီရောင်တောင် မကဘူး ရွှေဖလားရောင်တောင် ပါသေး…လိုက်မှန်းမသိ၊ မလိုက်မှန်းမသိပါ မပုန်းရည်ရယ်…"

ဆရာကြီး ဦးခင်ဖေ ကျောင်းပေါ်ပြန်တက်လာခဲ့သည်။ ဆရာတော်ကို ဝတ်ဖြည့်ပြီး မပုန်းရည်တို့နှင့် လာထိုင်သည်။

"တခြားရွာက ဆရာကြီးတွေနဲ့ ဆရာမတွေ လာကြမယ်ပြောလို့ သွားကြည့်တာ…ရောက်မလာကြသေးဘူး…ဒေါ်မြင့်မြင့်စိန်က ရောက်လာ နေရာချပေးပါဦး"

"ဟုတ်ကဲ့ပါ ဆရာကြီး…"

မုန့်နှင့် အချိုပွဲတွေ ရောက်လာသည်။ အသံချဲ့စက်က ကားနှစ်စီး ဝင်လာပါပြီခင်ဗျား အော်နေလို့ ကိုမျိုးသွင်တို့များလားလို့ မပုန်းရည် တွေးနေမိသည် မကြာပါ။ လေးပန်းဆီ ဦးဆောင်ပြီး ကိုမျိုးသွင်တို့အဖွဲ့တွေ ကျောင်းပေါ် တက်လာကြသည်။ အခြားအရာရှိများလည်း ပါလာကြသည်။ ဆရာမနှစ်ယောက်၊ သုံးယောက်လည်း ပါ၏။ လမ်းကြုံလိုက်လာကြပုံရသည်။ အသံချဲ့စက်ဆရာက ကားနှစ်စီး ဝင်လာပါပြီဆိုတော့ အပိုတစ်စီးပါ ပါပုံရသည်။ ကိုမျိုးသွင်တို့ကိုလည်း ဦးပန်းဆီက မပုန်းရည်တို့နှင့်ကပ်လျက်မှာ နေရာချပေးသည်။

"ဆရာမတို့ ကြာပြီလား…ကျွန်တော်တို့လည်း လူစုနေရတာနဲ့ ကြာသွားတာ"

"ကိုယ့်ရွာဆိုတော့ မိုးလင်းလောက်ကတည်းက ထလာလိုက်တာ ကိုမျိုးသွင်ရေ…ထမင်းသုံးဆောင်ကြတော့မလား…ကျွန်မ စီစဉ်လိုက်တော့မယ်"

မမစိန်က ဝင်ဖြေခြင်းဖြစ်သည်။ ကားကြုံနှင့် ပါလာကြသည့် ဆရာမတွေက မပုန်းရည်ကို မိတ်ဆက်ကြရင်း စကားပြောကြသည်။ မပုန်းရည်က လွန်တောင်တ ဒေါ်ဝိုင်းချစ်တို့၊ မြောက်တံငါက ဒေါ်ကြင်ဝင်းတို့ကို သိသလားဆိုတော့ သိကြသည်ဟု ဆိုသည်။ ကိုမျိုးသွင်က မပုန်းရည်ကို ကွက်ကြည့်ကွက်ကြည့် လုပ်ရင်း စကားအပြတ်မှာ သူတို့ဌာနက ပါလာကြသူတွေနှင့် မိတ်ဆက်ပေးသည်။ မွှမ်းမျှ ရည်ရည်ရှိကြသူများဖြစ်၍ မပုန်းရည်နှင့် အဖွဲ့ကျသွားခဲ့သည်။

"ကိုမျိုးသွင်က နတ်ရေကန်ဆရာမလေးက ရုပ်ရှင်မင်းသမီးကျနေတာ ပြောပြောနေတာခင်ဗျ…ကျွန်တော်တို့က မယုံဘူး…လက်တွေ့မြင်ရတော့မှ ဟုတ်ပါလားလို့ ယုံတာ"



မပုန်းရည်ကို ပြောနေခြင်းဖြစ်သည်။ ဆရာမနှစ်ယောက်ကပါ ထောက်ခံကြလို့ မပုန်းရည် မျက်နှာမထားတတ်အောင် ဖြစ်ရသည်။ မပုန်းရည်က အလိုက်သင့်ဆော့ ဝင်ရပါ၏။

"ရုပ်ရှင်မင်းသမီး လုပ်ဖို့ပါပဲရှင်…လက်ရှိမင်းသမီးတွေကို ငဲ့လို့ပါ…ပြီးတော့ မီးထိုးမှန်ထိုး မခံနိုင်တာလည်း ပါပါတယ်"

မပုန်းရည်၏ ဟာသကို ရယ်ကြသည်။ ဆရာမတစ်သိုက် ထပ်ရောက်လာကြပြန်၏။ ဆရာကြီး ဦးခင်ဖေက ကျောင်းအောက်ဆင်းကာ တခြားရွာက ဆရာကြီးတွေ ဆင်းကြည့်ပြန်ပါ၏။ ကိုမျိုးသွင်တို့အဖွဲ့နှင့် စကားတွေ ဟိုရောက်သည်ရောက် ပြောကြရင်း ကျောင်းအကြောင်း၊ ရွာအကြောင်း စကားရောက်ရပြန်ပါ၏။ ဧည့်သည်ဆရာမတွေကလည်း သူတို့အတွေ့အကြုံတွေ ပြောပြကြသည်။ မပုန်းရည်က နတ်ရေကန်ရွာ ညီညွတ်ပုံ၊ စေတနာသဒ္ဓါတရား ရှိကြပုံတွေ ပြောပြသည်။ လေးတန်းအစိုးရစစ် စာမေးပွဲအတွက် ညဘက်ပါ စာသင်ပေးရပုံတွေ ပြောပြတော့ ကိုမျိုးသွင်တို့အဖွဲ့က ဘာကူညီရမလဲ မေးကြသည်။ မပုန်းရည်က ကျောင်းအားကစားကွင်းလေး လုပ်ပေးချင်တာကို ပြောပြသည်။ ကျောင်းဥယျာဉ်ကလေးဖြစ်အောင် စိုက်ပျိုးချင်တာကလေးတွေ ပြောပြသည်။

"ဘောလုံးနှစ်လုံးနဲ့ ဘတ်စကက်ဘော ခပ်လတ်လတ်တစ်လုံး ကျွန်တော်တို့ လှူမယ် ဆရာမ…ဘတ်စကက်ဘောတိုင်နဲ့ ကွင်းပါ လုပ်ပေးပါ့မယ်…မိန်းကလေးတွေ ကြိုးခုန်ဖို့ ကြိုးလည်း လိုမယ်နဲ့တူတယ်"

ကိုမျိုးသွင်တို့ဌာနက အရာရှိတစ်ယောက်က လှူဒါန်းမည်ဆိုတော့ မပုန်းရည် ကျေးဇူးတင်ကြောင်း ပြောရပါ၏။ လူတွေ များနေလို့လားတော့ မသိ။ ကိုမျိုးသွင် စကားဝိုင်းထဲ မပါနိုင်သေးပါ။ ဧည့်သည်များနှင့် စကားတွေကောင်းနေသည်။ ထိုအချိန်မှာပင် လေးပန်းဆီ ရောက်လာပါ၏။

"ကိုင်းဗျာ…ဧည့်သည်တွေက အလုပ်တွေရှိသေးတယ်…ထမင်းကျွေးရအောင် သာစိန်တို့၊ ငပိန်တို့ စားပွဲဝိုင်းတွေ ပြင်ကြကွာ…အားလုံး ခြောက်ဝိုင်း ပြင်မယ်…မပြုံးတို့ကို ပြောလိုက်…လုပ်မြန်မြန်…ပို့ဟင်းတွေ မလုပ်နဲ့ ကြာစွယ်တို့အိမ်က ဟင်းတွေချ…သူတို့က အိုးလိုက်ပို့ထားတာ…"

လေးပန်းဆီက စိတ်မြန်ကိုယ်မြန် ရှိသည်။ သူကိုယ်တိုင်လည်း ဒီးသွား ဒီးသွား တက်လိုက် ဆင်းလိုက်လုပ်ရင်း လိုအပ်တာတွေ စီမံနေခဲ့သည်။ စားပွဲခုံဝိုင်းတွေချပြီးလို့ ထမင်းဟင်း အဆင်သင့်ဖြစ်ပြီဆိုတော့ "ကိုင်း…ကြွကြပါဗျာ" ဟု

www.burmeseclassic.com

www.burmeseclassic.com



ခေါ်သည်။ မပုန်းရည်က ဧည့်သည် ဆရာမများနှင့် တစ်ဝိုင်းထိုင်သည်။ မမစိန်က ကလေးတွေပါလို့ နောက်မှ စားမယ်ဆို၏။ ကိုမျိုးသွင်က မပုန်းရည်တို့ဝိုင်းတစ်နေရာ ဝင်ထိုင်လိုက်သဖြင့် မပုန်းရည် အနေကျုံ့သွားခဲ့ရသည်။ ဘာရယ်လို့တော့ မဟုတ်သည်လူ့နှယ် မိန်းမတော ဝင်တိုးနေပါပကောလို့ တွေးမိခြင်းဖြစ်၏။ သို့သော် ကိုယ်က အိမ်ရှင်၊ သူတို့က ဧည့်သည်ဆိုတော့ မပုန်းရည် ပြုံးပြလိုက်ရသည်။

"ဆရာမနဲ့ မတွေ့ရတာကြာလို့ စကားပြောချင်တာနဲ့ ရွှေ့လာတာပါ"

"ရပါတယ်ရှင်...ဟုတ်ပါရဲ့ ကြာပြီနော်...ရန်ကုန်ရောက်သေးလား"

"ရောက်တယ်...သွားလိုက် လာလိုက်ပါပဲ"

မကေးတို့၊ မပုစွန်တို့၊ မအူချာတို့က ဟင်းလိုက်ကြသည်။ လေးပန်းဆီက ဝိုင်းတိုင်းကို ရောက်ရောက်သွားကာ လိုသမျှ ဆော်သြနေပါ၏။ ဆရာတော်ကြီးကလည်း မိုးတိုးမတ်တတ် လိုက်လံ ကြည့်ရှုတော်မူရင်း တပြုံးပြုံး ရှိလေသည်။ လေးပန်းဆီက ကိုကြာစွယ်ကို ရှာသည်။ ဧည့်သည်တွေက ဟင်းတွေ ကောင်းလှချည်ရဲ့ ချီးမွမ်းကြတော့ ကိုကြာစွယ်ကို မိတ်ဆက်ပေးချင်ပုံ ပေါ်ပါ၏။ အနားကတစ်ယောက်ကို ရှာခိုင်းလိုက်သည်။ သိပ်မကြာပါ။ ကိုကြာစွယ် ပါလာသည်။ အပြာဝမ်းဆက် တောင်မြို့ချိတ် အပြာကြီးနှင့် လည်ကတုံး အပြာ၊ ရွှေဆွဲကြိုးနှင့် ဟင်းချိန်က နှင့် အတိုင်းပင်။ မမစိန်ပြောသလို ရောင်စုံချုပ်ထားတာ ဖြစ်လေသည်။ အသားမည်းမည်းနှင့် အပြာက ရောနေသည်။ စောစောက ပန်းဆီရောင်ထက်စာလျှင် တော်သေးရဲ့ အောက်မေ့ရတော့သည်။

"ဟောဒါ ဟင်းချက်လက်ရာရှင် မောင်ကြာစွယ်ပေါ့...ဒါတွေ သူချက်တာ ချည်းပဲ...ကျုပ်တို့ရွာမယ် အိုးကြီးချက်ဆိုရင် သူမပါလို့ မဖြစ်ဘူး"

အင်ဂျင်နီယာတွေက ချီးကျူးကြတော့ ကိုကြာစွယ် ရှက်နေရှာသည်။ လက်နှစ်ဖက် ရှေ့ပစ်ပြီး မတ်တတ်ဝေါ်းစင်း လုပ်နေပါ၏။ အင်ဂျင်နီယာတွေက ဌာနမှာ ဆွမ်းကျွေးမည့်နေ့ ကိုကြာစွယ် လာချက်ပေးပါဦး ဆိုတော့ အင်းမလုပ် အဲမလုပ်။ မပုန်းရည်က နေ့စဉ် ကိုကြာစွယ်လက်ရာ စားရသဖြင့် လူပါ ဝ,လာကြောင်း ထည့်ပြောတော့ ရယ်ကြပါ၏။ ကိုကြာစွယ်ကတော့ ပညာတတ်ဆိုတဲ့လူတွေ ပြောရှေ ရှားလို့ဗျာ ဆိုသည့်ပုံ။ ခဏလောက်သာ မကောင်းရပ်ရပ်ပြီး ပြန်လှည့်သွားခဲ့သည်။ လေးပန်းဆီက ဟင်းလေး ဘာလေး လိုက်ပေးဦးလကွာလို့ လှမ်းအော်သော်မှ လှည့်မကြည့်တော့။ တောင်မြို့ပုဆိုးသံ တရွမ်းရွမ်း။

စားသောက်ပြီးကြတော့ ဧည့်သည်တွေ ပြန်ကြဖို့ ပြင်သည်။ ဧည့်သည် ဆရာမတွေကတော့ တခြားဆရာမတွေကို စောင့်ဦးမည်ဆိုကာ ကျန်ရစ်ခဲ့ကြပါ၏။



မပုန်းရည်နှင့် မမစိန်တို့က ကျောင်းအောက်အထိ ဆင်းပို့ကြသည်။ ကိုမျိုးသွင်တို့ အရာရှိကြီးက လိုတာရှိလျှင် အကူအညီတောင်းဖို့ ပြောနေခဲ့သည်။ ကျောင်းဝင်းဝ ရပ်ထားသည့် ကားနှစ်စီးကို ကလေးရော လူကြီးတွေပါ ဝိုင်းထားကြသည်။ ဧည့်သည် တွေ ပြန်ပြီကြားတော့ လေးပန်းဆီ ကျောင်းပေါ်က ဒရောသောပါး ဆင်းလာရသည်။ ဧည့်ဝတ်မကျေလေခြင်း ဖြစ်မှာစိုးရှာ၍ဖြစ်၏။ ကိုမျိုးသွင်က အရပ်ဝတ် အရပ်စားနှင့် ဘတ်မျိုးလုနေသော မပုန်းရည်ကို ရှုန်းရှုန်းစားစားကြည့်သည်။ မပုန်းရည်က မသိချင် ဟန်ဆောင်နေလိုက်ပါ၏။

ကားတွေ ထွက်သွားပြီး ပြန်လှည့်ကြည့်တော့ ကိုကြာစွယ်က ကျောင်းဝကို လှမ်းမြင်ရသော ပြတင်းဝမှာ ရပ်နေတာ မပုန်းရည် မြင်လိုက်ရသည်။ ဧည့်သည်တွေ ပြန်ပြီဆိုမှ အလုံးကြီးကျဟန်တူ၏။ ခဏနေတော့ လှစ်ခနဲ ပျောက်သွားခဲ့သည်။ မပုန်းရည် အိမ်ခဏပြန်ချင်သည်။ နည်းနည်းကလေး ခေါင်းနောက်လာလို့ဖြစ်၏။ အရေးနာမှာက နှစ်ချက်ထိုးမှဆိုတော့ တစ်ရေးလောက် မှေးပြီးမှ ပြန်လာရန် စိတ်ကူး လိုက်သည်။ ဆရာကြီးကလည်း ဆရာတော် ကန်တော့ပြီး ပြန်မည်ဆိုပါ၏။

"ဆရာမတို့ နားကြတော့လေ...ကျွန်တော်တော့ ခဏမျက်နှာပြလိုက်ပါဦး မယ်...တချို့ဆရာကြီးတွေ ရောက်မလာကြသေးဘူးဗျ"

ဆရာကြီးကပါ ခွင့်ပြုသဖြင့် မပုန်းရည် နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။ မမစိန်ကတော့ ကလေးနှစ်ယောက်နှင့်အတူ ထမင်းစားဖို့ ကျောင်းပေါ်ပြန်တက်သွားပြီ။ ကျောင်းပေါ် ကျောင်းအောက် ထမင်းပွဲတွေ ပြင်ကြကာ လူတွေ တရုန်းရုန်းနှင့်။ ထမင်းပွဲ၊ ဟင်းပွဲ စုပို့ကြကာ လာသမျှဧည့်သည် မစားရ မရှိလေအောင် ပြည့်စုံစွာ သူ့ဒါန်းကြသော ရွာကုသိုလ်ပွဲကလေးကား ကြည်နူးစရာ ကောင်းလှပါ၏။

မပုန်းရည် ပြန်လာတော့ ဘိုးကြီးတို့ ဝိုင်းတိုက်ထဲမှာ ဒန်အိုးကြီးတွေ ဘိုက်ချွတ်ဆေးကြောနေကြပြီ။ ဟင်းတွေ ထပ်ချက်သူက ချက်နေသလို၊ ဟင်းကျန်တွေ သယ်သူက လှယ်နေကြသည်။ ရွာနီးချုပ်စပ် ဆွေညီ မျိုးညီတွေကလည်း ပေါပါ ဘိခြင်း။ မပုန်းရည် အိမ်ပေါ်တက်လာခဲ့ကာ အဝတ်အစားလဲပြီး ခဏမှေးသည်။ အရှေ့ရွာမှ သံဃာတော်များ ကြွလာကြပုံရ၏။ အသံချဲ့စက်က မင်္ဂလာရေကောင်းရိုက်သံ ကြားရသည်။

မပုန်းရည် မျက်တောင်စဉ်းလာပြီး အိပ်ပျော်လုပျော်ခင်၊ အသံချဲ့စက်က ဗြုံးခနဲ မြည်ကာ အော်ခေါ်သံ ကြားလိုက်ရလေ၏။

"ဆရာမကြီး ဒေါ်ပုန်းရည်...ဟလို...ဝူး...ဝူး...ဟုတ်ကဲ့...ဆရာမကြီး ဒေါ်ပုန်းရည်...ဆရာတော်ဘုရားက တွေ့ချင်ပါ၍ ကျောင်းသို့ အမြန်လာပါ တဲ့ ခင်ဗျား..."

www.burmeseclassic.com

www.burmeseclassic.com



အော်သံအဆုံးမှာ အောက်ထပ်က အိုးတိုက်နေကြသည့် မိန်းမတွေက တစ်ဆင့်အော်ကြပြန်လေသည်။

"ဆရာမ…ဆရာမ…ကျောင်းက ခေါ်နေတယ်ရယ်…"

"ဆရာမ…ဆရာမ…"

မပုန်းရည် လှုပ်လဲထကာ အောက်ထပ်ကို မြင်ရသည့် ပြတင်းပေါက်ရှိရာ ပြေးရသည်။ ကျွန်မ ကြားပါတယ်ဆိုတာ အရင်ပြောရန်ဖြစ်၏။ မပုန်းရည်ကို မြင်တော့ ထပ်အော်ကြပြန်၏။

"ဆရာမကို ကျောင်းက ခေါ်နေလို့…"

"ဟုတ်ကဲ့…ကျွန်မ သွားလိုက်ပါမယ်"

မပုန်းရည် ပြန်လှည့်လာကာ အဝတ်အစားလဲရပြန်၏။ မျက်နှာကို မိတ်ကပ် မွှန်ကလေး ဖို့သည်။ ဆရာတော်ကြီး ခေါ်တယ်ဆိုတော့ ဘာများပါလိမ့်။ မပုန်းရည် အိမ်ပေါ်က ဆင်းလာခဲ့လေသည်။

၁

ကျောင်းပေါ်မှာ သံဃာတော်များစွာ ဆွမ်းဘုဉ်းပေးနေကြလေပြီ။ သံဃာတော်များအတွက် ရည်စူးပြီး ရပ်ရွာမှ ပို့ကြသည့် ဆွမ်းထမင်း၊ ဆွမ်းဟင်းများနှင့် သီးသန့်ချက်ပြုတ် ကပ်လှူကြသော ဆွမ်းထမင်း ဆွမ်းဟင်းတွေက များလှပါသည်။ မပုန်းရည် ကျောင်းပေါ်ရောက်သည်နှင့် ဆရာတော့်ကို ရှာရသည်။ ဆရာတော်က ကိုယ်တိုင်ကြပ်မတ်တော်မူနေသည်။ မပုန်းရည် ရောက်သွားတော့ ဝတ်ဖြည့်သည်။

"အား…ကျောင်းဆရာမ…သံဃာတော်တွေ ဆွမ်းသုံးဆောင်တာ မြင်စေချင်လို့ ခေါ်တာ…ကျောင်းဆရာမ ကြည့်ချင်တယ်ဆို…ဘုန်းကြီး သတိရလို့ ခေါ်တာ…သီလရှိတဲ့ပုဂ္ဂိုလ်ကို လှူရတာ အကျိုးကြီးတယ်…အလှူဒါနကို ကြည့်ညိုပွားများရတာလည်း အကျိုးကြီးတယ်…ကုသိုလ်စိတ်တည်ပြီး ရင်ထဲမှာ တစ်ခါတည်း ငြိမ်းသွားတယ်…ဟုတ်ကဲ့လား…"

"တင်ပါ့ဘုရား…အခုလည်း တပည့်တော် မြင်ရုံနဲ့တင် ကြည်ညိုမိရပါတယ် ဘုရား…"

"ဘုရားက ဟောတယ်မှတ်လား…အိုးခွက်ဆေးတဲ့ရေကို မြောင်းထဲသွန်တာတောင် စားကြွင်းစားကျန်များ ပါရင် ရေပိုးရေမွှားကလေးတွေ စားရတယ် ဆိုတဲ့စိတ်ထားရင် ကောင်းမှုဖြစ်တယ်တဲ့…ဟုတ်ကဲ့မဟုတ်လား"



"တင်ပါ့ဘုရား…"

"ကျောင်းဆရာမကို အဲဒါပြချင်တာ…နတ်ရေကန်မှာ လူတွေ အများကြီး လှူကြတယ်…ဘုန်းကြီး မနိုင်ဘူး…ပြန်ပြီးတော့ စွန့်ရတယ်…လှူရတယ်"

"တင်ပါ့ဘုရား…ကျေးဇူးကြီးပါ့ဘုရား"

"အေး…အဲဒါ ဘုန်းကြီးပြောချင်လို့…ကိုင်း ကိုင်း မျှတအောင်နေ…"

မပုန်းရည် ဝတ်ဖြည့်ပြီး ကျောင်းမကြီးရှေ့တွင် ထိုင်နေရသည်။ ကြည်ညိုသည်။ ဆရာတော်ကြီးက သူ့ရွာက အလှူဒါန လက်နှင့်မကွာရှိတာကို ပြချင်တော်မူရသည်။ မနက်စောစောက ရွာ့ကုသိုလ်ပွဲကို ကြည့်ချင်လို့ အစောကြီးထလာ အပါဘုရားလို့ လျှောက်ခဲ့တာကို သတိရသဖြင့် ခေါ်လိုက်ခြင်းဖြစ်မည်။ သံဃာတော်တွေ ဆွမ်းစားကြသည့်အခါ ရပ်ရွာအမျိုးသမီးများနှင့်အတူ မပုန်းရည်ပါ ဆွမ်းလိုက်ခင်းလိုက် ကုသိုလ်ယူသည်။ အဝေးရွာများမှ ဆရာတော်များကို ရွာက လှူဖွယ်ဝတ္ထုတွေ လှူကြတာ မနည်း။ တောင်းကြီး တောင်းငယ်နှင့် ထည့်လှူကြခြင်းဖြစ်၏။ အချို့ဆရာတော်များဆိုလျှင် ရွာက လှည်းနှင့်ပင် လိုက်ပို့ကာ ကုသိုလ်ယူကြသည်။

ကျောင်းအောက်ထပ်ကို မပုန်းရည် ဆင်းကြည့်တော့လည်း ခုံကြီးတွေခင်းကာ ကျွေးမွေးဧည့်ခံနေကြသည်။ ကျောင်းက စာသင်ခုံကလေးတွေက ထမင်းစားခုံဖြစ်နေကြပြီ။ ဘဲတဲစုက လူတွေကိုလည်း တွေ့ရ၏။ အုပ်စုလိုက်လာပြီး အုပ်စုလိုက် ပြန်ကြမှာဆိုတော့ တစ်စုတည်း စားသောက်နေကြခြင်း ဖြစ်ပုံရသည်။ ကျောင်းသားကြီးတွေ ထမင်းလိုက် ဟင်းလိုက် လုပ်နေကြသည့်ကြား မပုန်းရည် ကိုယ်တိုင်က သူပါ ထမင်းလိုက်ပေးခဲ့သည်။

"ဆရာမ…"

လူတွေကြားထဲက ကလေးအသံကလေးတစ်သံ။ ပုကျစ်…။ သူ့အမေ ကြေးမှုံနှင့်အတူ ထမင်းစားနေကြတာ တွေ့တော့ မပုန်းရည်က ထမင်းရော ဟင်းပါ သယ်ထည့်ပေးသည်။ မကြေးမှုံက မပုန်းရည်ကို တွေ့လိုက်တော့ အားရှိသွားပုံရသည်။ အများထဲမှာ ငုံ့ငုံ့လျှိုးလျှိုးရှိရာက မျက်နှာ မော့ဝံ့လာသလိုပင်။

"ပုကျစ် ဝအောင်စား…ထမင်းလိုရင် ပြောကြပါရှင်"

မပုန်းရည်က ဝိုင်းစေ့လိုက်ကြည့်သည်။ လိုသမျှ ထည့်ပေးသည်။ မပုန်းရည် တစ်ကိုယ်လုံး ပေပွနေခဲ့ပြီ။ စားသောက်ပြီးတော့ ဘဲတဲစုက လူတွေ တစ်သုတ်တစ်ခါကြီး မပုန်းရည် လိုက်နှုတ်ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း...ပြန်ကြရော့"

"သွားတော့မယ်နော်...ဆရာမ"

ကျောင်းပေါ် ပြန်တက်တော့ ကိုကြာစွယ်နှင့် လူလေး,ငါးယောက် ထမင်း စားနေကြပြီ။ သူတို့ခမျာ အခုမှ စားကြရရှာတာပါလား။ မပုန်းရည်က ကိုကြာ အား တမင်ဝင်ထိုင်ကာ တည်ပန်းကန်ထဲက ဟင်းတစ်ဖတ် နှစ်ဖတ် ခပ်ထည့်ပေး လိုက်သည်။ ကိုကြာစွယ်က မျက်နှာမထားတတ်လေ မပုန်းရည်က ထမပြန်သေး

"ကိုကြာစွယ်တို့များ ထမင်းစားတာ ကျွန်မ မစောင့်ဘူး...ဘာလဲ ကျွန်မ ကို မကျွေးချင်လို့ပေါ့ ဟုတ်လား..."

အတူစားနေကြသူတွေက ရယ်ကြလေ ကိုကြာစွယ်က ခေါင်းကြီးငုံ့သော ဆရာမ မပုန်းရည်က ကိုကြာစွယ့်ကို ဟင်းထည့်ပေးသတဲ့ ဆိုသည့်စကား ရွာ ပြန့်တော့မှာကို သိ၍ဖြစ်သည်။

မပုန်းရည်က ရွာသူတွေနှင့်အတူ ကျွေးမွေး လုပ်ကိုင်နေတာကို ကိုကြာစွယ်က ဝမ်းသာပုံရသည်။ သူကိုယ်တိုင်ကလည်း ချွေးတလုံးလုံး၊ လက် လက်စည်းကြီးနှင့် ပုဆိုးချော်ကျိုကြောင်း အပူတွေ အောင်းကာ ပူလောင်နေလော သည်။ ဆရာတော် တရားချီးမြှင့်ပြီးမှ မပုန်းရည် ပြန်ခဲ့သည်။ ညနေ လေးနာ ထိုးတော့မည်။ ဘိုကြီး ဘွားကြီးတို့အိမ်က ဒန်အိုးတွေ ဆေးကြောပြီး ထားတာ တွေ့သဖြင့် မပုန်းရည် တစ်လုံးရွက်လာခဲ့သည်။ အားလုံးက တား ကြားက ရွက်လာခဲ့ခြင်းဖြစ်၏။ ဒါကိုလည်း ကိုကြာစွယ် မြင်သည်။ မလုပ်ပါနဲ့ လို့တော့ လာမပြော။

"ဟော်တော့်...ဆရာမ ဘာဖြစ်လို့ ရွက်လာတာတုံး...မဟုတ်တာ မရွက်ရပါဘူး...ကျွန်မတို့ သွားသယ်ကြမလို့ပါ...ခက်တော့တာပါပဲ"

အားလုံးက မပုန်းရည် ဒန်အိုး ရွက်လာတာကို အားနာနေကြသည် မပုန်းရည်ကတော့ ကုသိုလ်ယူချင်လို့ ရွက်ပါသည်ဆိုတာကိုပင် လက်မခံ။ "ဘာ မဟုတ်ဘူး... ကြာစွယ် ဆရာမကို အရွက်ခိုင်းတာနေမှာ" ဆိုလို့ မဟုတ်ရကြောင်း ပြောပြရသည်။ သည်လို မေတ္တာ စေတနာတွေ မြင်ရ တွေ့ရတော့ မပုန်းရည် မျက်ရည် လည်မိသည်အထိ ကြည်နူးရပါ၏။

သည်ရွာကလေးနှင့် မပုန်းရည် မေတ္တာဖြင့် နှောင်တည်းမိခဲ့ကြပြီ မဟုတ် လား။

၁



မနက်ကပင် အခြားရွာတချို့မှ ဆရာမတွေက ရွာမှာ သူတို့ နေရထိုင်ရသည့် ...တွေကို ပြောပြခဲ့ကြသည်။ တချို့ရွာက ဆရာ၊ ဆရာမတွေများ ခမျာ ကိုယ့် ...င်းကိုယ် ကျောင်းကပြန်မှ ချက်စားကြရသည်။ ဈေးရယ် ဘာရယ် မရှိတော့ ...ဥ ချက်စရာကလည်း ပါးရှားလှသည်ဆို၏။ ဟိုဝိုင်း သည်ဝိုင်းထဲက ဟင်းသီး ...ရွက်ကိုပင် တစ်ခက်နှစ်ခက် မပေးရက်သူတွေလည်း ရှိသည်ဆို၏။ တချို့ကတော့ ... နေတတ်သလို နေကြခြင်းဖြစ်၍ ထွေးထွေးရောရောမရှိသဖြင့် အနေစိမ်းကြရ ...ဖြစ်ကြရသည်။ တချို့ဆရာမတွေဆိုလျှင် ရွာထဲမှာ အိမ်ငှားတောင် နေကြရသည် ...ကော။ မပုန်းရည်ကိုတော့ ကံကောင်းလှသူအဖြစ် အားကျကြသည်။

"ကျွန်မကလည်း ရွာကောင်းလို့ပါ ဆရာမရယ်...ရွာက အရိပ်တကြည့် ကြည့် ရှိကြရှာပါတယ်...တစ်ခုတော့ရှိတယ်...ကျွန်မ ရောက်စတုန်းက ကျောင်းမှာ ကျောင်းသားရယ်လို့ ပြချင်လို့ များများမရှိဘူး...ကျွန်မက အိမ်ပေါက်စေ့ သွားရပ်တယ်...မိဘတွေနဲ့ စကားပြောတယ်...ဆင်းရဲ ချမ်းသာမရွေး ကျွန်မ တန်းတူဆက်ဆံတယ်...ရွာသာရေးနာရေး တတ်နိုင် သမျှ ပါဝင်တယ်...ရွာက ကျွန်မစေတနာ သိကြတော့ နေစရာရော စားစရာရော မပူရပါဘူး"

ကံသည် အကျိုးမဲ့ ပျောက်မသွားနိုင်ဟု မပုန်းရည် ယုံကြည်သည်။ ငယ်စဉ် ...ကျေးကတည်းက သည်စကားတွေကို အဘိုးလေး အမြဲတမ်းပြောပြတာလည်း ...သိမှာမည်။ အဘိုးလေး ပြောနေကျစကားတွေကို မပုန်းရည် အလွတ်ရသည်။

"စေတနာ လှူ့ဆော်လို့ ဆည်းပူးအားထုတ် ပြုလုပ်တဲ့ကံဟာ အကျိုးမခံစား ရဘဲ ပျောက်ပျက်သွားတယ်လို့ မရှိဘူး...အခုဘဝ, နောင်ဘဝ, အဆက် ဆက်သော ဘဝတွေမှာပါ ခံစားရတယ်...အဲဒါကို ယုံရမယ်...စေတနာ ဆိုတဲ့ ကံကြောင့် ကုသိုလ်ဖြစ်ရသလို၊ အဲသည်ကုသိုလ်ကပဲ ပြန်စောင့်ရှောက် နိုင်တယ်...ကောင်းတဲ့ကံကို ပြုရင် ကံကောင်းတယ်...ကောင်းတဲ့စေတနာ ကို ပြုရင် စေတနာကောင်း ပြန်ရတယ်"

အခုလည်း မပုန်းရှည် သည်လိုပဲ အကျိုးပေးသည်ဟု ယုံကြည်သည် ...ငါ လေတော့လည်း အိမ်နှင့်ကျောင်း၊ ကျောင်းနှင့်အိမ် ကူးနေရတာနှင့်ပင် ဘဝ ... ပြီးရတော့မှာလားလို့ တွေးမိပါ၏။ သည်ရွာကလေးမှာ နေ၊ ကလေးတွေ ...င်း ရွာကကျွေးတာ စား။ ဒါ ပြီးရောလားလို့ အတွေးဝင်တတ်သည်။ သည်လို ...တော့လည်း မဖြစ်ချင်တာတွေ ဖြစ်နေလို့ စိတ်ဆင်းရဲနေရတာထက် ဖြစ်ချင်

www.burmeseclassic.com

www.burmeseclassic.com



တာတွေ ဖြစ်နေရလို့ စိတ်ချမ်းသာနေတာ ပိုကောင်းသားပဲလို့ မပုန်းရည် ဖြေ တွေးရပါ၏။

"အဆိပ်ရောထားတဲ့ ဖျော်ရည်ဟာ သောက်နေတုန်းတော့ ကောင်းပါ သောက်ပြီးတာနဲ့ အကျိုးယုတ်တယ်…ဆေးဝါးအဖြစ် သောက်ရတဲ့ ကျင်ငယ်ရေကျတော့ သောက်ရတုန်း မကောင်းပေမယ့် သောက်ပြီးတဲ့အ အနာရောဂါ စင်တယ်…စတုမဓုကျတော့ မှိုဝဲနေတုန်းလည်း ကောင်းသ မှိုဝဲပြီးတော့လည်း ကောင်းတယ်…ဒါကြောင့် သည်ဘဝလည်း ချမ်းသာ တမလွန်လည်း ချမ်းသာတဲ့ ကောင်းတဲ့ဆေးကိုတည်မှုကို ပြုရတယ် အဘိုးလေးရဲ့ စကားမဟုတ်ဘူး…ဘုရားရှင်ရဲ့စကားကွယ့်…အမြဲနှလုံးသွ ရမယ်"

သည်ရွာကလေးမှာ မပုန်းရည် ရောက်ကတည်းက ဆေးမရှိခဲ့။ ကြော စရာမရှိခဲ့။ ရွာသူရွာသားတို့ အမြင်တွင် တချို့အကြောင်းအရာများတွင် နားမလည် သလို ရှိကြမည် ဖြစ်သော်လည်း ပညာတတ် ကျောင်းဆရာမတစ်ယောက်၏ ခံ ကို နားလည်ပေးကြတာလည်း ရှိသည်။ ဆိုပါစို့…။ မကြေးမှျင်ကို စုန်းလို့ ယ ထားကြသူတွေ များသော်လည်း မပုန်းရည်က လက်မခံတာကို အပြစ်မတင်ကြ မျိုး။ ရွာကတော့ "ဆရာမ မပုန်းရည်တစ်ယောက် လက်ဖက်နဲ့ မဲဇလီ မကွဲ လို့ပါအေ" ဆိုတာမျိုး ထင်ကြတာလည်း သိပါ၏။ မပုန်းရည် သည်နေရာမှာ ခေါင်းမာသည်ပဲဆိုဆို မကြေးမှျင်ဘက်က ရဲရဲရပ်တည်ခဲ့သည်။

မနက်ကပဲ ကြည့်လေ…။ ဘဲတဲစုက လူတွေအပေါ် ညှဉ်းခံမိန်းမသား သလောက် နည်းလေတော့ မပုန်းရည်ကိုယ်တိုင် ဝင်ပြီး ထမင်းဟင်းလိုက်ခဲ့ရ မပုန်းရည် စိတ်မကောင်းသော်လည်း မှုကို မပြင်ခဲ့။ ရိုးသားဖြောင့်မတ်သော အ တို့၏ဘဝကို မပုန်းရည် နှလုံးသားနှင့် ရင်းခဲ့ရသည်လေ။

မပုန်းရည် ဘုန်းကြီးကျောင်းကအပြန် ခဏနားရင်းက အတွေးတွေ တန်းနေမိခြင်းဖြစ်ပါ၏။ ခဏနေတော့ ရေမိုးချိုး၊ ဖြီးလိမ်းပြီး အောက်ထပ်ကို ဆင်းစားသည်။ ဘိုးကြီး ဘွားကြီးတို့က ပျော်ရဲ့လား မေးသည်။ စည်ရဲ့လား မပုန်းရည်ကလည်း ပျော်ပါကြောင်း၊ စည်ပါကြောင်း ဖြေရသည်။ မပုန်း ကိုကြာစွယ့်လက်ရာ ကောင်းလှကြောင်း၊ အင်ဂျင်နီယာတွေကပင် ချီးမွမ်းကြ ပြောတော့ ဘိုးကြီး ဘွားကြီးတို့ကလည်း ဝမ်းသာရကြသည်။ အိမ်အပြင်မှာ တရုန်းရုန်းရှိသော်လည်း ဘိုးကြီး ဘွားကြီးတို့အနားမှာ မပုန်းရည်သာ



တွေပင် မရှိကြ။ ဘွားကြီးက မပုန်းရည်ကို ကိုကြာစွယ့်အကြောင်း ပြောပြပါ၏။ ကြာစွယ့်ကိုယ်ဝန် လွယ်စဉ်က အိပ်မက်။

"ကြာစွယ်က မွေးခဲ့တဲ့အထဲမှာ အငယ်ဆုံး…ဆရာမနှယ် ကျုပ်တို့ကလည်း ပြောပါရစေတော့ မရှိသေ့စကား…နောက်ထပ် ကလေးမပေါ်ပေါက်တော့ဘူး လို့ထင်တုန်း ကိုယ်ဝန်ရတယ်…ကြာစွယ် မွေးကာနီး ဖွားကာနီး ကျုပ် အိပ်မက်မက်တယ်…နတ်ရေကန်ကြီးထဲမှာ ကျုပ်က လှေနဲ့ ကြာပန်းတွေ လိုက်ခူးနေသတဲ့…လှေက သိပ်မကြီးဘူး…လှော်တာကလည်း ကျုပ်ပဲ… ကန်စပ်မှာ ကြာတွေရှိပေမယ့် ကန်စပ်နဲ့ ဝေးဝေးက ကြာအုပ်ကို ကျုပ်က ခူးချင်နေတာ…စိတ်ထဲဖြစ်နေတာပြောတယ်…ဒါနဲ့ လှော်သွားတော့ လှေ ပေါ်ပါလာတဲ့ ကျုပ်အကျႌလုံးထားတာက ရေထဲ ကျသွားရောတဲ့…အိပ်မက် ထဲမှာ ကျုပ်က ရင်ရှားနဲ့…အကျႌနဲ့ချေးခံ ချွတ်ပြီး ကျုပ်ဝတ်ထားတဲ့ ရွှေထည်ကလေးတွေ စုလုံးပြီး လှေပေါ်တင်ထားတာ…အိပ်မက်က စင်းစင်း ကြီး…အခုထိလည်း ကျုပ်မျက်စိထဲ မြင်တုန်း"

"ပြောပါဦး ဘွားကြီး"

"အကျႌနဲ့လုံးထားတဲ့ ရွှေတွေတော့ ပါချေရဲ့ဆိုပြီး ကျုပ်က လှော်တက် ပစ်ချပြီး ရေထဲ ဆတ်ခနဲ လှမ်းဆွဲတာ…အကျႌ ပါမလာဘဲ ဘာပါလာသလဲ ဆိုတော့…အဟွပ်…အဟွပ်…အဟွပ်…အဟွပ်…"

ဘွားကြီးခမျာ ချောင်းခြောက်တွေ ဆက်တိုက်ဆိုးနေလို့ မပုန်းရည်က ပေးရသည်။ ဘိုးကြီးကတော့ ကောင်းသည်လည်း မပြော၊ ဆိုးသည်လည်း လက်ဖက်အစ်ထဲက လက်ဖက်တစ်ဖတ် ရေနွေးပန်းကန်ထဲ ထည့်သောက် သ၏။

"ဘာပါလဲဆိုတော့…အဟွပ်…အဟွပ်…"

ဘွားကြီးက ချွဲတွေကို အနားက ထွေးခံထဲ ထွေးသည်။ ရေနွေးတစ်ခွက် ပြီး မောသွားသလို အသာငြိမ်နေပြန်သည်။ မောနေရှာသူကို ပြောစမ်းပါဦး ရဲ့လို့ ပြောဖို့ခက်တော့ မပုန်းရည်လည်း အသာငြိမ်ရပြန်၏။ အမောပြေတော့ မိညိုသည်။ မပုန်းရည်က ဆေးလိပ်တွေ မသောက်စေချင်သော်လည်း ဘာလို့ မပေါ်သဖြင့် အောင့်အည်းနေခဲ့ရတာ များလှပြီ။

"အံ့သြစရာ…"

www.burmeseclassic.com

www.burmeseclassic.com



ဘွားကြီးက အံ့ဩစရာ ဆိုတာလောက်ပြောပြီး ရပ်သွားပြန်၏။ ဆေးလိ ကို အူနေအောင် ဖွာသည်။ ဘွားကြီး သည်လိုဖြစ်နေလို့ ဘိုးကြီးက ဝင်ပြောပေးမည် မရှိ။ အခန်းထဲမှာ ဆေးလိပ်ခိုးတွေ တော်တော်အူတော့မှ ဘွားကြီး ပြန်လှုပ် သည်။ ဆေးလိပ်သောက်လို့ မောရင် ဆေးလိပ်သောက်ပြီး အမောပြန်ဖြေရသဟ မောင်းကုန်းက ဘကြီးစာ ပြောသည့်စကားကိုပင် သတိရမိသည်။

"အံ့ဩစရာ…အကျီရယ်လို့ ဆွဲလိုက်တာ အကျီမပါဘူး…ကလေးေ တစ်ယောက် ပါလာတာ…ဦးစွန်းဖုတ် ဆွဲမိတာကိုး…ဒါနဲ့ ကျုပ်က အ တော့ လန့်သွားသေးတယ်…နောက်တော့ ငါနဲ့ထိုက်လို့ပဲဆိုပြီး လှေဝမ်း ထည့်လှော်ခဲ့ရော…အိပ်မက်ထဲမှာ ကလေးကလည်း မလှုပ်ဘူး…ငြိမ်လို့ အဟွပ်…အဟွပ်…အဟွပ်…"

သည်တစ်ခါ ချောင်းကတော့ မကြာပါ။ မပုန်းရည် ကျောထဖိပေးမည်ပြင် ရပ်သွားသည်။ ဘွားကြီးက အနားက ဆားခွက်ထဲက ဆားနည်းနည်း ကော်ယူ အကြမ်းပန်းကန်ထဲ ထည့်သံသည်။ ရေနွေးငှဲ့သည်။

"အဟွပ်…အဟွပ်…ချောင်းများတော်…စကားပြောမဖြစ်ဘူး…လူသ ဖိကုပ်လိုက်ပါရဲ့…ဒါနဲ့ ဘယ်တောင်ရောက်သွားပါလိမ့်"

"ကလေးက မလှုပ်ဘူး…"

မပုန်းရည်က ထောက်ပေးသည်။

"ကမ်းစပ်ရောက်တော့ နဂိုက ချူးထားတဲ့ ကြာတစ်စည်း တစ်ဖက်က …ကလေးကို တစ်ဖက်က သစ်တုံးပွေ့ပွေ့…လှေပေါ်က ဆင်း…ကျုပ်ဒ ထဲ သေချာကြည့်စမ်းမယ်…မလှုပ်တာ အသက်မပါတော့လို့လား ဆရာမရယ်…ကန်စပ်က မြေကလည်း ပုစွန်ကျစ်စာမြေဆိုတော့ က ချမဖြစ်တာနဲ့ ကြာစည်းကို ဖြန့်ခင်းပြီး ကြာစည်းပေါ် တင်လိုက်တယ် ဦးစွန်းဖုတ်ကလေးနဲ့ မျက်လုံးကလေးတွေ မှိတ်လို့…မလှုပ်ဘူး၊ မငိုဘူ ဒါနဲ့ ကျုပ်က ကိုင်း မင်းကုသိုလ်ပဲ…ငါ့ရွှေတွေ အဆုံးခံပြီး မင်းကိုခေါ် တာ…မင်းက အသံမထွက်တော့ ထားခဲ့ရုံပဲလို့ ပါးစပ်က ပြောသေးတ"

"ဩော်…ဆန်းလိုက်တာနော်"

"သည့်ထက်ဆန်းသေးတော်…ကျုပ်ပြောဦးမယ်…ကျုပ်အသက် ခုနစ် တွင်း ရောက်ပြီ…ကျုပ် မဟုတ်တာ မပြောဘူးဆိုတာ ယုံ…ကျုပ်ညာ ညာသမျှ မြေကြီးထဲရောက်မှာ…ဒါနဲ့ ပြောပါရစေတော့…ကျုပ်က ခေါ်



ခနဲ ထတော့လည်း မငိုဘူး…နှစ်လှမ်း သုံးလှမ်း လှမ်းတော့လည်း မငိုဘူး … လေး၊ငါးလှမ်း လှမ်းတော့မှ ငိုသံထွက်လာတယ်…ဒါနဲ့ ကျုပ်လည်း ခင်းထားတဲ့ ကြာတွေရော ကလေးပါ သိမ်းပွေ့ပြီး ပြန်လာခဲ့ကရော… အိပ်မက်က ဆန်းတော့ ကျုပ်က အိမ်ကြွလာတဲ့ဘုန်းကြီးကို လျှောက် တယ်…လျှောက်တော့ အာယုမမီမကမ်းနဲ့ ဒကာမကြီး လာတွယ်တာပါ… အကျိုးပေးလိမ့်မယ်လို့ မိန့်တယ်"

မပုန်းရည်က ကိုကြာစွယ့်ကို မြင်ယောင်နေမိသည်။ မျက်နှာပြားပြားကြီးနှင့် ရေကန်အနီးမှာ သွားသွားထိုင်တတ်သူ။ အရက်အကြောက် ကြီးသူ။ ရွာကို ထလာသည့် မြို့သူ ပညာတတ် ကျောင်းဆရာမ မပုန်းရည်ကို ချစ်ခင်လေးစား သူ။ တစ်ခါတစ်ခါ ဉာဏ်ရည်မှ မီရဲ့လားလို့ မပုန်းရည် တွေးမိသည်။ စာမတတ် လည်း တောအလုပ်တော့ ကျားစီးဖားစီး ရှိပြန်သည်။ တစ်ခါက နတ်ရေကန်က သံ ကျုပ်ကြားတယ်လို့ ပြောပြီး မကြာခင်မှာ ခင်သိန်းရီ ရေနစ်တာကို မပုန်းရည် ရသည်။ သူ ဘာလဲ၊ သူ ဘယ်ကလဲ၊ သူ ဘယ်ကိုရောက်နေတာလဲ။ ဒါကိုတော့ ရည် ဉာဏ်မမီပါ။ ဘွားကြီးကလည်း မအေတစ်ယောက်အနေဖြင့် ပုံကြီးချဲ့စရာမရှိ ည်ကောားတွေကို မကြာခဏပင် မပြောဖူးခဲ့။ သူစိမ်းဖြစ်သည့် မကေးတို့၊ မပုစွန်တို့ လည်း စကားထွက်လာတာ မရှိ။

"ကိုကြာစွယ် မွေးတော့ ဘာထူးခြားတုံး ဘွားကြီး"

"အဲသလိုတော့ မထူးခြားပါဘူး…နတ်ရေကန်ဘက် သွားချင်တယ်… ကြာပန်း ချူးချင်တယ်…ကြီးလာတော့လည်း သူသွားချင်တဲ့အခါ သွားတာ ပဲ…မသွားချင်တော့လည်း မေ့တောင်နေတယ်…မခက်ဘူးလား…စာသင် ပါဆိုပြီး ဘုန်းကြီးကျောင်းထားတယ်…စိတ်ကိုမပါလို့ မတတ်ခဲ့ဘူး… သူ့အစ်ကို နှစ်ယောက်တုန်းကတော့ သင်ပုန်းကြီး ကုန်ခဲ့ပါရဲ့…မိကြာဥ စာမတတ်တာကတော့ မိန်းကလေးကိုး ဆရာမရဲ့…ကြာစွယ်ကတော့ စာကို မသင်ချင်တာ…သူမသင်ချင်မှတော့ ကျုပ်တို့ကလည်း ထူးပြီး ပြောမနေ တော့ဘူး"

စကားကောင်းတုန်း မကြာဥက ရွာအပျိုတွေ တစ်အုပ်ကြီးနှင့် ထမင်းအတ အောင် လာခေါ်သည်။ မကြာဥတို့ကို အားနာပြီး ထလိုက်လာရသော်လည်း ချင်သေး။ တစ်ရက်မှ ဆက်မေးပါဦးမယ်လေလို့ တွေးပြီး လိုက်လာခဲ့သည်။ မှာ ဘက်ထရီမီးချောင်းထွန်းပြီး ထမင်းဝိုင်းကြီး ပြင်ထားသည်။ ထမင်းစားပြီး ခွေထိုးဆိုတာ သွားကြည့်ကြရဦးမှာဆိုတော့ ထမင်းကို ကသုတ်ကရက် စားကြ

www.burmeseclassic.com

www.burmeseclassic.com



ရပါ၏။ မပုန်းရည်စိတ်ထဲမှာတော့ ကိုကြာစွယ် ဘဝပုံရိပ် ဗီဒီယိုကားကိုပဲ မြင်ယောင်နေ သည်။ စကားတွေရှိလိမ့်ဦးမည်။ မကြာခင်ကို မေးရမည်။

အပျိုတစ်သိုက်နှင့်အတူ မပုန်းရည်ပါ ဗီဒီယိုကြည့် လိုက်ခဲ့ရလေ၏။

"ကြာစွယ်ကြီး သနားပါတယ်...ရွာ တစ်ညပြပါဦးဟယ်ဆိုပြီး ကျွပ်... အနိုင်ကျင့်တာနဲ့ ပြရှာတာ...ရွာတော့ အင်မတန်ချစ်တယ်...သူပြော... သည်းသာခံတော့...ရိုးရိုးသားသား ပြောပါရစေ ဆရာမရယ်...ကြာစွယ်... ဆရာမကို အင်မတန် ခင်ရှာတယ်"

"ဟုတ်ပါတယ်ရှင်...ကျွန်မ နားလည်ပါတယ်...ဒါကြောင့်လည်း သူ့... ကျွန်မ စ,တာပါ...ကျွန်မကို ခင်မင်ဝံ့ပါစေတော့လို့ပါ"

မပုန်းရည် တကယ်လည်း သိပါ၏။

ဂ

ဘုရားပွဲ ပြီးသည့်ရက်များတွင် မပုန်းရည် စာဘက် လှည့်ရတော့သည်။ ဘုရားပွဲကို အကြောင်းပြုကာ ရွာက ကလေးတွေ စာနှင့်ကျောင်းနှင့် ဝေး... ဖြစ်ခဲ့သည်။ အထူးသဖြင့် လေးတန်းကလေးတွေကို ဖိရသည်။ ညဘက် ကျော... မပျက်အောင် လာဖို့လည်း လုံးပမ်းရပါ၏။ ကိုကြာစွယ် ဘက်ထရီအိုးနှင့် လေး... မီးချောင်းက အတော်အားကိုးရသည်။ စာမေးပွဲက နှစ်လကျော်ကျော်လောက်... လိုတော့သည်။ မမစိန် နှင့် မောင်တက်လူတို့ကလည်း ဝိုင်းကြသည်။ ဆရာ၊ ဆ... တွေ လှုပ်တော့ ကလေးတွေကလည်း လိုက်လှုပ်လာကြသည်။ မပုန်းရည်က စိတ်... စားအောင် သင်သည်။ စာသင်ခန်းထဲမှာပဲ ခေါင်းထဲစွဲအောင် သင်သည်။

"တစ်ခါတုန်းက ဝံပုလွေတစ်ကောင်ရှိတယ်...ဝံပုလွေဆိုတာ သိ... နော်...မြင်ဖူးကြသလား"

"မမြင်ဖူးပါဘူး ဆရာမ"

"ဝံပုလွေဆိုတာ ခွေးလိုပဲ နှုတ်သီးချွန်ချွန် အမြီးဖွားဖွားနဲ့ ကိုက်တတ်... တိရစ္ဆာန်ပဲ...ဆရာမလည်း ဝံပုလွေ မမြင်ဖူးသေးပါဘူး...သူက တော... ကြီးတွေထဲမှာ နေတဲ့ တောရိုင်းတိရစ္ဆာန်ပေါ့"

မပုန်းရည်က ကျောက်သင်ပုန်းပေါ်မှာ ဝံပုလွေပုံ ဆွဲပြလိုက်သည်။

"အဲသည် ဝံပုလွေက တစ်နေ့တော့ တောခြေက သိုးအုပ်ကို တွေ့တယ်... သိုးတော့ တွေ့ဖူးကြတယ်နော်"



"တွေ့ဖူးတယ်ဆရာမ...ဩဘာအဖေက သိုးမွေးထားတာ ရှစ်ကောင် ရှိတယ်"

"ဟုတ်လား ဩဘာ..."

"ဟုတ်တယ်ဆရာမ...သိုးကလေးတောင် မွေးနေပြီ...အဖြူနဲ့အနက်ကျား ကလေး...အဖေက ကျွန်တော့်ပေးတာ...ကျွန်တော် နာမည်ပေးထားတယ်"

"ဟုတ်လား...ပြောပါဦး...ဘာတဲ့လဲ..."

"တုတ်ပေါ"

ကလေးတွေက ဝါးခနဲ ရယ်ကြသည်။ မပုန်းရည်က သိုးမမြင်ဖူးကြရင် 'တုတ်ပေါ'ကို သွားကြည့်ကြနော် ဆိုလို့ ဝေးခနဲ အော်ကြပြန်သည်။

"အေး...ဆက်နားထောင်...အဲသည် ဝံပုလွေက သိုးတွေကို စားချင်တော့ သိုးရေခြုံပြီး သိုးအုပ်ထဲ ဝင်နေတာပေါ့"

"သိုးတွေက မသိဘူးလား ဆရာမ"

"မသိကြဘူး...ဝံပုလွေက သိုးရေခြုံထားတော့ သူတို့လိုပဲ သိုးလို့ ထင်ကြတာပေါ့...ဒါနဲ့ ဝံပုလွေက သိုးတွေကြားထဲနေပြီး သိုးတွေကို တစ်ကောင်ပြီး တစ်ကောင် ကိုက်သတ်စားတော့တာလေ...ကြာတော့ သိုးတွေ လျော့လျော့ လာရော...ဒါနဲ့ သိုးကျောင်းသားက စဉ်းစားတယ်...ဘယ်လိုဖြစ်တာပါ လိမ့်...ငါ့သိုးတွေ နည်းသွားသလိုပဲ"

ကလေးတွေက သိုးတွေကို ရက်ရက်စက်စက် ကိုက်ဖြတ်စားသောက်နေသည့် ...လွေကို မျက်စိထဲ မြင်ကြပုံပေါ်သည်။ မျက်လုံးကလေးတွေ ပြူးလို့။

"ဒူးကြီးကတော့ ဦးဘသိန်းဆိတ်တွေ ကျောင်းနေတယ် ဆရာမ"

"အေး...ဒူးကြီးကို ပြောပြနော်...ဆိတ်ရေခြုံထားတဲ့ ဝံပုလွေ ဝင်နေတတ် တယ်လို့..."

"ဟုတ်ကဲ့ဆရာမ...ညနေကျတော့ ပြောလိုက်မယ်"

မပုန်းရည်က ပြုံးသည်။ ဝံပုလွေ၊ သိုးများ၊ သိုးရေခြုံ၊ တစ်နေ့တစ်ကောင်စား၊ ...ကျောင်းသား ရိပ်မိ။ သည်အထိ တစ်ယောက် နှစ်ယောက်ကို ပြန်မေးသည်။ ...ကောင်လို့။ ဟုတ်ပြီ။

"တစ်နေ့တော့ သိုးကျောင်းသားက သိုးတစ်ကောင်ကို မသင်္ကာဘူး... ဒီကောင်က မြက်လည်း မစားဘူး...တခြားသိုးတွေလိုလည်း မရွေ့လျား ဘူး...အဲဒါ ဘယ်ကောင်ဖြစ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဝံပုလွေ…"

ဝိုင်းအော်ကြသည်။ မပုန်းရည်က တယ်ဟုတ်ပါလားဆိုသည့် မျက်နှာဖြင့် တစ်ယောက်စီ လိုက်ကြည့်သည်။

"ဒါနဲ့ သိုးကျောင်းသားက ရန်သူကို တွေ့ပြီလေ…ဝံပုလွေကို ကြိုးကွင်းပစ် ဖမ်းလိုက်တာ…"

မပုန်းရည်စကားကို ရပ်ထားသည်။ ကျောင်းသားတွေ လှုပ်လာကြပြီ။ ကြိုးကွင်း ပစ်ဖမ်းလိုက်တော့ မိရောလား။

"မိတာပေါ့…ဒါနဲ့ သိုးကျောင်းသားက ဝံပုလွေကို သစ်ပင်မှာ တွဲလောင်း ချည်ထားလိုက်တယ်…အဲဒီအချိန်မှာ တခြားသိုးကျောင်းသားနှစ်ယောက် ရောက်လာပြီး မြင်တော့ မေးကြတာပေါ့…ဒီသိုးကို ဘာလို့ ကြိုးနဲ့ချည် ဆွဲထားရပါသလဲပေါ့…သည်တော့ သိုးကျောင်းသားက ဖြေတယ်…သည် အကောင်က သိုးအစစ်မဟုတ်ဘူး…သိုးရေခြုံထားတဲ့ ဝံပုလွေဖြစ်တယ်…ဝံပုလွေက သိုးဟန်ဆောင်ပြီး သိုးတွေထဲ ဝင်နေပြီးတော့ တစ်ကောင်ပြီး တစ်ကောင် ကိုက်စားနေတဲ့ကောင်…မိတ်ဆွေလိုလိုနဲ့ ဝင်ရောပြီး ဒုက္ခပေး တာကွလို့ ပြောပြတယ်…ကျန်တဲ့ သိုးကျောင်းသားနှစ်ယောက်က မိတ်ဆွေ ဟန်ဆောင်သူဟာ ကြောက်စရာအကောင်းဆုံး ရန်သူပဲလို့ ပြောကြသတဲ့… ဒါက သိုးရေခြုံသော ဝံပုလွေ…မင်းတို့ မြန်မာဖတ်စာအုပ်ထဲမှာ စာမျက်နှာ တစ်ဆယ်မှာပါတယ်…စာအုပ်တွေ လှန်ကြ…ဆရာမ တစ်ခေါက်ချပေး မယ်…ပြီးရင် တစ်ယောက်တစ်ပိုဒ် ဖတ်ရမယ်…ဟုတ်ပြီနော်။ နေဦးကွာ ဆရာမ မေးဦးမယ်…။

"သိုးတွေ ဘာဖြစ်လို့ နေ့တိုင်းပျောက်နေတာလဲ…"

"ဝံပုလွေက စားစားပစ်လို့"

"ဟုတ်ပြီ…သိုးကျောင်းသားက ဝံပုလွေကို ဘယ်လိုဖမ်းသလဲ"

"ကြိုးကွင်းပစ်ဖမ်းတာပါ ဆရာမ"

"ဟုတ်လိုက်တာကွယ်…သိုးကျောင်းသားနှစ်ယောက်က ဘယ်လိုပြော သလဲ"

"မိတ်ဆွေ ဟန်ဆောင်သူဟာ ကြောက်စရာအကောင်းဆုံး ရန်သူပဲလို့ ပြောပါတယ် ဆရာမ"



"ကိုင်းကွယ် ကြောက်စရာအကောင်းဆုံးရန်သူက ဘယ်သူလဲ"

"မိတ်ဆွေဟန်ဆောင်သူပါ ဆရာမ"

မပုန်းရည်က စာကို တစ်ခေါက်ချပေးပြီ ကလေးတွေကို စာဖတ် အလေ့ အကျင့်ရအောင် တစ်ယောက်စီ ထ,ဖတ်နိုင်းသည်။ ပြီးလျှင် လက်ရေးလှ ရေးခိုင်း သည်။ လေးတန်းတွေ လက်ရေးလှ ရေးနေတုန်း ဒုတိယတန်းဘက် ပြေးရ၏။ ပြီးလျှင် လေးတန်းဘက် ပြန်လာ။ စာဖြင့် မေးခွန်းတွေ ရေးသည်။ စာဖြင့် ဖြေခိုင်း သည်။ တစ်ပုဒ်ဆိုတစ်ပုဒ် သေချာအောင် ပြင်ဆင်ထားခဲ့သလို သတိရတိုင်း ပြန်ပြန်နွှေး ခြင်းဖြင့် စာဟောင်းကို ပြန်နှိုးရပါ၏။ တစ်ယောက်ချင်းကို သေချာအောင် ပြင်ဆင် ပေးရသည်။ ဘာပဲဖြစ်ဖြစ် မပုန်းရည်ကိုင်သည့်နှစ်မှာ စတုတ္ထတန်းတွေ တန်းလုံးကျွတ် အောင်စေချင်သည်။ မူလတန်းပညာရေးဖြင့် တင်းတိမ်ရောင့်ရဲကြတာမျိုး မဟုတ်ဘဲ အလယ်တန်းအဆင့်ကို ကူးစေချင်သည်။ ကလေးတိုင်း ကျောင်းနေပျော်၍ စာတော် စေချင်သည်။ စေတနာတွေကပဲ မပုန်းရည်ကို အားတွေဖြစ်စေသည် ထင်ပါ၏။

တစ်ရက် ကျောင်းမှာ စာသင်ကောင်းနေခိုက် ကလေးတွေက "ဆရာမ ကြည့်သည်" ဆိုလို့ မပုန်းရည် လှည့်ကြည့်လိုက်သည်။

"ဩော်…"

✦

www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

အင်ဂျင်နီယာ ကိုမျိုးသွင်။ တလောက ကျောင်းကို အရောက်အပေါက် နည်းခဲ့သော်လည်း ရွာဘုရားပွဲပြီးသည့်နောက်ပိုင်း အရောက်စိပ်လာခဲ့တာ မပုန်းရည် သတိထားမိသည်။ ကိုမျိုးသွင် ရောက်လာတိုင်း မပုန်းရည်မှာ တစ်စုံတစ်ရာ ကျဉ်းကျပ် သလို ခံစားရပါ၏။ ဘာအတွက်ရယ်ကြောင့် ဆိုတာတော့လည်း မပုန်းရည် မပြောသာ ကိုမျိုးသွင်ကို မြင်ရလေတိုင်း မပုန်းရည်စိတ်ထဲမှာ တစ်ခုခု သတိထားနေရသလို ရှန်ဆီးရန်ကာ ရှောင်ရဖယ်ရမလိုလို ဖြစ်နေမိသည်ကတော့ အမှန်ပင်။ အခုအချိန် တော့ ကိုမျိုးသွင်ဘက်က မရိုးမသား မရှိရှာပါ။ ကိုယ်အမူအရာ၊ နှုတ်အမူအရာ တင်စီးတာမျိုး၊ စီးပိုးတာမျိုး မရှိ။ ပွင့်ပွင့်လင်းလင်းရှိသည်။ ရယ်ရယ်မောမောရှိသည် ဝညာတတ်ဆိုတော့ အသိအမြင် အပြောအဆို ပါးရည်နပ်ရည်ရှိသည်။

ဝမ်းသာစရာတစ်ချက်က နတ်ရေကန်ရွာကလေးကို တတ်နိုင်သမျှ ဖြည့် ကူညီခြင်းဖြစ်ပါ၏။ ရွာကျောင်းကလေးဆိုတာ ထားတော့၊ တာပေါင်က ရွာ ဖွဲ့ဆင်းလာသော သစ်သားချောင်းကူးတံတားကို ပြင်ပေးခဲ့သည်။ ဘုန်းကြီးကျောင်း ရေကာပြင်တစ်ခင်းလုံး ပြင်လှူခဲ့သည်။ ရွာဇရပ်ကို ဖိနပ်ချွတ်မြင့်ကာ အုတ်ခုံခင်း သည်။ မပုန်းရည်က ခရီးကြုံလျှင် စိန်ပန်း၊ ငုစပ်၊ မယ်ဇယ်ပင်ပေါက်ကလေး ဝယ်ခဲ့ပေးဖို့ မှာဖူးသည်။ ကားကြုံလျှင် ကြုံသလို ဝယ်လာတတ်သဖြင့် ရွာအဝင် လမ်းတစ်လျှောက် သစ်ပင်တွေ စိုက်ပျိုးခဲ့ပြီးပြီ။ သစ်ပင်ဒါယကာ ကိုမျိုးသွင် ကုသိုလ် လုပ်သမျှ သစ်ပင်တွေကို မပုန်းရည်က တပည့်ကလေးများ အကူအညီဖြင့် နေ့စဉ်



ရေချွန်မှန်လောင်းရင်း ပြုစုပျိုးထောင်ခဲ့သည်။ ဘာပဲဖြစ်ဖြစ် ရွာအပေါ် ရပ်အပေါ် စေတနာသားတာကိုတော့ ကျေးဇူးတင်ရပါ၏။

အခုလည်း ကျောင်းဝရောက်လာခဲ့ပြန်ပြီ။ စာသင်ကောင်းတုန်း ရောက်လာ တာဆိုတော့ မပုန်းရည် ကသိကအောက်ကလေးတော့ ဖြစ်ရပါသည်။ ကျောင်းရုံးခန်းမှာ ထိုင်မိကြတော့ စားပွဲပေါ်မှာ နှင်းဆီပန်းအိုးကလေးနှစ်အိုး တင်ထားသည်။ နှင်းဆီပင် ကလေးတွေမှာ နှင်းဆီကလေးတွေ ပွင့်ကြလို့။ တစ်ပင်က နှင်းဆီဝါ၊ တစ်ပင်က နှင်းဆီနီ။ တစ်ပင်လျှင် တစ်ပွင့်စီ။

"ပျိုးဆိုင်မှာ နှင်းဆီအိုးကလေးတွေ တွေ့လို့ ဝယ်လာတာ ဆရာမရေ… ဆရာမ နှင်းဆီတော့ ကြိုက်လောက်မယ်ထင်လို့ပါ…ကျွန်တော်က နှင်းဆီ တော့ ကြိုက်သားခင်ဗျ…အထူးသဖြင့် နှင်းဆီကြက်သွေးရောင်ကို ကြိုက် တယ်"

မပုန်းရည်က နှင်းဆီပင်ကလေးတွေကို တယုတယ ကြည့်သည်။ အပင်မှိုး သန့်သန်၊ အရွက်ဖားဖားဖြင့် နှင်းဆီပွင့်တွေက လှလွန်းလှပါသည်။ အဝါနှင့်အနီ ရောင်ပြိုင်နေကြသဖြင့် အလှဆုံးကို မရွေးသာပါ။ အဝါက တစ်မျိုးလှသလို၊ အနီက တစ်ဘာသာလှပါ၏။ နှင်းဆီပင်ကလေးတွေ ဝယ်လာတာ ဟုတ်ပါရဲ့။ ဘယ်မှာစိုက်ရ မလဲ။ အိုးမပိုင် အိမ်မရှိ ကျောင်းဆရာမတစ်ယောက်အဖို့ သစ်ပင်တွေ လက်တစ်ကမ်းမှာ ထားချင်လို့ မကောင်းနိုင်ပါ။ ကိုယ်တောင် ရပ်ရွာက ထားသည့်အိမ်မှာ နေရတာ မဟုတ်လား။ ကိုကြာစွယ်တို့အိမ်ကြီးမှာလည်း ရာသီပင်တွေ ရှိကြတာမှန်သော်လည်း အစအရာရာ ဆင်ခြင်ရသည်။

"ကျေးဇူးတင်ပါတယ်ရှင်…ကျွန်မလည်း နှင်းဆီတွေ မကြိုက်ပဲလားရှင်… ဒါပေမဲ့ စိုက်ဖို့ပျိုးဖို့နေရာက ခက်တယ်…ဒါကတော့ ပန်းအိုးကလေး တွေနဲ့မို့ ဘိုးကြီးတို့အိမ်ရှေ့ ပန်းခုံမှာ တင်ထားလို့ဖြစ်ပါတယ်…နောက် ကျွန်မအတွက်ရယ်လို့ မဝယ်ပါနဲ့တော့…ရွာအတွက် ကျောင်းအတွက် သာ ဝယ်ခဲ့ပါ"

ကိုမျိုးသွင်က ရယ်သည်။ နှင်းဆီရွက်ကလေးတစ်ရွက် ဆွတ်ခနဲ ခူးကာ လက်ထဲမှာ ချေနေခဲ့ပါ၏။

"နှင်းဆီနှစ်ပင်လောက်နဲ့တော့ နေရာမကျပ်ပါဘူး ဆရာမရယ်…ဘယ် နားချထားထား ရပါတယ်…နှင်းဆီတွေပွင့်တိုင်းသာ ဆရာမ ပန်ပါ… ကျွန်တော်က နှင်းဆီပဒေသာပင်စိုက်တဲ့ သဘောပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"အလျဉ်မီအောင် ပွင့်စမ်းပါစေရှင်...ပွင့်သမျှ ပန်ချင်ပါရဲ့...ပျိုးခြံတွေက နှင်းဆီတွေက ဆေးနဲ့ဝါးနဲ့ လုပ်ထားတာ များတယ်...ဆေးရှိန်နဲ့ ထိုးပွင့်ကြတာ များတယ်...ဆေးပြယ်တော့ မပွင့်ကြပြန်ဘူး...ကျွန်မတို့ ရွာမှာတော့ ဗမာနှင်းဆီတွေ ရှိတယ်...ကြွေလေးနှင်းဆီ ခေါ်ကြတာလေ... သဘာဝအတိုင်း ပွင့်ကြတာများ ခဲလို့...ကျွန်မက အဲသည်နှင်းဆီပွင့်ကလေးတွေကို ကြိုက်တယ်...မပန်ချင်ရင်သာနေရော ပန်ချင်လို့ကတော့ ခူးပန်လိုက်ရုံပဲ"

"ခေတ်က တိုးတက်နေပါပြီ ဆရာမရယ်...တောပန်းတောပွင့် ခူးပန်ရတော့မယ့် ခေတ်မဟုတ်တော့ပါဘူး...ခေတ်မီနည်းပညာနဲ့ ပန်းတွေ လှအောင် ပွင့်အောင် ဝေအောင် လုပ်နိုင်ကြပါပြီ"

"ကိုမျိုးသွင်ရယ်...ကျွန်မ ငြင်းခဲ့တာမဟုတ်ပါဘူးနော်...ဒါပေမဲ့ နည်းပညာနဲ့ ပွင့်ရတဲ့ပန်းကို ပြုပြင်နေရတာ၊ ပွင့်ဖို့ မျှော်နေရတာထက်စာရင် သဘာဝအတိုင်း ရုန်းကန်ပွင့်ရတဲ့ပန်းတွေကို ကျွန်မဖြင့် ပိုပြီးတန်ဖိုးထားပါတယ်ရှင်..."

"ကဲပါ ဆရာမရယ်...ဆရာမရှေ့ရောက်လာတဲ့ သည်ပန်းအိုးနှစ်အိုးကိုတော့ လက်ခံပါဗျာ...ပန်းပွင့်တွေပါ ပါလို့ ဝယ်လာတာပါ"

"လက်ခံပါတယ်ရှင်...နောင်သာ ကျွန်မအတွက်ရယ်လို့ ဝယ်မလာပါနဲ့လို့ ပြောထားတာပါ...ဒါ့ထက် ဘာမှလည်း ညှော်မခံရဘူး...ထမင်းစားကျောင်းတောင် ဆင်းတော့မယ်...ဆရာတော့်ကျောင်းကို ထမင်းလိုက်သုံးအောင် ပါလား...ဆရာတော်ကြီးကျောင်းမှာ ပိုလျှံပါတယ်"

မပုန်းရည်က စကားလမ်းကြောင်းလွှဲလိုက်ရပြီ။ နှင်းဆီဒဿနတွေ မပြောချင်တော့၍ ဖြစ်၏။ တော်ပါသေးရဲ့ မမစိန် ရောက်လာလို့။ ကိုမျိုးသွင် ရောက်လာစဉ်က မမစိန် စာသင်ရင်းတန်းလန်းမို့ လှမ်းမခေါ်ခဲ့။ မပုန်းရည်လည်း စာသင်လက်စမို့ စကားဖြတ်ချင်ပြီ။ မမစိန်လာလျှင် ညှော်သည်ကို လက်လွှဲဖို့ မပုန်းရည် စဉ်းစားထား သည်။ မမစိန်က ရောက်လာတော့ စားပွဲပေါ်က နှင်းဆီနှစ်အိုး၊ နှင်းဆီနှစ်ပွင့်ကို ကြည့်ကာ ပြုံးသည်။ ကိုလူပျို နှင်းဆီနှစ်ပင်နှင့် ရောက်လာတာကို သဘောပေါက်ဟန် တူပါ၏။ မပုန်းရည်က မမစိန်ပြုံးလိုက်တာကို ရိပ်မိလိုက်သော်လည်း မသိကျိုးကျွံ နေလိုက်သည်။ မမစိန်က ကိုမျိုးသွင်ဘက် ပါချင်ချင်မဟုတ်လား။

မမစိန်က ရယ်ရင်းမောရင်း ကဗျာလေးတစ်ပုဒ်အကြောင်း ဖျိုးဖျိုးဖျပ်ဖျပ် ဝင်ပြောတော့သည်။



"နှင်းဆီပန်းတွေ လှလိုက်တာ မပုန်းရည်ရယ်...ကျွန်မဖြင့် ဆရာကြီး မင်းသုဝဏ်ကဗျာကလေးတောင် သတိရမိရဲ့...လယ်တောက ပြန်တော့ ခရေပန်ချင်တယ်ဆိုလို့ ခူးလာတာ...ခရေကုံးကလေး ကမ်းပေးတော့ မိန်းကလေးခေါင်းမှာ နှင်းဆီပွင့် ရောက်နှင့်နေပြီဆိုတာလေ...မေ့တောင် နေပါပြီ...ဟိုတုန်းကတော့ ရသား..."

"မမစိန်ရယ် ဘယ်သူ လယ်တောက ပြန်လို့မှ ခရေလည်း မမှာခဲ့သလို၊ နှင်းဆီလည်း မပန်နှင့်ပါဘူးရှင်...မမစိန်ဥပမာက တော်တော်ဝေးပါတယ်"

မပုန်းရည်က ပြတ်တောင်းတောင်းပြောလိုက်တော့ ဒေါ်မြင့်မြင့်စိန်ပင် မျက်နှာပျက်သွားခဲ့သည်။ သို့သော် ချက်ချင်း မျက်နှာရိပ်ပြင်ကာ ထိုစကားကို မဆက်တော့ဘဲ ကိုမျိုးသွင်ကို နှုတ်ဆက်နေလေသည်။ ကိုမျိုးသွင်ပင် မပုန်းရည်စကားကြောင့် အားတောင့်အားနာ ဖြစ်သွားပုံပေါ်ပါ၏။ စကားဝင်ဖာသည်။

"လမ်းမှာ နှင်းဆီပန်းအိုးကလေးတွေ တွေ့လို့ ဝယ်လာတာပါဗျာ... တစ်ရောင်မကြိုက် တစ်ရောင်ကြိုက်ဆိုပြီး နှစ်အိုးဝယ်လာတာ"

"ဘယ်က ဝယ်လာတာလဲ ကိုမျိုးသွင်ရဲ့"

"ဝသုန္ဒရာဘက်ကလေ...ကိုင်း ကျွန်တော့်ကို ခွင့်ပြုကြဦး...နောက်မှ လာခဲ့ပါဦးမယ်...ဪ လာရင်းကိစ္စတောင် မပြောရသေးဘူး...ကျွန်တော်တို့ ဒါရိုက်တာကြီးက ဆရာမတို့ကို စက်ရုံလာကြည့်ဖို့ ဖိတ်ပါတယ်... ကျောင်းပိတ်ရက် တစ်ရက်လောက် ကြွခဲ့ကြပါဦး"

မပုန်းရည်က အင်းမလှုပ် အဲမလှုပ်။ မမစိန်ကလည်း စကားဦးမသန်းဝံ့တော့။ ကိုမျိုးသွင်က ချက်ချင်းမပြန်သေးဘဲ အဖြေကို စောင့်နေခဲ့သည်။ မပုန်းရည်က စိတ်ဆိုးဟန်သည် ထင်မှာစိုးသဖြင့် မျက်နှာကလေးပြင်ကာ အဖြေပေးလိုက်သည်။

"ကျွန်မ စဉ်းစားထားတော့ ရှိတယ်...ကျွန်မတပည့်ကလေးတွေကို လိုက်ပြချင်တာပါရှင်...သွားရေးလာရေး ခက်မှာနဲ့ စက်ရုံဘက်က ခွင့်မပြုနိုင်မှာစိုးတာပါ...တစ်ရက်ပေါ့လေ..."

"အဲ...ရပါတယ်...ကျွန်တော်ပြောလိုက်ပါ့မယ်...ဒါရိုက်တာကြီးကလည်း ခွင့်ပြုမှာပါ...ကျွန်တော် အမြန်ဆုံးစီစဉ်ပါ့မယ်...သွားပြီနော် ဆရာမတို့..."

"ဟုတ်ကဲ့ပါ..."

မမစိန်နှင့် မပုန်းရည်က ကျောင်းဝအထိ လိုက်ပို့ကြသည်။ နှစ်ယောက်သား ကျောင်းခန်းထဲ ပြန်ရောက်ကြတော့ မပုန်းရည်က မမစိန်ကို ပန်းအိုးတွေ ယူသွားဖို့

www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။ မမစိန်က ငြင်းသည်။ ပန်းအိုးတွေက မပုန်းရည်ကို ပေးတာမဟုတ်လား မမစိန် မယူဝံ့သည့်အထဲမှာ ကိုမျိုးသွင်ရှေ့မှာ မပြောသင့်သည့်စကား ပြောလိုက်မိတာ လည်း ပါပါသည်။ မမစိန်က မျက်နှာကလေး အောက်ချကာ မပုန်းရည်ကို တောင်းပန် စကား ဆိုသည်။

"မပုန်းရည်ရယ်…မမစိန်ပြောလိုက်တာ ထိခိုက်သွားရင် မမစိန် တောင်းပန် ပါတယ်…မမစိန်က ဘာရယ်မဟုတ်ပါဘူး…ခေါင်းထဲပေါ်လာတာ မဆင် မခြင် ပြောမိတာပါ…မပုန်းရည် ထိခိုက်ပါစေတော့ သဘောမပါပါဘူး ဒါတော့ ယုံပါ"

မမစိန်က သည်လို တောင်းပန်တော့လည်း မပုန်းရည် စိတ်မကောင်းဖြစ် ပြန်သည်။ မမစိန်က မပုန်းရည်ကို ကိုမျိုးသွင်နှင့် နီးစပ်စေချင်သည့်စိတ်ရှိတာကိုလည်း သိထားမိပါ၏။ ဒါကလည်း သဘောရိုးပင်။ မပုန်းရည်ကို ပညာတတ် အင်ဂျင်နီယာ တစ်ယောက်နှင့် မေတ္တာမျှစေချင်သည့် အစ်မကြီးတစ်ယောက်၏ စေတနာမျိုးနှင့်ဖြစ် မပုန်းရည် ဘဝနောင်ရေးအတွက် ညီမလို သဘောထားကာ ကြံလျှင် ကြံသလို စကားထည့်နေကျပင်။ သည်တစ်ခါလည်း စကားရောက်အောင် စလိုက်ခြင်းဖြစ်သည်။ မမစိန် စေတနာကို မပုန်းရည် နားလည်သည်။ မပုန်းရည်ကို ကောင်းစားစေချင်မှန်းလည်း ယုံကြည်ပါ၏။ သို့သော် သည်လိုအပြောတွေကို မပုန်းရည် နားမရောက်ချင်ဘဲ ရှိခဲ့ သည်။ အထူးသဖြင့် ကိုမျိုးသွင်၏ ချဉ်းကပ်မှုကို မပုန်းရည် လက်မခံချင်ဘဲ ရှိခဲ့ သည်။

အင်ဂျင်နီယာဆိုတာနှင့်ပင် ကြိုက်ရရောလား။ ငွေကြေးဥစ္စာ ကြွယ်ဝ ရတာနှင့်ပင် မက်မောရရောတဲ့လား။ ပညာတတ်ဆိုသည့်အချက်နှင့်ပင် ဘဝလုံခြုံ တဲ့လား။ မိန်းမသားတစ်ယောက်အဖို့ အိမ်ထောင်ဖက် ရွေးချယ်ရာမှာ အပေါ်ယံကြည့် ဆုံးဖြတ်လို့ မရနိုင်ပါ။ မေတ္တာ၊ စေတနာ၊ အကြင်နာတွေအပြင် သစ္စာတရား ဖြင့် ထည့်တွက်ရမှာတွေက အများကြီးမဟုတ်လား။

တကယ်တမ်း ပြောကြကြေးဆိုလျှင် ကိုမျိုးသွင်ကို မပုန်းရည် ကျောင်းကို ရောက်ရောက်လာတတ်သော မိတ်ဆွေတစ်ယောက်ဆိုတာထက် အခြား ဘာမှ သိထားတာမရှိ။ ရှိသည်ပဲထားပါဦးတော့…၊ မပုန်းရည် လက်ခံရရိုးလား မိန်းမသားတစ်ယောက်အတွက် ဘဝလုံခြုံမှုသည် အရေးကြီးမှန်း သိပါ၏။ မိန်းမသား တစ်ယောက်အနေနှင့် ငြင်းဆန်ရန်မလိုသော အရည်အသွေးရှိမှန်းလည်း သိပါ၏။ မပုန်းရည် မယုံဝံ့ပါ။



"စိတ်မဆိုးပါဘူး မမစိန်ရယ်…ကျွန်မ အခြေအနေတွေအားလုံးကို နားလည် ပါတယ်…ကျွန်မလည်း အရွယ်ရပါပြီ အိမ်ထောင်ပြုရမယ့်အရွယ်တောင် ကျော်နေပါပြီ…မမစိန်က မလှော်ရင်လည်း ကိုမျိုးသွင်က တစ်နေ့မဟုတ် တစ်နေ့ မေတ္တာရှိကြောင်း ဖွင့်ပြောလိမ့်မယ်ဆိုတာ ကျွန်မစိတ်က သိနေ သလိုပဲ…ဒါပေမဲ့ရှင် ကျွန်မမှာ အိပ်မက်ဆိုးတွေရှိတယ်…တစ်ခါက မမစိန် ကို ကျွန်မပြောပြမယ်ဆိုတဲ့ စကားရှိတယ်…မမစိန် မှတ်မိမလားမသိဘူး… ကျွန်မ အေးအေးဆေးဆေး ပြောပြပါဦးမယ်"

ဒေါ်မြင့်မြင့်စိန်က မပုန်းရည်ကို ငေးကြည့်နေခဲ့သည်။ မပုန်းရည်မှာ အိပ်မက် ဆိုးတွေ ရှိတယ်ဆိုတာ ဘာပါလိမ့်။ ရုပ်ရည်ချောမောလှပသော ပညာတတ် ကျောင်း ဆရာမကလေးတစ်ဦးအဖို့ရာ ဘယ်လိုအိပ်မက်တွေကများ ခြောက်လှန့်နေခဲ့ပါလိမ့်။ ဒေါ်မြင့်မြင့်စိန် အကဲခတ်မိသလောက် မပုန်းရည်က စိတ်နှလုံးကောင်းသည်။ သွက်လက် ဖျတ်လျသလောက် စာပေဝမ်းစာရှိသည်။ စေတနာနှင့် မေတ္တာထားရသော ကျောင်း ဆရာမဆိုသည့်ဂုဏ်ရည်နှင့် တစ်ဆံခြည်မလွဲ ထိုက်တန်လှသူဖြစ်သည်။ ဒေါ်မြင့်မြင့်စိန် သိသလောက် မပုန်းရည်တွင် တခြားဗာဟီရမရှိ။ အခြား ထိန်ဝှက်ထားတာမျိုးမရှိ။ ရိုးသားသည်။ ရိုးဖြောင့်သည်။ တပည့်တွေအပေါ် စာတတ်စေချင်သည်။ နတ်ရေကန် ရွာကို မပုန်းရည် ရောက်လာကတည်းက ရွာက ကလေးတွေ စာတတ်လာကြသည်။ စာကို စိတ်ဝင်စားလာကြသည်။ ရွာကျောင်းကလေး စည်လာခဲ့သည်။ ကျောင်းကိစ္စမှ မဟုတ်ပါ။ ရပ်ရေးရွာရေးတွင်လည်း အမြဲတမ်း စိတ်နှစ်ထားသူဖြစ်သည်။ အခုတော့ မပုန်းရည်ကိုယ်တိုင်က အိပ်မက်ဆိုးတွေ ရှိသည်ဆိုနေပါပကော။ ပညာတတ် မိန်းမချော တစ်ယောက်၏ ထမင်းလုံးတဆွေဟာ ဘာဖြစ်နိုင်သလဲ။ ဘယ်သူဖြစ်နိုင်သလဲ။ ဒါက တော့ မပုန်းရည်ကိုယ်တိုင် ပြောလာမည့်ရက်ကို စောင့်ရုံပင်။

"စိတ်မဆိုးရင် ဝမ်းသာပါတယ် မပုန်းရည်ရယ်…မမစိန်ကတော့ မပုန်းရည် ကို ကိုယ့်ညီမအရင်းလို ချစ်ခင်မိတယ်…ညီမလေးတစ်ယောက် ကောင်းစား စေချင်သလို ကောင်းစားပါစေတော့ ဆိုတဲ့စိတ်ပဲ ရှိတယ်…မမစိန်မှာ တခြား ဘာမှမရှိပါဘူး…မပုန်းရည်မသိလို့…ကိုမျိုးသွင်က မမစိန် အိမ်ကို ခဏခဏ ရောက်ရောက်လာတတ်တယ်…ပြောတော့ မပြောသေးဘူး…ဒါပေမဲ့ မမစိန် သိတယ်…သူ မပုန်းရည်ကို မေတ္တာရှိပုံပေါ်တယ်"

"ကျွန်မလည်း ဗီဇစိတ်အရ သိနေသလိုပါပဲ…ပြောလာရင် ဘယ်လိုဖြေရ မလဲ ဆိုတာတောင် စဉ်းစားထားမိပါတယ်…ဘာပဲဖြစ်ဖြစ် လူပျိုလူလွတ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်သာမှန်ရင် သူလည်း မေတ္တာတောင်းခံခွင့် ရှိရမှာပေါ့…ဒါပေ မမစိန် ကျွန်မရင်ထဲမှာ အိမ်ထောင်ရေးကိစ္စ အချစ်ရေးကိစ္စ မရှိသေးဘူး ရှိချင်စိတ်လည်း မရှိဘူး…သည်တော့ ကျွန်မအဖြေဟာ စိတ်ချမ်းသာစေ ဟုတ်မယ်မထင်ဘူး…သည်တော့ မိတ်ဆွေတွေလိုပဲ ခင်ချင်နေတာပဲ ရှိတယ်

ထိုနေ့က နှင်းဆီပန်းအိုးကလေး နှစ်အိုးကို ဖွင့်ပေးသော်လည်း မမစိန် မယူပါ။ မပုန်းရည်ကိုသာ ယူစေချင်ကြောင်း ပြောခဲ့သည်။ ပေးသူကလည်း မပုန်းရည် ပေးတာဆိုတော့ လက်ခံရပါ၏။ တပည့်ကျောင်းသားကြီးနှစ်ယောက်ကို တစ်ယော တစ်အိုးထမ်းစေကာ ဘိုးကြီးတို့ဝင်းထဲ ပို့ခိုင်းလိုက်ရသည်။ မပုန်းရည် အိမ်ပြန်ရော တော့ နှင်းဆီနှစ်ပင်ကို အုတ်ခဲခုံကလေးတွေ မြင့်ကာ တင်ထားတာ တွေ့ရသည် ရေလောင်းထားသည်။ ကိုကြာစွယ်နေမှာပေါ့။ နှင်းဆီပွင့် ကားကားကြီးတွေ မပုန်းရည် ကျောင်းအပြန် စောင့်စားနေကြသလိုပင်။ တစ်ရက် နှစ်ရက်ရှိတော့ နှင်း ပွင့်တွေ ကြွေကုန်ကြပြီ။ မပုန်းရည် မပန်ဖြစ်ခဲ့။

သိပ်မကြာပါ။ တစ်ပတ်ဆယ်ရက်လောက်အတွင်း အခြားနှင်းဆီပျိုးပင်တွေ လည်းတစ်စီးတိုက် ရောက်လာခဲ့သည်။ တချို့က အပွင့်တွေ ဝေနေသည်။ တချို့အပင် က အဖူးကလေးတွေ စီလို့။ ဘိုးကြီးတို့အိမ်ဘေးက တလင်းပြန့်တစ်ခြမ်းကို တူးဆွကာ မြောင်းပေါင်ဖော်ကာ နောက်ချေးမြေဆွေးဖြင့် နပ်ထားတာကိုလည်း တွေ့ သည်။ နှင်းဆီပင်တွေချပြီး နှင်းဆီတောကြီးစိုက်ဖို့ ပြင်ထားပုံရပါ၏။ ဒါ ကိုကြာစွ စိတ်ကူးပဲ ဖြစ်ရမည်။ သည်အိမ်မှာက သူ့ခြေသူ့လက်ကိုး။ မပုန်းရည်က မသိချင်ယောင် ဆောင်ကာ မေးကြည့်သည်။ စ,ချင်တာလည်း ပါပါ၏။

"လှလိုက်တာ ကိုကြာစွယ်ရယ်…ဘယ်က နှင်းဆီပင်တွေလဲ…ကိုကြာစွ အရင်က မစိုက်ပါဘူး…ကော နှင်းဆီပန်းပေးရမယ့်လူ ရှိနေပြီနဲ့တူတယ်"

"ဆရာမ ပန်ချင်ပန်ရအောင်လို့ပါဗျာ…ကျုပ်က ဘယ်သူ့ပေးရမှာတုံး ဆရာမ နှင်းဆီပန်းကြိုက်မှန်း မသိလို့ရယ်…ပန်းယျဘက်မှာ ကျုပ်တို့ရွာ နှင်းဆီစိုက်နေကြသူတွေ ရှိတယ်…အဲဒါ ကျုပ်လှည်းနဲ့ သွားတိုက်လာ တာ…ပန်ရှေ့ဗျာ"

ဩော်…ကိုကြာစွယ်။ ဆရာမ ပန်ချင်ပန်ရအောင်လို့တဲ့လား။ ကျေးဇူးပြု ပါ့ရှင်။ ကိုမျိုးသွင် ပေးခဲ့သည့် နှင်းဆီနှစ်ပင်ကို မမက်စက်ခဲ့သော်လည်း ကိုကြာစွ နှင်းဆီတွေကိုတော့ မပစ်ပယ်ချင်။ ကိုကြာစွယ်၏ ရိုးသားမှုကြောင့်ပဲလားတော့ မပုန်းရည် လိပ်ပြာသန့်သည်။ နှင်းဆီပင်တွေကလည်း မြေချလိုက်သည်နှင့် သန့်



ကြကာ နှင်းဆီတွေ အတောမသတ်အောင် ပွင့်ကြသည်။ ထူးဆန်းတာက ကိုမျိုးသွင် ခဲ့သည့် နှင်းဆီနှစ်အိုးမှာ တစ်လလောက်အတွင်း ပင်ရိုးခြောက်သွားခဲ့ခြင်းဖြစ်၏။ ကြာစွယ့်အပင်တွေကတော့ ဖူးဖူးသန်သန်ရှိလှသည်။ မပုန်းရည်လည်း မတွေးတတ် အောင် ဖြစ်ရသည်။ ဘယ်လိုကြောင့်များပါလိမ့်။ တစ်ရက်မှာတော့ အကြောင်းရင်းကို ပုန်းရည် သိခဲ့ရပြီ။ သိတော့လည်း အံ့သြခဲ့ရသည်။ သည်အကြောင်းတွေကို ပြောပြ သူက ကြာနီ ဖြစ်သည်။ ကြာနီက ကြာဖြူညီမဖြစ်၍ ဦးကြာခွက်၏ သမီးဖြစ်သည်။ ကြာနီက ကြာဖြူလောက် မသွက်လက်သော်လည်း စကားပြော ကြီးကျယ်သည်။ ကြီးပြော ပြောတတ်သူကလေးပင်။

"ဆရာမ နှင်းဆီနှစ်ပင်ကို လေးလေးက သေအောင်လုပ်လိုက်တာ ဆရာမ… သမီးတွေ့တယ်…အဲသည်နှင်းဆီနှစ်ပင်ကို သူ မုန်းနေတာ"

"အလိုတော်…နှင်းဆီပင် သူ့ဟာသူနေတာ ညည်းလေးလေးက ဘယ့်နှယ့် ကြောင့် မုန်းရတာတဲ့တုံး ကြာနီရဲ့…ညည်း ဘယ်လိုသိတာလဲ…ဆရာမ လည်း အံ့သြနေတာ…"

"လေးလေးက ရေနွေးတွေ လောင်းတာ ဆရာမ…အဲသည်အပင်နှစ်ပင်က ဆရာမကို သူများက ပေးတာဆို…"

အို…ဘုရား ဘုရား…။ ရေနွေးလောင်းတာတဲ့လား…။ သူများပေးတာ ကကော ဘာသဘောပါလိမ့်။ ကိုမျိုးသွင်ပေးခဲ့သည့် နှင်းဆီအိုးတွေကို ထမ်း ကြသည့် ကျောင်းသားတွေက ကိုကြာစွယ့်ကို ပြောခဲ့ကြပုံပေါ်သည်။ အခြားနည်း ကိုကြာစွယ် သိစရာမရှိ။ သိပါဦးတော့…ဘာဖြစ်လို့ သည်နှစ်ပင်ကို ရေနွေး င်းရတာတဲ့လဲ။ ဘယ်လိုကြောင့် သေစေချင်ရတာတဲ့လဲ။ ကြာနီ့စကားထဲမှာ လေးလေး) က နှင်းဆီနှစ်ပင်ကို မုန်းနေတာတဲ့။ ကိုကြာစွယ် မရိုးသားချင်တော့ ။ မပုန်းရည် နားမလည်နိုင်ပါ။ ကြာနီကလည်း မဟုတ်တာ ပြောစရာမရှိ။ ရည် ဝေခွဲရခက်နေသည့် ပြဿနာကို ကြာနီကပဲ နောက်တစ်ရက်မှ ပြန်ရှင်း ၏။

"လေးလေးနဲ့ မမလေး မနေ့ညက ရန်ဖြစ်ကြတယ်ဆရာမ…မမလေးက ဆရာမ ပန်းပင်နှစ်ပင် ရေနွေးလောင်းတာကို သမီးပြောပြလို့ သိသွားတာ လေ…လေးလေးကို ဆူရော…"

"ဟုတ်လား ကြာနီရဲ့…ပြောပါဦး…လေးလေးက ဘာဖြစ်လို့ အဲသလို လုပ်တာတဲ့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ လင်ရမှာစိုးလို့တဲ့…"

"ဟဲ့…ဘယ်လို"

"ဆရာမကို ကြိုက်တဲ့လူက ပေးတဲ့ပန်းအိုးတွေ ငါရွှေ့ မထားဘူးတဲ့ ဆရာမ လင်ရသွားရင် ရွာက ပြောင်းသွားမှာပေါ့တဲ့…ကလေးတွေ နှင်း မှာပေါ့တဲ့…ဒါနဲ့ ရန်ဖြစ်ကြရော…"

သည်တစ်ခါ တွေတွေငေးငေးဖြစ်ရသူမှာ မပုန်းရည်ပင်။ ကိုမျိုးသွင် ပေး သည့် ပန်းအိုးတွေကို ရေနွေးလောင်းခြင်းသည် မရိုးမသား မဟုတ်ပါလား။ "သည်မှ ဆရာမ သိတယ်လို့ မပြောရဘူးနော်" လို့ ကြာနီကို မှာရင်း မပုန်းရည် မသိကျိုး နေခဲ့ရတော့သည်။ ကိုကြာစွယ်ကို မပုန်းရည် အပြစ်မတင်ရက်တော့ပြီ။ ရိုးသားလှသော တောသူတောင်သားတစ်ယောက်၏ အတွေးနှင့် လုပ်ရပ်ကို မပုန်းရည် အထင်သေး ရက်တော့ပြီ။ သူ့အတွေးနှင့် သူ့ခံစားမှု။ သူမှန်တယ်ထင်တာ လုပ်ခဲ့ခြင်းပင်။ နှင်း နှစ်ပင်သည် ကိုမျိုးသွင်၏ မေတ္တာသင်္ကေတဟု ကိုကြာစွယ် ထင်ပုံရပါ၏။ သည်နှင်း သေလျှင် မေတ္တာသင်္ကေတလည်း ပျက်ပြီ။ သည်တော့ သည်နှစ်ပင်ကို ရေနွေးလောင်း သည်။ ဆန်းကြယ်လှသော လူ့စိတ် လူ့မနောတွေကို မပုန်းရည် အံ့ဩရပါ၏။

"လင်ရသွားရင် ရွာက ပြောင်းသွားမှာပေါ့…ရွာကျောင်းကဲ့ ကလေးတွေ နစ်နာကုန်မှာပေါ့"

မပုန်းရည် နားထဲမှာ ကြာနီကတစ်ဆင့် ပြောပြသော ကိုကြာစွယ်စကား ကိုသာ တစ်ရစ်ဝဲဝဲ ကြားယောင်နေမိလေသည်။ အကြောင်းရင်းကို သိရတော့ သနား ရင်နှင့်အမျှ ထိထိနိုက်နိုက် ခံစားရပါ၏။

ဤသို့ဖြင့် မပုန်းရည်နှင့် နှင်းဆီပင်ဇာတ်လမ်း တစ်ခန်းရပ်ခဲ့ရသည်။

တစ်ရက်မှာတော့ ကျောင်းသွားကာနီး ကိုကြာစွယ် နှင်းဆီတောထဲမှ အပွင့်လှလှတစ်ပွင့် ခူးကာ ခေါင်းမှာ ပန်လိုက်သည်။ ကိုကြာစွယ် ရေထမ်းပိုးကြီး ခြံထဲဝင်လာခိုက်နှင့် ကြုံသွားသဖြင့် မပုန်းရည် နှင်းဆီပွင့်ခူးပန်တာ မြင်သွားလေ ကိုကြာစွယ့်မျက်နှာကြီးတစ်ခုလုံး ဖူးဖူးပိန့်ပိန့်ကြီး ဝင်းစက်သွားတာကို မပုန်းရည် တွေ့လိုက်တော့ ပြုံးမိရလေသည်။

၀

ခရမ်းသုံးခွနယ်ထဲက ကျေးရွာတစ်ရွာမှာ မရွှေရည်ဆိုသူ မိန်းမချော နေထိုင် ရလှသည်။ တောသူ မိန်းကလေးဆိုသော်လည်း မရွှေရည်၏အလှက မြင်ရသူ ငေးရသည့် အလှမျိုးပင်။ မရွှေရည်က ရုပ်ရည်ရူပကာ ချောမောသလောက် မိန်း



သဘောပြည့်သူကလေး ဖြစ်သည်။ မျက်နှာချိုသည်။ အချိုးကျသော ကိုယ်လုံးကိုယ် ခေါက်၊ ကျန်းမာသန်စွမ်းသော ကိုယ်နေဟန်ထားကလည်း မရွှေရည်ကို အမြင့်တွင် ချိတ်ဆွဲထားသော ရုပ်သေးမင်းသမီးရုပ်ကဲ့သို့ တင့်တယ်စေပါ၏။

မရွှေရည်မှာ မိဘနှစ်ပါးစလုံး မရှိကြတော့ အစ်ကိုရင်းဖြစ်သူ ကိုရွှေဝင်းနှင့် နေရသည်။ မိဘနှစ်ပါး ထားသွားခဲ့သော အိမ်ကလေးမှာပင် မောင်နှမ အတူနေကြရင်း မိဘနှစ်ပါး၏ လက်ငုတ်လယ်ကလေး ငါးကေကို စိုက်ပျိုးရင်း ခြိုးခြိုးခြံခြံ နေခဲ့ ကြသည်။ ရွာကလူသားတွေက မရွှေရည်ကို ပိုးပန်းကြတာတွေ ရှိပါ၏။ ငွေကြေး ပြည့်စုံသူ တောင်သူကြီးတွေက ကိုရွှေဝင်းကို နားပေါက်အောင် စကားသွင်းကြသည်။ ကိုရွှေဝင်းက နှမချောကို လှည့်မကြည့်အားရှာ။ လယ်အလုပ် ယာအလုပ်ထဲ ခေါင်းထိုး ရင်း ရာသီမပြတ် အိမ်နှင့်လယ် ပြေးနေရသူဖြစ်သည်။ ကိုရွှေဝင်းမှာ နဂိုကလည်း အနေအေးသူဆိုတော့ ရိုးရာက အ,ဆိုသလို ပါးစပ်ထဲ လက်ထိုးပေးလို့မှ မကိုက်တတ် သူဟု ရွာက ဆိုကြသည်။ နှမဖြစ်သူက လိမ္မာရေးခြားရှိမှန်း သိနေတော့လည်း အထူးစောင့်ရှောက်နေရတာမျိုး မဟုတ်။ မရွှေရည်ကလည်း အစ်ကိုက လုပ်ကျွေး နေသကောရယ်လို့ အငြိမ့်သား ထိုင်စားသူ အဖြစ်မခံ။ ကောက်စိုက်ချိန် ကောက်စိုက် သည်။ လယ်ရိတ်ချိန် လယ်ရိတ်သည်။ အခင်းထဲ ထမင်းပို့သည်။ နွားစာကျွေးသည်။ လိမ္မာမှုရှိတော့လည်း မျက်နှာပြမဟုတ် ကိုယ်ဖိရင်ဖိ လုပ်ကိုင်ပေးတတ်သူကလေးပင်။

"မောင်ရွှေဝင်းရယ်…မင်းနှမကလေး လိမ္မာလွန်းလို့ ငါတို့မှာ တို့သမီး ကလေးသာဆိုရင် ဘယ်လောက်ကောင်းမလဲလို့တောင် တွေးမိတယ်…တို့မှာ ရွှေငွေလယ်ယာ ပြည့်စုံပေသိ မျက်စိမျှားမိတ်ရင် ရှိသမျှအမွေတွေ လွှဲရမယ့် သားမြေးကလည်း ကျန်ခဲ့မှကိုး…ငါတို့သားနှစ်ကောင်ထဲက အကြီးကောင်ကို နေရာချထားပေးချင်တယ်…မင်းသဘောတစ်ခုပါကွယ်… စိတ်လည်း မရှိပါနဲ့…ကိုယ့်ရွာသူရွာသားချင်း မြည်ချင်ပေသိ မြည်ရတဲ့ သဘောပါ"

ရွာက သောင်းသာသူတချို့က စကားလှအောင် ပြောပြီး မရွှေရည်ကို တောင်းရမ်းချင်ကြတာရှိသည်။ တချို့ကတော့လည်း သည်လိုပြောဝံ့လောက်သည့် သတ္တိမရှိတော့ တစ်ဆင့်စကား နားဖောက်ကြသည်။ ကိုရွှေဝင်းကတော့ ရှင်းသည်။ နှမချောကိုလည်း ခေါင်းထဲမရှိ။ မိန်းကလေးဆိုတာ အချိန်အရွယ်ရောက်လျှင် သူ့အိုးနှင့်သူ့ဆန် တန်ရာတော့ ရကြသူတွေချည်းမို့ နှမသာ မေတ္တာရှိလျှင် နှမသဘော ခံယူသူဖြစ်သည်။ နှုတ်ဖြင့် စကားထည့်ကြသည်ဖြစ်စေ၊ တစ်ဆင့်စကား နားသွင်း ကြသည်ဖြစ်စေ ကိုရွှေဝင်းက "ရွှေရည်မ သဘောတစ်ခုပါဗျာ…ကျုပ်က အစ်ကိုကြီး

www.burmeseclassic.com

www.burmeseclassic.com



အဖရာ သူနေသရွေ့ လုပ်ကျွေးရုံပါ…ကျုပ်တစ်ယောက်တည်းဆို ဘုန်းကြီးဝတ်နေရုံပါပဲ" လို့ ပြောတတ်သည်။ တစ်ခါတလေ စိတ်အေးလက်အေးရှိလျှင်တော့ နှမငယ်ရှေ့မျက်နှာ နောက်ထားကာ မေးသည်။

"ရွှေရည်မ…ငါ့နှမကလေးလည်း အရွယ်ရပြီ…အစ်ကိုက အလုပ်တစ်ဖက်နဲ့ ဆိုတော့ မျက်စိအောက်မှာချည်း မထားနိုင်ဘူး…ငါ့နှမ လိမ္မာလို့သာ အစ်ကို စိတ်ချရတာမဟုတ်လား…အိမ်ထောင်ရက်သား ချထားပြီး အစ်ကို စိတ်ချလက်ချ နေချင်တယ်…ငါ့နှမသဘော သိချင်တာပဲ"

သည်လိုပြောသည့်အခါတိုင်း မရွှေရည် မလှုပ်ပါ။ ရုပ်ရည်ချောမောသည် မှန်သော်လည်း သည်အရွယ်အထိ ရည်းစားသနာမရှိ။ ပိုးကြပန်းကြသူတွေ ရှိကြမှန်သိသော်လည်း မရွှေရည်က သနပ်ခါးနှင့်ပါးလို ဘယ်တုံးကမှ အရောတဝင်မလုပ်ခဲ့။ မရွှေရည်တို့ရွာကမှ မဟုတ်ပါ။ အနားရွာ ကာလသားတွေကလည်း လာရောက်ပိုးပန်းကြပါ၏။ ရွှေရည့်ရလို့ကတော့ သေပျော်ပါပြီကွာ ဆိုသူတွေတောင် ရှိသည်။ ရွှေရည့်ကြောင့် အပြိုင်ပိုးပန်းကြရာက ရန်ဖြစ်ကြသည်အထိပင်။ ဒါတွေ ကြားတော့လည်း ငါ့အလှမှာ ယစ်မူးကြသကော မရှိ။ သူတို့ကိစ္စနှင့်သူတို့ပဲလေလို့သာ ရိုးရိုးသားသား သဘောထားသည်။

တစ်ခါသားမှာတော့ ရွှေရည့်အဖို့ရာ လေပြင်းက ခြွေလှုပ်လိုက်သည့် သစ်ရွက်ဝါကဲ့သို့ လေဝဲကတော့ထဲတွင် တဝဲဝဲလွင့်ရသည့်အဖြစ်နှင့် ကြုံခဲ့ရလေသည်။ တစ်ချိန်လုံး ငြိမ်သက်နေသည့် စိတ်သည် အချစ်ဆိုသော အရာကြောင့် လှုပ်ခုန်ခဲ့သည်။ မရွှေရည်တို့ရွာသို့ ကိုသောင်းမြ ဆိုသူ ရောက်လာခဲ့ခြင်းက သည်ဇာတ်လမ်းစခဲ့ခြင်းဟု ဆိုရမည်။ ယဉ်စစဖြင့် လှသော မရွှေရည်ကို ကိုသောင်းမြက မြင်မြင်ချင်း ချစ်ခဲ့မိသလိုပင် ကိုသောင်းမြကိုလည်း မရွှေရည်က တွေ့လျှင်တွေ့ချင်း ရင်ဖိုခဲ့ရပါ၏။ ကိုသောင်းမြက သည်ရွာသားမဟုတ်။ မရွှေရည်တို့ရွာက ရန်ကုန်တက္ကသိုလ်ကျောင်းသား ကိုဘကြည်နှင့် အလည်လိုက်လာခဲ့သော မြို့ကြီးသား တက္ကသိုလ်ကျောင်းသား ဖြစ်သည်။ နွေကျောင်းပိတ်ရက် တစ်ကြိမ်တွင် ကိုဘကြည်နှင့် အလည်အပတ် ရောက်ရှိလာရာက သည်ရွာကလေးမှာ လပေါက်နေထိုင်ခဲ့သည်။ ရွာခံ ကိုဘကြည်သည် တစ်ရွာလုံးက ချစ်ခင်သူဖြစ်၍ ညဘက် အိမ်ပေါက်စေ့ အလည်ရောက်ရင်း တစ်ရက်တွင် မရွှေရည်တို့အိမ်ကို ရောက်လာခဲ့သည်။

ထိုညက မရွှေရည်တို့ မောင်နှမ မနက်ပျိုးကြဲကြမှာမို့ ညဦးကတည်းက စပါးမျိုးစေ့ အညှောက်ထိုးကို ဆေးကြောသန့်စင်နေခဲ့ကြသည်။ နေဝင်ဖိုးဖျ မရွှေရည်၏အလှက ကိုသောင်းမြကို အရင်ဆီးကြို ညှို့ခဲ့လိုက်သကဲ့သို့ ရှိရပါ၏။ ရိုးသား



ကြည်စင်သော တောပွင့်တောပန်းကလေးက တက္ကသိုလ်ကျောင်းတော်သူများထက်ဝင်း၍ ချစ်စရာကောင်းနေခဲ့သည်။

"ဟော…အစ်ကိုဘကြည် ရောက်နေသံတော့ အကြားသား…ရွှေရည်တို့လည်း မအားတာနဲ့ လာနှုတ်မဆက်ရဘူး…ဧည့်သည်လည်း ပါတာကိုး…ထိုင်ကြပါရှင်"

ရွှေရည်က အိမ်ကပြင်ကလေးမှာ သင်ဖြူးဖျာကလေး ခင်းပေးလိုက်သည်။ ကိုရွှေဝင်းနှင့် မရွှေရည်တို့ခမျာ မြို့သားဧည့်သည် ရောက်လာသဖြင့် ရှိသမျှနှင့် ဧည့်ခံခဲ့ကြသည်။ ညစဉ် ရွာထဲကို အလည်အပတ်ထွက်ရင်း အိမ်ပေါက်စေ့ ရောက်တတ်ကြသူ ကိုဘကြည်နှင့် ကိုသောင်းမြတို့မှာ နောက်ညများတွင်လည်း မရွှေရည်တို့ မောင်နှမ အိမ်သို့ ရောက်လာကြတော့၏။ တစ်ခါတစ်ရံ ကိုဘကြည်ပင် မပါလာဘဲ ကိုသောင်းမြ တစ်ယောက်တည်း ပေါက်ချလာတတ်တာလည်း ရှိသည်။ မရွှေရည်လည်း လက်ဖက်သလေး ထန်းလျက်ကလေး ဖက်ရင်း ရေနွေးတစ်အိုးဖြင့် ဧည့်ခံနေကျ။ မြို့သား တက္ကသိုလ်ကျောင်းသား ကိုသောင်းမြ ပြောပြတတ်သော စကားမျိုးကို မရွှေရည် သခင်က မကြားဖူးခဲ့။ အိမ်နှင့်လယ်တော အမောတကောရှိခဲ့ရသူ တောသူပီပီ မြို့အကြောင်းလေးတွေ ကြားရတော့ နားထောင်လို့ ကောင်းလှသည်ထင်ခဲ့ပါ၏။ ကိုသောင်းမြ ပေါ်မလာသည့်ညတွေမှာ မျှော်မိရသည်အထိပင်။

"အစ်ကိုရယ်…ကိုသောင်းမြ ပေါ်မလာပြန်ဘူး…ပညာတတ်တွေဆိုတော့ စကားပြောကောင်းတယ်နော်…ကျွန်မဖြင့် အဲသလို ပြောတာတွေ မကြားဖူးဘူး"

"တစ်အိမ်အိမ် ရောက်နေရှာ ထင်ပါရဲ့ဟာ…အေးဟ…မောင်သောင်းမြက ရယ်စရာ မောစရာကလည်း ပြောတတ်…လူရေးလူရာကလည်း ချက်ချာတော့ ရွာကလည်း ခင်ကြပေမပေါ့လေ"

တစ်ခါတော့ မောင်နှမနှစ်ယောက် ပြောဖြစ်ကြသည့် စကားများဖြစ်သည်။ ညကြားထဲ ကိုသောင်းမြ ရောက်လာပြန်တော့ မရွှေရည် ပျော်ရပါ၏။ ညဉ့်ကြီးသည်အထိ စကားပြောလို့ မဝနိုင်။ ကြာတော့ ရွာကဝင် ဘာလိုလို ပြောလာကြသည်။ မရွှေရည်တို့ မောင်နှမခမျာ ရွာအသံ မကြားရတော့ ကိုသောင်းမြ ရောက်လာသွင်ဝင် ဝမ်းသာနေကြရပါ၏။ သည်လိုနှင့် ကိုသောင်းမြနှင့် မရွှေရည်တို့ တစ်ဦးအပေါ်တစ်ဦး သံယောဇဉ်တွယ်ခဲ့ကြသည်။ နှုတ်က ဖွင့်မပြောဖြစ်ကြသေးသော်လည်း ရင်တွင်းက သိထားနှင့်ကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက် တောရိုးလမ်းကြားမှာ မရွှေရည်နှင့် ကိုသောင်းမြ ဆုံကြသည်။ တောရိုးလမ်းကြားဆိုတာက ရွာအနောက်ကွင်းစပ်က လယ်တောတွေဘက်ကို သွားရာလမ်းဖြစ်သည်။ လမ်းတစ်ဖက်တစ်ချက်မှာ သစ်ပင်ကြီးတွေ အုပ်ဆိုင်းလျက် ပင်ချင်းယှက်နေကြသည့် သစ်ရိပ်ကျလမ်းကြား ဖြစ်သည်။ တော်ရုံတန်ရုံ လူမရောက်နိုင်သည့်အပြင် ချုံနွယ်ပိတ်ပေါင်းများ ပိတ်ဖုံးနေသော ဖုန်းဆိုးလမ်းဖြစ်ပါ၏။ ထိုတောရိုးလမ်းကို တစ်ခါတစ်ရံ နွားကျောင်းသားများ နွားအုပ်နှင့် ဖြတ်လမ်း ဝင်ထွက်ကြတာလွဲလျှင် သွားသူလာသူ မရှိသလောက်ပင်။ ရှေးက ရွာလမ်းမကြီးဘက်ကို လာဆက်သောလမ်းဖြောင့်ဖြစ်၍ ဖြတ်လမ်းတွေ များလာသည့်နောက်ပိုင်းခေတ်တွင် ထိုလမ်းဟောင်းသည် သစ်ပင်အုပ်ကြီးများ၊ ရွက်ခြောက်များ၊ ဆူးချုံများဖြင့် ပိန်းပိတ်သွားခဲ့သည်။ လမ်းပျောက်သွားတာမဟုတ်သဖြင့် သွားလို့လာလို့တော့ ရပါ၏။ သို့သော် လမ်းသာသည့်ဘက်ဆီက အသွားအလာများရာက တောရိုးလမ်းကို လူတွေ အရှောင်အပြေများလာခြင်းပင်။

မရွှေရည်တို့ လယ်ပွဲတွေက တောရိုးလမ်းနှင့်တည့်တည့်မှာ ရှိတာမို့ သွားလို့အဆင်ပြေသည်။ တောရိုးလမ်း အဆုံးကိုရောက်လျှင် ဓရာမ ညောင်ကြပ်ပင်ကြီးနှင့် သက်တမ်းရင့်လှပြီ။ ညောင်ကြပ်ပင်ကျော်လျှင် ဥယျာဉ်ခြံဟောင်းကြီးရှိရာ ငှက်ပျောတောကြီးထဲ ရောက်သည်။ ငှက်ပျောတောကြီးက မပြုမပြင် မခုတ်မသိမ်း ပစ်ထားတောဆိုတော့ တောဝင်ကုန်ကြပြီ။ တောဝင်သည်ဆိုတာက ငှက်ပျောသီးထဲ အစေ့တည်ခြင်းဖြစ်သည်။ ငှက်ပျောတစ်ပင်တိုင်းတွင် ငှက်ပျောစို့များ၊ ငှက်ပျောရွက်ခြောက်များ၊ ငှက်ပျောရွက်စိမ်းများနှင့် အောက်ခြေချုံများ ရှုပ်ထွေးနေတတ်သည်။ ငှက်ပျောတွေအပင် ရာနှင့်ချီရှိသည့်အတွက် တောချုံကြီးသဖွယ် မြုံကြီးထလျက်ရှိပါ၏။ မရွှေရည်တို့ လယ်ပွဲတွေက တောရိုးလမ်းဆုံး ငှက်ပျောတော ဥယျာဉ်အထိ မရောက်သေးလမ်းဆုံးသည်နှင့် မြင်ရသော လယ်တွေဘက် ဖဲ့ဆင်းရုံပင်။

တောရိုးလမ်းတစ်နေရာ ကုက္ကိုပင်အုပ်နှင့် ဆူးချုံများ ထူပိန်းနေသည့် ကွေ့တစ်ကွေ့တွင် ကိုသောင်းမြ ဘွားခနဲ ပေါ်လာခဲ့ခြင်းဖြစ်သည်။ မရွှေရည်ပင် ဝေးဝေးတော့ လန့်သွားခဲ့၏။ သည်နေရာတွင် မရွှေရည်က ချိန်းထားတာမဟုတ်။ မရွှေရည် လယ်ဘက်သွားချိန်တွင် မြို့သား ကိုသောင်းမြက တမင်ကြံစောင့်နေခြင်းဖြစ်သည်။ ကိုသောင်းမြက လမ်းကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ခါတိုင်းလိုပင် လမ်းသည် တစ်ဆစ်ချိုးကွေ့များဖြင့် တိတ်ဆိတ်လျက်ရှိသည်။

“မရွှေရည် … အစ်ကိုပါ … လန့်များသွားသလား … အစ်ကိုတော့ ရွှေရည်ကို မမြင်ရရင် မနေနိုင်တော့တာနဲ့ အရဲကိုးပြီး သည်က လာစောင့်နေမိတယ် စိတ်များ ဆိုးသွားမလားဆိုတာလည်း တွက်ရပါသေးတယ်”



“စိတ်မဆိုးပါဘူး အစ်ကိုရယ် … ဒါပေမဲ့ ရွာကလူတွေ မြင်ရင် မကောင်းပါဘူး … အစ်ကို ပြောစရာရှိလို့လား … မြန်မြန်ပြောလေ … တစ်ခါတလေ အစ်ကိုကြီး ကိုရွှေဝင်း သည်လမ်းက ပြန်လာတတ်တယ်”

ကိုသောင်းမြက မရွှေရည်ခါးကလေးကို လှမ်းဖက်လိုက်ရင်း ကုက္ကိုရိပ်ဘက်ကို ခေါ်လာခဲ့သည်။ အပျိုအရွယ်အထိ ရိုးရိုးအေးအေး နေလာခဲ့သော မရွှေရည် … မြို့သားညို့သည်က အတင့်ရဲတာကို မငြင်းနိုင်လေပြီ။ ချစ်ကြောင်းကြိုက်ကြောင်း ပြောရခင် အနမ်းပွင့် ဝေခဲ့ရပါပကော။ မရွှေရည်၏ ကိုယ်လုံးကလေး ရှက်ခြင်း၊ ကြောက်ခြင်းဖြင့် တုန်ယင်နေသည်။ ကိုသောင်းမြက ဖက်ထားလိုက်တာ စပါးကြီးမြွေ သက်ပင် မြဲသေးသည်။

“အစ်ကိုတော့ ရွှေရည့်ကို ချစ်မိပြီ … အဖြေသာ ပေးပါတော့ …”

“အဖြေမလိုတော့ပါဘူး အစ်ကိုရယ် … အစ်ကို့ကို ရွှေရည် နေ့တိုင်းမျှော်ရတာပါ … ဒါပေသိ တက္ကသိုလ်ကျောင်းသားဆိုတော့ ရွှေရည်တို့နဲ့ ဘဝခြားလွန်းပါတယ် … ရွှေရည် သည်တစ်ချက်ပဲ ပူပါတယ်”

“မပူပါနဲ့ ရွှေရည်ရယ် … အစ်ကိုတို့ အရွယ်ရောက်ကြပြီပဲ … အစ်ကို့မိဘများကို ဖွင့်ပြောပြီး လက်ထပ်ကြရုံပေါ့ … အစ်ကို့ကို ယုံပါ”

သည်လိုက စခဲ့သည့် အချစ်ဇာတ်လမ်းသည် တစ်ရက်ပြီးတစ်ရက် ပိုပြီးခိုင်မြဲလာခဲ့သည်။ ငှက်ပျောတောကြီးဘက် အရောက်များခဲ့ကြပြီ။ ချစ်သူနှစ်ယောက် ချိန်းကြသည့်နေရာက ကြည့်လျှင် လယ်ကွင်းတွေသာ်ရှိသည်။ သည်လို ဆိတ်ကွယ်ရာတွင် တွေ့ခဲ့ကြသော ချစ်သူတို့၏ စည်းသည်လည်း ကျိုးကျေခဲ့ကြပြီ။ မြို့ကြီးသား တက္ကသိုလ်ကျောင်းသားတစ်ယောက်။ ရွာခံ ကိုဘကြည်နှင့် လိုက်လာသည့် မိတ်ဆွေသည်တစ်ယောက် ဆိုတာကလွဲလို့ မရွှေရည် ဘာမှမသိ။ နှစ်ကိုယ်ချင်း တွေ့ခဲ့ကြသော အချစ်တွေကြားမှာ သံသယနှင့် စိုးရိမ်စိတ်တွေ ကွယ်ပျောက်နေကြသည်။ သည်လိုနှင့် မြို့ကျောင်းတွေဖွင့်ရန် ရက်တွေ နီးလာတော့ ကိုသောင်းမြမြို့ကိုပြန်ရန် ဖြစ်လာခဲ့သည်။

“အစ်ကို ပြန်တော့မယ် ဟုတ်လား … ရွှေရည်က ဘယ်လိုနေခဲ့ရမှာလဲ … ရွှေရည် ရင်ကျိုးကျန်ခဲ့ရတော့မှာလား အစ်ကို … ရွှေရည့်ကို မရက်စက်ခဲ့ပါနဲ့နော်”

“အစ်ကိုရယ် … ရွှေရည်က မောင်နဲ့ဖားနဲ့ ရွာနဲ့ရပ်နဲ့ နေတာပါရှင် … အခုကိစ္စကို အစ်ကို ဘယ်လိုစီစဉ်မလဲ ပြောခဲ့ပါဦး … ရွှေရည် ကြောက်လိုက်တာရှင် …”

www.burmeseclassic.com

www.burmeseclassic.com



ရွှေရည်၏ စကားတွေက ငှက်ပျောတောထဲမှာ တုန်လှုပ်နေခဲ့ပါ၏။ ငှက်ပျောရွက်ခြောက်တွေကြားမှာ ပျောက်ကွယ်ခဲ့ရပါ၏။ ရွှေရည့်စကားသံတွေ ချုပ်ပွင့်ကလေးတွေသာ ကြားနိုင်သည်။ ညောင်ကြပ်ပင်ပေါ်က ငှက်အုပ်တွေသာ ကြားနိုင်ကြသည်။ အခြား မည်သူမှ မကြားနိုင်။ ဒါက ချစ်သူနှစ်ဦး၏ အထင်သာ ဖြစ်၍ တကယ်တော့ တစ်ရွာလုံးက ကြားခဲ့ကြပြီ။ တစ်ရွာလုံးက မိုးအလင်းဇာတ်သိမ်းခန်းကို စောင့်နေကြသည်။ တစ်ရက်တွင်မတော့ ရွာခံကျောင်းသား ကိုဘကြည်နှင့် ကိုသောင်းမြတို့ ရွာက တိတ်တဆိတ် ထွက်သွားခဲ့ကြသည်။ ရွာခံ ကိုဘကြည်၏ ပယောဂ မပါသော်လည်း ကိုဘကြည်ကိုယ်တိုင်က မရှင်းနိုင်တော့သည့်အခါ ကျောင်းကို ကသုတ်ကရက် ပြန်ခြင်းဖြင့်သာ ကိုယ်ရောင်ဖျောက်ခဲ့ကြခြင်းဖြစ်သည်။

သည့်နောက်ပိုင်းရက်များတွင်တော့ ရွှေရည်၏ဘဝသည် ရိုးအေးသော လူတကာ ချီးမွမ်းရသော၊ ရွာက စံထားရသော ဘဝပုံရိပ်တွေ တစ်စတစ်စ ကွာကျ ကြသည်။ အားလုံးက မျှော်လင့်ထားသော ဇာတ်သိမ်းခန်းသည် အကျည်းတန်လှ ၏။ နောင်တနှင့် မျက်ရည်တွေသာ အဖတ်ဆယ်နိုင်ခဲ့သော ဘဝမျိုးဖြင့် မရွှေရည် ရွာကို မျက်နှာမပြဝံ့ ရှိခဲ့ရသည်။ ရတ်တရက် တိုက်ခိုက်လိုက်သော မုန်တိုင်းကဲ့သို့ အစစအရာရာ တည်ငြိမ်ခဲ့သော ဘဝသည် တစ်စစီ လွင့်ကုန်ကြသည်။ အစ်ကိုဖြစ်သူ ကိုရွှေဝင်းက သူတကာ အစ်ကိုတွေလို ရိုက်မောင်းပုတ်မောင်း မရှိခဲ့။ သည်အတွက် မရွှေရည် ရင်နာလွန်းလှသည်။ ဘာစကားမှ မပြောတော့ဘဲ အိပ်ရာပေါ် လဲရှာ သည်။ ရှက်ခြင်း၊ ကြောက်ခြင်း၊ သိမ်ငယ်ခြင်းတွေသာ သည်အိမ်ထဲမှာ ရှိနေသ သို့ပင်။ သည်မှစ၍ မရွှေရည် ဆုံးဖြတ်ချက်ချခဲ့သည်။ သည်ရွာမှာ သူရှိနေ၍ မကောင်းနိုင်တော့ပြီ။ ဘယ်သူဘယ်ဝါကိုမှ မမျှော်ချင်တော့။ ဘဝမှာ သူကိုယ်တိုင်ထမ်း ထားရမည့်အခြေအနေ ဆိုတာကို နားလည်ခဲ့ပြီ။

ဤသို့ဖြင့် အမေ့ဘက်က အမျိုးများရှိရာ မောင်းကုန်းရွာကို ထွက်လာ တော့သည်။

□

"မရွှေရည်ဆိုတာ ကျွန်မအမေပဲ မမစိန်...အမေ ကျွန်မကိုယ်ဝန်ကြီး ရောက်လာတဲ့ရွာက မောင်းကုန်းပါ...ကျွန်မကို အမေက မောင်းကုန်းမှာ မွေးခဲ့တယ်...အမေ့အမေဘက်က အမျိုးရင်းဖြစ်တဲ့ အဘိုးလေးက ကျွန်မ သားအမိကို ရွာထဲက သူပိုင်အိမ်တစ်အိမ်မှာ တင်ပေးထားပြီး ကျွန်မ သားအမိကို စောင့်ရှောက်တယ်...အမေ့အစ်ကို ဘကြီးရွှေဝင်းက ကျွန်မ



မွေးတယ်ကြားတော့ ရောက်လာပါသေးတယ်...အမေနဲ့ကျွန်မကတော့ ရွာကလေးဆီ ဘယ်တော့မှ ပြန်မရောက်တော့ဘူး...အမေက စကားနည်း တယ်...ကျွန်မကို သိပ်ချစ်ရှာတယ်...သမီးအဖေက ပညာတတ်တဲ့...တစ်ခါ တလေ ကျွန်မ အားငယ်မှာစိုးလို့ အဲသလောက်တော့ ပြောပြတတ်တယ်"

ဒေါ်မြင့်မြင့်စိန်က ထိုးလက်စ ချည်ထိုးတံ သေးချထားရင်း မပုန်းရည်ကို ကြည့်နေသည်။ ထိုနေ့က ထမင်းစားကျောင်းဆင်းချိန်တွင် မမစိန်လည်း အိမ်ပြန် ထမင်းမစားတော့ဘဲ မပုန်းရည်နှင့်အတူ ဘုန်းကြီးကျောင်းမှာ ထမင်းလိုက်စားခဲ့သည်။ ဆွမ်းတော်ကို ဝတ်ဖြည့်ပြီး ကျောင်းမတက်ခင် စေတီကလေးသေးမှာ လာထိုင်ကြရင်း စကားတွေ ပြောနေခဲ့ခြင်းပင်။ မပုန်းရည်က သူမဘဝဇာတ်လမ်းကို အခြွင်းအချန်မရှိ ပြောပြရှာသည်။ ပါးပြင်ပေါ် ကျနေသည့် မျက်ရည်တွေကိုပင် မသိမ်းခဲ့။

မပုန်းရည်က စကားဆက်သည်။

မပုန်းရည် နှစ်နှစ်သမီး။ အမေ့အစ်ကို ဘကြီးရွှေဝင်း ဆုံးပြီဆိုသည့်သတင်း ရောက်လာတော့ အမေနှင့်မပုန်းရည် ရွာကို လိုက်သွားကြရသည်။ ရွာကို သေသော်မှ မျက်နှာမပြတော့လို့ ပိုင်းဖြတ်ထားသော်လည်း အစ်ကို့နာရေးဆိုတော့ မရွှေရည် မနေနိုင်မဖြစ်ပြီ။ သမီးကလေး လက်ဆွဲကာ လိုက်ခဲ့ရသည်။ ရွာက ပိုင်းနှင့်အိမ်နှင့် သယ်ပွဲကိုတော့ အဘိုးလေးပဲ သွားရောက် ရောင်းချပေးခဲ့သည်။ တောချေးရွာချေးနှင့် ဆိုတာဆိုတော့ များများစားစားရသည်လို့တော့ မဆိုသာပါ။ အမေက မောင်းကုန်း မှာ အိမ်ဝယ်သည်။ ရှိသည့်ငွေကလေးဖြင့် မြိုးမြိုး နေထိုင်ခဲ့ကြသည်။ မပုန်းရည် ဆယ်နှစ်သမီးမှာ အမေ မရွှေရည် ဆုံးပါးသွားခဲ့ရှာသည်။

"တောဆိုတော့ မသိကြလို့ပေါ့ မမစိန်ရယ်...ကျွန်မ ကြီးမှ စဉ်းစားကြည့် မိတာ...အမေ နှလုံးရောဂါ အမောဖောက်သွားတယ်နဲ့တူပါတယ်...အမေ ဟာ အမြဲတမ်း တတွေးတွေးနဲ့ နေထတ်တယ်...မောင်းကုန်းက ရွာသူရွာ သားတွေက ချစ်ခင်ကြပေမယ့် အမေ အရောတဝင် မနေခဲ့ဘူး...ဆွေမျိုး တွေရှိပေမယ့် သိပ်ကြီး အကူးအလူးမရှိဘူး...သည်လိုနဲ့ ကျွန်မကို ထားခဲ့ ပြီး အမေဆုံးသွားခဲ့တယ်...အဘိုးလေးကပဲ မွေးစားရတော့တာပါပဲ... လယ်တောမှာတော့ မနေရဘူး...အမျိုးတွေနဲ့ အမေဝယ်ခဲ့တဲ့အိမ်မှာပဲ နေရ တယ်...အဘိုးလေးလယ်တောကို ပျင်းရင် သွားလည်တယ်...အဘိုးလေး က ကျွန်မကို အင်မတန်ချစ်ရှာတယ် မမစိန်..."

"အခုကော ရှိသေးသလား..."

www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ်…ကျွန်မ စာရေးပို့နေတာ အဘိုးလေးနဲ့ မိဘနှစ်ပါးဆီကိုပါ… မိဘနှစ်ပါးဆိုတာက…"

"ပြောပါဦး မပုန်းရည်ရယ်…စိတ်ထဲ မကောင်းလိုက်တာ…"

မပုန်းရည် ဆယ်နှစ်သမီးလောက်မှာ ရွာမှာ အတန်းကုန်ပြီ။ ခရမ်းသို့ နယ်ဆိုပေသိ မြို့နှင့်ဝေးသည်ဆိုတော့ မပုန်းရည် လေးတန်းနှင့် စခန်းသိမ်းရ ဖြစ်နေခဲ့သည်။ အဘိုးလေးကလည်း ဘာမှမတတ်နိုင်။ ရွာကျောင်းပြီးလျှင် ... မောင်းကုန်းမှာပဲ နေတော့လို့ ပြောရုံကလွဲလို့ အခြားမတတ်နိုင်ခဲ့။ ထိုနှစ် ... ပိတ်ရက်မှာ ရန်ကုန်မြို့နေ လင်ကိုယ်မယားနှစ်ယောက် မောင်းကုန်းကို လိုက် ... ခဲ့ကြသည်။ အဘိုးလေးနှင့်တွေ့ကြပြီး ရန်ကုန်မှာ မပုန်းရည်ကို ကျောင်းဆက်ထား ... ခွင့်တောင်းခဲ့ကြသည်။ အဘိုးလေးက ပညာရေးနှင့် ပတ်သက်လာတော့ မပုန်းရည် ... ထည့်ချင်သည်။ မပုန်းရည်က အဘိုးလေးကို မခွဲနိုင်။ မောင်းကုန်းကို မခွာ ... မျက်ရည်များဖြင့် အဘိုးလေး ခါးပုံစကို ဆွဲရင်း ငိုရတော့သည်။ ရွာဆွေမျိုး ... မျက်ရည်ကျကြသော်လည်း အဘိုးလေးက မလိုက်မနေရ ဖွတ်အတင်းထည့် ... ဘွဲ့ရအောင် ပညာသင်ခဲ့၊ ပညာစုံမှ အဘိုးလေးတို့ဆီ ပြန်လာခဲ့လို့ မှာသည်။

"သူစိမ်းတွေနဲ့ သွားနေရတာပေါ့နော်…မပုန်းရည် မွေးစားမိဘ ... ကောင်းကြရဲ့လား…"

မပုန်းရည်က ချက်ချင်းမဖြေပါ။ ဘုရားစေတီကလေးကို ကျော်ကာ ... ကို ငေးနေခဲ့ပါ၏။ နတ်ရေကန် ရွာကလေးသည်ပင် မပုန်းရည်၏ ဘဝ ... ငြိမ်သက်စွာ နားထောင်နေပုံဖြင့် တိတ်ဆိတ်လျက်ရှိ၏။

"ဆန်းကြယ်တယ် မမစိန်ရယ်…ကျွန်မကို မွေးစားကြတဲ့ မိဘနှစ်ပါး ... ကျွန်မ မမြင်ဖူးလိုက်တဲ့ ကျွန်မအဖေ ဦးသောင်းမြရဲ့ မွေးစားမိဘ ... အဖေက ငယ်ငယ်ကတည်းက မိဘနှစ်ပါးဆုံးလို့ အဖေ့အဖေရဲ့သူငယ်ချင်း ... လင်မယားက ခေါ်မွေးပြီး တက္ကသိုလ်ပညာ ပြီးသည်အထိ တာဝန် ... ကျွေးမွေးခဲ့တယ်…အမေနဲ့ ဖြစ်ခဲ့ကြတဲ့ဇာတ်လမ်းကို မသိရှာကြဘူး ... နောက်တော့ ဦးဘကြည်က ပြောပြလို့ အကုန်သိခဲ့ရသတဲ့…အဖေ့ရင်သွေး ... ကလေး ကျန်ခဲ့တယ်ဆိုတာ သိရလို့ ရွာကနေတစ်ဆင့် မောင်းကုန်း ... လိုက်လာခဲ့ကြတာပဲ…"

"မပုန်းရည် အဖေကကော…"



"ဆုံးပြီ…ဒါကြောင့် ထူးဆန်းတယ်ပြောတာ…အဖေက နယ်မှာ ကားချင်း တိုက်မိရာက ဆုံးရှာတာတဲ့…တိုက်ဆိုင်တာက အမေဆုံးတဲ့နှစ်ပဲ အဖေ ဆုံးတာ…ဒါတွေ နောက်မှ သိရတာပေါ့ရှင်…ဒါနဲ့ အဖေ့မွေးစားမိဘများ ကပဲ ကျွန်မကို ရန်ကုန်ခေါ်ပြီး ကျောင်းထားကြတယ်…ကျွန်မလိုပဲ မွေးစား သမီးတစ်ယောက် ရှိသေးတယ်…ဒါပေမဲ့ အစ်မက မလိမ္မာဘူး…အိမ်ထောင် လည်း မမြဲဘူး…အစ်မက မွေးတဲ့ ကလေးနှစ်ယောက်က ကျွန်မတို့နဲ့ အတူနေတယ်…ကျွန်မမိဘများခမျာကလည်း မချမ်းသာကြရှာပါဘူး… ဝန်ထမ်းတွေပါပဲ"

"မပုန်းရည်ရယ်…"

"ကျွန်မမှာ ကျေးဇူးရှင်တွေ ရှိကြသေးတယ်…ကျွန်မရဲ့ မွေးစားမိဘနှစ်ပါး နဲ့ အဘိုးလေးတို့ပေါ့…ပြီးတော့ တူလေးနဲ့ တူမလေးလည်း ရှိသေးတယ် …ဘွဲ့ရပြီး ကျောင်းဆရာမတွေ ခေါ်တော့ ကျွန်မ လျှောက်လိုက်တယ်… သင်တန်းက ပြီးတာနဲ့ သည်ဘက်ကို Posting ကျရာက ကျွန်မ ရောက် လာတာပါ…ကျွန်မရင်ထဲမှာ နာကျင်စရာတွေချည်းပါ မမစိန်ရယ်…ကျွန်မ ကြောက်တယ်…ဘာကိုကြောက်မှန်း မသိပေမယ့် ကျွန်မမှာ မလုံခြုံသလို ခံစားရတာတွေ ရှိတယ်"

ဒေါ်မြင့်မြင့်စိန်က မပုန်းရည်၏ လက်ချောင်းကလေးတွေကို ဆုပ်ချေ ... သည်။

မည်သို့ပင်ဖြစ်စေ လူ့အများကို ချပြရန် အကျည်းတန်လှသော ဘဝဇာတ် ... ကို မပုန်းရည် မထိန်မချန် ပြောပြခဲ့သည်။ သည့်အတွက် ရှက်စရာလို့ မပုန်းရည် ... ပါ။ လူ့ဘဝဆိုတာ ဆန်းကြယ်သည်။ ငယ်ငယ်က ငယ်စိတ်ဖြင့် အဖေ့ကို ... သော်လည်း အရွယ်ရောက်လာတော့ မမုန်းနိုင်ဘဲ ရှိခဲ့သည်။ ယောကျ်ား ... ကျအနေဖြင့် အမေ့အပေါ် ပစ်ပစ်ခါခါ ပြုရက်ခြင်းသည် တာဝန်မဲ့ရာ ရောက် ... သည်။ သည်အတွက် မပုန်းရည် အကုသိုလ်မယူချင်ပါ။ အမေ့ဘဝကံ၊ အမေ့ဘဝ ... သမီးအဖြစ် မွေးဖွားလာသူ မပုန်းရည်ဘဝကံပေပဲလို့သာ အောက်မေ့ခဲ့သည်။ ... သမီးအဖေက ပညာတတ်ဟု စိတ်ရောက်တိုင်း မကြာခဏ ပြောတတ်သည်။ ... သည်း ပညာတတ်အောင် သင်ရော့လို့ ဆိုခဲ့တာများလား။ အဘိုးလေးကလည်း ... ရည်ကို ပညာတွေသင်ပြီး ကလေးတွေကို တစ်ဆင့် ပညာသင်စေချင်သည့်စိတ် ... သည်။ ဘဝကံက ပညာဘက်မှာတော့ အလေးပေးခဲ့သည်ဟု ဆိုရမည်။ မပုန်းရည်

www.burmeseclassic.com

www.burmeseclassic.com



တိုသာ မွေးစားမိဘနှစ်ပါးက လာမခေါ်လျှင် ရွာမှာပဲ ကျိုးခြောက်လိုက်၊ စာခြော လိုက်နှင့် ဘဝပြီးရလိမ့်မည်ထင်သည်။

"ကျွန်မ ကျောင်းဆရာမ ဖြစ်လာတာ မကြာသေးဘူး မမစိန်...ဖတ် စာအုပ်တွေက ကျွန်မကို သွန်သင်ပေးနိုင်ခဲ့လို့သာ ကျွန်မ ဆင်ခြင်နိုင် ရှိခဲ့တယ်ဆိုတာကို ကျွန်မ ယုံကြည်တယ်...ကျွန်မမှာ အတောင်အလ စုံကာမှ ကောက်ကာငင်ကာ အိမ်ထောင်ပြုရမှာကို ကျွန်မ ဘယ်တုံး မစဉ်းစားခဲ့ဘူး...ကျွန်မမှာ ကျေးဇူးကြွေးတွေ ကျန်သေးတယ်"

"မပုန်းရည်က သတ္တိကောင်းလိုက်တာ...ဘဝကို ကြံ့ကြံ့ခံနိုင်တဲ့သ ပြောတာပါ"

"ကျွန်မအဖို့ရာတော့ နိမ့်ပါးခြင်းကြောင့် မတုန်လှုပ်သလို၊ မြင့်မား ကြောင့်လည်း တုန်လှုပ်စရာ မရှိတော့ပါဘူး...ဒါကို သတ္တိလို့ ပြောရင် ဖြစ်ပါရဲ့...တကယ်တော့ သည်ရွာကလေးကို တစ်ယောက်တည်း လာ ရပြီဆိုကတည်းက သည်လောက် အဆင်ပြေလိမ့်မယ်တောင် တွက် ခဲ့ပါဘူး...ကျွန်မကိုယ်ကျွန်မ လုံခြုံအောင်နေမယ်...ကျွန်မရဲ့ရည်မှန်း ကို ပေါက်မြောက်အောင် ကြိုးစားရမယ် ဆိုတဲ့စိတ်နဲ့ လာခဲ့တာပါ"

ထိုနေ့လယ်က မပုန်းရည်နှင့်မမစိန် စကားတွေ ပြောဖြစ်ခဲ့သည်။ အ အကြောင်း သိခွင့်ရသဖြင့် ဒေါ်မြင့်မြင့်စိန် နားလည်ခဲ့ရသည်။ မပုန်းရည်၏ ဘဝ သည် နှလုံးသားမှာ သံချွန်နှင့် ရေးခြစ်ထားသလို စွဲနစ်နေဟန်တူပါ၏။ ခံ တွေက မပုန်းရည်ကို အခြားတစ်နေရာရောက်အောင် တွန်းပို့ထားသလို ဖြစ် လားလို့လည်း ဒေါ်မြင့်မြင့်စိန် စဉ်းစားနေမိသည်။ ယောကျ်ားသားတိုင်း သ ဟုတ်ချင်မှဟုတ်မှာပေါ့။ သစ္စာကြီးကြသည့်ယောကျ်ားတွေ အပုံ။ ဆိုးသူတွေက သည့်တိုင် ကောင်းကြသူတွေလည်း အနန္တမဟုတ်လား။ သို့သော် ဒေါ်မြင့်မြင့် သည်စကားမျိုးဖြင့် မပုန်းရည်ကို မဖျောင်းဖျသာခဲ့။

ညနေ ကျောင်းဆင်းတော့ မမစိန်က မပုန်းရည်ကို လိုက်ပို့ပြီးမှ သူ့အိ ပြန်သည်။

❐

ကျောင်းကအပြန် စိတ်ရော လူပါ ညှိုးသွားသဖြင့် အိမ်ပေါ်ရောက် ခဏလှဲနေလိုက်သည်။ ပြီးမှ လန်းသွားအောင် ရေကလေး အပြေးအလွှား သနပ်ခါးဖုံဖုံ ထုံနေအောင် လိမ်းရပါ၏။ အိမ်နေရင်းဝတ်ကလေး လဲပြီးသည်



ခင်းစားသည်။ ထမင်းပင် သိပ်မဝင်ချင်။ အဖေတို့၊ အမေတို့၊ အဘိုးလေးတို့ကို တိရမိလို့လားတော့ မသိ။ မပုန်းရည် သည်စကားတွေ မပြောဖြစ်ခဲ့တာ ကြာပြီ။ သူ့ကိုမှ စိတ်လိုလက်ရ မပြောခဲ့။ သည်ကနေ့တော့ မမစိန်ကို ပြောဖြစ်ခဲ့ပြီ။ န်းရည်၏ ရင်တွင်းခံစားချက်ကို မမစိန်သိဖို့ လိုသည်ထင်လို့လည်း ပြောပြခြင်း သည်။

ညဘက်မှာ မီးရောင်ဖွေးဖွေးဖြင့် စာသင်ရသည့်အတွက် ကိုကြာစွယ့်ကို ဇူးမျှား တင်ရသေးတော့။ ဘက်ထရီအိုးကြီးက မီးချောင်းနှစ်ချောင်းကို ကောင်း ောင်းကြီး လင်းစေပါ၏။ ကလေးတွေကလည်း ပျော်ကြသား။ မကေးတို့၊ မပုစွန် မခဲတို့လို ရွာအပျိုကြီးတွေကလည်း ရောက်လာကြသည်။ တစ်ခါတလေ မပုစွန် သူ့အိမ်က ကုန်စုံဆိုင်အတွက် မီးရောင်အောက်မှာ အချိုမှုန့် လာထုပ်တာမျိုး၊ က်ဖက်ခြောက် လာထုပ်တာမျိုး ရှိတတ်ပါသည်။ ထိုအခါမျိုးတွင် ကိုကြာစွယ်က က်တော့သည်။

"အံမာဗျာ...ခင်ဗျားတို့ အချိုမှုန့်ထုပ်ဖို့၊ လက်ဖက်ခြောက်ထုပ်ဖို့များ ကျုပ်က မီးထွန်းပေးထားတာသားကျလို့...လူပါးဝလို့ဗျာ..."

"နင် ကတ်စီးမကုတ်နဲ့ ကြာစွယ်...မီးရောင်ပဲ လျော့သွားတာမှတ်လို့... ဆရာမ အဖော်ရအောင် အလုပ်လုပ်ရင်း လာစောင့်တာဟဲ့...နင်ကတောင် လက်ဖက်သုပ်ကျွေးရဦးမယ်"

"လက်ဖက်သုပ်တော့ မရဘူး...ဝါးရင်းတုတ်ပဲ ရမှာ..."

"ဝါးရင်းတုတ်ရရ...လွန်တောင်းရရ...ကိုယ့်ယောက်ျမအိမ် ကိုယ်လာလုပ် တာ ငါ့သဘော..."

ရွာအပျိုကြီးတွေက တစ်ဖက်၊ ကိုကြာစွယ်က တစ်ဖက်။ ငါ့ယောက္ခမအိမ် လာလုပ်တာဆိုတာကတော့ ကိုကြာစွယ့်ကို စောင်းချိတ်ပြောခြင်းဖြစ်သည်။ သည် ာ မိန်းမတွေက တဝါးဝါး။ ကိုကြာစွယ့်မျက်နှာကြီး အပြားလိုက် ညိုလေပြီ။

"ခင်ဗျားတို့ ဒါကြောင့် လင်မရတာ...ခင်ဗျားတို့အချိုးသိလို့ ဘယ်သူကမှ မကြိုက်တာ"

"နင်သာ မယားရအောင် ယူပါ ကြာစွယ်ရယ်...နင်က အရေးကြီးပါတယ်"

သည်စကားမျိုးရောက်လျှင် ကိုကြာစွယ် ငြိမ်သွားတတ်သည်။ မပုန်းရည်နှင့် န်းသိ၍ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်မှာတော့ ကလေးတွေကို စာသင်အပြီး ကိုကြာစွယ်က အဝေးက ကလေးအချို့ကို လက်နှိပ်ဓာတ်မီးတစ်လက်ဖြင့် လိုက်ပို့သည်။ အဝေးက ကလေးတွေကို ကိုကြာစွယ် သည်လိုပဲ လိုက်ပို့နေကျ။ ပြန်ကြရော့လို့ လွှတ်လိုက်တာမျိုး မရှိ။ စာသင်နေချိန်မှာ ပျောက်နေတတ်ပြီး စာသင်ပြီးချိန်ဆိုလျှင် အံကျ ရောက်လာတတ်သည်။ ကိုကြာစွယ် သွားနေခိုက် မီးရောင်တွေ ထွန်းထားခဲ့တတ်သည်ဖြစ်၍ မပုန်းရည် တစ်ယောက်တည်း စာဖတ်နေလေ့ရှိသည်။ ကိုကြာစွယ် ပြန်လာမှ တစ်ဖက်အိမ်ကို ကူးပြီး မပုန်းရည် အိမ်ပေါ်တက်လေ့ရှိ၏။ ထိုနေ့က ကိုကြာစွယ် ပြန်လာတော့ ညဉ့်ပင်ရင့်လှပြီ။ မယ်ဒလင်ဆွဲလာသော လူတစ်ယောက်လည်း ပါလာသည်။ မပုန်းရည်ပင် အံ့သြသွားခဲ့ရ၏။

"ကိုကြာစွယ်က သီချင်းဆိုတာလား...ကြားစမ်းပါရစေရှင်"

ကိုကြာစွယ်က ရှက်ပြုံးပြုံးနေ၏။ မယ်ဒလင်ဆရာက သူ့မယ်ဒလင်ကို လက်သံစမ်းနေတာကို ကိုကြာစွယ်က လှမ်းဟန့်သည်။ မတီးနဲ့ဦးပေါ့။

"ကိုကြာစွယ်က ဘာသီချင်းတွေများ ဆိုတာတုံး..."

"တွံတေးသိန်းတန်"

"တွံတေးသိန်းတန်တော့ ဟုတ်တာပေါ့...ဘာသီချင်းလဲ သီချင်တာ"

"မေတ္တာမီးအိမ်တို့၊ မြသီတာ အကြိုထောက်ပေမယ်တို့၊ ကိုရေချမ်းနဲ့ မပန်းမှုံတို့ဆိုတာ ဆရာမ"

မယ်ဒလင်ဆရာက ဝင်ဖြေခြင်းဖြစ်သည်။ ကိုကြာစွယ်က မယ်ဒလင်ဆရာကို မျက်စောင်းထိုးကြည့်သည်။ ရှက်ရွံ့နေပုံလည်း ပေါ်သည်။

"အောင်မာကွာ...ရှေ့နေများ ငှားလာမိပါပကောလား...မင်း ဘယ်သူ့ ရိုက်စစ်နေလို့တုံး"

"ကိုင်းပါ...ကိုရေချမ်းနဲ့မပန်းမှုံ တစ်ပုဒ်တော့ ဆိုပြ..."

"သည်ကောင် ပေါက်ကရလေးဆယ် ပြောတာပါ ဆရာမရာ...ကျုပ်က မဆိုတတ်ဘူးရယ်..."

"မဆိုတတ်ဘဲနဲ့တော့ မယ်ဒလင်ဆရာ ခေါ်မလာပါဘူးနော်..."

"ဘုရားစူးရစေ့ဗျာ...ကိုင်း"

ကိုကြာစွယ်က ဘက်ထရီကလစ်တွေ ဖြုတ်ချင်နေပုံပေါ်သဖြင့် မပုန်းရည်လည်း အသာထလိုက်ရသည်။ ဘယ်လောက်ပြောပြော မပုန်းရည်ရှေ့မှာတော့ ဆိုမှာ မဟုတ်မှန်း သိတာလည်း ပါပါသည်။



"နေပါဦး...ဘယ်သွားဆိုကြ တီးကြမှာတုံး"

မပုန်းရည်က မေးလိုက်တာကို မယ်ဒလင်ဆရာကပဲ ဖြေသည်။

"နတ်ရေကန်စပ်က ပေါက်ပင်ကြီးတွေအောက် သွားကြမှာ ဆရာမ... သူက အဲသည်ကျမှ ဆိုတာ...သူ့အသံ လူမကြားအောင်လို့တဲ့..."

အလို...။ နတ်ရေကန်ဆိုတာ အဝေးကြီး။ ညကြီးမိုးချုပ်။ လရောင်တော့ ရှိပါလိမ့်မည်။ ကနေ့ လဆန်း ၁၃ ရက် မဟုတ်လား။ မပုန်းရည် အံ့သြခြင်းကြီး စွာဖြင့် ကိုကြာစွယ့်ကို ကြည့်နေမိလေသည်။ ဘယ်လိုသဘောများပါလိမ့်။

မပုန်းရည်စိတ်ထဲ ဘွားကြီးပြောပြသည့် ကိုကြာစွယ်မမွေးခင်က မက်ခဲ့သည့် အိပ်မက်အကြောင်း သတိရလိုက်သည်။ နတ်ရေကန်ကို ကိုကြာစွယ် စွဲလမ်းလွန်းလှသည်။ နတ်ရေကန်စပ်ကျမှ သီချင်းဆိုလို့ရသတဲ့လား။ ကိုကြာစွယ်ကတော့ ဆန်းကြယ်သော မျက်လုံးများဖြင့် မပုန်းရည်ကို စိန်းစိန်းကြီး ကြည့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

(၁၅)

မပုန်းရည်က မြန်မာပြည်မြေပုံကို သင်ပုန်းပေါ်မှာ စနစ်တကျ ရေးဆွဲသည်။ ဧရာဝတီမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်၊ ချင်းတွင်းမြစ် မြစ်လေးစင်းကို မြေဖြူဖြင့် ထည့်သည်။ ပြီးမှ မြန်မာပြည် ခါးသိမ်းနေရာကို မျဉ်းပစ်ကာ မြေပုံအောက်ပိုင်း တစ်ပိုင်းလုံး အရောင်ခြယ်သည်။ ရခိုင်ကမ်းမြှောင်ဒေသတစ်ခုလုံးကိုပါ အရောင်တစ်ရောင်ဖြင့် ဝိန်းခြယ်ပြန်သည်။ ကလေးတွေက မပုန်းရည် မြေပုံဆွဲနေတာကို ကြည့်နေကြသည်။

"ဟောသည် အရောင်တွေကို ကြည့်ရင် မြန်မာနိုင်ငံရဲ့ အနောက်ဘက်နဲ့ တောင်ဘက်မှာ တစ်ခုခုဖြစ်နေပြီဆိုတာ မင်းတို့ သတိထားမိလိမ့်မယ်... ဟောဒါ ရခိုင်ပြည်နယ်...ဟောဒါက တနင်္သာရီတိုင်း...မြန်မာဘုရင်များ လက်ထက်က အင်္ဂလိပ်နဲ့ တို့လူမျိုးနဲ့ စစ်ဖြစ်တော့ တို့တိုင်းပြည်ထဲက သူတို့သိမ်းယူတဲ့ ဒေသတွေကို ဆရာမ အရောင်ခြယ်ပြတာ...ဆရာမတို့ မင်းတို့တိုင်းပြည်က တစ်လျှောက်လုံး အေးအေးချမ်းချမ်း နေလာကြရာက အင်္ဂလိပ်နဲ့ ပထမတစ်ခါ စစ်ဖြစ်တယ်...ပထမစစ်ပွဲပြီးတော့ ဟောသည် နေရာတွေ အင်္ဂလိပ်တွေက သိမ်းသွားတယ်...တစ်ခါ ဒုတိယအကြိမ် စစ်ဖြစ် ပြန်တော့ ဟောသည် အရောင်နေရာတွေကို သိမ်းပြန်ရော...အပေါ်ပိုင်းက လင်းနေတဲ့နေရာတွေပဲ ကျန်တော့တယ်...မြင်ကြလား..."

"မြင်ပါတယ် ဆရာမ..."



"ဟုတ်ပြီ...အင်္ဂလိပ်နဲ့ တို့နဲ့ စစ်နှစ်ခါဖြစ်တော့ နှစ်ခါ ဖွဲ့ပေးလိုက်ရတာ ပေါ့...အင်္ဂလိပ်တိုင်းပြည်ဆိုတာ ဆရာမတို့နဲ့ အဝေးကြီးပဲ...ဥရောပတိုက် ဆိုတဲ့ နေရာမှာရှိတဲ့ တိုင်းပြည်...အဲသည်ကနေပြီး နိုင်ငံငယ်ကလေးတွေကို သင်္ဘောတွေနဲ့ ရောက်လာပြီး တောက်လျှောက်သိမ်းတယ်...သူတို့ပိုင်တဲ့ နယ်ကလာပြီး နောက်ထပ်နယ်တွေကို ချဲ့ယူကြလို့ နယ်ချဲ့တွေလို့ ခေါ်ကြ တယ်...တို့တိုင်းပြည်တင်မကပါဘူး တခြားတိုင်းပြည်တွေကိုလည်း နယ်ချဲ့ ခဲ့ကြတယ်...ဆရာမတို့ တိုင်းပြည်ထဲက ဟောသလောက်နယ်တွေ ပေးလိုက် ရပြီးတာတောင် မကျေနပ်နိုင်ကြသေးဘူး...တစ်နိုင်ငံလုံးကို သိမ်းချင်ကြ တဲ့အခါ အကြောင်းရှာကြတယ်...ရန်စချင်တယ်...ဟုတ်ပြီနော်...ကိုင်း... မြန်မာနိုင်ငံနှင့် အင်္ဂလိပ်နယ်ချဲ့ဆိုတဲ့ စာမျက်နှာကို လှန်ထားကြ...ကဲ တစ်ယောက်...ပထမအပိုဒ်ကို ကျယ်ကျယ်ထဖတ်စမ်း..."

ဩဘာက ဖြုန်းခနဲ ထရပ်သည်။ အသံကျယ်ကျယ်ဖြင့် ဖတ်သည်။

"နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံ၏ အဖိုးတန် မြေပေါ်မြေအောက် ပစ္စည်းများကို မတရားရယူလိုသောစိတ်ဖြင့် ကျူးကျော်စစ် သုံးကြိမ်ပြုကာ မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့သည်။ ပထမကျူးကျော်စစ်အပြီးတွင် ရခိုင်နှင့် တနင်္သာရီဒေသများကို သိမ်းယူခဲ့သည်။ ဒုတိယကျူးကျော်စစ်အပြီးတွင် အောက်မြန်မာနိုင်ငံကို သိမ်းယူခဲ့သည်။ အင်္ဂလိပ်တို့သည် ရလေလိုလေ ဖြစ်လာကာ ကျန်သေးသည့် မြန်မာမင်းပိုင် အထက်မြန်မာနိုင်ငံကိုပါ သိမ်း ယူရန် အကြောင်းရှာလာကြသည်"

"ဟုတ်ပြီ...ထိုင် ထိုင်...တတိယစစ်ပွဲ ဖြစ်တဲ့အချိန်က မန္တလေးမှာ သီပေါမင်း အုပ်စိုးနေတဲ့အချိန်...အဲသည်မှာ အင်္ဂလိပ်တွေပိုင်တဲ့ ဘုံဘေ ဘားမား သစ်ကုမ္ပဏီဆိုတာ ရှိတယ်...သူတို့က သစ်လုံးတွေ ခုတ်ချင်သလို ခုတ်ပြီး ယူကြတယ်...စာရင်းပြတော့ မှန်မှန်ကန်ကန် မပြဘူး...ဒါကို မြန်မာဘုရင်လွှတ်တော်က ဝင်စစ်တော့ မတရားယူထားတာ ပေါ်တာပေါ့... သစ်လုံးရေ ငါးသောင်းကျော်တောင် လိမ်ယူထားကြတာလေ..."

"သူတို့ကို မဖမ်းဘူးလား ဆရာမ..."

"ဖမ်းတော့ မဖမ်းဘူးပေါ့ကွယ်...ဒါပေမဲ့ ဒဏ်ရိုက်တာပေါ့...ဒဏ်ရိုက် တာကို သစ်ကုမ္ပဏီက မပေးဘူး...မပေးတဲ့အပြင် သူတို့ကိုညစ်ပါတယ် ဆိုပြီး အင်္ဂလိပ်အစိုးရကို တိုင်တယ်...အဲသည်မှာ ဘာလုပ်ကြပြန်သလဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ အချက်ငါးချက်ပါတဲ့ ရာဇသံ ပို့တယ်…ရာဇသံဆိုတာ သူတို့ဘုရင်က တို့ဘုရင်ကို ဘာတွေလုပ်ပေးရမယ်ဆိုတဲ့ အမိန့်ပေးတာကိုပြောတာ… မြန်မာဘုရင်က ငြင်းရင် ဟောသည့်နေရာကြီးကို သိမ်းနိုင်အောင် ပြင်ဆင်ထားကြတယ်…ဆရာမတို့ဘက်က ဘုရင်က တတ်နိုင်သမျှ လိုက်လျောခဲ့ပေမယ့် သူတို့က သိမ်းချင်နေတော့ တစ်တိုင်းပြည်လုံးကို သိမ်းဖို့ သင်္ဘောတွေနဲ့ မန္တလေးကို ဆန်တက်လာကြတာပေါ့… ကိုင်း တစ်ယောက်…ဆက်ဖတ်ပါဦး…"

သည်တစ်ခါ ထဖတ်သူက ပုကျစ် ဖြစ်သည်။ အသံကလေး တုန်တုန်တုန်တုန်နှင့် ဖတ်နေခြင်းဖြစ်၏။ မပုန်းရည်က ကလေးတွေကို စာဖတ်ခြင်းအလေ့ကိုပါ ရစေ ချင်သည်။ စာပိုဒ်၏ အဖြတ်အတောက်၊ အရပ်အနား၊ အဆက်အစပ်တွေကို နားလည်စေချင်လို့ဖြစ်သည်။ မပုန်းရည်က ရှင်းပြပြီးမှ စာသင်သည့် အလေ့အကျင့် လုပ်ထားသည်။ တစ်ပိုဒ်ရှင်း တစ်ပိုဒ်ဖတ်။

"မြန်မာအစိုးရသည် တတ်နိုင်သမျှ လိုက်လျော၍ ရာဇသံကို ပြန်ကြားခဲ့သည်။ သို့သော်လည်း အထက်မြန်မာနိုင်ငံကို သိမ်းယူရန် ဆုံးဖြတ်ထားပြီးဖြစ်သော အင်္ဂလိပ်တို့သည် မြန်မာတို့၏ အကြောင်းပြန်ကြားချက်ကို လက်မခံတော့ဘဲ နိုင်ငံသိမ်းစစ်ပွဲကို စတင်ဆင်နွှဲခဲ့ပေသည်"

မပုန်းရည်က ရှေ့ဆက် ရှင်းပြလိုက်၊ တစ်ယောက် ထဖတ်ခိုင်းလိုက်နှင့် သင်ခန်းစာကို တက်သည်။ စိတ်က သဘောပေါက်ပြီးမှ စာက ကပ်လျက်ချပ်လျက် လိုက်လျှင် ကလေးတွေ နားလည်ကြတာ မြန်သည်။ ခေါင်းထဲ စွဲသည်။ နှုတ်က စီကာပတ်ကုံး မျက်စိထဲမြင်အောင် ပြောနေချိန်မှာ စာအုပ်ကို ပိတ်ထားခိုင်းသည်။ လိုအပ်လျှင် သင်ပုန်းပေါ်မှာ ပုံဆွဲပြသည်။ ကလေးတွေ စိတ်နှလုံးထဲ ဝင်ပြီဆိုမှ မေးစရာရှိတာ မေးသည်။ အကြောင်းအရာကို စိတ်ဝင်စားကြပြီဆိုမှ စာဖတ်ခိုင်းသည်။ ကြက်တူရွေး စာသင်သလို နှုတ်တိုက် အာဂုံဆောင်နည်းမျိုးကို မပုန်းရည် မကျင့်သုံး။ ဖျင်းရိုငြီးငွေ့ဖွယ် ဆရာမကချည်း ရှေ့ကနေ စာဖတ်ပြသလို ထိုင်ရာမထ စာသင်နည်းမျိုးကိုလည်း မပုန်းရည် မလုပ်။ မပုန်းရည်ကိုယ်တိုင်က စိတ်ပါလက်ပါ ပုံပြောသလို စီကာပတ်ကုံး ပြောရင်း ကလေးတွေကို သင်ခန်းစာထဲ ဝင်အပါခိုင်းသည့်နည်းမျိုးဖြင့် သင်ပြသည်။ မပုန်းရည် တွေးထားသည့်အတိုင်းပင် မေးခွန်းတွေ လာပြီ။

"တိုက်ကြတော့ ဘယ်သူနိုင်သလဲ ဆရာမ"

"တို့မြန်မာတွေ ရှုံးတာပေါ့"

"ဟာ…"



အင်္ဂလိပ်–မြန်မာ တတိယစစ်ပွဲကို မနေ့တစ်နေ့က ဖြစ်ခဲ့သလို ခံစားနေကြရပုံပေါ်သည်။ စိတ်အားထက်သန်နေကြသည်။ သိချင်နေကြသည်။ မပုန်းရည်က မြန်မာတွေ ရှုံးတာပေါ့ ဆိုသည့်စကားကို တမင်ပြောလိုက်ခြင်းဖြစ်သည်။ စစ်နှစ်ခါရှုံးပြီးမှတော့ နောက်တစ်ခါ တို့ဘက်က အနိုင်ရရမှာပေါ့လို့ တွေးကြမှာကို သိလို့ စိတ်အညွှာကို ချွေလိုက်ခြင်းဖြစ်သည်။ မပုန်းရည်က အရောင်မြေဖြူဖြင့် မြန်မာနိုင်ငံမြေပုံတစ်ခုလုံးကို ပိန်းခြယ်လိုက်တော့ ကလေးတွေ မျက်နှာမကောင်းကြ။ အားလုံးငြိမ်သက်နေကြသည်။ မပုန်းရည်က သည်ခံစားမှုကို လိုချင်သည်။

"မြန်မာတွေက ပြန်မတိုက်ဘူးလား ဆရာမ"

"တိုက်တာပေါ့ကွယ်…မြစ်ရိုးတစ်လျှောက် စစ်သင်္ဘောတွေကို ဆီးတိုက်ကြတာပေါ့"

"မြန်မာတွေက ဘာနဲ့ပြန်တိုက်ကြတာလဲ ဆရာမ…သေနတ်ရော ရှိသလား…"

"ရရာ ရှိရာ လက်နက်နဲ့ ပြန်တိုက်တာပဲ…အမြောက်တွေ သေနတ်တွေလည်း ရှိတာပေါ့…ဒါပေမဲ့ တို့လက်နက်က မကောင်းဘူး…အင်္ဂလိပ်တွေကိုင်တဲ့ လက်နက်တွေက ကောင်းတာကိုး…ကဲ မင်းတို့ဆိုရင်ကော ပြန်တိုက်ကြမှာလား…"

"ဟာ…ပြန်ချမှာပေါ့…"

"အလကားပြောတာ ဆရာမ…သည်ကောင် စကြောက်…ညဘက် အီးပါရင် သူ့အမေ လိုက်ပို့ရတာ"

"သရဲသာ ကြောက်တာပါကွာ…အင်္ဂလိပ်တော့ မကြောက်ပါဘူး"

မပုန်းရည် ပြုံးရပါ၏။ ကလေးတွေဆိုတော့ ထင်မိထင်ရာ စွဲမိစွဲရာ ပြောဆိုတတ်ကြသော်လည်း သူတို့ရင်ထဲ ရောက်ပြီဆိုလျှင်တော့ တရားခြင်းနှင့် မတရားခြင်းကို သူတို့ကိုယ်ပိုင်စိတ်ဖြင့် ဝေခွဲတတ်ကြသည်။ အမှန်နှင့်အမှားကို တွေးဆတတ်ကြသည်။ အကျိုးနှင့်အပြစ်ကို သဘောပေါက်လွယ်ကြသည်။ တစ်ခါတစ်ရံ နုံးညံ့တတ်ကြပြီး တစ်ခါတစ်ရံ ခက်ထန်နေတတ်ကြတာကိုလည်း မပုန်းရည် သတိထားမိပါ၏။

ကျောင်းဆရာတစ်ယောက်အတွက် အကောင်းဆုံးရနိုင်သည့် အရည်အချင်းမှာ အတွင်း အရေးပါသည့်ကိစ္စတွေမှာ စိတ်နှစ်ထားခွင့်ရခြင်းဟု ဆိုသည်။ တပည့်တို့ ရင်တွင်းသိစေချင်သည့် စိတ်နှလုံးကို ပိုင်ဆိုင်ရခြင်းဖြစ်သည်။ ကျောင်းပျိုးထောင်မှုက

www.burmeseclassic.com

www.burmeseclassic.com



ရသော ဆင်ခြင်မှုကောင်းကို ပိုက်တွေးထားနိုင်ခြင်းဖြစ်သည်။ အမှန်တရားနှင့် လွဲ ချော်မှုကို ခြားအောင် စည်းရိုးခတ်နိုင်ခြင်း ဖြစ်သည်။

ထိုနေ့က စတုတ္ထတန်း သမိုင်းဘာသာရပ်မှ 'ပထမနှင့် ဒုတိယ ကျူးကျော် စစ်အပြီး ဆုံးရှုံးခဲ့ရသော နယ်များ' သင်ခန်းစာကို သင်ပေးရသည်။

"မြန်မာတို့က ရဲဝံ့စွာ အသက်စွန့်၍ တွန်းလှန်ကြသော်လည်း လက်နက် အင်အား ကွာခြားလှသဖြင့် အင်္ဂလိပ်တို့၏ ကျူးကျော်မှုကို တားဆီး နိုင်ခြင်း မရှိချေ။................................"

"ထိုအချိန်မှစပြီး မြန်မာ့လွတ်လပ်ရေး ဆုံးရှုံး၍ တစ်နိုင်ငံလုံး သူ့ကျွန်ဘဝ သို့ ကျရောက်ခဲ့ရလေသည်"

သူ့ကျွန်ဘဝ၊ လွတ်လပ်သောဘဝ။ သည်နှစ်မျိုးကိုလည်း သူကလေးတို့ နားလည်လောက်သော စကားလုံးများသုံးကာ မပုန်းရည် ရှင်းပြရပါ၏။ မင်းလှခံတပ် ခွေးချောင်းခံတပ်တွေအကြောင်း ပြောပြတော့ မျက်လုံးကလေးတွေ ပြူးနေကြသည်။ မပုန်းရည်ကတော့ ပညာရေးသင်တန်းတွေမှာ မှာကြားခဲ့သော ဆရာကြီး၊ ဆရာမကြီး များ၏ စကားကို ကြားယောင်သည်။ "ဆရာက ညံ့ဖျင်းတာကို တပည့်တွေ သိကြတယ်ဆိုတာ မမေ့ပါနဲ့...ဆရာညံ့မှန်းသိရင် အာခံကြည့်ချင်ကြတယ်...ဆရာ ဆိုတာ ညံ့ဖျင်းတဲ့ ကျောင်းသားတွေနဲ့ တွေ့ကောင်းတွေ့နိုင်ပေမယ့်...တပည့်တွေ ညံ့ဖျင်းတဲ့ ကျောင်းဆရာ၊ ဆရာမနဲ့ မတွေ့တာ အကောင်းဆုံးပဲ" ဆိုသည့် စကား ဖြစ်သည်။ မပုန်းရည်က သည်သင်ခန်းစာအပေါ် တုံ့ပြန်မေးခွန်းတွေ မေးကြည့်သည်။ ဖြေနိုင်ကြသည်။

"အင်္ဂလိပ်တွေ ဖမ်းသွားတဲ့ ဘုရင်နဲ့ မိဖုရားက ဘယ်သူတွေလဲ"

"သီပေါမင်းနဲ့ စုဖုရားလတ်ပါ ဆရာမ..."

"ဘယ်မြို့မှာ ဖြစ်ခဲ့တာလဲ..."

"မန္တလေးနေပြည်တော်မှာပါ ဆရာမ..."

"ဘယ်နေ့က ဖမ်းဆီးခေါ်ဆောင်သွားတာလဲ..."

"တစ်ထောင့်ရှစ်ရာရှစ်ဆယ့်ငါးခု နိုဝင်ဘာလ နှစ်ဆယ့်ကိုးရက်နေ့ပါ ဆရာမ..."

"တော်လိုက်ကြတာကွယ်..."

သည်တော့မှ မပုန်းရည်က မြေပုံကိုဖျက်ပြီး မေးခွန်းတွေ ရေးပေးသည်။ အဖြေတွေ တစ်ပါတည်း ရေးပေးသည်။ နောက်ရက်မှာ မေးမှာနော် ဆိုတော့ ဟုတ်ကဲ့ပါ ဆရာမလို့ ဝါးလုံးကွဲ အော်ကြလေသည်။



မပုန်းရည်လည်း မောပြီ။ ကုလားထိုင်မှာ ခဏထိုင်သည်။ ကလေးတွေ ...နေကြတာကို ကြည့်ရင်း ခံစားမှုတစ်မျိုးကို ရနေခဲ့သည်။ တာဝန်တစ်ခု ပိနေရာ က လွတ်မြောက်သွားသလို ပေါ့ပါးနေခြင်းမျိုး ဖြစ်သည်။ မိမိက သင်ပေးခြင်းနှင့် မိထံ သင်ယူခြင်းဖြစ်သည်။ ခြားနားလှတာ မဟုတ်ပါ။ သည်လိုဆိုပြန်တော့ စာကျက် နေကြသော ကလေးများကို မပုန်းရည် တစ်ယောက်ချင်း လိုက်ကြည့်သည်။ နွမ်းပါး ကြသူကလေးတွေ။ မပြည့်စုံရှာသူကလေးတွေ။ ဆရာ၊ ဆရာမကြီးတို့၏ စကားနှင့် ဆိုလျှင် တစ်ဝက်တစ်ပျက်ကလေးတွေ။ စိတ်အခြေအနေ တစ်ဝက်တစ်ပျက်၊ ဘဝ အခြေအနေ တစ်ဝက်တစ်ပျက်ကလေးတွေ။ အရာအားလုံးကို ပြည့်စုံအောင် ဖြည့်ဆည်း ...မဖြစ်နိုင်သော်လည်း တတ်စွမ်းသမျှ ဖြည့်ဆည်းရပါဦးမည်။

စဉ်းစားကြည့်တော့လည်း သည်နှစ် လေးတန်းအောင်ကြလို့ ငါးတန်း ဆက်တက်ကြမှာလား ဆိုတာကလည်း မသေချာပါ။ ကြယ်သီးပြုတ်အင်္ကျီ၊ ကိုယ်နှင့် ဆံ့ရင်ကန် ထိုးစွပ်လာသော ဘောင်းဘီ၊ အဖာတစ်ရာပုဆိုး။ ဖိနပ်ကတော့ ပါချင် သည့်အခါ ပါကြသည်။ မပါချင်တော့လည်း မပါကြပြန်။ ညှင်းသိုးသိုး ခြောက် ခြောက်မည်းမည်း မျက်နှာကလေးတွေက လန်းသည့်အခါလည်း လန်းကြပါ၏။ ...သည့်အခါတွေလည်း ရှိကြသည်။ တစ်ခါတလေတော့ မပုန်းရည် စဉ်းစားမိသည်။ ...သည်ကျောင်းကလေးဖွင့်တာ ကြာပြီဆိုတော့ သည်ကျောင်းကလေးမှာ တာဝန်ထမ်း ဆောင်ခဲ့ကြသည့် ဆရာ၊ ဆရာမတွေ မနည်းပြီ။ သည်ကျောင်းက ထွက်ခွာသွားကြ ...သော ကလေးတွေကလည်း နည်းစရာမရှိ။ တချို့ လူကြီးတွေ ဖြစ်ကုန်ကြပြီ။ ...ချို့ အိမ်ထောင်ရက်သား ကျကြလို့ သားသည်အမေ၊ သားသည်အဖေတွေဝင် ...နေကြပြီ။ သည်ဖြတ်သန်းမှုထဲမှာ အထက်တန်းပညာ သွားသင်ကြသူ မရှိခဲ့တာ ...တော့ ထူးဆန်းသည်။ နတ်ရေကန်မှာ ဘယ်မိဘကမှ ကျောင်းစိတ် ပညာစိတ် ...ကြတော့ဘူးလား။ တစ်ခါက မမစိန်ကို မေးကြည့်ခဲ့ဖူးသည်။

"ဘယ်လိုပြောရပါ့မလဲ မပုန်းရည်ရယ်...တို့ဆိုတာ ထားတော့...ရွာခံလည်း ဖြစ် ဆရာမလည်း ဖြစ်နေတော့ ထုဟယ် နှက်ဟယ် ရိုက်ဟယ် ပုတ်ဟယ်နဲ့ စာတတ်ကြရတာ...မပုန်းရည်လည်း မြင်သားပဲ...အရင်က တာဝန်ထမ်း ဆောင်ခဲ့ကြတဲ့ ဆရာ၊ ဆရာမတွေလည်း သင်ကြပါရဲ့...ကျောင်းစာသင်ဖို့ ရွာလာသင်ကြတာကိုး...မပုန်းရည်လို ရွာနေပြည်ထိုင် လာသင်တဲ့သူတာ ရှိမှမရှိခဲ့ဖူးတာ...ထားတော့...စာသင်လို့ အရှိန်ကလေးရမယ်ကြံရင် ပြောင်းရွှေ့သွားကြတာနဲ့ ထွက်သွားကြတာနဲ့ဆိုတော့ ကလေးတွေကလည်း ကိုယ့်သင်ပေးတဲ့ဆရာ မရှိတော့ရင် ကျောင်းဆက်မတက်ကြတော့ဘူး...

www.burmeseclassic.com

www.burmeseclassic.com



မိဘတွေကလည်း အခု တော်သေးတာ…ဟိုတုန်းကများ ဆရာမ ဈေးရောင်း စားကြပါလားလို့ ထွက်ပြောသူတောင် ရှိတာ…"

"အဲဒါ ဘာပြောတာလဲ မမစိန်…"

"မပုန်းရည်ရယ်…ကျောင်းစိမ်းထဘီကြီးနဲ့ မနက် မနက် သွားတာက ဆင်း တဲ့ ဆရာမတွေကို ပြောတာပေါ့…သည်လိုလာကြရတဲ့အတူတူ သူတို့ ဈေးရောင်းရင် ပြီးရော…ဈေးရောင်းတာက ပိုရတယ်လို့ ပြောတာပေါ့"

"ဒါကလည်း တစ်ယောက် နှစ်ယောက် ဖြစ်မှာပါ မမစိန်ရယ်…သူ မြင်သလို ရိုးရိုးသားသား ပြောတာလည်း ဖြစ်နိုင်တာပါပဲ…ဆရာ၊ ဆရာ တွေ လျှောက်မယ့် ကျောင်းလမ်း ရွာလမ်းကို မြေသယ် မြေဖို့ပေးကြ မိဘတွေလည်း ရှိကြတာပဲ မဟုတ်လား…"

"ဒါလည်း ဟုတ်ပါတယ်…နတ်ရေကန်ကတော့ ပညာရေးမှာ နေးတယ် အသိအမြင် မပွင့်ကြသေးဘူးလို့ပဲ ပြောရမလား မသိတော့ပါဘူး"

"ဒါက အခြေအနေတစ်ခုပေါ့လေ…ဆရာ၊ ဆရာမ ဆိုတာကတော့ အတန်း ထဲမှာ ကျောင်းသား နည်းစေချင်နေရင်၊ သူတို့ကလေးတွေ တတ်သင့် သလောက် တတ်နေပါပြီလေလို့ ထင်မိရင် တစ်ယောက်တစ်ပေါက်ဖြစ်နေ တဲ့ ကလေးတွေကို တစ်စုတစ်စည်းတည်းလို့ မမြင်ရင် မအောင်မြင်နိုင် ပါဘူး…ကျွန်မတော့ ကလေးတွေ စာသင်ခန်းကို ချစ်တဲ့စိတ်ဝင်အောင် မွေးမြူပေးတယ်…ကျွန်မကိုယ်တိုင်လည်း မွေးမြူတယ်…"

စာကူးကြတာ ပြီးသွားကြပြီ။ အတန်းလွှပ်လာခဲ့ပြီ။ ညောင်းကြရောပေါ့ မပုန်းရည်က နာရီကိုကြည့်သည်။ မိနစ်နှစ်ဆယ်လောက်တော့ အညောင်းပြေ ကျောင်း ကွင်းပြင်ထဲမှာ ကစားချေကြလို့ ခိုင်းလိုက်သည်။ မမစိန်နှင့် မောင်တက်လှ သင်နေကြတုန်းဆိုတော့ မဆူကြနဲ့နော်လို့ မှာလိုက်ရပါ၏။

ထိုစဉ်မှာပင် ကျောင်းက ကိုရင်ဒက်ထူကို မြင်လိုက်ရသည်။ အတန်းသား ရပ်လို့။ ပါးစပ်ပြုံပြုံ၊ နှုတ်ခမ်းလန်လန်၊ ဒက်ထူထူ ကိုရင်ပေါက်စကို အားလုံး ကိုရင်ဒက်ထူ ခေါ်ကြသည်။ မပုန်းရည်ကတော့ ကိုရင်ပေါက်စလို့ပဲ ခေါ်သည်။

"ကိုရင်ပေါက်စ…ဆရာတော် ခေါ်ခိုင်းလို့လားဘုရား…"

ကိုရင်ပေါက်စက ခေါင်းညိတ်ပြသည်။

□



မပုန်းရည်က ကိုရင်ဒက်ထူနှင့်အတူပင် ဘုန်းကြီးကျောင်းကို လိုက်လာခဲ့ သည်။ ကျောင်းရောက်တော့ ဆရာတော်ကြီးက သင်္ကန်းသစ်သစ်လွှင်လွှင်နှင့် ဖြစ်နေ ၏။ မပုန်းရည် လှေကားက တက်လာတာကို မစောင့်နိုင်သလို၊ လှေကားဝတွင် နေခြင်းဖြစ်၏။ မပုန်းရည်က လှေကားခုံမှာပဲ ထိုင်ကာ ဝတ်ဖြည့်ရသည်။ ဆရာ တော်ကြီး ကျက်သရေခန်းသော့ကို အပ်ဦးမှာနဲ့ တူပါရဲ့။ ဆရာတော်ကြီးက ခရီးကြွ မပုန်းရည်ကို သော့တွဲကြီးတစ်တွဲ အပ်နေကျ။ သော့တွဲကို လက်ကိုင်ပဝါ ကြီးတစ်ထည်နှင့် တွဲထားခြင်းဖြစ်၍ သော့နှင့်ပဝါကို လုံးကိုင်ထားတော်မူလေ သည်။

"ကျောင်းဆရာမ…ဘုန်းကြီး မန်းလေး ကြွဦးမယ်…ဘုန်းကြီးရဲ့ ဆရာ တော်ကြီး မမာဘူး… ဘုန်းကြီး ခြေဆုပ်လက်နယ် ဝတ်ဖြည့်ချင်လို့ သွားမှာ…ကျောင်းဆရာမ သော့တွဲယူထား…ကိုရင်ကြီးတွေကို လိုတာ အားလုံး ထုတ်ပေးထားခဲ့တယ်…"

"တင်ပါ့ဘုရား…"

"ဘုန်းကြီး မကြာဘူး…တစ်ရက် နှစ်ရက်ပဲ…"

"တင်ပါ့ဘုရား…"

"ဖိုးဆိုး…"

"ဘုရား…"

"မီးထင်း ဂရုစိုက်…"

"တင်ပါ့ဘုရား…"

"လိုတာရှိရင် ကျောင်းဆရာမကို ပြော…"

"တင်ပါ့ဘုရား…"

ဆရာတော်ကြီးက ဖိုးဆိုးလို့ ခေါ်သော်လည်း တကယ်တော့ အသက် ပြီ။ ဆရာတော်ထက် ငယ်သောကြောင့် ဖိုးဆိုးနှုတ်ကျိုးနေသော်လည်း ရွာ ဘကြီးဆိုး ခေါ်ကြပါသည်။ သန်သန်မာမာ ဖျတ်ဖျတ်လတ်လတ်တော့ ၏။ မျက်နှာပေါက်တော့ ဆိုးသည်။ သုန်သုန်မှုန်မှုန်နှင့် မျက်နှာကြောတင်းအင်း တ်သဖြင့် မပုန်းရည်ကတော့ မေးထူးခေါ်ပြောလောက်သာ ပုံမှန်ဆက်ဆံသည်။ ဆိုးက ကျောင်းဝေယျာဝစ္စ လုပ်ကိုင်ပေးခြင်း၊ တံမြက်တလင်း လှည်းခြင်း၊ န်းလျှော်ဖွပ်ခြင်းကအစ ဟိုရွာ သည်ရွာ ပြေးရတာအဆုံး အားကိုးရသည်။

www.burmeseclassic.com

www.burmeseclassic.com



စကားနည်းသလောက် မျက်နှာကြီး အိုထားတာကလွဲလို့ အခြားပြောစရာ မ
ကျောင်းအလုပ်မရှိလျှင် လူကို မြင်ရလေ့မရှိ။ မပုန်းရည် သိရသလောက် ဆရာတော်
ကြီးအပါး ဝတ်ကြီးဝတ်ငယ် ပြုစုခဲ့သည်မှာ လေးငါးနှစ်လောက် ရှိပြီဆို၏။ ကျောင်း
အောက် ထောင့်ကလေးမှာ ဘကြီးဆိုးအခန်းရှိ၍ အခန်းဘေးတွင် ရေနွေးကြမ်းတည်
ချွမ်းဟင်းနွေး၊ ဆန်ပြုတ်ကျိုရာ မီးဖိုရှိသည်။ မီးခိုးတွေ အမြဲအူနေတတ်သဖြင့်
ဆရာတော်ကြီးက ခရီးကြွလျှင် မီးထင်း ဂရုစိုက်ဟု မှာလေ့ရှိသည်။

ဆရာတော် ပေးလိုက်သည့် သော့တွဲကို ကိုင်ရင်း မပုန်းရည် စာသင်ကျောင်း
ကို ပြန်လာခဲ့သည်။ ဆရာတော်ကြီး သော့အပ်တာ မကြာခဏ ကြုံရပါ၏။ ခန်းအ
ဦးပဥ္စင်းရယ်လို့ မရှိတာမို့ ကိုရင်တွေကို သော့တွဲပေးမထားခဲ့တာကို နားလည်
သော်လည်း ဘကြီးဆိုးကို သော့တွဲ မအပ်တာကတော့ အကြောင်းရှိပါလိမ့်မည်
မပုန်းရည် စိတ်တစ်ခုတည်းနှင့်ဆိုလျှင် ကျက်သရေခန်းသော့ကို ကိုင်ချင်လှတာ မဟုတ်
ပါ။ တစ်စုံတစ်ရာ ကျဉ်းကျပ်သလို ခံစားရ၍ဖြစ်သည်။ တာဝန်ကြီးလှလွန်းလို့ပေ
မဟုတ်။ ဆရာတော့် ကျက်သရေခန်းအတွင်းမှာ ဘာတွေရှိလို့ရှိမှန်းလည်း မသိ
ဆရာတော် ခရီးကြွသခိုက် ကျောင်းမှာ ထမင်းသွားစားသည့်တိုင် တစ်ခါမှ ဖွင့်ကြည့်
ခဲ့ဖူးသည် မရှိ။ မပုန်းရည် သော့ကိုင်သည့်အခါတိုင်း ကိုရင်တွေရော ဘကြီးဆိုး
ကျက်သရေခန်း ဖွင့်ပေးပါဦးလို့ တောင်းဆိုတာ မရှိ။ အတွင်းက ဘာတော့ဖြင့်
လိုချင်လို့ ထုတ်ပေးပါဦး မရှိ။ ဆရာတော် ပြန်ကြွမလာမချင်း သော့ကိုင်ထားရတာ
ရှိပါ၏။ သို့သော်လည်း သော့တွဲကြီးကိုရတိုင်း ရွာကို အားနာသလိုလို၊ ဘကြီးဆိုး
အားနာသလိုလို ဖြစ်ရမြဲပင်။

ဆရာတော်ကြီးကိုယ်တိုင် မိန့်ဖူးသည့်စကားကြောင့် စနိုးစနောင့် ဖြစ်
တာလည်း ဖြစ်နိုင်ပါ၏။ ကျောင်းနှင့်ဒကာ၊ ဘုန်းကြီးနှင့်ရွာဆိုတာ ကင်းနိုင်စ
အကြောင်းမရှိ။ ရွာမှာက သောင်သာ ချောင်လည်ကြသူတွေ ရှိကြသလို၊ ဆင်း
ကြသူတွေက ခပ်များများ။ ဆရာတော့်ကျောင်းမှာက လှူဖွယ်သစ်စေ့သစ်နံ့တအ
ဆီပြည့်အိုး၊ ဆန်ပြည့်အိုးတွေရှိသည်။ တစ်နှစ် တစ်နှစ် ပြုကြသမျှ ဒါနကုသိုလ်
မနည်း။ လိုအပ်သူတိုင်းက ဆရာတော့်ကျောင်း ရောက်လာလေ့ရှိကြသည်။
သူတိုင်းက ဆရာတော့်ထံ ရောက်ကြရသည်။ ဘယ်ဟာ ဘယ်အရာတော့ဖြင့် လှူ
ဦးဘုရား…ဘယ်သင်း ဘယ်ဝါတော့ ချေးပါဦးဘုရား ဆိုတာတွေ ရှိလာတော့ အ
နည်းလှသူ ဆရာတော်ကြီးခမျာ မငြင်းသာဘဲ စွန့်တန်တာစွန့်၊ ချေးငှားတန်
ချေးငှား၊ ပြန်တောင်းသင့်တာတော့ ပြန်တောင်း ဆိုတာမျိုး ရှိလာရတော့သည်။



"ကျောင်းဆရာမနယ်…ဘုန်းကြီးလည်း လူ့ကိစ္စတွေမှာ မပါချင်ပေသိ
ပါနေရတယ်…ချေးတာ၊ ငှားတာ၊ ပေးတာ၊ ယူတာ လူနဲ့ဘုန်းကြီး လုပ်
လို့မကောင်းဘူး…မချေးမငှားတော့ ဘုန်းကြီးကို စိတ်ဆိုးတယ်…ချေး
ငှားပြန်တော့ ကျောင်းပစ္စည်းရယ်လို့ ပြန်ပို့မယ် ပြန်ဆပ်မယ်လို့ မရှိ
ကြဘူး…ဘုန်းကြီး အကြွေးတောင်းလို့ မကောင်းဘူးလေ…နော ကျောင်း
ဆရာမ…"

"စာရင်းလုပ်ပြီး လေးပန်းဆီတို့ မိန့်ပါလားဘုရား…ကျောင်းပစ္စည်း ရဟန်း
ပစ္စည်းတော့ ယူမိရင်လည်း ပြန်ပေးကြရမှာပေါ့ဘုရား…"

"အာ…မလုပ်ချင်ဘူး ကျောင်းဆရာမ…လူကြီးတိုင်တယ် ဖြစ်သွားမှာ
လေ… နော…ဘုန်းကြီးကို ရွာက မုန်းလိမ့်မယ်…ဘုန်းကြီးက ဖြစ်နေတာ
ပြောပြတာ…"

"တပည့်တော် တောင်းပေးရမလား ဘုရား…ဘယ်သူတွေမှာ ဘာရစရာ
ရှိတယ် မိန့်တော်မူပါ…ရန်မတွေ့ပါဘူးဘုရား…ပြန်ဆပ်ချင်အောင် ပြော
ပြမှာပါဘုရား…"

"မလုပ်နဲ့…မလုပ်နဲ့…ကျောင်းဆရာမက ဧည့်သည်လေ…ရွာက မုန်း
လိမ့်မယ်…"

ဆရာတော်က ဘာတွေပေးထားလို့ ဘာတွေပြန်မရတာလဲဆိုတာကို
မပုန်းရည် မသိပါ။ မပုန်းရည်က တပည့်တော် တောင်းပေးပါ့မယ်ဆိုတာကလည်း
စကားအရသာ ဆရာတော် စိတ်ချမ်းသာအောင် လျှောက်ရသော်လည်း တကယ်တမ်း
ကြားဝင်ရမှာကိုတော့ ကြောက်သည်။ ဆရာတော် မိန့်ခဲ့သည့်ရက်တွေတုန်းကတော့
အစိန်ကို ပြောပြသည်။ မမစိန်က ရယ်သည်။ မမစိန်တို့ပင် အချေးအငှားမလွတ်ဟု
ဆိုပါ၏။ ဆိုပါတော့…။ အလှူလုပ်သူက ချက်ရင်းပြုတ်ရင်း ဆီပြတ်သွားလျှင်
တွေရာ ပြေးဝယ်မနေတော့ဘဲ ဆရာတော့်ကျောင်းက ဆီအချိန် ဘယ်၍ဘယ်လောက်
ချေးပါဘုရား၊ ဆန် ဘယ်နှတင်းလောက် လှူပါဘုရားဆိုပြီး ယူကြရာက အလှူ
ပြီးတော့ ပြန်မဆပ်ဖြစ်တာ၊ ပြန်မရောက်တာတွေ များသည်။ တချို့က ငွေကြေး
အိုပင် ခဏလှည့်ကြသူတွေ ရှိသည်ဆို၏။ ဆရာတော်ကြီးကလည်း စာရင်းတန်
ပြုကြိုတစ်တန် အတောင်းခိုင်းတာမျိုး မရှိတော့ ပေါ့ပေါ့ဆဆ နေကြရာက ဆုံးတာ
တွေ များလာပုံ ပေါ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းကြီးတို့မှာ သိက္ခာပုဒ် မကျိုးအောင် သတိနဲ့နေကြရတယ်...ကျောင်းဆရာမတို့လို နေချင်သလို နေလို့မရဘူးလေ...နော...လက်သမားတွေ တဲ့ ဆောက်ရှိတယ်မှတ်လား...ဆောက်ရဲ့ အသွားပေါ် မုန့်ညင်းစေ့ တင်သလိုပဲ...ခက်တယ်...ဘုန်းကြီးမှာ အပြစ်ရှိရင် ထုတ်ပြောရတယ် ဒေသနာကြားတယ်ခေါ်တယ်...ဒါကြောင့် ဘုန်းကြီးပြောတာ...ဘုန်းကြီး မက်လို့ ပြောတာမဟုတ်ဘူး...ဒါပေမဲ့ ယူသူငရဲကြီးတယ်...ရဟန်းပဉ္စင်း ကျောင်းပစ္စည်း ဆင်ခြင်ရတယ်...ဟုတ်ကဲ့လား ကျောင်းဆရာမ..."

ကျောင်းဆရာမတို့လို နေချင်သလို နေလို့မရဘူးဆိုတာကို ရယ်ချင်မိသော်လည်း တင်ပါ့ဘုရားသာ ဆိုရလေသည်။ သည်စကားတွေ ကြားထားတော့လည်း ရွာက တစ်မျိုးထင်မှာ စိုးမိသည်။ ရောက်လာတဲ့ ကျောင်းဆရာမက ဘုန်းကြီးပစ္စည်း စီကုပ်ထားတယ် ဖြစ်မှာစိုး၍ ဖြစ်သည်။ သူ့ရွာနှင့် သူ့ဘုန်းကြီး ပေးခြင်းကမ်းခြင်း ပေးဆပ်ခြင်း မဆပ်ခြင်းတွေထဲမှာ မပုန်းရည် မပါချင်။ သို့သော် ဘုန်းကြီးကတော့ ကျက်သရေခန်းသော့ အပ်ပြန်လေပြီ။ မပုန်းရည် စိတ်မကောင်းတာ တစ်ခုရှိပါသည်။ ဆောက်သွားပေါ် မုန့်ညင်းစေ့ တင်ရသလို သိက္ခာပုဒ် မကျိုးမပေါက်အောင် နေရတာ ခက်တယ်ဆိုသည့်စကား ဖြစ်ပါ၏။ ဘုန်းကြီး သူ့ဟာသူနေတာ ဟုတ်လျက်ကယ်နဲ့ လူတွေက ပတ်သက်လာတော့ အားနာနာနဲ့ လက်မခံချင်ဘဲ လက်ခံနေရတယ် ဆိုသည့်သဘောများလား။ ဆရာတော်ကြီး မိန့်တာ သည်သဘောမဟုတ်မှန်းလည်း သိပါ၏။

မပုန်းရည်က သော့တွဲလက်ကိုင်ပဝါကို ကျောင်းလက်ဆွဲခြင်းထဲ ထည့်သည်။ သော့ချည် လက်ကိုင်ပဝါကို လျှော်ရဦးမည်။ လက်ဆီတက်ကာ မည်းညစ်နေပြန်ပြီ။ မပုန်းရည်ကို သော့အပ်တိုင်း လျှော်ပေးနေကျ။ ဘုန်းကြီးက သော့ချိတ်တွဲလို မြင်သာ ထင်သာရှိလောက်မည့် ချိတ်စရာကို ကိုင်နေမကျလို့လားမသိ။ သော့တွေကို အမြဲတမ်း လက်ကိုင်ပဝါထောင့်နှင့် တင်းတင်းချည်ပြီး ကိုင်လေ့ရှိသည်။

ဆရာတော်ကြီးက တစ်ရက် နှစ်ရက်ဆိုသော်လည်း သုံး,လေးရက်နှင့် ပြန်ကြွမလာ။ မန္တလေးက ဆရာတော်ကြီးပဲ မကျန်းမာလို့လား၊ ရွာဆရာတော်ကိုယ်တိုင် မကျန်းမာလို့ပဲလားတော့ မသိ။ မပုန်းရည်က ကိုရင်ဒက်ထူကို မှာထားရသည်။ ဆရာတော် ပြန်ကြွလာလျှင် သော့တွဲလာယူရန်ဖြစ်သည်။ နေ့ခင်းဘက် ဘုန်းကြီး ကျောင်းကို ထမင်းစားသွားတော့လည်း မောင်ကျောင်းသား ပြင်ကျွေးတာ စားခဲ့ရုံပင် ဘာကြီးဆိုးကို မမြင်။ ကိုရင်ကြီးတွေလည်း ရှိသည့်အခါရှိ၊ မရှိသည့်အခါ မရှိ။ မောင်ကျောင်းသားကို ဆရာတော့်သတင်း ဘာကြားသလဲဆိုတော့ မကြားဘူးလို့သာ



ဆို၏။ မပုန်းရည်က ညဘက် စာသင်ရင်း ကိုကြာစွယ့်ကို ပြောတော့လည်း စိတ်ဝင်စားပုံ မရ။

"ဆရာမနယ်...ဘုန်းကြီးက အဲသလိုပဲရယ်...မန်းလေးကြွရင် ကြာတတ်တယ်...သူ့ဆရာတော်ကြီးကို ခြေဆုပ်လက်နယ် ပြုစုတာရော...ပညာသင်ဘက်တွေ တွေ့တော့လည်း တားကြတာရော နေမှာ..."

"ဆရာတော်များ နေကောင်းထိုင်သာ မရှိလို့လားလို့ပါရှင်"

"ကျုပ်တို့ဘုန်းကြီး ဖျားခဲနာခဲသားပဲ...ဘုန်းကြီးမမာလို့ လဲနေတယ် မကြားဖူးပေါင်ဗျာ..."

သည်လိုနှင့်ပင် မပုန်းရည်၏ ခြင်းထဲမှာ ကျက်သရေခန်း သော့တွဲ တဝုံ့ဝုံ့ ရှိရပါ၏။

❒

ကျောင်းပိတ်ရက်။

မပုန်းရည် ခပ်စောစော နိုးနေခဲ့သည်။ ကနေ့ စေတီတော် သုံးဆူရှိရာ ဘုန်းကြီးကျောင်းနှင့် မနီးမဝေး ကွင်းဘက်ကိုသွားဖို့ ညကတည်းက စိတ်ကူးထားခဲ့သည်။ စေတီတော်ကလေး သုံးဆူက ဉာဏ်တော်ရော လုံးတော်ပါ တူညီသဖြင့် အဝေးက ကြည့်လျှင် သပ္ပာယ်ဖွယ်ပင်။ ထုံးသင်္ကန်း တဖွေးဖွေးနှင့် ဇရပ်ကတုံး သေးမည်းက အားပြိုင်လျက်ရှိကြ၏။ ဇရပ်ကတုံးကလေးက လူ့တစ်ဖက်စာ ကျွန်းတိုင်ကြီးများဖြင့် တောင့်တင်းလှပါ၏။ အမိုးသွပ်တွေကတော့ မိုးယိုလောက်အောင် ပေါက်မပြဲသေးသော်လည်း ဟောင်းကြလှပြီ။ သည်စေတီဝန်းကျင်မှာ မပုန်းရည် ရောက်စက တံမြက်လှည်းကုသိုလ် ယူမြဲ။ အနီးတွင် မန်ကျည်းပင်ကြီး လေး,ငါးပင်နှင့် သနပ်ပင်တစ်ပင် ရှိသဖြင့် ဆောင်းနှောင်းရက်တွေမှာ ရွက်ကြွေတွေ ပြန့်ကြဲနေတတ်သည်။ သည်ဘက် ရက်တွေမှာ အရောက်ကျဲရပြန်သဖြင့် အားတုန်းအားသခိုက် သာဖို့စိတ်ကူးခြင်းဖြစ်၏။ လက်တို့လက်တောင်း အဖော်အလျော်ရယ်လို့ မခေါ်တော့ဘဲ တစ်ယောက်တည်းပဲ ထွက်လာခဲ့သည်။ ကလေးတွေလည်း ကျောင်းပိတ်ရက်မှာ မိဘကူကြ၊ လွတ်လွတ်လပ်လပ် ဆော့ကစားကြရတာ မဟုတ်လား။ ကြာဖြူတို့ ညီအစ်မတစ်တွေတောင် အားကြရှာတာမဟုတ်။

စေတီတော်ကလေး သုံးဆူမှာ လုံးတော်ညီကြသည် ဆိုသော်လည်း အလယ် စေတီတော်ကလေးမှာ မုခ်ပေါက်လေးပေါက်နှင့် ဆင်းတုတော် လေးဆူ ကိန်းဝပ်သည် ဖြစ်၍ ကျန်နှစ်ဆူထက် ထူးခြားသည် ဆိုရပါမည်။ ဆင်းတုတော်တွေက ဉာဏ်တော်

www.burmeseclassic.com



တစ်ဆောင်သာသာဖြစ်၍ စကျင်ကျောက်သားဖြင့် ထုဆစ်ထားခြင်းဖြစ်ပါ၏။ ညဦးပိုင်းတွေမှာတော့ ဘုန်းကြီးကျောင်းက ကိုရင်တွေ ဖယောင်းဆီမီး ကပ်လှူနေကျဖြစ်သည်။ ညဦးပိုင်းတွေမှာ မပုန်းရည် ရောက်လေ့မရှိသော်လည်း ဖယောင်းတိုင် ပူဇော်သည့် ဖယောင်းရာကလေးတွေ တွေ့ရတတ်သည်။ ဇရပ်ကတုံးထဲမှာတော့ ကွပ်ပျစ်ကြီးတစ်ချပ်ရှိ၍ ဥပါသကာ ဦးဖိုးဆိုးလို၊ နွားကျောင်းသားလို လူတွေ အိပ်တတ်ကြသည်။ ထိုနေရာကလေးမှာ သီးခြားကလေးလို ဖြစ်နေသဖြင့် အေးချမ်းလှသည်။ တစ်ခါတစ်ခါ ဆွေအဖျိုကြီးတွေ ရောက်လာကြကာ လှည်းကျင်းသန့်ရှင်း ကုသိုလ်ယူကြသည်။ မပုန်းရည်ကတော့ စိတ်ရောလူပါ အားလျှင် ရောက်လာတတ်သော်လည်း အရောက်ကျဲပါသည်။

မပုန်းရည်က ခေါင်းပေါင်းပေါင်းရန် တဘက်ပါးကလေးတစ်ထည် ယူလာခဲ့ပြီး ဘိုးကြီးတို့အိမ်ထောင့်က မတ်တတ်တံမြက်စည်းသန့်သန့် တစ်ချောင်းဆွဲကာ ထွက်လာခဲ့ခြင်းဖြစ်သည်။

"ဆရာမ ဘယ်တုံး…စောစောစီးစီး…"

"ဘုရားသုံးဆူကိုပါရှင်…တံမြက်လှည်းကုသိုလ် ယူချင်လို့ပါ"

မနက်စောစောဆိုပေသိ နတ်ရေကန်သူ နတ်ရေကန်သားတို့ အိပ်ရာထဲမနေနိုင်အားကြ။ ပြေးပြေးလွှားလွှား ရှိကြရသည်။ တချို့က လယ်ထဲ၊ တချို့က ဘူတာရုံကို ပြေးကြခြင်းဖြစ်၏။ တချို့က မတ္တရာကို လိုက်ကြလိမ့်မည်။ တချို့က မန္တလေးကို။ မပုန်းရည်ပင် မန္တလေးကို ဟုတ်တိပတ်တိ မရောက်ရသေး။ မန္တလေးမှာ ညအိပ်ညနေ နေလို့ရလျှင်တော့ ဘုရားဖူးရင်း သွားချင်သည်။ မနက်ရထားနှင့်လိုက်ပြီး ညနေရထားနှင့် ပြန်ဖို့တော့ ကတိုက်ကရိုက်နိုင်လို့ မပုန်းရည် အာရုံမရှိ။ မန္တလေးမှာ ပြန်အိပ်ကြသော မဝိုင်းချစ်တို့နှင့် လိုက်လျှင်တော့ အဖြစ်သား။ သူတို့တောင် သူတစ်ပါးအိမ်မှာ တည်းရခိုရတာဆိုတော့ ကိုယ်က ချည့်ပိုမဖြစ်ချင်။ မိန်းမသားဆိုတော့ တည်းဖို့ခိုဖို့ကိစ္စက အဓိကထား စဉ်းစားရတာ မဟုတ်လား။

စေတီတော်သုံးဆူကို ရောက်တော့ ရွက်ကြွေတွေက တင်းကြမ်း။ မပုန်းရည် ခေါင်းပေါင်း ပေါင်းကာ တံမြက်လှည်းသည်။ ဇရပ်ကတုံးကလေးထဲမှာလည်း အမှိုက်တွေ များလှသည်။ တံမြက်စည်းကြမ်းနှင့် အမှိုက်တွေကို သဲ့သဲ့ပြီး လှည်းသည်။ ကွပ်ပျစ်အောက်ကိုပါ တံမြက်စည်းထိုးကာ ဝိုက်လှည်းလှည်းလိုက်တော့ ချွင်ခနဲ ခွမ်းခနဲ အသံတွေ ကြားရသည်။ မပုန်းရည် လန့်သွားကာ ကွပ်ပျစ်အောက် ငုံ့ကြည့်တော့ ပုလင်းခွံ လေး,ငါးလုံး လိမ့်နေကြသည်။ တစ်လုံးက အပြင်ထွက်လာသဖြင့် အသာကောက်ပြီး ဘေးမှာ ထောင်ထားလိုက်သည်။ ဘာပုလင်းတွေပါလိမ့်။ ပုလင်းတွေက တံဆိပ်မပါသော ပုလင်းညိုတွေဖြစ်သည်။ မပုန်းရည် နမ်းကြည့်တော့ အရက်နံ့။



"ဘယ်သူတွေများ အရက်လာသောက်ကြတာပါလိမ့်…"

ဇရပ်ဆိုတော့ လူတကာ တည်းခိုလို့ရတာတော့ မှန်သည်။ သည်ဇရပ်က အာရုံခံဇရပ်ဖြစ်သည်။ လမ်းဘေးဇရပ်မဟုတ်။ အာရုံခံဇရပ်မှာ အရက်လာသောက်ကြပြီဆိုကတည်းက အဝေးကလူတွေ မဟုတ်နိုင်။ အရက် လေး,ငါးလုံးဆိုတော့ တစ်ယောက်တည်းလည်း ဟုတ်ပုံမရ။ လေး,ငါးယောက်စု ဖြစ်လောက်သည်။ မပုန်းရည်က ပုလင်းတွေကို တံမြက်စည်းနှင့် လှမ်းဆွဲကာ စီစီရီရီ ထောင်ထားလိုက်သည်။ ကြွက်လျှောက်တွေပေါ်မှာလည်း ဆေးပေါ့လိပ်တိုတွေ။ မပုန်းရည် ဖတ်ကြည့်တော့ စိန်ပန်းခိုင်ဆေးလိပ်တဲ့။ မြို့နာမည်က ဆေးရောင်ဝါးနေသော်လည်း ဖတ်လို့ရပါ၏။ အဲသည်မြို့က လူတွေလား။ ဆေးလိပ်ဆိုတာတော့ နေရာတကာ ရောက်တာပဲလေလို့ တွေးမိတော့လည်း ရယ်ချင်မိသည်။

မပုန်းရည် တံမြက်လှည်းပြီးတော့ ခုနစ်နာရီကျော်ကျော်သာ ရှိသေးသည်။ စေတီတော်သုံးဆူ ဝန်းကျင်ရော၊ ဇရပ်ကတုံး အတွင်းအပြင်ရော လှည်းလိုက်ရတော့ သန့်သလိုလိုရှိသွား။ မပုန်းရည်က ပုလင်းလွတ်တွေကို အများမြင်နိုင်သည့် မန်ကျည်းပင်ရိပ်ကို ရွှေ့ထားခဲ့သည်။ ပုလင်းခွံတွေက ရွာမှာတော့ အသုံးတည့်သည်။ ငံပြာရည် ထည့်နိုင်သည်။ ဆီထည့်နိုင်သည်။ ဒီဇယ်ဆီ, ရေနံဆီ ထည့်နိုင်သည်။ အရက်ဆရာ တောင် ကျေးဇူးတင်ရမလိုလို။ ပထမတော့ မပုန်းရည် ဘုန်းကြီးကျောင်းဘက်ကို သွားမည်ကြံမိသေးသည်။ သည်စေတီတော်နေရာက ကျောင်းနှင့်မဝေးသော်လည်း ခန့်တျည်းတော့ကြီး ခြားသည်။ သည်ဘက်မှာက မပုန်းရည်တို့ စာသင်ကျောင်း။ ကျောင်းပိတ်ရက်ဆိုတော့ ကျောင်းသူကျောင်းသားတွေ မရှိ။ စာသင်ကျောင်းနှင့်လည်း ဝေးသည်ဆိုပေသိ လှမ်းသည်။ ဘုရားသုံးဆူ၊ ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်း သုံးခုကြားမှာ သုံးပွင့်ဆိုင်ထားသလို ရှိပါ၏။ မပုန်းရည်က ဇရပ်ကတုံးကလေးထဲက ကွပ်ပျစ်မှာထိုင်ရင်း အမောဖြေနေလိုက်သည်။ ခဏနားပြီး တံမြက်စည်းကိုင်ကာ သွားမည်အပြု ရိပ်ခနဲ လူရိပ်မြင်လိုက်ရသဖြင့် ဇရပ်အပြင် ထွက်လိုက်သည်။

ကြာဖြူ…။ ခေါင်းပေါ်မှာ ထမင်းအုပ်လို အဖုံးပါသော ကြွေရည်သုတ် ချိုင့်တစ်အုပ် ရွက်လိုက်လို့။

"ဆရာမ…"

"ကြာဖြူလား…ဘာတွေတုံး…ဘုန်းကြီးကျောင်း လာပို့တာလား…"

www.burmeseclassic.com

www.burmeseclassic.com



"ကောက်ညှင်းပေါင်းနဲ့ မတ်ပဲကြော် ဆရာမ…ဘုန်းကြီးကျောင်းလည်း ပို့ခဲ့ပြီ…ဒါက ဆရာမဖို့ပါ"

"အလိုတော်…ဆရာမ သည်မှာရှိတာ ညည်း ဘယ်လိုသိသလဲ…"

"လေးလေး ပို့ခိုင်းလိုက်တာ…နင့်ဆရာမ သည်လောက်ဆို မောမွေ့မယ်တဲ့…"

"ဟုတ်ပါ့ရှင်…မောပါ့…လာ စားကြရအောင်"

"ကျွန်မ စားပြီးပေါ့…ဆရာမ စား…"

မပုန်းရည်က နှမ်းဆီနှင့် ဆီရွှဲရွှဲဆုပ်ထားသော ကောက်ညှင်းဖြူဆုပ်တစ်ဆုပ်ကို ယူစားလိုက်သည်။ ကောက်ညှင်းဆုပ်တွေက အများကြီးပါလား။ မတ်ပဲကြော်ကလေး,ငါးကွင်း။ ဆာဆာနှင့် စားရတော့ ကိုကြာစွယ်ကို ကျေးဇူးတင်ရပါ၏။ မပုန်းရည် တံမြက်စည်းကိုင်ထွက်လာတာကို မြင်လိုက်ပုံရသည်။ ကိုကြာစွယ်က အသေးအဖွဲ ကလေးတွေကအစ မပုန်းရည်ကို စောင့်ရှောက်ရှာသူဖြစ်သည်။ ကောက်ညှင်းထွေးထွေး အကြော်ရွှရွှကလေး သုံး,လေးဆုပ် စားလိုက်တော့ ဝမ်းကလေး တောင့်လေ၏။ မပုန်းရည် လက်ကနာရီကို ကြည့်လိုက်တော့ ခုနစ်နာရီခွဲသာသာ။

မရောက်တာ ကြာပြီဖြစ်သော ဘဲတဲစုဘက် သွားချင်သေးသည်။ မပုန်းရည် အတန်းထဲမှာ ဘဲတဲစုက ကျောင်းသားငါးယောက် ရှိနေတာကလည်း အုံ့ညြချင်စရာ မောင်ပေါကြွယ်၊ ပုကျစ်၊ အေးမိချို၊ မခင်ဝိုင်း၊ တင်ပု။ အတန်းတက် ကျောင်းသား ဆယ့်သုံးယောက်မှာ ဘဲတဲစုက ငါးယောက်၊ နတ်ရေကန်က ရှစ်ယောက်။ ရွာချင်း ဘဝတွေချင်း နှိုင်းယှဉ်လျှင် ဘဲတဲစုက နိမ့်ကျသည်ဆိုသော်လည်း ပညာရေးမှာ နတ်ရေ ကန်ထက် သာနေတာမဟုတ်လား။ ပြီးတော့ ကျောင်းတက်လည်း မှန်ကြရှာသည်။ နေ့စဉ် ထမင်း တစ်လုံးချိုင့်ကလေးတွေနှင့် ကျောင်းကို ရောက်ရောက်လာကြရှာ ကလေးတွေ။ သည်တပည့်ကလေးတွေ၏ မိဘများနှင့် မပုန်းရည် တွေ့ချင်သည်။ ပြီးတော့ အားပေးချင်သည်။

ဘဲတဲစုဆိုတော့ မကြေးမှျင်တို့ဘက် ရောက်ချင်ရောက်မည်။ ကြာဖြူ လိုက်ချင်လိမ့်မည်မဟုတ်။ မပုန်းရည်က ခေါင်းပေါင်းနှင့် တံမြက်စည်းကို ကြာဖြူ ထည့်ပေးဖို့ စဉ်းစားသည်။

"ကြာဖြူ…ဆရာမ ဘဲတဲစုဘက် လျှောက်လိုက်ဦးမယ်…တံမြက်စည်းနဲ့ တဘက်ယူသွား…နိုင်မလား…ကောက်ညှင်းပေါင်းအုပ်နဲ့ဆိုတော့လေ…"

"ရတယ် ဆရာမ…"

"ဆရာမ နည်းနည်းနေမြင့်ချင် မြင့်မယ်နော်…"



ကြာဖြူပြန်သွားတော့ ဘဲတဲစုဘက်ကို မပုန်းရည် ထွက်လာခဲ့သည်။ ရွာထဲ သမ်းဘက်မဝင်တော့ဘဲ ဘုန်းကြီးကျောင်းရိပ်က ပန်း၍ ချောင်းရိုးကလေးအတိုင်း လျှောက်ခဲ့သည်။ ချောင်းကူးတံတားရောက်တော့ မလှအုန်းမယ်နှင့် ဘွားခနဲ ဆုံလေ၏။ မပုန်းရည်တစ်ယောက် ဘိုးကြီးတို့အိမ် ပြောင်းသွားကတည်းက မလှအုန်းမယ်လည်း မပုန်းရည်ရှိရာ အလည်မလာဝံ့တော့။ မကြာဥနှင့် မတည့်တာ ပါသလို ကိုကြာစွယ် ကိုလည်း ကြောက်ပုံပေါ်ပါသည်။ မလှအုန်းမယ်က မပုန်းရည်ကိုတွေ့တော့ ဝမ်းသာ သွားပုံရသည်။ ဖြုန်းခနဲရပ်ကာ လက်ဝါးနှစ်ဖက်ကို ဖြန်းခနဲ ရိုက်လိုက်လေ၏။ ခေါင်းပေါ်မှာလည်း မြက်ထုံးကြီးရွက်လို့။

"ဟော…မလှအုန်းမယ်…မတွေ့တာတောင် ကြာပြီ…ဘယ်ပျောက်နေတာ လဲရှင့်"

"ကျုပ်ကဖြင့် မပျောက်ရပေါင် ဆရာမရယ်…ဆရာမကို တမေးတည်းမေး နေတာပါ…ကြာစွယ်တို့အိမ်တော့ မလာချင်လို့ကို မလာတာ…အိမ်က လည်း နွားတွေ တိုးနေတော့ မြက်ရိတ်ရတာနဲ့တင် လူလည်း အမဲခြောက် မီးဖုတ် ဖြစ်နေတာသာ ကြည့်တော့…အခုက ဘယ်တုံး…"

"ဘဲတဲစုဘက် သွားမလို့လေ…"

"ဩော်…ဆရာမ အားရင် ကုက္ကိုပင်ရိပ် ခဏနားပါဦးလား…ကျုပ် စကားကြောဆွဲပေးမယ်လေ…"

"အို မလုပ်ပါနဲ့…သွား သွား…မလှအုန်းမယ်…ခေါင်းပေါ်မှာ မြက်ထုံး ကြီးနဲ့… ကိုင်း ကျွန်မလည်း နေပူမှာစိုးလို့ သွားတော့မယ်နော်…"

မပုန်းရည်က ပြောပြောဆိုဆိုနှင့်ပင် မလှအုန်းမယ်ကို ရှောင်ကွင်းပြီး ထွက်ခဲ့သည်။

"ဆရာမရေ…ဘဲတဲစုသွားတာလည်း ကြည့်သွားဦး…မကြေးမှျင်ကို ရှောင် တော်ရှေ့…"

မလှအုန်းမယ်က အသံကျယ်ကြီးနှင့် လှမ်းအော်ဖြစ်အောင်အော်လိုက်သေး၏။ ကြည့်စမ်း။ မလှအုန်းမယ်ကတောင် သည်လိုပြောသတဲ့လား။ မပုန်းရည် စိတ် ထက်မသာဖြစ်မိရသည်။ တံတားကူးလိုက်တော့ တာရိုးပေါင်ကြီးပေါ် ရောက်သည်။ မပုန်းရည်က ခြေထောက်နှင့်, မျက်နှာမှ ဖုန်တွေကို ဆည်တော်ချောင်းရေဖြင့် ဆေးလိုက်သည်။ တာပေါင်ရိုးကြီးပေါ်ကနေ လှမ်းကြည့်တော့ ဘဲတဲစုကလေးတွေကို လှမ်းမြင်နေရပြီ။ ကန်သင်းရိုးအတိုင်း မပုန်းရည် ဆင်းလျှောက်လာတော့ လယ်ထဲ အလုပ်ဝင်နေကြသူတွေက နှုတ်ဆက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘဲတဲစုရောက်တော့ မကြေးမှျင်တို့ တဲကုပ်ကလေးကို အလျင်ဦးတိုက်ရသည်။ ပြီးမှ တပည့်တွေ အိမ်ပေါက်စေ့ရောက်အောင် သွားမည်။ မကြေးမှျင်တို့ ကျွဲစ်တို့ ရှိကြပုံမပေါ်။ တဲပေါက်ကို ဝါးထရံယောင်းတစ်ချပ် ခပ်လဲ့လဲ့ကာထားသည်။ အနားက တဲတွေက မပုန်းရည် ရောက်နေတာမြင်တော့ ဝမ်းသာအားရ ရှိကြရှာသည်။ မပုန်းရည်လည်း အနားက တဲတစ်တဲဝရပ်ပြီး တပည့်တွေကို အော်ဟစ်နှုတ်ဆက်ရသည်။

"မရှိကြဘူး ဆရာမရဲ့…ဂဲနေ့ ကျောင်းပိတ်တော့ ကွင်းထဲ ရောက်ကုန်ကြပြီ…"

"ကိစ္စမရှိပါဘူးရှင်…ကျွန်မက တပည့်တွေဆီ စိတ်ပြေလက်ပျောက် လျှောက်လာတာပါ…မကြေးမှျင်တို့ဆီ မရောက်တာလည်း ကြာလို့ နေကောင်းကြရဲ့လား မသိဘူး"

"ကောင်းပါ့…ကြေးမှျင်က သိပ်အလုပ်လုပ်တာ…ခမျာ လင်သားကလည်း မရှိ…ဘဲအဖက်မွေးပေမယ့်သူကလည်း မရှိဆိုတော့ ရရာအလုပ် မညည်းမညူ လုပ်ရှာတာ…ဟော လာပါပြီတော်…ဆရာမ ကြေးမှျင်…"

ဆရာမ ကြေးမှျင်တဲ့။ မပုန်းရည်က လာပါပြီတော် ဆိုသည့်ဘက်ကို လှမ်းကြည့်တော့ မိန်းမတစ်ယောက် ဘဲဥတောင်း ရွက်လာတာကို ခပ်ဝါးဝါး လှမ်းမြင်ရသည်။ မကြေးမှျင်ရယ်လို့ သဲသဲကွဲကွဲ မမြင်ရသော်လည်း မကြေးမှျင်မှန်း ဘယ်လိုသိကြတာပါလိမ့်။ မပုန်းရည်က ဟုတ်ရဲ့လားဆိုတော့ ကျုပ်တို့ဘဲတဲစုထဲ ဖယ်ယမ်း ဖယ်ယမ်း လမ်းသွားတာ ကြေးမှျင်တစ်ယောက် ရှိတာတဲ့။ မပုန်းရည် ရောက်နေမှန်းသိတော့ ဘဲတဲစုက မိန်းမတွေ စုအုံလာကြသည်။ မိန်းမတစ်ယောက် ကလေးတစ်ယောက်စီ ခါးထစ်ခွင်ထားကြလေ၏။ အပေါ်အင်္ကျီ မပါကြသဖြင့် ကလေးက နို့ဆာလျှင် နို့ရာမအေ့နို့ကို ငုံ့စို့နှိုင်ကြသည်။

"ကျန်းမာရေးနဲ့ ညီညွတ်အောင် နေကြပါရှင်…အင်္ကျီယောင်းလေးဖြစ်ဖြစ် ဝတ်ထားကြပါ…မအေနေမကောင်းရင် ကလေးလည်း ပန်းတာပေါ့…"

မပုန်းရည်၏ မှတ်ချက်ကို အားလုံးက တညီတညွတ်တည်း ပယ်ချသည်။ ဘာမှ မပြောကြ။ သူတို့အဖို့တော့ အင်္ကျီဝတ်ခြင်း မဝတ်ခြင်းသည် သိပ်ကြီး ထူးခြားကြပုံမရှိ။ အင်္ကျီချွတ်နဲ့နေလို့သာ ဖျားကြနာကြကြေးဆိုလျှင် လောက နေစရာမရှိဆိုသည့် မျက်နှာတွေ။ မိန်းမတစ်ယောက်က တလှုပ်လှုပ်လာနေသော မကြေးမှျင်ကို သံစူးသံပြာ လှမ်းအော်တော့သည်။



"ကြေးမှျင်ရေ…သရာမ…မြန်မြန်လာဟော့…မြေထွက်ကိုက်နေဦးမယ်…ဟုတ်တယ်…မိန်းမ လင်ပူမိနေတာကျလို့…ငေးတိငေးကန်းနဲ့…"

မပုန်းရည်ကတော့ လှမ်းခေါ်လိုက်သော အော်သံထဲက သရာမတို့၊ လင်ပူမိတို့ကို ဘာပါလိမ့်လို့ တွေးနေမိသည်။ သူတို့အချင်းချင်း ပြောကြသည့် ဘာသာစကားက ကြမ်းတမ်းသော်လည်း မေတ္တာစေတ ပါတာတော့ သေချာသည်။ သူတို့ကို ဆက်ရေကန်က ပစ်ပယ်ထားတာမျိုး မဟုတ်ပါ။ လုပ်ငန်းသဘာဝအရ ရေစပ်စပ်ရှိခစ်စပ်တွင် နေကြရသည်။ လူနှင့်သူနှင့် ဝေးသည့်နေရာတွင် နေကြရသည်။ ရွာထဲရပ်ထဲ ဘဲချေးနံ့ နံ့လိုမဖြစ်တော့ ကွင်းကြီးထဲမှာ စုကာစည်းကာ နေကြရတော့သည်။ သည်လိုနေကြရင်းက ရွာနှင့်ရပ်နှင့် ဝေးသလိုဖြစ်ကာ သူတို့ကိုယ်သူတို့ သီးခြားတစ်စုလို့ ခံယူကြပုံပေါ်သည်။ ဘဲတဲစုဆိုသော်လည်း ဘဲပိုင်ရှင်များ မဟုတ်ကြ။ ဘဲပိုင်ရှင်က အဖက်ပေး အမွေးခိုင်းထားခြင်းသာ ဖြစ်သည်။ ရလာသည့် ဘဲဥကို ဘဲပိုင်ရှင်သာ ပိုင်သည်။ ကိုယ့်အိမ်ကိုယ်တစ်အိုးစား တစ်နပ်ချက်တော့ စားပိုင် ယူပိုင်ခွင့်ရှိကြပါ၏။ မရိုးမသား လုပ်တာကိုင်တာတွေ့လျှင် ဘဲပိုင်ရှင်က အဖက်ပေး ရပ်ဆိုင်းခံရတတ်သည်။ ရထားသည့်အလုပ်ကလေး ပြုတ်မှာကို သူတို့ စိုးကြရှာလေသည်။

မကြေးမှျင်က ဘဲဥတောင်းကြီး ရွက်ထားရာက မပုန်းရည်ကိုတွေ့တော့ ဝမ်းသာသွားသည်။ ဘဲဥတောင်းကို အနားက မိန်းမနှစ်ယောက်က ဝိုင်းကူချပေးကြသည်။ မကြေးမှျင်က ခေါင်းစုဖြင့် မျက်နှာသုတ်လိုက်ပြီး မပုန်းရည်ကို နေရာချိုပြင်သည်။

"ဘာမှ မဟုတ်ပါဘူး မကြေးမှျင်ရယ်…မနက်က စေတီသုံးဆူမှာ တံမြက်လှည်းကုသိုလ်ယူပြီး သည်ဘက် ထွက်လာတာပါ…မရောက်တာလည်း ကြာလို့…နေကောင်းကြလား…"

"ကောင်းကြပါတယ် ဆရာမ…ဆရာမတပည့်တော့ တင်ပုတို့နဲ့ ဘဲဥကောက် လိုက်သွားလေရဲ့…ဘဲဥရတော့ သူ့စာအုပ်ဖိုး စုပေးတာပါ…ကျွန်မ မသုံးပါဘူး ဆရာမရယ်…"

မကြေးမှျင်စကားကို ကြားရတော့ မပုန်းရည် စိတ်မကောင်းဖြစ်ရသည်။ အချို့ဘဲတွေက ဘဲကျောင်းရင်း ကြုံရာကျရာမှာ ဥတတ်ကြသည်။ သည်လို ဘဲဥတစ်လုံးလောက်ကို ကွင်းစပ် ချုံစပ်မှာ တွေ့လို့တွေ့ငြား လိုက်ရှာကြခြင်းကို ဘာ့လိုမှန်း မပုန်းရည် သိပါ၏။ သည်လိုရှာလို့ရတဲ့ ပိုက်ဆံက ပုကျစ်ရဲ့ စာအုပ်ဖိုးတဲ့လား။ မိန်းမတွေက မပုန်းရည်ကို ညှော်ခံဖို့ ရေနွေးတည်ကြ၊ ဘဲဥကြော်ကြ လုပ်ကြတော့

www.burmeseclassic.com

www.burmeseclassic.com



မကြေးမှျင်က မပုန်းရည်ကို တစ်နေရာ သွားထိုင်ဖို့ လက်တို့သည်။ ခပ်လှမ်းလှမ်း မအူပင်ကြီးအောက်ကို ဖြစ်၏။

"ဆရာမကို မအူပင်ရိပ် ခေါ်သွားမယ်နော် မသန်းတင်...လာ လာ ဆရာမ ကျွန်မတို့ ဘဲဥ ရွေးတဲ့နေရာလေ...ဖျာစုတ်တစ်ချပ်တော့ ခင်းထား ရှိတယ်...ဆရာမက သည်ဖျာပေါ်ထိုင်..."

"မကြေးမှျင် ထမင်းစားဦးလေ...ဘာချက်လဲ"

"ထမင်းတစ်လုံး တည်ခဲ့ရုံပါ ဆရာမရယ်...ထမင်းအိုးထဲ ဘဲဥနှစ်လုံး ထည့်ပြုတ်လိုက်ရင် သားအမိနှစ်ယောက် ညနက်စာ ပြီးရော...ထမင်းကျ တော့ ဘဲဥလည်း ကျက်ကရော...စားချင်တော့မှ ဘဲဥအခွံခွာပြီး တစ်ပေါက် ဆားတစ်ပွင့်နဲ့ စားရုံပဲ...ညနေကျတော့ လယ်ကန်စွန်း နူးကြော်ချင်ကြော်ပေါ့ ဆရာမရယ်..."

"ကျွန်မတောင် စားချင်လာပြီ"

"စားပါလား ဆရာမ...ပုကျစ်ရော ကျွန်မရော မစားရသေးဘူးရယ်..."

"အလကားပြောတာပါရှင်...ကျွန်မ ကောက်ညှင်းပေါင်းနဲ့အကြော် စားခဲ့ မဆာသေးဘူး"

မကြေးမှျင်က ရှေ့က သွားနှင့်တော့ မပုန်းရည်လည်း နောက်က လိုက် တော့သည်။ မအူပင်ကြီးက အရွက်သိပ်သိပ် စိုစိုစိမ်းစိမ်းရှိ၏။ အောက်မှာ လူထိုင် များလို့ မြေပြင် ပြောင်နေပြီ။ ဖျာဟောင်းတစ်ချပ် ခင်းထားသည်။ မပုန်းရည်အတွက် ဖျာသန့်သန့်ကလေး ချခင်းပေးရှာပါ၏။ သည်နေရာမှာပဲ ဘဲဥအကြီးအသေး ရွေး သတဲ့။ မျက်မှန်းနဲ့ ရွေးကြတာလား။

"ဘဲဥမြင် သိတာပဲ ဆရာမရဲ့...ကြီးတဲ့အလုံး ကောက်ကိုင်မိတော့ ကြီး တောင်းထဲ ထည့်...ငယ်တဲ့အလုံး ကောက်ကိုင်မိတော့ ငယ်တဲ့တောင်း ထည့်...အပုပ် အကွဲ တစ်ခါတည်း ပယ်ကြရတာပဲ"

မအူပင်ရိပ်က ကြည့်လျှင် တစ်ကွင်းလုံး မြင်ရသည်။ ဘဲတဲစုကလေးတွေ သည်နေရာက ကြည့်ပြန်တော့ အမြင်တစ်မျိုး ပြောင်းသွားသည်။ ဘဲသံတွေက ညံ ဘဲတွေက အုပ်လိုက် အုပ်လိုက်။ သည်ဘက်ကို လိမ်ဖယ် လိမ်ဖယ် ပြေးလာလိုက် ရေကန်ဘက်ကို လိမ်ဖယ်လိမ်ဖယ် ပြေးလိုက်ကြ။ မပုန်းရည်က စိတ်ရောက်သဖြင့် လာခဲ့ခြင်းဖြစ်၍ အကြောင်းကိစ္စ မယ်မယ်ရရမရှိ။ သည်တော့ ပြောစရာစကားလည်း များများမရှိ။ တပည့်တွေကလည်း ကွင်းထဲရောက်နေကြသည်ဆိုတော့ တအောင် တစ်ဖြုတ်ထိုင်ပြီး ပြန်ရုံသာ။



"ဆရာမကို တစ်ရက် ပုကျစ်အကြောင်း ပြောဦးမယ်ဆိုတဲ့စကား ရှိတာ ကျွန်မ မမေ့ပါဘူး...မအားလွန်းလို့သာ မရောက်ရတာပါ...ဆရာမ အချိန် ရရင် ပြောပြချင်တယ်"

"ပြောပါရှင် အချိန်ရပါတယ်...ကနေ့တော့ သက်သက်ကို ထွက်လာတာပါ"

"သည်လို ဆရာမရဲ့...ဖြစ်ရပုံပေါ့လေ..."

၀

ကိုလူမောင်နှင့် မကြေးမှျင် ခိုးရာလိုက်ပြေးကြတော့ ကိုလူမောင်က အသက် ...တ်၊ မကြေးမှျင်က နှစ်ဆယ်ကျော်စ။ မကြေးမှျင် ငယ်ငယ် အသားညိုညိုနှင့် ...ည့်ပျော်ရှုပျော်ရှိခဲ့သည်။ ဂျုတ်ပင်ရွာတွင် နေထိုင်ကြရာက မေတ္တာမျှကြခြင်းဖြစ်၏။ ...မောင်တို့ မိဘများက မချမ်းသာကြသလို၊ မကြေးမှျင်တို့ကလည်း ဆင်းရဲကြသည်။ ...သော် ကိုလူမောင်နှင့် မေတ္တာမျှတော့ မကြေးမှျင် မိဘများက လိုလူမောင်နှင့် ...သာမတူဘဲ ရှိခဲ့သည်။ ဆင်းရဲ၊ ချမ်းသာ အကြောင်းတရားကြောင့် မဟုတ်ဘဲ ...မောင့်ဖခင်က ရွာစဉ်တစ်လျှောက် နာမည်ဆိုးနှင့် မိုက်သူဖြစ်သောကြောင့်ပင်။ ...ကြောက်၊ ဆင်မကြောက်ဆိုသူဖြစ်၍ အမြဲတမ်း အရက်မူးနေလေ့ရှိ၏။ ရွာမှာ ...ခေါ် ဝက်ပေါ်ဆိုတောလည်း သူ့ကို ခေါ်ရသည်။ ဟိုရွာ သည်ရွာ လူသတ်၊ ...တိုက် သတင်းသန့်သန့်ရလျှင် ကိုလူမောင့်ဖအေ 'ယန' မကင်းဟု ဆိုကြသည်။ ...မူး ပြန်လာတိုင်း မိခင်ကို ရိုက်မောင်း ပုတ်မောင်းလုပ်တတ်ရုံမက သားသမီး ...ပါ ရန်ရှာတတ်လေ၏။ သားသမီးများကို ခေါ်မရလျှင် လေးခွနှင့် လှမ်းပစ် ...သူဖြစ်သည်။ သည်လိုအကြောင်းတွေ ရှိလာတော့ မကြေးမှျင်မိဘတွေက လူမောင် ...မေတ္တာရှိတာကို ဖျက်ကြသည်။ မကြေးမှျင်ခမျာလည်း လူမောင်မှလူမောင်။ ... မကောင်းသော်လည်း လူမောင် ကောင်းဖို့သာ လိုသည်ဟု သဘောထားခဲ့သည်။ ...သို့ဖြင့် တစ်ရက်မှာ နှစ်ဦးသဘောတူ ထွက်ပြေးခဲ့ကြသည်။

"ဖြစ်ချင်တော့ ဆရာမရေ...ကျွန်မတို့ ဂျုတ်ပင်က ထွက်ပြေးလို့ လက်လှမ်း မမီလောက်တဲ့ ရွာတစ်ရွာ ရောက်ရင်ပဲ သတင်းက ကြားရပြီ...ကျွန်မ အဖေနဲ့အမေကို ကိုလူမောင့်အဖေက အိမ်ရှေ့သွားပြီး ဓားကြိမ်းကြိမ်းတာ နေ့တိုင်းပဲတဲ့...အရက်မူးတိုင်း အိမ်ရှေ့လာဆဲလိုက်တာ မကြားကောင်း မနာသာ...သတ်မယ်ဖြတ်မယ်အထိတဲ့...ကျွန်မမှာ ရွာလူကြုံ ကြားနေရ တာပေါ့...ကျွန်မမှာလည်း တစ်ရက်မှ စိတ်မချမ်းသာဘူး...အဖေတော့ သေပြီနဲ့တူပါရဲ့...အမေတော့ သေပြီနဲ့တူပါရဲ့...တွေးရင်း ငိုနေရတော့

www.burmeseclassic.com

www.burmeseclassic.com



တာ…ကိုလှမောင်ကလည်း ရွာပြန်မကပ်ဝံ့ဘူး…သူတစ်ပါးရပ်ရွာမှာ လူ…ကိုင်လည်း မစားတတ်ဘူး…ကျွန်မတော့ မှားပြီလို့ပဲ ထွက်လိုက်တယ် နောက်တော့ ကိုလှမောင်က ရွာတုန်းက မတောက်တခေါက် တတ်ခဲ့… ကြွက်ထိုး ကြွက်ထောင် အလုပ်လုပ်တယ်…ကျွန်မလည်း ဘာတတ်နိုင်…လဲ…အကုသိုလ်ကျင်းထဲ တစ်သက်လုံးကျပြီပေါ့လေ…သူများရပ်ရွာ… ကျွန်မတို့ အတိဒုက္ခရောက်လိုက်တာ မပြောပါနဲ့တော့ ဆရာမရယ်…"

"ကြွက်ထိုး ကြွက်ထောင်ဆိုတာ ဘယ်လိုလုပ်တာလဲ မကြေးမှုံ…"

"ကြွက်ထိုးတာက လယ်ကြွက်ကြီးတွေရှိတဲ့နေရာမှာ ကယ်ပေါက်… ရှိတတ်တော့ ကယ်ပေါက်ကို ရှာပြီး ပိတ်ရတယ်…ကြွက်ဝင်ပေါက်… ပေါက်ပြားနဲ့ ဖြိုဖြိုတူးပြီး တွေ့ပြီဆိုတာနဲ့ မှိန်းနဲ့ထိုးရတာ…ကယ်ပေါ… ဘက်က မီးခိုးတိုက်ရင်လည်း ထွက်ထွက်လာတာပဲ…ကြွက်ထောင်… ကျတော့ ဝါးသုတ်ကိုင်းနဲ့ ကြွက်စာနဲ့ ထောင်တာပါ…ရလာတဲ့ကြွက်… ကျွန်မက လေးပေါင်လေးဖက်ဖြတ်ပြီး ရင်ခွဲ မီးနဲ့ကင် ကျပ်တိုက်ပေ… မကုန်မရှိဘူး…"

"သြော်…မကြေးမှုံစိတ်ထဲ ဘယ်ကောင်းပါ့မလဲနော်…"

"ငိုတာပါဆို ဆရာမနယ်…ကိုယ့်ဘဝ ဖြစ်ရတာကို စိတ်မချမ်းသာတာ… နောက်တော့ အကုသိုလ်များ ကြောက်စရာကောင်းတယ် ဆရာမရယ် ကြွက်ရမလာရင် ကျွန်မက ဆူတော့ အောင့်တော့တာပဲ…ကြွက်များ… ရလာရင် ပျော်နေတာ…"

ရိုးရိုးသားသားပြောနေသည့် မကြေးမှုံ၏စကားကို မပုန်းရည် အပြင်…ရက်ပါ။ အကုသိုလ်နှင့် ယှဉ်ပါးလာတော့ အကုသိုလ်မလုပ်ရမှာကိုတောင် ပြ…တယ်ဆိုတာကို မပုန်းရည် ဆင်ခြင်နေမိသည်။

မကြေးမှုံက မပုန်းရည်ရှေ့တွင် ယောကျ်ားသားများလို တင်ပ…ထိုင်နေခဲ့ခြင်းဖြစ်၏။ မပုန်းရည်က ဖတ်လမ်းကိုလည်း နာထောင်ချင်၊ အား…နာနေခဲ့ပါ၏။ မကြေးမှုံ၏ မျက်နှာမှာ အဆီတွေ ပြောင်နေသည်။ ဆံ…တစ်ခေါင်းလုံးဆီက တစ်မျှင်ချင်း လွင့်နေကြသည်။ လွန်ခဲ့သည့် အနှစ်နှစ်…အပျိုဘဝတုန်းကတော့ ချောရိပ်ချောပါး ရှိပုံရသည်။ အခုတော့ သည်ကွင်…ဘဲတဲ့သည် နေစရာ၊ ဘဲဥနှင့် လယ်ကန်စွန်းသည် စားစရာ။ ဘာကိုမှ တောင့်…မရ။ မကြေးမှုံ စကားတွေထဲမှာ လေးနက်တာတွေပင် ပါနေပါလား။



"လင်နဲ့မယား ငရဲအတူ ကုသိုလ်အမျှ…သူ ကုသိုလ်လုပ်တော့ ကျွန်မ ကုသိုလ်တစ်ဝက် ရရုံပေါ့ ဆရာမရယ်…သူ အကုသိုလ် လုပ်ပြန်တော့ အကုသိုလ်တစ်ဝက် ကျွန်မ ယူဝံ့ပေါ့ဟာ…ကျွန်မတို့လင်မယား ကြွက်တွေနဲ့ နပမ်းလုံးရတော့တာပေါ့ ဆရာမရယ်…အဲ…စကား ဘယ်ရောက်ပါလိမ့်…"

မကြေးမှုံအမေက ဒေါ်မီးခွက်တဲ့။ တောသူ ရိုးရိုးအေးအေးဖြစ်သည်။ …အလုပ်မှန်သမျှ အကုန်ကျုံးလုပ်နိုင်သူဖြစ်သည်။ ဖအေက သူရင်းငှား။ မကြေးမှုံ…အိမ်မှာပဲ ချက်ပြုတ်ဖွပ်လျှော် နေစေခဲ့ရာက လှမောင်နှင့် ကြိုက်ကြပြီဆိုတော့…ကို ကိုတ်ဆုံးမသည်။ မရပါ။ မကြေးမှုံက မိဘစကား နားမဝင်ခဲ့။ ကိုလှမောင်…နိုးရာလိုက်ပြေးကြပြီဆိုကတည်းက ယူကျုံးမရ ဖြစ်ရှာခဲ့သည်။ ဖအေက သိပ်ကြီး…ထိုက်ထိုက် မရှိသော်လည်း မအေက ခွင့်မလွှတ်နိုင်ဘဲရှိ၏။ သည်ကြားထဲ လှမောင်…လူမိုက်က စားတကြိမ်းကြိမ်းလုပ်နေတော့ ပို၍ပင် အခံရခက်နေသည်။ ဖအေက…အေးဆိုတော့ ယှဉ်ဖက်ပြီး ရန်မလုပ်ဝံ့တော့ လာဆဲရေးတိုင်း ငုံ့ခံကြရသည်။ …ထိုသမား လူမိုက်ကြီးကို ရွာကလည်း မဖျောင်းဖျဝံ့။ လှမောင့်မိခင်က လင်သားကို…ချင်းဖျသည့်အခါ လှုပုံအလယ်မှာ မေ့သွားအောင် ရိုက်နှက်ခဲ့သည်။ တစ်ရက်မှာ…ကိုလှမောင့်အဖေ အရက်တွေ မူးလာရာက မကြေးမှုံ၏ မိဘနှစ်ပါး နေထိုင်ရာ…ကုပ်ကလေးရှေ့ ရောက်လာခဲ့သည်။ ပါလာသည့် ဓားရှည်ဖြင့် အိမ်ကိုခုတ်သည်။ …ချိုးထားသည့် သီးပင်စားပင်တွေ နုတ်နုတ်စဉ်းသည်။ ရွာက ဝိုင်းကြည့်နေကြ…သော်လည်း မတားဝံ့ကြ။

"သည်ကနေ့တော့ ခင်ဗျားတို့ကို ကျုပ် ချမ်းသာပေးလိုက်ဦးမယ်… ကျုပ်သား မနက်ဖြန် ရောက်ချင်ရောက် မရောက်ရင် နှစ်လောင်းဖြိုင် မှတ်တော့…"

သည်တွင် မကြေးမှုံ၏မိခင်က အိမ်ရှေ့ထွက်လာကာ ကိုလှမောင့်အဖေ…ကိုတ်ကို လက်ညှိုးငေါက်ငေါက်ထိုးကာ တစ်ခွန်းတည်း အော်လိုက်သည်။

"သည်းခံတာ ကြာပြီ…မင်း တယ်မိုက်လှုံးကြီးပါလား…မင်းက သားရှင်… ငါက သမီးရှင်…မင်းကပဲ အခဲမကျေနိုင် ဖြစ်ရတယ်လို့ မနက်ဖြန် တို့… လင်မယား စောင့်နေမယ် မပူနဲ့ မင်းသာ မနက် မျက်နှာသစ်ပြီး …လာ ခဲ့…"

နောက်တစ်ရက် မိုးလင်းတော့ ကိုလှမောင့်ဖခင် မလာနိုင်တော့။ မျက်နှာပင်…မသစ်နိုင်တော့။ ဆွမ်းပုံသောင်းကျန်းပြီးအပြန် မူးမူးနှင့် အိပ်ပျော်…ကာ မနိုးတော့ပြီ။

www.burmeseclassic.com



သည်အဖြစ်သည် ဂျုတ်ပင်တစ်ရွာလုံး ထိတ်လန့်စရာ ဖြစ်ခဲ့သည်။ ဒေါ်မီးခွက်ကိုနှင့်သင့်တာဆိုသည့်စကားတွေ ရွာဝေါင်းစုံကို ပြန့်သွားခဲ့၏။ ပထမတော့ "မမီးခွက်မခံနိုင်လွန်းလို့နဲ့တူပါရဲ့…နိုင်လောက်မယ့်စကား ပြောလိုက်တာပါ" ဆိုတာလောက်သာ သတင်းထွက်ခဲ့ရာက နောက်တော့ မမီးခွက်က စုန်းမ ဆိုသည့်ဘက် ရောက်သွားခဲ့သည်။ မကြေးမှုံက စုန်းမသမီး ဖြစ်ခဲ့ရသည်။ ဒါတွေကို ရက်တော်တော်ကြာမှ မကြေးမှုံ ကြားခဲ့ရသည်။ ကိုလူမောင်ကတော့ အယုံအကြည်မရှိဘဲ တိုက်ဆိုင်မှုအဖြစ်သာ သဘောထားခဲ့သည်။

"အမေက ဒေါသနဲ့ပြောလိုက်တာပါ ဆရာမရယ်…ကိုလူမောင့်အမေကောင်းမကဘူး…ကျွန်မကိုပါ ပြောသွားသေးတယ်…လူမိုက်သားနဲ့ လိုက်ပြေးသွားပါအေ…ရတဲ့လင်ကလည်း ကြွက်ထိုးသမား ဆိုမှတော့ ညည်းလည်း ကြွက်ထိုးသမား မယားပေါ့…ဆင်းရဲတာ ငါမပြောပါဘူး…အကုသိုလ်ပြုတာကို ငါရင်ကျိုးရတာ…ညည်းကို ငါပြောခဲ့မယ်…လူမောင့်မျိုးဆက် လောကထဲ မချန်ခဲ့နဲ့…မွေးလာမယ့်ငါ့မြေး အကုသိုလ် မဆက်စေနဲ့တဲ့"

"မကြေးမှုံက ရွာကို ပြန်သေးလို့လား…"

"အမေဆုံးကာနီးတော့ ပြန်ရတာပေါ့ ဆရာမရယ်…အမေက အဲသည်စကား ပြောခဲ့တယ်…ကျွန်မလည်း ပထမတော့ ဒေါသနဲ့ပြောတာပဲလေလို့ ထင်တယ်…ဆရာမရေ…မရှိသေ့စကား အသက်သာ သုံးဆယ်ကျော်ကရော ကျွန်မမှာ သားသမီးမပေါ်ပေါက်ဘူး…"

"ဪ…ဟုတ်ရဲ့လားရှင်…"

မပုန်းရည်ပင် အံ့ဩထိတ်လန့်သွားခဲ့ရသည်။ မကြေးမှုံ ပကတိ ရိုးသားစွာ ပြောနေတာကိုလည်း ယုံပါ၏။ လောကသည် ဆန်းကြယ်လှ၏ ဆိုသည့်စကား မပုန်းရည် မကြာခဏ ကြားရဖူးသည်။ အခုအဖြစ်အပျက်ကကော ဆန်းကြယ်မှုလေလား။ မကြေးမှုံအမေ ဒေါ်မီးခွက်ကကော စုန်းမလား။ သူ့သမီး မကြေးမှုံမှာရော သည်စုန်းပညာ ပါနေရော့လား။ ဒါဆို ရွာက စွပ်စွဲတာ အကျိုးအကြောင်းရှိတာပေါ့။ နောက်ခံအကျိုးကြောင်းရှိသော်လည်း အကျိုးအကြောင်းက ယုတ္တိမဆီလျော်။ ထူးဆန်းသော တိုက်ဆိုင်မှုပဲ ဖြစ်ရမည်။

သည်လိုနှင့် မကြေးမှုံ အသက်သုံးဆယ်သီသီကျော်ပြီး ရက်တစ်ရက်မှာ မကြေးမှုံအဖို့ရာ ကံတစ်လှည့် ကောင်းလာခဲ့သည်။ ထိုညနေက ဝါးတောင်ချောက်များ ချိုင်းတွင်လွယ်ကာ ကိုလူမောင် ပြောင်းခင်းဘက်ကို ထွက်လာခဲ့သည်။ ခုတလော



ပြောင်းရင့်ချိန်ဆို ပြောင်းနို့ရည်ခဲကို ကြွက်တွေ ကြိုက်ကြသည့်အတွက် ပြောင်းခင်းတွေမှာ ကြွက်တွေ ရှိတတ်သည်။ လယ်ကြွက်ဖီးဖီးကြီးတွေ။ ကြွက်တွင်းရှာကာ သုတ်ကိုင်းတွေ မောင်းဆင့်သည်။ ကြွက်စာတပ်သည်။ သည်ဘက်မှာ ထောင်နေတုန်း ဟိုဘက်က မျှောင်းခနဲ ထောင်ချောက်မိသံ ကြားရသည်အထိ ကြွက်တွေ ပေါလှသည်။ ထိုစဉ်မှာပင် ကိုလူမောင် ပြောင်းခင်းတစ်နေရာဆီက ကလေးငိုသံ ကြားလိုက်ရသည်။ စူးစူးဝါးဝါး ငိုလိုက်သည့်အသံက ပြောင်းတောထဲက ထွက်နေခြင်းဖြစ်၏။ ကိုလူမောင် လိုက်ကြည့်တော့ မွေးကင်းစ ကလေးငယ်ကို အနီးစုတ်ဖြင့်ပတ်ပြီး ဆင်နှင့်ခွေကာ ချထားတာ တွေ့လိုက်ရသည်။ လူမနီး သူမနီး ပြောင်းတောထဲမှာ မွေးကင်းစကလေးငယ် ရောက်နေခြင်းကို ကိုလူမောင် သဘောပေါက်လိုက်လေပြီ။ သုတ်ကိုင်းထောင်ချောက်တွေ ကပျာကယာ ပြန်လိုက်သိမ်းသည်။ ကလေးကို ကောက်ချီလိုက်သည်။ မိန်းကလေး…။

"ကျွန်မတို့လင်မယား အဲသည်ရွာက ညတွင်းချင်း ပြေးခဲ့ကြတာ ဆရာမရေ…ကလေးတစ်ယောက် ကျွန်မတို့လက်ထဲ ရောက်လာတာကို တောင်တောင်အီအီ ထင်ကြမှာစိုးတာလည်း တစ်ကြောင်း…ပိုင်ရှင်ပြန်ပေါ်လာပြီး ကလေးပြန်တောင်းမှာ စိုးတာလည်း တစ်ကြောင်းပေါ့…ကြောက်ပြီးခြေဦးတည့်ရာ ပြေးခဲ့ကြတာပဲ…ညတွင်းချင်းဆိုတော့ ရောက်တဲ့ရွာက ကလေးအမေကို နို့တိုက်ခိုင်းရတယ်…ကျွန်မက နို့မထွက်လို့ပါပေါ့…တချို့က ယုံတယ်…တချို့က မယုံကြဘူး…ကျွန်မက ကလေးအမေနဲ့မှ မတူတာကိုး…ဒါပေမဲ့ ကျွန်မတို့လက်ထဲက ကလေး ကျွန်မတို့ကလေးပဲပေါ့…"

"အဲဒါနဲ့ နတ်ရေကန် ရောက်လာကြတာလား…"

"ဟုတ်တယ်ဆရာမ…သည်ကွင်းထဲ တစ်ဖက်ရပ်တဲထိုးပြီး နေခဲ့ကြတာ ကြာပြီပေါ့…ပုကျစ်တစ်သက် ဆိုပါတော့…ပုကျစ်က သည်ဘဲတဲက သားသည်မအေတွေနို့နဲ့ ကြီးခဲ့ရတာပါ…သည်ရွာကတော့ ကျွန်မတို့သမီးလို့ ယုံကြပါတယ်"

"ကိုလူမောင် ဆုံးတာ ကြာပြီလား…"

"ပုကျစ် သုံးနှစ်သမီးလောက်က ဆိုတော့ တွက်သာကြည့်တော့…ကိုလူမောင် ရှိစဉ်ကလည်း ပုကျစ်ကို ချစ်လိုက်တာမှ…ပုကျစ်ကို ကျွန်မတို့ မွေးစားတာလို့ တို့တစ်သက် မပြောကြေးလို့ ဆိုခဲ့ရှာတာ…"

www.burmeseclassic.com

www.burmeseclassic.com



မပုန်းရည်က နာရီကို ကြည့်သည်။ စကားလည်း လုံးတန်သလောက် လုံးမိပြီ။ မကြေးမှျင် ထမင်းစားရဖို့ ရှိသေးသည်။ မကြေးမှျင် ပြောသလို ထမင်းနှင့် ဟဲဥပြုတ်ကို ဇိဇိနှင့်နယ်ကာ ဆီတစ်ပေါက် ဆားတစ်ပွင့်နှင့် စားလိုက်ချင်သား။ မပုန်းရည် မတ်တတ်ထရပ်သည်။ သည်စကား ဘယ်သူမှ မသိစေရပါ ကတိပေးခဲ့သည်။ တဲဘက်က မိန်းမတစ်ယောက် လှမ်းအော်သည်။

"ဆရာမ…ဟိုမှာ ဆရာမလူလား…"

မပုန်းရည် တာပေါင်ဘက် လှမ်းကြည့်လိုက်သည်။

(၁၆)

တာပေါင်ရိုးမှာ ကားရပ်ထားသည်ဆိုကတည်း ကိုမျိုးသွင်မှန်း မပုန်းရည် သိလိုက်ပြီ။ ဘယ်ကဘယ်လို ပေါက်ချလာတာပါလိမ့်။ သည်ကနေ့ ကျောင်းပိတ်ရက်မို့ စိတ်လွတ်ကိုယ်လွတ် ထွက်လာခဲ့ခြင်းဖြစ်သည်။ တစ်ယောက်တည်း အေးအေးလော လော နေချင်ခဲ့သည်။ လှမ်းမြင်ရသလောက် ကိုမျိုးသွင်က သည်ကနေ့တော့ ဘောင်းဘီ ညှိနှင့်မဟုတ်။ ပုဆိုးနှင့်ဖြစ်၏။ ဘဲတဲစုက အမျိုးသမီးသုံးလိုက်သော ဆရာမလူလား ဆိုတာကို စိတ်ကသိကအောက်ဖြစ်လိုက်မိသော်လည်း ရိုးရိုးပြောလိုက်မှန်း သိသဖြင့် ပါရွေတော့ သဘောထားလိုက်ရတော့သည်။ ဆရာမနဲ့ပတ်သက်တဲ့ ဧည့်သည်လို့ ဆိုလိုချင်တာ ဖြစ်လိမ့်မည်။ သို့သော် ဆရာမလူဆိုသည့်စကားက အဓိပ္ပာယ်နှစ်ခွထွက် တာ မဟုတ်လား။ သည်အချိန်မှာတော့ ဖြေရှင်းမနေချင်တော့။ ပိုရှုပ်ကုန်ဖို့သာရှိသည်။ မပုန်းရည် လှမ်းကြည့်စဉ်မှာပင် ကိုမျိုးသွင် တာပေါင်ပေါ်က ဖုံဆင်းလာနေပြီ။

"ကျွန်မတို့ကျောင်းကို လိုသမျှ လှူတန်းနေတဲ့ သကြားစက်က အင်ဂျင်နီယာပါ… ကျွန်မနဲ့တော့ သည်ရောက်မှ သိရတာဆိုပေမယ့် မိတ်ဆွေကောင်း တစ်ယောက်ပါရှင်…"

မပုန်းရည်က စကားပြန်ထည့်ရသည်။ မိတ်ဆွေကောင်းတစ်ယောက်ဆိုတာ အခင်ထည့်သုံးလိုက်ခြင်း ဖြစ်၏။ နီးနီးကိုရောက်လာတော့ မပုန်းရည်က လှမ်း နှုတ်ဆက်လိုက်သည်။

"ကိုမျိုးသွင်ပါလား…ဘယ်ကဘယ်လိုများ ရောက်လာတာလဲ…ကျွန်မ မမြင်ဘူး…သည်အစ်မတွေ လှမ်းပြလို့…"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကတော့ မြင်ပါဗျာ…ဘဲတဲစု မရောက်ဖူးသေးဘူး…ဒါနဲ့ ဆင်ဦး မှာပါလေဆိုပြီး ဆင်းလာတာ…ပြန်တော့မလို့လား…"

"ကျွန်မရောက်တာ ကြာပြီ…ကိုမျိုးသွင် လျှောက်ကြည့်လိုက်ဦးလေ…"

မပုန်းရည်က ကိုမျိုးသွင်ကို မသိမသာ ရှောင်လိုက်ခြင်းဖြစ်သော်လည်း ကိုမျိုးသွင်က မပုန်းရည်စကားကို နားလည်လိုက်ပုံရသည်။ မပုန်းရည်အနားကို လာရပ်ရင်း ပြုံးသည်။

"ကျွန်တော်က ဆရာမကိုမြင်လို့ လာတာပါ…ဘဲတွေလည်း ကြည့်ချင် လို့လေ…"

ကိုမျိုးသွင်ကလည်း မပုန်းရည်ကို ပြန်ချည်လိုက်ခြင်းပဲဖြစ်၏။ မပုန်းရည်က ဘာမှ ခွန်းတုံ့မပြန်တော့ဘဲ အသာငြိမ်နေလိုက်သည်။ ကိုမျိုးသွင်က အနားရှိ ဘဲ တောင်းကြီးထဲက ဘဲဥတစ်လုံး ကောက်ကိုင်ကြည့်သည်။ တဲကလေးတွေကို ကြည့် သည်။ ခပ်ဝေးဝေး ရေစပ်မှာ ကူးလူးနေကြသည့် ဘဲတွေကို လှမ်းငေးနေလေ၏။ မကြေးမှျင်က မပုန်းရည်အနားမှာ အဖော်ရအောင် နေပေးသဖြင့် ကျေးဇူးတင်ရသေး သည်။ မိန်းမတချို့ကတော့ တဲတွေထဲက ထွက်ကြည့်ကြသည်။ အချင်းချင်း လက်တို့ ကြတာကို မြင်ရတော့ မပုန်းရည် ရှက်ရွံ့သလိုလို ခံစားရပါ၏။ မပုန်းရည်နှင့် အင်ဂျင်နီယာကလေး ဘဲတဲစုကိုလာပြီး ချိန်းတွေ့ကြတာနေမှာ ဆိုသည့်မျက်နှာရိပ်တွေ သည်အကြောင်းက နတ်ရေကန်ကို စကားရောက်သွားလျှင် တကယ်ထင်သွားနိုင်သည် သည်လူ့နှယ်နော်…လိုက်များလာရတယ်လို့…။ မပုန်းရည်မျက်နှာမှာ အလိုမကျ ကလေး ပေါ်သွားပုံရသည်။ ကိုမျိုးသွင်ကလည်း ဒါကို မြင်ဖြစ်အောင်မြင်သည်။

"ဆရာမ ပြန်မယ်ဆို ပြန်ပါလေ…ကျွန်တော် ရွာထဲ လိုက်ပို့ပေးမယ် နေဦး…သည်မှာ ဘဲဝယ်လို့ရသလား…"

မပုန်းရည်က မကြေးမှျင်ကို လှည့်ကြည့်သည်။ မေးနေတာကို ဖြေလိုက်ပါ ဆိုသည့်သဘော။ မကြေးမှျင်ကလည်း သည်မေးခွန်းကို ချက်ချင်းဖြေတတ်ပုံမရသော အူတူတူလုပ်နေသည်။ မပုန်းရည် ဝင်ရပြန်၏။

"ဘဲဝယ်မယ်ဆိုတာက အဖက်မွေးဖို့လား…ဟင်းချက်ဖို့လား…ဘယ် အရွယ် ဘယ်လိုအစားထဲက လိုချင်တာလဲဆိုတာ ပြောဦးမှပေါ့"

"ဩော်…ဆောရီး…ဆိုက်ထဲ တစ်ခါတလေ ဟင်းချက်စရာအဖြစ် စားဖို့ ပါ…အဖက်မွေးတယ်ဆိုတာ ဘာကိုပြောတာလဲ"



"အဖက်မွေးတယ်ဆိုတာ ဘဲရှင်က ဘဲဝယ်ပေးတယ်…ဘဲကျောင်းသူက ထိန်းသိမ်းပေးရတယ်…အကျိုးအမြတ်ကို ခွဲဝေယူကြတယ်…ဆိုလိုတာ ကရှင် ဘဲရှင်က ပိုက်ဆံရှိတယ်…ဘဲလုပ်ငန်း မလုပ်နိုင်ဘူး…ဘဲကျောင်းသူ တွေကို အဖိုးအခပေးပြီး ထိန်းကျောင်းခိုင်းတဲ့သဘောပေါ့"

"ဩော်…ကျွန်တော်က သည်ဘဲတွေကို ကိုယ်ပိုင်မွေးကြတာလို့ ထင်နေတာ ပါ"

"ဘယ်မွေးနိုင်ကြပါ့မလဲရှင်…ဘဲတွေ အကောင် ရာနဲ့ချီရှိနေတဲ့ဥစ္စာ…"

"ဩော်…ဟုတ်ပါရဲ့"

ကိုမျိုးသွင် ဘာမှမသိပါလား။ သူ့အလုပ်မဟုတ်လို့ စိတ်မဝင်စားတာပဲ လား၊ ဘဝက ပြည့်စုံနေတော့ မပြည့်စုံတဲ့ဘဝတွေအကြောင်း နားမလည်နိုင်တာပဲလား။ မကြေးမှျင်ကတော့ ဘာမှ ဝင်မပြောဘဲ ကိုမျိုးသွင်ကို ပြုံးကြည့်နေခဲ့သည်။ မကြေးမှျင် ကိုယ်တိုင်က ကိုမျိုးသွင်ကို ဆရာမ မပုန်းရည်နှင့် တစ်မျိုးထင်နေပုံရသည်။ မပုန်းရည် အနေကျဉ်းကြပ်လာခဲ့သည်။ ကိုမျိုးသွင်ကို ထားခဲ့ချင်သော်လည်း နေခဲ့မည့်ပုံ မပေါ။ သည်မှာလည်း ကြာကြာနေဖို့ မကောင်းနိုင်။ သည်နေရာက ရွာထဲ ရပ်ထဲမဟုတ်။ လူသူကင်းဝေးသည့်နေရာ မဟုတ်သော်လည်း သည်နေရာကို မျက်ကွယ်ရာအရပ်၊ ဆိတ်ကွယ်ရာအရပ်လို့ မြင်ကြသူတွေ ရှိသည်။ တာရိုးအမြင့်က အောက်ချိုင့်ထဲကို ဆင်းရသည့် ရေစပ်စပ် ကုန်းမြေမှာ တဲတွေက ဟိုတစ်လုံး သည်တစ်လုံး။ သည်လို ချောင်းအကျဉ်းကြားမှာ သူတို့ရှိနေကြသည်ဆိုတာမျိုး မဖြစ်ချင်။

မပုန်းရည်က မကြေးမှျင်ကို နှုတ်ဆက်သည်။ ကိုမျိုးသွင် သွားကြရအောင်လို့ ခေါ်သော်လည်း ကိုမျိုးသွင်က နောက်က ပါလာသည်။ မကြေးမှျင်က သည်အတိုင်း ကျန်ရစ်ခဲ့သဖြင့် မပုန်းရည် သမင်လည်ပြန် လှည့်ကြည့်သည်။ မကြေးမှျင် လိုက်ခဲ့ ချင်သည့် မျက်ရိပ်ကလေး ပြလိုက်ရသည်။ မကြေးမှျင်က သဘောပေါက်လိုက် သလို ဆတ်ခနဲ လိုက်လာခဲ့သည်။

"နေဦး ဆရာမ…ကျွန်မလိုက်ခဲ့မယ်"

ရှေ့ဆုံးက မပုန်းရည်၊ ကိုမျိုးသွင်က အလယ်၊ မကြေးမှျင်က နောက်ဆုံးက ချောက်တန်းကြီး ကန်သင်းပေါ်က လျှောက်လာခဲ့ကြသည်။ နေရာကျယ်လာမှ တော့ မပုန်းရည်က ဘေးကို ကပ်ပေးလိုက်ပြီး ကိုမျိုးသွင်ကို ရှေ့က လျှောက်စေ သည်။ လမ်းမှာ တခြားစကား မပြောချင်တာနှင့် မကြေးမှျင်နှင့် သမီးပုကလေးတို့အကြောင်း တစ်ခန်းသလောက် ပြောပြလိုက်သည်။ ပုကျစ်က တပည့်မကလေးဖြစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



စာတော်ကြောင်း၊ ကျောင်းမှန်ကြောင်း၊ ဖခင်မရှိတော့သပြင့် အနေဆင်းရဲသော်လည်း ပညာစိတ်ရှိကြောင်းတွေပါ ပြောပြခဲ့သည်။ ကိုမျိုးသွင်က သနားသွားပုံပေါ်သည်။ ပိုက်ဆံအိတ်ကိုထုတ်ပြီး ငွေစက္ကူအချို့ နှိုက်ယူသည်။ မကြေးမှုံလက်ထဲ ထည့်ပေးသည်။ မကြေးမှုံက မယူရဲ။ မပုန်းရည်ကို မော့ကြည့်သည်။ ကိုမျိုးသွင်က စိတ်ရင်းစေတနာကောင်းနှင့် ပေးမှန်းသိသဖြင့် ယူစေခဲ့သည်။ မကြေးမှုံက ငွေစက္ကူတွေကို မဝံ့မရဲ လှမ်းယူပြီး ရင်ခံထဲ ထိုးထည့်လိုက်သည်။

တာပေါင်ပေါ်ရောက်လာတော့ မပုန်းရည်ရော မကြေးမှုံပါ ရပ်လိုက်ကြသည်။ ကိုမျိုးသွင်က ကားဆီ တန်းမသွားသေးဘဲ မပုန်းရည်နှင့် ဘေးချင်းယှဉ်လာရပ်သည်။

"ဆရာမ ရွာထဲ လိုက်မယ်မဟုတ်လား..."

"မလိုက်တော့ဘူး ကိုမျိုးသွင်...ကျွန်မ ကျောင်းမှာ တကုပ်ကုပ်နဲ့ ဆိုင်းလမ်းလျှောက်ချင်လို့ပါ"

"ကောင်းပြီလေ...သွားမယ်"

"ဟုတ်ကဲ့ပါရှင်..."

ကိုမျိုးသွင် ကားမောင်းသွားသည်အထိ မပုန်းရည် ရပ်နေခဲ့သည်။ မကြေးမှုံကတော့ ကားကို ငေးရင်း ကျန်ရစ်သည်။ ပြီးမှ မပုန်းရည်ကို ပြုံးပြသည်။ ထိုအပြုံးကို မပုန်းရည် သိပါသည်။ ဘာမှတော့ မပြောဖြစ်ခဲ့။ သည့်နောက်တော့ မကြေးမှုံကို နှုတ်ဆက်ကာ ထွက်လာခဲ့သည်။

❐

ဒီဇင်ဘာလထဲမှာ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ကျင်းပမည်ဆိုသည့်စာ ဝင်လာသည့်အခါ ဆရာကြီးက ရွာရပ်ကိုပါ အစည်းအဝေးခေါ်ရတော့သည်။ ညွှန်ကြားစာအရ အားကစားပြိုင်ပွဲက လွန်တောင်းမှာ ပြိုင်ကြရမည်။ အားကစားပြိုင်ပွဲဆိုတာ မပုန်းရည်ကိုယ်တိုင်က အတွေ့အကြုံမရှိတာထား။ ကျောင်းဆရာမသက် ရင့်လှပြီ ဆိုသော မမစိန်ကပင် တီတီစီတုန်းက သင်ခဲ့တာတွေတောင် မေ့ကုန်ပေါ့ဟု ဆိုသဖြင့် ရယ်ရပါ၏။ တကယ်တော့ မပုန်းရည် သည်ပွဲမှာ အစွမ်းပြချင်စိတ်ကလေး ရှိသည်။ မူလတန်းအဆင့်ကျောင်းများ ပြေးခုန်ပစ်ပြိုင်ပွဲမှာ နတ်ရေကန်ကျောင်းက ဆုတွေရသတဲ့ဆိုတာကို လိုချင်ခဲ့သည်။ ဂုဏ်ပကာသနဆိုတာထက် ရွာက အားကစားပြိုင်ပွဲ အနိုင်ရခြင်းမှ စာပညာအပေါ် အာရုံကျစေချင်လို့ဖြစ်သည်။ ညွှန်ကြားချက်အရ အမြင့်ခုန်ပြိုင်ပွဲ၊ အလျားခုန်ပြိုင်ပွဲ၊ မီတာတစ်ရာ၊ နှစ်ရာ၊ လေးရာ ပြိုင်ပွဲများ ပါသည်။



အိတ်စွပ်ပြိုင်ပွဲ၊ ဆီမီးထွန်းပြိုင်ပွဲ၊ အပ်ချည်ထိုးပြိုင်ပွဲတွေလည်း ပါသည်။ ဆရာကြီး ဦးခင်ဖေက အားကစားပြိုင်ပွဲ အတွေ့အကြုံရှိသူဆိုတော့ ကစားကွင်းအနေအထား အတိုင်းအတာကအစ သိနားလည်သည်။ နေ့လယ်နေ့ခင်း အားလပ်ချိန်မှာ ရွာကို ခေါ်လိုက်တာမို့ အားကစားပြိုင်ပွဲ အစည်းအဝေး လာတက်ကြသူတွေ များပါသည်။ ကိုကြာစွယ်ပင် ပါလိုက်သေးသည်။ ကိုကြာစွယ့်ကို မပုန်းရည် ဖိတ်လိုက်ခြင်းဖြစ်၏။

"ကိုကြာစွယ်ကို ကျွန်မတို့က အားကစားအဖွဲ့မှူး ခန့်မှာမို့ ဖိတ်တာနော်...ကျွန်မတို့ လွန်တောင်း သွားပြိုင်ရင် ပွဲတိုင်း လိုက်ရမှာ..."

"ကျုပ်မှ အားကစား ဝါသနာမပါတာဗျာ...ဘယ့်နှယ် အားကစားအဖွဲ့မှူး လုပ်ရမယ်လို့...မဟုတ်တာ...ကျုပ် မလုပ်ချင်ပါဘူး ဆရာမရာ..."

"မလုပ်လို့ရမလားရှင့်...ရပ်ရွာက တာဝန်ပေးတာပဲဟာ...ကိုယ့်ရွာ ကိုယ့် ကျောင်း သည်လောက်တော့ ဝိုင်းရမှာပေါ့...ကျွမ်းကျင်တဲ့ အားကစားတစ်မျိုး တော့ ရှိမှာပေါ့...ပြော...ဘာကစားတတ်သလဲ"

"ကစားတတ်တာတော့ ဖဲကစားတာ ရှိတာပဲ...ငယ်ငယ်ကပါ...အဖေ ရိုက်တာနဲ့ ပြတ်သွားတာ"

"အားကစားတစ်မျိုးမျိုးပြောတာ ကိုကြာစွယ်ရဲ့..."

"ငယ်ငယ်က မိန်းကလေးတွေနဲ့ ရောယောင်ပြီး ကြက်ဖခွပ်ဖူးတာ ရှိတာ ပဲ...မလုပ်တတ်ပါဘူးဗျာ...တခြားအလုပ်ကြမ်း ခိုင်းပါ...ကျုပ်လုပ်ပါ့ မယ်...လှည်းနဲ့ လိုက်ပို့မယ်ဗျာ...ကိုင်း..."

မပုန်းရည်က စ,လေ ကိုကြာစွယ်က မျက်နှာပျက်လေ...။ လူစုံတော့ ဆရာကြီး ဦးခင်ဖေက အမှာစကားပြောသည်။ သည်နှစ်တော့ ထူးထူးခြားခြား ဖြစ်အောင် နတ်ရေ ကန်က ကလေးတွေကို လွန်တောင်း အလယ်တန်းကျောင်းမှာ ကျင်းပမည့် မူလတန်းအဆင့်ကျောင်းများ အားကစားပြိုင်ပွဲကို စာရင်းသွင်းချင်ကြောင်း၊ ဆရာမ မပုန်းရည်နှင့် မောင်တက်လှတို့က ပွဲမဝင်ခင် အပြင်က လေ့ကျင့်ပေးမှာ ဖြစ်ကြောင်း၊ ရပ်ရွာကလည်း လူအား ငွေအားကအစ သွားရေးလာရေးတွေမှာ ကူညီကြရန်ရှိကြောင်း ပြောပြခြင်း ဖြစ်သည်။ ပြီးတော့ မပုန်းရည်အလှည့်။

"ကျွန်မ သိရသလောက် အရင်နှစ်တွေက နတ်ရေကန်ရွာက မူလတန်း ကျောင်းသား ကျောင်းသူကလေးတွေ လွန်တောင်းကို သွားမပြိုင်ဖြစ်ကြဘူး လို့ သိရပါတယ်...သည်နှစ်တော့ ပြိုင်ပွဲရက်ကလည်း လိုသေးတယ်ဆိုတော့ ကျွန်မ တတ်နိုင်သလောက် မောင်တက်လှနဲ့တွဲပြီး ကြိုတင်လေ့ကျင့်ပေးဖို့

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးထားပါတယ်...ကျွန်မတို့ ပြိုင်နိုင်မှာက များများတော့ မဟုတ်ပါဘူး...မီတာတစ်ရာ၊ နှစ်ရာ၊ လေးရာ...နောက် လက်ဆင့်ကမ်းပြေးပွဲပေါ့ အခုနစ်ထဲက အမြင့်ခုန်၊ အလျားခုန်ရှိမယ်...ကျန်တာက ဆီမီးထွန်းပြေး တို့...အကျီချုတ်ပြေးပွဲတို့...အပ်ချည်ထိုးပြေးပွဲတို့...မုန့်စားပြေးပွဲတို့ပေါ့ လေ...အဲဒါကို..."

"နေပါဦး ဆရာမ...ဆီမီးထွန်းပြေးပွဲဆိုတာက ဘာတုံး..."

လက်သမားဆရာ ကိုကံရက ထူးဆန်းသလို ဖြစ်နေသဖြင့် မရှင်းတာ မေးခြင်းဖြစ်သည်။ မပုန်းရည်ကပဲ ရှင်းပြသည်။

"သည်လိုပါရှင်...ပြိုင်ပွဲဝင်မယ့် ကလေးခြောက်ယောက်က ပြေးလမ်း ထွက်စည်းမှာ ရပ်နေရမယ်...သူတို့ကို ဖယောင်းတိုင်တစ်တိုင်စီပေးပြီး မီးခြစ် ပေးထားမယ်...ဒိုင်က ခရာမှုတ်လိုက်တာနဲ့ မီးထွန်းထားတဲ့ ဖယောင်းတိုင် ကို ကိုင်ပြီး ပြေးကြရမှာ...ပန်းစည်းကို အရင်ရောက်တဲ့ကလေးက ပထမ နောက်ဝင်တဲ့ကလေးကို ဒုတိယ......စသည်ဖြင့် ဆရာမတွေက တာဝန်ယူ ကြမှာပါ"

ကိုကြာစွယ်က ဝင်မေးသည်။

"ဒါဖြင့် မီးငြိမ်းရောပေါ့ ဆရာမရဲ့...ဘယ့်နှယ် မီးထွန်းပြီး ပြေးရမယ်လို့—"

"မငြိမ်းအောင် လက်တစ်ဖက်က မီးညွန့်ကို ကွယ်ခွင့်ရှိပါတယ်...ပန်းစည်း မှာ မီးတောက်မပါရင် အပယ်ခံရမှာပဲ"

"ဆရာမတို့ဟာ ကြံကြံဖန်ဖန်ဗျာ...နို့...အကျီချွတ်ပြိုင်ပွဲဆိုတာကကော—"

"ကလေးတွေက အကျီတွေချွတ်ပြီး စည်းထိပ်မှာ ပုံထားရပါမယ်...ဒိုင်က ခရာမှုတ်ပြီဆိုတာနဲ့ ကိုယ့်အကျီကိုယ် ကောက်ပြီး လက်လျှို၊ ကြယ်သီး တပ်၊ သပ်သပ်ရပ်ရပ်ဝတ်ပြီးပြီဆိုမှ ပြေးရမှာ...ပန်းစည်းကျရင် စစ်ဆေး လို့ ကြယ်သီး အပြည့်တပ်မထားရင်၊ ကြယ်သီးပေါက် မှားတပ်ထားရင် ပြောင်းပြန်ဝတ်လာရင် ပယ်တယ်ပေါ့...မှန်ရင်တော့ ဆုရမှာပေါ့..."

"ဖြစ်မှဖြစ်ရလေဗျာ..."

"ဖြစ်မှဖြစ်ရလေ မလုပ်နဲ့လေ...အဲဒါတွေကို ကျွန်မတို့ကလေးတွေ ကြိုကျင့် ပေးရမှာလေ...ကိုကြာစွယ် တာဝန်ယူ လေ့ကျင့်ပေးရမှာနော်..."

"ကျုပ်အကျီတောင် ကျုပ်က ကြယ်သီးတပ်တာ မဟုတ်ဘူးရယ်..."



အားလုံးက ဝိုင်းရယ်ကြတော့ ကိုကြာစွယ် ရှက်ပုံရသည်။ မဆီမဆိုင် သူ့ နေရတာကိုလည်း ဒသိပ်တော့ ဘဝင်ကျပုံမရ။ ရွာလူကြီးတချို့က မသိလို့မေးကြတာ လည်း ရှိသည်။ ဆိုပါတော့...။ အပ်ချည်ထိုးပြိုင်ပွဲဆိုတာမျိုးကို မသိကြ။ မပုန်းရည်က ပြရပြန်သည်။ လက်တစ်ဖက်က အပ်ချည်ကိုင်၊ လက်တစ်ဖက်က အပ်ကိုကိုင်၊ ဒိုင်က ခရာမှုတ်သည်နှင့် အပ်ပေါက်ထိုးကာ ပြေးရကြောင်း ပြောပြတော့ သဘောကျ ကြသည်။ ကိုကြာစွယ် ဝင်မေးတော့ ရယ်ရပြန်သည်။

"အပ်ချည် တံတွေးဆွတ်ခွင့်ရှိသလား..."

မပုန်းရည်မှာ ရယ်ရင်း ဖြေရသည်။

"ရှိတာပေါ့...ကြိုက်သလိုလုပ်လေ...အပ်ပေါက်ထဲ အပ်ချည်ဝင်ရင် ပြီးတာ ပဲ"

"ဒါဆိုရင် တရုတ်အပ် အပေါက်ကျယ်ကျယ် ရှာကြဗျ..."

"အဲသလိုမရဘူး...အပ်ရွယ်တူ သေးသေးကလေးတွေ ပေးထားမှာလေ..."

"ကလေးတွေ ဒုက္ခမများများအောင်ဗျာ..."

တစ်ယောက်က မတ်တတ်ထရပ်ကာ မေးပြန်၏။

"ဒါနဲ့...ဘော့ရော ပါလား...ဘော့ ဘော့..."

ဘော့...။ ဘာကိုမေးတာပါလိမ့်။ မပုန်းရည် ကြောင်နေလေသည်။ မမစိန်က "ဘော့ဆိုတာ ဘောလုံးကိုပြောတာ မပုန်းရည်ရဲ့" လို့ တိုးတိုးဝင်ပြောမှ ဘောလုံး ကစားကိုပြောမှန်း မပုန်းရည် သဘောပေါက်ရပါ၏။

"ဘောလုံးအားကစားက လနဲ့ချီပြီး စနစ်တကျ လေ့ကျင့်ပေးရတာမျိုးပါ... သည်နှစ်တော့ ကျွန်မတို့ ဝင်မပြိုင်နိုင်သေးဘူး...နောက်နှစ်တွေတော့ ကြိုတင်ပြီး လေ့ကျင့်ကြရမှာပေါ့ရှင်"

ထိုနေ့အစည်းအဝေးက ပျော်စရာကောင်းလှပါသည်။ မပုန်းရည်ပင် ထခုန် ချင်စိတ်ကလေး ဝင်ရပါ၏။ အစည်းအဝေး တက်ရောက်လာသမျှ ရွာသူရွာသား တွေကလည်း စိတ်ဝင်တစား ရှိကြပါသည်။ အထူးအဆန်းလိုလည်း ဖြစ်နေကြပုံရ၏။ တာဝန်တွေ ခွဲဝေကြသည်။ ကိုကြာစွယ်တို့အဖွဲ့က အလျားခုန်ရန် ဆယ်ပေပတ်လည် ကျင်းသေအနက် ကျင်းတူးပေးကြမည်။ ကောက်ရိုးထည့်ပေးမည်။ ဖွဲရလျှင် ဖွဲထည့်ကာ ကျင့်နိုင်ရန် စီစဉ်ပေးကြမည်။ မပုန်းရည်က အပြေးလေ့ကျင့်ပေးမည်။ ကျောင်းရှေ့ ကွင်းက မီတာမပြည့်သဖြင့် ရွာအောက စပါးခင်းလွတ်မှာ မြေရှင်းပေးရန်လိုသည်။ ကွင်းဆီက အင်ဂျင်နီယာ ကိုမျိုးသွင်တို့ လုပ်ငန်းခွင်က မြေထိုးစက်ကြီးများကာ ထိုးလျှင်

www.burmeseclassic.com

www.burmeseclassic.com



တစ်မနက်နှင့် ပြီးနိုင်ကြောင်း တင်ပြသည်။ ဟုတ်သားပဲ။ ဒါဆိုလျှင် မြေလည်း မည်။ အချိန်ကုန်လည်း သက်သာမည်။ ဆရာကြီးက စာထွက်ပြီး မေတ္တာရပ်ခံမည် ဆိုသည်။ လေးပန်းဆီက သူကိုယ်တိုင် ဆိုက်ထဲသွားပြောမည်ဆို၏။ ကိုကြာ က သည်အဆိုပြုချက်ကို ပယ်ချသည်။

"လေးပန်းဆီရာ...ပြေးလမ်းရှင်းတာ ရွာက ပေါက်ပြားတစ်လက်စီနဲ့ တယ်ဗျာ...ခင်ဗျားဟာ ထုကြီးဖျက်ကျယ် နိုင်လှချည့်လား...ဘာမြေ စက်မှ မလိုဘူး...ရွာညံ့ရာကျလို့ဗျာ..."

လေးပန်းဆီက ကိုကြာစွယ်ကို လှမ်းငေါက်သည်။

"ဟာကောင်ရ...လူတစ်ကျိပ် ငါးရက်လုပ်ရမယ့် 'တာ'ကို တစ်မနက် ထိုးလိုက်တော့ ခရီးမတွင်ဘူးလား...အင်ဂျင်နီယာကလေးကလည်း ပါမယ် ဆိုနေတဲ့ဟာပဲကွ...တို့ဘက်က လိုတာပြောရမှာပေါ့"

"ခင်ဗျားတို့မလဲ...ရွာနား အင်ဂျင်နီယာရောက်လာတာကို ဝိသုကြုံနတ် ရောက်လာတာကျလို့ဗျာ...တဆိတ်ရှိ အင်ဂျင်နီယာ...တဆိတ်ရှိ အင် နီယာ..."

"ရော်...တယ်ခက်ပါလားကွ ကြာစွယ်ရ...ငါက ရွာမပန်းအောင် တာကွ..."

ဆရာကြီး ဦးခင်ဖေက ဝင်ဖျန်ဖြေသည်။ လေးပန်းဆီဘက်က သည်။ မြေထိုးစက်နှင့် ထိုးညှိတော့ မြေပိုညီသည့်အပြင် ခလုတ်ကန်သင်း ကင်းနိုင် ရှင်းပြသည်။ ဆီဖိုးထည့်ဝင်ပါဆိုလျှင် ကျစ်မှာဖြစ်ကြောင်း ရှင်းပြသည်။ မပုန်းရ ကိုကြာစွယ် သဘောမကျမှန်းသိသဖြင့် ဝင်မပြောသာ။ တကယ်တော့ မြေထိုး ညှိပေးလျှင် ပို၍အဆင်ပြေမှန်း သိသော်လည်း ကိုကြာစွယ် ကန့်လန့်တိုက်နေ သိသာလှသည်။ ကိုကြာစွယ် ဘယ်လိုကြောင့်များ အင်ဂျင်နီယာကို မုန်းနေတာပါ ဒါကိုတော့ မပုန်းရည် မစဉ်းစားတတ်။ မပုန်းရည်သိသလောက် ကိုမျိုးသွင်က ရွာရေးတွေမှာ တတ်နိုင်သမျှ ကူညီနေသူဖြစ်သည်။ ပေးပေးကမ်းကမ်းရှိသည်။ ခွင့်မပိုင်တာမျိုးကိုပင် သူ့အထက်အရာရှိများကို တင်ပြကာ ဖြစ်အောင်ဆောင် ပေးသူ ဖြစ်သည်။ မပုန်းရည်ကိုယ်တိုင်က ပုဂ္ဂိုလ်ရေး ချဉ်းကပ်မှုကို မနှစ်သက် ရှိသော်လည်း အများအတွက် ပရဟိတစိတ်ရှိတာကိုတော့ ကျေးဇူးတင်သည်။ သည်။

အစည်းအဝေးပြီးတော့ ဆရာကြီးက စကားနည်းငယ် ပြောခဲ့သည်။



"ကစားခုန်စား ကာယပညာဟာ ကျောင်းတွေရဲ့ လိုအပ်မှုဖြစ်ပါတယ်... အားကစားကတစ်ဆင့် ကိုယ်ရော စိတ်ရော ဖွံ့ဖြိုးတဲ့ကလေးတွေ ဖြစ်ဖို့ပါ ပဲ...သည်မှာလည်း တစ်ဦးချင်းအားကစားရှိသလို အများနဲ့ စုပေါင်းကစား ရတဲ့ အားကစားဆိုပြီး နှစ်မျိုးရှိတဲ့အတွက် အများနဲ့စုပေါင်းပြီး အောင်ပွဲ ရယူနိုင်တဲ့စိတ်ဓာတ် ရနိုင်ပါတယ်...အားကစားကတစ်ဆင့် စည်းကမ်းကို လိုက်နာတတ်သွားမယ်...နည်းစနစ်တွေကို သိမယ်...အသိပညာနဲ့ ထိုးထွင်း ဉာဏ်တွေ ရင့်သန်မယ်...ကိုယ်ကာယ ကြံ့ခိုင်ရုံမက ဖွဲ့ရှိခြင်း၊ ဖြောင့်မတ် ခြင်း၊ တရားသဖြင့် အနိုင်ယူလိုခြင်း စတဲ့ စိတ်ပိုင်းကောင်းကျိုးတွေ ရစေ ပါတယ်...ဒါကြောင့် ရွာက အားပေးမှု၊ ဆရာ, ဆရာမတွေရဲ့ လုံ့လရှိမှုနဲ့ သည်နှစ်တော့ ကျွန်တော်တို့ကျောင်းက ဆုတွေရမယ်လို့ မျှော်လင့်ပါတယ်"

အားလုံးပြန်ကြတော့ ကိုကြာစွယ်နှင့် လေးပန်းဆီက မပြန်ကြသေး။ ပန်းဆီက ဆရာကြီးနှင့် စကားတွေပြောလို၍ နေရစ်ခဲ့ခြင်းဖြစ်၍ ကိုကြာစွယ် တော့ မောင်တက်လူကို ကျောင်းတံခါးတွေ ကူပိတ်ရန်ဖြစ်သည်။ မပုန်းရည်နှင့် နီနီက ကိုကြာစွယ့်ကို တမင်ရပ်စောင့်နေလိုက်ကြသည်။ မပုန်းရည်လက်ထဲမှာ လေးတွေ လေ့ကျင့်ခန်းစာအုပ်တွေက တစ်ဖက်ဆိုတော့ ကြိမ်ခြင်းကို စားပွဲခုံပေါ် ချထားလိုက်သည်။ ဒါကို ကိုကြာစွယ်မြင်လျှင် ကူမှုးဆွဲမလားပေါ့လေ။ သို့သော် ကြာစွယ်က ကြိမ်ခြင်းကို ယောင်လို့တောင်မကြည့်။ ဒါကို မပုန်းရည်က ရိပ်မိသည်။ ချင်ဟန်ဆောင်ကာ ကြိမ်ခြင်းကို မ,ပြီးပြန်ချ၊ လက်မောင်းညောင်း သလို ပြသော်လည်း ခပ်ခွာခွာနေလေ၏။ မပုန်းရည်က အမူအရာနှင့် မရတော့ ဘင်ဖွင့်ပြောရတော့သည်။ ကိုကြာစွယ် ခြင်းကလေး ကူဆွဲပေးပါလားဆိုတော့ ဆွဲလို့ ဘယ်ကောင်းပါ့မလဲတဲ့။ ခြင်းထဲမှာ မြွေပါသည့်အတိုင်းပင်။ ဆရာမ တောင် ဆွဲနေရပြီလား ကြာစွယ်ရဲ့...ဆိုသည့် မပုစွန်တို့၊ မကေးတို့ ခနဲ့ခနဲ့ ကို ကြောက်လို့ဖြစ်နိုင်ပါ၏။ ဒါကို လေးပန်းဆီက မြင်တော့ မပုန်းရည်ခြင်း ခွက်ဝင်ဆွဲလို့ မပုန်းရည် ရယ်ချင်မိရပါသည်။

"မလုပ်ပါနဲ့ လေးပန်းဆီရယ်...ငရဲအံ့ ကြီးပါရော့မယ့်...ကိုကြာစွယ် ပြောပါတယ်...ခြင်းကလေး ကူဆွဲပေးပါဆိုတာကို ခြင်းထဲ မြွေပါတဲ့ အတိုင်းပဲ..."

"ဟုတ်သားပဲကွ...မင်းဟာက..."

"ဟာ...မဆွဲချင်ပါဘူးဗျာ...တော်ကြာ..."

www.burmeseclassic.com

www.burmeseclassic.com



စကားက 'တော်ကြာ'မှာတင် ရပ်သွားခဲ့သည်။ အတူလျှောက်လာကြ လမ်းမှာ မပုန်းရည်က မြေထိုးစက်ကိစ္စ ပြန်စသည်။ ကိုကြာစွယ်က ကိုမျိုးသွင် စက်ရုံက မြေထိုးစက်ဟားမှာကို သဘောကျပုံမရတာကို သိချင်သဖြင့် မေးခြင်းဖြစ်သည် ကိုမျိုးသွင် ပေးခဲ့သည့် နှင်းဆီနှစ်ပင်သေအောင် ရေနွေးလောင်းခဲ့တာကို သတိရမိ သည်တစ်ခါလည်း မြေထိုးစက်ကို အကြောင်းပြု၍ မပုန်းရည် လင်ရမှာ စိုးရှာလို့ ပါလို့ တွေးမိသည်။ သို့သော် ကိုကြာစွယ့်အဖြေက သည်တစ်ခါတော့ မပုန်းရည် မဆိုင်။ ရွာနှင့်သာ ဆိုင်သည်။

"ထစ်ခနဲရှိ လေးပန်းဆီက အင်ဂျင်နီယာဆီက လိုချင်နေလို့ ဘယ်တော မတုံး ဆရာမရဲ့...ရွာက တတ်နိုင်တာတော့ ရွာက လုပ်ရမှာပေါ့...ဘိုး ဘွားပိုင်ပစ္စည်းကျလို့...သွားသွားတောင်းတာ ကျုပ်က မကြိုက်တာ သဒ္ဓါလွန်း ဆွမ်းတော်တော်ရပ် ဆိုသလို တန်ရုံကောင်းတယ်...ခါး စမ်းပါစီဗျာ...ပြေးလမ်းဆိုတာ ကျုပ်လူတွေနဲ့ လုပ်ပြစမ်းပါ့မယ်...မြေ စက်ထက်မသာတော့ ပြောဗျာ..."

သည်လိုဆိုတော့လည်း ကိုကြာစွယ့်စကားကို မပုန်းရည် ဝမ်းသာရပါ သူတွေးတာ ဟုတ်ပေသားပဲလို့ ရင်ထဲက လက်ခံချင်စိတ် ဝင်မိခဲ့ရသည်။ ပြော ပြောရတာ သည်ရာသီက လယ်ရိတ်ရတော့မည့် ရာသီဖြစ်၏။ တချို့ လယ်တွေ ကုန်ကြပြီ။ ပြေးလမ်းအတွက် မြေလွတ်ပင် မနည်းရှာရမည်ထင်၏။ သူတို့ရွာ သူတို့တော့ ဘယ်နား မြေကွက်ရှိတာကို သိကြပုံပေါ်ပါသည်။ ပြေးလမ်းအတွ ကြောင့်ကြပုံမရကြ။ ကိုကြာစွယ် လယ်ပွဲဝင်ရတော့မှာကိုလည်း မပုန်းရည် သိ မှည့်သည့်စပါးခင်းတွေက မှည့်နေကြပြီ။ တချို့ ကောက်စောခင်းတွေ ရိတ်နေကြ ကိုကြာစွယ့်ကို မေးတော့လည်း ခပ်အေးအေးသာ။ တစ်ခုတော့ရှိသည် ကိုကြာ တို့ ဆွေမျိုးသားချင်းတွေထဲမှာ ယောကျ်ားကလေး သန်သန်ကြီးတွေ အတော် များရှိသည်။ အလကားနေရင်း ထမင်းအိုးလာလုန်စားနေကြသူတွေပင် မနည်း လုပ်စရာကိုင်စရာရှိတော့လည်း ဝိုင်းကူကြတာ မြင်ရပါသည်။ လယ်ရိတ်စရာ လည်း သည်လူငယ်တွေနှင့် လွှတ်ထားလို့ရသည်။ တခြားလုပ်စရာ မရှိတော့လည် ကိုကြာစွယ်ကိုယ်တိုင် ကျားစီးဖားစီး လုပ်ရှာသူဖြစ်၏။

နောက်တစ်နေ့မှာတော့ မပုန်းရည် ကျောင်းသွားရင်း မြင်လိုက်ရသည် မြင်ကွင်းက ဝမ်းသာစရာ။ ကျောင်းရှေ့ ကွက်လပ်ကျယ်ကြီးမှာ မြေကျင်းတူးနေကြ ဆယ်ပေပတ်လည် အနက်တစ်ပေကို တစ်ကျင်းခေါ်သည်ဆို၏။ မြေကြီးမြေစာ ခပ်လုမ်းလုမ်းမှာ ပုံထားကြသည်။ အားကစားပွဲပြီးလျှင် ပြန်ဖို့ရန်ဖြစ်၏။ မြေတစ်



များ တစ်မနက်နှင့်ပြီးအောင် တူးပစ်လိုက်ကြ၏။ ပြီးတော့ စပါးခွံ (ဖွဲ)တွေ အိတ်လိုက် ဘယ်ကြကာ လောင်းလောင်းထည့်ကြတော့ ထမင်းစားချိန်လောက်မှာ အလျားခုန် နိုင်ကြပြီ။ အမြင့်ခုန်နိုင်ကြပြီ။ မပုန်းရည် စာသင်ခန်းထဲက ထွက်လာခဲ့ကာ အနား သွားပြီး ရပ်ကြည့်သည်။

"ကိုင်း...ဆရာမတောင် ခုန်လို့ရသဗျာ...နေပါဦး...သည်ကျင်းထဲ ဘယ်လို ခုန်ကြတာတုံး..."

သည်လိုသည်လိုတူးဆိုလို့ ကိုကြာစွယ်က သူ့လူတွေနှင့် ဝိုင်းလုပ်နေကြ သော်လည်း ဘာရယ်သိတာမဟုတ်။ ဘယ်အားကစားပွဲမှလည်း သွားကြည့်ဖူးပုံမပေါ်။ ပုန်းရည်က ကျင်းနှုတ်ခမ်းမှ လေး,ငါးပေအကွာမှာ စည်းတစ်စည်း တုတ်နှင့်ခြစ် သည်။ ခပ်ဝေးဝေးက အရှိန်နှင့်ပြေးလာသော ကလေးက စည်းကို မနင်းရဘဲ အားယူကာ ကျင်းထဲအရောက် လွှားခနဲ ခုန်လိုက်ရသည်။ ဝေးဝေးရောက်အောင် ခုန်နိုင်သူက နိုင်သည်... စသည်ဖြင့် ရှင်းပြသည်။ သည်တော့လည်း ကိုကြာစွယ်က ပြုံးလေ၏။

"ဘယ်သူကများ ထွင်လိုက်ပါလိမ့်ဗျာ..."

"ကိုင်း...ကိုကြာစွယ် ခုန်ကြည့်ပါလား...နမူနာပေါ့..."

မပုန်းရည်စကားကြောင့် မြေကျင်းတူးကြသူ၊ ဖွဲဖို့ကြသူတွေအားလုံးက ဟုတ်သားပဲ ကိုကြီးကြာစွယ် ခုန်ကြည့်ဗျာလို့ ဝိုင်းအော်ကြသည်။ ကိုကြာစွယ်က ထမတော့ ခပ်ရှက်ရှက်။ နောက်တော့ သွေးကြွလာပုံရပါ၏။ ခါးတောင်းမြှောင်အောင် ကျိုက်လေတော့သည်။ ဒါကိုမြင်တော့ အနားရှိသမျှလူတွေက ဝိုင်းလာကြသည်။ ပုန်းရည်က တော်တော်ဝေးဝေး နောက်ဆုတ်ခိုင်းကာ ရပ်စေသည်။ ပြီးလျှင် တအားသွန် ပြေးရမည်။ ခြစ်ထားသောစည်းကို မနင်းမကျော်စေရဘဲ လွှားခနဲ ဖွဲကျင်းထဲ ခုန်လိုက် ရမည် စသည်ဖြင့် ကိုကြာစွယ်ကို သင်ပေးနေသည်။ မပုန်းရည်က ခါးတောင်းကျိုက် ထားသော ကိုကြာစွယ်ကိုကြည့်ကာ မရယ်မိအောင် နေရသည်။ ရှက်ချင်လျှင် ဘာ ဟုတ်တာကို ရှက်သည်။ မရှက်ချင်တော့လည်း မရှက်ပြန်။ အခုလည်း ဝိုင်းကြည့် နေကြသူတွေကြောင့် လူလုံးပြချင်ပုံရလေ၏။

"နေဦး...ကိုကြာစွယ် သွေးပူလေ့ကျင့်ခန်း လုပ်ထားဦး...ကျွန်မ ခရာ သွားယူဦးမယ်"

"ခရာက ဘာလုပ်မှာတုံး..."

"ဟောတော်...ခရာမှုတ်ရင် ပြေးခုန်ရမှာလေ..."

"သွေးပူလေ့ကျင့်ခန်းက ဘယ်လိုလုပ်ရမှာတုံး..."

www.burmeseclassic.com

www.burmeseclassic.com



"လုပ်ချင်သလိုလုပ်...အကြောတွေ အခြင်တွေ လျော့အောင် ကိုယ်လက် လှုပ်ရှားနေပေါ့..."

"ဖွဲ့ကျင်းထဲ ခုန်ချရမယ့်ဟာပဲ...မလိုပေါင်ဗျာ"

မပုန်းရည်က ကျောင်းဘက်ကို တစ်ခေါက်ပြန်ကာ ဆရာကြီးရုံးခန်းက ခရာတစ်လုံး လည်ပင်းဆွဲလာခဲ့သည်။ မပုန်းရည် ပြန်ရောက်တော့ လူတွေ ပိုများနေပါပြီ။ ကိုကြာစွယ်က ခါးတောင်းကျိုက်ရင်း လက်ခမောင်းတွေခတ်နေသည်။ မျက်နှာက မျက်နှာရှူး။ တည်မလိုလို၊ ရယ်မလိုလို။ ရှက်ကလည်းရှက်သေး၊ ဟန်ဆောင်ကလည်း ပြချင်သေးဆိုသည့် အမူအရာက မြင်သာလှပါ၏။ မပုန်းရည်က တစ်ခေါက် ရှင်းပြပြန်သည်။ ကိုကြာစွယ်က သဘောပေါက်ကြောင်း ခေါင်းညိတ်သည်။

"ရှီး..."

ကိုကြာစွယ် ပြေးပြီ။ တုတ်ကွ တုတ်ကွ ပြေးခြင်းဖြစ်၍ အားမပါလှ။ မပုန်းရည် ခရာတုတ်လိုက်တော့ အပြေးရပ်ပြီး လှည့်ကြည့်သည်။

"ဘယ်နှာတုံး ဆရာမရဲ့..."

မပုန်းရည်က ကိုကြာစွယ့်အမူအရာကြောင့် အူတက်မတတ် ရယ်နေမိသည်။ ကိုကြာစွယ့်ပုံက ပြေးကောင်းတုန်း ခြေကလိမ်ချိတ်လှဲလိုက်သလို ဖြစ်သွားပုံဖြင့် မပုန်းရည်ကို လှမ်းမေးခြင်းဖြစ်သည်။ မပုန်းရည်လည်း မျက်နှာပိုးသပ်ရပါ၏။ တအားပြေးမှ ပြေးအားအပေါ် ခုန်အားကောင်းမှာဖြစ်ကြောင်း၊ တုတ်ကွ တုတ်ကွ ပြေးလို့မရကြောင်း၊ သွန်ပြေးရမှာဖြစ်ကြောင်း၊ စည်းမနင်းဘဲ လွှားခနဲ ခုန်ရမှာဖြစ်ကြောင်း၊ ဖွဲ့ကျင်းထဲကျပြန်တော့ ရှေ့ကို စိုက်ထိုးလိုက်မှ အလျားပေ များများရမှာဖြစ်ကြောင်းတွေ ရှင်းပြရပြန်သည်။ သည်တစ်ခါလည်း ရပါတယ်ဟု ဆိုပြန်သည်။

"ရှီး..."

ကိုကြာစွယ် သွန်ပြေးသည်။ စည်းနားရောက်တော့ စည်းကိုနင်းကာ လွှားခနဲ ခုန်လိုက်သည်။ သည်အထိတော့ အဟုတ်။ ဖွဲ့ကျင်းထဲ ဖုန်းခနဲ ကျသွားသည်။ မပုန်းရည်က လူကျသည့်အရာထဲက စည်းဘက်အကျဆုံးအရာကို တုတ်ဖြင့် ထောက်ထားလိုက်သည်။

"ကောင်းလိုက်တဲ့စံချိန်ရှင်...ပေါသည်တုတ်နဲ့ မြေပေါ်ကစည်းနဲ့ တိုင်းရမှာ...ပေကြိုးမရှိသေးတော့ သဘောလောက်ပေါ့ရှင်...တော်တော်ခုန်နိုင်တာပဲ...ဒါပေမဲ့ စည်းတော့ နင်းမိတယ်နော်...အဲဒါဆိုရင်လည်း စည်းကြပ်ဒိုင်က အလံနီ ထောင်လိမ့်မယ်...အလံနီထိရင် မရဘူးရယ်..."



တော်တော်ဝေးဝေးခုန်နိုင်သည်ဆိုသည့်စကားက တာသွားလှသည်။ တစ်ခါ ခုန်ပြန်လေ၏။ တစ်ခါ...နောက်တစ်ခါ။ ကိုကြာစွယ့်တစ်ကိုယ်လုံး ဖွဲ့မှုန်တွေ ပေကျံ သို့။ မပုန်းရည်က ဝမ်းသာနေသည်။ ကိုကြာစွယ် သည်လိုပျော်တာ မမြင်ဖူး၍ဖြစ်သည်။ ဘက်သမားဆရာ ကိုကံရကတော့ သစ်သားနှစ်ချောင်းမှာ သံချောင်းကလေးတွေ ထွက်အောင် နှစ်လက်မခြား ရိုက်သည်။ ကျင်းတစ်ဖက်တစ်ချက်မှာထောင်ပြီး ဝါးခြမ်း ချောင်းမြှောင်းတင်သည်။ အမြင့်ခုန်မည့်သူတို့ ခုန်နိုင်ကြပြီ။ ညနေ ကျောင်းတစ်ချိန် ဆင်းပြီး မပုန်းရည်က ကလေးတွေကို အလျားခုန်ပုံ၊ အမြင့်ခုန်ပုံတွေ သင်ရတော့ သည်။ အားလုံး အဆင်သင့်ဖြစ်အောင် ကူညီကြသည့် ရွာသူရွာသားတွေကို ကျေးဇူး တင်ရပါ၏။ ကိုကြာစွယ်ကို အမြင့်ခုန်သဘောကိုပါ ပြပေးလိုက်သည်။ ခုန်လို့လွတ် လျှင် နောက်တစ်ထပ်တင်။ ဒါကို လွတ်ပြန်တော့ နောက်တစ်ထပ်တင်။ သံက နှစ်လက်မခြား ရိုက်ထားသဖြင့် တစ်ခါလွတ်တိုင်း နှစ်လက်မ မြင့်မြင့်သွားပုံကို ရှင်းပြသည်။ မြင့်မြင့်ခုန်နိုင်သူက အနိုင်။

"ဘယ်သူကများ ထွင်ပါလိမ့်ဗျာ...ဟုတ် ဟုတ်သေးတော့..."

"သဘောပေါက်ပြီနော်...ကလေးတွေကို ကိုကြာစွယ် ထရိန်နင်ပေးရမယ်... ဒါကြောင့် နတ်ရေကန်အားကစားမှူး ခန့်တာပေါ့...စနစ်တွေတော့ ဆရာ ကြီးကို မေးပြီး ကျွန်မပြောပြမယ်...ကိုကြာစွယ် လုပ်မယ်မဟုတ်လား..."

"လုပ်ပေါ့ဗျာ...မခုန်နိုင်တဲ့ကောင် ခြေသလုံးရိုက်ရုံပေါ့..."

"အားကစားမှူး ပီသပါ့ရှင်..."

ကိုကြာစွယ် စိတ်ပါသွားလို့ တော်ပါသေးရဲ့။ ဟုတ်တော့လည်းဟုတ်သား။ မပုန်းရည်က ညနေဘက် ကလေးအချို့ကို လက်ရွေးစင်ရွေးပြီး ဆန်ကာတင် လေ့ကျင့် ပေးသလို၊ ကိုကြာစွယ်က ကျောင်းပိတ်ရက်တွေမှာ ဖွဲ့ကျင်းက မထတော့။ ပြေးလမ်း မြေညီပြီးသွားတော့ တစ်ခါ အပြေးလေ့ကျင့်ပေးကြရပြန်ပါ၏။ မောင်တက်လူက ခရာတစ်လုံးနှင့် တာစမျဉ်း၊ တာထွက်မျဉ်းများ၏ သဘော၊ တာထွက်မှန်ရမည့် အချက်များ စသည်ဖြင့် သင်ပေးသည်။ အပြေးကို စံချိန်ယူသည်။ စံချိန်မှတ် နာရီမရှိ သဖြင့် လက်ပတ်နာရီနှင့်ပင် လေ့ကျင့်ပေးရသည်။ ဆရာကြီးက စံချိန်မှတ်နာရီ ရှာလာသဖြင့် နောက်ရက်တွေမှာ အဆင်ပြေသွားခဲ့သည်။ သတ်မှတ်ထားသော အရပ် ဒေသအတွင်းဝင်သည့် ကလေးတစ်ဦးလျှင် ပြိုင်ပွဲသုံးပွဲ ဝင်ခွင့်ရှိသည်။ သို့သော် ပြိုင်ပွဲ အမျိုးအစား တစ်မျိုးလျှင် နှစ်ပွဲသာ ယှဉ်ပြိုင်ခွင့်ရှိရမည်ဆိုသည့် စည်းထမ်းအရ အပြေးသန်သူကို အပြေးနှစ်ပွဲနှင့် အခြားအလျားခုန် သို့မဟုတ် အမြင့်ခုန် တွဲပေး

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ထို့ကြောင့် အားကစားမှူး ကိုကြာစွယ်က အလျားခုန်၊ အမြင့်ခုန်ပါမကျ အပြေးလေ့ကျင့်ရာပါ သွားရောက် အကဲခတ်သည်။ မောင်တက်လူက သဘောပေါက် ထားပြီးဖြစ်သဖြင့် ကိုကြာစွယ့်ကို ရာထူးအရ ရိုရိုသေသေ ဆက်ဆံနေခဲ့သည်။

မမစိန်နှင့် မပုန်းရည်က ဆီမီးထွန်းပြေးပွဲ၊ အကျီချွတ်ပြေးပွဲ၊ အပ်ချည်ထိုး ပြေးပွဲ၊ မုန့်စားပြေးပွဲတွေမှာ ယှဉ်ပြိုင်ကြမည့်ကလေးတွေကို သင်ကြားပြသပေးရသည်။ ရွာအပျိုကြီးတွေကပါ လာပိုင်းကြတော့ တအုန်းအုန်း ပွဲကျလို့မဆုံးတော့။ တခြား ကျေးရွာအုပ်စုတွေက မူလတန်းကျောင်းတွေ ဘယ်လိုရှိကြမည် မသိသော်လည်း နှင်း ရေကန်မှာတော့ အားကစားပြိုင်ပွဲကို စိတ်ဝင်စားသူတွေ များလာခဲ့သည်။ လယ်ထဲ က အလုပ်သိမ်းချိန် ညနေပိုင်းဆိုလျှင် ကျောင်းအားကစား လေ့ကျင့်ရာဆီ လာစုကြပြီ ရွာလူကြီး ဦးပန်းဆီကိုယ်တိုင် ဝင်မပြေးရုံတမယ် အသံတစွာစွာနှင့် ရောက်ရောက်လာ တတ်သလို ဆရာကြီး ဦးခင်ဖေကလည်း တပြုံးပြုံး။ ရွာကျောင်းဆရာတော်ကြီး ကလည်း ကျောင်းပြတင်းဝကနေ၍ ကွမ်းတမြုံ့မြုံ့နှင့် လှမ်းကြည့်တော်မူလေသည်။

ရွာက သောင်သာသူများက စွပ်ကျယ်တွေဝယ်ကာ မြို့တက် တံဆိပ်ရိုက်ပေး ကြတာမျိုး၊ ဘောင်းဘီဝယ်ပေးကြတာမျိုးတွေ ရှိလာသဖြင့် မပုန်းရည် ဝမ်းသာရပါ၏။ 'နှင်းရေကန် အမကက' ဆိုသည့် စာလုံးတွေက ရွာထဲမှာ လွှန်းထိုးနေကြပါပကော။ မိန်းကလေးတွေထဲမှာ ပုကျစ်က အပြေးသန်သလို ယောကျ်ားကလေးတွေထဲမှာတော့ ဖိုးလမင်းက လှစ်ခနဲနေအောင် ပြေးနိုင်သည်။ အားကစားမှူး ကိုကြာစွယ်ကတော့ ရွာသူရွာသားတွေရှေ့မှာ ခရာကြီးတကားကားနှင့် မြောက်ကြွမြောက်ကြွ ဖြစ်နေလေ တော့သည်။ ကိုကြာစွယ်က သွားပြိုင်မည့်နေ့မှာ အလံထူဖို့ ကျောင်းမှာ အလံလေး လက် ရှိရဲ့လား မေးနေသည်။

"အလံလေးလက် ဘာလုပ်ဖို့တုံး ကိုကြာစွယ်ရဲ့...တစ်လက်ဆို ရပါပြီ ရှေ့ဆုံးလှည်းမှာ ထူရမှာလေ..."

"လှည်းလေးစီးသွားမှာ ဆရာမရဲ့...လှည်းလေးစီးစလုံးမှာ အလံထူရမှာ ဗျ...လှည်းတစ်စီးက ကျောင်းအုပ်ဆရာကြီးနဲ့ ကျုပ်နဲ့စီးမယ်...တစ်စီးက ဆရာမတို့ စီးရမယ်...နောက်နှစ်စီးက မိန်းကလေးတစ်စီး...ယောကျ်ား ကလေး တစ်စီး..."

ကိုကြာစွယ်ကိုယ်တိုင်က စိတ်ပါနေတော့လည်း မပုန်းရည်တို့ အလံရှာကြ ရသည်။ မောင်တက်လူကိုယ်တိုင် မတ္တရာဘက် ပြေးဝယ်ရခြင်းဖြစ်၏။ ကျောင်းအုပ် ဆရာကြီးနှင့်သူက လှည်းတစ်စီးဆိုတာကလည်း အဓိပ္ပာယ်ရှိသည်။ ရှေ့ဆုံးက လှည်း



မှာ ကျောင်းအုပ်ကြီးနှင့် အားကစားမှူး စီးလာသည့်သဘော ဖြစ်စေချင်ပုံရသည်။ အခါနိက်တော့ "မပုန်းရည်တို့ မောင်တက်လူတို့လုပ်တာနဲ့ ကြာစွယ်တော့ ဗုဒ္ဓိုး ကြီးချည်ရတော့မှာပဲ" ဟု ဆိုသည်။ သည်သတင်းတွေကြားတော့ မကြာဥတို့၊ မကေး သို့၊ မပုစွန်တို့တစ်တွေကလည်း အားပေးရန် လိုက်ကြမည်ဆို၏။ အားကစားပြိုင်ပွဲမှာ ဆုရလာသည့် ကျောင်းသူ ကျောင်းသားများကို ရွာက သီးခြားဂုဏ်ပြုကြဦးမည်ဆို၏။

"အားကစားမှူးက ဘာရမှာတုံး..."

ကိုကြာစွယ်က ပါးစပ်ကြီးပြဲအောင်ရယ်ရင်း မေးသည်။

"နင့်လား...တို့လေးယောက်က ဒေါ်လာလေးပြား ဆုချမယ်...နင့်လည်ပင်း ဆွဲဖို့..."

"ခင်ဗျားတို့နော် ပေါက်ကရမပြောနဲ့...ဘာဒေါ်လာပြားလဲ..."

"ဟဲ့...နင် တီဗီထဲမှာ မတွေ့ဘူးလား...ဆုရတဲ့လူတွေ ဒေါ်လာပြားကြီး တွေ ဆွဲပေးတာလေ..."

"ဘယ်မှာတုံး ခင်ဗျားတို့ဒေါ်လာပြားက..."

"ရှိပ့ါတော်...နင်သာ ကလေးတွေ ဆုရအောင် လုပ်ခဲ့ပါ"

ကိုကြာစွယ့်ခမျာ နောက်တာလားမသိ၊ တကယ်ပြောတာလားမသိ။ မျက်နှာ က အံ့တုံ့တုံ့။ အပျိုကြီးတွေက မချိုမချဉ်။ မပုန်းရည်ကတော့ ရယ်လို့သာ နေရ တော့သည်။ မပုန်းရည်က အားကစားမှူးရယ်လို့ ခန့်လိုက်ကတည်းက ကိုကြာစွယ် တစ်ယောက် ဖွဲကျင်းက မပြန်ဘဲရှိခဲ့သည်။ ကလေးတွေ ကျောင်းတက်နေချိန်မှာ ရွာ ကာလသားတွေကို ပြိုင်ပွဲလုပ်သည်။ ရွာကာလသားတွေက လောင်းကြေးတင်ကာ အခုန်ပြိုင်ကြသည်။ ကိုကြာစွယ်က ဒိုင်။ ပန်းရုံဆရာ ကိုမှတ်ကြီးဆီက ပေကြိုးဘူး ကိုဝင် ပြန်မပေးတော့ဘဲ ခုန်ကြသမျှ တစ်တိုင်းတည်းတိုင်းလေသည်။ ဖွဲကျင်းထဲ လူခုန်လို့ ပြန့်ကျဲသွားတာကို ကိုကြာစွယ်က ပြန်ညှိသည့် သစ်သားပြားတပ်ဂျုတ်ပါ လုပ်ထားသည်။ တစ်ယောက်ခုန်ပြီးတိုင်း ဖွဲညှိရတာ အမော။

"ဆရာမနှယ်...အိမ်အလုပ်ကို လှည့်မကြည့်တော့ပါဘူးဆို...ဖွဲကျင်းမှာ ချည်းပဲ...အဖေက ခိုင်းရင်လည်း သည်ရက်ထဲ ကျုပ် ဘာမှလာမခိုင်းနဲ့... ကျုပ်က ကျောင်းမှာ အားကစားမှူး လုပ်နေရတာဗျလို့ ပြောသယ်... ဟုတ်လားဆရာမ...ကြာစွယ်က အားကစားမှူးဆို..."

ညဘက်မှာ မကြာဥက မေးတော့ မပုန်းရည်က အကျိုးအကြောင်း ပြောပြ ရပါ၏။ ပြိုင်ပွဲရက်က သိပ်မလိုတော့ ပြိုင်ပွဲအတွက် ဆရာကြီးလည်း လှုန်တောင်းကို

www.burmeseclassic.com

www.burmeseclassic.com



ပြေးနေရသည်။ ပြိုင်ပွဲနီးလေ မပုန်းရည်တို့ အလုပ်များလေ။ ဝတ်စုံတွေ ရပြီ။ ဝတ်စုံ ဆိုသော်လည်း စွပ်ကျယ်ကို တံဆိပ်ရိုက်ထားခြင်းဖြစ်၏။ မိန်းကလေးတွေအတွက်တော့ ခေါ့ ရှပ်အဖြူကလေးတွေ ဝယ်ပေးရပါသည်။

သည်လိုနှင့် ပြိုင်ပွဲရက်မတိုင်ခင် တစ်ရက်မှာ မပုန်းရည် ညဘက် စာသင်ခန်း ကို စာသင်ရက်တစ်ရက်ဖျက်ပြီး အားကစားနှင့်ပတ်သက်သည့် ရှင်းပြချက်တွေ ပြောရ ရပါ၏။ ထိုညက စာသင်ခန်းမှာ ကိုကြာစွယ်က မီးချောင်းတွေ ထပ်ထွန်းသည်။ ရွာကလူတွေ လာစုကြသဖြင့် စည်ကားလှ၏။ အားကစားပြိုင်ပွဲအလိုက် ပြေးရမည့် ခုန်မည့်ကလေးတွေကို မပုန်းရည်က သိသင့်တာတွေ ထပ်ပြောပြသည်။ မပုန်းရည် ရှင်းပြနေတာကို ဘေးက လူကြီးတွေက ကလေးတွေကို မှတ်ထားဟဲ့၊ ကြားလားဟဲ့ ဘယ်လိုလုပ်ရမှာနော်၊ ဘယ်လိုမလုပ်ရဘူး ဆိုတာတွေက ကြားဖောက်ဝင်လာကာ သောသောညံလျက်ရှိ၏။ နတ်ရေကန်ရွာအတွက် ကိုကြာစွယ်က အားကစားမှူး ဖြစ်ကြောင်း ဆိုင်ရာကို တင်ပြပြီးပါကြောင်းနှင့် မပုန်းရည်က သူမနှင့် ဆရာ၊ ဆရာမ များ၊ ရွာလူကြီးများ ရှိနေကြမည်ဖြစ်၍ ကလေးများ မကြောက်ရန်၊ အားမငယ်ကြ ရန်ပါ အားပေးရသည်။ ကိုကြာစွယ်ကပင် အားပေးစကားဆို၏။

"မင်းတို့ ဘာမှမကြောက်နဲ့... ဆရာမတို့လည်းရှိတယ်... လေးကြာစွယ် လည်းရှိတယ်... လေးပန်းဆီနဲ့ လူကြီးတွေလည်း ရှိတယ်... ကြားလား မင်းတို့ကောင်တွေ ဆုရလို့ကတော့ လေးကြာစွယ်က တစ်ယောက် ငွေ နှစ်ရာဗျာ... ကိုင်း..."

"ဝေး..."

ကလေးတွေက ဝေးခနဲ အော်ကြသည်။ မကေးက သူတို့ပါ ထမင်းတောင် ဟင်းတောင်နှင့် လိုက်ကြမှာဖြစ်ကြောင်း ပြောပြတော့ ဝေးခနဲ အော်ကြပြန်သည်။ တစ်ရွာလုံး ပျော်နေကြတာကိုကြည့်ရင်း မပုန်းရည် ဝမ်းသာရသည်။ ဆုတွေ ရပါစေ ဆုတောင်းသည်။ တစ်ချက်တော့ စဉ်းစားမိသည်။ ထမင်းတောင် ဟင်းတောင်က ဘယ်လှည်းနှင့်လိုက်မှာလဲ။ လှည်းလိုလိမ့်မည်။ ကိုကြာစွယ်ကလည်း သတိထားမိ ရပါ၏။

"ခင်ဗျားတို့က ဘယ်လှည်းနဲ့လိုက်မှာတုံး... ခုမှကပ်ပြီး လုပ်ကရောမယ်"

"ဟဲ့... ဘယ့်နှယ့်လုပ်ကရောမယ်တုံး... ကလေးတွေ ထမင်းစားဖို့ လုပ် တာလေ... လှည်းက နင်စီစဉ်ရမှာပေါ့... နေပါဦး နင်တို့လှည်းကိုလိုက်ရ ရတာပဲ... နင်နဲ့ဆရာကြီး နှစ်ယောက်ထဲဆို..."



"ကျုပ်တို့လှည်းက ထမင်းတောင်းတင်လို့ ဘယ်ရပါ့မလဲ... လူကြီးလှည်း ဟာကို... ရွာသိက္ခာကျမှာပေါ့..."

"ဘာလူကြီးလဲ... ဆရာကြီးက လူကြီးမို့ ထားပါတော့... နင်က ဘာလူကြီး လဲ"

"ခက်ပါ့ဗျာ... ကျုပ်က အားကစားမှူးရယ်... ဆရာမဒေါ်ပုန်းရည် ပြောပါဦး ဗျာ"

ကိုကြာစွယ်က သူတို့လှည်းပေါ် ထမင်းတောင်းတင်မှာကို ခါးခါးသီးသီး ငြင်းနေသည်။ တကယ်တော့ ထမင်းတောင်း ဟင်းတောင်းကလည်း အရေးကြီးသည်။ ဘယ်နေကုန်မှာ မဟုတ်လား။ လှည်းနှစ်စီးလောက် ထပ်ရလျှင် လိုက်ပါချင်သူတွေ လိုက်ပါနိုင်ကြမည်။ မပုန်းရည်က ရွာကို လှည်းနှစ်စီး ထပ်ပေးပါဦးဆိုတာမျိုး မဖြစ် အောင် ဝင်ပြောရသည်။

"ဟုတ်တယ် မကေးရဲ့... ကိုကြာစွယ်ကို ကျွန်မတို့က အားကစားမှူး တာဝန် ပေးထားတယ်... ရွာဘက်က စီစဉ်ဖို့ပေါ့... ကျောင်းအားကစားပွဲ အတွက်တော့ ကျွန်မနဲ့မမစိန် ရှိမှာပါ... လှည်းနှစ်စီးလောက်များရရင်တော့ လိုက်ချင်သူတွေ လိုက်နိုင်တာပေါ့"

"လိုက်ချင်သူတွေရှိရင် ကိုယ့်ထမင်းကိုယ်ထည့်ခဲ့ကြတော့... ကျွန်မတို့က ကလေးတွေနဲ့ ဆရာမတို့အတွက် ထမင်းတောင်းတွေ သိမ်းဖို့ ဆည်းဖို့ လိုက်ကြမှာလေ..."

ဒါလည်း ဟုတ်သည်။ ကိုယ့်အိမ်က ကိုယ်ထမင်းထည့်လိုက်ကြရုံသာရှိ၏။ လိုက်သမျှလူကျွေးဖို့ဆိုတာ ကောက်ကာငင်ကာ မဖြစ်နိုင်ပါ။ ခက်တာက ဘယ်သူတွေ လိုက်မယ်မှန်းမသိ လူဘယ်နှယောက်ပါမည်မှန်း မသိ။ သည်ပြဿနာကို ကိုကြာစွယ် ဘဲ ထရှင်းတော့၏။

"ကိုင်း... ဆရာမတွေရော ကလေးတွေရော ဘယ်သူမှ ထမင်းထုတ် မနေကြနဲ့တော့... ကျုပ် ဆန်ပေးမယ်... လောက်အောင်ချက်ခဲ့ကြဗျာ... မကေး... ငါးခြောက်အစိုထိုးက အခုမှ ကပ်ထိုးရင် ဖြစ်မလား..."

"နင်ပေးရင် ဖြစ်တာပေါ့ဟဲ့... ခုထချက် ခုဖြစ်တဲ့ဟာကို..."

"ကိုင်း... ရွာက နောက်ထပ် လှည်းသုံးစီးပေးကြဗျာ... ကျုပ် ထမင်းကျွေး မယ်"

www.burmeseclassic.com

www.burmeseclassic.com



လှည်းသုံးစီးစာရင်း ရပြီ။ နဂိုလေးစီးနဲ့ပေါင်းတော့ လှည်းခုနစ်စီး။ မ တို့တစ်တွေက ညတွင်းချင်း ချက်ကြပြုတ်ကြဖို့ ပြင်ပြီ။ အားကစားပြိုင်ပွဲက ထင်ထား ည်ထက် ပိုကြီးကျယ်သွားတော့၏။ ထိုညက ဘယ်သူမှ မအိပ်ကြ။ ချက်ကြပြုတ် စားကြသောက်ကြဖြင့် ပျော်စရာပင် ကောင်းလှပါ၏။ မပုန်းရှည်ပင် ည နှစ်ချက်ထိုး ခဏကလေး တစ်မှေးမှေးရသည်။ မနက် ငါးနာရီမှာ ပြန်ထကာ မျက်နှာသစ် အဝတ်အစားလဲရသည်။ အားကစားပြိုင်ပွဲ သွားကြမည့်လှည်းတွေ အသင့်ရောက်ကြ

ရှေ့လှည်းလေးစီးက အလံတွေတလူလူ။ ကိုကြာစွယ်ကလွဲလို့ အား လှည်းပေါ်ရောက်ကြပြီ။ ဆရာကြီးက သူ့ရွာက ကူးလာမှာဆိုတော့ မပါနိုင်သေ ရွာက လိုက်ကြသူတွေ မနည်းသဖြင့် မပုန်းရှည် အားရှိရပါသည်။ မကေ သောက်ဖြူးသားကြီးတွေက ထမင်းတွေ ပုတ်တောင်းထဲထည့်ကာ လှည်းပေါ် ဝိုင်းတ ကြသည်။ ဟင်းအိုးကြီးတွေ တင်ကြသည်။ မကေးက ကုလားပဲနှပ်နှင့် သရက်ချဉ်သ ပါ ထည့်လိုက်သဖြင့် အဆင်ပြေသွားခဲ့သည်။ အားကစားပြိုင်ပွဲဝင်ကြမည့်က တွေလည်း လှည်းပေါ်မှာ စုစုရုံးရုံး ရောက်ကြပြီ။

"အားကစားမှူးဆိုတဲ့ကောင်...ဘာများလုပ်နေပါလိမ့်တော်..."

မပုစွန်က လှမ်းအော်တော့မှ ကိုကြာစွယ် ဆင်းလာသည်။ ပိုးကြ ခရမ်းပြာ၊ လည်ကတုံးအင်္ကျီ ခရမ်းပြာ။ ငါးကျပ်သား ရွှေဆွဲကြိုးကြီးက အင်္ကျီအပြင် ထွတ်ခွဲလိုက်လို့။ ဟင်းချိန်းကြီးက တဝင်းဝင်း။ မျက်နှာချေတွေ လိမ်းထားတ ပြာဟောက်ဟောက်။ စံပယ်ဆီ ရေမွှေးနံ့က တထောင်းထောင်း။ မမစိန်ကတေ ရယ်လို့သာနေတော့သည်။ မပုန်းရှည်ကတော့ ရယ်မိမှာစိုးသဖြင့် လျှာကို ကိုက်ထား ရပါ၏။ မကေးတို့တစ်တွေကတော့ ထုံးစံအတိုင်း ကိုကြာစွယ်ကို ပြောင် နောက်ကြတာ ရစရာမရှိ။ ဒါပေသိ သည်တစ်ခါတော့ ကိုကြာစွယ် မှင်တည်လျှ လှသည်။ ဘာတစ်ခွန်းမှ မတုံ့ပြန်ဘဲ ရှေ့လှည်းပေါ် ခပ်တည်တည်နှင့် တတ်သွား လေ၏။

"ရှိ..."

ကိုကြာစွယ်တ မပုန်းရှည်ပေးထားသည့်ခရာကို တစ်ချက်တုတ်လိုက်ခြင်း ဖြစ်သည်။ ဘာအတွက် ခရာမှုတ်မှန်းမသိတော့ လှည်းတွေက မထွက်ဘဲ တော့်နေ သည်။ ရှေ့ဆုံးလှည်းက လှည်းသမားကပင် လှည်းမထွက်တော့ ကိုကြာစွယ် ကျောကုန်းကို အုံးခနဲထုလေ၏။

"ထွက်ဟ...အဲဒါ လှည်းထွက်ခရာမှုတ်တာ..."



လှည်းတွေ ထွက်လာတော့ တစ်ရွာလုံး ထွက်ကြည့်ကြသည်။ နတ်ရေကန် အားကစားပြိုင်ပွဲသွား လှည်းတွေ...။ ကိုကြာစွယ်က လှည်းပေါ် မတ်တတ်ရပ်ရင်း ရာသံ တရှီရှီပေးနေလေတော့သည်။ လှည်းတွေက တအီအီ။

□

နတ်ရေကန် အားကစားအဖွဲ့ လွန်တောင်းက ပြန်တော့ မိုးကြီးချုပ်လှပြီ။

အားကစားပြိုင်ပွဲက ညနေပိုင်းစောစောတွင် ပြီးသွားသော်လည်း ဆုပေး မ်းအနားများပါ ဆက်တိုက်ကျင်းပသဖြင့် အပြန်ခရီးတွင် ညကြီးမှောင်မှ ရောက်ကြ ဖြစ်၏။ အပြန်ခရီးမှာတော့ နတ်ရေကန်သူ နတ်ရေကန်သားတို့ မျက်နှာပန်းလှခဲ့ပြီ။ တ်ရေကန်ရွာကျောင်းက ပထမချည်း သုံးဆု၊ ဒုတိယ နှစ်ဆုနှင့် တတိယ သုံးဆုရခဲ့ ည်။ မီတာ တစ်ရာ၊ နှစ်ရာတွင် ပုကျစ်က ကျောင်းများအားလုံးထဲတွင် ဗိုလ်စွဲခဲ့ ဖြစ်၏။ လူကလေး သေးကျစ်သလောက် လှစ်ခနဲ လှစ်ခနဲ ပြေးနိုင်သည့် ပုကျစ် အားကစားကွင်းတစ်ကွင်းလုံးက အားပေးခဲ့ကြသည်။ ဖိုးလမင်းကတော့ မီတာ ရာမှာ ဒုတိယဆု၊ မောင်ဂျိုးက အလျားခုန်မှာ ပထမဆု ချိတ်နိုင်ခဲ့သည်။ င်ပေါ်ကြွယ်က အမြင့်ခုန် တတိယဆု၊ လုံးပုက အလျားခုန် တတိယဆု၊ ဩဘာ အင်္ကျီချုတ်ပြေးပွဲ တတိယဆု အသီးသီးရခဲ့သည်။ မထင်မှတ်ဘဲ ဆုရလာခဲ့သူ တော့ ကြာဖြူ ပဲဖြစ်သည်။ ကြာဖြူက အပ်ချည်ထိုးပြေးပွဲမှာ ဒုတိယချိတ်ခဲ့သည်။ ကြာစွယ်က သူ့တူမ ဆုရလာတာကို ပျော်လို့မဆုံး၊ စ,လို့မဆုံးတော့။

"မိကြာဖြူတို့တော့ ဟန်ကျတာပေါ့ဗျာ...အိမ်မှာရှိသမျှ လေးလေးပုဆိုး ပြဲတွေ ညည်းအကုန်ချုပ်ပေတော့..."

နတ်ရေကန်ကျောင်းက သည်နှစ်မှ စတင်ပြိုင်ပွဲဝင်ခဲ့သော်လည်း ပွဲဦးထွက် သည်။ ကျောင်းနာမည်ရခဲ့သည်။ မမစိန်နှင့် မပုန်းရှည်တို့ပင် မောလို့မောမှန်းမသိ၊ လို့အေးမှန်းမသိ ပျော်ခဲ့ကြသည်။ ကိုကြာစွယ်ကတော့ ရှေ့ဆုံးလှည်းမှာ ခရာသံ ဖြင့် ရှိလေ၏။ နတ်ရေကန်ရွာအဝင် တာလမ်းကတည်းက အော်လေတော့သည်။

"နတ်ရေကန်က ပထမဆု သုံးဆု...ဒုတိယဆု နှစ်ဆု...တတိယဆု သုံးဆု ရလာပါတယ်မျိုး...ရွာက ထွက်ကြိုကြပါ...အားပေးကြပါ...ရှိ...ရှိ...ရှိ"

ခရာသံ တည်ည်၊ အော်သံ တဟိုဟိုဖြင့် လှည်းတွေ ရွာထဲဝင်လာတော့ ကလေးလူကြီး အုပ်လိုက် လှည်းတွေနောက် လိုက်လာကြသည်။ မုန့်တွေ လူသံတွေ တသောသော...။ ကျောင်းသူ ကျောင်းသားတွေကလည်း အတိုင် က်ညီညီ အော်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"နတ်ရေကန်က ပြေးခဲ့တာ...လေယာဉ်ပျံတောင် မီမယ်မထင်ဘူး..."

"ကျောင်းပေါင်းစုံက ဝင်လို့ပြိုင်...နတ်ရေကန်ကို မိနိုင်ရိုးလား..."

"နတ်ရေကန်ကို ယှဉ်ချင်ရင်...ဆယ်နှစ်ဆယ်မိုး ကျင့်လိုက်ပါဦး..."

သည်စာချိုးတွေ ဘယ်သူကများ သင်ပေးထားပါလိမ့်။ ကိုကြာစွယ် မဖြစ်နိုင်။ မောင်တက်လှပဲ ဖြစ်လိမ့်မည်။ ကိုကြာစွယ်တို့အိမ်ရှေ့ရောက်တော့ မီး ထွန်းထားကြပြီ။ အပြန်နောက်ကျမှာကို သိကြသဖြင့် ရွာက ထမင်းတွေ ဟင်း အိုးကြီးချက်ချက်ထားကြသည်။ မပုန်းရည်တို့လည်း ဆာကြပြီ။ ဆောင်း အေးအေး၊ ထမင်းက ဆာဆာဆိုတော့ လက်ဖျား ခြေဖျားတွေ ထုံလို့ပင် လှည်းပေါ်က ဆင်းကာ မီးဖိုဘေး ပြေးကပ်ကြရသည်။ ကလေးတွေခမျာလည်း ရော့မည်။ ကိုယ့်ရွာကိုယ့်ကလေး အားပေးဖို့ လိုက်လာကြသူတွေက ပြိုင်ပွဲ ဖျက်ပုံတွေကို အံချင်းချင်း အော်ကြီးဟစ်ကျယ် ရှင်းပြကြသည်။ ရွာက မေး၊ လိုက် ကြသူတွေက ဖြေ။ အသံတွေ ထွေးလားလုံးလား။ မပုန်းရည်က နတ်ရေကန် လာပုံကို ရှင်းပြချင်သော်လည်း ဘယ်လိုမှ မတိုးသာ။ ကိုကြာစွယ်က သူ့ တုတ်တော့မှ အသံတွေ တိတ်သွားတော့သည်။

"ကိုင်း...လှမောင်တို့ သာကျော်တို့ ကလေးတွေနဲ့ ဆရာမတွေကို ကျွေးဖို့ လုပ်ကြပေ့...ပြီးရင် ကလေးတွေ ပြန်ပို့ကြရမယ်...လိုက် အားပေးတဲ့လူတွေပါ ကျွေးပေ့...ထမင်းချက်ထားလို့ တော်သေး ကွာ...ငါဖြင့် ဆာလိုက်တာ အူကို လိမ်လို့..."

ရွာဘုံက ခုံတွေ၊ အိုးတွေ၊ ပန်းကန်တွေ၊ ဇွန်းတွေ အဆင်သင့် ယူထား သဖြင့် ချက်ချင်း ထမင်းစားနိုင်ကြသည်။ သည်ညစာကိုလည်း ဘိုးကြီး ဘွားကြီး ကပင် ကျွေးခြင်းဖြစ်၍ သည်မိသားစု၏ စေတနာကို လေးစားမိရသည်။ မပုန်းရည် မမဇိန်တို့လည်း ဆာဆာနှင့် စားလိုက်ကြတာ ဝွဲမသတ်နိုင်။ မမစိန်လည်း အော် ဟစ်ရတာနှင့် အသံပင် ပြာနောက်နောက်ဖြစ်နေပြီ။ ထမင်းစားသောက်ပြီးတော့ မ ပြန်သည်။ ကလေးများနှင့် ရွာက အားပေးကြသူတွေလည်း တဖြည်းဖြည်းနှင့် ပြန် ပြီ။ လူကြီးတချို့နှင့် မပုန်းရည်သာ ကျန်တော့သည်။ ကိုကြာစွယ်က သွေးတဖြော မြောက်။ အရှိန်က မသေသေး။

"ဆရာမ ဒေါ်ပုန်းရည် ရွာရောက်လာမှပဲ ကျုပ်တို့ရွာလည်း ဆုတွေဘာ ရတော့တယ်...ကျုပ်တို့က ကျေးဇူးတင်နေတာပါဗျာ...တကယ်ပါ..."

ရွာလူကြီးတွေက ချီးကျူးတော့ မပုန်းရည် ဝမ်းသာရပါ၏။



"ရွာက ညီညွတ်လို့ပါရှင်...ကျွန်မက စီစဉ်ပေးရုံပါ...ကလေးတွေလည်း အတွေ့အကြုံရသွားတာပေါ့...နောက်နှစ်တွေမှာ သည့်ထက်တောင် ဆုတွေ ရပါလိမ့်မယ်...အပင်ပန်းဆုံးက ကိုကြာစွယ်ပါရှင်...ကိုကြာစွယ့်ကို ချီးကျူး ရမှာပါ"

ကိုကြာစွယ်က နေ့ခင်းက အားကစားပြိုင်ပွဲတွေအကြောင်း စီကာပတ်ကုံး ပြောပြနေသည်။ သူမို့ မမောနိုင် မပမ်းနိုင်။ ကိုကြာစွယ်ကို အများအာရုံကျနေ ခိုက် မပုန်းရည် အိမ်ပေါ် အသာတက်လာခဲ့သည်။ မပုန်းရည်လည်း ပန်းပြီ။ ဆန့်ချင်ပြီ။

အိပ်ရာက ပြင်ပြီးသား။ မကြာဉ ပြင်ထားတာဖြစ်လိမ့်မည်။ မပုန်းရည် ဆန့်လိုက်တော့ အညောင်းတွေပင် ပြေသွားရပါ၏။ မကြာဉပါ အိမ်ပေါ်တက် ခဲ့သည်။

"ဆရာမ နေ့လယ်က အင်ဂျင်နီယာ ဆိုတဲ့လူ လာသေးတယ်...ကျွန်မတို့ ဈက်ပြုတ်နေတုန်း ရောက်လာတာ...ဆရာမကို မေးတယ်...လေးပန်းဆီကို လည်း မေးတယ်...ကျွန်မတို့က အားကစားပြိုင်ပွဲ သွားတယ်လို့ ပြောလိုက် တယ်"

ဘာကိစ္စများပါလိမ့်။ ကိုမျိုးသွင် လာမေးတာ ထူးခြားမှုတော့ ရှိပုံမရပါ။ အတွက်၊ ကျောင်းအတွက် တစ်ခုခုပြောချင်လို့ ဖြစ်လိမ့်မည်။ ဒါမှမဟုတ် ရိုးရိုး သား လာလည်တာလည်း ဖြစ်နိုင်တာပါပဲ။ မပုန်းရည်က အလိုက်သင့်ဖြေသည်။

"ဟုတ်ကဲ့ပါရှင်...လေးပန်းဆီကိုရော မေးတယ်ဆိုတော့ ကျောင်းကိစ္စ ရွာ ကိစ္စ တစ်ခုခုနေမှာပါ"

မကြာဉ အသံတိတ်သွားသည်။ ပြီးမှ မပုန်းရည်ကို မဝံ့မရဲ ဆက်ပြောသည်။

"နေ့လယ်က ထမင်းချက်ကြတော့ ရွာက တချို့က ဆရာမကို အဲဒီဆရာနဲ့ တစ်မျိုးထင်နေကြတယ်...ဟိုရက်က ဘဲတဲစုမှာ ချိန်းတွေ့ကြတယ် ဆိုတာ လည်း ပါရဲ့...မကြေးမှုံက ပိုက်ဆံစက္ကူအသစ်တွေနဲ့ ရွာထဲက ဆိုင်တွေ မှာ ဆန်ထုတ်ဝယ်သတဲ့...ဒါကို ဆရာမတို့ကြားမှာ မကြေးမှုံက အောင်သွယ်လုပ်နေတာလို့ ပြောကြတယ်...ကျွန်မကတော့ မဖြစ်နိုင်ဘူး ပြောလိုက်ပါတယ်"

"သြော် ရှင်..."

"ဆရာမ စိတ်မဆိုးပါနဲ့...ကျွန်မက ကြားတာ ပြောတာပါ"

www.burmeseclassic.com

www.burmeseclassic.com



မပုန်းရည် တစ်နေ့လုံး ပျော်ခဲ့သည်။ ပင်ပန်းလို့ ပင်ပန်းမှန်းပင် မသိ... ကလေးတွေ ဆုချီးတ်ကြတော့ ပိုလို့ပင် ဝမ်းသာခဲ့ရသည်။ အခုတော့လည်း နှလုံးသား... တွေပါ ထုံခဲသွားသလို ဖြစ်ရပြန်ပါ၏။ သည်အကြောင်းကိစ္စကတော့ မပုန်းရည်၏ ကိုယ်ကျင့်သိက္ခာနှင့်ဆိုင်သည်။

ထိုညက မပုန်းရည် အိပ်မပျော်ခဲ့ ...။

(၁၇)

တစ်ရွာလုံးက နတ်ရေကန် ကျောင်းကလေး၏ ဂုဏ်သတင်းကို အတော်... သတ်အောင် ပြောနေကြသည်။ မပုန်းရည်ကိုလည်း ချီးကျူးကြသည်။ အားကစားမှူး... ဆိုသော ရှာခံ ကိုကြာစွယ်သည်လည်း နာမည်ကောင်းရပါ၏။ သို့သော် သည်ဆရာမ... ကလေး ရောက်လာလို့ တို့ရွာက လွန်တောင်း အားကစားပြိုင်ပွဲမှာ ဆုတွေ ချိတ်နိုင်... တာဆိုသည့် စကားကြောင့် မပုန်းရည်ခမျာ လွတ်လွတ်ကျွတ်ကျွတ် ဝမ်းမသာနိုင်ဘဲ... ညတုန်းက မကြာဥပြောလိုက်သည့် စကားတစ်ခွန်းကြောင့် ခေါင်းတွေသာ နောက်သွား... ခဲ့ရသည်။ စိတ်မချမ်းမသာ ဖြစ်ခဲ့ရသည်။ တတ်နိုင်သမျှ ရိုးသားစွာ နေထိုင်ခဲ့သူ... မိန်းမသားတစ်ယောက်အဖို့ ထိုရိုးသားမှု အရာမထင်တာလောက်က အကြောင်းမဟုတ်... သော်လည်း ရိုးသားမှုမဲ့သည်ဟု အထင်ရောက်ကြတာကိုတော့ ခံစားရသည်။ ပြောကြ... ကြေးဆိုလျှင် မပုန်းရည်နှင့် အင်ဂျင်နီယာ ကိုမျိုးသွင်တို့အဖို့ရာ ထူးထွေတည့်ခဲ့ရာ... သော် ဆိုရလောက်အောင် စကားကျွံတာမျိုး မရှိခဲ့။ မပုန်းရည်ဘက်က ကိုမျိုးသွင်... နှတ်ကျွံလာမှာကို စိုးသည်မှန်သော်လည်း တကယ်တမ်းမှာတော့ သည်ကနေ့ သည်... အချိန်အထိ ကိုမျိုးသွင်တွင် အမှားမရှိ။ ရိုးတိုးရိပ်တိတ် ခပ်ချိတ်ချိတ်ကလေး ရှိချင်... ရှိနိုင်သော်လည်း မေတ္တာရှိကြောင်း ပြောင်ဖွင့်ပြောတာမျိုး မရှိ။

အခုတော့ ပြဿနာက ခပ်သေးသေးမဟုတ်။ ဘဲတဲစုမှာ ရှိန်းတွေ ကြီးသတဲ့။ ...ကြေးမျှင်က အောင်သွယ်တဲ့။ မကြေးမျှင်က ငွေစက္ကူအသစ်တွေနဲ့ ရှာလဲ့ ဆန်ဝယ်... ...ထ ရိပ်မိကြတာတဲ့။ စကားတင်းဆိုသော်လည်း စကားတွေက အသက်အစပ်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတွင်ရှိနေသည်။ ကျိုးကြောင်းဆီလျော်မှုရှိနေသည်။ ဘဲတဲစုကို မပုန်းရည် ရောက်ခဲ့တာလည်း အမှန်ပင်။ ကိုမျိုးသွင် ရောက်လာတာကိုလည်း မငြင်းနိုင်။ မကြေးမှုံဆင်းရဲမှန်းသိလို့ ငွေစကြေးစ ပေးခဲ့တာလည်း မဖုံးကွယ်သာ။ ထိုပိုက်ဆံအချို့နှင့် ရွာထဲမှာ ဆန်ဝယ်သည်ဆိုတာကလည်း နိုးရာပါပစ္စည်း ထုခွဲတာမျိုးမဟုတ်။ အားလုံး အမှန်တွေချည်း ဖြစ်ပါ၏။ သို့သော် ထိုအမှန်တရားကို ကောက်ချက်ဆွဲကြသည့်အခါ အမှားတွေ ပါလာခဲ့သည်။ စကားမှားတာ ကိစ္စမရှိ။ စကားအဓိပ္ပာယ်တွေ မှားတာက ဆိုးလွန်းလှသည်။

"မမစိန်ရယ်...ကျွန်မလည်း ကျောင်းပိတ်ရက်ရယ်လို့ ရွာရိုးကိုးပေါက် လျှောက်သွားခဲ့တာပါ...ကျွန်မမှာ လည်စရာ ပတ်စရာရယ်လို့လည်း မရှိဘူး...သည်ရွာကလေးကို ရောက်ပြီဆိုကတည်းက ကျွန်မကိုယ်ကျွန်မ စည်ဝိုင်းဝိုင်းပြီး နေခဲ့ရသူပါရှင်...အဲသည်နေ့က ကျွန်မ ဘဲတဲစုကို သွားတယ်ဆိုတာကလည်း..."

ထိုနေ့က အဖြစ်အပျက်ကို မမစိန်အား ပြောပြဖြစ်သည်။ ကိုမျိုးသွင်နှင့် ပတ်သက်၍ မပုန်းရည်၏ စိတ်အခံကို သိထားသူဆိုတော့ မမစိန်ကလည်း မပုန်းရည်ကို ယုံသည်။ ဘဲတဲစုလိုနေရာမှာ ကျောင်းဆရာမ အပျိုတစ်ယောက်က ရည်းစားနှင့် ချိန်းတွေ့ပါ့မလား။ ချစ်သူတွေသာဆိုလျှင် မျက်ကွယ်ရာ ဆိတ်ကွယ်ရာ ရောက်ချင် ရောက်နိုင်ကြသည်ပင်။ ရွာက သည်စကားပြောသည်ဆိုတော့ မပုန်းရည် ထိတ်မည် ဆိုလျှင်လည်း ထိတ်လောက်သည်။ သို့သော် မမစိန်က သည်စကားတွေ မကြားမိပါဟု ဆိုသည်။

"မမစိန်တော့ မကြားမိပါဘူး မပုန်းရည်ရယ်...ပြောချင်သူတွေက ပြောမည် ဆိုရင်လည်း ပြောကြမှာပေါ့...သည်အတိုင်း ထိုင်နေရင်တောင် အပြော မလွတ်ပါဘူး...မပုန်းရည်စိတ်ကို မမစိန် သိထားတာပဲလေ...သိပ်ကြီးလည်း မတုန်လှုပ်စေချင်ဘူး"

"မတုန်လှုပ်ပါဘူး မမစိန်ရယ်...လူတွေ ဘာဖြစ်လို့ သည်လိုပြောကြတာလဲ...ကျွန်မတော့ နားမလည်နိုင်ဘူး...အဲသည်နေ့က ကိုမျိုးသွင်က ရွာထဲ လိုက်ပို့မယ်ဆိုတာတောင် ကျွန်မ လက်မခံခဲ့ပါဘူး...မကြေးမှုံကို ကပ်ထားတာပါ"

"ကိုင်းကွယ်...ကိုမျိုးသွင်နဲ့ ကြိုက်နေကြတယ်ဆိုတော့ကော ကိုယ့်ကိစ္စပဲ... အပျို လူပျို ကြိုက်ကောင်းတာပဲ...မစိန်သိသလောက်တော့



တစ်ရွာလုံးက မေးငေါ့နေကြတာ မဟုတ်ပါဘူး...ရွာက မပုန်းရည်ကြောင့် အားကစားဆုတွေ ရလာတာကို ဝမ်းသာနေကြတာ မမစိန်သိပါတယ်... စိတ်မကောင်းမဖြစ်ပါနဲ့ ငါ့ညီမရယ်..."

မမစိန်ပြောသလို အပျိုနှင့်လူပျို ကြိုက်ကောင်းတာတော့ ဟုတ်ပါရဲ့။ ရွာအပြင် တဲကလေးတွေထဲက တစ်တဲမှာ နှစ်ယောက်သား ချိန်တွေ့ကြသည်ဆိုသော အဓိပ္ပာယ်က ကျယ်ဝန်းလှသည်။ ရွာက ထင်လို့တဲ့ဆိုတာကို မပုန်းရည် ချေဖျက်ရန်ရှိသော်လည်း ချိန်းတွေ့ကြသည်ဆိုတာကတော့ ဂုဏ်ငြိုးနွမ်းရသည့်ကိစ္စ ဖြစ်လာခဲ့ပြီ။ တစ်ခုရှိတာက သည်စကားတွေကို ဘယ်သူပြောတာလဲ၊ ဘယ်က စ,ခဲ့တာလဲ၊ မသေချာရေရာသည့်အကြောင်းအရာကို အကျိုးမဲ့ရာမဲ့ကြောင်း ဘာဖြစ်လို့ပြောတာတဲ့လဲ။ မပုန်းရည်ကကော ဘယ်သူ့ကို ရှင်းပြရမှာတဲ့လဲ။ တစ်ရွာလုံးကိုလား၊ ကိုမျိုးသွင်ကိုလား။

ထိုနေ့က သည်အကြောင်းပဲ စိတ်ရောက်နေခဲ့သည်။ ကိုမျိုးသွင်ကိုလည်း အပြစ်မပြောသာပါ။ သည်ရွာ သည်ကျောင်းအတွက် အမြဲတမ်း ခေါင်းထဲထည့်ထားသူဖြစ်သည်။ ဒါကလည်း မပုန်းရည်ကို ပိုကြေးပန်းကြေးမဟုတ်။ မပုန်းရည် အထင်ကြီးအောင် လုပ်နေတာလည်း မဟုတ်။ ပြီးတော့ လူပုံချော၊ ပညာတတ်၊ စိတ်ကောင်းနှလုံးကောင်းရှိသူဆိုတာကိုလည်း မပုန်းရည် အသိအမြင်အားဖြင့် လက်ခံထားသူဖြစ်သည်။ ကိုမျိုးသွင်ကို ရွာက လူကုံထံပညာတတ် သူဌေးသားလို့ မြင်ကြပုံရသည်။ မပုန်းရည်ကိုလည်း ပညာတတ်၊ ရုပ်ချော ကျောင်းဆရာအဖြစ် သတ်မှတ်ကြသည်။ သည်တော့ သူတို့နှစ်ဦးသား လိုက်ဖက်သည်။ သူတို့ချင်း ကြိုက်ကြဖို့သာရှိသည်။ ကိုမျိုးသွင်က ရွာခံမိန်းကလေးတစ်ယောက်ယောက်ကို မမှန်းသလို မပုန်းရည်ကလည်း ရွာခံရွာသားတစ်ယောက်ကို စိတ်ကူးရန် အကြောင်းမရှိ။ သူတို့ချင်း မကြိုက်လျှင် ဘယ်သူ့သွားကြိုက်ရမှာတုံး။ သည်သဘောမျိုး ရှိကြလိမ့်မည်။ သည်တော့ သည်ခံစားမှုကို ပုံကြီးချဲ့ကြတော့သည်။ ဟုတ်နိုးဟုတ်ယောင် ပြောရာက အစိုင်အခဲ ဖြစ်လာခဲ့သည်။

"အထင်အားဖြင့် မှားနေကြတဲ့လူတွေကို လက်တွေ့အားဖြင့် မှန်နေတဲ့ပါတ ရှောင်နေရမယ်ဆိုတာလည်း မဟုတ်သေးပါဘူး...သွားစရာရှိတာ သွားရမှာပေါ့...ပြောစရာရှိတာ ပြောရမှာပေါ့...ကိုမျိုးသွင်ကို မိတ်ဆွေကောင်း တစ်ယောက်အနေနဲ့ ခါတိုင်းလိုပဲ ဆက်ဆံရမှာပေါ့...တစ်နေ့နေ့တော့ အမှန်တရားကို သူတို့သိကြပါလိမ့်မယ်...ရိုးသားဖြူစင်မှုဟာ ဘယ်တော့မှ အညှိမတက်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



မပုန်းရည် ကိုယ့်ကိုယ်ကို အားပေးမိတော့လည်း အားဖြစ်ရသားပင်။ ကြား တုန်းကတော့ တုန်လှုပ်သွားခဲ့သည်ဆိုတာထက် ရက်စွဲ့သွားခဲ့သည်ဟု ဆိုရမည်။ မကြာခင် ပြောစဉ်က ဝမ်းနည်းခဲ့သည်။ တစ်ညလုံး အိပ်မပျော်ခဲ့။ မိုးလင်းတော့လည်း ဆောက်တည်ရာမရသလို ရှိနေခဲ့သည်။ တဖြည်းဖြည်းချင်း စဉ်းစားတော့မှ အားရှိလာရသည်။ တစ်ချိန်တည်းမှာပင် ချီးကျူးနေကြသူတွေလည်း ရှိတာပဲ။ ကဲ့ရဲ့သူတွေလည်း ရှိမှာပေါ့။ ကျောင်းဆရာဆိုတာ တည်ငြိမ်ရတယ်။ ကိုယ့်အတွက်လည်း တည်ငြိမ်ရတယ်။ ကျောင်းသူ ကျောင်းသားအတွက်လည်း တည်ငြိမ်ရတယ်။ လူ့ဘဝဟာလည်း စာသင်ခန်းလိုပါပဲ။ မိမိနဲ့သူတစ်ပါးကြားမှာ တည်ငြိမ်ခြင်းကို တည်ဆောက်နိုင်ရမှာပေါ့။

ထမင်းစားချိန်မှာတော့ မမစိန် ပြန်သွားသဖြင့် တစ်ယောက်တည်း ထိုင်နေမိခဲ့သည်။ ခါတိုင်းဆိုလျှင် ဆရာတော့်ကျောင်းကို သွားနေကျ။ မလာလျှင် ဆရာတော်ကလည်း တစ်ယောက်ယောက်ခေါ်ခိုင်းနေကျ။ ကိုရင်ဒက်ထူ ဖြစ်ချင်ဖြစ်မည်။ မောင်ကျောင်းသား ဖြစ်ချင်ဖြစ်မည်။ သည်ကလေးကို ဆရာတော်က မောင်ကျောင်းသား ခေါ်နေကျဆိုတော့ မပုန်းရည်ကလည်း မောင်ကျောင်းသားလို့ ခေါ်သည်။ သည်ကနေ့တော့ မဆာသလိုလို။ မရပါ။ ကျောင်းက လိုက်ခေါ်ခဲ့သည် သာ။ ကိုရင်ဒက်ထူ မဟုတ်။ လေးပန်းဆီ ဖြစ်နေသည်။ လေးပန်းဆီက ခေါင်း တဘက်ပေါင်းကို ဖြုတ်ကာ အတန်းထဲ ဝင်လာခဲ့ခြင်းဖြစ်၏။ ထမင်းစားချိန်ဆိုတော့ ကလေး လေး,ငါး ယောက်သာ ရှိနေကြသည်။

"ဆရာမ ကျောင်းလာမယ်ထင်လို့ စောင့်နေကြတာ…မလာတာနဲ့ ကျွန် လိုက်လာတာရယ်…ဆရာတော်ကြီးနဲ့ ရွာလူကြီးတွေတော့ စကားပြော နေကြတယ်…ဆရာမ လိုက်ခဲ့ပါဦး…"

သည်လိုဆိုတော့လည်း မပုန်းရည် အားနာသွားရသည်။ ထမင်းကျွေးသူ ကျွေးတာတောင် စားရမည့်သူက နေ့တစ်ရွေးသား ညတစ်ပဲသား လုပ်သလို ဖြစ်နေပြီ မဟုတ်ပါရဲ့။ ဘာပဲဖြစ်ဖြစ် စားတာ မစားတာထား၊ ဆရာတော့်ကျောင်းတော့ ရောက်ရ မှာမဟုတ်လား။ လေးပန်းဆီကို တောင်းပန်ရပါ၏။

"ဟုတ်ပါရဲ့ လေးပန်းဆီရယ်…အားနာလိုက်တာ…မောင်ကျောင်းသား ခေါ်ခိုင်းရောပေါ့ရှင်…ကျွန်မလည်း မဆာသလိုလို ရှိတာရော…စိတ်ကြည် မသာကလေး ရှိတာရောကြောင့် မလာတာပါ…သွားရအောင်လေ…"

လေးပန်းဆီက နောက်ထပ် ဘာမှမပြောဘဲ တဘက်ကြီးကို ခေါင်းပေါင်း ပြန်ပေါင်းသည်။ တဘက်က ကြီးလွန်းတော့ ကျောက်လှည်းဘီး ဝင်ရိုးပေါက်ထဲ



သွျစ်သီးတည့်ထားတာနှင့်ပင် တူသည်။ လေးပန်းဆီ မျက်နှာတော့ မကောင်း။ ခါတိုင်းဆိုလျှင် မတွေ့လိုက်နှင့် တွေ့လိုက်သည်နှင့် ကျောင်းကိစ္စ၊ ရွာကိစ္စတွေ တစီစီ ကျက်အောင် ပြောတတ်သည်။ ဘာမှပြောစရာမရှိလျှင် စပါးခင်း ပိုကျသည့်အကြောင်း၊ ရှာချောင်းကူးတံတားကို ပြုပြင်ချင်သည့်အကြောင်း၊ နောက်နှစ် ကျောင်းကလေးကို သွပ်ပြားမိုးရန် စိတ်ကူးထားကြောင်း စသည်ဖြင့် တစ်ခုမဟုတ်တစ်ခုတော့ အကြောင်း ရှာကာ ပြောနေတတ်သည်။ သည်တစ်ခါတော့ နှုတ်နည်းနေတာ သတိထားမိသည်။ မပုန်းရည်ကို လာခေါ်ရလို့များလား။ ဒါတော့ မဖြစ်နိုင်။ လူကြီးတွေ စောင့်နေကြတာ မပုန်းရည်မသိ။ ခါတိုင်းလိုပင် သွားချင်စိတ် မရှိသေးလို့ မရောက်တာပဲရှိသည်။

"လေးပန်းဆီ…အခုက ဘာလဲ…ဆရာတော့်ကျောင်းကိစ္စလား…"

"ဘုရားကိစ္စပါ ဆရာမရာ…ရွာက စိတ်မကောင်းဖြစ်နေကြတယ်…ကျုပ်တို့လည်း မတွေးတတ်ပါဘူးဗျာ…ကျုပ်တို့ရွာ သည်လိုပဲ ဟာလာဟင်းလင်း ထားနေကျပါ"

"ဘယ်ဘုရားက ဘာဖြစ်လို့တုံး လေးပန်းဆီရဲ့…ပြောပါဦးရှင်"

"ဆရာမ တံမြက်စည်းလှည်းနေကျ ဘုရားဟာကော…ဆင်းတုတော် လေးဆူ ရှိတာဗျာ…"

"ဪ…အခုက ဘာဖြစ်လို့လဲ"

"ပျောက်လို့…"

"ရှင်…"

စာသင်ကျောင်းက ကူးရတာဆိုတော့ ဘုန်းကြီးကျောင်းက မဝေးပါ။ ကျောင်းပေါ်ရောက်တော့ လူကြီးသုံးလေးယောက် ရှိနေကြပြီ။ ဆရာတော်က လေးပန်းဆီနှင့် မပုန်းရည် လှေကားက တက်လာတာကို လှမ်းကြည့်ရင်း ရှေ့ကို လာကြဟု မိန့်သည်။ မပုန်းရည် ဝတ်ဖြည့်ပြီးတော့လည်း စကားသံမထွက်ကြ။ ဆင်းတုတော် ပျောက်တာတော့ သိရပြီ။ ဘယ်နှဆူပျောက်တာလဲ။ ဘယ်လိုပျောက် တာလဲ။ မပုန်းရည်ကိုခေါ်တာကကော ဘာဖြစ်လို့ပါလိမ့်။ ဆရာတော်က ကွမ်းသီးညှပ် ခင်းက မပုန်းရည်ကို ကျောင်းဆရာမ ထမင်းစားဦးလေဟု မိန့်သည်။

"မနက်က ထမင်းကြော်စားထားလို့ပါဘုရား…တပည့်တော်လည်း လာဖို့ ပါပဲဘုရား…မမစိန်နဲ့ စကားပြောနေတာနဲ့ပဲ နောက်ကျသွားရပါတယ် ဘုရား…"

www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းဆရာမ ကြားပြီးရောပေါ့…စေတီတော်မှာ ဆင်းတုတော် လေး ရှိတာမှာ မြောက်ဘက်ကတစ်ဆူ မနေ့က ပျောက်သွားတယ်…မနက် ကိုရင်တွေ လာလျှောက်လို့ ဘုန်းကြီးလည်း သိတာပဲ…ရှေးဆင်းတု မဟုတ်ပါဘူး…ဒါပေသိ နှစ်တစ်ရာလောက်က ဆင်းတုတော်ဆို ဘုရားခိုးသူက ချောင်းနေမှာပေါ့လေ…"

"ကျန်တဲ့သုံးဆူကကော ဘုရား…"

"အခုတော့ ကျုပ်တို့ကျောင်းပေါ် ပင့်ထားတယ်…ဂန္ဓကုဋီဆောက်ပြီး လုံလုံခြုံခြုံ ပြန်ပြီး အပူဇော်ခံရမှာပဲ"

မပုန်းရည် လှမ်းကြည့်တော့ ဥဏ်တော် တစ်တောင်သာသာ ဆင်းတု သုံးဆူကို ဘုရားစင်ရှေ့ ဘယ်ဘက်မှာ ဖူးမြင်ရပါသည်။ လေဒဏ် မိုးဒဏ်ခံ ကျော ဆင်းတုများဖြစ်၍ ကျောက်ညှိတွေ တက်နေကြပြီ။ မပုန်းရည်က အခုထိ နားမလည်နိုင်သေးဘဲရှိ၏။ ရွာလူကြီးတွေကလည်း မေးထောက်သူက ထော ရေနွေးသောက်သူက သောက်။ ဆရာတော် မိန့်ပြီးတော့ အသံတိတ်သွားပြန် မပုန်းရည် သတိရသလောက် စဉ်းစားကြည့်တော့ သူလည်း မရေမရာပင်။ နေ့ တံမြက်စည်းလှည်းကုသိုလ်ယူခဲ့တာ ဘယ်နေ့ကပါလိမ့်။ အဲသည်နေ့ကလည်း တံမြ စည်းလှည်းရုံသာ လှည်းခဲ့ခြင်းဖြစ်၍ လေးဆူစလုံး ရှိမရှိဆိုတာတော့ မပုန် လည်း သတိမထားခဲ့မိတာ အမှန်ပင်။ ပျောက်တာက မနေ့က ဟုတ်ချင်မှဟုတ် အရင်နေ့တွေကလည်း ဖြစ်နိုင်သည်။ လွန်ခဲ့သည့် နှစ်တစ်ရာလောက်က ဆင်းတု ဆိုတော့ နမြောစရာကောင်းလှသည်။ ဆရာတော်က မိန့်သည်။

"ပန်းဆီကတော့ ဂါတ်တဲခေါ်မလား…အဲသည်ကို တိုင်ချင်တယ် တယ်…ဘုန်းကြီးတော့ ဟိုရွာ သည်ရွာတွေ အသိပေးပြီးလိုက်ရင် မိ ထင်တာပဲ"

"ရဲစခန်းလားဘုရား…လိုက်တာလည်း လိုက်တာပေါ့ဘုရား… တိုင်ထားတာတော့ မမှားဘူးထင်တာပဲဘုရား…"

"ရဲစခန်းတိုင်တာ ဟုတ်တယ်…ကျုပ်တို့စဉ်းစားတာက ဘုရားမှာ မျော တံမြက်လှည်းတာ ဆရာမဖြစ်နေတော့ စစ်လားဆေးလားလုပ်ရင် အ စရာဖြစ်မှာစိုးတာ…"

လူကြီးတွေထဲက မျက်နှာထားတင်းတင်းနှင့်တစ်ဦးက ပြောလိုက် ဖြစ်သည်။ သူ့ကို မပုန်းရည် သိပါ၏။ ရွာမှာ အမြဲတမ်း ကန့်လန့်တိုက်တတ်သူ



ကြီးသူဖြစ်သည်။ တစ်ခါက မပုန်းရည်နှင့် စကားများဖူးသည်။ ကလေးတွေကို အိမ်ဝက ဆီးခေါ်ကာ စာမေးတတ်သည်။ သင်္ချာစိတ်တွက်တွေ မေးတတ်သည်။ လေးတွေက မဖြေနိုင်တော့ နင်တို့ကျောင်းက ဆရာမတွေ လခညာယူနေကြတာ တာမျိုး ပြောတတ်သည်။ နှစ်ခါက သုံးခါ ဖြစ်လာတော့ မပုန်းရည် မနေသာ တော့ပြီ။ သို့သော် မပုန်းရည်အထက်က ကျောင်းအုပ်ဆရာကြီး ရှိသေးသည်။ ပြီးတော့ ကျောင်းကို လာထိပါးတာမျိုးမဟုတ်။ လမ်းက ဆီးမေးကာ မချို့မချဥ်လုပ်ခြင်း ဖြစ်ရာ၊ မပုန်းရည် အသာ သည်းခံနေခဲ့သည်။ တစ်ခါတော့ မပုန်းရည်နှင့် တိုက်တိုးလေ၏။ မပုန်းရည်နှင့် လမ်းမှာဆုံခြင်း ဖြစ်သည်။

"ဆရာမ ကလေးတွေကို ကျုပ်က အိမ်ကနေ ဆီးဆီးပြီး စာမေးကြည့်တာ ဘာမှ မေးမရကြဘူး…နည်းနည်းပါးပါးတော့ လုပ်ကြဦး…မိဘတွေမှာ တစ်နှစ် တစ်နှစ် ကျောင်းထားရတာ မလွယ်ဘူး ဆရာမရဲ့…ကျောင်းသွားပြီး စာမှမတတ်ရင် ဘာလုပ်ဖို့တုံး…"

မပုန်းရည်က ဒေါသကို အရင်မျိုသိပ်လိုက်ရသည်။ သို့သော် ကလေးတွေက ပြောကြလှပြီ။ ခါတိုင်းတော့ ကွယ်ရာမှာ ပြောခြင်းဖြစ်လို့ မပုန်းရည် သည်းခံနေခဲ့ သည်။ ဘယ်ကလေးတွေကို ဘာစာတွေမေးလို့ ဘယ်ကလေးက ဘာကိုမဖြေနိုင်တာ သည်း မသိတော့ လိုက်ရန်တွေ့ဖို့က ခက်သည်။ ခုတော့ မပုန်းရည်ကိုပင် စာမေးရုံ ဘယ် ပြောလာခဲ့ပြီ။ အိမ်ဝက ဆီးဆီးမေးတော့ ဘာမှ မဖြေနိုင်ဘူးတဲ့။ နည်းနည်း ပါး လုပ်ကြဦးတဲ့။ ဆရာ၊ ဆရာမတွေကပဲ ညံ့ဖျင်းရာကျနေပြီ။ သည်တစ်ခါ တော့ မပုန်းရည် သည်းမခံတော့။

"နေပါဦး…ဦးတင်အောင်က ဘယ်ကလေးတွေကို ဘာတွေမေးတာလဲ… ဦးတင်အောင်က ကျောင်းဆရာ လုပ်ခဲ့ဖူးလို့လားရှင့်"

"ကျုပ်က ရှေးခုနစ်တန်းဗျ…ကျောင်းဆရာလုပ်ချင်ရင် အစိုးရက ခန့်ဝါ ဗျာ…ကျုပ်က ကျောင်းဆရာအလုပ် အထင်မကြီးလို့ မလုပ်ခဲ့တာ"

"ကျောင်းဆရာလုပ်ရောပေါ့ရှင်…လုပ်ရင် ကိုယ်ချင်းစာတတ်မှာပါ…အခု နေ ဦးတင်အောင်ကို ကျွန်မမေးမယ်ဆိုပါတော့…ကမ္ဘာမြေနဲ့လနဲ့ မိုင်ဘယ် လောက်ဝေးသလဲဆိုရင် ဘယ်လိုဖြေမလဲ…"

ဦးတင်အောင် နှုတ်ပိတ်သွားခဲ့သည်။ မပုန်းရည်ကို မျက်လုံးပြူးကြည့်နေတာ လွဲ၍ တစ်ခွန်းမှ မပြောတော့။ မပုန်းရည်က ဆက်ဖိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကိုင်တဲ့ စတုတ္ထတန်း ကလေးတစ်ယောက်ကို မနက်ဖြန်မနေ့ မေးကြည့်လိုက်ပါရှင်...သူတို့ သိပါတယ်...ဒိုးဒိုးဒေါက်ဒေါက် ဖြေကြပါ လိမ့်မယ်...ကလေးတွေကို ကျွန်မတို့ မေးခွန်းမေးတာ ရည်ရွယ်ချက်ရှိ တယ်ရှင့်...မေးခွန်းဆိုတာ ဖြေရှင်းရမယ့်ပြဿနာကို ရှာဖွေဖော်ထုတ်တာ ပါ...ဒါကို အလေ့ကျင့်လုပ်ပေးတာမျိုးပါ...ကျဉ်းထဲကျပ်ထဲကျအောင် လုပ်တာ မဟုတ်ပါဘူး...စေတနာရှိတယ်ဆိုရင် ကျောင်းကို ကြွခဲ့ပါရှင် ကျွန်မတို့ကို ကူညီစေချင်လို့ပါ"

သည်ကတည်းက ဦးတင်အောင်ကို လမ်းမှာ မတွေ့ရတော့။ တွေ့ရအောင် လည်း ဆေးဝေးက ရှောင်လေ၏။ ဒါကို မမစိန်ကို ပြောပြတော့ မမစိန်က သူ့ကိုလည်း မကြာခဏ ခနဲ့သည်ဆို၏။ အခုတော့ ဘုန်းကြီးကျောင်းပေါ်မှာ တွေ့ရပြီ။ မပုန်းရည် ကို မပြောသင့်သည့်စကား ပြောလာပြန်ပြီ။ တကယ်ဆိုလျှင် ဆင်းတုတော် ပျောက်ခြင်း သည် မပုန်းရည်နှင့် မဆိုင်ပါ။ အဖွဲ့အစည်းအနေဖြင့် ကျောင်းကို အသိပေးသည် ဆိုလျှင်လည်း ကျောင်းအုပ်ဆရာကြီးကို ပြောဖို့သာရှိသည်။ အခုတော့ မပုန်းရည်ကို ရွေးခေါ်တာကကော ဘာသဘောလဲ။ ဘုရားပရဝဏ်ထဲမှာ တံမြက်စည်းလှည်းကုသိုလ် ယူခဲ့ဖူးတာနဲ့ ဘုရားပျောက်ကိစ္စမှာ တာဝန်ရှိရရော့လား။ မပုန်းရည်က ချက်ချင်း ခွန်းတုံ့မပြန်ခဲ့ပါ။ ဆရာတော်၏ သဘောထားကို ငဲ့ရသေး၍ဖြစ်သည်။ လေးပန်းဆီ ကတော့ ငြိမ်နေလေ၏။ ဆရာတော်က မိန့်သည်။

"ကျောင်းဆရာမကို ခေါ်တာက ဘုန်းကြီးတို့လည်း ဘာလုပ်ရမှန်းမသိလို့ ခေါ်တာပဲ...ကျောင်းဆရာမက စဉ်းစားတတ်တယ်လေ နော...ဘုန်းကြီး လည်း ခေါင်းပူနေပြီ...ရှေးက ဆရာတော်ကြီးများလက်ထက်ကတည်းက အပူဇော်ခံခဲ့တဲ့ ဆင်းတုတော်လေ...ဘုန်းကြီးလက်ထက်ကျမှ ပျောက်တာ စိတ်မကောင်းဘူး...လူတွေ အတော်ဆိုးတယ်...ဘုရားတောင် ခိုးရတယ် လို့...နော..."

ဆရာတော်က အကြံဉာဏ်တောင်းချင်လို့ခေါ်ကြောင်း မိန့်တော့ မပုန်းရည် စိတ်ပြေရသည်။ ဦးတင်အောင်လည်း ငြိမ်သွားလေ၏။ ကျန်သည့် လူကြီးနှစ်ယောက် ကတော့ ဦးတင်အောင့်စကားကြောင့် မပုန်းရည်ကို အားနာကြဟန်ရှိသည်။ ဦးတင်အောင်ကတော့ ရဲစခန်းကိုသာ တိုင်ချင်ပုံ။ မပုန်းရည်သဘောကလည်း ရဲစခန်း တော့ တိုင်ထားစေချင်သည်။ ဆရာတော်ကတော့ အကျယ်အကျယ် ဖြစ်စေချင်ပုံမရ။ မပုန်းရည် ဘာပြောရပါ့။ မပုန်းရည် တစ်ခုခုတော့ ပြောရမည်။



"တပည့်တော် ထင်တာတော့ တခြားက လာခိုးဖို့ဆိုတာတော့ ခက်မှာပါ ဘုရား...ရွာထဲဝင်ပြီး ယူရမယ့်ကိစ္စဆိုတာ မလွယ်ပါဘူးဘုရား...တပည့် တော်တို့ ရွာထဲကလူ ဒါမှမဟုတ် လက်ထောက်ချတဲ့လူ မပါဘဲ မဖြစ်နိုင်ပါ ဘူးဘုရား...တတ်နိုင်သမျှ အကဲခတ်ရင်တော့ အစထွက်လာမှာပါဘုရား"

သည်တစ်ခါမှာတော့ ဦးတင်အောင်က ရွာကို သူခိုးရှိသည် ပြောရပါ့မလား ဆိုသည့်စကားကို မခံချင်ဟန်ဖြင့် ထပွက်တော့သည်။ လေးပန်းဆီက ခေါက်တော့မှ ငြိမ်လေသည်။ ဘုန်းကြီးကျောင်းက ပြန်လာသည်အထိ မပုန်းရည်စိတ်ထဲ မကြည် လင်ရှိရသည်။ ကျောင်းလှေကားကအဆင်း စာသင်ကျောင်းဘက်ကို မသွားသေးဘဲ စေတီကလေးဘက် လျှောက်လာခဲ့သည်။ စေတီတော်က ဆည်းလည်းသံ တညံညံဖြင့် ကတိ ငြိမ်းအေးလွန်းလှပါသည်။ မပုန်းရည်က တန်ဆောင်းကလေးထဲမှာရပ်ရင်း ဆင်းတုတော်တွေ မကိန်းဝပ်တော့သည့် မှန်ကပ်လိုဏ်ပေါက်တွေကို ကြည့်သည်။ စေတီတော်ကို တစ်ပတ်ပတ်ကြည့်သည်။ မြောက်ဘက်မုခ်က ဆင်းတုတော်ပျောက် သယ်ဆိုတာကလည်း ထူးခြားမှုရှိသည်။ မြောက်ဘက်မှာက လူမမြင် သူမမြင် မဟုတ် သော်လည်း မန်ကျည်းပင်တန်းက အုပ်ဆိုင်းနေသည်။ ဟုတ်ပါရဲ့။ ဘယ်လိုလူကများ ဆင်းတုတော်ကို ခိုးကြတာပါလိမ့်။ ဘယ်သူတွေကများ ငရဲမကြောက် အဲ့မကြောက် လုပ်ရက်တာပါလိမ့်။ မပုန်းရည် နားမလည်နိုင်ပါ။

မပုန်းရည် စာသင်ကျောင်းကို ပြန်ရောက်တော့ ကျောင်းပင် တက်နေခဲ့ပြီ။

□

သည်လိုနှင့် ရက်တွေ ကြာလာခဲ့ပြီ။ ဆင်းတုတော် ပျောက်သည့်သတင်းက ရွာလုံးကြားခဲ့ပြီးသည့်နောက် ပြန်လည်ငြိမ်သက်သွားခဲ့သည်။ အနားရွာတွေကပါ ရှေးဟောင်းဘုရားဆင်းတုတော်တွေကို ထုပ်ပိုက်သိမ်းဆည်း ရှိကြကုန်ပြီ။ ယခင်က ဖြစ်ပျက်ခဲ့ဖူးသော အဖြစ်အပျက်ဆိုတော့ ကြားစက နှမြောခဲ့ကြသည်။ ကိုယ့်ရွာ ကိုယ့်စေတီက ဘုရားဆင်းတုဆိုတော့ စိတ်မကောင်းဖြစ်ကြသည်။ မပုန်းရည်လည်း စိတ်မကောင်းဖြစ်ရသည်။ တံမြက်လှည်းကုသိုလ်ကိုတော့ အားလျှင်အားသလို ယူခဲ့ သည်။

တစ်ရက် တံမြက်လှည်းကုသိုလ်ယူအပြီးအပြန် ချေးကလေးထွက်ပေါက် နှင့် တာပေါင်ရိုးအတိုင်း လျှောက်ခဲ့သည်။ တာပေါင်ရိုးက ရွာနှင့်ဝေးသည့်နေရာ ရောက်တော့ လက်ပံပင်တန်းရှိသည်။ အရွက်ချရိန်မို့ လက်ပံပင်ကြီးတွေက ခြောင် ဘလင်းခါလျက်။ အရွက်မဲ့ ရိုးတံချည်း ရှည်မျောမျော ငေါ်ရေးရာနှင့် သစ်ပင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



မတူဘဲ သစ်ကိုင်းခြောက်တွေက အရိုးစုကြီးတွေနှင့် တူနေလေ၏။ နည်းနည်းကလေး ဆေးပေးသိ ထိုနေရာအထိ လျှောက်ရန် မပုန်းရည် စိတ်ကူးထားခဲ့သည်။ ကွင်းလေထ တရှုရှု။ ကောက်နံ့က တသင်းသင်း။ မပုန်းရည်က တစ်ယောက်တည်း ခြေညောင်း လတ်ဆန့်လျှောက်ရင်း တွေးမိတွေးရာ တွေးသည်။ အင်ဂျင်နီယာ ကိုမျိုးသွင် ရောက် မလာတာ ကြာပြီ။ ခရီးသွားနေတာများလား။ ရွာထဲမှာ သတင်းဖြစ်လိုက်တာကို ကြားလို့ပဲ မပုန်းရည်ကို မျက်နှာပူရော့လား။

"ဆရာမ ဘယ်တုံး…"

"ဩော်…မအေးလှပါလား…ဘယ်ရယ်မဟုတ်ပါဘူး လျှောက်တာပါ ကနေ့ ကျောင်းပိတ်လို့လေ…ဘယ်က တက်လာတာတုံး…"

မအေးလှက ရွာစွန်မှာနေသူ ဖြစ်သည်။ အခုလည်း တာရိုးပေါ်ကို အောက်ခြေ ဘက်ဆီက တက်လာသဖြင့် မေးခြင်းဖြစ်သည်။ မအေးလှခေါင်းပေါ်မှာ ခြင်းကြား တောင်းတစ်လုံးကလည်း ရွက်ထားသေးသည်။ ခြင်းကြားတောင်းထဲမှာ တက်ပြားပင် တွေ အတွေးလိုက် မောက်လျှံနေသည်။ ဝက်စာကျွေသည့်အပင်တွေဆိုတာ မပုန်းရည် သိပါသည်။ ထမင်းဟောင်းဟင်းဟောင်း၊ ဖွဲ့အနည်းငယ်နှင့် တက်ပြားပင် နုတ်နုတ် စဉ်းကို ရောမွှေကာ ဝက်ကျွေးလေ့ရှိကြသည်။ သည်လို တက်ပြားပင်သန်ရာ နေရာ တွေမှာတော့ ဝက်စာရိတ်ကြသူတွေ ရှိတတ်သည်။ လယ်အလုပ်လုပ်ကြရင်း တစ်ဖက် က ဝက်အဖုက်မွေးလေ့ ရှိကြသည်။ တစ်ဖက်တစ်လမ်းက ဝင်ငွေရတာဆိုတော့ ဝင်ပန်းသော်လည်း လုပ်ကြရသည်သာ။

"ဆရာမရေ သည်လိုပါပဲ…ဝက်စာရိတ်ရတာလေ…ဆရာမတို့လိုဘဝမျိုး လိုချင်ပါ့…တစ်ကိုယ်ရေတစ်ကာယ ကိစ္စငြိမ်းလိုက်တာ…"

မပုန်းရည်က ပြုံးပြလိုက်သည်။

"တစ်ကိုယ်ရေတစ်ကာယ ဆိုပေမယ့် ပင်ပန်းတာပါပဲရှင်…မိဝေးဖဝေး နေရတယ်…မိုးလင်းက မိုးချုပ် စာသင်ရတယ်…ဝက်စာသာ မရိတ်ရတာ ဝက်စာရိတ်သလောက် ပင်ပန်းပါတယ်ရှင်"

မအေးလှက ခြင်းကြားတောင်းကြီး နင့်နေအောင် ရွက်ထားသဖြင့် အားနာ ရောကောင်းသည်။ စကားကို တိုတိုဖြတ်ပြီး ရှေ့ဆက်ဖို့ ခြေလှမ်းပြင်ရပါ၏။ မအေးလှ က စကားကျန်နေသလို မသွားသေးဘဲ ရပ်နေသဖြင့် မပုန်းရည်လည်း အသာရပ် နေရပြန်သည်။ မအေးလှမျက်နှာက ညှိုးသွားရာက မပုန်းရည်အနား တိုးလာခဲ့သည်။



"ဆရာမကို ပြောစရာရှိလို့…ပြီးခဲ့တဲ့ ဆယ်ရက်လောက်ရှိမလားဘဲ ည ဘက် ကျွန်မ တပိုတပါးသွားတုန်း…ဟို…ကျွန်မတို့က အိမ်သာမရှိကြ ဘူး ဆရာမရဲ့…ကွင်းထဲ သွားကြတာ…ကန်တော့ပါရဲ့…အဲဒါ လူ တစ်ယောက်ရယ် သရဲခြောက်တဲ့ ပေါက်ပင်ဘက် ကလေးအလောင်း သွားမြှုပ်တာ ကျွန်မ မြင်လိုက်ရတယ်…တစ်ယောက်တည်း မွေ့လာတာ ကျွန်မနဲ့ ဒက်ထိတိုးတာ ဆရာမရေ့…"

"အဲဒါ ဘာဖြစ်လို့လဲ မအေးလှ…"

"အိုတော် ဆရာမနှယ်…ရွာထဲမယ် ကလေးသေတယ် မကြားမိလို့ ထူးဆန်း တာပေါ့…ပြီးတော့ ညဘက်ကြီး…ကျုပ်က ဘယ်သူ့မှ မပြောရဲဘူး…အမှုထဲ ပါမှာစိုးလို့…မွေးပြီး သေလို့ ပစ်တာထား…ကလေးသေရင် သည်လိုပဲ မြှုပ်ကြတာပါပဲ…ဒါပေသိ အရှင်မွေး အသေမွေး မသိဘဲ မြှုပ်တာ လူကြီး တွေ အသိပေးရတယ်မဟုတ်လား ဆရာမရဲ့…"

"ဟုတ်ရဲ့လား မအေးလှရယ်…အဲသည်နားမြှုပ်တာ မြင်လို့လား…"

"တူးတာ ဆွတာတွေ ဘာတွေထိတော့ ကျုပ်လည်း ဘယ်သိပါ့မလဲ ဆရာမ ရဲ့…ပေါက်ပင်ခြေ ဆင်းသွားတာပဲ…ကျွန်မလည်း ချက်ချင်းထပြေးတာ ပဲ…ညဉ့်နက်ပေါ့ဟာ"

"ရွာထဲက မွေးကာစ ကလေးတစ်ယောက် ဖိတ်စင်တာဖြစ်မှာပါ…ကျွန်မ တို့ မသိကြလို့နေမှာပေါ့…"

"သွားမနှော ဆရာမ…ကျုပ်က ပြောချင်တာရယ်…အူကို ယားနေတာ သူများလည်း မပြောရဲဘူး…တွေ့တာက ကိုယ်ဆိုတော့ အမှုပတ်မှာ ဆရာမ ရဲ့…ဆရာမမို့ တိုးတိုးပြောဝံ့တာ"

မအေးလှက တောင်းရွက်ထားသည့်ကြားက သတင်းပေးသွားလို့ မပုန်းရည် ပြုံးမိရသည်။ ရွာမှာ ဘုရားဆင်းတုတော် ပျောက်တော့လည်း ကျောင်းဆရာမကို ခေါ်နိုင်းကြသည်။ ကလေးသေမွေးလို့ မြှုပ်တာတွေ့တော့လည်း ဆရာမတော့ ပြောမှလို့ စိတ်ထဲထားကြသည်။ ဒါကို မပုန်းရည် နားလည်ပါသည်။ သူတို့ဉာဏ်နှင့် စဉ်းစား၍ ခက်တာကို ဉာဏ်ရှိသူလို့ ယူဆခြင်းခံရသူကို ပြောလျှင် တစ်စုံတစ်ရာ ဖွားခေါ် ထက်လိမ့်မည် ထင်ကြ၍ဖြစ်သည်။ မအေးလှပြောသည့်သတင်းက သေချာသားရိုးလည်း ဖြစ်နိုင်သည်။ မရိုးမသားလည်း ဖြစ်နိုင်သည်။ လက်ပံပင်အုပ်နား ရောက်သည်အထိ လျှောက်လာမိပြီ။ လူရိပ်လူခြေ မရှိ။ လယ်ကွင်းတွေကို လှမ်းကြည့်ရင်း ခောင်းတုန်းကျို

www.burmeseclassic.com

www.burmeseclassic.com



သတိရသည်။ အဘိုးလေး နေမှကောင်းရဲ့လား။ စာမေးပွဲကြီးပြီးလျှင်တော့ ရွာကိုတိုင် မဆန်ရအောင် ထိုးဝါးထောက်ပြန်မည်။ အဖေတို့ အမေတို့ဆီ သုံးလေးရက်တော့ နေမှ။ စိတ်ရောက်တော့လည်း လွမ်းရသား။

မပုန်းရည် ပြန်လျှောက်လာခဲ့သည်။ အိမ်ရောက်တော့ ချွေးတွေ နင့်နေပြီ။ တအောင့်နားပြီး ရေးချိုးသည်။ နေ့ခင်းစာ စားပြီး ခဏလှဲရပါ၏။ လှုပ်လှုပ်ရှားရှား လုပ်လိုက်လို့လားမသိ မပုန်းရည် အိပ်ပျော်သွားခဲ့သည်။ အိပ်ရာက နိုးတော့ ဘုန်းကြီး ကျောင်းဘက်ဆီက ကြေးမောင်းထိုးသံ ကြားလိုက်ရသည်။ နာရီပြန်နှစ်ချက်တီး ကြေးမောင်း။ မပုန်းရည် လှဲနေရာက ထကာ ပြတင်းပေါက်မှာ သွားရပ်သည်။ လယ်ကွင်းစပ်မှာ မန္တလေးဘက်ဆီက လာသော နေ့ခင်းရထားကြီး ခုတ်မောင်းသွား တာ တွေ့လိုက်ရသည်။ ညနေ လေးနာရီ ငါးနာရီလောက် မတ္တရာဘက်ဆီက အပြန် မှာတော့ ရထားလမ်းဘေး တာဝန်ကျ ဆရာမကလေးတွေကို တင်ဆောင်သွားလိမ့် မည်။ မပုန်းရည်က ရထားကြီး မြင်ကွင်းထဲက ပျောက်ကွယ်သွားသည်အထိ ငေးနေ ခဲ့သည်။

မပုန်းရည်စိတ်ထဲမှာ ဖော်ထုတ်လို့မရသော အာရုံတစ်မျိုး ကပ်ငြိနေသလိုပင် ... ရယ်လို့တော့မသိ။ အထူးသဖြင့် ဘုန်းကြီးကျောင်း စေတီတော်က ဆင်းတုတော် ပျောက်သည့်နောက်ပိုင်း ဆရာတော်ကြီး နှုတ်နည်းသွားတာကို မပုန်းရည် သတိ ထားမိသည်။ မပုန်းရည်ကိုမှ မဟုတ်ပါ။ ရွာက လူတွေကိုလည်း ခါတိုင်းလို ရွှင်ရွှင် ပျပျ တရားပြတာမျိုး၊ ဆူတာ ငေါက်တာမျိုး၊ ရယ်လားမောလား စကားစမြည် ပြောတာမျိုး နည်းသွားတာ အမှန်ပင်။ ဒါကို မပုန်းရည် ကျောင်းဘက် ထမင်း သွားစားတိုင်း သတိထားမိသည်။ ခါတိုင်းဆိုလျှင် မပုန်းရည် ထမင်းစားပြီးလို့ ဝတ်ပြုပြီး လျှင် တစ်ကြောင်းမဟုတ်တစ်ကြောင်း အကြောင်းအရာတစ်ခုခုကို မိန့်နေကျ သည်ဘက်ရက်တွေမှာ ဆရာတော်ကို ဖူးရခဲသည်။

ဒါကို လေးပန်းဆီကလည်း ရိပ်မိပုံရသည်။ ဘိုးကြီးတို့အိမ် ရောက်လာ တာ ရေနွေးသောက်ရင်း ဆရာတော် စိတ်ဆင်းရဲနေကြောင်း ပြောနေခဲ့သည်။ ကိုကြာစွယ်ကတော့ သည်ဆင်းတုတော် ရွာထဲမှာပဲ ရှိဦးမည်ထင်သည်တဲ့။ ဘိုးကြီးက သူ့သားကို ငေါက်သည်။

"မင်းနှယ်ကွာ...သူခိုးက ရွာထဲ ဖွက်ပါ့မလားကွ...ညဘက် လာခိုး ကတည်းက ဂုန်နီအိတ်နဲ့ထုပ်ပြီး ယူသွားရုံပေါ့...ရွာပြင်မှာ လှည်းရှိရင် တင်သွားနိုင်တာပဲ...ဉာဏ်တော် တစ်တောင်သာသာကွာ...ပုဆိုးစုတ်နဲ့ ပတ်ပြီး ပွေ့သွားတောင် ဖြစ်တယ်"



"အဖေက ပြောတော့ လွယ်လိုက်တာဗျာ...ငှက်ပျောခိုင် ခိုးခုတ်သွားတာ မဟုတ်ဘူးဗျ...ဆင်းတုတော် ခိုးရတာ...ချက်ချင်းမယူဝံ့ဘူးရယ်...ရွာထဲက အိမ်တွေရှာရင် တွေ့နိုင်ပါ့ဗျာ"

သည်စကားဝိုင်းလေးမှာ မပုန်းရည် ရှိနေသော်လည်း သဘောထားမပေးခဲ့။ ...ရွာနှင့်သူ့အကြောင်း နေရာတကာ ထင်မြင်ချက်ပေးလို့ မကောင်းနိုင်။ လူဆိုး ...ကောင်း ခွဲဖို့ခက်သည်။ ခိုးသူက တစ်ယောက်၊ တစ်ရွာလုံးကိုရှာလျှင် စိတ်ဝမ်းတွေ ...နိုင်သည်။ တစ်ခုရှိသည်။ ကိုကြာစွယ်ပြောသလို ရွာရိပ်ဝန်းကျင်က ရုတ်တရက် ...တ်သွားဖို့ဆိုတာတော့ မလွယ်။ ညတွင်းချင်း ခိုးထုတ်သွားရင်တော့ကော။ ဒါလည်း ...နိုင်သည်။ လေးပန်းဆီ ပြန်သွားတော့ ဘိုးကြီးတို့နှင့် စကားမပြတ်သဖြင့် မပုန်းရည် ...ပေါ်မတက်နိုင်ဘဲ ရေးဟောင်းနှောင်းဖြစ်တွေ ကြားနာနေခဲ့သည်။ ကိုကြာစွယ် ...E စကားဝိုင်းက ခွာကာ ရွာထဲ ထွက်သွားခဲ့ပြီ။ အတော်ကလေး အေးလာတော့ ...ကြာဥနှင့် မပုန်းရည် အိမ်ပေါ်တက်လာခဲ့ကြသည်။

ညသည် တိတ်ဆိတ်လျက်ရှိ၏။ သိပ်ကြီး ည၌မနက်လှသေးသော်လည်း ...အေးခတ်ကြောင့် ရွာကလေးသည်ပင် အအေးမိဟန်ရှိသည်။ လှသံသူသံရယ်လို့ ...ကြားရတော့။ အနွေးခတ်ကလေးယူရန် စောင်ခြုံထဲ ခွေနေလောက်ကြပြီ။ ...ာ်တော်ကြီးကြာတော့မှ ကိုကြာစွယ် ပြန်လာသံ ကြားရသည်။ အိမ်အောက် ...တ် စဥ့်အိုးထားသည့်နေရာဆီက ခြေဆေးသံ ကြားရလို့ဖြစ်၏။ မကြာဥကတော့ ...ခေါင်းမောပင် ကျနေပေါ့။ မပုန်းရည်က မှန်အိမ်ကို ငြိမ်းဖို့ပြင်သည်။ တကယ်တမ်း ...တော့ မငြိမ်းဖြစ်ဘဲ စဥ်းစားခန်းဝင်နေခဲ့သည်။ ထိုစဥ်မှာပင် စိတ်စနောင့်စနင်း ...ဖြစ်နေသော ခံစားမှုက ပွင့်ထွက်သွားခဲ့သည်။

"အဲသလိုများ ဖြစ်နေမလား..."

မပုန်းရည်က မှန်အိမ်မီးစာကို မြှင့်လိုက်တော့ ပိုလင်းသွားသည်။ မကြာဥကို ...လိုက်သည်။ မကြာဥက နှစ်နှစ်မြိုက်မြိုက် အိပ်ပျော်နေသဖြင့် မနည်းနှိုးယူရသည်။ ...ာ်စိစုံပွတ်ကာ မပုန်းရည်ကို အလန့်တကြားကြည့်လေ၏။

"ဆရာမ ဘာလဲ...ဘာဖြစ်လို့လဲ...အောက်ဆင်းချင်လို့လား..."

"မဟုတ်ဘူး မမလေးရဲ့...ကိုကြာစွယ်ကို ခေါ်ပေးစမ်းပါ...မအိပ်လောက် သေးဘူး...စောစောကမှ ပြန်ရောက်လာသံ ကြားတယ်"

"ကြာစွယ်...ဘာဖြစ်လို့လဲ..."

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ပါဘူး…ပြောစရာရှိလို့…လာ လာ မမလေး…ကျွန်မတို့ ဆင်းလိုက်ရအောင်…"

မကြာဥက ဘာမှန်းမသိဘဲ ဆင်းလိုက်လာခဲ့သည်။ ဘိုးကြီး ဘွား… တို့တော့ အိပ်လောက်ပြီ။ ကိုကြာစွယ်ဂေဟာဖြစ်သော စပါးကျီဝကိုရောက်တော… မကြာဥက ခေါ်သည်။ အစ်မခေါ်သံကြားတော့ ကိုကြာစွယ် အပေါက်ဝကို ထွက်လာ… သည်။ သူ့တင်းကုပ်မှာ မီးထွန်းထားသဖြင့် သနပ်ခါးတွေ ပိန်းနေအောင် လိမ်းထား… အဖွေးသား မြင်နေရသည်။ အရေးထဲ မပုန်းရည်ပင် ရယ်ချင်သွားခဲ့သည်။ ကိုကြာစွ… က ညဘက် သနပ်ခါးလိမ်းအိပ်ပုံရသည်။ အသားကလေးလတ်အောင် လိမ်း… ထင်ပါရဲ့။ သည်လိုတော့လည်း လှချင်သားပါလား။

"ဘာတုံးဟ…"

"ဆရာမရယ်…နင့်ကို စကားပြောချင်လို့တဲ့"

"ညကြီးဟာကို…ဘာစကားများမို့ပါလိမ့်ဗျာ"

"ဟဲ့…စကားပြောစရာရှိပါတယ်ဆိုမှ ညရယ် မနက်ရယ် ခွဲလို့ရမလား ဟဲ့…လာ အပြင်ကို…အံမယ် ငါ့သနပ်ခါးတွေတော့ ကုန်ပါပြီ"

ဆရာမ ပါလာသည်ဆိုတော့မှ ကိုကြာစွယ် ပါးပေါ်မှာ သနပ်ခါးပိန်ကြ… နှင့် ခိုးထုပ်ခိုးထည်မိသလို ပျာသွားသည်။ သည်ကြားထဲ မကြာဥက ငါ့သနပ်ခါး… တော့ ကုန်ပါပြီဆိုတော့ ပုဆိုးခါးပုံစနှင့် သနပ်ခါးတွေ ပွတ်ပစ်တော့သည်။ ညဘက် အလှပြင်တာ မသိစေချင်လို့ ဖြစ်သည်။

"ကိုင်းပါရှင်… လိမ်းထားတာ ဖျက်ရတယ်လို့…သည်လို ကိုကြာစွယ် ကျွန်မခေါင်းထဲ အတွေးဝင်လာလို့ လေးပန်းဆီကို ခေါ်ပေးစမ်းပါ… သူတစ်ယောက်တည်း ခေါ်ခဲ့နော်…အရေးကြီးတယ်"

"သည်အချိန်ကြီး ရွာထဲသွားရင် ခွေးတစီစီ ဖြစ်တော့မှာပဲ"

"သွားပါဟယ်…နင့် ဘယ်ခွေးမှ မဟောင်ပါဘူး…နင်မသွားရဲရင် ငါလိုက် ခဲ့မယ်"

"မလိုက်နဲ့…မလိုက်နဲ့…ငါသွားမယ်"

မပုန်းရည်နှင့် မကြာဥတို့က အိမ်ရှေ့ တန်းလျားခုံမှာပဲ ထိုင်စောင့်နေ… သည်။ မကြာဥက ဘာမှန်းမသိဘဲ နိုးလာရသော်လည်း မပုန်းရည်က အရေးကြီးတယ် ဆိုတော့ မျက်လုံးပင် ပြန်ကြောင်သွားသလို လန်းဆန်းနေသည်။ ခဏနေတော့



…လေးပန်းဆီနှင့် ကိုကြာစွယ်တို့ ပြန်ရောက်လာကြသည်။ လေးပန်းဆီက ငါးတောင့် …ိုး စောင်မီးတဝင်းဝင်းနှင့်ဖြစ်၏။ ခေါင်းပေါင်းကြီးက နဖူးရော နားရွက်ပါအုပ်မိုး …ခေါင်းလာသည်။ မျက်နှာချင်းဆိုင် တန်းလျားခုံမှာ ထိုင်မိကြတော့ မပုန်းရည်က …အေးလှ မနက်က ပြောလိုက်သည့် ကလေးအလောင်းမြှုပ်သည့်ကိစ္စကို ပြောပြသည်။ …အေးလှနာမည်တော့ မထည့်ပါ။

"ကျွန်မ စဉ်းစားမိတာက ကလေးအလောင်း မဟုတ်လောက်ဘူး ထင် တာပဲ…ဟုတ်ချင်မှတော့ ဟုတ်မယ်…ပျောက်သွားတဲ့ ဆင်းတုတော်က တစ်တောင်သာသာဆိုတော့ လက်နှစ်ဘက်နဲ့ ပွေ့လာတာ ဆင်းတုတော် ဖြစ်နိုင်တာပဲ…အမှောင်ထဲက ခပ်ဝေးဝေးကို လှမ်းကြည့်လို့သာ ကလေး အလောင်း ပွေ့လာတယ် ထင်တာနေမှာလို့ ကျွန်မ တွေးမိလို့ပါ…ကျွန်မ တော့ သရဲပေါက်ပင်တွေဘက် သွားကြည့်ချင်တယ်"

"ဆရာမဟာက ဆယ်ရက်လောက်ကဆိုတော့ ဟုတ်တယ်ထားဦး… ဘယ်ရှိတော့မှာတုံး…ရွှေ့သွားရောပေါ့…သရဲပေါက်ပင်ဘက်ကို ညဘက် လူသွားဝံ့တာမဟုတ်တော့ သူခိုးက အေးအေးဆေးဆေး လုပ်လို့ရပါ့ဗျာ"

ကိုကြာစွယ်ပြောတာလည်း ဖြစ်နိုင်ပါ၏။ လေးပန်းဆီကတော့ ငြိမ်နေ …သည်။ စဉ်းစားနေပုံပင်။ သတင်းတစ်စ ကြားရတာကိုပဲ ကျေနပ်နေပုံလည်း …သည်။ ဘာပဲဖြစ်ဖြစ် သွားကြည့်တာ အကျိုးမယုတ်နိုင်။ လေးပန်းဆီက ကိုကြာစွယ် …ို အဖော်စပ်သည်။ မကြာဥကတော့ မလိုက်ဝံ့ပါဆိုလို့ ကိုကြာခွက်ကို သွားနှိုးဖို့ …တ်ကူးကြသည်။ လေးပန်းဆီက လူတွေကတစ်ဆင့် သတင်းပေါက်မှာကိုလည်း …သည်။ သူနှင့်ကိုကြာစွယ်ပဲ သွားမည်။ မပုန်းရည်က လိုက်မည်ဆိုတော့ တားရှာ …ည်။ မပုန်းရည်က လက်မခံဘဲ လိုက်မည်ဆိုတော့ နောက်ဆုံး ဆရာမသဘောပဲဟု …ကြလေ၏။ မပုန်းရည် လိုက်မည်ဆိုတော့ မကြာဥလည်း မနေသာတော့။ လိုက်ဖို့ …ရသည်။ ကိုကြာစွယ်က လက်နှိပ်ဓာတ်မီးနှစ်လက် ယူလာပြီး မပုန်းရည်ကို …စ်လက်၊ သူတစ်လက်ကိုင်သည်။ ရွာထဲက ထွက်လာကြတော့ ညဉ့်ဇင်နက်ပြီ။ …ပန်းဆီက သူ့ငါးတောင့်ထိုးဓာတ်မီးကြီးနှင့် နောက်က။ ကိုကြာစွယ်က ရှေ့က …န်းရည်နှင့် မကြာဥတို့က အလယ်က။

တောရွာ၏ ကွင်းလေက ရှင်းသန့် အေးမြလှပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ပင် လေတိုးသံက မြည်လှပါသည်။ တစ်ကွင်းလုံးမှာ ပေါက်ပင်တွေ အခြားခြား ပေါက်နေကြတာ ရှိသည်။ ပေါက်ပင်အုပ် ဟိုဘက်မှာတော့ နတ်ရေကန် ကြီးရှိသည်။ မပုန်းရည်က နတ်ရေကန်ဘက် လှမ်းမျှော်ကြည့်သော်လည်း ညာ မြေတွေသာ သိုင်းသိုင်းဆိုင်းဆိုင်း မြင်ရသည်။ ပေါက်ပင်အုပ်ထဲက သရဲပေါက်ပင်အား တို ဖုံဆင်းခဲ့ကြတော့ အတန်ငယ် နိမ့်ဆင်းသွားသော မြေအနေအထားကို တွေ့ ရသည်။ သည်နေရာမှာ လူခိုနေလျှင် ကွင်းထဲက မမြင်နိုင်ပါ။ လေးပန်းဆီက ပေါက်ပင် ခြေမှ နိမ့်လျှောတစ်လျှောက် သူ့ခတ်မီး တဝင်းဝင်းနှင့် ထိုးရှာသည်။ မြေတူး ရှာခြင်းဖြစ်၏။ မြေတူးရာ လတ်လတ်ဆတ်ဆတ်ရယ်လို့တော့ မတွေ့ရ။ ကိုကြာစွယ် ကလည်း ခတ်မီးထိုးရင်း ငန်းတိုက်ရှာသည်။ မရှိ။ မသင်္ကာလောက်သည့် ခြေရာ လက်ရာ ပျက်တာမျိုး မရှိ။ မပုန်းရည်ပင် စိတ်ခတ်ကျသွားခဲ့ရသည်။ စိတ်ကူးကလေး များ တည့်လေမလား တွေးခဲ့ရတာ အမောပဲ အဖတ်တင်ပါပကော။ မအေးလှပြော တာလည်း မှန်နိုင်ပါ၏။ ရက်တွေ ခြားလွန်းလှပြီဆိုတော့ ဟုတ်လျှင်တောင်မှ ကုန်ခဲ့ လောက်ပြီ။ မပုန်းရည် ထင်ခဲ့သလို မြေကျင်းတူးပြီး မြှုပ်တာ မဖြစ်နိုင်။

"ကျင်းတူးမြှုပ်တာမျိုးတော့ တူးရာ ခွရာရယ်လို့ မရှိဘူး ဆရာမရဲ့ သည်ဘက်ကို ဆင်းပြီး လူအကာအကွယ်ယူပြီး တစ်ဘက်ကို ထွက်သွား တာနေမှာပဲ…ဘယ်ဘက်ကို သွားနိုင်မလဲ စဉ်းစားတော့ ဟိုဘက်က နတ်ရေကန်ဘက်တော့ သွားစရာ မရှိဘူး…ပိတ်နေတာကိုး… သွားချင် သွားရင်တော့ ဟိုဘက်ထွက်ဖို့ရှိတယ်"

လေးပန်းဆီက ခတ်မီးဖြင့် တစ်ဘက်ကို ထိုးပြသည်။ ကိုကြာစွယ်ကတော့ တာပေါင်ဘက်က ဆင်းသော လမ်းအတိုင်း တစ်လျှောက်လုံး ခတ်မီးထိုးရှာသည်။ မပုန်းရည်တို့နှင့် ခပ်ဝေးဝေးမှာ။ လေးပန်းဆီလည်း ပေါက်ပင်ခြေမှာ ခဏထိုင်သည်။ မပုန်းရည်နှင့် မကြာဉတို့က မထိုင်ကြဘဲ ကိုကြာစွယ်ကို စောင့်နေကြသည်။ ကိုကြာစွယ် လာလျှင် ပြန်ကြရုံ။ ကိုကြာစွယ် ရောက်လာတော့ လက်ထဲမှာ စံပယ်ပန်းခြောက်အမှုန် တစ်ထွေးကြီး ပါလာခဲ့၏။

"ဟောသည်မှာဗျား…စံပယ်ပန်းခြောက်တွေ…ဆင်းတုတော်လည်ပင်းက ချိတ်ဆွဲပူဇော်ထားတဲ့ စံပယ်ကုံးတွေနေမှာပဲ…ဘာရှိလိမ့်မတုံး…သူ့မှာ ပန်းကုံးဖြုတ်ချိန်မရဘဲ ပိုက်လာတာနေမှာ…တစ်လမ်းလုံး ဖြုတ်လို့ဖြုတ်ချ ပါလာရာက သည်နားကျမှ ကြိုးတွေပြတ်ပြီး ပြုတ်ကျတာ သေချာပါတယ်… ဘုရားဆင်းတုတော် ဟောသည်နားရောက်တာ သေချာပြီဗျာ…ကိုင်း"



လေးပန်းဆီက ခြောက်ရှုနေသည့် စံပယ်ပန်းကုံးခြောက် အထွေးထွေးကို ကိုင်ကြည့်ရင်း ခေါင်းညိတ်သည်။ ဆရာမပြောတာ မှန်ပြီ။ ကြာစွယ်တွေးတာ ဟုတ်နေပြီ။ မပုန်းရည်ခမျာ စိတ်ကူးလွဲပြီ ထင်ခဲ့ရာက တစ်ဝက်တော့ မှန်ပြီလို့သာ အောက်မေ့ရတော့သည်။ ဘာပဲဖြစ်ဖြစ် လမ်းကြောင်းတွေ့ပြီ။ ဆင်းတုတော် မတွေ့ သော်လည်း မသမာသူက သည်ဘက်အထိ သယ်ယူလာတာကိုကြည့်လျှင် ဝင်လမ်း ထွက်လမ်းရှင်းသည့်ဘက်ကို ရွေးတာ သေချာပြီ။ လေးပန်းဆီပြောသလို ရေကန် ဘက်တော့ မသွားနိုင်။ ဆင်းတုတော်ကြီးတစ်ဖက်နှင့် ရေကန်ကိုပတ်ပြီး လျှောက် နေမှာမဟုတ်။ သို့သော် နည်းနည်းကလေး ဘေးဘီကို လိုက်ကြည့်တော့ စံပယ် ပွင့်ခြောက်အချို့က ရေကန်ဘက်ကို သွားရာလမ်းမှာ တစ်ပွင့်ကြွေ နှစ်ပွင့်ကြွေ ရှိနေ ကြသည်။

"ကျောင်းပေါ် ရွှေ့ပူဇော်ထားတဲ့ ဆင်းတုတော်သုံးဆူမှာလည်း စံပယ်ကုံး တွေ လည်ပင်းမှာဆွဲပြီး ပူဇော်ထားတာဆိုတော့ ကိုကြာစွယ်ထင်တာ အမှန် ပါပဲ…ဟောသည်နားအထိတော့ ခြေရာခံမိပြီ…ဆက်လိုက်ရမှာပေါ့… ထူးဆန်းတာက ရေကန်ဘက်ကို ဆက်လျှောက်ပုံရတယ်နော်…ဘယ်လို ဖြစ်လို့ပါလိမ့်…"

အပြန်ခရီးမှာ မပုန်းရည်က ပြောလိုက်ခြင်းဖြစ်သည်။ အိမ်ပြန်ရောက် ကြတော့လည်း တန်းလျားပေါ်ထိုင်ကြရင်း သည်အကြောင်းတွေကိုပဲ ပြောဖြစ်ကြ သည်။ လူစုခွဲကြလို့ ကိုယ့်အိပ်ရာကိုယ် အသီးသီး ရောက်ကြသော်လည်း မပုန်းရည် မှာ အတွေးတွေကြောင့် မအိပ်နိုင်။ ဖြစ်နိုင်လျှင် နောက်တစ်နေ့မှာ တစ်ယောက် တည်း တစ်ခေါက် သွားကြည့်ချင်သေးသည်။ စံပယ်ပန်းကြွေအချို့ နတ်ရေကန်ကြီး ဘက် သွားရာလမ်းတစ်လျှောက် ကျကျန်ခဲ့တာကို နားမလည်နိုင်၍ ဖြစ်ပါ၏။ မကြာဉကလည်း ချက်ချင်း အိပ်မပျော်ဟန်မတူ။ မပုန်းရည်ကို မေးနေသည်။

"ဘယ်သူကများ တစ်သက်လုံးက သူ့ဟာသူ ကိန်းဝပ်နေတဲ့ဘုရားကလေး ခိုးရပါလိမ့် ဆရာမရယ်…ကျွန်မတော့ နားမလည်ပါဘူး"

"တွေ့စေချင်ပါပြီ မကြာဉရယ်…ဆရာတော်ကြီး စိတ်ချမ်းသာစေချင်လို့ပါ"

ဆင်းတုတော်ကို မတွေ့၊ စံပယ်ပွင့်ခြောက်တစ်မွေ့နှင့်သာ ကျေနပ်ရတာ ကိုပဲ မပုန်းရည် စိတ်မကောင်းဖြစ်ရသည်။ နတ်ကောင်းနတ်မြတ်များ မစတော်မူကြပါ။

ဝ

www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်းတော့ ဆင်းတုတော်ရှာဖွေရေးသတင်းက ရွာထဲမှာ တစ်ခေါ် ထပြန်လေသည်။ တစ်ပတ်ကျော် နှစ်ပတ်လောက်က တစ်ပြောတည်းပြောခဲ့ကြသော သတင်းသည် မှိန်သွားရာက ပြန်လည်လူးလွန့်လာခဲ့သည်။ ဆရာမ မပုန်းရည်က သရဲပေါက်ပင်အောက်မှာ ရှိလောက်တယ်ဆိုလို့ သွားရှာကြရာက ဆင်းတုတော်ကို မတွေ့ဘဲ ပန်းပုဖော်ထားသော စံပယ်ပန်းခြောက်နှင့် ပန်းသီချည်မျှင်စတွေကို တွေ့ သည်ကစ၍ လေးပန်းဆီတို့ ရှာကြသည့်အဆုံး ထင်မြင်ချက်တွေ ဝေစည်လာကြခြင်း ဖြစ်၏။ ဒါဖြင့် ဆရာမ မပုန်းရည်က ဘယ်လိုကြောင့် ပေါက်ပင်အောက်မှာရှိတယ် သိရတာတဲ့ ဆိုတာကလည်း ပဟေဠိဖြစ်နေကြပြန်၏။ သွားရှာကြတာကလည်း ညကြီးသန်းလွဲ၊ ရှာဖို့ခေါ်သွားတာကလည်း လေးပန်းဆီနှင့် ကိုကြာစွယ်။ ကျောင်း ဆရာမနှင့် မကြာဥတို့ကလည်း မကြောက်မလန့် ပါသွားလေရဲ့ဆိုတာကလည်း ချီးမွမ်းကြတာလား၊ ကဲ့ရဲ့ကြတာလား။

"ဆရာမ ဉာဏ်ကောင်းတာကောအေ...သူမို့ တွေးတတ်ပလေ...ဉာဏ် နောက်ကျလို့ပေါ့အေ...နို့မို့ လက်ပူးလက်ကြပ်တောင် မိသေး...ညည်းနဲ့ တို့ရွာက ဆရာမ မစိန်တို့များ ကိုယ့်ရွာကိုယ့်ဘုရား သည်လိုဉာဏ်မထွင်း ပေါင်တော်...တစ်ရွာသူက ပူဖော်ရသေး..."

သည်လိုစကားတွေကိုလည်း မပုန်းရည် ကြားရလို့ မမစိန်ကို အားနာ ပြန်သည်။ ရိုးသားကြသူတွေဆိုတော့ တွေးမိတွေးရာကို ပြောချင်သလို ပြောကြခြင်း ဖြစ်သည်။ မပုန်းရည်ကို ကျေးဇူးတင်ကြသူတွေကတော့ များလှပါ၏။ မပုန်းရည်က မအေးလှကို မျှော်ထားသည်။ မအေးလှပြောသည့် ကလေးအလောင်း မျှော်သည် ဆိုသည့်စကားအပေါ် မပုန်းရည်က ဖြစ်နိုင်ချေကို တွေးမိခြင်းဖြစ်ရာ ပြဿနာ မအေးလှ မပါစေချင်။ ဆင်းတုတော် ပိုက်လာသူကို တွေ့ပါလျက်နဲ့ မပြောရန်ကော ဆိုတာတွေ မအေးလှအပေါ် သတ္တုကျမှာ စိုးသည်။ မအေးလှမှာ သည်အချိန်အထိ ကလေးအလောင်းလို့သာ ထင်နေရှာပါ၏။

မပုန်းရည်က မနက် ကျောင်းမသွားခင် ကိုကြာစွယ်ကို နတ်ရေကန်ဘက် သွားရာလမ်းမှာ စံပယ်ပွင့်ကြွေကလေးတွေ ရတာ ထူးခြားကြောင်း၊ အားလျှင် လိုက် ကြည့်စေချင်ကြောင်း၊ ဟကယ်ပဲ ရေကန်ဘက် သွားသလား သေချာချင်ကြောင်း ပြောပြသည်။ ကိုကြာစွယ်က သွားကြည့်မည်ဆို၏။ မပုန်းရည်က သွားလျှင် ကျောင်း ဝင်ခေါ်ပါဆိုတာကိုတော့ အတန်တန်ငြင်းလေသည်။ မပုန်းရည်နှင့် နှစ်ယောက်တည်း နတ်ရေကန်ဘက် သွားသတဲ့ဖြစ်မှာ စိုးပုံရပါ၏။ ဆရာမ မလိုက်စမ်းပါနဲ့ဗျာ—



ကျုပ်ဟာကျုပ် သွားကြည့်ပါ့မယ်ဆို၏။ ပြောသာပြောရတာပါလေ၊ သွားရမည့်ခရီးက အဝေးသား။

ထိုနေ့လယ်က ဆရာတော့်ကျောင်း ရောက်တော့ ဆရာတော်က ခါတိုင်း ဆင်မတူ။ စကားစမြည် ပြောတော်မူသဖြင့် မပုန်းရည် ဝမ်းသာရပါ၏။

"ဟိုရက်က ဘုန်းကြီး အားကြီးစိတ်ဆင်းရဲတယ်...ဘယ့်နှယ်...လူတွေ က ဘုရားဆင်းတုတော်တောင် ခိုးယူကြရတယ်လို့...ဘုန်းကြီး မကြား ဖူးဘူး...စိန်ပါလို့ ပတ္တမြားပါလို့ဆိုရင်လည်း ထားတော့...အခုတော့ ဘုန်းကြီး တရားနဲ့ဖြေတယ်...လေးဆူစလုံး မပျောက်တာ ကံကောင်း တယ်လို့ ဖြေရတယ်"

"တစ်ဆူပျောက်ပေမယ့် လုံးတော် ဉာဏ်တော်တူတစ်ဆူ မန္တလေးမှာပြီး ပူဇော်ကြမှာပေါ့ဘုရား...ပြီးရင် စေတီတော်မှာ ပြန်ကိန်းဝပ်ရင် သပ္ပာယ်မှာ ပါဘုရား...သံတံခါးတပ်ရင် လုံခြုံပါတယ်ဘုရား"

"အာ...မလုပ်နဲ့ ကျောင်းဆရာမ...ဘုရားကို အချုပ်ထဲထည့်ထားသလို ဖြစ်နေမယ်လေနော...မလုပ်နဲ့...ကျုပ်က သည်လိုစိတ်ကူးတယ်...စေတီ တော်များက တန်ဆောင်းကို သတင်းသုံးဖြစ်အောင် ပြင်ပြီး ကိုရင်ကြီးတွေ ညဘက် ကျိန်းခိုင်းရမှာပေါ့...သူခိုးမကပ်နိုင်တော့ဘူး...ဟုတ်လား..."

"စိတ်ကူးကောင်းလှပါ့ဘုရား..."

ဆရာတော်ကြီး ရွှင်လန်းတော်မူတော့လည်း စကားတွေ အမိန့်သား။ မပုန်းရည် ကျောင်းပြန်ရောက်ပြီးလို့ စာသင်နေခိုက် ကိုကြာစွယ်နှင့် မောင်စံအေးတို့ နှစ်ယောက် ကျောင်းဝကို ရောက်လာခဲ့ကြသည်။ ကိုကြာစွယ်က တစ်ယောက်တည်း ကျောင်းကို မလာရဲသဖြင့် မောင်စံအေးကို ခေါ်လာခြင်းဖြစ်လိမ့်မည်။ မောင်စံအေးက ကိုကြာစွယ်တို့နှင့် တူဝမ်းကွဲတော်သူဖြစ်သည်။ မောင်စံအေးက ခါးပုံစထဲ ထည့်ယူ လာသော အပ်ချည်ကြိုးစတစ်စကို အသာထုတ်ယူကာ မပုန်းရည်ကို ပေးသည်။ အပ်ချည်ကြိုးစမှာ စံပယ်ပွင့်ခြောက် နှစ်ပွင့်က ပြုတ်တည်းတည်း ချိတ်လျက်ရှိ၏။ အပ်ချည်မျှင်ကတော့ အရှည်သား။ ဘယ်ကများ ရလာတာပါလိမ့်။

"နတ်ရေကန်ထိပ်မှာ ကျနေတာဗျား...ကျုပ်တို့တော့ နားမလည်နိုင်ဘူး ရယ်...ကျုပ်တို့က တစ်ဖက် လမ်းသာတဲ့ဘက် ထွက်ကခဲ့ရအောက်မေ့ သာ...ဘယ့်နှယ့် ရေကန်ထိပ်အထိ ပန်းတွေ တွေ့ရတာလို့..."

www.burmeseclassic.com



"ကျွန်မက ထင်လို့သွားခိုင်းလိုက်တာ…အားနာပါရဲ့ ကိုကြာစွယ်ရယ် မောင်စံအေးကောပေါ့…ကျေးဇူးတင်ပါတယ်ရှင်…"

မပုန်းရည်က အပ်ချည်စကလေးကို စာသင်ခန်း ဘုရားစင်ထောက်ခံတိုင်မှာ အသာရစ်ထားလိုက်သည်။ စံပယ်ပွင့်ခြောက်ကလေးနှစ်ပွင့်ကတော့ ဘုရားစေတီတလေးဆီမှ နတ်ရေကန်ထိပ်၊ နတ်ရေကန်ထိပ်မှ စာသင်ခန်းထဲ ရောက်ရသလို ဖြစ်နေလေ၏။ ကိုကြာစွယ်တို့ ပြန်သွားကြပြီ။ မပုန်းရည်လည်း စာထဲ ခေါင်းရောက်နေပါ၏။

သည်လိုနှင့် တစ်နေ့ကုန်ရပြန်လေပြီ။

□

ကိုကြာစွယ်တို့ နတ်ရေကန်ထိပ်က စံပယ်ပန်းကုံး ချည်စကလေး ကောက်လာခဲ့ကြပြီး နှစ်ရက်လွန်မြောက်သည့်နေ့ဖြစ်သည်။ ညနေ ကျောင်းဆင်းကာနီးပြီ။ မှောင်တက်လှပင် အလံတော်ကို ဖြုတ်သိမ်းပြီ။ ကလေးတွေ စာကျက်နေကြစဲဆိုတော့ မပုန်းရည် ပြတင်းပေါက်ကို ထလာခဲ့ကာ အပြင်ကို ငေးသည်။ စာမေးပွဲကြီးပင် နီးကပ်လာပြီ။ စာတွေကတော့ စိတ်တိုင်းကျ သင်ထားပြီးပြီဖြစ်၍ တစ်ကျော့ထပ်ကျော့ သင်သည်ပင် နှစ်ကြိမ်ရှိပြီ။ ကလေးတွေကို မောင်းတာမျိုး မဖြစ်စေဘဲ သက်သောင့်သက်သာ ပြန်နွှေးရင်း သင်နေခြင်းဖြစ်၏။ ကျောင်းရှေ့မှာ စိုက်ထားသော စွယ်တော်ပင်ကလေးနှစ်ပင်က အရွက်တွေ ကြွေကြပြီ။ ဆောင်းဦးက ပွင့်ခဲ့သော စွယ်တော်ပွင့်ကလေးတွေက အသီးကလေးတွေဖြစ်ကာ တွဲလွဲခိုလျက်။ တစ်ခါတစ်ခါ နွေမြေသင်းနံ့ကလေးပင် ရလုရခင်။

"ဆရာမ…ဘုန်းကြီးက ကျောင်းကို လိုက်ခဲ့ပါဦးတဲ့…ဆရာမ မစိန်ခေါ်ခဲ့ပါတဲ့…"

"တင်ပါ့ဘုရား…"

ကိုရင်ဒက်ထူက ဒါပဲပြောပြီး လှည့်ကြွသွားသည်။ ကျောင်းပေါက်ဝရောက်မှ တစ်ခေါက်လှည့်ကြည့်ကာ အော်ပြန်၏။

"ဆင်းတုတော်တွေ့ပြီ…သူခိုးလည်း မိပြီ"

မပုန်းရည်က မထင်မှတ်သည့်စကားကြောင့် မှင်တက်မိသွားခဲ့ရသည်။ ကိုရင်ဒက်ထူကို ပြန်မေးဖို့ပြင်တော့ မရှိတော့ပြီ။ ကိုရင်ဒက်ထူ ဘုန်းကြီးကျောင်း



ဘက်ဆီ ပြန်ကြွသွားပြီ။ မပုန်းရည်လည်း မမစိန်အခန်းဘက်ကူးကာ ကိုရင်ဒက်ထူ အခေါ်ကြောင်း ပြောပြရသည်။ မမစိန်လည်း ချက်ချင်းထလိုက်ရန် ပြင်တော့သည်။ မပုန်းရည်လည်း ပစ္စည်းကလေးတွေ ခြင်းထဲထည့်ကာ နှစ်ယောက်သား ဘုန်းကြီးကျောင်းဘက်ကို ခပ်သုတ်သုတ်လျှောက်လာခဲ့ကြသည်။ ကျောင်းဝင်းထဲဝင်ကတည်းက ရွာသူရွာသားတွေ 'အုပ်ကြီးအုပ်မ' တွေ့ရလေပြီ။ မပုန်းရည်တို့နှစ်ယောက် ကျောင်းပေါ် မတက်သေးဘဲ ကျောင်းရှေ့က လူဝိုင်းနေသောအုပ်ထဲကို တိုးဖြဲကြည့်ကြသည်။

ကိုကြာစွယ်က ရေတွေ ရွှဲနစ်လို့…။ စံအေးကလည်း ရွှံ့အလူးလူး…။ သူခိုးဖြစ်ဟန်ရှိသူက ငုတ်တုတ်။ လူတွေကို အသနားခံသလို ကြည့်နေလေ၏။ ကိုကြာစွယ်က ဝါးခြမ်းပြား ကိုင်ထားသဖြင့် ရိုက်နှက် ခေါ်ခဲ့ပုံရသည်။ လူတွေက တစ်ယောက်တစ်ပေါက်။ လက်သည်တရားခံကို မြင်လိုက်ရသည့်အခါ မပုန်းရည်နှင့် မစိန်တို့နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။ အံ့ဩစရာ ကောင်းလိုက်တာ။

ထိုခဏမှာပင် ငုတ်တုတ်ထိုင်နေသော တရားခံက မပုန်းရည်ကို လူအုပ်ကြားမှာ မြင်လိုက်သည်တွင် အားကိုးရသွားသလို အားရပါးရကြီး ခေါ်လိုက်လေသည်။

"ဆရာမ…"

"ဖြစ်ရလေရှင်…"

www.burmeseclassic.com

www.burmeseclassic.com

(၁၈)

ကျောင်းမကြီးပေါ် မပုန်းရည်တို့ အမှုစစ်ကြတော့ ညနေစောင်းလေပြီ။ လေးပန်းဆီက တရားခံနှင့်အတူ တရားခံဖမ်းလာကြသော ကိုကြာစွယ်နှင့် မောင်စံအေး အပြင် လူကြီးနှစ်ယောက် သုံးယောက်ကလွဲ၍ ကျောင်းပေါ် ဘယ်သူမှ မတက်[illegible] အမိန့်ထုတ်လိုက်သည်။ တရားခံက ဆရာတော်ကို ဝတ်ဖြည့်ပြီးသည်နှင့် ဆရာတော်[illegible] အား ပြေးကပ်သည်။ ကိုကြာစွယ့်ကို မျက်စောင်းကြီးခဲထားရာက မပုန်းရည်[illegible] [illegible]ရာမလို့ နှုတ်ဆက်ပြန်သည်။ မပုန်းရည်က ငိုရခက် ရယ်ရခက်။ မိမယ့်မိလာတော့[illegible] လည်း မအူမပါးနှင့်။ သနားစရာလည်း ကောင်း၊ ဒေါသဖြစ်စရာလည်း ကောင်း[illegible] မိလာပုံလည်း ကြည့်ပါဦး။ ခေါင်းမှာ ခေါင်းရမ်းပန်းလို ပန်းဆီရောင် အပွင့်ကားကားကြီး[illegible] ဝန်လိုက်လို့။ သနပ်ခါးက ချွေးတွေ မျက်ရည်တွေလူးကာ ကွက်ကျားထိုးလျက်ရှိ[illegible]

"ကြာစွယ်...ပြောစမ်း သည်ဟာမကို ဘယ်လိုမိလာတာတုံး..."

တရားခံက အခြားဟုတ်ရိုးလား။ လှအုန်းမယ်...။ စေတီတော် မြောက်မုခ်[illegible] ဆင်းတုတော်ကို နတ်ရေကန်ဘက် ပင့်ဆောင်သွားခဲ့သည့် တရားခံနှင့်မတူဘဲ တခြား[illegible] နီးသူလက်က သူကပဲ အားကြီးခဲ့ ပြန်လည်လုယူလာသည့်ပုံ။ မျက်နှာက တောတော[illegible] ငိုထားပုံရသော်လည်း ခုတော့ လူတွေ ဝိုင်းနေတာကိုပဲ ဝမ်းသာနေသလိုလို ဖြီးစပ်စပ် လုပ်နေပြန်လေ၏။ ဆရာတော်ကတော့ ဝေခွဲရခက်နေသလို ရှိလေသည်။

"ဘယ်လိုရမလဲ လေးပန်းဆီရာ...ကျုပ်နဲ့ စံအေးက ဆရာမ ဒေါ်ပုန်းရည် နိုင်းလို့ တစ်ရက်က နတ်ရေကန်ဘက်ကို ရောက်သွားသေးတာကိုး။ဗျ—



ဟုတ်တယ်ဗျို့...ဆရာမပြောသလို ဘုရားပူဇော်ထားတဲ့ စံပယ်ပန်း[illegible] တွေက နတ်ရေကန်ထိပ်မှာလည်းတွေ့ရတော့ ကျုပ်နဲ့ စံအေးက [illegible] မရဘူး...သူခိုးက ကန်ကိုပဲ ပတ်လျှောက်လို့လား...ရေကန်ထဲပဲ ဆင်း[illegible] ရော့လား...ဘယ်လိုမှ တွေးမရဘူး..."

"ဟဲ့ ကြာစွယ်...ဘာသူခိုးလဲ...ငါ့ကိုများ သူခိုးတဲ့...နင်တို့ကို နတ်ရေကန် မယ်တော် ကိုင်လိမ့်မယ်...မကြာဘူး..."

"တိတ်...ငါ ထပ်ချုပြန်ရော့မယ်..."

ကိုကြာစွယ်က သူ့သေးချထားသည့် ဝါးခြမ်းပြားကို ကောက်ကိုင်လိုက်ပြီး[illegible] [illegible]ရာတော့်ရှေ့မှာ မတော်ပါဘူးလေဆိုသည့် ပုံဖြင့် အသာပြန်ချသည်။ လေးပန်းဆီက [illegible]အုန်းမယ်ကို ငေါက်ပြီး ပါးစပ်ပိတ်နိုင်းထားရသည်။

"နေစမ်း လှအုန်းမယ်...အရူးမ...တိတ်...နင့်အသံမထွက်နဲ့...တစ်[illegible] စိတ်မချမ်းသာဘူး နင်လုပ်တာ...နေဦး နင်တော့...ရဲစခန်းပို့လိုက်ဦးမယ်..."

"ဆရာတော်ဘုရား...ရဲစခန်းပို့တော့မလို့တဲ့ဘုရား...ကယ်တော်မူပါဦး ဘုရား..."

ဆရာတော်က မလှအုန်းမယ် တိတ်တိတ်နေရန် လက်ဟန်ပြတော်မူ[illegible] [illegible]သွားသည်။ ကိုကြာစွယ်က စကားဆက်သည်။

"ဒါနဲ့ မနက်က ကျုပ်နဲ့ စံအေး တွေ့တော့ တစ်ခေါက်သွားကြည့်ကြဦး[illegible] ကွာ ဆိုပြီး နာရီပြန် နှစ်ချက်လောက် နတ်ရေကန်ဘက် ရောက်[illegible] ရော...နတ်ရေကန်ထိပ်က ပေါက်ပင်အောက်မှာ ဒီဟာမ ကန်ဘက် လှည့် ပြီး ဘုရားရှိခိုးနေတာတွေ့ရော လေးပန်းဆီရေ..."

"ဘုရားရှိခိုးတာ မဟုတ်ဘူးဟဲ့ သေနာကျရဲ့...နတ်ရေကန်မယ်တော်ကို ကန်တော့တာ..."

"ဟာ...သည်ဟာမ လုပ်ပြန်ပြီ...ငါ ထရိုက်ပြန်ရ နာတော့မယ်..."

သည်တစ်ခါတော့ မပုန်းရည်ကပါ ဝင်ဟန့်ရတော့သည်။

"မလှအုန်းမယ်...နေဦးလေ...ပြောစရာရှိရင် ကိုကြာစွယ် [illegible] ပြော...စကားကို နားထောင်ပါဦးမှပေါ့..."

"ကျုပ်...ဆရာမစကား နားထောင်မယ်...သင်းစကား နား[illegible] ဘူး...ဘာကြာစွယ်လဲ...အလကား ကြာပလုတ်တုတ်..."

"ကိုင်း...တော်ပြီ...တော်ပြီ...မလှအုန်းမယ် တိတ်[illegible]..."

www.burmeseclassic.com

www.burmeseclassic.com



မပုန်းရည်စကားကိုတော့ နားအထောင်သား။ ငြိမ်သွားပြီး လူတွေကို ပြူး မျာမျာ လိုက်ကြည့်နေတာပဲ ရှိတော့သည်။ ဆရာတော်ကတော့ ဆင်းတုတော် ပြန် ကြွချီတော်မူလာတာကိုပဲ ဝမ်းသာတော်မူပုံရပါ၏။ ဘာမှတော့ မမိန့်ပါ။

"အဲသလို လက်အုပ်ချီပြီး ကန်ဘက်လှည့် ကန်တော့တဲ့အသံက ကျယ် ကျုပ်နဲ့စံအေး ရောက်လာတာမသိဘူး…ကျုပ်တို့ကလည်း စဉ်းစားတယ် လှအုန်းမယ် ဘာလုပ်နေတာလဲပေါ့ဗျာ…သည်တော့မှ ရှိခိုးတဲ့အထဲ ပါလာတာက နတ်ရေကန်မယ်တော်ကြီး ပူဇော်ချင်တယ်ဆိုတဲ့ ဆင်းတု ကျွန်တော်မျိုးမ အရောက်ဆက်သပါတယ်…ပူဇော်တော်မူပါ…ကျွန် မျိုးမကိုလည်း စောင့်ရှောက်တော်မူပါ…ဆိုတော့ ကျုပ်တို့က သိပြီ…ဆင် တော်က ရေထဲမှာ ကိန်းဝပ်တော်မူနေတာ နေမှာပဲပေါ့လေ…သည် စံအေးနဲ့ကျုပ်က နောက်ပြန်ဆုတ်ပြီး တိုင်ပင်တယ်…စံအေး မင်းဝါ ကန်တော့…ဘုရားဘယ်မှာတုံးမေး…သေချာရင် ငါလာမယ်ဆိုပြီး စံအေး ကို လွှတ်လိုက်တယ်…ကျုပ်က အနားတွေ့တဲ့ ဝါးခြမ်းကောက်ကိုင်ပြီး စောင့်နေလိုက်တာပေါ့…စံအေး ဆက်ပြောကွာ…"

ကိုကြာစွယ် ပြောနေသောစကားတွေကို မလှအုန်းမယ်က မျက်စောင်း ကြည့်ရင်း နားထောင်နေသော်လည်း ဘာမှတော့ မပြောပါ။ စံအေးက သူ့အပိုင်း ပြောပြတော့လည်း မလှုပ်ဝံ့။ ကိုကြာစွယ်နှင့် မောင်စံအေး ပြောနေတာတွေ အဖု ပါပဲတော် ဆိုသည့်မျက်နှာနှင့် လူတွေကို လိုက်ကြည့်သည်။ မပုန်းရည်က ရယ်ချင် စိတ်ကို မျိုသိပ်ထားရသည်။ တစ်ရွာလုံးက သို့လော သို့လော ဖြစ်နေသည့်ပြဿနာ ရှင်းသွားပြီ။

"ကျုပ်က ရုတ်တရက် သူ့ရှေ့ပေါ်လာတော့ လန့်သွားပြီး အော်လိုက် ငယ်သံပါလို့…ကျုပ်က ကျုပ်လည်း နတ်ရေကန်မယ်တော် အိပ်မက်ပေး လာတာ…မယ်တော်က ဘုရားဖူးချင်လို့တဲ့…အဲဒါ ကျုပ်က ဦးအောင် လာတာ ခင်ဗျားက ဦးသွားပြီပေါ့ဗျာဆိုတော့…ငါကဖြင့် ပူဇော်ပြီးပေါ့တဲ့ ဘယ်မှာတုံး ကျုပ်လည်း မမြင်ပါလားဆိုတော့ ရေထဲချထားတယ်တဲ့ ဘယ်နားတုံးဆိုတော့ ဟိုနားလောက် ရှိလိမ့်မယ်တဲ့…ဒါနဲ့ ဦး ကိုကြာစွယ်ကို လှမ်းခေါ်ပြီး ကျုပ်က ရေထဲဆင်းငုပ်ရတယ်။ လေးကြာစွယ် က မလှအုန်းမယ်ကို နင်မထနဲ့ဆိုပြီး ဝါးခြမ်းပြားနဲ့ နှစ်ချက်သုံးချက် ရိုက်တော့ ငြိမ်သွားရော…လေးကြာစွယ်ပါ ဆင်းငုပ်ရတာဗျိုး…ရလည်း ရရော မလှအုန်းမယ်က ငုတ်တုတ်ထိုင်နေရာက ထွက်ပြေးကရော



လေးကြာစွယ်က ဆင်းတုတော်ကို ကျုပ်နဲ့ထားခဲ့ပြီး ဒုန်းလိုက်ဖမ်းတော့မှ မိတယ်…"

"ဟုတ်လား…လှအုန်းမယ်…နင်က ဘာဖြစ်လို့ ဘုရားပင့်သွားရတာလဲ… နင် ငရဲမကြောက်ဘူးလား…နင် အဝီစိ ချိုးကပ်မယ်…မရှိမသေနဲ့… ဘုန်းကြီးတို့က တောထင်တောင်ထင်နဲ့ စိတ်မချမ်းသာရဘူး…နောက် လုပ်ဦးမှာလား…"

ဆရာတော်ကြီးက မောင်စံအေး စကားဆုံးတော့ မလှအုန်းမယ်ဘက်ကို လှည့်ကာ မေးတော်မူသည်။ မလှအုန်းမယ်က အင်းမလှုပ် အဲမလှုပ်။

"တပည့်တော်က ဘုရားလေးဆူတောင်ရှိတာ တစ်ဆူတော့ ယူလို့ရတယ် ထင်လို့ပါဘုရား…နတ်ရေကန်မယ်တော်ကြီးက အိပ်မက်ပေးလို့ပါဘုရား… စံအေးကို အိပ်မက် မပေးဘူးဘုရား…ဒီကောင် ညာတာကို တပည့်တော်က ယုံမိလို့ မှားသွားတာပါဘုရား…"

"ဟယ် အရူးမ…ကိုင်း ကိုင်း…ပန်းဆီ ပြန်သာလွှတ်လိုက်တော့…သည်ခဲ ကြကွယ်…ရွာဘုရား ရွာက ပြန်ပူဇော်ခွင့်ရတာ ဝမ်းသာကြ…ဘုန်းကြီး လည်း ဝမ်းသာပြီ…ဟုတ်ကဲ့လား…ကျောင်းဆရာမတွေ…"

"ဝမ်းသာကြပါ့ဘုရား…"

မလှအုန်းမယ်က ဝင်ပြောပြန်သည်။

"နေဦးဘုရား…တပည့်တော် တိုင်စရာရှိပါသေးဘုရား…ကြာစွယ် တပည့် တော်ကို ဝါးခြမ်းပြားနဲ့ရိုက်ပါတယ်ဘုရား…ငါးချက်တောင် ဘုရား…"

"နင့်ကို ထပ်တောင်ရိုက်ဦးမယ်…ကျောင်းအောက်ဆင်းခဲ့…"

"ဟော…ကြားရဲ့လားဘုရား…ပြောနေတာ…"

သည်တစ်ခါတော့ ကိုကြာစွယ်နှင့် မလှအုန်းမယ်တို့အဖြစ်ကို ကြည့်ကာ ပုန်းရည် မနေနိုင်တော့။ တစ်ဖက်လှည့်ပြီး ရယ်နေရတော့သည်။ ရပ်ရွာလူကြီးတွေ လည်း ရယ်သည်။ မလှအုန်းမယ်က ဆရာမတို့ပြန်ရင် ကျုပ်ပါ ခေါ်ပါဆိုလို့ ခင်းညိတ်ပြရပါ၏။ လေးပန်းဆီကတော့ အပြစ်ပေးဖို့ စဉ်းစားနေပုံပေါ်သည်။ လှအုန်းမယ်ကို ဒေါသပြေပုံမရ။ ဆရာတော်က ပြန်ပါစေတော့ဆိုသော်လည်း လွှတ်ချင်ပုံမရှိ။

"နေဦး ဘုရား…သည်အရူးမကို ဒဏ်ပေးရမှာပါဘုရား…တဲ့ လှအုန်းမယ်… နင် ဘုန်းကြီးကျောင်းမှာ ခုနစ်ရက် တံမြက်လှည်းရမယ်…ကွမ်းဆေးရမယ်…

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအုတ်လှေကားတွေ တိုက်ရ ချွတ်ရမယ်…ပန်းပင်တွေ ရေလောင်းရမယ်…မနက်ဖြန် စလုပ်…ကြားလား…နင်တော့ ငါလုပ်လိုက်ရ သေတော့မနော…ဟင်း…"

လေးပန်းဆီက ကြိမ်းသော်လည်း မလှအုန်းမယ်က ကြောက်ပုံမရ။

"ဆရာတော်က ထမင်းကျွေးမှာလားဘုရား…"

မလှအုန်းမယ်အမေးကို ဆရာတော်က ပြုံးတော်မူသည်။ သနားပုံလည်း ရှိရှာပါ၏။ ရပ်ရွာထုံးစံ ဒဏ်ပေးတာကိုတော့ ဆရာတော်က ဘာမှ မမိန့်ပါ။

"အေး…မနက်ဖြန် ကျောင်းဆရာမ ထမင်းစားလာရင် နင်ပါ လာစားပေါ့…ဟုတ်ပြီလား…"

ကျောင်းအောက်မှာတော့ ဆင်းတုတော်ပျောက်မှုကို စိတ်ဝင်စားနေကြသေးသော ရွာလူရွာသားတွေက မပြန်ကြသေး။ ကျောင်းပေါ်က ပထမဆုံး ဆင်းလာသည့် မလှအုန်းမယ်ကို ကြည့်ကာ နားမလည်နိုင်ဘဲ ရှိကြလေသည်။ လေးပန်းဆီ ဆင်းလာတော့မှ အကျိုးအကြောင်း ပြောပြသဖြင့် နားလည်ကြရတော့သည်။ မိုးချုပ်ပြီဆိုတော့ မပုန်းရည်လည်း ကိုကြာစွယ်တို့နှင့် ပြန်ခဲ့ရပါ၏။ ကိုကြာစွယ်က လမ်းမှာ အတွေ့အကြုံတွေ ပြောပြတော့မှ မပုန်းရည်မှာ ရဲရဲရယ်ဝံ့တော့သည်။

မပုန်းရည်အဖို့ရာ နတ်ရေကန်ရွာမှာ ကြုံခဲ့ရသော အတွေ့အကြုံတွေထဲက တစ်ခုပင်။ သည်အဖြစ်ကလည်း အမှတ်တရ ရှိရပါ၏။

၈

နောက်တစ်နေ့ မပုန်းရည် ထမင်းစားချိန် ဘုန်းကြီးကျောင်းအောက်က ဆင်းလာတော့ မလှအုန်းမယ် ရောက်နှင့်ပါပြီ။ မနက်က ကျောင်းက ကျောက်ပြားတွေထဲ ရေဆွဲထည့်ပြီးပြီဆို၏။ ကုဋီတွေ တိုက်ချွတ်ဆေးကြောပြီးပြီ။ ကျောင်းဝင်းထဲ မြက်လှည်းပြီးပြီ။ တွန်းတိုက်လုပ်လာခဲ့ပုံရပါ၏။ မပုန်းရည်နှင့်တွေ့တော့ ချော့ မော့ ပေကျုံ့နေခဲ့ပြီ။ မပုန်းရည်ကိုယ်တိုင် မလှအုန်းမယ်နှင့် မဆုံဖြစ်တာကြာပြီ။ ထမင်းစားက မပုန်းရည်ကို လာနှိပ်ပေးဖူးသည်။ ထိုစဉ်က မပုန်းရည်လက်ကောက်ပျောက်သွား၍ စမ်းကြည့်သည်။ ရှိးရာပျောက်နေတာ ဆရာမရဲ့လို့ ဆိုခဲ့သည်။ မလှအုန်းမယ်ကိုယ်တိုင်က ဒေဝီကိုးပါး စောင့်ရှောက်သည်ဟု ယုံကြည်သူဖီဖီ အကြောင်းကြောင်း ရကြောင်း၊ ခါတ်ရိုက်ခါတ်ဆင်ကအစ ပစ္စည်းပျောက်၊ လင်ပျောက်ပါ ရကြောင်း ပြောခဲ့တာ မှတ်မိသည်။ မပုန်းရည် မှတ်မိသလောက် နတ်ရေကန်သူ ဆိုတာလည်း



ပါ၏။ နတ်ရေကန်က သိုက်ရေကန်ဖြစ်၍ သိုက်က ရေကန်အလယ်မှာရှိသည်ဟု ပြောခဲ့ဖူးသည်။ မလှအုန်းမယ် နတ်ရေကန်ကို စွဲလမ်းနေတာတော့ အမှန်ပင်။

"မလှအုန်းမယ် တစ်ခါက ပြောဖူးတယ်လေ…နတ်ရေကန် မယ်တော်ကို ကြက်ဖို ကြက်မ တင်ရတယ်ဆိုတာ ကျွန်မမှတ်မိတယ်…မလှအုန်းမယ် အဲသလို သွားသွားတင်နေကျဆိုတာ ကိုကြာစွယ်တို့က မသိလို့နေမှာ…နေပါဦး ဆင်းတုတော်က ဘယ်လိုဖြစ်တာလဲ…"

မပုန်းရည်က ကြိုက်လောက်သည့်စကားကို ရှေ့ကခံ၍ သိချင်တာကို မေးခြင်းဖြစ်သည်။ မလှအုန်းမယ်က သည်အဖြစ်ကို ရှင်းပြချင်ပုံ ပေါ်ပါသည်။ ချက်ချင်းတော့ မပြောပါ။ ဆရာမ ထမင်းစားလိုက်ပါဦးဟု ဆိုသည်။ မလှအုန်းမယ်ကော လာလေပြီတော့ စားပြီးပေါ့တဲ့။ နောက်ရက်တွေမှာ အတူစားရအောင်ဆိုတော့လည်း ဆရာမနဲ့ ကျွန်မ အတူစားလို့မရဘူး ဆိုပြန်၏။ မပုန်းရည် ထမင်းစားပြီးတော့မှ ထိုနေ့က အကြောင်းပြောပြသည်။

"အိပ်မက် မက်တာ ဆရာမရဲ့…မယ်တော်ကြီးက လှအုန်းမယ် ငါ့သမီးတဲ့…ငါ ဘုရားဆင်းတုတော်တစ်ဆူ ဖူးချင်တယ်…ညည်း ရအောင်ပူဇော်ခဲ့ဆိုတာကိုး…အိပ်မက်ထဲမှာ မယ်တော်က ထင်းထင်းကြီးတော်…ကျုပ်က စိတ်ချ ရစေ့မယ်ဆိုပြီး ဘုရားဆင်းတုတော် လိုက်ရှာတာမှာ ကျောင်းစေတီက ဆင်းတုတော်တွေ့ကရော…ပထမရက်က ကျုပ်က ဆင်းတုကို အသာမ,ကြည့်တယ်…မ,လို့ရတာနဲ့ ကျုပ်က ချောင်းနေတာ…ဆင်းတုတော် ပင့်မယ့်နေ့ကျတော့ လက မှုန်မှုန်ရယ်…ကျုပ်က နဖူး ခြေမှုန်သုတ်ပြီး ထွက်လာခဲ့တယ်…သန်းခေါင်ကျော်ပေါ့ဟာ…လူတွေက အိပ်နေကြပြီ…ကျောင်းဝင်းထဲရောက်တော့ ကျုပ်က ဘုရားလည်း ရှိခိုးတယ်…ဆရာတော်ကြီးလည်း ရည်စူးပြီး ကန်တော့တယ်…ပြီးတာနဲ့ ပုဆိုးဟောင်းနဲ့ပတ်ပြီး ပခုံးနဲ့ ထမ်းလာတာပဲ ဆရာမရေ…ကွင်းထဲဖြတ်တော့ လက်နှစ်ဖက်နဲ့ ပွေ့ရတယ်…ပေါက်ပင်တွေအောက်က ချောက်ထဲ နားရသေးတယ်…မောလို့…"

"ညကြီးသန်းလွဲ မလှအုန်းမယ် မကြောက်ဘူးလားရှင်…ပြောတာနဲ့တင် ကြက်သီးထချင်စရာ…"

မလှအုန်းမယ်က ပြုံးသည်။ ထိုင်လျက်က ထဘီခါးပုံစ မြဲဖြင့် မျက်နှာ သုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မကြောက်ပါဘူးဆို ဆရာမနှယ်…ဘုရားတစ်ဆူလုံး ပါနေတဲ့ဟာ ဘာကြောက်စရာရှိမှာတုံး…အမောပြေတော့မှ ဆင်းတုတော်ပွေ့ပြီး ဘက် လျှောက်လာခဲ့တယ်…ကန်ထိပ်ရောက်တော့ မယ်တော်ဘုရား ဘုရားရှင် ကြွချီတော်မူလာပါပြီဘုရား၊ ပူဇော်နိုင်ပါပြီဘုရားလို့ တိုင်တည် ပြီး ရေထဲ ပစ်ချလိုက်တာပဲ…ကျုပ်က နောက်ရက်တွေမှာ မယ်တော်ကြီး အိပ်မက်ပေးမယ်ထင်တာ မပေးဘူး…သုံးရက်မြောက်နေ့ကျမှ အိပ်မက်ပေး တယ်…ငါ့သမီး သာစု သာစုတဲ့…ပီပီသသကြီးပါ ဆရာမရယ်…"

"ဒါဖြင့် မနေ့က ဘာသွားလုပ်တာတုံး…"

"မနေ့က မယ်တော်ခေါ်လို့ သွားရတာ…မကြာပါဘူး…သေချင်းဆိုး ကြာစွယ် ရောက်လာတာ…မြွေပွေးကိုက်မယ့်ကောင်…ဝါးခြမ်းပြား ရိုက်တာ နာချက်တော့…ကျုပ်လင်ကတောင် အဲသလိုရိုက်တာ မဟုတ်ဘူး ရယ်…စံအေးလည်း နေနှင့်ဦး…တွေ့မှ ပါးရိုက်ရဦးမယ်…"

"မလှအုန်းမယ်က သူတော်ကောင်းလေ…သူတို့နဲ့ တူမဖြစ်ပါနဲ့ရှင်…"

မပုန်းရည်ပြောတော့လည်း ငြိမ်အသွားသား။ မလှအုန်းမယ်နှင့် ခုနစ်ရက် အတူ ဆုံရတော့မည်။ ထူးခြားတာက မပုန်းရည်နှင့် ထမင်းအတူ မစားခြင်းပင် မပုန်းရည်ကို အားနာတာလည်း ဖြစ်နိုင်ပါ၏။ မပုန်းရည်ကတော့ အပြစ်မမြင်မိ။ စိတ်ကယောက်ကယက်ဆိုတော့ စိတ်ထဲပေါ်တာ ထင်မိထင်ရာ ထလုပ်တာ ဖြစ်လိမ့်မည်။ တစ်ခါက မလှအုန်းမယ်၏ နပိုက်(နွားပိုက်)ကလေး 'ထီးရိုးစိုက်' မယ်တော် ဝှက်ထားဖူးသည်လို့ ပြောတာ ခေါင်းထဲရောက်လာလို့ မေးကြည့်သည်။

"နေဦး…နွားတွေကကော…ထီးရိုးစိုက် ဆိုတာကော ရှိသေးလား…"

"ထီးရိုးစိုက်က ရောင်းပစ်လိုက်ရပြီ…ကျုပ်ယောကျ်ား တောက်တူ ရောင်း လိုက်ထာလေ…ကျုပ် နမြောလို့မဆုံးဘူး ဆရာမရယ်…အကျိုးပေး နွားမှ လုပ်ပစ်လိုက်တာ…"

"နေဦး…ဆင်းတုတော်ပင့်တဲ့ညက ယောကျ်ားက မလှအုန်းမယ် ထသွား တာ မသိဘူးလား…"

"သူက ကျုံးရွာဘက်မှာ သူရင်းငှားသွားလုပ်နေတာ ဆရာမရဲ့…တစ်ရွာ မှာ ဖဲရိုက်တာ ဖဲကြွေးမဆပ်နိုင်တော့ နွားထိုးအပ်ရတာလေ…ဒင်းသည် အခုတွေးရင် အခုသတ်ချင်တာ…"



မပုန်းရည်က စကားလမ်းကြောင်း ပြောင်းရပြန်သည်။

ခုနစ်ရက်လုံးလုံး မလှအုန်းမယ်နှင့် တွေ့ရပါ၏။ ပြောသမျှ စကားကောင်း သလို ထူးထူးဆန်းဆန်းတွေလည်း ပါသည်။ ထူးထူးဆန်းဆန်းတွေ ပြောသည့်အခါ မျက်လုံးတွေက ရီဝေဝေ။ မျက်ရည်ကျချင်သည့်အခါ ကျသည်။ ရယ်ချင်သည့်အခါ ရယ်သည်။ သည်လိုဖြစ်နေတော့ မပုန်းရည်က ထမင်းစားပြီးသည်နှင့် ကျောင်းအောက် ဆင်းကာ စကားပြောရတာများသည်။ ဆရာတော်ကြီးက နေ့လယ်နေ့ခင်း ကျိန်း စက်၍ ဖြစ်၏။ မပုန်းရည်ကတော့ စကားရောက်တိုင်း မလှအုန်းမယ်ကို အသိတရား လေးမှ ဝင်စေတော့ နားဝင်အောင် ပြောပြရတာတွေရှိသည်။ မလှအုန်းမယ်က မပုန်းရည်ကိုတော့ ရှိသေရမည့် စာရင်းထဲ သွင်းထားပုံရပါ၏။

ခုနစ်ရက်မြောက်သည့်နေ့မှာတော့ မလှအုန်းမယ်က အဝတ်အစား လတ် လတ်လောလောကလေးနှင့် ဖြစ်၏။ တစ်ကျောင်းဝင်းလုံးလည်း မလှအုန်းမယ်လက်ရာ သန့်သန့်ရှင်းရှင်းကလေး ဖြစ်သွားခဲ့ပြီ။ မလှအုန်းမယ်က ဆရာတော့်အတွက် ဆွမ်းလျက် တစ်ဆယ်သား ဝယ်လာကာ ထိုင်ကန်တော့နေလို့ မပုန်းရည်စိတ်ထဲ ကြည်နူးချင်ပင် ဖြစ်ရပါ၏။ သည်လိုဆိုတော့လည်း ချစ်စရာပါလား မလှအုန်းမယ်ရယ်။ ဆရာတော်က ဒဏ်ပေးခံရလို့ လုပ်ရလေခြင်းဟု မတွေးဘဲ ကုသိုလ်ယူခွင့်ရသည်လို့ သဘောထားလျှင် အကျိုးကြီးကြောင်း တရားပြတော်မူသည်။

"တပည့်တော်ကလည်း အဲသလို ခံယူပါတယ်ဘုရား…လေးပန်းဆီကိုလည်း ဒဏ်ပေးရက်တယ် မအောက်မေ့ပါဘူးဘုရား…ဆင်းတုတော်ပျောက်လို့ ဆရာတော်ဘုရာ စိတ်ဆင်းရဲတယ် ကြားပါ့ဘုရား…တပည့်တော်မလည်း အထက်ပုဂ္ဂိုလ်များ နိုင်းလို့ လုပ်မိတာပါဘုရား…"

ဆရာတော်က ပြုံးတော်မူသည်။ မပုန်းရည်ကို လှမ်းကြည့်သည်။

"အေး အေး…ကောင်းကောင်းနေ…ကုသိုလ်ဖြစ်အောင်နေ…အကုသိုလ် မဖြစ်စေနဲ့…ကြားလား…ဘယ်သူကနိုင်းနိုင်း အပြစ်ရှိတာမျိုးဟာ မလုပ် ကောင်းဘူး…ကိုင်း ပြန်ပြန်"

ဆရာတော်က ခွင့်ပြုသဖြင့် မလှအုန်းမယ် ဦးချပြီး ထရပ်သည်။ မပုန်းရည် လည်း အတူဆင်းလိုက်လာခဲ့ပါ၏။ ကျောင်းလှေကားကြီးခြေမှာ ချွတ်ထားကြသည့် ဖိနပ်တွေ ကောက်ကိုင်ကြရင်း ကျောင်းဝိုင်းထဲက ဖြတ်ခဲ့ကြသည်။ မလှအုန်းမယ်နှင့် ခုနစ်ရက်လောက် ဆုံလိုက်ရသည့်အတွက် သံယောဇဉ်ပင် ဖြစ်မိသည်။ မနက်ဖြန် မလှအုန်းမယ် ကျောင်းကိုလာတော့မှာ မဟုတ်တာကို သတိရမိတော့လည်း စိတ်

www.burmeseclassic.com

www.burmeseclassic.com



မတောင်း ဖြစ်ရသားပင်။ မပုန်းရည်တို့ကျောင်းဘက်ကို ကူးရမည့်အဆုံးရောက်သော မလှအုန်းမယ်က လမ်းခွဲဖို့ပြင်ပြီ။

"ဆရာမရယ်...ကျုပ်က မပြောချင်လို့ပါ...ထိခိုက်ကုန်မှာစိုးလို့ရယ်..."

"ဘာကိုပါလိမ့် မလှအုန်းမယ်ရယ်...ပြောပါဦး..."

"ဆင်းတုတော်ကို ရေထဲဆင်းငုပ်တဲ့ညနေက ကျုပ်လည်းရှိနေတာလေ... စံအေးက ပထမ ဆင်းငုပ်တယ်မှတ်လား...ပထမဆုံး စမ်းမိလို့ ရေပေါ် ဆွဲမ,လိုက်တဲ့ ပစ္စည်းက ဆင်းတုတော် မဟုတ်ဘူး ဆရာမရဲ့..."

"ဟုတ်လား...ဘာဖြစ်နေလို့လဲ..."

"ကျောက်ပျဉ်တစ်ချပ်ရယ်...ကျောက်ပျဉ်မှ အကြီးကြီးရယ်..."

"အို...ဟုတ်ကဲ့လား...ဘယ်သူပစ်ချထားတာလဲ...ရေကန်ထဲကို..."

"ပစ်ချထားတာ မဟုတ်ဘူး ဆရာမရဲ့...ကျုပ်က ဆင်းတုတော် ပူဇော် ရေထဲပစ်ချသလိုပဲ ကျောက်ပျဉ်ကို တမင်ပစ်ချထားတာ...ဘယ်သူရယ်လို့ ကျုပ်သိတာပေါ့...ကျောက်ပျဉ်လည်း ပေါ်လာရော ကြာစွယ်က ဆော လိုက်တာမှ...ကျောက်ပျဉ်ကို သူကိုယ်တိုင် ရေထဲပြန်ချခဲ့တာ ဆရာမရဲ့..."

"ဘယ်သူရယ် မလှအုန်းမယ်..."

"ကြာစွယ်ရယ်လေ..."

"ဩော်...ရှင်..."

မလှအုန်းမယ် လမ်းခွဲသွားသော်လည်း မပုန်းရည် ခြေလှမ်းတွေ နှေး ရသည်။ မလှအုန်းမယ်က မရှုမကောင်းဆိုပေသိ အရှုးပါးပင်။ သို့သော်လည်း ယုံရဖို့တော့ ခက်သားပင်။ ရေကန်ထဲက ကျောက်ပျဉ်တစ်ချပ် ပေါ်လာခဲ့သော် ပစ်ချသူက ကိုကြာစွယ်တဲ့...။ တစ်ခါက ဘွားကြီး ပြောပြဖူးသော ကိုကြာစွယ်၏ ငယ်ဘဝဇာတ်လမ်းကို မပုန်းရည် သတိရလိုက်သည်။ ကိုကြာစွယ်မှာကော သည်လို စိတ္တဇ ရှိရော့သလား။ ဖြစ်ချင်လည်း ဖြစ်နိုင်သည်။ တစ်ရက်ရက်မှာတော့ သည် အကြောင်းတွေ ကြားရကောင်းပါရဲ့။ ထူးဆန်းတာက မလှအုန်းမယ် သည်အကြောင်း ကို ဖွင့်ဟ မပြောခဲ့ခြင်းဖြစ်သည်။ ဘယ်သူ့ကိုမှလည်း ပြောဖြစ်လိမ့်မည်မထင်။ မလှအုန်းမယ် ပြောပြခဲ့သမျှတွေထဲမှာ သည်စကားကတော့ အထူးအဆန်းဆုံး ဖြစ်လေသည်။

၀



စာမေးပွဲကြီးနီးပြီ။

မပုန်းရည်အဖို့ ညဘက် အချိန်ပိုသင်ပေးခြင်းကို အားသွန်ခွန်စိုက်ရှိရာက ညဘက်ရက်တွေမှာ ရပ်ထားလိုက်ရပါ၏။ အစိုးရစစ် စာမေးပွဲ ဝင်ရမည့် လေးတန်း ကျောင်းသားတွေက ပိုအရေးကြီးသော်လည်း အခြားအတန်းတွေကပါ လာရောက် သင်ယူနေကြသဖြင့် မပုန်းရည်၏ ညကျောင်းကလေး စည်ပင်နေကျ။ မီးရောင် ထိန်ထိန်။ စာအံသံ စာကျက်သံ တညည်ဖြင့် ရွာကပါ အားလျှင် လာလာကြည့် ကြသည့် စာသင်ခန်း မဟုတ်လား။ စာသင်ချိန်မှာ ကိုကြာစွယ်က သူ့အဖြူအမည်း တီဗွီကို ပိတ်ထားတတ်သည်။ မပုန်းရည် နားပြီဆိုမှ ဘတ်ထရီ ကောက်တပ်ကာ ဖွင့်လေ့ရှိသည်။ သတင်းပြီးချိန်လောက်မှာ လာတတ်သော ရုပ်ရှင်ကောင်းသည့်နေ့တွေ ဆိုလျှင် ကလေးတွေပါ တအောင့်တဖြုတ် ကြည့်ကြသည်။ မပုန်းရည်က ညဥ့်နက် အောင် မခံပါ။ ကိုကြာစွယ်ကို ပြန်ပို့ခိုင်းလေ့ရှိသည်။ စနေ၊ တနင်္ဂနွေ ညတွေဆိုလျှင် တော့ တီဗွီကို တလင်းပြင်ချကာ တစ်ရွာလုံး အုံးအုံးကျွက်ကျွက် ရှိကြမြဲ။

သည်ဘက် လေး,ငါးရက်မှာ ဘွားကြီး တော်တော်ကလေး နေမကောင်း ဖြစ်ခဲ့သည်။ ချောင်းတွေ မရပ်မနား ဆိုးသည်။ ချွဲတွေ အန်သည်။ အစာလည်း ကောင်းကောင်းမစားတော့ ပျော့လာသည်။ ကိုကြာခွက်၊ ကိုကြာရိုးနှင့် မကြာဥ အပါအဝင် သားသမီးတွေက မြန်မာဆေးနှင့်သာ ပြီးနေကြတော့ မပုန်းရည်လည်း ပြောသာ။ မပုန်းရည် ဆန္ဒအတိုင်းဆိုလျှင် မတ္တရာက ဆရာဝန်ကို ပြချင်သည်။ ကောင်းဝါးကောင်းကို ထိထိရောက်ရောက် မှီဝဲစေချင်သည်။ ဘွားကြီးခမျာ အသက်ကလည်း ရရှာပြီ။ ချွဲချောင်းတွေ ဆိုးပြီဆိုလျှင် နာရီနှင့်ချီကာ ကြာတာကို မပုန်းရည် သနားလှသည်။ မအေနေမကောင်းတော့ မကြာဥက အောက်ထပ် မိခင် အနားမှာပြုစုရင်း အိပ်ရပြီ။ မပုန်းရည်နှင့် ကြာဖြူ ကြာနီ ညီအစ်မသာ အိပ်ကြသည်။

"မမလေးရယ်...ဗမာဆေးတွေ တိုက်တာလည်း တိုက်တာပေါ့...စွမ်းပါ တယ်...ကျွန်မတို့လည်း ဗမာဆေးနဲ့ ကြီးခဲ့ရတာပါရှင်...ဒါပေမဲ့ တတ် ကျွမ်းတဲ့ ဆရာကောင်း သမားကောင်းနဲ့ ကုတာမဟုတ်တော့ ဘွားကြီး ခမျာ ဝေဒနာသက်သာတယ် မထင်ဘူး...ကျွန်မကတော့ မတ္တရာပြေးလိုက် ချင်တာပဲ..."

မပုန်းရည်က သည်လောက်ပဲ ပြောဝံ့သည်။ သူတို့က မိခင်။ ကိုယ်က သူစိမ်း။ ပြီးတော့ ဧည့်သည်။ မတော်တဆ ကိုယ့်ဆန္ဒ လိုက်လျှောလို့ မကျက်ကောင်း ကျက်သာလျှင် တော်ရဲ့၊ မတော်မဆဖြစ်ခဲ့သော် ယူကျုံးမရ ဖြစ်ရမှာကို စိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာခင်က လိုလိုလားလား မရှိတော့လည်း နောက်ထပ် သည်စကား မပြောဝံ့ တော့ ကိုကြာစွယ်ကိုလည်း မပြောချင်။ တော်ကြာ မကြာခင်က သူ့ပြောမရလို့ ကိုကြာ ကို ဆွယ်ယောင်ပြသည် ထင်မှာလည်း စိုးရပါ၏။

"အမေက ကိုယ်လည်းရောင်တယ် ဆရာမရဲ့…ပန်းနာကလည်း ထတော့ ဆူးပန်းတောင်းမြစ် ပျစ်ပျစ်သွေးတိုက်ရင် သက်သာပါတယ်…ကိုယ် ရောင်တာက ဖျောက်ဆိပ်မြစ်ရယ်၊ ခံတက်ရယ်၊ ကြောင်ပန်းရယ်၊ နွ စိမ်းရယ် ရောကြိတ်ပြီး လိမ်းတယ်…အမေက အင်္ဂလိပ်ဆေး ကြောက် တယ် ဆရာမရဲ့…"

မပုန်းရည်က အကဲခတ်လို့ရသလောက်တော့ ဘွားကြီးရောဂါ မသက်သာ ရှာပါ။ သည်တော့ ညကျောင်းကိုပါ ပိတ်ထားလိုက်ရသည်။ ညကျောင်းအတွက် မပုန်းရည် မပူပါ။ ကလေးတွေအတွက် မပုန်းရည် စိတ်ချပြီ။ စာမေးပွဲကလည်း နီး ဆိုတော့ စာကျက်နိုင်းထားရတာမျိုး၊ သင်္ချာတွေ တွက်ခိုင်းတာမျိုးလောက်သာရှိသည် ပူတာက ဘွားကြီးအတွက်ပင်။ ညစဉ် အိမ်အောက်ထပ်ဆီက ချောင်းတွေ ဆိုးတော့ မပုန်းရည် စိတ်မချမ်းသာ။ တချို့ညတွေမှာ ကြာဖြူနှင့်အတူ မာတ်မီးတစ်လက် ဆင်းကာ ခြေဆုပ်လက်နယ်ပြုပေးသည်။ မနက် ကျောင်းက ရှိသေးတော့ အချိန် မပြုစုနိုင်။ ဘွားကြီး၏ ချွေးမတွေဖြစ်ကြသော မပတေးတို့၊ မဝဲစိန်တို့ကလည်း ပြန်ကြသည်မရှိ။ ကိုကြာစွယ်က ပြုစုကြသည့်မိန်းမသားတွေ များလို့လားတော့ အနားသိပ်ကပ်တာ မတွေ့ရ။ မပုန်းရည်က ကျောင်းမှာ ဘွားကြီး အတော်နေမကောင်း ဖြစ်နေသည့်အကြောင်း မမစိန်ကို ပြောပြသည်။

"မမစိန်ရယ်…ဘွားကြီးတို့က ရေးလူကြီးတွေမို့ ထားပါတော့…သားသမီး တွေကလည်း ဆေးမြီးတိုနဲ့ ကုချင်နေကြတာ…ကျွန်မတော့ အားမရဘူး မတ္တရာက ဒေါက်တာစောနဲ့ ပြချင်တော့တာပဲ…သားသမီးတွေက ခေါ် ကြတော့ ခက်သားပဲရှင်…"

"ရွာတွေက အဲသလိုပဲ မပုန်းရည်ရဲ့…ပျောက်တာလည်းရှိတော့ သည်ပဲ ကုကြတာပဲ…ပြီးတော့ အင်္ဂလိပ်ဆေးတို့ ဆရာဝန်တို့ဆိုရင် ကြောက် ကြတယ်…"

"ရောဂါကြီး မဟုတ်တဲ့ အာဂန္တုနာလောက်တော့ ဟုတ်မှာပေါ့ ခေါ် ရယ်…ကျွန်မက ဗမာဆေးကို အထင်သေးတာ မဟုတ်ပါဘူး…ဗမာဆေး ဆိုရင်လည်း ဆရာကြီး သမားကြီးတွေနဲ့ ပြစေချင်တယ်…ဘွားကြီး မသက်သာဘူး…အစားလည်း မဝင်တော့ဘူး…"



"ဟုတ်ပါရဲ့ဟယ်…ညနေဘက် မမစိန် တစ်ခေါက်လာခဲ့ပါဦးမယ်…ကြား တော့ကြားတယ်…မမစိန်လည်း မအားလို့ မရောက်ရဘူး…ဘွားကြီးက ဆေးလိပ်တွေ တအားသောက်တယ်…သူ့ဆေးလိပ်မီးခိုးထဲ လူလုံးပျောက် အောင်ကို သောက်တာ…"

မပုန်းရည်လည်း စာသင်ခန်းဘက် ကူးခဲ့ရသည်။

ရာသီက တောင်လေသွေးသည့် ရာသီဖြစ်၏။ ရွာဝန်းကျင်က သစ်ပင်တွေ အရွက်ချကြပြီ။ တမာနှင့် ထနောင်းတွေကတော့ ရွက်နုကလေးတွေနှင့်အတူ အဖူး ပါလာကြပြီ။ တမာလည်းနု ကျေးလည်းဥ၊ တမာလည်းသီး ကျေးလည်းကြီးတဲ့။ မပုန်းရည် ကြားဖူးသည့် ဆိုရိုးစကား ဖြစ်သည်။ အညာရွာတွေဆိုတော့ သည်လို ရာသီရောက်လျှင် ညနေဘက် လေမှုန်တတ်သည်။ လေပြင်းကျချင်သည်။ ဖုန်မှုန့် တွေက ဇေဇေ၊ တံလျှပ်တွေက ငွေ့ငွေ့။ တစ်မျိုးတော့လည်း လွမ်းစရာအကောင်း သား။ စာဖတ်တာ ဝါသနာပါသော မပုန်းရည်က စာကဗျာတွေထဲက နွေဦးဖွဲ့တာ တွေကို သတိရသည်။ လယ်ကွင်းတွေထဲမှာ စပါးရိတ်သူတွေဆိုကြသည့် သီချင်းတွေ သည်း ညံပြီ။ သည်ရွာ သည်ကျောင်းကလေးကို မပုန်းရည်ရောက်တာ သည်နှစ် ကျောင်းပိတ်ချိန်ဆိုလျှင် နှစ်ခါလည်း ရှိပြီ။ ကျောင်းပြတင်းက လှမ်းမြင်ရသော အညာကျေးရွာ ရှုခင်းတွေကို မပုန်းရည် မကြာခဏ ငေးဖြစ်ပါ၏။

"ဆရာမ…"

အသံကြောင့် မပုန်းရည်လှည့်ကြည့်လိုက်တော့ အင်ဂျင်နီယာ ကိုမျိုးသွင် နှင့် လေးပန်းဆီ။ လေးပန်းဆီက ခေါင်းပေါင်းကြီးမပါတော့ ကိုမျိုးသွင်က ဝင်ခေါ် လာပုံရသည်။ မပုန်းရည်ပင် အံ့ဩသွားခဲ့သည်။ ကိုမျိုးသွင် ပေါ်မလာတာ ကြာပြီ။ သည်ကနေ့တော့ ဆိုက်ဆိုက်မြိုက်မြိုက်ပါလား။ မပုန်းရည်က ပြုံးရင်း နှုတ်ဆက် လိုက်ပါ၏။

"ထိုင်ကြပါရှင်…လေးပန်းဆီ ဆရာကြီးရုံးခန်းထဲ ကြွပါ…အဲသည်မှာ ထိုင်ရတာ အဆင်ပြေတယ်…ကိုမျိုးသွင် မလာတာကြာပြီနော်…နယ် ရောက်နေတာလားရှင့်…"

ရုံးခန်းထဲရောက်တော့ ကိုမျိုးသွင်က သူဖတ်လက်စဖြစ်ဟန်ရှိသော အင်္ဂလိပ် စာအုပ်ကို စားပွဲပေါ်ချရင်း မပုန်းရည် အမေးကို ဖြေသည်။

"ဟုတ်တယ် ဆရာမရေ…ရန်ကုန်မှာ စက်ပစ္စည်းတွေ သွားထုတ်ရတာ… ချက်ချင်း ထပြေးရတာဆိုတော့ သည်ဘက် မရောက်ဖြစ်လိုက်ဘူး… နေကောင်းကြလား…"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းကြပါတယ်ရှင်...ကျွန်မတို့လည်း စာမေးပွဲရက် နီးလာတော့ အောင်ကြသလောက်ပါပဲ...ရန်ကုန်မှာ ကြာတယ်နော်..."

"ကြာတယ်ခင်ဗျ...မနေ့ကမှ ပြန်ရောက်တယ်...ကနေ့တော့ နတ်ရေကန်ဘက် သွားဦးမယ်ဆိုပြီး ထွက်လာတာ...သည်လို ဆရာမရဲ့...ရွာက နေ့စား အလုပ်သမားဆယ်ယောက်လောက် လာခေါ်တာ...နေ့စားဆိုပေမယ့် တစ်လ နှစ်လတော့ လုပ်ကြရမှာပါ...သူတို့ကို တစ်ရက် နှစ်ရက်တော့ ရှာရမယ်နဲ့တူပါရဲ့ ဆရာမရယ်...လူလတ်ပိုင်းတွေက လယ်ရိတ်နေကြလို့လေ...လေးပန်းဆီကို အပူကပ်နေရတယ်"

"အဲသာပြောတာပေါ့ ဆရာမရဲ့...ကျုပ်တို့ရွာက အဲသလို ချိကောက်ခေါ်ဖို့ ခက်တယ်...အခုက လယ်ရိတ်ဝင်ကြလို့ကိုးဗျ..."

မပုန်းရည်က ရွာသဘာဝကို သိသည်။ သည်ရွာတွေမှာက တခြားအလုပ်သွားလုပ်သူရယ်လို့ ရှားသည်။ ဈေးရောင်းသူတွေလောက်သာ နေ့လယ်နေ့ခင်းထွက်ကြတာ များပါသည်။ အရင်က ဝန်ထမ်းဆိုတာကို စိတ်ဝင်စားမှု နည်းကြသည်။ သည်ဘက်ခေတ်တွေမှာတော့ မြို့ဆိုတာကို အတန်အသင့် စိတ်ဝင်စားကြသည်။ အလုပ်သဘာဝ အသစ်ကို စူးစမ်းချင်ကြသည်။ သို့သော် လက်တစ်ကမ်းမှာ အလုပ်သဘာဝအသစ် မရှိတော့ လယ်ထဲယာထဲမှာပဲ ဘဝပြီးကြရတာတွေလည်း ရှိသည်။ မပုန်းရည်က စကားပြောင်းလိုက်သည်။ ဘွားကြီး နေမကောင်းတာ ခေါ်ဆဲရောက်လာလို့ ဖြစ်သည်။

"လေးပန်းဆီရယ်...ဘွားကြီး နေမကောင်းဘူး...ကျွန်မတော့ မတ္တရာက ဒေါက်တာစော ခေါ်ပြချင်တာပဲ...ရွာရိုးဆေးနဲ့ မရလောက်ဘူးထင်တာပဲ"

"ကျုပ်လည်း သည်ရက်ထဲ လွန်တောင်းဘက် ရောက်နေလို့ မရောက်ရဘူး...ပြန်လာတော့ သမီးတွေက ပြောကြတာ...မရောက်ရသေးပေါင်ဗျာ...ည လာခဲ့ဦးမယ်"

"လာလိုက်ပါဦး...ကြုံတုန်း အကူအညီတောင်းချင်သေးတယ်...သည်လို ကိုမျိုးသွင်ရဲ့ ဘွားကြီးက ကျွန်မကျေးဇူးရှင်ပါ...နေရေးရော စားရေးရော မပူမပင် မကြောင့်မကျနေရတဲ့ ကျေးဇူးကလည်း ရှိတယ်...ခက်တာက သူတို့က အင်္ဂလိပ်ဆေး ကြောက်ကြတယ်...အဲဒါ...ကျွန်မတော့ တစ်ရက် ဆရာဝန်ပင့် ပြချင်တယ်...ဘွားကြီးကတော့ ကားပေါ်တက်မှာ မဟုတ်ဘူး...ဒေါက်တာစောကို ရွာပင့်ပြီး ပြချင်တာ"



"ပြလေ ဆရာမ...မတ္တရာသွားပင့်ပြီး ပြန်ပို့ပေးရမှာကို ပြောတာမဟုတ်လား...ကျွန်တော်တော့ သည်ရက်ထဲ လူမအားဘူး...ကားတွေ ရှိပါတယ်...ကျွန်တော့်တပည့် သာဉာဏ်ကို လွှတ်ပေးမယ်...ဘယ်တော့သွားချင်လဲ"

ကိုမျိုးသွင်က ဘယ်တော့သွားချင်လဲဆိုပြန်တော့ မပုန်းရည် မပြောတတ်ပြန်ပါ။ ကာယကံရှင်ကို ပြောရသေးတာမဟုတ်တော့ အတိအကျ ပြောလိုက်ဖို့တော့ ခက်ရပါ၏။ မပုန်းရည် သဘောကတော့ ဒေါက်တာစောကို ရွာပင့်လာမည်။ ဒေါက်တာစော သဘောထားကို မေးမည်။ ရောဂါကြီးလျှင် ဆေးရုံတင်တန် တင်ရည်။ နေမပျက် အိမ်မှာပဲ ကုလို့ရလျှင်တော့လည်း ကုချင်သည်။ သို့သော် သည်လိုခင်တာကို ကြိုက်ကြပါ့မလား။ လေးပန်းဆီကို စည်းရုံးလျှင်တော့ ဖြစ်နိုင်သည်။ လေးပန်းဆီကို အကျိုးအကြောင်း ပြောပြတော့ သဘောတူသည်။ လုပ်ပါဆရာမ ကျုပ်ပြောပါ့မယ် ဆို၏။

"ကျုပ်တို့လည်း အဲသလိုပဲရယ်...သူတို့ဆေး ခါးပတ်ကျားတွေ ခါးပတ်ဖြူတွေ...ဝါတစ်ခြမ်း စိမ်းတစ်ခြမ်းတွေ ကျုပ်တို့က သုံးခဲ့တယ်...ကိုယ့်ရိုးရာ အုပ်လိုက်ကြတာပဲ...ဒါပေသိ ဆရာမ ကောင်းတယ်ထင်ရင် လုပ်ပါ ကျုပ်ပြောပြီးပြီဆိုရင် သူတို့ မငြင်းဆန်ပါဘူး"

ခါးပတ်ကျား၊ ခါးပတ်ဖြူ၊ ဝါတစ်ခြမ်း၊ စိမ်းတစ်ခြမ်းဆိုတာက ကလိုရိုဖင်းကောလို၊ တက်ထရာဆိုက်ကလင်းလို အင်္ဂလိပ်ဆေးတောင့်တွေကို ပြောမှန်း သိထားသူသာ တော်တော့သည်။ မပုန်းရည်က ရယ်ချင်သော်လည်း မရယ်ဝံ့။ ကိုမျိုးသွင်ကတော့ သဘောပေါက်ပုံမရ။ ဘာလဲဗျ လေးပန်းဆီလို့ မေးနေသည်။ မပုန်းရည်က ရှင်းပြတော့မှ ရယ်သည်။ လေးပန်းဆီက သူ့ငယ်ဘဝက ဆေးတွေအကြောင်း ပြောနေပြန်၏။

"ကျုပ်တို့ ငယ်ငယ်က ချွဲသလိပ်ထရင် အမေက 'ဥ၊ ပြိတ္တာ ကြက်ညှာ ပြိတ္တာ သွားဟ' ဆိုတဲ့ လက်ဖွဲ့ထိုးပြီး လည်ပင်းဆွဲပေးထားတာလေ...ချွဲသလိပ်တွေ အခဲလိုက် ကျတာဗျား...ကိုင်း...မျက်စိများ နာရင် 'ဥ၊ ဗုဒ္ဓံ တေဇ ဓမ္မံ တေဇ သံဃံ တေဇ ဣတ္ထိ ဒိဗ္ဗေ သတ္တာရာဇ မဟာနဂါးခေါ် စက္ခု အာရောဂျံ' ဆိုပြီး ရေကို မန်း ခတ်ကြတာပဲ...ပျောက်ပါသဗျာ...ထုံးကိုယူ 'ဥ၊ ဆိတ်သည်ပင်လုံ မီးသို့အုံ ဖရုံတောင်တက်ပျက်၊ မျက်ဆရာပျက်၊ သက်ဆရာသက်' ဆိုပြီး သုံးဆယ့်ခုနစ်အုပ် မန်းပြီး သိမ်းကြတာ ဆရာရဲ့...ကျုပ်တို့တောတော့ တောဆေးပေါ့ဗျာ..."

www.burmeseclassic.com



"ရှေးကတော့ လူတွေကလည်း သစ္စာသမာဓိ ရှိကြတယ်…ဂါထာမန္တာန်တွေကလည်း သစ္စာရှိသူက ရွတ်တော့ စွမ်းတာပေါ့…နွယ်မြက်သစ်ပင်တွေကတောင် ဆေးဖက်ဝင်တာကိုး…ကျွန်မတို့လည်း ဗမာဆေးနည်းတွေနဲ့ ကြီးရတာပါ လေးပန်းဆီရယ်…သည်ခေတ်မှာတော့ ခေတ်ကုထုံးတွေက စွမ်းလှပါပြီ…သူ့ရောဂါနဲ့ သူ့ဆေး ရှိကြပါတယ်"

"ကောင်းပြီလေ…ဆရာမဆီ ကျွန်တော့်တပည့် လွှတ်ပေးပါ့မယ်…ကျွန်တော်အားရင်လည်း လာခဲ့မယ်…ကိုင်း လေးပန်းဆီ သွားကြဦးစို့…ကားကို ဘယ်လွှတ်ရမှာလဲ ဆရာမ…"

"မနက် ကျောင်းကိုပဲ လွှတ်ပေးပါ ကိုမျိုးသွင်ရယ်…"

လေးပန်းဆီက ဆရာမ ခေါ်မြင့်မြင့်စိန်အတန်းဘက် ကူးသွားပြီး နှုတ်ဆက်သည်။ မပုန်းရည်က ကိုမျိုးသွင်ကို အတန်းဝအထိ လိုက်ပို့လိုက်သည်။

"ကျွန်တော်ဖြင့် ဘယ်လိုဖြစ်မှန်း မသိဘူး…ရန်ကုန်မှာတောင် မပျော်သလောက်ပါပဲဗျာ…သည်ရွာတွေဘက် လွမ်းမိနေတော့တာပါ…သည်မှာက တကယ်ကို quiet life, rural life ဆိုတော့ အေးချမ်းတာလည်း ပါမှာပေါ့…ဆရာမကိုလည်း လွမ်းပါ့ဗျာ…"

မပုန်းရည်က ပြုံးရုံသာ ပြုံးပြလိုက်သည်။ လေးပန်းဆီရောက်လာတော့ နှစ်ယောက်သား ထွက်သွားကြသည်။ မပုန်းရည်က စာသင်ခန်းထဲ ပြန်ဝင်တော့ မမစိန်ကို သူ့စိတ်ကူးတွေ ပြောပြလိုက်သည်။ မမစိန်ကလည်း သဘောတူသည်။ တကယ်လို့ မနက်ဖြန် ကိုမျိုးသွင်တပည့် လာခေါ်လျှင်တော့ ရွာက မိန်းမဆော် တစ်ယောက်ခေါ်ကာ ဒေါက်တာဆောကို သွားပင့်မည်။

"မနက်ဖြန် ကျွန်မသွားဖြစ်ရင် မမစိန် အတန်းထိန်းပေးထားဦးနော်…ဆရာကြီးကိုလည်း လာရင် အကျိုးအကြောင်း ပြောပြပါဦး…ကျွန်မတော့ နှုတ်သွားပင့်ပြီး ပြလိုက်ချင်တယ်…"

"ကောင်းတယ် ကောင်းတယ်…စိတ်ချ မမစိန် အတန်းထိန်းပေးထားမယ်"

မပုန်းရည်က စားပွဲမှာ ထိုင်မိတော့မှ ကိုမျိုးသွင်ပြောစကားတွေကို ပြန်ကြားမိရပါ၏။ ဆရာမကိုလည်း လွမ်းပါ့ဗျာတဲ့။ မပုန်းရည် ပြုံးရပြန်သည်။ ဒါလည်း ရည်းစားစကား တစ်မျိုးပေလား။ ယောကျ်ားဆိုတာ သည်လိုပါပဲ။ ဘာပဲဖြစ်ဖြစ် ကိုမျိုးသွင်က အားကိုးရသူပင်။ လူယဉ်ကျေး ပညာတတ်ဆိုတော့ သိမ်မွေ့သည် တော်ပါသေးရဲ့။ တပည့်လွှတ်မယ်ဆိုတော့ မနက်ဖြန် တစ်စုံတစ်ရာတော့ လွှတ်လိမ့်



မည်သည်။ မပုန်းရည် ယတိပြတ် ဆုံးဖြတ်လိုက်သည်။ မနက်ဖြန် ဒေါက်တာဆောကို သွားပင့်မည်။

၈

မဏ္ဍာရာကို အင်ဂျင်နီယာ ကိုမျိုးသွင် ပို့လွှတ်သောကားနှင့် စောစောထွက်လာခဲ့သည်။ ကားမောင်းသူ ကိုသာဉာဏ်က သဘောကောင်းလှသည်။ တစ်လမ်းလုံးလည်း ကိုမျိုးသွင်အကြောင်းတွေ ပြောလာခဲ့ပါ၏။ သူ့ဆရာ အင်ဂျင်နီယာ စိတ်မနော ကောင်းလှကြောင်း၊ ဆိုက်ထဲက ဆင်းရဲသား မိသားစုများကို ပေးပေးကမ်းကမ်း ရှိကြောင်း၊ ကလေးများအတွက် ကျောင်းစရိတ်ကအစ ထောက်ပံ့ကြောင်း၊ ဝန်ထမ်းများကလည်း ကြည်ညိုလေးစားကြကြောင်းတွေ စုံလို့…။ မပုန်းရည်က စိန်းဖော်ရရန် မကေးကို ဝင်ခေါ်လာသဖြင့် ကားပေါ်မှာ သုံးယောက်သာ ပါသည်။ ကေးက တစ်မျိုးထင်မှာစိုးသဖြင့် စကားတွေကို ပေါ့ပေါ့ပါးပါး ဖြစ်ချင်ကာမှ ပိုဆိုးတော့သည်။

"ရှင်တို့ဆရာ ရွာမလာတာကြာပြီ ကိုသာဉာဏ်ရဲ့…ရန်ကုန်ပြန် မိန်းမယူဆို…"

"ကျွန်တော့်ဆရာက လူတစ်မျိုးဆရာမရဲ့…မိဘတွေက ဒေါက်တာမနဲ့ ပေးစားချင်တာကို…သူက မကြိုက်ဘူးလုပ်နေတာ…သူကြိုက်တာက တစ်မျိုးရယ်…"

မပုန်းရည် ဘရိတ်အုပ်လိုက်ရသည်။ တော်ကြာ ရိုးရိုးအေးအေး ကျောင်းဆရာမ ကြိုက်တာခင်ဗျ ဆိုလိုက်ရင် အခက်။ ဒါတောင် ကိုသာဉာဏ်က ကိုမျိုးသွင်တို့ မိသားစုအကြောင်းတွေ တန်းစီ ပြောနေလိုက်သေးသည်။ ကိုမျိုးသွင် မိဘများက မြို့မှိုးလိုက်ကာ ချမ်းသာကြသည့်အကြောင်း၊ သားနှစ်ယောက်စလုံး အင်ဂျင်နီယာများ ဖြစ်သည့်အကြောင်း၊ အစ်ကို ဦးမျိုးလွင်က ဆရာဝန်မတစ်ယောက်နှင့် အိမ်ထောင်ကျကာ စင်ကာပူမှာ အလုပ်လုပ်နေကြောင်း၊ သားသမီးနှစ်ယောက်ရှိကြောင်း၊ မိဘများက ရွှေပေါ်မြတင် အိမ်စက်ရိပ်ထဲမှာပဲထားကာ မိဘလက်ငုတ် ရွှေလုပ်ငန်းကို ဆက်စေချင်သော်လည်း ကိုမျိုးသွင်က သူ့ဝါသနာထုံရာ အင်ဂျင်နီယာအလုပ်ကိုသာ စိတ်ဝင်စားကြောင်း၊ အစ်ကို့လိုပဲ ဆရာဝန်မတစ်ယောက်နှင့် လက်ထပ်ပေးဖို့ စီစဉ်သော်လည်း ကိုမျိုးသွင်က ငြင်းဆန်နေကြောင်း၊ သည်ဘက်နယ်မှာ သူ့ကြားစက် တည်ဆောက်ပြီးသွားလျှင် ကသာနယ်ဘက်မှာ စက်တစ်လုံး တည်ဆောက်ဖို့ လက်ခံထားကြောင်း စသဖြင့် စုံလှသည်။ မပုန်းရည်က ကိုမျိုးသွင်ဘဝကို ကြားတော့

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ပင် နောက်ကျသွားရပါ၏။ ကိုမျိုးသွင်ကို ရွာကျောင်းကလေးကို ရောက်ရောက် လာတတ်သော စေတနာဖြူစင်သည့် မိတ်ဆွေတစ်ယောက်ဆိုတာထက် ဘာမျှမပိုချင် မသိချင်။ မပုန်းရည်ကိုယ်တိုင်ကလည်း ကိုယ်ကျိုးအတွက် ဘာတစ်ခုမှ အသုံးချ လိုခဲ့တာ အမှန်ပင်။ သူလည်း သူ့ဘဝ၊ ကိုယ်လည်း ကိုယ့်ဘဝ သည်လိုပဲ ရှိရမှာပေ။

မတ္တရာရောက်တော့ မကေးနှင့်အတူ ဒေါက်တာစောကို ဝင်တွေ့ရသည်။ ကျောင်းသား မောင်ကျော်လင်း ဒူးခေါင်း ဓားထိတုန်းက တစ်ခါရောက်ဖူးကြောင်း မိတ်ဆက်တော့မှ ဒေါက်တာစောက မှတ်မိသွားခဲ့သည်။ ဒေါက်တာစောက မပုန်းရည် ကို အားနာသွားဟန်ရှိသည်။

"အေးဗျာ...ဆရာမချောချောကလေးတော့ ကျွန်တော်မေ့ဖို့မကောင်းဘူး နော်...Sorry ဆရာမရေ...ကိုင်းပြော...ဘာကူညီရမလဲ...သည်တစ်ခါ ဆရာမဒူးခေါင်း ဓားထိလာတာတော့ မဟုတ်ပါဘူးနော်..."

ဒေါက်တာစော စကားကြောင့် မပုန်းရည်ရော မကေးပါ ရယ်ကြရသည်။ သဘောမနောကောင်းသူတွေမှာ သည်လို ချစ်ခင်ဖွယ် နှုတ်ရေးရှိတတ်ကြတာကို မပုန်းရည် သတိထားလိုက်မိသည်။ သည်လို အရည်အချင်းမျိုးကို မပုန်းရည် အားကျသည်။ ဒေါက်တာစောကို ပြောရဲ ဆိုရဲ ရှိလာခဲ့သည်။ အကျိုးအကြောင်း ပြောပြတော့ ဒေါက်တာစောက လေးလေးနက်နက် နားထောင်သည်။ ကိုကြာခွက် တို့ မိသားစုအခြေအနေတွေကိုလည်း ပြောပြရသည်။ ကြားက ပင့်ရသည့်အတွက် အားနာလှပါကြောင်းလည်း တောင်းပန်ရပါ၏။

"အားမနာရပါဘူး ဆရာမရယ်...တစ်ခုရှိတာက ကူးစက်ရောဂါတွေဘာတွေ ဖြစ်နေရင်တော့ ဆေးရုံတက်တာမျိုး...အနားယူတာမျိုး...ရေရှည် ဆေး မှီဝဲတာမျိုးတွေ ရှိရလိမ့်မယ်...အခုဟာ အသက်ကလည်း ကြီးပြီဆိုတော့ ဆေးဝါးကို ခံနိုင်မယ့်အင်အားကလည်း လိုသေးတာကိုး...ကိုင်းပါလေ ကျွန်တော် သဘောပေါက်ပါပြီ...ကျွန်တော် လိုက်ကြည့်ပေးပါ့မယ်...ဒါ တော့စောင့်...ကျွန်တော် ဆေးအိတ်ပြင်ရုံပါ...ကျွန်တော့်တော့ ပြန်ပို့ပေး စေချင်တယ်"

"ပို့မှာပါ ဒေါက်တာ...စိတ်ချပါ...ကျေးဇူးကြီးလှပါပြီရှင်...ကျွန်မလည်း ကြားထဲက စီစဉ်ပေးရတာဆိုတော့ ကြားကပဲ တောင်းပန်ရတာပါ ဆရာ"

မပုန်းရည်တို့ နတ်ရေကန်ရွာ ပြန်ရောက်တော့ ဆယ်နာရီထိုးလုပြီ။ ဝိုင်း ကို ကားထိုးဆိုက်လိုက်တော့ ကိုကြာခွယ်က လှမ်းကြည့်သည်။ ဘာများပါလို့



ဘယ်သူတွေပါလိမ့်...။ မကြာဥကလည်း လှေကားကအဆင်း လှမ်းကြည့်သည်။ မပုန်းရည်နှင့် မကေးက အရင်ဆင်းကာ ဆေးအိတ်ယူပြီး ဒေါက်တာစောကို ခေါ်လာ ကြပါ၏။ ဘွားကြီးက အောက်ထပ် ခုတင်ကြီးပေါ်မှာ မှိန်းနေသည်။ ဒေါက်တာစော ဝင်လာတော့ အားလုံး အံ့ဩကုန်ကြလေပြီ။ မပုန်းရည်က ဘာမှမပြောဘဲ ဘွားကြီး ခြုံထားသည့်စောင်ကို လှပ်ပေးပြီး ရပ်နေလိုက်သည်။ ဒေါက်တာစောက နားကြပ် တစ်လက်ဖြင့် တော်တော်ကြာကြာစမ်းသည်။ မကြာဥကို သိချင်တာတွေ မေးသည်။ ဘွားကြီးကိုလည်း မေးခွန်းတချို့ မေးသည်။ ကိုကြာခွက်တို့တစ်တွေပါ ရောက်လာခဲ့ ကြသည်။ အားလုံး ဆရာဝန့်အနား မကပ်ဝံ့ကြဘဲ ခပ်ဝေးဝေးက ကြည့်နေကြခြင်း ဖြစ်၏။

"အဆုတ်ရောင်နေတယ် ဆရာမ...အဖျားသွေးလည်းရှိတယ်...ကျွန်တော် ဆေးထိုးမယ်...စားဆေး သုံးရက်စာပေးခဲ့မယ်...ကောင်းတာကတော့ မနက်ဖြန်ပါ ဆေးထိုးချင်တယ်...ဆရာမတို့ ခေါ်ဖို့ခက်မှာ စိုးလို့သာ..."

"ကျွန်မ ကားကိစ္စ မေးကြည့်ပါဦးမယ် ဒေါက်တာ...ရရင် လာပင့်ပါရစေ"

ဒေါက်တာစောက ဆေးနှစ်လုံး ထိုးပေးသည်။ ခြေကြွခ ကန်တော့ပါရစေ ဆိုတော့လည်း မယူပါ။ သက်ကြီးဝါကြီးမို့ ကုသိုလ်ပြုပါရစေလို့သာ ဆိုသည်။ ခြေကြွခ မယူသဖြင့် အားမနာပါနဲ့ ခေါ်နိုင်ရင် လာခေါ်ပါလို့ အထပ်ထပ်မှာတာ ပြန်သွားသည်။ မပုန်းရည်က ကားနားအထိ လိုက်ပို့ပြီး အပြန်မှာတော့ ကိုကြာခွက် ကို ထည့်ပေးလိုက်ရသည်။ ကိုသာဉာဏ်ကိုလည်း ကူညီလက်စနှင့် မနက်ဖြန်ပါ ကူညီစေချင်ကြောင်း၊ ကိုမျိုးသွင်ကို အကျိုးအကြောင်း ပြောပြစေချင်ကြောင်း မှာလိုက် သည်။ အားနာလှသော်လည်း မတတ်နိုင်တော့။ မပုန်းရည်မှာ မျက်နှာပူပူနှင့် မှာလိုက် ရပါ၏။

မပုန်းရည်က ကျောင်းကို မပြန်တော့ဘဲ အပေါ်ထပ်ကိုတက်ပြီး အဝတ် အစားလဲသည်။ အိပ်ရာပေါ် ခဏလှဲနေလိုက်သည်။ မကြာဥပါ လိုက်တက်လာတော့မှ အကျိုးအကြောင်းပြောကာ တောင်းပန်ရတော့သည်။ မကြာဥက စိတ်မဆိုးသည့်အပြင် ကျေးဇူးတွေပင် တင်နေရှာပါသည်။

"ဆရာမ စီစဉ်တာ ကျွန်မတို့က ဝမ်းတောင်သာပါသေးတယ်...ကျွန်မ လည်း စိုးရိမ်လာတယ် ဆရာမရဲ့...တစ်နေ့ တစ်နေ့နဲ့ မသက်သာမှန်း သိတယ်...ကျွန်မတို့ ဘယ်ပင့်ဝံ့ပါ့မလဲ ဆရာမရယ်..."

"ကောင်းသွားမှာပါ မမလေးရယ်...ကားတော့ အားနာနေပဲ ထပ်မှာလိုက် ရတယ်...ကားအားရင်တော့ ကူညီမှာပါ...မအားတော့လည်း သောက်ဆေး

www.burmeseclassic.com

www.burmeseclassic.com



တွေ့တော့ ရှိပါတယ်…ဘွားကြီး မသက်သာရင်တော့ အကျိုးအကြောင်း ကိုကြာစွယ်လည်းနဲ့ သွားပြောရမှာပဲ”

ထူးခြားတာက ထိုညက ဘွားကြီး ကောင်းကောင်းအိပ်နိုင်ခြင်းဖြစ်သည်။ ဆေးကိုတော့ မပုန်းရည်ကိုယ်တိုင် ဆန်ပြုတ်ကလေး အဆာခံတိုက်ပြီးသည်နှင့် ချာရှိနှင့်သူ စောင့်တိုက်သည်။ မပုန်းရည် အောက်ထပ်မှာပဲ မကြာဉနှင့် အတူအိပ်လိုက်သည်။ ကိုကြာစွယ်ကလည်း မအေသက်သာလို့ ဝမ်းသာပုံရသည်။ မပုန်းရည်ရှိနေလို့ မအေ့အနား မကပ်သော်လည်း ခပ်ဝေးဝေးကနေ ဝေယျာဝစ္စ အားလုံးလုပ်ပေးရှာပါ၏။ ချီးသည် ခါးသည် ဘာမှတော့ မပြော။

မနက်မိုးလင်းကာနီးတော့မှ မပုန်းရည် မှေးခနဲ အိပ်ပျော်သွားခဲ့သည်။

“ဆရာမ…ဆရာမ…ကားရောက်လာပြီ…မနေ့က ကားဆရာမဟုတ်ဘူး”

မပုန်းရည် လူးလဲထကာ လှမ်းကြည့်လိုက်တော့ ကိုမျိုးသွင်။ ဂျင်းဘောင်းဘီနှင့် စပို့ရှပ် မီးခိုးနုရောင်ကလေးကို စတိုင်ကျကျ ဝတ်ဆင်ထားပါ၏။ ကားကတော့ မနေ့တုန်းကကားပင်။ ကိုမျိုးသွင်က ကားပေါ်က ဆင်းပြီး ဝိုင်းထဲကို တန်းဝင်လာသည်။ မပုန်းရည်လည်း နောက်ဖေးဘက်အပေါက်က ပြေးထွက်ပြီး မျက်နှာအကြမ်းသစ်လိုက်သည်။ မျက်နှာကို ပဝါဖြင့်သုတ်ရင်း ကိုမျိုးသွင်ကို ထွက်တွေ့ရသည်။ သည်အိမ်မှာက ကိုမျိုးသွင်ကို ဆီးနှုတ်ဆက်မည့်သူ မရှိတာ သိလို့ဖြစ်သည်။ မကြာဉက လူကြောက်တတ်တတ်…။ ကြာဖြူတို့ ကလေးတွေကတော့ ဘာသိမှာတုံး။ ကိုကြာစွယ်ကိုတော့ လူရိပ်လူယောင်ပင် မမြင်ရတော့။ ထုံးစံအတိုင်း ရှောင်သွားခဲ့ပြီ။

“ကနေ့ ကျွန်တော်ကိုယ်တိုင် လိုက်ပို့မယ်ဆရာမ…သာဉက်ကို တခြားကားတစ်စီးနဲ့ လွှတ်စရာရှိလို့…”

“အားနာလိုက်တာ ကိုမျိုးသွင်ရယ်…ခဏလေးနော်…ကျွန်မလိုက်မယ် အဝတ်အစား လဲရုံတင်ပါ…အဲ မကြာဉပါ လိုက်ခဲ့လေ…”

မကြာဉက မလိုက်ရဲတော့ ခပ်လျှိုလျှို။ မကေးကို နှစ်ရက်ဆက်ခေါ်တော့လည်း မကောင်းနိုင်။ မပုန်းရည်ကိုယ်တိုင်ကလည်း တစ်ယောက်တည်း မလိုက်ချင်။ စက်တော့စက်နေပြီ။ ကိုမျိုးသွင်ကို တောင်းပန်ကာ အိမ်ပေါ်တက် အဝတ်အစားလဲပြီး ဆင်းလာသည်အထိ ခေါ်စရာအဖော်မရှိ။ ကိုမျိုးသွင်က ခုံမှာမထိုင်ဘဲ ကိုကြာစွယ်နှင့်ဆိုင်းကို လျှောက်ကြည့်နေသည်။ ကိုမျိုးသွင်အလစ်မှာ မကြာဉကို မျက်နှာငယ် မျက်နှာကဲပြပြီး လိုက်ခဲ့ဖို့ လက်တို့ရပါ၏။



“အမေ့အနားမှာ လူမှမရှိတာ ဆရာမကလည်း…ကျွန်မလိုက်လို့ ဘယ်ဖြစ်ပါ့မလဲ”

မကြာဉကလည်း သည်ကားပေါ် တက်လိုက်ဖို့အရေး တီကောင် ဆားနဲ့တို့သလို ဖျတ်ဖျတ်ခါ ငြင်းနေလေတော့သည်။ ဟုတ်တော့လည်း ဟုတ်ပါရဲ့…။ ဘွားကြီးအနားမှာ လက်တိုလက်တောင်း တစ်ယောက်လောက်တော့ ရှိပါဦးမှ။ ကြာဖြူတို့ညီအစ်မ ခေါ်သွားရင်ကော။

“ကြာဖြူတို့က ကျောင်းသွားကြပေါ့ဟာ…ဆရာမနယ်…”

အဲဒါမှ အခက်။ ကိုင်း…ဘယ်သူမှ မလိုက်နိုင်တော့လည်း မပုန်းရည် တစ်ယောက်တည်း လိုက်ရတော့မှာပေါ့။ ပြောချင်ရာ ပြောကြတော့ မတတ်နိုင်ပြီ။

“ကိုမျိုးသွင်ရေ Sorry ပါရှင်…ကိုင်း သွားကြရအောင်…”

မပုန်းရည် ကားဆီကိုသွားတော့ ကားပေါ်မှာ လူတစ်ယောက်။ ဘယ်သူများပါလိမ့်။ အစောကြီးကတည်းက ကားပေါ် ကြိုရောက်နေသူက အသံပေးသည်။

“ဆရာမ…ကျုပ်ရယ်…”

www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

ကိုကြာစွယ်။ ကားပေါ်မှာ ငုတ်တုတ်။

မပုန်းရည်က ရယ်လည်းရယ်ချင်၊ ကျေးဇူးလည်းတင်မိရပါ၏။ ကျေးဇူးတင်တာက ရွာက အဖော်တစ်ယောက်ပါလာလို့ဖြစ်သည်။ ကိုမျိုးသွင်နှင့် နှစ်ယောက်တည်း သွားတာမျိုး မဖြစ်ချင်။ မိန်းမဖော်ရယ်လို့ မကြာဥကိုခေါ်တော့လည်း မလိုက်။ ကိုကြာစွယ်ကိုတော့ ထည့်မစဉ်းစားမိ။ လိုက်လိမ့်မည်မထင်၍ ဖြစ်သည်။ အခုတော့ ကိုယ်တော်က မအေ့အရေးမို့လားတော့မသိ ကားပေါ်ရောက်နေပါပကော။

ကိုမျိုးသွင်နှင့် ကိုကြာစွယ်။ ဘာစကားတွေများ ပြောကြမှာပါလိမ့်။ ကိုမျိုးသွင်က စိတ်ထဲ ဘယ်လိုမှ မရှိနိုင်သော်လည်း ကိုကြာစွယ်က ကိုမျိုးသွင်နှင့် ပတ်သက်လျှင် အောင့်စိတ်ကလေး ရှိသည်။ မပုန်းရည်နှင့် နီးစပ်သွားလေမလား ဆိုသည့်စိတ် ဖြစ်ပုံရပါ၏။

ကိုမျိုးသွင်ကားက ရှေ့မှာ တစ်ယောက်ထိုင်နိုင်ပြီး နောက်ခန်းမှာ မျက်နှာချင်းဆိုင် ကန့်လန့်ထိုင်ခုံ နှစ်တန်းပါသည့် ကားမျိုးဖြစ်သည်။ ကိုကြာစွယ်က နောက်တန်း ကန့်လန့်ခုံမှာ ဝင်ထိုင်နေခြင်း ဖြစ်သည်။ ဒါဆိုလျှင် မပုန်းရည်က ဘယ်မှာထိုင်ရမှာလဲ။ ရှေ့မှာဆိုပြန်တော့ ကိုမျိုးသွင်နှင့်ကပ်လျက် ထိုင်ရတော့မည်။ နောက်ခုံမှာပဲ ကိုကြာစွယ်နှင့် မျက်နှာချင်းဆိုင်ထိုင်တာ ကောင်းလိမ့်မည်။ မပုန်းရည်က နောက်ခန်းဘက် လျှောက်သွားတော့ ကိုမျိုးသွင်က ရှေ့မှာထိုင်ပါဟု ဆိုသေးသည်။ ရွာကလူတွေလည်း ရှိနေကြတော့ မပုန်းရည်က နောက်ကိုပဲ တက်လိုက်သည်။ ကိုမျိုးသွင်က ခေါ်ပြန်၏။



"တစ်ယောက်တော့ ရှေ့လာပါဗျာ…စကားလေးဘာလေး ပြောရအောင်"

"သွား…ကိုကြာစွယ် ရှေ့ကို…ဘယ့်နှယ့် နောက်လာထိုင်ရတာလဲ… သွားလေ ရှေ့ကို…"

မပုန်းရည်က နေရာယူပြီးသား ကိုကြာစွယ်ကို တွန်းလွှတ်သည်။ ကိုကြာစွယ်က မလှုပ်။ မလွှဲသာလို့ လိုက်ရသော်လည်း ကိုမျိုးသွင်နှင့် ထိုင်ချင်ပုံမရ။ မပုန်းရည်ကလည်း ရှေ့မသွားချင်။

"သွားလေ…ကိုကြာစွယ်ရဲ့…ယောကျ်ားလေးနှစ်ယောက်ဆိုတော့ စကားစမြည် ပြောရတာပေါ့…သွားပါရှင် ရှေ့ကို…"

"ရော်…မသွားချင်ပေါင်ဗျာ…ရှေ့က မစီးတတ်ပါဘူး…"

ကိုကြာစွယ်က ငြင်းသည်။ ကိုမျိုးသွင်က ဒရိုင်ဘာခန်းကို တက်ပြီးသော်လည်း ကားမထွက်ဘဲ ရပ်ထားသည်။ တစ်ယောက်ယောက် ရှေ့ခန်းကို လာလေမလား စောင့်ခြင်းဖြစ်၏။ တကယ်လည်း လမ်းခရီးမှာ စကားပြောချင်ပုံရပါသည်။ မပုန်းရည်မဟုတ်၊ ကိုကြာစွယ်လာလျှင်လည်း ဖြစ်သည်။ အခုတော့ မပုန်းရည်ကလည်းလော၊ ကိုကြာစွယ်ကလည်း ငြင်းဆိုတော့ မောင်းရမလို၊ မမောင်းရမလို။ မပုန်းရည်က သည်အဖြစ်ကို အားနာသွားသဖြင့် ကိုကြာစွယ့်ကို တိုးတိုးကပ်ပြောလိုက်ရပါ၏။

"သွားလေ…ဟိုခမျာ ကိုယ့်မိဘကိစ္စ လိုက်ပို့တဲ့ဟာ…ကိုယ်က မာနကြီးရာ ကျနေပါ့မယ်…ပြီးတော့ ကိုယ်လည်း ရွာက အားကစားမှူးပဲဟာ… သွားပါရှင်…"

မပုန်းရည်က အညာကိုင်လိုက်ခြင်းဖြစ်သည်။ ကိုယ့်မိဘ အရေးကိစ္စမှာ ကူညီသူကို ကိုယ်က မာနခံသလို ဖြစ်နေလိမ့်မယ်ဆိုတာကို ကိုကြာစွယ် သဘောပေါက်သွားသည်။ ပြီးတော့ သူကလည်း အင်ဂျင်နီယာ၊ ကိုယ်ကလည်း အားကစားမှူး ဘာဂုဏ်ငယ်စရာရှိသလဲ ဆိုသည့်သဘောကလည်း ကိုကြာစွယ့်ကို သွေးကြွသွားစေပုံ ပေါ်ပါ၏။ သည်တော့မှ ကားနောက်က ဆင်းပြီး ရှေ့ခန်းသွားဖို့ လှုပ်တော့သည်။

"ကျုပ်လာပြီဗျို့ ကားဆရာ…"

ဟော…လုပ်ပြန်ပြီ။ ကားဆရာတဲ့…။ မပုန်းရည် ရယ်ချင်စိတ်ကို ချိုးထားရသည်။ ကမန်းကတန်း စကားပြင်ပေးရတော့သည်။

"ကားဆရာ မဟုတ်ပါဘူး ကိုကြာစွယ်ရယ်…ဦးမျိုးသွင်တဲ့…ဘယ်သူက ကြီးသလဲတော့ မသိဘူး ကိုမျိုးသွင်လို့ ခေါ်ပါ…"

www.burmeseclassic.com

www.burmeseclassic.com



ကိုကြာစွယ်က နေပူစပ်ခါး ရှန်းရသူဆိုတော့ လူက ရင့်ရင့်ကြမ်းကြမ်း ဆိုသေးသည် လှုံ့နှံ့ချော ကိုမျိုးသွင်ထက် အသက်အားဖြင့် ငယ်ချင်လည်း ငယ်နိုင်သည်။ အသွင်အပြင်အားဖြင့်တော့ ကိုကြာစွယ်က ကြီးပုံပေါ်၏။ စကားအရ လှအောင် ပြောလိုက်ခြင်းဖြစ်သော်လည်း ကိုကြာစွယ်က အရေးထဲ တီကျနေသေးသည်။

"ကျုပ်က သည်နှစ် နယုန်လပြည့်ကျော် ဆယ့်နှစ်ရက်ဆိုရင် သုံးဆယ့်နှစ်နှစ် ပြည့်ပြီ…ဆရာလေးကတော့ ကျုပ်ထက်ငယ်မှာပါ…"

"ကျွန်တော်လား…သိဒ္ဓတ္ထမင်းသား တောထွက်တဲ့အရွယ်ဗျာ…ကိုင်း ကိုကြာစွယ် တွက်ကြည့်ပေါ့…"

"နှစ်ဆယ့်ကိုးနှစ်ပေါ့ဗျာ…ဘာရှိလိမ့်မတုံး…"

ကိုကြာစွယ်ကလည်း မဆိုးပါလားလို့ မပုန်းရည် အောက်မေ့မိရပါ၏။ စကားထွက်လာခဲ့ပြီ။ လမ်းမှာ ကိုမျိုးသွင်က မပုန်းရည်ကိုရော ကိုကြာစွယ်ကိုပါ စကားတွေ ပြောလာခဲ့သည်။ ခမျာ မအားရတဲ့ကြားထဲ တကန်တက လိုက်ပို့တာကို ကျေးဇူးတင်မိပါ၏။ ကိုကြာစွယ်ကတော့ သူ့မိခင် ဘွားကြီးအတွက် သည်လို လိုက်ပို့ တာကို ကျေးဇူးတင်ပုံရပေသိ ကျေးဇူးစကား မပြောတတ်ရှာ။ ပြောရကောင်းမှန်း မသိတာလည်း ပါပါ၏။ သည့်အတွက် မပုန်းရည်ကပဲ ကြားက ပြောရသည်။

"ကျေးဇူးတင်ပါတယ် ကိုမျိုးသွင်ရယ်…ဘွားကြီးက မကျန်းမာရှာဘူး သားသမီးတွေကလည်း တတ်စွမ်းသမျှ ကုကြပါရဲ့…ကျွန်မကပဲ ကြား ထဲက ဒေါက်တာစောနဲ့ ပြဖို့ စီစဉ်ရတာပါရှင်…ကိုမျိုးသွင် မအားမှန်း သိလို့ ကိုသာဥာဏ်ကို အားနာနာနဲ့ မှာလိုက်ရတာပါ"

"ရပါတယ်ဗျာ…နတ်ရေကန်ရွာကို ကျွန်တော်တို့ကလည်း အားကိုးနေ တာပါ…ဘယ်သူ့ကိုမဆို ကူညီနိုင်တာ ကူညီရမှာပါဗျာ…အားမနာပါနဲ့ ကိုသာဥာဏ်က ကနေ့ မအားလို့ ကျွန်တော် လိုက်လာတာပါ…အခု ဒေါက်တာစောကို ကြိုရုံပို့ရုံမဟုတ်လား…သည်လိုမှန်းသိဗျာ…ကျွန်တော် သွားပင့်မှာပေါ့…"

"အဲသလိုတော့လည်း မရှိသေးရာကျမှာပေါ့ရှင်…ကာယကံရှင် တစ်ဦးဦး တော့ ပါမှ ကောင်းမှာပေါ့…ဒါကြောင့် ကိုကြာစွယ်ကိုပါ ခေါ်လာ တာပါ…"

"ကျုပ်က ဆရာဝန် မပင့်တတ်ဘူးနော ဆရာမ…"



ကိုကြာစွယ်က စကားအစီပွားယ် မကောက်မိဘဲ ဆရာဝန်ပင့် ခေါ်လာသည် ခင်ပုံရသည်။ ပျာပျာသလဲ ငြင်းသည်။ မျက်စိမျက်နှာများ ပျက်လို့။ ကိုမျိုးသွင်က ခင်နောက်သည်။

"ဆရာဝန် ပင့်တာဗျာ…နတ်ပင့်သလိုပါပဲ…ပြီးရင် ပြန်ပို့ရတယ်…နတ်ပင့် တော့ ရတယ်မှတ်လား…"

"မရပေါင်ဗျာ…နတ်ကိစ္စ အိမ်ကလုပ်ကြတာပါ…ကျုပ်က မပင့်ဖူးဘူးရယ်"

"အလကားစတာပါ ကိုကြာစွယ်ရယ်…ရှင့်လည်း မပင့်နိုင်းပါဘူး… ဆရာဝန်ပင့်တယ်ဆိုတာ လူနာကို လိုက်ကြည့်ပေးဖို့ တောင်းပန်တာကို ပြောတာပါ…ကိုကြာစွယ်က လူနာရှင်မို့ ခေါ်လာရတာလို့ပြောတာ"

သည်တော့မှ ကိုကြာစွယ် အလုံးကျပုံဖြင့် ပေါ့ပေါ့ပါးပါး ဖြစ်သွားခဲ့သည်။ ကိုမျိုးသွင်က ကိုကြာစွယ်ကို တောသား သဘောကောင်းကြီးဆိုသည့် သဘောဖြင့် ပေါ့တီ နောက်လိုက် လုပ်နေတော့ ကိုကြာစွယ်ကလည်း ပြောရဲဆိုရဲ ရှိလာသည်။ ဒီ့ပြင် ကိုမျိုးသွင်က မပုန်းရည်ကို ဘာတွေပြောတယ်၊ ဘယ်လိုလှည့်ကြည့်တယ် ဆိုတာတော့ အကဲခတ်နေပုံပေါ်သည်။ ကိုမျိုးသွင်နှင့် အတူထိုင်ရင်း ကိုမျိုးသွင် အောက်ကို စကားလှည့်ပြောတိုင်း ကိုကြာစွယ်ကပါ လှည့်အကဲခတ်တာကို မပုန်းရည် သိပါ၏။ တကယ်များ သူနှင့် ကိုမျိုးသွင်တို့ မေတ္တာရှိသွားမှာကို ကြောက်နေရော့ သလား။

"ကိုကြာစွယ်တို့က ကြာမျိုးတွေပဲဗျ…နေပါဦး ဘာကြာတွေပါလိမ့်…"

"ကျုပ်အဖေက ဦးကြာတံဆိပ်ဗျာ…ကျုပ်အစ်ကိုတွေက ကိုကြာခွက်တဲ့ ဗျာ…ကိုကြာရိုးတဲ့ဗျာ…ကျုပ်အစ်မက မကြာဥဗျာ…ကျုပ်က ကြာစွယ် ဗျာ…ကျုပ်တူ့တူမတွေက ခုနှစ်ယောက်ဆိုတော့ ကြာခုနစ်မျိုးဗျာ… ကိုကြာခွက် မွေးတာက ကြာဖြူ၊ ကြာနီ၊ ကြာပြာ၊ ကြာညိုဗျာ…ကိုကြာရိုး မွေးတာက ကြာငုံ၊ ကြာမုံ၊ နောက် အငယ်ကောင်က ကြာယပ်ဗျာ…"

"ဘာသဘောများပါလိမ့်…အယူအစွဲရှိလို့လား ကိုကြာစွယ်ရဲ့…သိချင်လို့ မေးတာပါဗျာ…ကျွန်တော့်အဖို့ ဆန်းနေလို့ပါ…"

"အဖေ့အဖေကတော့ အဖေ့ကို နိမိတ်ယူမှည့်ခဲ့တာလို့ ပြောတာပဲဗျ… နောက်လူတွေကတော့ အဖေကြာနောက်က လွယ်ရာကောက်မှည့်ကြတာ ပါ…အဖေကြာ…ဘိုးအေကြာ…သားသမီးမြေးတွေလည်း လိုက်ကြာတာ နေမှာပေါ့…သိပေါင်ဗျာ…ဘယ့်နှယ့်ဟာတုံး ဆိုတာတော့…"

www.burmeseclassic.com

www.burmeseclassic.com



"မဂ်လာရှိတဲ့ နာမည်တွေပဲ ကိုကြာစွယ်ရဲ့ ...မြန်မာလည်း ဆန်တယ် နာမည် ကြားရတာနဲ့တင် အေးတယ်...ရေမှာတ်ရတယ်...ကောင်းတယ် ကောင်းတယ်..."

မပုန်းရည်က သည်စကားတွေထဲ ဝင်ပြောလိုက်သည်။

"ကျွန်မလည်း ဘိုးကြီး ဘွားကြီးတို့ကို မိဘအရာထားတော့ ကြာမိသား ဖြစ်သွားပြီ ကိုမျိုးသွင်ရဲ့ ကြာပုန်းရည် ဖြစ်သွားပြီ...စကားအဖြစ် ပြော မဟုတ်ပါဘူးရှင်... ကျွန်မ သည်ရွာကို ရောက်ကတည်းက စောင့်ရှော ကြတာပါ...အထူးသဖြင့် ကိုကြာစွယ်က အစစအရာရာ ကူညီလို့ ကျွန်မ အားဖြစ်ရပါတယ်"

သည်လိုပြောပြန်တော့လည်း ကိုကြာစွယ့်မျက်နှာက ပုံ့ပုံ့ပွပွကြီး ဖြစ်သ သည်။ မျက်နှာမထားတတ်သလို၊ ရှက်သလို မျက်နှာမျိုးဖြင့် ထူအမ်းအမ်း ဖြစ် သည်။ ရွာလမ်းတွေကို ကျော်တော့ မတ္တရာဘက်ကို နီးလာခဲ့ပြီ။ ပေါက်ေ ဝါးရင်းတုတ်၊ ပွဲတိုင်းကျော် ရွာတွေကို ကျော်တော့ ရွာဆက် ဝေးသွားသည်။ ရွာ နီးနီးက ပန်းရသောလမ်းမှာတော့ လူတွေ၊ လှည်းတွေ ရှိတတ်ပါ၏။ ကိုမျိုးသွင် တားကို ဂရုတစိုက်မောင်းရင်းက တစ်စုံတစ်ရာကို သတိရသွားသလို မပုန်းရည် လှမ်းပြောလေသည်။ ဆရာမန်းတင်ရေးသည့် နယ်ပိုင် မောင်ပြုံးချိုထဲက မတ္တရာ အဖွဲ့တွေကို စွဲလမ်းကြောင်း၊ သည်ရွာတွေဘက် အလုပ်ဝင်ရတော့ ပျော်ကြ ဖြစ်ကြောင်း မတ္တရာနယ်တကြော၏ ပထဝီဝင်က စိမ်းမြခြင်းနှင့် အေးချမ်းခြင်း ကြောင်း၊ တောကျေးလက်ကို ခုံမင်မိကြောင်းတွေ ပြောနေခြင်းဖြစ်သည်။ မပုန်း အံ့သြရသည့်အချက်မှာ စာတွေကို အပိုဒ်လိုက် မှတ်မိခြင်းဖြစ်သည်။ ဘယ်လော တောင် စာဖတ်နာခဲ့ပါလိမ့်။ မပုန်းရည်ကလည်း သည်စာတွေကို နှစ်သ မဟုတ်လား။ ကိုမျိုးသွင်က သူ့စကားနှင့်သူ တဟားဟား။

"ဆရာမန်းတင်ရေးတာ သိပ်ကောင်းတယ် ဆရာမရဲ့ ...ရွှေဖျင်းညီနောင် နတ်စိမ်းဖြစ်တာတောင် အေးအေးဆေးဆေး မရှိဘူးတဲ့...နေစရာ ထို ဒုက္ခရောက်လို့ အနော်ရထာမင်းရဲ့ဖောင်ကို ဆန္ဒပြ သပိတ်တားလို့ တဲ့အတိုင်း ကျော်စဉ်တိုက်ကို ရသတဲ့...ရန်ကုန်ရောက် အရာရှိ ဘယ်ဖောင်ကိုမှခွဲ၍ နေစရာအိမ်တောင်းစရာ မရှိတာကား ဆိုတာ အဲသည်ခေတ်က ဝန်ထမ်းတွေရဲ့ဘဝကို သရော်တာ...ထိတယ်..."



"ဟုတ်ပါရဲ့ရှင်...ဆရာမန်းတင်က မတ္တရာပြောင်းရမယ်ဆိုတော့ ဆွေမျိုး တွေက မတ္တရာရောက်ရင် ခြံတွေထဲ မသွားလေနဲ့...ရေစိမ်းမသောက်လေ နဲ့...ငှက်ပျောသီး မစားလေနဲ့...ပန်းတွေ မနမ်းလေနဲ့လို့ မှာကြသတဲ့... ဆရာက ရေးထားတာလေ...ရေကိုချက်ပြီးမှ သောက်ရတာ မခက်ပေမယ့် ကျန်တာတွေကို ရှောင်ဖို့ကတော့ ဒုက္ခဆင်းရဲခြင်းတစ်မျိုးပဲလို့ ရေးတာကို သိပ်သဘောကျတာပဲ...ကျွန်မ မတ္တရာဘက်မှာ တာဝန်ကျတယ်ဆိုတော့ ကျွန်မအဘိုးလေးတို့က အဲသည်လို မှာကြသေးတာ...သည်ရောက်တော့ လည်း မဟုတ်ပါဘူး..."

"မတ္တရာမှာ ရည်းစားမထားနဲ့လို့ကော မမှာလိုက်ဘူးလား ဆရာမရဲ့..."

ကိုမျိုးသွင်က စ,တော့ မပုန်းရည်က ရယ်လိုက်သည်။

"အဲဒါကတော့ မှာစရာမလိုပါဘူးရှင်...သည်တစ်သက် ထားဖြစ်မယ်တောင် မထင်တော့ပါဘူး...ကျွန်မမှာ စိတ်ကူးတစ်ခုတော့ရှိတယ်...ကျောင်းဆရာမ ဘဝနဲ့ ရောက်ချင်တဲ့ဆီ ရောက်ဦးမှာကိုး...အသက်များကြီးလို့ ဘဝများ အနည်ထိုင်ပြီဆိုရင် သည်ရွာကလေးမှာ လာနေမယ်လို့လေ...အဲသည် အချိန်ဆို ကိုကြာစွယ်ကြီးတောင် ဘိုးကြာစွယ် ဖြစ်ကရောပေါ့..."

ကိုကြာစွယ်က အသက်ကြီးလျှင် နတ်ရေကန်ရွာမှာ လာနေဖို့ စိတ်ကူး ထားသည်ဆိုသော မပုန်းရည်ကို ရှေ့ခန်းမှာ ထိုင်နေရာက လှည့်ကြည့်သည်။ ပညာ တတ် ကျောင်းဆရာမတစ်ယောက်က ရွာမှာ လာနေမယ်ဆိုတာ ဟုတ်နိုင်ပါ့မလား သည့် စူးစမ်းရိပ်ကလေး ပါတာကို မပုန်းရည် မြင်လိုက်ရသည်။ မပုန်းရည်ကလည်း ဘဝတွေ၊ ကံကြမ္မာတွေ ဘယ်လိုဖြစ်ရဦးမည် မသိသေးသော်လည်း လက်ငင်း စိတ် ရှိသည့် ခံစားမှုကို ရင်ထဲရှိသည့်အတိုင်း ပြောလိုက်ခြင်း ဖြစ်သည်။ ကိုကြာစွယ် တစ်ခုခု ပြောချင်သော်လည်း ဘာပြောရမှန်း မသိသလို နှုတ်ဆိတ်သွားခဲ့သည်။ တော့မှ စကားလုံးရှာရသွားသလို လုံးကြီးခဲရ ပြောရှာပါ၏။

"ဘယ်အချိန်လာလာပါဗျာ...ကျုပ်တို့ရွာက အိမ်ဆောက်ပေးဦးမှာပါ... ထမင်းဟင်း ချက်စရာမလိုဘူး...တရားဘာဝနာ အားထုတ်ချင်သပဆိုရင် လည်း သီလရှင်ဝတ်ပေးဦးမဗျာ..."

"ဟောတော့...ခုကတည်းက ဆံပင်ရိတ်ပေးချင်နေပြီလား ကိုကြာစွယ်ရဲ့... သီလရှင်ဝတ်မှတော့ ဘယ်ဝတ်ဝတ် ရတဲ့ဟာကို...နတ်ရေကန်လာနေရဦး မှာလား..."

www.burmeseclassic.com

www.burmeseclassic.com



"သိဘူးလေဗျာ...ဆရာမက တစ်သက် ရည်းစားမထားတော့ဘူးဆိုလို့ ပြောရတာ...ရည်းစားထားလို့ လင်ယူရင်လည်း ကျုပ်တို့ရွာက တာဝန်ယူပါသဗျာ...ကိုင်း..."

ကိုမျိုးသွင်က ရယ်သည်။ မပုန်းရည်ကလည်း ကိုကြာစွယ့်စကားကြောင့် မျက်နှာပင် ပူရပါ၏။ စကားတွေက ဟိုရောက်သည်ရောက်။ တစ်ခါတော့ ကိုကြာစွယ်က သူ့ရင်ထဲ မရှင်းသည့်ကိစ္စ ထုတ်မေးသည်။ မပုန်းရည်ပင် အံ့သြရသည်။ အင်ဂျင်နီယာဆိုတာ ဘာတွေလုပ်ရတာတုံးလို့ မေးခြင်း ဖြစ်သည်။

"အင်ဂျင်နီယာဆိုတာတော့ အမျိုးမျိုးရှိတာပေါ့ ကိုကြာစွယ်ရာ...ကျွန်တော်က စက်မှုအင်ဂျင်နီယာပေမယ့် ဆောက်လုပ်ရေးလုပ်ငန်းခွင် အတွေ့အကြုံလည်းရှိတော့ အားလုံး လုပ်ရတာပါပဲ...အထူးသဖြင့်တော့ စက်တွေ တပ်ဆင်တာတွေ...စက်ရွှမ်းအားတွေ...စက်ပစ္စည်းအစိတ်အပိုင်းတွေနဲ့ တစ်ခုချင်းလုပ်ဆောင်ပုံတွေကို တိုင်းတာတာက အစပေါ့...စက်ရုံဆောက်ဖို့ မြေကျင်းတူးတာကနေ စက်ရုံကြီး လည်ပတ်နိုင်တဲ့အထိ အကုန်တာဝန်ယူရတာပေါ့ဗျာ..."

"ပန်းရုံခေါင်းလိုပေါ့..."

"ဟုတ်ပါ့ဗျာ..."

မပုန်းရည် အူတက်မတတ် ရယ်မိပါ၏။ ကိုကြာစွယ်ကတော့ ခုမှ သည်ဆရာလေးအလုပ် သိရတော့တယ်ဆိုသည့် မျက်နှာဖြင့် ကိုမျိုးသွင်ကို စူးစူးကြီးကြည့်နေလေသည်။ ကိုမျိုးသွင်က သဘောကောင်းလို့ တော်ပါသေးရဲ့။ မတ္တရာဝင်ကာနီးပြီ။ မတ္တရာမြို့ဈေး စည်ချိန်။ စိမ်းစိမ်းစိုစို လတ်လတ်ဆတ်ဆတ် သီးနှံတွေပေါများလှပါ၏။ ငှက်ပျောခိုင်စိမ်း၊ အုန်းခိုင်စိမ်းတွေကတော့ မတ္တရာမြို့၏ အမှတ်အသားလို့တောင် ဆိုနိုင်သည်။ မတ္တရာကွမ်းကလည်း နာမည်ကျော်သည်။ ဥယျာဉ်မြေကြီးတွေက ထွက်သော ခြံထွက်သီးနှံတွေကလည်း တောင်ပုံရာပုံ။ ဒေါက်တာဆေးခန်းကို အရင်ဝင်ကြတော့ လူနာ လေး,ငါးယောက် ကြည့်စရာရှိနေသေးသဖြင့် ကိုမျိုးသွင်က လက်ဖက်ရည်ဆိုင်ဘက် မောင်းလာခဲ့သည်။ မတ္တရာမြို့ ဘူတာလမ်းပေါ်မှာ ဈေးနှင့် ရုံးများ တန်းလျက်ရှိကြသဖြင့် လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်တွေကလည်း သည်လမ်းပေါ်မှာ စည်ကားလို့နေသည်။ ဈေးနားက လက်ဖက်ရည်ဆိုင်မှာ ကိုမျိုးသွင် ကားထိုးရပ်လိုက်တော့ ကိုကြာစွယ်က ဈေးထဲ ခဏဝင်သည်။ ကိုမျိုးသွင်နှင့် မပုန်းရည် လက်ဖက်ရည်သောက်ရင်း ကိုကြာစွယ်ကို ထိုင်စောင့်ကြ



သည်။ အပြန်မှာတော့ ကိုကြာစွယ်က ငှက်ပျောသီး လေးဖီး ဖြူးဖြူးကြီးတွေ သယ်လာသည်။ သူ့မိတ်ဆွေက ပေးလိုက်တာဟု ဆိုသည်။ မပုန်းရည်ကို နှစ်ဖီး၊ ကိုမျိုးသွင်ကို နှစ်ဖီးပေးသည်။ မပုန်းရည်က ဒေါက်တာစောကို နှစ်ဖီးကန်တော့လိုက်ပါ။ ကျွန်မ ယူချင်ပါဘူးဆိုတော့ နှစ်ဖီးပြေးယူလိုက်ဦးမယ် လုပ်နေသေးသည်။

"တော်ပါပြီ ကိုကြာစွယ်ရဲ့...ရွာမှာလည်း ငှက်ပျောသီးတွေ စားပါလေ့...ကိုမျိုးသွင်ကတော့ ယူပါရှင်...ကိုကြာစွယ်က မေတ္တာနဲ့ပေးတာမို့ပါ...သည်နှစ်ဖီးက ဒေါက်တာစောကို ကိုကြာစွယ့်လက်နဲ့ ကန်တော့လိုက်နော်..."

"လက်အုပ်ချီရသေးတာလား...ကျုပ်က ဆရာဝန် ပင့်ဖူးတာ မဟုတ်ဘူးရယ်..."

"မချီရပါဘူးရှင်...ဆရာ့ဖို့ ခြံကထွက်တာလေး ယူလာတာပါ...ဆရာ လက်ခံပါလို့ပြော...ဆရာက နေပါစေဆိုလည်း ပြန်မယူရဘူးနော်...ထားခဲ့ရတယ်..."

"ရော်...ခြံကထွက်တာ မဟုတ်ဘဲနဲ့ ခြံထွက်ပါလို့ ပြောရမယ်...မယူချင်ပါဘူး ပြောတော့လည်း ထားခဲ့ရမယ်...အဲသလိုလား..."

"ဟုတ်တယ်..."

"ခက်ပါကောဗျာ...ကျုပ်က မဟုတ်တာပြောရင် မျက်နှာမထားတတ်ဘူး ဆရာမရဲ့..."

"ကျွန်မက မဟုတ်တာတွေ ပြောခိုင်းတာမဟုတ်ပါဘူးရှင်...ယဉ်ကျေးမှုအရ ဒေါက်တာစော ကျေးဇူးကို တုံ့ပြန်တဲ့သဘောပါ...ဝယ်လာတာဆိုရင် ဆရာက အားနာနေမှာပေါ့ ကိုကြာစွယ်ရဲ့ မတ္တရာက ငှက်ပျောသီး ပေါက ပေါနဲ့...သတိတရရှိတယ်...လေးစားတယ်ဆိုတာ ပြရတာလေ..."

"ခက်ပါကောဗျာ..."

ကိုမျိုးသွင်က သူ့ငှက်ပျောသီးနှစ်ဖီး ကားပေါ်တင်သည်။ ဒေါက်တာစောဆေးခန်းကို တစ်ခေါက်ပြန်တော့ အားပြီ သွားစို့ဟုဆိုသည်။ မပုန်းရည်က ဒေါက်တာစောနှင့် ကိုမျိုးသွင်ကို မိတ်ဆက်ပေးသည်။ ကိုကြာစွယ်နှင့် မိတ်ဆက်ပေးသည်။ ကိုကြာစွယ်ကို ဘွားကြီးသားမှန်းသိတော့ ခင်ဖျားအမေကို ဆေးလိပ် ဖြတ်ခိုင်းတော့ အဆုတ်တွေ မကောင်းဘူးလို့ သတိပေးသည်။ ကိုကြာစွယ်က ငှက်ပျောနှစ်ဖီးနှင့် ငိုင်နေဆဲ။ စကားတစ်ခွန်းမှလည်း မဟ။ မပုန်းရည်က မနေသာတော့ ခြံထွက်ငှက်ပျော

www.burmeseclassic.com

www.burmeseclassic.com



သီးဖြစ်ကြောင်း၊ လက်ခံပါဆရာဆိုတော့ ဒေါက်တာက ပြုံးရုံပြုံးပြသည်။ မပုန်းရည်က တစ်ဆင့်ယူပြီး ဆေးခန်းဆရာမကို ကမ်းပေးလိုက်သည်။ ဒေါက်တာစော ကိုကြာစွယ်က စကားပြန်မပြောသဖြင့် မပုန်းရည်ကပဲ စကားပြန်ကောက်ရပါ၏။

"ဘွားကြီးက ဆေးလိပ်တွေ သောက်လွန်းတယ်လို့ ဆရာပြောတာ ကြားတယ်နော် ကိုကြာစွယ်... ဆေးလိပ် ဖြတ်နိုင်းရမယ်တဲ့... အဆုတ်တွေ မကောင်းဘူးတဲ့... မအေကို နားချဦး... မသောက်စေနဲ့တော့..."

"ရမထင်ပေါင်ဗျာ... ဆေးလိပ်များတော့ တံဆိပ်မရွေးဘူး... ကြံရာသောတာ... အမေတို့ ဆေးလိပ်သောက်တာ အားရစရာကြီးပါဗျာ... မီးခိုးငွေ့ဆိုတာ လှုလုံးမကွဲဘူး... သောက်ပုံများတော့..."

"ဟုတ်တယ်... အဲဒါကို တားဦးလို့ပြောတာ ကိုကြာစွယ်ရဲ့..."

"ဆရာမနယ်... သားသမီးစကား မိဘက နားထောင်ဦးမှကိုး..."

မပုန်းရည်က အဓိပ္ပာယ်ပါသော မျက်လုံးများဖြင့်သာ ဒေါက်တာစော လှမ်းကြည့်ရတော့သည်။ ဒေါက်တာစောက သူ နားလည်ကြောင်း ခေါင်းညိတ်ပြသည်။ ဆရာဝန်ကို စော်ကားနေတာ မဟုတ်ဘဲ သူ့ရင်ထဲရှိတာ ပြောနေမှန်း သိကြလို့သာ တော်တော့သည်။ ကားပေါ်တက်ကြတော့ ကိုမျိုးသွင်နှင့် ဒေါက်တာစောက ရှေ့ခန်း မပုန်းရည်နှင့် ကိုကြာစွယ်က မျက်နှာချင်းဆိုင်။ ကိုကြာစွယ်က မပုန်းရည်ထိုင်သည့်ဘက်နှင့် လွှဲထိုင်ကာ မျက်နှာကို တစ်ဖက်လှည့်ထားလေ၏။ ဒေါက်တာစော ကိုမျိုးသွင်က စကားတပြောပြော။ မပုန်းရည်နှင့် ကိုကြာစွယ်ကတော့ ကိုယ့်အတွေးနှင့်ကိုယ် လိုက်လာကြသည်။ မပုန်းရည်က မတ္တရာမြို့က အထွက် ရွာတွေ လှမ်းတော ကိုကြာစွယ်ကို မေးကြည့်သည်။

"သည်နယ်မှာ ပွဲတိုင်းကျော်၊ ဘုရားဖြူ၊ ဝါးရင်းတုတ်၊ ကမ်းတစ်ဖ... မာရဖင်၊ သူရဲတပ်၊ တောပု၊ ရှင်လှ၊ ရွေး၊ လမိုင်း ဆိုတဲ့ရွာတွေရှိတယ်လို့ ဖတ်ဖူးတယ်... ရှေးမြန်မာဘုရင်တွေ လက်ထက်က ယိုးဒယားတို့ တရုတ်ပြည်တို့ကို သွားတိုက်ရင် သည်ရွာသားတွေ ပါနေကျတဲ့... ကျွန်မကို တစ်ရက် လိုက်ပို့ဦး... ကြည့်ချင်လို့..."

"ဘယ်ရှိတော့မှာတုံး ဆရာမရဲ့... မြန်မာဘုရင်လက်ထက်က လူတွေ ဆေးကုန်ကြရောပေါ့..."

မပုန်းရည်လည်း အသာငြိမ်ရင်း လိုက်လာရလေ၏။ ကိုကြာစွယ်တစ်ယောက် အချင်အချနေတတ်တာကို စဉ်းစားနေမိသည်။ လူ့ရိုးစိတ်ဖြောင့်ဆိုတာတော့ သေချာသည်



ကျွန်မက မဟုတ်တာပြောရင် မျက်နှာမထားတတ်ဘူးဆိုတာ အမှန်ပင်။ မမှန်တာပြော မဟုတ်တာ မလုပ်ချင်သည့်စိတ်ကို မပုန်းရည် လေးစားမိရသော်လည်း တစ်ခါတစ်ရံ ကျင့်ဝတ်အရ စကားလှအောင် ပြောရတာတွေရှိသည်။ အခုလည်း ကြည့်လေ... ရှေးက သူ့ရဲကောင်းရွာတွေ ရောက်ဖူးချင်တာကိုပဲ သူ့ရဲကောင်းတွေ သွားကြည့်ချင်တယ်လို့ ပြောနေသလိုလို လုပ်နေတော့ မပုန်းရည် ဘာဆက်ပြောရမှန်းပင် မသိတော့။ ရယ်လည်း ရယ်ချင်၊ သနားလည်း သနားမိသည်။ သည်လိုဆိုပြန်တော့ ကိုကြာစွယ်ကို စာတွေတတ်အောင် သင်ပေးချင်လာသည်။ အရင်ကတော့ မပုန်းရည်ကို ရှောင်နေတတ်သဖြင့် သည်စိတ်ကူးကို အကောင်အထည်ဖော်မရဘဲ ရှိခဲ့ပါ၏။ သည်ဘက်နှစ်တွေမှာတော့ ရင်းနှီးမှုကလေး ရလာတော့ လက်ခံချင်လည်း လက်ခံလိမ့်မည်ထင်သည်။ ရေးနိုင် ဖတ်နိုင်လောက်တော့ ကိုကြာစွယ်ဉာဏ်ရည်နှင့် မခက်လောက်မှန်း မပုန်းရည် အကဲခတ်ပြီးသား။

"သည်နှစ် နွေကျောင်းပိတ်ရက် ကျွန်မ ရန်ကုန်ကိုပြန်မယ် ကိုကြာစွယ်... ကျွန်မပြန်လာရင် ကိုကြာစွယ့်ကို စာသင်ပေးမယ်... သင်ရမယ်နော်..."

"ကလေးတွေနဲ့ရောပြီး ဘယ့်နှယ်လုပ် ကျောင်းတက်မှာတုံး ဆရာမရဲ့... မဟုတ်တာ... စာလည်း မသင်ချင်ပေါင်ဗျာ... စာမတတ်လည်း နေဖြစ်တဲ့ဟာ..."

"စာတတ်တော့ စာအုပ်တွေ ဖတ်နိုင်တာပေါ့ ကိုကြာစွယ်ရဲ့... မအူမအတော့ဘူးပေါ့... စာတတ်တော့ မကောင်းဘဲလား... ကလေးတွေနဲ့ ရော မသင်ပါဘူး..."

"စာတတ်တဲ့ လူတွေလည်း အူတာ အတာပါပဲဗျာ... ရွှေဖျင်းညီနောင် စာမှ မတတ်ကြဘဲနဲ့ တရုတ်ဥတည်ဘွား နန်းတော်ထဲဝင်ပြီး လည်ပင်း ထိုး သုံးချက် တားနိုင်သေးတာပဲ... လူစွမ်းဖို့လိုတာပါ... ဆရာမနယ်..."

"ကိုကြာစွယ်က ရွှေဖျင်းညီနောင်မှ မဟုတ်တာဘဲ ကိုကြာစွယ်ရဲ့... ကိုင်း ကျွန်မ ပြောပါဦးမယ်... ကျွန်မ သည်ရွာက တခြားပြောင်းရပြီဆိုပါတော့ ကိုကြာစွယ် ကျွန်မဆီ စာမရေးချင်ဘူးလား... ကိုကြာစွယ့်လက်နဲ့ ရေးစာ ဖတ်ရရင် ဘယ်လောက် ဝမ်းသာစရာကောင်းမလဲရှင်..."

သည်စကားတော့ ထိသွားပုံရသည်။ ကိုကြာစွယ် ငြိမ်ကျသွားပါလေ၏။ ကောအဖြစ် သည်ရွာကလေးက ပြောင်းသွားရင်လို့ တမင်ထည့်ပြောလိုက်တာက စိတ်ကို ထိခိုက်သွားပုံရသည်။ မပုန်းရည် သည်ရွာကလေးကို ရောက်လာတာ

www.burmeseclassic.com

www.burmeseclassic.com



ကိုကြာစွယ် ဝမ်းသာပုံရသည်။ မပုန်းရည်ကို ခင်တွယ်ရှာသည်။ မပုန်းရည်ကို အလို တကြည့်ကြည့် ရှိရှာပါ၏။ မရိုးမသားမဟုတ်မှန်း သိသဖြင့်လည်း မပုန်းရည်ကိုယ်တိုင် က သန့်စင်သောမေတ္တာ ရောက်ရပါ၏။ အစ်ကို တောသားကြီးတစ်ယောက်ကို ခင်မင်ရသလို ခင်မင်မိသည်။ မိသားစုတစ်စုလုံးက သူတို့အိမ်အပေါ်ထပ်မှာ မပုန်းရည် ကို ထားရတာ ဂုဏ်တယူယူရှိကြသည်။ မပုန်းရည်ကိုယ်တိုင်ကပင် အားနာရသည် အထိ စောင့်ရှောက်ကြသည်။ မပုန်းရည် သည်ကျေးရှူးတရားကို မမေ့ပါ။ သည်နှစ် ပေါ်းတွေ ရိတ်ကြပြီဆိုသော်လည်း ကိုကြာစွယ် လယ်ထဲဆင်းတာ မတွေ့။ မကြာ လည်း သည်နှစ်တော့ လယ်ထဲမရောက်ပြန်။ မပုန်းရည်မေးကြည့်တော့ သည်နှစ် တူဝမ်းကွဲတွေက လယ်လာရိတ်ပေးကြသည် ဆို၏။

“တူတွေက လယ်ရိတ်ခ လိုချင်ကြလို့ ကျုပ်တို့ကို လယ်မဆင်းခိုင်းကြ ဘူး…မိုး,လေ မလွတ်ပုံရရင်တော့ ကျုပ်တို့ပါ ဝင်ရမှာပါ ဆရာမရယ် လယ်တွေက များပေမယ့် သူ့လူနဲ့သူ ရင်းစားနေတဲ့နှစ်များတော့ ကျုပ်တို့ မောင်နှမ မဆင်းကြတာများတယ်…ခမျာများ ပိုက်ဆံရစေချင်လို့…”

ကိုကြာစွယ်က သနားတတ်သည်။ ရွာက ဆင်းရဲသူ ဆင်းရဲသားတွေကို ညှာသည်။ သည်စိတ်ဓာတ်ကို မပုန်းရည် အသိအမှတ်ပြုရပါ၏။ မပုန်းရည်နှင့် ကိုကြာစွယ် ကားနောက်ခန်းမှာ စကားတွေ ပြောလာကြသလို၊ ကိုမျိုးသွင်နှင့် ဒေါက်တာစောတို့ကလည်း သူတို့အကြောင်းအရာနှင့်သူတို့။ တစ်ခါတစ်ခါ ရယ်ရယ် မောမော။ တစ်ခါတစ်ခါ လေးလေးနက်နက်။

နတ်ရေကန်ရွာကို ပြန်ရောက်တော့ အိမ်မှာ လေးပန်းဆီတို့ပါ ရောက်နေ ကြပြီ။ ဒေါက်တာစော ပြန်အပို့တော့ တစ်ယောက်ယောက် ထည့်ပေးလိုက်ရမည်။ မကြာဥက ကိုမျိုးသွင်ကို အိမ်ရှေ့တလင်းပြင်မှာ စားပွဲကုလားထိုင်ချ၍ လက်ဖက် ရေနွေးကြမ်းဖြင့် ဧည့်ခံသည်။ ကိုမျိုးသွင်က ကိုကြာစွယ့် နှင်းဆီခင်းကို လိုက် ကြည့်သည်။ သူ့အပင်တွေ မရှိတော့တာကို သိလေသလား၊ မသိလေသလားတော့ မပုန်းရည် မခန့်မှန်းနိုင်။ မျက်နှာတော့ ပူရသား။

ဒေါက်တာစောပြန်တော့ ကိုမျိုးသွင်က လူပိုမလိုက်စေချင်။ သူပဲလိုက်ပို့မည် ဆို၏။ ဒေါက်တာစောကလည်း မလိုက်ကြပါနဲ့လို့ တားသည်။ ဒေါက်တာစော ပြန်ပို့ပြီး ကိုမျိုးသွင်က မတ္တရာက မိတ်ဆွေတစ်ဦးထံ ဝင်ဦးမည်ဆိုပါ၏။ မပုန်းရည်က ကားနားလိုက်ပို့သည်။

“ကျေးဇူးတင်ပါတယ် ဒေါက်တာ…ဘွားကြီးလည်း ဘယ်လိုနေသေးလဲ သိပါရစေ…”



“ကောင်းပါတယ်…ဆေးတွေတော့ ဝင်အောင်တိုက်ပါ…သုံးရက်လောက် နေမှ တစ်ခေါက်ကြည့်သေးတာပေါ့…ကိုကြာစွယ် ခင်ဗျားအမေ ဆေးလိပ် မသောက်စေနဲ့ဗျ…ကြည့်ပြောဦး…”

“ရော်…ခက်တော့ ခက်သားပဲ…”

ဒေါက်တာစောက တဟားဟားရယ်သည်။ ကိုကြာစွယ့်ကို စသွားခြင်း ဖြစ်၏။ ကိုမျိုးသွင်ကိုလည်း နှုတ်ဆက်ရပါ၏။ ကျေးဇူးတင်ကြောင်း ပြောရပါ၏။ ကိုမျိုးသွင်က မပုန်းရည်သာ သိနိုင်သော စကားတစ်ခွန်းတော့ ပြောသွားခဲ့သေးသည်။ နှင်းဆီတွေ ပွင့်သားပဲတဲ့။

“ဘယ်နှင်းဆီတွေကများ ပွင့်နေတာလဲ ကိုမျိုးသွင်ရယ်…တံကျုရယ်တဲ့ တကြော်ကြော်…ခေါင်းပေါ်မှာ တစ်တီတူးရယ်…ဖြစ်ပြီဘူးလို့ သူက အော်…ဆိုသလိုပါပဲ…ဖြစ်ပြီဘူးလို့ အော်မှတော့ တစ်တီတူးလို့ မကြား ချင်ပါနဲ့တော့ရှင်…”

နှုတ်က ထွက်မလာသည့် စကားလုံးတွေကို မျိုချရင်း မပုန်းရည် အိမ်ကြီး ဆီ တက်ခဲ့ရပါ၏။

၀

လွန်တောင်းကို သွားပြီး စတုတ္ထတန်း အစိုးရစစ်စာမေးပွဲ ဖြေရမည့်ရက်တွေ နီးလာလေပြီ။ ကျောင်းတွင်းစာမေးပွဲတွေကို စစ်ဆေးနေရချိန်ဆိုတော့ မပုန်းရည်ရော အချိန်ပါ မနားရတော့။ မောင်တတ်လှလည်း မနေသာ။ ဘွားကြီး နေကောင်းသွားပြီ ဆိုတော့ မပုန်းရည် ညကျောင်းလည်း ပြန်ဖွင့်နိုင်ခဲ့ပါ၏။ စာမေးပွဲဖြေပြီးတော့ အခြားအတန်းတွေ ကျောင်းပိတ်လိုက်သော်လည်း စတုတ္ထတန်းကျောင်းသားတွေကတော့ ကျောင်းမှာ စာသင်နေရဆဲ။ မပုန်းရည်ကလည်း ကိုယ်ဖိရင်ဖိ နေ့ရောညပါ ကျူးသွင်း ထားရပါ၏။ ကြာတော့ မပုန်းရည်ရော ကလေးတွေပါ ငြီးချင်ချင်။

“မပုန်းရည်ရယ်…ကလေးတွေ ဖြေနိုင်ကြပါပြီ…မမစိန် သိပါတယ်… မပုန်းရည်က စိုးရိမ်လို့ပါ…တန်းလုံးကျွတ် မအောင်တော့ပြော…မမစိန့် တောင် မပုန်းရည်လောက် အပင်ပန်းမခံနိုင်တာ အမှန်ပဲ…ချီးကျူးပါ… ကျေးဇူးလည်းတင်ပါ…”

“ဘာကိုလဲ မမစိန်ရဲ့…”

“စာသင်နိုင်တာကို ချီးကျူးတာပေါ့…ကျေးဇူးတင်တာကတော့ ရွာအတွက် စိတ်ရောကိုယ်ရောနှစ်ပြီး အပင်ပန်းခံတာကိုပေါ့…ကိုယ့်ရွာအတွက်ရယ်လို့

www.burmeseclassic.com

www.burmeseclassic.com



မမစိန်မှာ စိတ်ရှိပေမယ့် လူမပါနိုင်ခဲ့ဘူး…ပညာရေးမှာ နတ်ရေကန်ဟာ ဘယ်တုံးကမှ မထွန်းပေါက်ခဲ့ဘူး…အရင်ဆရာမတွေတုန်းကလည်း သည်လိုပဲ…ညွှတ်ပုံ ညွှတ်ပုံနဲ့ ပြောင်းသာသွားကြရော ကလေးတွေ ထူးချွန်မကျန်ရစ်ခဲ့ဘူး…တချို့ ဆရာမတွေဆို ရွာက မြင်တောင်မမြင်ဖူးလိုက်ဘူး မပုန်းရည်ရဲ့…ဆရာမတွေကို အပြစ်မတင်ပါဘူး…သူတို့ခမျာလည်း ကျောင်းရောက်ဖို့တောင် ရထားစီးရ၊ စက်ဘီးစီးရ၊ လယ်ကန်သင်းကျော်ရ ရေကူးရေခန်း လာကြရတော့ အားမသွန်နိုင်ရှာကြဘူးပေါ့လေ…ကိုယ်ချင်းလည်း စာပါရဲ့…မပုန်းရည်ကို နတ်ရေကန်က ရလိုက်တာ ကံကောင်းတာပဲ…"

"မမစိန်ရယ်…ကျွန်မက ရွာမှာ အထိုင်နေရတော့လည်း စိတ်ရှိတိုင်း လုပ်နိုင်တာ ပါပါတယ်…ကျွန်မ ပြောခဲ့ပါပကော…ကျွန်မကိုယ်တိုင်က ချို့ချို့ငဲ့ငဲ့ ကျောင်းနေခဲ့ရတယ်…ဆယ်တန်းသွားဖြေတုန်းကများ ခဏတည်းအိမ်မှာ ရေခပ် ထမင်းချက် လုပ်ပေးရတာ ပါသေးတယ်…တစ်ဖက်က ကျောင်းစာအုပ်၊ တစ်ဖက်က ထမင်းအိုးမွှေခဲ့ရတယ်…ဖောင်တိန်ကောင်းကောင်း မရှိခဲ့ဘူး…အဘိုးလေးက ပိုက်ဆံပေးပေမယ့် ရှိတာနဲ့ ဖြေခဲ့တာပါ…ဘွဲ့ယူတဲ့နေ့ကများ ကိုယ့်ကိုယ်ကိုယ်တောင် မယုံဘူး…သည်ခံစားမှုက ကျွန်မရင်ထဲမှာ ရှိနေတုန်းပဲ…သည်ရွာက ကလေးတွေကို ကျွန်မလေးတန်းတုန်းက မပုန်းရည်ကလေးတွေလို့ပဲ သဘောထားမိတယ်"

နတ်ရေကန်ရွာ တစ်ရွာလုံး နွေကျင်းထဲကျပြီး ဘယ်ကိုကြည့်ကြည့် ထနောင်း၊ တမာ၊ မန်ကျည်း၊ အဓေရာနှင့် တလုတ်မန်ကျည်းသီးပင်တွေသာ ရှိသည်။ ရေခာတ်ကောင်း၊ မြေဆီကောင်း ရွာဆိုသော်လည်း နွေရောက်ပြီဆိုသည့်အခါ နွေသရုပ်ပီပီကြီး ထင်လာတာကို မပုန်းရည် သတိထားမိပါ၏။ လေးဟူးဟူး နေစူးစူးကြောင့် သစ်ရွက်တွေ ကြွေတာကကြွေ၊ ဝေတာကဝေ၊ ကြွေပြီးတော့လည်း ရွက်နုထိုးရသည်။ ရိတ်သိမ်းပြီးစ စပါးခင်းတွေ အားပြီဆိုတော့ နှမ်းတစ်သီး စိုက်ကြဖို့ မြေလှန်ကြပြန်ပြီ။ ထရေး ခွဲကြရပြန်ပြီ။ မပုန်းရည်တို့ အောက်ပြည်အောက်ရွာက လယ်တောထာတောနှင့် အညာလယ်တော ယာတောတို့ သဘာဝချင်း နီးသော်လည်း အရောင်ခြားသည်ဟု ထင်သည်။ မြေကိုခွဲ သစ်စေ့ချ၊ အပင်ကလေး ငေါက်ငေါက်လန်းလန်း ရှိလာတော့ ကြီးထွားသန်မာအောင် နေ့တကြည့်ကြည့် ညတကြည့်ကြည့် ရှိကြပြန်သည်။ ရေလိုတော့ ရေမျှော်ရ၊ မိုးလိုတော့ မိုးမျှော်ရ၊ နှင်းလိုတော့ နှင်းမျှော်ရ



သည်။ ညာသီတွေတိုင် ကူးတမ်းကစားသလို နွေ၊ မိုး၊ ဆောင်း ပြောင်းသော်လည်း ကျေးတောနေတို့ ဘဝတွေက မပြောင်းနိုင်ကြ။ သည်ရွာ သည်မြေ သည်လယ်တွေကြားက ကလေးတွေကကော ဘာထူးလို့လဲ။ မြေကိုခွဲ သစ်စေ့ချရသလို သူတို့ဘဝတွေထဲ ထိုးဝင်ကာ ပညာသစ်စေ့ ချရတာမျိုးပင်။ မပေါက်တစ်စေ့ ပေါက်တစ်စေ့။ မသန်တစ်စေ့ သန်တစ်စေ့။

"အဲဒါကို ကျေးဇူးတင်တာပေါ့ မပုန်းရည်ရယ်…ရွာကလည်း သိပါတယ်…မပုန်းရည် အပင်ပန်းခံတာ… စာသင်ကောင်းတာ… စေတနာပါတာ အားလုံးသိကြလေတော့ ကျောင်းသားမိဘရယ် ဘာရယ် မဟုတ်တော့တဲ့ ချစ်ခင်လေးစားကြတာ မပုန်းရည်အသိပဲ…မမစိန်ကတော့ ကျောင်းမှာပဲ revision လေး မေးလုပ်စေချင်တယ်…ညဘက် မခေါ်နဲ့တော့…မပုန်းရည် နားစေချင်တယ်…"

"ကျွန်မလည်း စဉ်းစားပါတယ်…ကိုကြာစွယ်က မရဘူး…မိုးချုပ်တာနဲ့ မီးတွေ ထွန်းတော့တာ ဘတ်ထရီဆိုတာ မတွေ့ရာနဲ့ နတ်ရေကန် ကူးနေသလိုပဲ…ရွာက အားပေးနေတော့ မထူးပါဘူး…မမစိန်ရယ်… စာမေးပွဲအတွက် preparation လုပ်ပေးတာမျိုး…pilot test လုပ်ကြည့်တာမျိုး လုပ်ရင် စာမေးပွဲကျ မကြောင်တော့ဘူးပေါ့…"

"အင်းလေ…ငါ့ညီမသဘောပဲ…မမစိန်လိုတာရှိတော့လည်း ပြောပေါ့…"

လွန်တောင်းကို သွားဖြေရမည့် ကလေးတွေအတွက် ရွာက လှည်းစီစဉ်ဆေးရမည်။ ကျောင်းသား ဆယ့်သုံးယောက်ဆိုတော့ လှည်းသုံးစီးရလျှင် အဆင်ပြေသည်။ မပုန်းရည်၊ မမစိန်နှင့် မောင်တက်လူတို့ လိုက်မည်။ ဆရာကြီးကတော့ လွန်တောင်း စာစစ်ဌာနမှာပဲ နေ့ရော ညပါ နေရမည်။ သည့်အတွက် ရွာအစည်းအဝေးပင် လုပ်ပြီးခဲ့ပြီ။ လှည်းကူညီချင်သူတွေ များသဖြင့် အလှည့်ကျ တာဝန်ခွဲပေးရသည်။ အားကစားပြိုင်ပွဲတုန်းက နတ်ရေကန် နာမည်ရခဲ့တာကို လက်တွေ့မြင်ရတော့ သည်တစ်ပွဲမှာ ရွာက အားခဲနေကြသည်။ ကလေးတွေအတွက် လှူတာတန်းတာတွေပင် ရှိလာသည်။ လေးပန်းဆီကဆိုလျှင် ခါးတောင်းတကျိုက်ကျိုက်နဲ့ ရင်ခေါင်း တမြောက်မြောက်။ လှည်းပေါ် အသံချဲ့စက် တင်ချင်သတဲ့။ ဒိုးပတ်ဝိုင်း တင်ချင်သတဲ့။ အလံတစ်လူလူ လွှင့်ချင်သတဲ့။

"ငါပြောမယ်…လွန်တောင်းမှာ သွားနေပြီး ဖြေချင်ရင်လည်း ဘုန်းကြီးကျောင်းမှာ တည်းလို့ဖြစ်တယ်…ငါတာဝန်ယူသကွာ…ဖြေပြီး ပြန်မယ်ဆိုလည်း လှည်းတွေက စောင့်ခေါ်ရမယ်…တစ်ခုရှိတာက စာမေးပွဲက

www.burmeseclassic.com

www.burmeseclassic.com



ခနက်တစ်ပိုင်း နေ့လယ်တစ်ပိုင်းဆိုတော့ ရွာက စောစောထွက်နိုင်ရဲ့ လိုသကွ…ထမင်းထုပ် ထုပ်ဖို့ကိစ္စတော့ ကိုယ့်အိမ်ကကိုယ် ထုပ်ခဲ့ရမယ် ကွာ…ဘယ့်နှယ့်တုံး…"

ဘယ့်နှယ့်တုံး ဆိုပေသိ လေးပန်းဆီကိုယ်တိုင်ကပင် ဆုံးဖြတ်ချက်ချသည့် ချည်းပင်။

"အဲတော့ ဖြေမယ့်ကလေးတွေအားလုံး ဘိုးကြီးတို့အိမ်ပေါ် ပြားအိပ်ရင် မနက် ကလေးမကောက်ရတော့ဘူး…လေးနာရီထ, မျက်နှာသစ် မနက်စာ ကျွေးမကွာ…လှည်းပေါ် ငါးနာရီအရောက်…ဘယ့်နှယ့်တုံး…"

"လေးပန်းဆီက ဘယ်နှယ့်တုံးဆိုတော့ ကျုပ်တို့က ဘယ့်နှယ့်လုပ် ပြော မှာတုံး…လေးပန်းဆီ ဖြစ်ချင်တာပြောလေဗျာ…အားလုံးအတွက် အဆင် ပြေရင် လုပ်ကြရုံပေါ့ဗျ…တခြားလူတွေလည်း ပြောကြပါဦး…"

ရွာလက်သမားဆရာ ကိုကံရက ဝေါက်တော့လည်း လေးပန်းဆီ ငြိမ်သွား သည်။ ဒါဆိုလည်း ပြောကြလေကွာ မင်းတို့ပါးစပ်တွေက ပိတ်နေလို့ ငါက ပြော တာလို့လည်း အော်လေ၏။ မပုန်းရည်ကတော့ စာမေးပွဲ သွားဖြေမှာကို အလှူလှည့် သလိုလှည့်ဖို့ တိုင်ပင်နေကြတာကို တွေးကြည့်ရင်း ဝမ်းပဲသာရမှာလိုလို၊ ရှက်ပဲရှက်ရ မှာလိုလို ခံစားနေရသည်။ မမစိန်ကတော့ သူ့ရွာအကြောင်း သိလို့လားမသိ၊ ရွာက စိတ်ပါရင် အဲသလို လုပ်တော့တာ မပုန်းရည်ရေဟုသာ ဆိုလေသည်။ ကိုကြာခွက်နှင့် ကိုကြာရိုးတို့ကလည်း ငုတ်တုတ်။ ကိုကြာစွယ်ကတော့ သူ့တာဝန် ပါမလာသေး သဖြင့် မျက်လုံးပြူးကြီးဖြင့် ကြည့်နေတာပဲ ရှိသည်။

"ကြာစွယ်…ဘယ့်နှယ့်တုံး…"

"ဘာကိုတုံးဗျ…ခင်ဗျားဟာက အရင်းမရှိ အဖျားမရှိ…"

"ကျောင်းစာမေးပွဲကိစ္စ ပြောနေတာလေကွာ…ဘာအရင်းမရှိရမှာတုံး မင်းက လူငုတ်တုတ်ထားပြီး စိတ်က တော်ရာရောက်နေတာကိုးကွ…"

"လုပ်ကြပါဗျာ…ကျုပ်ကတော့ ခုနစ်စင်ကြယ်ပြောင် အမြဲထောင်ပါ…"

"တစ်မိုးလုံးမျှောက်ဆိပ် ပြောစမ်းပါကွာ…မင်းဟာ…ကဲပါ ပြောစမ်းပါ"

"ကျုပ်ကတော့ နတ်ရေကန်က မျက်နှာငယ်ရတာမျိုး မဖြစ်စေချင်ဘူး အော်လံကြီးတစ်ပွင့် ထိပ်ဆုံးလှည်း တင်နိုင်ရင် ဒိုးပတ်ဝိုင်း လိုမထင်ပေါင် ဗျာ…ကျောင်းက အလံတော်နဲ့ အော်လံတင်ပြီး စည်းစည်းကားကား သွား မှာပဲ…"



မပုန်းရည်က ဘာမှ ဝင်မပြောတော့။ သူ့ရွာနှင့် သူ့ကျောင်း ရှိပါစေတော့ ဟူသာ သဘောထားလိုက်ပါ၏။ ထိုနေ့က အစည်းအဝေးမပြတ်ပါ။ လာမည့် ဗုဒ္ဓဟူး နေ့ ကိုကြာစွယ့်အိမ် မီးအလင်းရောင်အောက် ညစာစားပြီးချိန် လူစုရန် ပြန်ချိန်း ကြသည်။

သည်ကနေ့ ဗုဒ္ဓဟူးနေ့…။ ညကျလျှင်တော့ အသေးစိတ် အစီအစဉ်တွေ ချရမည်။ အစည်းအဝေးနေ့က အကြောင်းတွေ မပုန်းရည် ပြန်တွေးနေခြင်း ဖြစ်သည်။ ကျောင်းဝန်းကျင်မှာ လေပူတစ်ချက် တေ့သွားတော့ သစ်ရွက်အိုတွေ ပြေးလွှားနေကြ သည်။ မပုန်းရည်လည်း အတွေးတွေကို သိမ်းကာ မမစိန်ကို ညဘက် လျှောက်ခဲ့ပါဦး ခေါ်လိုက်သည်။ ဒေါ်မြင့်မြင့်စိန်က လာခဲ့မည်ဟု ဆို၏။

"ဒါ့ထက် မပုန်းရည် စာမေးပွဲတွေပြီးရင် ရန်ကုန်ပြန်မှာပေါ့နော်…ဘယ် တော့လောက် ပြန်မလဲ…"

"ကျောင်းပိတ်ပြီး တစ်ပတ်လောက်နေဦးမယ်…ပစ္စည်းကလေးတွေ သိမ်းရ ဆည်းရဦးမှာနဲ့ ဆိုတော့လေ…ဘာဖြစ်လို့လဲ မမစိန်…"

"ဪ…လေးပန်းဆီသမီး လှလှရီမင်္ဂလာဆောင် ရှိသေးလို့ မေးတာ… မပုန်းရည်ရှိမှ ကောင်းမယ်ထင်လို့…မပုန်းရည် မကြားသေးဘူးလား…"

"မကြားမိသေးဘူး…ဒါဆိုရင်တော့ နေရမှာပေါ့…ရက်သိပ်နောက်မကျဘူး ဆိုရင်ပေါ့ မမစိန်ရယ်…"

ကျောင်းစောစောပြန်လွှတ်လိုက်သည်။

"ကိုင်း နားထောင်ကြ…ဆည်တော်ချောင်းထဲ ရေသွားမကူးရဘူး…နေပူထဲ ဘဲဥကောက် မထွက်ရဘူး…ကိုယ့်အိမ်မှာကိုယ်နေပြီး စာကျက်ရမယ်… သည်ရက်ထဲ ဖျားမှာ နာမှာစိုးလို့ ပြောတာ…ရေကူးတာတွေ့ရင်, ဘဲဥ ကောက်ထွက်တာတွေ့ရင်, ငှက်လိုက်ပစ်တယ်ကြားရင် ဆရာမတို့ကို လာ ပြော…ရိုက်မယ်…မှတ်မိလား…"

"မှတ်မိပါတယ်…ဆရာမ…"

"နောက်တစ်ခုက ဆရာမက ခဲတံ ပေတံတွေပေးမယ်…ခဲတံက တစ်ယောက် သုံးချောင်းပေးမယ်…အခုမပေးသေးဘူး…စာမေးပွဲဖြေတဲ့ရက်ကျတော့မှ ပေးမယ်…မိဘတွေကို မပူဆာကြနဲ့နော်…အဝတ်အစားအသစ် ချုပ်ပေးရ မယ်တို့ ဖိနပ်ဝယ်ပေးရမယ်တို့ မပူဆာရဘူး…ရှိတာကို ဖြူဖြူစင်စင် လျှော်ဖွပ်ပြီး ဝတ်ခဲ့ရင် ရတယ်…ကြားလား…"

www.burmeseclassic.com

www.burmeseclassic.com



"ကြားပါတယ်ဆရာမ..."

"လက်ပိုက်ပြီးသွား...ရွာထဲ အော်မသွားကြနဲ့...နေပူတယ်...အိမ်ပြန်ပြ ရောက်အောင် ပြန်ကြ...လမ်းမှာ ထွေပစ် ခဲပစ် လုပ်မသွားရဘူး...မင်္ဂလာပ တပည့်တို့..."

"မင်္ဂလာပါဆရာမ..."

ကလေးတွေ ကျောင်းဆင်းသွားတော့မှ စာသင်ခန်းလွတ်တွေကို ကြည့်ရင်း မောင်းကုန်းကို မပုန်းရည်အောက်မေ့မိခဲ့သည်။ အဘိုးလေးက မောင်းကုန်းနှင့် အနီး အနား မြို့ရွာတွေမှာ တာဝန်ထမ်းဆောင်စေချင်တာကိုလည်း သတိရနေမိ၏။ မြေ ကျောင်းဆရာမကို အနီးမှာ နေစေချင်သည့် အဘိုးလေးကို နားလည်နိုင်ပါ၏။ အဘိုးလေးခမျာ အသက်ကြီးရှာပြီ မဟုတ်လား။ မပုန်းရည်ကလည်း မှန်တာပြောလျှင် မောင်းကုန်းနှင့် နီးနီးနားနားမှာ နေချင်သည်။ သို့သော် တာဝန်ကျရာကို လာရတော လည်း မပေါ့သာ။ ဝေးလံသော ဇာတိအရပ်ဆီက တာဝန်ရှိရာကို မကြောက်မ မစိုးမရိမ် မကြောင့်မကျ လာခဲ့ကြသူတွေ များလှပါ၏။ သည်အထဲမှာ မပုန်းရည် လည်း ပါခဲ့သည်။ ရောက်လာတုန်းကတော့ ငယ်သောစိတ်၊ ပျိုမျစ်နုနယ်သော စွန့်စား လိုစိတ်၊ ကြုံရာကျရာမှာ နိုင်ငံ့ဝန် ထမ်းလိုက်စမ်းမဟဲ့ဆိုသည့် အားမာန်တွေနှင့် ဖြစ်သည်။ သို့သော် တာဝန်တွေနောက်မှာ ဘဝတွေ ပါရစမြဲပင်။ တစ်ခါတစ်ခါ ဘဝက တောင်းဆိုသော အလိုဆန္ဒတွေ ခေါင်းပြူလာတတ်သည်။ သည်လော ဝေးဝေးအရပ်ကို ဘယ်လိုကြောင့်များ ရောက်ရတာပါလိမ့်ဆိုသည့် အားမလိုအားမ စိတ်ကလေး ခုချင်သည်။ သည်လိုရှိလာပြန်တော့လည်း ကလေးတွေမျက်နှာကို ကြည့် ရပြန်ပါသည်။ ကလေးတွေက ငါ့ဆီ မလာနိုင်တော့ ကလေးတွေရှိတဲ့နေရာ ငါက သွားရမှာပေါ့ဆိုသည့် စိတ်ကို မွေးရသည်။ ဤသို့ဖြင့် လူ့သဘာဝအရ ငံ့ချင်စိတ် ကလေးကို မော့ဖြစ်အောင် အားမွေးရသည်။

"မပုန်းရည် မပြန်သေးဘူးလား...မမစိန်တော့ ပြန်တော့မယ်...ပထမတော အထုပ်တော့ စစ်လို့ပြတ်သွားပြီ မပုန်းရည်ရေ...မောင်တက်လူတော့ ရွာ ရောက်နေသလား မသိဘူး...မမစိန် လွှတ်လိုက်မယ်..."

"ဟုတ်ကဲ့ မမစိန်...မောင်တက်လူလာမှ ကျွန်မပြန်မယ်လေ...မမစိန် ပြန်နှင့် ပါရှင်..."

စာမေးပွဲ အဖြေလွှာတွေကို မပုန်းရည်တို့ စာစစ်နေကြခြင်း ဖြစ်သည်။ ကျောင်းတစ်ကျောင်းလုံးမှာ မပုန်းရည်တစ်ယောက်တည်း။ ကျောင်းပြင်ပ နေရောင်ထဲမှာ



ဘမာနှင့် ထနောင်းတို့ စိမ်းလွန်းလှသည်။ နေပူရဲရဲကို အံတုဝံ့ကြသည့် အညာဝင် တွေ။ သည်လိုပဲ ရှိရမှာပေါ့။

ဆရာဇော်ဂျီ၏ ဗေဒါလမ်း ကဗျာတွေကို ဖတ်ရတုန်းက ဒီရေတော သတာပြင်၊ ဗေဒါပင်တွေက ကိုယ့်မျက်စိအောက်မှာ ရှိနေသဖြင့် ကဗျာကပေးသော အသိတွေ ရခဲ့သည်။ အောက်ပြေအောက်ရွာသူဆိုတော့ ကိုယ့်ပတ်ဝန်းကျင်က မြင် ကွင်းနှင့် နိမိတ်ပုံတွေကို ကဗျာနှင့် တွဲဖက်ခံစားတတ်ခဲ့သည်။ အခုတော့ အညာနိမိတ်ပုံ တွေနှင့် အတူရှိရပြီ။ အညာကဗျာတွေနှင့်အတူ ရင့်ကျက်ရပြန်ပြီ။ ဘဝကို ရင်ဆိုင် သော သတ္တိတွေသာ အရေးတကြီး လိုအပ်မှုဆိုတာ သဘောပေါက်ခဲ့ပြီ။

တမာပွင့်တွေ ဝေဝေခဲခဲ ပွင့်နေသော အပင်တွေဆီက တမာနံ့မွှေးမွှေး သင်းပျံ့ သာပါ၏။ သည်လိုဆိုတော့လည်း စိတ်ကလေး လန်းရပြန်လေသည်။

□

ကိုကြာစွယ်မီးရောင်က ခါတိုင်းထက်ပင် ပိုလင်းနေရော့လား ထင်ရပါ၏။ ဘတ်ထရီတွေက အားအပြည့်ဆိုတော့ မီးချောင်းတထိန်ထိန် ရှိရသည့်ကြား ပရိသတ် ဘက်ကို အပိုချောင်းတစ်ချောင်းပင် ထွန်းထားလိုက်သေးသည်။ ကိုကြာစွယ်ကိုယ်တိုင် ညနေကတည်းက ပြင်ဆင်ထားချက်တွေ။ နှင်းဆီခင်းက နှင်းဆီပွင့်တွေကို ခူးထာ န်းအိုးတစ်အိုးပါ အလှထိုးထားလိုက်သေးသည်။ လူကတော့ကော။ စနီးခေါ်ကြ သည့် မိုးပွင့်တွေ ပြာနေအောင် လိမ်းထားသည်။ ငါးကျပ်သားကုံး ဆွဲကြိုးကြီးက ဘဝင်းဝင်း။ ပုဆိုးက ရင်ခေါင်းမှာ။

မကေးတို့ အဖျိုကြီးတစ်သိုက်က လက်ဖက်တွေကို ဇလုံကြီးမောက်အောင် သုပ်ထားကြသည်။ မောင်စံအေးက လေးထောင့်ပုံးဖြင့် ရေနွေးတည်သည်။ ညနေ ဆောင်းပြီဆိုကတည်းက လူတွေ တဖွဲဖွဲရောက်လာကြသည်။ မပုန်းရည်နှင့် မကြာဉ အိမ်နောက်ဘက် မီးဖိုချောင်မှာပဲ ထမင်းဟင်း ပုံစားကြကာ ထမင်းကိစ္စ စောစောပြီးနှင့် ခဲ့ပါ၏။ ကလေးမိဘတွေပါ စုံပြီဆိုတော့ စာမေးပွဲဖြေမည့် ရက်များအတွင်း ရှာတေ ဆောင်ရွက်ရန် ရှိသည်များကို လေးပန်းဆီက ချပြသည်။

"ကလေးဆယ့်သုံးယောက်ဟာ...လှည်းတစ်စီး ခုနစ်ယောက်ဆိုတော့ နှစ်စီး ကုန်ရော...ရှေ့ဆုံးလှည်းက အော်လံနဲ့ အလံနဲ့ ကြာစွယ်နဲ့ သွားမယ်... စာမေးပွဲဖြေမယ့် သုံးရက်လုံးလုံး မင်းလိုက်ရမှာနော် ကြာစွယ် ..မင်းကို လေးတန်းမှူးခန့်ထားတယ်..."

"ဘာတုံးဗျ...လေးတန်းမှူးဆိုတာ..."

www.burmeseclassic.com

www.burmeseclassic.com



"အားကစားမှူးလိုပေါ့ကွာ...လေးတန်းကလေးတွေကို ကိုင်ရမယ့်ကောင်ပေါ့..."

"လေးတန်းမှူးလို့တော့ မကောင်းပါဘူးဗျာ...ကကြီး ပုတ်လောက်ရေးတောင် ဘာမှန်းမသိတဲ့ကောင်ကို လေးတန်းမှူးရယ်လို့...တခြားနာမည် ရှာပါဦး..."

"အေးလကွာ...ပြောကြလေ...ကြာစွယ့်ရာထူးကို ငါစဉ်းစားရသလောက် ပေးထားတာ..."

လူတွေက တစ်ယောက်တစ်ပေါက် ရာထူးပေးကြတော့ တဝါးဝါး။ တချို့က ကလေးမှူးတဲ့။ တချို့က မျောက်လောင်းမှူးတဲ့။ မကေးတို့ မပုစွန်တို့က ဆရာ ရှူးဆေးမှူးလို့ အော်ကြတော့ ကိုကြာစွယ်က ထကြိမ်းသည်။ သည်ဘက်နယ်တွေ ဆရာခ နှာချူဆေးကို အသုံးများကြသည်။ နှာချူဆေးဘူးကလေးတွေ အိမ်တိုင်းမှာ ရှိသည်။ ကိုကြာစွယ့်ကို နှာဘူးလို့ ပြောကြခြင်း ဖြစ်သည်။ ကိုကြာစွယ်က အဓိပ္ပါယ်ကို သိတော့ ထငေါက်ခြင်း ဖြစ်သည်။

"နင်တို့သာ သတိထား...နှာပိတ်မတွေ..."

"ဝါး ဟား ဟား..."

ပျော်စရာတောင် ကောင်းသေးတော့။ မပုန်းရည်က ကျောင်းသားရေးရာမှူး လို့ အကြံပေးတော့ အားလုံးက လက်ခံကြသည်။ ကိုကြာစွယ်က ပြုံးတုံ့တုံ့။ အပျိုကြီးတွေက အော်ကြပြန်၏။

"ကြာစွယ်က ကျောင်းသားရေးရာမှူးဆိုရင် ငါက ကျောင်းသူရေးရာမှူး လုပ်မှ ကောင်းမှာပေါ့ဟဲ့...နင်နဲ့ငါက ရှေ့လှည်းမှာ အတူတူထိုင်မယ်–"

"ကျက်သရေမရှိတဲ့ဟာမတွေ...လာမရှုပ်နဲ့...လှည်းဦးလှည်းဖျား နင်တို့ တင်ရင် ပုန်းမကြီးနတ် တင်ဖို့လာတာ မှတ်ကြမှာပေါ့...နင်တို့ရုပ်နဲ့ မှန်ထဲပြန်ကြည့်ကြဦး..."

"ဝါး ဟား ဟား..."

လေးပန်းဆီက စာရွက်တလှန်လှန်။ ကွဲကော်ကိုင်းတစိုက်စိုက်။ အညာ အဆေးက မြိုင်လွန်းဆိုင်လွန်းလှသည်။ ရှေ့လှည်းတစ်စီး၊ ကျောင်းသားလှည်းနှစ်စီး ကျောင်းလှည်းတစ်စီး။ ကျောင်းလှည်းမှာ ဒေါ်မြင့်မြင့်စိန်၊ မပုန်းရည်နှင့် အပျိုကြီး နှစ်ယောက် စီးမည်။ မောင်တတ်လှက ဆရာကြီး လုမ်းခေါ်သဖြင့် လွန်တောင် စာစစ်ဌာနမှာ တာဝန်နှင့် သွားနေရမှာဖြစ်သည်။ ကလေးတွေကို နေ့လယ်စာ ထမင်း



ကျွေးရမှာဆိုတော့ ထမင်းအိုးတောင်း၊ ဟင်းအိုးတောင်းအပြင် ဝေယျာဝစ္စ လုပ်ကိုင် ဖို့ အပျိုကြီးနှစ်ဦး တစ်ရက်ကျစီ တာဝန်ယူလိုက်ကြသည်။ ရွာက ဆန်နှင့် အလှူငွေ တတ်အားသရွေ့ ထည့်ဝင်ကြမှာဆိုတော့ အစစအရာရာ ပြည့်စုံပြီ။ အသံချဲ့စက်တော့ ကိုကြာစွယ်က တာဝန်ယူသည်။ ကျောင်းသားတွေ ဘိုးကြီးတို့ အိမ်ပေါ်မှာပဲ အိပ်ကြရမည်။ ရွာလှည်းတွေက လေးနာရီ အရောက်။

"ပထမနေ့ လှည်းစာရင်း ငါဖတ်ပြမယ်...ကိုယ့်ရက်ကိုယ်မှတ်...သာကျော် နဲ့ အုန်းစိန်က ကျောင်းသားလှည်းနှစ်စီး...အော်လံလှည်းက သန်းဝင်း... ဆရာ, ဆရာမလှည်းက မှတ်ကျော်...ထမင်းလှည်းက မောင်တိုး... ဒုတိယနေ့..."

လှည်းစာရင်း ကြေညာတော့ လှည်းပိုင်တွေက လိုလိုလားလား ရှိကြလို့ ခံသာရသည်။ တချို့လှည်းကတော့ ရက်လဲပေးပါ။ ဘယ်နေ့တော့ ဘာလုပ်စရာရှိလို့ ဆိုတာမျိုး ပြောကြသည်။ လေးပန်းဆီက လှည်းသမားအချင်းချင်း ညှိကြ၊ လှည်း ရောက်လျှင်တော့ စာရင်းပါလှည်းတာဝန်အဖြစ် အမိန့်ထုတ်လေ၏။ အပျိုကြီးတွေ ကလည်း ကိုယ့်လူနှင့်ကိုယ် နှစ်ယောက်စီ တွဲကြ၏။ မကေးနှင့် မပုစွန်။ မခဲနှင့် လည်ရစ်။ မအူချာနှင့် မချောညို။ ရေနွေးကြမ်းကျကျနှင့် လက်ဖက်သုပ်တစ်ဇလုံ ကုန်သည်အထိ စိတ်ပါလက်ပါ ရှိကြတာတွေ့တော့ မမစိန်ပင် အံ့ဩနေခဲ့သည်။ အရင်က သည်လိုမရှိခဲ့ကြောင်း မပုန်းရည်ကို ပြောပြသည်။ ဒီဇင်ဘာ အားကစား ပြိုင်ပွဲကတည်းက တက်ကြွနေသောရွာကို မြင်ရတော့ မပုန်းရည်လည်း ဝမ်းသာမိရ သည်သာ။ အားလုံးပြီးတော့ မပုန်းရည်က ကျေးဇူးတင်ကြောင်း ပြောရပါ၏။

"နတ်ရေကန်ရွာက စည်းလုံးမှုကတော့ ကျွန်မတစ်သက် မေ့နိုင်မှာ မဟုတ် ပါဘူးရှင်...ရွာဦးဆရာတော်ဘုရားကြီး အမှူးပြုလို့ လေးပန်းဆီတို့ လေးရင်ညိုတို့လို လူကြီးမိဘများ အပါအဝင် ရွာမိန်းမချောတွေဖြစ်တဲ့ မကေး၊ မပုစွန်၊ မခဲ၊ မလည်ရစ်၊ မအူချာ၊ မချောညိုတို့ကိုပါ ကျေးဇူးတင် မိပါတယ်။ ကျွန်မတို့ ဆရာ, ဆရာမများဘက်ကတော့ ကလေးတွေ အတွက် အားလုံးပြင်ဆင်ပေးထားပြီးပါပြီ။ စာမသွားတဲ့ကလေး တစ်ယောက် နှစ်ယောက်ပါပေမယ့် အောင်မှတ်ရနိုင်တဲ့အထိ သင်ကြားပေးထားပါတယ်။ နတ်ရေကန် မူလတန်းကျောင်းက ရာနှုန်းပြည့် အောင်ချက်နဲ့ အောင်မယ်လို့ ကျွန်မ စိတ်ချပြီးသားပါ။ ကျွန်မစိတ်ပူတာ တစ်ချက်ရှိပါတယ်ရှင်။ လေးတန်း အောင်ကြတာတော့ ဟုတ်ပါရဲ့။ ငါးတန်းကူးဖို့ရော မိဘများမှာ စိတ်ရော ကိုယ်ပါ ရှိကြပါ့မလား ပူတာပါ။ ဒါက နောက်ကိစ္စပါဆိုပေမဲ့ ခုကတည်းက

www.burmeseclassic.com

www.burmeseclassic.com



ဒါလည်း ကျွန်မတို့ စဉ်းစားထားကြရမှာပါ။ အထူးသဖြင့် ကျွန်မတို့ ကျောင်းသားရေးရာမှူး ကိုကြာစွယ်ကလည်း စကားပြောပါဦး" အားလုံးက ဝေါခနဲ အော်လိုက်ကြသည်။ မပုန်းရည်က တမင်ကြေညာလိုက်ခြင်း ဖြစ်သည်။ ကိုကြာစွယ်က ရှက်ကိုးရှက်ကန်း။ လုံးလုံးမထဘဲ ပေနေသည်။ အနားက လူတွေက ဆွဲထူသည်။ လူတွေက တဝါးဝါး။ ကြာစွယ် ထပါကွ။ စကားပြောဦးမှပေါ့လို့ အော်ကြပါ၏။ ကိုကြာစွယ်က မထ။ ဘိုးကြီးကပင် သူ့သား "ဟေ့ကောင်...လူကြီးတွေနဲ့ လုပ်တဲ့အလုပ် မလေးမစားမလုပ်နဲ့လေကွာ။ ခုထပြော" လို့ ဝင်ငေါက်တော့သည်။ ကိုကြာစွယ်က ဘာပြောရမှန်းမသိသလို မျက်နှာ ထူအမ်းအမ်းကြီးဖြင့် ထရပ်သည်။ စကားတွေက ထစ်အ ထစ်အ။

"ကျုပ်ပြောခဲ့သလိုပေါ့ဗျာ"

"ဟေ့ကောင်...ဘာမှလည်း မပြောရသေးဘဲနဲ့...ဘာတုံး ကျုပ်ပြောသလို ဆိုတာ"

"ကျုပ်ပြောသလိုပေါ့ဗျာ...အဲဒီတော့ အားလုံး အားလုံး ကြားကြားသမျှ"

"အမျှမျှား ဝေဦးမှာလားကွာ"

"ကြားကြားသမျှ...အဲဒီတော့...အဲ...အဲ"

ကိုကြာစွယ် စကားဆက်မရ ထစ်အဲထစ်အဲ ဖြစ်နေတုန်း ဖြဲခနဲ အော်လိုက်သံကြီးနှင့်အတူ မိန်းမတစ်သိုက် ဝိုင်းတိုက်ထဲ ဝင်ချလာလေ၏။ တဝေါဝေါ ရယ်မောသံတွေပင် ငြိမ်ကျသွားလေသည်။

(၂၀)

စာမေးပွဲကြီးပြီးလျှင် မိဘရပ်ထံ ပြန်ရမှာဖြစ်လို့ မပုန်းရည် သိမ်းသိမ်းဆည်းဆည်းရှိရပြီ။ ကျောင်းဆရာမဆိုတော့ များသောအားဖြင့် ကျောင်းစိမ်းနှင့် ပြီးရတာဆိုတော့ ရွာထဲရပ်ထဲ မှုံးထုတ်မနေအားပါ။ ကျောင်းစိမ်း အကျႌကလေးတွေနှင့် အေးအေးလောလော နေလိုက်တာချည်း ဖြစ်၏။ ရပ်ရွာထဲမှာ နေရသော ဆရာမဆိုတော့ သက်ပြတ်အကျႌနှင့် ရင်ကွဲဘလောက်စ်နှင့် မတော်တာလည်း အမှန်ပင်။ ချည်ထည် သက်စက,လေး တစ်ခါတစ်ရံ အိမ်ပေါ်က မဆင်းဖြစ်လျှင် ချောင်ပွပွအကျႌကလေးနှင့် နေလိုက်သည်ချည်း ဖြစ်၏။ သည်တော့ ရန်ကုန်ပြန်လျှင် ယူရမည့်အထည်၊ ရွာမှာ ထားခဲ့ရမည့်အထည်တွေ ရွေးထုတ်ကာ နှစ်စုခွဲရသည်။ စာမေးပွဲရက်တွေမှာ ဝတ်ဖို့ ကျောင်းစိမ်းနှင့် လက်ရှည်ဖြူကလေး သုံးစုံကို မီးပူထိုးရမည်။

ဘွားကြီးတို့အိမ်မှာ သံမီးပူကြီးတစ်လုံး ရှိသော်လည်း ပြာအံ့သည့် အပေါ်က် ဆွက ကျယ်လွန်းနေပြီ။ တစ်ခါတလေ ထိုးနေရင်းက မီးကျီးခဲ သေးသေးကလေးတွေ ပြာအံပေါက်က ကျချင်ကျလာတတ်ပါ၏။ တစ်ခါက ထိုးနေရင်း သတိမထားမိသဖြင့် အကျႌတစ်ထည် မီးပေါက်သွားဖူးသည်။ မီးပေါက်အကျႌကို မကေးက စက်နှင့် ဖာပေးသဖြင့် အိမ်နေရင်း ဝတ်ရတော့သည်။ မကေးတို့အိမ်မှာ ကြေးမီးပူကောင်းကောင်း ရှိသည်။ ကြာဖြူပဲ သွားယူ သွားပို့ လုပ်လေ့ရှိ၏။ မကြာခင်က မီးပူမထိုးတတ် သူကိုယ်တိုင်လည်း မီးပူထိုးဝတ်သူမဟုတ်။ မပုန်းရည် မီးပူထိုးတာ မြင်တော့လည်း ဝင်ကူချင်ရှာသည်။ မပုန်းရည်က သင်ပေးတော့လည်း စိတ်မဝင်စား။ လယ်တစ်ထောင်သာ ရိတ်လိုက်ချင်သေးသည်ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



"မန္တလေးရောက်မှ ကြေးမီးပူတစ်လုံး ဝယ်ပါဦးမယ် မမလေးရယ်...မီး ငှားရတာ မကေးကို ကြာတော့ အားနာတယ်...ဘယ်လောက်ပေးရမလဲ မသိဘူးနော်..."

"ပြောတတ်ပေါင် ဆရာမရယ်...အိမ်က သံမီးပူကြီးက မကောင်းလို့လား"

"ကောင်းပါတယ်...ကြီးလွန်းတော့ မနိုင်ချင်ဘူး...ပြီးတော့ လက်ကိုင် ချောင်နေတော့ သံချောင်းတစ်ချောင်းနဲ့ လျှိုနေရတယ်...တိုက်နေရင်း ပြုတ်ပြုတ်ထွက်လို့ပါ..."

"ကြာစွယ်ကို ပြင်ခိုင်းလိုက်လေ ဆရာမရဲ့..."

"မလုပ်ပါနဲ့ရှင် အားနာစရာ..."

"ကြေးမီးပူက သည်တစ်ခါ သီတင်းကျွတ်လ မတ္တရာဘုရားပွဲကျရင် ဝယ်ပေး အောင်...ကျွန်မ ဝယ်ကန်တော့မယ်ဆရာမ...မီးပူကောင်း မကောင်းတော့ ကျွန်မ မသိဘူး...ဆရာမရွေးပေါ့..."

မပုန်းရှည်လိုသမျှ ဖြည့်ချင်ရှာကြသူတွေပါလား။ သူကိုယ်တိုင်က မီးပူတိုက် မီးပူကျ ဘယ်တုံးကမှ မဝတ်ခဲ့သော မကြာဥက မီးပူတစ်လုံး ကန်တော့ပါရစေ ပြောနေပြီ။ သည်မိသားစု ကျေးဇူးကို အောက်မေ့ရပါ၏။ သည်မိသားစုမှ မဟုတ်ပါ။ ကြာဖြူ မီးပူလာငှားပြီဆိုသည်နှင့် မကေးက ကပ်ပါလာတတ်သည်။ မီးသွေး၊ မီးကျိုး ခဲထည့်၊ ယပ်တောင်တဖျပ်ဖျပ်ခတ်ရင်း မီးပူတိုက်ရန် ပြင်ပေးတတ်သည်။ အချိန်ရလျှင် မီးပူတွေ တိုက်ပေးတတ်ပြန်ပါ၏။ တားလို့လည်း မရ။ မကေးက မီးပူတိုက်ကောင်း သည်။ မပုန်းရှည်ထက်ပင် ပိပိထပ်ထပ်ရှိသည်။ အဝတ်အစားပုံ နှစ်ပုံကိုတွေ့တော့ မကြာဥက မပုန်းရှည် မြို့ပြန်မှာကို သတိထားမိသွားသည်။ မျက်နှာမကောင်း။

"ဆရာမ ရန်ကုန်ပြန်တော့မှာပေါ့...ဘယ်လောက်ကြာမှာတုံး..."

"နှစ်လ သုံးလတော့ နေရမှာပေါ့ မမလေးရယ်...ရန်ကုန်လိုက်ခဲ့ပါလား အိမ်မှာ လူတွေရှိသားပဲ...မကေးတို့လည်း ပြောထားတယ်..."

"မလိုက်အားပါဘူး ဆရာမရယ်...အမေက နာလံထ, အဖေက လူအို ကျွန်မ မရှိလို့မဖြစ်ပါဘူး...လိုက်ချင်ပါ့တော်...ရွှေတိဂုံဘုရားကြီး ဖူးချင်ပါ့"

မကြာဥပြောတာ အမှန်ပင်။ သည်အိမ်မှာ မကြာဥက မိန်းမသားဆိုတော့ မီးဆို ဘဒိုကိစ္စတွေဝါ တာဝန်ယူရသည်။ ဘိုးကြီး ဘွားကြီးတို့ ဝတ်ထားသည့်အဝတ် တွေ သူပဲချုပ်ပေးရသည်။ ရေဖတ်တိုက်ပေးရသည်။ ရေချိုးပေးရသည်။ အဝတ်အစား ဝတ်ပေးရသည်။ ထမင်းခူးခပ်ကာ တည်တည်ပပ ကျွေးရရှာသည်။ သူကိုယ်တိုင်က



အချိုကြီးဆိုပေသိ မကေးတို့ မပုစွန်တို့နှင့် မတူရှာ။ ချေးတစ်လုံး သဲတစ်လုံးရှိတတ် သည်။ ညစ်ညစ်ပေပေ ရှိတတ်သည်။ အလုပ်ကြောင့် ညည်းသည် ညူသည်ရယ်လို့ ရှိ၊ မောလို့ တအိုးတအောင့် နားရသည်ရယ်လို့လည်း မမြင်။ အလုပ်နှင့်လက် ပြတ်ရသည်မရှိ။ ကျီးစောင့်ရင်း ကြက်နှင်ဆိုသလို ထမင်းအိုးတည်ရင်း၊ ငရုတ်သီး ထောင်း၊ ဟင်းရွက်သင်၊ ပဲသုပ်၊ ရေနွေးခတ်။ ထမင်းကျက်တော့ ရေနွေးပွဲရပြီ။ သုပ်ကလေးရပြီ။ ဟင်းချက်ရန် ငရုတ်သီးထောင်းပြီးသား။ ချည်တိုင်က နွားတွေ ချိုးကြည့်လိုက်သေးသည်။ နွားစာကျင်းထဲ နွားစာနှင့်ပွဲရောကာ ရေတစ်ထမ်းလောက် ထွာခနဲ ပြေးထည့်လိုက်သေးသည်။ နွားတွေ ကျောသပ်ပြီး နွားကုန်းမှာ ညစ်ပတ်နေ သလား အကဲခတ်ခဲ့ကာ ရေချိုးကာနီး နွားချေးတွေ ပျဉ်နှစ်ချပ်နှင့် ကျုံးကာ တံမြက် စည်းကြမ်း လှည်းတော့သည်။ သည်ကြားထဲက ဘိုးကြီးခေါ်တော့ ပြေးရ၊ ဘွားကြီး ခေါ်တော့ ပြေးရ။ ယောက်ျားသားတစ်ယောက်လို ထမ်းပိုးတစ်ချောင်းဆွဲကာ သံပုံး နှစ်ပုံးနှင့် ရေလေး,ငါးထမ်း ပြေးထမ်းချင် ထမ်းလိုက်ရသေးသည်။ ခြေကလေးတစ်ဖက် သန်ရှာတော့ လိမ်ဖယ်လိမ်ဖယ်နှင့် အလုပ်လုပ်ရရှာသော မကြာဥကို မပုန်းရှည် ကြတော့ မြင်တိုင်း သနားမိပါ၏။

အလုပ်အားနေသည်ထင်လျှင် မကြာဥက အုန်းလက်ခြောက်တွေ စုကာ တစ်ရွက်စီ ဖြဲဆုပ်ရင်း အုန်းလက်ချောင်းကလေးတွေ ဓားတစ်ချောင်းနှင့် နွာနေတတ် သည်။ လက်တွင်းတစ်ဆုပ်စာရတော့ သံကြိုး လေး,ငါးပင်နှင့် တင်းတင်းရစ်သည်။ ထိပ်များတွေကို ညီအောင် ဓားမတစ်ချောင်းနှင့် တိတိရိရိ ခုတ်လိုက်တော့ လက်လှည်း တံမြက်စည်းတစ်ချောင်းရသည်။ အိမ်ရှေ့ကို ရေထန့်ထန့် ဖျန်းကာ မတ်တတ်တံမြက် စည်းနှင့် တမြဲမြဲလှည်းတာလည်း သူပင်။ မပုန်းရှည် ကျောင်းသွားခိုက် အဝတ်ဟောင်း တွေ ယူလျှော်သည်။ ထဘီတွေ လျှော်ထားသည်။ အတွင်းခံထည်တွေကိုတော့ အိမ်နောက်ဖေးချောင်မှာ ဝါးလုံးတန်းထိုးကာ လူမမြင်အောင် လှန်းပေးထားတတ်သည်။ တစ်ခါတလေ မိန်းမသဘာဝ နေမကောင်းထိုင်မသာ ရှိပြန်တော့လည်း မကြာဥပဲ အားမဖော် ဖြစ်ရပါ၏။

"မမလေးရယ်...အလုပ်တွေ လုပ်လိုက်တာရှင်...ကျွန်မတို့မှာ စာသင်ရတာ ကိုပဲ ပင်ပန်းလှပြီအောက်မေ့တာ...ကျွန်မဖြင့် မမလေးကို ကြည့်ပြီး မျက်စိ နှစ်လုံး ပိတ်တော့မှ နားရရှာတာပါလားလို့ တွေးမိတယ်..."

တစ်ခါက မပုန်းရှည် ပြောဖူးသည့်စကားဖြစ်သည်။ မကြာဥက သည်စကား ကြားတော့ အံ့ဩဟန်ပြုသည်။ စာသင်ရတာ ပိုခက်တော့မပေါ့ဆိုသည့် မျက်နှာ ထည့်မျက်နှာကို မပုန်းရှည် ဖတ်လိုက်နိုင်သည်။ ကလေးတစ်ယောက် စာတတ်အောင်

www.burmeseclassic.com

www.burmeseclassic.com



သင်ရတာတ ဗိုခက်တော့မှာပေါ့ ဆရာမရယ်ဆိုသည့် ရိုးသားစွာ တွေးနေသည့် မျက်နှာမှန်း မပုန်းရည် သိလိုက်ပါ၏။ ဘာမှတော့ မပြောပါ။ မကြာဥက အလှရယ်လို့ ဖြင်တာမျိုးလည်းမရှိ။ ရေမိုးချိုးပြီး ဆံပင်ကို နှစ်ပတ်လျှိုဆံထုံး တင်းတင်းထုံးထား သနပ်ခါးရည်ကျဲ ပွတ်လူး လူးထားတတ်သဖြင့် ရှိရင်းအရွယ်ထက် ရင့်နေသလိုတော့ ရှိသည်။ အသားကလေး ညိုတာကလွဲလျှင် မျက်လုံးမျက်ဖန် လှသည်။ နှာတံပေါ်ပေါ် နှုတ်ခမ်းပါးကလေးနှင့် သနရုပ်ပ ရှိရှာပါ၏။ မပုန်းရည်နှင့် သိပ်ရင်းနှီးလာတော့ မပုန်းရည်အကြောင်းတွေ မေးတတ်သလို မပုန်းရည်ကလည်း မကြာဥကို ရှေးဟောင်း နှောင်းဖြစ်တွေ မေးလေ့ရှိသည်။ ညဘက် အတူအိပ်ကြတာဆိုတော့ စကားတွေ ပြော ဖြစ်ကြသည်။ မိန်းမသားသဘာဝ သူ့အကြောင်း ကိုယ့်အကြောင်း ပြောဖြစ်တာတွေ ရှိသည်။

"မမလေး အိမ်ထောင်မပြုတော့ဘူးလား…ဘယ်လိုမှ မအောက်မေ့ပါနဲ့ ရှင်…ကျွန်မက ပြုစေချင်လို့ရယ် မဟုတ်ပါဘူး…သည်အတိုင်း နေတော့ လည်း မိဘပြုစုခွင့် ရတာပေါ့…ဒါပေမဲ့ သည်လိုချည်း နေသွားတော့မှာလား သိချင်တာပါ…"

သည်လိုမေးခွန်းဆိုလျှင်တော့ မကြာဥ ရီဝေသွားတတ်သည်။ မပုန်းရည် သိသလောက် မကြာဥက ကြိုက်သူရယ်လို့ မရှိသလို မကြာဥကို နှစ်သက်သူရယ် လို့လည်း မမြင်။ မကြာဥက ရုပ်ရည်ရှိသည်။ ဥစ္စာနေဆိုပြန်တော့ တောလူချမ်းသာ တွေ။ မောင်နှမတွေထဲမှာ တစ်ဦးတည်းသော မိန်းမသား။ လယ်နှင့်ယာနှင့်။ ပုတ်နှင့် ကျီနှင့်။ လှည်းနှင့်နွားနှင့်။ ရွှေနှင့်ငွေနှင့်။ သည်လို မိန်းမပျိုတစ်ယောက်အဖို့ ခံစား တစ်စုံတစ်ရာ မရှိသလို ဖြစ်နေတာကို ပေါ့ပေါ့ပါးပါးမေးလိုက်ခြင်းသာ ဖြစ်သည်။ ပြီးတော့ သည်မေးခွန်းမျိုးကို မကြာဥ ကိုယ်တိုင်ကလည်း မပုန်းရည်ကို မေးနေကျ တော်တော်ကြီးမေးမှ မကြာဥက မပွင့်တပွင့် ဖြေသည်။

"ကျွန်မ ဘယ်သူက ကြိုက်မှာတုံးဆရာမရဲ့…သည်လောက် အကျည်းတန် ဟာကို…ယောကျ်ားတွေက ဆရာမလို လှသူမှ ကြိုက်တာဆရာမရဲ့ –"

"ကျွန်မက မလှပါဘူး…ကြိုက်သူမှ မရှိတာ မလှလို့ပေါ့…"

"အဟုတ်ပြောတာဆရာမရဲ့…ဆရာမကို ရွာက ပြောကြတယ်…ဗီဒီယို ကားထဲက စိုးမြတ်သူဇာနဲ့တူတယ်တဲ့…ဟုတ်တယ် ဟုတ်တယ်…ကျွန်မ ဒါတော့ ထောက်ခံတယ်…တူလည်း တူတယ်…"

"ဟော…စိုးမြတ်သူဇာနဲ့ တူတယ်ဆိုတော့ စိုးမြတ်သူဇာလောက်တော့ မချောဘူးလို့ ပြောတာပေါ့…"



"ချောတဲ့မင်းသမီးနဲ့တူမှတော့ ချောတယ်လို့ ပြောတာပေါ့ ဆရာမရဲ့…"

မကြာဥစကားကြောင့် မပုန်းရည် ရယ်မိရသည်။ သူ့အကြောင်း မေးလိုက် တိုင်း စကားတွေ လွှဲဖယ်ပစ်တတ်တာကို မပုန်းရည် သတိထားမိသည်။ သည်အိမ်ကြီး ပေါ်မှာ နှစ်ပေါက်နေခဲ့ရသည်။ ညတိုင်း အတူအိပ်ကြရသည်။ လယ်တောသူနှင့် ကျောင်းဆရာမ ဆိုသည့် ဂုဏ်ပုဒ်တွေကို ဖယ်လိုက်လျှင် ဘာပဲဖြစ်ဖြစ် နှစ်ယောက် စလုံး မိန်းမပျိုတွေပင်။ ဆယ်ကျော်သက်တွေလို ရင်ခုန်နွေးနွေးစကားတွေ မပါကြ သော်လည်း ဘဝနှင့် ယှဉ်ဖက်သော အိမ်ထောင်မှုဘဝတွေအကြောင်း စကားရောက်ရ တာများလည်း ရှိကြပါ၏။ သည်လိုအခါမျိုးမှာတော့ မကြာဥက တစ်စုံတစ်ရာကို ချုံချထားသလို စလုံးစခု ဖြစ်နေတတ်သည်။ ပြောချင်လှပေသိ ပြောမထွက်ဝံ့သည့် စကားတွေများ ရှိလေရော့သလား။

တစ်ညတော့ မကြာဥက မထင်မှတ်သောစကားကို ပြောလာခဲ့ပါ၏။

"ကျွန်မမှာ ရည်းစားရှိခဲ့ဖူးတယ်ဆရာမရဲ့…ရည်းစားရယ်လို့လည်း မဟုတ် ပါဘူးလေ…သည်စကားတွေ ဆရာမ ဝမ်းထဲမှာပဲ ထားပါနော်…ကျွန်မ သည်စကားတွေ မပြောချင်တော့ပါဘူး…တကယ်ပြောတာ ဆရာမ…ကျွန်မ ဆယ့်ခုနစ်သမီး ဆယ့်ရှစ်နှစ်သမီးလောက်ကပါ…သည့်နောက်တော့ ကျွန်မ မှာ အဲသလိုစိတ်တွေ မရှိတော့ဘူး…တစ်ခါ တစ်ခါ သတိရမိတာတော့ ရှိတာပေါ့ ဆရာမရယ်…ဒါလောက်ပါပဲ…"

မကြာဥက သည်စကားတွေလောက်သာ ပြောပြီး အကျိုးအကြောင်းကို တော့ မပြောပြန်ပါ။ မပုန်းရည်ကလည်း မမေးခဲ့။ သူပြောချင်တဲ့အခါ ပြောလာမှာ ပါလေလို့သာ သဘောထားခဲ့သည်။ လအတော်ခြားပြီးတော့မှ သည်စကား ပြန်ဆက် လာလို့ မပုန်းရည် အံ့သြခဲ့ရသည်။ သည်အကြောင်း သည်အရာတွေက မေးသူရှိမှ ပြောရတာမျိုး မဟုတ်လား။ ရင်မှပေါ့ပါစေတော့ဆိုသည့် ခံစားမှု လူတိုင်းမှာ ရှိမြဲပင်။ သည်တော့လည်း အောင်းထားသမျှ ဖွင့်ထုတ်ပစ်ချင်စိတ်တွေ ရှိရတော့သည်။ မကြာဥ ပြောပြသော အချစ်ဇာတ်လမ်းက တောရွာတွေမှာ ကြုံနေကျ ဇာတ်လမ်းမျိုးသာ ဖြစ်သည်။ ချမ်းသာသော တောင်သူ့သမီးနှင့် ဆင်းရဲသော တောသားလုလင် တစ်ယောက်၏ ဇာတ်လမ်း။ ထူးဆန်းတာက သည်အကြောင်းတွေ ပြောပြသည့်အခါ အားမှ မရှိတော့သလို ကြည့်ခဲ့ဖူးသော ဗီဒီယိုဇာတ်ကားတစ်ကားအကြောင်း ပြောပြ သလို သတ္တဝါတစ်ကောင်က နှုတ်တိုက်ကျက်ထားသမျှ ပြန်အံနေသလို ဖြစ်နေ ခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



မကြာခ အပျိုဖြားဖြားဖြစ်လာတော့ ရှာခံကာလသားများသာမက တစ်ရွာက ကာလသားတွေကပါ အချိတ်အစောင်းကလေးတွေ ရှိလာခဲ့သည်။ မောင်ရွေ ဖားတွေကြားမှာ ကြီးရသော မကြာခမျာ ဆူးကြားသီးရသော ဘူးသီးပမာ မလွှမ်းသာ ခဲ့။ ရွာအလှူ၊ ရွာမင်္ဂလာဆောင်တွေမှာ မကြာခ လူရေးလှခဲ့ပြီ။ ရွှေတဝင်းဝင်း ငွေ တဝင်းဝင်း ပြည့်စုံခဲ့ပြီ။ သက်တူရွယ်မျှ ရွာတကာက ကာလသားတွေက မျက်တောင် ခတ် ငေးခဲ့ကြပြီ။ မျက်နှာဝိုင်းကလေး ညိုညိုညက်ညက် မကြာခကို ပိုးကြပမ်းကြ သူတွေ များခဲ့ပါ၏။ သည်အထဲကမှ မကြာခ ရင်ငြိရသူက ကိုညိုရောင်ဖြစ်သည်။ ကိုညိုရောင်တို့ သားအဖတစ်တွေက နတ်ရေကန် အနောက်ချောင်မှာ နေကြသူတွေ ဖြစ်၏။ မိစုံ ဖစုံ ဆိုသော်လည်း မိဘတွေက အသက်ရကြပြီ။ ကိုညိုရောင်က ရထား ဈေးသည်။ မန္တလေးနှင့် မတ္တရာ ကူကယ် ခေါက်ကယ် ကျူလယာကုန်ရောင်းသူ ဖြစ်သည်။ နှမကလေးတစ်ယောက်ရှိတော့ မိအိုဖအိုနှင့် ထားခဲ့နိုင်သည်။ နှမကလေး ကလည်း အပျိုပေါက်။ နာမည်က မတင်ပိုက်။ လယ်ပိုင် ယာပိုင် မရှိကြရွာထော မတင်ပိုက်က ကောက်စိုက် ပျိုးနုတ်လိုက်ရင်း မကြာခတို့ လယ်တွေကို အခစားလိုက် နေကျပင်။ သည်တော့ မကြာခနှင့် မတင်ပိုက် ခင်မင်ကြရာက အနောက်ချောင်ကို မကြာခ မကြာခဏ ရောက်လေ့ရှိသည်။ များသောအားဖြင့် ကိုညိုရောင် မရှိသော ရထားသည့်အိမ်ဆိုတော့ မကြာခအဖို့ မကျဉ်းကျပ်ပါ။ တစ်ခါတလေ မတင်ပိုက်က ဘိုးကြီးဘွားကြီးတို့အိမ် ရောက်လာကာ ဝိုင်းတတ်ဝန်းတတ်သည်။ လုပ်ကိုင်ပေးတတ် သည်။ ကိုညိုရောင် ဈေးရောင်းမလိုက်သည့်ရက်တွေမှာ မကြာခနှင့် တွေ့တတ်ပါ၏။ ရိုးသားဖြောင့်မတ်ရှာသူ၊ မိအိုဖအိုကို လုပ်ကျွေးရှာသူ ကိုညိုရောင်ကို မကြာခ အစ်ကိုတစ်ယောက်လို ခင်မင်ရှာသည်။ ကိုညိုရောင်ကလည်း မကြာခကို မရိုးမသား မရှိ။ မကြာခနှင့် သူတို့ မိသားစု ဘဝချင်းခြားတာကိုလည်း သိတာ ပါပါလိမ့်မည်။

"အစ်ကိုညိုရောင်က အလှကုန်ပစ္စည်းကလေးတွေ ရထားပေါ်မှာ ရောင်း ရှာသူပါ...ကျွန်မရောက်သွားရင် နှုတ်ခမ်းဆိုးဆေးကလေးတွေ ပေါင်ဒါ ကလေးတွေ လက်ဆောင်ပေးတတ်တယ်...ကျွန်မကိုလည်း မတင်ပိုက်လို နှမအရင်းကလေးလို သဘောထားသူပါ...တင်ပိုက်နဲ့ကြာခ နှမနှစ်ယောက် ရပြီပေါ့လို့ ပြောတတ်တယ်...ဒါပေမဲ့ မတွေ့ရတာများပါတယ်...အစ်ကို ညိုရောင်က မနက်စောစော ရထားနဲ့လိုက်ပြီး ညနေ နောက်ဆုံးခေါက်နဲ့ ပြန်ရရှာတော့ မတွေ့ရသလောက်ပါပဲ...ကျွန်မ စိတ်ထဲမှာ အစ်ကိုရော အများကြီးရှိတဲ့ကြားက အစ်ကိုတစ်ယောက်လို ချစ်ခင်နေမိတယ်...သဘော တာလည်း ပါမှာပေါ့...မတင်ပိုက်က မနက်စောစောထပြီး သူ့အစ်ကို ရထား



အမီ ထမင်းထုပ်ပေးလိုက်ရတယ်...ကျွန်မက ဘာဟင်းတွေ ထည့်ပေးတာလဲ လို့ မေးရင် ငါးပိချက်တို့ ငါးခြောက်ဖုတ်တို့ ဟင်းရွက်ကြော်တို့ချည်းပဲ"

မကြာခလို တောင်သူ လူချမ်းသာသမီးက လက်ကောက် တစ်တောင်ဆစ် ပြည့်ဝတ်ပြီး အနောက်ချောင်က ကျူလယာကုန် ရထားဈေးသည် ကိုညိုရောင်တို့အိမ် သကူးအလူးများတာကို ရွာက သိကြပေသိ ရိုးသားမှန်း သိကြသည်။ မကြာခက ... သားဆင်းရဲရှာသော ကိုညိုရောင်တို့မိသားစုကို ဆန်တစ်တင်း၊ တစ်ခွဲဆိုသလို ... နိုင်းတတ်သည်။ မတင်ပိုက်လက်ထဲ ငွေထည့်ပေးတတ်သည်။ မိဘနှစ်ပါးကို ... ကောင်း ကျွေးကောင်း ချက်ပြုတ်ပေးပါလို့လည်း မှာတတ်သည်။ ဘိုးကြီး ဘွားကြီးအပါအဝင် အစ်ကိုတွေက သိကြသော်လည်း ဘာမှမပြောကြ။ ရွာသဘာဝ ဆင်းရဲသူကို ကူညီတတ်ကြတာ ရွာ့ဓလေ့ပင်။ ကိုညိုရောင်ကိုလည်း ယုံကြည်ကြသည်။ ... အေး လူဖြောင့် ကိုညိုရောင်ကို ရွာကလည်း ချစ်ခင်ကြသည်။

တစ်ညနေမှာတော့ မကြာခ ဘူတာဘက်ကို ဘဲဥတောင်း သွားပို့သည်။ ... ခင်က မကြာခတို့မှာ ဘဲမွေးသဖြင့် ညနေတိုင် ဘဲဥတောင်းကို ဘူတာက ဘဲဥ ... ဆက်သည်တွေထံ သွားသွင်းရသည်။ ဘဲဥ အလုံးရေတွက် အပ်ပြီး ငွေသိမ်း ပြန်ခဲ့ သော။ ရထားနောက်ဆုံးခေါက်ဆိုတော့ ညနေစောင်းပြီ။ ဘူတာရုံမှာ ရထားစီးရယ်လို့ ... တော့တဲ ရထားဆင်းတွေသာ ရှိသည်။ ဘူတာကဆင်းကာ ရွာဘက် လျှောက်လာ ကြသူတွေထဲမှာ ကိုညိုရောင် ပါလာသည်။ လူက မည်းညစ် ပေရေလျက်၊ ဆံပင်က ... ဆိုးဆိုး။ အင်္ကျီတွေက ချွေးတွေရွှဲနစ်ကာ ... ပေရေရေ။ ကျူလယာဗန်းကလေး ... ယ်ကာ တလှုပ်လှုပ် ပြန်လာနေသော ကိုညိုရောင်က မကြာခကို မမြင်။ မီးရထား ... မှာ နေကုန်နေခန်း ဘယ်လောက်တောင် ပင်ပန်းရှာပါလိမ့်။ ရထားပေါ်ကဆင်း ... ပြန်လာသည့် ဈေးသည်တွေကို မကြာခ မြင်ဖူးလှပြီ။ သည်ရထားပေါ်မှာ ရွာတွေက ... ရောင်းကြသူတွေ မနည်းပါ။ သည်ရထားဈေးသည်တွေအားလုံး ညနေပြန်ချိန် ... မှာ ခြေကုန်လက်ပမ်းကျခဲ့ကြပြီ။ အိမ်အပြန်ဆိုတော့ နောက်ဆုံး စိတ်လျှော့ ... ချိန်မို့လားမသိ။ သည်တော့မှ ပင်ပန်းချက်တွေ ဖိစီးလာသလို ထောင်းထောင်း ... ကြေ ဖြစ်ကုန်ကြတာ သတိထားမိသည်။

"ကျွန်မလေ အစ်ကိုညိုရောင်ကြီး ရထားက တလှုပ်လှုပ် ဆင်းလာတာ ကြည့်ပြီး အတော့်ကို သနားသွားမိတယ်...ကျွန်မက သူ့ကို ခြင်းလိုက်ရမေ မယ့် သူက ကျွန်မကို မတွေ့ပါဘူး...ကျွန်မစိတ်ထဲ ဘာဝင်လာသလဲဆိုတော့ ဆရာမရယ်...ပြောပါရစေတော့...မေတ္တာရှိမိသွားတယ်...တစ်ညလုံး ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



အိပ်မပျော်ဘူး…ကျွန်မစိတ်ကို ကျွန်မအံ့ဩမိတယ်…ခုထိလည်း ကျွန်မ နားမလည်ပါဘူး…ကျွန်မ သည်လိုပဲ ပြောတတ်ပါတယ်"

မကြာဥက သည်မြင်ကွင်းကို ခုပဲ မြင်လိုက်ရသလို ဝမ်းပန်းတနည်း ပြောနေပါ၏။ မိန်းမသားတစ်ယောက်၏ စိတ်ကလည်း ဆန်းကြယ်သားပါလား။ မကွယ်မဝှက် ရိုးရိုးသားသား ပြောပြနေသော မကြာဥကို မပုန်းရည် နားလည်ပါသည်။ ဆယ့်ခုနစ်နှစ် ဆယ့်ရှစ်နှစ် မိန်းကလေးတစ်ယောက်၏ သနားလွန်ခြင်းက ဖြစ်ရသော အချစ်ဟု မပုန်းရည် သဘောပေါက်ပါသည်။ သည့်နောက်တော့ နှစ်ယောက်သား မေတ္တာရှိခဲ့ကြသည်။ တစ်ဦးကိုတစ်ဦး ချစ်မိကြသည်ဆိုသည်ကလွဲ၍ ကိုညိုရောင်ကလည်း အချစ်အရေး မယူခဲ့။ ထူးဆန်းတာက ကိုညိုရောင်နှင့် မကြာဥ အချင်းချင်း ရိုးရိုးသားသား ခင်ခင်မင်မင် ရှိကြစဉ်က ဘယ်လိုမှ သဘောမထားခဲ့ကြသော ရွာက နှစ်ကိုယ်ကြား ချစ်မိကြပါပြီဆိုတော့မှ မရိုးမသား ရှိကြလေပြီဆိုတာမျိုး ပြောလာကြခြင်း ဖြစ်သည်။ ရွာက ကြားတော့ နှစ်ဖက်မိဘများ ဆွေမျိုးများပါ နားလျှံရာက ကြားကြရသော်လည်း ဘယ်သူကမှတော့ အရုပ်ဆိုး အကျည်းတန်အောင် မလုပ်ခဲ့ကြ။

"ကျွန်မလေ…ညနေဘက် ဘုတာဆင်းလာမယ့် အစ်ကိုညိုရောင်ကို မျှော်တယ်…ဘုတာထိပ်က သွားကြိုချင်တယ်…သူပြန်လာရင် သိပ်သနားစရာ ကောင်းပါတယ် ဆရာမရယ်…ကျွန်မစိတ်ထဲ မကောင်းဘူး…ကျွန်မတို့ရွာ ဘာမှန်းမသိသေးတော့ ဈေးမရောင်းပါနဲ့တော့လို့လည်း မတားသာခဲ့ဘူး"

"နောက်တော့ကော…"

မကြာဥ ငိုတာကို သည်တစ်ခါပဲ မပုန်းရည် တွေ့ဖူးသည်။ ရှိုက်ငိုတာမျိုးတော့ မဟုတ်။ မျက်ရည်တွေ ကျခြင်းသာ ဖြစ်၏။ မကြာဥနှင့် ကိုညိုရောင်တို့ ဇာတ်သိမ်းက ဘယ်လိုလဲ။ ဘယ်သူက ခွဲခဲ့တာလဲ။ ဘယ်လိုကြောင့် မကြာဥ အပျိုကြီး ဖြစ်နေရတာလဲ။ ကိုညိုရောင်ကကော။ မတင်ပိုက်တို့ သားအမိသားအဖတွေကကော။ မပုန်းရည်က မကြာဥလက်ကလေးတွေကို ကိုင်ထားခဲ့ပါ၏။

"ကျွန်မတို့ နှစ်ယောက်ကို ဘယ်သူကမှ မခွဲခဲ့ပါဘူး ဆရာမရယ်…တစ်နေ့ ရွာကို သတင်းရောက်လာတယ်…ညနေစောင်းမှ ရောက်လာတဲ့သတင်းပေါ့…ကိုညိုရောင် ရထားပေါ်က ပြုတ်ကျရာရာက ဆုံးသွားတယ်ဆိုတာပါ…အလှကုန်ပစ္စည်းကလေးတွေ ပြန့်ကြဲကုန်တယ်တဲ့…ကိုညိုရောင် ဆုံးတဲ့နောက် သူတို့မိသားစုလည်း ရွာမှာ လုပ်မစားတတ်လို့လားမသိဘူး ပြောင်းသွားကြတယ်…မတင်ပိုက်လည်း ခုလောက်ဆိုရင် အိမ်ထောင်ကျ ရောပေါ့လေ…"



"မတင်ပိုက်က နတ်ရေကန်ကို တစ်ခေါက်တလေတောင် ပြန်မလာဘူးလား မမလေး…"

"မလာပါဘူး ဆရာမရယ်…အစ်ကိုညိုရောင် ဆုံးပြီး နှစ်လ သုံးလတော့ နေကြပါသေးတယ်…နောက်တော့ သူတို့အမျိုးတွေရှိတဲ့ ရွာတွေဘက် ပြောင်းသွားကြတာ…မတင်ပိုက်က နှုတ်ဆက်သွားပြီးကတည်းက ပေါ်မလာ တော့ပါဘူး…"

"ကြာပြီပဲနော်…အနှစ်နှစ်ဆယ်လောက် ရှိပြီပေါ့…"

"ရှိပြီပေါ့ ဆရာမရယ်…သည့်နောက်တော့ ကျွန်မ အိမ်ထောင်ပြုဖို့ စိတ် မကူးတော့ဘူး…အဖေတို့က ကျုံးရွာဘက်က လူတစ်ယောက်နဲ့ စပ်ကြ ပါသေးတယ်…ကျွန်မ လက်မခံတော့ဘူး…ကျွန်မမှာ အူတွေ မရှိတော့ သလိုပဲ"

မကြာဥ ပြောပြခဲ့သော ဇာတ်လမ်းက ကြေကွဲစရာ ဇာတ်သိမ်းဖြစ်သည်။ ကျွန်မမှာ အူတွေ မရှိတော့သလိုပဲတဲ့။ သူပြောတတ်သလို ပြောခဲ့သော တင်စားမှုကို မပုန်းရည် ရင်နာရပါ၏။ အခုတော့လည်း မကြာဥမျှော လောကထဲကို အူတူတူ ရောက်လာသော မိန်းမတစ်ယောက်နှင့်ပင် တူနေတော့သည်။ စာမတတ်ရှာရုံမက ဘာကိုမှ မသိနားမလည်တတ်ရှာသော သနားစရာ မကြာဥပါပေ။ တစ်ခါ အလည် ရောက်လာသည့် အချစ်သည် တစ်ခါပြန်ပျောက်သွားခဲ့သည့် အဖြစ်ပါလား။ မကြာဥ ထမှ ချစ်သူရယ်လို့ ရှိခဲ့သေးသည်။ မပုန်းရည်မှာ ချစ်သူရယ်လို့လည်း မရှိ။ သူသည်လည်း လောကထဲကို အူတူတူရောက်လာခဲ့သော မိန်းမသားတစ်ယောက် ပေလား။

သည်ကတည်းက မကြာဥကို မပုန်းရည် ပိုချစ်ခင်မိခဲ့ရပါ၏။ ညီအစ်မရင်းချာ အတ်ပင် တစ်ဦးကို တစ်ယောက်က စာနာစိတ်ကိုယ်စီဖြင့် တွယ်တာမိခဲ့ကြပါ၏။ မကြာဥ၏ အချစ်က နှင်းခါးရိုက်သဖြင့် မရင့်မှည့်ခင် ကြွေခဲ့ရသော သီးကင်းနှင့်ပင် တူသည်ဟု မပုန်းရည် ထင်သည်။ မကြာဥကတော့ ရင့်ကျက်သွားပုံရသည်။ ထိုတစ်ည က မျက်ရည်ကျခဲ့တာကလွဲ၍ ဘာခံစားမှုမှ မရှိတော့သလိုပင်။ တိတ်ဆိတ်နေသော အိမ်ကြီးထဲမှာ အမှောင်တွင်းကနေ အိမ်မြှောင်တစ်ကောင် စုတ်တစ်ချက်ထိုးလိုက် သလို မြည်ပြီး ပြန်လည်ငြိမ်သက်သွားသလိုမျိုး နောက်ထပ် မကြာဥ အချစ်နှင့် ပတ်သက်ပြီး ဘာမျှ မကြားရတော့ပါ။

□

www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်နံနက် နတ်ရေကန်က စတုတ္ထတန်း အစိုးရစစ် စာမေးပွဲကြီး ဖြေရတော့မည်။ လေးပန်းဆီက ညနေခင်းကတည်းက ကလေးတွေအိမ်ကို တစ်အိမ်ချင်း လိုက်သည်။ ရွာလှည်းတွေကို လိုက်လံဆော်ဩသည်။ ဆရာမတွေဆီ ပြေးသွားကာ လိုအပ်တာတွေ မေးသည်။ တကယ်တော့ လေးပန်းဆီ ဝီရိယလွန်ခြင်းသာ ဖြစ်၍ ရွာက အဆင်သင့် ဖြစ်နေကြပါပြီ။ အချို့ ရွာသူရွာသားတွေက စတုတ္ထတန်း ကျောင်းသား သားသမီးမရှိကြပါပဲ တတ်အားသမျှ အားပေးကြသည်။ နှစ်စဉ် သည်လို ရွာကျောင်းသားတွေ တစ်ရွာကို အခုလို တစ်အုပ်တစ်မကြီး စာမေးပွဲသွားဖြေကြတာမျိုး မရှိခဲ့ဖူးလေတော့ အသစ်အဆန်း ဖြစ်နေကြတာလည်း ပါပါလိမ့်မည်။ အချို့က သပြေပန်းစည်းတွေ လာပေးကြသည်။ လှည်းဦးမှာ ချည်ရမည်။ ကလေးတွေ အားလုံး သပြေတစ်ခက်စီ ကိုင်ကြရမည်။ ဆရာမနှစ်ယောက်က သပြေတစ်ခက်စီ ပန်ကြရမည်။ အောင်သပြေတွေ ဝေနေသည့် နတ်ရေကန်။ ညနေခင်းကတည်းက အသံချဲ့စက် ရောက်နှင့်လေပြီ။ ညဦးကတည်းကပင် ရွှေမန်းတင်မောင်၏ ရုပ်ရှင်ကွန်သည် ဓာတ်ထုပ် ဖွင့်နေပြီ။ ဘိုးကြီး ဘွားကြီးတို့ခမျာ အသက်ကြီးကာမှ အေးအေးလူလူ မနေရ။ လူတွေ တရုန်းရုန်း၊ အသံတွေက တအုန်းအုန်း။ အသံချဲ့စက်က မိုက်ကရိုဖုန်းလည်း အနားမနေရ။

"ဟဲလို…လေးပန်းဆီ…လေးပန်းဆီ…ကျွန်တော် လှည်းသမား ဘိုက်ကြီးပါ…လေးပန်းဆီ…ကိုကြာစွယ်တို့မဏ္ဍပ်ကို အဲလေ…ကိုကြာစွယ်တို့ အိမ်ကို အမြန်လာတွေ့ပါ…အရေးကြီးပါသည်…ဟဲလို ကြားသလား— ဟဲလို…"

"မနက်ဖြန် မနက်ထွက်မယ့် လှည်းတွေ မနက်ငါးနာရီအရောက်လာကြပါ… အီးရော အီးရော လုပ်နေရင် နေမြင့်သွားပါလိမ့်မယ်…လှည်း အစီအစဉ်က ရှေ့ဆုံးလှည်းက ကျောင်းသားရေးရာမှူး ကိုကြာစွယ်နဲ့ အသံချဲ့စက်လှည်း ဖြစ်ပါတယ်…နောက်လှည်းက ဆရာမ မစိန်နဲ့ ဆရာမ ဒေါ်ပုန်းရည်တို့လှည်းပါ…သူ့နောက်က ကျောင်းသားလှည်းနှစ်စီး လိုက်ပါ မယ်… နောက်ဆုံးက အပျိုကြီးတို့ ထမင်းတောင်းလှည်းပါ…"

"လူပျိုကြီး ကိုကြာစွယ်…ကာလသားအဖွဲ့ကို ပြောထားတဲ့ကိစ္စ အခု လိုချင်ပါပြီ…ကျုပ်တို့အဖွဲ့က စောင့်နေပါတယ်…ရောက်ရာအရပ်က အမြန် ပြန်လာပါ…"

မိုက်ကရိုဖုန်းကို ကြုံရာလူက ဝင်ပြောနေခြင်းဖြစ်၏။ ပထမဆုံးရောက်လာသူမှာ လေးပန်းဆီ ဖြစ်သည်။ ဒေါနှင့်မောနှင့် ရောက်လာခြင်းဖြစ်သည်။ လှည်းသမား



ဘိုက်ကြီးက အမြန်လာတွေ့ပါဆိုလို့ ပြေးလာပုံရသည်။ အရေးကြီးပါသည်ဆိုတော့ လေးပန်းဆီ မနေသာ။ ရောက်ရောက်ချင်း ဘိုက်ကြီးကို ရှာသည်။ မတွေ့။ အော်ပြီး ကတည်းက ပျောက်သွားခြင်းဖြစ်သည်။

"ခွေးမသား…ငါ သည်ရောက်မှ စဉ်းစားမိတယ်…ဒင်းက ငါ့ကို လာတွေ့ရမှာကို ငါက မေ့ပြီး ပြေးလာတာ…ဘယ်မလဲဘိုက်ကြီး…ဘာအရေးကြီးတာ တဲ့တုံး…သူ့မယား လင်နောက်လိုက်လို့လား…"

"အော်ပြီး ပြန်သွားတာပဲ လေးပန်းဆီရ…ကျုပ်သိတာတော့ ရှေ့လှည်းနဲ့ နောက်လှည်း ပြောင်းချင်လို့ဆိုလား…"

"အောင်မာ…သူတောင်းစားက ဒါကိုများ အရေးကြီးပါသည်တဲ့…တွေ့မှ နရင်းအုပ်လိုက်ရဦးမယ်…"

မပုန်းရည် ပျော်လည်းပျော်သည်။ မောလည်းမောသည်။ ပျော်ရတာက ရွာ အားပေးမှုကို မြင်ရ၍ ဖြစ်သည်။ မောရတာက သည်လူတွေ သည်အသံချဲ့စက်တွေ ပိတ်စေချင်ပြီ။ နားစေချင်ပြီ။ မနက်ဆိုလျှင် ကလေးတွေ စာမေးပွဲဖြေရမည်။ ကလေး တွေ အိပ်ရေးဝစေချင်သည်။ စောစောအိပ် စောစောထစေချင်သည်။ အခုတော့ ကလေး တွေကလည်း မျက်လုံးပြူးကလေးတွေနှင့် အိပ်ချင်ကြပုံ မရှိ။ လူကြီးတွေကလည်း ပွဲကြည့်ကြသလို တဖျောက်ဖျောက် ရောက်လာကြတုန်း။ ရုပ်ရှင်ကွန်သည် ဓာတ်ထုပ် ပြီးမချင်း လူစုကွဲစရာမမြင်။ မပုန်းရည်ကိုယ်တိုင်က မတားသာပါ။ ပျော်သူတို့ ပျော်ကြပါစေလို့သာ သဘောထားရတော့သည်။ ဒါတွေအားလုံး ကိုကြာစွယ် စီမံနေပုံ ရသည်။ ရုပ်ရှင်ကွန်သည် ဓာတ်ထုပ်က ပြီးနိုင်သေးပုံမရ။ ခဏနေတော့ ဝေးခနဲ အော်သံ ကြားလိုက်ရသည်။ ကိုကြာစွယ်နှင့် မောင်စံအေးတို့ တူဝရီးနှစ်ယောက် ဝိုင်းထဲဝင်လာ တာကို မြင်လို့ ကာလသားတွေက ဝိုင်းအော်ကြခြင်း ဖြစ်၏။

"ဘယ်ကောင်တွေတုံးကွ…ငါ့ကိုလှမ်းခေါ်တာ…ဘုန်းကြီးနဲ့ စကားကောင်း ကောင်း မပြောရဘူး…ကိုင်း ပြော…ဘာတုံး…"

"ဟောဗျာ…ကိုကြီးကြာစွယ်ပဲ မင်းတို့ ညဘက် လျှောက်ခဲ့ကြဆိုဗျ… မင်းတို့အတွက် ပေးစရာရှိဆို…"

"အေး…အလုပ်ပေးစရာရှိတာပြောတာ…ည ထမင်းချက်ရမှာ မီးဖိုချောင်း တူးကြကွာ…"

"သိပေါင်ဗျာ…ဝုလင်းပေးမယ်မှတ်လို့ လှမ်းခေါ်တာပါ…"

www.burmeseclassic.com

www.burmeseclassic.com



ကာလသားတွေက တဟေးဟေး။ ကိုကြာစွယ်က ပုလင်းလေးဘာလေး ရှိမြင်လိမ့်မည် ထင်ပါ၏။ သူကိုယ်တိုင်ကတော့ သောက်လေသလား၊ မသောက်လေသလား မသိ။ မပုန်းရည် သိသလောက် တစ်ခါမှတော့ မူးနေတာမျိုး၊ အော်ဟစ်နေတာမျိုး မမြင်ဖူးခဲ့။ တောသူတောင်သား အလုပ်ကြမ်းသမားတွေဆိုတော့ နေပူခံကလေးလောက်တော့ ရှိတာပေါ့ ဆရာမရယ်လို့ မကြာဥက ပြောဖူးသည်။ မပုန်းရည်နှင့် ဒေါ်မြင့်မြင့်စိန်က တန်းလျားရှည်ပေါ်မှာ ငြိမ်ငြိမ်ကလေးထိုင်ရင်း လက်ဖက်စားနေကြ တာပြောလို့လည်း မဖြစ်။ အသံချဲ့စက်က ဆူလွန်းလှ၍ ဖြစ်၏။ ထိုစဉ်မှာပင် မိန်းမ လေးယောက်လောက်က ကလေးတစ်ယောက်ကို လေးဘက်လေးတန် ညှပ်ပိုင်းထဲ ထိုးဝင်လာကြတာကို မပုန်းရည် မြင်လိုက်ရသည်။

ကတိုး...။ မျက်ရည်လည်ရွဲနှင့်...။ မပုန်းရည် ထိုင်ရာက ဆတ်ခနဲထ မိန်းမတွေဆီ ထလာခဲ့သည်။

"ကတိုး...ဘာဖြစ်လို့လဲ...ဆရာမက မင်း မလာ မလာနဲ့ မျှော်နေတာ သည်မှာ လာမအိပ်ချင်လို့လား..."

ကတိုးက မျက်ရည်တွေကို အင်္ကျီခါးစနှင့် သုတ်ရင်း မျက်ရည်သိမ်းလိုက်ရသော်လည်း ငိုချင်နေသေးပုံရပါ၏။ မျက်ရည်ကြောင်းတွေက လိမ်းထားသော သနပ်ခါးတွေကို ဖျက်ထားကြပြီ။ မျက်ရိုးတွေ သီးထနေသည်။ မိန်းမတွေက တန်းလျားရှည်ကြီးနားအထိ ဆွဲခေါ်လာကြကာ ကတိုးအင်္ကျီကို လှန်ပြကြသည်။ ကျောပြင် ဝါးခြမ်းရာအလျှိုးတွေ ဖူးဖူးထလို့။ မပုန်းရည်ပင် လန့်သွားခဲ့သည်။ မမစိန် ခြေသလုံးတွေ လှန်ကြည့်နေသည်။ ခြေသလုံးမှာလည်း ရိုက်ထားလိုက်တာ အလျှိုးလိုက် ထပ်နေလေသည်။ မမစိန်က မိန်းမတစ်ယောက်ကို ခပ်တင်းတင်း မေးသည်။

"ဘယ်လိုဖြစ်တာတုံး...ကလေးကို မတန်တဆ ရိုက်နှက်ထားလိုက်တာ အေ...မနက်ဖြန် စာမေးပွဲဖြေရမယ့်ဟာကို...ဘယ်သူရိုက်လွှတ်လိုက်တာလဲ"

"ဘယ်သူရှိရမှာတုံး ဆရာမ မစိန်ရဲ့...သူ့ဘွားအေပေါ့...အရီးခလေ ကလေးက စာမေးပွဲဖြေမယ်ဆိုလို့တဲ့တော်...မတရားရိုက်နေလို့ ကျုပ်တို့က ဆွဲလာတာ...အဘွားကြီးက တစ်မျိုးရယ်..."

အရီးခ...။ ကတိုး၏ ဘွားအေကြီး အရီးခကို မပုန်းရည် လူချင်း နှစ်ခါ သုံးခါလောက် ဆုံဖူးပါသည်။ အရီးခက အသက်ကြီးလှပြီ။ ပိန်ရှည်ရှည် ခါးကိုင်းကိုင်းနှင့် မျက်နှာထားတင်းလှသူဖြစ်သည်။ တစ်ခါက ကတိုးနှင့် ကျောင်းကို ရောက်လာဖူးသည်။ ကတိုးနှင့် ကျောင်းသားတစ်ယောက် ရန်ဖြစ်ကြတာကို အကြောင်းပြု



တစ်ဖက်ကလေးကို ထုဟယ် နှက်ဟယ် လုပ်နေတာ မပုန်းရည် မြင်လိုက်ရသည်။ မပုန်းရည်လည်း အခန်းထဲက ပြေးထွက်ကာ တစ်ဖက်ကလေးကို ဆွဲယူရင်း အရီးခနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"တော်...အရီးရယ်...ဘယ်လိုများ လုပ်လိုက်တာလဲရှင်...ကျောင်းမှာ ဆရာ ဆရာမတွေ ရှိပါတယ်...မတရားတာ မဖြစ်ရပါဘူး...ကလေးချင်း မပြင် ကွယ်ရာ ဖြစ်ကြဦးတော့ ကျွန်မတို့သိရင် လွန်တဲ့ကလေးကို ကျွန်မကိုယ်တိုင် ဆုံးမပါတယ်...အရီးကိုယ်တိုင် သည်လို လာလုပ်တာတော့ မသင့်ပါဘူးရှင်"

"ငါ့မြေးက မနေ့ကလည်း ခံရတယ်...ကနေ့လည်း ညည်းက လုပ်တဲ့ ကလေးဘက်က ပါနေပြန်ပြီ...ငါ့မြေးက ဆင်းရဲလို့လား...တစ်ကောင် ကြွက်မို့လား..."

တကယ်တော့ တစ်ဖက်ကလေးကလည်း မျက်နှာမကြီးပါ။ ကတိုးတို့ မိသားစုထက်ပင် ဆင်းရဲသူကလေး ဖြစ်သည်။ မပုန်းရည်သိသလောက် ကတိုးကလည်း နှစ်စတတ်သလို တစ်ဖက်ကလေးကလည်း ရှီးအေးသူကလေးပင်။ ကလေးချင်း ဆိုတော့လည်း ထိမိခိုက်မိရာက တွန်းဟယ် တိုက်ဟယ် ပြုတတ်ကြသည်။ ထိုနေ့က ကတိုးကို တွန်းလိုက်သဖြင့် လဲကျရာက နဖူးနှင့် ခုံစောင်း တိုက်မိခြင်း ဖြစ်၏။ သွေးမထွက်သော်လည်း နဖူးယောင်သွားခဲ့သည်။ သည်ဒဏ်ရာကို စစ်ဆေးရာက အရီးခ ကိုယ်တိုင် ကျောင်းကို မကျေနိုင်မချမ်းနိုင် ရောက်လာခြင်းဖြစ်၏။ မပုန်းရည်က ညည်းဆိုသည့် အသုံးကို သဘောမကျလှပေသိ သည်းခံလိုက်သည်။

"ကျွန်မတို့ ကျောင်းမှာ ဆင်းရဲတာတို့ ချမ်းသာတာတို့ မရှိပါဘူး အရီး ရယ်...ချမ်းသာလို့ ဦးစားပေးတယ်၊ ဆင်းရဲလို့ နှိမ်တယ်ဆိုတာတွေလည်း မရှိပါဘူး...ကလေးချင်း မတော်တဆ ထိတာခိုက်တာက ဖြစ်ရတာပါရှင်... ကတိုးကိုယ်တိုင်လည်း သိပါတယ်...ဖြစ်တုန်းက ကျွန်မတို့ကွယ်ရာမှာ ဖြစ်သွားတာပါ"

"ညည်းတို့ဖြင့် သိလိုက်ရတယ်မရှိဘူး...ညည်းတို့စိတ်တွေက ကလေး တွေဆီမှာမှ မရှိဘဲကိုးအေ့...မတော်ရာ ရောက်နေကြတဲ့ဟာ...ညည်းတို့ မွေးထားတာ မဟုတ်တော့ ကိုယ်ချင်းမစာဘူးပေါ့...ငါ့မြေးနဖူးသည် ကြည့်ဦး..."

အရီးခက အနားရှိ မြေးဖြစ်သူ ကတိုးကို လှမ်းဆွဲကာ နဖူးကို ပြသည်။ ညည်းတို့စိတ်က မတော်ရာရောက်နေကြတာကိုးအေ့ ဆိုသည့်စကားကြောင့် မပုန်းရည်

www.burmeseclassic.com

www.burmeseclassic.com



မှာ ရှင်းခနဲ နားကျင်သွားရပါ၏။ သည်စကားက လွန်လွန်းလှပြီ။ မတော်ရာဆိုတာ ဆရာမတွေ မတန်မဲ့ လင်ကြောင်း သားကြောင်း တွေးနေကြတာကို ဆိုသည်အထင် ရောက်သည်။ မပုန်းရည် ဒုတိယအကြိမ် ခေါသကို မျိုချရပြန်ပါ၏။ အရီးခ မပုန်းရည်ဖက်ထားသော ကလေးကို မျက်စောင်းထိုးလျက် ရှိလေ၏။ ခေါသနီးရဲ လျှံဝေနေပုံဖြင့် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေတာကို ကြည့်ရင်း မပုန်းရည် အံ့ဩရသည်။ အရီးခ အသက်ကလည်း ကြီးလှပြီ။ မျက်နှာရှည်ရှည် နဖူးပြောင်ပြောင် နှာခေါင်းကောက်ကောက်ကြီးကြောင့် တချို့က ပညာသည်လိုလို စုန်းလိုလို ပြောကြ တာလည်း ကြားဖူးသည်။ သည်စကားတွေကြောက်လို့ မပုန်းရည် သည်းခံနေတာ မဟုတ်။ ကြီးသူနှင့် ငယ်သူဆိုသည့် ဂါရဝစိတ်ဖြင့် သည်းခံလိုက်ခြင်း ဖြစ်သည်။

“ကျွန်မတို့ မမွေးဘဲ ထိန်းရတဲ့ကလေးချည်းပါပဲ အရီးရယ်…ကျွန်မတို့ ဆရာမတွေမှာ တခြားကို စိတ်မရောက်နိုင်ပါဘူး…သည်ကလေးတွေ ထိန်းကျောင်းရ စာသင်ပေးရနဲ့ သည်လိုနေရတာပါ…ကလေးတွေဆိုတာ လူကြီးတွေမှ မဟုတ်တဲ့…ဆင်ခြင်တွေးဆမှုမပါဘဲ စိတ်လိုက်မာန်ပါ လုပ်မိတာမျိုး ရှိတတ်ကြသူချည်းပါ…ဘယ်ကလေးမှ ရန်သူတွေလို မပြုမူကြပါဘူး အခုလည်း မတော်တဆဖြစ်ကြတာ ကျွန်မအသိပါ…ဒါပေမဲ့ ကျွန်မတို့ ကျောင်းထဲအထိ လိုက်လာပြီး အရီးက အပြစ်ပေးချင်လို့ မဖြစ်ပါဘူး အရီးပြန်ပါ…ကတိုးကို စိတ်ချလက်ချ ထားခဲ့ပါ…ကတိုး လာခဲ့…အတန်း ထဲဝင်…”

မပုန်းရည်က ကတိုးကို ခေါ်ကာ အတန်းထဲ ပြန်ဝင်လာခဲ့သည်။ အရီးခ ကတော့ ကျောင်းဝမှာ တွေတွေကြီးရပ်ရင်း မကျေမနပ် ကျန်ရစ်ခဲ့သည်။ ဘယ်အချိန် ပြန်သွားသည် မသိ။ သတိရလို့ လှည့်ကြည့်တော့ မရှိတော့။ နှစ်ရက် သုံးရက် မြေးကို ကိုယ်တိုင် ကျောင်းဝအထိ လာပို့ခဲ့သော်လည်း မပုန်းရည်ကို မကြည့်သော နှုတ်ပင်မဆက်။ မျက်စောင်းတထိုးထိုး ရှိလေ၏။ ပါးစပ်က တလှုပ်လှုပ်။

သည်တစ်ခါတော့ အရီးခကိုယ်တိုင် ကတိုးကို အလျှီးရာချင်းထပ်အောင် ရိုက်လွှတ်လိုက်ပါပကော။ ဆွဲခေါ်လာကြသည့် မိန်းမတွေက ခေါ်သာခေါ်လာရသော် လည်း အရီးခကိုတော့ ကြောက်ကြပုံပေါ်သည်။ ဟိုတစ်ခါ ရွာအစည်းအဝေးညတုန်း ကလည်း ကတိုးတစ်ယောက် အာပြဲကြီးနှင့် ငိုဝင်လာခဲ့သည်။ မေးကြည့်တော့ အဘိုး ဘွားအေက ကျောင်းနုတ်မယ်ဆိုလို့တဲ့။ သည်တုန်းက လေးပန်းဆီကိုယ်တိုင် အရီးခကို သွားပြောခဲ့တာ မပုန်းရည်အသိ။ နောက်ရက် ကတိုး ကျောင်းကို ရောက်



လာကြရသေးသည်။ ကောင်းချည်ကောင်းလျက်ကနဲ့ အခုကော ဘယ့်နှယ့်ဖြစ်တာ ပါလိမ့်။ ကတိုးကို မေးကြည့်တော့ စာမေးပွဲသွားမဖြေရဘူးဆိုရာက မြေးအဘွား ချစ်ပွဲဖြစ်ကြသည်ဆို၏။ စာမေးပွဲဖြေဖို့ တစ်ရွာလုံးက သည်းသည်းလှုပ်နေ ချိန်မှာ အရီးခက တစ်မျိုးဖောက်လာပြန်ပြီ။ အရီးခအိမ် လိုက်သွားဖို့ မပုန်းရည် ပြင်ရတော့သည်။ မမစိန်က သူလည်း လိုက်မည်ဆို၏။ ကတိုးကို ခေါ်လာကြသော မိန်းမတွေကလည်း အရီးခနှင့် အိမ်နီးချင်းတွေဆိုတော့ လိုက်ကြမည်။

“ဆရာမတို့နော်…ပြောလိုက်ပါရဲ့…အဘွားကြီးက…”

သည့်ထက်တော့ မပြောရဲကြ။ မပုန်းရည်က ဘာကိုဆိုလိုမှန်း နားလည် သည်။ ပညာသည်ကြီး၊ စုန်းမကြီးလို့ ဆိုချင်တာဖြစ်လိမ့်မည်။ မကြေးမျှင်တုန်း ကလည်း စုန်းတဲ့။ အရီးခကလည်း စုန်းတဲ့။ နောက်ထပ် ဘယ်နှစုန်းများ ရှိသေး ပါလိမ့်။ စုန်းကာမှ စုန်းရော မပုန်းရည် လိုက်မှဖြစ်မည်။ မနက်ဖြန် စာမေးပွဲ။ ကလေးတွေလည်း အားလုံးရောက်နေကြပြီ။ တစ်နှစ်လုံး သင်လာပြီးမှ အရီးခ အန့်လန့်တိုက်တာကြောင့်တော့ အပျက်မခံနိုင်။ ထိုစဉ်မှာပင် ဝိုင်းဝဆီက ဝိန်ကိုင်း ကိုင်းကြီး ဝင်လာသည့် အရီးခကို မြင်ကြရပြီ။ အသံရှဲ့စက်ဆရာပင် အသံရှဲ့စက်ကို ပိတ်လိုက်သည်အထိ လန့်သွားပုံရသည်။ ရွှံကုန်သည်လည်း ရပ်သွားလေပြီ။ ဝိုင်းထဲ ရှိသမျှ လူတွေအားလုံး အရီးခကို လှမ်းကြည့်နေကြသည်။

“ကတိုး…သေနာကောင် ဘယ်မှာတုံး…ခင်လှ…ညည်းတို့ခေါ်သွားတဲ့ ကောင် ဘယ်မှာတုံး”

လူပိန်သလောက် အသံကြီးကျယ်လှသည်။ မြေးကို ရိုက်လွှတ်လိုက်ရတာ အားရသေးပုံမပေါ်။ ခေါသတွေ မပြေနိုင်။ ကတိုးက ဘွားအေကို ပြန်မထူးပဲ မပုန်းရည် နောက်မှာ ပေရပ်နေပါ၏။ အရီးခက အော်ပြန်သည်။ ကိုကြာစွယ်က မပုန်းရည် အနား လာရပ်သည်။ အရီးခကို ပေစောင်းစောင်းကြည့်သည်။

“ကြီးတော်…ဘာတွေဖြစ်နေတာတုံး…ခင်ဗျားဟာ ရန်သူတွေကျလို့ဗျာ… လာပါ…ထိုင်စမ်းပါဦး…လာပါကြီးတော်ရ…”

“မထိုင်နိုင်ဘူးဟေ့…ငါ့မြေးကို မင်းတို့ ရောင်တော်ပြန်ထဲ ရောမလွှတ်နဲ့”

အရီးခစကားကြောင့် ကိုကြာစွယ် ခေါကန်သွားပုံရသည်။

“ဘာရောင်တော်ပြန်တုံးဗျ…ခင်ဗျားဟာက…ခင်ဗျားဘာဖြစ်ချင်တာတုံး ပြောလေ…ကလေးကို မမဲနဲ့…ကျုပ်တို့ကိုပြော…သည်မှာ ဆရာမတွေ လည်း ရှိသားဟာကို…”

www.burmeseclassic.com

www.burmeseclassic.com



"တစ်ရွာလုံးကို မဲတာဟော့...မိခကို မစမ်းနဲ့...လူဆို တုန်းခနဲပဲမှတ် ရွာဆို ပြာကျသွားမယ်...ငါ့မြေး ငါလာခေါ်တာ...နင်မပါနဲ့ကြာစွယ် ဘာဆရာမ မှလည်း မပါနဲ့...တစ်သက်လုံးက မိခမြေးအဘွား လူရှိတယ် မထင်ခဲ့တဲ့ဟာတွေ...ဟွန်း..."

မပုန်းရည်က အရီးခရှေ့ သွားရပ်သည်။ စကားတွေ လွန်လာပြီ။ ရပ်ရွာသူတွေက ဝိုင်းကြဝန်းကြ ပျော်ကြပါးကြချိန်မှာ အရီးခက ဖိသွားသတဲ့ဆိုတာမျိုး အဖြစ်မခံနိုင်။ မပုန်းရည်က အများရှေ့မှာ ခေါ်သမပါအောင် ထိန်းလိုက်သည်။

"စာမေးပွဲဖြေရမယ့်ကလေးကို ဘယ်လိုအကြောင်းနဲ့မှ အပျက်မခံနိုင်ပါဘူး အရီးပြန်ပါ...ကတိုးကို ကျွန်မတို့ ခေါ်ထားတော့မှာပါ...စာမေးပွဲရက် ပြီး ပြန်ပို့မယ်...စိတ်ချလက်ချသာ ထားခဲ့ပါရှင်..."

"ငါ့မြေး ငါသဘောပါအေ...တစ်သက်လုံးက ငါကျွေးမွေးပြုစုစောင့်ရှောက် လာခဲ့တာပါ...ညည်းသားသမီး မဟုတ်ပါဘူး...ဘာစာမေးပွဲမှ မဖြေဘူး...ညည်းတို့ သည်းသည်းလှုပ်နေတာကို သောက်မြင်ကပ်လို့ကို မဖြေခိုင်းတာ...ညည်းတို့သဘောပေါက်...ဟဲ့ ကတိုး...ငါခေါ်နေတယ်နော်..."

ကတိုးက ချီတုံချတုံ။ ဘွားအေကိုလည်း ကြောက်ရ၊ အများနည်းတူ လွန်တောင်းကို လိုက်ပြီး စာမေးပွဲလည်း ဖြေချင်။ မပုန်းရည်က ကတိုးကို သူ့ရှေ့ ဆွဲယူကာ ဖက်ထားလိုက်သည်။ ကလေးခမျာ တဆတ်ဆတ်တုန်လို့။ အားလုံး ငြိမ်သက်စွာ ကြည့်နေကြသည်။ ကိုကြာစွယ်ပင် ဘာမှ မပြောနိုင်။ လေးပန်းဆီလည်း မရှိတော့ ဘယ်သူကမှ ကြားမဝင်ရဲကြ။

"ဒါ ကျွန်မသားပဲ အရီးခ...ဘယ်လိုနည်းနဲ့မှ ကလေးကို ပြန်မထည့်နိုင် ပါဘူး...ကြိုက်တဲ့နေရာက စကားပြောပါရှင်...ကျွန်မ ကတိုးကို သုံးရက် ခေါ်ထားမယ်...ကျွေးထားမယ်...စာမေးပွဲဖြေခိုင်းမယ်...စာမေးပွဲပြီး ပြန်လွှတ်မယ်...ကိုကြာစွယ် ကတိုးကို အိမ်ပေါ်က ကလေးတွေဆီ ခေါ် သွားပါ...အသံရှဲ့စက်လည်း မဖွင့်နဲ့တော့...မနက်ဖြန်အတွက် ကျွန်မ ကလေးတွေကို မှာစရာရှိတယ်...ကိုင်း...အရီးခလည်း ပြန်ပါတော့..."

မပုန်းရည်က မျက်နှာထားတည်တည်ဖြင့်ပြောပြီး ထိုင်ခုံမှာ ဝင်ထိုင်သည်။ မမစိန်ကလည်း ပြန်ထိုင်ရတော့သည်။ အရီးခက သူ့မြေးကို လာခေါ်ကာမှ စာမေး သုံးရက်လုံးလုံး ပြန်မလွှတ်ဘဲ ခေါ်ထားမည်ဆိုသောအခါ ဘာပြောလို့ ပြောရမှန်းပင် မသိတော့။ ခေါ်သပဲ ဆက်ဖြစ်ရတော့မလိုလို၊ အိမ်ပဲပြန်ရတော့မလိုလိုဖြင့် ငူငူကြီး ရပ်နေလေသည်။ ကျောင်းသားဆိုတော့ ဆရာမအာဏာ တည်သည်လို့များ ထင်သွား



သို့လား မသိ၊ ဘာမှ မပြောဘဲ ရပ်နေခြင်းဖြစ်သည်။ မပုန်းရည်ကလည်း စောစော ဘုန်းက အရီးခနှုတ်က လွှတ်ခနဲ ထွက်သွားခဲ့သော စကားကို ပြန်တွေးကြည့်လိုက် ပါ၏။ တစ်သက်လုံးက မိခတို့မြေးအဘွား ရှိတယ်လို့ မထင်ခဲ့ကြတာ ဆိုသည့် စကားဖြစ်၏။ ရွာရပ်က အရီးခကို စုန်းလိုလို ပညာသည်လိုလိုနှင့် ကြောက်ခံခံကာ ရှောင်ခဲ့ကြလေသမျှ ရွာက ဝိုင်းကြဉ်ထားကြသည်လို့ ခံစားနေရပုံပေါ်သည်။ အရီးခ ဘာပဲဖြစ်နေဖြစ်နေ လူဆိုတာကတော့ လူ့အသိုင်းအဝိုင်းကို ဝင်ဆံ့ချင်ကြသည်ချည်း ပင်။ သည်ခံစားမှုကို မပုန်းရည် အမိအရ ဆုတ်ဖမ်းမိလိုက်ပြီ။ မပုန်းရည်က အရီးခဆီ သွားပြီး ခါးကိုဖက်သည်။ အရီးခက ခါးကို တောင့်ထားသော်လည်း ဘာမှမပြော တော့ပါ။ မပုန်းရည်က အရီးခကို ခါးဖက်ပြီး အတင်းဆွဲခေါ်လာခဲ့သည်။ ခုံမှာ အထိုင်ခိုင်းသည်။ ကိုကြာစွယ်ကပင် မပုန်းရည်လုပ်နေတာကို ကြည့်ပြီး မျက်လုံးကြီး ပြူးနေလေ၏။

"ထိုင်ပါဦး အရီးရယ်...နတ်ရေကန်သူ နတ်ရေကန်သားတွေပဲရှင်...အရီးခ အကြောင်း ကြားပါတယ်...မဟုတ်မခံစိတ်ဓာတ်ရှိတယ်...မြေးကလေးကို အင်မတန်ချစ်တယ်...သူတစ်ပါးအပေါ် ညှာတာတတ်တယ်...စိတ်ကောင်း ထားတယ်...အလှူအတန်းရက်ရောတယ်ဆိုတာတွေ ကျွန်မကြားရတယ်... မကြာဉရေ...အရီးဖို့ မုန့်ဆီကြော်တွေ ထည့်ခဲ့ပါဦး ဧည့်ခံရအောင်..."

မပုန်းရည်က မြှောက်ပြောလိုက်တော့ အရီးခ နည်းနည်းတော့ ပျော့သွားပုံရ သည်။ ဘာစကားမှ ခွန်းတုံ့မပြန်တော့ဘဲ ခုံမှာ ဝင်ထိုင်၏။ တခြားကလေးတွေထဲ ရောနှောနေသည့် မြေးဖြစ်သူ ကတိုးကို တစ်ချက်လှမ်းကြည့်ရင် စိတ်ချသွားပုံလည်း ရသည်။ မပုန်းရည်က စာမေးပွဲရက်မှာ ကတိုးကို ဘာဖြစ်လို့ သည်လောက်ရိုက်ရ တာလည်း မေးမေးသည်။ မဖြေ။ မျက်နှာကို သုန်မှုန်ထားတာတော့ မလျော့။ မပုန်းရည်ကို ရန်မလုပ်တော့တာတော့ သေချာပြီ။ ကိုကြာစွယ်က မုန့်ကြော်တွေ ဘိုက်ပန်းကန်နှင့် ထည့်လာသည်။ မမစိန်က ရေနွေးငှဲ့ပေးလေသည်။

"စားပါဦးအရီးရဲ့...ရေနွေးသုံးဆောင်ပါဦး...ကတိုးကို ကျွန်မတို့နဲ့ စိတ်ချ ထားခဲ့...ကတိုးမှ မဟုတ်ပါဘူး ကလေးတိုင်းကို ခေါ်ထားတာပါရှင်... ကျွန်မတို့က သည်ကလေးတွေ စာမေးပွဲဖြေရမယ့်ရက်ကို အစိုးရဆီမှာ စာရင်းသွင်းထားရတာလေ...စာရင်းပါလျက်နဲ့ လာမဖြေရင် ကလေးကို မေးလားမြန်းလားလုပ်တော့မှာ...ကျွန်မတို့လည်း အရေးယူခံရမှာ...အရီးခ ကို ခေါ်မေးရင်လည်း မတ္တရာရုံးသွားရမှာ...ဒါကြောင့် အရီးကို တောင်းပန် နေတာပါရှင်..."

www.burmeseclassic.com

www.burmeseclassic.com



မပုန်းရည်က လှန့်လုံးကလေးထည့်လိုက်တော့ အရီးခ ပျော့သွားပြီ။

"ညည်းတို့ခေါ်ထားရင် ပြီးတာပါပဲအေ...မိဘမရှိတဲ့ကလေးဆိုတော့ ငါ ဖအေ ငါပဲ မအေအေ့...ကတိုးက ပြောမကောင်းဘူး...သည်ကလေးစိတ် ငါအသက်ရှင်နေတာပါအေ...ငါသေရင် မဖြစ်သေးဘူးဆိုပြီး အသက် လှမ်းကုတ်ထားရတာပါ...အစိုးရနဲ့ စကားပြောရမှာတို့ ဘာတို့တော့ မေ ဘူးပေါ့အေ...ရွာက ငါ့မြေးကို နှိမ်တယ်ထင်လို့ ချက်ကောင်းကို မလွှတ် ထားတာအေ...သိပြီလား..."

သည်လိုပြောပြန်တော့ မပုန်းရည် သနားမိရသည်။ ဘွားအေတစ်ယောက် မေတ္တာသည် အစွန်းနစ်ပါးတွင် ရှိတတ်တာကို မပုန်းရည်သိပါ၏။ မြေးအသွား နစ်ယောက်တစ်ဘဝ လုပ်နေရရှာတာကိုလည်း စာနာမိရပါ၏။ အရီးခကို ပညာသည် ရယ်လို့ ရွာက ရှောင်သည်။ အရီးခကလည်း သူ့ကို ရှောင်သကောရယ်လို့ ရွာ မုန်းသည်။ မုန်းလေဝေးလေ၊ ဝေးလေမုန်းလေ။ သည်အကျိတ်အခဲက ကြီးလာတော့ ရွာကို ကန့်လန့်တိုက်တော့သည်။ ရွာက စတုတ္ထတန်းကျောင်းသားတွေကို ဖူးဖူးမှုတ် ထားမှန်းသိတော့ သည်အချိန်မှာ အချိန်ကိုက် စာမေးပွဲမဖြေရ လုပ်ခဲ့ခြင်းဖြစ်သည်။ မြေးက ပြန်အော်တော့ ရိုက်သည်။ ဒါကို မပုန်းရည် ရိပ်မိခဲ့ပြီ။ မပုန်းရည်က အရီးခအတွက် မုန့်ကြော်တွေ တစ်ထုပ်ကြီး ထည့်ပေးလိုက်ရုံမက ခါးဖက်ပြီး အိမ် အထိ လိုက်ပို့သည်။ အရီးတို့အိမ်ကို အလည်လာပါရစေဆိုတော့ အံ့ဩသွားလေသည်။ မပုန်းရည်ကို စူးစူးကြီးကြည့်ကာ အရီးခ လေချိုသွားပါပကော။

"ဆရာမတပည့် စောင့်ရှောက်ပေးပါ...ကျုပ်အပ်ပါတယ်..."

"စိတ်ချပါ အရီးရယ်..."

အိမ်နီးချင်း မိန်းမဖော်လေးယောက်နှင့်အတူ မှောင်ကြီးမည်းမည်းထဲ တိုးဝင် သွားသည့် အရီးခကို မပုန်းရည် ရပ်ကြည့်နေမိသည်။ သည်လိုဆိုတော့လည်း မြေးကလေး ကတိုးကို မပုန်းရည်နှင့်အတူ စိတ်ချလက်ချ ထားခဲ့သား။ မမစိန်က မပုန်းရည်ကို လာနှုတ်ဆက်သည်။ ဟုတ်ရှာမှာပေါ့။ မမစိန်လည်း ပြန်နားချိန်တန်ပြီ။ မနက်စောစော ထရည်းမှာ မဟုတ်လား။ မပုန်းရည်လည်း ကျောဆန့်ချင်ပါ၏။ သို့သော် နားလို့ မဖြစ်သေး။ ရွာသူရွာသားတွေက တဖွဲဖွဲလာကြဆဲ။ ကိုကြာစွယ်နှင့် အပျိုကြီးတွေက တဝါးဝါး။ အရီးခ ရှိတုန်းက ငြိမ်နေကြသူတို့ ခုတော့ ပွက်ပွက်ကြီး ညံပြန်ပြီ။

"မမစိန် ပြန်တော့လေ...မနက်အစောကြီး ထရည်းမှာနဲ့...ကျွန်မလည်း နားချင်ပြီ...မဖြစ်သေးဘူး...ရွာက အားပေးနေတာကို မျက်နှာပြနေလိုက် ဦးမယ်..."



"ဒါဆို မမစိန်သွားမယ်...ကြာစွယ် ငါသွားတော့မယ်ဟေ့...မနက် မနိုးရင် ငါ့ကို လာနှိုးဦး..."

"အသံချဲ့စက်က မနက်လေးနာရီ ထဖွင့်မှာဗျား...ကျုပ်အော်လိုက်ပါ့မယ်"

မမစိန် ပြန်ပြီ။ မပုန်းရည်က အိပ်ချင်စိတ်ကို မောင်းထုတ်ပြီး ကလေး ဆီ သွားကြည့်သည်။ ဘိုးကြီးတို့အိမ်ပေါ်မှာ တစ်ယောက်တစ်ပေါက် စကား ကြတုန်း။ သူတို့ကလေးတွေလည်း ရင်ခုန်နေကြရှာမည်။ မနက်ဖြန် စတုတ္ထတန်း မေးပွဲ။ အောင် ကြပါပြီတဲ့။ နတ်ရေကန်ရွာက စတုတ္ထတန်း တန်းလုံးကျွတ် အောင်ကြပါပြီတဲ့။ အလယ်တန်းပညာ ဆက်တက်ကြမှာလား။ သည်တပည့်တွေထဲက လေးဘယ်နှယောက် လွန်တောင်း အ-လ-ကကို သွားတက်ကြမှာတဲ့လဲ။ ရှိရင် ယောက် သုံးယောက်ပေါ့။ မပုန်းရည် များများမမျှော်လင့်ပါ။ ရောက်သလောက် မပုန်းရည် အိမ်ကြီးအောက်ထပ်ကို ဆင်းခဲ့ရပြန်ပါသည်။

၉

မပုန်းရည် ပစ္စည်းတွေ သိမ်းရပြီ။ သည်ရက်ထဲမှာ ပျော်စရာရော မောစရာပါ ကြုံခဲ့ရသည်။ ပျော်စရာက လွန်တောင်းကို စာမေးပွဲသွားဖြေကြသည့် နတ်ရေကန် ကျောင်းသားအားလုံး ဖြေဆိုနိုင်ကြခြင်းဖြစ်သည်။ အသံချဲ့စက်သံ တည်ည်၊ အလံတော် လွှင့်လွှင့်။ လှည်းတွေ လွန်တောင်းရောက်တော့ တခြားရွာတွေကပင် အံ့သြကြ သည်။ အားကျကြသည်။ အကြိုအပို့နှင့် အကျွေးအမွေးပါ ကလေးတွေအတွက် ရွာက တာဝန်ယူကြသည်ဆိုတာကို ဝမ်းသာကြသည်။ တခြားရွာကျောင်းက ဆရာမ လေးတွေက မပုန်းရည်ကို လာနှုတ်ဆက်ကြတော့ မပုန်းရည်က ကိုကြာစွယ့်ကိုပါ မိတ်ဆက်တည်း-မိတ်ဆက်ပေးသည်။ ရွှေခွဲကြိုးတဝင်းဝင်း၊ ဟန်းချိန်းကြိုးတဝင်းဝင်း၊ လက်စွပ်တွေ တပြောင်ပြောင်လီမ်းထားသော ကိုကြာစွယ်ကို ထူးဆန်းသလို ကြည့်ကြ သည်။

"မပုန်းရည်တို့ရွာက အားပေးကြတာ တွေ့ရတော့ ဝမ်းသာပါ့ရှင်...ကလေး တွေ စိတ်ဖြောင့်လက်ဖြောင့် ဖြေရတာပေါ့..."

"ကျွန်မကြောင့် မဟုတ်ပါဘူးရှင်...ဟောသည်က ကျောင်းသားရွေးရှာ ဦးကြာစွယ်ရဲ့ စီမံချက်ပါ...ရပ်ရေးရွာရေးတော့ အထူးအားပေးသူပေါ့... ဦးကြာစွယ် သည်ဆရာမက ကဘဲ့က ဒေါ်အေးသန်းတဲ့...သည်ဆရာမတော ပေါက်တောက ဒေါ်မူမူတဲ့..."

www.burmeseclassic.com

www.burmeseclassic.com



မပုန်းရည်က ဦးကြာစွယ်ဆိုပြီး မိတ်ဆက်ပေးတာကို ကိုကြာစွယ်က ရှက်နေသည်။ ဘာပြောရမှန်း မသိဘဲ ဆရာမနှစ်ယောက်ကို တည်တည်ကြီး ကြည့်နေလေ၏။ ပြီးတော့ ပျောက်သွားလေသည်။ မပုန်းရည်က နတ်ရေကန်ရွာအကြောင်း ကိုကြာစွယ်တို့ မိသားစုအကြောင်း ပြောပြတော့လည်း မပုန်းရည်ကို ကံကောင်းလိုက်တာလို့ ဆိုကြပါ၏။ လွန်တောင်း အ–လ–ကမှာ စာမေးပွဲရက်အတွင်း ဆရာမတွေ တစ်စုတစ်ဝေးကြီး ဆုံရတွေ့ရပြန်တော့လည်း ဘဝတူချင်း စာနာ နားလည်မှုပြင် အတွေ့အကြုံတွေ ဖလှယ်ရသည်။ သည်လိုဆိုပြန်တော့ မိဝေးဖဝေး ဇာတိရပ်ရွာနှင့် ဝေးနေရသော်လည်း နေပျော်သောဘဝတွေ ဖြစ်ရပြန်ပါ၏။

စာမေးပွဲကြီးပြီးတော့ လေးပန်းဆီသမီး လှလှရီမင်္ဂလာဆောင် ဝင်ရသည်။ ရွာနေပြည်ထိုင်လည်း ဖြစ်ပြန်၊ ရပ်ရွာလူကြီးသမီးကလည်း ဖြစ်ပြန်ဆိုတော့ စည်ကား လွန်းလှသည်။ ဝက်သားကျွေးပြီး မင်္ဂလာဆောင်တယ်ဆိုတာကို တစ်ဂုဏ်ဖြစ်သည်။ တတ်နိုင်သူက ထမင်းကျွေးပြီး ဆောင်ကြသလို မတတ်နိုင်သူတွေကလည်း ပေါင်မုန့် ကြမ်းကလေး ထန်းလျက်ရည်ဆမ်းကာ ကျွေးမွေးဧည့်ခံကြသည်။ ဘာပဲဖြစ်ဖြစ် မိဘ သားပီပီ ကိုယ့်ရပ်ကိုယ့်ဓလေ့ မွေ့လျော်ကြရသည်သာ။

လှလှရီမင်္ဂလာဆောင်မှာ မမစိန်နှင့် မပုန်းရည်တို့ မင်္ဂလာလက်ပွဲခုံ (စာရင်းခုံ) ထိုင်ပေးကြရသည်။ ဒါကလည်း ရွာထုံးစံ။ ရွာကျောင်းက ပညာတတ် ကျောင်းဆရာမ တွေက စာရင်းခုံ ထိုင်ပေးကြသတဲ့ဆိုတာကလည်း ဂုဏ်တစ်ခုပင်။ မင်္ဂလာဆောင် မတိုင်ခင်ညက ဘွားကြီးက ခေါ်သည်ဆိုသဖြင့် မပုန်းရည် အောက်ထပ်ကို ဆင်းခဲ့သည်။ ဘယ်သူမှမရှိ။ မကြာဥနှင့် မပုန်းရည်တို့သာ ရှိသည်။ မကြာဥကတော့ သိပြီး သား ဖြစ်ပုံရသည်။ မအော့ဆေး ဝင်ထိုင်ရင်း မပုန်းရည်ကို ငေးနေခဲ့သည်။

"ဆရာမ…မနက်ကျရင် စာရင်းခုံထိုင်ရမှာဆိုတော့ ရွာက လူတွေ အသွား အသွားများမယ်…ခု ညကတည်းက ဆွဲကြိုးတစ်ကုံး လက်ကောက် နှစ်ကွင်း ဝတ်ထားစေချင်တယ်…ကိုင်း…ဒါလေးဝတ်ကြည့်စမ်း…တစ်ကျပ်ခွဲသား ကုံး…လက်ကောက်က ငါးမူးသားစီရှိတယ်"

မပုန်းရည်က လှေကားက ဆင်းလာကတည်းက ရွှေတွေ ဆင်ပြန်တော့မှာ သိနေခဲ့ပါ၏။ ပင်ကိုအားဖြင့် မပုန်းရည် မဝတ်ချင်။ တစ်ခါကလည်း ငြင်းခဲ့ပြီးပြီ ခုလည်း ဝတ်ခိုင်းနေပြန်ပါပကော။ မပုန်းရည်ကလည်း ငြင်းရတော့သည်။ ဘွားကြီး စေတနာကိုလည်း သိပါ၏။ လူလုံးလှဖို့လိုသည်။ ရွှေကလေး ငွေကလေးဖြင့် အလှပိုမည်လို့ တွက်ပုံရသည်။ မရပါ။ ဘွားကြီးက မကြာဥကို ခိုင်းသည်။



"ကြာဥ…ဆရာမကို ဝတ်ပေးစမ်း…ဒါကျုပ်က ခဏဆင်တာမဟုတ်ဘူး… ဆရာမကို အပိုင်ပေးတာရယ်…ကျုပ်က ကျေးဇူးဆပ်ချင်နေတာ…ခုမှပဲ ဆပ်ခွင့်ရတော့တယ်…လိပ်ပြာသန့်သန့်ယူပါ…ကျုပ်တို့မှာ ရွှေတွေ အများ ကြီး ရှိတယ်"

"အို…မဟုတ်တာ ဘွားကြီးရယ်…ကျွန်မ မယူပါရစေနဲ့…ကျွန်မက တင်ရ မယ့် ကျေးဇူးကသာ ကြီးပါတယ်ရှင်…ကျွန်မမှာ ဘိုးကြီး ဘွားကြီးတို့ မိသားစုကြောင့် လုံခြုံလှပါပြီ…ကျေးဇူးကြီးလှပါပြီ…"

"ကျုပ် စိတ်ချမ်းသာစေချင်ရင် ဝတ်စေချင်တယ်…ယူစေချင်တယ်… မငြင်းပါနဲ့…ကြာဥ ဝတ်ပေးလိုက်လေ…"

မပုန်းရည်က မင်္ဂလာဆောင် တစ်ပွဲစာအတွက် ခဏတစ်ဖြုတ်သာ ဝတ်ပါရစေ ဆောင်းပန်ကာ လက်ခံလိုက်ရသည်။ အပိုင်ပေးတာကို ကျေးဇူးတင်သော်လည်း မယူချင်ပါ။ မယူရက်ပါ။ မပုန်းရည် အိမ်ပေါ်တက်လာတော့ မကြာဥပါ လိုက်လာ သည်။ မပုန်းရည်က မဝတ်ချင်ကြောင်း ပြောပြတော့ မကြာဥက သည်တစ်ပွဲတော့ အမေစိတ်ချမ်းသာအောင် ဝတ်ပြလိုက်ပါ ဆရာမလို့ ဆိုသည်။ မင်္ဂလာဆောင်ကိစ္စ ပြီးပြီးတော့ ဆွဲကြိုးနှင့် လက်ကောက်တွေကို မကြာဥကတစ်ဆင့် ပြန်အပ်သည်။ မင်္ဂလာဆောင် ရန်ကုန်ပြန်ရင် ဝတ်သွားပါဆိုနေလို့ တောင်းပန်ရပါ၏။ ဘွားကြီးက တော့ ခံထားသေးသည်။ သည်ဆွဲကြိုးနှင့် လက်ကောက်တွေ မပုန်းရည် ရွာက ပြောင်းရတဲ့နေ့ ဆင်ပေးလိုက်ပါရစေတဲ့။

မနက်ဖြန် ကိုမျိုးသွင်က မန္တလေးဘူတာအထိ ကားနှင့် လိုက်ပို့မည်။ မင်္ဂလာဆောင်မှာ ငွေကူလာရင်း ကိုမျိုးသွင်က ကူညီပါရစေ ခွင့်တောင်းခဲ့ခြင်းဖြစ်သည်။ ရွာက အပျိုကြီးတွေပါ လိုက်ပို့မည်ဆိုလာကြသဖြင့် မပုန်းရည် လက်ခံလိုက်သည်။ ကျောင်းလက်မှတ်ကတော့ မောင်တက်လူ ကြိုယူပြီးသား။ ရွာလက်ဆောင် ဆန်အိတ် ကြီးလုံးကလည်း ပါသေးသည်။

မနက်ဖက် ကားရောက်လာတော့ လိုက်ပို့မည့်သူတွေ စုံပြီ။ မပုန်းရည်က ဦးကြီး ဘွားကြီးကို ကန်တော့သည်။ ဆရာတော်ကြီးကို သွားကန်တော့သည်။ မပုန်းရည် အိမ်ပေါ်တက် ဘုရားရှိခိုးပြီး လှေကားက ဆင်းမည်လုပ်တော့ လှေကား ရင်းမှာ မမစိန်နှင့် တွေ့သည်။ နှစ်ကိုယ်ကြား ပြောလိုက်သည့်စကားကြောင့် မပုန်းရည် ငိုင်သွားရပါ၏။

"မပုန်းရည် မင်္ဂလာဆောင်တဲ့နေ့ ဘွားကြီးက ရွှေအစိတ်သား လက်ဖွဲ့မှာ တဲ့တော်…အစိတ်သားဆိုတာ ငါးချိန်တဲ့ သံအလေးနဲ့ အစိတ်သားတို့

www.burmeseclassic.com

www.burmeseclassic.com



ပြောတာနော်…ရွှေချိုန်အလေးကို ပြောတာမဟုတ်ဘူး… မမစိန်ကိုတော့ ကျွဲနှစ်ကောင်နဲ့ လယ်တစ်ပွဲ ပေးမတဲ့တော်…"

"အို…မမစိန်ကလည်း ကျွန်မက ဘယ်သူနဲ့ဆောင်ရမှာတုံး…မဟုတ်တာ"

မမစိန်က ရယ်လို့သာ နေတော့သည်။ လှေကားက အတူဆင်းတော့ သတို့သား နာမည်ကို ပြောလေ၏။

"သူ့သား ကြာစွယ်နဲ့တဲ့လေ…"

(၂၁)

"ပိတောက်တွေ ရွှေရည်လူးခဲ့ပေါ့လေ…"

မရတရ သီချင်းတစ်ပုဒ်ထဲက သည်စာသားကလေးကို မပုန်းရည် မှတ်မှတ်ရရ ရှိသည်။ သီချင်းနာမည်ကို နတ်ရှင်နောင်လို့တော့ အမှတ်ရသား။ သီချင်းကို ကြိုက်သော်လည်း လုံးကြီးခဲရ ရတာမျိုးတော့မဟုတ်။ အောက်သူဆိုတော့ ပိတောက်ပန်းများနှင့် မပုန်းရည် အနေနီးပါသည်။ အညာမှာ ပိတောက်ပင်၊ ပိတောက်ပန်းရှိတာတော့ မဟုတ်ပါ။ ရှိပါ၏။ ပွင့်ကြပါ၏။ အောက်ပြည် အောက်အရပ်ကတော့ ဘယ်ကြည့်ကြည့် ပိတောက်ပင်တွေက မိုးထိုးနေတာမဟုတ်လား။ ရာသီချိန် ပိတောက်တွေ ပွင့်ပြီဆိုလျှင်တော့ တစ်ပင်လုံး ရွှေကန်ထဲ အပင်လိုက်နှစ်ထားသလို ဝါဝါထိန်ထိန် ရှိကြပြီ။ မိုးများသည့်အရပ်မို့လားမသိ၊ ပိတောက်ပင်ကြီးတွေက သန်စွမ်းကြတာ များသည်။

"ပိတောက်တွေ ရွှေရည်လူးခဲ့ပေါ့လေ…ချစ်သူကို ရည်စူး ခူးတဲ့လို့ခြွေ…"

မပုန်းရည် ပြုံးမိသည်။ သည်အရွယ်အထိ ချစ်သူခူးပေးသည့် ပိတောက်တစ်ခက် မက်မက်စက်စက် ပန်ခဲ့ရတာ မရှိသေးတာကို ပြုံးမိခြင်းဖြစ်သည်။ မပုန်းရည် ချောလို့ မလှလို့လား။ သူတကာက မပုန်းရည်ကို ချောသည် လှသည် ယဉ်လှသည် ဟု ဆိုသည့်စကားတွေ ကြားခဲ့ရဖူးပါ၏။ မပုန်းရည်ကိုယ်တိုင်ကတော့ ကိုယ့်ကိုယ်ကို ချော မိန်းမလှ စာရင်းဝင်သည်မထင်။ မိန်းမတစ်ယောက်ရှိရမည့် အမြန်အလှမျိုး ဆောက်သာ ရှိသည်ထင်ပါ၏။ မိန်းမသဘာဝ အလှတွင် အယဉ်ဆင့်ချင်သည့်သဘော

www.burmeseclassic.com

www.burmeseclassic.com



ထားတော့ အရှိသား။ မပုန်းရည်ကို မေတ္တာကမ်းလင့်ချင်ကြသော ယောကျ်ားသား တော်တော်များများကိုလည်း ကြုံဖူးရပါ၏။ သို့သော် မပုန်းရည်က မေတ္တာတုံ့ပြန် လောက်အောင် ရင်ခုန်ခဲ့ရတာမျိုး မရှိတာကလည်း ထူးဆန်းသားပင်။ တစ်ခါတလေ ငါ့ပဟာငါများ ဟန်ဆောင်နေမိတာလားလို့ပင် တွေးမိသည်။ ကြမ်းတမ်းခဲ့သည့် ငယ်ဘဝတွေကပဲ လှူးလွန့်ချင်သော အချစ်စိတ်ကို ချုံးနှိမ်ထားကြလေရော့လားလို့ တွေးမိပါ၏။ သည်တစ်ခေါက် ရန်ကုန်ရောက်တော့ အဖေနှင့်အမေက မပုန်းရည်ကို သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်စေချင်သည့် သဘောလေး ပြောကြသည်။ အထူးသဖြင့် အမေက ပြောခြင်းဖြစ်၏။

"သမီးမှာ ရည်စူးထားတဲ့သူရှိရင် အမေတို့က ခွင့်ပြုဖို့ ဝန်မလေးပါဘူး သမီးရယ်...အမေတို့မှာ သမီးပျိုကို အဝေးလွှတ်ထားရတာဆိုတော့ တင့်တောင့်တင့်တယ် ဖြစ်စေချင်တာပါ...ငွေကြေးဥစ္စာ မလိုပါဘူးသမီး ရယ်...ပညာနဲ့ စာရိတ္တကောင်းရင် ပြီးတာပါပဲ...အိမ်ထောင်ရေးမှာ ရွှေနဲ့ မိုးကြိုးလို တခြားစီမဖြစ်ရင် ပြီးတာပါပဲကွယ်..."

အမေက မပုန်းရည်ကိုကြည့်ရင်း ပြောခြင်းဖြစ်သည်။ နွေရာသီကျောင်းပိတ် ရက်ရောက်လျှင် မပုန်းရည် ရန်ကုန်အိမ်ကို တန်းဝင်ကာ အဖေနှင့်အမေကို ပြုစုသည်။ လုပ်ဆောင်စရာ အိမ်မှုကိစ္စအဝဝကို သိမ်းကျုံးလုပ်ရင်း မိသားစု အတူနေခဲ့သည်။ သင်္ကြန်ရက်ကလေးကျော်လျှင်တော့ မောင်းကုန်းကို သွားဖို့စီစဉ်ရတော့မည်။ အဘိုးလေး မျှော်လှရော့မည်။ သင်္ကြန်ရက်လွန်မှ ပွင့်လာသော ပိတောက်တွေကို ငေးရင်း အမေ့ စကားတွေကို မပုန်းရည် နားထောင်နေခဲ့သည်။ ပိတောက်တွေက မြေပြင်မှာ ပန်းခြင်း ကော်ဇော ခင်းထားတာရှိသလို အပွင့်သစ်ကလေးတွေကလည်း ပွင့်ကြတုန်း။ အဖူး ကလေးတွေကလည်း အားယူကြတုန်း။

ရွှေနဲ့မိုးကြိုး...။ သည်စကားနှစ်လုံးက မပုန်းရည်ရင်ထဲ ရောက်သည်။ နှစ်ဦးဘဝ အသွင်မတူတာကို ပြောခြင်းဆိုတာ မပုန်းရည် နားလည်သည်။ ပညာတတ် ယောကျ်ားသား၊ အကျင့်စာရိတ္တကောင်းသော ယောကျ်ားသား။ အမေ့စကားထဲမှာ သည်အရည်အချင်းနှစ်ရပ်ရှိလျှင် ဖြစ်ပြီလို့ ဆိုလိုချင်ပုံရသည်။ ဒါက အမေ့ဆန္ဒ မပုန်းရည်ကတော့ အိမ်ထောင်ပြုသင့်သည့် ယောကျ်ားသားတစ်ယောက်မှာ ဘာအရည် အချင်းတွေ ရှိဖို့လိုသလဲဆိုတာမျိုး မတွေးမိခဲ့။ ဖူးစာချင်းဖက်တော့ ရောင်လို့ပေ ဆိုသည့်စကား ကြားဖူးသည်။ ဘုရင့်သမီးတော်ပေသီ ဒွန်းစဏ္ဍားနှင့် ညားရတာတွေ ရှိသည်။ မဟာပဒုမ ပေါင်တိုဓာတ်ထုပ်ကို မပုန်းရည် ငယ်စဉ်က မောင်းကုန်းမှာ အသံချဲ့စက်ဖွင့်တိုင်း ကြားရဖူးသည်။



"သမီးမှာ ရည်စူးထားသူရယ် မရှိသေးပါဘူး အမေရယ်...အဘိုးလေးနဲ့ အဖေတို့ အမေတို့ပဲ ခေါင်းထဲမှာ ရှိတယ်...အနီးကပ် မပြုစုနိုင်တာကိုပဲ စိတ်မကောင်းတာပါ...အိမ်ထောင်ပြုဖို့လည်း မရည်ရွယ်သေးပါဘူးအမေ"

"အေးပါ...အမေတို့က ခွင့်မပြုပါ့မလားလို့ ရှိမှာစိုးလို့ပါ...အမေတို့ကို မငဲ့နဲ့လို့ ကြိုပြောထားတာ...သမီးဘဝရပ်တည်ရေး သမီးစဉ်းစားပါကွယ်"

မပုန်းရည် အမေ့ကို လှမ်းကြည့်တော့ အမေက ခပ်ပြုံးပြုံးကလေး ကြည့်နေ ရှာသည်။ အမေ အသက်ကြီးရှာပြီ။ အဖေလည်း အသက်ကြီးပြီ။ မွေးစားမိဘနှစ်ပါး ဆိုသော်လည်း သမီးရင်းနှင့်မခြား ချစ်ရှာကြသူတွေပင်။ အဖေနှင့်အမေတို့ကိုယ်တိုင် က စိတ်ရင်းသဘောရင်း ကောင်းကြသည်။ ဝမ်းနှင့်လွယ် မမွေးရုံတမယ် ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့ကြသည်။ မပုန်းရည်ကလည်း မိဘနှစ်ပါးကို နားပူနားဆာတိုက်ခဲ့တာ မျိုး မရှိခဲ့။ ပညာကိုသာ ကြိုးစားခဲ့သည်။ ရည်မှန်းချက် ထားခဲ့သည်။ ဖြစ်ချင်ခဲ့သော ကျောင်းဆရာမဘဝကို ရခဲ့ပြီ။

"အမေ မေးပါဦးမယ်...တစ်ရက်က အမေတို့အိမ်ရောက်လာတဲ့ သူငယ် ကတော့...အမေ အကဲခတ်ရသလောက်တော့ သူငယ်က သမီးကို မေတ္တာရှိ နေပုံပေါ်တယ်...အိမ်အထိ ရှာလိုက်လာတာဆိုတော့လေ..."

"ကိုမျိုးသွင်လား...သူက သမီးစာသင်တဲ့ ရွာနားက စက်ရုံမှာ အင်ဂျင်နီယာ လေ...ရွာကို တော်တော်ကူညီတာ အမေရဲ့...သမီးကိုလည်း ကူညီရှာပါ တယ်...မေတ္တာရှိချင်လည်း ရှိမှာပေါ့အမေရယ်...သမီး လက်မခံမှန်းသိတော့ ရှေ့မတိုးတော့ပါဘူး..."

"ရှေ့သာမတိုးတယ်...အိမ်ကို ရောက်လာပါပကော သမီးရဲ့...လိပ်စာနဲ့ ရှာပြီး လိုက်လာတာဆိုတော့ ပေါ့ပေါ့မဟုတ်ဘူး..."

"သူက ရန်ကုန်ကို တာဝန်နဲ့ ခဏခဏ လာရတယ် ပြောဖူးတယ်...ရန်ကုန် မှာ ဆွေမျိုးတွေလည်း ရှိကြတာဆိုတော့ ရောက်တုန်း ရှာဖွေပြီး ဝင်လာတာ နေမှာပါအမေရဲ့..."

သည်လောက်ပါပဲ။ အမေက စကားမဆက်တော့ပါ။ မပုန်းရည်ကလည်း အကြောင်းရာကိုသာ ပြောခဲ့ခြင်းဖြစ်၍ သည့်ထက် ရှေ့တိုးပြောစရာမရှိ။ မပုန်းရည် ရန်ကုန် ရောက်လို့မှ တစ်ပတ်မပြည့်ခင် အင်ဂျင်နီယာ ကိုမျိုးသွင် ရောက်လာတာကတော့ ထူးဆန်းသား။ သည်လို လိုက်လာလိမ့်မည်မထင်ခဲ့။ ကိုမျိုးသွင် အိမ်ထဲကို ရောက်လာ တော့ မပုန်းရည်ပင် အံ့သြရသည်။ အဖေတို့ အမေတို့ဖို့ မုန့်ဘူးတွေ ဝယ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



မပုန်းရည်အတွက် လက်ဆောင်တွေကလည်း မနည်း။ လက်ပတ်နာရီကလေး တစ်လုံးဝင် ပါသည်။ နာရီအိမ်ပတ်လည်၌ ကျောက်ပွင့်ကလေးတွေ စီထားသော လက်ပတ်နာရီကလေးက တော်တော့်ကို တန်ဖိုးကြီးပုံရသည်။ ကတ်ဘူးအနီကလေးနှင့် ထည့်ထားခြင်းဖြစ်၏။ မိဘတွေက လက်ခံစကားပြောနေတော့ မပုန်းရည်အဖို့ရာ မငြင်းသာ ရှိခဲ့သည်။ ယောကျ်ားသားတစ်ယောက်က ဆိုင်းမဆင့် ဗုံမဆင့် ရောက်လာ၍ လက်ဆောင်တွေ ပေးတာဆိုတော့ မပြေးသော် ကန်ရာရှိခဲ့ပြီ။ ကိုမျိုးသွင်က မိဘနှင့်ပါ ရှေ့မှာပဲ စကားတွေ မနားတမ်း ပြောခဲ့သည်။ ရန်ကုန်ရောက်သခိုက် မပုန်းရည် သွားလိုရာ ပို့ပေးချင်ကြောင်း ခွင့်တောင်းသည်။ မပုန်းရည်က ကိုမျိုးသွင်နှင့် နှစ်ယောက်တည်းသွားမည့် မိန်းမသားမဟုတ်မှန်း သိပါလျက် ခေါ်နေတာကို မကြိုက်ချင်သည်လိုပဲ သွားနေကျ လာနေကျများလားလို့ မိဘတွေထင်မှာ မပုန်းရည် နိုးရိမ်သည်။

"ကိုမျိုးသွင် ရန်ကုန်ရောက်နေတာ ကြာပြီလား…လိပ်စာ ဘယ်သူပေးလိုက်တာလဲ…"

"ဆရာမ ဒေါ်မြင့်မြင့်စိန်က ပေးလိုက်တာ ဆရာမရေ…ကျွန်တော်ရောက်တာ တစ်ပတ်လောက်ရှိပြီ…အလုပ်ကိစ္စလေးတွေ လက်စသတ်နေတာနဲ့ မလာနိုင်တာပါ…ဆရာမ မိဘတွေလည်း တွေ့ချင်တာနဲ့…"

"လာရပါတယ် ကိုမျိုးသွင်ရယ်…ရောက်တဲ့အခါ ဝင်ပေါ့…အဖေနဲ့အမေ ခင်တတ်ပါတယ်…ကျွန်မလည်း ဆွေတွေမျိုးတွေဆီတောင် မရောက်ရသေးပါဘူး…ထမင်းစားသွားပါလားရှင့်…"

"နေပါစေ ဆရာမ…ကျွန်တော်က ကျွေးချင်တာပါ…ဦးတို့ ဒေါ်ဒေါ်တို့ကိုလည်း ကျွန်တော် ခွင့်တောင်းပါတယ်…ကျွန်တော်ပဲ ပြန်ပို့မှာပါဗျာ…"

စကားတွေ တော်တော်ပြောပြီးတော့ ကိုမျိုးသွင်က မိဘတွေရှေ့မှာပဲ ခွင့်တောင်းနေခဲ့သည်။ မပုန်းရည်က ထုံးစံအတိုင်း အရုပ်မဆိုးအောင် လှလှပပ ငြင်းဆန်သည်။ ကိုမျိုးသွင်ကလည်း ရန်ကုန်မှာ ဆုံကြတုန်း အားခဲထားပုံပေါ်ပါ၏။ ငြင်းလေ ခွတ်ခေါ်လေ။ မပုန်းရည်က သည်လိုအတင့်ရဲလာတာကို မကြိုက်သော်လည်း တစ်ဖက်က ပညာတတ် အရာရှိတစ်ယောက် ဖြစ်နေသည်။ သူ့အကူအညီတွေ ရွာအပေါ်မှာရော မပုန်းရည်အပေါ်မှာပါ ရှိခဲ့တာလည်း အမှန်ပင်။ ပြီးတော့ ကိုမျိုးသွင်က မွေးရှိနေသူ ဆိုသော်လည်း မဖွယ်မရာ မယဉ်မကျေးမရှိ။ သည်တစ်ခါမှာတော့ မိဘတွေ ရှေ့မှာ ခွင့်တောင်းနေပြီ။



"ကျွန်မ ဘယ်မှသွားစရာ မရှိသေးလို့ပါ ကိုမျိုးသွင်ရယ်…မပြန်ခင်တစ်ရက် ရက်တော့ တွေ့ကြဦးမှာပဲ…ကျွန်မ ခရမ်းသုံးခွဘက် မသွားခင် လာခဲ့ဦးပေါ့…"

"ကောင်းပါပြီဗျာ…လာမယ့် စနေနေ့မနက် ကျွန်တော် လာခဲ့ဦးမယ်…ကျွန်တော့်မိဘတွေနဲ့ပါ တွေ့စေချင်သေးတယ်…ကျွန်တော်က ဆရာမ အကြောင်း ပြောပြထားလို့ တွေ့ချင်နေကြတယ်"

အလို…။ မိဘတွေနဲ့ပါ တွေ့ပေးမယ်ဆိုနေပါရောလား။ မပုန်းရည် ဒေါသစိတ်ကလေး ခွေးခနဲ တက်လာသော်လည်း ပြန်တော့မပြောလိုက်ပါ။ နောက်တော့ ကိုမျိုးသွင်က အဖေတို့ အမေတို့နှင့် စကားတွေပြောကြရင်း သူ့ဘဝ သူ့အကြောင်းတွေပါ ပြောပြနေပါ၏။ အဖေနှင့်အမေကတော့ ခင်မင်သွားကြပုံရသည်။ စကားတွေ အလိုက်သင့်ပြောရင်း လက်ဆုံကျနေလိုက်ကြပုံများ။ ကိုမျိုးသွင်ပြန်တော့ မပုန်းရည်က ခြံဝ ကားလမ်းအထိ လိုက်ပို့လိုက်ပါ၏။ ကိုမျိုးသွင် ကိုယ်ပိုင်ကားထင်ပါရဲ့။ ကားကောင်းမှန်းသိသော်လည်း ဘာကားမှန်းတော့ မပုန်းရည် မသိ။ နောက်ရက်နက်မှာတော့ အမေက စကားစ,လာခြင်းဖြစ်လေသည်။ အမေကပင် ကိုမျိုးသွင် ဘာမည့် စနေနေ့ကျရင် ဈေးဝယ်ရင်း လိုက်သွားလိုက်ပါလို့ ပြောနေပြီ။

"သူငယ်က မျိုးကောင်းရိုးကောင်း ပညာတတ်ပဲသမီးရဲ့…လူယဉ်ကျေး လူလိမ္မာတစ်ယောက်ဆိုတာ စကားပြောကြည့်တာနဲ့ သိသာတယ်…ဈေး ဝယ်ရင်း လိုက်သွားလိုက်ပါ…စောစောပြန်ခဲ့ပေါ့"

မပုန်းရည်ကတော့ ဘာမျှ မပြောဘဲ နှုတ်ဆိတ်နေခဲ့ပါ၏။ ပက်ကျိလို့ အမြဲတမ်း သွားလေရာ အမျှင်တန်းနေမှာထက်စာရင် သည်ကိစ္စ သည်မှာတင် ပြီးစေချင်ပြီ။ နတ်ရေကန်ရွာမှာ တစ်တန်းလန်းလန်း ပါနေမှာထက်စာလျှင် ရန်ကုန်မှာ ကိုမျိုးသွင်နှင့် ကိစ္စဖြတ်လိုက်တာက ပိုကောင်းလိမ့်မည်။ စနေနေ့ ကိုမျိုးသွင် လာခေါ်လျှင် လိုက်မည်။ ပြောစရာရှိတာ ပြောမည်။

"သမီး ကိုမျိုးသွင်ကို ယုံပါတယ်အမေ…မှန်တာပြောရရင် သမီးစိတ်နဲ့ဆို မလိုက်ချင်ဘူး…ဒါပေမဲ့ တစ်ခါတော့ သမီးလိုက်သွားလိုက်ပါ့မယ်…"

"အေးအေး…ငါ့သမီးကိုလည်း အမေက ယုံပါတယ်…အဖေကလည်း ယုံပါတယ်…သမီးအဖေရင်း မောင်သောင်းမြက ဆိုးပေမယ့် သမီးမှာ သွေးဆိုး မပါလို့ ဝမ်းသာရသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



သမီးအဖေအရင်း…။ အဖေအရင်းက သွေးဆိုပေမယ့် သမီးမှာ သွေးဆိုးပါလို့ ဝမ်းသာရတယ် ဆိုသည့်စကားကြောင့် မပုန်းရည် လန့်သွားမိသည်။ သွေးဆိုးဆိုတာ ဘာလဲ။ ဘာကိုပြောတာလဲ။ မပုန်းရည် ဉာဏ်မီသလောက် စဉ်းစားသည်။ လူ့ဝတ်ဝန်းကျင် လူ့အသိုင်းအဝိုင်းက လက်ခံလောက်စရာ မရှိအောင် စိတ်ရောကိုယ်ရော၊ နှုတ်ရော ရုန့်ရင်းကြမ်းတမ်းတာကို သွေးဆိုးတယ်လို့ ခေါ်တာများလား။ သွေးဆိုးရှိသူ ဖခင်ရဲ့သမီးက ဘယ်လိုကြောင့် သွေးကောင်းရတာတဲ့လဲ။ အမေတို့ကတော့ ကိုမျိုးသွင်ကို ယုံကြပုံပေါ်သည်။ ဘာကိုယုံတာလဲ။ ဂိုက်ကောင်းကောင်း၊ ရှိုးကောင်းကောင်း ကားသစ်တစ်စီးနှင့် အိမ်ရှေ့လာရပ်သူ ပညာတတ်တစ်ယောက်မို့ ယုံလိုက်တာလား။ ကိုမျိုးသွင် ပစ္စည်းဥစ္စာ ကြွယ်ဝပုံပေါက်လို့ နေ့ လိုက်သွားချေလို့ သမီးပျိုကို တွန်းထိုးလွှတ်လိုက်တာ မဟုတ်မှန်းတော့ မပုန်းရည် နားလည်ပါ၏။ တစ်ခါတည်းတွေ့၊ တစ်ခါတည်းယုံရလောက်အောင် စည်းရုံးခဲ့သော ကိုမျိုးသွင်ကိုပဲ အံ့သြရမှာလား။ တစ်ခါတည်းတွေ့ တစ်ခါတည်းယုံကြသော မိဘတွေကိုပဲ အံ့သြရမှာလား။

"အမေတို့က လူကဲခတ်တတ်ပါတယ်အေ…သူ့ငယ်က ငွေကြေးချမ်းသာ ပေါက်ပေမယ့် နှိမ့်ချကျိုးနွံ ရှိရှာလို့ အမေတို့က ခွင့်ပြုတာပါ…သမီး ကိုယ်တိုင်က တန်ဖိုးရှိအောင်နေတတ်တဲ့ မိန်းကလေးဆိုတော့ ယုံတာ လည်း ပါပါတယ်"

အမေ့စကား ကြားရတော့လည်း လူကြီးမိဘတို့၏ စိတ်သဘောထား မပုန်းရည် လေးစားရပြန်ပါ၏။ သမီးကို မေတ္တာစကားပြောလိမ့်မယ်လို့ နိမိတ်ဖတ် သော်လည်း သည်သဘောရှိလိမ့်မည်ဆိုတာကိုကော အမေသိနေသလား။ သည်လို စဉ်းစားမိတော့ မပုန်းရည် ရှက်မိသလိုလို။

◻

မပုန်းရည်ထင်သည့်အတိုင်းပင် စနေနေ့က ကိုမျိုးသွင် ဖွင့်ဟလာခဲ့ပါ၏။

ထိုမနက်က ကိုမျိုးသွင် မနက်ကိုးနာရီမထိုးခင်ကလေး ရောက်လာခဲ့သည်။ မပုန်းရည်က ရှစ်နာရီခွဲမှ ရေမိုးချိုးပြီး အဝတ်အစားလဲ၏။ အခါခါမော့ လာပါတော့ မျှော်ပေါ့လေးနာရီ ထင်မှာစိုး၍ ဖြစ်၏။ အဝတ်အစားကိုလည်း သစ်သစ်လွင်လွင် တောက်တောက်ပပကြီးမဟုတ်ဘဲ မနွမ်းမရေကလေးကို ရွေးဝတ်သည်။ တောက်ပလွန်းတာကို မပုန်းရည် မကြိုက်။ မှိန်လွန်းတော့လည်း မကောင်းနိုင်။ သနပ်ခါးပါးပါး လူးကာ မိတ်ကပ်အခြောက်ကလေး ပုတ်သည်။ ကျောလယ်အထိ ရှည်သောဆံပင်ကို



ကျစ်ဆံမြီးတစ်ချောင်း ကျစ်လိုက်သည်။ လက်ကိုင်ပဝါဖြူလေးတစ်ထည် ခါးစွာ ထိုးပြီးသည်နှင့် ပြင်ဆင်ခြင်းကိစ္စ ပြီးပါ၏။ ပိုက်ဆံအိတ်ကလေးထဲ ပိုက်ဆံနည်းနည်း ထည့်ကာ နာရီကလေးကို ပတ်လိုက်သည်။ ကိုမျိုးသွင် ဝယ်ပေးထားသော နာရီ မဟုတ်။ မပုန်းရည်ပတ်နေကျ နာရီဟောင်းကလေးသာ ဖြစ်၏။

ကိုမျိုးသွင်ရောက်လာတော့ အမေ့ကို နှုတ်ဆက်ပြီး ကားပေါ်တက်လိုက် လာခဲ့သည်။ နတ်ရေကန်မှာဆိုလျှင်တော့ ရှာက ဘာတွေများပြောကြလေမလဲ။ ကြာစွယ်သာ မြင်လျှင် မျက်နှာကြီးအိုကာ စူပွပွရှိရော့မည်။ ဒါကို တွေးမိတော့ လည်း ရယ်ချင်သား။ ကိုမျိုးသွင်က မပုန်းရည်လိုက်လာတာကို ဝမ်းသာနေပုံရပါ၏။ ကားထဲမှာ လေအေးစက် တပ်ထားတော့ အေးစိမ့်မွှေးကြိုင်နေသည်။ ကိုမျိုးသွင်က ရွှေတိဂုံဘုရား အရင်ဖူးရအောင်ဆိုလို့ မပုန်းရည် ခေါင်းညိတ်လိုက်ပါ၏။ ဘုရားဖဲ့ သွားသွား၊ ကျောင်းပဲတက်တက် သည်ကနေ့ကတော့ ကိုမျိုးသွင်နှင့် မပုန်းရည် စကား တွေ့ပြောဖြစ်ကြဖို့သာ လိုရင်းမဟုတ်လား။ ရွှေတိဂုံစေတီတော်ကြီး အရှေ့ဘက်မုခ် ရောက်ပြီး ကားကို တစ်နေရာမှာ ရပ်သည်။ မပုန်းရည်ဆင်းတော့မှ ကားတံခါးပိတ် အစ်ဝတ်ပတ်လာပြီး မပုန်းရည်ဘေး လာရပ်သည်။ စောင်းတန်းလှေကားအတိုင်း ဖြည်းဖြည်းတက်လာခဲ့ကြသည်။ မပုန်းရည်ဘဝမှာ ချစ်သူမဟုတ်၊ ရည်းစားမဟုတ် ယောကျ်ားသားတစ်ယောက်နှင့် နှစ်ယောက်တွဲပြီး ဘုရားဖူးရောက်ရတာ သည်တစ်ကြိမ် သာ ပထမဆုံးဖြစ်ပါ၏။

"ကျေးဇူးတင်ပါတယ် မပုန်းရည်…တကယ့်ကိုပါပဲ…မပုန်းရည် ရန်ကုန် ပြန်သွားတော့ ဒေါ်မြင့်မြင့်စိန်ဆီမှာ လိပ်စာတောင်းခဲ့တာပါ…ဒေါ်မြင့်မြင့်စိန် က ချက်ချင်းမပေးပါဘူးဗျာ…ကျွန်တော်က ဖွတ်တောင်းလို့ ပေးတာပါ… စိတ်လည်း ခုမနေနဲ့ဦး…"

ကိုမျိုးသွင်က စောင်းတန်းလှေကားတွေကို ဖြည်းဖြည်းချင်းတက်လာရင်း စကားတွေ ပြောလာခြင်းဖြစ်သည်။ မပုန်းရည်က ခပ်ငွာငွာကလေး လိုက်လာခဲ့သည်။ ကိုမျိုးသွင်က နက်ပြာရောင်မှာ ဒီဇိုင်းကလေးတွေ ဖောက်ထားသော ကျေးတစ်ရာဝှဆိုး နှင့် မီးခိုးရောင်လက်ရှည် လည်ကတုံးနှင့်ဆိုတော့ မြင်နေကျ ဆောင်းဘီတကားကားထက် ကြည့်ကောင်းနေသည်။ လူက လူရည်သန့်၊ အရပ်အမောင်း ကောင်းကောင်းဆိုတော့ မိန်းကလေးတွေ ကျလောက်သည့် ရုပ်ရည်ရှိသည်။ မပုန်းရည် ဝတ်စားလာသတာနှင့် ယှဉ်လိုက်တော့ မပုန်းရည်က မှိန်လွန်းနေသည်။ သည့်အတွက်တော့ မပုန်းရည် ရှောက်ပါ။ တမင်ရွေးဝတ်လာတာ မဟုတ်လား။ ကိုမျိုးသွင် ရှိုးထုတ်လာတာကိုလည်း ကြေသိ သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်မချပါဘူးရှင့်…ကိုမျိုးသွင် မမစိန်တို့အိမ် ရောက်နေတာ ကျွန်မ သိပါတယ်…ကျွန်မက လိပ်စာမပေးချင်တာ မဟုတ်ပါဘူးရှင်…ဘယ်မိတ်ဆွေမဆို လာလည်နိုင်ကြပါတယ်…ကိုမျိုးသွင်တောင် ရောက်လာပြီပဲ"

ဘုရားစောင်းတန်းတစ်လျှောက် ဘုရားဖူးတွေ ဆင်းကြ၊ တက်ကြ စည်ကားလှပါ၏။ ဈေးသည်တွေက နိဗ္ဗာန်ကုန်တွေကို လှပအောင် ခင်းကျင်းထားကြသည်။ ဝယ်သူတွေက ဝယ်ကြလို့၊ ရောင်းသူတွေက ရောင်းကြလို့။ ငယ်ငယ်က အဘိုးလေး ရန်ကုန်ရောက်လာပြီဆိုလျှင် ရွှေတိဂုံဘုရားကြီးကို မြေးအဘိုးနှစ်ယောက် ဖူးနေကျ။ မပုန်းရည်အတွက် စက္ကူကြိမ်းဆေးဆိုး ဆင်ရုပ်၊ မြင်းရုပ်၊ ကျားရုပ်ကလေးတွေ ဝယ်ပေးနေကျ။ အဖိုးနည်း ဝန်ပါဆိုပေသိ မပုန်းရည် မက်စက်ပါသည်။ တစ်ခါတော့ အဘိုးလေးက ဘာစိတ်ကူးရသည်မသိ။ လက်ခေတ်စည်းကလေးတစ်လုံးနှင့် ဂျုတ်တစ်ခု ဝယ်ပေးသည်။ ဂျုတ်ဆိုတာ ပတ္တာငယ်ကလေး ဆက်ထားသော အမှောက်အလှန် သစ်သားခွက်ကလေး ဖြစ်သည်။ အပေါ်မှာ လက်မသွင်းစရာ ကွင်းကလေးတစ်ချက်၊ အောက်မှာ လက်ညှိုးသွင်းစရာ ကွင်းကလေးတစ်ချက် ပါသည်။ လက်လှုပ်တီးတော့ ဂျုတ်ခနဲ ဂျုတ်ခနဲ မြည်သည်။ အဘိုးလေးကတော့ 'ဖျောက်'လို့ မြည်တာ ငါ့မြေးရဲ့ လို့ ပြောဖူးပါ၏။

"စည်းနဲ့ဝါးပေါ့ကွယ်…သည်ကြေးကလေးခတ်တော့ ချွင်…သည်ဂျုတ်ကလေး ခတ်တော့ ဖျောက်…ချွင်ဖျောက်…ချွင်ဖျောက်…စည်းနဲ့ဝါး…စည်းနဲ့ဝါး…"

အဘိုးလေးက နိဗ္ဗာန်ကုန်ရောင်းသည့် ဆိုင်ရှေ့မှာပဲ တီးပြတော့ မပုန်းရည် ရယ်လိုက်ရတာ။ သီချင်းဂီတ ဝါသနာပါအောင်လို့ ငါ့မြေးရဲ့ သီချင်းဂီတက စိတ်နုလုံး နူးညံ့စေတယ်ကွယ့်ဟု ပြောခဲ့ပါသေးသည်။ အဘိုးလေး ဝယ်ပေးကာစကတော့ ချွင်ဖျောက် ချွင်ဖျောက် တီးခဲ့သေးသော်လည်း ဘာသီချင်းမှ မဆိုဖြစ်ခဲ့။ အဘိုးလေး ကိုယ်တိုင်ကလည်း မေ့သွားပုံရပါသည်။ မပုန်းရည်ကတော့ အမှတ်တရ သိမ်းဆည်းထားဖြစ်ခဲ့ပါ၏။ အခုတော့ နတ်ရေကန်မှာ။ မပုန်းရည် သံသေတ္တာလေးထဲမှာ။ မပုန်းရည်က နိဗ္ဗာန်သည်တွေကြားမှာ စည်းနဲ့ဝါး ရှာနေမိသည်။

"မပုန်းရည်…ဘာဝယ်ချင်လို့လဲ…ဝယ်လေ…"

"အပြန်ကျမှပါရှင်…စက္ကူနဲ့လုပ်တဲ့ ကျားရုပ်၊ မြင်းရုပ်၊ ဆင်ရုပ်ကလေးတွေ ဝယ်ချင်လို့…မောင်းကုန်းရောက်ရင် အဘိုးလေးကို လက်ဆောင်ပေးဖို့…"



"စက္ကူ ကျားရုပ် မြင်းရုပ်…ဟုတ်လား…ကလေးမဟုတ်ဗျာ…လူကြီးဖို့သင့်မြတ်တာကလေး ဝယ်ပါ…ကျွန်တော် ကုသိုလ်ယူပါရစေ…"

"စက္ကူရုပ်ကလေးတွေကလည်း အနုပညာပစ္စည်းပဲ ကိုမျိုးသွင်ရဲ့…ကျွန်မ ငယ်ဘဝနဲ့ ဆက်စပ်နေလို့ပါ…သည်အရုပ်ကလေးတွေနဲ့ ကျွန်မ ကြီးခဲ့ရတာပါရှင်…အဘိုးလေးနဲ့ ဘုရားဖူးရင် တစ်နှစ်လာလည်း သည်အရုပ်တွေပဲ…တစ်နှစ်လာလည်း သည်အရုပ်တွေပဲ…"

"ဩော်…ဘာဖြစ်လို့လဲ…ဘာအကြောင်းရှိလို့လဲ မပုန်းရည်…"

"ဘာရှိမှာလဲ ကိုမျိုးသွင်ရယ်…အဘိုးလေးက သူတတ်နိုင်တာ သူဝယ်ပေးတာပေါ့…ကျွန်မကလည်း မက်စက်တော့ ပေးသူအဖို့ရော ယူသူအတွက်ပါ စိတ်ချမ်းသာရတာပေါ့ရှင်…"

ဘုရားရင်ပြင်တော်ပေါ်ရောက်တော့ မပုန်းရည်က ဝယ်လာသည့် ပန်းနှစ်စည်းထဲက တစ်စည်းကို ကိုမျိုးသွင်ကို ခွဲပေးလိုက်သည်။ သပြေပန်းတွေ။ အပေါ်မှာ ဝယ်ကုံးကလေးတွေ ယှက်လို့။ ဝယ်ခဲ့တုန်းကတော့ ကိုမျိုးသွင် မြင်သား။ သူ့အတွက် တစ်စည်းထည့်ဝယ်မှန်းမသိ။ မပုန်းရည်က တစ်စည်းကမ်းပေးတော့ အံ့ဩမိသော ဖြစ်သွားခဲ့သည်။ ကိုမျိုးသွင်က ကြာသပတေးသား၊ မပုန်းရည်ကလည်း ကြာသပတေးသမီး။ ကြာသပတေးဂြိုဟ်တိုင်ရှေ့မှာ နှစ်ယောက်သား ထိုင်ကန်တော့ကြသည်။ ကိုမျိုးသွင်က အရင်ထကာ မပုန်းရည်လက်ထဲက ပန်းစည်းကို ယူသည်။ ပန်းအိုးထဲ ပူးစိုက်သည်။

"သစ္စာပန်းဝယ်ခဲ့ရ ကောင်းသား…"

"သပြေပန်းက အောင်ပန်းပါရှင်…"

"အင်းပါလေ…အောင်နိမိတ် အောင်အတိတ်ပေါ့…"

မပုန်းရည်က ကိုမျိုးသွင်စကားကြောင့် ပြုံးချင်ချင်။ သစ္စာပန်းဝယ်ခဲ့ရ ကောင်းသားဆိုတာကို မပုန်းရည်က စကားအရ ရှောင်လိုက်ခြင်းဖြစ်၏။ သပြေပန်းက အောင်ပန်းဆိုတော့လည်း အောင်နိမိတ်ပေါ့တဲ့။ ရည်းစားစကားများလား။ ဘုရားကို သကျွာရစ် တစ်ပတ်ပတ်ပြီး ပြန်ဆင်းခဲ့ကြသည်။ ကိုမျိုးသွင်က တစ်နေရာမှ ဓာတ်ပုံ ရိုက်ဖို့ ခွင့်တောင်းသော်လည်း မပုန်းရည်က အရိုက်မခံ။ ဒါကို ကိုမျိုးသွင် ကျေနပ်ပုံ သာမရ။ မပုန်းရည်ဓာတ်ပုံကို ယူထားချင်ပုံရသည်။ မပုန်းရည်က ပေါ့ပေါ့ပါးပါး ရှောက်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မရိုက်ပါနဲ့ ကိုမျိုးသွင်ရယ်...လှလည်း မလှဘဲနဲ့...ကျွန်မမှာတောင် ဓာတ်ပုံမရှိဘူး...လိုင်စင်ပုံကလွဲလို့လေ..."

"အမှတ်တရပါဗျာ...ကျွန်တော်က သည်ဓာတ်ပုံနဲ့ လူတကာ လိုက်ကြွား နေမှာမှ မဟုတ်တာ..."

"ကိုမျိုးသွင်မှာ ကြွားစရာ မိန်းကလေးတွေ အများကြီးပါရှင်...ကျွန်မပဲ မဟုတ်ပါဘူး...ဒါတော့ သည်းခံပါရှင်..."

နောက်ထပ်တော့ ကိုမျိုးသွင် မတောင်းဆိုတော့။ ကားဆီ ပြန်လျှောက်ကြသည်။ ကိုမျိုးသွင်က ဆာပြီလားလို့ မေးသည်။ မပုန်းရည်က မဆာသေးတော့ ခေါင်းခါပြလိုက်သည်။ ကိုမျိုးသွင်က ကားကို ကန်တော်ကြီးဘက် မောင်းလာခဲ့သည်။ လှပသည့် ရှုခင်းများနှင့်အတူ ကန်တော်ကြီးမှာ အပန်းဖြေကြသူတွေ များသဖြင့်လည်း မပုန်းရည် မငြင်းခဲ့။ သည်နေရာက ဆိတ်ကွယ်ရာမဟုတ်။ ချစ်သူစုံတွဲတွေ၊ ခုံတန်းတွေပေါ်မှာ၊ သစ်ပင်ရိပ်တွေမှာ မြင်နေရသည်။ အအေးဆိုင်အနီးမှာ ကားရပ်သည်။ မျက်နှာချင်းဆိုင် ထိုင်ရင်း အအေးတစ်ခွက်စီ မှာလိုက်ကြသည်။ အအေးဆိုင်ထဲမှာ စားသောက်နေကြသူတွေလည်း မနည်းပါ။ ကိုမျိုးသွင်က အပြင်ကျကျနေရာ ကို ရွေးသည်။ လူများသော်လည်း နှစ်ယောက်စကားတွေကို မကြားနိုင်သည့်နေရာ ဖြစ်သည်။ တစ်ဖက်က ရည်စားစကားပြောမှာကို စောင့်စားနေရတာကပင် ပင်ပန်းသည် ဖြစ်နေမိ၏။ မပုန်းရည်က အအေးကိုသာ ငုံ့သောက်နေလိုက်သည်။ ကိုမျိုးသွင်ဆီက ဘာသံမှ မကြားရ။ တော်တော်ကြီးကြာမှ ပြောလာခဲ့သည်။

"ဦးတို့ ဒေါ်ဒေါ်တို့က တော်တော်ဖော်ရွေတတ်ကြတယ်နော် မပုန်းရည် နားလည်မှုပေးနိုင်ကြလို့ ကျေးဇူးတင်ရပါတယ်ဗျာ...မပုန်းရည်ကိုရော"

ကိုမျိုးသွင်က များသောအားဖြင့် ဆရာမလို့သာ သုံးနှုန်းနေကျ။ သည် တစ်ခေါက်မှာတော့ ထူးထူးခြားခြား မပုန်းရည်လို့ သုံးနှုန်းနေတာ သတိထားမိ၏။ မိဘများရှေ့မှာတုန်းကလည်း ဆရာမလို့ ခေါ်ခဲ့သည်ပင်။ မပုန်းရည်က မိဘများအပေါ် အထင်သေးမှာစိုးသည်။ သူ့အပေါ် အထင်လွဲမှာစိုးသည်။ သဘောလွယ်လွယ်နှင့် ထည့်လိုက်တာမျိုး အဖြစ်မခံချင်သလို သူကလည်း ပေါ့ပေါ့ပါးပါး ထလိုက်လာတာမျိုး မမြင်စေချင်။

"ကိုမျိုးသွင်ကို ယုံကြည်ကြပါတယ်...ကျွန်မလည်း အရှယ်ရောက်ပြီ စဉ်းစားတတ်ပြီ ဆိုတဲ့စိတ်နဲ့ ခွင့်ပြုကြတာပါ...ကျွန်မကိုယ်တိုင်လည်း



လိုက်လာရတာ လိပ်ပြာသန့်ပါတယ်ရှင်...အအေးသောက်ပြီးရင်တော့ ကျွန်မ ပြန်ပါရစေ..."

ကိုမျိုးသွင်က မပုန်းရည်ကို ငေးကြည့်နေ၏။ မှည့်ဦးစ သစ်သီးတစ်လုံးလို သွပသော ကျောင်းဆရာမကလေး။ မျက်လုံးတွေက တောက်စားလှသည်။ နှုတ်ခမ်းဖူးဖူး အလေးက ပွင့်မည့်ဆဲဆဲ နှင်းဆီငုံကလေးလို။ မျက်နှာမသွယ်မဝိုင်းနှင့် မေးရိုးကားကား အလေးက မိန်းမသားတစ်ယောက်၏ ရှိသင့်ရှိထိုက်သော မာနကို လှစ်ပြနေသယောင် ... ခန့်လွန်းလှသည်။ သိမ်းတင်ထားသော ဆံပင်ရှင်းရှင်းအောက်က နဖူးပြေပြေ အလေးနှင့် ပင်ကိုချောကလေးပင်။ ကိုမျိုးသွင် သဘောအကျဆုံးကတော့ မပုန်းရည်၏ ဘ၀ကို ခံနိုင်ရည်ရှိမှုပင် ဖြစ်သည်။

"ကျွန်တော် အထင်မသေးပါဘူး မပုန်းရည်ရယ်...ကျွန်တော် နားလည်ပါတယ်...ကျွန်တော့်ကိုလည်း ယုံပါ...မပုန်းရည်ရဲ့ ဘ၀အခြေအနေကို ဒေါ်မြင့်မြင့်စိန် ပြောပြလို့ ကျွန်တော်သိပြီးသားပါ...ကျွန်တော် မပုန်းရည်ကို သနားတယ်လို့ မသုံးချင်ဘူး...စာနာတယ်လို့တော့ ပြောပါရစေဗျာ..."

မပုန်းရည်က ခေါင်းကိုသာ ငုံ့ထားပါ၏။ ဒါက အပျိုးထင်ပါရဲ့။ မပုန်းရည် ... စကားလွှဲသည်။

"အဖေနဲ့အမေက ကျွန်မရဲ့ ကျေးဇူးရှင်ပါရှင်...ကျွန်မလို အစစအရာရာ ချို့တဲ့တဲ့ ကလေးတစ်ယောက်ကို လူတစ်လုံးသူတစ်လုံးဖြစ်အောင် ပြုစု ပျိုးထောင်ပေးခဲ့တယ်...အဖေတို့အမေတို့မှာ ကျွန်မအရင် မွေးစားသမီး တစ်ယောက် ရှိသေးတယ်...ကျွန်မထက် ငါးနှစ်လောက်ကြီးတယ်...နာမည် က မသန္တာတဲ့...အဖေတို့က ခြစ်ခြစ်ခြုတ်ခြုတ်နဲ့ တက္ကသိုလ်အထိ ပို့ခဲ့ပေ မယ့် အစ်မက ပညာဆုံးခန်းမတိုင်ခဲ့ဘူး...ဒုတိယနှစ်မှာပဲ ချစ်သူနဲ့ လိုက် ပြေးတယ်...အိမ်ထောင်ကျတယ်...ကလေးနှစ်ယောက်ရတယ်...ဒါပေမဲ့ အစ်မက တစ်လျှောက်လုံးလိုလိုပါပဲ...သည်မိုက်ပြစ်ကလေးတစ်ချက် ရှိပေ မယ့် ကျွန်မတို့အားလုံးကို စောင့်ရှောက်ရှာပါတယ်...သူ့ယောက်ျားဘက် က ပထမတော့ သဘောမတူကြဘူးလေ...မြေးဦးလေး ရလာတော့ ဗိုလ်ချုပ် ဈေးသစ်မှာ ဆိုင်ခန်းတစ်ခန်း ငှားပေးတယ်...တူမလေးနှစ်ယောက်ကို ဈေး ဖွင့်ရက်တွေမှာ အိမ်ပို့ထားတာဆိုတော့ ကျွန်မကပဲ ထိန်းရတယ်...ကျွန်မ လက်ပေါ်ကြီးတွေဆိုတော့ ကျွန်မကို ချစ်ကြတယ်...ကျွန်မ မောင်းတုန်းကို ပြန်ရင် တစ်ခါတစ်ခါ လိုက်လိုက်လာကြတယ်...အဘိုးလေးကလည်း သည်

www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေကို ချစ်ရှာပါတယ်…စဉ်းစားကြည့်တော့ ကျွန်မတို့မိသား ကလေးဟာ သွေးရယ်လို့ မတော်ကြသူတွေပဲလေ…”

“အခုကော ကလေးတွေက ဘယ်မှာလဲ…မပုန်းရည်တို့နဲ့ အတူတူပဲလား”

မပုန်းရည်က ချက်ချင်းမဖြေ။ အဝေးကို တစ်ချက်လှမ်းကြည့်လိုက်သည် ကလေးတွေက ဆော့ကစားကြလို့။ လူကြီးတွေက ဝိုင်းဖွဲ့စားသောက်ကြလို့။ ပျော်စ ကောင်းလှသည့် မြင်ကွင်း။ မိသားစုတွေ သိုက်သိုက်ဝန်းဝန်းရှိခြင်းသည် သာယာသေ ဘဝဖြစ်သည်။ မပုန်းရည် တစ်ဖက်ကို လှည့်လိုက်တော့ ရွှေတိဂုံစေတီတော်ကို ဖူးမြ ရသည်။

“ကျွန်မ ဆယ်တန်းဖြေတဲ့နှစ်မှာ အစ်မဆုံးတယ် ကိုမျိုးသွင်…အဲသည်နေ့က အစ်မဆိုင်ကို ကျွန်မ သွားကူတယ်…အစ်မက အိမ်ကို ထမင်းချိုင့်သွား လိုက်ဦးမယ်ဆိုတော့ ဆိုင်မှာ ကျွန်မစောင့်နေခဲ့ရတယ်…အစ်မက တော်တော် နဲ့ ပြန်ရောက်မလာဘူး…ခါတိုင်း မကြာတတ်ဘူးလေ…အဲသည်နေ့က ကြာလိုက်တာလို့ အောက်မေ့မိတယ်…နေ့လယ် နှစ်ချက်ထိုးကာနီးတော့ သတင်းရောက်လာတယ်…အစ်မ ကားပေါ်ကအဆင်း မှုးလဲရာက ဆေး ရောက်နေပြီတဲ့…ချက်ချင်း ဆိုင်ပိတ်ပြီး လိုက်ရတာပေါ့ရှင်…ဆေးရုံရော တော့ သုံးနာရီခွဲလောက်ရှိပြီ…ကျွန်မကိုတွေ့တော့ အစ်မ စကားမပြော နိုင်တော့ပါဘူး…သမီးနှစ်ယောက်ကို မေးထိုးပြပြီး ဆုံးရှာတာပါပဲ”

ထိုရက်တွေကို မပုန်းရည် မမေ့နိုင်ပါ။ သမီးကြီးက ခြောက်နှစ်၊ သမီးငယ်က လေးနှစ်။ ဘဝမှာ အားယူရမည့်အချိန်မှာ မိခင်ပျက်စီးရရှာသူကလေးတွေကို ဖက်ရင်း မပုန်းရည် မျက်ရည်မဆည်နိုင်ခဲ့။ သည့်နောက်တော့ သည်ကလေးနှစ်ယောက်လည်း ဖခင်ရှိရာ ဘိုးအေ ဘွားအေတို့ထံ ရောက်သွားကြတော့သည်။ မပုန်းရည်ကိုယ်တိုင် သတိရတိုင်း သွားခဲ့ရသော်လည်း အမေက နောက်ပိုင်းမှာ သိပ်မလွှတ်ချင်တော့တာ သတိထားမိသည်။ တိမ်းပါးသွားရှာသူ အစ်မကိုယ်တိုင်က သွေးမတော်ရသည့်ကြား မှုဆိုးဖို ခဲအိုရှိရာ သွားသွားနေရတာကို မသင့်တော်တော့မှန်းသိ၍ ဖြစ်သည်။

“မောင်တင်မောင်မောင်က လူရိုးလူဖြောင့်ဆိုတာ သိပါတယ် သမီးရယ် တူမကလေးတွေဆီ သွားတယ်ဆိုပေမယ့် ခဲအိုရှိရာရောက်ရောက်နေတာ ဖြစ်မှာစိုးတယ်…သူတို့မိဘများကလည်း ပစ္စည်းရှိကြသူတွေဆိုတော့ မဟုတ် တန်းတရား ထင်လိုက်ရင် သမီးမှာ ထိခိုက်နိုင်တယ်…”



အမေပြောတော့မှ မပုန်းရည် ဆင်ခြင်မိသည်။ မပုန်းရည် ဆယ်နှစ်သမီး လောက်ကတည်းက တစ်အိမ်တည်းနေ တစ်အိုးတည်းစား၊ အစ်မဖြစ်သူ၏ ခင်ပွန်း ကိုတင်မောင်မောင်ကို အစ်ကိုရင်းတစ်ယောက်လိုပဲ ချစ်ခင်ခဲ့သည်။ ကိုတင်မောင်မောင် ကိုယ်တိုင်ကလည်း မပုန်းရည်တို့ မိသားစုကို မိရင်းဖရင်း နှမရင်းများနှင့်မခြား လုပ်ကိုင် ချွေးကျွေးမွေးခဲ့သူပင်။ သည်စည်း သည်ဘောင်ကို ကျော်စရာအကြောင်းမရှိ။ သို့သော် သည်အချိန်မှာ မပုန်းရည်လည်း အရွယ်ရောက်ပြီမဟုတ်လား။ ခဲအိုမျာ မပုန်းရည်ကို နှမကလေးသဖွယ် ခင်မင်ရှာပေသိ သူ့မိ သူ့ဖ သူ့အသိုင်းအဝိုင်းဘက်က ကြည့်လျှင် သင့်တော်တာလည်း အမှန်ပင်။ မွေးကင်းစ နီတာရဲကလေးကတည်းက အနီးအွေး ကလေးနှင့် ပွေ့ပိုက် ထိန်းကျောင်းခဲ့ရပါသော တူမကလေးနှစ်ယောက်ကိုပင် မပုန်းရည် သံယောဇဉ်ဖြတ်လိုက်ရပါ၏။ သူတို့လာတော့လည်း တွေ့ကြရုံသာ ရှိတော့သည်။

“နောက်တော့ ခဲအိုက အိမ်ထောင်ပြုသလား…”

“ပြုတယ်လေ…သူ့မိဘတွေကပဲ စပ်ဟပ်ပေးစားလိုက်တာပါ…မင်္ဂလာ ဆောင်တုန်းက တစ်ခါတော့ ရောက်ပါတယ်…ကိုတင်မောင်မောင်ကလည်း အမေတို့ အမေတို့ကို အလျဉ်းသင့်သလို ကန်တော့ရှာပါရဲ့…သူအိမ်ထောင် ပြုပြီးတဲ့နောက် အမေတို့က ဘာမှ လက်မခံတော့ဘူး…လိပ်ပြာမသန့်လို့ ထင်ပါရဲ့…”

“လေးစားစရာပါဗျာ…ကြားရတာ စိတ်မကောင်းပါဘူး…အခုကော တူမ တွေကို တွေ့ခွင့်ရရဲ့လား…”

“မတွေ့တာကြာပါပြီ…ခါတိုင်းတော့ ကျွန်မ နွေကျောင်းပိတ်ရက်ဆို အိမ်မှာ လာနေကြတာလေ…တစ်ခါတလေတော့ အဘိုးအဘွားတွေဆီရယ်လို့ လာကြတယ်…ကျွန်မကိုလည်း ချစ်ခင်ကြတုန်းပဲ…ဒါပေမဲ့ ဘဝခြား နေရာ တွေ ခြားကြပြီကောရှင်…အစ်မက ကျွန်မကို မေးထိုးပြီး အပ်သွားခဲ့တာ ဆိုတော့ ကျွန်မက စောင့်ရှောက်ခွင့်ရရင်လည်း စောင့်ရှောက်ဖို့ ဆုံးဖြတ် ထားပြီးသားပါ…အခုတော့ သူတို့ကလေးတွေ ပြည့်ပြည့်စုံစုံ နေကြရတာ ဆိုတော့ ကံကောင်းပါတယ်ရှင်…”

ကိုမျိုးသွင်က မပုန်းရည်မျက်ဝန်းတွေကိုပဲ ကြည့်နေခဲ့သည်။ မျက်ဝန်းအပြည့် စီလက်လာသော မျက်ရည်ကြည်ကြည်ကလေးတွေကြောင့် မျက်လုံးအရောင်တော ပိုတောက်လာပါ၏။ ကြားရသလောက်တော့ ဘဝမလှသည့် မိန်းကလေးဆိုတာထက် မလှသည့်ဘဝထဲက ရုန်းကြွလာသော ရှားစောင်းပြာသာဒ်ပင်တစ်ပင်နှင့်ပင် တူသော

www.burmeseclassic.com

www.burmeseclassic.com



သည်။ မပုန်းရည်ကပဲ လောကစံ အဆိုးလေးပါးကို ခံနိုင်လေရော့သလား။ နတ်ရေကန်မှာတော့ မပုန်းရည်က အပူအပင်တွေ မရှိသည့် ကျောင်းဆရာမကလေး ဖြစ်နေတော့သူ့အမြင်ပင်။ မပုန်းရည်က စကားဆက်ရန် မရှိတော့သလို ငြိမ်နေခဲ့ပါ၏။

"ဘာပဲဖြစ်ဖြစ်ပေါ့ မပုန်းရည်ရယ်...မပုန်းရည်ကို ကျွန်တော် စကားတွေ ပြောချင်တဲ့အထဲမှာ ဒါတွေလည်း ပါပါတယ်...သည်ဘဝ အပူတွေ သည်မှာနဲ့ ငြိမ်းပါစေတော့လို့ပဲ ပြောပါရစေတော့...သည်ရက်တွေ မတိုင်ခင်ကတည်းက ကျွန်တော့်ဆွေမျိုးသားချင်းတွေက ကျွန်တော့်ကို အိမ်ထောင်ပြုဖို့ တိုက်တွန်းကြတယ်...ကျွန်တော့်မှာ ချစ်သူရှိသလားလို့လည်း မေးကြတယ်...ကျွန်တော်က ရည်စူးမိတာတော့ ရှိတယ်...မိန်းကလေးတစ်ယောက်ကို ကျွန်တော် မေတ္တာရှိနေမိတဲ့အကြောင်း ပြောပြတယ်... အားလုံးက ကျွန်တော့်သဘောပါလို့ ပြောကြတယ်...နယ်တွေမှာ အင်ဂျင်နီယာတစ်ယောက်အဖြစ် ရပ်တည်နေတာထက် နိုင်ငံခြားကို သွားစေချင်တာလည်း ပါတာပေါ့ဗျာ...သဘောက ကျွန်တော့်ကို အိမ်ထောင်ပြုပြီး ထွက်စေချင်ကြတယ်...ကျွန်တော့်မှာ ရည်ရွယ်ထားတာ မရှိသေးရင်လည်း သူတို့ပဲ စီမံ နေရာချထားပေးချင်ကြပုံလည်း ပေါ်ပါတယ်...ကျွန်တော်က လူတစ်မျိုး မပုန်းရည်ရဲ့...ပြောပါရစေနော်...ကျွန်တော့်ကို မျှော်လင့်နေကြတဲ့ မိန်းကလေးတွေ ရှိပါတယ်...ဒါပေမဲ့ဗျာ ကျွန်တော်က ကျွန်တော် မေတ္တာရှိမိသူကိုပဲ ဘဝကြင်ဖော်အဖြစ် လက်ထပ်ချင်တယ်"

"ကိုမျိုးသွင်မှာ ခုထိ ချစ်သူရည်းစားမရှိသေးဘူးလို့ ပြောနေတာလားရှင်—မဟုတ်နိုင်တာဘဲ...ရုပ်ချော သဘောကောင်း ပညာတတ်တစ်ယောက်အဖို့ရာ ခဲယဉ်းစရာမဟုတ်တာ ခဲယဉ်းနေတာပါလား..."

မပုန်းရည်က ကိုမျိုးသွင် ပြောလာသည့်စကားအပေါ် နင်းကာ ပြန်ပြောလိုက်ခြင်း ဖြစ်သည်။ ကိုမျိုးသွင် သူ့ဘက်လည်တော့မှာကို သိထားသဖြင့် လမ်းလွှဲလိုက်ခြင်း ဖြစ်ပါ၏။ မိဘဆွေမျိုးတွေက အိမ်ထောင်ရက်သား ချထားချင်ကြမှတော့ လက်ခံလိုက်ရုံပေါ့ ကိုမျိုးသွင်ရယ်။ ဘာကိစ္စများ ကျွန်မကို ဆွဲထည့်ချင်နေတာလဲ။ မပုန်းရည်ရင်ထဲက စကားတွေဖြစ်၏။

"မရှိရပါဘူး မပုန်းရည်ရယ်...ပွင့်ပွင့်လင်းလင်း ပြောပါရစေတော့—ကျွန်တော် မပုန်းရည်ကို မေတ္တာရှိနေတာ အမှန်ပဲ...ရွာကျောင်းကလေးမှာ စတွေ့ကတည်းက ကျွန်တော် စွဲလမ်းနေမိခဲ့တယ်...မပုန်းရည် ရှောင်တာလည်း သိပါရဲ့...ကျွန်တော်ရိုင်းသွားရင်လည်း ခွင့်လွှတ်ပါ...ကျွန်တော် မပုန်းရည်ကို လက်ထပ်ချင်တယ်...မပုန်းရည်က လက်ခံရင် အားလုံးကို ကျွန်တော် ခွင့်တောင်းချင်တယ်...ကျွန်တော့်မှာ အားနည်းချက်ရှိရင်လည်း ပြောပါ မပုန်းရည်..."



သည်တစ်ခါတော့ ကိုမျိုးသွင် နှုတ်ကပဲ ရည်းစားစကား ပြောလာခဲ့ပြီ။ မပုန်းရည် ဒါကိုပဲ ရိုးရိုးသားသား မျှော်လင့်လို့လည်း လိုက်လာခဲ့ခြင်း ဖြစ်သည်။ ရိုးရိုးသားသား မျှော်လင့်သည်ဆိုတာက လက်မခံနိုင်ကြောင်း ရှင်းရှင်းလင်းလင်း သိစေချင်တာကို ဆိုလိုပါ၏။ ကိုမျိုးသွင် ရည်းစားစကား မဆိုခင်ကပင် မပုန်းရည် အထပ်ထပ် စဉ်းစားပြီးသား။ မပုန်းရည်မှာ မပြီးဆုံးသေးသော ရည်ရွယ်ချက်တွေ ရှိနေသေးသည်။ မပုန်းရည် ရည်ရွယ်ချက်ထဲမှာ ဥစ္စာပစ္စည်း ကြွယ်ဝသော မိုးနိုးလောက်သည့် ယောကျ်ားသားတစ်ဦးကို အားကိုးအားထားပြုပြီး ဘဝကို သက်တောင့်သက်သာ နေပျော်သွားမည်ဆိုသည့်စိတ်ကူး မပါတာတော့ သေချာသည်။ အဖေ၊ အမေနှင့် အဘိုးလေးတို့ကို မပုန်းရည် ငဲ့ရပါဦးမည်။ တောကျောင်းဆရာမကလေး ဘဝကို မပုန်းရည် မြတ်နိုးသည်။ မပုန်းရည် ရည်ရွယ်ချက်က များများစားစား ခမ်းခမ်းနားနားတော့ မဟုတ်ပါ။ သူမလို ကျေးလက်တောရွာမှာ ကျားကုတ်ကျားခဲ ပညာသင်ယူနေကြရှာသော မပုန်းရည်ကလေးတွေကို ရှာဖွေစာနာနေချင်သေးတာပဲ ဖြစ်သည်။ မပုန်းရည်အဖို့ရာ ကျောင်းဆရာမကလေး ဖြစ်ရတာကပဲ ဘဝမြင့်လှပါပြီ။ တစ်သက်လုံးလည်း နေပျော်ချင်သည်။

"ပြောပါ မပုန်းရည်...ကျွန်တော် ကြားပါရစေဗျာ...ကျွန်တော် စိတ်ချမ်းသာပါရစေ...မငြင်းစေချင်ဘူးဗျာ...အခု အဖြေမပေးနိုင်ရင်တောင် အချိန်ယူပါ...ရန်ကုန်က မပြန်ခင်တော့ ကျွန်တော့်ကို အဖြေပေးပါလို့ ပြောချင်တယ်"

မပုန်းရည်က ကိုမျိုးသွင်ကို မော့ကြည့်လိုက်သည်။ ကိုမျိုးသွင်ကို မပုန်းရည် မယုံမကြည် မရှိ။ ကိုမျိုးသွင်၏ မေတ္တာကိုလည်း မယုံမကြည် မရှိ။ မိန်းမသားတစ်ဦး အနေဖြင့် ရွေးချယ်ထိုက်သူ ယောကျ်ားသားတစ်ဦးဆိုတာကိုလည်း မပုန်းရည် ရင်ထဲက သိပါ၏။

"ကနေ့ပဲ...အခုပဲ အဖြေပေးလိုက်ပါရစေတော့ ကိုမျိုးသွင်ရယ်...ကျွန်မကို ကိုမျိုးသွင် မေတ္တာရှိနေတယ်ဆိုတာ မမစိန် ပြောပြလို့ ကျွန်မသိတာကြာပါပြီ...ကျွန်မကိုယ်တိုင်ကလည်း အကြိမ်ကြိမ် စဉ်းစားပြီးပါပြီ—ကောက်ကာငင်ကာ ပြောလိုက်လို့ မလေးနက်ဘူး မထင်ပါနဲ့ရှင်...ကျွန်မ ပြောမယ့်စကားကိုသာ ကိုမျိုးသွင် နားလည်ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



ကိုမျိုးသွင်က မပုန်းရည်ကို ငေးလျက်။ မပုန်းရည်ကလည်း ကိုမျိုးသွင်အား တို့အားနား ကြည့်နေခဲ့သည်။ ကိုမျိုးသွင်အသံက တုန်ရီနေသည်။

"ပြောပါ မပုန်းရည်…ကျွန်တော် နားလည်ပေးနိုင်ပါတယ်…ကျွန်တော့် စကားကို နားထောင်ပေးတာကိုပဲ ဝမ်းသာနေရသူပါဗျာ…"

မပုန်းရည်က သက်ပြင်းမှုင်းမှုင်းချရင်း ပြောချင်သည့်စကားကို ပြောလိုက်ရတော့သည်။

"ကျွန်မ…ကျွန်မမှာ ပြောစရာများများတော့ မရှိပါဘူးရှင်…ကျွန်မ ကိုမျိုးသွင်ရဲ့မေတ္တာကို လက်ခံမယ်ဆိုရင်လည်း သည်နေရာမှာပဲ ခေါင်းညိတ်လိုက်မှာပါ…မှန်တာပြောရရင် ကိုမျိုးသွင်ကို ငြင်းစရာလည်း မရှိပါဘူး…ဒါပေမဲ့ ကျွန်မဘက်က မပြီးသေးတဲ့ ဘဝတာဝန်တွေ ရှိနေသေးတယ်…ကျွန်မဟာ ပန်းမပွင့်တဲ့ ပန်းပင်လိုပဲ နေချင်တယ်…သပြေပန်းတွေလိုပေါ့…သပြေညွှန့်ကလေးတွေကို သပြေပန်းခေါ်ကြသလိုပေါ့…ပန်းပွင့်တွေလို ပွင့်ပြီးရော်တာ ကြွေတာမျိုးကို ကျွန်မ မနှစ်သက်ဘူး…ကိုမျိုးသွင် ကျွန်မကို ပန်းတစ်ပွင့်လို မြင်နေရင် မှားလိမ့်မယ်…တကယ်တော့ ကျွန်မဟာ ပန်းလို့ ခေါ်နေကြတဲ့ သပြေညွှန့်ကလေး တစ်ညွှန့်သာရယ်ပါရှင် ချိုးလေ ဆိတ်လေ ဖွဲလေ ဝေလေပေါ့…သပြေပန်းကတော့ အမြဲတမ်း အညွှန့်အငေါက် တက်နေတတ်တာကောရှင့်…"

"သပြေပန်းဆိုတော့လည်း အောင်ပန်းပဲ မဟုတ်လား မပုန်းရည်ရယ် ကျွန်တော်က အဲသလို ရိုးသားဖြူစင်မှုကို နှစ်သက်မြတ်နိုးသူပါ…ကျွန်တော်နဲ့ တစ်ဘဝစာ လက်တွဲရမယ့်သူဟာ ကျွန်တော် အလေးထား မြတ်နိုးရသူတော့ ဖြစ်ရလိမ့်မယ်…သည်အတွက် ကျွန်တော် မပုန်းရည်ကို ချစ်ခွင့်တောင်းခဲ့တာပါ"

မပုန်းရည်က ဘာမှမပြောသေးဘဲ ငြိမ်နေလိုက်သည်။ အအေးဆိုင်က ထလာခဲ့ကြကာ ကန်ပတ်လမ်းအတိုင်း လျှောက်လာခဲ့ကြသည်။ လမ်းက သစ်ရိပ်ကြောင့် အေးမြနေပါ၏။ ဖြတ်သွား ဖြတ်လာသူတွေထဲမှာ မပုန်းရည်ကို သိသူများ ပါလေမလား ကြည့်မိသေးသည်။ ကိုမျိုးသွင်က မျက်နှာမကောင်း။ မပုန်းရည်ကတော့ ပြန်ချင်နေခဲ့သည်။ အဖေနှင့်အမေ မျှော်ကြလေရော့မလား။ သိပ်ကြာလို့တော့ မကောင်းနိုင်။ မပုန်းရည်က စကားစ,မည်ပြင်တော့ ကိုမျိုးသွင်ဆီက အသံထွက်လာခဲ့၏။



"ဘာပဲဖြစ်ဖြစ်ပေါ့ မပုန်းရည်ရယ်…ကျောင်းရက်ရှည်ပိတ်ထားတုန်းမှာ မပုန်းရည် စဉ်းစားပါဦးလေ…ကျွန်တော်လည်း မောင်းကုန်းကို လာပါဦးမယ်…မပြန်ခင်ပေါ့…"

ဒါကိုတော့ မပုန်းရည် ပြတ်ပြတ်သားသား ငြင်းရလိမ့်မည်။ မောင်းကုန်းကိုတော့ လိုက်မလာစေချင်။ အဘိုးလေးလို တောသူတောင်သားတွေက အဖေတို့ အမေတို့လို ခေတ်သဘာဝ နားလည်ကြသူတွေ မဟုတ်။ ပြီးတော့ မပုန်းရည်သဘောထား ပြောပြပြီးပြီ။ နောက်ထပ် သည်ကိစ္စနှင့်ပတ်သက်၍ အခြားပြောစရာမရှိ။ စဉ်းစားစရာ မရှိ။

"မောင်းကုန်းကိုတော့ မလာပါနဲ့…ကျွန်မ တောင်းပန်ပါတယ်…အဘိုးလေးတို့က ကျွန်မကို ကလေးတစ်ယောက်လို မြင်တုန်းပဲ…ကျွန်မမှာ အဲသလို အခြေအနေမျိုး ဖြစ်နေသလားလို့တောင် အထင်မခံချင်ပါဘူး…ကျွန်မ အစပြောခဲ့တဲ့စကားဟာ ကျွန်မရင်ထဲက လေးလေးနက်နက် ပြောခဲ့တဲ့စကားပါ…ကျွန်မမှာ ဘဝတာဝန်တွေ ရှိသေးတယ်…အချစ်နဲ့ ပူလောင်မနေချင်ဘူး…အချစ်နဲ့ ကြည်နူးမနေချင်ဘူး…အဖြူရောင်သက်သက်နဲ့ပဲ ကျွန်မ နေချင်တယ်…ဒါဆို နားလည်ပါတော့ ကိုမျိုးသွင်…"

ကိုမျိုးသွင်က လမ်းလျှောက်ရာက ရပ်လိုက်ပြီး အနီးက နှစ်ယောက်ထိုင်ခုံမှာ ထိုင်ဖို့ပြင်သည်။ မပုန်းရည်က အဲသလိုတော့ မထိုင်ချင်။ ချစ်သူတွေမဟုတ်ဘဲ ဘူးကပ်ကပ် ထိုင်ပြီး စကားပြောရမှာ မလိုအပ်မှုဟု ထင်သည်။ မပုန်းရည်က ကျွန်ရစ်ခဲ့သည်။ ကိုမျိုးသွင်က လှည့်ကြည့်သည်။ မပုန်းရည် ကျန်ရစ်ခဲ့တာကို သဘောပေါက်သွားဟန်တူပါ၏။

"Sorry မပုန်းရည်…ခဏထိုင်ချင်လို့ပါ…ပြန်ကြရအောင်လေ…ကားမောင်းရင်း ပြောကြသေးတာပေါ့…သည်လိုပါ မပုန်းရည်…မပုန်းရည် ဘာကိုကြောက်နေတယ်ဆိုတာ ကျွန်တော် သိထားပြီးသားပါ…မပုန်းရည် မိဘတွေ ဖြစ်ခဲ့တာနဲ့ပဲ တလောကလုံး သည်လိုချည်း ဖြစ်ရမယ်လို့ စိတ်ထဲ စွဲနေတာကတော့ သိပ်ကို ယေဘုယျ ဆန်လွန်းပါတယ်ဗျာ…ကျွန်တော့် အသိုင်းအဝိုင်းထဲ မဝင်ဆံ့ချင်တော့လည်း နှစ်ယောက် တစ်ဘဝပေါ့…တကယ်တမ်း အဓိပ္ပာယ်ရှိတာက ကျွန်တော်တို့နှစ်ယောက်ပါ…"

မပုန်းရည်က ခေါင်းခါသည်။

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ပါဘူးရှင် စိတ်ကူးမယဉ်ချင်ပါနဲ့...ကျွန်မကို အတိတ်ရဲ့ ခြောက်လှန့်မှုခံနေရတဲ့ မိန်းမသားလို့ မမြင်စေချင်ဘူး...ကျွန်မ အဲသလောက်အေးမည့်ပါဘူး...ကျွန်မပြောပါရစေတော့...ကျွန်မ သည်တစ်သက် အိမ်ထောင်ပြုဖြစ်မယ် မဟုတ်တော့ပါဘူး"

ကိုမျိုးသွင်က ရယ်လိုက်သည်။ မိန်းမတွေက သည်လိုပဲ ပြောကြတာပါဗျာ ဆိုသည့် အရယ်မျိုးလားဆိုတာတော့ မပုန်းရည်မသိ။ ထိုရယ်သံကိုပဲ မပုန်းရည် ခံပြင်းမိသည်။ လက်ခံခြင်းနှင့် လက်မခံခြင်းသည် နံရံပါးပါးကလေးဆိုသော်လည်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည့် သဘောရှိမှန်း ကိုမျိုးသွင် မသိရှာလေလား။ ချစ်ခွင့်တောင်းတာနဲ့ပဲ ချစ်ရရောလား။ ငြင်းပယ်ပြီဆိုမှတော့ သိက္ခာရှိရှိ နောက်ဆုတ်သွားတာမျိုးကို မပုန်းရည် လေးစားသည်။

"ကျွန်မက လက်မခံတော့လည်း ကိုမျိုးသွင် အိမ်ထောင်ပြုရမယ့်ကိစ္စရှိနေပြီပဲရှင်...လူကြီးတွေစီမံတာကို လက်ခံလိုက်စေချင်ပါတယ်...ကျွန်မကို တစ်ယူသန်တယ်ပဲဆိုဆို...ကျွန်မ ကိုမျိုးသွင်ကို ရင်နဲ့အမျှ လေးနက်တဲ့စကား ပြောနေတယ်ဆိုတာတော့ ယုံစေချင်တယ်...ဒါပါပဲ ကိုမျိုးသွင်ကျွန်မ နောက်ထပ် စကားမရှိတော့ပါဘူး..."

"ကျွန်တော့်ကို အိမ်ထောင်ပြုစေချင်တာ မှန်ပါတယ်...မပုန်းရည်ကို ချစ်ခွင့်တောင်းနေတာက မရတော့လည်းအရင်း ရတော့လည်းအမြတ် ဆိုတဲ့သဘော မပါပါဘူးဗျာ...ဒါတော့ ကျွန်တော် သစ္စာဆိုဝံ့ပါတယ် မပုန်းရည် စဉ်းစားပါဦးလေ..."

မပုန်းရည်က ခေါင်းခါလိုက်သည်။ မျက်ရည်တွေ အုလာခဲ့သည်။ မငိုအောင် ထိန်းထားရပါ၏။ ခပ်လှမ်းလှမ်းမှာ ရပ်ထားခဲ့သည့် ကားကို မြင်နေရပြီ။

"ကျွန်မ ယုံကြည်ပါတယ် ကိုမျိုးသွင်ရယ်...ကျွန်မက ဘယ်သူ့ကိုမဆို စိတ်ချမ်းသာစေချင်သူပါ...စိတ်မကောင်းဖြစ်ရတာလည်း အမှန်ပါ...ဒါခံစားမှုပေါ့လေ...ဒါပေသိ ကျွန်မခံစားမှုက သပ်သပ်၊ ကျွန်မဆုံးဖြတ်ချက်က သပ်သပ်ပါ...ကျွန်မဆုံးဖြတ်ချက်ကို ကျွန်မကိုယ်တိုင် အံ့ဩမိတယ် ဆိုရင်တောင် မှသား မပါပါဘူး......ကျွန်မ ကိုမျိုးသွင်ကို အစ်ကိုရင်းတစ်ယောက်လို ချစ်ခင်ပါရစေတော့...ကျွန်မကိုလည်း နှမရင်းတစ်ယောက်လို စောင့်ရှောက်ပါရှင်..."



ကားဆီရောက်သည်အထိ စကားမပြောဖြစ်ကြတော့။ လမ်းမှာ ကိုမျိုးသွင်က တခြားအကြောင်းအရာတွေကိုသာ ပြောလာခဲ့သည်။ မပုန်းရည်၏ ငြင်းပယ်ခြင်းကို လက်ခံလိုက်တဲ့သဘောများလား။ ဒါဆိုရင် ကောင်းပါလေ့။ အိမ်ရောက်တော့ အမေနှင့် ခဏနှုတ်ဆက်ပြီး ပြန်သွားခဲ့သည်။ မပုန်းရည်က ကားနားအထိ လိုက်ပို့နှုတ်ဆက်ခဲ့ပါ၏။ ကိုမျိုးသွင်က ကားထွက်ကာနီး ခနဲ့သွားသေးသည်။

"အိမ်ထောင်ပြုဖြစ်ပြီဆိုရင်တော့ ဖိတ်ပါဦး မပုန်းရည်...ကျွန်တော် ရောက်အောင်လာခဲ့ပါ့မယ်..."

"မြေးကလေးလက်ဆွဲပြီး လာခဲ့ပါဦး ကိုမျိုးသွင်ရယ်...ကျွန်မ အိမ်ထောင်ပြုဖြစ်ရင်ပေါ့လေ..."

မပုန်းရည် ပေါ့ပါးလွတ်လပ်သွားသလို ခံစားလိုက်ရသည်။ သည်အကြောင်းအမှုကိုတော့ ပြောပြရပါဦးမည်။

□

မောင်းကုန်း...။

မောင်းကုန်းကို သည်တစ်ခေါက် ရောက်လာတော့ မပုန်းရည်မှာ ဝမ်းသာဝမ်းနည်း ဖြစ်ရပါ၏။ ဝမ်းသာတာက သည်နှစ် ရွာမှာ စပါးတော်တော်ရကြသည်။ ...ကလည်း မဆိုးတော့ လယ်စိုက်သူတွေ တွက်သားကိုက်သည်။ ရွာမှာ သည်နှစ် ...ည်အလှူကာပင် လေးငါးပွဲရှိသည်။ ရွာက ငွေစုကာ ဆင်းရဲသည့်ကလေးတွေကို ...ပြုပေးကြရမည့်ပွဲလည်း ရှိသေး၏။ ကြားရတာနှင့်ပင် ဝမ်းသာစရာ။ ဝမ်းနည်းတာ ...တော့ အဘိုးလေး၏ ကျန်းမာရေးပင်။ အဘိုးလေးက သည်နှစ်မှာ အတော်ကျ...ခဲ့သည်။ နေမကောင်း ထိုင်မသာ များလာခဲ့သည်။ မပုန်းရည်ထံ ရောက်လာသည့် ...ပါးပါး စာတွေထဲမှာတော့ အဘိုးလေး နေကောင်းကြောင်းသာ ပါသည်။ ...န်းရည် ရောက်လာတော့မှ အဖြစ်မှန်ကို သိရခြင်းပင်။

"အဘိုးလေး...နေမကောင်းတာကို မကောင်းဘူး ရေးရောပေါ့...နေကောင်းတယ်ဆိုတော့ စိတ်ချမ်းသာနေတာ... နောက်ဆို အမှန်အတိုင်းရေးပါ အဘိုးလေးရဲ့..."

မပုန်းရည်စကားကြောင့် အဘိုးလေးက ပြုံးသည်။ အဘိုးလေးတို့ လယ်...။ စပါးတွေရတော့ စီးပွားရေးအားဖြင့် သည်နှစ် မဆိုးဟုဆို၏။ အဘိုးလေး ...ယ်တိုင် လယ်မဆင်းနိုင်တော့ သူရင်းငှားသဘော ငှားရသည်။ ရပ်ရွာကလည်း ...ကြသည်။ မပုန်းရည်က အဘိုးလေး လက်ကလေးတွေကို ကိုင်ကြည့်သည်။ အဘိုးလေး ပိန်သွားလိုက်တာ။ အသက်ကလည်း ရပြီကောလေ။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့မြေး စိတ်ချမ်းသာအောင် မရေးတာပေါ့…နေမကောင်းဘူးဆိုရင် ခြေးလာမှာသိလို့ အဘိုးလေးက မရေးတာ…အာဂန္တုရောဂါတွေပါ ပျောက်လိုက် ဖြစ်လိုက်ပေါ့ကွယ်…အသက်များ ကြီးလာရင် တစ်ခုမပျောက် တစ်ခု ဖောက်တာပဲ…"

မပုန်းရည် ရောက်လာတော့ အဘိုးလေး ပျော်ပုံရပါ၏။ လူမမာကြီးနှင့် တခြေခြေ မဟုတ်တော့ဘဲ သွက်လက်နေသည်။ စကားတွေကလည်း ပြောလိုက်တာ နတ်ရေကန်ရွာအကြောင်း၊ ရပ်အကြောင်းတွေကို မေးသည်။ မပုန်းရည် နေရထိုင်ရ တာတွေကို မေးသည်။ စားရ သောက်ရတာတွေ မေးသည်။ ဒါတွေက မပုန်းရည် ရေးပို့သည့် စာတွေထဲမှာ ပါပြီးသားပင်။ မပုန်းရည်ကိုယ်တိုင် ပြောတာကို ကြားချင် ပုံရ၏။

"အဆင်ပြေပါတယ် အဘိုးလေးရယ်…မပူပါနဲ့…ရွာက အရိပ်တကြည့် ကြည့် ထားတာပါ…ဆရာတော်ကြီးကလည်း စောင့်ရှောက်တော်မူ တယ်…ဘိုးကြီး ဘွားကြီးတို့ဆိုတာတော့ မပြောပါနဲ့တော့…"

"ရွာထမင်းစားရပြီဆိုတော့ ဝတ်ကျေတန်းကျေ မဖြစ်စေနဲ့ကွယ်…ထမင်း ကျေးဇူးပါဆပ်…ရွာက ချစ်ခင်အောင်နေ…ရွာကိစ္စတွေမှာ ငါ့မြေး လုပ် ပေးနိုင်သလောက် ပါပါစေ…"

"ဟုတ်ကဲ့ပါ အဘိုးလေး…"

မောင်းကုန်းကို ရောက်ပြန်တော့ ငယ်ဘဝတွေကို လွမ်းရပါ၏။ အခန်း မှဲ့ရွှေရည်ကို အောက်မေ့ရပါ၏။ မပုန်းရည် ကျောင်းတက်ခဲ့သော ရွာမူလတန်း ကျောင်းကလေးကိုလည်း ရောက်သည်။ မပုန်းရည် ငယ်ငယ်ကလို မြေစိုက်ကျောင်း ကလေး မဟုတ်တော့ဘဲ အုတ်ခင်း သွပ်မိုးဖြစ်နေပြီ။ သည်ကျောင်းထဲမှာ မပုန်းရည် ကလေးတွေ ဘယ်နှယောက်လောက် ရှိလေမလဲ။ ပညာသင်ရမည့်အရွယ်မှာ နွားကျောင်း ကွက်ထဲများ ရောက်နေကြလေမလား။ ပညာတတ်ကြီးဖြစ်ဖို့ထက် ပညာတတ်ကလေး တွေ ဖြစ်ဖို့က ပိုအရေးကြီးမှန်း မပုန်းရည် ရင်နှင့်နားလည်သည်။ မပုန်းရည်နှင့် ဇယ်တောက်ဖက် ဖန်ခုန်ဖက် ငယ်သူငယ်ချင်းမတွေကို လိုက်နှုတ်ဆက်သည်။ ရွယ်တူ တွေထဲက အိမ်ထောင်ကျသူတွေ များပြီ။ ကလေးတွဲလောင်း သားတွဲလောင်း တောင်သူမကြီးတွေ ဖြစ်တဲ့သူကဖြစ်၊ ကောက်စိုက်သမတွေ ဖြစ်တဲ့သူကဖြစ်။ တချို့က မောင်းကုန်းမှာ အခြေကျကြသော်လည်း တချို့က သျှောင်နောက် ဆံထုံးပါသွားကြ လို့ မတွေ့ခဲ့ရ။



"ပုန်းရည်မ…ကျောင်းဆရာမဖြစ်မှ လှချက်တော့…မန္တလေးဆို အဝေးကြီး လား…မန္တလေးသား လူချောတစ်ယောက်လောက် ရွာကောက်လာခဲ့စမ်း အေ…"

မပုန်းရည်က သည်လို စ,ကြတိုင်း ငါက တောသားယူမှာအေ့လို့ ပြန်ပြော ဘတ်သည်။

"တောသားတော့ ဘယ်နှားကောက်ကောက်ပါအေ…မြို့သားယူမှ မြို့မှာ နေရမှာပေါ့အေ့…ငါတို့များ မြို့သားက မကြိုက်လို့ပါတော်…ကြိုက်များ ကြိုက်လို့ကတော့ လိုက်ပါရစေ ရွှေနွယ်ရိုးရယ်ထဲကပဲ…"

အပျိုကြီး မမိသန်းစကားကြောင့် မပုန်းရည် ရယ်မိသေးသည်။ မြို့သားဆို ဆော့လည်း ကိုမျိုးသွင်က ခေါင်းထဲရောက်လာသည်။ ရန်ကုန်မှာ နေခဲ့သည့်ရက်တွေ အ မေတ္တာစကား ဆိုခဲ့တာကိုလည်း သတိရသည်။ မပုန်းရည်ကို စိတ်များခုသွား လေသလား။ ခုလျှင်လည်း ခုစေတော့။ မပုန်းရည် ဆိုစရာရှိတာ ဆိုခဲ့ပြီ။

မောင်းကုန်းရက်တွေကတော့ ရွာထဲ လည်လိုက်၊ အဘိုးကလေးကို ပြုစုလိုက် နှင့် မပုန်းရည်အဖို့ အပျော်ရဆုံးရက်တွေပင်။ အဘိုးလေးကြိုက်တတ်သည့် ဟင်းကလေး တွေ ချက်ကျွေးသည်။ အဘိုးလေးက ပုစွန်ပေါက်ကလေးတွေနှင့် ကင်းပုံသီး ဆီပြန် ချက် ကြိုက်သည်။ အညာသားမဟုတ်ပါဘဲနှင့် ပဲဟင်းကြိုက်သည်။ မပုန်းရည်က သယ်စပ်မှာ ပေါက်နေသော ကန်စွန်းညွန့် သန်သန်ကြီးတွေကို ကောက်ရိုးမှိုနှင့် ကြော်သည်။ ငါးပိလိမ္မော်ချက်ကလေး ချက်သည်။ ခြံထွက်သီးနှံတွေကို ဟင်းတစ်ခွယ် ဖြစ်အောင် စီစဉ်ကာ အဘိုးလေးကို ဝင်အောင်ကျွေးသည်။ အဘိုးလေးက မပုန်းရည် ချက်သည့်ဟင်းတွေကို ကြိုက်ရှာသည်။

"ငါ့မြေး အဘိုးလေးအနားမှာ ရှိစေချင်လိုက်တာအေ…ငါ့မြေးလက်ရာများ စားရရင် အသက်ရှည်မှာကွယ့်…"

အဘိုးလေးစကားကြောင့် မပုန်းရည် စိတ်မကောင်းဖြစ်ရပါ၏။ အဘိုးလေး အသက်ရှည်ဖို့ မပုန်းရည် အဘိုးလေးအနားမှာ ရှိမှဖြစ်မှာပေါ့။ နတ်ရေကန်မှာ မပုန်းရည် လုပ်သက်ကလေးလည်း ရပြီ။ သည်နှစ်တော့ အပြောင်းအရွှေ့လျှောက်လွှာ တင်ရမည်။ မြို့နယ်ပညာရေးမှူးနှင့် သွားတွေ့ပြီး အကျိုးအကြောင်းလည်း ပြောပြ ရပါမည်။ မပုန်းရည်က သည်အကြောင်းတွေ ပြောပြတော့ အဘိုးလေးက ပါးတစ်လေး ချိုင့်ဝင်အောင် ပြုံးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်းကုန်းရွာကျောင်းကို ပြောင်းလို့ရသလား ငါ့မြေး…"

"မောင်းကုန်းမှာ ဆရာနေရာ လစ်လပ်ရင်တော့ ရမှာပေါ့ အဘိုးလေးရယ်-သည်ဘက်နယ်ထဲ ဘယ်နေရာကျကျ အဘိုးလေးနဲ့ အတူနေလို့ရပါပြီ-"

"အေးပေါ့ကွယ်…မောင်းကုန်းကျောင်းရရင်တော့ ကိုယ့်ရွာကိုယ် ကျေးဇူးဆပ်နိုင်တာပေါ့…"

သည်တော့လည်း အဘိုးလေးစေတနာကို လေးစားရပါ၏။ မပုန်းရည် မပြန်ခင်ရက်အတွင်း ရွာအလှူတွေမှာ ပါခဲ့ရသည်။ တန်ခူး၊ ကဆုန်ဆိုတော့-အောက်ပြည်မှာ မိုးရိပ်တွေ ညိုပြီ။ မိုးသံ အုန်းအုန်း ကြောသံ ဖြုန်းဖြုန်း။

မောင်းကုန်းမှာ ရက်ကလေး ရလာတော့ ကျောင်းဖွင့်ရက်ကို မပုန်းရည် တွက်ရပြီ။ သည်က ပြန်မှာနှင့်။ ရန်ကုန်ကို ဝင်ရဦးမှာနှင့်။ ရန်ကုန်က မန္တလေးကူးရဦးမှာနှင့်။ မန္တလေးက မတ္တရာ၊ မတ္တရာက နတ်ရေကန်။ မပိုင်းချစ်တို့ မကြင်ဝင်းတို့နှင့်လည်း တိုင်ပင်ရဦးမည်။ ကိုကြာစွယ်ကြီးကတော့ ဘူတာရုံမှာ လာကြိုဖို့သေချာသည်။ ရန်ကုန်ရောက်လျှင် မတ္တရာကတစ်ဆင့် နတ်ရေကန်ဆီ ပြန်လာမည့်ရက်စာရေးရဦးမည်။ နတ်ရေကန်ကို ပြန်ရတော့မှာပါလား။

တစ်ရက်မှာတော့ မပုန်းရည် မထင်မှတ်သော ဧည့်သည်တစ်ယောက် အဘိုးလေးအိမ်ပေါက် ရောက်လာခဲ့လေသည်။

◆

(၂၂)

မန္တလေး မတ္တရာရထား ကံဘဲ့ဘူတာ ညောင်ပင်ကြီးအောက် ဝင်ခဲ့တော့ မပုန်းရည် ဝမ်းသာသွားရသည်။ ကိုကြာစွယ်နှင့် မောင်စံအေးတို့နှစ်ယောက်က ရထားဆင်းမှာ တွဲတွေကို လိုက်ကြည့်နေတာကို မြင်လိုက်ရ၍ဖြစ်၏။ မပုန်းရည် ပို့လိုက်သည့်စာ ရောက်သားပဲ။ မတ္တရာမြို့နယ်ပညာရေးမှူးရုံးကတစ်ဆင့် လိပ်မူတာ နတ်ရေကန်ရွာကို ပို့လိုက်ခြင်းဖြစ်သည်။ လာကြိုရမည့်ရက်ကို အင်္ဂလိပ်ရက်စွဲရော မြန်မာရက်စွဲပါ ထည့်ရေးပေးလိုက်ရခြင်း ဖြစ်ပါ၏။ မပုန်းရည်ကို လှမ်းမြင်လိုက်ကြတော့ ပြေးလာကြသည်။ မောင်စံအေးက တွဲပေါ်တက်ပြီး အထုပ်တွေ ပြတင်းပေါက်က ချပေးတာကို ကိုကြာစွယ်က အပြင်က လှမ်းယူခြင်းဖြစ်သည်။ မပုန်းရည်တို့ လက်ကိုင်အိတ်နှင့် မုန့်ထုပ်ကို ပွေ့ကာ ရထားပေါ်ကနေ ကသောကမျော ဆင်းရပါ၏။ ဘူတာဆိုသော်လည်း ရထားကြီးက ကုန်အတင်အချမရှိလျှင် တစ်မိနစ်သာ ရပ်နားပေးတာ မဟုတ်လား။ အထုပ်တွေစုံရဲ့လား စစ်ရသေးသည်။ ရွာအတွက် လက်ဆောင်တွေ ဝယ်လာခဲ့သေးသည်။ အောက်ပြည်အောက်ရွာက လက်ဆောင်ဆိုတော့ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်တွေ။ အဘိုးလေးက ဆရာတော့်အတွက် ငါးရံ့ခြောက်ပြားကြီးတွေ လှူလိုက်တာ ပါသေးသည်။ ဘိုးကြီး ဘွားကြီးတို့အတွက်။ ဆေးပန်းဆီအတွက်၊ ကိုကြာစွယ့်အတွက်၊ မကြာဉအတွက်၊ မစိန်အတွက်၊ ဆရာကြီးအတွက်၊ မကေးတို့ အပျိုကြီးတစ်သိုက်အတွက် စသည်ဖြင့် သင့်လျော်ရာ လေးတွေလည်း ပါရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြာစွယ်ကြီး...ဘိုးကြီးတို့ ဘွားကြီးတို့ နေကောင်းကြရဲ့လား— စိတ်ရောက်ပါတယ်ရှင်...ကျေးဇူးရှင်တွေကို ညတိုင်း ဆုတောင်းမေတ္တာ ပို့လျက်ပါ"

"ကောင်းပါ့ဗျာ...အမေတို့က ဆရာမကို မျှော်နေကြတာဗျ...သတိရလို့ တဲ့...ဆရာမ ရန်ကုန်ပြန်သွားတာ ရက်ပေါင်း ရှစ်ဆယ်ကျော်တယ်"

"ကိုကြာစွယ်က အတိအကျပါလား...ဘယ်လိုများ မှတ်ထားတာပါလိမ့်"

"ပြက္ခဒိန်မှာ ခဲတံနဲ့ ခြစ်တာပေါ့ဗျာ...ကျုပ်တို့ရွာက လေးတန်း တန်းလုံး ကျွတ်အောင်တာဗျ...ကျုပ်က ဆရာမ ပြောချင်လွန်းလို့ မျှော်နေတာ—"

"လူကို သတိရလို့ မဟုတ်ဘူးပေါ့...မောင်စံအေးရယ် မင်းဦးလေး ဆရာမကို သတိမရလောက်ပါဘူး...ဆရာမကတော့ မေတ္တာတွေ ပို့လိုက် ရတာ..."

ကိုကြာစွယ်က မပုန်းရည်ကို မျက်နှာစူပွပွကြီးနှင့် ကြည့်နေတာပဲရှိသည်။ မပုန်းရည်စကားကို ဘာပြန်ပြောရမှန်းမသိ။ မောင်စံအေးက အထုပ်တွေ ကျုံးမော ခပ်လှမ်းလှမ်းမှာရပ်ထားသည့် လှည်းပေါ်သွားတင်သည်။ မောင်စံအေးကပဲ လှည်းမောင်း သည်။ ကိုကြာစွယ်က ခြေထောက်တွဲလွဲချကာ လှည်းနောက်ပြန်စီး၏။ မပုန်းရည်က အလယ်မှာ ပုံ့ပုံ့ကလေး။ ဝန်စည်စလယ်တွေကလည်း များသား။ မပုန်းရည်က ကိုကြာစွယ် မထုံတက်သေးလုပ်နေတာကို စချင်သဖြင့် စကားပြန်ကောက်သည်။

"ကျွန်မကို ရွာက သတိရကြတာ သိပါတယ်ရှင်...ကိုကြာစွယ်က လွဲလို့ ပေါ့..."

"ဟာ...ကျုပ်လည်း ဘာထူးမှာတုံး...သတိမရဘဲလား...မတ္တရာက စာသင် ကျောင်းက ဆရာလေး မောင်တက်လူ ယူလာကတည်းက မျှော်ကြတာပါ ဗျာ...ရွာက ကလေးတွေ အကုန်အောင်လို့ ဆရာမကို ကျေးဇူးတင်လိုက် ကြတာမှ...ကလေးမိဘတွေက ကန်တော့ကြဦးမှာတဲ့"

"ကျွန်မတစ်ယောက်တည်းကြောင့် မဟုတ်ပါဘူးရှင်...အားလုံး ဝိုင်းကြ ဝန်းကြလို့ အောင်မြင်ခဲ့တာပါ...ကျွန်မတို့ နတ်ရေကန်ရွာက စတုတ္ထတန်း အစိုးရစစ်ကို တန်းလုံးကျွတ်အောင်တာ မန္တလေးမှာကတည်းက ဆရာမ တွေနဲ့တွေ့လို့ ကျွန်မ ကြားခဲ့ပါတယ်...ကလေးတွေ အတန်းဆက်တက်ဖို့ လုံးပန်းရဦးမှာပါရှင်..."



"တက်တဲ့ကလေး တက်ကြမှာပါ...ကျုပ်နဲ့ လေးပန်းဆီ လိုက်ပြီးပေါ့ဟာ... မတက်နိုင်တဲ့ကလေး ကျုပ်ထားပေးမဗျာလို့ ပြောထားတယ်...အဲဒါမှ မထားချင် နေကြပေါ့..."

မပုန်းရည် ပြုံးရပါ၏။ ကိုကြာစွယ်က ရင်ထဲရှိတာ ပြောတတ်သူဆိုတော့ စကားမလှသော်လည်း စေတနာလှသူ ဖြစ်သည်။ ကလေးတွေ ကျောင်းမနေနိုင်ကြရင် ထားမယ်ဆိုတာကလည်း အမှန်ပင်ဖြစ်ပါ၏။ ရွာအတွက် ကျောင်းအတွက်ဆိုလျှင် အမြဲတမ်း ရှေ့တန်းက ပါနေကျမဟုတ်လား။ သူကိုယ်တိုင်က စာမတတ်သော်လည်း ပညာရေးကို စိတ်ဝင်စားရှာသည်။ သူလည်း စာတတ်ရမှာပေါ့။ အနည်းဆုံး ရေးတတ် ဖတ်တတ်ရမှာပေါ့။ သည်နှစ်တော့ ကိုကြာစွယ်ကြီးကို စာသင်ပေးရမည်။ မပုန်းရည်က စကားထည့်ချင်တော့ စကားနာထိုးရပါ၏။

"ရန်ကုန်မှာ ကျွန်မလည်း စာမျှော်တာပါပဲရှင်...ရွာက စာတစ်စောင်တလေ များ ရောက်လာလေမလားလို့ပေါ့...ကိုကြာစွယ်ကလည်း မရေးဘူး... အကျိုးအကြောင်း အဆိုးအကောင်း ဘာမှ မသိရဘူး..."

"စာရေး၊ စာရေးနဲ့ လွယ်မှတ်လို့ ဆရာမရာ...ဘယ်သူက ရေးမှာတုံး... ရွာမှာစာထည့်ဖြစ်တာမှတ်လို့...မတ္တရာသွားထည့်ရမှာနဲ့ ဘာနဲ့...ဘယ်သူမှ ခေါင်းထဲ မရှိဘူး...ပြီးတော့ ဘာရေးရမှာတုံး...ဟုတ်ဘူးလား..."

"ဩော်...မာကြောင်းသာကြောင်း သတိရကြောင်းတွေပေါ့ ကိုကြာစွယ်ရဲ့... ဘယ်သူမရေးရေး ကိုကြာစွယ်ကတော့ ရေးသင့်တာပေါ့ရှင်...ဒါကြောင့် စာသင်ပါပြောတာ...သင်မှမသင်ချင်ဘဲနဲ့...သည်နှစ်တော့ သင်ရမယ်... မရဘူး...မတတ်မချင်းကို ရိုက်သင်မှာ..."

"အေးဗျာ...ကက်ဆက်သီချင်းသံ ကူးလို့ရသလို...ပညာလည်း ကူးလို့ရရင် ဘယ်လောက်ကောင်းမတုံး...မသင်ဘဲ တတ်ကရော..."

"ကိုင်းပါ...ကျွန်မမေးပါဦးမယ်...ကူးလို့ရပါပြီတဲ့...ဘယ်သူ့ဆီက ကူးမှာ တုံး..."

"ဆရာမဆီက ကူးရုံပေါ့ဗျာ...ဘာခက်တာမှတ်လို့...အဲသလို ကူးလို့ ရကြေးဆိုရင် ဂျက်ပင်ကြိုးတစ်ချောင်း ဝယ်ပြီး ကူးရုံပဲ..."

တောသူတောင်သားတွေဆိုတော့ ကက်ဆက်ဖွင့်တာ ဝါသနာပါကြသည်။ ဂျက်ပင်ကြိုးဆိုတာလောက်တော့ ကြားဖူးနားဝ ရှိကြသူတွေချည်း ဖြစ်၏။ မပုန်းရည် ရယ်လို့သာ နေရတော့သည်။ သည်အပျော်တွေ ပြန်ရဦးတော့မှာပါလား။

www.burmeseclassic.com



မောင်းကုန်းမှာတုန်းကတော့ အဘိုးလေးကို ပြုစုရတာနှင့်၊ ရွာရိုးကိုးပေါက် လျှော ရတာနှင့်၊ အလှူတွေမှာ ဝိုင်းကူခဲ့ရတာနှင့် ပြီးခဲ့ရသည်။ ကိုယ့်ရပ်ကိုယ့်ရွာဆိုတော့ တာဝန်ရယ်လို့လည်း များများမရှိ၊ သူတို့နေသလိုနေ သူတို့စားသလိုစား။ ဘဝဆန်ဆန် နေခဲ့ရသည့်ရက်တွေလို့ ပြောနိုင်လေမလား။ သည်ရွာ သည်ဒေသရောက်လာပြန်တော့ တာဝန်တွေပါ ပါလာခဲ့ပြီ။ ကိုယ်အကျွမ်းမဝင်သည့်ရွာ၊ ကိုယ်မရင်းနှီးသည့် လူတွေ လာခဲ့ ကြရာက သူမအဖို့ ဘဝသစ်တစ်ခု အစပျိုးသလို ရှိခဲ့ရသည်။ အခုတော့သည် သည်ရွာက လူတွေ၊ သည်ရွာက ကလေးတွေနှင့် သံယောဇဉ် နှောင်တည်းမိကြပြီ ပါ၏။ စာသင့်ကျောင်းကလေးကို အကြောင်းခံ၍ ရွာနှင့် ချစ်ခင်နွေးထွေးရှိခဲ့ရသည်။

မေလ၏ နောက်ဆုံးရက်များ…။ အညာဒေသဆိုတော့ မိုးရိပ်မရှိသေး လေကတော့ ဇေ့ဇေ့ရမ်းရမ်း ရှိသည်။ သစ်ရွက်တွေက စိမ်းမြနေကြပြီ။ မပုန်းရည် မရှိသည့် ကျောင်းပိတ်ရက်တွေတုန်းကတော့ သည်သစ်ပင်တွေ ရော်ရွက် ဝါဝါ ညောင်းရွက် ညှိုညှို ကပိုကရို ရှိခဲ့ကြလိမ့်မည်။ အခုတော့ ရွက်နုတွေပင် ရင့်ကြပြီ ဘယ်ကို မျှော်ကြည့်ကြည့် စပါးခင်း ပျိုးခင်းတွေက ဝါဝါနုနု စိမ်းစိမ်းလန်းလန်း ရှိကြပါ၏။ လှည်းလမ်းတစ်လျှောက် စပါးခင်းတွေက ရေမာတ်ဝဝ ရထားကြတော့ စွင့်လို့သာ ပေါက်နေကြတော့သည်။

"လေးပန်းဆိကြီးတောင် သရေ့ပဟ အောက်မေ့တာ ဆရာမရေ…သမီး မင်္ဂလာဆောင်ပြီးတော့ ပန်းဖျား ဖျားတာနဲ့တူပါရဲ့…ကျုပ်ကတော့ ပန်း ပြီကို မှတ်တာ ဆရာမနှယ်…"

မောင်စံအေးက လှည်းမောင်းရင်းပြောတော့ မပုန်းရည် စိတ်မကောင်းဖြစ် ရသည်။ မောင်စံအေးပြောပုံက သေဖော့ပဟ အောက်မေ့တာဆိုတော့ သေစေချင်တာ မသေဘူးဗျာဆိုသည့် သဘောရောက်နေလို့လည်း ပြုံးရပါ၏။ ဟုတ်ရွာမှာပေါ့ လေးပန်းဆိမျာ အရွယ်ရရှာပြီ။ ရွာလူကြီးစိတ် အပြည့်အဝ ရှိသည်။ အပင်ပန်း အဆင်းရဲခံလွန်းသူလည်း ဖြစ်သည်။ ဘာမဆို အလေးအနက်ရှိသည်။ သူ့စိတ်ထဲမှာ ရွာပဲရှိသည်။ လယ်ပစ်ယာပစ် အများအကျိုး တနင့်ကြီး ထမ်းချင်သူ ဖြစ်သည်။ ရွာက သတင်းပေါင်းစုံကိုတော့ လှည်းပေါ်မှာတင် မပုန်းရည် ကြားခဲ့ရပြီ။ မသောင်းခင် တို့ မိသားစု ဘဲတွေပျောက်လို့ ဘဲရှင်က နှင်ထုတ်လိုက်သတဲ့။ ရွာက ကိုပေါတာ ဆုံးရှာပတဲ့။ ကိုလုံးတင်တို့ လင်မယား စကားများရာက ကွဲကြပတဲ့။ အလွန်ဆင်း သည့် ကိုဗျောသိန်း မိသားစုကတော့ ထီပေါက်သည်ဆို၏။ မတေးပုတို့အိမ်က နွားကလေးတစ်ကောင် သားပေါက်တာမှာ နညိုသံရောင်ကလေး ဖြစ်တဲ့အကြောင်း ကလည်း ပါလိုက်သေးသည်။



မပုန်းရည်ကတော့ နတ်ရေကန်ရွာနှင့် ဝေးနေခဲ့ရသည့် ရက်တွေထဲမှာ ဖြစ်ပျက်ခဲ့သည့် သတင်းတွေကို လှည်းစီးရင်း နားထောင်နေမိသည်။ စိတ်မကောင်းစရာ တွေလည်း ပါသည်။ စိတ်ချမ်းသာစရာတွေလည်း ပါပါ၏။ သူမကိုယ်တိုင်အဖို့ရာ ကတော့ ဘာထူးလို့လဲ။ အဖေတို့ အမေတို့နှင့် ခွဲခဲ့ရသည်။ အဘိုးလေးနှင့် ခွဲခဲ့ရသည်။ ကိုမျိုးသွင်၏ မေတ္တာတောင်းခံမှုကို ငြင်းဆန်ခဲ့ရသည်။ ပျော်စရာတွေ ကြုံခဲ့ရသလို စာစရာတွေလည်း ရှိခဲ့ရတာပဲ မဟုတ်လား။

"နတ်ရေကန်မှာ ကြာပွင့်တွေ လှိုင်ပြီလား ကိုကြာစွယ်…ကြာခရမ်းတစ်ပွင့် တောင် ကြာဆစ်ကြိုးလုပ်ပြီး ဆွဲလိုက်ချင်သေးရှင်…ကျွန်မ ရန်ကုန်ရောက် တာတောင် နတ်ရေကန်က ကြာတွေကို လွမ်းပြီး လွမ်းမိသေးတယ်…"

မပုန်းရည် ညာတာမဟုတ်ပါ။ တကယ်လည်း စိတ်ရောက်ခဲ့ပါ၏။ ကြာ တွေကို သတိရပြန်တော့ ကြာမိသားစုကိုလည်း သတိရမိပြန်သည်။ ရွှေအစိတ်သား ချိန်တဲ့အလေးနဲ့တိုက်ပြီး တင်တောင်းမယ်ဆိုသည့် ဘွားကြီးတို့ဘက်က မြည်သည့် အသံကိုလည်း သတိရသည်။ မပုန်းရည်ကတော့ ကျောင်းတုန်းက သင်ခဲ့ရသည့် ရှေး ခိုင်ချင်းတစ်ပုဒ်ကိုသာ ရွတ်မိရပါ၏။

*'ကြို့ပင်ကြီးမြောက်၊ ပိတောက်ပင်တောင်၊ ညောင်ပင်ကြီးရင်း၊ ကောက်စိုက် ကယ်ပြန်၊ ထိန်ကန်တွင်းမှာ၊ လာရင်းမျက်မြင်၊ နေမလှန်းတဲ့ ပန်းလွင်လွင်ကို ရှင်လိုမြူးလို ကစားလို၍၊ ဝါဆိုဦးက ပန်ဖူးတယ်။ အမယ်မင်း ဖြစ်ရလေ ခြင်း။ ရင်းမာရယ်ပေါ်၊ တော်သလင်းနှင့်၊ မိုးတွင်းဝါဝင်၊ ထိုဆောင်းဦး မကူးခင်က၊ အရင်လူနှင့် ကွဲရတယ်ရှင်…'*

မပုန်းရည်ကိုယ်တိုင်က နေမလှန်းတဲ့ ပန်းလွင်လွင်ကို မပန်ဖူးခဲ့လေတော့ အရင်လူနဲ့ လွဲစရာမရှိခဲ့။ သည်အရွယ် သည်ကာလအထိ မပုန်းရည်မှာ မိုးချုပ်နေဝင်၊ အဖိုထဲ အမဲကင်၊ စုန်းမှင်နတ်တို့ရဲတတ်တယ် ဆိုရလောက်အောင် အတင့်မရဲခဲ့ဖူး ဘာလည်း အမှန်ပင်။ ကိုကြာစွယ်ကြီးကိုလည်း မပုန်းရည် အစ်ကိုကြီးတစ်ယောက်လို ချစ်ခင်သည်။ အားလည်းကိုးသည်။ အစ်ကိုတော်သားကြီးကို နှမလေးတစ်ယောက်လို ဆိုးချင်၊ နွဲ့ချင်၊ စချင်၊ နောက်ချင်တာပဲ ရှိသည်။ ကိုကြာစွယ်၏ ဖြူစင်ရိုးသားမှုကို သုံကြည်တာလည်း ပါပါ၏။

"ဆရာမတော့ ကျောင်းဖွင့်တာနဲ့ ကျုပ်တို့အိမ်မှာ ထမင်းမစားရပါတော့ ဘူး…ညစာကို ပြောတာ…မနက်အစောစာက ကျုပ်တို့ကျွေးမှာ…နေ့ခင်း စာက ဘုန်းကြီးကျောင်းပေါ့…ညစာကို ရွာက ကျွေးမှာဗျား…ရွာက စီမံပြီးပေါ့ဟာ…"

www.burmeseclassic.com

www.burmeseclassic.com



ဒါကတော့ သတင်းထူးဖြစ်သည်။ ဘယ်လိုကြောင့်များပါလိမ့်။ ကိုကြာစွယ်က တောက်ကာင်ကာပြောလိုက်တော့ မပုန်းရည်လည်း အတွေးတွေ ရပ်သွားခဲ့ရပါ၏။ ညစာကို ရွာက ကျွေးမှာတဲ့လား။ ကိုကြာစွယ်က သူတို့မိသားစုကို အထင်လွဲမှာ နိုးရှာပုံရသည်။ ရွာက စီစဉ်ထားသည့် အစီအစဉ်ဆိုတော့ ငြင်းသာပုံမရ။ ရွာမှ စေတုတ္ထတန်းကလေးတွေ တန်းလုံးကျွတ် အောင်ကြတာရော၊ မပုန်းရည်ကို ချစ်ခင်တာရော၊ ရွာအပေါ် သံယောဇဉ်ကြီးမှန်း သိတာရော အကြောင်းစုံကိုအကြောင်းပြု၍ ရွာကပဲ တောင်းဆိုလာခြင်းဟု ဆို၏။ မပုန်းရည်က ညနေစောင်းလျှင် ထမင်းကျွေးကျုရာအိမ်ကို ဆင်းရဲချမ်းသာမရွေး အိမ်ပေါက်စေ့ ထမင်းသွားစားရမှာကို ကိုကြာစွယ်က ပြောပြတော့လည်း မပုန်းရည်မှာ ကြည်နူးရသလို ရွာကို အားတုံ့အားနာ ဖြစ်မိရပါ၏။ မပုန်းရည်အတွက် ရွာက အလုပ်များကြမှာ စိုးသည်။ ဧည့်သည်တစ်ယောက်လို တည်တည်ပပ ဧည့်ခံကြရမှာကို စိုးသည်။ ကြည်နူးရတာကတော့ ရွာထဲ အိမ်ပေါက်စေ့ရောက်တော့ တစ်ရွာလုံးနှင့် ထိတွေ့ခွင့် ရနိုင်ခြင်းဖြစ်သည်။ ရွာမိသားစုများ၊ ရွာအိမ်ထောင်စုများ၏ ဘဝတွေကို သိနားလည်ခွင့် ရနိုင်ခြင်းကြောင့် ဖြစ်သည်။ မပုန်းရည်က ကိုကြာစွယ်ကို စကားနာထိုးချင်သဖြင့် မျက်နှာထားတည်တည်ဖြင့် ပြန်မေးလိုက်သည်။

"ကိုကြာစွယ်တို့က မကျွေးချင်ကြတော့ဘူးပေါ့...ဟုတ်လား...ရပါတယ် ကိုကြာစွယ်ရယ်...ရွာက ကျွေးတော့လည်း ရွာထမင်း ရွာဟင်း စားမှာပါရှင်...ဧည့်သည်ပဲဥစ္စာ..."

မပုန်းရည်စကားကြောင့် ကိုကြာစွယ်က လှည်းနောက်ပြန်စီးနေရာမှ မပုန်းရည်ဘက် ဖျတ်ခနဲ လှည့်လေ၏။ မျက်နှာကြီးရဲလို့။ သူ့ထုံးစံအတိုင်း စကားလုံးတွေ ထွက်မလာခင် မျက်နှာပြားကြီးတစ်ခုလုံး စူပွပွ ဖြစ်လာလေတော့၏။ မပုန်းရည် စိတ်ဆိုးရော့လားဆိုတာမျိုး အကဲခတ်လိုက်သေးသည်။ မပုန်းရည်က ခေါင်းငုံ့ထားတော့ သက်ပြင်းကြီးတစ်ချက်ပင် ချလေတော့၏။

"ကျွေးပါ့ဗျာ...ဆရာမ စားတာ ကြောင်စာလောက်ရှိတဲ့ဟာ...ဘာဖြစ်လိမ့်မတုံး...ရွာက လေးပန်းဆီကို တစ်ဆင့်တောင်းဆိုလာလို့ ကျုပ်တို့က အလျှော့ပေးလိုက်ရတာ ဆရာမရဲ့...ကျုပ်တို့က တားတာ မရပေါင်ဗျာ"

"ကိုကြာစွယ်က ဖွတ်မတားလို့နေမှာပါ...တားရင် သည်လို ဘယ်ဖြစ်ပါ့မလဲ...နော့ မောင်စံအေးရာ..."

မပုန်းရည်က မောင်စံအေးကို တမင်တိုင်တည်လိုက်ခြင်း ဖြစ်သည်။ မောင်စံအေးက လှည်းမောင်းနေရင်း ဘုမသိ ဘမသိ ဟုတ်ပါ့ဗျာလို့ ထောက်ခံသည်။



ကိုကြာစွယ်က မောင်စံအေးကို မဲတော့သည်။ မျက်နှာကြီး အိုလျက်က ထအော်လေ၏။

"မင်းကြီးတော် ဟုတ်ပါ့ဗျာလား စံအေးရ...အစည်းအဝေးလုပ်တော့ မင်းလည်းရှိသားဟာကို...ငါနဲ့ ရွာနဲ့ စကားများတာ မင်းသိလျက်ကနဲ့...ဒါက အပျိုကြီးတွေ စနက်ပါဗျာ...သည်ကောင်မတွေ ကျုပ်က မကျေဘူးရယ်..."

မပုန်းရည်က သည်တော့မှ ရယ်လိုက်ပြီး ကိုကြာစွယ့်ကျောကို ထုလေ၏။

"အလကား စတာပါ ကိုကြာစွယ်ရယ်...ကိုကြာစွယ်တို့ စေတနာကို ကျွန်မ မသိဘဲနေပါ့မလား...ရွာက ကျွေးချင်တယ် ကြားတော့လည်း ကျွန်မ ဝမ်းသာရတာပါပဲ...စားရတာလည်း မျိုကျမှာပါရှင်...ချစ်လို့ကျွေးကြတာ ဆိုတာလည်း ယုံပါရဲ့..."

"ကျုပ်က ဟင်းမကောင်းမှာ ပူတာ...ကျုပ်တို့ရွာက ခံတက်တွေ လှိုင်တော့ ခံတက်ရှက်...မန်ကျည်းရှက်လှိုင်တော့ မန်ကျည်း...ဒါနဲ့ပြီးကြတာများတယ်...ဘဲဥက အစုံဟင်း...ဒါနေမှာပဲ"

"ဘာနဲ့ဖြစ်ဖြစ်ပါရှင်...ကျွန်မ စားနိုင်ပါတယ် ကိုကြာစွယ်ရဲ့..."

သည်တော့မှ ကိုကြာစွယ်လည်း မျက်နှာကြီး ပုံမှန်ပြန်ဖြစ်သွားတော့သည်။ လှည်းက ရွာခြေဝင်တော့မည်။ ရွာရိပ်ကို လှမ်းမြင်နေရပြီ။ မပုန်းရည်တို့ လှည်းကို မြင်တော့ ရွာရိပ်ကနေ လှမ်းမျှော်နေကြသော မပုန်းရည်တပည့်ကလေးတွေ ပြေးထွက်လာကြသည်။ ဆရာမ, ဆရာမဆိုသည့် အသံတွေက ဖုန်တွေကြားမှာ လွင့်ပျံနေကြသည်။ ရွာခြေ လှည်းကပ်တော့ ခပ်လှမ်းလှမ်းကနေ ဆရာမလို့ လှမ်းအော်သံကြားလိုက်ရသည်။ မလှအုန်းမယ်။ နွားကျောင်းရာက ပြန်လာပုံရပါ၏။ ပုဆိုးယောင်းတစ်ထည် ခေါင်းပေါင်းပြီး လက်ထဲမှာ နှကန်တစ်ချောင်းနှင့်။

"ဆရာမ ပြန်လာပြီလား...ကျုပ်တို့အိမ်မှာ ထမင်းစားရမှာနော...ရွာက ကျုပ်ကိုပါ ထမင်းရုံလက်မှတ် ပေးမတဲ့တော်...ဟီးဟီး"

"ဟာ...လုပ်ကရော့မယ်...ဂန်းမ...ဝါးခြမ်းစာမိချင်လို့လား...မစား မကောင်းနဲ့... ထမင်းကျွေးစာရင်းပါတယ် ပြောစမ်းပါ"

"အတူတူပါပဲ မသာရဲ့...ငါကလေး သည်နှစ် ဆရာမတို့ကျောင်း ပို့ရတော့မှာဟဲ့...ဆရာမကို တို့လည်း ဆိုင်တာပဲ...နင်ချည်း အပိုင်သိမ်းထားချင်လို့ ရပါ့မလား..."

www.burmeseclassic.com

www.burmeseclassic.com



မလှအုန်းမယ်က ကိုကြာစွယ်ကို ပြန်ပက်လိုက်သောစကားကြောင့် မပုန်းရည် မျက်နှာ နွေးသွားရသည်။ မလှအုန်းမယ်ကတော့ သူ့စကား ဘယ်ရောက်သွား ဘယ်ပေါက်မှန်း မသိ။ ကိုကြာစွယ်လည်း အတူတူပါပဲ။ သူတို့နှစ်ယောက်ကတော့ တစောင်းစေးနှင့် မျက်စောင်းလို တွေ့လိုက်လျှင် ပြောမနာ ဆိုမနာ ရန်ဖြစ်နေကြ မဟုတ်လား။ ရွာလမ်းတစ်လျှောက် တွေ့ကြသူတိုင်းက မပုန်းရည်ကို နှုတ်ဆက်ကြ သည်။ သည်လိုနှင့် မပုန်းရည်တို့လှည်းကလေး ရွာလမ်းကနေ ဘိုးကြီးတို့ဝိုင်းသို့ ရောက်လာခဲ့သည်။

□

မပုန်းရည် ပြန်ရောက်လာပြီ ဆိုကတည်းက ဘိုးကြီးတို့အိမ်မှာ လူတွေ တရုန်းရုန်း ရှိတော့သည်။ လူကြီးသူမတွေပင် လာရောက်ကြလို့ မပုန်းရည် အားနာ ရပါ၏။ အသက်ရှစ်ဆယ်ကျော် အမေကြီးတင်ပင် ရောက်လာခဲ့သည်။ အမေကြီးတင်က တွေ့ရခဲသည်။ အသက်အရွယ်အရ‌ရော၊ ကျန်းမာရေးအရပါ အိမ်ပြင်ထွက်လေ့ရှိသူ မဟုတ်။ တစ်ရွာလုံးက မပုန်းရည် မပုန်းရည်ဆိုလို့ လာကြည့်တာဟု ဆိုသည်။ မပုန်းရည်ကို တွေ့တော့ ခြေဆုံး ခေါင်းဆုံး ကြည့်ရှာသည်။

"ငါ့အေ…အိမ်မှာ ဆရာမ မပုန်းရည် ဆိုတာတွေချည်း ကြားနေရတော့ မပုန်းရည်ဆိုတာ ငါသွားကြည့်ဦးမယ်ဆိုပြီး ထလာတာ…မိန်းမချော လေး ကောလား…ကျန်းမာပါစေ ချမ်းသာပါစေတော်…"

အမေကြီးတင်က အခုမှပဲ အလုံးကြီးကျရတော့တယ်ဆိုသည့် မျက်နှာရိပ်ကြီး တပြုံးပြုံးရှိလေသည်။ ပြီးတော့လည်း ခြေမလေးလက်ဆွဲကာ တလှုပ်လှုပ် ပြန်သွား ရှာပါ၏။ အပျိုကြီး မကေးတို့၊ မပုစွန်တို့သာမက မလည်ရစ်တို့၊ မအူချာတို့ပင် ရောက်လာကြပါ၏။ အဝတ်ဟောင်းတွေပါလျှင် ဖွပ်လျှော်ပေးချင်ကြသည်ဆိုလို့ တောင်းပန်ရသည်။ လေးပန်းဆီ ရောက်လာတော့ ဝယ်လာသည့် တဘက်ကြီးတစ်ထည် လက်ဆောင်ပေးလိုက်သည်။

"ကျေးဇူးတင်ပါဗျာ…ဆရာမနှယ် ကျုပ်က တဘက်မရှိလို့ မဖြစ်ဘူး— တဘက်နဲ့ ခေါင်းပေါင်းရမှ ခေါင်းလုံတယ်ထင်တာ…နို့မို့ ကျုပ်က မနေ တတ်ဘူးရယ်…"

"လေးပန်းဆီ နေမကောင်းဖြစ်သေးဆို…မောင်စံအေးပြောလို့…လေးပန်းဆီ အလုပ်တွေ လျှော့ဦး…"



"လျှော့မဖြစ်ဘူး ဆရာမရယ်…ရွာအလုပ်မရှိရင် အိမ်အလုပ်…အိမ်အလုပ် မရှိရင် ကျောင်းအလုပ်…ဒါနဲ့ပြီးရတာပါ…အခု ဗမာဆေးစားနေတယ်"

"ကောင်းတယ်…ကျွန်မလည်း ရွာအတွက် အာဂန္တုရောဂါကလေးတွေမှာ သုံးဖို့ အင်္ဂလိပ်ဆေးတွေ ဝယ်လာတယ်…အဓိက ကလေးတွေအတွက်ပေါ့"

လေးပန်းဆီပြန်တော့ ပါလာသည့် လက်ဆောင်တွေကို မကြာဉနှင့်အတူ ခွဲရ တွဲရသည်။ ဆရာတော့်ကိုလှူမည့် ပုစွန်ခြောက်နှင့် ငါးခြောက်တွေကိုတော့ သန့်သန့်ဖယ်ကာ လင်ပန်းတစ်ချပ်ထဲ ထည့်သည်။ ဆိုင်ရာဆိုင်ရာလက်ဆောင်တွေ ကိုယ်တိုင်ပေးသင့်တာပေး၊ လူကြုံနှင့် ကမ်းသင့်တာကမ်းပြီး ဘုန်းကြီးကျောင်းကို ထွက်လာခဲ့သည်။ မကြာဉပါ ပါလာခဲ့ပါ၏။ ဆရာတော်က မပုန်းရည် ရောက်လာတာ ကို ဝမ်းသာတော်မူသည်။ မပုန်းရည် မိဘတွေအကြောင်း မေးသည်။ ခရီးခတင်း အသွားအလာတွေအကြောင်း မေးသည်။ ဆရာတော်ကြီးက ရန်ကုန် မရောက်ဖူးသည့် အကြောင်း ရွှေတိဂုံဘုရားကြီး ဖူးချင်လှကြောင်းတွေ မိန့်သည်။

"ဘုန်းကြီး ရွှေတိဂုံဘုရားကြီး ဖူးချင်တယ်လေနော…ရန်ကုန်သွားဖို့ကျတော့ ကြောက်တယ်လေနော…မော်တော်ကားတွေ များလှဆို…လမ်းတောင် ကူးမဖြစ်ဘူး ပြောကြတယ်…ကားတိုက်ရင် ဘုန်းကြီး သေမှာလေနော"

ဆရာတော်က မျက်လုံးပြူး မျက်ဆန်ပြူး မိန့်နေတာကို မပုန်းရည် ရယ်ချင် လှသည်။ ဆရာတော်ကို ဘယ်သူတွေက ဘယ်လိုလျှောက်ထားကြသည်မသိ။ ကြောက် နေတော်မူရှာပါ၏။ မပုန်းရည်က အဲသည်လောက် မဟုတ်ကြောင်း ပြန်လျှောက် ရသည်။ ဆရာတော်က ဗိုလ်ချုပ်အောင်ဆန်း နေခဲ့သည့်အိမ်ကို ကြည့်ချင်ကြောင်း၊ ပါလီမန်စာအုပ်ဆိုင်ကို သွားချင်ကြောင်း၊ ဘုန်းကြီးနှင့် စာသင်ဘက် ကိုယ်တော်များ သီတင်းသုံးရာ သံလျင်မြို့ကို သွားချင်ကြောင်းတွေ မိန့်တော်မူသည်။ မပုန်းရည်က နောက်နှစ် ကျောင်းအပိတ်မှာ တစ်ပါတည်း လိုက်ပါကြွဖို့ လျှောက်တော့ တွင်တွင် ငြင်းလေ၏။ ဘုန်းကြီးသွားချင်သည့်နေရာတွေ ပို့ပေးပါမည်ဆိုတာကိုပင် လက်မခံ။ သူတစ်ပါးတည်း ကြွချင်ကြောင်းသာ မိန့်သည်။ မျက်စိမျက်နှာများ ပျက်လို့။

"ကိုယ်တော့်ကို ချက်ချင်းပို့မှာ မဟုတ်ပါဘူး…ဒကာမတွေနဲ့သွားတော့ ကော ဘာပြုလို့တုံး ကိုယ်တော့်နှယ်…ကိုယ့်ဒကာ၊ ဒကာမနဲ့ သည်လို သွားလာနေကြတာပဲ"

မကြာဉက သူ့ရွာနှင့် သူ့ဆရာတော်ဆိုတော့ ခပ်ဖိဖိလေးလျှောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အား…ဒကာမနဲ့သွားတာ မကောင်းဘူးလေနော…ဘုန်းကြီးနဲ့ဒကာမ မအပ်စပ်ဘူး…ဘာမှတ်သတုံး…ကျုပ်သွားရင် ပန်းဆီ ခေါ်သွားမှာ—ပန်းဆီက လိုက်မယ်ပြောဖူးတယ်"

"လေးပန်းဆီလည်း ရန်ကုန်ရောက်ဖူးတာမှ မဟုတ်တာ…ကိုယ်တော်တို့ ရန်ကုန်မရောက်ဘဲ ပဲခူးရောက်သွားလိမ့်မယ်"

"ပဲခူးရောက်တော့…ရွှေမော်ဓောဘုရားကြီး ဖူးရုံပနော…အကျိုးမနည်းဘူး ဗျ…"

မပုန်းရည်က ဆရာတော်ကြီးကို လေးစားကြည်ညိုသည်။ အလွန်ရိုးဖြောင့် တော်မူသည့်အပြင် မြိုးမြိုးမြိမြိ နေထိုင်တတ်သည်။ ရွာသားအားလုံးကို တဖြေးညီ စောင့်ရှောက်သည်။ မည်သည့်ပစ္စည်းမဆို အပိုရယ်လို့ များများမထားဘဲ စွန့်ကြတတ် သည်။ ကိုယ်တိုင်က အများကိုးကွယ်ခံ ဆရာတော်ကြီးဆိုသော်လည်း အနုံပြည့်သော ပေါ်းကဲ့သို့ နှိမ့်နှိမ့်ပျပျ ရှိတော်မူသူ ဖြစ်ပါ၏။ မပုန်းရည်က ငါးခြောက်များ၊ ပုစွန် ခြောက်များ ကပ်လှူတော့ မပုန်းရည်ကို မိန့်သည်။

"ကျောင်းဆရာမ…ငါးခြောက်ဖုတ်တတ်ကဲ့လား"

"တင်ပါ့ဘုရား…ဖုတ်တတ်ပါ့ဘုရား"

"ငါးခြောက်ကို ရေစိမ်ရတယ်…ပြီးရင် ရေစိုအဝတ်နဲ့ပတ်ပြီး ပစ်ထားလိုက်—ရေနဲ့ နူးလောက်ပြီဆိုရင် အဝတ်ကိုဖြေပြီး မီးကျိုးရဲရဲမှာ ပျောင်းနေအောင် ကင်ရတယ်…ငါးခြောက်နပ်ပြီဆိုမှ ကျောက်ကျည်ပွေ့နဲ့ မွနေအောင်ထု—ပြီးရင် ဆီမြှုပ်အောင် စိမ်ထား…ကြားလား…အဲဒါ သိသလား"

"အဲသလိုတော့ မသိပါဘုရား…"

"အား…လုပ်ကြည့်စမ်း ကျောင်းဆရာမ…ဘုန်းကြီး သွားမကောင်းဘူးလေ နော…သွားဖုံးနဲ့ ကြိတ်ပြီး ဘုဥ်းပေးရတယ်…ဘုန်းကြီးတို့စားတာ စားလေ ကျမ်းဂန် လေ့ကျက်နိုင်အောင် စားကြတာ…ဝိပဿနာတရား အားထုတ် နိုင်အောင် စားကြတာ…အာဟာရလှူတာ ကုသိုလ်ရတယ်…ဟုတ်တဲ့ လား…"

"တင်ပါ့ဘုရား…"

"ကျောင်းဖွင့်ရင် နေ့ခင်းစာ ကျောင်းမှာပဲစားပေါ့…ဟုတ်ကဲ့လား"

"တင်ပါ့ဘုရား…"



မပုန်းရည်နှင့် မကြာဥတို့ ကျောင်းပေါ်က ဆင်းလာခဲ့ကြသည်။ မကြာဥက ပုန်းရည်ကို ရွာက ထမင်းကျွေးရန် တောင်းဆိုလာကြောင်း ပြောပြလာခဲ့သည်။ ကြာဥကလည်း သည်ကိစ္စ ကျေနပ်ပုံမပေါ်။ ကိုကြာစွယ်လိုပင် ရွာနှင့် ဘဲ့တိုက်ခဲ့ရ ကြောင်းတွေ ပါလို့ ပြဿနာ တော်တော်ကြီးခဲ့ပုံ ပေါ်ပါ၏။ ရောက်စ,နှစ်တွေ တော့ သည်ထမင်းကျွေးကိစ္စ မပုန်းရည်ကိုယ်တိုင် ငြင်းခဲ့သည်ပင်။ အခုတော့ ရွာက မပုန်းရည် စကားပြန်ကိုပင် မစောင့်တော့ဘဲ ထမင်းကျွေးကြဖို့ စီစဉ်နှင့်ကြပြီ။ သည်တစ်ခါတော့ စေတနာကလာသော မေတ္တာထမင်း မေတ္တာဟင်းမို့ မပုန်းရည် ငြင်းဆန်ဖို့ မကြိုးစားတော့ပြီ။

ဘာပဲဖြစ်ဖြစ် မပုန်းရည် ကံကောင်းပါသည်။ တချို့ရွာတွေမှာ ဆရာမလေး တွေ နေထိုင်မှု၊ စားသောက်မှု ကသိလင်တ ဖြစ်ကြရတာကို မပုန်းရည် ကြားဖူးသည်။ ရွာထဲမှာ လခပေးပြီး အိမ်ငှားနေကြရသူတွေပင် ရှိသည်။ ကျောင်းမလာခင် ထမင်းဟင်း ချက်ခဲ့ရသူတွေ ရှိသည်။ ဆန်ရှာရ၊ ဆီရှာရ ကလေးတွေ ပေးစာကမ်းစာ စားကြရသူတွေ ရှိသည်။ မပုန်းရည်မှာတော့ သည်ပြဿနာ ငြိမ်းသည်။ ကျွေးချင်မွေးချင်ကြလွန်း သဖြင့် အလုတာယက် ဖြစ်နေရသည်။ အခုလည်း မကြာဥတို့က ဆရာမ မပုန်းရည်ကို ဆိုင်းသိမ်းသလိုလို ပြောကြသည်ဆို၏။ ရွာကျောင်းဆရာမ ရွာကလည်း ကျွေးချင် သပေါ့ဟု စကားနာထိုးသူတွေလည်း ရှိသည်ဆို၏။

"ကျွန်မက ပြောလိုက်တယ်…ကျွန်မတို့အိမ်က ဒိုင်ခံကျွေးလာတာပဲ နှစ်နှစ်ရှိပြီ…သည်နှစ်ကျမှ ရွာက ကျွေးချင်တာပေါ့ ဖြစ်ရတယ်လို့ ဆရာမ နယ်…အခုက ကျောင်းသားမရှိတဲ့ အိမ်တွေကပါ ကျွေးချင်တယ် ဖြစ်နေ တော့ ကျွန်မတို့က အလျှော့ပေးလိုက်ပါတယ်…စိတ်တော့ မကောင်း ဘူး…"

"စိတ်မကောင်းမဖြစ်ပါနဲ့ မကြာဥရယ်…ရွာက ကျွေးတာလည်း မကြာဥတို့ ကျွေးတာပါပဲ…မကြာဥတို့ကျွေးတာလည်း ရွာက ကျွေးတာလို့ ခံယူထား တာပါ…ကျွန်မဖြင့် ရွာကို ခြေချုပါပြီဆိုကတည်းက နတ်ရေကန်က ထမင်းဟင်း စားခဲ့တာပဲဟာ…ရွာကျေးဇူး ကြီးလွန်းလို့ တစ်သက်ခွေနိုင် စရာတောင် မရှိပါဘူး…အားများတောင် နာမိပါရဲ့…တကယ် တကယ်"

"အားနာစရာ မရှိပါဘူး ဆရာမရယ်…ဆရာမ တစ်နှစ်ပတ်လုံး လည်စားလို့ တစ်အိမ်တစ်ခါလောက်ကျမှာပါ…အခုက ချမ်းသာတဲ့လူတွေချည်း ကျွေး အကျွေးခိုင်းလို့ မဖြစ်ဘူး…ဆင်းရဲသူ ဆင်းရဲသားကလည်း ဆရာမကို

www.burmeseclassic.com

www.burmeseclassic.com



တစ်အိုးတစ်နပ် ကျွေးပါရစီဆိုတော့ လေးပန်းဆီက အိမ်ပေါက်စေ့ ခွဲတမ်းချပေးလိုက်ရတာ…ရွာက ကျွေးချင်တယ်လို့ဆိုမှတော့ စေတနာသန့်ရှိလို့ပါ…ဒါတော့ ကျွန်မယုံပါတယ်”

ထို့နေက မပုန်းရည် အိမ်အောက်ထပ်မှာပဲ နေလိုက်သည်။ ကိုကြာစွယ်တင်းကုပ်ရှေ့က ခုံတန်းရှည်ကြီးမှာ ထိုင်ပြီး လာနှုတ်ဆက်သမျှ တပည့်တွေ၊ ရွာရွာသားတွေကို စကားပြောရသည်။ ကိုကြာစွယ်တော့ မရှိ။ တစ်လျှောက်လုံး ခရီးပန်းလာခဲ့သော်လည်း မပုန်းရည် မနားနိုင်သေးပါ။ တချို့က ရွာမုန့်တွေ ကြော်လာကာ ပန်းကန်လိုက် လာတည်ပေးကြ၏။ ကောက်ညှင်း ထန်းလျက် တောသရေစာမုန့်တွေခြေပဲ၊ နှမ်း နှိုင်းချင်းနဲ့ဆိုတော့ မပုန်းရည် မြိန်ရည်ရှက်ရည် စားမိလေတော့သည်။

“ဆရာမလည်း မုန့်ဆီကြော် ကြိုက်တယ်ပေါ့…”

တချို့က နွကျကျမေးခွန်းတွေ ပါသေးသည်။ ရိုးရိုးသားသား မေးကြတာဆိုတော့ မပုန်းရည်ကလည်း ကောင်းကောင်းမွန်မွန် ဖြေရပါ၏။

“ကျွန်မလည်း တောသူပဲ အရီးစာဥရဲ့…မုန့်ဆီကြော်ကြိုက်တာပေါ့”

“ဩော်…ဆရာမက တောသူလား…မထင်ရပေါင်တော်…မြို့သူသားကျလို့…”

မိုးကြီးချုပ်တော့မှ ရေကလေးတစ်ပေါက်ချိုးကာ အိမ်ပေါ်တက်လာခဲ့သည်။ လူတွေလည်း ကျဲပါးသွားပြီ။ သင်ဖြူးဖျာအေးအေးပေါ်မှာ မပုန်းရည် ခဏကလေးလှဲလိုက်ရသည်။ စိတ်လျှော့လိုက်လို့လား မသိ။ မေးခနဲ အိပ်ပျော်သွားခဲ့သည်။ မပုန်းရည် တစ်ရေးနိုးတော့ ဓာခြင်ထောင်ဖွေးဖွေးကလေး ထောင်ပြီးသား။ မကြာဥထောင်ပေးခဲ့တာ ဖြစ်ပါလိမ့်မည်။ မကြာဥကတော့ အိမ်အောက်မှာပဲ ရှိပုံရသည်။ မီးအိမ်ထွန်းထားသော်လည်း ခပ်မှိန်မှိန်။ အောက်ထပ်ဆီက ကိုကြာစွယ့်အသံဟောင်ဖွာဖွာကို ကြားနေရသည်။ သူနိုင်လောက်သူတွေကို အာပေါင်အာရင်းသန်သန်ပြောနေခြင်း ဖြစ်၏။

“မဟုတ်တာကွာ…ရုပ်မြင်သံကြားဆိုမှတော့…အရုပ်လည်း မြင်ရသကွာ–အသံလည်း ကြားရသကွာ…အရေးကြီးတာက လေတိုင်ကွ…လေတိုင်ကဖမ်းတာ…အသံနဲ့ အရုပ်ကို လေတိုင်က ဖမ်းပြီး ပြန်ထုတ်လိုက်တော့အရုပ်လည်းမြင်ရတယ်…အသံလည်း ကြားရတယ်…”

“လေတိုင်မပါတဲ့ စက်လည်း ရှိတာပဲဗျ…မတ္တရာမှာ ကျုပ်မြင်ခဲ့ပါ့–လေတိုင် မပါပါဘူးဗျာ…လေးကြာစွယ် မတွေ့ဖူးလို့နေမှာပါ…”



“ငါ နရင်းထအုပ်လိုက်ရ…ငါးရိုးကြီးလို ထောင်ထားတာ လေတိုင်ပေါ့ကွ…အဲသည် ငါးရိုးက လေထဲရှိနေတဲ့ အရုပ်နဲ့အသံကို လိုက်ဖမ်းတာဗျား…သူက အားကောင်းတော့ တစ်ခါတည်း မိလာတာပဲ…ရှောင်မဖြစ်ဘူး”

မပုန်းရည်က အိပ်ရာထဲမှာပဲ ပြုံးရပါ၏။ ကိုကြာစွယ်က ဆရာလုပ်နေတာပါလား။ နတ်ရေကန်မှာ ဘယ်လောက်ကြာကြာ နေရဦးမှာပါလိမ့်။ အဘိုးလေးသတော့ ကျောင်းပြောင်းလျှောက်စေချင်သတဲ့။ မပုန်းရည်ပင် နတ်ရေကန်ရွာကျောင်း၌ လုပ်သက်နှစ်နှစ်ကျော်ပြီဆိုတော့ လျှောက်ခွင့်ရှိပြီ။ ကျောင်းဆရာမတစ်ယောက်အဖို့ရာ တစ်ကျောင်းက တစ်ကျောင်းပြောင်းရတာ ဆန်းလှတာတော့ မဟုတ်ပါ။ မပုန်းရည်ကိုယ်တိုင်က သည်ရွာကလေးနှင့် အဆင်တပြေ ဖြစ်နေလို့ မပြောင်းရွှေ့ချင်သေးပါ ဆိုလို့လည်း ငြင်းဆန်မရသလို၊ အဆင်မပြေလို့ ပြောင်းချင်လှချည့်လို့လည်း ကြောင့်ကြသာပါ။ ဝန်ထမ်းဆိုတာ စေရာသွား၊ ပျော်အောင်နေ၊ တာဝန်ကျေအောင် လုပ်ဖို့သာရှိသည်။ အခုတော့ နတ်ရေကန်က ရွှေ့ဖို့ မပုန်းရည်ကို အခြေအနေကပဲ တောင်းဆိုလာခဲ့ပြီ။ မပုန်းရည် ဘာလုပ်ရမလဲ။ သက်ပြင်းကိုသာ ဖွဖွချမိရပါ၏။

□

ကျောင်းတွေ ပြန်ဖွင့်ပြီ။ ဖွန်လဆန်းဆိုတော့ နေကလည်း ဝက်ဝက်ကွဲသည်။ မပုချင်တော့လည်း မိုးကလေး အုံ့ပျက်ပျက်နှင့် အပူကလေး တအောင့်ငြိမ်းရပါ၏။ စာသင်ကျောင်းကလေးကို သန့်ရှင်းရေးလုပ်ကြသည်။ ကျောင်းစည်းရိုးတွေပြန်မတ်ကြသည်။ အလံတော်ကို ကျောင်းရှေ့မှာ လွှင့်ထူကြရပြီ။ အတန်းလိုက်တွေ ရွှေ့ကြ၊ ကျောက်သင်ပုန်းတွေ အရောင်ပြန်တင်ကြ၊ ကျောင်းအပ် လက်ခံရနှင့်များတလုံးလုံး ရှိကြရပါ၏။ ကျောင်းပတ်ဝန်းကျင်မှာ စိုက်ပျိုးထားသော သစ်ပင်လေးတွေ စိုစိုစိမ်းစိမ်းမြင်ရတော့ နွေရာသီကျောင်းပိတ်ရက် တစ်လျှောက်လုံး ဘယ်သူများ ရေလောင်း ပေါင်းသင် စောင့်ရှောက်ခဲ့ပါလိမ့် တွေးမိသည်။ လေးပန်းဆီပဲ ဖြစ်မှာပေါ့။ ကျောင်းရှေ့ တာလမ်းကလေး မြင့်နေတာလည်း မပုန်းရည် သတိထားမိပါ၏။ ဆရာကြီး ဦးခင်ဖေက မနက်ပိုင်းတစ်ပိုင်း ရောက်ရောက်လာကာ နေ့ခင်းဘက်တော့ သူ့စက်ဘီးကလေးနှင့် ပြန်သွားလေ့ရှိပါ၏။

“ဆရာမတို့…ဘာရှိဦးမလဲ…ကျွန်တော် ပြန်ဦးမယ်…အသွားကြီးလည်းမကျန်းမာဘူး…မတ္တရာကို ဆေးသွားထိုးပေးနေရတယ်…ဒေါ်မြင့်မြင့်စိန်သော့ယူထားပါ…ရန်ပုံငွေထဲက သုံးစရာရှိတာသုံးပါ…ဝယ်စရာ ဘာရှိဦးမလဲ…”

www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘူး ဆရာကြီး…ကလေးတွေ အိမ်သာထရံခွေးတွေတော့ လဲလိုက် ချင်တယ်…ပြီးတော့ ထုံး နှစ်အိတ် သုံးအိတ်လောက်လည်း လိုမယ် ကျန်တာ ပြည့်စုံပါပြီ"

"လုပ်ပါဆရာမ…စာရင်းမှတ်ပြီး သုံးပါ…ဆရာမ ခေါ်ပုန်းရည် လုပ်ချင်တာ ရှိတော့လည်း ပြောပေါ့"

"ဟုတ်ကဲ့ ဆရာကြီး…ဆရာကြီးကတော် ကျန်းမာရေးသာ ဂရုစိုက်ပါ ရှင်…"

"လူကြီးတွေဆိုတော့ သည်လိုပေါ့လေ…အပမှီသလိုပေါ့ ဆရာမရယ်"

ဆရာကြီး စက်ဘီးစီးထွက်သွားသည်အထိ မပုန်းရည် လိုက်ကြည့်နေမိသည်။ ဆရာကြီး ပင်စင်နီးပြီ။ ရွာမှာတော့ အိုးပိုင်အိမ်ပိုင်ရှိလို့ တော်သေးသည်။ သားသမီး တွေကချည်း ခြောက်ယောက်ရှိပြီး တချို့လည်း အိမ်ထောင်ကျကြပြီ။ သမီးအငယ် နှစ်ယောက် ကျန်နေသေးသဖြင့် သူတို့ကပဲ လုပ်ကျွေးကြသည်။ ရွာမှာ အိမ်ဆိုင်ဖွင့် ထားခြင်းဖြစ်၍ သားအဖလေးယောက် အဆင်တပြေတော့ ရှိသည်ဆို၏။ ပင်စင်လစာ အနည်းအကျဉ်းနှင့် ဘဝနောက်ဆုံးအချိန်အထိ နေရတော့မည်။ ကျောင်းဆရာဆိုတာ ကျောင်းနှင့် အသက်ရှင်ရခြင်းဖြစ်သည်။ ကျောင်းနှင့် အသက်ရှည်ရခြင်းလည်းဖြစ်သည်။ ကျောင်းခေါင်းလောင်းသံကပဲ အားဖြစ်ရသည်။ ကလေးတွေ ကျောင်းက ထွက်သွား ကြသော်လည်း ကျောင်းခေါင်းလောင်းနှင့် ဆရာ၊ ဆရာမတွေကတော့ ဆရာ၊ ဆရာမ အဖြစ် ကျန်ရစ်ရမြဲ။

"မပုန်းရည် ဘာတွေ တွေးနေတာလဲ"

"သြော်…ဆရာကြီး ပြောဖူးတဲ့ သူ့မိသားစုအကြောင်း တွေးနေတာပါ တော်သေးတာပေါ့ သမီးနှစ်ယောက်ရှိလို့…ပင်စင်လစာဆိုတာ ဘာ ရှိတာမဟုတ်ဘူးလေ…"

"ဟုတ်တာပေါ့…မုအုပ်ဆိုတော့ ပိုဆိုးတာပေါ့…သားတစ်ယောက်က ကိုမျိုးသွင်တို့စက်ရုံမှာ လုပ်နေတာလေ…သူ့အိမ်ထောင်နဲ့သူပါ…ကိုမျိုးသွင် ဆိုလို့ ရန်ကုန်မှာ တွေ့ကြသေးလား…မမစိန်ကို လိပ်စာ ဖွတ်တောင်း ပေးလိုက်ရတယ်"

"ပြောပါတယ်…အိမ်ကိုလာတာပါ…ကျွန်မကို ချစ်ခွင့်တောင်းတယ် မစိန် ကျွန်မ ငြင်းလိုက်တယ်…ဒါပါပဲ…သူလည်း ပြန်သွားတယ်"

"သြော်…"



ဒါပါပဲ။ မပုန်းရည်က သည့်ထက် ပိုမပြောချင်။ မပုန်းရည်အဖို့ရာတော့ သည်အကြောင်းအရာက အမှတ်ထင်ထင်ကိစ္စမဟုတ်။ ပြီးခဲ့တာ ပြီးပြီ။ မမစိန်ကလည်း ထပ်မမေးတော့။ မပုန်းရည်ကိုတော့ ထူးဆန်းသည့်သတ္တဝါတစ်ကောင်လို ကြည့်နေ သည်။ နေ့ခင်း ထွမင်းစားပြီးချိန်မှာတော့ ကျောင်းမှာ လုပ်အားပေးကူကြသူအားလုံးကို ဆရာတော်က ခေါ်ခိုင်းကာ ထမင်းကျွေးသည်။ ဆရာတော်ကြီးကိုယ်တိုင် ထမင်းဝိုင်း လာကြည့်တော်မူသည်။ စားလိုက်ကြတာများ အိုးပင် လှူးရတော့သည်။ ကျောင်းထမင်း ကျောင်းဟင်းဆိုသော်လည်း ဟင်းခွက်တွေက စုံလှ၏။ ငါးခြောက်ဆီပြန်ချက်နှင့် ပဲကြာဆံချက်က ဆရာတော် ချက်ခိုင်းသဖြင့် ဒကာအချို့က ကျောင်းမီးဖိုမှာ လာချက် ပေးကြခြင်းဖြစ်သည်။

"ကလေးတွေ ဝကြရဲ့လား…ကိုကံရတို့တစ်တွေကော စားကောင်းကြရဲ့ လား…ဘုန်းကြီး ထပ်ချက်ခိုင်းမယ်လေ…ပန်းဆီ ထမင်းထပ်ထည့်ဦးလေ"

"ဝပါပြီဘုရား…စားကောင်းလို့ နယ်ဖတ်စားလိုက်တာ…အများနဲ့ဆိုတော့ ထမင်းမြိန်ပါ့ဘုရား…ကျောင်းက မပြီးသေးဘူးဘုရား…သန်ဘက်ခါလောက် စာသင်ဖြစ်အောင် သည်နေ့နဲ့ မနက်ဖျင် နှစ်ရက်အတွင်း လုပ်ပေးကြတာ ပါဘုရား…"

"ကောင်းတယ်…သစ်တိုသစ်စ လိုချင်ရင် ကျောင်းအောက်မှာ ရှာယူ… သံယောင်းတွေလည်း အိုးနဲ့တစ်လုံး ဆီစိမ်ထားတယ် ကြားလား…"

"တင်ပါ့ဘုရား…"

ညနေ သုံးနာရီထိုးတော့ မမစိန်နှင့် မပုန်းရည်တို့ အိမ်ပြန်ခဲ့ကြသည်။ မစိန်က ဘိုးကြီးတို့အိမ်ဝအထိ လိုက်ပို့ပြီးမှ ပြန်သည်။

"မပုန်းရည်ရေ…သည်နှစ် မပုန်းရည်က လေးတန်းနဲ့ သုံးတန်း တွဲကိုင်ရ မှာတဲ့…မမစိန်က သူငယ်တန်း ကိုင်မယ်…မောင်တက်လူက ပထမတန်း ယူမလား၊ ဒုတိယတန်း ယူမလား မသိဘူး…သူ မယူတဲ့အတန်း မမစိန် တွဲကိုင်ရမှာပေါ့…"

တကယ်တော့ သူငယ်တန်း ဆရာ၊ ဆရာမတွေက ပင်ပန်းကြသည်။ စာမ တတ်သေးသည့် ကလေးတွေကို လက်ချင်းထပ်ပြီး ဝလုံးကလေးတ ...သင်ပေး တာဆိုတော့ အရေးကြီးပါ၏။ လက်ရေးလက်သား ရေးထုံးသတ်ပုံ... တန့်... လက်လှည့် တစ်ယောက်ချင်း ရင်ခွင်ထဲထည့် သင်ရသည့်အတန်းဖြစ်သည်။ ... အထိုင်း သူငယ်တန်းကိုတော့ မအပ်မဖြစ် အပ်ကြမြဲဖြစ်၏။ ...

www.burmeseclassic.com



သည့်အရွယ်ရောက်တော့ ကျောင်းနုတ်သူက နုတ်ကြသည်။ သည်နှစ်တော့ ရွာက ကျောင်းဘက် စိတ်လည်လာကြလို့ ဝမ်းသာကြရပါ၏။

"ရပါတယ် မမစိန်ရယ်... ကျွန်မလည်း ဝိုင်းမှာပေါ့...ကိုင်း သွားရအောင်...ကလေးတွေ မျှော်ကြရောမယ်"

"ကလေးတွေက မမျှော်ဘူး...ဖအေက မျှော်မှာ...မမစိန်ပြန်မှ သူသွားစရာရှိတာ သွားရမှာဆိုတော့ ပြေးလိုက်ဦးမယ်"

အိမ်မှာ မကြာဥနှင့် ကိုကြာစွယ်မောင်နှမ မရှိကြ။ လယ်ထဲ ဆင်းကြပုံပေါ်သည်။ ဘိုးကြီးနှင့် ဘွားကြီးက ငုတ်တုတ်။ မီးဖိုထဲမှာ ကြာဖြူက ထမင်းအိုးတည်နေပုံရသည်။ ကြာနီက ပြေးထွက်လာကာ မပုန်းရည် လက်ဆွဲခြင်းကို ယူပြီး အိမ်ပေါ်သွားတင်ပေးသည်။ သည်နှစ် ကြာနီက မပုန်းရည်အတန်းမှာ တက်ရမည်။ ကြာနီက ကြာဖြူလိုမဟုတ်။ အုံနွေးနွေးနှင့် ချက်ချာသော ကလေးမလေးဖြစ်သည်။ ဘိုးကြီးတို့ကို နှုတ်ဆက်ပြီး မပုန်းရည် အိမ်ပေါ်တက်ခဲ့သည်။ ဘုရားစင်မှာ ကြာစရမ်းပွင့်တွေ ဝေလို့ပါလား။ ကိုကြာစွယ် သွားခူးတာပဲဖြစ်မည်။ ဘုရားပန်းကိုတော့ မကြာဥလဲတာ ဖြစ်လောက်သည်။ ကိုကြာစွယ်က အိမ်ပေါ်တက်ဖို့ဝေးစွ။ လှေကားရင်းဝင်လာရပ်သူ မဟုတ်။ မပုန်းရည်က ပြတင်းဝကနေ အရှေ့ကို မျှော်ကြည့်လိုက်သည်။ လယ်ကွင်းတွေမှာ ကောက်ပင်တွေ စိမ်းစိမ်းစိုစို တစ်မျှော်တစ်ခေါ်။

*'ပျိုလေးတို့ ကောက်စိုက်ရာ၊ လိုက်လာနှင့်လေး၊ လိုက်လာလျှင် ရွှံ့ခင်းရောမယ်၊ မောင်းကြောယဉ်သွေး...'*

မပုန်းရည်ရင်ထဲ ရောက်လာသည့်ကဗျာ။

□

ကျောင်းတွေ ဖွင့်ပြီဆိုတော့ ရွာကလေးလည်း လှုပ်လေပြီ။ မနက်မိုးလင်းလျှင် ရွာလမ်းလည်း လူစည်ပြီ။ လယ်ထဲ ကိုင်းထဲ ဆင်းကြသူ၊ ကျောင်းသွားကျောင်းလာ ရှိကြသူတို့နှင့် အသံတဟိုဟို တေးတကြော်ကြော်။ ပြီးခဲ့သည့်နှစ်က စတုတ္ထတန်း အောင်မြင်သွားကြသော မပုန်းရည် တပည့်ကလေးတချို့ လွန်တောင်း အ-လ-က ကျောင်းကို ပဉ္စမတန်း သွားကြရသည်။ ခရီးတစ်တိုင်ကျော် ဝေးသည့် ကျောင်းကို ကျောင်းသွားတက်ကြရတာဆိုတော့ နတ်ရေကန်ရွာအဖို့တော့ စွန့်စားမှု ဖြစ်သည်။ စက်ဘီးရှိသူတွေက စက်ဘီးစီးတက်နိုင်ကြသော်လည်း စက်ဘီး မရှိသူကတော့ နှစ်မိုင်ခရီးကို ခြေကျင်လျှောက်သွားရမည်။ အသွားအပြန်ဆိုတော့ လေးမိုင်ကျော် ငါးမိုင်။ ကလေးတစ်ယောက်အဖို့ရာ ဝေးလွန်းသောခရီး ဖြစ်ပါ၏။ နွေဆိုတော့



ပူလောင်လောင်၊ ဆောင်းဆိုတော့ ချမ်းချမ်းစီးစီး။ မိုးများရွာလျှင်တော့ စိုစိုစွတ်စွတ်။ ငါးတန်းအရွယ် ကျောင်းသူ ကျောင်းသားကလေးတွေအဖို့ရာတော့ ခရီးကြမ်း ဖြစ်ရပါ၏။ ဒါကို စဉ်းစားမိပြန်တော့ မပုန်းရည် စိတ်မချမ်းသာပြန်။ မအောင်သေးသည့် ကလေးတွေ အတွက် စိတ်နှစ်ထားသလို၊ အောင်မြင်ပြီးလို့ ကျောင်းက ခွာသွားကြသူတို့အဖို့ရာလည်း စိတ်ရောက်ရတာပါလား။ ကျောင်းဆရာစိတ်ဆိုတာ ဒါပဲထင်ပါရဲ့။

ထိုမနက်က မပုန်းရည် သင်ခန်းစာကို စ,မကိုင်သေးဘဲ ကဗျာကလေးတွေသာ သင်ပေးနေခဲ့သည်။ ကျောင်းစိတ်ကလေး စ,သွင်းပေးချင်လို့ ဖြစ်၏။ မပုန်းရည်က ကဗျာတစ်ပုဒ် ကျောက်သင်ပုန်းပေါ် ရေးလိုက်သည်။ ဆရာကြီး မင်းသုဝဏ်၏ ကဗျာ။

**ပုခက်တွင်း**

**နေမင်းဖန်ငါ ယွန်းတော့ရှာ**
**အိပ်ပါလူလေး မယ့်ရင်သွေး**
**ယီးလေလေ့ ယီးလေလေး။**
**ငှက်မ ငှက်ဖို သိုက်မြုံရို**
**သံချိုကြွေး အိပ်ပြီလေး**
**ယီးလေလေ့ ယီးလေလေး။**
**ရန့်မထုံ ပန်းဝတ်မှုန်**
**ပန်းငုံမှာကွေး အိပ်ပြီလေး**
**ယီးလေလေ့ ယီးလေလေး။**
**လမင်းသော်တာ ရောင်ခြည်ဖြာ**
**အိပ်ပါလူလေး မယ့်ရင်သွေး**
**ယီးလေလေ့ ယီးလေလေး။**

မပုန်းရည်က တစ်ပိုဒ်ချင်း အသံထည့်ဆိုပြသည်။ လေး,ငါးခါလောက် ချပေးလိုက်တော့ အသံနေ အသံထားနှင့် ဆိုနိုင်ကြပြီ။ ဆယ်ခေါက်လောက် ချအပြီးမှာတော့ မပုန်းရည် မပါတော့။ ကလေးတွေချည်း လွှတ်ပေးလိုက်သည်။ ယီးလေလေ့ ယီးလေလေးတွေမှာတော့ အသံတွေ ကျယ်လွန်းကြလှသည်။ မျက်နှာတလေးတွေ ပြုံးကြပြီ။ အသံကလေးတွေ စီစီရီရီ။ စာသင်ကျောင်းက ကဗျာရွတ်သံ၊ ကဗျာတာ သွယ်ကူရှင်းလင်းသော်လည်း မပုန်းရည် ရှင်းပြရဦးမည်။ ခဏ အနားပေးတာ စာအုပ်ထဲမှာ ကူးရေးခိုင်းလိုက်သည်။ အားလုံးပြီးတော့ တစ်ခေါက်ဆိုခိုင်းရပြန်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဗျာနာမည်က ဘာတဲ့လဲ…"

"ပုခက်တွင်း…"

"ပုခက်တွင်းဆိုတာ ဘာကိုပြောတာလဲ…ဆရာမကို ပြောပြပါဦး…"

"ပုခက်စီးတာ…"

"ပုခက်လွှဲတာ…"

"ပုခက်ဆင်ပေးတာ…"

ကလေးတွေက တစ်ယောက်တစ်ပေါက်။ မပုန်းရည် ခေါင်းချည်း ညိတ်ပြတော့ ဗိုလ်သာ အော်ကြတော့သည်။ သည်ကလေးတွေ ပုခက်ကို မသိစရာမရှိ။ အိမ်ထောင်စုတ်၊ အဖေပုဆိုးစုတ်ကို ပုခက်ဆင်ကာ အိပ်ခဲ့ကြဖူးသူတွေချည်း မဟုတ်လား။

"မင်းတို့ငယ်ငယ်က ပုခက်စီးခဲ့ရသလား…"

"စီးခဲ့ရပါတယ် ဆရာမ"

"ဟုတ်ပြီ…ပုခက်တွင်းဆိုတာ ကလေးတစ်ယောက်ကို မအေက ပုခက်ထဲ ထည့်သိပ်ပြီလို့ ပြောတာ…ပုခက်ထဲရောက်ပြီပေါ့…အိပ်ချင်လို့ မှည်နေတဲ့ သားလေး သမီးလေးကို အမေက ပုခက်ကလေးထဲထည့်ပြီး လွှဲတော့မှာ လေ…ဘယ်အချိန်လဲဆိုတော့…"

"အိပ်ချင်တဲ့အချိန်…"

မပုန်းရည် ပြုံးသည်။ ဟုတ်သားပဲ။ ပုခက်ထဲထည့်ချိန်က မနက်လည်း ဖြစ်နိုင်တာပဲ။ နေ့ခင်းလည်း ဖြစ်နိုင်တာပဲ။ ညနေလည်း ဖြစ်နိုင်တာပဲ။ ကလေး အိပ်ချင်တဲ့အချိန်ပေါ့။

"ဟုတ်တယ်…ကလေးဆိုတော့ အမေ့နို့ဝရင် အိပ်တော့တာလေ— အိပ်ချင်တဲ့အချိန် အိပ်တာပေါ့…ဒါပေမဲ့ သည်ကဗျာမှာတော့ ညနေစောင်းကို ပြောတာကွယ့်…ဘာတဲ့လဲ…နေမင်း ဖန်ဝါယွန်းတော့ရှာတဲ့…ညနေခင်း နေမင်းကြီး ထွက်သွားတော့မယ့်အချိန်လို့ ပြောတာ…ယွန်းတယ်ဆိုတာ ထွက်သွားပြီ ရွေ့သွားပြီ ပြောင်းသွားပြီလို့ ပြောတာ…မှတ်ထားနော်"

"မှတ်ထားပါတယ် ဆရာမ…"

"မအေက သားလေးကို ပုခက်ထဲထည့်ပြီး နေမင်းကြီး ဝင်သွားပြီ— သားလေး အိပ်ချိန်ကျပြီ အိပ်ပါတော့ကွယ်လို့ ချော့တာပေါ့…မင်းတို့ ငယ်ငယ်က အမေက ပုခက်ထဲထည့်ပြီး အဲသလို ချော့တာ…ယီးလေလေ့…ယီးလေလေး…"



ကလေးတွေပင် မျက်တောင်စင်းလာကြရော့လား။ အားလုံး ငြိမ်သက်သွားကြသည်။ မျက်လုံးကလေးတွေက တောက်တောက်စားစား။ ပါးစပ်ကလေးတွေက မှုင့်တပွင့်။ ယီးလေလေ့ ယီးလေလေး။ ယီးလေလေ့ ယီးလေလေး…။ မပုန်းရည်က တစ်ပိုဒ်ချင်း ရှင်းပြပါ၏။ ငှက်ဖို ငှက်မတွေကလည်း အိပ်တန်းဝင်ကြပြီ။ ပန်းဝတ်မှုန်တွေလည်း ရနံ့သိမ်းကြပြီ။ ကောင်းကင်မှာ လမင်းကြီးလည်း သာပြီ။ မပုန်းရည် တစ်ခေါက် ဆိုခိုင်းတော့ အသံကလေးတွေမှာ ခံစားမှုတွေ ပါခဲ့ပြီ။ လွမ်းစရာပင် ကောင်းလှသည်။ မမစိန်ပင် အခန်းကူးလာပါ၏။

"မပုန်းရည်က စာသင်တတ်လိုက်တာကွယ်…မမစိန်တောင် စာသင်ရပ်ပြီး နားထောင်နေတာ…ကလေးတွေ နှုးညံ့သွားမှာ သေချာတယ်…မမစိန် အတန်းလည်း လာသင်ပေးပါဦး…အဆင်ပြေတဲ့အချိန်ပေါ့"

"သင်ပေးမှာပေါ့ မမစိန်ရဲ့…သူတို့ နားလည်လောက်တဲ့ ကဗျာတွေကို သူတို့ခံစားနိုင်လောက်တဲ့ စကားလုံးနဲ့ သင်ပေးရင် သူတို့ရင်ထဲ ရောက်တာပေါ့"

နေ့ခင်း ထမင်းစားပြီး ကျောင်းပြန်တက်တော့ ကဗျာတစ်ပုဒ် ထပ်ရေးသည်။ 'ပန်းသည်'…။ ဆရာကြီး မင်းသုဝဏ်၏ ကဗျာပါပဲ။

'မောင်လေးရေ ထပါတော့

ရောင်နီလာလှမယ့်။

တစ်ကျော့ နှစ်ကျော့ တေးကိုသီ

ငှက်ကျားနှုတ်ပလီ။

တောင်ဆီနားက ခရေပန်း

ပင်အောက်ကြွင်လို့လန်။

ပန်းလေးယူခဲ့ မောင်လေးရယ်

သွားတောက်ချေစို့တွယ်။

ပန်းသည်လုပ်စို့ တပြုံးပြုံး

ပန်းတွေ တတုံးကုံး'

ကျောက်သင်ပုန်းပေါ် ကဗျာရေးပြီး အလှည့်မှာ ကျောင်းဝဆီက ကလေး တစ်ယောက် လက်ဆွဲလာသော မိန်းမသားတစ်ဦးကို မပုန်းရည် လှမ်းမြင်လိုက်ရသည်။ ကျောင်းကိုလာလို့သာ ကျောင်းဝင်းထဲ ဝင်လာခြင်းဖြစ်ရာ၊ မပုန်းရည် အခန်းဝ ထွက်စောင့်လိုက်သည်။ ကလေးတွေ ကဗျာကူးနေကြတုန်း။

www.burmeseclassic.com

www.burmeseclassic.com



“မကြေးမှုင်နဲ့ ပုကျစ်”

မကြေးမှုင်...။ ကြေးညော်တွေလိုက်နေသည့် အဝတ်အစားနှင့် အဆိုပြီး ချုတ်နှာ။ ဆံပင်တွေက လွင့်လို့။ မပုန်းရည်က ကျောင်းရုံးခန်းဘက် ခေါ်လာခဲ့သည်။ ရေသောက်ကြဦးဆိုတော့ မငံ့မရဲ။ အတင်းသောက်ခိုင်းမှ သားအမိနှစ်ယောက် တစ်ခွက် စီသောက်ကြပါ၏။ မကြေးမှုင်က ပုကျစ်ကို လှမ်းကြည့်တော့ ပုကျစ်က ထိုင်ကန်တော့ သည်။

“မနက်က လာဖို့ပါ ဆရာမရယ်...ဘဲရှင် ရောက်လာလို့ မထွက်ရတော့ ပါ...ခုမှ တဲသားက မစန်းအပ်ခဲ့ပြီး လာကြတာ...ဆရာမကို ကန်တော့ ချင်လို့...ဆရာမကျေးဇူး ကြီးပါရဲ့ ဆရာမရယ်...”

“ရပါတယ်ရှင်...မကန်တော့ရပါဘူး...ပုကျစ် စာမေးပွဲအောင်လို့ ဝမ်းသာ နေတာ...အဆင်ပြေကြရဲ့လား...ကျွန်မလည်း ရန်ကုန်က ပြန်ကတည်းက ဘဲတဲစုဘက် မရောက်ရပါဘူးရှင်”

“ပုကျစ်ကို လွန်တောင်းကျောင်း ဆက်ထားမလို့ ဆရာမ...အဲဒါလည်း ပြောရင်း...”

“အို...ဟုတ်လား...ဝမ်းသာလိုက်တာရှင်...ပြောပါဦး...”

နွေကျောင်းပိတ်ရက်တစ်ရက်မှာ ကိုမျိုးသွင် ဘဲတဲစုကို ရောက်လာခဲ့သည် ဆို၏။ ပုကျစ်အပါအဝင် တစ်ကျောင်းလုံးက စတုတ္ထတန်း ကျောင်းသူ ကျောင်းသားတွေ အောင်သည်ဟု ကြားကြောင်း၊ ပုကျစ်ကို လွန်တောင်းကျောင်းမှာ ကျောင်းဆက်ထား စေချင်ကြောင်းနှင့် ငွေတစ်သောင်းပေးသွားကြောင်း၊ ပုကျစ်ပင်မက ဘဲတဲစုက လေးတန်း အောင် ကလေးတွေကိုလည်း ထောက်ပံ့မည်ဆိုကြောင်း၊ သို့သော် ဘဲတဲစုက ကလေး တွေ ကျောင်းဆက်မတက်တော့သည့်အကြောင်း၊ ပေါကြွယ်က ဘဲကျောင်းလိုက်နေပြီး တင်ပုက ဈေးရောင်းနေပြီဖြစ်ကြောင်း၊ ခင်ဝိုင်းကတော့ နတ်ရေကန်က တောင်သူအိမ်မှာ ကူဖော်လောင်ဖက် လုပ်နေသည့်အကြောင်း၊ ပုကျစ်ကိုတော့ ကိုမျိုးသွင် မထောက်ပံ့ လည်း ဖြစ်သည့်နည်းနှင့် ကျောင်းဆက်ထားမှာ ဖြစ်ကြောင်းတွေ မကြေးမှုင်က ပြောပြသည်။ မပုန်းရည် ဝမ်းသာရပါ၏။ မကြေးမှုင်ကိုလည်း စိတ်ထဲက ကြိတ်၍ ချီးကျူးမိသည်။

“ဆရာကိုမျိုးသွင်က ကျောင်းသာ အပ်လိုက်ပါတဲ့...နောင်လည်း ဆက် ထောက်ပံ့မတဲ့......သူ့တပည့် ကိုသာဥာဏ်ဆိုလား လွှဲခဲ့မတဲ့...လောလော ဆယ် ကလေးကျောင်းအပ်ဖို့နဲ့ စာအုပ်၊ ခဲတံ၊ ကျောင်းဝတ်စုံ ဝယ်ပါတဲ့-



ပြောသွားသေးတာ ဆရာမရဲ့...ကျွန်မဖြင့် ကျေးဇူးတင်လွန်းလို့ တုန်တောင် တုန်တယ်”

“လွန်တောင်းကျောင်းဆိုတော့ စက်ဘီးလိုမှာပေါ့...ပုကျစ်အတွက်လေ...”

“ပုကျစ်က လျှောက်နိုင်တယ် ဆရာမရဲ့...ကွင်းထဲ ဘဲဥလိုက်ကောက်ရင် လွန်တောင်း နှစ်ပြန်စာလောက် ရှိတာကိုး...ကျွန်မ ထမင်းထုပ်ပေးလိုက်မှာ...စောစောထသွားရမှာပေါ့”

မပုန်းရည်က မကြေးမှုင်ကို လေးစားစိတ်ဖြင့် ငေးနေခဲ့သည်။ မရှိဆင်းရဲ ဆင်းရဲ လှုစုန်းယိုး ခံရရှာသော်လည်း ဝမ်းမနာ သမီးကလေးကို ချစ်ရှာသည့် မိခင်စိတ် ပြည့်ရှိသူပါလားလို့လည်း အောက်မေ့ရသည်။ ရင်ထဲက လှိုက်တက်လာသည့် ကြည်နူးခြင်းက မျက်ရည်တွေ ဖွဲ့မိပြီ။

မပုန်းရည်က ကိုမျိုးသွင်ကို ကျေးဇူးတင်မိသည်။ လူပုဂ္ဂိုလ်အားဖြင့် မွန်ရည် ခင်မင်ဖွယ်ကောင်းသော စိတ်နှလုံးရှိသူအဖြစ် မပုန်းရည် ခင်မင်စကပင် သတိထားမိ သည်။ နတ်ရေကန်ကျောင်းကလေးမှာ လိုသမျှ ကူညီခဲ့တာကလည်း ကျေးဇူးတင် စရာ ကောင်းလှပါ၏။ ကိုမျိုးသွင်၏ ပင်ကိုစရိုက် ကြည့်ပြန်တော့ မြင်ရသလောက် အသောက်အစား ကင်းသည်။ စာပေ ကဗျာ နှံ့နှံ့စပ်စပ်ရှိသည်။ ရုပ်ရည်ရော ဥစ္စာပါ ပြည့်စုံသည်။ မိန်းမသားတစ်ယောက်အဖို့ရာ သည့်ထက်ပြည့်စုံနိုင်သည့် ဖူးစာဖက် ရှိနိုင်။ မပုန်းရည်ကတော့ ငြင်းဆန်ခဲ့သည်သာ။ မောင်းကုန်းရွာကိုပင် သူ့ဦးလေး ဆိုသူကို တကန်တက စေလွှတ်၍ အဘိုးလေးအတွက်ရော၊ မပုန်းရည်အတွက်ပါ လက်ဆောင်တွေ ပါးခဲ့သေးတာကိုလည်း သတိရလိုက်သည်။ ကိုမျိုးသွင်ကပဲ မှာလိုက် သလားတော့ မသိ။ မောင်းကုန်းကို မထင်မှတ်ဘဲ ရောက်လာခဲ့သော ထိုဧည့်သည် သည် စကားများများမပြောဘဲ ပြန်သွားခဲ့သည်။ ထမင်းကျွေးတာကိုပင် မစားခဲ့။

“ဆရာမ မိတ်ဆွေက ပို့ခိုင်းလိုက်လို့ပါ...ကျွန်တော်လည်း သည်ဘက် လာစရာရှိတာနဲ့ ယူလာခဲ့တယ်...ဆရာမ လိုအပ်တာရှိရင် ကျွန်တော်နဲ့ မှာလိုက်ပါ”

“မလိုတော့ပါဘူးရှင်...ကိုမျိုးသွင်ကို ကျေးဇူးတင်ကြောင်း ပြောပေးပါ... ကျွန်မလည်း ကျောင်းတွေဖွင့်ရင် ပြန်တော့မှာ ဆိုတော့လေ...ဘာမှ ခိုင်း စေချင်တော့ပါဘူး...ရောက်လက်စနဲ့ ထမင်းသုံးဆောင်ပါဦးရှင်...”

“မစားတော့ပါဘူးခင်ဗျ...ကျွန်တော်လည်း ခရီးဆက်ရဦးမှာမို့ပါ...ခွင့်ပြု ပါဦး...”

www.burmeseclassic.com

www.burmeseclassic.com



အဘိုးလေးရှေ့မှာ သည်လောက်နှင့် ပြီးခဲ့ရသည်။ အဘိုးလေးကလည်း ဘာမှမမေးပါ။ အခုလည်း ပုဏ္ဏစ်အတွက် အဝတ်အစားနဲ့ စာအုပ်တွေ ဝယ်ဖို့တဲ့ နောင်လည်း လှူလွှတ်ပို့နိုင်းလိုက်ဦးမတဲ့။ သည့်အတွက်တော့ ကျေးဇူးတင်ပါတယ် ကိုမျိုးသွင်ရယ်။ နောက်ထပ် နောက်ထပ်လည်း ကူညီလိုက်ပါဦးရှင်...။ မပုန်းရည် ရင်ထဲက စကားတွေ။ မကြေးမှုင်တို့သားအမိ ပြန်သွားတော့လည်း မပုန်းရည်ရင်ထဲ နွေးနေခဲ့သည်။

"သည်ဘဝတော့ 'ရန့်မထုံ ပန်းဝတ်မှုန် ပန်းငုံမှာကွေး အိပ်ပြီလေး' ပေါ့ ကိုမျိုးသွင်ရယ်...ရှင့်စိတ်နှလုံးကိုတော့ လေးစားလျက်ပါရှင်...ဘဝကြင်ရာ ကောင်းနဲ့ တွေ့ပါစေလို့ ဆုတောင်းပါတယ်"

ကလေးတွေ ကဗျာကူးပြီးကြပြီ။ မပုန်းရည် အတန်းဘက် လျှောက်လာ ပါ၏။ ကလေးတွေက တပြုံးပြုံး။

"ကဗျာနာမည်က 'ပန်းသည်'တဲ့...ကိုင်း နားထောင်..."

၈

နတ်ရေကန် ရွာကလေး၏ ညသည် ခါတိုင်းလိုပင် အေးအေးလူလူ မှိုင်း ခဲ့သည်။ လမိုက်ရက်မို့ လရောင်ကြည်ကြည်ကိုတော့ မခံစားရ။ ရွာလမ်းတစ်လျှောက် ဟိုကူး သည်ကူး လျှောက်ပြန်သံပေး အချို့ကလွဲ၍ လူသူမရှိတော့။ မပုန်းရည်တို့ အိမ်ကြီးပေါ်က တစ်ခါတစ်ရံ လေသင့်လျှင် ကြားရတတ်သော ဘဲတဲစုကွင်းဆီက သီချင်းသံတွေပင် တိတ်ဆိတ်သွားလေပြီ။ ထိုညက မပုန်းရည်နှင့် မကြာဥက စောစော အိပ်ရာဝင်ခဲ့ကာ စကားတွေ ပြောဖြစ်ခဲ့သည်။ ည၌ကလေး နက်လာတော့ မှန်အိမ် မြှိမ်းကာ အိပ်ရာဝင်ခဲ့ကြပါ၏။ မပုန်းရည်ကတော့ ချက်ချင်းအိပ်မပျော်ပါ။ မကြာဥ တတော့ ချက်ချင်းကြီး အိပ်မွေ့ချခံရသလို အိပ်ပျော်သွားခဲ့သည်။

ရုတ်တရက် ကြားလိုက်ရသော ပေါက်ကွဲသံကြောင့် မပုန်းရည် ထထိုင်လိုက် မိသည်။ ဘာသံလဲ။ မီးရထားလမ်းဘက်ဆီက များလား။ အသံက ကျယ်လောင်လှ သဖြင့် မကြာဥပင် နိုးသွားပုံရသည်။ မှန်အိမ်ထထွန်းကာ ပြတင်းပေါက်ဆီ ထသွား သည်။ လူအော်သံလိုလို ကြားလိုက်ရချိန်မှာတော့ မကြာဥ လုံးလုံးကြီးနိုးသွားပြီး ထိုင်နေသည့် မပုန်းရည်ကို အတင်းထခိုင်းတော့သည်။

"ဆရာမ...ထ ထ...မားပြတိုက်တာနေမှာ...အနောက်ချောင်ကလည်း ကျွန်မထင်တာတော့ လေးပေါ်လာတို့အိမ်ဘက်က ထင်တယ်...သူတို့အိမ် အစွန်ကျတယ်...လာ လာ...အောက်ဆင်းရအောင်..."



ဓားပြဆိုတော့မှ မပုန်းရည် ရင်တွေ့တလှပ်လှပ်ခုန်တော့သည်။ စောစောက ပေါက်ကွဲသံက သေနတ်သံပေါ့။ ဓားပြတွေက သေနတ်ကိုင်ကြပြီဆိုကတည်းက တော်ရုံဓားပြတွေ မဟုတ်နိုင်။ မပုန်းရည် တွေးနေဆဲမှာပင် နောက်ထပ် ပေါက်ကွဲသံ မြည်မြည်ကြီး ကြားလိုက်ရပြန်သည်။ မကြာဥက မှန်အိမ်ကို ကမန်းကတန်း မြှိမ်းလိုက် တော့ မှောင်ပိန်းသွားလေသည်။ မပုန်းရည်က လက်နှိပ်မီး အားပြုကာ အောက်ထပ်ကို မကြာဥနှင့်အတူ ဆင်းလာခဲ့သည်။ အောက်ထပ်က ရွာသဘာဝ တံခါးရယ် ဘာရယ် မရှိတော့ လှေကားဆင်းသည်နှင့် တန်းဝင်လာခဲ့ကြသည်။

"ကြာစွယ်...ကြာစွယ်...နေဦး ဆရာမ...ကျွန်မ ရွှေတွေ တက်ယူရဦးမယ်...အမေ...အမေ...အမေ...ထကြဦး...အနောက်ချောင်မှာ ဓားပြဝင်နေပြီ...ဆရာမ မီးယူထား...အမေတို့ နိုးထားစမ်းပါ...ကျွန်မ ကြာစွယ့် နိုးချေဦးမယ်..."

မှောင်ပိန်းနေသော အိမ်မကြီးထဲမှာ မပုန်းရည်နှင့် ဘိုးကြီး ဘွားကြီးတို့သာ ကျန်ရစ်ခဲ့သည်။ အဘိုးကြီး အဘွားကြီးနှစ်ယောက်စလုံး ငုတ်တုတ်ထထိုင်လျက်က ကြောင်တောင်တောင်ဖြစ်နေကြပုံပေါ်သည်။ မပုန်းရည်ကိုယ်တိုင်က ဘာလုပ်လို့လုပ်ရ မှန်းမသိ။ သည်လိုအဖြစ်အပျက်မျိုး တစ်သက်မကြုံခဲ့ဖူးလေတော့ ခြေဖျားလက်ဖျား များပင် အေးစက်တုန်ယင်နေမိသည်။ မကြာဥကလည်း တော်တော်နှင့် ပေါ်မလာ။ ရွာထဲဆီက အသံတွေ ဆူညံဆူညံ ဆူညံဆူညံနှင့် ကြားနေရသည်။ သည်လောက် အသံကြီး ကျယ်ကျယ်လောင်လောင် မြည်တာတောင် ကိုကြာစွယ် မနိုးဘူးတဲ့လား။ နိုးတာတော့ ဟုတ်ပုံမရ။ ကိုကြာစွယ် ဘယ်ရောက်နေပါလိမ့်။

◆

www.burmeseclassic.com

www.burmeseclassic.com

(၂၃)

မပုန်းရည်က မကြာဥ ဆင်းအလာကို စောင့်နေတာကိုပင် ကြာလှသည် ထင်မိသည်။ ရွှေတွေက ဘယ်လောက်များလို့ ဘယ်ထဲ ဘယ်လိုတွေထည့်နေရသလဲ တော့ မသိ။ လှေကားက ဆင်းလာတာကိုပင် ရိုးရိုးရိပ်ရိပ် မမြင်ရသေးပါ။ ဘွားကြီး ကတော့ အိပ်ရာက ထပြီး ဆေးလိပ်တောင် မီးညှိနေလိုက်သေး။ ဘိုးကြီးကတော့ ခုထိ ဘာတွေဖြစ်နေမှန်း သိပုံမရ။ မပုန်းရည်က ကိုကြာစွယ်ကိုသာ မျှော်နေမိသည်။ အရေးထဲ ဘယ်များရောက်နေပါလိမ့်။ ယောကျ်ားသန်သန်တစ်ယောက် အနားမှာ ရှိစေချင်လို့ ဖြစ်၏။ ရွာထဲ ဓားပြဝင်တယ်ဆိုကတည်းက မပုန်းရည် ချွေးစေးတွေ ပြန်နေလေပြီ။ ဓားပြတွေက ချမ်းသာသည့်အိမ်တွေဘက် ကူးလာနိုင်သတဲ့။ မပုန်းရည်မှာ နေစရာပင် မရှိပြီ။

"ဓားပြတိုက်တာများ ကျုပ်တို့ငယ်ငယ်က ကြားဖူးလှပေါ့...ဟောသည် နှစ်ရေကန် ဘယ်လိုဓားပြတိုက်ခံရမှန်းမသိဘူး...အခုများ မတိုက်တာ ကြာပါပြီ...ကျုပ်စိတ်ထင် နှစ်အစိတ်လောက်တော့ ရှိရော့မယ်ထင်တယ်— ဟုတ်ကဲ့လား အဘိုးကြီး..."

ဘွားကြီးက ဆေးလိပ်တွေ တွန်းဖွာရင်း ဘိုးကြီးကို မေးနေခြင်းဖြစ်သည်။ ဘိုးကြီးကတော့ ဘွားကြီး ဘာတွေပြောနေမှန်း မသိ။ ထ,ထဆိုလို့သာ ထလိုက်ရသည်။ လူက ခုထိ နိုးသေးပုံမပေါ်။ ခဏနေတော့ မကြာဥ ဝါးဘိုးဝါး ဝါးခြစ်တိုလေးခုပိုက်ပြီး ဆင်းလာသည်။ အိမ်ထောင့်မှာရှိသော ရေထမ်းသံပုံးတစ်ပုံးထဲ ထောင်ထည့်သည်။ ရေလဲပုဆိုးဟောင်းတစ်ထည်ကို အပေါ်က ဖုံးပြန်လေ၏။



"အမေတို့ လာကြလေ...ဟောတော်...ဆရာမက စောင့်နေတဲ့ဟာ..."

"ဘယ်တုံး...တို့က ဘယ်လိုက်ရမှာတုံး...နေပါဦးဟဲ့...ဓားပြက ဘယ်သူ့ အိမ် တိုက်နေတာတဲ့တုံး..."

"လေးပေါ်လာတို့အိမ်ဘက်က ကြားတာပဲ အမေရဲ့...ကဲပါ ထကြပါ... သွားကြရအောင်"

"ပေါ်လာတို့အိမ်ဘက်လား..."

"ဩော်...ဓားပြတိုက်နေတဲ့အိမ် သွားပါ့မလား အမေရဲ့...တောင်ချောင်ဘက် က အမေပုတို့တဲစုဘက် ရှောင်နေရမှာ...ကိုင်း လာပါ...ဒါနဲ့ ဓားပြက ကူးလာတော့မှာပဲ"

"ကြာစွယ်ကောဟဲ့..."

"မသိပေါင် အမေ့သား တော်ရာရောက်နေမှာပေါ့"

မကြာဥက သံပုံးကတစ်ဖက်၊ မအေအိုကိုတစ်ဖက် ဆွဲခေါ်သည်။ ဘိုးကြီးက နောက်ကထွက်သည်။ မပုန်းရည်က လက်နှိပ်မီးနှင့် လမ်းပြသည်။ လမိုက်ည ရွာလမ်းတွေက မိန်းပိတ်နေသည်။ လက်နှိပ်မီးတဝင်းဝင်းမြင်ရာကို ဓားပြက လှမ်းပစ်လိုက်မှ ခုတွေ့။ မပုန်းရည် ခြေလှမ်းတွေ နင်းကျိုးနင်းကျဲနှင့် ကတုန်ကယင် ဖြစ်နေပါ၏။ မကြာဥ ကတော့ မပုန်းရည်၏ လက်နှိပ်မီးရောင်ကို စောင့်နေတာမဟုတ်။ ခြေလှမ်းကြဲကြဲဖြင့် တောင်ချောင်ဘက် ထွက်သည့်လမ်းကို ထိုထို ထိုထိုနှင့် လျှောက်သွားနေတော့ မပုန်းရည် တို့ မနည်းမီအောင် လိုက်ရသည်။ မကြာဥကို မပုန်းရည် ကျိတ်ပြီး ချီးကျူးနေခဲ့သည်။ ထုံတက်သေးနေတတ်သော်လည်း အရေးကြုံလာတော့ ကြောက်စိတ်ရှိပုံမရ။ စိတ် အေးအေးနှင့် စီမံသွားနိုင်ခဲ့သည်။ မအေ့ပခုံးကို တစ်ဖက်တွဲ၊ လက်တစ်ဖက်က ရွှေသံပုံး ကြီး ကိုင်ထားသည်။ ဘွားကြီးက စကားတွေ တဗျစ်တောက်တောက်ပြောရင်း ခြေတရွတ်ဆွဲကာ လိုက်နေ၏။

"ပေါ်လာတို့အိမ် ဓားပြတိုက်လို့ ဘာရမှာတုံး...စပါးလောက်ရှိတာ... တို့အိမ်တိုက်မှ ရွှေရယ် ငွေရယ် ရတော့မပေါ့...ဉာဏ်နည်းလိုက်ကြတဲ့ ကောင်တွေနှယ်..."

"ဩော်...အရေးထဲ အမေ့နှယ် မဟုတ်တာပြောရော့မယ်...မပြောကောင်း မဆိုကောင်း...နေဦး နောက်တစ်ခါမှ ဓားပြလက်ထောက် ချလိုက်ဦးမယ်"

ပြေးရင်းလွှားရင်း မကြာဥတို့သားအမိ ပြောနေကြတာတွေကို မပုန်းရည် ရယ်ချင်မိပါ၏။ ဘိုးကြီးက ခုမှ ကောင်းကောင်းနိုးသွားပုံဖြင့် ဘာဘာဆေါက်ဆွေး

www.burmeseclassic.com

www.burmeseclassic.com



တန်တူသည်။ တို့ရွာ ဓားပြများမတိုက်တာကြာတော့ မေ့တောင်ကုန်ပေါ့ဟု ဆို၏။ သည်တောင်တွေ သေနတ်ပါရအောင် ဘယ်ကများ ရပါလိမ့်ဆိုတာလည်း ပါသည်။ ဘွားကြီးကိုတောင် လှမ်းပြောနေသေးသည်။

"မသိန်းရင်…တို့ဘယ်တုံးကတုန်း ရွာ ဓားပြဝင်တာလေ…ကြာစွယ်မချေး ခင်ကလားတောင် မမှတ်မိဘူး…ဟဲ့ဟာ…ကျောက်ခဲတို့အိမ်ကို တိုက်တာ လေ…ကျောက်ခဲမိန်းမ ဘယ်သူတဲ့…လှခင် လှခင်…လှခင်အော်တာ သူခိုး သူခိုးဆိုတော့ ဓားပြက သူခိုးမဟုတ်ဘူးဟဲ့ ဓားပြဟဲ့ ဓားပြဟဲ့ဆိုပြီး ဓားပြား နဲ့ရိုက်တာလေ…"

"ကျောက်ခဲတို့အိမ် မဟုတ်ပါဘူး…သန်းကျော်တို့အိမ်ပါ…ကြာဥကိုယ်ဝန် ကြီးနဲ့…သန်းကျော်မိန်းမ လှမြိုင်အော်တာ…သူခိုး သူခိုးဆိုတော့…"

"ကဲ ကဲ…အမေတို့စကားတွေ တော်ကြပါတော့…အသံမထွက်ပါနဲ့ဆို ပြောလိုက်ကြတဲ့စကားတွေတော်…"

မပုန်းရည်မှာ ဓာချွေးပြန်နေသည့်ကြားက ရယ်ရပြန်သည်။ ရွာလမ်း ချည်းရိုးခြေ အိမ်ကြိုအိမ်ကြားတွေက ဖြတ်ပြီး တောင်ချောင်ဘက် ရောက်လာခဲ့သည်။ သည်နေရာကနေ ဘုန်းကြီးကျောင်းဘက်လည်း ကူးနိုင်သည်။ စာသင်ကျောင်း မှောင်မိုက် မှာလည်း နိုနိုင်သည်။ မပုန်းရည်ကတော့ စာသင်ကျောင်းကလေးဘက် သွားချင်သည်။ ဓားပြတွေက စာသင်ကျောင်းတော့ လာစရာမရှိ။ ရွာထဲက အော်သံတွေ ဆူဆူညံညံ ကြားနေရသည်။ မကြာဥကတော့ အမေပုတို့တဲစုတ်ဘက် သွားမည်ဆို၏။ မပုန်းရည် တို့ကိုတော့ ဘုန်းကြီးကျောင်းဘက်ရောက်အောင် သွားကြဖို့ ပြောနေသည်။ ကိုကြာစွယ် ကိုလည်း ကျိန်ဆဲနေခဲ့ပါ၏။

"ဆရာမတို့ သွားသွား…သည်ဘက်က လွတ်ပါတယ်…အမေတို့ ဆရာမနဲ့ လိုက်သွား…"

"ဟဲ့ ဘယ်တုံး…မှောင်ကြီးထဲ…"

"ဩော်…အမေနှယ် ဓားပြတိုက်နေပါတယ်ဆိုမှ မှောင်ကြီးထဲပေါ့ ဘုန်းကြီးကျောင်းပေါ် သွားပုန်းချေကြ…"

"ညည်းကကော…"

"ဩော်…ကျုပ်က ဒါကြီးနဲ့ လျှောက်ပြေးနေလို့ ဖြစ်မလားတော့…အမေ တို့ တဲစုဘက် သွားနေရမှာပေါ့…"



"ဘုန်းကြီး ကျိန်းနေရောပေါ့အေ…ကျောင်း ခွေးတစ်စီနဲ့ ခွေးနီကျားတော ကိုက်သေးဟဲ့…မနေ့ကတောင် ဆွမ်းသွားပို့တဲ့ မိဖွေးခြေသလုံး ကိုက်လွှတ် လိုက်ပါ့ကော…အိမ်ရောက်လာလို့ ခွေးကိုက်မန်း မန်းပေးလိုက်ရသေး…"

"ကဲပါ ဆရာမရယ်…မရှိမသေ အမေတို့ကို တစ်နေရာ ခေါ်သွားလိုက်ပါ… အမေတို့နဲ့တော့ ဒုက္ခပါပဲ"

"စာသင်ကျောင်းဘက် မကောင်းဘူးလား မမလေး…"

"ကောင်းတယ်…ဆရာမ သွား သွား…"

မကြာဥက ပြောရင်းဆိုရင်း ရွာအရှေ့ ထွက်သည့်လမ်း ချိုးဝင်သွားတော့၏။ အမေပုတို့တဲစုတွေက ရွာစည်းရိုးအပြင် ခပ်လှမ်းလှမ်းမှာဆိုတော့ သုတ်သုတ်ပြေးမှ ရောက်မည်။ ဘိုးကြီး ဘွားကြီးတို့ ရွာအပြင်ထိ မလိုက်နိုင်မှန်းသိသဖြင့် မကြာဥက မပုန်းရည်နှင့် ထည့်လိုက်ခြင်းပင်။ မပုန်းရည်မှာ အကျိုးသင့်အကြောင်းသင့် စဉ်းစား နေအားပါ။ သည်အချိန်မှာ မကြာဥ စီမံရာကိုသာ လိုက်နာရတော့၏။ ဘိုးကြီးနှင့် ဘွားကြီးတို့နှစ်ယောက်ကို ဖေးမကာ ကျောင်းဘက်ထွက်သည့်လမ်းဘက် ရှာထွက် ကြရသည်။ အိမ်ကြိုအိမ်ကြားက သွားရတာဆိုတော့ အိမ်ခွေးတွေလည်း ကြောက်ရ သေးသည်။ ဘိုးကြီးနှင့် ဘွားကြီးတို့ခမျာ မပုန်းရည် ခေတ်မီးထိုးရာ လိုက်ကြသော်လည်း အားသံ မထွက်ကြတော့ပြီ။ အိမ်တွေမှာ လူတွေက စုစု စုစု။ ခွေးတွေက တစီစီ။ ဆွေငြိမ်းထားသဖြင့် ဘယ်သူဘယ်ဝါတွေတော့ မသိရ။ တစ်နေရာရောက်တော့ အသံနှင့်လှမ်းခေါ်တာ ကြားလိုက်ရသည်။ အိမ်တစ်အိမ်က ထွက်ခေါ်သည်။

"ဆရာမ…အမေကြီးသိန်းရင်…လာ လာ…ကျွန်မတို့နဲ့နေ ဘယ်မှမသွား နဲ့…သည်မှာ ယောကျ်ားသားတွေလည်း ရှိတယ်…ဘိုးကြီးက အိမ်အောက် က ကွပ်ပျစ်မှာထိုင်…ဆရာမ လာပါ…ထိုင်ပါ…"

မပုန်းရည်ကလည်း ကျောင်းဝင်း မှောင်မည်းမည်းထဲ ငုတ်တုတ်ထိုင်နေရမှာ ထက်စာလျှင် လူတွေနှင့် နေချင်သည်။ မပုန်းရည် သည်အိမ်မှာပဲ ခိုနေဖို့ ဆုံးဖြတ် လိုက်ပါ၏။ အိမ်က ခြေတံရှည်အိမ်ဖြစ်၍ အောက်မှာ ကွပ်ပျစ်ကြီးတစ်ချပ် ခင်းထား သည်။ ဘိုးကြီး ဘွားကြီးတို့ကို အရင်ထိုင်ခိုင်းရပါသည်။ ဘွားကြီးက သူ့ရွာထ တွေ့ဆိုတော့ အသံပြန်ထွက်လာသည်။ အိမ်ရှင်တွေကို ဘယ်သူမှန်းမသိသေး နေသည်။ မှောင်နှင့်မည်းမည်းမဟုတ်လား။

"ညည်းတို့က ဘယ်သူတွေတုံး…ဒါ ဘယ်သူ့အိမ်တုံးဟဲ့…"

"ဟောတော်…အမေကြီးသိန်းရင်ကလည်း ကျုပ်တို့အိမ်လေ…ဖြူဦးမ်းတို့ မြသိန်းတို့အိမ်ရယ်…ဈေးသည်ညီအစ်မလေ…"

www.burmeseclassic.com

www.burmeseclassic.com



"ဆောင်းသမီးတွေလား…ညည်းတို့က သည်နားနေတာလား…"

"ဟုတ်ပါ့…အဖေက မတွေ့ရာမှာ…ကျုပ်တို့က အရင်က ရွာပြင် နေတာလေ…သည်ဝိုင်းဝယ်လိုက်တာ မကြာသေးဘူး"

"ဓားပြက ဘယ်ဆီတိုက်နေတာတဲ့လဲ"

"လေးပေါ်လာတို့အိမ် ပြောကြတာပဲ…ဓားပြတွေက သေနတ်တွေပါသတဲ့ ရွာထဲက လူစုပြီး လိုက်ကြပြီ"

"ဓားပြတွေက သေနတ်နဲ့…ရွာက ဒေါက်တက်နဲ့ ဘယ့်နှယ်လုပ် လိုက်ကြမတုံး…ဟိုက ပစ်လိုက်မှ သေကုန်ကြလိမ့်မယ်"

မပုန်းရည်က 'ဒေါက်တက်'ဆိုတာကို နားလည်လိုက်သဖြင့် မှောင်ထဲမှာ ပြုံးရပါ၏။ ဘာပဲဖြစ်ဖြစ် သည်နေရာမှာတော့ လုံခြုံမှုရှိသလို ခံစားရသည်။ ဘိုးကြီးက စကားမပြောသော်လည်း ဘွားကြီးက စကားတွေ ပြောလွန်းလှသည်။ သူ့ရွာနှင့် သူ့လူတွေ့တော့လည်း အဟုတ်သား။ မပုန်းရည်က ဒေါ်မြညိမ်းတို့၊ ဒေါ်မြသိန်းတို့ကို ဈေးရုံးတင်ကြောင်း ပြောရသည်။ ထိုစဉ်မှာပင် မောင်စံအေး ရောက်လာခဲ့သည်။ မလွှယ်ပေါက်က ထွက်လာရင်း မပုန်းရည်တို့နှင့် ဆုံခြင်းဖြစ်၏။ တစ်ရွာလုံး နီးကြပြီ။ အသံတွေ ကျယ်ကြီးကျယ်လောင် မရှိသော်လည်း အုတ်အုတ် အုတ်အုတ်နှင့် လူသံတွေ ကြားလာရပြီ။ မပုန်းရည်တို့ရှိရာကို မောင်စံအေး အပြေးအလွှား ရောက်လာသဖြင့် အားတော့ ရှိရပါ၏။ မောင်စံအေးက လှည်းပေါ် အိပ်နေရာက သေနတ်သံကြားသည်နှင့် မှောင်ရိပ်ခိုကာ အခြေအနေ သွားကြည့်ခဲ့သည်ဟု ဆိုသည်။ အနောက်ချောင်ဘက်မှာ ဓားပြတိုက်ခြင်းဖြစ်ကြောင်း၊ ရွာတံတားထိပ်က အဝင်အထွက်လွယ်သော လေးပေါ်လာတို့အိမ်ဖြစ်ကြောင်း၊ ရွာထဲ လူတွေစုနေကြကြောင်းတွေ ပြောပြနေသည်။

"နေပါဦး…ကြာစွယ်ကကော…သည်ကောင် ညဥ့်နက်သန်းခေါင် အိမ်မှာ မရှိရအောင် ဘယ်များသွားနေပါလိမ့်မတုံး…"

ဘိုးကြီးက မေးခြင်းဖြစ်သည်။ မောင်စံအေးက ဘယ်သွားမှန်း မသိကြောင်းသာ ဖြေသည်။ ကိုကြာစွယ်လည်းရွာထဲ တစ်နေရာမှာ ပိတ်မိနေဟန်တူသည်။ မကြာဥကလည်း ဘယ်ဆီမှာမသိ။ မပုန်းရည် ရင်တွေတုန်နေဆဲပင်။ ကြောက်စိတ်ကလေးတွေ ငွေ့ငွေ့ကျန်သေးသည်။ ထိုစဉ်မှာပင် သေနတ်သံတစ်ချက် ကြားရပြန်သည်။ ဝေးခနဲ ဝေးခနဲ အော်သံတွေလည်း ကြားရသည်။ ဘယ်ဆီမှာ ဘယ်သူတွေ ဘာတွေဖြစ်နေသည် ဆိုတာ မပုန်းရည် မမှန်းတတ်ပါ။ သည်အသက် သည်အရွယ် ရောက်သည့်တိုင် ဓားပြတိုက်သည်ဆိုတာကို ရုပ်ရှင်တွေထဲမှာသာ မြင်ဖူးသည်။ သည်ဓားပြတွေကတော့



ရုပ်ရှင်ဇာတ်ကားတွေထဲကလို အင်္ကျီကျားကြီးတွေ၊ နှုတ်ခမ်းမွေးကြီးတွေနဲ့ ဝဲလား။ ဘာယက်ရှင်များခမျာ စုဆောင်းထားသမျှ ထုတ်ပေးရှာကြရပြီနဲ့တူပါရဲ့။ လူအန္တရာယ် ရှိပါစေနှင့်လို့သာ ဆုတောင်းနေမိသည်။

မကြာပါ။ ဝေးခနဲ အော်သံကြီးတွေ ဆက်တိုက်ဆိုသလို ကြားရပြီ။ လူသံတွေရော၊ ခွေးသံတွေပါ ဆူဆူညံညံကြီး ထွက်လာသဖြင့် မပုန်းရည် နည်းနည်းတော့ အလန့်ပြေသွားခဲ့ပါ၏။ ဘိုးကြီး ဘွားကြီးတို့ကို နေရာချပေးပြီးကတည်းက မပုန်းရည်သည်း မှောင်ရိပ်က ကွပ်ပျစ်မှာ ငုတ်တုတ်ထိုင်နေခဲ့သည်။ အိမ်ရှင်တွေက အိမ်ထဲ ဝင်နိုင်းသဖြင့် ဝင်ရပြန်သည်။ မောင်စံအေးကတော့ လှစ်ခနဲ ပြေးထွက်သွားသည်။ မပုန်းရည် တားချိန်ပင် မရ။

"ယောကျ်ားသားတွေ ထွက်ကြပါ…အားလုံးထွက်ကြပါ…ဝါးချွန်တွေ၊ ဓားတွေ ရှိရာကိုင်ခဲ့ကြပါ…ဓားပြတွေ ဘဲတဲစု ဖြတ်ပြေးကြပြီ…ထွက်ပါ…ထွက်ပါ…"

လူတစ်ယောက်၏ အော်သံ။ ဓားပြတွေ ဘဲတဲစုဘက်က ဖြတ်ပြေးကြပုံပေါ်သည်။ လမ်းပေါ်မှာ လက်နှိပ်ဓာတ်မီး တဝင်းဝင်း။ လူတွေ အုပ်လိုက်ပြေးလွှားနေကြတာကိုပါ ကြားနေရသည်။ အော်သံတွေက တစ်ဆင့်ကြားရသလောက် ဓားပြတွေက ငါးယောက်တဲ့။ တချို့ကလည်း ခုနစ်ယောက်၊ ခုနစ်ယောက်လို့ အော်သွားကြသည်။ သည်အိမ်ကုပ်ကလေးထဲကို သတင်းတွေ အမျိုးမျိုးရောက်လာသည်။ ရွှေတွေ၊ ငွေတွေ ဆော်တော်ပါသွားသတဲ့ဆိုတာလည်း ပါသလို၊ ရွှေတွေ မပါဘူး ဓားပြတွေ ထွက်ပြေးကြတာ လုံးလို့။ ရွာက ညီတာကိုး ဆိုတာလည်း ပါသည်။ ဓားပြတွေက ချောင်းကူးတံတားကတစ်ဆင့် တာပေါင်ပေါ်တက်ပြီး အနောက်လယ်ကွင်းတွေထဲ ပြေးကြတာဆိုတော့ နတ်ရေကန်နှင့် ရွာနီးချုပ်စပ်တွေကလည်း တာပေါင်တွေပေါ်တက်ပြီး မီးတွေဝိုင်းထိုးကြသည်ဆို၏။ စကားတွေက အမျိုးမျိုး။ တအောင့်နေတော့ မကြာဥ သံပုံးကြီးနှင့် ရောက်လာသည်။ ရေဆွဲ လေးထောင့်သံပုံးကြီးထဲမှာ ရွှေထည့်ထားသည့် ငါးဆစ်ဘူးတွေ ထောင်ထည့်ကာ အဝတ်နှင့် အုပ်ထားတော့ မမြင်ရ။ ဒါကို အိမ်ရှင် ဒေါ်မြညိမ်းတို့က ရွှေတွေလို့ မထင်။ ရေဆွဲပုံးကြီး တကိုင်ကိုင်လုပ်နေတာကို နားမလည်နိုင်။

"ကြာဥရယ်…အရေးထဲ ရေခပ်နေရသေးအေ…ညည်းနှယ် ရွာ ဓားပြတိုက်နေပါတယ်ဆို…"

မကြာဥက ရွှေတွေ၊ ပစ္စည်းတွေ နိုင်သလောက်သယ်လာတာလို့ ပြောချင်ဟာ ငြိမ်နေလိုက်သည်။ ဘွားကြီးက အကုန်ဖော်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရေတုံး ဟုတ်ရိုးလားအေ…ရွှေထည့်တဲ့ ဝါးဆစ်ဘူးတွေ ထောင်ထည့်ထား တာအေ…ငါသမီးနယ် ညည်းမို့ သည်ဉာဏ်ပေါ်တယ်အေ…အဲ့ပါရဲ့…"

"အမေဖော်မှ ပေါ်တော့တယ်…ပြောမှပြောပါ့မလားလို့…ရိုးညိမ်းရေ ပစ္စည်းကလေးတွေ နိုင်သလောက် သယ်လာတာပါတော်…ကပျာကယာ တစ်ဘူးတောင် ကျန်ခဲ့သေး…"

"အမေ့အိပ်ရာအောက် တစ်ထုပ်ရှိသေးတယ်…မသိမ်းဖြစ်လို့ အိပ်ရာအောက် သွပ်ထားတာ ကြာပေါ့…သားစိန်တို့အလှူကတည်းက…"

"သားစိန်တို့လှူတာဖြင့် အခါလည်ကျော်ပေါ့ဟာ…အမေကြီးသိန်းရှင် လည်း ခုထိ မသိမ်းဖြစ်ဘူးလား…"

"ခေါင်းထဲကို မရှိတာအေ…ခုပြောမှ သတိရ…"

ဘွားကြီးက ကြွားနေတာမဟုတ်မှန်း မပုန်းရည် သိပါသည်။ ဘိုးကြီး ဘွားကြီးတို့မှာ လယ်တွေက တစ်မျှော်တစ်ခေါ်။ သည်အရပ်ဒေသမှာ စပါးချေ ဖြစ်ထွန်းသည်။ တစ်ကွင်းလုံးက စပါးတွေကို နတ်ရေကန်သူ နတ်ရေကန်သားချေ ရိတ်သိမ်းပြီး ရသမျှ လှောင်မထားနိုင်။ မျိုးစာ ဝမ်းစာချန်ပြီး ဈေးကောင်းရသည်နှင့် ရောင်းကြရသည်။ သားတွေ၊ သမီးတွေ၊ တူတွေ လုပ်အားရှိတော့ ရသမျှ သဝိတ်ဝင် အိတ်ဝင်။ ရသမျှပိုက်ဆံ ငွေအဖြစ်မစုဆောင်းကြဘဲ ရွှေဝယ်တာ ဝါသနာရှိကြသည်။ ရွှေတုံးရွှေခဲရယ်လို့ ဝယ်တာမျိုးမဟုတ်ဘဲ၊ လက်ဝတ်လက်စားတွေ ဝယ်ထားကြခြင်း ဖြစ်သည်။ ရပ်ရေးရွာရေးတွေရှိလျှင် မပုန်းရည်ကို အတင်းဝတ်ဆင်တတ်သည် ကိုကြာစွယ်ပင် ဆွဲကြိုးက ငါးကျပ်သား၊ ဟင်းချိန်းက ငါးကျပ်သားကွင်းကြီးနှင့် မဟုတ်ပါလား။ မကြာဥကတော့ ပွဲလမ်းမဟုတ်လျှင် နားက နားကပ်ကလေးကလွဲ ဘာမှ ဝတ်သည် စားသည်မရှိ။

ရွာလမ်းပေါ်မှာ လူတွေ ထွက်လာကြပြီ။ မပုန်းရည်တို့လည်း ပြန်လာကြ သည်။ ဘိုးကြီး ဘွားကြီးတို့လည်း အိမ်အောက်က ခုတင်ကြီးပေါ် ရောက်ကြပြီ။ ရွာသားတွေ အနောက်ဘက် တာပေါင်ဆီ ပြေးနေကြတာ ကြားနေရသည်။ မပုန်းရည် သတိထားမိသလောက် ဘဲတဲ့စုဘက် ပြေးကြခြင်းဖြစ်၏။ အခြေအနေကတော့ ကောင်း ကောင်းမသဲကွဲသေး။ ရွာမငြိမ်သေးတော့ သတင်းတွေကလည်း မငြိမ်။ ဓားပြတွေ ပြေးတာလား၊ ဆုတ်သွားကြတာလားတော့ မသေချာ။ နတ်ရေကန်နှင့် မနီးမဝေး ရွာတွေကပါ မီးတွေ ထိုးကြ၊ ညာသံပေးကြနှင့် ဆူညံနေကြတာကိုလည်း ကြားရပါ၏။ မကြာဥက လမ်းဘက်ထွက်ပြီး သတင်းမေးသည်။ ဘယ်သူကမှ ကောင်းကောင်း မဖြေနိုင်။ ထင်ယောင်ဝိုးဝါး ပြောသွားကြတာပဲရှိသည်။



"ဘဲတဲ့စုဘက် ပြေးကြတာပဲ ဆရာမရေ…လမ်းပေါ်မှာ လူတွေ မနည်း ဘူး…ခေတ်မီးတဝင်းဝင်းနဲ့ ပျော်စရာတောင် ကောင်းသေးတော့…လိုက်ကြည့် မလား သွားကြည့်ရအောင်"

"ဘာကို သွားကြည့်မှာလဲ မကြာဥရဲ့…မကြာဥကလေ သတ္တိကောင်းလိုက် တာ…နေပါဦး ကိုကြာစွယ်လည်း ခုထိမလာဘူး…မကြာဥတို့ လိုက်ကြည့် ဦးလေ…"

"မလိုက်ရပေါင် ဆရာမရယ်…လူက လူပါးရယ်…သူ့အန္တရာယ်ရှိမှာတော့ ရှောင်တတ်ပါ့…အိမ်က စံအေးလည်း ပေါ်မလာဘူး…တူဝရီးနှစ်ယောက် တွေ့နေကြပုံပေါ်ပါတယ်…ရွာထဲရှိမှာပဲ…"

ဘွားကြီး ထွက်လာပြန်သည်။ သူ့သားကို သတိရလို့ ဖြစ်ပါလိမ့်မည်။ မကြာဥ က မအေကို အိမ်ထဲပြန်သွင်းသည်။ သားအမိနှစ်ယောက်ကိုကြည့်ရင်း မပုန်းရည် ရယ်ချင်မိသည်။ မအေဆိုတော့လည်း သားကို စိတ်ပူရှာမှာပေါ့။ ကိုယ်တော်က ဘယ်ကြွ နေသည်မသိ။ မကြာဥက လက်နှိပ်ဓာတ်မီးကြီးကိုင်ပြီး ထွက်ပို့ပြင်တော့ မပုန်းရည်က လည်း လိုက်ပို့ပြင်ရသည်။ အိမ်မှာ ဘိုးကြီး ဘွားကြီး နှစ်ယောက်တည်း ထားခဲ့လို့ ဖြစ်ပါ့မလား။ ခါတိုင်း မပုန်းရည်တို့နှင့် လာအိပ်နေကျ ကြာဖြူ ကြာနီ ညီအစ်မ လည်း ညဝိုင် အိမ်ပေါ် တက်ချည်ဆင်းချည်လုပ်လွန်းသည်ဆိုကာ မကြာဥက သူတို့ မိဘအိမ် ပြန်အိပ်ခိုင်းထားသည် မဟုတ်လား။ မပုန်းရည်ကသာ တွေးနေတာပါ မကြာဥက လမ်းပေါ်တောင် ရောက်နေပေါ့။ မပုန်းရည်လည်း လက်နှိပ်ဓာတ်မီးဆွဲကာ ပြေးထွက်လာခဲ့သည်။ လမ်းပေါ်မှာ ကျန်သမျှလူအချို့နှင့်ရောကာ ဘဲတဲ့စုဘက် ခပ်သုတ်သုတ်လျှောက်ခဲ့ကြပါ၏။

၁၁

ဓားပြတွေ ပြေးတာ သေချာပါပြီ။ လမ်းပေါ်မှာ အခြေအနေအားလုံးကို ကြားရပြီ။ ဓားပြက ငါးယောက်။ အရပ်လုပ်သေနတ်တစ်လက် ပါသည်။ ခြောက်ပစ် ပစ်သည့်ကျည်ဆံက လေးပေါ်လာတို့အိမ်က တံခါးရွက်ပင် ကွဲသွားသည်။ ဓားပြတွေက ရွာအနောက်ကွင်းစပ် ထိန်ပင်ကြီးအောက်မှာ နေဝင်မိုးချုပ်ကတည်းက ရောက်နေကြ တာကို နွားသိမ်းနောက်ကျသူ ကိုပိုက်ထွေးက မြင်ခဲ့သည်။ ခရီးသွား နားကြသူတွေ ထင်လို့ သေချာတော့ မကြည့်ခဲ့ရ။ ရွာသားတွေထဲကတော့ မဟုတ်။ တစ်ရွာ ဖြစ်ဟန်ရှိ၍ ရွာအဝင်အထွက် အလွယ်ဆုံးအိမ်ကို ဝင်စီးကြရာက ရွာသားတွေ နိုးလိုက် ကြသောအခါ ဆုတ်ကန်ကန်ပြေးကြခြင်းဖြစ်၏။ သည့်ထက်တော့ မကြာဥ လူတွေ…

www.burmeseclassic.com

www.burmeseclassic.com



တာခေါင်အောက်ကွင်းဘက်ကို ပြေးနေကြတာပဲရှိ၍ ကွင်းဘက်က ပြန်တက်လာရ ရယ်လို့ မရှိတော့ ကွင်းထဲက အခြေအနေကိုတော့ မသိနိုင်။

“မကြာဥရယ်…မကြောက်မရွံ့ရှိလိုက်တာ…ကျွန်မကတော့ သည်တစ်ခွ မကြာဥကိုပဲ အံ့သြတယ်…စောစောကများ ကျွန်မဖြင့် ကြောက်လိုက်တာ လေ…ရင်တွေပန်းတွေတောင် တုန်တယ်”

“ဆရာမ မပြောနဲ့ ရှာဆော် ကိုသံချောင်းက လူစုမောင်းထုတာ လက်တွေ တုန်နေလို့ မောင်းဘုနဲ့မောင်း တစ်ချက်မှမထိဘူးတဲ့…မောင်းကြီးတစ်လုံး လုံး ချော်နေတာပါတဲ့ဆို…ဓားပြက သေနတ်ပါတယ်ဆိုတော့ ကြောက်ကြ တာပေါ့…ဒါပေသိ ဆရာမရယ် သူများရွာ ဝင်ရတာ ဓားပြတွေကလည်း ကြောက်ကြောက်နဲ့ ဝင်ရတာပဲ”

မကြာဥက သွားနေရင်းက ပြောပြလို့ ပြုံးမိရသည်။ ဟုတ်သားပဲ။ ဓားပြ ဝင်တာကို လူတွေသာ ညာသံပေးလိုက်သံ ကြားရပြီး လူစုမောင်းထုသံ မကြားခဲ့ရ။ ကွင်းထိပ်ကို ရောက်တော့ တစ်ကွင်းလုံးကို မြင်ရပြီ။ ညဆိုတော့ လင်းလင်းချင်းချင်း မြင်ရတာတော့ မဟုတ်ပါ။ လက်နှိပ်ဓာတ်မီးရောင်တွေက တစ်ကွင်းလုံးကို ပြန့်နေသဖြင့် မီးရောင်ဖျောက်ဖျောက် ကွင်းကျယ်ကို မှန်းမြင်ရခြင်းဖြစ်သည်။ လက်နှိပ်ဓာတ်မီးတွေ အားလုံးက တစ်နေရာဆီကို စုသွားနေကြခြင်းဖြစ်၏။ ကွင်းထိပ်ရောက်တော့ လူသံသူသံ အော်သံ ပြေးသံတွေ ကြားရပြီ။ ဟေးဟေးဝါးဝါး ဓားပြတိုက်သံတွေတော့ မဟုတ်။ ဓားပြတွေက ပြေးကြပုံပေါ်သည်။ ဓားပြတွေနောက် လိုက်ကြသည့် ညာသံပေးသံတွေ စောစောပိုင်းက ကြားခဲ့ရတာတော့ ရှိပါ၏။ နတ်ရေကန်က လူတွေရော တခြားရွာက လူတွေပါ ကွင်းပတ်ပတ်လည် လိုက်ကြသည်ဟု ဆိုသည်။ မပုန်းရည်တို့က သည်လို လိုက်ကြတာကိုတော့ မမီလိုက်။ အသံတွေတော့ ကမ္ဘာပျက်နေသလား ထင်ရအောင် ကျယ်လောင်ခဲ့သည်။ မပုန်းရည်တို့နောက်က ပါလာသည့်လူတွေက သူတို့နှစ်ယောက် ကိုကျော်ပြီး ပြေးကြတော့ မပုန်းရည်တို့ကလည်း ယောင်ပြီး အပြေးလိုက်ကြသည်။

“ဟဲ့ ဘာဖြစ်လို့ ပြေးကြတာတုံး…ဓားပြတွေက ဘာတဲ့တုံး…မိသတဲ့ လား…”

“ဓားပြတွေက ပြေးကြပါပြီ…ဓားပြတစ်ယောက်တော့ ကွင်းထဲ လဲကျန်ခဲ့ တယ် ပြောတာပဲ…ကျုပ်တို့လည်း ကြားတာပဲရှိတာ…တော်တော်ဝေးဝေး က အမှောင်ထဲမှာ လဲနေတာတဲ့”

မကြာဥက အမှောင်ထဲမှာ ဘယ်သူဘယ်ဝါမှန်း မသိရသည့် လူအုပ်ကို ခေါ်ခြင်းဖြစ်သည်။ လူတွေက ကွင်းဆက် ပြေးရင်း ပြောသွားသလောက်သာ ကြားရခြင်း



ဖြစ်၏။ ဓားပြတွေ ပြေးပြီဆိုတာတော့ သေချာပြီ။ ဓားပြတစ်ယောက်က လဲနေခဲ့သတဲ့။ တစ်ယောက်မိလျှင် အစဖော်လို့ရပြီ။ ဒါဖြင့် အဲသည့်တစ်ယောက်က ဘယ်မှာလဲ။ ဘယ်ရွာက ဘယ်သူလဲ။ လူတွေက ဒါကိုလည်း သိချင်ကြသည်။ မကြာဥ ပြောသလောက်ဆိုလျှင် နွားခိုးတွေ ပူတုန်းကလည်း ဝေးလံသော ရွာတွေဆီက လာခိုးကြ တာ များသည်ဟု ဆို၏။ အခုလည်း ဝေးလံသော တစ်ရွာရွာက သတင်းကြားနှင့် ဓားပြလာတိုက်ကြခြင်းဖြစ်နိုင်သည်။ ရွာကတစ်ယောက်ယောက် လက်ထောက်ရှိ တာတော့ ပါမှာပေါ့။

မပုန်းရည်တို့ ရောက်သွားတော့ လူအုပ်ကြီးက တစ်စုံတစ်ရာကို စက်ဝိုင်းလို ဝိုင်းထားခြင်းဖြစ်ပြီး၊ ဝိုင်းထားသည့်လူတွေကို တိုးဖြဲဝင်ဖို့ပင် ခက်လှပါ၏။ နောက်မှာ ရောက်လာသူတွေက များသည်ထက် များများလာလေ စက်ဝိုင်းကြီးက ကြီးကြီး လာလေ။ စက်ဝိုင်းအပြင်က လူတွေက အတွင်းထဲက အရာကို ကြည့်ချင်ကြလေ တိုးလေ။ အလယ်ကောင်မှာတော့ မိထားသည်ဆိုသော ဓားပြရှိရမည်။

“နောက်ဆုတ်ကြပါ…အလကားနေရင်း တိုးနေကြတယ်…အခုမိထား တာက ဓားပြမဟုတ်ပါဘူး…ဓားစာခံ…ဓားစာခံ…”

ဟော ဓားစာခံတဲ့…။ ဓားစာခံဆိုတာ ဘာပါလိမ့်။ ဓားစာခံဆိုလေ လူတွေက တိုးတိုးလေ။ မပုန်းရည်ရော မကြာဥပါ အများတိုးသလို တိုးရာက စက်ဝိုင်းအလယ်ကို ရောက်လာကြသည်။ ဓာတ်မီးတွေ ဝိုင်းထိုးထားသည့်အပြင် ဘဲတဲစုမှာ ညမီးချုပ်ချုပ် ဘဲသိမ်းသည့် မီးစာတပ် မီးခွက်ကြီးတွေ လေး,ငါးလုံးပါ ချထားသဖြင့် အလယ်မှာ လင်းနေသည်။ မြင်ရသလောက် လူတစ်ယောက်က ငုတ်တုတ် အနားမှာ မိန်းမသုံးလေး ယောက်။ အထင်ရှားဆုံးကတော့ ခေါင်းပေါင်းကြီး ပေါင်းထားသည့် လေးပန်းဆီ။ ဘယ်လိုဖြစ်တာပါလိမ့်…။ မပုန်းရည်က မကြာဥ ခါးစကိုဆွဲရင်း ရှေ့ကို တိုးသည်ထက် တိုးဝင်လိုက်သည်။ မီးရောင်ထဲမှာ ဓားပြဆိုသူ၏မျက်နှာ…။

“ဟယ်…ကိုကြာစွယ်ကြီး…”

“ဟုတ်ပါ့ ဆရာမရယ်…ဘယ်လိုဖြစ်တာပါလိမ့်…မကြဲကြီးမစည်ရာ…”

“ဘုရား…ဘုရား…”

မပုန်းရည် ခေါင်းတွေ ပူထူသွားခဲ့သည်။ ဓားစာခံဆိုတာ ကိုကြာစွယ်ကို ပြောတာလား။ ကိုကြာစွယ်က ဓားပြတွေထဲက တစ်ယောက်လား။ ဘာမှရှင်းသေး သော်လည်း တစ်ချိန်လုံး ပျောက်နေသည့် ကိုကြာစွယ်ကို သည်လို ကွင်းလယ်မှာ ငုတ်တုတ်ကြီး မြင်ရလိမ့်မည်ထင်မထားခဲ့တော့ အံ့သြရသည်။ ကိုကြာစွယ်က အရှုံး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လို ဒါမှမဟုတ် လူစိတ်ပျောက်နေသူလို ငေါင်ငေါင်ကြီး ထိုင်နေခြင်းဖြစ်၍ တစ်ခါမှ မမြင်ဖူးသူတွေကို သူကလည်း အံ့သြတကြီး ကြည့်နေပုံမျိုးဖြစ်၏။ မကြာ ကတော့ မကြေးမှျင်၊ လှအုန်းမယ်၊ မစိန်ရင်၊ မကုလားမ စသော မိန်းမတစ်စု အတူရှိနေသော မောင်ဖြစ်သူကို တွေ့လိုက်ရတော့ တုန်လှုပ်သွားရှာသည်။ မောင်ရှိရာ ပြေးဝင်သွားတော့ မပုန်းရည်ပါ လူတွေဝိုင်းနေသည့်ကြားထဲ ရောက်ရတော့သည်။

"ကြာစွယ်...ဖြစ်မှဖြစ်ရလေ ငါ့မောင်ရယ်...ဘယ့်နယ့်ဖြစ်တာတုံး— လေးပန်းဆီ ပြောပါဦး...ဘာတွေဖြစ်ကြတာတုံး...ကြာစွယ် နင်တော့ လား...ငါတို့မှာဖြင့် တစ်ချိန်လုံး စိတ်တွေပူလိုက်ရတာ...နင်က ဘယ်လို ဘယ်လို ကွင်းထဲရောက်နေတာတုံး..."

ကိုကြာစွယ်က မီးတွေ ဝိုင်းထိုးထားသည့် လူတွေကို မရှုက်၊ မပုန်းရည် ပါလာတာကို ရှက်သလို ခေါင်းကြီးငုံ့ထားသည်။ ကိုကြာစွယ့်ဘေးမှာ လွယ်အိတ်စုတ် တစ်လုံး ကျနေသည်။ ခြောက်လုံးပြူးထည့်တဲ့ လွယ်အိတ်များလား။ သေချာပါပြီ။ ဓားပြတွေထဲမှာ ကိုကြာစွယ် ပါနေခဲ့ပြီ။ ကြည့်ပါလား မျက်နှာကြီး အောက်ချလို့။ မပုန်းရည်ကို ယောင်လို့တောင် မော့မကြည့်။ ဘေးက ကြည့်နေသူတွေကတော့ အကျိုး အကြောင်းကို သိနေကြရော့လား။ ဘယ်သူ့ဆီကမှ ကိုကြာစွယ်ကို လုပ်ရက်လိုက်တဲ့ ကောင်ဆိုတာမျိုး ပြောသံမကြားရ။ တဝေါဝေါ ဆူညံနေကြတာကလွဲလို့ အပြစ်တင်သူ မရှိ။ မကြာဥက ကိုကြာစွယ် မထုံတထုံလုပ်နေလေ ဒေါသထွက်လေ။ ကိုကြာစွယ်က လေးပန်းဆီကိုသာ ကြည့်နေတော့သည်။ ကျုပ်ကတော့ မပြောချင်ဘူးဗျာ ဆိုသည့် မျက်နှာ။ နောက်ထပ် ရွာထဲက ရောက်လာကြသူတွေကြောင့် ရွာထဲမှာ လူတွေ ကျန်သေးရဲ့လား ထင်ရသည်။ လေးပန်းဆီက မော်သံကြီးနှင့် ဖြေရှင်းသည်။

"ကြာဥရဲ့ နင့်မောင် ကြာစွယ်က ဓားစာခံဟ...ကံကောင်းလို့ မသေတယ်... ဓားပြတွေ ကိုပေါ်လာတို့အိမ် ဝင်တိုက်တော့ နင့်မောင်က မျိုးစပါးကိစ္စနဲ့ အဲသည်အိမ် ရောက်နေတာများ...ဓားပြတွေလည်းဆိုရော သည်ကောင်က ခုတင်အောက် ဝင်ပုန်းရော...ရွာတွေက ဝိုင်းလိုက်ဖို့ လုပ်ကြတော့ ဓားပြ တွေက ကျည်ဆံကလည်း ကုန်ပြီကိုးဟ...အိမ်ပေါ်က ဆင်းပြေးဖို့လုပ်ကြ တုန်း ကြာစွယ်က ခုတင်အောက် အသာမနေဘူး နာထ,ချေသတဲ့...နာချေ တာကလည်း တစ်ခါမဟုတ်ဘူး ဆက်တိုက်ချေတာတဲ့...သည်မှာတင် ဓားပြ တွေက သည်အတိုင်းပြေးလို့ကတော့ ရွာက ဝိုင်းဖမ်းမိမှာပဲ ဓားစာခံခေါ်သွားမှ လွယ်လွယ် မထိုးဝံ့ ခုတ်ဝံ့ကြမှာ...သည်ကောင့် ဆွဲခဲ့ကြကွာဆိုပြီး ခုတင်



အောက်က ဆွဲထုတ်သတဲ့...ကိုပေါ်လာက ပြောတာဖြင့် နင့်မောင် နှာချေတာ မရပ်လို့ ဓားပြက ဆောင့်နေရသေးတာတဲ့လေ..."

ဝိုင်းထားသည့် လူအုပ်ကြီးက ဝါးခနဲ ရယ်လိုက်ကြတော့ ကိုကြာစွယ်က လေးပန်းဆီကို ခင်ဗျားကလည်း ပိုရန်ကော ဆိုသည့်မျက်နှာဖြင့် ကြည့်နေလေ၏။ လေးပန်းဆီက စကားရပ်လိုက်တော့ လူတွေက လေးပန်းဆီ ဆက်ပြောပါဦးဗျို့... ကျုပ်တို့က ရွာတွေကျ အကျိုးအကြောင်း ပြန်ပြောပြရအောင်လို့ပါလို့ အော်ကြသည်။ အချို့ကလည်း နောက်ပိုင်းက မကြားလိုက်ရသူတွေကို ထပ်ရှင်းပြကြသည်။ မှန်လည်း မှန်ပါ၏။ သည်လိုအကျိုးအကြောင်းတွေကို သိမှ ကိုယ့်ရွာကိုယ်ရောက်တော့ ရှင်းပြ နိုင်ကြမှာ မဟုတ်လား။ နတ်ရေကန်ရွာ ဓားပြတိုက်ခံရပြီဆိုလို့ ရရာလက်နက်စွဲပြီး လိုက်လာကြသူတွေဆိုတော့ သူတို့ကျေးဇူးရှိသည်။ ဓားပြတွေမိတာ မမိတာထား၊ ဘယ်ရွာက ဘယ်သူတွေဆိုတာ မသိရတာထား၊ ကိုကြာစွယ်ကြီး ဓားစာခံ ခေါ်သွား ကြတာကိုတော့ ရွာမှာ ဟာသလုပ်ချင်ကြသေးတာကိုး။ ဒါကို ကိုကြာစွယ်က ရိပ်မိပုံ ပေါ်ပါ၏။ ထ,ငေါက်တော့သည်။

"အကျိုးအကြောင်းပြောရအောင် ငါက မင်းတို့ကြီးတော်တွေ ခိုးပြေးလို့ လား..."

"ဟေး...ဟေးဟေး..."

ကိုကြာစွယ်က ဒေါသနှင့် ပြန်ပက်တာကို ရွာသူရွာသားတွေက စိတ်မဆိုး ကြသည့်အပြင် ဟေးခနဲ အော်ကြပြန်သည်။ မကြာဥက မောင်ဖြစ်သူကို စိတ်ပူနေရာက ဒီသနာထဲ သူ့မောင် မပါတာ ရိပ်မိတော့ စိတ်ချမ်းသာသွားပုံရပါ၏။ မြေပေါ် ထိုင်ချလိုက်သည်။ မပုန်းရည်ကလည်း လိုက်ထိုင်ရတော့သည်။ မပုန်းရည်က သည်လောက်ကြားရတာနှင့်ပင် ရယ်ချင်လှပြီ။ မရှင်းသေးတာက အနားက မိန်းမအုပ် တို့ကတော့ ဘယ်လိုပတ်သက်ပါလိမ့်။ စောစောက ရွာဓားပြတိုက်ခံရတာကိုပင် မေ့သွားကြပြီ။ ကွင်းထဲမှာ လူလာစုပြီး ကိုကြာစွယ် အူတာတွေ စာရင်းလာရှင်းကြ တာနှင့်ပင် တူလေတော့သည်။

"ပြောပါဦး လေးပန်းဆီရ...ကျုပ်တို့က ရွှေကျောင်းရွာအထိ ပြန်ကြ ရမှာ...အဝေးကြီးရယ်"

"အေးပါကွာ...ငါ့တူများ ငါ့ညီများ...တစ်ရွာတစ်ရွာ အခုလို ကိုယ်ချင်း စာပြီး ကူညီစောင့်ရှောက်ကြတာ ကျေးဇူးတင်ပါကွာ...ဓားပြတွေက သေနတ် နဲ့ဆိုတော့ ငါတို့ကလည်း ရုတ်တရက် မကပ်ဝံ့ဘူးလေကွာ...သံချောင်း

www.burmeseclassic.com

www.burmeseclassic.com



မောင်းထုကွာဆိုတော့ မောင်းက မပြည်ဘူး…မောင်းချက်က လွဲနေ
လေ…ခွေးသား အကြောက်လွန်ပြီး တောင်ထု မြောက်ထုနဲ့…ရွာ
လုပ်ပြီး မောင်းမထုတတ်ဘူး…မောင်းထု သင်ရဦးမယ်…မင်းတို့ရွာတွေ
မီးတဝင်းဝင်းနဲ့ ညာသံပေးလာကြတော့ အခြေအနေမဟန်ဘူးဆိုပြီး ပြေး
တာပဲ…ပြေးကြတာသိလို့ ဝိုင်းလိုက်ကြပေသိ သည်ကောင်တွေလက်
ရွာသားတစ်ယောက် ဓားစာခံ ပါသွားတော့ ရမ်းမလိုက်ဝံ့ဘူး…
ကိုယ့်ရွာသား အန္တရာယ်ပြုမှာ စိုးရတာကိုး…ကိုပေါ်လာတို့ကတော့
ပါမသွားဘူးပြောတာပဲ…အဘွားကြီးနားကပ်တောင် တစ်ဖက်ဖြုတ်ရ
သတဲ့"

"ကြာစွယ် ပါသွားတာ ပြောပါဦး လေးပန်းဆီရ…ဘယ်လိုဖြစ်တာတုံး"

လူတွေက တောင်းဆိုတော့ လေးပန်းဆီက စကားဆက်ရပြန်ပါ၏။

"ကြာစွယ်က တွန်းချေနေတော့ ဓားပြက ပထမတော့ အချေရပ်အောင်
စောင့်သေးသတဲ့…မရပ်တော့ ဓားနောင့်နဲ့ ခေါင်းထုရော…သည်တော့
အချေရပ်သတဲ့…ဖြစ်ရပုံ…"

"ဝါး…ဟား ဟား ဟား…"

လေးမန်းဆီ ပြောတာ မျက်စိထဲ မြင်ယောင်လာသဖြင့် မပုန်းရှည်လည်း
မီးတွေ ဝိုင်းထိုးထားသည့်ကြားက ရယ်မိရသည်။ ကိုကြာစွယ်က သည်နေရာမှာ
ဝင်ရှင်းသည်။ ရှင်းကာမှ ရယ်ရပြန်သည်။

"ခင်ဗျားက ပြောနေ…လေးပေါ်လာတို့ စုတင်အောက်မှာ ဆေးရွက်ကြီး
ထပ်ထားတာဗျ…ကျုပ်က ခေါင်းထိုးဝင်တော့ နှာခေါင်းကို ပွထသွား
ဗျိုး…အဲသည်ကတည်းက ချေချင်နေတာဗျ…နှာခေါင်းထဲ ခါချဉ်ဝင်တာ
နေသလား မှတ်ရတယ်…ကျုပ်က မချေမိအောင် နှာခေါင်းပိတ်တာလည်း
မရပေါင်ဗျာ…ဗျိုးဗျိုးနဲ့ ချေတာများ သေရာပါရော အောက်မေ့တာ…"

ကိုကြာစွယ် ပြောလေ လူတွေက ရယ်လေ။ ကိုကြာစွယ် ပြောတောကလည်း
ရယ်စရာကိုး။ လေးပန်းဆီက ဓားပြတွေ ပြေးသည့်နေရာက စပြောသည်။ ဓား
လေးယောက်က နောက်က။ ဓားပြတစ်ယောက်က ကိုကြာစွယ့်ကို စောင့်ခေါ်
ဓားစာခံလုပ်ပြီး ရှေ့က သွားနှင့်သည်။ သည်အချိန်မှာတော့ ကိုကြာစွယ့်မှာ လက်
ကြိုးတုပ်ထားပြီ။ အနားရှိသည့် ကျောင်းလွယ်အိတ်စုတ်ကို ခေါင်းကောက်စွပ်သည်
ဓားပြခွဲရာ မမြင်မစမ်း လိုက်နေရတာတွေပြောတော့လည်း လူတွေက ရယ်ကြပါ၏။



သည်အချိန်မှာ ဘဲတဲစုမှာ ရှိသမျှတဲတွေက မီးတိုင်ခွက်ကြီးတွေ ယူလာကြတာ
ကိုကြာစွယ့်အနား လာချကြသည်။ လက်နှိပ်ဓာတ်မီးတွေက ကြာကြာမထိုးနိုင်ကြသဖြင့်
တစ်ယောက်က ဘဲတဲတွေမှာ ထားလေ့ရှိသည့် ဒီဇယ်မီးတိုင်ခွက်ကြီးတွေ ယူခဲ့ကြဖို့
ပြောရာက ရောက်လာကြခြင်းဖြစ်သည်။ မီးတိုင်ခွက် ဆယ်ခွက်လောက်က အတော်လေး
လင်းသည်။

"အံမာဗျာ…ဖားများ ထွက်ရိုက်ကြမလို့လားဟ…ငါ့များ ဖားမှတ်ကြရော့
လား…ကိုင်း လေးပန်းဆီ ခင်ဗျားဓာတ်ထုပ်က မိုးလင်းတော့မယ် ဓာတ်
မပေါင်းသေးဘူးလား…မြန်မြန်ပြောလေဗျာ"

"ငါ့ဓာတ်ထုပ် မဟုတ်ပေါင်ကွာ…မင်းဓာတ်ထုပ်ပါ…တိုတိုပြောကြပါစို့…
လွယ်အိတ်ကြီး ခေါင်းစွပ် လက်ပြန်ကြိုးတုပ်ခေါ်ရာက အခြေအနေမဟန်မှန်း
သိတော့ ကြာစွယ် တွန်းလှဲပစ်ခဲ့ပြီး ပြေးကြတာတဲ့ကွ…ကြာစွယ်က ကြိုး
တန်းလန်းနဲ့ဆိုတော့ ဓားပြတွေပြေးမှ ကျူးထကရော…မျက်နှာစွပ်ထားတဲ့
လွယ်အိတ်ကလည်း ခွာမရဆိုတော့ ဘဲတဲစုနားရောက်တော့ ခလုတ်တိုက်
လဲကရော…သည်မှာတင် မိန်းမတွေက ဓားပြတစ်ယောက် ဒဏ်ရာရလို့
လဲတယ်ထင်ပြီး ခြေထောက်ရော၊ ခေါင်းရော ဝိုင်းဖိထားကြတုန်း ငါတို့
ရောက်လာတာပဲ…မျက်နှာကလွယ်အိတ် ဖြုတ်တော့မှ ကြာစွယ်မှန်း သိရ
တာဗျား…"

သည်တော့မှ မိန်းမအုပ်ကြီး ရှိနေတာကို မပုန်းရှည် သဘောပေါက်ရတော့
သည်။ ဓားပြမှတ်ပြီး ဝင်လုံးကြသည့် သတ္တိကိုတော့ ချီးကျူးချင်သည်။ အာဂမိန်းမသား
တွေပါလား။ သည်အထဲမှာ ဘဲတဲစုက မိန်းမတွေ ပါတာထားပါတော့၊ မလှအုန်းမယ်က
ညကြီး ညဥ့်နက် ဘယ်ကဘယ်လို သည်နားရောက်လာတာပါလိမ့်။ ကြုံမှပဲ မေးကြည့်ရ
တော့မည်။ အကျိုးကြောင်း အလုံးစုံ သိရတော့လည်း လူတွေ တုတ်ဓားကိုယ်စီနှင့်
ကိုယ့်ရွာကိုယ် ပြန်ကြလေပြီ။ ရွာတွေရောက်လျှင် ဓားပြသတင်းထက် ကိုကြာစွယ့်
သတင်းက နယ်လုံးပြန့်တော့မည်။ ကိုကြာစွယ့်အကြောင်း ကြားရသူအပေါင်းတ
အားရပါးရ ရယ်ကြပေလိမ့်မည်။ လေးပန်းဆီပြောသလို တစ်ရွာတစ်ရွာ စည်းစည်း
လုံးလုံး ရှိကြတာကလည်း ချစ်စရာကောင်းလှပါ၏။

"ဖြစ်ရပုံများ ငါ့မောင်ရယ်…ငါဖြင့် လူကြားထဲ နင့်တွေ့တော့ ဓားပြထင်ပြီး
လန့်တောင်သွားမိတယ်…မင်းနယ်ကွယ် ညဘက်ကြီး မျိုးစပါးတွေ သွား
တယ်လို့…"

www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ…ကျုပ်သွားတုန်းက အစောကြီးဟာကို…လေးပေါ်လာနဲ့ စောစော ကောင်းနေလို့ ညဥ့်နက်သွားတာကိုး…အိမ်ရောက်ရင် ခေါင်းလျှော်ရမှာ ပါဗျာ…နံလိုက်တဲ့လွယ်အိတ်ကြီး ခေါင်းတောင် ခဲတယ်…အဟုတ်…"

များလှသော လူအုပ်ကြီးနှင့်အတူ မပုန်းရည်တို့ ပြန်ခဲ့ကြသည်။ နတ်ရေကန်က လူတွေက ကိုယ့်အိမ်ကိုယ် မပြန်ကြသေးဘဲ လေးပေါ်လာတို့အိမ် တချို့ဝင်သွားကြသလို၊ ကိုကြာစွယ်တို့အိမ် တချို့လိုက်လာကြသေးသည်။ ညဥ့်နက်မှ ပြန်ကြပါ၏။ ဘိုးကြီး ဘွားကြီးတို့ကို မကြာဥပဲ အကျိုးအကြောင်း ရှင်းပြသည်။ ကိုကြာစွယ်က ဆွဲလိုက်ကြသည့်ဖြစ်ခြင်း။ မောတော့လည်း အိပ်ရာဝင်သွားကြသည်။ မကြာဥ၊ မပုန်းရည်နှင့် ကိုကြာစွယ်တို့က မအိပ်ကြသေးဘဲ ခုံတန်းရှည်မှာထိုင်ရင်း ညတစ်ဝက်စာ ဖွင့်စားခန်းအကြောင်း ပြန်ပြောဖြစ်ကြပါသည်။ ကိုကြာစွယ်က ထမင်းပန်းကန် မ,လာသော မပုန်းရည်တို့အနားမှာ လှုပ်စားနေခြင်းဖြစ်၏။ ကိုကြာစွယ် အခုမှ ညနေစာစားရ ပေါ်ပါသည်။

"နင် အိုးလူးစားလာတာမဟုတ်လား…မစားနဲ့…နင် ဒါကြောင့် အိုးစွပ် ခွက်စွပ် အစွပ်ခံရတာ…ကြာစွယ်က သိပ်အိုးလူးတာ ဆရာမရဲ့…"

"အိုးလူး ကြိုက်တာကိုးဟ…အိုးထဲ လက်နှိုက်စားမှ အိုးစွပ်တာပါဟာ… ငါက အိုးလူးပြီး ပန်းကန်ထဲ ထည့်စားတဲ့ဟာကို…"

မပုန်းရည်သိသလောက် သည်အိမ်ကြီးမှာ ဟင်းတွေ ပေါင်းလန်အောင် ချက်နေကျပင်။ ဘယ်တော့မဆို လောက်လောက်ငရှိအောင် ချက်နေကျ။ တစ်ယောက် တစ်ယောက် ငှဲစားရတာမျိုး မပုန်းရည် မကြုံဖူးခဲ့။ သို့သော် သည်အိမ်မှာ လူတကာ ဝင်စားနေတာဆိုတော့ ဘယ်လောက်ချက်ချက် အချိန်တန်တော့ ထမင်းကုန်၊ ဟင်းကုန် ရမြဲ။ ကိုကြာစွယ်က ကျန်ကောင်းကျန်ရာကိုသာ စားပုံရသည်။ အိုးလူးစားနေကျ ဆိုကတည်းက သူ့အတွက် ဟင်းမကျန်တာ များပုံရသည်။ သို့သော်လည်း သူ့ခမျာ မညည်းရှာပါ။ ဟင်းမကျန်လို့ ဆူပူနေတာမျိုး၊ ဟင်းကြေးများတာမျိုး မပုန်းရည် မကြားဖူးခဲ့။ စိတ်ကောင်းရှိသူ ကိုကြာစွယ်ကို မပုန်းရည် ကြည့်နေမိသည်။ ဒါကို တွေ့တော့ မပုန်းရည်ကို မေးနေသေးသည်။

"ဆရာမ ထမင်းဆာသလား…ကျုပ်ချက်လိုက်မယ်လေ…တအောင့် ရယ်…"

မပုန်းရည်က အသာ ခေါင်းခါပြရပါ၏။ ဆာလို့မဟုတ်ပါဘူး ကိုကြာစွယ် ရယ်…ရှင့်ကို လေးစားလို့ပါ၊ သနားလို့ပါ။ ရင်ထဲက စကားတွေပင်။

□



"တရားဓမ္မ မပြတ်အခြေခံသည့် နတ်ရေကန် ရွာဂါမက ကလျာဏမတ္တ အပေါင်းတို့ ခင်ဗျား…သန်ဘက်ခါ တော်သလင်းလဆန်း ခြောက်ရက် တနင်္လာနေ့မှာတော့ နတ်ရေကန်ရွာ တောင်ပိုင်းက ကိုသာဒုတ် မသန်းခင်တို့ အိမ်က ဆရာမ ဒေါ်ပုန်းရည်ကို ထမင်းကျွေးကျသည့်အကြောင်း ကြိုတင်၍ နှိုးဆော်အပ်ပါတယ်…မမေ့မလျော့ ပေါ့တီးပေါ့ဆ မလေးမစား မရှိကြပါနဲ့ ဗျိုး…"

ရွာဆော် ကိုသံချောင်းအသံက နတ်ရေကန်ရွာလယ်လမ်းဆုံကနေ ကျယ်ကျယ်လောင်လောင်ကြီး ပေါ်လာခဲ့သည်။ ရွာက ထမင်းကျွေးကြမည်ဆိုတော့ မပုန်းရည် ဝမ်းသာသည်။ ညနေခင်း ကျောင်းကအပြန် ရေမိုးချိုးပြီး ညနေစောင်းလောက် လမ်းလျှောက်ရင်း၊ အိမ်လည်ရင်းနှင့် ပြီးလိမ့်မည်ထင်ခဲ့သည်။ ဘယ်ဟုတ်ပါ့မလဲ။ ပထမဆုံး ထမင်းစားရမည့်နေ့မတိုင်မီ တစ်ရက်ကျော်က ရွာလယ်လမ်းဆုံဆီက မောင်းငယ်ကလေး တစ်လုံး တမောင်မောင်တီးကာ ရွာဆော် ကိုသံချောင်း၏ ဗျိုးဟစ်သံကြီး ပေါ်လာခဲ့သည်။ မပုန်းရည်ပင် လန့်ဖျပ်သွားရပါ၏။ ကြားစက ရှက်ပင်ရှက်မိသည်။ နတ်ရေကန် ရွာထုံးစံ အကြောင်းကြီးငယ်ရှိလျှင် ရွာဆော် ကိုသံချောင်း အအော်အပြု အဖိတ် အကြားရှိတာကိုလည်း ကြုံဖူးပါသည်။ ကိုသံချောင်း၏ အောင်မြင်လှသော အသံ ကိုလည်း ကြားဖူးပါသည်။ ကျောင်းဆရာမတစ်ယောက်ကို ရွာက ထမင်းကျွေးမည့် ကိစ္စမှာတော့ သည်လို ထပြီးနှိုးဆော်လိမ့်မည် မထင်ခဲ့။ အခုက ကျွေးရမည့်အိမ်ကို နှိုးဆော်ခြင်း ဖြစ်သည်။ တနင်္လာနေ့ ကျွေးမည်ဆိုလျှင် ရွာဆော်က စနေနေ့ကပင် နှိုးဆော်သည်။ မနက်ဖြန် တနင်္ဂနွေနေ့တွင် ဟင်းကျွေးဟင်းရဲ ရှာပါ။ နောက်တစ်ရက် ဖြစ်သော တနင်္လာနေ့ ညနေတွင် မပျက်မကွက် ကျွေးပါ ဆိုသည့်အဓိပ္ပာယ်သဘော ပါသော ဗျိုးဟစ်သံ ဖြစ်ပါ၏။ တစ်ရွာလုံးကြား အော်ခြင်းဖြစ်သည်။

"မမလေးရယ်…ကျွန်မဖြင့် ရှက်တောင်ရှက်သေးတယ်…ကျွေးရမယ့်အိမ် ကို လက်တို့လိုက်ရင် ဖြစ်ပါလျက်နဲ့ မောင်းခတ် အော်တာဆိုတော့လေ… ပြီးတော့ နာမည်ပါ ပါတာဆိုတော့ မျက်နှာပူတယ်"

"မပူပါနဲ့ ဆရာမ…ရွာက အဲသလို နှိုးဆော်တာကို ကြိုက်တယ်…တွေ့ရ မယ့်လူ ဂုဏ်ရှိတာပေါ့…တစ်ခါတလေ အသံနေအသံထားနဲ့ တော အော်တာ ဆရာမရဲ့…ခွမ်းကျွေးတို့၊ သာရေးနာရေးတို့၊ အလှူတို့ မင်္ဂလာ ဆောင်တို့ဆိုရင် စာစပ်ပြီး အော်တာတောင် ရှိသေးတယ်"

တော်ပါသေးရဲ့။ ခုအော်တာက နဘောကာရန်တွေ မပါလို့။ စာစပ်ပြီး အော်တယ်ဆိုတော့မှ ပိုလို့ပင် လန့်သွားမိသည်။ ထမင်းကျွေးမည့်အိမ်ကို မမေ့အောင်

www.burmeseclassic.com



ပေါ့ပေါ့ဆဆ မနိုးမခန့် မရှိကြပါနဲ့ဗျိုး ဆိုတာကလည်း တော်ရိရော်ရိ မလုပ်နဲ့ ဟင်းကောင်းကောင်းနဲ့ ကျွေးလို့များ ဆိုရော့လား။ ဒါကိုတော့ မပုန်းရည် အားနာလှပါသည်။ ရွာသူရွာသားများခမျာ အားရာကြတာမဟုတ်။ ရွာခံချင်းချင်း ကျွေးတာ မျိုးဆိုလျှင်တော့ တစ်အိမ့်တစ်အိမ် အိုးလှန်စားနေကျ။ ကျွေးသူရော စားသူပါ ဟန်ချက် ပကာသန မပါ။ ကျွေးသူက အိုးသာ လှန်စားတော့ ဆိုတတ်သလို၊ စားသူကလည်း လက်တောင် ဆေးချင်မှဆေးတာ မပုန်းရည်ကိုယ်တွေ့။ အိမ်မှာ ဟင်းကောင်းကလေး ချက်စားပါတယ် မသထာရေစာ မျှိသွားလေခြင်း ဆိုတာမျိုး မကြားဖူးခဲ့။ သူ့အိမ် ကိုယ်စား၊ ကိုယ့်အိမ် သူစား။ ဒါမျိုးက တစ်မျိုး။ ကျောင်းဆရာမကို ကျွေးရမှာဆိုတာ မျိုးကျတော့ ခွေ့သည့်ကျွေး ကျွေးရပြီ။ တူတူတန်တန် တည်တည်ပပ ရှိရပြီ။ ဆီနှင်း များနှင့် နပ်နပ်ပျောင်းပျောင်း ဖြစ်ရပြီ။ ရွာမှာ ဟင်းစားရှာမရလျှင် မတွာရာအထိ ရထားနှင့်လိုက်၍ ဟင်းစားဝယ်ရသည်။ ပြီးတော့ တစ်ယောက်စာဆိုပေသိ တစ်တုံးတစ်ခဲ ချက်ရတာမဟုတ်။ တစ်အိုးတစ်မတော့ ချက်ရတာမဟုတ်လား။ ညနေတိုင်လျှင် မပုန်းရည်မှာ ရွာလည် ထမင်းစားဖို့ ပြင်ရပြီ။ လူခေါ်လာလျှင် ထလိုက်သွားရုံ ဆိုပေသိ အဖော်မပါတော့ ကြာဖြူတို့၊ ကြာနီတို့က ထမင်းစားရမည့်အိမ်အထိ လိုက်ပို့ရသည်။ ပထမဆုံး ရွာအိမ်တွေမှာ စားရသည့်နေ့က လေးပန်းဆီကိုယ်တိုင် လိုက်ပို့ခဲ့သည်။

"ဆရာမတစ်ယောက်တည်း ကြောင်နေမှာစိုးရင် ကြာဥ ခေါ်ခဲ့လေ... နောက်ရက်တော့ ဆရာမ စားတတ်သွားမှာပါဗျာ... ရွာက ကျွေးချင်ကြ လွန်းလို့မှ... ဆရာမ စားရမှာ ရှက်ရင် ကြာနီတို့၊ ကြာဖြူတို့ပါ ဝင်အစား ခိုင်း... ရတယ်... ထူးပြီး မချက်ရဘူး"

လေးပန်းဆီက မပုန်းရည် ရှက်မှာစိုးသဖြင့် လူပိုခေါ်ရန် စီစဉ်ပေးရှာပါ၏။ သို့သော် မပုန်းရည် မခေါ်ချင်ပါ။ သည်လိုတော့လည်း မပုန်းရည် မရှက်ပါ။ နတ်ရေကန်မှာ ပထမဆုံး စားရသည့်အိမ်က ဦးပေါက်ကျော်၊ ဒေါ်စီးကွက်တို့အိမ် ဖြစ်သည်။ တပည့်ကျောင်းသား မရှိသည့်အိမ်ကလည်း ဖြစ်ပြန်၊ လူကြီးသူမတွေလည်း ဖြစ်ပြန် ဆိုတော့ မပုန်းရည် အဖော်ခေါ်ဖို့ စိတ်ကူးမိသေးသည်။ တကယ်သွားဖြစ်တော့လည်း တစ်ယောက်တည်း။ အိမ်ရှေ့ တလင်းမှာ စားပွဲခင်းကာ စောင်တစ်ထည်ခင်းထားသည်။ ဟင်းတွေ ခူးခပ်ထားပြီး နီးအုပ်ဆောင်းဖြင့် အုပ်ထားသည်။ ထမင်းအုပ် ဖွန်းစိုက်။ မပုန်းရည်က ထမင်းပွဲ တန်းဝင်ရမလိုလို၊ စကားစမြည်ပဲ ပြောရမလိုလို။ ဒေါ်စီးကွက်က မပုန်းရည် ဝင်လာသည်နှင့် လက်ဆေးဖလုံ ထိုးပေးသည်။ ပန်းကန်ထဲ ထမင်းထည့် သည်။ အုပ်ဆောင်းကြီး ဖွင့်လိုက်တော့ ချက်ထားသည့်ဟင်းတွေက အများကြီး



ဦးပေါက်ကျော်က အိမ်ရှေ့ ကပြင်မှာ ဒူးတစ်ဖက်ထောင် ဒူးတစ်ဖက်ချပြီး ဆေးလိပ်သောက် နေသည်။ မပုန်းရည်ကို မကြည့်။ စကားလည်း မပြော။ ဒေါ်စီးကွက်ကလည်း ယပ်တောင် တစ်ချောင်းနှင့် ရပ်နေတာပဲရှိသည်။

"ဟင်းတွေက စုံလှချည်လား ကြီးတော်ရဲ့... ကိုယ်တိုင်ချက်တာလား... ငါးဟင်းက ချိုလိုက်တာရှင်... ဆည်တော်ချောင်းက ထင်ပါရဲ့"

"ခရမ်းချဉ်သီးငါးပိချက်က ရေတ်သီးစိမ်းနဲ့ ကလေးကို မွှေးနေတာပဲ... ထမင်းမြိန်လိုက်တာ... ဒါ ပဲရွက်လား... ဘာပဲရွက်ပါလိမ့်... နူးညံ့တယ် နော်..."

"သည်နှစ် စပါးတွေ ကောင်းတယ်နော်... သည်ဘက်ရွာတွေက ဆည်တော် ချောင်းရေ ရတော့ ဟန်ကျတယ်... မိုးမျှော်စရာမလိုဘူးပေါ့... မနှစ်က စပါး တော်တော်ရလိုက်ကဲ့လား..."

"တော်ပါပြီ ကြီးတော်ရယ်... ကျွန်မ ဝပါပြီ... ထမင်းကျွေးလို့ ကျေးဇူးတင် ပါရဲ့ရှင်... နတ်ရေကန်ရွာအိမ်တွေမှာ ပထမဆုံး ဖိတ်ကျွေးတဲ့ထမင်းဆို့ မမေ့နိုင်ပါဘူး"

မပုန်းရည်က စကားတွေ ပြောတော့လည်း ဒေါ်စီးကွက်က ခွန်းတုံ့မပြန်။ ယပ်တောင်ကိုသာ တွင်တွင်ခတ်နေတာပဲရှိ၏။ ထမင်းစားပြီး လက်သုတ်ချမထားတော့ မပုန်းရည် ဟိုဟိုသည်သည် ကြည့်သည်။ ဒေါ်စီးကွက်က ရိပ်မိတော့ ဦးပေါက်ကျော် ပုဆိုးပောင်း လျှော်ဖွပ်ဆုတ်ပိုင်းထားသော လက်သုတ်ခေါက်ကို ပြေးယူသည်။ ပုဆိုး ဆိုသော်လည်း သည်လိုလုပ်လိုက်တော့ လက်သုတ်ပဝါပေါ့။ ပြီးတော့ ဦးပေါက်ကျော် ထိုင်နေရာ ရေကပြင်ဘက်ကို လက်ရိပ်ပြခေါ်ကာ ထန်းလျက်နှင့် ရေနွေးကြမ်း သောက် စေသည်။ မပုန်းရည် ပြန်မည်ဆိုတော့ အိမ်ဝိုင်းဝအထိ လိုက်ပို့သည်။ လက်နှစ်ဖက် ပိုက်ထားလိုက်လို့။

"ကျေးဇူးတင်ပါတယ် ကြီးတော်ရယ်... စားလို့လည်း ကောင်းပါတယ်... သွားမယ်နော်"

ဒေါ်စီးကွက်က ခေါင်းကို မညိတ်ချင်ညိတ်ချင် ညိတ်သည်။ အိမ်အပြင်ရောက် တော့ မပုန်းရည် ရယ်ချင်သလိုလို ငိုချင်သလိုလို။ စကားတစ်ခွန်းမှ မပြောလိုသော ထမင်းတစ်နပ်နှင့် စ,တွေ့ပြီ။ ယောကျ်ားကြီး ဦးပေါက်ကျော်က ခပ်ရှောင်ရှောင်။ မိန်းမကြီး ဒေါ်စီးကွက်က မှုန်တေတေ။ သူတို့ဟာသူတို့ ပြောဖို့ဆေးရာ၊ မပုန်းရည် စကားခင်းတော့လည်း မဝင်။ မေးတော့လည်း မဖြေ။ မပုန်းရည် အိမ်ကြီးကို ပြန်

www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့ မကြာဥတို့၊ မကေးတို့၊ မပုစွန်တို့ အခင်းထွက် ပြောင်းဖူးတွေ ပြုတ်နေကြသည်။ ညဘက် စားဖို့တဲ့။

"အဆင်ပြေခဲ့ရဲ့လား ဆရာမ…ဘာဟင်းတွေနဲ့ ကျွေးလိုက်တုံး"

"ပြေပါ့ရှင်…ထမင်းတွေ ဟင်းတွေ ချက်ထားတာများ ငါးယောက်စာလောက် ရှိမယ်…ငါးဟင်းရယ်, ငါးပိချက်ရယ်, သရက်သီးပိုးတီချဉ်သုပ်ရယ်, ပဲချက်ရယ်, ဘဲဥကြော်ရယ်, ကြက်ဟင်းခါးသီးထောင်းတောင် ပါသေးတယ်"

"ကြီးတော်ဖိုးကွက်က စကားများမလွှတ်လိုက်ဘူးလား…အဘွားကြီးက အင်မတန် စကားပြောတာရယ်…"

"မပြောပါဘူး မကေးရယ်…ကျွန်မဖြင့် အားတောင် ငယ်မိတယ်…မေးတာလည်း မဖြေဘူး…ကျေးဇူးတင်ကြောင်းပြောတော့လည်း လက်ကြီးပိုက်လို့…ဘကြီးပေါက်ကျော်ကလည်း အနား မလာဘူး…တစ်ယောက်တည်း ခြောက်ကပ်ကပ်နဲ့ စားခဲ့ရတယ်"

မကြာဥတို့အပျိုကြီးတစ်သိုက် ဝါးခနဲ ရယ်ကြသည်။ မပုန်းရည် နားမလည်နိုင်။ ဘာများ ရယ်ကြတာပါလိမ့်။ တစ်ခုခုတော့ ရှိလိမ့်မည်။ မကြာဥက ရှင်းပြတော့မှ မပုန်းရည်ပါ ရယ်မိတော့သည်။ စိတ်ထဲလည်း မကောင်းဖြစ်ရသည်။ အိမ်ရှင် ထမင်းရှင်တွေကို စိတ်ထဲ တစ်မျိုးထင်ခဲ့တာမဟုတ်လား။

"ဘိုးပေါက်ကျော်နဲ့ ဘွားဖိုးကွက်က အင်မတန် ရိုးကြတာ ဆရာမရဲ့…ဘွားဖိုးကွက်က နားမကြားရှာဘူး စကားလည်း မပြောတတ်ဘူး…ပြောတဲ့လူပါးစပ်ကြည့်ပြီး ဘာပြောတယ်ဆိုတာလောက်တော့ ရိပ်ဖမ်းသံဖမ်း ရိုပ်မိတယ်…ဘိုးပေါက်ကျော်ကျတော့ ရှက်တတ်တာ…ဆရာမလို ဧည့်သည်များဆိုရင် ရှက်လွန်းလို့ မြန်မြန်ပြန်စေချင်နေတော့တာ…စေတနာ မရှိတာ မဟုတ်ပါဘူး ဆရာမရဲ့…စကားမပြောဝံ့တာ…ဟုတ်ပဲ့…ကျွန်မတို့ လိုက်ရမှာ…အဲသည်အချက် ခေါင်းထဲမပေါ်လို့…တကယ့်လင်မယားနဲ့မှ စ,တွေ့ရပလေ…"

အို…။ မပုန်းရည် စိတ်ထိခိုက်သွားခဲ့ရပါ၏။ ဘာပဲဖြစ်ဖြစ် ပထမဦးဆုံး ထမင်းပွဲက အမှတ်တရ ရှိခဲ့ရပြီ။ ကြီးတော်ဖိုးကွက်၏ မျက်လုံးတွေကတော့ သူမကို ဧည့်ခံနေရှာသား။ နှုတ်က ပြောချင်သော်လည်း မပြောနိုင်သည့် အခြေအနေမှာ မပုန်းရည်ကို ထမင်းခူးပေးသည်။ ဟင်းလိုက်ပေးသည်။ ယပ်တောင်ခပ်ပေးသည်။ ထမင်းထပ်ထည့်ဝါဦး မေးထိုးပြသည်။ အားလုံးပြီးတော့ ရှိရိကျိုးကျိုး လက်ကလေးများ ပိုက်လို့။



ဖြစ်မှဖြစ်ရလေ ကြီးတော်ကြီးရယ်။ ဘိုးပေါက်ကျော်ကိုလည်း ပြစ်မတင်သာပါ။ ရှက်တတ်သူဆိုတော့ ကျောင်းဆရာမတစ်ယောက်ကို ဘာပြောရမှန်းမသိ။ သည်တော့ ခပ်ဝေးဝေးမှာ ဆေးလိပ်ဖွာနေတာ အကောင်းဆုံးပေါ့။

ဒုတိယနေ့မှာတော့ အားလုံး အဆင်ပြေသည်။ မပုန်းရည်၏ စတုတ္ထတန်းအတည့် မောင်ဖြားတို့ မိသားစုက ကျွေးတာဆိုတော့ မပုန်းရည်နှင့် ရင်းနှီးပြီးသား။ မောင်ဖြားတို့အိမ်ကလည်း ဟင်းတွေ စုံသည်။ မပုန်းရည်က မစားနိုင်။ ကြက်သားကို ရှာချက် ချက်ထားခြင်းဖြစ်၏။ ရေတ်သီး လေးစိတ်ကွဲနှင့် နနွင်းကြက်သွန်ဆီသတ်ပြီး လုံးချက် ချက်ထားတာကပဲ တစ်မျိုးစားလို့ကောင်းလှပါသည်။ တစ်ခုတော့ စိတ်မချမ်းသာပါ။ ဆရာမတပည့်က ကြက်သားကျွေးချင်တယ်ဆိုလို့ အိမ်က ကြက်ကလေး သူ့အမေ ရိုက်ချက်တာလေတဲ့။ သည်စကား ကြားရတော့ မပုန်းရည် အတော်ကလေး စားမိခဲ့ပြီ။ သည်လိုနှင့် တစ်အိမ်ပြီးတစ်အိမ် ရောက်ခဲ့ရသည်။ ဆင်းရဲသည့်အိမ်တွေ ပါသလို ချမ်းသာပြည့်စုံသည့်အိမ်တွေလည်း ပါသည်။ နတ်ရေကန်ရွာမှာ ဘယ်သွားသွား စလုတ်တိုက်နိုင်သည့် ဘဲဥချက်၊ ဘဲဥပြုတ်၊ ဘဲဥကြော်၊ ဘဲဥပေါင်း၊ ဘဲဥချဉ်ရည်ချက်ကတော့ အနပ်တိုင်း ကန်ထရိုက်ခွဲထားသလို ပါလေ၏။ ကြက်သား၊ ဝက်သား၊ ငါး စသည်ဖြင့် ဟင်းမျိုးစုံလင် ကျွေးသည့်အိမ်ပါသလို၊ ဓနိရှိတ်ကပ်နှင့် စားချင်စဖွယ်ဖြစ်အောင် ချက်ပြုတ်ကျွေးမွေးသည့်အိမ်လည်း ပါသည်။ ဘာပဲဖြစ်ဖြစ် မပုန်းရည် မြိန်ပါသည်။ အိမ်ရှင်တိုင်းက မပုန်းရည်ကို စေတနာရှိကြသည်။ မေတ္တာရှိကြသည်။ နတ်ရေကန်က လူတွေကိုသာမက ဘဝတွေကိုပါ ထဲထဲဝင်ဝင် ရင်းနှီးခင်မင်ခွင့် ရခဲ့တာကပဲ သံယောဇဉ် ဖြစ်ထွန်းရပါ၏။

တစ်ရက်မှာတော့ မလှအုန်းမယ်တို့အိမ်မှာ စားခွင့်ကြုံသည်။ မလှအုန်းမယ်၏အိမ်သား ကိုတက်တူလည်း ရှိ၏။ မလှအုန်းမယ်ကချည်း နိုင်းနေတော့သည်။ ကိုတက်တူက ခိုင်းသမျှ လုပ်ရပါ၏။

"ယောတော်…သံသေတ္တာကြီး မ,ခဲ့လေ…တော့်ဟာက ဘယ့်နှယ့်မတ်တတ်ကြီးတုံး…"

"အဲဒါ ငါမရှင်းတာ…သံသေတ္တာက ဘာလို့ဖို့တုံး…ထမင်းကျွေးရတော့မယ့်ဟာ…"

"နားဝေးလိုက်တာ မသာရဲ့…ကန်တော့ပါရဲ့ ဆရာမရယ်…ခင်းမယ်သလိုပဲ…နားရှက်ကြည့်ပါလား နားထူကြီးနဲ့…သံသေတ္တာကို မ,ခဲ့…အဲသည်ပေါ် တော့်ပုဆိုး ခင်း…ထမင်းစားပွဲ ဖြစ်ကရော…ရှင်းပြီလား"

"သြော်…အေး…ဟုတ်သား"

www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း...ဟင်းတွေချက်ထားတာ ချခဲ့...ဆရာမ မြေသားစားရဲ့မဟုတ်လား"

"မြေသား...မစားဝံ့ပါဘူး မလှအုန်းမယ်ရယ်...ရှိတာနဲ့ စားပါ့မယ်"

"ယောတော်...ကျုပ်က ဆရာမ သူတကာချက်မကျွေးတဲ့ ဟင်းစားကလေး ထူးထူးခြားခြား စားပါစေရယ်လို့ ချက်ထားတာ...ဆိုကိုလိပ်လို့...ဒါနဲ့ ကြွက်သားနဲ့စား ဆရာမ...ဆူလိုက်တာမှ...ဆရာမကျွေးချင်လို့ ကျွန်မ ကိုယ်တိုင် လယ်ထဲသွားတူးတာလေ...လယ်ကြွက်များ စားရခဲ့မှု...ကြွက် လည်း ကံဆိုးရှာပါတယ်...တန်းမိတာပဲ..."

"ကြွက်သားလည်း မစားဝံ့ပါဘူးရှင်...မလုပ်ပါနဲ့...နေပါစေ"

"ဆရာမနယ် ကောင်းတာတွေ မစားပါလား...နေပါဦး...ကျောင်းဆရာမ တွေကျတော့ ဘာတွေစားကြတုံး..."

"မလှအုန်းမယ်ကလည်း ကျောင်းဆရာမလည်း လူပဲဟာ အများစားတာ စားတာပေါ့"

"နေဦး...ဒါဆို လယ်ထဲက ငါးရှဉ့်နှစ်ကောင် ရထားတာရှိတယ်...ခဏ စောင့်လိုက် ချက်တာ တအောင့်ရယ်..."

"ငါးရှဉ့် မစားရဲဘူး မလှအုန်းမယ်ရဲ့...ပါးစပ်ထဲ မသွင်းရဲတာ"

သည်အချိန်မှာ သံသေတ္တာပေါ်မှာ တကယ်လည်း ဟင်းတွေရောက်နေပြီ။ မလှအုန်းမယ်ပြောသည့် ဟင်းတွေပင်။ မြေသားပန်းကန်၊ ကြွက်သားပန်းကန်တွေ မြင်အသိမ်းခိုင်းလိုက်ရသည်။ တော်ပါသေးရဲ့။ ဘဲဥကြော်ကြီးနှစ်ချပ်တော့ ပါပါ၏။ ဘဲဥကြော်က ဝါသည့်အရောင်ကိုကျော်ကာ ထိန်လို့ပင် နေလေ၏။ မပုန်းရည်က ဘဲဥကြော် တစ်ဖဲ့ဖဲ့ကာ ပန်းကန်ထဲထည့်တော့ နနွင်းမှုန့်တွေ မှောက်ကျလို့ ဆရာမ ရဲ့ဟု ဆိုသည်။ မလှအုန်းမယ်က မပြီးသေးပါ။ မပုန်းရည် မစားဝံ့သော ဟင်းတစ်မျိုး မကျွေးရလေခြင်း ညည်းနေသေးသည်။

"အိမ်ကဟာလေ...လယ်ဖားတွေ သံချိတ်နဲ့ချိတ်ရင် လူတကာ ရလှပေါ့... သွားပါ ချိတ်ပါဆိုတာ နေ့ရှေ့ ညရှေ့နဲ့ ဆရာမကို မကျွေးလိုက်ရလေ ခြင်း..."

"ရှိပါစေတော့ မလှအုန်းမယ်ရယ်...ကျွန်မ ဖားသား မစားပါဘူး"

"ဒါဖြင့် ဘာကျန်သေးတုံး ဆရာမရဲ့...ပုတ်သင်ညို ကျန်တော့တာပေါ့ လား..."



မပုန်းရည်ကတော့ နနွင်းဝါဝါ ဘဲဥကို ဝါးရင်း မလှအုန်းမယ်ပြောသမျှ ခေါင်းခါနေရသည်။ မလှအုန်းမယ်က ချစ်စရာလည်း ကောင်းသည်။ လူကတော့ လေးပန်းဆီပြောသလို ကယောက်ကယက်မို့ ပြောချင်ရာပြောတာ မဟုတ်လား။ စေတနာတော့ မနည်းရှာပါ။ ကိုတက်တူကတော့ လူရိုးလူအေး လူသဘောကောင်း ဖြစ်ပုံရ၏။ မိန်းမကိုလည်း ကြောက်ရပုံရသည်။ ဟင်းတွေ မပုန်းရည် မစားမှန်းသိတော့ သက်ဖက်တစ်ပွဲ ထသုပ်ပေးရှာ၏။ ထမင်းစားပြီးတော့ ရွာစားပြဝင်ခဲ့တုန်းက ကိုကြာစွယ်နှင့် ကွင်းထဲမှာ ဘယ်လိုတွေ့ကြတာလဲ မေးကြည့်ဖြစ်သည်။

"ကျုပ်က ဘဲတဲစုဘက် ရောက်နေတာလေ...အရိုးမြကြ ဘဲတဲစုက မစိန်ရင် ဆီကို အကြွေးတောင်းခိုင်းလိုက်လို့ သွားတာ...စကားပြောရင်း ညဉ့်နက် သွားတာလေ...ရွာထဲ ဓားပြဝင်တာ မသိဘူးရယ်...လူတွေ ဆူသံညံသံကြား မှ သိတာ...ဓားပြတွေ ဘဲတဲစုခြေက ဖြတ်ပြေးတော့ ကျုပ်တို့က ဝပ်ပုန်း နေတာ...သည်မှာတင် ဓားပြတစ်ယောက် လဲကျသွားတာမြင်လို့ ဘဲတဲစုက မိန်းမတွေနဲ့ ဝိုင်းဖိကြတာလေ...ကြာစွယ်မှန်း နဂိုက မသိဂုိ့...သိလို့ ကတော့လား...ဥသျှစ်သီး တက်ဖိလိုက်ပါ့...သေနာကောင်..."

မပုန်းရည်က ရယ်တော့ မလှအုန်းမယ်က အပိုတွေပါလာသည်။ မလှအုန်းမယ် ဆက်ခနဲ ပြောလိုက်သည့်စကားတစ်ခွန်းကြောင့် မပုန်းရည် မျက်လုံးပြူးသွားခဲ့ရပါ၏။

"ဆရာမ...ကြာစွယ့်များ မကြိုက်လေနဲ့...ဒီကောင်က သိုက်ကလာတဲ့ ကောင်...သိုက်က ခေါ်ရင် ပြန်လိုက်သွားရမှာ...ဘွားကြီးက ရွာထဲ အသံ လွှင့်နေပါ့တော်...ကြာစွယ်နဲ့ဆရာမ ယူရင် ရွှေအစိတ်သား လက်ဖွဲ့မတဲ့... ရွှေအစိတ်သား ဘာလုပ်ဖို့တုံး...တော်ကြာ ဆရာမ လူနုံကြီး တစ်သက် လုံး အဖတ်တင်နေမှာ...အမိုက်ပုံသွားပစ်လို့လည်း ဖြစ်တာမဟုတ်..."

မလှအုန်းမယ်က မပုန်းရည်ပြန်တော့ လိုက်ပို့ဖို့ ပြင်ရှာပါ၏။ သူတို့ခမျာ ထမင်းမစားကြရသေးတာသိတော့ မပုန်းရည်တစ်ယောက်တည်း ပြန်လာခဲ့သည်။ လမ်းမှာ တွေ့သမျှလူတွေက လှအုန်းမယ်တို့အိမ်က ဘာနဲ့ကျွေးလိုက်တုံး ဆရာမ...မေးကြသည်။ မပုန်းရည်က အလိုက်သင့်ဖြေရသည်။

ဘိုးကြီးတို့ဝိုင်းထဲကိုရောက်တော့ ဝိုင်းထဲမှာ လူရှင်းနေသည်။ မကြာဥကို လည်း မမြင်။ ကိုကြာစွယ်ကတော့ ထုံးစံအတိုင်း ရွာထဲ ရောက်နေလိမ့်မည်။ ဘိုးကြီး ဘွားကြီးတို့ကတော့ အိမ်ထဲမှာ ရှိကြပါ၏။ မပုန်းရည် အိမ်ပေါ်တက်လာခဲ့သည်။ ရွာထဲ ထမင်းစားသွားတာဆိုတော့ လူရှိသေ ရှင်ရှိသေ လက်လှမ်းလောလောထဲ

www.burmeseclassic.com



ဝတ်သွားနေကျ။ အိမ်ပြန်ရောက်တော့ ညအိပ်အဝတ်ပေါင်း ပြန်လဲရသည်။ သိပ်မှောင်သေးတော့ မှန်အိမ်မထွန်းတော့ဘဲ အဝတ်ပေါင်းတွေထားရာ ကြိုးတန်းဆီကိုသွားကာ အင်္ကျီပေါင်းကလေးတစ်ထည် ယူလိုက်သည်။ ဝတ်ထားသည့်အင်္ကျီကို အပေါ်ကြယ်သီးနှစ်လုံး ဖြုတ်ပြီးမှ ရင်ဘတ်ကို လက်နှင့်ဖိလိုက်သည်။ မပုန်းရည်စိတ်ထဲ ရှုံးစနောင့် ဖြစ်လာသဖြင့် အခန်းထဲ မျက်လုံးဝေ့ကြည့်သည်။ ဘာမှတော့ မရှိသေချာအောင် မော့ကြည့်လိုက်သည်။

ထုတ်တန်းပေါ်မှာ လူတစ်ယောက်။

ဝါးလုံးရှည်တစ်လုံးကိုင်ရင်း ငြိမ်နေသည့် ထိုလူက မပုန်းရည် အော်လိုက်တော့ အတန်ငယ်မြင့်သော ထုတ်တန်းပေါ်က ဝုန်းခနဲ ခုန်ချပြီး လှေကားက ဆင်းပြေးတော့သည်။ ဘယ်သူလဲဆိုတာ မပုန်းရည် ကောင်းကောင်းမြင်လိုက်ရသည်။ တစ်လံသာသာ ဝါလုံးတိုကတော့ အခန်းထဲ ကျန်ရစ်ခဲ့သည်။

တော်ပါသေးရဲ့ အင်္ကျီမချွတ်မိသေးလို့။ မပုန်းရည်ရင်တွေ ဒေါသဖြင့် လှုပ်ခုန်နေခဲ့သည်။ ရှက်ရွံ့မှု၊ ထိတ်လန့်မှု၊ ခံပြင်းမှု၊ မထင်မှတ်မှုတို့ဖြင့် လှုပ်တဆတ်ဆတ် တုန်နေတော့သည်။ မပုန်းရည် ဘာလုပ်ရမလဲ။

(၂၄)

မရည်ရွယ်ပါပဲလျက် မပုန်းရည် မျက်ရည်တွေသာ သွန်ကျလာတော့သည်။ သည်အိမ်ကြီးမှာ သူမ နေခဲ့သည်။ သည်အိမ်ကြီးမှာ သူမ စားခဲ့သည်။ တစ်အိမ်လုံးက ရွှမ်းပေါက်နှင့် တို့ထားမတတ် တခုံမင်မင် ရှိခဲ့ကြသည်။ သည်လုံခြုံမှု၊ သည်ချစ်ခင်မှု၊ သည်စောင့်ရှောက်မှုတွေက ချက်ချင်းလိုလို ပြိုကျခဲ့ရပါပကော။ မိန်းမပျိုတစ်ယောက်၏ အခန်းထဲကို ယောက်ျားသားတစ်ယောက် ရောက်နေခြင်းသည်ပင် သဘာဝမကျတော့။ ဘာရည်ရွယ်ချက်လဲ၊ ဘာလုပ်တာလဲ။ ပြီးတော့ ရွာရောက်ပါပြီဆိုကတည်းက အစ်ကို တစ်ယောက်လို ချစ်ခင်ရသူ၊ အစ်ကိုတစ်ယောက်လို လိုလေသေးမရှိ စောင့်ရှောက်ခဲ့သူက သည်လောက် အောက်တန်းကျသည့်အလုပ်မျိုး လုပ်လိမ့်မည် မထင်တော့ပိုပြီး နာကျင်ရသည်။ သည်ကိစ္စ သည်မှာတင် မျိုချလိုက်လို့တော့ မဖြစ်နိုင်။ မပုန်းရည်က အခန်းအလယ်မှာ ကျနေသည့်ဝါလုံးတိုကို ကောက်ယူကာ အခန်းထောင့်မှာ သွားထောင်သည်။ မျက်ရည်တွေသုတ်ပြီး ပြတင်းဝမှာ သွားရပ်နေလိုက်သည်။ ဘာလုပ်ရမလဲ။ အကောင်းဆုံးက မကြာဥကို ပထမဆုံး ပြောပြရမည်။ အခုချက်ချင်း ပြောမလား၊ ညဖက် လာအိပ်တော့မှ ပြောမလား။

သည်အချိန်မှာပင် လှေကားက လူတက်လာသံ ကြားရသည်။ မကြာဥ...။

"ဆရာမရေ...သေသာသေချင်တော့တယ်...ကြာစွယ်လေ ဆရာမအခန်းထဲ ရောက်နေလို့ဆို...အခု ဟိုမှာ အဖျားတက်သလို တုန်နေလေရဲ့...ငါတော့ ခွေးဖြစ်ပါပြီဟာတဲ့...နင် သွားပြောပါဦးဟာနဲ့..."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့ မမလေးရယ်…ကျွန်မလည်း တုန်သွားတာပဲ…စိတ်မကောင်းလည်း ဖြစ်ရပါတယ်…ကျွန်မလည်း ဆင်းပြေးမလို့ပဲ…ကျွန်မ အကျီလဲရင်း စိတ်ထဲ မလုံတာနဲ့ မော့ကြည့်လိုက်တော့ ကိုကြာစွယ်ရယ် ထုတ်တန်းပေါ် ငုတ်တုတ်ကြီး…ဝါးလုံးက ပါသေးတယ်…ကျွန်မလည်းတွေ့ရော အမြင့်ကြီးက ခုန်ချပြီး ဆင်းပြေးတာပဲ…ဒါတော့ ကျွန်မ ခွင့်မလွှတ်ချင်ဘူး မမလေးရယ်…ဒါပေမဲ့ သည်ကိစ္စ သည်မှာတင် ပြီးပါစေတော့…မမလေးတို့ရော ကျွန်မပါ မကောင်းဖြစ်ရမှာမျိုး မဖြစ်စေချင်ပါဘူး"

မကြာဥက မပုန်းရည်ကို ငေးကြည့်နေသည်။ မျက်ရည်တွေ ဝိုင်းနေတာမြင်တော့လည်း စိတ်မကောင်းဖြစ်ပုံ ပေါ်ပါ၏။

"အခု ကြာစွယ် မထနိုင်ဘူး…ကျွန်မလည်း ခုတင်ပေါ် မွေ့တင်ပြီး ခြေထောက် ဆေးလူးဖို့ လုပ်နေတာ…နင် ဆရာမဆီ အရင်သွားပါဟာ နောက်မှ ဆေးလူးပါဆိုလို့ တက်လာတာ…ထုတ်တန်းက ခုန်ချလိုက်တာ ခြေထောက်ခေါက်သွားတာ ဆရာမရဲ့…ထူထူပူပူနဲ့ ဆင်းလာပြီး အောက်ရောက်တော့ မထနိုင်တော့ဘူး။ ကျွန်မကတော့ ခြေကျင်းဝတ် ကျိုးသွားတယ် ထင်တာပဲ"

မပုန်းရည်က ဘာမှပြန်မပြောမိ။ မကြာဥကသာ စကားတွေ ဆက်ပြောနေသည်။

"ဆရာမအခန်းကို မြွေတက်တာ သူ အောက်ကနေ မြင်လိုက်ရသတဲ့…မြွေက ကြက်ဥခိုးမြွေ…လင်းမြွေမည်းမည်းကြီးလေ…ဗိုက်ဝါဝါနဲ့…သူ ခြောက်ထုတ်တော့ ခေါင်ရောက်နေပတဲ့…စာဥတို့ ခိုဥတို့ တက်စားတဲ့မြွေတွေ ရှိတယ် ဆရာမရဲ့…ဒါနဲ့ ဆရာမအခန်းထဲ ဝင်ချေရဲ့ဆိုပြီး ဝါးလုံးတိုနဲ့ ခြောက်ထုတ်ဖို့ တက်လာတာတဲ့…မြွေက ခေါင်အဆင်းမှာ အလျားလိုက်ကြီး ငြိမ်နေတာတွေ့တော့ ထုတ်တန်းပေါ် တက်သတဲ့…ဝါးလုံးပြတ်ကျလို့ တစ်ခါ ဆင်းကောက်ရသေးသတဲ့…တစ်ခါပြန်တက်…ထုတ်တန်းက မတ်တတ်ရပ်ပြီး ခေါင်ကြားက မြွေကို ခြောက်ထုတ်တာ မြွေက လူကြောက်လေ ခေါင်လျှောက်တန်းနှစ်ခုကြား တိုးလေဖြစ်နေရော…ဒါနဲ့ မထူးပါဘူးဆိုပြီး မြွေဗိုက်အဝါကြီး မြင်နေရတာကို တုတ်နဲ့ထိုးတော့မှ မြွေက လှုပ်လာပြီး ခေါင်အတိုင်း ရွေ့သတဲ့…ဒါပေမဲ့ ခေါင်ကြားတစ်နေရာမှာတော့ ရှိဦးမှာလို့ ပြောတာပဲ…ကျွန်မလည်း စံအေးရှာဖို့ ကြာနီကို လွှတ်လိုက်တယ်"



"မြွေ…ဘယ်မှာလဲ မြွေက…"

"ခေါင်ကြားမှာ ရှိသေးတယ် ပြောတာပဲ…ဖြစ်ပုံက ဆရာမ ထမင်းစားသွားတာ ကြာမယ်ထင်ပြီး ဆရာမ မလာခင် မြွေခြောက်နှင့်ရအောင် တက်လုပ်တာပါဟာ…ဆရာမ ရောက်လာတော့ ငါ ခွေးဖြစ်ပါပြီနဲ့ သူ့ခြေထောက် စိတ်မရောက်နိုင်ဘူး…မတရားရှက်နေတော့တာ"

မကြာဥရော မပုန်းရည်ပါ ခေါင်အဆက် ထုတ်တန်းတစ်လျှောက် လိုက်ကြည့်သည်။ ဘာမှတော့ မရှိ။ မပုန်းရည်က အခန်းက ခွာကာ တစ်ဖက်အခန်းတွေအပေါ်မှာ ရှိလိုရှိငြား မျက်စိကစားကြည့်သည်။ ချွေးစေးများပင် ပြန်လာရပါ၏။ ဖြစ်ရပုံများ ကိုကြာစွယ်ရယ်…။ ရှင့်မလဲ ဖြစ်လိုက်ရင် အရာရာနဲ့ အကြောင်းကြောင်းပါလား။ သည်လိုဆိုပြန်တော့ အထင်မှားခဲ့တာကို စိတ်မကောင်းဖြစ်ရပြန်သည်။ အကြောင်းယုတ္တိလည်း ရှိသည်။ မပုန်းရည် အဝတ်အစားလဲတာ ချောင်းချင်သည့် အကျင့်စာရိုက်ကိုကြာစွယ်မှာ မရှိတာကို ယုံသော်လည်း ဝုန်းခနဲ ခုန်ချပြေးတာကိုတော့ လျှော့တွက်လို့ မဖြစ်ပြန်။ တော်ပါသေးရဲ့၊ မကြာဥကို စိတ်လိုက်မာန်ပါ မပြောလိုက်မိလို့။ မကြာဥ အိမ်ပေါ်က မဆင်းခင်မှာပဲ စံအေးရောက်လာသည်။ ကိုကြာစွယ်က ပြောလိုက်လို့လားမသိ။ အခန်းထောင့် ထောင်ထားသည့် ဝါးလုံးတိုကို မကြာဥကိုအမ်းနိုင်းကာ လူက ထုတ်တန်းပေါ် တက်သွားသည်။ ထုတ်တန်းက တောက်လျှောက်ဆိုတော့ တစ်ခန်းပြီးတစ်ခန်း ကူးသွားခဲ့သည်။ မကြာဥနှင့် မပုန်းရည်တို့ အိမ်အောက်ရောက်တော့ စံအေးက လင်းမြွေကြီးတစ်ကောင် ဝါးလုံးပေါ် ခွတင်ပြီး တလင်းပြန့်ထဲ ပစ်ချလိုက်သည်။

"စံအေးရယ်…မြွေကို သတ်လိုက်တာလား…မလုပ်ပါနဲ့ဟယ်…ခြောက်ထုတ်ရတဲ့ဟာ…"

"လေးကြာစွယ်က အသေသတ်ခဲ့ဆိုတာကိုးဗျ…နောက်တစ်ခါ ဆရာမ အခန်း ဝင်မှာစိုးလို့တဲ့"

"ပြီးရော…နင့်မြွေကြီး တခြားသွားပစ်ချေ…အမေတို့ တွေ့လိမ့်မယ်"

"မဟုတ်တာ ဒေါ်လေးရာ…ကျုပ်တို့ ချက်စားမှာပေါ့…လင်းမြွေသားဆူချက်ဟာကို…"

"ဒါဆိုလည်း ဝိုင်းထဲက ထုတ်သွား…သွား…သွား…နင့်ဟာနင် တခြားသွားစား…ကနေ့ အိမ်မလာခဲ့နဲ့"

စံအေးက မြွေသေကို ကောက်ခွေကာ ခါးပုံစထဲ ထည့်ယူသွားသည်။ မပုန်းရည်ကတော့ ကြောက်လွန်းလို့ ယောင်လို့သော်မှ လှည့်မကြည့်။ စံအေး ပြန်သွား

www.burmeseclassic.com

www.burmeseclassic.com



တော့မှ ကိုကြာစွယ့်တင်းကုပ်ထဲ ဝင်ခဲ့ကြသည်။ ကိုကြာစွယ်က ပက်လက်။ မပုန်းရည် ဝင်လာတော့ ဗိုက်ပေါ် စောင်တစ်ထည်တင်ကာ အမြင်တင့်တယ်အောင် ပြုသည်။ ခြေထောက်ကတော့ ဒူးခေါင်းလောက်အထိ မြင်နေရသည်။ ဟုတ်ပါရဲ့။ ညာဘက် ခြေဖမိုးကြီးက ဖားပြုတ်ကြီးတစ်ကောင်လို ရောင်ရမ်းလွန်းလှသည်။ စောစောတုန်းကတော့ သည်အိမ်ကြီးပေါ်က ဆင်းတော့မည်လို့ပင် မပုန်းရည် တွေးခဲ့သေးသည်။ ခုတော့လည်း အကြောင်းလိပ်ပတ်လည်ပြီ။ မကြာဥက ရောင်နေသည့် ခြေထောက်အောက်က စောင်တစ်ထည် ခြေသလုံးလောက်ဆီက ခုသည်။ ကိုကြာစွယ့် ခြေထောက်ကြီးတွေက ကြေးညှော်တွန်းပုံမရှိ။ လယ်ထဲ ကိုင်းထဲ သမန်းဆီဝနေသည့် ခြေထောက်မျိုးဖြစ်သည်။ ကတ္တီပါဖိနပ်ရောင်စုံ မန္တလေးက မှာစီးသည်ဆိုသော ခြေထောက်တွေက ကြမ်းတော်သလောက် ကိုးရိုးကားရားကြီးတွေ။ မကြာဥက သူ့မောင်ကို ဆေးပူတွေ လိမ်းပေးသည်။ ဆားကျပ်ထုပ် ထိုးပေးသည်။ မပုန်းရည်က ဘေးက ရပ်ကြည့်နေတော့ နာတာကို မနာသလိုလို မျက်နှာကြီး လုပ်ထားလို့ ရယ်ချင်ချင်။ မပုန်းရည်က စိတ်ပေါ့ပါးစေတော့ သဘောဖြင့် စ,ချင်စိတ် ဝင်လာခဲ့ပါ၏။

"တော်ပါသေးရဲ့ …ခုန်ချတုန်းက ကျွန်မပေါ် မကျလို့ …ဘာဖြစ်လို့ ခုန်ချတာလဲ ကိုကြာစွယ်ရဲ့ …ဆရာမ လာရင် တားထားပါဟော့ …ငါ မြွေတက်ခြောက်မလို့ဆို ပြီးတဲ့ဟာ…"

"ကျုပ် မြွေခြောက်တော့ အိမ်မှာ ဘယ်သူမှ မရှိဘူးကိုးဗျ…ဆရာမလည်း ထမင်းစားသွားနေတာဆိုပြီး တက်ခြောက်တာ…ဆရာမ ဝင်လာတော့ ကျုပ်ဆိုတာ လိပ်ပြာစင်ရော အောက်မေ့တယ်"

ဒီစကား အမှန်ဆိုတာ မပုန်းရည် သိပါသည်။ မပုန်းရည်က စ,ချင်သေးတော့ မကြာဥလက်ထဲက ဆေးခွက်နှင့် ဆားကျပ်ထုပ်ကို လှမ်းယူသည်။

"ပေးပါဦး မမလေးရယ်…ကျွန်မအစ်ကို ကျွန်မလည်း ပြုစုရမှာပေါ့ — ကျွန်မတော့ လက်စနဲ့ ရေပတ်ပါ တိုက်လိုက်ချင်တော့တာပဲ မမလေးရဲ့ …"

မကြာဥက မပုန်းရည် စ,တာကို သိတော့ "ကောင်းသားပဲ ဆရာမ" တဲ့။ ကိုကြာစွယ်က မပြောမဆို ဝုန်းခနဲ ထထိုင်သည်။ အထမှာ ခြေထောက်နာသွားတော့ "အူး ဟူး ဟူး…သေရောဟ…" လို့ ကျုံးအော်သည်။ မပုန်းရည်တို့ပင် လန့်သွားခဲ့လေ၏။

"ဟဲ့ ဘာတုံးဟဲ့…လန့်လိုက်တာ…"



"ဘယ့်နှယ့် ရေပတ်တိုက်ရမှာတုံး မမလေးရ…ကျုပ် နာတာရှည် လူမမာမှ မဟုတ်တာ…ဆရာမက ဆေးမလိမ်းပေးရပါဘူး…ငရဲအုံ့ ကြီးကုန်ပါမယ်"

မကြာဥကိုလည်း ငေါက်၊ မပုန်းရည်ကိုလည်း ကပျာကသီ တားနေလို့ ရယ်ချင်လှသည်။ မပုန်းရည်က ခပ်တည်တည် လုပ်ထားရင်းက ကိုကြာစွယ့်ခြေထောက်ကို လက်နှင့် စမ်းကြည့်သည်။ ကိုကြာစွယ်က မပုန်းရည်လက်ကို အထိမခံ။ ဆွဲဆွဲယ်ရင်းက လက်ကို ကိုင်မိသွားသည်။ အလွန်ရှက်ရွံ့ အားနာတတ်သော ကိုကြာစွယ့် လက်တွေက အေးစက်လို့။ တောသား လူရိုးကြီး၏စိတ်ထဲမှာ ဘာမှမရှိတာ မပုန်းရည်၏စိတ်အရ သိပါ၏။ သည်ရွာကလေးကို ဆရာ၊ ဆရာမတွေ ရောက်ဖူးခဲ့ကြပြီ။ တာဝန်တွေ ထမ်းဆောင်ခဲ့ကြပြီ။ ရွာကျောင်းနှင့် ရွာကျောင်းဆရာမအဖြစ် ထိတွေ့ဆင်အံခဲ့ကြတာကလွဲလို့ အမှတ်ထင်ထင် ရှိခဲ့ကြပုံမပေါ်။ မပုန်းရည်ကိုတော့ ကိုကြာစွယ် ခင်မင်သည်။ အထူးသဖြင့် သူတို့အိမ်ကြီးမှာ နေခွင့်ရတာကလည်း ပိုမိုခင်မင်စရာ ဖြစ်လာဟန်ရှိ၏။ သည်ကျောင်းဆရာမလေး ရွာက ပြောင်းသွားမှာ စိုးတာပါဗျာ ဆိုသည့်စကားတွေ ကွယ်ရာမှာ ပြောတာကိုလည်း မပုန်းရည် ကြားထားသည်။ ဘိုးကြီး ဘွားကြီးတို့က ကိုကြာစွယ့်ကို မပုန်းရည်နှင့် နေရာချထားချင်တာကိုလည်း မပုန်းရည် ကြားတာပါပဲ။ မလှအုန်းမယ်ကတော့ မရှူးမကောင်း ပြောနေတော့ ဘယ်လောက်တောင် စကားတွေ ပျံ့နေသလဲဆိုတာတော့ မသိ။ ပြောချင်စေလေ။ ဒါကတော့ သူတို့ဖြစ်စေချင်တာဆိုတော့ သူတို့မှာလည်း ဆန္ဒနှင့်ယှဉ်သော စကားတွေ ရှိမှာပေါ့။ တောသူတောင်သားတွေဆိုတော့ သူတို့ဖြစ်ချင်တာကို ရိုးရိုးဖြောင့်ဖြောင့် ပြောကြတာ သဘာဝပင်။ သူမနှင့် ကိုကြာစွယ့်အကြားမှာတော့ အခြားမရှိ။

မပုန်းရည်က သူ့ခြေထောက်ကို သူကိုယ်တိုင် လက်နှင့်အုပ်ကိုင်ထားသည့် ကိုကြာစွယ့် လက်ကြမ်းကြီးတွေကို လက်ကလေးတွေနှင့် အသာဖယ်သည်။ မကြာဥ ကိုင်ထားသော ဆေးခွက်ထဲက ဆေးနှစ်များများယူပြီး လိမ်းပေးသည်။ ကိုကြာစွယ့် ခုပ်ကျယ်သန့်သန့်တစ်ထည်ဖြင့် အသာအယာ စည်းနှောင်ပေးသည်။ ကိုကြာစွယ်က မျက်နှာကြီး ပေါက်ထွက်တော့မတတ် ရှက်နေပါ၏။

"မရှက်ပါနဲ့ ကိုကြာစွယ်ရယ်… မောင်နှမတွေပဲဟာ…ကျွန်မလည်း ကြာပုန်းရည်ပါလို့ ပြောဖူးသားပဲ…နောင် ကျွန်မ သည်ရွာက ပြောင်းလို့ရှင် တောင် နတ်ရေကန်မှာ အမျိုးတွေရှိတယ်လို့ ပြောမှာပါ"

"ဆရာမက ပြောင်းမှာပေါ့…နတ်ရေကန်ရွာမှာ ဘယ်ရောက်နေဦးမှာတုံး…"

www.burmeseclassic.com

www.burmeseclassic.com



ကိုကြာစွယ့်အသံက လှိုက်နေသည်။ ဝေဒနာကို ကျော်ကာ မပုန်းရည် ပြောမည့်အဖြေစကားကို ငံ့လင့်နေရှာပါ၏။

"ဝန်ထမ်းဆိုတာ ဘယ်တော့ ဘယ်ခါရယ်လို့ မပြောနိုင်ဘူးလေ ကိုကြာစွယ်ရဲ့...မနက်ဖြန်လည်း ဖြစ်ချင်ဖြစ်နိုင်တယ်...နောင် သုံးလေးနှစ်နေချင်လည်း နေရနိုင်တယ်...သေချာတာကတော့ အမြဲရှိနေမှာမဟုတ်တာပဲ...ပြောင်းတဲ့နေ့ရက်တစ်ရက်ဆိုတာ ရှိလာမှာပဲလေ...အဲသည်ရက်ဆိုရင်တော့ နတ်ရေကန်က ကျွန်မ ခွာရမှာပေါ့"

မကြာဥရော ကိုကြာစွယ်ပါ ငြိမ်သက်နေကြသည်။ မပုန်းရည်ကိုယ်တိုင် အပြောင်းအရွှေ့လျှောက်လွှာ တင်ပြီးခဲ့ပြီ။ ခုကတည်းက သည်လိုစကားခံထားတော့ ကောင်းမည်ထင်လို့ ပြောလိုက်ခြင်းဖြစ်သည်။ မကြာဥက သူ့မောင်ကို ကြည့်နေသည်။ ကိုကြာစွယ်က မပုန်းရည်ကို ကြည့်နေသည်။ မပုန်းရည်က ဆေးလူးထားသော ကိုကြာစွယ့်ခြေထောက် ဖူးရောင်ရောင်ကိုသာ ကြည့်နေသည်။

"ကျုပ်တို့ရွာက ဆရာမကို လွမ်းနေကြမှာပါဗျာ..."

ကိုကြာစွယ်က ရွာနှင့် ကိုင်ပေါက်နေပါပကော။ သူကိုယ်တိုင်က မလွမ်း ရွာက လွမ်းနေလိမ့်မည် ဆိုပါ၏။

"လွမ်းတယ်ဆိုတာလည်း ရောင်ရမ်းနာလိုပဲ ထင်ပါရဲ့ရှင်...ရောင်တုန်းနာတုန်း အသည်းနိုက်အောင် ခံစားရတာပါ...ပျောက်သွားတော့လည်း သတိတောင် မရတော့ပါဘူး..."

ပညာတတ်မိန်းမတစ်ယောက် ပြောသည့်စကားမျိုး မပြောတတ်လေတော့ အသာငြိမ်နေပုံမျိုးဖြင့် မလှုပ်မယှက်ရှိနေချိန်မှာပဲ ကိုကြာစွယ့်တင်းကုပ်ထဲက မပုန်းရည် ထွက်လာခဲ့သည်။ မကြာဥက လက်ဆေးပေးဖို့ ကပ်လျက် ပါလာခဲ့၏။ ကိုကြာစွယ်ကတော့ မောင်စံအေး ရိုက်ယူသွားသော မြွေသေတစ်ကောင်လို ကျန်ရစ်ခဲ့လေ၏။

□

"ကျောင်းဆရာမ...ထမင်းစားပြီး ဘုန်းကြီး စကားပြောချင်တယ်...ကိုင်းစား စား..."

ကျောင်းဖွင့်ခဲ့တာပင် နှစ်ဝက်ကျိုးတော့မည်။ သည်နှစ် လေးတန်းကျောင်းသားတွေ များလာသည်။ သုံးတန်းအောင် လေးတန်းတက်တွေ ပါသလို၊ ကလေးတိုးတွေလည်း ပါသည်။ အကြောင်းကြောင်းကြောင့် နတ်ရေကန်ရွာကို လာရောက်နေထိုင်ကြသူတွေထဲမှာ လေးတန်းကျောင်းသားတွေ ပါလာလို့ ဖြစ်သည်။ မနှစ်က ၁၃ ယောက်



သည်နှစ်တော့ နှစ်ဆ များလာခဲ့ပြီ။ မပုန်းရည်က သုံးတန်းပါ တွဲကိုင်ရတာဆိုတော့ နှစ်တန်းပေါင်းသင်ရသည့်စာကလည်း များလာသည်။ ဘာပဲဖြစ်ဖြစ် ရွာအတွက်ရော ကျောင်းအတွက်ပါ ဝမ်းသာစရာပင်။ ဆရာကြီးက ပင်စင်မယူခင် ခွင့်ခံစားနေရပြီဆိုတော့ မမစိန်က ခေတ္တကျောင်းအုပ်တာဝန် ယူထားရသည်။ တစ်ခါတလေ မမစိန်က မတ္တရာ ပညာရေးမှူးရုံး အစည်းအဝေးသွား၊ မောင်တက်လူက လယ်အလုပ်လိုင်ချိန် ကျောင်းမတက်လျှင် တစ်ကျောင်းလုံး မပုန်းရည်တစ်ယောက်တည်း ကြရသည့်နေ့တွေလည်း ရှိပါ၏။

နတ်ရေကန်ကျောင်းက စတုတ္ထတန်း တန်းလုံးကျွတ်အောင်ခဲ့သည့် အောင်မြင်မှုက ကြီးမားလှသည်။ သည်သတင်းက ရွာဂုဏ်သတင်းကို မြှင့်တင်ပေးလိုက်သလို မပုန်းရည် ဆိုသည့်နာမည်ကလည်း မွှေးခဲ့ပါ၏။ ရွာက ဂုဏ်ပြုခဲ့သည်ဆိုသော လက်ဆောင်ပစ္စည်းတွေထက် မပုန်းရည် ပိုမိုမြတ်နိုးသော ဆုလာဘ်ဖြစ်ခဲ့ရသည်။ တကယ်တော့ မပုန်းရည်တစ်ယောက်တည်းကြောင့်တော့ မဟုတ်ပါ။ ဒါကိုတော့ မပုန်းရည်ကိုယ်တိုင်က နားလည်သည်။ လေးပန်းဆီလို ပုဂ္ဂိုလ်၊ ကိုကြာစွယ်တို့လို သူလတ်ပိုင်းတွေ၊ ဆရာ, ဆရာမတွေက ကျောင်းက တွန်းနိုင်သမျှ ပါလာကြသော မိဘတွေကိုလည်း မပုန်းရည် ကျေးဇူးတင်ရပါ၏။

"မိဘတွေကိုယ်တိုင်က အချိုးပြောင်းသွားကြပြီ ဆရာမရဲ့...ခုတော့ ကွင်းထဲ ဘဲဥကောက်ချေဆိုတဲ့ မိဘတွေကတောင် သူတကာ့ကလေး ကျောင်းသွားရင် ကိုယ့်သားသမီး ထည့်ချင်နေကြပြီ...ကျောင်းစိမ်းတွေ အိမ်ဆိုင်တွေမှာ တင်ရောင်းနေကြပြီ...ချောင်းထဲ ရေဆင်းချိုးနေတဲ့ကလေးတောင် တွေ့တဲ့လူက အနုတက်စမ်း၊ မင်း ဘယ်သူ့သားတုံး မေးကြတာ...အိမ်ပြန်ပို့ ကျောင်းပြန်ပို့ လုပ်ကြတယ်...မိဘတွေက စိတ်ပါလာကြသလို ကလေးတွေကလည်း ကျောင်းပျော်လာကြလို့ ကျုပ်တို့က ဝမ်းသာနေတာဗျိုး..."

လေးပန်းဆီ သည်ရက်ထဲ ပြောခဲ့သည့်စကားများက တစ်လျှောက်လုံး မထုံ မငုံ့, မကင်း, မဖူးသည့်ကျောင်းကလေး အခုတော့ အပွင့်တွေ ဝေပြီလို့ ဆိုခြင်းနှင့် အတူတူပင်။ နတ်ရေကန်ကို မပုန်းရည်ရောက်လာလို့ သည်လိုဖြစ်လာတာလို့ ကျောင်းဆရာတော်ကြီးကလည်း မကြာခဏ မိန့်တတ်ပါသည်။ မတ္တရာမြို့နယ် အစည်းအဝေးတွေ၊ လစာထုတ်ရက်, ဆန်ထုတ်ရက်တွေမှာလည်း ဆရာ၊ ဆရာမတွေကြား မပုန်းရည် လူရေးလှခဲ့သည်။ မြို့နယ်ရုံးမှာ ဆုံခဲ့သော ဆရာမကြီးတစ်ဦးကပင် မပုန်းရည်ကို ကြည့်ကာ ဝမ်းမြောက်စကားဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ ဒေါ်ပုန်းရည်ကို စောင့်နေတာ…ဆရာမကြီးက တွေ့ချင်လွန်းလို့ပါ…ကျောင်းဆရာမဆိုတာ အသက်နဲ့ အတွေ့အကြုံ ရလာလေလေ ဆရာမနဲ့ ပိုတူလေပဲ…ဒါ ဆရာမကြီးကိုယ်တွေ့ပဲ…မပုန်းရည်က ငယ်ငယ်ရွယ်ရွယ်နဲ့ ဆရာမဖြစ်နေပြီ…ဝမ်းသာတယ်…မပုန်းရည်လို ဆရာမတွေ များများရှိစေချင်တယ်…အဖြူအစိမ်း ဝတ်ထားပေမယ့်၊ ကလေးတွေကို စာသင်ပေးနေပေမယ့် ဆရာမဝိဉာဉ်မကပ်သေးတဲ့ ဆရာမတွေ အများကြီးရှိတယ်…စေတနာ မနည်းကြသော်လည်း ဝီရိယနည်းကြတဲ့ ဆရာမတွေလည်း ရှိတယ်…မပုန်းရည်မှာ ဆရာမဝိဉာဉ်ကပ်နေပြီဆိုတာ ဆရာမကြီးသိတယ်"

မပုန်းရည် ဝမ်းသာလိုက်ရတာ။ ဆရာမကြီးက သည်နယ်တစ်ဝိုက် စည်းကမ်းကြီးသည့်ဘက်တွင် ထင်ရှားသူ ကျောင်းအုပ်ဆရာမကြီးတစ်ဦးဖြစ်သည်။

ဆရာမဝိဉာဉ်…။

သည်စကားလုံးကို ဆရာမကြီး သုံးလိုက်တာ ကြားရတော့ မပုန်းရည် ကြက်သီးများပင် ထမိရပါ၏။ ဟုတ်ပေသားပဲ။ ဘယ်အသက်မွေးမှုမှာမဆို ဝိညာဉ်မပါလျှင် မထိရောက်နိုင်။

"ကျေးဇူးတင်ပါတယ်ဆရာမကြီးရှင်…ကျွန်မက ဝါသနာလည်း ပါလို့ပါ…ရွာရောက်စက ကလေးတွေကို ကွင်းထဲက တစ်ယောက်စီကောက်ပြီး စာသင်ရတာ ကြုံခဲ့ရတော့ သည်အစဉ်အလာကို ပြောင်းပစ်ရမယ်လို့ တွေးမိရာက ဖြစ်ရတာပါ…ဆရာကြီး ဦးခင်ဖေနဲ့ လုပ်ဖော်ကိုင်ဖက် ဆရာ၊ ဆရာမတွေ ရွာခံမိဘတွေရဲ့ ကျေးဇူးတွေလည်း ပါပါတယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့ ဆရာမရယ်…ကလေးတွေကို တင်ခေါ်သွားရမယ့်လှေဟာ လှေကွဲဖြစ်နေရင် ခရီးမရောက်ဘူး…အန္တရာယ်တောင်ရှိတယ်…ဆရာ ဆရာမကောင်းဆိုတာ လှေကိုလည်း ကောင်းအောင်ပြင်ရတယ်…လှေကိုလည်း ခိုင်မတ်နိုင်ရတယ်…လိုရာခရီးကိုလည်း ပို့ပေးနိုင်ရတယ်…တောမျောက်များဟာ တစ်ညသုံးခါ မြေကြီးထစမ်းသလို ဝီရိယမျိုးရှိသူကရှားသားပဲ…ကြိုးစား ကြိုးစား…ကျန်းမာချမ်းသာပါစေ…"

"ပေးတဲ့ဆုနဲ့ ပြည့်ပါရစေရှင့်…"

ဆရာမကြီးတင် မဟုတ်ပါ၊ မြို့နယ်ကလည်း မကြာခဏခေါ်ကာ လိုအပ်သမျှ အကူအညီပေးသည်။ မပုန်းရည် လိုချင်သည့် အားကစားပစ္စည်းအချို့၊ ပန်းချီပစ္စည်း



အချို့နှင့် စာအုပ်အတော်များများ ထုတ်ပေးခဲ့သည်။ သင်တန်းနှင့် အခြားတာဝန်တွေ သိပ်မပေးဘဲ ကျောင်းကလေး အခြေခိုင်အောင် ဆောင်ရွက်စေသည်။ သည့်အတွက်လည်း ကျေးဇူးတင်ရပါ၏။ သည်ရွာကလေးမှာ စိတ်ချမ်းသာလို့လားမသိ၊ မပုန်းရည် ရောက်စကနှင့်မတူ အနည်းငယ် ဝလာသည်။ ကိုယ့်ကိုယ်ကိုယ်လည်း သိပါ၏။ အကျီတွေ မတော်ချင်။ မမစိန်ကပင် မပုန်းရည် ဝလာကြောင်း ပြောနေသေးသည်။

"ဟုတ်ပါရဲ့ မမစိန်ရယ်…စိတ်ချမ်းသာလို့နဲ့တူပါရဲ့…တစ်ရွာလုံးက ထမင်းတွေ စားရတာလည်း ပါမှာ…ဘယ်အိမ်သွားစားစား ကျွန်မဖြင့် စားလို့ကောင်းလိုက်တာမှ…"

"စေတနာထမင်း မေတ္တာထမင်းကိုး မပုန်းရည်ရဲ့…မမစိန်တောင် ဘယ်နေ့ အလှည့်ကျမယ်မသိဘူး…ကျွေးရဦးမယ်…မမစိန်မှာလည်း အင်ဂျင်နီယာ ကလေးရှိတုန်းကလည်း ကျွေးမယ် ကျွေးမယ်နဲ့ ကျွေးတဲ့ဆီ မရောက်လိုက်ရဘူး"

"ဟုတ်ပါရဲ့…အင်ဂျင်နီယာကလေးဆိုလို့ ကိုမျိုးသွင် မတွေ့တာ ကြာပြီနော်…ရွာကိုလည်း မလာတော့ဘူး…ကျွန်မကို စိတ်ဆိုးသွားပုံရတယ်…သူကလည်း စိတ်ကောက်တတ်သားပဲ"

"မဟုတ်ဘူးထင်တယ်နော်…ရန်ကုန်ကုမ္ပဏီမှာလိုလို…နိုင်ငံခြားသွားသလိုလို ကြားတယ်…သည်မှာမရှိတာတော့ မမစိန်သိတယ်…ခက်တာက မေးရမယ့်လူလည်း မရှိဘူး…သကြားစက်က လူတွေကည်း မသိကြဘူးရယ်…လေးပန်းဆီပြောတော့ အလုပ်ကထွက်ပြီး အိမ်ထောင်ပြုလိုက်ပြီတဲ့…မသေချာပါဘူး…"

မပုန်းရည်ရင်ထဲ ဟာသွားသလိုလို ခံစားလိုက်ရသည်။ မပုန်းရည်အတွက်၊ ကျောင်းအတွက် စိတ်ကောင်းရှိသော စေတနာရှင်တစ်ယောက် လျော့ရပြီ။ ကိုမျိုးသွင် ငှားထားခဲ့သော စာအုပ်အချို့ပင် မပုန်းရည်ထံမှာ ရှိသေးသည်။ ကြိုးစားပြီး ဖတ်ကြည့်ချင်သဖြင့် ငှားထားခဲ့သော အင်္ဂလိပ်ဝတ္ထုတစ်အုပ်ပင် ပါသေးသည်။ မြန်မာလိုပြန်တော့ အချစ်သည် ခမ်းနားကြီးကျယ်သောအရာတဲ့။ အချစ်ကိုယ်နှိုက်က ခမ်းနားကြီးကျယ်တာကို မပုန်းရည် ယုံကြည်ပါ၏။ လူတိုင်းအတွက်တော့ မဟုတ်နိုင်ပါလို့သည်း တွေးမိခဲ့သည်။ ပုကျစ်ကလေးအတွက် ကျောင်းစရိတ်ကို ကိုမျိုးသွင်က ပေးနေခြင်း ဖြစ်ရာ၊ ဘယ်လိုများ ရှိနေပါလိမ့်ဆိုတာလည်း တစ်ဆက်တည်း စိတ်ရောက်ရသည်။ မကြေးမှျင်တို့သားအမိပင် မတွေ့တာကြာပြီ။ တစ်ရက်တော့ ဘဲလဲနံကို သွားချိုးဦး

www.burmeseclassic.com

www.burmeseclassic.com



သည်နေ့လယ် ကျောင်းမှာ ထမင်းသွားစားတော့ ဆရာတော်က ထမင်းစားပြီးလျှင် စကားပြောချင်သည်ဆိုလို့ ဘာများပါလိမ့်ဆိုသည့်စိတ်ကြောင့် ခပ်သုတ်သုတ်စားလိုက်ရသည်။ ဆရာတော်ကို ဝတ်ဖြည့်တော့ ဆရာတော်ကြီးက မပုန်းရည့်ကို ကြည့်တော်မူသည်။

"ကျောင်းဆရာမ…ရွာက ပြောင်းတော့မှာဆို…ကျုပ်ကြားလို့…ဆရာကောင်းတစ်ယောက် ရွာက ပြောင်းတော့မယ်ဆိုတော့ ဘုန်းကြီး စိတ်မကောင်းဘူးလေနော…ရွာမှာ စိတ်ဆင်းရဲစရာ ရှိလို့လား…"

မပုန်းရည်ပင် ထိတ်ခနဲ ဖြစ်ရပါ၏။ သည်စကား ဘယ်ကများ လာတာပါလိမ့်။ ဆရာတော်ကြီးက မျက်နှာပြုံးနေသော်လည်း အသံက စိတ်မကောင်းတာပေါ်လွင်နေသည်။ မပုန်းရည် ဘယ်လိုဖြေရမှာပါလိမ့်မလဲ။ အပြောင်းအရွှေ့လျှောက်လွှာတင် ထားခဲ့တာလည်း အမှန်ပင်။ မဟုတ်ရပါဘူးဘုရားဆိုတော့လည်း လိမ်ရာကျတော့မည်။ ပြောင်းရွှေ့မိန့်က ကျလာသေးတာမဟုတ်။ သည်တော့ ပြောင်းတော့မှာပါဘုရား လို့လည်း မလျှောက်သာ။ မပုန်းရည် တစ်ခုခုတော့ ဖြေရတော့မည်။

"ဝန်ထမ်းဆိုတော့ သည်လိုပါပဲဘုရား…ပြောင်းစေဆို ပြောင်းရတာဆိုတော့ကနေ့ နက်ဖြန်ရယ်လို့လည်း မဟုတ်ပါဘူးဘုရား…လိုဦးမှာပါ…ရွာမှာ စိတ်ဆင်းရဲစရာ စိုးစဉ်းမရှိပါဘုရား…တပည့်တော် စိတ်ချမ်းသာပါတယ်ဘုရား…"

"ကြာစွယ် လာလျှောက်လို့ ဘုန်းကြီးက မေးတာ…ကြာစွယ်က ဘုန်းကြီးတားပါဦးဘုရားတဲ့…ဟဲ့ကောင်ရဲ့ ဘုန်းကြီးက ကျောင်းဆရာမ ဘယ့်နှယ်လုပ် တားမှာလဲကွလို့ ငေါက်ရသေးတယ်…ကြာစွယ်က ဆရာမကို မပြောင်းစေချင်ဘူး…ရွာကလည်း ပြောင်းစေချင်မှာ မဟုတ်ဘူး…ဘုန်းကြီးကလည်း မပြောင်းစေချင်ပါဘူး…ဒါပေသိ ဘယ်ဟာမဆို လူက ဖြစ်စေရောလို့ ပြုပြင်ချင်လို့ မရဘူးလေနော့…အကြောင်းပြုပြင် ပြောင်းလဲတတ်သော တရားဆိုတာ အလကားမှတ်လို့…ဖြစ်ချိန်တန် ဖြစ်ရတယ်—ပျက်ချိန်တန် ပျက်ရတယ်…ဟုတ်ကဲ့လား…"

"တင်ပါ့ဘုရား…"

"အေး အေး…သည်လို ကျောင်းဆရာမ ပြောင်းရမယ်ဆိုမှ ဘုန်းကြီးစကားတစ်ခွန်းပြောမှာ…နဂိုက မပြောဘူးလို့နေတာလေနော…ဘယ်သူ့မှ



အကျိုးမရှိတဲ့စကား မပြောကောင်းဘူး…အခုက ပြောလို့ရပြီ…ကာယကံရှင်ပုဂ္ဂိုလ်လည်း မရှိတော့ဘူးလေနော…"

"မိန့်ပါဘုရား…"

"အေး…ကျုပ်ကျောင်းက ကပ္ပိယဖိုးဆိုးကို သိသမှတ်လား…ကျုပ်ကျောင်းမှာနေတာ နှစ်ကို မနည်းတော့ဘူး…အခု ရွာခဏပြန်ပါရစေဘုရားဆိုပြီး ပြန်မလာတော့ဘူး…ဒါ ဘုန်းကြီးကိစ္စမဟုတ်ဘူး…သူ့ကိစ္စ…သို့သော် သည်ကိစ္စက ကျောင်းဆရာမနဲ့ ပတ်သက်နေတယ်"

မပုန်းရည် လန့်သွားခဲ့သည်။ ဟုတ်ပေသား။ ကပ္ပိယကြီး ဦးဖိုးဆိုး မတွေ့တာကြာပြီ။ ကျောင်းမှာရှိတုန်းကလည်း မြင်ရခဲသား။ မမြင်ကွယ်ရာမှာ အေးအေးလူလူနေလေ့ရှိသူမှန်း မပုန်းရည် သိပါ၏။ ဦးဖိုးဆိုးက မျက်နှာကြီး ပုပ်ထားတတ်သော်လည်း အနေအေးသည်။ ကျောင်းဝေယျာဝစ္စ၊ ကျောင်းကိစ္စမှန်သမျှ သူပဲလုပ်သည်။ ဆရာတော်ကလည်း အားကိုးရတာ အမှန်ပင်။ အခုတော့ ရွာပြန်ဦးမယ်ဆိုပြီး ပြန်မလာတော့တာထား၊ သည်ကိစ္စက မပုန်းရည်နှင့် ပတ်သက်နေတယ်ဆိုတာကတော့ ထူးဆန်းသည်။

"ကျုပ် မန္တလေးကြွရင် ကျက်သရေခန်းသော့ကို ကျောင်းဆရာမ အပ်နေကျလေ…ကျုပ်က ကပ္ပိယကို မယုံလို့မဟုတ်ဘူး…ရွာက လှူသမျှပစ္စည်းကျက်သရေခန်းမှာ ထားတယ်မှတ်လား…ဘုန်းကြီးမရှိတုန်း ကပ္ပိယကဘာတွေလုပ်မလဲ မသိဘူးလို့ တွေးမိရင် ရွာမှာ ငရဲကြီးတတ်တယ်…သည်တော့ ရွာက ချစ်ခင်လေးစားတဲ့ ကျောင်းဆရာမကို သော့အပ်တာ…ရွာက ကျေနပ်တယ်…ယုံကြည်တယ်လေနော်…"

"တင်ပါ့ဘုရား…"

"ကျုပ် ကျက်သရေခန်းထဲက ပစ္စည်းတွေ ကျုပ်ခရီးကြွရင် ခဏခဏပျောက်တယ်…ပြန်လာရင် တစ်ခုမဟုတ်တစ်ခု ပျောက်တာပဲ…ကျုပ်သိတာ ကြာပြီ…သော့က ကျောင်းဆရာမ ကိုင်တယ်…ပစ္စည်းတွေ ပျောက်တယ်ဆိုတော့ ကျုပ်စဉ်းစားလို့မရဘူး…"

"သြော်…ဘုရားတပည့်တော်…"

"နေဦး…ကျုပ်ပြောတာ ဆုံးအောင်နားထောင်ပါ…ကျုပ်က ကျောင်းဆရာမကို ဘယ်တုံးကမှ အထင်မမှားဘူးလေနော…သော့ကို အပ်မြဲအပ်တာပဲ…ရှေးက ဆရာတော်ကြီးများအဆက်ဆက် ထားခဲ့ကြတဲ့ နှာရီတွေ ကြေးပစ္စည်းတွေ၊ ရုပ်တုကလေးတွေ၊ ပေပုရပိုဒ်တွေ ပျောက်တာနာရီ—

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတစ်ခေါက် ဘုန်းကြီး မန္တလေးမှာ တစ်ပတ်လောက်ကြာတာ မှတ်မိလား…"

"မှတ်မိပါဘုရား…"

"အဲသည်အခေါက်မှာ ကြေးပုရပိုဒ်တစ်ဆူ ပျောက်သွားတယ်…ဘုန်းကြီးလည်း ထူပူသွားတယ်လေနော…အင်မတန် စိတ်ဆင်းရဲသွားတယ်…အဖိုးတန်တဲ့ ပုရပိုဒ်လေ…ဘုန်းကြီး နှမြောတယ်"

ဆရာတော်က စကားဆုံးအောင် နားထောင်ပါဦးဆိုလို့ ငြိမ်နေရသော်လည်း ကြားရတာတွေက မကောင်းလှပါ။ ဆရာတော် ခရီးကြွတိုင်း မပုန်းရည်ကို သော့အပ်သွားလေ့ရှိသည်။ မပုန်းရည် မှတ်မိသလောက် လေး,ငါး,ခြောက်ခေါက်ထက်မနည်း ရှိလိမ့်မည်။ သော့အပ်တိုင်းလည်း လက်ဆီတက်နေတတ်သည့် သော့တွဲထားသော လက်ကိုင်ပဝါကို မပုန်းရည် လျှော်ပေးနေကျ။ သော့အပ်တာလည်း အပ်ရုံသာရှိ၏။ ထွေထွေထူးထူး ဖွင့်ရ ပိတ်ရတာမျိုး မရှိ။ ဘယ်သူ့ကို ဘယ်ဟာထုတ်ပေးရသည်။ အတွင်းက ဘယ်ပစ္စည်း လိုချင်ပါသည် ဆရာမ ထုတ်ပေးပါ စသည်ဖြင့် ဖွင့်ခိုင်းတာမျိုးလည်း မရှိ။ အပြင်ကပစ္စည်း ကျက်သရေခန်းထဲ ထားချင်လို့ဆိုတာလည်း မကြုံဖူးခဲ့။ ဘုန်းကြီးအပ်ခဲ့သည့်သော့ကို ဘုန်းကြီး ပြန်ကြွလာလျှင် ပြန်အပ်ရတာပဲရှိသည်။ သည်ကြားထဲက ပစ္စည်းတွေ ပျောက်သည်ဆိုတော့ မပုန်းရည်မှာလည်း တာဝန်မကင်းသလို ခံစားရသည်။ ပြီးတော့ သော့ပိုရယ်၊ သော့တူရယ်လို့လည်း မကြားခဲ့။ ကပ္ပိယကြီးကတော့ သော့ယူဖို့မပြောနှင့် လူချင်းမတွေ့ရသလောက် ဝေးဝေးနေသူဖြစ်သည်။ ဘုန်းကြီးက တစ်ခေါက်ကြွလာတိုင်း မစစ်ဖြစ်သော်လည်း နောက်ဆုံးပျောက်တာ ကြေးပုရပိုဒ်ဖြစ်ကြောင်း၊ အဖိုးတန်ကြေးပုရပိုဒ်ကြီးကို နှမြောကြောင်း မိန့်လာတော့ မပုန်းရည် စိတ်ထဲမကောင်း ဖြစ်ရသည်။

"ကြေးပုရပိုဒ်က အလျားတစ်ပေလောက်ရှိမယ်…အနံက ခြောက်လက်မလောက်ရှိမယ်…အဲသလို ကြေးပြားရှစ်ချပ်ကို ရှစ်ခေါက်ချိုးထားတာ ကျောင်းဆရာမ…မသိရင် ရွှေမှတ်ရတယ်…ကြေးဝါရောင် တောက်နေတာလေနော…ရှေးက ဆရာတော်တွေ အစဉ်အဆက်သိမ်းခဲ့ကြတာ ကြာပြီပေါ့…မင်းတုန်းမင်းကြီးလက်ထက်လေနော…ဘုန်းကြီးက ပျောက်တဲ့အကြောင်း ကျောင်းဆရာမကို ပြောမယ်စိတ်ကူးသေးတယ်…ကျောင်းဆရာမ စိတ်ဆင်းရဲသွားမယ်…ကျုပ် ဘယ်သူမှ မပြောဘူး…ပန်းဆီကိုတောင် မပြောဘူး…ပန်းဆီသိရင် ပွသွားမှာလေနော…သော့ကိုင်တဲ့လူကို ထင်ယောင်



ထင်မှားဖြစ်မယ်…ဘုန်းကြီးလည်း စိတ်ဆင်းရဲတယ်…နောက်တော့ ကျုပ် ကိုရင်တွေက ပြောတယ်…ဘုန်းကြီးမရှိရင် ဦးဆိုးတူနှစ်ယောက် ခဏခဏ လာတယ်တဲ့…တစ်ရက်မှာ ကျောင်းဆရာမလက်ဆွဲခြင်းကို ဦးဆိုး တူ တစ်ယောက် နှိုက်နေတာ တွေ့တယ်လို့ လျှောက်တယ်…ဘုန်းကြီး သိလိုက်ပြီ…ဖိုးဆိုးက မလုပ်ပေမယ့် သူ့တူတွေက သော့ကိုနှိုက်ပြီး ဖွင့်ယူတာလေနော…"

မပုန်းရည်က ကျောင်းကို ထမင်းစားလာတိုင်း ကျောင်းဝ အုတ်လှေကားထိပ် အကာတန်း အင်တော့ခုံပေါ်မှာ ကျောင်းလက်ဆွဲခြင်း ထားနေကျ။ ကျောင်းခြင်းထဲမှာ သော့ပါနေကျ။ ဒါကို ဦးဖိုးဆိုးတူတွေက သိပုံရသည်။ သည်လိုနည်းနှင့် သော့ကို ယူကာ ကျက်သရေခန်းသော့ကို ဖွင့်ပြီး ကတိုက်ကရိုက် ပြန်ထား၊ မပုန်းရည် ပြန်သွားပြီး ကိုရင်တွေအလစ်မှာ ကျက်သရေခန်းထဲ ဝင်ယူတာပဲဖြစ်ရမည်။ သော့လောက်က သော့တံမပါလည်း သည်အတိုင်း နှိပ်ဖိပြီး ခတ်လို့ရသည်။ ဖြစ်ရလေ သို့ပင် အောက်မေ့ရပါ၏။ ကျက်သရေခန်းထဲမှာ အဖိုးတန် ရှေးဟောင်းပစ္စည်းတွေ များလှကြောင်း ဆရာတော်ကိုယ်တိုင် မိန့်ဖူးသော်လည်း မပုန်းရည်ပင် မမြင်ဖူးခဲ့။ ဘာပဲဖြစ်ဖြစ် မပုန်းရည်မှာ တာဝန်ရှိနေရှာလား။

"ဒါနဲ့ ကျုပ်က ဆိုးကိုမေးတယ်…ပထမတော့ သူက ငြင်းတယ်…နောက်မှ သူ့တူတွေကြောင့် ဖြစ်ရတာပါလို့ တောင်းပန်တယ်…ကျုပ်ပုရပိုဒ် ပြန်မရရင် ပန်းဆီကို ပြောရမှာပဲဆိုတော့မှ သူ့ရွာ တစ်ခေါက်ပြန်ပြီး ပြန်ယူလာတယ်…တော်သေးတယ် ရောင်းမစားကြသေးလို့…နောက်တစ်ခေါက် ရွာပြန်မယ်ပြောပြီး ဆိုးလည်း ပြန်မလာတော့ဘူး…ဘုန်းကြီးကို အားနာတယ်နဲ့ တူတယ်လေနော…ကျောင်းဆရာမ…"

"ဘာတွေ ပါသွားပါသေးသလဲဘုရား…"

"ဖန်မီးအိမ်တစ်လုံး, စက်နာရီတစ်လုံး, ရှေးကြေးခေါင်းလောင်းနှစ်လုံး, ကြေးဆင်းတုတော်သေးသေး နှစ်ဆူပါသွားတယ်…အားလုံး အနှစ်တစ်ရာကျော်က ပစ္စည်းတွေလေနော…ရှားပါးတယ်…အဲဒါတွေတော့ ရှိပါစေတော့…ဘုန်းကြီးလည်း အကုန်လုံး ထိန်းရတာ ခက်တယ်…ဘုန်းကြီးသေရင် အကုန်လုံး ပျောက်ကုန်မှာလေနော…လွဲရမယ့် ခန်းနေဦးပဥ္စင်း မရှိဘူး"

ဆရာတော့်စကား ကြားရတော့မှ ရွာကျောင်းတွေမှာ ခန်းနေဦးပဥ္စင်းတွေ ရှားလာတာ သတိထားမိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကျောင်းဝေယျာဝစ္စလုပ်ဖို့ ကပ္ပိယလိုမှာပေါ့ဘုရား…"

"ကြာစွယ်တူ ဟိုကောင် စံအေးကို ခေါ်ထားမယ် မှန်းတယ်…ကြာရိုးတို့ ကြာခွက်တို့ ပြောရမှာပဲ…ကျောင်းမှာ လူမရှိလို့တော့ မဖြစ်ဘူးလေနော…"

စံအေးကတော့ ငယ်လွန်းသည်။ စံအေးထက်စာလျှင် လူကြီး လူ တစ်ယောက်ယောက်ဆိုလျှင်တော့ ပိုကောင်းမည်ထင်သည်။ ကျောင်းတွေမှာ လူ ဝစ္စည်းနှင့် ရဟန်း သင့်တင့်မျှတအောင် စီမံဆောင်ရွက်ပေးသည့် ကပ္ပိယဆိုတာလည်း လိုတာပါပဲလား။ ဆရာတော်ကြီးက မပုန်းရည်ကို ခပ်ပြုံးပြုံးကြည့်နေသည်။ ဘာများ ပြုံးတော်မူပါလိမ့်။ မပုန်းရည်စိတ်ထဲမှာတော့ တနုံ့နုံ့ခံစားနေရသည်။

"ဘုန်းကြီးပြောမယ့်စကား ပြောပြီးပြီ…မနက်ဖြန် ဘုန်းကြီး မန္တလေး အလှူကြွစရာရှိတယ်…ကျောင်းဆရာမ ကျက်သရေအခန်းသော့ ယူထား ဘုန်းကြီး ငါးရက်လောက် ကြာမယ်"

"တပည့်တော်…"

"ယူထားပါ…ဘုန်းကြီးတို့တစ်ရွာလုံး ကျောင်းဆရာမကို ယုံကြည်ကြ တယ်…ဟုတ်ပြီလား…မနက်ဖက် ကိုရင် သော့လာပေးလိမ့်မယ်"

"တင်ပါ့ဘုရား…"

မပုန်းရည် မငြင်းသာပြန်။ တစ်ရွာလုံးက ယုံကြည်တယ်ဆိုမှတော့ ငြင်းပြန် လျှင်လည်း ဘုန်းကြီး စိတ်ဆင်းရဲလိမ့်မည်။ ကပ္ပိယကြီးကိုယ်တိုင်က မလုပ်တာ သေချာလောက်ပါ၏။ နောက်ဆုံးအခေါက် သော့အပ်သည့်ရက်တွေမှာ ဦးဖိုးဆိုး တူနှစ်ယောက် ဘုန်းကြီးကျောင်းမှာ လာတည်းကြတာ ဖြစ်လိမ့်မည်။ တစ်ခါက မပုန်းရည် ဘုရားပုရဝုဏ်မှာ တံမြက်လှည်းစဉ်က ကွပ်ပျစ်အောက်က အရက်ပုလင်းနှင့် ဆေးလိပ်တိုတွေ ထွက်လာတာလည်း သည်လူနှစ်ယောက် လက်ချက်ပဲ ဖြစ်လောက် ပါ၏။ မပုန်းရည် ကျောင်းကို ထမင်းစားလာတိုင်း ကျောင်းသားကလေးတွေက ထမင်းပွဲ ပြင်ကျွေးနေကျ။ မပုန်းရည် ထမင်းစားတာ နောက်ဖေးဘက်မှာဆိုတော့ အနည်းဆုံး နာရီဝက်လောက် အေးအေးဆေးဆေး အချိန်ရသည်။ ထမင်းစားသော ကျောင်းပေါ် တံမြက်လှည်းကျင်း၊ မွန်းတည့် ဆယ့်နှစ်နာရီ ကြေးမောင်းထိုးပြီး စာသင်ကျောင်းဘက် ပြန်လာနေကျ။ မပုန်းရည်ကို သော့အပ်ခဲ့တာ၊ သည်သော့က ကျောင်းခြင်းထဲမှာ ထားလေ့ရှိတာကိုတော့ ကပ္ပိယကြီးက လက်ထောက်ချတာ ဖြစ်နိုင် သည်။ မပုန်းရည်ကိုယ်တိုင်ကတော့ ယုံကြည်လို့ အပ်နှံထားခဲ့သည့်သော့ကတစ်ဆင့် ပစ္စည်းပျောက်ရသည်ဆိုတော့ စိတ်မကောင်းဖြစ်ရတာ အမှန်ပင်။ ဆရာတော်ကြီးက



သော့ကို အမြဲ ခါးမှာချိတ်ထားတတ်တာ အခုမှ မပုန်းရည် သဘောပေါက်ရသည်။ သတိတရားဆိုတာ လက်လွှတ်ဖို့ မကောင်းနိုင်တာ မပုန်းရည် သင်ခန်းစာရခဲ့ပြီ။ ဘာပဲဖြစ်ဖြစ် မိမိတာဝန်မကင်းသလို ခံစားရပါ၏။

အခုလည်း ဆရာတော်ကြီးက သော့အပ်ပြန်ပြီ။ သည်တစ်ခါတော့ သော့ကို ကိုယ်နဲ့မကွာ ထားရတော့မည်။

"တပည့်တော်မှာ တာဝန်ရှိသလိုတော့ ဖြစ်ရပါတယ်ဘုရား…တပည့်တော် ကို အပ်တဲ့သော့ ယူပြီးဖွင့်တယ်ဆိုဦးတော့ တပည့်တော် လုံခြုံအောင် ထားရမှာမဟုတ်လားဘုရား…ပစ္စည်းပျောက်ရတယ်ဆိုတော့ မကောင်းလှ ဘူးပေါ့ဘုရား…"

"စိတ်မကောင်းမဖြစ်နဲ့…လောကမှာ မကောင်းသူတွေက အမြဲတမ်း ရှိတယ်…အမြဲတမ်း ဖျက်ဆီးဖို့ စဉ်းစားနေကြတယ်…ပျက်စီးပါစေရယ်လို့ အားထုတ်နေကြတယ်…လူသူတော်ကောင်းများ မလုပ်တဲ့အလုပ်ကို ကြံ တယ်, စိတ်ကူးတယ်, ပြုတယ်…ကျောင်းဆရာမလည်း အရာရာတို့ သတိတရား လက်ကိုင်ထား…ကြားလား…"

"တင်ပါ့ဘုရား…"

မပုန်းရည် ပြန်ဆင်းလာသည်အထိ သည်အကြောင်းတွေသာ ခေါင်းထဲ ပါလာခဲ့သည်။ သည်ကိစ္စက ဆရာတော်နှင့်သူမ နှစ်ဦးတည်းသာ သိထားသောကိစ္စ ဆိုသော်လည်း အရာရာကို မမေ့မလျော့ မပေါ့မဆ ရှိစေရန် ဆရာတော်ကြီးက တရားပြခဲ့ပါ၏။ ကံအားလျော်စွာ ပြဿနာ ပြေလည်သွားလို့သာ။ နို့မို့ ဆင်းတုတော် ပျောက်စဉ်ကလို ပြဿနာတွေ ရှုပ်ထွေးရော့မည်။ စကားဝေဖန်ချက်တွေ၊ အထင်အမြင် လွဲမှားမှုတွေ ကြုံရော့မည်။ သည်ရွာကလေးမှာ သူမအတွက်တော့ အတွေ့အကြုံ များများရခဲ့ပြီ။ ကောင်းအတွေ့အကြုံ၊ ဆိုးအတွေ့အကြုံ အစုံပင်။ ကျောင်းမှာ မမစိန် ကို ပြောပြမည် စိတ်ကူးပြီးမှ ဖျက်ပစ်လိုက်သည်။ သူတစ်ပါး ထိခိုက်နစ်နာစေမည့် စကား မဆိုလေနှင့် ဆိုသမှုတ်လား။ ကျောင်းကအပြန် ကိုကြာစွယ် ခြံထောက် အနားကို ဝင်ကြည့်တော့ ကိုကြာစွယ် မရှိ။

"လူနာက ဘယ်ရောက်နေတာလဲ မမလေးရဲ့…"

"တုတ်တစ်ချောင်းနဲ့ ရွာလည်နေပါကော ဆရာမရဲ့…ဆရာမ ဆေးလိမ်းလို့ စိုးလို့ ကောင်းချင်ယောင်ဆောင်တာလေ…"

သူကလည်း တစ်မျိုးပါလား…။

□

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ ပြောင်းတော့မှာဆို…အေးဗျာ ကျုပ်တို့ရွာလည်း စည်ပင်မယ် ကြံကာမှ အင်ဂျင်နီယာကလေးကလည်း ပြောင်း…ဆရာမကလေးကလည်း ပြောင်း…ကျုပ်ဖြင့် ကြားကတည်းက စိတ်ကို မချမ်းသာတာ…"

"အင်ဂျင်နီယာ ကိုမျိုးသွင်က ပြောင်းသွားပြီလား လေးပန်းဆီ…"

တစ်ရက် လေးပန်းဆီတစ်ယောက် ခေါင်းပေါင်းကြီးနှင့် ကျောင်းကို ရောက်လာခဲ့သည်။ ဘယ်ကဘယ်လို ကြားသည်မသိ။ မပုန်းရည် ပြောင်းရတော့မည်ဆိုသည့် သတင်းကို ကြုံတိုင်း ရှင်းနေရပါ၏။ ပြောင်းမိန့်လည်း မကျ။ ဘယ်ကမှ ဘာသံမှ ကြားရသေးတာမဟုတ်သေးသ ကိုကြာစွယ်ကို ပြောခဲ့မိသည့် စကားကြောင့် စကားတွေ ဖြန့်သွားပုံရသည်။ မပုန်းရည်ကိုယ်တိုင် ရှင်းရတာလည်း မောလှပြီ။ မဟုတ်ရပါဘူး ဆိုတော့လည်း မယုံကြ။ မနေ့တစ်နေ့က မကေးတို့အဖိုးကြီးတွေကလည်း မေးလာကြသည်။ မပုန်းရည်ကို အမြင်စောင်းခဲ့ဖူးသော အရီးခပင် စိတ်မကောင်းစကား ဆိုရှာသည်။ မလှအုန်းမယ်ကတော့ သူတကာထက် ပိုသည်။

"ဆရာမ ပြောင်းရတော့မယ်ဆို…ဆရာမ မပြောင်းဖြစ်အောင် ကျုပ်က နတ်ရေကန်မယ်တော်ကို မနေ့က ပြောပြတယ်…ညည်းတို့ရွာကို အစေမ,မယ်တဲ့…ဆရာမ မပုန်းရည်ကို ငါခေါ်ထားတာတဲ့…ငါပြန်မလွှတ်ဘူး တဲ့…"

သည်တော့လည်း မပုန်းရည်က ပြန်စ,သည်။

"မယ်တော်က မလွှတ်ရင်လည်း အစိုးရရုံးမိန့်နဲ့ ပြောင်းရမယ်ဆိုတော့ ဘယ့်နှယ့်လုပ်ရပါ့…ရုံးမိန့်ထွက်ရင် ကျောင်းဆရာမတွေက ပြောင်းရတာ"

"ဆရာမနှယ် မယ်တော်ပါဆိုမှ…အစိုးရရုံးမိန့်လောက်များ အပျော့ပေါ့…ဟော့…ငါခေါ်ထားသကွယ် မင်းတို့ရုံးမိန့် ပြန်ယူသွားဆိုရင် ဘာခံနိုင်မှာ တုံး…ကျုပ်တို့ရွာက ပြန်မလွှတ်ဘူးနော် ဆရာမ…ဆရာမ မစိန်ကြည်ပါ လား…နတ်ရေကန်သားနဲ့ညားတော့ ရွာမှာ ဖတ်သီလိုက်လို့…ကလေး နှစ်ယောက်နဲ့ ရွာမြဲလိုက်တာမှ…"

"မလှအုန်းမယ် ပြောကာမှ ကျွန်မကပဲ နတ်ရေကန်သား ယူရမလိုလို ပါလား…နေပါဦး…ဘယ်သူ့ယူရင် ကောင်းမလဲ…လူပျိုတွေကလည်း ကျွန်မကို လေးစားတဲ့လူတွေပဲ တွေ့တယ်…ကြိုက်တဲ့သူရယ်လို့ မတွေ့ ပေါင်"



"ကြာစွယ်က ဆရာမကို ကြိုက်လိုက်တာမှ တစ်ပိုင်းသေလို့…ခင်းတော့ မယူနဲ့…အလကားကောင်…လူက ရူးပေါပေါ…ဦးနှောက်က ကျပ်မပြည့် ဘူး…သူ့အမေ ရွှေဘယ်လောက်သားတင်တင် မကြိုက်လေနဲ့ ဆရာမ ရေ…"

"မဟုတ်တာ ပြောရှေ့မယ်…ကိုကြာစွယ်တို့က ကျွန်မကျေးဇူးရှင်တွေ ဟာကို…ကျွန်မ စိတ်တောင်မကူးဘူး…ကျွန်မကလည်း ကြိုက်ပါ့မလား"

"သည်ကောင်လား စိတ်မကူးတာ…ကူးပါ့…ဆရာမကို ပိုးနေတာ ကျုပ် သိသားပဲ…"

ဘေးလူတွေမရှိလို့သာ တော်တော့သည်။ သည့်ထက်ဆိုးလာမှာစိုးတော့ မပုန်းရည် စကားဖြတ်လိုက်ရပါ၏။ အခုလည်း လေးပန်းဆီတစ်ယောက် ကျောင်း ရောက်လာလေပြီ။ ပြောင်းရတော့မှာဆို ဆိုသည့်စကား မေးပြန်လေပြီ။ လေးပန်းဆီက ခေါင်းပေါင်းကြီးကို ဖြုတ်၊ ရုံးခန်းစားပွဲတစ်လုံးပေါ် အပုံလိုက်တင်ပြီး ဒူးနှစ်လုံးထောင် ထိုင်လေ၏။ မရှိမသေရှိတာတော့ မဟုတ်။ သက်သာသလို နေခြင်းဖြစ်သည်။ မမစိန် လည်း ရောက်လာကာ ကုလားထိုင်မှာ ဝင်ထိုင်သည်။ မမစိန်က လေးပန်းဆီကို ရေနွေးတစ်ခွက် ငှဲ့ပေးရင်း စ,နေလေ၏။

"မပုန်းရည်မရှိတော့လည်း ဆရာမတစ်ယောက် လာမှာပေါ့ လေးပန်းဆီ ရဲ့…ကိုယ့်ရွာရောက်တဲ့ဆရာမ ကိုယ့်ဆရာမပေါ့…မပုန်းရည်မှလား… ကျုပ်တို့လည်း ရှိပါသေးသတော်…"

လေးပန်းဆီက မမစိန်ကို မျက်လုံးပြူးကြည့်သည်။

"နောက်လာတဲ့ဆရာမက အချိုးကျဦးမှကိုးဗျ…ဆရာမ မစိန်နှယ်…ဆရာမ မပုန်းရည်လို ရွာချစ်ဦးမှကိုး…ရွာကလည်း ချစ်ဦးမှကိုး…"

မမစိန်နှင့် မပုန်းရည်တို့က ရယ်တော့ လေးပန်းဆီမျက်နှာ ပြေလျှော့လာ ပါ၏။ သည်တော့မှ စောစောက မပုန်းရည်မေးသည့်မေးခွန်းကို ဖြေသည်။ ကိုမျိုးသွင် က ရန်ကုန်ကုမ္ပဏီလိုင်းဘက် ပြောင်းသွားတာဖြစ်ကြောင်း၊ နိုင်ငံခြားသွားမလိုလို အိမ်ထောင်ပြုတော့မှာလိုလို ကြားရကြောင်း၊ သူယူမည့်မိန်းမက ပိုက်ဆံရှိ မိန်းမချော ဖြစ်ကြောင်း၊ လူကြီးမိဘများကလည်း သဘောတူကြကြောင်းတွေ ပြောပြသည်။ ဒါတွေ ဘယ်သူက ပြောတာတုံးဆိုတော့ ကားဆရာ မောင်သာဉာဏ် ပြောသည်ဟု ဆိုပါ၏။ လေးပန်းဆီ ပြောတာတွေ မှန်လောက်သည်။ ကိုမျိုးသွင်တို့ စက်ရုံဘက်ကို လေးပန်းဆီ

www.burmeseclassic.com

www.burmeseclassic.com



ရောတ်တတ်သည်။ ကိုမျိုးသွင် အိမ်ထောင်ပြုတော့မှာပါလား။ ကောင်းပါတယ်လေ။ အိမ်ထောင်ရှင်ကောင်း ဖြစ်ပါစေလို့သာ မပုန်းရည် ဆုတောင်းရတော့မှာပေါ့။

"အင်ဂျင်နီယာကလေးက မနေ့ကောင်းလေးဗျ…ကျုပ်တို့ရွာမယ် ကျောင်းဆရာမကောင်းကလေး ရောက်လာတဲ့အချိန်နဲ့ ကျောင်းကိုကူညီမယ့် အင်ဂျင်နီယာကလေး ရောက်လာတာ တမင်ချိန်လွှတ်လိုက်သလိုပဲ…ရွာတော့ စန်းထပဟလို့ ကျုပ်က အောက်မေ့တာ…နှမြောပါ့ဗျာ…"

လေးပန်းဆီက ရိုးရိုးပြောနေခြင်း ဖြစ်သော်လည်း မပုန်းရည် မလုံမလဲ ခံစားလိုက်မိသည်။ မမစိန်ကလည်း မပုန်းရည်ကို လှမ်းကြည့်နေသည်။ သည်တော့မှ မပုန်းရည်က စကားလွှဲသည့်အနေဖြင့် ဆရာတော်မိန့်ဖူးကို လေးပန်းဆီအား ပြောပြလိုက်ပါ၏။ လေးပန်းဆီက သိနှင့်ပြီးဖြစ်သည်။ မောင်စံအေးက ငယ်သဖြင့် ရွာက လက်သမားအိုကြီး ဘိုးသူကို ကျောင်းကပ္ပိယအဖြစ် ပို့ထားမှာဖြစ်ကြောင်း ပြောပြသည်။ ဆရာတော်အတွက် စိတ်အေးရပြီ။ မပုန်းရည်က ကျောင်းပြောင်းကိစ္စ ရှင်းပြရသည်။

"ကျောင်းပြောင်းမိန့် မကျသေးပါဘူး လေးပန်းဆီရယ်…ပညာရေးဌာနက ဆရာ၊ ဆရာမတွေကို တစ်နေရာမှာ အနည်းဆုံး လုပ်သက်နှစ်နှစ် တာဝန်ထမ်းဆောင်စေပြီး နှစ်နှစ်ကျော်ရင်တော့ အပြောင်းအရွှေ့ လျှောက်ချင်ရင် လျှောက်ခွင့်ပြုထားတယ်…ကိုယ်ပြောင်းလိုတဲ့ဒေသနဲ့ ကျောင်းကို ဦးစားပေး လျှောက်ထားရတာပေါ့…ကိုယ်လျှောက်ထားတဲ့နေရာက နေရာလပ် ရှိရင် ပြောင်းခွင့်ရတာမျိုးပါ…ဘယ်သူမဆို သောင်ဝင်တယ်ဆိုရင် မိဘ ဆွေမျိုးနဲ့ နီးတဲ့နေရာ၊ ကိုယ်ပြောင်းလဲတာဝန်ထမ်းဆောင်ချင်တဲ့နေရာ သည်လိုပဲ တင်နေကြတာပဲ လေးပန်းဆီရဲ့…ရတာလည်းရှိ၊ မရတာလည်း ရှိပေါ့… ကိုယ်ပြောင်းချင်ရွှေ့ချင်တိုင်းလည်း မရပါဘူးလေ…ပြီးတော့ order ကလည်း နှစ်စပိုင်းတွေမှာ ထွက်တာပါ…အမိန့်မထွက်မချင်း ပြောင်းရ ရွှေ့ရတယ်ဆိုတာ မဟုတ်ပါဘူး လေးပန်းဆီရယ်…"

"မသိပေါင်ဗျာ…ခွေးမသား ကြာစွယ်…တုတ်ကြီးထောက်ပြီး ကျုပ်လာပြောလို့ ပြေးလာတာပါ…သည်ကောင်ပြောပုံဖြင့် ခုပဲ ထပြေးတော့မှာလိုလို… မအူမပါးနဲ့…"

"နေဦး လေးပန်းဆီရဲ့…ကျွန်မ ပြောင်းရသည်ဖြစ်စေ မပြောင်းရသည်ဖြစ်စေ ရွာမှာ ကျွန်မ လုပ်ပေးချင်တာလေးတစ်ခု ရှိသေးတယ်…ဒါကလည်း အခုမှ ဖြစ်ပေါ်လာတဲ့ဆန္ဒမဟုတ်ပါဘူးလေ…ရွာကို ရောက်စကတည်းက ကျွန်မ



လုပ်ချင်နေခဲ့တာပါ…ရွာက စာမတတ်တဲ့လူတွေရှိတာ တွေ့ရတော့ ကျွန်မ စိတ်မကောင်းဘူး…ဘာပဲဖြစ်ဖြစ် အတွက်အချက် မလည်ဝယ်တောင် စာရေး စာဖတ်လေးတော့ တတ်စေချင်တာပါ…အဲဒါ…"

"ရော်…ဆရာမနှယ် ကျုပ်တို့ရွာက လူကြီးတွေမပြောနဲ့ ကျောင်းနေတဲ့ ကလေးတွေတောင် ဆရာမရောက်လာမှ စာအုပ်ကောက်၊ လွယ်အိတ်ကောက် လုပ်ရတာဗျာ…စာကို စိတ်မဝင်စားလိုက်တာမှ…အဲသည်အခြေအနေက လေးတန်း တန်းလုံးကျွတ်အောင်တဲ့ဘဝ ရောက်ရတာ ကျုပ်တောင် အံ့ဩတယ်…မှန်တာပြောတာ…လူကြီးတွေဆိုတာတော့ ဝေးရော…ကျုပ်တော့ မထင်ပေါင်ဗျာ…"

"အဲသလိုလည်း ဘယ်ဟုတ်ပါ့မလဲ လေးပန်းဆီရဲ့…စာတတ်တော့ တရား စာအုပ်ကလေး ဘာလေး ထောက်ထောက်စမ်းစမ်း ဖတ်နိုင်တာပေါ့…အချင်းချင်း စာရယ်ဘာရယ် ပေးနိုင်တာပေါ့…မှတ်ဟယ် တေးဟယ် လုပ်နိုင်တာပေါ့…စာရေးတတ်တယ် ဖတ်တတ်တယ်ဆိုတာ အလင်းရောင်ပဲ…"

မပုန်းရည်က စိတ်အားထက်သန်သလောက် လေးပန်းဆီကတော့ မလှုပ်တလှုပ် ရှိလေ၏။ မမစိန်ကတော့ "မပုန်းရည်ရယ် ကျောင်းတစ်ဖက် ည စာသင်တစ်ဖက်နဲ့ လူကြီးတွေ စာသင်ဦးမလို့လား…ပင်ပန်းလှချည့်ကွယ်" လို့ ဆိုရှာသည်။ မပုန်းရည်အဖို့ရာ များများစားစား မျှော်လင့်ထားတာ မရှိတာလည်း အမှန်ပင်။ ဘယ်လိုရွာသူရွာသားတွေက ညနေဘက် ညဘက် စာလာသင်ကြမှာလဲ။ စာမတတ်ဘဲ သည်လိုနေခဲ့ကြသူတွေ စာမတတ်တော့ ဘာဖြစ်သလဲ၊ စာတတ်တော့ကော ဘာဖြစ်သလဲ။ သူတို့အဖို့ရာ ဘာမှမထူးပါလို့သာ ဆိုကြလိမ့်မည်။ အနည်းဆုံး မကြာဉနှင့် ကိုကြာစွယ်ပဲဖြစ်ဖြစ် စာတတ်စေချင်သည်။ စိတ်ဝင်စားသူများတော့လည်း အကောင်းဆုံးပေါ့။

လေးပန်းဆီက ငြိမ်နေဆဲ။ အမြဲတမ်း တက်တက်ကြွကြွရှိသူက သူ့ရွာအကြောင်း သိလို့ပဲလားမသိ။ မပုန်းရည်ကတော့ မလျှော့ချင်။

"ကျွန်မက ရွာက သဒ္ဓါလွန်းလို့ ဆွမ်းရပ်ချင်တာ မဟုတ်ရပါဘူးရှင်… ပင်ပန်းမှန်းလည်း သိပါရဲ့…ဒါပေမဲ့ သည်ရွာမှာ နေရသခိုက် ကျွန်မ လုပ်ပေးချင်တာလေး လုပ်လိုက်ချင်တာပါ…ရွာက မပါတော့လည်း မတတ်နိုင်ဘူးပေါ့ လေးပန်းဆီရယ်…ကျွန်မကတော့ ဘာပဲဖြစ်ဖြစ် စာတော့ ကြည့်လိုက်ချင်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"နေဦး ဆရာမရဲ့…"

လေးပန်းဆီက လှုပ်လာသည်။ နေဦးဆရာမရဲ့တဲ့။ ဘာတွေ စဉ်းစားနေသလဲ တော့မသိရ။ ခေါင်းပေါင်းကြီး ထပေါင်းသည်။ ပြီးတော့ ပြန်ဖြုတ်သည်။ အေးနေပြီ ဖြစ်သော ရေနွေးကို ယောင်ပြီး မှုတ်သောက်သည်။ မပုန်းရည်က ရယ်ချင်သော်လည်း ရယ်ဝံ့။ မမစိန်က ကလေးတွေ အတန်းထိန်းလိုက်ဦးမယ်ဆိုကာ ထသွားသည်။ မပုန်းရည်က စာသင်ပေးချင်သူ။ စာမတတ်သူတွေ ရှိနေသော နတ်ရေကန်မှာ သည် ကိစ္စက ငြင်းစရာမဟုတ်။ သို့သော် လူကြီးတွေ စာသင်ဖို့ဆိုတာက တော်တော်စဉ်းစား ရမည်။ တစ်ရက်လာ တစ်ရက်ပျက်၊ ကြာတော့ ပါးရှားသွားမှာကလည်း ရှိသေးသည်။ လေးပန်းဆီက ဒါကို စဉ်းစားနေပုံရပါ၏။

"ဆရာမ စေတနာကို ကျုပ်သိပါသဗျာ…ဆရာမကမှ အပင်ပန်းခံနိုင်လို့ ကတော့ ကျုပ်က ဘာရလိမ့်မတုံး…ရေရှည် တောင့်ခံနိုင်ပါ့မလားလို့ပါ— ကိုင်း သည်လိုလုပ်ကြရင် မကောင်းဘူးလား…ဆရာမ ဒေါ်ပုန်းရည် ဘယ်နေ့ ဘယ်နေ့ကစပြီး စာသင်ပေးမှာဖြစ်လို့ သင်ချင်သူတွေ ကြွကြပါ ဖျိုးဟာ ရုံပဲ…ဘယ့်နှယ်တုံး…"

"ဟုတ်ပြီ…လေးပန်းဆီက ဆော်ဩပေး…ကျွန်မတို့ကလည်း လိုက်စည်းရုံး မယ်…လာတော့လည်း လာတဲ့လူပေါ့…မလာတော့လည်း ရှိကြပါစေပေါ့— သင်တန်းရယ် ဘာရယ်လို့ မဟုတ်ပါဘူး…ဝိုင်းကြီးဖွဲ့ပြီး ပျော်ပျော်ပါးပါး ပေါ့ရှင်…တစ်ယောက်တတ်တော့ တစ်ယောက်မြတ်တာပေါ့"

"ကိုင်း…ကျုပ်မိန်းမ သန်းရှင်က စ,စာရင်းယူဗျာ…နေဦးဆရာမ ညကျောင်း နဲ့ ဖြစ်ပါ့မလား…"

"ဖြစ်ပါ့ရှင်…ကလေးတွေ စောစောလွှတ်လိုက်မှာပေါ့…လူကြီးတွေဆိုတော့ ညစာစားပြီး မအိပ်ကြခင် ခဏတစ်ဖြုတ် လာရုံပဲဟာ…"

"ကိုင်း ဘယ်နေ့စ,မတုံးသာပြော…"

လေးပန်းဆီ ပြန်တော့ ကျောင်းပင် လွှတ်ချိန်နီးပြီ။

၀

စာသင်ကြမည့်သူကချည်း ဆယ့်နှစ်ယောက်ရှိ၏။ လေးပန်းဆီ၏ လှုံ့ဆော် မှုကြောင့်လည်း ပါပါလိမ့်မည်။ ရွာဆော် ကိုသံချောင်း ဖျိုးဟစ်ကောင်းတာလည်း ပါပါလိမ့်မည်။ သင်ပေးမည့်သူက ကျောင်းဆရာမ ဒေါ်ပုန်းရည်ဆိုတာလည်း စိတ်ဝင်



စားစရာ ဖြစ်ရပုံပေါ်ပါ၏။ မပုန်းရည်၏ လက်ရုံး အပျိုကြီးတပ်ကလည်း အာပေါင် အာရင်းသန်သန်နှင့် ရွာထဲက စာမတတ်သူတွေကို ကော်ထုတ်လာတာကလည်း ခရီး ရောက်လှသည်။ အသီးသီး အသက အသက စာရင်းပေးကြသော်လည်း စာရင်း ပေးသူက ကိုကြာစွယ်။ မကြာဥလည်း မထူးပါ။ ခပ်လေးလေး။

"မထူးပါဘူး ဆရာမရယ်…သည်အရွယ်ကြီးကျမှတော့ မသင်ချင်တော့ ဘူးလားလို့ပဲ"

"သင်လိုက်ပါ မကြာဥရယ်…တခြားသွားသင်ရတာလည်း မဟုတ်ဘဲနဲ့… သူတစ်မ်းပါတာမှ မဟုတ်တာ…ကိုယ့်ရွာက လူတွေချည်း…လူတကာ သည်အိမ်ကြီး လာကြမှ မကြာဥက မသင်ချင်ဘူးဆိုတော့ နီးရက်နဲ့ဝေး သလို ဖြစ်နေပြီ"

"ကြာစွယ့်ကိုသာ ခေါ်ပါ ဆရာမရယ်…မနေ့ကတော့ ပြောနေတယ်…"

"ဘာတဲ့လဲ…"

"သည်ကျောင်းဆရာမ သည်တစ်ချက်တော့ မဟုတ်သေးပေါင်ဟာတဲ့… သည်အရွယ်စာသင်ရမယ်လို့တဲ့…ထီးတင်ပွဲလည်းမမီ ဘုရားကြီးလည်း မမီတဲ့…ကြာစွယ် ရှက်နေတာ ဆရာမရဲ့"

"အခု ကိုကြာစွယ် ဘယ်မှာလဲ…"

"ပြေးပေါ့…စာသင်စာရင်းပေးရမှာစိုးလို့…ကိုကြာခွက်တို့အိမ်ဘက် ရှိမှာ ပေါ့"

မပုန်းရည် ချက်ချင်းထလိုက်သည်။ လက်စနှင့် ကိုကြာခွက်မိန်းမ မပတေး ကိုရော၊ ကိုကြာရိုးမိန်းမ မဝဲစိန်ကိုပါ ခေါ်ရမည်။ ကိုကြာခွက်နှင့် ကိုကြာရိုးတို့ ကတော့ စာတတ်ကြသည်ဟု ဘွားကြီး ပြောဖူးပါ၏။ ဟုတ်ပါ့။ လိုက်သွားတော့ ကိုကြာစွယ်က ကိုကြာခွက်တို့အိမ်မှာ အခန့်သား ထိုင်လို့။ ရွာထဲက ပန်းရံဆရာ ကိုမှတ်ကြီးနှင့် မလှအုန်းမယ်ယောကျ်ား ကိုတက်တူတို့လည်း ရှိနေကြသည်။ မပုန်းရည်က ခပ်တည် တည် ဝင်သွားတော့ အားလုံးက အံ့သြသွားကြသည်။ ကြာဖြူ တို့၊ ကြာနီတို့က မပုန်းရည်ကို လက်ဆွဲကာ ဝါးကုလားထိုင် ချပေးသည်။ ဘယ်သူ့ ကမှ နှုတ်မဆက်ဝံ့။ စာသင်စာရင်းကောက်မှန်း သိကြလို့ဖြစ်သည်။

"ဆရာမ ဘယ်တုံး…ဟော်တော်…ခိုင်းစရာရှိ ခေါ်လိုက်ရောပေါ့…ဆရာမ နှယ်…ကြာဖြူ ရေနွေးချ…ကြံသကာချ…"

www.burmeseclassic.com

www.burmeseclassic.com



"မပဓားရေ…စာသင်ဖို့ စာရင်းလာကောက်တာ…စာမသင်ချင်လို့ ထွက်ပြေးတဲ့လူတွေလည်း ဖမ်းရင်းပေါ့ရှင်…ထီးတင်ပွဲလည်း မမီ၊ ဘုရားကြီးလည်း မမီတဲ့လူတွေ မီအောင်လုပ်ပေးမလို့…"

ကိုကြာစွယ်က သူ့စကားမှန်းသိလို့ မျက်နှာကြီး ပွသွားသော်လည်း စကားမဆို။ မပုန်းရည်က ခပ်တင်းတင်း။ ကြာဖြူ့ဆီက စာရွက်တစ်ရွက်တောင်းကာ ရင်ဘတ်ချိတ်ထားသည့် ဘောလ်ပင်ကို ဖြုတ်သည်။

"စာသင်ရမယ့်စာရင်းက မပဓား သင်ရမယ်…မဝဲစိန် သင်ရမယ်—ဦးမှတ်ကြီးကတော့ ပန်းရုံဆရာဆိုတော့ စာတတ်မှာပဲ"

"ဟုတ်ကဲ့…ရေးတတ် ဖတ်တတ်ပါတယ်"

"ကဲ…ဟောသည်က ကိုတက်တူကကော…"

"ဘုရားစူးရစေ…"

"ဘာကိုလဲ…တတ်တာလား၊ မတတ်တာလား ကိုတက်တူရဲ့…"

"မတတ်တာ…"

"မတတ်တာဖြင့် စာရင်းမှတ်ပြီရှင်…"

မပုန်းရည် ရယ်ချင်သော်လည်း မျက်နှာကို ချီထားရသည်။ ကိုကြာစွယ်ကို နောက်ဆုံးမှ မေးချင်လို့ ချန်ထားခဲ့ခြင်းဖြစ်သည်။ မပုန်းရည်က တွက်ပြီးသား။ ကိုကြာစွယ်ရယ် စာသင်ပါဆိုလျှင် ငြင်းဆန်တော့မည်။ သည်တော့ ကိုယ်တိုင် စာရင်းကောက်သည့်ပုံဖမ်းခြင်းဖြစ်၏။ မပုန်းရည်က ကိုကြာစွယ့်ကိုကြည့်တော့ မျက်နှာလွှဲထားလေသည်။ မျက်နှာက ရဲအမ်းလို့။

"ကိုကြာစွယ်…"

"ဗျာ…ဆရာမ…"

"စာရင်းထည့်လိုက်ပြီနော်…သန်ဘက်ခါ စသင်မှာ…မသင်လို့မရဘူး…"

"ဟာ…ကျုပ် မသင်ချင်ပါဘူး…မဟုတ်တာ…ကျောင်းအိမ်သာကျင်းတူးဖို့ တူးရုံပါဗျာ…စာတော့ မသင်ပါရစေနဲ့…"

"သဘောလေ…သည်စာရင်းက မြို့နယ်ကို တင်လိုက်မှာ…"

"ဘယ်မြို့နယ်တုံး…"

"ဟောတော်…မတ္တရာမြို့နယ်ရုံးပေါ့ ကိုကြာစွယ်ရဲ့…"



"ဘယ်ရွာမှာမှ မကြားမိပေါင်ဗျာ…ဘယ့်နှယ့် နတ်ရေကန်ရွာကျမှ လာငြီးပေဖူးလွှာနဲ့ အမှာတော်ပါး…"

မပုန်းရည်က ရယ်ချင်လို့ မျက်နှာကို ပိုတင်းထားရသည်။ မပဓားက သူ့မတ်ကို ဝင်ဝေါက်တော့သည်။

"ဟဲ့…ဆရာမက သင်ပေးမှာလေ…ကိုယ့်အိမ်ထဲတင်ဟာကို…ငါဖြင့် ပိုးသတ်ဆေးဖျန်းရက် မမှတ်တတ်၊ မျိုးကြဲရက် မမှတ်တတ်နဲ့ ကလေးတွေ နိုင်းနေရတယ်…ကိုယ်စာတတ်တော့ ဖာသာမှတ်နိုင်ပြီ…ခါးပန်း စာရေးမှတ်ရုံပဲ…သင်ပါဟဲ့ ငါ့မောင်ရဲ့…"

"စာမသင်ရသေးဘူး…ခင်ဗျားက စာရင်းမှတ်ချင်နေပြီ…ကျုပ်ကတော့ မသင်ရေးချ မသင်တဲ့ဗျား…"

✦

www.burmeseclassic.com

www.burmeseclassic.com

## (၂၅)

ကျူပ်ကတော့ မသင်ရေးချမသင်ဗျာလို့ အတန်တန်ငြင်းဆန်ခဲ့သည့်တိုင် ကိုကြာစွယ်ခမျာ နောက်ဆုံးတော့လည်း စာသင်ရလေပြီ။ မကြာဥလည်း မလွတ်ပါ။ မပုန်းရည်က တစ်ရွာလုံး စာတတ်ရမည်ဆိုတာမျိုး မရည်မှတ်ခဲ့သော်လည်း ကိုကြာစွယ်နှင့် မကြာဥကိုတော့ စာတတ်စေချင်ခဲ့တာ အမှန်ပင်။ သူတို့မောင်နှမနှင့် မိုကာ နောက်ထပ် စာသင်ပေးရန် လိုလားသူတွေ ရှိတော့လည်း သင်ပေးဖို့ စိတ်ကူးထားခဲ့ပါ၏။ တကယ်တမ်း စာသင်ရမည်ဆိုသောအခါ အဓိကထားသူ မောင်နှမနှစ်ယောက်က မသင်ချင်ပါဘူး ဆိုလာကြသဖြင့် မပုန်းရည် မနည်း နားချခဲ့ရသည်။ လေးပန်းဆီကပါ ဝင်လိုက်တော့ စာသင်ချင်သူတွေ များလာခဲ့သည်။ သည့်အတွက်လည်း ဝမ်းသာရပါ၏။ ကိုကြာစွယ်ကိုယ်တိုင်က စာသင်ပါတော့မယ်ဆိုသည့် ကတိကိုတော့ မပုန်းရည် တော်တော်နှင့် မရခဲ့။ အထူးသဖြင့် မပုန်းရည်နှင့် စာသင်ရမှာကို ရှက်တာလည်း ပါသည်။ ပါရမီနည်းလေခြင်း၊ ညံ့လေ ထုံလေခြင်း ဖြစ်မှာလည်း စိုးပုံရသည်။

"ကိုကြာစွယ်ရယ်...သည့်နှစ်လည်း နတ်ရေကန်ရွာက လေးတန်းဖြေရမယ့် ကလေးတွေက နည်းမှမနည်းတာ...သည့်နှစ်လည်း ကိုကြာစွယ် ကျောင်းသားရေးရာမှူး လုပ်ရဦးမှာလေ...ရွာမှာ ဘယ်သူက လုပ်တတ်လို့တုံး...ကျောင်းသားရေးရာမှူးက စာမတတ်ဘူးဆိုရင် တခြားရွာတွေက ကြားလို့မတော်ပါဘူး ကိုကြာစွယ်ရယ်...တစ်လုံးကောက် နှစ်လုံးကောက်သင်ရင်းနဲ့ တတ်ရတာပါ...စာသင်ပါရှင်"



မပုန်းရည်က ရွာနှင့်ခြောက်တုန်းကလည်း မလှုပ်၊ မသင်ချင်ပါဘူးချည်း တွင်တွင်ငြင်းသည်။ မျက်နှာအောက်ကြီးနှင့် ခေါင်းငုံ့ထားကာ ရှက်နေခဲ့သည်။ တစ်ခါတစ်ခါတော့လည်း ချော့ကြည့်သည်။

"ကိုကြာစွယ်ပဲ စဉ်းစားကြည့်လေ...ကိုကြာစွယ် စပါးရိတ် ကောင်းသတဲ့...ပျိုးနုတ် ကောင်းသတဲ့...လှည်းမောင်း ကျွမ်းကျင်သတဲ့...နွားနာ ကျွဲနာကအစ နွားကြန်အင်လက္ခဏာတွေ နားလည်သတဲ့...နွားဆေးများဖော်တာ အလွန်တော်သတဲ့...ရပ်ရေးရွာရေးမှာလည်း အလှူအတန်း ရက်ရောသတဲ့...ငွေကြေးဥစ္စာ ချမ်းသာသတဲ့...ရပ်ရွာကို ချစ်တာ ညာတာတွေလည်း ကျွန်မကြားနေရတာပဲ...သည်လိုလူက စာများ ဖတ်တတ်ရေးတတ်လိုက်ရင် ဘယ်လောက်ကောင်းမလဲလို့ ကျွန်မ စဉ်းစားကြည့်တယ်...သည်တစ်ချက်ကလေး ပြည့်စုံရင် လက်ခမောင်းခတ်ရုံပဲဟာ..."

သည်လိုဆိုတုန်းကလည်း မျက်နှာပိန့်ကြီးနှင့် ခံနေတာပဲရှိသည်။ အင်းမလွှတ် အဲမလှုပ်။ နောက်ဆုံးတော့လည်း ကိုကြာစွယ် ခံစားရလောက်သည့်စကားတွေ ထုတ်သုံးရပါ၏။ မပြောချင်သော်လည်း ပြောလိုက်ရသည့်စကားတွေပင်။ သည်စကားနှင့် စည်းရုံးလိုက်တော့လည်း တွေတွေကြီး ငြိမ်နေရာက သင်ပါမယ် ဆိုရှာလေသည်။

"ကဲ...ကျွန်မပြောပါဦးမယ်...ကျွန်မ ရွာက ပြောင်းရပါပြီတဲ့...ရွာရေး ရပ်ရေးကအစ ဘိုးကြီး ဘွားကြီးတို့ ကျန်းမာရေးအထိ ကိုကြာစွယ် ကျွန်မဆီ စာရေးချင်ရင် ဘယ်သူ့ရေးခိုင်းမှာလဲ...လူတိုင်း လိုက်ရေးခိုင်းတော့မှာလား...ရေးပေးဦးတော့ ကိုယ့်ရင်ထဲရှိတာ စိကာပတ်ကုံး ရေးခိုင်းလို့ ရနိုင်ပါ့မလား...ကိုယ် စာတတ်တော့ ကိုယ်ရေးချင်တာ ရေးနိုင်တယ်...ရင်ထဲရှိတာ ရေးနိုင်တယ်...ကျွန်မက စာပြန်တော့လည်း သူများဖတ်ခိုင်းစရာ မလိုဘူးပေါ့...ကိုကြာစွယ်မှ စာမဖတ်တတ်ရင် ကျွန်မကလည်း အကျိုးအကြောင်း မရေးတော့ပါဘူးလေ...သူများဖတ်ခိုင်းမယ့်စာ ကျွန်မက ဘာကိစ္စ ရေးနေရမှာလဲ..."

သည်စကားကတော့ ကိုကြာစွယ့်ကို တော်တော်လေးထိသွားခဲ့ပုံရသည်။ သည်တော့မှ ကျုပ်သင်ပါ့မယ် ဆိုလေသည်။ လူကြီးတွေကို စာသင်ရတာ မပုန်းရည်အဖို့ အတွေ့အကြုံသစ်ဖြစ်သည်။ သင်လက်စ ညကျောင်းသားတွေက တစ်ရေး လူကြီးစာသင်ဝိုင်းက တစ်ဖက်ဆိုသော်လည်း ပျော်ပါသည်။ မပုန်းရည်၏ ညာသက်ရှိ အပျိုကြီးတပ်က စာတတ်ပြီးသားတွေဆိုတော့ အားကိုးရတာလည်း ပါပါ၏။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ရှက်ထ 'ဝ'လုံးတွေချည်း ရေးခိုင်းလိုက်သည်။ လူကြီးတွေဆိုတော့ လက်ထပ်သင်စရာ တော့မလို။ ဝလုံးတော့ ရေးနိုင်ကြပါ၏။ ကိုကြာစွယ် ဝလုံးရေးတာကပင် မဝိုင်းလို့ တဝါးဝါး။ အပျိုကြီးတွေ အနားရှိတော့ ကိုကြာစွယ့်ခမျာ မသက်သာပါ။

"နှင့်နှယ်...ဝတောင် မဝိုင်းဘူးဆိုတာ မဟုတ်သေးပါဘူး ကြာစွယ်ရာ... နင့်ဝက ဝပိန်ကြီး...ဒန်အိုးဖုံး လှည်းနင်း..."

"အံမယ်ဗျာ...ခင်ဗျားတို့လှည်းနင်းသွားမှာသာ ဂရုစိုက်...အဲဒါမှ ဝပိန်တောင် မကဘူး မီးယပ်ပိန်ဖြစ်သွားမယ်...ဘာမှတ်တုံး..."

အပျိုကြီးတွေက စ,လေ ကိုကြာစွယ်က ဒေါကန်လေ။ မပုစွန်က အာကြမ်းကြမ်း။

"မီးယပ်ပိန်တော့ ဘာဖြစ်တုံး...နင်သာ ဒူလာပိန် မဖြစ်စေနဲ့...ဝရေးတာ ရွဲ့ရတယ်လို့...လူက ခပ်ရွဲ့ရွဲ့ဆိုတော့ ရေးတဲ့ဝကလည်း ရွဲ့ပြီပေါ့...ဆရာမ ရေ...ဝမလှရင် လက်ဆစ်ကို ပေတံနဲ့ခေါက် ဒါမှ ဒင်း မှတ်မှာ..."

နဂိုက စာသင်ရမှာ ရှက်ရှာသူဆိုတော့ အပျိုကြီးတွေကို မပုန်းရည် ထိန်းရပါ၏။ ကိုကြာစွယ့် ဝလုံးတွေက မညီမညာ။ အရေးနာလာတော့လည်း တဖြည်းဖြည်း ညီလာသား။ ဝလုံးတစ်မျက်နှာ အပြည့်ရေးပြီးတော့ သူရေးတာသူ သဘောကျနေလေပြီ။

"ကြည့်စမ်းပါဦး...ဝတွေရေးတာ တစ်မျက်နှာတောင် ရပြီ...ကိုကြာစွယ် စာတတ်ပြီ မကေးရဲ့...တစ်သက်လုံး ဝတစ်လုံး မရေးခဲ့တာ ခု ရေးတတ်ပြီ... သည်လိုနဲ့ တတ်ရတာပဲဟာ..."

စာသင်လာကြသူတွေက အမျိုးမျိုး။ တချို့က ဖွတ်စာရင်းထည့်လို့ လာကြသူတွေ။ တချို့က တကယ်တတ်ချင်ကြသူတွေ။ ယောကျ်ားသားတွေထက် မိန်းမသားတွေက ပိုများပါ၏။ ဒေါ်နှင်းလှ၊ ဒေါ်ပုတို၊ ဒေါ်ကြက်တော၊ ဒေါ်ကွစီ၊ မှုစိန်အေး...။ ကိုကြွက်နီ၊ ကိုလူကလေး၊ ကိုတက်တူ၊ ကိုပိုက်...။ အခုလို ထွက်လာတော့မှ နတ်ရေကန်ရွာမှာ စာမတတ်သူတွေများတာ မပုန်းရည် သိရပါ၏။ ဟိုတုန်းက ရွာမှာ မူလတန်းကျောင်းခွဲ သပ်သပ်မရှိတာကတစ်ကြောင်း၊ ပညာရေးကို အာရုံမရှိကြတာက တစ်ကြောင်းဆိုတော့ ဘုန်းကြီးကျောင်းထွက် သေစာ ရှင်စာကလေး ပြေးသင်လိုက်ကြတာပဲ ရှိပုံပေါ်သည်။ ဘာပဲဖြစ်ဖြစ် သည်လူတွေ စာတတ်သွားရင်တော့ မပုန်းရည် အပင်ပန်းခံရကျိုးနပ်ပြီ။

မပုန်းရည်အတွက် မကေးတို့တစ်တွေက ဝိုင်းဝန်းကြတော့လည်း စာသင် ဝိုင်းက ပျော်စရာတောင် ကောင်းနေသေးတော့။ မကြာဉက လိုချင်မျက်စိရှိရှာလို့



သူတကာထက် ခရီးရောက်သည်။ မပုန်းရည်က မင်နီနှင့် ဝတစ်လုံးချင်း အမှတ်ပေးတော့ ကိုကြာစွယ်က အမှန်ခြစ်တွေကို သဘောကျပုံပေါ်သည်။ မကေးက စ,သည်။

"ကြာစွယ်တော့ စာရေးတတ်ပြီ...ရည်းစားစာရေးတော့..."

"ဝတစ်လုံးနဲ့ ရည်းစားစာရေးလို့ ရမှာလားဟ...နင့်ကြီးတော်..."

"ရေးပေါ့ဟဲ့...ဝ, ဝဝလို့...ဒါဆိုရင် နင့်ရည်းစားက မျက်ရည်တောင် ကျဦးမယ်"

"ဟဲ့ မကေးရဲ့...သူ့ရည်းစားက မီးယပ်နာ စွဲနေတဲ့ဟာ...ဝဝလို့ရေး ရဝါ့မလား..."

"တော်ကြစမ်းပါဟာ...ဝတောင် မဖြောင့်ရတဲ့ကြားထဲ...နင်တို့ကို ပစိဝစ် များလွန်း မှတ်တာပဲ"

"သည်လိုလုပ်ရင်တော့ ရတယ်...ဝကို နှစ်လုံးပူးလိုက်...ဝပူးဖြစ်ကရော... နင် ဝနှစ်လုံးပူးတော့ သိမှာပေါ့"

"အေး...နင်တို့ ပြုတ်ကျွေးရမယ်"

"ဝါး...ဟား...ဟား..."

မပုန်းရည်ကတော့ ရယ်လို့ပင် နေရတော့သည်။ လူကြီးတွေ စာသင်ကြ တယ်ဆိုတော့ ဘိုးကြီးနှင့် ဘွားကြီးကပင် ထွက်ကြည့်ကြသည်။ သူ့သား စာသင် တာတွေ့တော့ ဘွားကြီးက ဝမ်းသာရှာပါ၏။ ငယ်စဉ်တောင်ကျေးတစ်လျှောက် ဘုန်းကြီးကျောင်း ပို့ခဲ့သော်လည်း ကိုကြာစွယ် စာမတတ်ခဲ့။ သူတကာ စာတတ်လို့ အားကျလှချည်ရဲ့လို့လည်း မရှိ။ အသက်သုံးဆယ် ဒီးဒီးတိုက်ကာမှ ဝလုံးတွေ ရေးနေပါပကောရယ်လို့ ဝမ်းသာခြင်းဖြစ်သည်။ လူကြီးဆိုတော့ ပြောမိပြောရာ ပြောတော့သည်။

"ကြာစွယ်...ငါမအေ စာသင်ချေပါဟဲ့ဆိုတုန်းက ချိုချောက်များခဲ့တာ လေ...အခု ဆရာမသင်တော့ စာသင်ပါပကော...ဆရာတော့ မအေ့ထက် တောင် ကြောက်သေးတော်"

ကြာစွယ်က မအေကို မျက်စောင်းထိုးသည်။ ရေးထားသည့် ဝလုံးတွေ အမှန်ခြစ် ရဲရဲပေးထားတာကိုတော့ မအေကို ပြရှာပါ၏။ သည်လိုဆိုတော့လည်း ကလေးတစ်ယောက်လိုပါလားလို့ မပုန်းရည် တွေးမိသည်။ ဘွားကြီးက ဝလုံးတွေကို မျက်လုံးပြူးကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့…နင်တို့ဟာက ဘယ့်နှယ့် ဝကစ,သင်တာတုံး…ကကြီးရေကနေ စ,တာမဟုတ်ဘူးလား…"

"ဟာဗျာ…အမေမသိပါဘူး"

"ဘယ့်နှယ့် မသိရမှာတုံး…တို့တစ်သက်လုံး ကကြီးက စ,သင်ရတာ"

မပုန်းရည်က လူကြီးတွေဆိုတော့ ဝလုံးက စသင်ပေးရတာ ဘွားကြီးနဲ့ဆိုတော့ ပို၍ပင် ဆိုးတော့သည်။

"ဆရာမတို့ခေတ်ကျမှ စာကို ဖြတ်လမ်းက သင်တယ် ကြားဖူးတာပဲ… ကျုပ်တို့တုန်းက ကကြီးက ရှေ့မတက်နိုင်ဘူး…စာမသွားပေါင်အေ…ဉာဏ်နည်းလွန်းလို့…"

"ဟုတ်ပါတယ်…အက္ခရာတွေရဲ့ အခြေခံက ဝလုံးဆိုတော့ ဝလုံးကိုတည်ပြီး အနီးဆုံးအက္ခရာတွေ သင်ယူတဲ့နည်းက မြန်တယ်…ဝလုံးရေးတတ်တော့ ဝနှစ်လုံးပူးလိုက်တာနဲ့ ထဆင်ထူး ရေးတတ်တာမျိုးပေါ့"

မပုန်းရည်က ဘွားကြီးကို ရှင်းပြသည်။ ဘွားကြီးကတော့ ထူးဆန်းသင့် ဖြစ်နေပုံရသည်။ ကိုကြာစွယ်က ဆရာမတစ်ယောက် ထပ်တိုးနေပါကောဗျာဟုဆိုကာ မအေကို အိမ်ထဲပြန်ဝင်ဖို့ချည်း ပြောနေလို့ အပျိုကြီးတွေ ရယ်လို့မဆုံး။ ဘွားကြီးက မပြန်ပါ။ တစ်ယောက်စီကို လိုက်ကြည့်သည်။ သူ့ချွေးမ မပတေးစာအုပ်ကိုယူကာ မျက်လုံးနား ကပ်ကြည့်သည်။

"ညည်း ဝလုံးတွေက ရှောက်သီးလေးလိုနေမှပေါ့အေ…ညည်းဟာက ကျောက်ဖရုံသီး ဖြစ်နေပြီ…ဘောကားကြီး…မှန်းစမ်း ကြာဥ…ညည်းဝလုံးတွေက ဖင်ရှူးကလေးတွေ…ဂေါ်ရခါးသီးနဲ့တောင် တူသေးအေ…"

သည်စကားကြားတော့ အပျိုကြီးတစ်သိုက်က ကိုကြာစွယ့်စာအုပ်ကို ယူကြည့်ပါဦး ဘွားကြီးရဲ့လို့ အစထောင်ပေးကြသည်။ ကိုကြာစွယ်က မပြ။ စာအုပ်ကို ပိတ်ထားကာ မအေကို အိမ်မကြီးထဲဝင်ရန်ချည်း တွန်းလွှတ်နေတော့သည်။ ဘွားကြီးက မဝင်ပါ။ စာသင်သားတစ်ယောက်စီ၏ စာအုပ်ကို ယူကြည့်သည်။ မစိန်အေး စာအုပ်ကို ယူကြည့်ပြီး ပြုံးသည်။ မစိန်အေးက ဘဲဥကောက်ရသူ။

"မိစိန်အေး…ညည်းဝလုံးတွေက ဘဲဥတွေနဲ့တောင် တူသေးအေ…ညည်း မျက်စိထဲ ဘဲဥချည်း မြင်နေထင်ပါရဲ့…ငါက ဝမ်းသာလို့ပါအေ…စာသင်ကြဟဲ့…ငါ့သား ကြာစွယ်တောင် ကနေ့မှ ကျောင်းစ,ထားရတာကြည့်…ဆရာမ ဒီကောင် စာညံ့ရင် ရိုက်သာသင်…ကြားလား…"



"ကိုင်း…ကိုင်း…ဆရာမ ဒေါ်သိန်းရင်…နားဦး နားဦး…ခင်ဗျား အေနေပြီ"

ကိုကြာစွယ်က သူ့အမေကို ဆရာမ ဒေါ်သိန်းရင်ဆိုလို့ ရယ်ကြရပြန်သည်။

မပုန်းရည်၏ ညကျောင်းကလေးက ညတိုင်လျှင် လူတရုန်းရုန်းနှင့်ဆိုတော့ လူကြီးသူမတွေက ရွာစိုတာပေါ့ဟု ဆိုကြသည်။ နေ့ခင်းဘက် ကျောင်းတက်မှန်သည့်ကလေးတွေကို စာဆက်မပြတ်စေရန် သင်ကြားပေးရသလို၊ ကြာဖြူတို့လို လွန်တောင်းကျောင်းရောက် တပည့်ဟောင်းတွေကလည်း စာလာကျက်ကြသည်။ ကလေးတွေကို စောစောသင်ပေးပြီး ပြန်လွှတ်သည်။ လူကြီးပိုင်းကို ကူး။ သည်လိုနှင့် မပုန်းရည် ညကျောင်းကလေး စရီးအအတော်ပေါက်ခဲ့ပြီ။ 'ဝ'ကို နှစ်လုံးပူးတော့ 'ထ'ဆင်ထူး။ 'ထ'ဆင်ထူးကို အောက်နှစ်ဖက်ဖွင့်တော့ 'က'ကြီး စသည်ဖြင့် တဖြည်းဖြည်းချင်း သင်သွားသည်။ တစ်ပတ်လောက်ကြာတော့ အက္ခရာသုံးလုံး ကျေကြပြီ။ ဝ ဝ…၊ ဝ ဝ ထ…၊ ဝ ဝ က…၊ ဝ ဝ ထ ထ က…။

"ဝ ဝ ထ ထ က ဆိုတော့ လူဝဝကြီး မတ်တတ်ထပြီး ကွေးနေအောင် က,တာပေါ့ ကိုကြာစွယ်ရဲ့…ကိုင်း စာသင်ရတာ ခက်လို့လား…တစ်ပတ် ရှိသေးတယ် စာတွေ တော်တော်တတ်ပြီမဟုတ်လား…ဒါကြောင့် ပြောတာပေါ့…စာသင်တော့ စာရေးတတ်မယ်…စာဖတ်တတ်မယ်…မကောင်းဘူးလား"

"ကျုပ်က နို့မို့ မသင်ပါဘူးဗျာ…ဆရာမ ပြောင်းသွားရင် စာလှမ်းရေးချင်လို့ သင်တာပါ…အဟုတ်ပြောတာ…နေပါဦး စာရေးတော့ ဘာတွေရေးရတာတုံး"

"ရေးပေါ့…နေထိုင်ကောင်းတဲ့အကြောင်း…လယ်က စပါးတွေ ထွက်တဲ့အကြောင်း…ဘယ်သူဘယ်ဝါတော့ သည်နှစ် လှူတဲ့အကြောင်း…ရွာမှာ ဘာတွေ ဖြစ်တယ် ပျက်တယ်ဆိုတဲ့အကြောင်း…ဘယ်သူဘယ်ဝါတော့ ဘာဖြစ်လို့ ဆိုတဲ့အကြောင်း…"

"ဒါတွေသိတော့ ဘာလုပ်ဖို့တုံး ဆရာမရဲ့…အရေးမှမကြီးတဲ့ဟာ…"

"အရေးကြီးတာပေါ့ ကိုကြာစွယ်ရယ်…ကျွန်မက ရွာအကြောင်း ရွာအကြောင်း အဝေးက သိခွင့်ရတာပေါ့"

"ကျုပ်တို့ရွာက စာရေးပါပြီတဲ့…ဆရာမကကော ဘာတွေရေးမှာတုံး…"

"ဟောတော်…ကျွန်မကလည်း ကျွန်မအကြောင်း ရေးမှာပေါ့…စာကြောင်း သာကြောင်း…အိမ်ထောင်ပြုပြီဆိုတဲ့အကြောင်း…"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမက ယောကျ်ားယူဦးမှာပေါ့"

"ယူမှာပေါ့ ကိုကြာစွယ်ရဲ့ ...အပျိုကြီးဘဝနဲ့ ဖျင်းစရာကြီး...ကိုကြာစွယ် မပျင်းဘူးလား"

"ကျုပ်တို့တော့ မပျင်းပေါင်ဗျာ...မိန်းမယူတာကမှ ရှုပ်သေး"

"ဘယ်လိုရှုပ်တာတုံး ကိုကြာစွယ်ရဲ့"

"ဘယ်လိုရှုပ်တာတုံးတော့ ကျုပ်လည်း မပြောတတ်ဘူး"

တစ်ညနေ ကျောင်းကအပြန် ကိုကြာစွယ့်တင်းကုပ်ကြီးရှေ့က တန်းလျားရှည် မှာထိုင်မိတော့ စကားထိုင်ပြောဖြစ်ခဲ့ကြခြင်း ဖြစ်သည်။ အနားမှာ ညစာချက်ရန် ဆန်ရွေးနေသည့် မကြာဥက ပြုံးသည်။ မပုန်းရည်လည်း ပြုံးမိတာပါပဲ။ လောကမှာ သည်လိုရိုးသားသူတွေချည်းဆိုလျှင် ဘယ်လောက်ကောင်းလိုက်မလဲ။ မကြာဥ ကိုကြာစွယ်တို့ မောင်နှမနှင့်နေရတာ မပုန်းရည် စိတ်ချမ်းသာပါသည်။

"ကိုကြာစွယ်ရယ်...စာတတ်တော့ ကိုယ်ကြိုက်တဲ့မိန်းကလေးတွေ့ရင် နှစ်သက်ရင် ရည်းစားစာ ကိုယ်တိုင်ရေးနိုင်တာပေါ့...ကိုယ်တိုင်ရေးတော့ လူမသိဘူးပေါ့ ကိုကြာစွယ်ရဲ့..."

"ကြိုက်မှတော့ စာရေးမနေပေါင်ဗျာ...ပါးစပ်က ပြောမှာပေါ့...စာရှည် တောင် ကုန်သေးဟာကိုး..."

မပုန်းရည်က ရယ်ချင်သော်လည်း မရယ်ဘဲ ကိုကြာစွယ့်ကို မျက်လုံးမှေး ကြည့်သည်။

"ပါးစပ်ကလည်း ပြောတတ်ဦးမှကိုးရှင့်...တကယ်တန်းကျတော့ ကိုယ် ကြိုက်တဲ့မိန်းကလေးကို စကားပြောဝံ့ကြတာမှမဟုတ်တာ...ရည်းစားစာပဲ ဆိုမှ ပါးစပ်က မပြောဝံ့လို့ ရေးကြတာပေါ့"

"အဲဒါတော့ ဟုတ်လောက်တယ်...ပါးစပ်ကပြောဖို့လည်း ခက်တာပဲ... စာရေးပြောဖို့လည်း ခက်တာပဲ...ကျုပ်ကတော့ အမေ့ပြောခိုင်းမှာပဲ... ပြီးရော..."

မကြာဥက ကြားက မနေသာတော့သလို မောင်ဖြစ်သူကို ဝင်ငေါက်သည်။

"ဟဲ့ အမေက ဘာကိစ္စ...နင်ကြိုက်ရင် နင့်အစွမ်းအစ နင်ထုတ်ရမှာပေါ့"

"တော်ပါပြီဟာ...သည်လောက်ဇယားရှုပ်တဲ့ကိစ္စ ခေါင်းထဲမထည့်တာပဲ ကောင်းတယ်...ငါက အဲဒါတွေ ဒဏ်မခံနိုင်တာပဲ"



မပုန်းရည်က သည်တော့မှ ဖွင့်ရယ်ရတော့သည်။ ခုံတန်းရှည်ပေါ်က ထတော့ အိမ်ပေါ်တက်လာခဲ့သည်။ ရေချိုးရဦးမှာမဟုတ်လား။ မပုန်းရည် ရေချိုးတော့မှာကို သိတော့ ကိုကြာစွယ်လည်း သုတ်ခနဲ ထသွားလေ၏။ မပုန်းရည် အနေကျဉ်းကျပ်မှာ စိုးလို့ဖြစ်သည်။ တစ်နေ့လုံး စာသင်လို့ မောလာသမျှ ရေကလေးချိုးလိုက်လျှင် သန်းသွားရမြဲ။ မပုန်းရည် ရေချိုးခြံထဲက စဉ့်အိုးထဲမှာတော့ အမြဲတမ်း ရေအပြည့်။ ကိုကြာစွယ် ကျေးဇူးက ကြီးမားပါသည်။ ရိုးပုံအပုံကလည်း လွန်လွန်းသည်။ ထင်သည့် အတိုင်းပင် အိမ်ပြတင်းပေါက်က လှမ်းကြည့်တော့ ကိုကြာစွယ် လမ်းပေါ်ရောက် နေလေပြီ။

မပုန်းရည်လည်း တဘက်တစ်ထည် ရင်သိုင်းပြီး ထဘီတစ်ထည် အပိုယူကာ ဆင်းလာခဲ့သည်။

၁

မကြာဥတစ်ယောက် သွေးသွန်လို့တဲ့ ဆိုသည့်သတင်း ကျောင်းကလေးကို ရောက်လာတော့ မပုန်းရည် ဘုန်းကြီးကျောင်းက ထမင်းစားပြီး ပြန်ရောက်စ ရှိပါသေး သည်။ ကိုကြာရိုးသမီး ကြာမုံ ပြေးလာကာ ပြောခြင်းဖြစ်သည်။ ကလေးပြောတာ ဆိုတော့ ကြားကြားချင်း မရေလည်ပါ။ "အရီးလေး အိပ်ရာထဲ သွေးတွေနဲ့မို့ ဆရာမကို ခေါ်ခိုင်းလိုက်တာ" ဆိုတော့ ဘာကိုပြောချင်မှန်း မသိခဲ့။ မကြာဥက မြက်စိုမြက်စိမ်း ကအစ ကောက်ရိုးစဉ်းတာ၊ ထင်းခွဲတာတွေ လုပ်တတ်တာ သိထားတော့ ဓားညှိ သွားတာလို့ပဲ ထင်မိသည်။ ဘာပဲဖြစ်ဖြစ် တော်တော်ထိသွားလို့သာ ကလေးကို ပြေးပြောခိုင်းခြင်းဖြစ်လိမ့်မည်။ မမစိန်ကို အကျိုးအကြောင်းပြောပြီး ဂျူဦးထုပ်ကလေး ခေါင်းဆောင်းကာ ပြေးလာခဲ့ရပါ၏။

မကြာဥမှာ အလုပ်ကို ကျားစီးဖားစီး လုပ်နိုင်သူဖြစ်သည်။ ကိုကြာခွက်နှင့် ကိုကြာရိုးတို့ မိသားစုတွေက အိမ်ခွဲနေကြတာဆိုတော့ သည်အိမ်ကြီးမှာ မကြာဥနှင့် ကိုကြာစွယ်တို့ အပျိုလူပျိုက မိဘနှစ်ပါးကို တွယ်နေကြခြင်းဖြစ်သည်။ ကိုကြာစွယ်က လယ်ထဲကိုင်းထဲ ဆင်းချင်ဆင်း၊ မဆင်းလို့ကတော့ အိမ်မှာဟင်းရကို ချွေးထွက်သံယိုစိုရွှဲ ရေခပ်တာမျိုး၊ ထင်းခွဲတာမျိုး ရှိသော်လည်း ပတ်မလုံးစုံကိစ္စတွေမှာ မကြာဥသာလျှင် စီမံရတာ များသည်။ နွားကျွေး၊ ကျွဲနှင်၊ တံမြက်တလင်းလှည်း အစစအရာရာ သူပဲ ဖြစ်၏။

မပုန်းရည် ပြေးလာတော့ မကေးတို့၊ မပုစွန်တို့လည်း အိမ်ပေါ်ရောက်နှင့် ကြပြီ။

www.burmeseclassic.com

www.burmeseclassic.com



"မမလေး အိပ်ရာထဲ သွေးတွေနဲ့ဆိုလို့ မပုစွန်ရေ…ကျွန်မလည်း ကြားကြားချင်း ပြေးခဲ့တာပါ…တော်တော်များသလား…"

"များတယ်…သွေးသွန်တာ ဆရာမရေ…မရှိသေ့စကား သွေးဆုံးကိုင်တာထင်ပါရဲ့…တချို့လည်း ဆုံးမှန်းသိလိုက်ကြတာမဟုတ်ဘူး…ကျွန်မတို့မြင်သည်အတိုင်း ပြီးသွားတာ"

အိမ်ပေါ်မှာ မိန်းမသားတွေချည်းဆိုတော့ ပြောလိုက်ကြတာ တစ်ယောက်တစ်ပေါက်။ မကြာဥကတော့ အိပ်ရာပေါ် ပက်လက်။ မျက်တောင်ကလေး ပုတ်ခတ်ပုတ်ခတ်နှင့်။ မပုန်းရည် အခြေအနေကို အကဲခတ်ပြီး မတ္တရာဆေးရုံတင်ဖို့ ဆုံးဖြတ်လိုက်ပါ၏။

"မကေးရေ…ကိုကြာစွယ်တို့၊ စံအေးတို့ တစ်ယောက်ယောက်ကို လှည်းအကောက်ခိုင်းလိုက်…မတ္တရာဆေးရုံ သွားရအောင်…သည်မှာဆို ဆေးမြီးတိုလောက် ရှိတာလေ…ဆေးရုံမှာဆိုတော့ ချက်ချင်းကုနိုင်တာပေါ့"

မပုန်းရည်မှာ သိပ်အရေးမကြီးလေဟန်ပုံမျိုးဖြင့် မကြာဥကို ဆေးရုံတင်ဖို့ပြင်ရပါ၏။ ဆေးရုံဆေးခန်းဆို မကြာဥ ကြောက်တတ်တာ သိလို့ဖြစ်သည်။ မပုန်းရည်က လိုအပ်မည်ထင်သည့် ပစ္စည်းပစ္စယကလေးတွေ ခြင်းတစ်လုံးထဲ ထည့်သည်။ ဘွားကြီးခမျာ သူ့သမီးအတွက် စိုးရိမ်လွန်ပြီး မတ္တရာလိုက်ပါမယ်လုပ်နေလို့ ဖွတ်တားရပါ၏။ သတင်းကြားနှင့် ရောက်လာကြသော အပျိုကြီးတစ်သိုက်ကလည်း လိုက်ကြဖို့ ပြင်သည်။ သည်တော့ လှည်းနှစ်စီးတိုက် သွားကြရုံ။ မကြာဥကို လှည်းပေါ်ပွေ့တင်ကြတော့ မပုန်းရည်ကို အားနာနေရှာသည်။

"ဆရာမ နေပါ…ကျုပ်ကိုယ် မသန့်မရှင်းနဲ့ဟာကို…"

"မဟုတ်တာပဲရှင်…မကြာဥကလည်း ကျွန်မတို့နှစ်ယောက်က ညီအစ်မတွေပဲဥစ္စာ…"

မပုန်းရည်၊ မကြာဥနှင့် မကေးတို့က ကိုကြာစွယ့်လှည်းပေါ် တက်လိုက်ကြသည်။ မပုန်းရည်က ထီးတစ်ချောင်း ကမန်းကတန်း တက်ယူလိုက်ရ၏။ နေထဝက်ဝက်ကွဲ။

"မှန်မှန်သာမောင်း ကိုကြာစွယ်ရေ…မမလေး လှည်းဆောင့်ခံနိုင်အောင်လို့…"

"မမလေးက ကောက်ကာငင်ကာ ဘာဖြစ်သွားတာတုံး ဆရာမရဲ့…မနက်ကပဲ အကောင်းကြီးဟာကို…"



"မိန်းမသားသဘာဝ ရောဂါပါရှင်…ဆေးရုံရောက်သွားရင် မစိုးရိမ်ရပါဘူး"

မောင်ဖြစ်သူက ဘာမှန်းမသိမေးတော့ မကြာဥက ရှက်ရှာပါ၏။ ကိုကြာစွယ်က လှည်းကို ခပ်သွက်သွက် မောင်းသည်။ နောက်လှည်းကလည်း မကွာပါ။ လှည်းနှစ်စီးတွေ့ရာဝင်တော့ နာရီပြန် နှစ်ချက်ထိုးပြီ။ ဆေးရုံကို တောက်လျှောက်မောင်းခဲ့ကြသည်။ သမ်းတစ်နေရာမှာ ခေါင်းပေါင်းကြီး ပေါင်းထားသည့် မကြေးမှျင်ကို တွေ့လို့ လှမ်းနှုတ်ဆက်ရသည်။ မကြေးမှျင်ကလည်း နတ်ရေကန်ရွာက လူတွေကို မြင်တော့ အံ့သြပြီး လှည်းနောက် ပြေးလိုက်လာရှာပါ၏။

"ဆရာမတို့ ဘယ်တုံး…နေကြီးပူပူလောင်လောင်…"

"မကြာဥ နေမကောင်းလို့လေ…မကြေးမှျင် ပြန်မှာပေါ့…"

"ပြန်မှာ…ရထားစောသေးလို့…အိမ်အတွက် ဟင်းချက်စရာ လာဝယ်တာဆရာမ"

မကြေးမှျင်က ခေါင်းပေါင်းကြီးကို ဖြုတ်၊ မျက်နှာပေါ်က ချွေးတွေသုတ်ရင်းကျန်ခဲ့သည်။ မကြေးမှျင်ကို မတွေ့ရတာ ကြာပြီ။ ပုကျစ် ကျောင်းတက်ရတာ အဆင်ပြေရဲ့လား။ ကိုမျိုးသွင်က ကလေးကျောင်းစရိတ်ထောက်တာကော ရောက်သေးရဲ့လား။ ကိုမျိုးသွင်သတင်းလည်း ဘာမှမကြားရတော့ဘူးမဟုတ်လား။ မပုန်းရည်ကိုယ်တိုင်ကလည်း မကြေးမှျင်တို့ ဘဲတဲစုဘက်ကို မရောက်တာ ပါပါ၏။ နတ်ရေကန်နှင့် ဘဲတဲစုကလည်း တကူးတကသွားမှ ဖြစ်တာမျိုးပင်။ ဝေးကျန်ရစ်ခဲ့သော မကြေးမှျင်ကိုကြည့်ရင်း မပုန်းရည် တွေးမိတာတွေဖြစ်သည်။

ဆေးရုံရောက်တော့ မပုန်းရည် အရင်ဆင်းကာ တာဝန်ကျဆရာဝန်နှင့်ဝင်တွေ့သည်။ မကြာဥကတော့ လှည်းပေါ်မှာရော ဆေးရုံမှာပါ သွေးတွေ သွန်နေဆဲမို့ မပုန်းရည် စိုးရိမ်သွားသည်။ နားလည်တတ်ကျွမ်းသူတွေလက်ထဲ ရောက်ပါပြီလေလို့ စိတ်ကို တစ်ဖန်လျှော့ရပါ၏။ ကိုယ့်လူနာရယ်လို့ ဖွတ်အတင်းဝင်ကာ လောတာမျိုး ဘယ်ပါယူပါ တစာစာလုပ်တာမျိုးကျတော့လည်း မကောင်းနိုင်။ ကိုကြာစွယ်နှင့် မောင်စံအေးတို့ကတော့ ခပ်ဝေးဝေး သစ်ရိပ်မှာ လှည်းချွတ် နွားချွတ် နားနေကြသည်။ မပုန်းရည်က ကျောင်းယူနီဖောင်း ဝတ်မလာတော့ နတ်ရေကန်ရွာက ကျောင်းဆရာမဖြစ်ကြောင်း ပြောပြရသည်။

"သွေးသွန်တာ များတယ်…လူနာကတော့ သတိရှိပါတယ်…ကျွန်တော်တို့ သွေးသွင်းဖို့ လုပ်နေတယ်…ရှင်တို့မှာ သွေးလှူမယ့်လူ ပါသေး…လူနာရဲ့ သွေးဖောက်စစ်တော့ လူနာက အိုသွေး…"

www.burmeseclassic.com



"ရွာက အဖော်တွေတော့ ပါပါတယ်ရှင်...မတ္တရာက ဒေါက်တာစောနဲ့လည်း ခင်ပါတယ်...လိုအပ်ရင် ကျွန်မ အကူအညီတောင်းပါ့မယ်"

"ရှင်တို့ ရှိနေမှာမဟုတ်လား...ကျွန်မတို့ပြောမယ်လေ..."

"ဟုတ်ကဲ့ပါရှင်..."

မပုန်းရည် အပြင်ပြန်ထွက်လာခဲ့သည်။ ညနေစောင်းပြီ။ အပျိုကြီးတွေ လိုက်တုန်းက လိုက်လာကြသည် မှန်သော်လည်း ပြန်ကြဖို့က ရှိသေးသည်။ မကြာဥကို သွေးသွင်းရမှာဆိုတော့ သွေးလှူရှင် ရှာရဦးမည်။ မပုန်းရည်က ဘီသွေး။ မကြာဥ ရှားရှားပါးပါး အိုသွေးဆိုတော့ ရှာရခက်မည်ထင်၏။ မပုန်းရည်က ကိုကြာစွယ်တို့ကို အကျိုးအကြောင်းရှင်းပြသည်။ မပုန်းရည်တို့ လှည်းဆောင်းသစ်ရိပ်မှာ ထိုင်နေကြသနိုင် လှည်းတွေရှိရာကို လျှောက်လာသည့် မိန်းမတစ်ယောက်ကို မြင်လိုက်ရသည်။

"ဆရာမ...ဟိုမှာ မကြေးမျှင်ကြီးရယ်..."

"ဟောတော်...ပြန်မယ်ဆိုပြီး မပြန်ဖြစ်ဘူးနဲ့တူတယ်"

မကြေးမျှင်ထဘီ ခါးပုံစက ခပ်ဖောင်းဖောင်း။ ဈေးလည်း ဝယ်လာတာမဖြစ် ပြီးတော့ သည်အချိန်ဆို မတ္တရာ ဒေါက်ပြန်ရထား ထွက်သွားလောက်ပြီ။ ဘယ်လိုများ ဖြစ်တာပါလိမ့်။ မပုန်းရည်ကတော့ တစ်ယောက်တိုးလာတာ ဝမ်းသာမိသည်။ အနား ရောက်လာတော့ မကြေးမျှင်မျာ ချွေးတွေသံတွေနှင့်။ မပုန်းရည်က မကြေးမျှင် မပြန်ဖြစ် ဘူးလားဆိုတော့ ခေါင်းက ခေါင်းပေါင်းကြီးဖြုတ်ပြီး မျက်နှာသုတ်သည်။

"ဈေးဝယ်မယ်လုပ်ပြီးမှ ကျွန်မစဉ်းစားတာ...မကြာဥ နေမကောင်းဘူး ဆိုတော့ အရေးကြီးလို့နေမှာလို့...ရွာပြန်လှည်းတွေ ရှိသားပဲ...ငါမေး ကောင်းမယ်ဆိုပြီး မလာဝံ့ လာဝံ့နဲ့ ပြန်လာတာပါ ဆရာမရယ်...ဈေးလည်း မဝယ်တော့ဘူး...ဘဲဥဖိုးတွေတော့ တောင်းရခဲ့တယ်...ခါးပိုက်လုပ်ပြီး ထည့်လာခဲ့တာ"

မကြေးမျှင်က ခါးပုံစ ဖောင်းဖောင်းကို ပုတ်ပြသည်။ မပုန်းရည်က ပျောက်မှာ စိုးသဖြင့် ပိုက်ဆံတွေကို တောင်းယူကာ လက်ဆွဲပိုက်ဆံအိတ်ထဲထည့်ပြီး သိမ်းပေး ထားလိုက်သည်။ မလာဝံ့ လာဝံ့ဆိုတာက မကြာဥတို့က ကြိုက်မှကြိုက်ပါ့မလားလို့ ဆိုလိုခြင်းဖြစ်မည်။ သည်လိုကြားရတော့လည်း မပုန်းရည် စိတ်မကောင်းပါ။ မပုန်းရည် နုတ်ရေကန်ရောက်စက မကြေးမျှင်ပြုစားလို့ သူ့မှာ သေမလိုဖြစ်ခဲ့ရသည်ဆိုသည့် စကား မကြာဥ ပြောခဲ့ဖူးသည်။ ခုတော့ ဒါတွေလည်း ကျေပျက်သလောက်ရှိပြီ ထင်ပါ၏။ လူ့စိတ်ဆိုတာတော့ မပြောနိုင်။ ဖြစ်ချင်တော့ မကြာဥ ရောဂါဖြစ်ချိန်နှင့် တည့်တည့်လာတိုးခြင်းဖြစ်သည်။



"ကျွန်မပြောမယ် မကြေးမျှင်...ကျွန်မတို့မှာ လှည်းနှစ်စီးပါတယ်...အတူတူ ပြန်ကြရအောင်...ကိုယ့်ရွာသူရွာသားတွေချည်းပဲဟာ...နေပါဦး ပုကျစ် ကကော အဆင်ပြေပါ့မလား..."

"ပြေပါတယ် ဆရာမရယ်...ခုလည်း တဲနားနီးချင်း မခင်စော မှာခဲ့ပါတယ် ...ပုကျစ်က နေတတ်ပါပြီ ဆရာမရယ်...သည်လိုနေရတာပါပဲ...ကျောင်း ကအပြန် မအေမရောက်သေးရင် ထမင်းတစ်အိုး တည်သေးတာ"

ညနေခင်းနေရောင်ပင် ကျသွားခဲ့ပြီ။ မပုန်းရည်တို့ စကားပြောနေတုန်း မကေး ထွက်လာသည်။ သူနာပြုဆရာမက ခေါ်ခိုင်းလိုက်ခြင်းဖြစ်၏။ မပုန်းရည်တို့တစ်တွေ သွေးလှူဖို့ သွေးစစ်ကြရသည်။ မကြာဥအတွက် လိုအပ်သည့် အိုသွေးအမျိုးအစား ရလို့ တော်ပါသေးသည်။ မခဲနှင့် မကြေးမျှင်...။ အားလုံးပြီးစီးတော့ ည ကိုးနာရီ။ မပုန်းရည်ကတော့ ရွာပြန်မလိုက်တော့ပါ။ မကြာဥကို မထားခဲ့ချင်။ အဖော်တစ်ယောက် ခေါ်ထားပြီး အားလုံးကို ပြန်လွှတ်ရသည်။ ရွာကလည်း စိတ်ပူနေကြလောက်ပြီ။ မပတေး၏ညီမဝမ်းကွဲ မသန်းဥကို ညအိပ်စောင့်ဖို့ ခေါ်ထားလိုက်၏။

"ကျွန်မနဲ့ မသန်းဥ နေခဲ့မယ် ကိုကြာစွယ်...မကေးတို့ ပြန်ကြတော့... မနက်ကျမှ လူလဲရင်း လာခဲ့ကြပေါ့...သည်ညတော့ ကျွန်မပါ စောင့်လိုက် ချင်တယ်"

"မမလေးက ဘယ်လိုတဲ့တုံး..."

"သွေးသွင်းရမှာပေါ့ ကိုကြာစွယ်...ဆေးရုံမှာ တစ်ရက်တန်သည် နှစ်ရက် တန်သည်တော့ နေရမှာပေါ့...မမလေး နေကောင်းသွားမှာပါ...ဘွားကြီး တို့ကိုလည်း စိတ်ချနေပါလို့ ပြောလိုက်ပါ...မနက် ကျွန်မ ပြန်လာတော့ ရှင်းပြမယ်လို့..."

ကိုကြာစွယ်ကတော့ ပြန်ချင်ပုံမပေါ်။ အစ်မဖြစ်သူကလည်း ဆေးရုံမှာ။ ကျောင်းဆရာမကိုလည်း အားနာ။ ပြန်ရမှာ နောက်ဆံငင်နေလေတော့ မပုန်းရည် ဘဲ ဖြတ်ရတော့သည်။

"ကိုင်း...ကျွန်မပြောတာ လုပ်ပါရှင်...အချိန်နဲ့ ပြန်ကြရဦးမှာမို့ပါ... အားလုံးပြန်ကြပါ...လူတွေရှိလို့လည်း အကြောင်းမထူးလို့ ပြောတာပါ ရှင်...ကိုကြာစွယ်နဲ့ မောင်စံအေး လှည်းသွားကောက်ချေတော့...နွားတွေ လည်း မိုးချုပ်ပြီ...သည့်ထက်မှောင်ရင် မကောင်းတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ လှည်းကောက်ကြသည်။ မကြေးမှျင်က သူပါ နေရစ်ခဲ့မည် ဆို၏။ မကေးတို့တစ်တွေနှင့် လှည်းအတူစီးပြန်ရမှာကို ရှံ့နေပုံလည်း ပေါ်ပါသည်။ မပုန်းရည်က မကေးတို့၊ မပုစွန်တို့ကို မကြေးမှျင်ပါ တင်ခေါ်သွားပါရန် ပြောတော့ "စိတ်ချပါ ဆရာမရဲ့…မကြေးမှျကို ကျုပ်တို့ ဘဲတဲစုအထိရောက်အောင် လိုက်ပို့ လိုက်ပါ့မယ်" ဆိုလို့ ဝမ်းသာရပါ၏။ မကြေးမှျင်ကို စုန်းမဆိုသော အရေခွံကို ခွာချလိုက်နိုင်ကြပြီ ထင်ပါရဲ့။ ပြန်ကာနီးတော့ မပုန်းရည်က သီချင်တာကလေး မေးဖြစ်ခဲ့ပါသည်။ ကိုမျိုးသွင်နာမည်မပါအောင် ရှောင်မေးရသည်။ ကိုကြာစွယ် အပါအဝင် ရွာကလူတွေက တလွဲကောက်ကြမှာ စိုးရှိမ်ဖြစ်၏။ မကြေးမှျင်ကို ခပ်လှမ်းလှမ်း ခေါ်မေးသည်။

"ပုကျစ် ကျောင်းတက်ရတာ အဆင်ပြေတယ်မဟုတ်လား မကြေးမှျင်— ကျောင်းစရိတ်ကော ရသေးလား"

"ရပါတယ်…ပိုပိုလျှံလျှံတောင် ရနေလို့ အားနာနေရတယ် ဆရာမရယ်— ကျွန်မတို့သားအမိကလည်း အသုံးမဖွာပါဘူး…စက်ရုံက ကိုသာဉာဏ်ဆိုင်— ဆရာက လာလာပေးတယ်…ပုကျစ်က ငွေရကြောင်း စာရွက်လေး ရေးပေး တယ်…ဆရာကြီးက မတောင်းပါဘူး…ဆရာ ကိုသာဉာဏ်က သူ့ကို ယုံကြည်အောင် ရေးခိုင်းတာပါ…ကျွန်မ ငွေစုထားတယ်…ဆရာမဆီ လာအပ်ထားမလို့…ငွေပြည့်ရင် ဘဲအပိုင်ဝယ်မယ် ဆရာမ"

မကြေးမှျင်စကားကြောင့် မပုန်းရည် ကြည်နူးမိရသည်။ ကိုမျိုးသွင်က ပုကျစ်ကျောင်းစရိတ် ထောက်ပံ့တာဆိုသော်လည်း ဘဝနှစ်ခုကို ထောက်ပံ့နေခြင်းပင် ဖြစ်သည့်အတွက် ကိုမျိုးသွင်ကို လေးစားရပါသည်။ မပုန်းရည်အား ချစ်ခွင့်တောင်းခဲ့သည့် ရက်တွေကိုလည်း သတိရလိုက်မိပါ၏။

"အဆင်ပြေရင် ပြီးတာပါပဲရှင်…ကိုမျိုးသွင်ကကော မလာတော့ဘူးပေါ့"

"ဆရာကြီးက ဗမာပြည်မရှိဘူးတဲ့…တိုင်းခြားမတဲ့…"

"သြော် သြော်…ကိုင်း သွား သွား…ပုကျစ်နဲ့ ကျောင်းလာခဲ့ကြဦး"

"ဟုတ်ကဲ့ ဆရာမ"

မပုန်းရည်က အိတ်ထဲသိမ်းပေးထားသည့် မကြေးမှျင်ပိုက်ဆံထုတ်ကို ပြန်ပေး လိုက်သည်။ လမ်းမှာ မကျခဲ့ဖို့ မှာရသည်။ ကိုကြာစွယ့်ကိုပါ မှာလိုက်ရသည်။ လှည်းတွေ ပြန်သွားကြတော့ မပုန်းရည်နှင့် မသန်းဥ နှစ်ယောက်တည်း။ မပုန်းရည် မီးချုပ်မှာကို သိသဖြင့် ခြံတဘက်ရည်ကလေးတစ်ထည် ထည့်ယူလာခဲ့လို့ တော်



သေးရဲ့။ ဆေးရုံအဆောက်အဦ ခုံတန်းရှည်မှာ သွားထိုင်လိုက်ကြသည်။ မီးပွင့်ကလေး သင်းနေတော့ အဆင်ပြေသား။

ည ဆယ်နာရီကျော်တော့ သူနာပြုဆရာမက မကြာဥ နေကောင်းပြီဖြစ် ကြောင်း၊ မပုန်းရည်တို့ လူနာနှင့် တွေ့ခွင့်ရပြီဖြစ်ကြောင်းတွေ လာပြောသည်။ မပုန်းရည် က ပရိတ်တော်တွေ ရသမျှ ရွတ်နေခဲ့ပါ၏။ မကြာဥတစ်သက်လုံး ကြောက်ရွံ့ခဲ့သော စုန်းမဟု ယိုးစွပ်ခံခဲ့သော မကြေးမှျင်၏သွေးက မကြာဥ၏ကိုယ်တွင်း ရောက်သွားခဲ့ပြီ။ မကြာဥသိလျှင် ဘယ်လိုခံစားတုံ့ပြန်လေမလဲ။ ဒါကိုလည်း မပုန်းရည် ကြိုတင်စဉ်းစား ထားခဲ့ပါသည်။ အရေးကြီးတာက မကြာဥ ပြန်လည်ကျန်းမာဖို့ မဟုတ်လား။

ထိုညက မပုန်းရည် ထိုင်လျက် မိုးလင်းခဲ့သည်။

၈

မကြာဥ ဆေးရုံက ဆင်းမည့်နေ့ သွားကြိုတော့ မပုန်းရည် မလိုက်နိုင်။ ကျောင်းအုပ်တာဝန် ခေတ္တယူထားရသော မမစိန် မတ္တရာအစည်းအဝေး သွားနေရသဖြင့် ကျောင်းထိန်းရန် နေခဲ့ရခြင်းဖြစ်သည်။ သည်ကြားထဲ မောင်တက်လူကလည်း အိမ်ထောင်ပြုတော့မလို တကဲကဲလုပ်နေလို့ သည်ရက်ထဲတော့ ခွင့်မယူပါနဲ့ဦး တောင်းပန်ထားရသည်။ စာသာ သင်နေရသော်လည်း မကြာဥကိုပဲ စိတ်ရောက်နေ မိပါ၏။ သူ့ခမျာ အချစ်ကံခေခဲ့ရှာသည်။ မီးတောင်သေတစ်လုံးလို မြှုနေရုံပဲလား။ ဘဝအကျိုးပေး မသန်ရှာသူမို့ ခြေကလေး လိမ်ဖယ် လိမ်ဖယ်နှင့် အိမ်အလုပ်ဟူသမျှ သိမ်းကျုံးလုပ်ရရှာသူ။ မကြာဥအဖို့ရာ နွားစာစဉ်းရင်း၊ ကောက်စိုက်ရင်း၊ ပျိုးနုတ်ရင်း ကောက်ရိတ်ရင်း သည်လိုပဲ အသက်ကြီးသွားတော့မှာလား။ မပုန်းရည်၏ ကျေးစူးရှင် ဘွထဲ စာရင်းထိုးရမည့် မိန်းမသားတစ်ဦးပင်။ ဘွားကြီးက မပုန်းရည်ကို သူ့သား ကိုကြာစွယ်နှင့် သဘောတူသလိုလို အသံလွှင့်ခဲ့တာမျိုး ရှိခဲ့ကောင်း ရှိခဲ့နိုင်ပေသီ မကြာဥက သည်သဘောမျိုးပါသည့်စကား တစ်ခွန်းမဟဖူးခဲ့။ ပညာတတ် ကျောင်း ဆရာမက သူ့မောင် တောသား လူနံ့ကို မကြိုက်လောက်ပါဘူးဆိုသည့် စိတ်အခံမျိုး လည်း ဟုတ်ပုံမရ။ သူ့ပယောဂ မပါအောင် နေပြခြင်းသာ ဖြစ်သည်။

ဒါတွေထားပါဦးတော့။ မပုန်းရည်ကို မိန်းမသားချင်း စောင့်ရှောက် ရှာသူဖြစ်သည်။ သည်အိမ်ကြီးပေါ် ရောက်ပါပြီဆိုကတည်းက ညရေးညတာ သူမ အားမှာ မကြာဥ အမြဲတမ်းရှိသည်။ ညဘက် ဆာသလိုလိုရှိတော့လည်း ငါတ်ခဲ့ သတာ ကြော်လှော်ပေးနေကျ။ လက်ဖက်တစ်ပွဲ ချင်းတစ်ပွဲ အလစ်လပ်မေး။ ရေနွေးချဉ် ခတ်အစားတွေ မြုံစင်နေအောင် လှော်ပေးတာ ပါသေးသည်။ ညဘက် နေ့ဘက်မှာ

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း ဆင်းတော့လည်း ခေတ်မီးတစ်လက်နှင့် မနီးမဝေး ရှိနေရှာသူ ဖြစ်သည်။ ကျောင်းဆင်းတော့မှ မကြာဥနှင့် တွေ့ရတော့သည်။ မကြာဥ ကျန်းကျန်းမာမာ ဖြစ်လာလို့ ဝမ်းသာရသား။

"ကျွန်မ လာကြိုချင်တာ မမလေးရဲ့…ကျောင်းမှာ မမစိန်မရှိလို့ နေခဲ့ရတာ"

"ရပါတယ် ဆရာမရယ်…ကျွန်မ ဆေးရုံတက်နေခဲ့ရတဲ့ရက်အတွင်း ဆရာမ တော့ တစ်ယောက်တည်း အိပ်ရှာရော့လား…ကြာဖြူ ကြာနီတို့မှ ရှိကြ ရဲ့လား ပူနေတာ ဆရာမရေ…"

လူနာက သူ့အတွက် သူမပူ၊ မပုန်းရည်အတွက် ပူနေသေးသည်။

"အိပ်ကြပါတယ် မမလေးရယ်…နေကောင်းရဲ့ မဟုတ်လား…"

"ဆေးရုံက ပြောတယ်…ဆရာမနဲ့ ရွာကအမျိုးသမီးတွေ သွေးလှူကြဆို ကျွန်မအတွက် အိုသွေးကို မခဲနဲ့ မကြေးမျှင်ဆီက ရသတဲ့…သူနာပြု ဆရာမလေး ပြောတယ်"

မပုန်းရည်က မကြာဥမျက်နှာကို စိုးရိမ်တကြီး လှမ်းကြည့်လိုက်ပါသည်။ မကြေးမျှင်ဆီက သွေးကို သွင်းတာ မကြာဥ သိနေသည်ပဲ။ မကြာဥကတော့ အေးအေး ဆေးဆေးပင်။

"မကြေးမျှင်တို့…မခဲတို့ကို ကျွန်မ ကန်တော့ရဦးမယ်"

မကြာဥဆီက မမျှော်လင့်သော စကားကို ကြားလိုက်ရလို့ မပုန်းရည် အံ့သြသွားရသည်။ မပုန်းရည် ထင်ထားတာက မကြာဥ စိတ်ဆင်းရဲသွားရှာလိမ့်မည် ဟု…။ ခုတော့ မကြေးမျှင်ကိုတောင်သူက ကန်တော့ဦးမယ်တဲ့လား။ မပုန်းရည်က မကြာဥလက်ဖဝါးအစုံကို ပွေ့ယူလိုက်ပါသည်။

"မမလေးက အိုသွေးဆိုတော့ သွေးအမျိုးအစားတူတာ ရှားတယ်လေ ကျွန်မက ဘီသွေး…မကြေးမျှင်ခမျာ လှူသာလှူရတာ ကြောက်နေရှာ တယ်… သွေးလှူခွင့် ကြုံလို့ ဝမ်းလည်းဝမ်းသာရှာပါတယ်… မမလေး အခုလို ကျေနပ်တယ်ဆိုတာသိရင် သူ့ခမျာ ဝမ်းသာရှာမှာ…"

"ကျွန်မ နားလည်ပါတယ် ဆရာမ…ပြောရရင် ဆရာမတောင်မှ မကြေးမျှင် ကို ပေါင်းသေးတာ…သူ ဘာမှမဟုတ်ဘူးဆိုတာ ကျွန်မယုံလာတယ် ကျေးဇူးတင်ပါတယ် ဆရာမရယ်"

မကြာဥက သူပြောတတ်သလို ပြောသော်လည်း စကားက အတော်တာသွား လှသည်။ ဘာပဲဖြစ်ဖြစ် မပုန်းရည် ဝမ်းသာမျက်ရည်စို့ရပါ၏။ နောက်ဆက်တွဲ



ဝမ်းသာစရာကောင်းတာက မကြေးမျှင်ကို မကြာဥသာမက အမြင်စောင်းခဲ့ကြဖူး သူများကပင် တွေးရောယှက်တင် ချစ်ခင်လာခဲ့ကြခြင်းဖြစ်လေသည်။ မကြာဥ သွေးသွင်း ဘုန်းက မကြေးမျှင်သွေးတွေ သွင်းခဲ့ရတာတဲ့ ဆိုသည့်သတင်းက အခြားသော ကူညီခဲ့ ကြသူတို့ကို ကျော်လွန်ကာ ရွာလုံးကြား ဖြစ်ခဲ့သည်။ မကြာဥက သွေးလှူခဲ့ကြသူ တွေကို ဆန်တစ်တင်းစီ ကျေးဇူးတုံ့ပြန်ချင်ပါသည်ဆိုလာတော့ မပုန်းရည် ဝမ်းသာ ရသည်။ မကြေးမျှင်ရှိရာ ဘဲတဲစုကို မကြာဥက ကိုယ်တိုင်သွားကာ ကျေးဇူးတုံ့ပြန် ခဲ့သည်။

"မကြာဥရယ်…ဆင်းရဲကြသူတွေကို တတ်စွမ်းသမျှ ထောက်ပံ့ရာကျတဲ့ အပြင် ကျေးဇူးတရား ဖော်ထုတ်ရာလည်း ရောက်ပါတယ်…အချင်းချင်း ချစ်ခင်မှုလည်း ရတယ်…မင်္ဂလာရှိတဲ့ကိစ္စပဲဟာ…"

မပုန်းရည်က မကြာဥ နောက်ကျနေသည့်စာတွေ ဖြည့်သင်ပေးသည်။ မကြာဥက ဉာဏ်ကောင်း ဖွဲ့ကောင်းဆိုတော့ အခက်အခဲရယ်လို့ မရှိဘဲ သင်ယူ နိုင်သည်။ တစ်ရွာက အလည်လာကြသူတို့ မပုန်းရည် စာသင်ဝိုင်းကလေးကို ချီးကျူး အားကျ ကြသည်။ ကိုကြာစွယ် စာသင်နေတာ မြင်သွားကြတော့ ပြုံးစိစိ။ တချို့ ကလည်း စ,သွားကြသည်။

"ဘယ့်နှယ့် ကြာစွယ်ကြီး…တော်တော်ဟုတ်နေပြီလား…"

"ခင်ဗျားတို့နာမည်တွေတောင် ရေးတတ်နေပေါ့…ဇရပ်မှာ မီးသွေးခဲနဲ့ သွားရေးမလို့…"

တစ်လ နှစ်လလောက်ရှိလာတော့ စာသင်သားတွေ စာကို မတောက် ခေါက် ဖတ်နိုင်ကြပြီ။ ကိုကြာစွယ်ကပင် ဟုတ်တုတ်တုတ်။ သူ့နာမည် ကြာစွယ် ဆိုတာကို လှုထုလှူင် ရေးပြရတာ အမော။ အိမ်မှာ အမြဲလိုလိုရှိတတ်သော မောင်စံအေး ကို စာဖတ်ပြနေတတ်သည်။ မောင်စံအေးကလည်း စာတတ်ရုံသာသာ။ တစ်ခါတလေ ဘုဝရီးနှစ်ယောက် ငြင်းခုံနေကြလို့ ရယ်ရသေးသည်။

"လေးလေးဟာ မဟုတ်သေးပါဘူး…ကြာစွယ်ဆိုမှတော့ စလုံးနဲ့ မရေးရ ပါဘူး…ဇကွဲနဲ့ ရေးမှ ကြာစွယ် ဖြစ်တော့မပေါ့…"

"ဆရာမက စလုံးနဲ့ စွယ်ရမှာ ပြောတာပဲ…ငါလည်း စဉ်းစားနေတာ… သူတို့ဟာ မှုရှိတယ်ထင်တယ်"

"ကိုယ့်နာမည် ကိုယ်ရေးတာ မှုမလိုပါဘူးဗျာ…ဇကွဲနဲ့ရေးမှ မှန်တော့ မပေါ့…"

www.burmeseclassic.com

www.burmeseclassic.com



"အေးကွ…မမလေးနာမည်လည်း ကြာကို အတစ်ချောင်းငင် ဆုနဲ့တွဲ ကြာဥဖြစ်မှာပေါ့…သူတို့ဟာက မဟုတ်ပြန်ဘူး…ဘာနဲ့ဆိုလား အုံထား တာ…"

"အက္ခရာ ဥ ပါဗျာ…"

"အေး…ဟုတ်တယ် ဟုတ်တယ်…ဘာသဘောများပါလိမ့်…"

ဒါတွေကြားတော့ မပုန်းရည် ပျော်ရသည်။ အက္ခရာစာလုံးတွေကိုတောင် ငြင်းခုံနေကြပါပကော။ သူ့တင်းကုပ်ထဲမှာ ထောက်ထောက်စမ်းစမ်း စာဖတ်နေသံ အပေါ်ထပ်ကို လွင့်လာတတ်သည်။ မပုန်းရည်က ပြတင်းပေါက်နားတိုးကာ အသံ နားစွင့်သည်။ တစ်လုံးနှင့်တစ်လုံး ခြားသော်လည်း အဖြောင့်။

"ည…တ…ည…လ…သာ…သာ…က…စား…မ…လား… နား…မ…လား…"

သည်လိုဖတ်နေချိန်မှာ အသံမလေးလိုက်နှင့် ဆက်မဖတ်တော့တဲ့ အသံတိတ် သွားတတ်သည်။ သည်အိမ်ကြီးက မောင်နမနှစ်ယောက် စာဖတ်နိုင်ကြပြီ။ စာရေးနိုင် ကြပြီ။ ရွာက အခြားသူတွေ စာရေး စာဖတ်တတ်လို့ ဝမ်းသာတာလည်း အမှန်ပင်။ သည်မောင်နမ စာရေး စာဖတ်တတ်တာကိုတော့ မပုန်းရည် ပိုဝမ်းသာသည်။ စာဖတ် မိတိုင်း၊ စာရေးမိတိုင်း မပုန်းရည်ကို သတိရနေကြမှာ မဟုတ်လား။

ဝမ်းအသာရဆုံးကတော့ မကြာခဲ့ ဆေးရုံက ဆင်းပြီးသည့်နောက်ပိုင်း ကြာဖြူ တို့ လွန်တောင်းကျောင်းအသွားမှာ ပုကျစ်ကို တာပေါင်လမ်းအတိုင်း စက်ဘီးနှင့် တင်ခေါ်သွားကြခြင်းဖြစ်သည်။ မနက် ကျောင်းသွားချိန် ကြာဖြူက စက်ဘီးနှင့် တာပေါင်ထိပ်က စောင့်လို့၊ ပုကျစ်က ဘဲတဲစုကနေ အပြေးလာလို့။ သူငယ်ချင်း နှစ်ယောက် ကျောင်းအတူတက်ကြပြီ။ မကြေးမှုင်နှင့် ပုကျစ်တို့လည်း နတ်ရေကန် ရွာကို ဝင်ခွင့် ထွက်ခွင့်လိုင်စင် ရကြပြီ။

ဂ

သည်ရက်ထဲမှာ မတ္တရာမြို့နယ်ရုံးကတစ်ဆင့် မမစိန်နှင့် စာတစ်စောင် ပါလာခဲ့သည်။ ရန်ကုန်က မိဘနှစ်ပါး ရေးပို့လိုက်သည့်စာ ဖြစ်သည်။ စာက များများတော့ ရေးမထားပါ။ မာကြောင်းသာကြောင်း၊ မပုန်းရည် ပေးပို့သည့်စာနှင့် ငွေရကြောင်း၊ အဘိုးလေးလည်း နေကောင်းကြောင်းတွေလောက်သာ ပါပါ၏။ ထူးထူးဆန်းဆန်း စာတစ်ပိုဒ်ပါနေလို့ မပုန်းရည် အံ့သြရသည်။



'သမီးရေ…သမီးမိတ်ဆွေ မောင်မျိုးသွင်လည်း အိမ်ကို ကြိုတိုင်း ဝင်တယ်…သူလည်း ဂျာမနီက ပြန်ရောက်တာ မကြာသေးဘူး တဲ့…မတ္တရာဘက်လည်း မရောက်ဖြစ်သေးဘူးပြောတယ်…သမီး နဲ့ မတွေ့တာကြာပြီတဲ့…သူငယ်က အိမ်လာတိုင်း သမီးအဖေ နဲ့ စကားတွေပြောတာဆိုတော့ အဖော်ရနေတယ်…သူငယ်က လာရင် ဝယ်ခြမ်းလာတာ မနည်းဘူး…အားများတောင် နာရပါ တယ်…သမီးကျန်းမာရေး သမီးအခြေအနေ ဘာသိရတုန်း မေးပါ တယ်'

ကိုမျိုးသွင်က ရန်ကုန်မှာပဲ အခြေကျနေပုံရသည်။ စကားပြောဖော်ရှာနေ တတ်သော အဖေ့အတွက် စကားပြောဖော်ရနေပြီဆိုလို့ ပြုံးမိရပါ၏။ ကိုမျိုးသွင် နိုင်ငံခြားသွားတယ်ဆိုတာ ဟုတ်သားပဲ။ အိမ်ထောင်ကျသွားပြီ ဆိုတာကကော။ ကိုမျိုးသွင်ကတော့ မပုန်းရည်ကို လုံးဝမဆက်သွယ်တော့တာ အမှန်ပင်။ ဘာပဲဖြစ်ဖြစ် ကိုမျိုးသွင်က လူပုဂ္ဂိုလ်အားဖြင့် ခင်မင်လေးစားစရာကောင်းသူဖြစ်သည်။ ခေတ်ပညာ တတ် လူချမ်းသာ ဆိုသော်လည်း မာန်မာန ကင်းသည်။ မပုန်းရည်၏ မေတ္တာကို တောင်းခံတုန်းကလည်း ပကတိ ရိုးရိုးသားသားပင်ဖြစ်သည်။ မပုန်းရည်က ငြင်းဆန် တော့လည်း ညင်ညင်သာသာလက်ခံရှာပါ၏။ မပုန်းရည်က မေတ္တာကို မတုံ့ပြန်မှတော့ အဖေ၊ အမေတို့နှင့် ဆက်ဆံစရာလည်း မရှိ။ ခုတော့ အိမ်ကို ဝင်ထွက်နေသတဲ့။ မပုန်းရည်အကြောင်းတော့လည်း မေးသတဲ့။ မပုန်းရည်ရှိရာ ရွာကိုတော့ လူမလာ ပေမယ့် အနေများပင် ကြာခဲ့ပေါ့။ သူမထက်စာလျှင် ပုကျစ်ကမှ အဆက်အသွယ်ရှိလို့ ဟုတ်တုတ်တုတ်ပါလား စဉ်းစားမိတော့လည်း ပြုံးချင်သား။

မိဘနှစ်ပါးဆီက စာရောက်လာလို့ မပုန်းရည် ဝမ်းသာရသည်။ အဘိုးလေး လည်း ကျန်းမာတယ်ဆိုလို့ စိတ်အေးရသည်။ အဘိုးလေးတို့၊ အဖေ၊ အမေတို့ကို ခါနီးကပ်ပြုစုခွင့်ရနိုင်ကောင်းပါရဲ့။ သည်နှစ် အပြောင်းအရွှေ့မှာ နာမည်ပါလျှင်တော့ အကောင်းသား။ ခရမ်းသုံးခွနယ်ထဲ ကျချင်ကျ၊ ရန်ကုန်မြို့ အနီးဝန်းကျင်ဆိုတော့ လည်း နေ့သွား ညပြန် ပြန်နိုင်သည့်နေရာ ဖြစ်ချင်သည်။ မောင်းကုန်းကျောင်း တိုက်ရိုက်ကျလျှင်တော့ အကောင်းဆုံးပင်။

သည်နှစ်တွင်လည်း စတုတ္ထတန်း တန်းလုံးကျွတ်အောင်ဖို့ မပုန်းရည် အရှုံး ကုန် ကြိုးစားနေခဲ့သည်။ စာမေးပွဲတွေ နီးလျှင် သည့်ထက် မောင်းတောင်းကျောင်း လွန်တောင်းကျောင်းကို သွားတက်ကြသည့် တပည့်ကလေးတွေကိုလည်း … သရွေ့ စောင့်ရှောက်ရပါ၏။ မိဘတွေက ရှိတာမရှိတာထက် …

www.burmeseclassic.com

www.burmeseclassic.com



ဝယ်ပေးကြတော့ သွားရေးလာရေး မခက်ကြတော့ပြီ။ စက်ဘီးခေါင်းလောင်းသံ တချွင်ချွင်က ရွာထဲမှာ ဆူညံနေလေပြီ။ ကျောင်းစိမ်းဝတ်စုံကလေးတွေ ပြောက်ထိုး လာတာတာလည်း ဝမ်းသာစရာ။

"မင်္ဂလာပါ ဆရာမ…"

"မင်္ဂလာပါ ဆရာမ…"

နှုတ်ဆက်ကြတာ အမော။ တချို့ လွန်တောင်းကျောင်းသားတွေက လွန်တောင်းကို တန်းတန်းမတ်မတ် မသွားကြဘဲ နတ်ရေကန်ကျောင်းကို စက်ဘီးကိုယ်စီနှင့် ဝင်လာ ကြတာများလည်း ရှိပါ၏။ ဆရာမကို လာနှုတ်ဆက်ကြတာဆိုပြန်တော့ မပုန်းရည် ဝမ်းသာကြည်နူးရပါသည်။ လမ်းမှာ ဆော့မနေကြဖို့၊ ကျောင်းကို စောစောရောက် အောင်သွားကြဖို့၊ စက်ဘီးပေါက်လျှင် အချင်းချင်း ကူညီကြဖို့ကအစ မတည့်တာတွေ စားကြနဲ့အဆုံး တဖွဖွမှာရသည်။ အချင်းချင်း ရန်ဖြစ်ကြတယ်ကြားလျှင် ဆရာမ ရှိက်မှာဆိုတာလည်း ပါရသည်။ တစ်ခါတစ်ရံ သူတို့ပြဿနာပေါင်းစုံကို ကူညီဖြေရှင်း ပေးရတာလည်း ရှိသည်။ လမ်းမှာ စက်ဘီးချင်းယှဉ်စီးကြရာက တာပေါင်ပေါ်က ထိမ်ကျတာတွေ၊ မုန့်ဖိုး ချေးသုံးတာ ပြန်မဆပ်တာတွေ၊ သူ့ထမင်းချိုင့် မှောက်တုန်းက ခွဲကျွေးရသော်လည်း ကိုယ့်ထမင်းချိုင့်မှောက်တော့ မကျွေးတာတွေ၊ လမ်းမှာ ဗုဒ်ဇင်း ဖမ်းလို့ ကျောင်းမမီတာတွေ၊ ဘယ်သူတော့ဖြင့် အစမ်းစာမေးပွဲ ဘယ်နှဘာသာ ကျတယ်ဆိုတာတွေ…။ အစုံ အစုံ…။

"ဖိုးလမင်းလေ ဆရာမ…ကျွန်တော့်ဆီက ပိုက်ဆံချေးပြီး စွန်ဝယ်တာ ဆရာမ…စွန်လွှတ်ရင်း ကျွန်တော့်ကြောင့် ပြဲသွားတော့ ပိုက်ဆံဆပ်စရာ မလိုတော့ဘူးတဲ့…မဆိုင်ဘူးလေနော် ဆရာမ…ချေးတာက သပ်သပ် ပြဲတာက ဆော့ရင်းဖြစ်တာကိုး…"

မပုန်းရည်အဖို့ရာ လွန်တောင်းကျောင်းမှာ ပြခဲ့သည့်စွန်မှုအတွက် ကြား က ပိုက်ဆံလျော်ပေးရတာလည်း ရှိသည်။ အထူးသဖြင့် ပုကျစ်ကလေးကို ဝိုင်းဝန်း ဆောင့်ရောက်ဖော်ရကြလို့ ဝမ်းသာရသည်။ မပုန်းရည်မှာ ပုကျစ်ကို ကြုံတိုင်း အရေး ကျေးဇူးသိတတ်ဖို့ မှာရတာ တဖွဖွ။ မကြေးမှျင် ပြောပြဖူးသော သူတို့သားအမိ ဓာတ်လမ်းကလည်း ရင်မှာ ထိခိုက်ရပါ၏။ "ဆရာမတစ်ယောက်ကိုပဲ ကျွန်မ ဖွင့်ပြော တာပါ" ဆိုသော မကြေးမှျင်စကားကို အမှတ်ရမိသည်။ ပုကျစ်သည် သူ့သမီးအရင်း မဟုတ်ပါ ဆိုသည့်ကိစ္စကို မကြေးမှျင်ကိုယ်တိုင်ကလည်း မေ့ထားလိုက်ပုံရ၏။ သမီး ပုကျစ်ကို ပညာတတ်ကြီးဖြစ်သည်အထိ ထားဖို့ရည်ရွယ်ကြောင်း မပုန်းရည်ကို ပြော



လို့ လေးစားရသည်။ သည်သားအမိဘဝကလေး ခိုင်မာလှပစေလိုတာက မပုန်းရည် ဆန္ဒ ဖြစ်ပါ၏။

အခါကြီး ရက်ကြီးတွေ ရောက်ပြန်တော့လည်း မပုန်းရည်ရော မမစိန်ပါ မုန့်ပို့ကြရင်း ကန်တော့ကြတာတွေ ရှိသည်။ အထူးသဖြင့် နှစ်စဉ် ကျင်းပမြဲဖြစ်သော ဆရာတော့်ကျောင်းဝင်းထဲက သုံးဆူဘုရားပွဲတော်ရက်ရောက်လျှင် နတ်ရေကန်သူ နတ်ရေကန်သားများနှင့်ရောကာ မပုန်းရည် ပျော်ရသည်။ ဝါခေါင်လရောက်တိုင်း တောင်ပြုံးပွဲကို သွားကြတာကလည်း မလေ့တစ်ခုပင်။ မပုန်းရည်ကတော့ နှစ်စဉ် မရောက်ဖြစ်သော်လည်း သည်နယ်မှာ တာဝန်ကျတုန်းကျသခိုက် တောင်ပြုံးမင်းညီနောင် ပွဲ သွားရောက်ခွဲဖြစ်ခဲ့ပါ၏။ ကရေကရာ၊ အနုဆုပ်၊ မုန့်ခေါင်းအုံး၊ စလူမုန့်တွေကို မပုန်းရည် ကြိုက်သည်။ အညာမုန့်တွေဆိုတော့ အညာပွဲတော်ရက်တွေမှာ တစ်ဝကြီး စားနိုင်သည်။ နတ်ရေကန်ရွာကတော့ နတ်ပွဲမုန့် ခေါ်ကြပါ၏။ တောင်ပြုံးပွဲရက် တွေဆိုလျှင် တစ်နယ်လုံး ရှိသမျှလူတွေ လှည်းတပ်ကြီးချီကာ သွားလေ့ရှိကြသည်။ တချို့က ခေါက်ပြန်ရထားနှင့် လိုက်ကြသည်။ တချို့များ စိတ်ကူးရတိုင်း စက်ဘီးနှင့် သွားကြလေသည်။ သည်လိုရက်တွေမှာ စာသင်ချင်လို့လည်း မဖြစ်ပါ။ ရထားလမ်းဘေး တစ်လျှောက်ရှိ ကျောင်းများကို ပိတ်ထားကြရသည်။

"ရိုးရာစားတော်စာကျတော့ မုန့်ဖြူ မုန့်နီ နှစ်ခုစီကို နှစ်ပုံပုံရတယ်… ငှက်ပျောနှစ်ဖီး ရွှေပန်းခိုင် ငွေပန်းခိုင် နှစ်ခိုင်စီနဲ့ အချိုပွဲနှစ်ပွဲ တင်လေ့ရှိတယ် ဆရာမရဲ့…ယုန်ကင်နဲ့ ထန်းရည်ကို မင်းနှစ်ပါး အလွန်ကြိုက်တာဆိုတော့ ရှာပြီး တင်ကြတာပဲ"

မကြာခဏ မုန့်ဖြူ မုန့်နီကြော်ရင်း ပြောပြတာတွေကိုလည်း မပုန်းရည် သတိရသည်။ ရေးကတော့ တောင်ပြုံးရွာတွင် ရွှေဖျဉ်းကြီး ရွှေဖျဉ်းငယ်နန်းကလွဲလျှင် နန်းခုနစ်နန်းရှိခဲ့သည်။ အိမ်တွင်းမင်းမဟာဂီရိနန်း၊ အမေဆည်ကတော်နန်း၊ သခင်မ ခေဥနန်း၊ စာရေးတော်ကြီးနန်း၊ ဘူးခါးမောင်ရင်နန်း၊ ဒန်းမောင်ရင်နန်းနှင့် မန္တလေး ဘိုးတော်နန်းတို့ ဖြစ်သည်။ ဝါခေါင်ပွဲကြီး ရောက်ပြီဆိုသည်နှင့် နန်းအသီးသီးမှ နတ်အုပ်ကို မုန့်ဆီကြော်ဖြင့် ဖိတ်ကြရသည်။ ထိုအခါ နတ်အုပ်နှင့် သိုးဆောင်းမိဖုရား လေးပါးတို့က နန်းများသို့ အလှည့်ကျ သွားကြရသည်။

"ပထမဆုံး တောင်ပြုံးည ညီလာခံမှာ နတ်အုပ်ကစပြီး ကြက်ဆောင်းရ တယ်…ပြီးမှ နတ်နေကြီး နတ်ဝါကြီးတွေက လောင်းကြတာ ဆရာမရဲ့ ဝါခေါင်လဆန်း ၁၅ ရက်ကျတော့ ထိန်ခုတ်ပွဲလုပ်တယ်…ဝါခေါင်လပြည့် ညကျော်ကျတော့ တောင်ပြုံးနန်းမှာ ပခန်းမင်းပို့ပွဲ လုပ်ကြပြန်ရော…

www.burmeseclassic.com

www.burmeseclassic.com



မပုန်းရည်ကတော့ အုတ်နှစ်ချပ် လပ်နေသည့် ဆုတောင်းပြည့်ဘုရားကို ...ုးရင်း ဘုရားပွဲလာ နတ်ပွဲလာတို့ ကျိတ်ကျိတ်တိုး စည်ကားတာကို အံ့သြမိသည်။ ...မြန်မာတစ်ပြည်လုံးက ယုံကြည်သူတို့ အဆက်အသ ရောက်ကြသည့်ပွဲဖြစ်သည်။ ...ါခေါင်လဆန်း ၁၁ ရက် ချိုးရေတော်သုံးပွဲ၊ ဝါခေါင်လဆန်း ၁၄ ရက် ယုန်ထိုးပွဲ၊ ...ါခေါင်လဆန်း ၁၅ ရက်နေ့ ထိန်ခုတ်ပွဲ။ ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့မှာတော့ ...ရွှေဘုံဆင်းပြီ။ နတ်ပွဲရက်တစ်လျှောက်လုံး စုံအောင်စေ့အောင်တော့ မရောက်ဖူးပါ။ ...ပွဲတော်ရက်အတွင်း တစ်ရက်မှာတော့ မဖြစ်မနေ ရောက်အောင်လာလေ့ရှိသည်။ ...နတ်ရေကန်ရှာလှည်းတွေနှင့် လာရတာဆိုတော့ ပျော်စရာကောင်းပါ၏။ ရထားကတော့ ...ပုန်းရည် မတိုးနိုင်။ သည်ရက်ထဲ ကူသယ်ခေါက်သယ် လွန်းပျံကူးနေသော ရထားသည် ...လူပအေသာပင်သီးနေတော့သည်။ ပြီးခဲ့သည့်နတ်ပွဲရက်တွေထဲ တစ်ရက်ရောက်ခဲ့ရသေး ...သည်။ လိုက်ပို့သည့်လှည်းက ကိုကြာစွယ်လှည်း။ မပုန်းရည်၊ မကြာဥ၊ ကြာဖြူတို့ ...သီအစ်မတစ်တွေသာ ပါလို့ လှူရင်းတွေချည်း သွားရသည့်ခရီးဖြစ်သည်။

"ကိုကြာစွယ်...တောင်ပြုံးနတ်နန်းနဲ့ပတ်သက်တဲ့သီချင်းတွေ ဘာတွေ မ... ဘူးလား"

"မရပေါင်ဗျာ...ကျုပ်က မဆိုတတ်ဘူးရယ်..."

"ရွှေဖျဉ်းကြီး ရွှေဖျဉ်းလေး ဇာတ်လမ်းတော့ သိမှာပေါ့"

"ခပ်ဝါးဝါးရယ်...ဟိုလူပြော သည်လူပြောလောက် သိတာပါ...ဘယ်လို ဆိုလား..."

"ယုန်ထိုးတယ်တို့ ထိန်ခုတ်တယ်တို့ ဆိုတာတော့ သိရမှာပေါ့ရှင်— ကိုယ့်နယ် ကိုယ့်နတ်ဟာကို..."

"ကျုပ်တို့မမွေးခင် ဟိုးပဝေဏသီကတည်းက ဖြစ်ခဲ့တာတွေ...ကျုပ်က ဘယ့်နယ်လုပ် သိပ့်မတုံး ဆရာမရဲ့..."

ကိုကြာစွယ်နောက်နား ကပ်ထိုင်နေသည့် မကြာဥက သူ့မောင်ကျောကုန်းကို ...ဘုန်းခနဲ ထုလေသည်။ ဒါလေးတောင် မသိရကောင်းလား ဆိုသည့်သဘောဖြစ်၏။

"မမွေးခင်က အဖြစ်အပျက်မို့ သိချင်လို့ မေးတာပေါ့ဟဲ့ ငအူရဲ့...မင်း နှစ်ပါးက ယုန်ကင်ကြိုက်လို့ ယုန်ဖို ယုန်မကို ထန်းရည်ခါးနဲ့ ဆက်ရ တာလေဟယ်...အမရပူရဘက်က ဆက်ရတာလို့ ပြောတယ်ဆရာမ— ယုန်လာဆက်ကြရင် ယုန်စာဆိုပြီး ငှက်ပျောဖီး အဖီးလေး,ငါးဆယ်လောက် နန်းထိန်း တွေက ပေးရတယ်"



"မကြာဥက သိလိုက်တာ...ကိုကြာစွယ်တို့များ သိလိုက်ရတယ် မရှိဘူး"

"တစ်ခါက မင်းနှစ်ပါးက သူတို့မယ်တော်ကို ပုပ္ပားတောင် ပြန်လိုက်ပို့ကြ တော့ လမ်းမှာ အဘိုးကြီးတစ်ယောက်က ယုန်ကင်နဲ့ ထန်းရည်ခါးနဲ့ ဧည့်ခံတာကိုး...သည်တော့မှ မင်းနှစ်ပါးက ကျုပ်တို့က မင်းသားတွေ၊ ပွဲတော်ရက်ကျရင် ကျုပ်တို့ရွာလာပြီး ပျော်လှည့်လို့ ဖိတ်တယ်...အဘိုးကြီး ရဲ့အမျိုးတွေက နှစ်စဉ် လာဆက်ကြတာ ဆရာမ..."

"ကဲ...ကိုကြာစွယ်က ထိန်ခုတ်တဲ့အကြောင်း ပြောပါဦး..."

"ထိန်ပင်ကို ခုတ်တာပေါ့ဗျာ...ဘာရှိလိမ့်မတုံး..."

မကြာဥက သူ့မောင်ကျောကို ထုပြန်လို့ မပုန်းရည် ရယ်ရသည်။ သည်ရွာ သည်နယ်မှာ သည်လိုဇာတ်လမ်းတွေ ရှိတာကိုက အကြောင်းမဲ့တော့ မဟုတ်နိုင်။ သည်လို ယုံကြည်မှု၊ ဆည်းကပ်မှုတွေကို မပုန်းရည် နားလည်ပါ၏။ ဝေဝါးလှသော ...ဖွာရီဆိုသော်လည်း ယုံကြည်သူတွေအတွက်တော့ မနေ့တစ်နေ့က အကြောင်းအရာ ...ဆွလို လတ်ဆတ်နေဆဲဖြစ်သည်။ မပုန်းရည်သိသလောက် သည်နယ်တစ်ဝိုက်က ...ရွာနာမည်တွေကိုက မင်းညီနောင်ဇာတ်လမ်းနှင့် ဆက်စပ်နေသည်။ တောင်ပြုံးကြီး၊ တောင်ပြုံးလေး၊ လွန်တောင်း၊ ဝါးရင်းတုတ်၊ သူရဲတပ်၊ မုံရွေး၊ ကပိုင်၊ သလွန်ဖြူ ...ရက်ကန်၊ ကျုံးရွာ၊ ကဘဲ့၊ ပေါက်တော၊ ရွှေကျောင်း၊ ပြီးတော့ နတ်ရေကန်...။ သည်ရွာမှာ အနေကြာလာတော့လည်း သည်အငွေ့အသက်တွေက မပုန်းရည်ကို ...ကူးခဲ့ကြပြီ။

နတ်ရေကန်မှာ မပုန်းရည် ပျော်ရသည့်ရက်တွေက မိုးဦးကျ စပါးတွေ ...ချိန်၊ နတ်ချိန်၊ စိုက်ချိန်ဖြစ်သည်။ ချောင်းရေ အားကိုးဖြင့် စိုက်ရသော လယ်တွေ ...ဆိုတော့ ရေဓာတ် အမြဲရှိသည်။ အမြဲတမ်း စိမ်းစိုသောအရပ်၊ ထ(ဝ)ရ စိမ်းလန်းသော ...ဒေသမို့ အညာနေပူထဲမှာ တစ်မျိုးလှနေတတ်သည်။ ရွှံ့ရည်တစိုစို လယ်ကြား ...ကန်သင်းပေါင်တွေပေါ်က ခြေကုပ်ပြီးလျှောက်ရင်း ခြေချော်ပြီး လယ်ကွင်းရေစပ်စပ်ထဲ ...ပုန်းရည် လဲကျဖူးသည်။ တစ်ကိုယ်လုံး ရွှံ့ရည်အလူးလူး။ မပုန်းရည်က ကလေး ...တစ်ယောက်လို ကန်သင်းခုံပေါ် ထိုင်ရယ်နေမိသည်။ ကလေးတွေက တဟားဟား။ ...ဆရာမ လယ်ကွင်းထဲ လဲလို့ဆိုတော့ ရွာကပါ ဝိုင်းရယ်ကြပြန်သည်။ ကောက်ရိတ်သိမ်း ...ချိန်တွေမှာတော့ စာသင်ကျောင်းကလေးမှာ လူပါးပြီ။ လယ်ထဲ ကိုင်းထဲ အိမ်ရှိလူကုန် ...ဆင်းကြရချိန်ဆိုတော့ ကလေးထိန်းဖော်ရရ၊ ထမင်းပို့ဖော်ရရ ကလေးတွေလည်း ...တစ်ထောင့်က ဝင်ကူကြရသည်။ ကျောင်းပျက်သည့်ကလေးတွေကို မပုန်းရည်ကလည်း ...နားလည်မှု ပေးရပါ၏။ ညကျောင်းကလေးမှာ ဖြည့်သင်ပေးရသည်။ ...

www.burmeseclassic.com

www.burmeseclassic.com



ထိုယ်တိုင်က ကျောင်းဆရာမလေး ဆိုသော်လည်း လယ်ကွင်းထဲက ကောက်ခင်းတေး တွေနှင့် ယဉ်ပါးနေခဲ့ပြီ။

'ရှင်နေမင်း ခုလိုမှ
တောင်သူကို မယူဘူးရယ်လို့
မိုးတိမ်တောင် ရင်မှာစုးစေတော့
ကျိန်ဖူးတယ်လေး...'

'နေဝင်စ
ပင်မကာ ရွှေချိုးဖြူ
လွမ်းတယ်လို့ကျူ၊
မကူပါနဲ့ ရွှေချိုးဖြူရယ်
မောင်လေးငယ် ခေါ်သံသေးတယ်
ချိုးသံနဲ့ တွေး...'

လယ်ကွင်းစိမ်းစိမ်းကြားမှာ မေတ္တာဖြူဖြူများအားဖြင့် နွေးထွေးသော နတ်ရေကန်ရွာကို မေ့ရက်နိုင်စရာမရှိ။ ပြီးတော့ ကြာခရမ်း လန်းလန်းလတ်လတ်တွေ...

"ဆရာမ ရောက်စတုန်းက ဖြူဖြူစင်စင်နဲ့...ကျွန်မတို့ရွာရောက်မှ တကယ်ကို ပုန်းရည်ကြီးရောင် ပေါက်လုပါပကော..."

"ဟုတ်ပ့ါရှင်...သနပ်ခါးထူထူ လိမ်းရတော့မှာပေါ့"

"ကြာစွယ် အသွေးခိုင်း ဆရာမရဲ့...ကြာစွယ်က ညတိုင်း သနပ်ခါးသွေး တာ...လှချင်ရက် စက်စက်ယို...ဒန်အိုးပေါက်ကို တုတ်နဲ့လှို..."

"အောင်မယ်...ကျုပ်သနပ်ခါးလူးတာ ခင်ဗျားတို့က ဘယ်ချောင်က ချောင်း ကြည့်လို့ပါလိမ့်"

အပျိုကြီးတွေက စ,ကြတိုင်း မပုန်းရည် ရယ်ရမြဲပင်။ သည်ရွာကလေးက လူလည်း လှုံခြုံသည်။ ဘဝလည်း လုံခြုံသည်။ ပျော်စရာလည်း ကောင်းသည် တစ်ခါတစ်ရံ ရောက်နေသည့် အရပ်ဒေသကိုပင် မေ့လဲလှသည်မထင်။ ဆွေမျိုးတွေထဲရောက်နေသလို ခံစားရမြဲဖြစ်၏။ သည်လိုနှင့်ပင် တစ်နှစ်က နှစ်နှစ်၊ နှစ်နှစ်က သုံးနှစ်၊ သုံးနှစ်က လေးနှစ်ထဲ ဝင်ခဲ့ပြီ။ မနေ့တစ်နေ့ကလိုပါပဲလား။ ဝန်ထမ်း ဆိုတော့လည်း တောင်ကုန်းနားက ယုန်ကလေးလို ခုန်၍ ခုန်၍ ပြေးရဦးမည်။

ဒါတွေ တွေးမိတိုင်း မပုန်းရည် သက်ပြင်းမျှင်းမျှင်း ချမိရသည်ချည်းပင်

(၂၆)

'ညချမ်းရယ် နေရီ...ခါတော်မီ ကေသီပန်းနှင့်...ရေခဝ်လစ်းမှာ စနေရယ် သင့်လို့...ထက်ဆင့်ရယ်နီရောင်...ချည်စိမ်းပေါင်နှင့်...ယဉ်အောင်တော့သူ... သနပ်ခါး ကွက်ပါးမှာ ကူလိုက်လို့...အပူကြီး ခန်းစုံငယ်...ဘယ်မြို့သူ သာချင် ဓာနှင့် ပြောကြတယ်လေး...'

နတ်ရေကန် တောတန်းကလေးမှာ နေဝင်တော့မည်။ နတ်ရေကန်ရွာကို မပုန်းရည် စရောက်လာသည့်နေ့က အိမ်ကြီးပေါ်မှ ဆီးမြင်ရသော ရွာရှုခင်းကို ငေးကြည့်ရင်း ဘယ်လိုရွာကလေးပါလိမ့် ဆိုသည့်အတွေး ရောက်ခဲ့ဖူးသည်။ ဘယ်လိုလူတွေနှင့် ထိတွေ့ရမှာပါလိမ့်၊ ဘယ်လိုကလေးတွေနှင့် ကြုံရမှာပါလိမ့်၊ ကိုယ့်ကိုရော ဘယ်လိုသဘောထားကြမှာပါလိမ့်...စသည်ဖြင့် စိတ်ကလေး ပူပန်မိခဲ့ရသည်။ တကယ် တမ်း ရွာကလေးထဲ ဘဝကို မြှုပ်နှံလိုက်တော့လည်း အခက်အခဲတချို့ ရှိခဲ့တာကလွဲလို့ အစစအရာရာ အဆင်ပြေခဲ့သည်ချည်းပင်။ အခက်အခဲဆိုတာက ကလေးတွေကို ကွင်းကြိုကွင်းကြား မှိုကောက်သလို ကောက်ခဲ့ရခြင်းသာဖြစ်၍ နောက်တော့လည်း သည်လို 'ကလေးသင်း'ကောက်ရတာကပင် အတွေ့အကြုံဖြစ်ခဲ့ရသည်။

ခုတော့လည်း မပုန်းရည်သည်ပင် နတ်ရေကန်ရွာသူတစ်ပိုင်း ဖြစ်ခဲ့ပြီ။ မွေးတာ ရန်ကုန်သူ ဖြူဖြူစင်စင်ဆိုသော်လည်း ကွင်းလေစိမ်းကြောင့် အသားအရေလေးလည်း ညိုရှင်ချင်။ သူတို့စားသလိုစား၊ သူတို့ပြောသလိုပြော၊ သူတို့နေသလိုနေတော့ ရောနှောသည် နတ်ရေကန်သူ ဖြစ်မှန်းမသိ ဖြစ်ခဲ့လေပြီ။ သနပ်ခါး ကွက်ပါးမှာ ကူလို့ပြီ။ ထဘီအဆင်

www.burmeseclassic.com

www.burmeseclassic.com



နီရောင် ချည်စိမ်းကလေး ပေါင်ရပြီ။ ကွင်းတစ်လျှောက် တစ်မျှော်တစ်ခေါ် စိုက်ခင်း စိုက်ခင်းကြားက ကန့်လန့်ဖြတ်သွားသော မီးရထား ပိုးနသန်ကောင်။ ရှာဦးစေတီ ရှာဦးကျောင်းနှင့် ရှာဦးဆရာတော်။ စပါးစိမ်းစိမ်း ကွင်းစိမ်းစိမ်း၊ နွေရောက်တော့ စပါးခင်ဝါဝါ ကွင်းဝါဝါ။ ရိတ်သိမ်းပြီးကြပြန်တော့ ရိုးပြတ်တောကို ဖြတ်တိုက်လာသော ကွင်းလေက အေးမြ မွှေးသင်းလှပါသည်။ မပုန်းရည်ရင်ထဲမှာ အစွဲလမ်းဆုံးကတော့ နတ်ရေကန်ကြီးဖြစ်သည်။ ရေကန်အဖြစ် စိမ်းလဲ့နက်ရှိုင်းသည့်အသွင် ဆောင်နေတာ လှပသလောက် သည်ရေကန်နှင့်ပတ်သက်လို့ ကြားရသည့် ဒဏ္ဍာရီတွေကလည်း ဆန်းသား။ မပုန်းရည် အချိန်အားကလေးရတိုင်း တပည့်ကလေးတွေ လက်ဆွဲ ကြာပွင့်တွေကို လာခေးတတ်ပါ၏။ လာခေးမိတိုင်း ရေစိမ်းစိမ်းမှာ ငွားငွားစွင့်စွင့် ပွင့်လန်းနေကြသော ကြာပန်းကလေးတွေဆီက စကားသံတွေ ကြားနေရသလိုလို။

သည်ရွာကလေးမှာ ကြုံခဲ့ရသမျှ ရွာသူရွာသား တစ်ယောက်ချင်းဆီက ဇာတ်လမ်းတစ်ပုဒ်စီ၊ ကလေးတစ်ဦးချင်းကလည်း ဇာတ်လမ်းတစ်ပုဒ်စီ။ တစ်ချိန်ချိန်မှာတော့ သည်ရွာ သည်အကြောင်းတွေကို ပြန်တွေးလိုက်တိုင်း လုံးချင်းဝတ္ထုရှည်ကြီး တစ်ပုဒ်လို လွမ်းမောဖွယ်ကောင်းနေပေရော့မည်။ စာရေး စာဖတ် ဝါသနာပါသော မပုန်းရည်အဖို့ရာ စိတ်ကူးထဲမှာ အောင်းထားတာမျိုး ရှိသလို၊ နေ့စဉ်မှတ် ဒိုင်ယာရီထဲမှာ ရေးမှတ်ထားတာတွေလည်း ရှိပါ၏။ သည်ဇာတ်လမ်းတွေထဲမှာ အဆေး လာဆုံရသော ကိုမျိုးသွင်လည်း ပါရလိမ့်မည်။ သည်လို တွေးမိတော့လည်း မပုန်းရည် စိတ်ကလေး တွေ့ရတော့သည်။ သည်လိုရွာကလေးမှာ သူမကို ချစ်စကားဆိုမည့်သူ ရှိရာအကြောင်း မမြင်သည့်ကြားက မထင်မှတ်ဘဲ ရေစက်ဆုံရသည့်အဖြစ် မဟုတ်လား။ အခုတော့လည်း မပုန်းရည်ရင်ထဲမှာ မြူတစ်မှုန်စာသော်မှ အညစ်အညူးမရှိ

“မပုန်းရည်ရယ်...မမစိန်တော့ မြို့နယ်ရုံးကနေ ဘုရင့်ခေတ်က နယ်နှင် စာချွန်တော် ပိုက်လာရသလို ဖြစ်ရပြီ...မပုန်းရည် ပြောင်းမိန့်ကျလာတယ်လို့ မြို့နယ်ပညာရေးမှူးက စာထုတ်ပေးရင်း ပြောလိုက်တော့ မမစိန် မျက်ရည်ဝိုင်းမိတယ်...ရွာအတွက်ရော မမစိန်အဖို့ပါ အားထားရသူ၊ အားကိုးရသူ တစ်ယောက်နဲ့ ခွဲခွာရပြီဆိုတဲ့အသိကြောင့်ပါ...မပုန်းရည်ဘက်က ကြည့်ပြန်တော့လည်း ဝမ်းသာမိပါရဲ့...နတ်ရေကန်မှာ မပုန်းရည် လေးနှစ်တောင် ရှိခဲ့ပြီပဲလေ...ပြောင်းရ ရွှေ့ရ ရှိရမှာပေါ့...ပြောင်းရတာချင်းအတူတူ မပုန်းရည်ရဲ့ ဇာတိရွာကျောင်းကို ပြောင်းခွင့်ရတာကိုတော့ ဝမ်းသာပါရဲ့— မပုန်းရည်ဘဝကို သိထားတော့ ပိုပြီး ကိုယ်ချင်းစာမိတယ်”



ပြောင်းမိန့်ကျလာသည့်စာကို ယူလာသည့်နေ့က မမစိန် ပြောခဲ့သည့်စကားတွေ။ သည်စကားတွေကြောင့် မပုန်းရည်ပင် မျက်ရည်ဝဲရပါ၏။ မမစိန်တို့ ဝါရင့်ကျောင်းဆရာမတစ်ဦးပီပီ သည်လိုရောက်လာလိုက်ကြ၊ ပြန်ထွက်သွားလိုက်ကြ ဆိုသည့်အတွေ့အကြုံတွေ ရလှပြီ။ မပုန်းရည်ကျတော့မှ မျက်ရည်ကျမိတယ်ဆိုတာ ကတော့ ရင်ထဲက လာသည့်စကားမှန်း မပုန်းရည် သိပါသည်။ နတ်ရေကန်က တစ်ယောက်ထွက်သွားတော့ နတ်ရေကန်ကို တစ်ယောက်ရောက်လာရတော့မည်။ ရောက်လာမည့်တစ်ယောက်က ဘယ်သူလဲဆိုတာထက် ထွက်သွားသူကိုတော့ မမစိန် အမှတ်ထင်ထင်ရှိမှာ သေချာပါသည်။ စာရောက်လာလာချင်း မမစိန်နှင့် မပုန်းရည်တို့နှစ်ယောက် မျိုသိပ်ထားကြဖို့၊ လောလောဆယ် သည်စကား ရွာထဲမရောက်ဖို့ တိုင်ပင်ထားကြရပါ၏။

“ရွာကို ချက်ချင်းပြောလို့မဖြစ်ဘူး မပုန်းရည်ရယ်...ရွာက တော်တော် စိတ်မကောင်းဖြစ်ကြမှာ မမစိန်သိတယ်...လုယက်ယူလို့ရတဲ့ ပစ္စည်းမျိုးဆိုရင် လုယက်ထားကြမယ့်လူတွေရယ်...မမစိန် အထူးစိတ်မကောင်းတာက ဆရာတော်ကြီးပဲ...ကြားရင် စိတ်ချမ်းသာရှာမှာ မဟုတ်ဘူး”

“ဟုတ်ပါရဲ့ မမစိန်ရယ်...ရွာကိုရောက်ပါပြီ ဆိုကတည်းက နေ့ခင်းစာ ကျွေးတော်မူရှာတာဆိုတော့ လေးနှစ်ရှိပြီကိုး...ကျွန်မဖြင့် ရွာကို ဘယ်လို ပြောရမှန်းတောင် မသိတော့ပါဘူး မမစိန်ရယ်...လေးပန်းဆီကိုပဲ စ,ဖွင့်ပြောရရင် ကောင်းမလား...”

“လေးပန်းဆီက ပိုဆိုးတော့မပေါ့...မပုန်းရည်ကို သိပ်ဂုဏ်လုပ်တာရယ်... တခြားရွာက လူကြီးချင်းတွေ့ရင် ကျုပ်တို့ရွာ နတ်မတာဗျ...ကျုပ်တို့ရွာက ကလေးတွေ အညှောက်ထွက်အောင် သင်ပေးတာကို ကျုပ်က ကျေးဇူးတင်လို့မဆုံးဘူး...မတ္တရာမြို့နယ်ပညာရေးမှူးတောင် ကျုပ်က ပြောထားတာဗျ...ဆရာကြီးတို့များ ဆရာမ မပုန်းရည်ကို ပြောင်းပစ်ရင် ရွာနဲ့လာပိုင်းမှာလို့ကို ပြောတာနော်...မမစိန်ကတော့ စာမေးပွဲမတိုင်ခင် ကြားရလတ်ကြီးဆိုတော့ လေးတန်းကလေးတွေ အရှိန်ပျက်မှာ စိုးတာပါပဲကွယ်”

မမစိန်က ပြောတော့လည်း မပုန်းရည် သက်ပြင်းကိုသာ ချမိရလေသည်။ စာမေးပွဲကြီးကလည်း နှစ်လလောက်ပဲ လိုတော့သည်။ နှစ်လဆိုတာကလည်း ကြာလိုက်စရာမရှိ။ နေမည်ဆိုလျှင် မပုန်းရည် နေနိုင်ပါ၏။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာတ နေရာလပ်နေရှာမည်။ ဘာပဲဖြစ်ဖြစ် မပုန်းရည် ပညာရေးမှူးရုံးသွားပြီး ညှိကြည့်ရင် ရတန်ကောင်းပါရဲ့။

နေလုံးက အနောက်ဘက်တောတန်းထဲ ရုတ်ခနဲ ဝင်သွားခဲ့ပြီ။ အမှောင်ရိပ် သည်ဝင် ပါးရာက ထူလာခဲ့သည်။ ဖြုတ်မောင်း၊ ခြင်မောင်း၊ နမိုးခိုးအူအူတွေ လူး လာကြပြီ။ ရွာနံ့တွေ ထောင်းခနဲ ထလာသည်နှင့်ပင် တူပါ၏။ ပုစဉ်းရင်ကွဲတွေ တကျီကျီ အော်ကြပြီ။ ဒါကတော့ ရွာသံရပ်သံတွေ များလား။ ဆည်တော်ချောင်းဘေး ခပ်ကြသူ အပျိုတွေကို အမှောင်ပါးပါးထဲမှာ ရိုးရိုးရိပ်ရိပ် မြင်နေရသေးသည်။

'ညချမ်းရယ် နေရီ…ခါတော်မီ ကေသီပန်းနှင့်…ရေခပ်လမ်းမှာ စခန်းရှည် သင့်လို့…'

သူတို့တစ်တွေကတော့ နတ်ရေကန်မှာမွေး၊ နတ်ရေကန်ရွာမှာပဲ ဘဝဆုံး သပ်ကြမည့်သူတွေ…။ ရွာအပျိုတို့ သည်ရွာကလေးမှာပဲ အိမ်ထောင်ရက်သား ကျကြ တာ သည်ရွာကလေးမှာ သားတွဲလောင်း သမီးတွဲလောင်း ရှိကြရှာမည်။ သည်ရွာ မှာပဲ ကောက်စိုက် ပျိုးနုတ် နေဝင်မိုးချုပ် အလုပ်နှင့်လက်နှင့်မလည် ရှိကြရှာမည်။ တလေးတွေ ကြီးလာတော့လည်း ရွာကျောင်းကို ပို့ကြရမှာပေါ့။ နတ်ရေကန်ရွာ ကျောင်းစိတ်သွင်းပေးနိုင်ခဲ့တာကို မပုန်းရည် ဝမ်းသာရပါ၏။ ဂုဏ်ယူရပါ၏။ ခလေး တလေးတွေ ပွင့်တော့မည် ဖူးတံဝင့်လို့ရှိ နေခြည်မှာ ရွှေရည်လောင်း ငါတို့စာသင် ကျောင်းကလေးမှာ ခေါင်းလောင်းသံ ချိုခဲ့ပြီ။

"သည်ရေကန်က ဓာတ်လမ်းရှိတယ် ဆရာမရဲ့…ကျွန်မတို့တောင် မှောင်ရင် မလာကြတာများတယ်…သည်ကန်က ကြာပန်းများ ရိုးပန်မိရင် နတ်ရေကန် သားနဲ့ အိမ်ထောင်ကျတတ်တယ်…ဆရာမ ပန်ဖြစ်အောင် မနက်ကျရင် ကြာပန်းချိုးပြီး လာပို့ရဦးမယ်…"

မပုန်းရည် ရောက်စက ကြာပန်းဆင်းခူးဖို့ပြင်တုန်း မလှအုန်းမယ် ပြောခဲ့သည့် စကားကို ဖျတ်ခနဲ သတိရလိုက်သည်။ ရွာက ချစ်တော့လည်း ရွာမှာ အခြေတကျ ရှိစေချင်လို့ ပြောလိုက်သည့်စကားပင်။ နတ်ရေကန်သားနှင့် ညားတာ မညားတာထား ကြာခရမ်းတွေကို ကြိုက်လွန်းလို့ ထော်ထော်ကြီး ပန်ခဲ့ရတာတွေ များခဲ့ပြီ။ အခုတော့ လည်း သည်ရွာကို စွန့်ခွာဖို့ ဖြစ်လာပြီ။ နတ်ရေကန်နှင့် ကြာပန်းရောင်စုံတွေ ဆုံးရာ ဇာတိရွာကို ပြန်ဖို့ဖြစ်လာခဲ့ပြီ။ မပုန်းရည်လည်း ပြတင်းဝက ခွာကာ အိမ်ခြေ ကိုဖြတ်ပြီး အောက်ထပ်ကို လှမ်းကြည့်လိုက်သည်။ ကိုကြာစွယ် တင်းကုပ်ထဲမှာ မီးရောင်တွေ လင်းလို့။ တောသား လူရိုးကြီး ကိုကြာစွယ်ကိုလည်း လွမ်းမိသား





*'အေးကောင်းဖို့ရွယ် သူငယ်ချင်းတို့…လယ်တော်တွင်းက များတစ်တွေ ကိုယ်စီက,လို့ လှစရာ၊ တို့မျက်နှာမှာ နံ့သာပျောက်လို့…ဖျည်းစာခေါင်ကို အိုင်အိုင်အေးအောင်…သွေးကြပအေ…။*

*ပန်းထိမ်လက်ခ မပေးရ…ထန်းပင်ကြီးက ဖြစ်သည့်ရွှေကို…ရွှေပန်းကုံးတွေ သွယ်ဘယက်နှင့် ပေရွက်လိပ်ကြီး နားတောင်းဆင်…ယဉ်နိုင်အောင် ယဉ်လိုက်ချည့်…အောင်ပင်လယ် ရွာမရိုင်း တိုင်းရွှေပြည့်လက်နား…။*

*လေးရာနှစ်ဆယ် အနံ့ငယ်ထဘီနှင့်…ဖျင်အင်္ကျီ သစ်ခေါက်ဆိုးမို့…ချုပ်ရိုး တွေ သီတစ်တန်းမှာ သန်းကိုက်လို့ မယား…။*

*ကျွဲခတ်သည့်ဟန်…ချဖျာဆံနံ့ပါးရိုက်ကို ခါလိုက်ချည့် တို့အရှိုမှာ… ယဉ်နဝိုမှုကြစို့…မရိုးပြုဆံခွေထုံးမှာ…ကုံးပန်လို့ ဖြား ဖြား…'*

လမင်းက ထိန်ထိန်သာလျက်ရှိပါ၏။ ဘေးမှာ တရှုးရှုးအိပ်မောကျနေသည့် ကြာဥကို ကြည့်ရင်း မပုန်းရည် သနားနေမိသည်။ မပုန်းရည်ကတော့ အိပ်မပျော်ပါ။ ဘယ်ဆီကို လွမ်းသလိုလို၊ ညာဆီကို လွမ်းသလိုလို။ ရင်ထဲမှာ မကောင်းလှသလို နင့်နင့်ကြီး ဆူးနေခဲ့သည်။ မပုန်းရည် ပြောင်းရတော့မည် ဆိုသည့်သတင်းကို ကြာကြာ ဖုံးထားဖို့ မဖြစ်နိုင်။ ဟိုရွာ သည်ရွာတွေမှာ ဆရာမတွေ ရှိနေတာဆိုတော့ နတ်ရေကန် ရွာက ဆရာမကလေး ပြောင်းရတော့မှာတဲ့ ဆိုသည့်သတင်းက မနက်မိုးလင်းတာနှင့် ရွာထဲကို ရောက်လာနိုင်သည်။ ရွာက မတ္တရာရထားနှင့် လိုက်ကြသူတွေရှိတော့ ရထားလမ်းဘေးတစ်လျှောက်က စာသင်ကျောင်းကလေးတွေမှာ တာဝန်ကျနေကြသည့် ဆရာ၊ ဆရာမတွေဆီက တစ်ဆင့်စကား တစ်ဆင့်နားနှင့် ကြားလာနိုင်ကြတာပဲ ဟုတ်လား။ တစ်ယောက်ယောက်က သိလာတာနှင့် သည်သတင်းက တောမီးလို ကူးစက်နိုင်ပါ၏။ မပုန်းရည်ကလည်း ဖုံးဖိမထားချင်တော့။ လေးပန်းဆီကိုတော့ ပြောရတော့မည်။ ဆရာတော်ကြီးကိုတော့ လျှောက်ရတော့မည်။ အိမ်ရှင် ဘိုးကြီး ဘွားကြီး ကျေးဇူးရှင်တွေကိုတော့ ဖွင့်ဟရတော့မည်။ မပုန်းရည် ဘယ်လိုပြောရပါ့။ မပုန်းရည်နှုတ်က ဖွင့်ပြောပြီဆိုလျှင် သေချာပြီ။ သည်ရွာကလေးမှာ မပုန်းရည်ကို နောက်ထပ်မြင်ရစရာ မရှိတော့ဘူးဆိုတာသိလျှင် စိတ်မကောင်းဖြစ်ကြမှာ သေချာ သည်။

မပုန်းရည် အိပ်ရာက အသာထလာခဲ့ကာ ပြတင်းဝဆီက မြင်ရသော သချောင်းဆမ်း လယ်ကွင်းပြင်ကို ငေးနေမိသည်။ ရွာမှာ အစိုက်လေ့ရှည် ညှော်မှော် နံ့အီအီက လေသင့်ရာ မွှေးလွှန်းလှပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာကောင်းတဲ့ ရွာကလေးရွေ…နေရစ်ခဲ့ပါတော့။ နောင် ဘယ်ဆီ ဘယ်အခါများမှ တစ်ခေါက်ရောက်ရပါ့မလဲ…။

သည်လိုတွေးမိတော့လည်း မပုန်းရည်မှာ မျက်ရည်ဝိုင်းရပြန်ပါသည်။ ရွာကလေးမှာ ချမ်းသာသူတွေ မများလှပါ။ ညနေတိုင်လျှင် တစ်အိမ်တက်ဆင်း ထမင်းလိုက်စားရတော့မှ ရွာအခြေအနေကို မပုန်းရည် နီးနီးကပ်ကပ် နားလည်ခွင့်ရခဲ့သည်။ ဆရာမလေးတစ်ယောက်စာ ထမင်းတစ်နပ်ကို သူတို့ ကောင်းကောင်းမွန်မွန် တည်တည်ခင်းခင်း ကျွေးနိုင်ကြသော်လည်း ထိုထမင်းတစ်နပ်အတွက် ကသီလင်တနိုင်ရှာရသူတွေ ရှိပါ၏။ မပုန်းရည်အတွက် တည်းအိမ်ရှင်တွေက ပြည့်စုံအောင် စီမံထားခဲ့သော်လည်း စေတနာထမင်း၊ စေတနာဟင်းတွေကို မပုန်းရည် ငြင်းပယ်လို့ မရနိုင်။ ကျုပ်တို့ဆင်းရဲလို့ မစားတာလား မဖြစ်စေချင်။ မန္တလေးနှင့် မဝေးလှသော်လည်း တောရွာကောင်သားများဘဝကတော့ ဘယ်အရပ် ဘယ်ဒေသမှာပဲဖြစ်ဖြစ် မြေနှင်မခြား ရှိကြရသူတွေ။ လယ်ရှိသူတွေက လယ်ယာသည် စီးပွားရေး။ ဘဲရှိသူတွေက ဘဲအုပ်သည် စီးပွားရေး။ ကျန်တာက ထိုလယ်ယာ ထိုဘဲတစ်အုပ်တစ်မကို မှီကာ မနက်မိုး ညမိုး အလျဉ်မီအောင် ကျင်းယက် ရှာစားကြရသူတွေ များသည်။

တချို့က မန္တလေး–မတ္တရာ ရထားကြီးကို အမှီပြုလျက် မြို့နှင့် ခေါက်တုံ့လုံးလား။ မနက်ရထားနှင့်လိုက် ညနေရထားနှင့်ပြန်လာ။ မှောင်မှ စမ်းစမ်း စမ်းစမ်းနှင့် ချက်ပြုတ်စားသောက် ရှိကြရသူတွေ။ ရေးက လယ်သီချင်းတွေထဲမှာတော့ မျက်နှာနှံ့သာမကပ်နိုင်လို့ လှည်းစာခေါက် သွေးလိမ်းကြရသတဲ့။ ထန်းပင်ကြီးဖြစ်သည့်ရွှေဆိုတာက ထန်းရွက်၊ ထန်းလက်ကလေးများဖြင့် ပုတီးစေ့ သီခွဲရသော ထန်းရွက်ပုတီးကို ဆိုလိုတာများလား။ ဆူးပန်းကုံး ဆူးပန်းခွေလို ဘယက်လည်ဆင်ကြရသတဲ့။ ပေရွက်ကို လိပ်ပြီး နားပန်ကြရသတဲ့။ အနံ့တိုထဘီနှင့် ဖျင်သစ်ခေါင်းဆိုး ဝတ်ကြရသတဲ့။ မရိုးပန်းဖြူဖြူကို အပျိုတွေ ပန်ကြရင်း ဘယ်ညာစုံ ဗျာပါဆင်ပါးရိုက်နှင့် ကာလသားကြိုက်အောင် နေကြရသတဲ့။ နတ်ရေကန်ကတော ဘာထူးလို့လဲ။ လယ်သီချင်းထဲက ဘဝမျိုးတွေ တွေ့ရသည်ကော။ သို့သော် ရိုးသားကြသည်။ ရွာစိတ်ရပ်စိတ် ကြီးကြသည်။ အချင်းချင်း စောင့်ရှောက်ကြသည်။ မရှိသူနှင့် ရှိသူကြားမှာ ခြားထားသည့်စည်း မရှိ။ ဘဝကို နေပျော်ကြသည်။ အလှူအတန်း မပျက်၊ ဥပုသ်သီတင်း မပျက်၊ ရေစက်ခွက် မခြောက်သည့်ရွာ ဖြစ်သည်။ ထို့ကြောင့်ပင် မပုန်းရည် ထမင်းတစ်လုတ် ဖြောင့်ဖြောင့်စင်းစင်း စားဝံ့ခဲ့ခြင်း ဖြစ်ပါ၏။



"ဆရာမ…မအိပ်သေးဘူးလား…ကျွန်မတောင် အိပ်ပျော်သွားတယ်…ဗိုက်ဆာလို့လား ဆရာမ…ထမင်းတွေ ဟင်းတွေရှိတယ်…ကျွန်မ ခူးလိုက်မယ်လေ…"

မကြာဥက ဖျတ်ခနဲ နိုးခဲ့ပုံရသည်။ ပြတင်းဝမှာ ရပ်နေသည့် မပုန်းရည်ကို လှမ်းမေးခြင်းဖြစ်၏။ မပုန်းရည်က အိပ်ရာဘက် ပြန်လာသော်လည်း မလှဲသေးဘဲ အသာအယာ ထိုင်လိုက်သည်။ လရောင်က ဖွေးဖွေးကလေး ကျနေသဖြင့် အလင်းနည်းနည်း ရှိနေပါ၏။ မကြာဥက မပုန်းရည်ထိုင်သလို ထိုင်လိုက်ပြီး မပုန်းရည်ကို ကြည့်နေသည်။ ရိုးသလောက် စင်းရှာသူ မကြာဥကို မပုန်းရည် သနားချစ် ချစ်ရသည်။ မပုန်းရည် ပြောင်းသွားလျှင် ခမျာ အဖော်မဲ့ရှာရော့မည်။ အားငယ်ရှာရော့မည်။

"မဆာပါဘူး မမလေးရယ်… ကျွန်မ အိပ်မပျော်လို့ပါ… အဘိုးလေးကို ကျွန်မ သတိရနေမိတယ်…အဘိုးလေးခမျာ အသက်ကြီးရှာပြီလေ…ပြီးတော့ လယ်တောထဲမှာ တစ်ယောက်တည်း နေရတာဆိုတော့ စိတ်မဖြောင့်နိုင်ဘူး…အဘိုးလေးကလည်း ကျွန်မအတွက် စိတ်ဖြောင့်ရှာမှာ မဟုတ်ဘူးလေ…လူအိုလူမင်းဘဝဆိုတော့ အနားမှာ ပြုစုပေးကူမယ့်သူ မျှော်ရှာရော့မယ်…"

မပုန်းရည်က ကျောင်းပြောင်းကိစ္စ တိုက်ရိုက်ကြီး မပြောရက်သဖြင့် စကားသမ်းကြောင်း ခင်းနေရသည်။ တကယ်လည်း အဘိုးလေးအနားမှာ နေချင်လှပြီ။ မောင်းကုန်းကျောင်းမှာ Posting ကျပြီဆိုတာ မောင်းကုန်းရွာကျောင်းမှာ သတင်းဖြစ်ရော့မည်။ အဘိုးလေး ဘယ်လောက်များ ဝမ်းသာရှာမလဲ။ မပုန်းရည်ကို လည်ဘဆန့်ဆန့် မျှော်နေလောက်ပြီ။ မပုန်းရည်ကလည်း ထိပ်ဆုံးက ဦးစားပေး ရွေးချယ်လိုက်သော ကိုယ့်ဇာတိ မောင်းကုန်းရွာကလေးကို တာဝန်ပြောင်းကျတာကို ဘာထူးလေခြင်းလို့ အောက်မေ့သည်။ ဆန္ဒနှင့် တစ်ထပ်တည်းကျသော ကံကောင်းမှုပင်။ ရွာကလေးတစ်ရွာဆီက အခြားရွာကလေးတစ်ရွာဆီ ပြောင်းရွှေ့ရမည့် တောကျောင်းဆရာမကလေးဘဝကို မပုန်းရည်ကိုယ်တိုင်ကလည်း ခုံမင်ပါသည်လေ။

"ဟုတ်ပါရဲ့နော်…ဘာပဲပြောပြော ကျွန်မတို့ကမှ မိအိုဖအိုနဲ့ အတူနေသေးတယ်…ပြုစုခွင့်ရသေးတယ်…ဆရာမက မိဝေးဖဝေး…တိုယ်ချင်းစာပါရဲ့ ဆရာမရယ်…ဆရာမ အဘိုးလေးကို သည်ရွာ ခေါ်ထားပါလား ဆရာမရဲ့…ကျွန်မတို့ ကျွေးထားမှာပေါ့"

"အဘိုးလေးက သူ့လယ်တောက ခွာမယ့်သူ မဟုတ်ဘူး မမလေးရဲ့—"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှာပဲ…လူကြီးတွေက အသက်ကြီးလာလေ ရွာကို ခုံမင်လေပဲ… အဖေတို့ အမေတို့ ကြည့်ပါလား…တစ်ရွာကို ညအိပ်ညဉ့်နေ ဘယ်တော့မှ မသွားဘူး…ကိုယ့်ရွာကိုယ် 'မသေရမှာစိုးလို့'တဲ့…ဆရာမကော ပြောင်းတာ ရွှေ့တာ လျှောက်လို့မရဘူးလား"

"ရပါတယ်…ကျွန်မလျှောက်ထားတယ်…ပညာရေးရုံးက ပြောင်းမိန့်ကျလာရင်တော့ တာဝန်ပေးရာ နေရာကို ပြောင်းရမှာပေါ့ရှင်…"

"အို…ကိုယ့်ရွာကိုယ် ပြောင်းရမှာဖြင့် ပြောင်းသာပြောင်း ဆရာမ…ကျွန်မဖြင့် ဆရာမကို ပြောင်းစေချင်ပါ့…ဆရာမကို မခင်လို့ပြောတာ မှတ်မှားရယ် ဆရာမကို သနားလို့ပါ"

မကြာဥက သည်လိုပြောတော့ မပုန်းရည်မှာ စိတ်အေးရပါ၏။ မပုန်းရည် ကတောင်းကို တစ်ထစ်တင်ကြည့်လိုက်သည်။

"မမလေးရယ်…ကျွန်မ မှန်တာပြောရရင် ပြောင်းမိန့်ကျပြီ…နတ်ရေကန်ကို သံယောဇဉ်ရှိပေမယ့် အမှုထမ်းဆိုတော့ တာဝန်ကျရာ သွားရမှာပါ"

"ယောတော်…ဘယ်တော့တုံး ဆရာမရဲ့…ဒါဆို ဆရာမ ပြောင်းရတော့မှာပေါ့…ဟုတ်ကဲ့လား ဆရာမရယ်…ကျွန်မဖြင့် ဆရာမစကား ကြားရတာ နွေခေါင်ခေါင် မိုးကြိုးပစ်လိုက်သလား အောက်မေ့မိတယ်…ဆရာမ မရှိရင် ကျွန်မတို့တော့ ဒုက္ခပဲ…ရွာက ကလေးတွေ အားငယ်ကြတော့မှာပဲ"

မကြာဥက ကောင်းချည်ကောင်းလျက်က နဖူးတွေ့ဒူးတွေ့ တွေ့ပြီဆိုတော့ ရင်လှိုက်ရင်မော ပြောနေခြင်းဖြစ်သည်။ မတတ်နိုင်တော့။ မပုန်းရည် ပြောမိခဲ့ပြီ။ မကြာဥဆီက အသံထွက်မလာတော့။ မကြာဥ ငိုနေတာလား။ မပုန်းရည် မရှိတော့ရင် နတ်ရေကန်ရွာ၏ ရှေ့ရေးကို တွေးနေတာလား။ ခဏငြိမ်ပြီးတော့ မကြာဥက မှန်အိမ်ထွန်းသည်။ မှန်အိမ်မီးရောင်ကလေး လင်းလာတော့ ညှိုးငယ်နေသည့် မျက်နှာကို မပုန်းရည် မြင်နေရပါ၏။ ထိုစဉ်မှာပင် အိမ်အောက်ထပ် ခြေဆေးအိုးဆီက ရေလောင်းသံ ကြားလိုက်ရသည်။ ကိုကြာစွယ် လည်ရာက ပြန်လာပုံရသည်။ မကြာဥ ချက်ချင်းပင် တစ်ရွာလုံးကို လိုက်နှိုးပြီး ပြောတော့မလို ရှိနေရှာလေ၏။

"ကြာစွယ်များသိရင် စိတ်ကောင်းမှာမဟုတ်ဘူး ဆရာမရယ်…ကြာစွယ် မဟုတ်ပါဘူးလေ…တစ်ရွာလုံးပါပဲ ဆရာမရယ်…ကျွန်မဖြင့် ဘယ်လို အားငယ်သွားမှန်း မသိဘူး"



"ကျွန်မလည်း မပြောသေးဘူးလို့ပါပဲ မမလေးရယ်…ဒါက ကြာရှာပဲလေ… ဘာပဲဖြစ်ဖြစ် ဘိုးကြီး ဘွားကြီးတို့ မမလေးတို့ ကျေးဇူးတရားကိုတော့ ကျွန်မ ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူးရှင်"

မှန်အိမ် မီးရောင်အောက်မှာ မကြာဥ၏ မျက်ဝန်းတွေ စိုစွတ်နေရှာပါ၏။ မကြာဥငိုတာ မြင်တော့ မပုန်းရည်လည်း မျက်ရည်ကျချင်ချင်…။ အောက်ထပ် ကိုကြာစွယ့် တင်းကုပ်ဆီက သီချင်းညည်းသံ ကြားနေရတော့ ပိုလို့ပင် ကြေကွဲစရာကောင်းနေလေသည်။

၁

သည်ကနေ့တော့ ဦးဦးဖျားဖျား ဆရာတော်ကြီးကို အကျိုးအကြောင်း လျှောက်တင်ဖို့ ဘုန်းကြီးကျောင်းကို စောစောသွားမည် စိတ်ကူးထားသည်။ ကျောင်းပိတ်ရက်မဟုတ်သဖြင့် ကျောင်းကိုတော့ အဝင်ပြုရပါ၏။ ညက အိပ်ရေးပျက်ထားသဖြင့် မနက်နိုးတော့ လင်းလှပြီ။ ကမန်းကတန်း ရေဆင်းချိုးတော့ ချိုးရေအိုးမှာ လာလော လတ်လတ် ဖြည့်ထားသောရေက အိုးပြည့်အင်ပြည့်။ မနက်စောစောဆိုလျှင် ချောင်းရေက နွေးနေတတ်သည်။ မပုန်းရည် အိပ်ရာအနိုး ရေနွေးနွေးချိုးနိုင်ရန် ကိုကြာစွယ် ထမ်းဖြည့်ထားတာပဲ ဖြစ်ရမည်။ လူကိုတော့ အရိပ်အယောင်ပင် မတွေ့ရ။ မပုန်းရည် ကျောင်းဝတ်စုံကလေး လဲဝတ်ကာ ကျောင်းကို ထွက်လာချိန်အထိတော့ သည်သတင်းအတွက် လှုပ်လှုပ်ရှားရှားမရှိ။ မကြာဥကတော့ စောစောနိုးနှင့်သူပီပီ ဘိုးကြီး ဘွားကြီးတို့ကို ပြောပြီးလောက်ပြီ။ ကိုကြာစွယ်တော့ သိလေသလား၊ မသိလေသလား မပြောတတ်ပါ။ သည်အချိန်ဆို လယ်ထဲ ဆင်းလောက်ရောက်ပေါ့။ ကျောင်းကို ရောက်လာတော့ ပြေလွှားဆော့ကစားနေကြသော ကလေးတွေကို ကြည့်ရင်း မပုန်းရည် ဝမ်းနည်းမိသည်။ သူတို့ကလေးတွေနှင့် ခွဲရတော့မှာပါလား။ ကလေးသုံးယောက် ပြေးလာကြတာ မပုန်းရည်ကို ကြိုကြိုပြန်တော့လည်း စိတ်မကောင်းဖြစ်ရပါ၏။ မမစိန်တော့ ရောက်နေပါပြီ။

နတ်ရေကန်ကျောင်းကလေး…။

မပုန်းရည် ရောက်စတုန်းက လူးလူးလွန့်လွန့် မရှိခဲ့သည့် ကျောင်းကလေး စိုစိုလန်းလန်း မရှိခဲ့သည့် ရွာကျောင်းကလေး။ ခုတော့ သစ်ပင်ပန်းပင်တွေ ဝေဆာလှသည်။ မပုန်းရည် ရောက်စက စိုက်ထားခဲ့သော ကျောင်းဝင်းတံခါးပေါက်က စကျွန်း ချိုးပင် ပင်စည်တုတ်မိုင်လှစွာဖြင့် စင်အကူမပါဘဲ အုပ်ဆိုင်းနေပြီ။ ခြံစည်းရိုး ဘောင့်တောင်၊ အုတ်ကျိုးစီလမ်းကလေးနှင့် အလံတိုင် မိုးမိုးမတ်မတ်က သင်သင်ရှင်ရှင်

www.burmeseclassic.com

www.burmeseclassic.com



ရှိနေပြီ။ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ…။ စိတ်ဓာတ်ကောင်းအောင်၊ စည်းကမ်းကောင်းအောင်၊ ပညာကောင်းအောင် ဝိုင်းဝန်းကြသူတွေထဲမှာ ပါဝင်ခွင့်ရခဲ့တာကိုတော့ မပုန်းရည် ကျေနပ်ပါသည်။

"မမစိန်…စောစောရောက်နေတာလား…ကျွန်မဖြင့် ညက အိပ်မပျော်ဘူးရှင်…မကြာခင်ကိုတော့ အကျိုးအကြောင်း ပြောပြလိုက်တယ်…ကနေ့တော့ ရွာကို ပြောမှဖြစ်တော့မယ်…ဆရာတော်ကြီးကို အရင်သွားလျှောက်လိုက်ဦးမယ် မမစိန်"

"လျှောက်လိုက်ပါတော့ မပုန်းရည်ရယ်…မမစိန်ဖြင့် လက်ရုံးတစ်ဖက် ပြုတ်သွားရသလိုပါပဲကွယ်…မပုန်းရည်နေရာကို အစားဝင်မယ့် ဆရာမလည်း မနက်ဖြန်ရောက်မယ် ကြားတယ်…ဆရာမ ဒေါ်ခင်မာကြည်တဲ့…မတ္တရာနယ်ထဲကပဲလို့ ကြားတယ်"

"သြော်…ကောင်းတာပေါ့ မမစိန်ရယ်…ကိုယ့်နယ်ထဲကဆိုတော့ အဆင်ပြေတာပေါ့"

မပုန်းရည် အတန်းဝင်ကာ စာပေးခဲ့ပြီး ဆရာတော့်ကျောင်းဘက်ကို လျှောက်လာခဲ့သည်။ ခါတိုင်းလည်း သည်လမ်းကလေးကို နှစ်နှင့်ချီကာ အခေါက်ခေါက်လျှောက်နေကျပင်။ သည်ကနေ့တော့ သည်လမ်းကလေးကို နှုတ်ဆက်ရလေပြီ။ ဓနိနှင့် တန်ဆောင်း၊ ကျောင်းမကြီးနှင့် အုတ်လှေကား။ ဒါကလည်း လွမ်းစရာဖြစ်နေပြီ။ ဆရာတော်ကြီးက ကျောင်းကြီးပေါ်မှာ စာအုပ်တစ်အုပ် ဖတ်နေသည်။ မပုန်းရည် ဝတ်ဖြည့်တော့ လှည့်ကြည့်တော်မူပါ၏။

"ကျောင်းဆရာမ ကနေ့ စောပါလား…မုန့်ဆီကြော်တွေရှိတယ် စား…မုန့်ဆီကြော် နမ်းပြောက်ပြောက်ကို ဘုန်းကြီးကြိုက်တယ်…ပေါက်တောရွာက ဒကာမ မသန်းမေ လာလှူသွားတာ…ကိုင်း စား…"

အနားက ယွန်းကလပ်ကြီးထဲမှာ မုန့်ဆီကြော်တွေ ထည့်ထားသည့် တိုက်ပန်းကန်တစ်ချပ် ရှိသည်။ မပုန်းရည် ဝတ်ဖြည့်ပြီးသည်အထိ နှုတ်က မလျှောက်နိုင်ဘဲ ရှိရသည်။ ဘယ်လိုစပြောရင် ကောင်းမလဲ တွေးနေမိသည်။ ဆရာတော်ကြီးက ဖတ်လက်စ စာအုပ်ကို ဘေးချကာ မပုန်းရည်ကို ပြုံးကြည့်နေ၏။

"စာပေဗိမာန်က စာအုပ်တွေ မန္တလေးကို ရောက်လာလို့ လူကြုံနဲ့ လှမ်းလိုက်တာ…ကျောင်းဆရာမ ဖတ်ချင်ရင် ယူဖတ်…ရွာထဲက လူတွေက ဘုန်းကြီး မငှားဘူး…စာအုပ်တွေ ယူသွားရင် စုတ်လာတယ်…ပျောက်



တယ်…မရှိသေဘူး…ကျောင်းလာဖတ်ရင်တော့ ဖတ်ကြပေါ့…စာအုပ်ကို ပန်းဆီကအစ မရှိသေဘူး…စာအုပ်ငှားပြီး ခါးထိုးထားလို့ ခေါက်ရသေးတယ်"

ဆရာတော်ကြီးက ခါတိုင်းလိုပင် သူမိန့်ချင်သလို မိန့်နေတတ်သည်။ ဆရာတော်ကြီးလည်း သက်တော်ရတော်မူရှာပြီ။ မျက်နှာပေါ်မှာ မှည့်သီးမှည့်ခြောက်တွေ ပြောက်ထိုးနေပြီ။ ဝသီတော်အတိုင်း သက်န်းနွမ်းနွမ်းမှိန်မှိန်နှင့် ဖြစ်၏။ မျက်နှာထားကတော့ ချိုလှသည်။

"ဆရာတော့်ကို တပည့်တော် လာနှုတ်ဆက်တာပါဘုရား…တပည့်တော် ခရမ်းသုံးခွဘက်က ဆွေမျိုးများရှိရာ ရွာကျောင်းကို ပြောင်းရွှေ့ခွင့်ကျပါပြီဘုရား…ဖြုန်းစားကြီး အမိန့်စာထွက်လာတော့ တပည့်တော်လည်း ဆရာတော်နဲ့ရွာကို အသိပေးရတာပါဘုရား…"

ဆရာတော်ကြီးက မပုန်းရည်ကို ပြုံးကြည့်နေရာက မျက်နှာအိုသွားရှာသည်။ ဘာမှတော့ ချက်ချင်းမိန့်တော်မမူပါ။ ခါတိုင်းလည်း မပုန်းရည် ကျောင်းကို လာနေကျဆိုတော့ ခါတိုင်းလိုပင် မှတ်ထင်ရာက သည်ရွာ သည်ကျောင်းကလေးက ထွက်ခွာရတော့မည်ဆိုတာကို အံ့ဩသွားသလို ဖြစ်နေပုံရသည်။ ထိုအခိုက်မှာပင် လေးပန်းဆီ ကျောင်းပေါ်ရောက်လာခဲ့သည်။ ဆရာတော်ကို ဝတ်ဖြည့်ပြီး မပုန်းရည် ဘေးမှာပဲ ထိုင်သည်။ လေးပန်းဆီက သတင်းကြားလာပုံပေါ်ပါ၏။

"ပန်းဆီ…ကျောင်းဆရာမ ပြောင်းရတော့မယ်လို့ လာလျှောက်နေတယ်…မင်းတို့ တားကြဦးလေကွာ…မင်း ကျောင်းမရောက်တာ ကြာပြီ…ဘုန်းကြီး မျှော်တယ်လေနော…ကိုင်း အခုတော့ ဘယ့်နှယ့်လုပ်ကြမတုံး…"

လေးပန်းဆီက ခေါင်းပေါင်းကြီးကို ဖြုတ်ပြီး မျက်နှာကို ပွတ်သည်။ ချွေးတွေများ ပြန်လို့။ မပုန်းရည် ပြောင်းရမည့်သတင်း ကြားလာလို့ စာသင်ကျောင်းကို သွားတော့၊ ကျောင်းက ဘုန်းကြီးကျောင်း သွားတယ်ဆိုလို့ အပြေးအလွှား ရောက်လာပုံပါ၏။ သည်ကြားထဲ ဘုန်းကြီးက ဆီးငေါက်နေတော့ ဘုန်းကြီးကို မျက်လုံးပြူးကြီးနှင့် ကြည့်နေလေသည်။

"ရော်…ကိုယ်တော့်နှယ်… ဘယ့်နှယ့်လုပ် တားမှာတုံး… အစိုးရက အမိန့်ထုတ်တဲ့ဟာ…ဘယ်သူတားလို့ရလိမ့်မတုံး…တပည့်တော်လည်း ကြားကြားချင်း ပြေးလာတာပဲဘုရား…တပည့်တော်ဖြင့် ဘာလုပ်လို့ လုပ်ရမှန်းတောင် မသိတော့အောင်ပါဘုရား…"

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးက အစိုးရအမိန့်ထုတ်တာဆိုတာ ကြားတော့ နောက်ထပ် မမိန့်တော့။ ခေါင်းကိုသာ တွင်တွင်ခါလေတော့သည်။

"ဒါဖြင့် ကျောင်းဆရာမ ဘယ်နေ့ပြောင်းရမှာတုံး..."

"မနက်ဖြန် တပည့်တော်အစား ကျောင်းဆရာမအသစ် ဝင်မှာပါဘုရား... တပည့်တော်က နတ်ရေကန်ကျောင်းမှာ တာဝန်ထမ်းဆောင်တာ သည်ကနေ နောက်ဆုံးနေ့ပါဘုရား..."

မပုန်းရည်က မောင်းကုန်းမှာ ကျန်ခဲ့သည့် အဘိုးလေးအကြောင်း၊ ရန်ကုန်မှာ ရှိနေကြသည့် မိဘနှစ်ပါးအကြောင်းတွေကို ပြောပြသည်။ နတ်ရေကန်မှ ခွာလိုရင်း မဟုတ်သော်လည်း အပြောင်းအရွှေ့ကိစ္စက မိမိက လျှောက်ထားရခြင်းဖြစ်ကြောင်း၊ သည်နှစ်မှာတော့ မမျှော်လင့်ဘဲ လျှောက်ထားသည့်ကျောင်းကို ပြောင်းရွှေ့ဖို့ အမိန့် ကျလာခြင်းဖြစ်ကြောင်း၊ ရွာအတွက်ရော ကျောင်းအတွက်ပါ စိတ်မကောင်း ဖြစ်ရ ကြောင်းတွေ စီကာပတ်ကုံး လျှောက်တင်လိုက်ပါ၏။ ဆရာတော်ကြီးက သည်လို ကြားတော့လည်း ခေါင်းတညိတ်ညိတ် ရှိတော်မူရှာသည်။

"ပျင်းသောသူများဟာ အတတ်ပညာ မရနိုင်ဘူး...အတတ်ပညာ မရှိ ပြန်တော့ ဥစ္စာမတည်နိုင်ဘူး...ဥစ္စာမတည်နိုင်တော့ မိတ်ဆွေကောင်း မရနိုင်ဘူး...မိတ်ဆွေကောင်း မရှိပြန်တော့ ချမ်းသာမှုကင်းတယ်...ချမ်းသာ ကင်းပြန်တော့ ကောင်းမှုပြုဖို့ ခက်ရတယ်...ကောင်းမှုမရှိရင် နိဗ္ဗာန်မရော နိုင်ဘူး...ကျောင်းဆရာမက ကျုပ်တို့ရွာက ကလေးတွေ တစ်သက်လုံး ပျင်းခဲ့ကြတာကို အတတ်ပညာရအောင် သင်ပေးနိုင်တယ်...အိပ်နေတဲ့ရွာ ကို ပုတ်နှိုးတာနဲ့တူတယ်...ဟုတ်လား...ဘုန်းကြီးတို့က ဒါကို ဝမ်းသာ ကြတာ...ကြားလား ကျောင်းဆရာမ..."

"တင်ပါ့ဘုရား..."

"အဲဒါပေါ့ဘုရား...တပည့်တော်လည်း ရွာထဲမှာ ကြားကြားချင်း ရင်း ဒိန်းခနဲ ဆောင့်လိုက်သလိုပဲ...ရွာသူရွာသားတွေလည်း ကြားကြပြီ... သည်ကြားထဲ ဆရာမက စာသင်ကျောင်းကလေးမှာ နောက်ဆုံးဆိုတာ ကြားရတော့ ကျုပ်တော့ သေချင်တာပါပဲ"

လေးပန်းဆီက တဘက်ကြီးနှင့် မျက်နှာသုတ်ပြန်၏။ ခြေတွေက ကိုင်း နေတုန်း။ ကျုပ်တော့ သေချင်တာပါပဲဆိုတာ ကြားတော့ မပုန်းရည်ရင်ထဲ ထိခိုက် သွားရပါ၏။ လေးပန်းဆီက ခေါင်းပေါင်းတဘက်ကြီး ပြန်ပေါင်းပြီး ဆရာတော်



တော်ဖြည့်သည်။ ရွာထဲ ပြန်ပြေးရဦးမှာဖြစ်လို့ မပုန်းရည်ကိုပါ ခေါ်သည်။ မပုန်းရည် ကလည်း ကျောင်းမှာ ဆရာတော်ကြီးနှင့် ဆက်တိုင်နေရလျှင် ငိုမိတော့မည်။ ဆရာတော် ကို ဝတ်ဖြည့်သည်။ ဆရာတော့်မျက်နှာတော်ကို ဖူးရင်း လျှောက်ထားသည်။

"တပည့်တော်မ နတ်ရေကန်ရွာကို မရောက်ခင်ကတည်းက ဆရာ့ဝတ် ငါးပါးနဲ့ ပြည့်စုံအောင် ကြိုးစားမယ်ဆိုတဲ့စိတ် ရှိပါ့ဘုရား...'အတတ် လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့' ဆိုတဲ့ အတိုင်း တတ်စွမ်းသမျှ စေတနာနဲ့ ဆောင်ရွက်ခဲ့ပါတယ်ဘုရား...ရွာအပေါ် ကံသုံးပါးနဲ့ မပြစ်မှားမိပါဘုရား...အပြစ်ရှိရင်လည်း တပည့်တော်မကို ခွင့်လွှတ်တော်မူပါဘုရား..."

"သာဓု...သာဓု...သာဓု...ကျောင်းဆရာမမှာ အပြစ်ရယ်လို့ မြူတစ်မှုန် မရှိပါဘူး...ရွာရပ်ကလည်း ချစ်ခင်အားကိုးကြပါတယ်လေ...ကိုယ်ပြုတဲ့ ကုသိုလ် ကိုယ်ထားတဲ့စေတနာ ရောင်ပြန်ဟပ်မြဲပဲ ဟုတ်လား...ရွာရပ်မှာ အပြစ်ရှိရင်လည်း ခွင့်လွှတ်လိုက်...ကိုင်း တန်းပြန်လို့တော့ မဖြစ်သေး ဘူး...ကျုပ်ကျောင်းက ထမင်းစားသွားဦး...ကျောင်းဆရာမ ကျောင်းကို စာသင်မလာတော့ဘူးဟုတ်လား...သည်တော့ ကျုပ်ကျောင်းလည်း ရောက် မှာ မဟုတ်ဘူး...သည်ကနေ့ ကျုပ်ကျောင်းထမင်းက နောက်ဆုံးထမင်း ပေါ့...ဘယ်ရောက်ရောက် နေ့ခင်း ကျောင်းလွှတ်လို့ ထမင်းစားရင် ဘုန်းကြီး ကျောင်းကို သတိရဗျား...ကိုင်း..."

သည်တော့မှ မပုန်းရည် မျက်ရည်ဖြိုင်ဖြိုင် ကျရပါ၏။ သည်ရွာ သည် ကျောင်းကို ရောက်ပါပြီဆိုကတည်းက နေ့ခင်း ထမင်းတစ်နပ် ဒိုင်ခံကျွေးမွေးတော် မူသော ဆရာတော်ကြီး၏ ကျေးဇူးကား ကြီးမားလှပါဘိ။ ဆရာတော်ကြီးကတော့ ဘုရားရှိသူပီပီ ဖတ်လက်စ စာအုပ်ကို ကောက်ကိုင်တော်မူသည်။ လေးပန်းဆီရော မပုန်းရည်ပါ မောင်ကျောင်းသား ပြင်ပေးသည့် ကျောင်းထမင်းကို စားရတော့သည်။ ဟုတ်သားပဲ...၊ ဒါ မပုန်းရည်အတွက်တော့ နတ်ရေကန်ဘုန်းကြီးကျောင်းရဲ့ နောက်ဆုံး ထမင်းတစ်နပ်ပါလား။

ထမင်းစားပြီးတော့ ထုံးစံအတိုင်း မပုန်းရည် တံမြက်လှည်းသည်။ တံမြက် လှည်းပြီးတော့ ဆယ့်နှစ်နာရီ။ တံမြက်စည်းကို ကျောင်းထောင့်မှာ သွားထောင်ထား ရင်းတည့်ကြေးမောင်း ထိုးဖို့ပြင်လိုက်သည်။ သည်ကြေးမောင်းကို ထိုးရခြင်းသည်လည်း နောက်ဆုံးပဲ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



မပုန်းရည်အဖို့ရာတော့ ကြေးမောင်းနှင့် တင်းပုတ်သည်ပင် လွမ်းစရာ ဖြစ်ရတော့၏။

▢

ကျောင်းပေါက ဆင်းလာတော့ ကလေးတွေ ဆန်ကွဲကြီ ဆော့ကစားနေကြသည်။ မပုန်းရည် အားထုတ်မှုကြောင့် ဆရာတော့်ကျောင်း မန်ကျည်းပင်ရိပ်မှာ အားကစားကွင်းကလေး ဖော်နိုင်ခဲ့သည်။ သည်အားကစားကွင်းထဲမှာ ကိုမျိုးညွှန်ကြားထားသော အားကစားပစ္စည်းကလေးတွေကြောင့် ကလေးတွေအတွက် ကစားနည်း မျိုးစုံအောင် ကစားနိုင်ကြပါ၏။ လေးပန်းဆီက စာသင်ကျောင်းထဲ မလိုက်တော့ဘဲ ရွာထဲကို သွားဖို့ပြင်သည်။ ခေါင်းပေါင်းကြီးကို ဖြုတ်ပြီး ချွေးတွေသုတ်ပြန်သည်။

"ကျုပ်ဖြင့် တရားမရှိဘူးပဲပြောပြော…ဆရာမ ပြောင်းမယ်ဆိုတော့ စိတ်မချမ်းသာလိုက်တာဗျာ…ခွဲထားလို့ရရင် ခွဲထားပါရဲ့…ခွဲမဖြစ်လို့သာ အေးပေါ့လေ တွေ့ကြုံ ဆုံကွဲ ဖြစ်မြဲမမွှတာဆိုတာကိုး…ဘယ့်နှယ်လုပ်မတုံး…ကျုပ်တို့ရွာကို မမေ့ရင် တော်ပါပြီဗျာ…ရွာက လိုတာရှိတော့လည်း ခွင့်သာလှတ်တော့ ဆရာမရေ…"

"မမေ့ပါဘူး လေးပန်းဆီရယ်…လိုတာရယ်လို့လည်း မရှိခဲ့ပါဘူး…နွေးထွေးတဲ့ ကျေးဇူးတွေသာ ရှိတာပါ"

"ကိုင်း…ကျုပ်လည်း ရွာထဲ လည်ပြောလိုက်ဦးမယ်"

လေးပန်းဆီ ပြန်သွားတော့ ကျောင်းထဲဝင်ကာ မပုန်းရည်နှင့် ဆိုင်သည့် ပစ္စည်းကလေးတွေကို သိမ်းသည်။ ကျောင်းစာရင်း၊ ဒိုင်ယာရီ စသည်တို့ကို သည်ကနေ့အထိ အပြီးတိုင် ရေးသွင်းသည်။ မပုန်းရည် လုပ်စရာရှိတာကလေးတွေ လုပ်နေတုန်း မောင်တက်လူ ရောက်လာသည်။ မောင်တက်လူ၏ မင်္ဂလာဆောင်အတွက် လက်ဖွဲ့စရာကလေး ကူညီခဲ့ရဦးမည်။ သည်ရက်ပိုင်းထဲ မောင်တက်လူတစ်ယောက် မပုန်းရည့်အတွက် အလုပ်တွေ များခဲ့ရသည်။ မန္တလေးကို ညအိပ်သွားပြီး ရန်ကုန်ရထားလက်မှတ် ပြေးဝယ်ပေးခဲ့သည်။ ရထားလက်မှတ် သေချာတော့ ရန်ကုန် မိဘများထံ ကြိုရမည့်ဖုန်းဆက် အကြောင်းကြားရ၏။ ရုံးကိစ္စလည်း မောင်တက်လူပင်။

မမစိန်ရောက်လာတော့ ကျောင်းတက်ခေါင်းလောင်း ထိုးလေ၏။ ကလေးတွေ ဆေါခနဲ ကျောင်းထဲ ပြေးဝင်လာကြတာကို ကြည့်ရင်း မပုန်းရည် ငိုချင်လာပြန်သည်။ ကလေးတွေကို မပုန်းရည် နှုတ်ဆက်ရတော့မည်။ နတ်ရေကန်ကျောင်းကလေးကိုလည်း နှုတ်ဆက်ရတော့မည်။ မပုန်းရည်က အတန်းတိုင်းက ကလေးတွေကို နှုတ်ဆက်ရင်း



တော့ဝွတန်းရှေ့ကို ရောက်ခဲ့သည်။ ကလေးတွေက မပုန်းရည်ကို ငေးကြည့်နေကြရှာသည်။

"မင်္ဂလာပါ တပည့်တို့…"

"မင်္ဂလာပါ ဆရာမ…"

မပုန်းရည်ကိုယ်တိုင် မျက်ရည်မကျအောင် ထိန်းထားရသည်။ သည်တစ်ခါ မင်္ဂလာပါ တပည့်တို့လို့ နှုတ်ဆက်လိုက်ရတာကပင် ဆို့နင့်စရာ ကောင်းလှသည်။ ကလေးတွေလည်း သည်လိုပဲ နေကြမှာပါပဲ။ သူတို့မျက်နှာကလေးတွေ၊ သူတို့မျက်လုံးကလေးတွေ၊ သူတို့စိတ်နှလုံးတွေကို မပုန်းရည် ကြေကြေကွဲကွဲ ရင်ဆိုင်နေရလေပြီ။ လေးတန်းဆိုတော့ အရွယ်ရကြပြီ။ အတန်းပိုင်ဆရာမကလည်း ဖြစ်ပြန်၊ အရွယ်အရ ခံစားမှုကလည်း ရှိကြပြန်ဆိုတော့ သူတို့ကလေးတွေ ပိုလို့ပင် ဝမ်းနည်းနေကြလိမ့်မည်။ မပုန်းရည် စိတ်ကို ထိန်းရပါ၏။

"သည်ကနေ့ ဆရာမ သားတို့ သမီးတို့ကို လာနှုတ်ဆက်တာပဲ…ဆရာမ သည်ကျောင်းကလေးက ပြောင်းပြီး မင်းတို့လိုကလေးတွေရှိတဲ့ ဟိုး…အောက်ပြည်အောက်ရွာက ရွာကျောင်းကလေးမှာ သွားပြီး စာပြရတော့မယ်…ဆရာမ ပြောချင်တာက သည်ကျောင်းကို ဆရာမအသစ်တစ်ယောက် ရောက်လာလိမ့်မယ်…ရောက်လာမယ့်ဆရာမကိုလည်း သားတို့ သမီးတို့ ချစ်ရမယ်၊ ရိုသေရမယ်၊ ပြောစကား နားထောင်ရမယ်…ကောင်းစွာ နာယူမှတ်သားရမယ်…ဟုတ်ပြီနော်"

"ဟုတ်ကဲ့ပါ ဆရာမ…"

"ဆရာမ ဒေါ်ပုန်းရည် တပည့်တွေက လိမ္မာကလေးတွေ၊ လူယဉ်ကျေးကလေးတွေ၊ လိမ္မာတဲ့ကလေးတွေပါလို့ ဆရာမ ပြောထားတယ်…ဆရာမအသစ် ရောက်လာတော့မှ ဒေါ်ပုန်းရည် ပြောသွားတုန်းကလို မဟုတ်ပါလား…မိုက်လိုက်တဲ့ကလေးတွေ၊ မယဉ်ကျေး မလိမ္မာတဲ့ ကလေးတွေ၊ ပြောမကောင်း ဆိုမကောင်း ကလေးတွေလို့ အပြောခံကြမှာလား…"

"အပြောမခံပါဘူး ဆရာမ…"

"ဆရာမ ယုံပါတယ်ကွယ်… ဆရာမတပည့်တွေက ဆရာမစကား နားထောင်ကြမယ်ဆိုတာ သိပါတယ်…ဆရာမက သားတို့ သမီးတို့ကို ခွဲသွားတာ မဟုတ်ပါဘူး…ဆရာမက ဟိုးအဝေးကြီးကနေ နှုတ်မဆက်ခွာ

www.burmeseclassic.com

www.burmeseclassic.com



ကလေးကို လာချင်လို့ကို လာခဲ့တာပဲ…ဆရာမ မိဘတွေက အသက်ကြီးကြပြီလေ…မိဘဆီ ပြန်ပြီး ပြုစုလုပ်ကျွေးရဦးမှာပေါ့…ဆရာမ မပြောင်းချင်ဘဲ ပြောင်းရတာကို သိကြတယ်နော်”

“သိကြပါတယ် ဆရာမ…”

“ကောင်းပြီ…ပြီးခဲ့တဲ့နှစ်နှစ်စလုံး လေးတန်းစာမေးပွဲမှာ နတ်ရေကန်ရွာက တစ်ကျောင်းလုံး တန်းလုံးကျွတ် အောင်ခဲ့ကြတယ်…သည်နှစ်မှာလည်း သားတို့ သမီးတို့အနေနဲ့ ရှာဂုဏ်ကို ဆောင်နိုင်အောင် တန်းလုံးကျွတ်အောင်တဲ့ကျောင်းအဖြစ် ဂုဏ်ဆောင်နိုင်အောင် ကြိုးစားကြလိမ့်မယ်လို့ ဆရာမ ယုံကြည်တယ်…ဆရာမကို ချစ်တဲ့သူ စာမေးပွဲ အောင်မှာပဲကွာ…ကဲ… ဆရာမကို ချစ်ကြသလား”

“ချစ်ပါတယ် ဆရာမ…အောင်အောင်ကြိုးစားပါ့မယ် ဆရာမ…”

“ဆရာမ မရှိတော့ပေမယ့် ကျောင်းမှာ ဆရာမကြီးနဲ့ ဆရာလေးရှိတယ်—ဆရာမအသစ်လည်း ရောက်လာဦးမှာ…ဘကြီးပန်းဆီတို့ လေးကြာ့ရွယ်တို့လည်း ရှိတယ်…ရပ်ရွာကလည်း လိုလေသေးမရှိ ကူညီကြလိမ့်မယ်—ကြိုးစားရမှာက မင်းတို့တာဝန်ပဲ…ဒါကြောင့် စာကြိုးစားကြပါလို့ ဆရာမ မှာခဲ့ချင်တယ်…ဟုတ်ပြီနော်…ကိုင်း ဆရာမကို ဘာပြောချင်ကြသေး ပြောကြ…”

ကျောင်းသားထဲက ညွန့်တင် မတ်တတ်ထရပ်သည်။ ညွန့်တင်က မျက်လုံး စိုက်ကြီးနှင့် ပေစောင်းစောင်း မွန်ကုပ်ကုပ်နေတတ်သူဖြစ်သော်လည်း စိတ်ရင်းကောင်းသည်။ လက်ကလေးကို တရိုတသေပိုက်ပြီး ထလိုက်တော့ အားလုံးက ဝိုင်းကြည့်ကြပါ၏။ ညွန့်တင်က ခေါင်းငုံ့ထားပြီး မျက်လုံးကို လှန်ထားသည်။ ဒါကလည်း သူ့ဟန်ပင်။

“ဆရာမ ဘယ်တော့ ပြန်လာမှာလဲ…”

ညွန့်တင်က သည်မေးခွန်းပဲမေးပြီး မတ်တတ်ရပ်နေဆဲဖြစ်၏။ မပုန်းရှည် အတွက် ပထမဆုံးမေးခွန်းကပင် ဖြေနိုင်စရာ စကားလုံးမရှိ။ ရင်ထဲ ကျင်ခနဲ ဖြစ်ခဲ့လေသည်။ တပည့်ကလေးက ဘာကိုများ ခံစားရလို့ပါလိမ့်။ သည်မေးခွန်း သူ ဘယ်က ရပါလိမ့်။ ဆရာမ မဖြေနိုင်တဲ့မေးခွန်းပါလား ငါ့တပည့်ရယ်…။ မပုန်းရှည် အသံ ထိန်းကာ ဖြေရသည်။



“ဆရာမ ပြန်လာမှာပေါ့…အခု မှာနေတာက သားတို့ စာမေးပွဲကြီး ဖြေတဲ့အချိန်မှာ ဆရာမ ပြန်မလာနိုင်သေးလို့ မှာတာလေ…ဒါကြောင့် ဆရာမ မရှိတုန်း ကြိုးစားနှင့်ကြလို့ မှာတာပေါ့…နောက်နှစ် သားတို့တစ်တွေ လွန်တောင်းကျောင်း ရောက်ပြီဆိုရင်လည်း ဆရာမအသစ်တွေနဲ့ တွေ့ရမှာ မဟုတ်လား…နွေကျောင်းကြီးပိတ်ရင် ဆရာမ လာမှာပေါ့ကွယ်…ဟုတ်ပြီလား…”

မောင်ညွန့်တင် ဆတ်ခနဲ ထိုင်လိုက်တော့ မွေးချိုက ဖျတ်ခနဲ ထပြန်သည်။ မွေးချိုက ဉာဏ်ရည် မကောင်းလှသော်လည်း ကျောင်းတက်မှန်သည်။ ကြိုးစားသည်။ မပုန်းရှည် အထူးသင်ကြားပေးရသူကလေး ဖြစ်သည်။ နာမည်က မွေးချိုဆိုသော်လည်း မျက်နှာက ရှစ်ခေါက်ချိုး။ မျက်နှာကလေးက မည်းမည်း၊ သနပ်ခါးတွေက ဖုန်ဖုန်။

“ဆရာမ မရှိရင် ကျွန်မ ကျောင်းမတက်ချင်တော့ဘူး…စာမသင်ချင်တော့ဘူး”

မပုန်းရှည် လန့်သွားရပါ၏။ ကလေးဆိုတော့ အားငယ်တာကို ပြောတတ်သလို ပြောလိုက်ခြင်းဖြစ်သည်။ စာမသင်ချင်တော့ဘူးတဲ့လား မွေးချိုရယ်…။

“မွေးချို ဆရာမကို မချစ်ဘူးလား…”

“ချစ်ပါတယ် ဆရာမ”

“ချစ်ရင် ဆရာမ စိတ်မချမ်းသာအောင် မပြောရဘူး…ဆရာမ ရှိရှိ မရှိရှိ သမီး စာသင်ရမှာပေါ့…ကျောင်းတက်ရမှာပေါ့…ဒါမှ ဆရာမကို ချစ်ရာ ရောက်မှာပေါ့…ဟုတ်ပြီလား မွေးချို”

မွေးချိုက ဘာမှ မဖြေဘဲ ပြန်ထိုင်သည်။ မပုန်းရှည်က ကလေးတွေကို ဆက်မေးနေလျှင် သူကလေးတို့ရင်ထဲက ခံစားမှုတွေ သည့်ထက် သွန်အန်ကျလာတော့မည်။ မပုန်းရှည်လည်း သည့်ထက် စိတ်ထိန်းနိုင်တော့မှာမဟုတ်။ ရုံးခန်းဘက်ဆီကို မပုန်းရှည် ပြန်လာခဲ့သည်။ မမစိန်က သည်ကနေ့ ကျောင်းချိန်ပြီးအောင် တက်မနေပါနဲ့တော့ အိမ်ပြန်ပြီး သိမ်းစရာရှိတာ သိမ်းချေပါ ဆို၏။ မပုန်းရှည် ကျောင်းလက်ဆွဲခြင်းကလေးကို ကောက်ယူလိုက်တော့ မမစိန်က ကျောင်းဝအထိ လိုက်ပို့သည်။

“သွားတော့နော်…မမစိန် ညကျမှလာခဲ့မယ်…နတ်ရေကန်ကျောင်းသားများ မမစိန်တို့ကပါ မပုန်းရှည်ကို နှုတ်ဆက်ပါတယ် ညီမရယ်…သွားလမ်း သာလို့ ပြန်လမ်းဖြောင့်ပါစေ…ဘဝမှာ စိတ်၏ချမ်းသာခြင်း ကိုယ်၏ ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေ ညီမရယ်…”

www.burmeseclassic.com

www.burmeseclassic.com



မပုန်းရည်က မမစိန်လက်တွေကို ဆုပ်ထားရင်း ကျောင်းကလေးကို လှမ်းကြည့်လိုက်သည်။ နိုင်ငံတော်အလံက တလွင့်လွင့်…။ မပုန်းရည်ကို နှုတ်ဆက်နေသလိုပင်။ စာအံသံ တစာစာတွေက မပုန်းရည်ကို လွမ်းစေသလိုပင်။ နတ်ရေကန်ကျောင်းကလေးရေ…နှုတ်ဆက်ခဲ့ပါရဲ့။

□

မနက်ဖြန် မပုန်းရည် ပြန်ရတော့မည်။ သည်တစ်ခါပြန်ခြင်းက ခါတိုင်းနွေကျောင်းပိတ်ပြန်ခြင်းမျိုးမဟုတ်။ နတ်ရေကန်ရွာကို နောက်တစ်ရာသီ ပြန်လာဖို့မဖြစ်နိုင်တော့သည့် ပြန်ခြင်းမျိုးဖြစ်သည်။ ဘိုးကြီးတို့ဝိုင်းတိုက်ထဲမှာ လူတွေအပြည့်။ တချို့က ကိုကြာစွယ် တင်းကုပ်ရှေ့မှာ ထိုင်ကြလို့။ တချို့က ဝိုင်းတိုက်ထဲမှာ ကြုံသလို ကျသလို ထိုင်နေကြခြင်းဖြစ်သည်။ ရွာအပျိုကြီးများ ဖြစ်ကြသော မကေး၊ မပုစွန်၊ မခဲ၊ မလည်ရစ်၊ မအုချာ၊ မချောညိုတို့အပြင် မလုံးခင်တို့၊ မမျိုးတို့လို ရပ်ရွာလူမှုရေး ဆော်ဩကြသူတွေလည်း ပါပါ၏။ လေးပန်းဆီနှင့် ရွာလူကြီးတချို့လည်း တလင်းလယ်ခေါင်မှာ ခင်းထားသည့် တန်းလျားတွေမှာ ထိုင်ကြလို့။ မပုန်းရည်မှာလည်း အားလုံးကို စကားဖြင့် နှုတ်ဆက်ဖို့ မစွမ်းသာတော့ အပြုံးဖြင့်သာ နှုတ်ဆက်ရတော့သည်။ လူတွေကတော့ များသထက်များလာ၏။ မပုန်းရည် ရင်တွေပင် ခုန်ရပါ၏။

"ဆရာမ…ကျုပ်တို့ရွာကို ပစ်သွားတော့မှာပေါ့လေ…အဲသလိုလုပ်တာ ကောင်းရောလား…ကျုပ်တို့တစ်ရွာလုံးကဖြင့် ကလပ်ပေါ်တင် ဖူးဖူးမှုတ်ထားတာပါတော်…အခုတော့ အစာဝကာမှ ဒွာနကို ပြန်တော့မယ်ပေါ့—ဟုတ်လား…"

မလှအုန်းမယ်…။ ဝိုင်းထဲဝင်လာလာချင်း လှမ်းအော်လိုက်သည်ဖြစ်ရာ လေးပန်းဆီက "ဟယ်…အရှူးမ…ဘယ်စကား ဘယ်ပေါက်မှန်းမသိ…ငါ နှုတ်ထအုပ်လိုက်ရ" ဆိုတော့မှ ငြိမ်သွားလေ၏။ မပုန်းရည်က လူကြီးတွေအနား သွားမထိုင်ဘဲ အပျိုကြီးတစ်သိုက်ရှိရာ ဖျာကြမ်းပေါ် သွားထိုင်သည်။ ဘွားကြီးက ဝင်လိုက်ထွက်လိုက်။ ခမျာလည်း မပုန်းရည်ကို သားသမီးလို ဖြစ်နေတော့ ဘာလုပ်လို့လုပ်ရမှန်းမသိ ဖြစ်နေပုံရပါ၏။

"အစိုးရများပြောပါတယ်…ပြောင်းစရာလူ ရှားလို့…တို့ရွာက ကျောင်းဆရာမ ရွှေ့ပြောင်းရတယ်လို့ ကိုယ်ချင်းမစာ…ပန်းဆီ နင်တို့မလဲ ရွာထဲကျ စွာကျယ် စွာကျယ်နဲ့…မေးလို့မြန်းလို့…တားလို့ဆီးလို့မရှိဘူး—ပုဆိုးခြုံထဲက လက်သီးပြ…ကတည်း…"



"ဟာ…အဘွားကြီး…ခင်ဗျားပြောတော့ လွယ်လိုက်တာ…ဒါမျိုး ထျှင်ဘာတတ်နိုင်မှာတုံး…အမိန့်စာဗျ…ကျွတ်သွားတဲ့ဆင်စွယ် ပြန်ဝင်ရိုးထုံးစံမရှိဘူး…ဆရာမ မစိန် မြို့နယ်ရုံးက ယူလာတဲ့ဟာကို…"

"မစိန်တို့ကလည်း အူပုံအူပါးနဲ့…မယူချင်ဘူးဆို မရဘူးလား…ဘယ့်နှယ့်သိုက်ဆရာ လေ့ပေါ်တင်…"

ရွာသူရွာသားတွေက ဘွားကြီးစကားကြောင့် ရယ်ကြသော်လည်း ဘွားကြီးကတော့ ဗျစ်တောက် ဗျစ်တောက်။ မပုန်းရည်ကလည်း အသာငြိမ်နေရပါ၏။ အပြောင်းအရွှေ့ဆိုတာ သက်ဆိုင်သူ ဆရာမကိုယ်တိုင်က တင်ရတာများသိရင် ပိုဆိုးတော့မည်။ လေးပန်းဆီက ခဏတစ်ဖြုတ်ထိုင်ပြီး ပြန်သွားတော့သည်။ ဘာတွေစီစဉ်ဦးမည်မသိ။ ဘိုးကြီး ဘွားကြီးတို့ အိမ်ဝိုင်းထဲ ဝင်လိုက်ကြ၊ ထွက်သွားလိုက်ကြ။ မပုန်းရည်ကတော့ ဒိုင်ခံ ထိုင်နေရသည်။ ရွာအပျိုကြီးတွေ ညကျရင် မုန့်ဆီကြော်ကြော်ကြမည်ဆို၏။ ရန်ကုန်ကို ချိုင့်နှင့်ထည့်ပေးကြမည်ဆိုလို့ တားရပါ၏။ ညနေစောင်းတော့မှ ကိုကြာစွယ် ရောက်လာသည်။ ပိုးပုဆိုး အပြာရင့်၊ လည်ကတုံးရှပ်အပြာရင့်နှင့်ဖြစ်၏။ မျက်နှာလိမ်းစနိုတွေက ဖွေးလို့။ လည်ပင်းမှာ လက်မပြားသာက် ငါးကျပ်သားကုံးက ပါသေးသည်။ ဟင်းချိန်းက ရွှေရောင်တဝင်းဝင်း။

"အမယ်လေးတော်…ကိုယ်တော်က အခုမှ ဘယ်က ကြွလာသလဲမသိဘူး…ရှိုးစမိုးနဲ့…နွေခေါင်ခေါင် မိုးကြိုးမှမပစ်တယ်"

မကေးက ပက်လိုက်တော့ အပျိုကြီးတွေက ပွက်ပွက်ရိုက်တော့သည်။ ပြောလည်းပြောချင်စရာ။ ကိုကြာစွယ် ဘာလုပ်တာပါလိမ့်။ မပုန်းရည် ပြောင်းတော့မည်ကြားကြလို့ ရွာသူရွာသားတွေ စိတ်မကောင်းကြ၊ သတင်းမေးကြ ရှိသည့်ကြားကိုကြာစွယ်က ပိုးတပြောင်ပြောင် ရွှေတပြောင်ပြောင် ဖြစ်နေတာ ဘာသဘောပါလိမ့်။ မပုန်းရည် နားမလည်နိုင်ပါ။ ဘွားကြီးပြောဖူးသလောက် ကိုကြာစွယ်မှာ တစ်ခါတစ်ရံ စိတ်ကယောက်ကယက် ဖြစ်တတ်ကြောင်း မပုန်းရည် သိထားသည်။ အထူးသဖြင့် နတ်ရေကန်ကြီးနှင့် ဆက်စပ်သည့်ဇာတ်လမ်းတွေ…။ သည်ဘက်နောက်ပိုင်း မပုန်းရည် သူတို့အိမ်ကြီးပေါ် ရောက်ကတည်းက နတ်ရေကန်စိတ္တဇတွေ ပျောက်နေတာ သတိထားမိသည်။ အခုကော ပုံမှန်ဟုတ်ရဲ့လား။ မပုန်းရည် ဒါကိုမြင်တော့ သနားလွန်းလှသည်။ လူသူတော်ကောင်းကြီး၊ လူရိုးလူအေးကြီး၊ သဘောသဘာဝကောင်းသူကြီး၊ ရပ်ရွာအပေါ် ချစ်ခင်ရှာသူကြီး။ သူ့ကျေးဇူး သူ့မေတ္တာတွေ မပုန်းရည်အပေါ်မှာ အပြည့်။ သူ့စိတ်ထဲ လုပ်ချင်လို့နေမှာပေါ့လို့သာ တွေးရတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကိုကြာစွယ်ကို လှမ်းကြည့်တော့ ဘာခံစားမှုမှ မရှိသလိုပင်။ လူတွေ စာမ်ရှုက်ငဲ့ကြည့်ပြီး သူ့တင်းကုပ်ထဲ တိုးဝင်သွားတာပဲရှိသည်။

ဒါလည်း စိတ္တဇတစ်မျိုးပေလား။

သူ့သားကို ရိပ်ခနဲတွေ့လိုက်ရလို့လားမသိပါ၊ ဘွားကြီး ပြန်ထွက်လာ သူ့သား ကြာစွယ် ရောက်ပြီလား မေးသည်။ ရောက်ပြီဆိုတော့ ကိုကြာစွယ့်တင်းကုပ် ခေါင်းထိုးကာ ခေါ်တော့သည်။ ကိုကြာစွယ်က ထွက်မလာ။ အတန်တန်ခေါ်သော် ထွက်မလာတော့ပါ။

"ကြာစွယ်...မင်းမလည်း ဘယ်တွေများ သွားနေတာတုံး...ဆရာမအား နေတယ်များ မရှိဘူး...ဆရာမ ပြောင်းတော့မှာကော သိပြီလား..."

"သိပါတယ်ဗျာ...တစ်ရွာလုံး ဖုံးမရ ဖိမရ ဖြစ်နေတဲ့ဟာကို..."

အထဲက ပြန်ဖြေသံပဲ ကြားရသည်။ တစ်ရွာလုံး ဖုံးလို့ဖိလို့မရ ဖြစ်နေ တာဆိုတော့ မပုန်းရည်ကပဲ မဟုတ်မဟပ် ဖြစ်နေသလိုလို။ ကိုကြာစွယ်က အဲသည်

တဖြည်းဖြည်း ညဦးနက်လာတော့ လူတွေ တဖျောက်ဖျောက် ပြန်ကုန်ကြ သည်။ နှုတ်ဆက်စကား ပြောရလွန်းလို့ မပုန်းရည် ပင်ပန်းနွမ်းနယ်လို့ပင် လာပါ၏ အပျိုကြီးတစ်သိုက် ပြန်သွားတော့မှ မပုန်းရည် အိမ်ပေါ်တက်လာခဲ့သည်။ မကြာဥ မပုန်းရည်ပိုင် ပစ္စည်းကလေးတွေ စုစုစည်းစည်း ထုပ်ပိုးထားခဲ့ပြီ။ တစ်စုံတစ်ရာ ပြောချင်လို့ မပုန်းရည်ကို စောင့်နေပုံမျိုးဖြင့် အိမ်ပေါ်မှာပဲ ထုတ်ရင်း ပိုးရင်း ငုတ်တုတ် မည်းတည်း ထိုင်နေလေသည်။ မပြောပုံသလိုလို ပြောပုံသလိုလိုဆိုတော့ မပုန်းရည်က မေးရပါ၏။ မကြာဥက မဖြေ။ အတန်တန်မေးတော့မှ ပြောရှာပါ၏။

"ဆရာမရယ်...မနက်ကျတော့လည်း လူတွေက ဆရာမကို လာနှုတ်ဆက် ကြမှာနဲ့...အမေက လူပါးတုန်း ဆရာမနဲ့ ပြောချင်စရာရှိလို့တဲ့...ဆရာ မနားသေးရင် ခဏပြောချေရအောင်လို့..."

"မမလေးရယ်...ရပါတယ်...မနားပါဘူးရှင်...အေးအေးဆေးဆေး နားချင် စိတ်လည်း မရှိပါဘူး...ကျွန်မဖြင့် ရွာသူရွာသားတွေကိုကြည့်ပြီး ဘယ်လို စကား ပြောရမယ်ဆိုတာတောင် မသိတော့လောက်အောင် ဖြစ်နေမိတယ် တစ်ရွာလုံးက ထမင်းလုတ်တွေ ခွံ့ခဲ့ကြတာမဟုတ်လား...ထမင်းရှင်တွေရဲ့ ကျေးဇူးတရားကို ကျွန်မ အမြဲစောင့်သိမှာပါ မမလေးရယ်..."

"ဆရာမရယ်...ကျွန်မတို့က တောသူတောင်သားတွေဆိုတော့ ဘယ်လို စကား ပြောရမယ်ဆိုတာတောင် မသိပါဘူးတော်...ဆရာမကို



ကျွန်မတို့တစ်မိသားစုလုံးက အိမ်မှာနေတဲ့ တို့မိသားလို့ သဘောထားကြ တာပါ...ပြောင်းရမယ်ဆိုတော့ အမေကအစ ကျွန်မတူမကလေးတွေအထိ စိတ်မကောင်းကြဘူး...အိမ်သူအိမ်သားထဲက လူတစ်ယောက် ပဲ့ရသလို ဆရာမ မသွားခင်က ရင်တွေ ဟာနေတော့တာ..."

မပုန်းရည် နားလည်ခံစားမိပါ၏။ မကြာဥရယ်...ကျွန်မလည်း သည်လိုပါပဲ လို့ပင် မပြောနိုင်တော့။ အောက်ထပ်ကို ဆင်းလာကြတော့ ဘွားကြီးက လှေကားရင်း မှာ ရောက်နှနေပြီ။ အိမ်မကြီးထဲတောင် မသွားတော့ဘဲ မပုန်းရည်လက်ကလေးကို ဆွဲကာ တင်းကုပ်ရှေ့က တန်းလျားမှာ ထိုင်လိုက်ကြသည်။ ဘိုးကြီးက ညောင်စောင်း တစ်လုံးပေါ်က လှမ်းကြည့်နေသည်။ မပုန်းရည်က ဘွားကြီးဘေးမှာ ထိုင်လိုက်တော့ မပုန်းရည်လက်ကလေးကို လှမ်းကိုင်ရင်း လက်ဖဝါးကလေးကို ဖြန့်စေသည်။ စွပ်ကျယ် သားသန့်သန့်ဖြင့် ထုပ်ထားသည့် အထုပ်တစ်ထုပ်ကို မပုန်းရည်လက်ထဲ ထည့်ပေး သည်။

"ဟိုတစ်ခါ ရွာမင်္ဂလာဆောင်ရှိတုန်းက ကျုပ်က ဆွဲကြိုးနဲ့ လက်ကောက် တစ်ရန် ပေးခဲ့တာကို ပွဲဝတ်ပြီးတာနဲ့ ကြာဥနဲ့ ပြန်အပ်တာ မှတ်မိသေးတ် လား...အဲသည်ဆွဲကြိုးနဲ့ လက်ကောက်တစ်ရန်ပဲ...ကျုပ်က ဓမ္မွာနဲ့ ပေးလိုက်စမ်းပါရစီ...သည်တစ်ခါတော့ မငြင်းပါနဲ့...ငြင်းရင် ကျုပ် အသေ ဖြောင့်မှာတောင် မဟုတ်ဘူး...ဒါက ကျုပ်တို့မိသားစုက ဆရာမကိုချစ်လို့ ပေးလိုက်တဲ့လက်ဆောင် မှတ်ပါ..."

မကြာဥက မပုန်းရည်လက်ထဲက အထုပ်ကိုယူပြီး ဖြေပြသည်။ ရွှေဆွဲကြိုး တစ်ကုံးနှင့် လက်ကောက်နှစ်ကွင်း။ မပုန်းရည် သည်တစ်ခါမှာလည်း ငြင်းရပြန်ပါ၏။ မေတ္တာနှင့်ပေးမှန်း သိသော်လည်း မပုန်းရည် လက်မခံချင်။ ဘွားကြီးက ဖွတ်ပေးရှာ သည်။

"ဘွားကြီးရယ်...ကျွန်မတို့ချင်းမှာ မေတ္တာရှိပြီးသားပါ...ဘိုးကြီး ဘွားကြီး တို့ကို ရိုသေပြီးသားပါ...ကျေးဇူးရှင်အဖြစ် ကြည်ညိုပြီးသားပါ... တစ်မိသားစုလုံးကို ချစ်ခင်ပြီးသားပါ...သည်လိုပစ္စည်း အဖိုးတန်တွေ မပေး ပါရစေနဲ့...မယူပါရစေနဲ့...ကျွန်မ..."

မကြာဥက ရွှေထုပ်ကို ပြန်ထုပ်သည်။ မပုန်းရည်လက်ထဲ ထည့်သည်။ မပုန်းရည်က ငြင်းတော့ မကြာဥ ငိုတော့သည်။ ရှိုက်ကြီးတငင် ငိုကြွေးပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ယူပါ ဆရာမရယ်…ရွာက ပြောင်းရတဲ့နေ့ ဆင်ပေးလိုက်ပါရစေလို့ အမေ စကားခံထားတာ ရှိပါတယ်…အမေနဲ့ အဖေ့ကို သနားရင် ယူသွားပါ ဆရာမရယ်…အဖေတို့ အမေတို့ ဝမ်းသာစေချင်လို့ ပြောတာပါ"

"မမလေးရယ်…ကျွန်မ လက်မခံတာ ပိုမကောင်းဘူးလားရှင်…ကျွန်မ နားလည်ပါနော်"

"ယူလိုက်ပါ ဆရာမရယ်…နောက်တစ်ခါ နောက်တစ်ခေါက်ဆိုတာ မရှိ တော့ပါဘူး ဆရာမရယ်…ကျွန်မသိပါတယ်…ခွဲရကာနီးမှာ အဖေတို့ အမေတို့ကို စိတ်ချမ်းသာအောင် ထားခဲ့ပါ"

ထိုခဏမှာပင် တင်းကုပ်ဝမှာ လူတစ်ယောက် လာရပ်သည်။ ပိုးပုဆိုးပြာ အင်္ကျီပြာကြီးနှင့် ကိုကြာစွယ်။ အားလုံးက ကိုကြာစွယ်ကို ကြည့်နေကြပါ၏။ ညိုညစ်ညစ်မျက်နှာပြားကြီးက တဆတ်ဆတ်တုန်လျက်။

"ယူပါဗျာ…ဆရာမ…အမေပေးနေတာကို ယူလိုက်ပါဗျာ…ဆရာမပြော တော့ ကျွန်မကလည်း ကြာပုန်းရည်ပဲဆိုဗျ…မောင်နှမတွေဆိုဗျ…အစေ ကြာပုန်းရည်အဖြစ် ပေးတာကို ယူလိုက်စမ်းပါဗျာ…မငြင်းပါနဲ့ဗျာ…"

ဟီးချ ငိုလိုက်သော ကိုကြာစွယ့် ငိုသံနှင့် မျက်ရည်တွေကို မပုန်းရည် ငေးကြောင် ကြည့်နေမိပါ၏။ မပုန်းရည်အဖို့ရာ ကိုကြာစွယ့်စကားတွေကိုတော့ မပယ်ရှားသာပဲ စည်းနှောင်မိခဲ့ရလေပြီ။ မပုန်းရည်လည်း ငိုမိခဲ့ပြီ။ မကြာဥလည်း မျက်ရည် မဆည်နိုင်။

"ယူပါမယ်ရှင်…မမလေးရယ်…ကျွန်မကို ဘိုးကြီး ဘွားကြီးတို့ရှေ့မှာ ဆင်ပေးပါရှင်…"

မကြာဥခမျာ မျက်ရည်တွေကြားကပဲ ဝမ်းသာအားရ ဆင်မြန်းပေးခဲ့သည်။ မပုန်းရည်ကလည်း မျက်ရည်တွေကြားကပဲ လက်ခံခဲ့ရသည်။ မပုန်းရည်က ဘိုးကြီး ဘွားကြီးတို့ကို ကန်တော့သည်။ မကြာဥနှင့် ကိုကြာစွယ် မောင်နှမကိုပါ ကန်တော့ ပါရစေဆိုတော့ ပြာပြာသလဲ ငြင်းဆန်ကြလေသည်။

"ကိုင်း…ဆရာမ အပေါ်မှာ နားတော့…မနက်ကျ လူတွေ လာကြဦးမှာ ဆရာမရယ် မချွတ်ပါနဲ့နော်…ရွာက ထွက်သွားတဲ့အထိ မချွတ်ပါနဲ့…"

"မချွတ်ပါဘူးရှင်…စိတ်ချပါ"

ကိုကြာစွယ့် မျက်ရည်တွေကိုတော့ မပုန်းရင် မငြင်းဆန်ခဲ့ပါလား… မပုန်းရည် အပေါ်ထပ်ကို တက်လာခဲ့သည်။ ကိုကြာစွယ်က တင်းကုပ်ဝမှာပဲ ခြေဆင်း



လက်ပစ်ကြီး ထိုင်ချလိုက်တာ တွေ့လိုက်ရသည်။ ကိုယ်ကြီး တသိမ့်သိမ့်ခါလျက်… ကိုကြာစွယ် ကလေးတစ်ယောက်လို ငိုနေခြင်းပင်။

□

မပုန်းရည် ပစ္စည်းတွေ လှည်းပေါ်တင်ကြပြီ။ ပစ္စည်းက များများစားစား မဟုတ်တော့ လှည်းတစ်စီးတည်းနှင့် အဆင်ပြေပါ၏။ ကိုကြာစွယ်က ဘယ်လိုစည်းရုံး ထားသည်မသိ။ လှည်းတပ်ကြီးနှင့်ချီကာ ဘူတာရုံကို လိုက်ပို့ကြသည်။ နတ်ရေကန်ရွာ ကို စရောက်ခဲ့သည့်နေ့ကလေးကိုပင် အမှတ်ရမိပါ၏။ သည်တုန်းကတော့ ကြိုဆိုသူ ဝင် မရှိခဲ့။ အခုတော့ နှုတ်ဆက်သူတွေ များခဲ့ပြီ။

ထိပ်ဆုံးလှည်းကို ကိုကြာစွယ်က မောင်းမှာဖြစ်ပြီး၊ လှည်းရှေ့မှာ အလံ တလူလူပင် လွှင့်ထားလိုက်သေးသည်။ လေးပန်းဆီနှင့် လူကြီးတချို့ လိုက်ကြမည်။ မပုန်းရည်က ဒုတိယလှည်း။ မောင်စံအေးက လှည်းမောင်းပြီး မကြာဥနှင့် အပျိုကြီး တွေ လိုက်ကြမည်။ မဝဲစိန်၊ မပတေးတို့နှင့် ရွာခံမိန်းမအုပ်တွေက လှည်းနှစ်စီး။ လှေအုန်းမယ်က သနပ်ခါး အဖွေးသားနှင့်။ ရွာက ကလေးတွေက တစ်အုပ်တစ်မကြီး ခြေကျင် လိုက်ပို့ကြတာကို ကြည့်ရင်း မပုန်းရည်ရင်ထဲ နင့်ရပါ၏။

"ဆရာမ…ကျုပ်တို့ရွာကို မမေ့နဲ့ဗျနော…"

လှည်းသမား မောင်စံအေးက သူ့ရင်ထဲရှိတာ ပြောနေသေးသည်။

"မမေ့ပါဘူးကွယ်…ဘယ့်နှယ့်လုပ် မေ့နိုင်မှာလဲ…ရွာကိုလည်း မမေ့ဘူး… ရွာက လူတွေကိုလည်း မမေ့ဘူး…ရွာမေတ္တာ ရွာစေတနာကိုလည်း မမေ့ပါ ဘူး"

"ညက လေးကြာစွယ်ကြီးက ပြောနေသေးတာဗျ…"

"ဘာတဲ့လဲ မောင်စံအေး…"

"မင်းတို့ဆရာမ ပြောင်းသွားရင် နှင်းဆီတောကြီး ခုတ်ပစ်လိုက်တော့တဲ့ ဗျ…ကျုပ်က ဘာလို့တုံး လေးကြာစွယ်ရ…အပင်တွေ ဖြစ်နေတဲ့ဟာကို ဆိုတော့…ငါက ဆရာမပန်ဖို့ စိုက်တာ…ဆရာမမှ မရှိတော့ရင် ပန်းတွေ ပွင့်လည်း အလကားပဲတဲ့ဗျ…"

"ဆရာမ မရှိတော့ရင် တို့ပန်မှာပေါ့ဟဲ့…ကြာစွယ် အူပုပ်…ကောင်တုံးကြီး မယ်"

အပျိုကြီးတွေစကားကို မပုန်းရည် မရယ်ဖြစ်ခဲ့ပါ။ ကိုကြာစွယ့်ခံစားမှုကို မြင်လိုက်ရလို့ပဲ ဖြစ်သည်။ နှင်းဆီတောကြီး ခုတ်ပစ်လိုက်တဲ့လား… ရိုးသားဖြူစင်သူတွေ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ရင်ထဲက ခံစားမှုကို မျိုသိပ်ထားနိုင်ကြသူတွေ မဟုတ်။ ကိုကြာစွယ်က ညသံယောဇဉ်ကြီးသူ ဖြစ်သည်။ သူ့ရွာကလေး နိုးထလာခြင်းအတွက် မပုန်းရည်ကို အကျူးတင်ရာက မှန်လို ရှုလာရှာသူဖြစ်၏။ မရိုးမသားမရှိ၊ နှမကလေးတစ်ယောက်လို စောင့်ရှောက်ခဲ့တာပဲရှိသည်။

"ဆရာမ ပြောင်းမယ်ဆိုတော့ အပျိုကြီးတွေလည်း ငိုကြတယ်...ကလေး တွေလည်း ငိုတယ်...မလှအုန်းမယ်ကြီးဆိုတာ နတ်ရေကန်ထိပ်သွားပြီး ကျောင်းဆရာမကို ခွဲခေါ်ထားတော်မူပါလို့ အော်နေတာတဲ့...ဆရာမနှယ် အရိုးခတောင် ငိုသဗျာ...ပြီးတော့ အရက်သမား ကိုပိုက်လည်း ငိုတာပဲ... ကိုင်း ကမ်းကိုကုန်ကရောဗျာ..."

"နင့် ဘယ်သူက အငိုစာရင်းကောက်နိုင်းလို့တုံးဟဲ့...တို့ဟာတို့ငိုတာ ဘယ်သူ့စာရင်းပေးနေရဦးမှာတုံး..."

အရက်သမား ကိုပိုက်က မပုန်းရည်ရောက်စက ဓားကြိမ်းကြိမ်းခဲ့သူဖြစ်သည်။ နောက်တော့ မပုန်းရည် ညကျောင်းမှာ ကျောင်းသားဖြစ်ခဲ့ပါ၏။ မပုန်းရည်အတွက် ရွာတွက်ဆန်တွေ ဗိုင်းကန်တော့ကြတော့ ကိုပိုက်ကိုယ်တိုင် အိတ်တွေထဲထည့်ကာ ချည်နှောင်ပေးခဲ့ရှာသည်။ ဆန်အိတ်တွေသယ်ဖို့ ခက်တော့ လေးပန်းဆီက နောက်မှ လာပို့မည်ဆိုလို့ တားရပါ၏။ ဆရာတော့်ကျောင်းကိုသွားပြီး လှူခဲ့ရသည်။ တစ်ရွာလုံး ကုသိုလ်၊ မပုန်းရည်ကုသိုလ်...။

ဘူတာရုံရောက်တော့ ဘူတာကွင်းကလေးထဲမှာ လူတွေ ပြည့်နေလေပြီ။ ကိုကြာစွယ်က ပိုးပုဆိုး ဝါတောက်တောက်၊ ပိုးအကျႌ နနွင်းရောင်နှင့်ဖြစ်၏။ မျက်နှာ ချေတွေက ခဲခဲသည်းသည်း။ ရွှေတွေက တဝင်းဝင်း။ ရွာအပျိုကြီးတွေက မုန့်ဆီကြော်တွေ ချိုင့်ကြီးတစ်လုံး ထည့်ပေးလိုက်ကြသေးသည်။ ဆည်တော်ချောင်းထွက် ငါးပိချဉ် ကျိုးအိုးက အောက်ပြည်အောက်ရွာကိုသွားမည့် မပုန်းရည်အတွက် အမှတ်ရစရာပင်။ စိတ်အထိခိုက်ရဆုံးကတော့ ရထားမလာခင်မှာ မကြေးမျှင်တို့သားအမိ ဘူတာရုံကို အမီရောက်လာကြခြင်းဖြစ်သည်။ ပွပွနွေးနွေး ပြုတ်ယူလာခဲ့သည့် ဘဲဥထုပ်ကြီးကို မပုန်းရည် ခရီးစာ လာပေးကြလေ၏။

"မနေ့က ဘဲရှင်က မတ္တရာလွှတ်လို့ သားအမိနှစ်ယောက် ပြေးရသေးတာ ဆရာမရေ...ရထားမိုးချုပ်လို့ ရွာထဲ မရောက်ရဘူး...သည်မနက် ဘဲ လွှတ်ပြီးတာနဲ့ ပြေးလာကြတာ...ပုကျစ် ဆရာမကို ထိုင်ကန်တော့..."



ဘူတာရုံ ကွင်းပြန့်မှာ ပုကျစ်က ထိုင်ကန်တော့ရှာသည်။ သွေးမတော် သားမစပ် မေတ္တာနှောင်တည်းမိကြသော သည်သားအမိဘဝကို မပုန်းရည် အသိဆုံး မဟုတ်လား။ ပုကျစ်ကလေးဘဝ လှပါစေ။ တင့်တယ်တဲ့ဘဝနဲ့ လောကကောင်းကျိုး ဆောင်နိုင်ပါစေ။ ဘာပဲဖြစ်ဖြစ် လငပုပ်ဖမ်းသလို မှောင်ရိပ်ထဲမှာ တိုးလျှိုးနေရသည့် ဘဝက အလင်းတစ်ဖန် သာခွင့်ရတာကိုပဲ မပုန်းရည် ဝမ်းသာရပါ၏။ မလှအုန်းမယ် က ရထားကြီး ပျက်ပါစေတော်တဲ့။ အားလုံး ဗိုင်းငေါက်ကြတော့မှ ခေါင်းကလေး ငုံသွားခဲ့သည်။ ရထားပျက်ရင် ဆရာမ ရွာမှာ တစ်ညနေခွင့် ရတာပေါ့ဆိုတော့မှ အားလုံးက ပြုံးကြရတော့သည်။

ဝါးရင်းတုတ်ဘူတာဘက်ဆီက ရထားဥသြမှုတ်သံ ကြားလိုက်ရပြီ။ နောက် တစ်ဘူတာက မပုန်းရည်တို့ စောင့်နေကြသည့် ကံဘဲ့ဘူတာ။ ရထားကြီး တရိပ်ရိပ် ခုတ်မောင်းလာတာ မြင်ရတော့ မပုန်းရည်အနား ပထမဆုံး ပြေးလာကြသူတွေမှာ မပုန်းရည်တပည့်ကလေးတွေ။ လက်အုပ်ကလေးတွေ ကိုယ်စီချီကြလို့။ မပုန်းရည်က ကလေးတစ်ဦးချင်းစီ၏ ခေါင်းကလေးတွေကို လိုက်ထိရသည်။ နှုတ်ဆက်ခဲ့ပါတယ် ကလေးတို့ရေ...။ စာကြိုးစားကြ၊ ပညာခရီး ဆက်ကြ၊ နတ်ရေကန် မခန်းခြောက် သလို ဘဝတွေ မခန်းခြောက်စေကြနဲ့။ နတ်ရေကန်ကြာတွေ ပွင့်လန်းကြသလို ဘဝတွေ ပွင့်လန်းကြပါစေ။ နှုတ်က အသံထွက်နိုင်စွမ်းမရှိတော့ ရင်ထဲက ဆုတောင်းရသည်။

ဘူတာ ညောင်ပင်အောက် ရထားကြီးဆိုက်ခဲ့ပြီ။ အပျိုကြီးတွေက ရထား ပေါ် တက်ကြကာ အထုပ်တွေ အပိုးတွေ တင်ကြ ကမ်းကြ။ လေးပန်းဆီ မေတ္တာရပ် ခံထားသဖြင့် ရထားက တအောင့်ရပ်နားပေးထားရပါ၏။ ရထားပြတင်းဘောင်မှာ မကြာဥနှင့် ကိုကြာစွယ် မောင်နှမ...။

"ဆရာမ သွားတော့နော်...ကျုပ်ဖြင့် ညတိုင်း သတိရနေမှာပါ ဆရာမ ရယ်...ရွာကို မကြာ မကြာ လာခဲ့နော်...ကျုပ်တို့က ရွာမှာ အမြဲရှိကြ ပါတယ်...နရှည်တိုင်လို ငုတ်တုတ်မရွှေ့ပါတော်..."

မကြာဥ၏ နှုတ်ဆက်စကားကြောင့် မကြာဥလက်ကလေးတွေကို ဆုပ်ချေ နမိသည်။ အေးစက်လိုပါလား။ ကိုကြာစွယ်ကတော့ ဘာစကားမှမဆိုတဲ့ မပုန်းရည်ကို ငေးကြည့်နေခဲ့ပါ၏။ စကားလုံးတွေ ရှာနေတာလား ကိုကြာစွယ်ရယ်...။ တခွန်း ကောက်ဖြစ်ဖြစ် နှုတ်ဆက်စမ်းပါရှင်...။

"ကိုင်း...ဆရာမ...ကျုပ်ပြန်ပြီနော..."

"ဟဲ့...ဆရာမ သွားတော့နော်လို့ နှုတ်ဆက်ရမှာလေ ငါ့မောင်ရဲ့ —"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကလည်း ပြန်ရဦးမှာလေ..."

"ကိုင်း ကိုင်း...ကြွပါ ကြွပါ...ဩော်...ကိုကြာစွယ် ကျွန်မဆီ စာရေးဦးနော်..."

"ကျုပ်စာရေးရင် ဆရာမက ဖတ်တတ်မှာလား..."

သည်တစ်ခါတော့ မပုန်းရည် မရယ်ချင်မိတော့ပါ။ ပိုလို့ပင် သနားမိရပါ၏။ ရထားကြီး ဥသြဆွဲတော့ "ဆရာမ...ဆရာမ" ဆိုသည့်အသံတွေ ဘူတာဝန်းကျင်မှာ တုန်ခါကျန်ရစ်ခဲ့သည်။ ရထားပြတင်းဝမှ မြင်ရသလောက် ကိုယ်လုံးထွက်ကာ နှုတ်ဆက်ခဲ့ရသည်။ ရွာလူအုပ်ကြီးက ဝေး၍ ဝေး၍...မှုန်၍ မှုန်၍ ကျန်ရစ်၏။ မြင်ကွင်းထဲက ပျောက်သွားခဲ့သော်လည်း မပုန်းရည်ဘဝထဲက မပျောက်ပြယ်နိုင်ကြသူတွေ...။

*'အေးကောင်းပျို့ရွယ် သူငယ်ချင်းတို့...လယ်တော်တွင်းက မျှားတစ်တွေကိုယ်စီက,လို့ လှစရာ...တို့မျက်နှာမှာ နံ့သာပျောက်လို့...လှည်းခေါက်ကို အိုင်အိုင်အေးအောင်...သွေးကြပအေ...။ ပန်းထိမ်လက်ခ မအေးရ...ထန်းပင်ကြီးက ဖြစ်သည့်ရွှေကို...ဆူးပန်းကုံးတွေ သွယ်ဘယက်နှင့်ပေရွက်လိပ်ကြီး နားတောင်းဆင်...ယဉ်နိုင်အောင် ယဉ်လိုက်ချည့်အောင်ပင်လယ် ရွာမရိုင်း တိုင်းရွှေပြည့်လက်နား...။ လေးရာနှစ်ဆယ်အနံ့ငယ်ထဘီနှင့်...ဖျင်အကျႌ သစ်ခေါက်ဆိုးမို့...ချုပ်ရိုးတွေ သီတစ်ထည်မှာ သန်းကိုက်လို့ မယား...။ ကျွဲခေတ်သည့်ဟန်...ချဗျာဆံစုံပါးရိုက်ခါလိုက်ချည့် တို့အပျိုမှာ...ယဉ်နဂိုမူကြစို့...မရိုးဖြူဆံခွေထုံးမှာ...ကုံးလို့ ခြား ခြား...'*

(၂၇)

မောင်းကုန်း။

မပုန်းရည် မောင်းကုန်းကျောင်းကို ရောက်ခဲ့သည်ပင် လေးလကျော် ငါးလရှိခဲ့ပြီ။ မောင်းကုန်းကျောင်းမှာတော့ မပုန်းရည် သူငယ်တန်း စ,ကိုင်ရသည်။ နတ်ရေကန်က ထွက်လာပြီး မောင်းကုန်းရွာကျောင်းကို အလုပ်တန်းဝင်ရသည်။ အဘိုးလေးကတော့ မပုန်းရည် ရွာကျောင်းကို ရောက်လာတာ ဝမ်းသာရှာပါ၏။ မြေးမကလေး အနားပြန်ရောက်လာတာကိုလည်း ဝမ်းသာသည်။ မောင်ကုန်းရွာမူလတန်းကျောင်းမှာ တာဝန်ကျတာကိုလည်း ဝမ်းသာသည်။ သားရွှေအိုးထမ်းလာတာပဲဟုလို့ ဝမ်းသာအားရ ပြောရှာရုံမက ပုဆိုး ရင်ခေါင်းတမြှောက်မြှောက်လုပ်နေလို့ မပုန်းရည်ကလည်း ဝမ်းသာခဲ့ရသည်။

မောင်းကုန်းကျောင်းက မပုန်းရည် ငယ်ငယ်တုန်းကလို မသေးနုတ်တော့။ နတ်ရေကန်ကျောင်းထက် ပိုကျယ်သည်။ ကျောင်းအဆောက်အဦကလည်း ကြီးသည်။ ဆရာ၊ ဆရာမတွေကလည်း များပါသည်။ ကျောင်းသူ ကျောင်းသားတွေကလည်း နည်းလှပါ။ ရွာကျောင်းဆိုတော့ ရွာရိပ်ရွာငွေ့မကင်း။ မောင်းကုန်းကလည်း နတ်ရေကန်နှင့် မခြားပါ။ ရွာဘေးမှာ ချောင်းတစ်ချောင်း စီးဆင်းနေသည်။ ရွာဝင်ပြည်ပရိမ်းမြသော လယ်ကွင်းတွေ၊ နတ်ရေကန်လို ရေကန်ကြီး မရှိသော်လည်း လယ်ထောင့်အိုင်တွေမှာ ကြာပန်းတွေ ပွင့်နေကြတာတော့ ရှိပါ၏။ ကြာပွင့်ရှုရတာလည်း လှသည်။ ရေတိမ်အိုင်ကလေးတွေဆိုတော့ ရေထဲကို ဆိုးဆိုးတတ်ဆတ် ဆင်းချ၍

www.burmeseclassic.com



သည်။ ကြာရိုးကို ကြာဆစ်ကုံးကလေးတွေဆစ်ကာ လည်မှာ ဆွဲနိုင်သည်။ ကြာခရမ်း သွေးရယ်လို့တော့ မရှိ။ ကြာခရမ်းဆိုပြန်တော့ ကြာခရမ်းတွေ ခူးပေးတတ်သော ကိုကြာစွယ်ကို သတိရနေမိတတ်သည်။ နတ်ရေကန်ရွာကို သတိရနေမိတတ်သည်။ နတ်ရေကန်က ပြန်ခဲ့ရသည့်ရက်တွေကို သတိရသည်။

မတ္တရာက မန္တလေး။ မန္တလေးက ရန်ကုန်။ မနီးသောခရီးကို နှင်ခဲ့ရင်းက မပုန်းရည့်ရင်ထဲ ဝမ်းသာတစ်ဝက် ဝမ်းနည်းတစ်ဝက်။ မိဘနှစ်ပါးနှင့် အဘိုးလေးကို အနီးကပ် ပြုစုချင်လှပြီ။ ကိုယ့်ဇာတိ ရွာကျောင်းကလေးကို ကျေးဇူးဆပ်ချင်လှပြီ။ ရန်ကုန်ရောက်ရောက်ချင်း မိဘနှစ်ပါးမျက်နှာကို မြင်ခွင့်ရပြီ တွေးထားသော်လည်း တကယ်တမ်း လာကြိုသူတွေက ဖေဖေနှင့် ကိုမျိုးသွင် ဖြစ်နေလို့ အံ့သြရပါ၏။ မေမေက ခါးနာနေသဖြင့် ကျန်ရစ်ခဲ့သည်ဆို၏။

"ငါ့သမီးလာမယ်ဆိုတဲ့သတင်း ရကတည်းက ဝမ်းသာနေကြတာ…သမီး အသားနည်းနည်းညိုသွားသလားလို့…အခုမှ အညာသူနဲ့ ပိုတူလာတော့ တယ်…မောင်မျိုးသွင်က အိမ်ရောက်နေကျဆိုတော့ ဘူတာကို တကူးတက လိုက်ပို့ရတယ်…မောင်မျိုးသွင်ကို ကျေးဇူးတင်ရသေးတယ်"

"ဟုတ်ပါရဲ့ ကိုမျိုးသွင်ရယ်…ဖေဖေ မေမေတို့ကို စောင့်ရှောက်တယ်ဆိုလို့ ဝမ်းသာနေတာပါရှင်…နတ်ရေကန်ကလည်း မေးကြပါတယ်…လေးပန်းဆီ ကဆို ကိုမျိုးသွင်အကြောင်း ခဏခဏ စကားရောက်တိုင်း ပြောရပါရဲ့…"

"ဟုတ်ပါ့ဆရာမရယ်…ကျွန်တော်ကလည်း မမျှော်လင့်ဘဲ အကြောင်း ကိစ္စတွေ များသွားလိုက်တာ…နတ်ရေကန်ကိုတောင် မရောက်ရတော့ပါ ဘူး…ပုကျစ်တို့ကော အဆင်ပြေကြရဲ့လား…"

"ဝမ်းသာနေရှာကြတာပါရှင်…ကိုမျိုးသွင် ကူညီထောက်ပံ့နေတာတွေ ပြော ပြပါတယ်…ကိုယ်ပိုင် ဘဲတစ်မဝယ်ဖို့တောင် စုဆောင်းနိုင်ကြပါပြီ… ကိုမျိုးသွင် ကုသိုလ်ရပါတယ်ရှင်…"

"ဝမ်းသာပါတယ်ဗျာ…ကျွန်တော့်မိတ်ဆွေတွေကို မှာထားခဲ့တာ…မပျက် ကွက်စေချင်လို့လေ…ကျွန်တော် ဂျာမနီရောက်သွားသေးတယ်…နောက် တော့ ပြောပြပါ့မယ်…နေဦး…တစ်ခုခုစားပါဦး…တစ်လမ်းလုံး ဆာနေ ရောပေါ့"

ရောက်ရောက်ချင်းညက မပုန်းရည် ရန်ကုန်အိမ်မှာပဲ အိပ်လိုက်သည်။ မောင်းကုန်းကို ကိုမျိုးသွင်ပဲ လိုက်ပို့မှာဆိုတော့ ကရိကထ မများချင်လို့ လက်ခံလိုက်



ရပါ၏။ မေမေက ကျောင်းအဝင် သတင်းပို့ရမှာကို သိထားသူဆိုတော့ ကျောင်းမှာ အခြေကျပြီဆိုမှ ကျောင်းပိတ်ရက်နှင့်ချိန်ပြီး လာဖို့ပြောရှာသည်။ ထိုညက စကားတွေ ပြောဖြစ်ကြတော့ စကားဝိုင်းမှာ မေမေမပါပါ။ မပုန်းရည် အိပ်ရာခုတင်ပေါ် မေမေ ရောက်လာကာ သားအမိနှစ်ယောက် ပြောကြခြင်းဖြစ်၏။

"သမီး မောင်းကုန်းကျရင် ကြားမယ့်အတူတူ ပြောရတော့မှာပဲ…သမီး အဘိုးလေး လယ်တောထဲမှာ အပြင်းဖျားတာ လူမှန်းသူမှန်းမသိဘူး…ပြီးခဲ့တဲ့ သုံးလကျော်ကျော်ကပေါ့…လယ်တောက သူရင်းငှား မောင်ချစ် ပြေးလာ ပြောတော့ မေမေတို့ ချက်ချင်းထလိုက်ကြရတယ်…မောင်မျိုးသွင်ပါပဲ… ဖုန်းဆက်ပြီး အကျိုးအကြောင်းပြောတော့ ရန်ကုန်မှာ ဆေးကုမယ်ဆိုပြီး ကားနဲ့သွားခေါ်ကြရတယ်…ညည်းအဘိုးလေးက မလိုက်ပါဘူး လုပ်နေလို့ မနည်းခေါ်ခဲ့ရတာ…သည်မှာပဲထားပြီး မောင်မျိုးသွင်မိတ်ဆွေ ဆရာဝန် ပင့်ပြီး ကုတာ တစ်ပတ်လောက်ကြာတယ်…သမီးအဘိုးလေးက စာထဲ ထည့်မရေးနဲ့ဆိုလို့ မေမေတို့ မရေးတာပါ"

"ခုကော နေထိုင်ကောင်းရဲ့လား မေမေ"

"ကောင်းသွားပါပြီ…နေကောင်းတာနဲ့ တစ်ရက်မနေဘူး ချက်ချင်းပြန်တာ သမီးရဲ့…မောင်မျိုးသွင်က ဆေးဖိုးကုသိုလ်ယူတဲ့အပြင် မောင်းကုန်းပါ လိုက်ပို့သေးတာလေ…အခုတော့ မောင်မျိုးသွင်ကို ခင်ရှာလိုက်တာမှ…"

မေမေက ပြောရင်းက အကြာကြီး ငှတ်ဆိတ်သွားခဲ့သည်။ မေမေ ဘာတွေ တွေးနေတာလဲ။ ရောက်ရောက်ချင်း သည်စကားပြောတာပင် ထူးဆန်းလှပါ၏။ နောက်ပြန် မောင်းကုန်းပြန်မှာဆိုတော့ မေမေ့ခမျာ ပြောချင်သည့်စကား ပြောနေခြင်း များလား။ ကိုမျိုးသွင်က ပျံလွှားလား၊ မိုးစွေလား မပုန်းရည် မကွဲသေးသော်လည်း အခုစကားတွေက ကိုမျိုးသွင်အကြောင်းတွေချည်း ဖြစ်နေခဲ့သည်။

"သမီးအစ်မ ဆုံးခဲ့တယ်…မြေးနှစ်ယောက် ကျန်ခဲ့ပေမယ့် မေမေတို့ဆီ မရောက်လာကြပါဘူး သမီးရယ်…ချမ်းသာကြသူတွေဆိုတော့ မေမေတို့ ဘက် မလှည့်စေချင်ကြဘူးနဲ့ တူပါရဲ့…မေမေတို့ကတော့ မတွေ့ရပဲ ပို့ပါ တယ်…တို့မှာ နီးလျက်နဲ့ ဝေးလိုက်တာ…ငါ့သမီးတော့လည်း နီးပါလျက် နဲ့ ဝေးခဲ့ရတယ်…အဖေတို့ အမေတို့ကတော့ သမီးကို ဘဝမြဲစေချင် တယ်…အဘိုးလေးဆိုရင် ပစ်လိုက်ရပြီကိုထင်တာ…သူ့ကံပဲ ပြောချင်တာ က သမီးကို စောင့်ရှောက်အပ်သူတွေ ကြီးကြပြီ…စောင့်ရှောက်နိုင်သူကို

www.burmeseclassic.com



အပ်ခဲ့ချင်တယ်…သည်အလိုဆန္ဒဟာ မေမေတို့မှာ သိပ်အရေးကြီးတယ် သမီး…”

မပုန်းရည် ပြောခွင့်မသာပါ။ မေမေကချည်း ပြောနေတော့လည်း နားထောင်ရုံပင်။ မေမေ ဘာကိုပြောချင်မှန်း မပုန်းရည် သိပါ၏။ မေမေ စကားတွေ များများ ပြောနိုင်အောင် ဖေဖေက အနားကို ရောက်မလာတာကိုလည်း ရိပ်စားမိရပါ၏။ ဖေဖေကလည်း သည်သဘောရှိလို့နေမှာပေါ့။ ပခုံးပေါ်က နတ်ရေကန်အလွမ်းထုပ်ကို မချရသေးခင် နောက်ထပ်အပူထုပ်ကို မတင်ချင်သေးတော့လည်း ရေငုံနေခဲ့ရသည်။

နောက်မနက် မောင်းကုန်းကို ကိုမျိုးသွင်ပဲ လိုက်ပို့ပါသည်။ ရန်ကုန်မြို့ပြင်ကို ရောက်သည်နှင့် ပင်လယ်နံ့ကို ရခဲ့ပြီ။ ကိုမျိုးသွင်ကသာ စကားတွေ ပြောနေခဲ့သည်။ သူ့ဘဝရှင်းတမ်းတွေလား။ ဘာပဲဖြစ်ဖြစ် ကိုမျိုးသွင်ကို မပုန်းရည် ကျေးဇူးတင်မိသည်။ အဘိုးလေးကို မောင်းကုန်းက သွားခေါ်ကာ ရန်ကုန်မှာ ဆေးကုပေးတာကို မေမေပြောပြလို့ သိရသော်လည်း ကိုမျိုးသွင်က ဂုဏ်ဖော်လိုခြင်း မရှိ။ အဘိုးလေးကို မဟုတ်၊ ဘယ်သူ့ကိုမဆို ကိုမျိုးသွင် တတ်စွမ်းသမျှ ကူညီနေကျဆိုတာလည်း မပုန်းရည် သိပါ၏။ ကားပေါ်မှာတော့ မပုန်းရည်လို့ ခေါ်ပြန်ပါပကော။

“ကျွန်တော်လည်း အိမ်ထောင်မပြုဖြစ်ဘူး မပုန်းရည်…မဟာ့ရာဇက်ရုံလုပ်ငန်း ပြီးသွားတော့ ဂျာမနီကို ထွက်သွားတာ ဆက်တိုက်ဆိုသလိုပါပဲ…ကုမ္ပဏီ ထောင်ပြီး ဂျာမနီက စက်ပစ္စည်းတချို့ သွင်းမယ်စိတ်ကူးပြီး သွားကြည့်တာ ပါ…လာမယ့်နှစ်တော့ လုပ်ငန်းစ,ဖြစ်မယ်ထင်တယ်”

“ကိုမျိုးသွင် အောင်မြင်မှာပါရှင်…ကြိုးစားမှု ရှိတယ်…အမြော်အမြင် ရှိတယ်…နိုင်ငံတကာနဲ့ ဆက်ဆံနိုင်တဲ့အရည်အချင်း ရှိတယ်…ဒါကို ကျွန်မ ယုံကြည်လို့ ပြောတာပါ”

“ဟုတ်တာတော့ ဟုတ်မှာပေါ့လေ…ဒါပေမဲ့ ကျွန်တော် ကံမကောင်းသေး ဘူး မပုန်းရည်ရဲ့…”

ကိုမျိုးသွင်နှင့် နှစ်ယောက်တည်း သွားရတာကို မပုန်းရည် ရှက်ရွံ့သလိုပင် တော့ ရှိသား။ ခါတိုင်း မောင်းကုန်းကို လိုက်မလာပါနဲ့လို့တောင် တားခဲ့ဖူးသာ မဟုတ်လား။ ခုတော့ မိဘနှစ်ပါးက စီစဉ်ပေးလိုက်တာကို အဘိုးလေး သိလောက်ပြီ။ အဘိုးလေးကိုယ်တိုင်က ကိုမျိုးသွင် လိုက်ပို့တာကို ကျေးဇူးတွေတင်နေလို့ မပုန်းရည် ပြုံးရပါ၏။ ရှင့်အရည်အချင်းတွေထဲမှာ ဖွဲ့ကောင်းတာလည်း ထည့်ရတော့မှာပေါ့



ကိုမျိုးသွင်ရယ်…။ လေးက ဘယ်ကိုပစ်မယ်မှန်း မသိသေးဘဲနဲ့ မြားတံကောက်ရို့ ရာဟုထောင့်က စောင့်တာမျိုးပါလားရှင်…။

မပုန်းရည် မောင်းကုန်းကိုရောက်သည်ပင် လေးလကျော် ငါးလထဲ ရောက်ပြီ။ ကိုမျိုးသွင်က သည်လတွေအတွင်း မောင်းကုန်းကို ရောက်ရောက်လာတတ်ပါ၏။ ရောက်လာတိုင်းလည်း အဘိုးလေးက ကျောင်းကို လွှတ်လေ့ရှိသည်။ ကျောင်းပိတ်ရက်ဆိုလျှင် အဘိုးလေးလယ်တောထဲမှာ မပုန်းရည် ရှိတတ်တာမို့ ကိုမျိုးသွင်လာရက် နှင့်ကြုံလျှင် လယ်တောထဲမှာပဲ ထမင်းလက်ဆုံစားဖြစ်ကြပါ၏။ မပုန်းရည်ကိုယ်တိုင် ချက်သော ထမင်းဟင်းကို ကိုမျိုးသွင် မြိန်ရည်ရှက်ရည် စားတတ်သည်။ တချို့ ကျောင်းပိတ်ရက်တွေမှာ ရန်ကုန်ပြန်ဖြစ်လျှင်လည်း ကိုမျိုးသွင်ပဲ မောင်းကုန်းကို ပြန်ပို့ပေးလေ့ရှိသည်။ တစ်ခါတော့ ကိုမျိုးသွင်က မေးဖူးသည်။

“မောင်းကုန်းမှာကော စာသင်ရတာ အဆင်ပြေရဲ့လား မပုန်းရည်…သိပ်ချုပ်ချယ် ပင်ပန်းနေမလားလို့ပါ”

“သည်မှာတော့ ဆရာမတွေ များတော့ ဝေမျှထမ်းရတာမျိုးပါရှင်…ကျောင်းဆရာ၊ ဆရာမတွေဆိုတာ တပည့်တွေကို ရွှေဘယက် ငွေဘယက်၊ ရွှေနားတောင်း ငွေနားတောင်း ဆင်ပေးချင်ကြသူတွေချည်းပါရှင်…ရင်ဘတ် ဟောင်းလောင်း၊ နားပေါက်ဟောင်းလောင်းထက်စာရင် ဆူးပန်းခွေကလေး ဘယက်ဆင်ပေးရပေးရ…ပေရှက်လိပ်ကလေး နားတောင်းဆင်ပေးရပေးရ ဒါကိုပဲ ကျေနပ်ရသူတွေပါရှင်…”

“အဲသည့်စိတ်ထားကို ကျွန်တော် မြတ်နိုးတာပါပဲ မပုန်းရည်ရယ်…တကယ်ပါ…သည်တစ်ခါတော့ ကျွန်တော် ကံကောင်းမယ်ထင်ပါရဲ့…”

“ကိုမျိုးသွင်ကိုလည်း ကျွန်မ ဆူးပန်းခွေတစ်ခွေနဲ့ ပေရှက်လိပ်တစ်ရန် ကိုပဲ ပေးနိုင်သူပါရှင်…”

မပုန်းရည်စကားကြောင့် ကိုမျိုးသွင် ကြည်နူးသွားခဲ့ပါ၏။

❒

မောင်းကုန်းကို ကိုမျိုးသွင် ရောက်လာသည့်တစ်နေ့က ကျောင်းပိတ်ရက်မို့ မပုန်းရည် ဘုရားပန်းတွေ လဲနေခိုက်ဖြစ်သည်။ မပုန်းရည်က ဘုရားပန်းကိစ္စ တူမလေး နှင့် ထားခဲ့ကာ ဧည့်ခန်းမှာ သင်ဖြူးဖျာကလေး ခင်းပေးဖို့ တက်လာခဲ့ရပါ၏။ ကိုမျိုးသွင်က စားစရာထုပ်တွေ ပါလာသဖြင့် ဆီးယူရသည်။ နှစ်ယောက်သား ထိုင်မိတော့ ကိုမျိုးသွင်က အိတ်ထဲက စာထုပ်တစ်ထုပ် ထုတ်ပေးသည်။ စာထုပ်…။ သယ်ကများပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



"နိုင်ငံခြားဆေးညွှန်းတွေ ရောက်နေလို့ ကြာသွားတာ မပုန်းရည်ရဲ့ နတ်ရေကန်က စာတွေ ရန်ကုန်အိမ်ရောက်နေလို့ အန်ကယ်တို့က ထည့်ပေးလိုက်တာ…တစ်ပတ်လောက်တော့ ရှိပြီ"

"နတ်ရေကန်က ဟုတ်လား…ကျေးဇူးတင်လိုက်တာ ကိုမျိုးသွင်ရယ် ထိုင်ဦးနော်…ကျွန်မ ဖတ်လိုက်ဦးမယ်…"

စာထုပ်ကို ဖွင့်လိုက်တော့ စာသုံးလေးစောင်။ မမစိန်ဆီက စာ၊ မကြာဥ ဆီက စာ၊ ကိုကြာစွယ့်ဆီက စာ၊ ပြီးတော့ တပည့်ကလေးတွေရဲ့စာ…။

မပုန်းရည် ရင်တွေခုန်နေခဲ့ရပါ၏။

'မပုန်းရည်ရေ…,

နေထိုင်ကောင်းရဲ့လား။ မမစိန်လည်း မိသားစုနဲ့တကွ နေကောင်းကြတယ်။ စာရေးမယ် ရေးမယ်နဲ့ ခုမှ ရေးဖြစ်တော့တယ်။ မပုန်းရည် ပို့လိုက်တဲ့စာနဲ့ လက်ဆောင်ပစ္စည်းတွေလည်း ရလို့ ဝေငှပြီးပါပြီ။ ဝမ်းသာ နေကြတယ်။ လေးတန်းတွေလည်း တန်းလုံးကျွတ်အောင်ပါ့ရှင်…။ ရွာက မပုန်းရည်အကြောင်း ပြောလိုက်ကြတာ ကြားစေချင်တယ်။ ကြာရိုးရဲ့သား သည်နှစ်ရွှေ လျှုလိမ့်မယ်။ ဆရာမနဲ့ ကိုမျိုးသွင်ကို ဖိတ်ပေးပါလို့ ပြောခိုင်း ကြတယ်။ လာခဲ့ဦး ညီမရယ်။ ဆရာမ ဒေါ်ခင်မာကြည်လည်း ရောက်ပါပြီ။ ရွာသိပ်မနီးပေမယ့် စက်ဘီးနဲ့လာရှာပါတယ်။ မပုန်းရည်လို ရွာနေပြည်ထိုင် မနေနိုင်ဘူးကွယ်။ ဆရာကြီး ဦးခင်ဖေတော့ ဆုံးသွားရှာပြီ။ မောင်တင်မြ လည်း မင်္ဂလာဆောင်ပြီးသွားပြီ။ အားလုံးနေကောင်းကြတယ် မပုန်းရည်ရေ ကြာစွယ်ကတော့ မပုန်းရည်မရှိကတည်းက နှင်းဆီပင်တွေ ခုတ်ပစ်ပစ် ပြောင်လို့။ မပုန်းရည် ရှိတယ်မှတ်ပြီး မနက်စောစော ထမင်းတွေ ထမ်းပြ သတဲ့။ ညဘက်လည်း ယောင်ယောင်ပြီး ဘက်ထရီမီးချောင်းတွေ လင်းအောင် ထွန်းချင်ထွန်းနေသတဲ့။ ရွာက ဘုရားတွေကော၊ သူ့အိမ်ပေါ်မှာကော ကြာခရမ်းတွေ ညောင်ရေအိုးထိုးသတဲ့။ သူ့ခများ လွမ်းရှာလို့နဲ့တူပါရဲ့ ညီမရယ်။ ဆရာတော်ကြီးကလည်း မမစိန်ကို မကြာမကြာ ခေါ်ခိုင်းပြီး မပုန်းရည်အကြောင်း မေးတော်မူပါတယ်။ လေးပန်းဆီကတော့ ပြောစရာ သည်လိုဆရာမမျိုး နောင် ရဖို့မလွယ်ပါဘူးဗျာနဲ့လေ။ မမစိန်တို့ကော အလကားဖြစ်ရတော့မလိုလို။



မပုန်းရည်ရေ…,

မမစိန်လည်း စာရေးတတ်တာမဟုတ်ဘူး။ နောက်မှ ရေးပါဦးမယ်။ မကြာဥက စာရေး လာလို့ မမစိန် ပြင်ပေးလိုက်ရတယ်။ မကြာဥက ပြန်ရေးလို့ အဆင်ပြေပေမယ့် ကြာစွယ်က သူ့စာ အပြင်မခံဘူးရှင်ရေ…။ သည်းခံပြီးသာ ဖတ်တော့…။

မမစိန်

နတ်ရေကန်ရွာ၊ မတ္တရာမြို့နယ်'

မကြာဥစာက မရှည်လှပါ။ ခဲတံနှင့် ရေးထားသော်လည်း မမစိန် ပြင်ပေးထားသဖြင့် ပြောချင်တာကို သိရပါ၏။

'ဆရာမ…,

အမေ အမေ နေကောင်းတယ်။ အားလုံးနေကောင်းတယ်။ ရန်ကုန်ရောက်လို့ ကြာပုန်းရည် ဟုတ်သေးရဲ့လား ဆရာမ။ ဆရာမစီးတဲ့ ရထားထွက်သွားတော့ ဘူတာမှာ ငိုကြတယ်။ သည်နှစ်ရွှေ ကိုကြာရိုးသား ကြာယပ်ကလေးကို လှူမှာ။ ဆက်ဆက်လာခဲ့ပါ။ ဆရာမ နေကောင်းပါစေ။

ကြာဥ'

နောက်စာက ကိုကြာစွယ့်…စာ။ ဗလာစာရွက်ကို ဖြဲပြီး ခဲတံနှင့် ရေးထားသည့်စာ…။ လက်ရေးတွေက မျဉ်းကြောင်းကို ကျော်တာက ကျော်၊ ကျတာကကျ။

'ဆရာမ…,

ကျုပ် ကြာစွယ်ဘာ၊ မျို့မာ ပြောနေဘီပေါ့၊ ဒီစာ ကျုပ်ရေးဒါ။ ဆရာမ သင်းလို့ တတ်ဒါ၊ မမေ့ဘာ၊ အမျန်ပျံခဲ့ဘာရဲ…။

ကြာစွယ်'

အမြန်ပြန်ခဲ့ပါတဲ့လား ကိုကြာစွယ်ရယ်…။ မြို့မှာ ပျော်မနေပါဘူးရှင်။ မေ့ခဉ်နဲ့အမျှ နတ်ရေကန်ကို သတိရလျက်ပါ။ လွမ်းလျက်ပါ။ ကျွန်မ သင်ပေး ခဲ့တဲ့ စာလုံးအက္ခရာတွေကို ကျွန်မ ပြည့်ဖတ်တတ်ပါတယ် ကိုကြာစွယ်ရယ်…။ စာတွေ ရေးပါဦး ကျေးဇူးရှင်ရယ်…။ မမေ့ဘူးဆိုတာကိုလည်း ယုံပါရဲ့…။

မပုန်းရည်ရင်ထဲက လှိုက်တက်လာသည့် ဝေဒနာကြောင့် စာတွေကို ခေါက်လိုက်ရပါ၏။ မျက်ရည်တွေ သွင်သွင်ကျခဲ့ပြီ။ ပါးပြင်ပေါ်က မျက်ရည်တွေ

www.burmeseclassic.com

www.burmeseclassic.com



ကို ကိုမျိုးသွင်ကပဲ တယုတယ သုတ်ပေးရှာသည်။ သည်တစ်ခါတော့ မပုန်းရည် မငြင်းဆန်သာ။

"နတ်ရေကန်ကို ကျောင်းကြီးပိတ်ရင် လိုက်ပို့ပါဦး အစ်ကိုရယ်...အတူတူ သွားကြရအောင်နော်...မပုန်းရည် ကြာခရမ်းပွင့်တွေ ခူးချင်လို့ပါ..."

ကိုမျိုးသွင်က မပုန်းရည်မျက်နှာကလေးကို မော့ယူလိုက်သည်။ နှုတ်ခမ်း ဖူးဖူးကလေးပေါ်မှာ မျက်ရည်တစ်ပွင့်...။

ကိုမျိုးသွင်အဖို့တော့ ကြာပုန်းရည်ပွင့်ကလေး ပွင့်ခဲ့ပြီ...။

**ခင်ခင်ထူး**

BURMESE CLASSIC

www.burmeseclassic.com